# သီတဂူ

မော်ကွန်းတင်



## ငါးနှစ်ခရီး




စန်းလပမာ ချမ်းမြသာယာရှိကြပါစေ၊ သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ၊ သီတဂူစန်းလ

ဓမ္မဒါန

၁၈၇၁၁



သီတဂူ ပဓာန ဦးဆောင် ဆရာတော်

# သီတာဂူ ရေအလှူတော်

- ၁၃၄၂ ·ခု "ဗုဒ္ဓနေ့"(ကဆုန်လပြည့်)မှ စတင်ဆောင်ရွက်သည်။
- ၁၃၄၇ ·ခု "ဗုဒ္ဓနေ့"တွင် ပြီးစီးအောင်မြင်သည်။
- ရင်းနှီးမြှုပ်နှံငွေပေါင်း ကျပ်-၅၇-သိန်းကျော်
- ရေစက်ရုံ ·၂·ရုံ၊ ရေစုပ်စက်ကြီး/သေး၊ ၁၀·လုံး
- ရေလှောင်ကန်ကြီး -၇·လုံး
- သွယ်ပြီးရေပိုက် ပေပေါင်း၊ ၈၆၀၀၀·ကျော်
- ချောင်းပေါင်း ၄၈၆-ချောင်း
- သုဖြော်စင်ပေါင်း ၅၀၀၀-ကျော်တို့အား
  - နေ့စဉ် ရေဂါလံ၊ သုံးသိန်းကျော်
  - အခမဲ့ ပေးလှူလျက် ရှိသည်။

# သီတဂူမော်ကွန်းတင်ငါးနှစ်ခရီး

# မာတိကာ

## (က) သမ္မောဒနီယကဏ္ဍ


| | | |
|---|---|---|
| ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ သမ္မောဒနီယ ကထာ.... | ၂ | |
| တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဘိဓဇ မဟာရဋ္ဌဂုရုဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ၏ သမ္မောဒနီယကထာ | ၃ | |
| ပါဠိကာရီ သုံးခွကျောင်းတိုက် ဆရာတော် အရှင်ဝရသာမိဘိဝံသ ၏ သမ္မောဒနီယကထာ | ၄ | |
| ရတနာ့ဗိမာန်ဆရာတော် အရှင် ဓမ္မာနန္ဒာဘိဝံသ ၏ သမ္မောဒနီယကထာ | ၇ | |
| တိပိဋက(ပြည်)ဆရာတော် ဦးကောသလ္လ ၏ သမ္မောဒနီယကထာ | ၁၀ | |
| သီတဂူထုတိ ဝေဒလ္လစာတမ်း | ၁၂ | အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ မဟာထေရ် |
| အနုမောဒနာသံဂီတိကာ | ၁၅ | ပခုက္ကူ အရှင်ကောလာသ |
| ထုတိဝေဒလ္လဂီတိကာ | ၁၈ | အရှင်နန္ဒိမာ (ဝေဇယန္တာ စစ်ကိုင်း) |
| ထုတိဝေဒလ္လဂါထာ | ၂၂ | ဝိသုဒ္ဓါရုံအရှင်ပညာသိရီဘိဝံသ |
| စစ်ကိုင်းတိုင်းသံဃနာယကအဖွဲ့(သုမ္မော) ၏ သမ္မောဒနီယကထာ | ၂၆ | |
| စစ်ကိုင်းမြို့နယ် သံဃနာယကအဖွဲ့(သုမ္မော) ၏ သမ္မောဒနီယကထာ | ၂၉ | |
| ဘဝကောင်း၌ အခွင့်ကောင်းကို လက်မလွှတ်သင့် | ၃၁ | သံကုန်းအရှင်ဉာဏိဿရ |
| သဒ္ဓမ္မသီတဂူ ရည်မှန်းပန်းတိုင် | ၃၂ | ဗိုလ်မှူးကြီးသူရကျော်စွာ |


## (ခ) သီတဂူကဏ္ဍ


| | | |
|---|---|---|
| သီတဂူကပ္ပိယကာရကအဖွဲ့၏ ပြည်သူသို့ ငါးနှစ်ပြည့် အစီရင်ခံစာ | ၃၅ | သီတဂူကပ္ပိယကာရကအဖွဲ့ (သီတဂူချောင်) |
| သီတဂူမော်ကွန်းတိုက် | ၄၆ | သီတဂူကပ္ပိယကာရကအဖွဲ့ |
| သီတဂူအဖွင့် | ၅၀ | အဘယာရာမ အရှင်ပညာဝံသ |
| သီတဂူအနက်ဖွင့်ဆိုချက် | ၅၅ | ဦးတင်လှိုင်၊ ပရိယတ္တိသာသနာ့ဟိတအသင်း |
| သီတဂူရေအလှူ | ၅၉ | ဦးဆန်းထွန်း |
| သီတဂူကန်တော်ဘွဲ့ | ၆၃ | အရှင်မဟာသမပဏ္ဍိတ၊ ဝေဇယန္တာ စစ်ကိုင်း |
| သီတဂူရေအလှူတော်မင်္ဂလာမေတ္တာစာ | ၆၅ | ရန်အောင် |
| ရေအလှူတော်နှင့်ဧရာဝတီ | ၇၆ | မာဃ |
| သီတဂူ၏ပင်မအရင်းအနှီး | ၈၂ | ပဌာန်းသိပ္ပံဆရာတော် |

| | | |
|---|---|---|
| ပါနိယအလှူ သီတဂူ | ၉၁ | အမှုဆောင်အဖွဲ့ မလွန်ဆန် လှူအသင်းထောက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။ |
| အနဂ္ဃပုဂ္ဂိုလ်၏ အနဂ္ဃလုပ်ငန်း | ၉၆ | အရှင်စန္ဒာဝရ(ပဲကတိုး) |
| တောင်ကိုရစ်သိုင်း ပိုက်လိုင်းအသွယ်သွယ် | ၉၉ | ဒဂုန်ဦးစန်းငွေ |
| ဆွမ်းမလွန်ဆန်လှူ ရေချမ်းသီတဂူ | ၁၀၄ | အရှင်ဇဋိလ |
| မပူပင်မကြောင့်ကြရတော့ပြီ | ၁၀၉ | ဒေါ်ဝိဇ္ဇာသိ၊ ဓမ္မာစရိယ ဘီအေ |
| တောင်ထိပ်ကြာပေါက် အနောက်နေထွက် | ၁၁၂ | ထင်လင်း |
| စစ်ကိုင်းတောင်ဖြတ်ကျော်သည့် ရောဝတီရေစီးကြောင်း | ၁၁၄ | အရှင်နာရဒ၊ သုဗောဓာရုံ |
| မိဘနှင့်တူ သီတဂူ | ၁၂၁ | မောင်ဉာဏ်ရှင် (စစ်ကိုင်းတောင်ရိုး) |
| ကျေးဇူးစကားလျှောက်ကြားပါသည် | ၁၂၅ | မောင်ရန်ကင်း (စစ်ကိုင်းတောင်) |
| သီတဂူပြည်သူတို့ဒါန | ၁၃၀ | စောမုံညင်း |
| ဥဘတောသုဒ္ဓိက အလှူဒါန | ၁၃၅ | ဒေါ်ရီကြိန် |
| ကျေးငှက်များနှင့်အတူ | ၁၄၀ | မောင်ရေအေး |
| ကိုရင်ငယ်နှင့်သောက်ရေတခွက် | ၁၄၅ | ရဝေထွန်း |
| စိုရာမှစိမ်း | ၁၅၁ | လူထုဒေါ်အမာ |
| တောင်ထွတ်များပေါ် စမ်းပေါက်ခြင်း | ၁၅၆ | သီတဂူ ကျော်ငြိမ်း |
| သီတဂူ အလှူပင်စိုက်ကြမယ် | ၁၅၉ | တက္ကသိုလ်မောင်စောလွင် |
| ကတညုတမင်္ဂလာ(ကျေးဇူးသိခြင်း) | ၁၆၂ | အရှင်ဝိစက္ခဏ၊ ရွှေဘို ကျောက်ကာ |
| နိုင်ငံတံခွန် မိုးစွန်လွင့်ထူ မြတ်သီတဂူ | ၁၇၁ | ဒေါက်တာမင်းတင်မွန် |
| အဖျက်မီးတွေငြိမ်းစေမည့် သီတဂူ | ၁၇၁ | ဦးဇော်ဝင်း၊ တိုင်းမီးသတ်ဦးစီးဌာနမှူး၊ စစ်ကိုင်း။ |
| သူတော်ကောင်းမှ ကျေးဇူးသိ | ၁၇၄ | အရှင်ကဝိသာရ၊ ဝေဇယန္တာ |
| သီတဂူရေ | ၁၈၁ | မောင်စိုးဝင်း၊ သီတဂူ |
| ရေ (မြန်မာ့ဆေးပညာရှုထောင့်မှ) | ၁၈၅ | မြေလတ် သာဇင်မြိုင် |
| ပြည်သူနှင့်အတူ သီတဂူ | ၁၉၁ | အရှင်သဇ္ဇန (ပဉ္စနိကာယသာသနာ့ဗိမာန်) |
| သီတဂူမှန်ကူသယမ္ဘူစေတီတော် ပန္နက်တော်တင်မင်္ဂလာနှင့် ရတနာအုတ်မြစ်ချမင်္ဂလာ | ၁၉၄ | အမှုဆောင်အဖွဲ့ မလွန်ဆန်လှူအသင်းထောက် ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။ |


## (ဂ) သာသနာဝင် ကဏ္ဍ


| | | |
|---|---|---|
| စစ်ကိုင်းသို့ချီ ဒေသစာရီ | ၂၀၄ | ဦးညိုမြ၊ အိုးဝေ |
| စစ်ကိုင်းတခွင် သမိုင်းဝင်သိမ်များ | ၂၀၈ | အရှင်နန္ဒမာလာဘိဝံသ (မဟာသုဗောဓာရုံ) |
| အလင်္ကာပုဂ္ဂိုလ်ကျော်သုံးပါး | ၂၁၂ | အရှင်မဟောသဓပဏ္ဍိတ (ဝေဇယန္တာ) |
| စစ်ကိုင်းတောင်နှင့်ချောင်ကိုးချောင် | ၂၁၆ | ရွှေကိုင်းသား |
| ပါဠိတော်ဂိုဏ်းအကြောင်း သိကောင်းစရာ | ၂၂၀ | အရှင်ပညာဝန္တ |
| ပရိယတ္တိဝန်ဆောင်ဆရာတော်များ | ၂၂၄ | အရှင်သုပညိန္ဒာဘိဝံသ |
| ပဋိပတ္တိ ဝန်ဆောင်ဆရာတော်များ | ၂၃၁ | ပထမဂန္ဓာရုံဆရာတော် |
| စူရဝန်ဆောင် စစ်ကိုင်းတောင် | ၂၃၆ | ရွှေဟသ်ာတိုက်သစ်ဆရာတော် |
| ဂန္ဓာရုံအစ အရှင်ဥတ္တရ | ၂၄၂ | ဦးမဟောသဓာဘိဝံသ၊ ပါဠိကာရီ |

# သီတဂူမော်ကွန်းတင်ငါးနှစ်ခရီး

# မဂိကာ

## (ယ) သမိုင်းကဏ္ဍ


| | | |
|---|---|---|
| မဟာဗောဓိပင်သမိုင်း | ၂၄၆ | ဦးအေးနိုင်၊ ကျမ်းပြုမှူး၊ သာသနာရေးဦးစီးဌာန |
| သာဝတ်တိုင်း စစ်ကိုင်းတည် | ၂၅၅ | အရှင်နယနသာမိ |
| စစ်ကိုင်းရာဇဝင် | ၂၆၃ | ရွှေစေတီဆရာတော် |
| ပုဂံခေတ်က ရေအလှူတော် | ၂၇၁ | မြကေတု |
| တောအကြောင်း တောင်အကြောင်း | ၂၇၉ | နတ်မောက်ထွန်းရှိန် |
| စစ်ကိုင်းမြို့ တစေ့တစောင်း | | |
| သမိုင်းပြောင်သည့် စစ်ကိုင်းတောင် | ၂၈၅ | အရှင်သစ္စာဝံသ(ဓမ္မာစရိယ)ဘီအက်စ်စီ |


## (ဂ) အထ္ထုပ္ပတ္တိ ကဏ္ဍ


| | | |
|---|---|---|
| စာတမ်းဖတ်ပွဲစတင်ခဲ့သော အရှင်မြတ်ကြီး | ၂၉၈ | အရှင်ကောဝိဒဓဇ (ဇေယျမင်္ဂလာ) |
| ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ | ၃၁၁ | ဉာဏ်စိုး စစ်ကိုင်းတောင် |
| ပထမရွှေကျင်ဆရာတော် | ၃၁၇ | ရွှေဟင်္သာအရှင်ပဏ္ဍိသီရိ |
| ဂန္ထဝင်ပုဂ္ဂိုလ်ကျော်တောင်ဖီလာဆရာတော် | ၃၂၂ | နန္ဒမူဆရာတော် |


## (ဓ) ပဟုသုတကဏ္ဍ


| | | |
|---|---|---|
| မဟာဝိဇယရံသီ | ၄၃၆ | ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) |
| ပင်မင်းဗေဒမိ | ၃၄၆ | ကိုရင်စစ် |
| ခန္ဓာကိုယ်နှင့်ရေ | ၃၅၃ | ဒေါက်တာဝင်းနိုင် |
| ရေသတ္တိနှင့် ကျေးဇူး | ၃၅၈ | လှသမိန် |
| ရေငတ်စေ့ဆော်မှု | ၃၆၁ | ဒေါက်တာကျော်စိန် |
| ဆေးပေါင်းခဘည့် စစ်ကိုင်းတောင် | ၃၆၅ | မောင်ရှပ်ဆိုး စစ်ကိုင်း |
| လူငယ်လူရွယ်နှင့် ဗုဒ္ဓသာသနာ | ၃၆၉ | မောင်ရင့်ကျူး (မြောင်းမြ) |
| သံဃာဂုဏ်တော် | ၃၇၃ | ဦးစံတင် မြန်မာစာကထိက ရန်ကုန်တက္ကသိုလ် |
| အနေကဇာတင်ခြင်း | ၃၈၀ | ဦးတင့်လွင် ပါမောက္ခ |
| သာသနာ့အောင်မြေ | ၃၈၅ | အမ်အေ မအုန်း |
| ရေမာတ်စကြာ တောင်ဇေယျာ | ၃၉၂ | ပိုးသောကြာ |
| သီတဂူ မှန်ကူ သယမ္ဘူ | ၃၉၆ | ဘွန်းမြင့် (ညောင်လေးပင်) |
| သယမ္ဘူဌာပနာတော်များ | ၄၁၀ | ဝင်းမောင် (တမ္ပဝတီ) |
| သီတဂူ ထုတိသြဘာစာတမ်း | ၄၁၇ | ဆန်းထွန်း |
| ဇစ် မေ အာသိ စေတနာ | ၄၂၁ | သီတဂူဆရာတော် |
| ပရဟိတလုပ်ငန်းများနှင့် သီတဂူဆရာတော် | ၄၂၆ | မသိင်္ဂီလှိုင် သရုပ်ပြဆရာမ |


(ဆ) ဓာတ်ပုံကဏ္ဍ – – ၄၂၉

# သီတာဂူမော်ကွန်းတင်ငါးနှစ်ခရီး

# မာတိကာ

## ကဗျာကဏ္ဍ


| | | |
|---|---|---|
| ရေလှူရကျိုး | ၄၃၁ | ဉာဏ်ဿရ |
| ရေ၏သတ္တိ | ၄၃၂ | အာနန္ဒသူရိယ ဆရာတော် |
| ရေစင်တပေါက်သောကပျောက် | ၄၃၃ | မင်းသုဝဏ် |
| သီတာဂူ ရေအလှူတော်မီဘွဲ့တေးထပ် | ၄၃၄ | ဒဂုန်ဦးစန်းငွေ |
| ချောင်တိုင်း ရေလှူဖို့ | ၄၃၅ | ဆန်းထွန်း |
| မိုးပျံရေဝတီ | ၄၃၆ | သုခ |
| ကြည်နူးရှိသေ လှူမိစေ | ၄၃၇ | ဦးဗသော်ဇင် |
| ဝေနေယျသုခ ကန်ခြေမှာ | ၄၃၉ | ကိုကိုမွှေး (ချမ်းအေး) |
| ဇေယျာပဗ္ဗတ | ၄၄၀ | နုယဉ် |
| အလှုစေတနာ | ၄၄၁ | မင်းယုဝေ |
| တောင်ဇေယျာ ရေလျှမ်းပြီ | ၄၄၂ | ခင်မျိုးချစ် |
| လဝန်းရည်တူ သီတာဂူ | ၄၄၃ | မြေလတ်သဇင်မြိုင် |
| မေတ္တာရေစင် | ၄၄၄ | မောင်စွမ်းရည် |
| တောင်ရိုးနှင့် ဒီရေ | ၄၄၅ | ရဝေထွန်း |
| ဇေယျာမြေ | ၄၄၆ | ဉာဏ်စိုး (သီတဂူ) |
| သီတာဂူ ထုတိမင်္ဂလာ | ၄၄၇ | ရွှေမန်းသိဂီ ပညာ‌ကျော် |





## အက္ခရာကဗျာ

၃၄ မြသပိုတ်အိုင် ဆန်းထွန်း၊ ၄၉ ငြိမ်းချမ်းစေဖို့ ဇေယျာပညာရှင်၊ ၁၄၄ စစ်ကိုင်းတောင်ကိုရင်စစ်၊ ၁၅၅ သီတာရေအေးဖျန်းဆွတ်ပေး မောင်လင်းကြည်၊ ၁၅၈ ကမ်းလှမ်းကြိုနေ ဇေယျာမြေ အရှင်ပညာဒီပ (သီတဂူ)၊ ၁၆၄ သည်အလှူ မြမန်း၊ ၁၇၀ တောင်ဇေယျာမှသီတာစန်း ချစ်ပန်းနွယ်၊ ၁၇၃ သီတဂူ သီတဂူအရှင်၊ ၁၈၀ သီတဂူအမြိုက်ကန်တော် အရှင်ကဝိသာရ၊ ၁၉၀ ကျေးဇူးတရားမောင်ရေအေး၊ ၁၉၃ ဆန္ဒ မောင်ရေချမ်း၊ ၁၉၃ ရေ ၇ နှ ဉာဏ်ထွန်း၊ ၂၀၇ သီတဂူ ဆေးအလှူတော် ဉာဏ်ထွန်း၊ ၂၉၆ မေတ္တာတန်ခိုး မောင်မေတ္တာ၊ ၃၃၄ တောင်မြတ်စခန်း ဇေယျာထေရ်၊ ၄၂၅ သီတဂူရေ သီတဂူအရှင်၊ ၄၃၀ ရေခံတ်စကြာ ဖိုးသောကြာ၊ ၄၃၈ အောင်ခွန်းသံ သီတဂူအဖွဲ့၊ ၄၃၀ အောင်ပွဲ မြေလတ်သဇင်မြိုင်၊ ၄၃၀ ငါတို့မမေ့ ဗုဒ္ဓနေ့ မနှင်းဆီ။

# ကျေး ဇူး တင် လွှာ

သံကုန်း အရှင်ဉာဏိဿရ (သုပိဋကဓိုင်) ပဓာန ဦးဆောင်ပြုသော သီတဂူ အဖွဲ့၏ ရေ အလှူတော် ငါးနှစ်မြောက် ပြည့်မြောက် သည့် အောင်ပွဲအထိမ်းအမှတ်အဖြစ် ဤမော်ကွန်းတင် စာစောင်ကြီးကို ထုတ်ဝေလိုက်ပါသည်။

ဤစာစောင်တွင်–

(၁) သမ္မာဒိဋ္ဌိ ကဏ္ဍ၊
(၂) သီတဂူ ကဏ္ဍ၊
(၃) သာသနာဝင် ကဏ္ဍ၊
(၄) ပဋ္ဌာန ကဏ္ဍ၊
(၅) အဘိဓမ္မာ ကဏ္ဍ၊
(၆) ဆောင်း ကဏ္ဍ၊
(၇) ခေတ်ပြိုင် ကဏ္ဍ၊
(၈) ကဗျာ ကဏ္ဍ၊

ဟူ၍ အပိုင်း ရှစ်ပိုင်း ခွဲခြားကာ ဖော်ပြ လိုက်ပါသည်၊

ဤစာစောင်တွင်–

လေ လာမှတ်သားစရာများ၊ ရေအလှူတော် နှင့် စပ်သက်သည့် အကြောင်း အရာများ၊ စေတီကိုင်းရာဇဝင်၊ သာသနာဝင် အကြောင်း အရာများ၊ ပရိယတ် ပဋိပတ်အရာ ထင်ရှား ကျော်ကြားတော်မူသော ဆရာတော်ကြီးများ အကြောင်းအရာ ထေရုပ္ပတ္တိများဖြင့် မွန်းမံ ထားသဖြင့် ဖတ်ရှုယင်း ကုသိုလ် တရားများ ပွားများနိုင်ကြမည် ဖြစ်ပါသည်။

ဤစာစောင်တွင်–

မိမိတို့၏ ကာယ၊ ဉာဏ စွမ်းအားများ ဖြင့်ပင် ဝင်ကူညီရေးသားကြသော စာရေးဆရာ၊ ကဗျာဆရာ စသော စာပေပညာရှင်များ၏အနု ပညာ စာပေရသကို အပြည့်အဝ ခံစားနိုင် ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် သီတဂူ ရေအလှူဘော် အောင် ပွဲကြီးထမြောက်အောင်မြင်ရေးအတွက် အဘက် ဘက်မှ ကြိုးပမ်းထမ်းဆောင်ကြသော ပုဂ္ဂိုလ် များ၊ စာရေးဆရာ၊ ကဗျာ၊ ပန်းချီ စသော စာပေ အနုပညာရှင်များနှင့် တကွ–

သီတဂူရေအလှူတော်တေးများဖြင့်ရေးဖွဲ့သီဆို ဝါဝင်ကူညီကြသော ဂီတ အနုပညာရှင်များဖြစ် ကြသည့် အလင်္ကာကျော်စွာ၊ စောင်းဦးဘသန်း၊ မောင်မောင်ကြီး၊ မင်းနောင်၊ စန္ဒယားလှထွတ်၊ စန္ဒရား ထိပ်တင်စင်း၊ ရာဇာ (ဝင်းတင်)၊ မာမာအေး၊ တင်တင်မြ၊ ရီရီသန့်၊ ဖြူသီတို့ အား ကျေးဇူးဥပကာရ အထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာစောင်မြှစ်မြောက်ရေးကော်မတီ။

# သီတဂူမော်ကွန်းတင် ငါးနှစ်ခရီး

## စာစောင်ဖြစ်မြောက်ရေးကော်မီတီ

### ပဓာနနာယက

သဲကုန်း-အရှင်ဉာဏိဿရ (သပိတ်အိုင်)

### နာယကအဖွဲ့ဝင်

(၁) အရှင်မဟောသဓပဏ္ဍိတ (ဝေဇယန္တာ)

(၂) အရှင်နန္ဒမာလာဘိဝံသ (သုဓောဓာရုံ)

### အထွေထွေအမှုဆောင်

အရှင်သစ္စာဝံသ။

### အမှုဆောင်အဖွဲ့ဝင်များ

၁။ ငွေဒေါင်းဖြူ။

၂။ အထောက်တော် မင်းအောင်။

၃။ မောင်ရင့်ကျူး (မြောင်းမြ)။

၄။ မင်းနန်းစည် (ရန်ကုန်တက္ကသိုလ်။)

### အကူမှူးမံ

မောင်မောင်ကျော်ထင်။

စာတ်ပုံ
မြင့်မြင့်နိုင် ရန်ကုန်။
ကျော်ဝင်း၊ လှကုန်းရည်၊ မန္တလေး။

ဆလောက်
အဝင်း။

မျက်နှာဖုံးပန်းချီ
မောင်အေးမြင့် (မြန်မာ့ရိုးရာဒီဇိုင်း)

မျက်နှာဖုံးရိုက်
သိဒ္ဓိမြိုင်။

၁၉၈၆ ခု၊ ဖေဖော်ဝါရီလ၊ ပထမအကြိမ်
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၈၂၀/၈၅)
စာမူခွင့်ပြုချက်အမှတ် (၄၀၅/၈၅)

အုပ်ရေ – ၂၃၀၀

ဓ ။ ဒါ န

ထုတ်ဝေသူ– ဦးမောင်မောင်ညွန့်၊
(ကင်းလွတ်၊ ၄၀၅/၈၅)အမှတ် ၁၀၃၊
၉၃ လမ်း၊ ကန်တော်ကလေး ၊ရန်ကုန်။

ပုံနှိပ်သူ– ဦးဝင်းမြိုင်(၀၂၄၈၆)
သိဒ္ဓိမြိုင်ပုံနှိပ်တိုက်၊ ၁၁၃၊
၃၄ လမ်း၊ ရန်ကုန်မြို့။

''သီတဂူမော်ကွန်း ၅ နှစ်ခရီး၏
သရုပ်ဖော် ပန်းချီဆရာများ

ဦးအုန်းလွင်။
ဦးအောင်စိုး။
ဦးအေးမြင့်။
မောင်ကျော်။
မောင်မောင်သိုက်။
တင်မောင်မျှင်။
စံတိုး။
ဝသုန်။
ကျော်သောင်း။
သန်းအောင်။
မျိုးမြင့်၊
တင်လှဝင်းထင်။
ရွှေစိုးဟန်။
ကျော်ဖြူစံ၊
ကျော်စိုး။
မြင့်လွင်၊
ဝင်းသိန်း။
ကိုမြို။
ပိုပို။
မျိုးမင်း။
ကောင်းစံ။
စိုးဝင်းလွန်း။
မောင်ဟန်။
ဝေငြူ။
တင်မောင်ကြည်၊

# သမ္ဗောဓိယ

# ကဏ္ဍ



အရှင်ပဏ္ဍိတမထေရ် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏

# သမ္မောဒနီယကထာ

သမ္မောဒနီယ ကထာ။

[illegible]

အရှင်ပဏ္ဍိတထေရ်
ရွှေဟင်္သာဆရာတော်
ရွှေဟင်္သာတိုက်အုပ် - [illegible]။

မဟာရဋ္ဌဂုရု ဘဒ္ဒန္တပဏ္ဍိတ [illegible]
★ ၁၃၄၀-ခုနှစ် ★

တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဘိဓဇမဟာရဋ္ဌဂုရု

# ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ

# သမ္မောဒနီယကထာ

## သမ္မောဒနီယကထာ သီတဂူဂုဏ်ပြုလွှာ

မြက်သစ်ပင် အစ, သတ္တလောကအလယ်, သဗ္ဗညု ဘုရားရှင် အဆုံး အလုံးစုံ တို့သည် ရေဖြင့်သာ အသက်ရှင်ကြရ၏။ သတ္တဝါ, သင်္ခါရ, ဩကာသတို့၏တည်ရာ အခြေခံ ဓာတ်ကြီး လေးပါးတို့တွင် ရေဓာတ်သည် တပါးအပါအဝင်ဖြစ်သောကြောင့် လောကသုံးပါး၏ တည်ရာ ဖြစ်၏။

သီတဂူ ဆရာတော်နှင့် သီတဂူရေအလှူအဖွဲ့က လောက၏ တည်ရာ မှီရာ လောက၏ အသက်ဖြစ်သော ရေအလှူကို စစ်ကိုင်းတောင်ရိုးပျော် သူတော်စင်ပေါင်း လေးထောင်ကျော် တို့အား လုံလောက်စွာ ရေလှူနိုင်ခဲ့ပြီ ဖြစ်သည်ကို အလွန် ဝမ်းမြောက် ပီတိ သမ္မောဇ္ဇင်တရား ဖြစ်ပွားရပါသည်။

သတ္တဝါ များစွာတို့သည် ပစ္စုပ္ပန်ဘဝ၌ မိမိတို့ ရလတ္တံ့သော အကျိုးစီးပွားကိုစွန့်လွှတ်၍ သူတပါးတို့၏ ပစ္စုပ္ပန် အကျိုးစီးပွားကို အများအားဖြင့် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

လောက၏ ထောက်တည်ရာ၊ လောက၏အသက်ဖြစ်သော ရေအလှူကို မိမိတို့၏ ပစ္စုပ္ပန် လောကအကျိုးစီးပွားကိုလျစ်လျူပြုစွန့်လွှတ်၍အများအကျိုးအတွက်ပြုနိုင်ခဲ့သည်ကိုပြုကြပါသော သီတဂူဆရာတော်ဘုရားနှင့် အဖွဲ့အား လည်းကောင်း၊ သီတဂူ ရေအလှူရှင် အားလုံးတို့အား လည်းကောင်း၊ ဂုဏ်ပြုလျက်ဝမ်းသာ-မုဒိတာတရား ကြီးမားစွာဖြစ်ရပါကြောင်း နှစ်ထောင်း စကားဤစာကို ပါး၍ ပြောကြားဂုဏ်ပြုအပ်ပါသည်။

(ကိုယ်စိတ်နှစ်ဖြာ ချမ်းသာတော်မူကြပါစေ)

ဦးဝိစိတ္တသာရာဘိဝံသ

နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့
အကျိုးတော်ဆောင်

စစ်ကိုင်းတောင်ရိုး - ပဒိုကာရုံသုံးဂူကျောင်းဆိုက်

ဆရာတော်အရှင်ဝရသာမိဘိဝံသ

# သမ္ဗောဓိနိယကထာ

ကိံမေ ဧကေနတိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။ ။

မိမိ အားအစွမ်းကို မြင်တော်မူသော ယောက်ျားမြတ်ဖြစ်လျက် တယောက်ထီးတည်း ကူးသဖြင့် ငါ့အား ဘာအကျိုးရှိအံ့နည်း။ သဗ္ဗညုဘုရားအဖြစ်သို့ရောက်၍ နတ်နှင့်တကွသော လူအပေါင်းကို ကူးမြောက်စေတော်မူပေအံ့-ဟု အလောင်းတော်မြတ် ကြုံးဝါးတော်မူသကဲ့သို့ ယခုသီတဂူပဓာန ဦးဆောင်ဆရာတော် အရှင်ကလည်း ကြုံးဝါးတော်မူပြီး စီမံကိန်းကြီးကို ဖော်ဆောင်တော်မူခဲ့တယ်။

ကိံမေ ဧကေန ဘုတ္တေန၊ ပုရိသေန ထာမဒဿိနာ။
ဓမ္မကထံ ကထေတွာန၊ ပါယေဿံ ဇေယျကန္တရံ။ ။

ထာမဒဿိနာ၊မိမိအား အစွမ်းကိုမြင်တော်မူသော။ ပုရိသေန၊ ယောက်ျားမြတ်ဖြစ်လျက်။ ဧကေနဘုတ္တေန၊ ငါတဦးတည်း ရေကိုအလုံအလောက် သုံးဆောင်နေရခြင်းဖြင့်။ မေ၊ ငါ့အား။ ကိံ၊ဘာအကျိုးရှိအံ့နည်း။ ဓမ္မကထံ၊မြတ်စွာဟောကြား တရားစကားတော်တွေကို။ ကထေတွာန၊ ဟောကြားတော်မူပြီး၍။ ဇေယျကန္တရံ- ဇေယျကန္တရာနံ၊ တောင်စစ်ကိုင်းချောင်တိုင်းတို့အား။ ပါယေဿံ၊ သောက်စေ သုံးစေ ချိုးကြစေဟု ဝေပေအံ့သတည်း။ ဇေယျကန္တရံ ပါယေဿံ၊ တောင်စစ်ကိုင်းချောင်တိုင်း ဝေမယ် ဖောင်နိုင်းလေ မဂ္ဂင်ရှစ်ကယ်နဲ့၊ တက်ပြင် အသစ်ကူးကြညီတူ၊ ထူးလှသီတဂူ၊ မော်ကွန်းသစ် တချိန်ထူမယ်၊ စိန်ဆူဆုရတုသို့လေး-ဟု

ကြုံးဝါးတော်မူလျက် သီတဂူ ရေအလှူတော် စီမံကိန်းကြီးကို ဖော်ဆောင်လျက် ရှိပါပေသတည်း။ ဇေယျကန္တရံပါယေဿံ၊ တောင်စစ်ကိုင်းချောင်တိုင်း ဝေပေအံ့သတည်း။

**စစ်ကိုင်းချောင် ယောဂီသီလရှင်များ၊ ချောင်ငါးရာကျော်ပါပေါ့ရယ်လို့၊ ကြော်ငြာတော့ကမ်းဝေ၊ မန်းမြေက စာရင်း –**

ဟူသည်နှင့်အညီ ယောဂီသီလရှင် ချောင်ကြီးများရှိ ယောဂီသီလရှင်များ အများဆုံး နေထိုင်ကြရာ ဖြစ်သည်။

သူတို့အလုပ်ကား–

**ထေရာနံ နန္ဒောဝါဒေန၊ ရာဇဓိတာ ပုရေပုရေ။**
**နန္ဒရေ ဤဒိသံ ဝေသံ၊ မိနံ ဒက္ခုအနပ္ပကံ။ ။**

ထေရာနံ၊ အနေမြင့်မြင့် အခြေတင့်၍ ရွှေနှင့်စိန်ဓာတ် အရှိန်ဟပ်သို့ ထိန်လျှပ်ပြည့်ချွန် သီလဝန်ဟု ထေရ်မွန် ထေရ်ကျော် ထေရ်မဟော်တို့၏။ ထေရာနံ၊ မဟာဂန္ဓာရုံ ဆရာတော် ရွှေဟသ်ာ ဆရာတော်ဘုရားကြီးတို့၏။ နန္ဒောဝါဒေန၊ တရားမငြစ် သနားချစ်၍ အားသစ် ထုတ်ဖော် မိန့်ခွန်းတော်ကြောင့်။ ပုရေပုရေ၊ ရှေးရှေးအခါ သာသနာ၏ ရောင်ဝါဖြိုးလက် တန်ခိုးထွက်၍ ကိုးရက်စဖွယ် အသွယ်သွယ်မို့ အစိုစိုလှိုင်း အမြို့မြို့တိုင်း၌။ ရာဇဓိတာပိ၊ မယှဉ်ပြိုင်တန်း ပင်ကိုင်နန်း၌ ပန်းအလီလီ စီရရီကို သီကာရီရှု တည်ကြည်မှုဖြင့် ပြည်လူလက်ရုံး မျက်နှာဖုံးဟု သက်ဆုံးတိုင်တင့် ဘုရင့်ရွှေ့တော် မွေ့လျော်နုံထွား စုဖုရားတို့သော်မှလည်း။ အနပ္ပကံ မိနံ၊ ခုရော နောင်ခါ သံသရာဝယ် မှန်စွာမုချ အနုဿ၏ ရုပ်စွအကြောင်း ဒုက္ခ ပေါင်းကို။ ဒက္ခု၊ အကြံကုန်ဖွင့် ဉာဏ်ကုန်လွှင့်၍ ဆင့်ဆင့်ယွင်းမှား အခင်းသွားကို စဉ်းစား စုံလင် တဖုံမြင်ဖို့ မခိုမင်မှု အကုန်အစင်ရှုကြကုန်လျက်။ ဤဒိသံဝေသံ၊ တရားပေစာ ဒေသနာကို ဖွေရှာလေ့ကျက် နေ့မပျက်ပဲ နံနက်ဆွမ်းတော် ညပန်းတော်နှင့် ကော်ရော်ဆီမီး ပူဇော်ပြီး၍ အိပ်ပြီး အိပ်ရာ နိုးသောခါဝယ် ဝေနေယျများ မေတ္တာပွားလျက်–

**ဖြစ်ပျက်မမြဲ၊ ဖြစ်ချုပ်ပဲ၊ ငါပဲ သင်္ခါရာ။**
**သင်္ခါရပူ၊ ငြိမ်းအေးမှု၊ နိဗ္ဗူလွန်ချမ်းသာ။**

တရားယူဆင် များလူရှင်တို့ ခင်မင်စနိုး ဤယောဂီ သီလရှင်ဆရာလေးတို့ရဲ့ အသွင် အပြင်မျိုးကို။ နန္ဒရေ၊ နှစ်သက်ကြလေကုန်တော့သတည်း။ နန္ဒရေ၊ ခင်တတင့်တင့် ယဉ်သနှင့်ဟု ရွှင်သဖြင့်အနေ အသရေတိုး အခြေပျိုးလျက် အမျိုးမျိုး နှစ်သက်ကြလေကုန်ဘော့ သတည်း။

**သီဘဂူသည်** တောင်စစ်ကိုင်း၌ နေလူ့အသား **ကမ္ဘာဆုံးအောင် တည့်ပါစေသား ...။**

**နာနာရုက္ခေဟိ သဉ္ဆန္နေ၊ ရမ္မေ ယောဂိ နိသေဝိတေ။**
**ဇေယျာစလေ ပတိဋ္ဌာတု၊နာနာထူပေဟိ သောဘိတေ။ ။**

နာနာရုက္ခေဟိ၊ မှုဖွယ်ဘနန်း ပြဲရောင်သမ်းသည့် ညွန့်လမ်းရွက်ဝေ ပင်ခြေပိမ်းနှဲ့ စိမ်းလဲ့ဝေသော အဖြာဖြာသော သစ်ပင်တို့သည်။ သဉ္ဆန္နေ၊ ဝဲယာမပြတ် ဖုံးလွှမ်းအုပ်ပေထသော။ နာနာရုက္ခေဟိ၊ စိမ်းတစိုစို ညို့တမှောင်မှောင် ခိုရောင်မြသွေး ကမ္ဘာ့ဆေးဖြင့် အလှရေးသည့် အသွင် သစ်ပင်ပိတ်ပေါင်း ရိပ်ကောင်းတို့သည်။သဉ္ဆန္နေ၊ဝဲယာရစ်သမ်း ဖုံးလွှမ်းအုပ်ပေထသော။ ရမ္မေ၊ပတ်လည်ရစ်ခွေ နဒီရေနှင့် တောင်ခြေနိမ့်မြင့် အဆင့်ဆင့်မှာ မြိုင်နှင့်ညို့ညို့ နှုမျိုးသာယာ လွန်စွာချမ်းမြေ့ စိတ်ပျော်မွေ့ရာလည်း ဖြစ်ပေထသော။ ယောဂိနိသေဝိတေ၊ မနောကြည်ကြည် သဘောတည်လျက် တောမှီလိုငြား ယောဂီများတို့၏ အားထားမှီခိုရာလည်း ဖြစ်ပေထသော။ မိဂနိဝေသိတေ၊ သမင် ဒရယ် ချေငယ် သစ်ကျုတ် မြည်ဟုတ်သံညောင်း သားအပေါင်းတို့၏ မှီအောင်းနေထိုင်ရာလည်း ဖြစ်ပေထသော။

နာနာထူပေဟိ၊
ပုံ–တောင်–ဇေ–မျဉ်း၊ ဥ–နန်း–နံ့–လေး၊
ပ–ထူ–ရှင်–ကောင်း၊ စေတီအပေါင်း၊တို့ဖြင့်–(၀၁)

ပုညရှင်၊တောင်ဖီလာ၊ဇေတဝန်၊ ချမ်းသာကြီး၊ ခွမ်းသာရ၊ ဥမင်သုံးဆယ်၊ နန်းဦးစေတီ၊ နံကိုင်းစေတီ၊ လေးကျွန်းမာရ်အောင်၊ ပတ္တမြားစေတီ၊ ထူပါရုံစေတီ၊ ရှင်ဖြူ ရှင်လှ စေတီ၊ ကောင်းမှုတော် စသော ပွဲတော်ရ စေတီတော် အပေါင်းတို့ဖြင့် ။သောဘိတေ၊ ကျက်သရေ အသွယ်သွယ် အလွန်ပင် တင့်တယ်ဘော်မူထသော။ ဇေယျာစလေ၊ရန်သူတို့ကို အောင်ရ၍ ဌာန သကတ္တကြောင့် ဇေယျာစလ အမည်ရသော စစ်ကိုင်းတောင်ရိုးကြီး၌။ ပတိဋ္ဌာတု၊ ကမ္ဘာဆုံးသည့်ဘိုင်အောင် တည်ပါစေသတည်း။ အယံ၊ဤသိတဂူ ရေအလှူတော် စီမံကိန်းလုပ်ငန်းကြီးသည်။ သကောဘာယ၊ မိမိ သီတဂူရောင် ရေအလှူတော်ရောင် အပေါင်ဖြင့်။ ပတိဋ္ဌာတု၊ နေမင်း လမင်း ကမ္ဘာချင်းအောင် ပဝင်းတည်တံ့ အရှည်ခန့်လျက် တည်တံ့သည့်နည်းတူ အခက်အခဲအဆိုင်ဆိုင်တွေကို ဖျက်ခွဲပယ်ရှားနိုင်သဖြင့် မပျက်ပဲ အရှည်ခံ့လျက် ကမ္ဘာဆုံးအောင် တည်တံ့ပါစေသတည်း။

အရှင်ဝရသာမိဘိဝံသ
ပါဠိကာရိ သုံးခွတိုက်
စစ်ကိုင်းတောင်ရိုး။

သီတဂူ ရေအလှူတော် အောင်ပွဲသဘင်

မော်ကွန်းတင်မင်္ဂလာ

# သမ္မောဒနီယဂါထာ

အရှင် ဓမ္မာနန္ဒာဘိဝံသ

ရတနာ့ဗိမာန်

၁။ ဘာတိ (သဒ္ဓမ္မ) ရံသီဟိ၊ ဗုဒ္ဓစန္ဒော၀ (သီ) တဂူ။
ဇယံဒေတု (တ) မောနုဒေါ၊ မနော (ဂူ) ဟာသယေဋ္ဌိတော။ ။

သီတဂူ၊ သံသရာမီး ခန္ဓာမီးတို့ ငြိမ်းပြီးရာမှန် မြတ်နိဗ္ဗာန်ကို ကေန်ပေးတတ် ဂုဏ် သကတ်ကြောင့် အမြတ်ဘွဲ့ယူ သီတဂူအစစ်ဖြစ်တော်မူသော။ ဗုဒ္ဓစန္ဒော၀၊ အပူမောင်ကိန်း လူခပ်သိမ်းကို အေးငြိမ်းစေရ ဘေးမခအောင် ဖေးမကယ်ယူ သယမ္ဘူဟု စံတူမဲ့ကင်း ဘုရား တည်းဟူသော သီဘဂူလမင်းကြီးသည်သာလျှင်။ သဒ္ဓမ္မရံသီဟိ၊ အဝိဇ္ဇာအမှောင်ခွင်းသတ်သည့် ဝိဇ္ဇာရောင် အလင်းဓာတ်ဟု မြင့်မြတ်ထိန်ကြည် သူတော်ကောင်းတရား တည်းဟူသော လင်း ရောင်ခြည်တို့ဖြင့်။ ဘာတိ၊ ကမ္ဘာ့တိုက်ဘောင်မှာ အမိုက်မှောင်ပယ်ခွင်းလျက် ထွန်းလင်း တောက်ပတော်မူပါပေ၏။ သော၊ ထိုအရဟံတဆူ သယမ္ဘူဟု စံတူမဲ့ကင်း ထိုသီတဂူလမင်း ကြီးသည်၊ နော၊ သီဘဂူ ရေအလှူအောင်ပွဲ ဆင်ကာနွဲ၍ ထူးကဲရွှင်ပျော် တပည့်တော်တို့၏ မနောဂူဟာသယေ၊ သူတော်တို့ထုံး အမြဲသုံးသည့် မြတ်ဆုံးဂုဏ်သိရ် နှလုံးအိမ်တည်းဟူသော မြလိုဏ်ဂူ၌။ ဌိတော၊ အမြန်ခဏ အမှန်ကြွ၍ ထာ၀ရရွှင်ကြည် အမြဲရပ်တည်တော် မူလျက်။ တမောနုဒေါ၊ လောကဘောင်အတွင်း မောဟအမှောင်ခပင်းတို့ကို သန်ရှင်းငယ်ဖျောက်တော် မူသည်ဖြစ်၍။ ဇယံ၊ အန္တရာယ်ခပင်း ရန်စွယ်ရှင်း၍ ကောင်းခြင်းစဉ်ကာ မယှဉ်သာသည့် မင်္ဂလာအရပ်ရပ် အောင်ဆုတော်မြတ်ကို။ ဒေတု၊ ကရုဏာဓာတ်ရင်း မပြတ်သွင်း၍ အပ်နှင်း ပေးသနားတော်မူပါ အရှင်မြတ်ကြီးဘုရား။

၂။ သီတဂူ ကန္ဒရော သာဂေ၊ သီတဂူ ထေရမာပိတော။
သီတဂူ ဂုဏသမ္ပန္နော၊ သီတဂူ တိ သုပါကဋော။

သီတဂူကန္ဒရော၊ ကမ္ဘာ့တိုင်းဘောင် သမိုင်းပြောင်သည့် စစ်ကိုင်းတောင်ထက်ဗွေ ကနက် မြေဝယ် ကျက်သရေသတင်း တက်နေလင်းသကဲ့သို့ ပွံ့သင်းမွေးကြူ ဤသဒ္ဓမ္မသီတဂူချောင်ကြီးကို။

သာကော၊ တစ်ထောင့်သုံးရာသုံးဆယ် ပြည့်ကြွယ်ရှစ်ခု ရေးကံပြုဝေါဟာ နှစ်ကောဇာ၌။ သီတဂူ ထေရမာပီတော၊ ကမ္ဘာ့ဗုဒ္ဓသာသနပြု ဓမ္မကထိက အရှင်ဉာဏိဿရ သာသနာ့အာဇာနည် ကမ္ဘာပြည်ကျော်ကြား သီတဂူဆရာတော်ဘုရားသည် တည်ထားအစဉ် စတင်ဖန်ဆင်းအပ်ပါ ပေ၏။ သော၊ သိကြားဗိမာန် ဝေဇယန်သို့ ပုံစံနှိုင်းယူ မြန်မာမြူမှာ စံတူသည့် ထိုသီတဂူ ချောင်ကြီးသည်။ သီတဂူဂုဏသမ္ဘော၊ လောကီလူ့ဘုံ အပူစုံတို့မြူမှုန်မသန်း အေးချမ်းခြင်းဂုဏ် ပြည့်စုံသည်ဖြစ်၍။ သီတဂူတိ၊ ကမ္ဘာ့ဘောင်အတွင်း သာသနာ့အရောင်အလင်းတို့ဖြင့် ပြောင် ဝင်းလှပ အေးချမ်းမြသည့် စန်းလမည်တူ သီတဂူဟူ၍။ သုပါကဋော၊ သာသနာ့ ထက်ကောင်း ကင်မှာ စက်ဒေါင်းယာဉ် နေတန္တန်းကဲ့သို့ ရွှေဘုန်းလက်ဝေ ကျက်သရေမြင့်မား အစဉ်အားဖြင့် ထင်ရှားပါပေသတည်း။

၃။ သီတဂူ သီတရံသီဟိ၊ ပဘာ စေတိ မဟာဇနံ၊
သီတဂူသင်္ဃာ တထာ၊ အဒံသု သီတလံ ဒကံ၊ ။

သီတဂူ၊ ကမ္ဘာသူကမ္ဘာသား လူအများတို့ ရှုစားမဝ အမြတ်မ်းတောင့်တသည့် ဝင်းပ ဖွေးဖြူ အအေးဓာတ်လှသည့် သီတဂူနန်း သော်တာစန်းသည်။ သီတရံသီဟိ၊ ဆီးနှင်းမြူတိမ် သူရိန်မီးခိုး ညစ်မျိုးစင်ကြယ် ကောင်းကင်လယ်၌ တင့်တယ်ဝင်းပြောင် အေးမြသည့် အလင်း ရောင်တို့ဖြင့်။ မဟာဇနံ၊ အပူပေါလှ လူ့လောကဝယ် သောကပူဆွေး အပူဘေးကြောင့် အေးဓာတ်ကိုရှာ အေးရာကိုလိုက် အအေးကြိုက်သည့် သောင်းထိုက်နေသူ များဗိုလ်လူ အပေါင်းကို။ ပဘာသေတိယထာ၊ အေးမြကြည်သာ ဤကမ္ဘာဝယ် ညီညာတူမျှ မပူရအောင် ကူမစောင့်ရှောက် ထွန်းလင်းတောက်ပသကဲ့သို့။ တထာ၊ ထိုအပူဝေးပ လွှမ်းအေးမြသည့် ကမ္ဘာ့ တန်ဆာ လစန်းရတနာနှင့်အတူ။ သီဘဂူသင်္ဃာ၊ သံသရာမီး ခန္ဓာမီးတို့ အပြီးငြိမ်းအေးရာ ခေမာနိဗ္ဗူ အောင်ဆုယူကြမည့် သီဘဂူအသင်းသား သူတော်ကောင်းများ တို့သည်။ (သန္တစေတသာ)၊ အေးချမ်းသောလုပ်ငန်း အေးချမ်းသောဂုဏ် အေးချမ်းသည့် အမတာဘုံကို အာရုံရည်စူး ကြည်နူးဝမ်းသာ အေးချမ်းသောစိတ် စေတနာဖြင့်၊ သီတလံ ဒကံ၊ စန္ဒရကန်ကျောက် လရောင်တောက်၍ အုံ့သောက်ရေစင်စီးကျသွင်သို့ ဖြူစင်ကောင်းမြတ် အအေးဓာတ်အမြိုက်ရေ စင်ကို။ အဒံသု၊ တောင်စစ်ကိုင်းတွင် ချောင်တိုင်းပင်လျှင် ကြည်လင်အေးကြူ မြစ်ရေယာဉ် ဖွေးဖွေးဖြူအောင် ပေးလှူကြလေကုန်သတည်း။

၄။ ဖယုဿဝေါ သမုဒ္ဒဝေါ၊ ဒါနိ သန္တသမိဟိတော။
သီတဂူသမာဇော နိဋ္ဌံ၊ စိရံဌာတု ဟိတာဝဇော။ ။

ဇယုဿဝေါ၊ သိန်းပေါင်းငါးဆယ် ဂဏန်းကြွယ်၍ စင်ကြယ်ပေးလှူ အများပြည်သူတို့၏ သီဘဂူခေါ် ရေအလှူတော်အောင်ပွဲကြီးသည်။ ဒါနိ၊ ၁၃၄၇-ခု ရတုသာယာ ဝိသာခါနက္ခတ် စန်းယုန်မြဲဘိတို့ လှည့်ပတ်ကြုံတွေ့ ကဆုန်လပြည့်ဗုဒ္ဓနေ့ရောက်လာ ယခုအခါ၌။ သန္တသမိဟိတော၊ အသုံသမား သယ်သမား ဘာသာခြားနှင့် ထင်ရှားကျော်မော် နိုင်ငံတော်ခေါင်းဆောင် သာသနာ့ဥသျှောင် ထေရ်ဘုန်းခေါင်ဟု ဂုဏ်ရောင်တင့်ဆွင် များလှူရှင်တို့ ပါဝင်စောင့်ရှောက်

ချီးမြှောက်အားထုတ်အပ်သည်ဖြစ်၍။ သမုဋ္ဌဝေါ၊ ဓာမ္မာ့တိုင်းခွင် သာသနာ့သမိုင်း အစဉ်ဌ်နိုင်းယှဉ်စရာ မကြုံဘူးအောင် ဂုဏ်ထူးသစ်ကျော် ဖြစ်ပေါ်လာခဲ့ပြီတကား။ သီတဂူသမာဇော၊ စန်းလအတူ သီတဂူဟု ပြည်သူပြည်သား ညီညွတ်မှုအင်အားဖြင့် ထင်ရှားဖွဲ့စည်း ထိုရေအလှူအသင်းကြီးသည်။ နိစ္စံ၊ မယိမ်းမယိုင် ကျောက်စာတိုင်ကြီးကဲ့သို့ မြဲခိုင်မက်မတ် အမြဲမပြက်သာလျှင် ဟိဘာဝဟော၊ သာသနာ့အကျိုး တိုးထက်တိုးအောင် သယ်ပိုးဆောင်ရွက်နိုင်သည် ဖြစ်၍။ စီရံ၊ သာသနာ့ငါးထောင် ဘုရားရောင်တို့ဖြင့် မြားမြောင်ချိန်ခါ ရှည်မြင့်ကြာအောင်။ ဌာတု၊ ကောင်းကင်နေလ ထွန်းလင်းပသို့ သာသနာ့ရောင်ခြည် ကမ္ဘာတည်အောင် ကြာရှည်မြဲခိုင်တည်ရှိနိုင်ပါစေသတည်း။

၅။ **ဝိလာနာလယံ မာပေတွာ၊ သန္တာနံ သုခတ္ထံ တဒါ။**
**အာယုဒါနံ မယံ ကုမ္မ၊ ကာဟာမ ဤဒိသံ သဘံ။ ။**

တဒါ၊ ထိုသီတဂူ ရေအလှူစီမံကိန်းကြီး ပြီးစီးအောင်မြင် မော်ကွန်းတင်အောင်ပွဲသဘင်ဆင်ယင်ပြီးရာ ထိုအခါ၌။ မယံ၊ ကမ္ဘာ့သာသနာပြု ဓမ္မကထိက အရှင်ဉာဏိဿရ သဒ္ဓမ္မသီတဂူဆရာတော်ဘုရားအမှူးထားကြသည့်ထူးခြားသဒ္ဓါစေတနာဖြင့်။ ခေမာနိဗ္ဗူ၊ အောင်ဆုယူကြမည့် သီဘဂူအဖွဲ့ဝင် သူတော်စင်တို့သည်။ သန္တာနံ၊ စစ်ကိုင်းမင်းဝံ မင်းကွန်းတောင်ရိုးကြီးသုံးရပ်၌ ဆည်းကပ်ပျော်ရွှင် သူတော်စင်တို့၏။ သုခတ္ထံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးဘယာတို့ ဝေးကွာမသန်း ကမ္မဋ္ဌာန်းဖြင့် ရွှင်လန်းဝမ်းသာ ကျန်းမာချမ်းသာကြစေရန်အကျိုးငှာ။ ဂိလာနာလယံ၊ ဝေဒနာခံစား သူတော်စင်များကို ဆေးဝါးကုသ ခံယူကြဖို့ အမတအလှူသီတဂူခေါ် ဆေးရုံတော်ကြီးကို။ မာပေတွာ၊ ပြည်သူလူထု ထောက်ပံ့မှုဖြင့် ပေါင်းစုညီညာ ကြည်သဒ္ဓါရွှင်လန်းလှူဒါန်းဆောက်လုပ်ကြပြီးလျှင်။ အာယုဒါနံ၊ အသက်ရှည်စွာ စိတ်ချမ်းသာ၍ ဝိပဿနာဘာဝနာတရား ကြိုးစားမယုတ် အားထုတ်နိုင်မှု ရည်စူးပြုသည့် အာယုဒါနခေါ် အသက်အလှူတော်ကို။ ကုမ္မ၊ သူတော်စင်တို့ ပျော်ရွှင်စိတ်အေး ကျန်းမာရေး ချမ်းသာရေးကို မျှော်တွေးရည်မှန်း သဒ္ဓါစွမ်းဖြင့် လှူဒါန်းပြုလုပ်ကြပါကုန်အံ့။ ဤဒိသံ၊ ဤသီတဂူ ရေအလှူအောင်ပွဲ ဆင်နွှဲပြုလုပ်သည်နှင့် မခြားတမူ အလားတူဖြစ်သော။ သဘံ၊ အာယုဒါနအလှူ သီတဂူစီမံကိန်းကြီး ပြီးစီးအောင်မြင် မော်ကွန်းတင်အောင်ပွဲသဘင်ကြီးကိုလည်း။ ကာဟာမ၊ သာသနာ့ရောင်ခြည် မှောင်မသီပဲ နောင်အရှည်အစဉ်မြဲစေဖို့ ဆင်နွှဲပြုလုပ်ကြပါကုန်အံ့။ ကာဟာမ၊ အောင်ဇေယျတု အောင်စေမှုဖြင့် အောင်ငွေခရာသံလွင် အောင်သပြေနုပန်ဆင် မြန်တခွင် စံတင်ဖို့ အမှန်ပင် ပြုလုပ်ကြပါကုန်အံ့သတည်း။

အရှင်ဓမ္မာနန္ဒာဘိဝံသ

ရတနာဗိမာန်

စစ်ကိုင်းတောင်

ဗုဒ္ဓကောသလ္လ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ၏

# သမ္မောဒနီယ ကထာ

သို့

သဒ္ဓမ္မသီတဂူ ဆရာတော်ဘုရားအား ဂုဏ်ပြုလွှာ

(၁) မေတ္တာနိသာကရော လောကေ၊ သမ္ဘာဘာတုသုခံကရော၊
မေတ္တာသံဟလရံသိဟိ၊ သုခတ္ထုပ္ပိတာ ပဇာ။ ။

နေရာတိုင်း ပုဂ္ဂိုလ်တိုင်း၌ မေတ္တာတရား ထွန်းတောက်ပါစေ။

အရပ်တိုင်း သတ္တဝါတိုင်း ချမ်းသာကြပါစေ။

ဤပါဠိမြန်မာ ၂ ဘာသာကို သီတဂူကျောင်းပေါ် ရောက်ရောက်ချင်း တွေ့ရ၍ သီတဂူ ဆရာတော်၏ မေတ္တာစွမ်းပကားကို အားရမိပါသည်။

(၂) တဖန်ဆက်၍ သီတဂူ ရေအလှူပြ မြေပုံဇယားအရ စစ်ကိုင်းချောင်ပေါင်း ၄၀၀ ကျော်၊ တောင်ရိုးပျော် သူတော်စင်ပေါင်း ၄၀၀၀ ကျော် တို့အား ပိုက်မျိုးစုံ ပေပေါင်း ၅ သောင်း ၉ ထောင် ကျော်ဖြင့် အမြဲရေလှူနေပုံကို တိကျစွာ သိရပြန်သောအခါ မေတ္တာ ဆောင်ပုဒ်အတိုင်း အလုပ်လုပ်ပြီး ဗြဟ္မစိုရ်ရေချမ်း အမြဲ ဖျန်းနေသော သီတဂူဆရာတော် (အဖွဲ့နှင့် စေတနာရှင်များ)၏ မေတ္တာဓာတ်အားသည် တပည့်တော်များ၏ (သူတော်ကောင်း မှန်သမျှ၏) မုဒိတာ ဓာတ်အား ခလုတ်ကို သဒ္ဓါ, ပညာ စသော ကြိုးများသွယ်တန်းကာ နှိပ်ဖွင့်ပေးသလို ဖြစ်ရပါသည်။

(၃) သီတဂူ သံဃဆေးရုံကြီး ဆောင်ရွက်နေခြင်းနှင့် ဆွံ့၊ အ၊ နားမကြားသူများ၊ နာလန်ထ လူမမာများ၊ ရေ့တန်းပြန် ရဲဘော်များ ကူပံ့ခြင်း စသည့်ဆောင်ရွက်ပြီး၊ဆောင်ရွက်လတ္တံ့သော စရိယ ၃ပါး သီတဂူဆရာတော်၏ ကုသိုလ်မြတ်များသည် အရှင်ဘုရားမျှော်မှန်းသော ဗောဓိဉာဏ် အောင်ပန်းသို့ ချမ်းသာထူးကဲစွာ လှမ်းယူနိုင်ပါစေ–ဟု ဝမ်းမြောက်စွာဆုတောင်း ဂုဏ်ပြု ချီးကျူးအပ်ပါသည်။

(ဦးဉာဏသဠ)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသေဋ္ဌာဘိဝံသမဟာထေရ်
ရေးသားသော

# သီတဂူထုတ် ဝေဒလ္လစာတမ်း

## သီတဂူအစွမ်း အံ့မခန်း

၁။ ယန္တသာလာဒိ သမ္ဘာရ၊
ဇာ၀တည္ ကိစ္စသာမိယံ။
စစ်ကိုင်းသေလေ ဒက်ဒါန၊
မကာသဒ္ဓမ္မ သီတဂူ။ ။

သဒ္ဓမ္မသီတဂူ၊ အဂ္ဂမဟာ ဓမ္မကထိက ဆိုရလောက်အောင် တောက်ပြောင်ထွန်းပ သဒ္ဓမ္မသီတဂူ ဝှန်ဆူကျော်ကြား တရားအသရေလွှင့် ထေရ်အရှင် ဆရာတော်သည်။ ယန္တသာလာဒိ သမ္ဘာရဇာ တေဟိ၊ နိုင်ငံခြားမှ ထူးလှစွမ်းအား ယန္တရားအဖုံဖုံ စက်ရုံတွေအစ များလှလောက်လုံ အဆောက်အအုံအပေါင်းတို့ဖြင့်။ အကိစ္စသာမိယံ၊ မြန်မာပြည်ဖွား တိုင်းရင်းသားဟု လုပ်သားပြည်သူ တကယ်ကူသဖြင့် အလွယ်တကူ ပြီးစေနိုင်ခဲ့သော။ စစ်ကိုင်းသေလေ၊ သူတော်ကောင်းတို့ ပျော်အောင်းခိုရာ သေလာနေရာ သာယာဖွယ်အထွေထွေ အသရေဆောင် စစ်ကိုင်းတောင်၌။ ဒက်ဒါနံ၊ တခေတ်တခါ ပေါ်ခဲကြီးပေါ်လာ၍ သူငါရွှင်ပြုံး နှလုံးအေးစွ မြအနေတူ ဒေအလှူတော်ကြီးကို။ အကာ၊ သီတဂူအခန်း တခေတ်ဆန်းလျက် အစွမ်းဖော်ကာ ပြုခဲ့ပါပေပြီတကား။

၂။ အဇ္ဈေရမေတံ ယံ စစ်ကိုင်း၊
သေလမှိ ဇလပါပနံ။
နနု ဟိ မဟန္တံ ဝဏ္ဏုံ၊
မဟံဝ သာဝနဏ္ဍမာ။ ။

စစ်ကိုင်းသေလမှိ၊ မြင့်အနိမ့်တွေ အထွေထွေနှင့် ရှည်လျားသီးသီး ထုထည်ကြီးလျက် ရှုမငြီးဖွယ်ဆောင် စစ်ကိုင်းတောင်ကြီး၌။ ဇလပါပနံ၊ ရေမခက်ရ အချက်ကျအောင် ကွက်ချွင်

ရေး ရေတင်ပေးခြင်းသည်။ ယံ (ဟောတိ)၊ သီတဂူဘုန်း တချီသုံးလျက် နှလုံးဘဝင် ပြုံးရွှင်ရစ်စေ အကြင်ဖြစ်ပါပေ၏။ တော်၊ ငါးနှစ်တာ ကာလဖြင့် ဤမျှကြီးမား ထုထည်အားကို ထူးခြားထင်လင်း ဖြစ်စေ ခြင်းသည်။ အစ္ဆေရံ၊ ဒေသနာတုံးဖန် အသုံးဉာဏ်ဖြင့် ဘုန်းကံလဲ ကြွယ် ခန့်ထယ်ထယ်မို့ အနှံ့နယ်တခွင် အံ့ဖွယ်ပင်ပါတကား။

ဟိ၊ ဤအံ့ဖွယ်မှာ တကယ်သာအစစ်ဖြစ်ရိုးအမှန်ပါပေ။ မဟန္တံ၊ လူသာမန်တို့ မကန်မပေါက် မရောက်နိုင်ဖွယ်အနည်းငယ်စွ ကြီးကျယ်လှသော။ ဝတ္ထုံ၊တစုံတခု ထည်အထုဆို ဝတ္ထုကိုလျှင်။ မဟံ–ခဟန္တာဝ၊ ဝတ္ထုနှင့်ကိုက် လိုက်အောင်စွမ်းဟူ ကြီး မား သူ တို့ သည် သာ လျှင်။ သာခနက္ခမာ၊ မချို့မကွာ ကိုယ့်အရာမို့ လွယ်စွာခရီးရောက် ပြီး မြောက်စေနိုင်ကြကုန်သည်။ (ဟောန္တိ) နနု၊ လောကမျက်မြင် အထင်ကရ ဖြစ်ကြကုန်သည် မဟုတ်ပါလော။

**၃။ ယ ထေ ဝ သီတဂူ ထေရော၊**

**ကော အ ညော ဤဒိသံကရေ။**

**န နံ သော ဝသံယာတိ၊**

**ဇနာနံ တေပိ နုဿကိံ။**

သီတဂူထေရော၊ သဒ္ဓမ္မသီတဂူ ပြည်သူတို့အချစ် နှစ်သက် ဖွယ်ဂုဏ်ရည် စုံညီထင်ထင် ထေရ်အရှင်သည်။ ဤဒိသံ၊ ငါးနှစ်တာမျှ ချိန်ကာလဖြင့် ဒေသအဖြာဖြာ ရေရလာအောင် ရွက်ဆောင်စွမ်းဘိ ဤသို့သဘောရှိသော အမှုကို။ (ကရောဟိ) ယထေဝ၊ ဒေသနာသံကြွေး နှိုးဆော်ပေးလျက် အားပေးခြင်းပြု အမှုပိုင်ပိုင် ပြုနိုင်ဘိသကဲ့သို့။ အညော၊ ဆရာတော်မှပြား တခြားဖြစ်သော။ ကော၊ လူရှင်အဝန်း ဆွဲဆောင်ခန်း၌ စွမ်းတယ်ပိုင်တယ် အကယ်ထုတ်ဆို အဘယ်သို့သောပုဂ္ဂိုလ်သည်။ ကရေ၊ အစွမ်းတုပြိုင် အမှုပိုင်၍ ပြုနိုင်ပါအံ့နည်း။ နကရေဝ၊ မတုခပိုင် မပြုနိုင်သည်သာလျှင်တည်း။ သော၊ တုဖို့မပိုင် ပြိုင်ဖို့ခဲစွ အကြောင်းပြုရလျှင် အရှင်ဉာဏ်ဃရ သဒ္ဓမ္မသီတဂူခေါ် ဤဆရာတော်သည်။ ဇနာနံ၊ အသံချိုမြ သဒ္ဒါလှလျက် အနက်သာယာ ရှင့်ဝါစာ၌ အာသာလိုလား လူရှင်အများတို့၏။ ဝသံ၊ သူကနာချင် ငါလျှင် ကြားလို ပိုမိုစရိုက် အလိုကြိုက်ကို။ ယာတိနနု၊ သူမူကားသာ ငါကနာဟု ဘယ်ခါစိတ်သွား ထိတ်မထားပဲ အများအကြိုက် တရားကိုက်အောင် စိုက်စိုက်မသွေ လိုက်ခဲ့ပေသည် မဟုတ်ပါလော၊ တေပိ၊ အလိုကျ၍ ချိုမြသံသာ သဒ္ဒါကြည်လင် ကျေးဇူးတင်လျှက် အရှင်မြတ်အား မေတ္တာထားသည့် အများပြည်သူ ထိုလူအပေါင်းတို့သည်လည်း။ အဿ၊ သပိတ်အိုင်တဝ သဒ္ဓမ္မ သီတဂူတသုံး သံကုန်းလဲခေါ် ကျော်ထက်ကျော်အဂ္ဂ မဟာဓမ္မကထိက၏။ ဝသံ၊ ရှင်လိုလားချေ ရေစီမံကိန်းကြီး ပြီးစေလိုလှ ကောင်းမြတ်တဲ့ အလိုဆန္ဒကို။ ကိံနယန္တိ၊ အရှင့်အကြိုက်မှာ အမြိုက်သာမို့ လိုက်ပါဖို့ရေး အဘယ်မှာ ဝန်လေးကြကုန်တော့အံ့နည်း။ ယန္တိဧဝ၊ သီတဂူ ရေအလှူပေးပါဟူ၍ သူကလည်းနှိုးဆွ၊ ငါကလည်းညွှန်လျက် တက်ညီလက်ညီ ချီကာစိုက်စိုက် ရှင့်အကြိုက်သာ လိုက်ပါခဲ့ကြကုန်သည်သာလျှင်တည်း။

၄။ ဓမ္မသတ္တိ မနောသတ္တိ၊
အညာဝိ သံကုန်းဒိမတော။
ဝိဋ္ဋန္တိ တာဟိ တာဗ္ဗုတာ၊
ဘူတာ ဘဝိဿရေ တရာ။ ။

သံကုန်းဒိမတော၊ တရားနှလုံး အမြဲသုံးတဲ့ သံကုန်းတွင်ခေါ် ဆရာတော် အရှင် အမြင် သာဘိ ပညာရှိ၏ ဓမ္မသတ္တိ၊ ပိဋကတ်သုံးသွယ် ငါးနိကာယ်မှ မှိတွယ်ပိတ်ဖုံး စိတ်နှလုံး၌ သိမ်းကျုံးလွှမ်းပတ် တရားတော်၏ အစွမ်းခေါက်သည်လည်းကောင်း။ မနောသတ္တိ၊ မေတ္တာကရုဏာ မုဒိတာအစ တရားမလှတို့ဖြင့် များစွပိတ်ဖုံး စိတ်နှလုံးအစွမ်းသတ္တိသည်လည်းကောင်း။ အညာပိ သတ္တိသော၊ တောရော်မြို့ဝယ် ဘယ်မျှ ကြမ်းကြမ်း လမ်းလည်းမမှု ဥတုလည်းအရေး မထား အစားလည်း ရမစိုက် လိုက်နိုင်ဟောနိုင် ခံခိုင်ဘိတမ်း ကိုယ်ခန္ဓာစွမ်း စသည်တို့သည်လည်းကောင်း။ ဝိဋ္ဋန္တိ၊ ရှေးဘုန်းရှေးကံ ခုညာဏ်လုံ့လ သုံးချပြည့်စုံ ရှိနေကြလေကုန်သတည်း။ တာဟိ၊ အရှင်၏စိတ်ထဲနှုတ်ထဲ ခန္ဓာထဲ၌ စွဲမြဲတင့်ကြွား တရားသတ္တိ စိတ်ထားသတ္တိ ကိုယ်သတ္တိ မှန်သမျှတို့ကြောင့်။ အဗ္ဗုတာ၊ သာမာန်လူများ မကြုံအားခဲ့ ထူးခြားတဲ့သတ္တိရှင်မို့ တီထွင်အားခဲ အဖြစ်နဲ့၍ မဖြစ်ဖူးမြဲ ထူးကဲစွာ ဖြစ်လာကြရကုန်သော၊ တော၊ အကုန်နီးပါးလောက်တောင်တွေရောဏ်ရေရ ထူးလှတဲ့အောင်မြင်မှုကြီးတို့သည်။ ဘူတာ၊ အများအတွက် ခက်ခဲပေငြား အရှင့်အားကြောင့် ငါးနှစ်မျှအကြာသော် ဖြစ်ပေါ်ထင်ရှားခဲ့ပါကုန်ပြီ။ ဣတရာ၊ ရေစီမံကိန်းအပြင် အရှင်လိုလား ဆေရုံစသော အများအကျိုးဆောင် လုပ်ငန်း အများတို့သည်လည်း။ ဘဝိဿရေ၊ဆိုခဲ့ပြီးသည့် စွမ်းသတ္တိအရ လိုတ, တိုင်းသာ ဖြစ်လာကြပါကုန်လိမ့်မည် တကား။

၅။ အဟော ဂိလာန သာလာဝိ၊
ဇလဒါနဝ သီတဂူ။
နိဋ္ဌ မေဃျ သသဒ္ဓါနံ၊
သဒယာ န မနုဂ္ဂဟာ။ ။

သီတဂူဇလဒါနံဝ၊ သီတဂူ သီတဂူ ဝှန်ဆူထွန်းပေါက် ရေအလှူတော်ကြီး ပြီးမြောက်သကဲ့သို့။ ဂိလာနသာလာပိ၊ ရောဂါသည်များ ဒုက္ခသားတို့ အားထားဖွယ်အရေး အေးချမ်းဖွယ်အဖုံ ပေးပုံအသီးသီး ဆေးရုံကြီးသည်လည်း။ သသဒ္ဓါနံ၊ သဒ္ဓါအရည် မကွာကြည်ကြတဲ့ အာဇာနည်အမျိုးအစား အမျိုးသားအမျိုးသမီး ဖြစ်ကြကုန်သော။ သဒယာနံ၊ ဒုက္ခသည်များ ငဲ့ညှာပွားသည့် သနားရှုစာ ကရုဏာရှင်တို့၏။ အနုဂ္ဂဟေန၊ သူနာလည်းချမ်းသာ ကိုယ့်မှာလည်း သုခ နှစ်ဘက်လုံးအကျိုးရဟု မှန်းဆမိုးထောက် ခရီးရောက်အောင် ချီးမြှောက်ခြင်းဖြင့်။ နိဋ္ဌံ၊ အစစအဖုံဖုံ ပြည့်စုံသဖြင့် ဝင့်ဝင့်ထီးထီး အသီးသီးမောက် ပြီးမြောက်ခြင်းသို့။ ယျေ၊ မြောက်ကြွအသရေ ဆောက်ရပေမူကား။ အဟော၊ ရွှင်ပျရွှင်ပျ ဘဝင်လှလျက် မြင်ရတိုင်းသာ ချမ်းသာ တကယ် ဝမ်းသာဖွယ် ကောင်းလှပါတော့သည်တကား။ ။

ဆရာတော် အရှင်ကေလာသ

၏

# အနုမောဒနာသံဂီတိကာ

၁။ ဉာဏိဿရော ထေရသေဋ္ဌော၊
ဇနာနံ ဉာဏ ဒါယကော။
ဒကဒါယီ ဓမ္မဘာဏီ၊
ဇနဿ ဟိတကာရယီ။ ။

ဘောန္တော၊ ဗုဒ္ဓမြတ်စွာ သာသနာကို လွန်စွာကြည်ညို အို-သူတော်စင် အပေါင်းတို့။ ဉာဏိဿရောထေရသေဋ္ဌော၊ စစ်ကိုင်းတောင်ရိုး သီတဂူချောင်ပျော် နိုင်ငံကျော် ဓမ္မကထိက ဆရာတော်အရှင် ဉာဏိဿရ မထေရ်မြတ်သည်။ဇနာနံ၊ကမ္ဘာသူ ကမ္ဘာသား လူအများတို့အား။ ဉာဏဒါယကော၊ ကမ္မဿကတာဉာဏ်၊ ဝိပဿနာဉာဏ်အတန်တန်ကိုကေန်မနှေး ပေးတတ်သည့် ပုဂ္ဂိုလ်ကျော်လည်းဖြစ်တော်မူပါပေသတည်း။ဒကဒါယီ၊စင်ကိုင်းပျော်ရဟန်း သာမဏေ သီလရှင် သူတော်ကောင်း လေးထောင်(၄၀၀၀)ကျော်တို့အား ရေအလှူတော်ကြီးကို ထန်သည်းလုံ့လ ဝါယမဖြင့် နိစ္စကြည်ဖြူ ပေးလှူတော်မူသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူပါပေ သတည်း။ ဓမ္မဘာဏီ၊ လောကသား အပေါင်းတို့အား နည်းကောင်းညွှန်ပြ တရားဓမ္မကို မဟုဿာဟ ဇွဲလုံ့လဖြင့် နိစ္စကြည်ဖြူ ဟောတော်မူသည့် ပုဂ္ဂိုလ်မြတ်လည်း ဖြစ်တော်မူပါပေ သတည်း။ ဇနဿ၊ ရေတွက်သင်္ချာ လွန်စွာ များပြား လူသားအပေါင်း၏။ ဟိတကာရယီ- ဟိတံကာရယိ၊ ပစ္စုပ္ပန် တမလွန် နှစ်တန်ကောင်းကျိုး တိုးထက်ဘိုးအောင် အမျိုးမျိုးပြုလုပ် ဆောင်ရွက်တော်မူပါပေသတည်း။

၂။ ဗဟုံ ဝတ ပသဝိပုညံ၊ သပ္ပညော ယတိကုဉ္ဇရော။
ယောသာဓုနံ သုခတ္ထာယ၊ နိစ္စံ ဥဿာဟ မကရိ။ ။

ယောယတိကုဉ္ဇရော၊ နိုင်ငံကျော် ဓမ္မကထိက အကြင်အရှင်ဉာဏိဿရ ရဟန်းတော်အရှင် မြတ်သည်။ သာဓုနံ၊ စစ်ကိုင်းတောင်ပျော် သူတော်စင် သူတော်ကောင်း လေးထောင်ကျော်

တို့၏။ သုခတ္တာယ၊ ယောက်ရေ သုံးရေအတွက် ဒုက္ခကင်းကွာ ချမ်းသာပါစေခြင်း အကျိုးငှာ။ နိစ္စံ၊အမြဲနိစ္စ ထာဝရ။ဥဿာဟံ၊ ဟောဖော်ညွှန်ပြ လုံ့လဝီရိယ ဥဿာဟ ကို။အကရိ၊ဘုရားအလျာ သူတော်စွာတို့ တန္တုပြုတော်မူခဲ့လေပြီ။ အယ်ယတိကူ္မရော၊ တလောကလုံး အုပ်ဖုံးကျော်ကြား ဤသဲကုန်းအရှင် ဉာဏိဿရ ဆရာတော်ဘုရားသည်။ သပ္ပဉော၁၀တ၊ ဒိယဒဿီ အရှည်မြော်မြင် ပညာကြီးပါပေစွ၇တကား။ ဣမဿ၊ ဤသာသနာ့အာဇာနည် အရှင်ဉာဏိဿရ မထေရ်အား။ ဗဟုံ၊ဤရွှေ့ ဤမှ ပမာဏဟု မှန်းဆတွက်စစ် မဖြစ်နိုင်အောင် မြားမြောင်လှစွာ။ ပုညံ၊ ကောင်းမှုပုည အဝဝသည်။ ပဿဝိတ၊ ဘက်သစ်နေဝန်း ထွန်းသစ်စ လ အလား တိုးပွား ပါပေစွ၇တကား။

၃။ သီတဂူ သာမာဇိကာ ဟိ၊ နိမ္မလာ ဓိကာသံသယာ။
ဒကာဒါယ ကဇ္ဇေရော၊ အစ္စန္တံ ဘဝိဿန္တိ ဝေ။ ။

ဟိ၊ ဟုဘ်တိုင်း မှန်ရာ ဖော်ပြပါအံ့၊ ဒကာဒါယ ကဇ္ဇေရော၊ ဘုရားမြတ်စွာလက်ထက် ခါက ဥဒကဒါယကမထေရ်ကဲ့သို့။ သီတဂူသာမာဇိကာ၊ နိုင်ငံကျော် ဓမ္မကထိက သဒ္ဓမ္မသီတဂူ ဆရာတော်အရှင်ဉာဏိဿရ အစရှိကုန်သော သီတဂူအဖွဲ့ဝင်ဆရာတော်များ ကိုင်းသူပြည်သား သီတဂူအဖွဲ့ဝင် ဒါယကာ ဒါယိကာမ များ၊စွာတို့သည်။ နိမ္မလာ၊ကိလေသာ၊က် သုံးယောင်ဝက်ဟု ညစ်ကြေးမဘင် ဖြူစင်သူဘို့သည်သည်းကောင်း။ဓိကာသံသယာ၊ ကုန်ဆုံးပယ်ရှား ယုံမှားသံသယ ရှိကြသူတို့သည်လည်းကောင်း။အစ္စန္တံဘဝိဿန္တိဝေ၊ မြေလက်ခတ်နဲ မြောက်သည့်ခဲသို့ မလွဲပုံသေ ဖြစ်ပါလိမ့်မည်သာတကား။

၄။ သီတဂူသာမာဇိကာ တု၊ ဒေဝမနုဿဂါမိနော။
ဒသသဋ္ဌဟိ ဖလေဟိ၊ သံယုတ္တာ ဝိ ဘဝိဿရေ။ ။

တု၊ ထို့ပြင်တပါးကား။ သီတဂူသာမာဇိကာ၊ နိုင်ငံကျော် ဓမ္မကထိက သဒ္ဓမ္မ သီတဂူ ဆရာတော် အရှင်ဉာဏိဿရနှင့်တကွ သီတဂူအဖွဲ့ဝင် ရဟန်း၊ရှင်လူ သူတော်ကောင်းတို့သည်။ ဒေဝမနုဿဂါမိနော၊ နိဗ္ဗာန်ဘူသည် ပူရိုကြင့်နှင်း မမြန်းရခင် နတ်ခွင်လူ့ရပ် အထပ်ထပ် အခေါက်ခေါက် ရောက်ရှိကြကုန်သည် ဖြစ်၍။ ဒသသဋ္ဌဟိ ဖလေဟိ၊

၁။ကိတ္တိ၊ ၂။သုခေါ၊ ၃။ခြေရံပေါ၊ ၄။လျှင်ဆော၊

၅။မွတ်သိပ်ကွာ။ ၆။သက်ရှည်၊ ၇။ဆင်းလှ၊

၈။ချမ်းသာရ၊ ၉။ဗလ၊ ၁၀၊ဉာဏ်ပညာ။

ရေကိုလှူရ မျိုးဆယ်ဝ မုချရလေပါ-

ဟူသည်နှင့်အညီ ရေအကျိုးဆယ်ပါး-

သစ်ပင်တောင်ဖျား တက်လေငြားသည်။ မရှားရေရ၊
တောင့်တမိုးရွာ၊ ပူဆာအိုက်ကင်း၊ ရှင်းသည့်အနာ၊
ကိလေသာဝေး၊ ညစ်ကြေးမရစ်၊ နံ့သာစစ်သို့၊
ခုနစ်ရေလှူ အကျိုးတည်း။

ဟူသည်နှင့်အညီ ခုနစ်ပါးကုန်သော ကြီးကျယ်ဖွံ့ဖြိုး အကျိုးတို့နှင့်။ သံယုတ်၊ မပြတ်ထာဝစဉ်၊ စပ်ယှဉ်ကြကုန်သည်။ ဘဝိဿရေ၊ မုချစင်စစ် ဖြစ်ကြကုန်လိမ့်သတ္တံ့။

(၁။ အပ၊ ၁။ ၂၃၀)

၅။ တေသီတဂ္ဂ သာမာဇိကာ၊ သဒါသီတလမာနသာ။
နိရောဂါ နိဝေရာ ဟောန္တု၊ သောဟိ မမ ပတ္တနာ။ ။

တေ သီတဂ္ဂုသာမာဇိကာ၊ ထိုနိုင်ငံကျော် ဓမ္မကထိက သဒ္ဓမ္မ သီတဂ္ဂူ သံကုန်းဆရာတော် အရှင်ဉာဏိဿရနှင့်တကွ မျှားလှသောင်းသောင်း သီတဂူအဖွဲ့ဝင်အပေါင်းတို့သည်။သဒါသီတလမာနသာ၊ အမြဲထာဝစဉ် ကြည်လင်အေးမြသော စိတ်နှလုံး ရှိကြကုန်သည် လည်းကောင်း။ နိရောဂါ၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါကင်းပ ကျန်းမာချမ်းသာကြကုန်သည် လည်းကောင်း။ နိဝေရာ၊ ရန်မာန်ခပ်သိမ်း ပျောက်ငြိမ်းကြကုန်သည်လည်းကောင်း။ ဟောန္တု၊ မုချမသွေ ဖြစ်ကြပါစေကုန်သတည်း။ သောဟိ၊ ဤသည်ကား။ မမ၊ အကျွန်ုပ်၏။ ပတ္တနာ၊ သမ္မာအာသီသ စိတ်ဆန္ဒဖြင့် တောင့်တခြင်းပေတည်း။

ဦးကေလာသ
ကျမ်းပြုဆရာတော်
ဓမ္မာစရိယဂဏဝါစကာ၊ဘီအေ(ဂုဏ်ထူး)
သာသနဇောတိပါလကျောင်း
မဟာဝိသုတာရာမတိုက်
ပခုက္ကူမြို့။

# သီတဂူ ရေအလှူတော်
# စီမံကိန်းအောင်ပွဲသိမ်းသဘင်
# မော်ကွန်းတင်မင်္ဂလာ ထုတ်ဝေဒလ္လဂီတိကာ

အရှင်နန္ဒမာ,ဝေဇယန္တာ,စစ်ကိုင်း

**၁။ ဟေမန္တာ တိတ သမယာ၊ ဇေယျာ ဒုလ္လဘဝါရိကော။**
**တေနေတံ သီတဂူ ထေရပ္ပမုခါ သမမန္တယုံ။ ။**

ဟေမန္တာတိတသမယာ၊ ဆောင်းလည်းမည် နွေမပီသည့် ရာသီစက်ပုံ၏ အချက်မှန်အောင် ဟေမန်လွန်ကျူး နွေဦးရောက်စ ခါသမယမှစ၍။ ဇေယျာ၊ ဘုရားစေတီ ရှေးဒေသရည်နှင့် ဝေစည် ကျောင်းကန် တန်ဆောင်းရံလျက် ကုင့်ကြွဲစွာသင် သူတော်စင်တို့ ပျော်ရွှင်ခံ့မှီး ဇေယျာ တောင်ကြီးသည်။ ဒုလ္လဘဝါရိကော၊ မိုးရည်ကန်စုံ လှောင်ရေကုန်၍ ရဂုံတောဝင် သူတော်စင်တို့ မရွှင်လန်းဖွယ် ရေမလွယ်အောင် တကယ်ပင် ရေရှားခဲ့ချေ၏။

တေန၊ ထိုသို့ နွေခါရောက်တိုင်း တောင်စစ်ကိုင်း၌ ချောင်တိုင်းလိုပင် စိတ်မရွှင်ဖို့ ရေစင်နှမ်းပါး ရေရှားခဲ့လေသောကြောင့်။ သီတဂူထေရပ္ပမုခါ၊ သီတဂူဆိုင်ခေါင် ရှေ့ဦးဆောင်၍ ညီနောင်တမူ ကိုယ်စိတ်တူလျက် ရှင်လူအကျိုး ချမ်းသာတိုးဖို့ ယယ်ပိုးလိုလား ဦးဆောင်ဆရာတော်များတို့သည်။ တံ၊ ထိုရေအတွက်ကြောင့် ခက်မနှောင့်ပဲ သက်သောင့်သက်သာ လွယ်ကူစွာဖြင့် ကြည်သာစိတ်အေး ရေပြည့်စုံဖို့ အရေးကို။ သမမန္တယုံ၊ ဘယ်နည်းဘယ်သွင် ဘယ်ပုံဆင်၍ ရေစင်ရေကောင်း ရနိုင်ကြောင်းကို နည်းကောင်းရှာဖွေ စုပေါင်းတိုင်ပင် ကြလေကုန်သတည်း။

**၂။ ကိံ ထာမဒဿိနံ ဧတေန၊ သန္တေမ ကေန ဝိစ္စကံ။**
**ဒရိဒ္ဒံ ဒကံ နေမ၊ ဣစ္စေတံ ဝိမိမာရဘုံ။ ။**

ထာမဒဿိနံ၊ ရေရှားပါးခြင်း ဒုက္ခကင်းဖို့ ဖြေရှင်းပေးရန် အားစွမ်းအန်ကို အမှန်မြင်သိ စွမ်းရည်ဘွဲ့ရှိနေကြကုန်သော ငါတို့အား။ ဧတေန၊ တောင်တော်စစ်ကိုင်း ချောင်ချောင်ဝိုင်းသို့ ရေလှိုင်းသန်သန် ရေပေးရန်ကို ပယ်လှန်ပယ်ထား အခြားသော ပရဟိတလုပ်ငန်းဖြင့်။ ကိံ၊ ရေသာလျှင် ပဓာန အရေးကြီးသဖြင့်အခြားနည်းမျိုး အကျိုးတစိ အဘယ်မှာရှိအံ့နည်း။

အမိစ္စကာ၊ဝေးသီမြင့်ခေါင် ဇေယျာတောင်၏ လျှို မြောင်ချောက်ကြား တောင်ထိပ်ဖျားသို့။ ကေန၊ တမနက်မျှ မသုံးရလျှင် ဇီဝကြွေပျောက် သေနိုင်လောက်၍ မြားမြောက်ကျိုးထွေ သောက်သုံးရေဖြင့်။ သန္တေမ၊ အဟုန်ကြီးမား ရေလုံးအားဖြင့် သန်ထွားလျှံမောက် တောင်ဖျား ရောက်အောင် ပတ်လျှောက်ထွေထွေ စီးသွားကြစေကုန်အံ့။

ဒရိ ဒရိ 'သူတော်စင်များ အစဉ်အားဖြင့် သင်ကြားစာဝါ ဘာဝနာဖြင့် နေရာတိတ်ဆိတ် အေးရိပ်ဆောင်လှိုင်း ချောင်ချောင်တိုင်းသို့။ ဒကာ၊ ကမ္ဘာဦးက လကိုတသို့ ဂါလနွေခေါ် တောင်ဇေယျာ၌ ရေသာမှန်းဆ တမ်းတရသည့် ပူယမျှငြိမ်းစေ သောက်သုံးရေကို။ နေမ၊ ပိုက်လိုင်းသွယ်ဆက် ရေစုတ်စက်ဖြင့် တောင်ထက်အနှံ့ ချောင်တိုင်းပြန့်အောင် ပေးဖြန့်ငှဝေ ပို့ဆောင်ကြပေကုန်အံ့၊

ဣဘိ၊ ဤသို့စုံညီ ချောင်တိုင်းဆီသို့ ရေကြည်ရေအေး ဖြန့်ဝေပေးဖို့ ဆွေးနွေးတိုင်ပင် ကြကုန်ပြီး၍။ ဇာဝိမိ ၊ တောင်စစ်ကိုင်းမြေပေါ် ချောင်တိုင်းဝေမနော် နောင်သမိုင်းအခြေဖော် ထေရ်အကျော်အမော်ကြည်ဖြူသည့် သီတဂူမည်လျှံဟိန်း ဤရေအလှူစီမံကိန်းကို။ အာရဘို၊ ထောင့်သုံးရာစစ် လေးဆယ့်နှစ်၌ ဖွေလုစ်တီထွင် အရှည်ထင်အောင် စီစဉ်အားထုတ်တော်မူကြ လေကုန်သတည်း။

**၃။ ဒကဒါန သုသညုတ္တံ၊ သုတွာန ထေရ ဒေသိတံ။**
**တေတေ သဒ္ဒါတဒါယတ္တေ၊ အဒ္ဒံသု ခေမ မတ္တိကာ။ ။**

ထေရဒေသိတံ၊ကန္တာတောင်ဖျား ရေမရှားဟု မှတ်သားဖွယ်မူ ကဗျာကျူး၍ သီတဂူခေါ် ရေအလှူတော်ကို နှိုးဆော်ညွှန်ချ သီတဂူထေရ် ဟောပြတော်မူအပ်သော။ ဒကဒါန သုသညုတ္တံ၊ ဇေယျာတောင်ပေါ် နေစံပျော်သည့် သူတော်စင်များ ရေမရှားအောင် စိတ်ထားကြည်ဖြူ ကြိုးစားလှူဖို့ ရေအလှူနှင့်စပ် တရားမြတ်ကို။ သုတွာန၊ သဒ္ဓါစာတ်ပွား အမြတ်အားဖြင့် မှတ်သားနာယူရလေသောကြောင့်။

သဒ္ဓါ၊ ရတနာသုံးဂုဏ် ကံဒုံးကျိုးစုံကို ကြည်ယုံလေးမြတ် သဒ္ဓါဓာတ်ရှိကြကုန်သော။ တေတေ၊ စေတနာတန်းပေါက် ၊ လျှမ်းလျှမ်းတောက်မျှ ဝမ်းမြောက်ရဲတင်း ဝေသန်မင်းသို့ ပြည်တွင်၊ပြည်ပ ဒါယကာ ဒါယိကာမအပေါင်း ထိုထိုသူတော်ကောင်းဘို့သည်။ ခေမမတ္တိကာ၊ ကိလေသာမြူမှေး အပူဝေး၍ အေးချမ်းရာမှန် အေးနိဗ္ဗာန်ကို အေးရန်မျှော်ဘိ အလိုရှိကြ ကုန်သည်ဖြစ်၍။

တဒါယတ္တေ၊ ထိုရေနှင့်ဆိုင်ရာ ငွေသပြာနှင့် ကိရိယာအဖုံဖုံ ရေစုပ်စက်ပိုက်ချိုးစုံတို့ကို။ အဒံသု၊ စေတနာလွှန်ကဲ တဖွဲဖွဲနှင့် မစဲပင် ခေါ်ကွန်းထိုးသောက်အောင် အမျိုးမျိုးလှူဒါန်းကြ လေကုန်၏။ အဒံသု၊ ဘုန်းသမ္ဘာအစွမ်း အံ့မခန်းအောင် ရွှင်လန်းအားတက် အုန်းအုန်းကြွက်မျှ ရက်ရောကြည်ဖြူ လှူဒါန်းကြလေကုန်သတည်း။

၄။ မာပယုံဗျာဝဋ္ဌာ စကြေ ဒဿနီယေ နိဒါဃကေ။
နန်းကိုင်းကိန္နရာဒွေ့ဂုသု၊ တမေတာဝံသ ဒက်သတံ။ ။

ဗျာဝဋ္ဌာ၊ စီမံကိန်းကြီး အောင်မြင်ပြီးဖို့ ဦးစီးကာကြောင်ကြစိုက်ကြသည့် ကပ္ပိယကာရက သဒ္ဓါဗလဝမည့်ိုးပြောင် အကျိုးဆောင်တို့သည်။ ဒဿနီယေ၊ ကင်းမော်ဆိပ်ကမ်း ရှုခင်းသာ စခန်း၌။ စကြေ၊ လှေကန်များဆီ မြစ်ရေကြည်ကို ရေရှည်ပို့ဆက်ရေတင်စက်တို့ကို။ မာပယုံ၊ စက်ရုံထဲဘွင် မီဘာဆင်၍ ရေဘင်ကန်ပေါ်က် အရှည်ရောက်အောင် တည်ဆောက်ကြလေကုန်ပြီ။

နန်းကိုင်းကိန္နရာဒွေ့ဂုသု၊ နန်ကိုင်းကိန္နရာ အစဖြာသည့် သညာဆောင်ရိပ် တောင်မဟာ ထိပ်တို့၌။ နိဒါဃကေ၊ ပန်းဘဲတန်းရပ် လသာရပ်မှ စလတ်ဆူဆူ သီးခြားယူ၍ ပေးလှူရွှင်ပြုံး လှောင်ကန်ကြီးလေးလုံးတို့ကိုသည်။ မာပယုံ၊ ပန်းဘဲတန်းကန် လသာကန်နှင့် တဖန်သီဟ ပပါတဟု ထိုမှတဖြာ မဟာစေတီ ကန်အမည်ဖြင့် စံတည်လေးဖော် ကမ္ပည်းပေါ်အောင် တူးဖော် တည်ထားကြလေကုန်ပြီ၊

တဘော၊ ထို ဦးဆောင်ထေရ်များ စီမံအားဖြင့် တည်ဘားတူးဖော် အဟော်အံ့မဆုံး လှောင်ကန်ကြီးလေးလုံးတို့မှ။ ဒကံ၊ မခေတာင့်မတ မကြောင့်ကြပဲ လိုသမျှသုံးစေ သောက်သုံး ရေကို။ သတံ၊ ဇေယျာတောင်ငှမ်း ချောင်စခန်း၌ ကြိုးပမ်းလုံ့လ နှစ်ရှုရဖြင့် ချမ်းမြရွှင်ပျော် သူတော်စင်တို့အား။ အဒံသု၊ လွယ်ကူအသင့် တံခါးဖွင့်၍ ပိုက်ဖြင့်တောက်လျှောက် ကန်တိုင်း ပေါက်မျှ အရောက်ဖြန့်ဝေ လှူဒါန်းကြလေကုန်သတည်း။

၅။ သိတဂ္ဂုန္နံ သုခတ္ထာယ၊ သိတဂ္ဂုထေရ သန္တိကံ။
သိတဂ္ဂု ကဒါနဝိဓာနံ၊ အဇေယျာ ဟော ဇယံဂတံ။ ။

သိဘဂ္ဂုနံ၊ အေးမြသာခေါင် စစ်ကိုင်းတောင်သို့ ဝတ်ကြောင်ကိုမုန်း လွတ်အောင်ရုန်း၍ ကျင့်သုံးခိုဝင် သူဘော်စင်တို့၏။ သိတဂ္ဂုနံ၊ ဆွမ်းဆန်ရေအေး ကျန်းမာရေးဖြင့် ကျေးဇူးဆောင် ပေ သိဘဂ္ဂုထေရ်၏ ထွေထွေဘုန်းဂုဏ် အေးရိပ်ဘုံကို ခိုလှုံမှီဝင် သူတော်စင်တို့၏။ သုခတ္ထာယ၊ အမြဲနေ့စဉ် အသုံးဝင်သည့် ရေစင်ရေချမ်း မပင်ပန်းပဲ ရွှင်လန်းချမ်းသာဖို့အကျိုးငှာ။

သိဘဂ္ဂုထေရသန္တိကံ၊ သိတဂ္ဂုထေရ်ဘုန်း ခမတ္တာသုံး၍ လုံ့လမွန်မြတ် လုံ့လခေတ်ဖြင့် ကြပ်မတ်ရှေ့ဆောင် အကောင်အသည် ဖော်အပ်သော။ သိတဂ္ဂု ကဒါနဝိဓာနံ၊ ပါရမီရှင် သမ္မာရှင်မှ တီထွင်စွမ်းမှု သိတဂ္ဂုဟု ရေအလှူတော်ဟိန်း စီမံကိန်းသည်။ အဇေယျာဟော၊ ထောင့်သုံးရာနောက် လေးဆယ့်ခြောက်ဝယ် ထွန်းပေါက်ကြုံရာ စကားပေါ်ဟို့ ကြိုင်လာသင်းထုံ လကာဆုန်၏ ပုဏ္ဏခါတွေ့ ဗုဒ္ဓနေ့၌။

အဇေယျာဟော၊ ဦးဆောင်ရှင်တူ သီတဂူ ရေအလှူစီမံကိန်း အောင်ဇေယျတု သီပါဂူ ရေအလှူအောင်ပွဲသိမ်း အောင်ကိန်းတွက်စစ် သက္ကရာဇ်ဝယ် ငါးနှစ်ပြည့်တုံ လကဆုန်၏ပုဏ္ဏခါတွေ့ ဗုဒ္ဓနေ့၌။ ဇယံဂတံ၊ သီတဂူနန်း မြိုက်စခန်းမှ ဘောင်တန်းအနှံ့ ချောင်တိုင်း ပြန့်အောင် ပေးဖြန့်လှူဒါန်း ဘိသိက်ဖျန်း၍ စခန်းအောင်မြေ ရောက်ရှိလေပြီတကား။ ဇယံဂတံ၊ သီဘဂူ ရေစီမံကိန်း အောင်သံဟိန်း၍ အောင်ကိန်းစည်ဆော် အောင်ပြီနော်ဟု အောင်မော်ကွန်းတင် အောင်ပွဲဆင်လျက် အောင်မြင်အောင်ဟိတ် အောင်အတိတ်ဖြင့် အောင်ဘိသိက် သွန်းလိုက်ပါပြီတကား။ ။

အရှင်နန္ဒိမာ
ဝေဇယန္တာ၊စစ်ကိုင်း။



၁၈၇၁၁

ဒိတဂုရေအသူတော်အောင်ပွဲ

# မော်ကွန်းတင်မင်္ဂလာ

# ထုတ်ဝေဒလ္လဂါထာ

## အရှင်ပညာသိရိဘိဝံသ

၁။ သဏ္ဍာလယေဟိယူပေဟိ၊ ဥမေဟိ ရာမဏီယကော။
ဇေယျာစသော အဘိညာတော၊ သဇ္ဈာ သန္တိနိစသဝိတော။ ။

ဇေယျာစလော၊ ရောဝတီ ရေဇလာနဒီ ခွဲကာလည်သည့် ဇေယျာပြည် မြို့စစ်ကိုင်း ညို့ညို့မှိုင်းလျက် ရှုတိုင်းသာသာ အောင်ဇေယျာဟု ကမ္ဘာကျော်ဟည်း စစ်ကိုင်းတောင်ကြီး သည်၊ သန္ဓာလယေဟိ၊ တောင်ပြင်မလပ် ချောင်စဉ်စပ်၍ မိုးနက်သိကြား ဖန်ဆင်းထားသို့ တိုးပွားစည်ပင် သူတော်စင်တို့ ပျော်ရွှင်ခိုအောင်းနေရာကျောင်းတို့ဖြင့်လည်းကောင်း။ ထူပေဟိစ၊ တောင်ထိပ်ဗွေတွင် ပုညရှင်နှင့် ဥမင်သုံးဆယ် ဥမင်ကိုးဆယ် တန်ခိုးကြွပ်၍ အံ့ဖွယ်ဆူဆူ ရှင်ဖြူ ရှင်လှ ဤသို့စသည့်ဝင်းပနှုတ်ည်မွေသရီဓာတ် စေတီမြတ်တို့ဖြင့်လည်းကောင်း။ ဒုမေဟိစ၊မြရောင် အသွင် စိမ်းရောင်လွင်သည့် သစ်ပင်ကြီးငယ် အသွယ်သွယ်တို့ဖြင့် လည်းကောင်း။ ရာမဏီယကော၊ ရှုမြင်သူနှလုံးမြဲကင်ငယ် အပြုံးမာ၍ အစဉ်သမ်းပြီး ရွှင်လန်းမွေ့လျော် ပျော်ဖွယ်ရာကောင်းပါ ပေ၏၊ (၀၁)-ယတ္ထ အရဟန္တော ဝိဟရန္တိ တံဘူမိရာမဏီယကံ-ကျမ်းဂန်လာအရ အရိယာတို့ ဘယ်ခါမျှမဆိတ်သုဉ်း ကမ္ဘာမှာထိပ်ဆုံးမို့ စိတ်နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းပါပေ၏။ သော၊ ကမ္ဘာ့တိုင်းဘောင် သမိုင်းပြောင်၍ ဂုဏ်ရောင်တေဇာ သလောခေါင်သီး ထိုဇေယျာ တောင်ကြီးသည်။ သန္တော၊ မြို့ရွာလူသံ မဆူညံပဲ ပူပန်ဝေးပ ဘေးမခပဲ အေးမြချမ်းသာ ပြီးလျှင်။ သန္တိနိသေဝိကော၊ အရိယာရှင် သူတော်စင်တို့ ပျော်ရွှင်မပြတ် သီတင်းသုံးနေဆိုင် ရာအရပ်ဖြစ်၍။ အဘိညာတော၊ ဇေယျာ ဇေယျာ အောင်ဇေယျာဟု ထောင်နေပမာ အမှောင် ခွဲကာ ရောင်ဝေဖြာလျက် တောင်သေသာမက်မပြေအောင် ကျက်သရေမြင့်မား အစဉ်အား ဖြင့် ထင်ရှားကျော်ကြားပါပေသတည်း။

၂။ ဇေယျာစလံ သမာဂမ္မ၊ ဇေတဃက္ခာဒိ ပါဏိနံ။
သမ္ဗုဒ္ဓေါစမ္မ ဒေသေသိ၊ ပတိဋ္ဌာပေသိ သာသနံ။ ။

သမ္ဗုဒ္ဓေါ၊ လူထက်လည်းမြတ် နတ်ထက်လည်းသာ ဗြဟ္မာထက်လွန် ထူးချွန်ဘုန်းဟုန် အလုံးစုံကြောင့် သုံးဘုံကျော်ကြား ရှင်တော်မြတ်ဘုရားသည်။ ဇေယျာစလံ၊ မြစ်မင်းဧရာ ရေဇလာတို့ ခွဲကာရစ်ပတ် သူတော်မြတ်တို့ ပျော်လတ်ခိုမှီး ဤစစ်ကိုင်းတောင်ကြီးသို့။ သမာဂမ္မ၊ အာနန္ဒာညီတော် အပါခေါ်၍ ကျော်မော်များစွာ ရဟန္တာတို့ ရံကာအတူ ကြွလာတော်မူပြီးလျှင်။ ဇေတဃက္ခာဒိ ပါဏိနံ၊ ကိုးကျိပ်ကိုးယောက် တန်ခိုးတောက်၍ ဖြိုးမောက်သင်္ချာ သဒ္ဒါကြည်နူး ပါရမီထူးကြသည့် ဇေတဘီလူး အမှူးထားကုန်သော ဘီလူးသတ္တဝါ အပေါင်းတို့အား။ ဓမ္မံ၊ မအိုမနာ မသေရာသည့် ခေမာနိဗ္ဗာန် နေရပ်ဗဏ်သို့ ဧကန်ရောက်ကြောင်း တရားကောင်းကို။ ဒေသေသိ၊ အောင်မြေရပ်ဌာန် သောတာပန်ဝယ် မဂ်ဉာဏ် ဖိုလ်ဉာဏ် ရဘို့ရန်လျှင် နိဗ္ဗာန်တိုင်ပေါက် ခရီးကောက်အောင် ချီးမြှောက်သနား ဟောကြားတော်မူခဲ့လေပြီ။ သာသနံ၊ အံ့ဖွယ်ရှစ်ဖြာ ဂုဏ်အင်္ဂါနှင့် စုံကာတင့်အပ် သာသနာတော်မြတ်ကြီးကို။ ပတိဋ္ဌာပေသိ၊ မြန်မာပြည်အတွင်း သာသနာပွင့်လင်းဖို့ ပင်ရင်းမူလ အဦးစ၍ ပဓာန အနေ တည်စေတော်မူခဲ့လေပြီ၊ ပတိဋ္ဌာပေသိ၊ ရေသနုပ်တော်မြတ် ပေးသနားတော်မူလတ်၍ တင့်အပ်ကောင်မွန် အသရေလွန်သည့် ဇေတဝန်ဘုရား တည်ကာထားလျက် ကိုယ်စားအနေ တည်စေတော်မူခဲ့လေပြီတကား။ ။

၃။ ဒီဃဒဿီ ဓမ္မဒဿီ၊ ထေရောပိ အာဒိမာပကော။
သီမံသော သမ္မန္နိတွာန၊ နုဂ္ဂဟိ မုနိသာသနံ။ ။

ဒီဃဒဿီ၊ ကမ္ဘာမှာ သာသနာတည်ထွန်းဖို့ ရည်ညွှန်းမပျက် နောင်အဆက်ကို ဆောင်ရွက်ရှုမျှော် အရှည်မြင်တော်မူပေထသော။ ဓမ္မဒဿီထေရောပိ၊ ပုဂံပြည့်ရှင် ဘုရင်စောထီး အနော်ရထာမင်းကြီး၏ဆရာ ရဟန္တာဟု သာသနာပြု မဟာထေရ် ဓမ္မဒဿီတွဲခံ အရှင် အရဟံသည်လည်း။ ဣဓ၊ သာသနာရောင်ဝေ ခေါင်မဟေဟု အောင်မြေနေရာ ပြေကမ္ဘာဝယ် တေဇာဝင်းပြောင် ဤစစ်ကိုင်းတောင်၌။ အာဒိမာပကော၊ တောင်မြတ်ဇေယျာ ချောင်ပဘာဝယ် ဇောသဒ္ဓါကြည် တောဝါမှီလျက် ကြာရှည်သာသနာ ထွန်းစေဌာလျှင် ချောင်မှာမူလ ကိုးဌာနတို့ကို ပထမအနေ တည်ထောင် ဖန်ဆင်းခဲ့လေပြီတကား။ ( ဝါ ) = "ပဘာ ကဿပ ကောဏ္ဍညော၊ ခန္တိသောမော ပရက္ကမော။ ဥရုဝေလော အနုရုဒ္ဓေါ၊ သနခါး ယုန်ဖြူတိ ပါကဋ္ဌော" ဤဂါထာအရ ချောင်ရင်းမူလ ကိုးဌာနတို့ကို ပထမအနေ တည်ထောင်တော်မူခဲ့လေသတည်း။ သော၊ ထိုပုဂံပြည်မှ မထေရ်အရဟံ ရဟန္တာအရှင်မြတ်ကြီးသည်။ သီမံ၊ တောင်စစ်ကိုင်းတွင် သမိုင်းဝင်သည့် ဂုဏ်အင်မြင့်ကြွယ် အိမ်သုံးဆယ်တို့၏ တင့်တယ်မူလ အစအမွန် သရေလွှန်သည့် ဇေတဝန်ခေါ် မြတ်သိမ်တော်ကို။သမ္မန္နိတွာန၊ သာသနာရောင်ဝါ ငါးထောင်ကြာအောင် နောင်အခါ အရှိန်မယုတ်ရအောင်။ သိမ်သမုတ်တော်မူပြီးလျှင်။ မုနိသာသနံ မြတ်စွာဘုရား ကိုယ်တော်စားလျှင် တည်ထားခဲ့ရာ သာသနာကို။ အနုဂ္ဂဟိယေရဝါဒ

လမ်းစဉ်ချလျက် ဗုဒ္ဓသာသနာ ကမ္ဘာမှာ ခရီးရောက်ရအောင် ချီးမြှောက်တော် မူခဲ့လေ သတည်း။

၄။ ဇေယျာစလေ ဝသန္တာနံ၊ သန္တာနံ သုစဇ္ဈံသဒါ။
သီတဂူသမင်္ဂ နိဗ္ဗိ ဒသိသု သီတလံ ဇလံ။ ။

ဇေယျာစလေ၊ မြန်မာတို့တိုင်း မြို့စစ်ကိုင်းတွင် ညို့မှိုင်းဝေဆာ ဂုဏ်တောင်ဖြင့် ကမ္ဘာ ကျော်လတ် ဤစစ်ကိုင်းတောင်တော်မြတ်၌။ ဝသန္တာနံ၊ သူတော်တို့ထုံး အစဉ်သုံး၍ ရွှင်ပြုံးအေးမြ နေထိုင်ကြကုန်သော။ သန္တာနံ၊ သီလဖြူစင် ဟျင့်မူတင်နှင့် ဂုဝင်စီးဖြန်း ကမ္မဋ္ဌာန်းဖြင့် အေးချမ်းပျော်ရွှင် သူတော်စင် ယောဂီ ပေါ်မှိုမှုံအောင်း သူတော်ကောင်းတို့၏။ သဒါ၊ နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ သုစဇ္ဈံ၊ ပရိယတ်ပဋိပတ် အကျင့်မြတ်တို့ကို မပြတ်နေစဉ် အားထုတ်ယှဉ်၍ ပျော်ရွှင်ဝမ်းသာ ကုန်းမာချမ်းသာကြစေရန် အကျိုးငှာ။ သီတဂူသမင်္ဂ၊ ကမ္ဘာ့ဗုဒ္ဓသာသနာပြု မဟာဓမ္မကထိကအကျော် အရှင်ဥာဏိဿရဆရာတော် အမှူးထားသည့် ထူးခြားသဒ္ဓါ စေတနာဖြင့် ခေမာနိဗ္ဗူ အောင်ဆုယူကြမည့် သီတဂူ အသင်းသူ အသင်းသား အပေါင်း သူတော်ကောင်းတို့သည်။ နိဗ္ဗိ၊ အလိုရှိတိုင်း မဆိုင်းခဏ အမြန်ရအောင် လုံ့လကြိုးပမ်း အမြဲတမ်းသာလျှင်။ သီတလံ၊ မဟာအနေဒတ် အိုင်တော်မြတ်မှ ရေစာဝတ္ထုသွင် ဒြပ်ဖြူစင်၍ ပူပင်ဝေးပ ဘေးမခပဲ အေးမြကြည်လင်လှပေသော။ ဇလံ၊ ရေငတ် ပြင်နဒီမှ ရေကြည်ရကောင်း စက်ဖြင့်မောင်း၍ ချောင်ပေါင်းဖြန့်ဝေ သန့်ရှင်းသောမြစ်ရေကို။ အဒံသု၊ ဇေယျာအောင်ဟိတ် အောင်အတိတ်ဖြင့် တောင်ထိပ်ကြာပေါက် အုံ့ညီလောက်အောင် ငမ်းမြောက်ရွှင်လန်း နိဗ္ဗာန်မှန်းလျက် လှူဒါန်းကြလေကုန်သတည်း။

၅။ သမာဇော ပုညကာရိနံ၊ သီတဂူ ဒကဒါယကော။
ဌာတံ သော သီလာထမ္ဘောဝ၊ ဘာတံ မာ ပုဏ္ဏမာသိယံ။ ။

သီတဂူ၊ ကမ္ဘာ့ဘောင်တွင်း အမှောင်ခွင်း၍ ရောင်ဝင်းလှပ အေးချမ်းမြသည့် စန်းလရည်ဘူ သီတဂူ အမည်ရှိသော။ ပုညကာရိနံ၊ သိန်း(၅၀) ကျော်အနှ ပြုစီမံ၍ နိုင်ငံအတွင်း ပြိုင်စံကင်းအောင် ပြုဝင်းသဒ္ဓါ စေတနာဖြင့် ငွေအသပြာ လှူဒါန်းကြသည့် သဒ္ဓါကြည်လင် ပါရမီရှင် ကုသိုလ်ရှင်အပေါင်း သူတော်ကောင်းတို့၏။ သမာဇော၊ ဇေယျာတောင်တန်း ချောင်စခန်းဝယ် အောင်ပန်းဆင်ယူ သီတဂူဟု ပြိုင်တူစံကင်း ဤရေလှူ အသင်းကြီးသည်။ ဒကဒါယကော၊ တရားယူဆင် များလူရှင်ဘို့ ပျော်ရွှင်နှလုံး ချိုးသောက်သုံးဖို့ မြတ်ဆုံးမိမိုင်း တောင်စစ်ကိုင်းဝယ် ချောင်တိုင်းဖြန့်ဝေ ချမ်းသာစေရန် မြစ်ရေကို ပေးလှူနိုင်ပါပေ၏။ သော၊ ပြဆိုခဲ့ပြီး သီတဂူ ရေလှူ အသင်းကြီးသည်။ သီလာထမ္ဘောဝ၊ မပြိုမကွဲ ခိုင်ခိုင်မြဲ၍ မလဲမယိုင် မော်ကွန်းကျောက်စာတိုင် ကြီးကဲ့သို့။ ဌာတံ-ဌာတု၊ သာသနာ့ဘုန်းရှိန် ထုံးမတိမ်ပဲ ငုံးအိမ်ကျူလ ပမာပြသို့ ထာဝရ သစ်ညီ ကပ္ပဋ္ဌိလျှင် ကြာရှည်မြဲခိုင် တည်ရှိနိုင်ပါစေသတည်း။ ပုဏ္ဏမာသိယံ။ တိထိဆန်းတက်

၁၅-ရက်ကြုံတွေ့ လပြည့်နေ့၌။ မ၁-၀။ ဖောင်ဆီမှုဆေး သင်္ကြားရေးဆည့် မြသွေးပုံနှိပ် ယုန်တံဆိပ်ဖြင့် ဂုဏ်ဟိတ်ပဝင်း သိတဂုရွှေလမင်းကြီးကဲ့သို့။ ဘာဖဲ-ဘာတု၊ ကမ္ဘာ့ဘောင် အတွင်း သာသနာ့အရောင်အလင်းတို့ဖြင့် ပြောင်ဝင်းတောက်ပ နိုင်ပါစေသတည်း။ ဘာတု၊ ကမ္ဘာ့ခေါင်ယံမြင့်ငူပေါ်တွင် သာသနာ့အောင်လံလွှင့်ထူပြီး ဝင့်တလူလူ အခေါင်ချင်းလို့မို့ ခပြောင်ဝင်းလက်ဝေ တောက်ပနိုင်ပါစေသတည်း။

* သိတုံးရေးသားသူ
အရှင်ပညာသိရိဘိဝံသ
သကျသိဟနှင့်အစိုးရဓမ္မာစရိယ
ပါဠိပါရဂူ
မင်္ဂလာဗိုမာန်
မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေးမြို့။



စစ်ကိုင်းတိုင်း ၊ သံဃနာယကအဖွဲ့ (သုဝဏ္ဏ) ၏

# သမ္မောဒနီယကထာ

## တောင်ရိုးနှင့် သီတဂူ

ကမ္ဘာ့ မြေပုံ စာအုပ်၌ ပဲခူးရိုးမတောင်တန်း ဟု သမုတ်သော တောင်တန်းကြီး တခု မြန်မာပြည်၏အလယ်ဗဟိုတွင် တောင်မြောက်တန်းလျက် တည်ရှိနေသည်ကို တွေ့ရပေမည်။

ဧရာဝတီမြစ်ရေ ဖြတ်ကျော် စီးဆင်းခြင်းကို အကြောင်းပြု၍ တောင်ပိုင်း ပဲခူးရိုးမ၊ မြောက်ပိုင်း ပဲခူးရိုးမ ဟု နှစ်မျိုးခွဲခြားရာ စစ်ကိုင်းတောင်တန်းသည် မြောက်ပိုင်း ပဲခူးရိုးမ၏ အစ ဖြစ်သည်။

ဆိုတွင် စေတီလှတောင်မှစ၍ အုန်းသဇင်နယ်ထိ “စစ်ကိုင်းတောင်ရိုး”ဟု သတ်မှတ်ကြပါသည်။

သန်-ဂုံ-ပ-မ၊ ဘုရားလေးဆူ လက်ဆက် ခီဏာသဝ-နေလား၊ ပေါပေါ ရတနာဟု ခေါ်ကွန်းဆိုးခြင်းခံရသော စစ်ကိုင်းမြို့၏မြောက်ဘက်၌ တည်ရှိသော စစ်ကိုင်းတောင်တန်းသည် သာသနာ့အခါ ရသေ့ယောဂီများ နေကြ၍ သာသနာပွင့်လင်းသော အခါ၌ကား ရဟန်း သာမဏေ သီလရှင် သူတော်စင်များ နေရာဌာနကြီး ဖြစ်ပါသည်။

ဘုရားရှင်ဘိုင်းသည်း ထိုက်ထိုက်တန်တန် ကြွရောက် ချီးမြှောက်တော်မူရာဌာန အရှင်နာဂဒတ္တ၊ အရှင်အရဟံ စသော ရဟန္တာ အရှင်မြတ်များ သီတင်းသုံးရာဌာနလည်း ဖြစ်ပါသည်။

ထိုစစ်ကိုင်းတောင်တန်းသည် မြင့်မောက် မတ်စောက်လွန်းသော တောင်တန်းကြီးများ မဟုတ်ပဲ ခင်းထားသော ဆင်နှာမောင်းလို ပြေချောသော တောင်ငယ် တောင်လတ် တောင်စဉ် တောင်ဝှမ်းများသာဖြစ်၍ တင့်တောင့် တင့်တယ် သာယာဖွယ်ကောင်းသော ဒေသ ဖြစ်သည်။

စိမ့်ကြီး မြိုင်ကြီး ရိပ်ကြီး တောတောင် နေရောင်မခသော ဒေသမျိုး မဟုတ်၍လည်း ငှက်ဖျား တုံဖျား ရောဂါဆိုးများ မရှိသည်သာမက မှက်ခြင်မှစ သစ်ကျား ခြသေ့် အဆုံး ဘေးကြီး သားရဲများမရှိ ပကတိငြိမ်းချမ်းသော ဒေသ ဖြစ်သည်။

မြေသြဇာအဆီအနှစ်နည်းပါးသော ကျောက်တောင်များသာ ဖြစ်ခြင်းကြောင့် လယ်ယာ ဥယျာဉ်စိုက်ခင်းများ ပြုလုပ်ရန် မသင့်သဖြင့် မင်းအဆက်ဆက်တို့၏ "အခွန်လွတ် သာသနာ့ နယ်မြေ"အဖြစ် သတ်မှတ်ထားရသောဒေသ စစ်ကိုင်းမင်းဝံ ကြိုးဝိုင်း အတွင်း သားငှက်တို့ကို သတ်ဖြတ်ညှဥ်းဆဲခြင်း မပြုရဟု တားမြစ်ထားသော ဘေးမဲ့ပေးရာ ငြိမ်းချမ်းသာယာသော ဒေသပင် ဖြစ်သည်။

ထိုအကြောင်းများကြောင့် ကာယဝိဝေက၊ စိတ္တဝိဝေကဖြစ်သော စစ်ကိုင်းတောင်ထိပ် မြောင်လျှို့ရိပ်တွင် သူတော်စင် သူတော်ကောင်းတို့ ခိုကပ်ဝင်နား တန့်စားတည်နေရာ ဌာနကြီး ဖြစ်လာပါသည်။ တောခေါင်ခေါင် ချောက်မြောင်ငြိမ်းချမ်း ကျောင်းသခ်မ်း၌ မဂ်ငြိမ်းဆင်နေ ကြသူ အရည့်ဝါသီ ပုဂ္ဂိုလ်တို့ဖြင့် စည်ကားလာပါသည်။ သာသနာအရှည်ခံ တည်တံ့ရန်မှာ ပရိယတ်သာဖြစ်သည်ဟု မြော်မြင်ကြသော တော်ဝင်သူတော်စင်များလည်း ပရိယတ်ကိုအဓိက ထား၍ ပဋိပတ်ကိုလည်း အမိအရပွားရာ စွယ်စုံဌာနကြီး ဖြစ်လာပါသည်။ ယခုအခါ မဟာ သုဗောဓာရုံ စာသင်တိုက်၊ ရွှေဟင်္သာ စာသင်တိုက်၊ ဟံသာဝတီ စာသင်တိုက်၊ ဇေယျာသိန် စာ သင်တိုက်၊ ပထမ ဂန္ဓာရုံစာသင်တိုက်၊ ဓမ္မာစရိယ စာသင်တိုက် စသည်များ အားနှင့်အင်နှင့် သာသနာ မြှင့်နေကြပါပြီ။

ကမ္ဘာ၏ တန်းဆာ သာသနာ၏ အမှတ်အသားဖြစ်သော စေတီပုထိုး အမျိုးမျိုးတို့ လည်း တောင်ယံတောင်မြင့် တောင်ပလ္လင့်တွင် ရောင်ဝင့်သွယ်သွယ် ကိန်းဝပ်စံပယ်ကြ၍ မြန်မာပြည်၏ "သာသနာ့နယ်မြေ" အဖြစ် အသိအမှတ် ပြုလာကြပါသည်။

ဤသို့ စေတီပုထိုး အမျိုးမျိုးကိန်းစံရာ ယောဂီထုံးနှင့် တောမှီသုံးရာ ဤ တောင်ရိုးကြီး ကား၊ အနောက်ဘက်တွင် မင်းဝံတောင်မြတ် စည်းသတ်လျက် အရှေ့ဘက်တွင် ဧရာဝတီမြစ် မင်း ခွဆင်းဖျက်ရှိ၍ ဘောင်ခတ်ထားသော "သာသနိက အဆောက်အအုံ" မြင်ကွင်းကျယ် ပန်းချီကားချပ်ကြီးတခုနှင့် တူပါသည်။

ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့ ကြွရောက် နေထိုင်ရာ သား အ ပေါင်း တို့ ဘေးမဲ့ပေးရာ "ကလသိပဘန-မိဂဒါယ" အမည်ရသော ဗာရာဏသီပြည်နီး တောကြီးကဲ့သို့ ဤတောင်ရိုးကြီးသည်လည်း သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ သူတော်စင်ရှင်တို့ လာ ရောက်နေထိုင်ရာ ဘေးမဲ့ပေးရာဖြစ်၍ "ပဗ္ဗဇိတပဘန မိဂဒါယ" တောတောင်ကြီးဟု ဆိုထိုက် ပါသည်။

ပရိယတ် ပဋိပတ် နှစ်ရပ်ဖြင့် သာသနာကို မြှင့်တင်နေသော သူတော်စင်များအတွက် မသိမသာ အလိုအပ်ဆုံးသော ပစ္စည်းကား ရေပင်ဖြစ်ပါသည်။ သိသိသာသာ အလိုအပ်ဆုံး ပစ္စည်းလည်း ရေပင်ဖြစ်ပါသည်။ နေ့စဉ် မမုန်းနိုင်ပဲ မြတ်မြတ်နိုးနိုး သောက်ချိုး နေကြခြင်းမှာ လည်း ရေပင်ဖြစ်ပါသည်။

ထိုရေကို ရရှိနိုင်ရန် ချောင်းစဉ်မလပ်အောင် တောင်စဉ်ဖြတ်၍ အဝီကပိုက်လိုင်း ရေမြောင်းကြီးများ ပြုလုပ်ပြီးစီးတော့မည်၊ အောင်ပွဲယူတော့မည် ကြားရ၍ ဝမ်းမြောက်မိပါသည်။ အလွန်မတန်မြင့်မားသော ချောင်းနှင့်ပိုက် အလွန်အမင်း စိတ်မချ ဖြစ်လောက်အောင် လှုဆက်ဝေးခေါင်သော ချောင်းအချို့ မပြောပလောက်သော "ဒီဃရွှေဘဟာရိကဌာန" မှသာ ကျန်မည်ဖြစ်ရာ "၃၇" ရာခိုင်နှုန်း ချောင်းအားလုံးသို့ ရေမောင်းသုံးရန် ကတွတ် ဖွင့်ပေးနိုင်မည်ဟု ကြားသိရ၍လည်း ဝမ်းမြောက်မိပါသည်။

ဘယ်ခေတ်ဘယ်ဒါ ခါ ဘယ်ပုဂ္ဂိုလ်မျိုးကမှ ပိုက်လိုင်းသွယ်၍ ထာဝရ ရေလှူရန်ကြံစည်စိတ်ကူးရုံမျှ မကြံစည်ဘူးသော စစ်ကိုင်းမြို့ လေးကွန်းမြေရပ် လေးကျွန်း မြေ ကျောင်း တိုက် ဝါးချက်ရွာမဟာသစ်ဝင် ကျောင်းတိုက် ကမ္ဘောဇ ပိတောက်ချောင်းများထိ ထာဝရပိုက်ခင်း၍ ရေလှူဒါန်းနိုင်ခြင်းကိုကား ပို၍ ဝမ်းမြောက်မိပါသည်။

တောင်ရိုးသမိုင်း၊တွင် ထူးကဲသော အံ့ဖွယ်တရပ်အဖြစ် စာတန်းထိုးနိုင်ပါပြီဟု ဝမ်းမြောက်စွာ ပြောလိုပါသည်။ ဤကဲ့သို့ အံ့ဖွယ်တခု ပြုရန်မှာ သာမန်ပုဂ္ဂိုလ်တို့၏ အရာမဟုတ်ပါ။ တောင်ရိုးနေ ပုဂ္ဂိုလ်အားလုံး၏ ကံအားလျော်စွာ အချိန်နှင့်အခါနှင့် ဘုန်းနှင့်ကံနှင့် ပေါ်ပေါက်လာသော ထူးမြတ်သောသူ "အရှင်ဉာဏိဿရ"၏ အမှုသာဖြစ်မည်ဟု စဉ်းစားမိပါသည်။

ယခုအခါ သီတဂူဆရာတော် အရှင်ဉာဏိဿရ ဦးဆောင်သော သီတဂူ ရေအလှူတော်အဖွဲ့ကြီးက လိုလားတောင့်တကြောင့်ကြရသော ရေကို တောင်ရိုးအနှံ့ ဖြန့်ဝေလှူဒါန်းလျက်ရှိရာ တတောင်ရိုးလုံးက ပြုံးရွှင်ဝမ်းသာ ဖြစ်နေကြပေပြီ။

ဝမ်းသာအားရ ဥဒါန စကားအသွင် ဉာဏ်ဘွင် ထင်မြင်လာပုံမှာ ဤသို့ဖြစ်ပါသည်။

"အမ္ဗုံ မာရေတိတိ အမ္ဗုမရော။ ကော-သောသီတဂူ မဟာထေရော"

အမ္ဗုံ၊ ရေဝတီ မြစ်ရေကြည်ကို၊ မာရေတိ၊ စက်အားမောင်းနှင် ဘောင်တခွင်၌ ချောင်းစဉ်အားလုံး ရေစင်သုံးဖို့ ပိုက်လုံးတို့ဖြင့် ဆောင်ပို့တတ်၏။ ဣတိတသ္မာ၊ တောင်မို့ ချောင်းတို့ ဆောင်ပို့ပေးတတ် ထိုသကတ်ကြောင့်။ အမ္ဗုမရော၊ အမ္ဗုမရမည်၏။ သော၊ ထို အမ္ဗုမရ နာမထူးချွန်-ပုဂ္ဂိုလ်မွန်သည်။ ကော၊ အသူဖြစ်သနည်း။ သီတဂူ မဟာထေရော၊ စစ်ကိုင်းဘောင်ရိုး သဒ္ဓမ္မသီတဂူချောင်းတွင် သီတင်းသုံးနေတော်မူသော သံကုန်းဆရာတော်ဟူ၍လည်းကောင်း၊ သပိတ်အိုင်ဆရာတော်ဟူ၍လည်းကောင်း၊ ထင်ရှားကျော်စောသော နိုင်ငံကျော် ကမ္ဘာကျော် ဓမ္မကထိက သီတဂူအရှင် ဉာဏိဿရမထေရ်မြတ်ပါပေတည်းဟု ဖြေကြား၍ သမ္မောဒနီယ ထောမနာစကားကို ရေးသားလိုက်ပါသတည်း။ ။

ဦးသံဝရ

မဟာသစ်ဝင်ချောင်း

စစ်ကိုင်းတောင်

စစ်ကိုင်းတိုင်း

စစ်ကိုင်းမြို့နယ်၊သံဃနာယ(သုဓမ္မာ)အဖွဲ့

# သမ္မောဒနီယ ကထာ

“ရေစစ်ကိုင်း၊လှိုင်-ပုခန်းငယ်”ဆိုရလောက်အောင် ကြည်လင် အေးမြစွာ ဧရာဝတီသည် မိုင်ပေါင်း ၁၂၃၈ ခရီးရှည်ကို စစ်ကိုင်းတောင်ရိုးမှ ကျက်သရေရှိရှိ ကြွခြေရရ ရစ်ခွေစီးနေပါသည်။ သို့သော် မြစ်ရေကို အဓိက အားထား၍ မရကြပါ။ မိမိကျောင်းတွင်း ချောင်တွင်းရှိ မြေစိုက်ကန် မြေပေါ်ကန် တောင်ကမ်းပါးယံ ကန်တွင်းရှိ မိုးမင်းပေးသောရေကိုသာ အများအပြား အားထားရပါသည်။ မူလ စက်ဟောင်းပေးရေကိုလည်း အချို့ချောင်များ ထပ်ဆင့် အားထားရပါသည်။ သို့သော်ငြားလည်း ပြည့်စုံလုံလောက်မှုမျပင် မရှိခဲ့ကြပါ။လှူရေးတန်းရေး လာကြသော ဧည့်သည်များ၊ တရားပွဲများမည့် ဧည့်သည်များကို ဘယ်သို့သော ချောင်ကမှ ပူပြင်းသောနွေကာလ ချို့ရေဖြင့် ဝတ်မပြုနိုင်ပဲ မြစ်သို့သာ ဆင်း၍ သန့်ရှင်းစေခဲ့ကြရပါသည်။ မိုးဦးနောက်ကျမှာ ပူပြင်းသောနွေရောက်လာပြီး ကျောက်ခိုး ကျောက်ငွေ့တွေဖြင့် နှိပ်စက်ကလူပူမှာကိုသာ စိုးရွံ့နေကြရပါသည်။

သီတင်းသုံးဖော်တို့၏ ဤအခက်အခဲများစွာကို တွေ့မြင်ကြားသိရသော သီတဂူ ဆရာတော်သည်“ရေဖြင့် မပင်ပန်းချမ်းသာစိမ့်ငှာ” သီတဂူ ရေအလှူတော်အဖွဲ့ ဖွဲ့စည်း၍ဆောင်ရွက် အားထုတ်ရာ-

ခေတ်မီစက်ကိရိယာများဖြင့် ပထမစက်ရုံမှ ရှင်ပင်နံ့ကိုင်းတောင်ထိပ် လသာအမှတ်(၁) အမှတ်(၃)ပင်မ ရေလှောင်ကန်ကြီးများသို့ တင်ပို့ပါသည်။ ထိုမှတဆင့် တောင်ရိုး ကားလမ်း တောင်ဘက်ပိုင်းရှိ ချောင်အားလုံးသို့ တိုက်ရိုက်ဖြန့်ဝေ လှူဒါန်းပါသည်။

မြောက်ဘက်ပိုင်းအတွက်ကား ဒေါ်မြမြကန်သို့ လေးလက်မပိုက်လိုင်းဖြင့် အမြဲရေလွှတ်၍ ဒုတိယစက်ရုံမှ ပန်းဘဲဘန်းကန်၊ဝေနေယျသုခ ရေချမ်းစင်ကန်၊ ဥမင်ကိုးဆယ် ကန်ကြီးများသို့ စက်ဖြင့် မောင်းတင်ပို့ပြီး ဘောင်ရိုးတခုလုံးနီးပါး ရေစင်ဖြန့်ဝေပါသည်။

ဤသို့ပုံမှန်ဖြန့်ဝေပေးလှူသည့်အတွက် သီတဂူ၏နဇ္ဇောဒကသည် တောင်ရိုး၏သဘာဝ သစ်ပင်များ၊ သီးပင် စားပင်များ၊ ပကာသန ပန်းပင်များ သန့်စွမ်း စိုပြည်လာစေပါသည်။ တောင်ရိုးပျော် သူတော်တို့၏ ကိုယ်ပေါ်လွှမ်းတင် ငြိစွန်းသော မြူမှုန် အညစ်အကြေးများကို လည်း ဆေးကြောသုတ်သင် သန့်စင်စေနိုင်ပါသည်။

**သီ**တဂူ၏**ဓ**မ္မောဒကကားကိုယ်တွင်းစိတ်အစဉ်တွင် စွန်းထင် ညစ်ပေနေသောကိလေသာမြူ အညစ်အကြေးများကို သဒ္ဓါအလျောက်၊ ပညာအလျောက်၊ ကင်းဝေးဖြူစင်အောင် ဆေးပေး **နိုင်စွမ်းရှိ**ပါသည်။

မြစ်ရေကို မိမိတို့ရောက်အလိုက် လုံလုံလောက်လောက် ရရှိနေကြသည့်အတွက် ဝမ်းမြောက် ဂုဏ်ယူပါသည်။

ကရားရေကိုသည်း မိမိတို့ သဒ္ဓါတရားအလိုက် လုံလုံလောက်လောက် ရရှိနေသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါသည်။

အောင်ရိုးပျော် သူဘော်စင်များတို့ စစ်ကိုင်းမြို့နယ် သံဃနာယက(သုဝဏ္ဏ)မှ ဟော ဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ လင်္ကာတပိုဒ်ဖြင့် သတိပေးလိုသည်မှာ-

> ''မဝင်လူးလျှင် ကြည်လင်သည်၊ ရေစင်ရှိလျက်၊
> မဆေးရက်၊ ရေတွက်မဟုတ်ချေ''

ပင် ဖြစ်ပါသည်။

ဤစာတန်းဖြင့် သီတဂူရေအလှူတော်၏ငါးနှစ်ပြည့်အောင်ပွဲကို ဝမ်းမြောက်ဂုဏ်ပြုပြင်း ဒုတိယစီမံကိန်းဖြစ်သည့်''သီတဂူ ဘိုင်းဆေးရုံကြီး''ကို ကြိုဆိုပါသတည်း။ ။

မြို့နယ်သံဃနာယကအဖွဲ့(သုဝဏ္ဏ)

စစ်ကိုင်းတိုင်း

စစ်ကိုင်းမြို့။

# ဘဝကောင်း၌ အခွင့်ကောင်းကိုလက်မလွှတ်သင့်

သံကုန်း အရှင်ဉာဏိဿရ (သပိတ်အိုင်)

အတိတ်ဝေးစွာ ရှေးကမ္ဘာ ရှေးဘဝများစွာတို့ဝယ် ကောင်းသောအလုပ် မွန်မြတ်သော အလုပ်များကို လုပ်ဖြစ်ခဲ၍ လုပ်ခွင့်မရခဲ့သည်သာများပါလိမ့်မည်။ မကောင်းသောအလုပ်တို့ကိုသာ လုပ်ခဲ့ရသည်က ပို၍များခဲ့ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ယခုပစ္စုပ္ပန်ဘဝ ရရှိထားသည့် မိမိတို့၏ ကိုယ်နှုတ်စိတ်တို့သည် မကောင်းသောအကျင့်တို့၌ ပျော်မွေ့သည်သာများပြီးလျှင် ကောင်းမြတ်သော အကျင့်တို့၌ ပျော်မွေ့နိုင်ခဲသောကြောင့် ဖြစ်ပါသည်။ စိတ်သည် အလေ့အကျက်များသည်၌သာ ပျော်မွေ့တတ်သည်။ ယခုဘဝရရှိထားသည့် ကိုယ် နှုတ် စိတ်သည် မကောင်းသောအကျင့်တို့၌ သင်ကြားလေ့ကျက်ဖွယ်မလိုပဲ အလိုအလျောက် တတ်သိနားလည်နေပြီးလျှင် အကျင့်ကောင်းအကျင့်မြတ်၌ အလွန်လျှင် ကြိမ်ဖန်များစွာ သင်ကြား လေ့ကျက်မှသာ အနည်းငယ်မျှသာ တတ်မြောက်သိရှိသည်ကို လွယ်လွယ်နှင့် သဘောပေါက်နိုင်ကြပါသည်။ သို့ဖြစ်၍ အတိတ်ဘဝကောင်းတခုဝယ် အကျင့်ကောင်းတစုံတခုကို စိတ်ကောင်းဝင်ကာ ကျင့်မိခဲ့ကြပါသဖြင့် ကံကောင်းထောက်မ၍ ဘဝကောင်းတနုံကို ရရှိကြခြင်းဖြစ်ပါသည်။ ယခုအခါ ဘဝကောင်းတခုရရှိထားကြသော သူတော်ကောင်းတို့သည် ဤမျှကောင်းသော ဘဝကောင်းကို နောက်တဖန် ပြန်လည်ရရှိဖို့ရန် မလွယ်ကူလှသောကြောင့် ယခု လက်ရှိရထားသော ဘဝကောင်း၌ အခွင့်ကောင်းတို့ကို လက်မလွှတ်စေပဲ အကျင့်ကောင်း အလုပ်ကောင်းတို့ကို ကြိုးစား၍သာ ကျင့်ထိုက်လုပ်ထိုက်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

မြင့်မြတ်သောဘဝဟူသည် ရှားလည်းရှားပါသည်၊ ရဖို့လည်းခက်ခဲသည်။
**NOBLE THINGS ARE AS RARE AS DIFFICULT.**

သီတဂူဆွန်းလပတ္တာချီ ဖါး ဆာဂျန်သာဂြီဖိလ် စာ

အရှင်ဉာဏိဿရ (signature)

**အရှင်ဉာဏိဿရ**
**သဒ္ဓမ္မသီတဂူချောင်**
**စစ်ကိုင်းတောင်ရိုး။**

# သဒ္ဓမ္မ သီတဂူ
# ရည်မှန်းပန်းတိုင်

**ဆန္ဒဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ။**
**ဝိရိယဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ။**
**စိတ္တဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ။**
**ပညဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ။**

ဆန္ဒဝတော = ပြင်းပြသော အလိုရှိသူတို့အား။ ကိံ နာမ = အဘယ်မည်သော။ ကမ္မံ = အမှုကိစ္စဟူသမျှသည်။ နသိဇ္ဈတိ = မပြီးစီးပဲ ရှိပါအံ့နည်း။ သိဇ္ဈတိဧဝ = မုချကေန် အမှန်ပြီးစီးအောင်မြင်ရမည်သာတည်း။

ဝိရိယဝတော = လွန်ကဲသောလုံ့လ ဝီရိယရှိသူအား။ ကိံ နာမ = အဘယ်မည်သော။ ကမ္မံ = အမှုကိစ္စဟူသမျှသည်။ နသိဇ္ဈတိ = မပြီးစီးပဲရှိပါအံ့နည်း။ သိဇ္ဈတိဧဝ – မုချအမှန်ပြီးစီးအောင်မြင်ရမည်သာတည်း။

စိတ္တဝတော = ထက်သန်သောစိတ်ရှိသူအား။ ကိံ နာမ = အဘယ်မည်သော။ ကမ္မံ = အမှုကိစ္စဟူသမျှသည်။ နသိဇ္ဈတိ = မပြီးစီးပဲရှိပါအံ့နည်း။ သိဇ္ဈတိဧဝ = မုချအမှန်ပြီးစီးအောင်မြင်ရမည်သာတည်း။

ပညဝတော = ထက်မြက်သော ပညာရှိသူအား။ ကိံ နာမ = အဘယ်မည်သော။ ကမ္မံ = အမှုကိစ္စဟူသမျှသည်။ နသိဇ္ဈတိ = မပြီးစီးပဲ ရှိပါအံ့နည်း။ သိဇ္ဈတိဧဝ = မုချအမှန်ပြီးစီးအောင်မြင်ရမည်သာတည်း။

ဗိုလ်မှူးကြီး သူရကျော်စွာ

တိုင်းပြည်သူ့ကောင်စီဥက္ကဋ္ဌ
စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့။



# သီတဂူကဏ္ဍ

# " မြသပိတ်အိုင် "

မြနှင့် ငွေနှစ်ရည်စု၊ အကြည်နုလက်ဖြာ၊
သီတာဂူ စက် ရတနာငယ်၊
ထွက်အလာ ခါသင့်။

စန်းရောင်ငွေ အေးအေးယူ၊
ဖွေးဖွေးဖြူ ကုမုဒ်ကြာပွင့်။

ကျောက်တမျိုး မြစနှုရကန်ငယ်၊
လ သဏ္ဍာန် ယူသင့်။

ဘဝတဖန် အတူကျင့်သည်သို့၊
တမူဖွင့် ရေသွန်။

သမုဒ်ရေလျှမ်းကာ ကြွတယ်လို့၊
ကျမ်းစာပြု ထုံးရှိထက်လွန်။

ကျောက်အရိုး ဇေယျာစွန်ကို၊
ရေဇလာပြွန် တင်ပြန်ချပါလို့၊
သဒ္ဓမ္မ သိတာဂူ၊ ဘုန်း လရိပ်ကူ။

အိုင်နေဝတတ် အမွန်မှုသည်၊
ခုနစ်ဆူအိုင်ကြီးသို့လေး ....။

ရေအတိတ် လ, နိမိတ်ယူသည်၊
မြသပိတ်အကူ အိုင်ကြီးတဲ့လေး။

သဲ့ကုန်းက ရေပန်း ဖြာသည်၊
ပြည်(ပြေ)ချမ်းသာ ဆိုက်ကိန်းပလေး။ ။

ဆန်းထွန်း




**နိဒါန်း**

၁။ သီတဂူရေအလှူတော်စီမံကိန်းကို ၁၃၄၂ ခုနှစ် ဗုဒ္ဓနေ့မှအစပြု၍ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ သီတဂူဆရာတော် အရှင်ဉာဏိဿရက ပဓာနဦးဆောင်ပြု၍ ဦးဆောင်ဆရာတော်များအဖွဲ့က စီမံချမှတ်သည်ကို ကပ္ပိယကာရကအဖွဲ့က လုပ်ငန်းရပ်များအားလုံး အကောင်အထည်ဖော် တည်ဆောက်ကြရပါသည်။ သီတဂူသို့ အလုပ်သမား လယ်သမားများမှစ၍အမှုထမ်း အရာထမ်းနိုင်ငံတော်ခေါင်းဆောင်များ၊ သာသနာ့ဥဿျောင်များ၊ စစ်ဘက်နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ ဘာသာခြားပါ ဝမ်းမြောက်ကြည်ဖြူ ပေးလှူခဲ့ကြရာ ကျပ်သိန်းငါးဆယ်ကျော် ရရှိခဲ့ပါသည်။ ဤမျှသောအလှူငွေတို့ဖြင့် ရေအလှူတော်လုပ်ငန်းကြီးကို ဆောင်ရွက်ခဲ့ကြရာ ၁၃၄၇ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ငါးနှစ် ပြည့်ပါသည်။ သို့ဖြစ်၍ သီတဂူအလှူရှင်များ အစဉ်ဝမ်းမြောက်တော်မူကြ၍ စာဂါနုဿတိတရားပွားများနိုင်ကြပါရန် ငါးနှစ်ပြည့်မော်ကွန်းတင် စာစောင်ကြီးကို ထုတ်ဝေလိုက်ပါရသည်။

## ရည်ရွယ်ချက်

၂။ 'သီတဂူ' ဟူသည် လူ့လောက၏ အဝေးမှခွာလျက် လူ့လောကနှင့် မငြိတွယ်မှု၍ လူ့လောကသို့ ဒေသပုဂ္ဂလ မခွဲခြား တသားတည်း အေးမြသောရောင်ခြည်ကို ဆွတ်ဖျန်း ပို့လွှတ်သည့်'လ'၏ အမည်ဖြစ်ပါသည်။ သီတဂူ၏ရည်ရွယ်ချက်သည် တောင်ရိုးတခွင်၌ လောကုတ္တရာ အကျိုးစီးပွားကို ရှာမှီးကြကုန်သော သူတော်စင်တို့ ရေရှားပါးမှုကြောင့် ပင်ပန်းဆင်းရဲခြင်းမရှိစေရန်နှင့် မိုးခေါင်ခြင်း၊ သစ်တောများ ပြုန်းတီးခြင်းတို့ကြောင့် ပူပြင်းခြောက်သွေ့နေပြီဖြစ်သော တောင်တန်းကြီး စိမ်းလန်းစိုပြည်ရေးတို့ ဖြစ်ပါသည်။ အထူးအားပြုလိုသည်မှာ တောင်စစ်ကိုင်းချောင်တိုင်း ရေလျှုရန်ဖြစ်ပါသည်။ထို့ကြောင့် အေးချမ်းသောဂုဏ်၊ အေးချမ်းသောစိတ်ဓာတ်၊ အေးချမ်းသောလုပ်ငန်း၊ အေးချမ်း သောရည်မှန်းချက်တို့ကို ပြည့်စုံစွာဆောင်ပါသည်။

## သီတဂူ၏ဆောင်ရွက်ချက်များ

၃။ ၁၃၄၂ ခုနှစ် ဗုဒ္ဓနေ့မှ ၁၃၄၇ ခုနှစ် ဗုဒ္ဓနေ့အထိ သီတဂူသို့ ပြည်သူက ကြည်ဖြူ စွာ ပေးလှူခဲ့သည့်အလှူငွေပေါင်းမှာ ကျပ် သိန်းငါးဆယ်ကျော်ဖြစ်ပြီး ကျပ် သုံးဆယ့် ငါးသိန်းကို တည်ဆောက်ရေးလုပ်ငန်းများတွင် ဝယ်ယူ သုံးစွဲခဲ့ပါသည်။ ဝယ်ယူ စုဆောင်းပြီး ငွေစုလက်မှတ်တန်ဖိုး ဆယ့်တသိန်းနှင့် ငွေစုစာအုပ်တွင်(ဘဏ်လက်ကျန်၊ ငါးသိန်း)ကျော် စုဆောင်းထားရှိပြီးဖြစ်ပါသည်။

### (က) ၁၃၄၂ခုနှစ် ဗုဒ္ဓနေ့မှ ၁၃၄၃ ခုနှစ် ဗုဒ္ဓနေ့အထိ ပထမနှစ် ဆောင်ရွက်ချက်

၁။ စီမံကိန်းချမှတ်သည့် တနှစ်အတွင်း ပြည်သူ့ထံ တင်ပြ၍ အလှူငွေများ ကောက်ခံခြင်း

၂။ ပစ္စည်းများဝယ်ယူစုဆောင်းခြင်း၊

၃။ စက်ရုံမြေနေရာများ ရွေးချယ်ခြင်း၊

၄။ ကောင်းကင် မြေတိုင်းဌာနမှ ကျွမ်းကျင်သော စေတနာရှင်များ၏ အကူအညီဖြင့် အနိမ့်အမြင့်ပြ ကွန်တိုမြေပုံများ ရေးဆွဲ၍ စစ်ကိုင်းတောင်တန်းကြီး၏ အနိမ့်အမြင့် အကွာအဝေးတို့ကို တိုင်းတာတွက်ချက်ခြင်း၊

၅။ လျှပ်စစ်ဌာနမှ ကျွမ်းကျင်သောစေတနာရှင်၊ ပညာရှင်တို့၏ အကူအညီဖြင့် လျှပ်စစ် ဓာတ်အားသုံး ရေစုပ်ရေတင်စက်နှင့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် တိုင်းတာခြင်း၊ တွက်ချက်ခြင်း၊ ပုံစံထုတ်ခြင်း၊

၆။ ဇလဗေဒပညာရှင် အကူအညီဖြင့် မြစ်ရေစီးကြောင်းနှင့် သောင်များပေါ်ထွန်းမှုအနေ အထားကို တိုင်းတာတွက်ချက်ခြင်း၊

၇။ ပြည်သူ့အိုးအိမ်ဌာန ရေရရှိရေးအဖွဲ့မှ ကျွမ်းကျင်သောစေတနာရှင် ပညာရှင်များ၏ အကူအညီဖြင့် စီမံကိန်းတည်ဆောက်ပုံစနစ်များ၊ ပုံစံများထုတ်လုပ်၍ ကုန်ကျစရိတ်များကို တွက်ချက်ခြင်း၊

၈။ သီတဂူ ရေအလှူတော် စီမံကိန်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်း အတိုင်းအတာများကို ချမှတ်ရေးဆွဲပြီး နိုင်ငံတော်အစိုးရထံ တင်ပြ၍ လိုအပ်သောပစ္စည်းများကို အကူအညီ တောင်းခံခြင်း၊

စသည့်တို့ကို အဆင့်ဆင့် စနစ်တကျ ဆောင်ရွက်ခဲ့ကြပါသည်။

## (ခ) ၁၃၉၃ ခုနှစ် ဗုဒ္ဓနေ့မှ ၁၃၉၄ ခုနှစ် ဗုဒ္ဓနေ့အထိ ဒုတိယနှစ် ဆောင်ရွက်ချက်

၁။ ရေဝတီမြစ် ရှုခင်းသာ ကင်းမော်ဆိပ်ကမ်းတွင် သီတဂူ အမှတ် ၁ စက်ရုံကို တည်ဆောက်ခြင်း၊

၂။ ရှင်ပင်နံကိုင်း တောင်ထိပ်တွင် လသာမြို့နယ်မှ လှူဒါန်းသော အမှတ် ၁ ရေကန်ကြီး တည်ဆောက်ခြင်း၊

၃။ ရေတင်စက်ကြီးများဘပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများသွယ်တန်းခြင်း (ပေ–၇၀၀၀)၊

၄။ လျှပ်စစ်ဓာတ်အားကြိုးများ ဆက်သွယ်ခြင်း၊

၅။ ၁၃၉၃ ခုနှစ် တပေါင်းလပြည့်နေ့၊ အရှေ့လောကဓာတ်မှ နေဝန်းကြီး ထွက်ပြူလာသည့် အရုဏ်တက်အချိန်မှစ၍ ချောင်ပေါင်း ၃၅ ချောင်တွင် ရှိသော ရေကန်ပေါင်း ၇၉ လုံးသို့ ရေများပေးလှူခြင်း၊

၆။ ၁၃၉၄ ခုနှစ်ဦး၌ သီတာဂူဆရာတော်အား နိုင်ငံခြားမှ စေတနာရှင်များ လှူဒါန်းလိုက်သော ခေတ်မီ ရေစုပ်စက်ကြီး ငါးလုံး ရောက်ရှိလာခြင်း၊

၇။ ပန်းဘဲတန်းမြို့နယ်မှ လှူဒါန်းသော အမှတ် ၂ ရေလှောင်ကန်ကြီး တည်ဆောက်ပြီးစီးခြင်း၊

၈။ ဒုတိယစီမံကိန်းနှစ်အတွင်း ချောင်ပေါင်း ၁၀၀ ချောင်၊ ရေကန်ပေါင်း ၂၀၄ ကန်၊ ရေများ အလုံအလောက် လှူဒါန်းနိုင်ခြင်း၊

## (ဂ) ၁၃၉၄ ခုနှစ် ဗုဒ္ဓနေ့မှ ၁၃၉၅ ဗုဒ္ဓနေ့အထိ တတိယနှစ် ဆောင်ရွက်ချက်

၁။ သီတဂူ ရေစုပ်စက်ရုံ အမှတ် ၂ ကို တည်ဆောက်ခြင်း၊

၂။ ရေပိုက်လိုင်း ပေပေါင်း ၃၀,၀၀၀ အထိ ဆက်သွယ်ပြီးစီးခြင်း၊

၃။ အမှတ် ၃ နှင့် အမှတ် ၄ သီတဂူ ရေလှောင်ကန်ကြီးများ ဆက်လက် တည်ဆောက်ခြင်း၊

၄။ ချောင်ပေါင်း ၆၂ ချောင်တွင်ရှိသော ရေကန်ပေါင်း ၁၅၂ ကန်သို့ သိတဂ္ဂူရေများ တိုးချဲ့ လှူဒါန်းခြင်း၊

၅။ သိတဂ္ဂူ တတိယနှစ် ခရီးတွင် ချောင်ပေါင်း ၁၇၀ နှင့် ရေကန်ပေါင်း ၄၃၆ လုံးကို ရေများ ပေးလှူခြင်း၊

၆။ တတိယ စီမံကိန်းနှစ်အထိ ရေဂါလံပေါင်း ၁၃၆ သိန်းကျော် လှူဒါန်းခြင်း၊ တို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

## (ဃ)၁၃၄၅ ခုနှစ် ဗုဒ္ဓနေ့မှ ၁၃၄၆ ခုနှစ် ဗုဒ္ဓနေ့အထိ စတုတ္ထနှစ် ဆောင်ရွက်ချက်

၁။ သိတဂ္ဂူ ရေကန်အမှတ် ၃ ဝေနေယျသုခရေချမ်းစင်အသင်းက လှူဒါန်းသော မဟာ စေတီရင်ပြင်ဘော်ပေါ်ရှိ ကန်တော်ကြီး တည်ဆောက်ပြီးစီးခြင်း၊

၂။ သိတဂ္ဂူအမှတ် ၄ ရေကန်ဘော်ကြီး ဆက်လက်တည်ဆောက်ခြင်း၊ ပစ္စည်းများစုဆောင်း ခြင်း၊

၃။ သိတဂ္ဂူ အမှတ် ၅ ရေလှောင်ကန်ကြီး စတင်တည်ဆောက်ခြင်း၊

၄။ သိတဂ္ဂူ စီမံကိန်း ထာဝရ တည်တံ့စေရန် ငွေပင်များ စိုက်ပျိုးစေခြင်း၊ ငွေပင်အလှူရှင် များအား နှီးဆော်တိုက်တွန်းခြင်း၊

၅။ မန္တလေးမြို့ မလွန်ဆန်လှူအသင်းကြီး၏ တိုက်တွန်းနှိုးဆော်မှုဖြင့် အသင်း ထောက်ပေါင်း ၂၅၀ ကျော်ဘို့က ကျပ် တသိန်းခွဲကျော်ဘန်ဖိုးရှိသော ငွေပင်များ စိုက်ပျိုးခြင်း၊

၆။ ယာယီ ရေဝေပိုက်လိုင်းများ ဖျက်သိမ်း၍ အမြဲတမ်း ပိုက်လိုင်းများ တပ်ဆင်ခြင်း၊

## (င) ၁၃၄၆ ခုနှစ် ဗုဒ္ဓနေ့မှ ၁၃၄၇ နှစ်ခု ဗုဒ္ဓနေ့အထိ ပဥ္စမနှစ် ဆောင်ရွက်ချက်

၁။ မပြီးပြတ်သေးသော အမှတ် ၄ နှင့် အမှတ် ၅ ရေလှောင်ကန်ကြီးများအတွက် ပစ္စည်း များ ဝယ်ယူစုဆောင်းခြင်း၊ အပြီးသတ်တည်ဆောက်ခြင်း၊

၂။ ၄-လက်မပိုက်မှ ၁½လက်မပိုက်အထိ ပေပေါင်း (၆၅,၀၀၀)ကျော် သွယ်တန်း ပြီးစီး ခြင်း၊

၃။ ရေစုပ်ရေတင်စက် အရွယ်စုံ ၁၀ လုံးအထိ စုဆောင်းထားခြင်း၊

၄။ သိတဂ္ဂူပိုက်များ တောင်ဘက် လေးကျွန်းမြေအုတ်ကျောင်း (မီးရထားလမ်းအနီး) မှ မြောက်ဘက်သမ္မာသတိချောင်(ပတ္တမြားစေတီခြေရင်း) အထိ လည်းကောင်း၊ အရှေ့ ဘက် ရောဝတီမြစ်ကမ်းမှ တောင်ရိုးကို ဖြတ်ကျော်၍ အနောက်ဘက် တောင်ခြေသို့ လည်းကောင်း၊ သွယ်တန်းပြီးစီးခြင်း၊

၅။ သီတဂူ ထာဝရငွေပင်စိုက်ပျိုးခြင်းလုပ်ငန်းကို နှိုးဆော်ခဲ့ရာ အနည်းဆုံး ၁၅၀၀ ကျပ်မှ စ၍ ငွေပင်စိုက်ပျိုးသော ရည်ညွှန်းရက် ထာဝရ အလှူရှင် ၄၀၀ ကျော်တို့၏ ငွေပင်ပေါင်း ၄၀၀ ကျော် အလှူခံရရှိခဲ့ခြင်း၊

၆။ ရေအလှူတော် အရှည်ခန့်တည်တံ့ရေးအတွက် သီတဂူ ငွေပင်ငွေရလက်မှတ်များကို ကျပ် ဆယ့်တသိန်း(၁,၁၀၀,၀၀၀ ကျပ်)ဖိုးအထိ နိုင်ငံတော်အစိုးရဘဏ်တွင် ငယ်ယူစုဆောင်းထားရှိခြင်း၊

၇။ တောင်ရိုးပျော် သူတော်စင်တို့သည် သံသရာမီး၊ ခန္ဓာမီးတို့မှ ငြိမ်းအေးရာ ပရမတ္ထ သီတဂူသို့ ကျင့်ကြံကြိုးစားအားထုတ်ဘိသကဲ့သို့ ဇဟ်ဋ္ဌမီးငြိမ်းအေးရန်အတွက် သီတဂူအဖွဲ့က အဓိကကျသော ရေပိုက်လိုင်းကြီးများတွင် မီးသတ်ရေပိုက်ခေါင်းများ တပ်ဆင်ထားရှိခြင်း၊

၈။ ချောင်ပေါင်း ၃၀၀၊ သူတော်စင်ပေါင်း ၄၀၀၀ ကျော်တို့အား နေ့စဉ် ရေဂါလံ ၂၀၀,၀၀၀ ကျော် ပေးလှူခြင်း၊

စသည်တို့ကို ဆောင်ရွက်ခဲ့ကြပါသည်။

## ၄။ သီတဂူရေပိုက်လိုင်းများဆက်သွယ်မှုအနေအထားအားတင်ပြခြင်း

(က) ရှုခင်းသာ ကင်းမော်ဆိပ်ရှိ အမှတ် ၁ ရေစုဇက်ရုံမှ မြင်းကောင်ရေ ၂၅ အားရှိ လျှပ်စစ်မော်တာနှင့် တွဲထားသော ဒေတ်မီ ရေတင်ဇက် နှစ်လုံးမှ အမြင့်ပေ ၂၇၀ အရှည် ၁၃၀၅ ပေရှိသော ရှင်ပင်နံကိုင်း တောင်ထိပ်သို့ သုံးလက်မ၊ လေးလက်မ ပိုက်လိုင်းသုံးလိုင်း သွယ်တန်းကာ ပင်မရေလှောင်ကန်ကြီးသို့ ရေများတင်ပို့ခြင်း၊

(ခ) ပင်မရေလှောင်ကန်ကြီးမှ အမှတ် ၁ ပိုက်လိုင်းကြီးသွယ်တန်းကာ တောင်ရိုး၏တောင်ဘက်ခြမ်းရှိ ချောင်များသို့ ရေများလှူဒါန်းခြင်း၊

(ဂ) အမှတ် ၁ ပင်မကန်ကြီးမှ အမှတ် ၂ ပိုက်လိုင်း သွယ်တန်းကာ သီတဂူချောင်ရှိ သီဟပပါတ ရေကန်ကြီးသို့ ပေးပို့ခြင်း၊

(ဃ) သီဟပပါတကန်မှ အမှတ် ၂ စက်ရုံအင်အားဖြင့် ကိန္နရာတောင်ထိပ်ရှိ အမှတ် ၂ ရေကန်သို့ ၁၅ ကောင်အား မော်တာဖြင့် ရေများတင်ပို့ခြင်း၊

(င) အမှတ် ၂ ရေကန်မှ လွမ်းစေတီနှင့် ဆွမ်းဦးပုညရှင်စေတီအနောက်ဘက်ခြမ်းရှိ ချောင်များသို့ ပိုက်လိုင်းများ သွယ်တန်းကာ ရေလှူဒါန်းခြင်း၊

(စ) သီတဂူချောင်ရှိ သီဟပပါတ ရေကန်မှ မြင်းကောင်ရေ ၂၅ ကောင်အားရှိ လျှပ်စစ်မော်တာနှင့် တွဲထားသော ရေတင်စက်ဖြင့် မဟာစေတီရင်ပြင်တော်ပေါ်ရှိ အမှတ် ၃ ရေကန်ကြီးသို့ အမှတ် ၃ ပိုက်လိုင်းဖြင့် ရေများတင်ပို့ခြင်း၊

(ဆ) အမှတ် ၃ ရေကန်မှ တောင်ရိုးရဲ့ မြောက်ဘက်ခြမ်းရှိ ချောင်များသို့ အမှတ် ၄ ပိုက်လိုင်းဖြင့် ရေများလှူပါန်းခြင်း။

## ၅။ သီတဂူ၏ ဖွဲ့စည်းပုံအဆင့်ဆင့်

(က) ဩဝါဒဆရာတော်ကြီးများအဖွဲ့ ရှစ်ပါး၊
(ခ) ဦးဆောင်ဆရာတော်ကြီးများအဖွဲ့ ငါးပါး၊
(ဂ) ကပ္ပိယကာရကအဖွဲ့၏ နာယကကြီးများအဖွဲ့ သုံးဦး၊
(ဃ) ကပ္ပိယကာရကအဖွဲ့ဝင်များ(အထက်မြန်မာပြည်) ၁၁ ဦး၊
(င) ကပ္ပိယကာရကအဖွဲ့ဝင်များ(အောက်မြန်မာပြည်) ၁၁ ဦး၊
(စ) ရေပိုက်လိုင်းကြီးကြပ်ရေးဆရာတော်များအဖွဲ့ ၁၀ ပါး၊
(ဆ) အထောက်အကူပြု တောနေရှင်များအဖွဲ့ ၂၀ ဦး။

## ၆။ သီတဂူ၏ယုံကြည်ချက်

သီတဂူ ရေအလှူတော်စီမံကိန်းလုပ်ငန်းကြီး ထာဝစဉ်နေ့ပျိုရှင်သန်စေရန်အတွက် အခြေခံစည်းမျဉ်းများရေးဆွဲပြီး စည်းကမ်းများ နည်းလမ်းများနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ပါသည်။ အဖွဲ့အမည်ဖြင့် နိုင်ငံတော်အစိုးရထံ မှတ်ပုံတင်ထားပြီလည်းဖြစ်ပါသည်။ ငွေပင်များ စိုက်ပျိုးထားခြင်းဖြင့်ရရှိလာမည့် အတိုးအပွားများသည် အထွေထွေကုန်ကျစရိတ်များကိုသာ သုံးစွဲမည်ဖြစ်၍ စိုက်ပျိုးထားသည့် ငွေပင်များ အမြဲရှင်သန်လျက်ရှိပါသည်။ စက်ကိရိယာနှင့် အပိုပစ္စည်းများ အလုံအလောက်ဝယ်ယူထားပြီးဖြစ်ပါသည်။ ကျွမ်းကျင်လိမ္မာသည့် ပညာရှင်များ၏ အကူအညီဖြင့် စက်ကိရိယာများအားပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်း စသည်တို့ကိုလည်း မပြတ်ဆောင်ရွက်လျက်ရှိပါသည်။ သီတဂူကို ကြည်ဖြူသည့် ပြည်သူတို့၏အကြံဉာဏ်များကိုလည်း အမြဲမပြတ် လေးစားစွာ ခံယူလျက်ရှိပါသည်။ ဩဝါဒါစရိယဆရာတော်ကြီး ရှစ်ပါးတို့၏ အဆုံးအမ ဩဝါဒကို ဦးထိပ်တင်၍ ဦးဆောင်ဆရာတော်များအဖွဲ့၏ ဦးဆောင်မှု၊ အထူးသဖြင့် ပဓာန ဦးဆောင်ဆရာတော် သဲကုန်းအရှင်ဉာဏိဿရ (သပိတ်အိုင်)၏ လမ်းညွှန်မှု စီမံကွပ်ကဲမှု ချမှတ်ပေးသည့် မူစနစ် စည်းမျဉ်းစည်းကမ်းနှင့် တာဝန်တို့ကို အလေးအနက် ဆောင်ရွက်ခဲ့ ဆောင်ရွက်ဆဲ ဆောင်ရွက်လတ္တံ့ဖြစ်ကြပါသည်။

သို့ကြောင့် သီတဂူ၏ မျှော်မှန်းချက်အတိုင်း မော်ကွန်းသစ် တကြိမ်ထူမည်မှာ ကျိန်းသေ စိန်ရတုသို့တိုင် ဆင်နွှဲမည်ဟု အလေးအနက်ယုံကြည်ပါသည်။

## ၇။ ကျေးဇူးလည်းတင် မော်ကွန်းဝင်

ဤသီတဂူ စီမံကိန်းကြီးကို သဲကုန်းဆရာတော် အရှင်ဉာဏိဿရ(သပိတ်အိုင်)က စတင်၍ စီမံချမှတ် ဆောင်ရွက်တော်မူပါသည်။ ဦးဆောင်ဆရာတော်များ အဖွဲ့တွင် ပါဝင်သော အရှင်နန္ဒမာလာဘိဝံသ (သုဗောဓာရုံ)၊ အရှင်မဟောသဓပဏ္ဍိတ(ဝေဇယန္တာ)၊ အရှင်လက္ခဏ (မြစကြာ)တို့က ဝိုင်းဝန်းကူညီ ဆောင်ရွက်တော်မူကြပါသည်။ ပထမ မစိုးရိမ်ချောင် ဆရာတော် အရှင်သုမင်္ဂလထေရ်က အနီးကပ် ကြီးကြပ်စောင့်ရှောက်ပေးတော်မူပါသည်။ ဩဝါဒါစရိယ ဆရာတော်ကြီး ရှစ်ပါးတို့က လမ်းညွှန်ဩဝါဒများပေး၍ ဤသီတဂူအဖွဲ့အား ချီးမြှောက်တော်မူကြပါသည်။

၁။ စစ်ကိုင်းတောင်တန်းကြီးသည် ဧရာဝတီမြစ်ကြီးကို အနောက်ဘက်တွင် တောင်နှင့်မြောက် အလျားလိုက် တည်ရှိသော ထုံးကျောက်တောင်ကြီး ဖြစ်ပါသည်။ အောင်ကြော၏ မြေအနေအထား သဘာဝကို သိရှိရန် ကွန်တိုမြေပုံများ ထုတ်ပြန် ရေးဆွဲရေး လုပ်ငန်းကို ရန်ကုန်မြို့ ကောင်းကင်မြေတိုင်းဌာနမှ ဦးထွန်းတင်နှင့်အဖွဲ့က ဆောင်ရွက်ပေးပါသည်။

၂။ ပြည်သူ့အိုးအိမ်အဖွဲ့ မြို့များ ရေရရှိရေးဌာန အင်ဂျင်နီယာ ဦးလှဖေနှင့် အဖွဲ့က စီမံကိန်း၏ လုပ်ငန်းတည်ဆောက်ပုံစနစ် Siteplan ကို ရေးဆွဲ ချမှတ်ပေးပါသည်။

၃။ ဇလဗေဒပညာရှင်များအဖွဲ့ ရန်ကုန်က ဧရာဝတီမြစ်ကမ်း ပြိုခြင်း၊ သဲသောင်များ ပေါ်ထွန်းခြင်း၊ မြစ်ရေစီးကြောင်း အသွားအလာ အနေအထားကို တွက်ချက်၍ အမှတ်(၁)စက်ရုံ တည်ဆောက်မည့်မြေနေရာကို ရွေးချယ်ပေးပါသည်။

၄။ သီတဂူ ရေအလှူတော်လုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အား ရရှိရေး၊ လျှပ်စစ်ဓာတ်ကြိုးလိုင်းများ သွယ်တန်းရေး၊ လျှပ်စစ်အင်အား အသုံးပြုနိုင်ရေးတို့အတွက် ဦးကျော်ငြိမ်း တိုင်းလျှပ်စစ်အင်ဂျင်နီယာနှင့် စစ်ကိုင်းတိုင်း လျှပ်စစ်လုပ်သားများက ဆောင်ရွက်ပေးကြပါသည်။

၅။ မြန်မာစာပေပညာရှိ ဆရာကြီး ဦးဆန်းထွန်း (ဆန်းထွန်း မန်းတက္ကသိုလ်)က သီတဂူ နှိုးဆော်လွှာ၊ သီတဂူကြွေးကြော်သံ၊ သီတဂူအနုမောဒနာ စသည်တို့ကို ကဗျာ လင်္ကာ စာတန်းအမျိုးမျိုးတို့ဖြင့် ရေးသား၍ သီတဂူစီမံကိန်းကြီးကို ကူညီခဲ့ပါသည်။

၆။ သီတဂူခေတ်မီ ရေစုပ် ရေတင်စက်ကြီးများ နိုင်ငံခြားမှ မရောက်မီ မြန်အောင်ချောင် ဆရာတော် ဦးသုဒဿနနှင့် တညှော့ဒါယကာ ဒါယိကာမများက Gasso pump ရေတင်ပန့်ကြီးတလုံး လှူဒါန်းသဖြင့် သီတဂူရေအလှူတော်ကို စတင်လှူဒါန်းခဲ့ကြပါသည်။

၇။ တောင်ရိုး ရေရရှိရေးအတွက် ရေပိုက်လိုင်းများ ဆက်သွယ်တပ်ဆင်ရေးတို့ကို ကျွမ်းကျင်သော အတတ်ပညာရှင် ဦးလှမောင်(မုဒုံ)က ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

၈။ ရန်ကုန်မြို့ တာမွေ ဝါလီန်းနေ အိုအေစစ် အသံသွင်းလုပ်ငန်းပိုင်ရှင် ဦးအောင်မြင့် ဒေါ်အမာနီ (ဖြူသီ) တို့က သီတဂူ မော်ကွန်းတင် ဗွီဒီယို ရိုက်ကူးခြင်း၊ သီတဂူ ရေအလှူတော်ကို ပြည်သူတို့ သဒ္ဓါတရား ပီတိပွားစေခြင်းအကျိုးငှာ အသံဖမ်း အသံသွင်းလုပ်ငန်းတို့ဖြင့် ပူဇော်ခဲ့ကြပါသည်။

၉။ သီတဂူ ရေအလှူတော် ထာဝရတည်တံ့ခိုင်မာစေရန် ငွေပင် စိုက်ပျိုးရေး လုပ်ငန်းကို သီတဂူအရှင် သံကုန်းဆရာတော် ဘဒ္ဒန္တ ဉာဏိဿရထေရ်(သပိတ်အိုင်) က ဒါရကဗ္ဗနေ့ဘွေ ပမာသုတ္တန်ဖြင့် ငွေပင် ၁၀၀၀၀ကျပ်(ကျပ်တသောင်း) ပထမဦးစွာ စတင်စိုက်ထူ လှူဒါန်းသည်။

၁၀။ စစ်ကိုင်းတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌကြီး ဗေယျကျော်ထင် ဗိုလ်မှူးကြီး သူရကျော်စွာ အမှူးရှိသော ဧတဒဂ္ဂရှင် ပညာရှင်များအဖွဲ့က လိုအပ်သည့် အကြံဉာဏ်များ ပေး၍ ကူညီကြပါသည်။

၁၁။ ဦးဆောင်ဆရာတော်များအဖွဲ့နှင့် ကပ္ပိယကာရကအဖွဲ့တို့က ချမှတ်သည့် စီမံချက်အတိုင်း ဦးတင်ဦး (စိတ္တသုခ)က တောင်တိုင်း ချောင်တိုင်းသို့ လှည့်လည်၍ အလုပ်သမားများ အား ကြီးကြပ်စောင့်ရှောက်၍ ဆောင်ရွက်လုပ်ကိုင်ပါသည်။

၁၂။ သီတဂူ ရေအလှူတော် တည်ဆောက်ရေးလုပ်ငန်းအတွက် သံထည်ပစ္စည်းများ ဘိလပ် မြေများ ရေပိုက်များကို စစ်ကိုင်းတောင်အရောက် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းကို ရန်ကုန်မြို့ ၉၃ လမ်း၊ ကန်တော်ကလေးမှ ဦးစိန်သွင်က ဆောင်ရွက်ပေးပါသည်။

၁၃။ သီတဂူ ရေအလှူတော်လုပ်ငန်းရပ်အတွက် မြေပုံများ၊ စာတန်းများ၊ ပန်းချီကားများ ကို ရန်ကုန်မြို့၊ ၉၃ လမ်း၊ ကန်တော်ကလေးမှ ဦးအုံးကြိုင်က ဆောင်ရွက်ပေးပါ သည်။

၁၄။ ဦးမောင်မောင်ညွန့်နှင့် ဦးသောင်းတင် အမှူးပြုသော အထက်အောက် မြန်မာပြည်ကပ္ပိယ ကာရကများအဖွဲ့က ဦးဆောင်ဆရာတော်များ စီမံညွှန်ကြား ပေးအပ်သမျှ တာဝန်တို့ကို ဦးသည်မသုန် ထမ်းဆောင်ခဲ့ကြ၍ ကပ္ပိယကျောင်းသားများသဖွယ် စီမံကိန်းကြီး တရပ် လုံးကို အကောင်အထည် ဖော်ခဲ့ကြပါသည်။

ဂ။ ဝိသေသအလှူရှင်များ

(က) ဦးကြူ ဒေါ်ခင်မြင့် ကင်းဘဲလမ်း၊ ရန်ကုန်မြို့မှ ပထမဦးစွာ သီတဂူ စီမံကိန်း တည်ဆောက်ရေးအတွက် ငွေကျပ်နှစ်သောင်း လှူဒါန်းပါသည်။

(ခ) ရှင်ပင်နံကိုင်း တောင်ထိပ်ရှိ အမှတ် ၁ နှင့် အမှတ်၄ ရေကန်မြေနေရာကို ဇမ္ဗူ မင်္ဂလာဆရာတော် ဘဒ္ဒန္တ ဇနိန္ဒထေရ်က လှူဒါန်းပါသည်။

(ဂ) ကိန္နရာတောင်ထိပ်ရှိ အမှတ် ၂ ရေကန်မြေနေရာကို ကိန္နရာဆရာတော် ဘဒ္ဒန္တ ဥတ္တမထေရ်က လှူဒါန်းပါသည်။

(ဃ) မဟာစေတီရင်ပြင်တော်ပေါ်ရှိ အမှတ် ၃ ရေကန်မြေနေရာကို ဝိပဿနာဂန္ဓာရုံ ဆရာတော် ဘဒ္ဒန္တ ဝိမလထေရ်က လှူဒါန်းပါသည်။

(င) အမှတ် ၅ ရေကန် မြေနေရာကို အောင်မြေသာစည် ဆရာတော်က လှူဒါန်း ပါသည်။

(စ) အမှတ် ၁ သီတဂူစက်ရုံကင်းမော်ဆိပ်ကမ်းရှိ မြေနေရာကို ဇမ္ဗူမင်္ဂလာ ဆရာတော် မှတဆင့် ဦးစံရှိန်-ဒေါ်ငွေစိန်၊ စိတ္တရမဟီရပ်၊ မန္တလေးမြို့က လှူဒါန်းပါသည်။

(ဆ) အမှတ်၅ ရေကန်အတွက် မန္တလေးမြို့၊ငွေဆယ်ဆပ်ပြာလုပ်ငန်းပိုင်ရှင် ဦးငွေတင် ဒေါ်ဆယ်တို့က လှူဒါန်းပါသည်။

(ဇ) မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးက ဥမင်ကိုးဆယ်မှ ရှင်ဖြူ ရှင်လှ သာသနာ့ဗိမာန်အထိ ကျပ်ခုနစ်သောင်းကျော်ဖိုးရှိသောရေပိုက်များကို လှူဒါန်းပါသည်။

(ဈ) စစ်ကိုင်းတောင် သမိဒ္ဓေါဒယချောင် ဆရာကြီး ဒေါ်အသောကထေရီက သီတဂူ ငွေပင်၌ တဦးတည်း ကျပ်တသိန်း လှူဒါန်းပါသည်။

(ည) သီတဂူအမှတ် ၂ စက်ရုံနှင့် စတိုခန်းကို ရန်ကုန်မြို့ ရွှေဘုံသာလမ်းမှ ဒေါ်ထွေး မိသားစုတို့က လှူဒါန်းပါသည်။

(ဋ) ရန်ကုန်မြို့၊ ဒေါ်ဒေါ်စော (ကျားသာဌေး) မိသားစုနှင့် သားသမီးများက ၂၂ လက်မပိုက်များကို လှူဒါန်းပါသည်။

(ဌ) ရန်ကုန်မြို့၊ သိမ်ကြီးဈေး စိန်ရွှေရတနာ ဒေါ်မြမြက သီတဂူချောင်ရှိ သီဟပပါတ ရေကန်ကြီး လှူဒါန်းပါသည်။

## ၉။ သီတဂူသို့ အဖွဲ့အစည်းလိုက် လှူဒါန်းသော ကောင်းမှုရှင်များ

(က) ရန်ကုန်တိုင်း၊ လသာမြို့နယ်မှ အမှတ် ၁ နှင့် အမှတ် ၄ ရေကန်ကြီးကို တည်ဆောက် လှူဒါန်းပါသည်။

(ခ) ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်မှ သီတဂူစီမံကိန်းအတွက် ငွေကျပ် နှစ်သိန်း နှစ်သောင်း လှူဒါန်းပါသည်။

(ဂ) ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်မှ အမှတ် ၂ ရေကန်ကြီးကို တည်ဆောက် လှူဒါန်းပါသည်။

(ဃ) ရန်ကုန်မြို့ ရွှေတိဂုံဘုရား ဝေနေယျသုခ ရေချမ်းစင်အသင်းမှ အမှတ် ၃ ရေကန်ကြီးကို တည်ဆောက်လှူဒါန်းပါသည်။

(င) မန္တလေးတိုင်း မြင်းခြံမြို့နယ်မှငွေကျပ်တသိန်းသီတဂူစီမံကိန်းသို့ လှူဒါန်းပါသည်။

## ၁၀။ သီတဂူမှ ပြင်ပနိုင်ငံသို့

(က) သီတဂူ ရေအလှူတော် စီမံကိန်းကြီး၏ ပဓာန ဦးဆောင်ဆရာတော် ဖြစ်တော်မူသော သီတဂူအရှင် သဲကုန်းဆရာတော် မထေရ်သူမြတ်သည် ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၁၉၈၂ ခု ဖေဖော်ဝါရီလ ၂၃ ရက်နေ့အထိ သုံးလတိုင်တိုင် အိုင်ယာလန်နိုင်ငံရောက် ဦးဘရီ-ဒေါ်ခင်သန်းမြင့် တို့က ပစ္စယာနုဂ္ဂဟတာဝန်ယူ၍ အာရှ ခြောက်နိုင်ငံ (ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ နီပေါလ်၊ အိန္ဒိယ၊ သီရိလင်္ကာ)သို့ ပင့်ဆောင်၍ ပထမအကြိမ် ကမ္ဘာ့သီတဂူ ခရီးစဉ်လှည့်လည် ကြွရောက်တော်မူပါသည်။

(ခ) သီတဂူအရှင် သဲကုန်းဆရာတော် (ပါမောက္ခအိုင်)သည် ဒုတိယအကြိမ် ပြည်ပနိုင်ငံ ထိုင်း၊ သီရိလင်္ကာ၊ ဂျပန်၊ အင်္ဂလန်၊ အမေရိကန်ပြည်ထောင်စု၊ အနောက်ဂျာမနီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဟောင်ကောင်၊ ဘယ်လ်ဂျီယံ၊ အိုင်ယာလန်၊ စင်္ကာပူသို့ ၁၉ ၂ ခုနှစ် ဇူလိုင်လ ၃ ရက်မှ ၁၉၈၃ ခုနှစ် ဧပြီလ ၁ ရက်နေ့အထိ ၁၀ လ ကြာ ဒုတိယအကြိမ် ကမ္ဘာ့သီတဂူ ခရီးစဉ်လှည့်လည် ကြွရောက်တော်မူခဲ့ပါသည်။ ယင်းခရီးစဉ်ကို အင်္ဂလန်နိုင်ငံဘာမင်ဂန်မြို့ ဗုဒ္ဓဘာသာအသင်းမှ ဒေါက်တာ ရေဝတ အမှူးပြု၍ ခရစ်အိဂယ်လ်ဒန်နှင့် ဒါယ ကာဒါယိကာမများက ပစ္စယာနုဂ္ဂဟတာဝန် ယူ၍လည်း ကောင်း၊ အမေရိကန်နိုင်ငံသေ့ာစ်အိန်ဂျလိစ်မြို့ရှိ ဆရာတော် ဦးပညာ ဝံသ အမှူးရှိသော မြန်မာဗုဒ္ဓဘာသာဒါယကာဒါယိကာမများက ပစ္စယာနုဂ္ဂဟ တာဝန်ယူ၍လည်းကောင်း ကမ္ဘာတပတ်ပင့်ဆောင်ခဲ့ကြပါသည်။

## ၁၁။ ပြင်ပနိုင်ငံမှ သီတဂူသို့

(က) သီတဂူအရှင် သဲကုန်းဆရာတော်အရှင်သူမြတ်သည် ပြည်ပနိုင်ငံသို့ ကြွရောက်စဉ် ကာလ ရေခြားမြေခြားရှိ ဒါယကာဒါယိကာမများအား စစ်ကိုင်းတောင်ရိုး၏ ရေအခက်အခဲနှင့် သီတဂူအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ဟောကြား ချီးမြှင့်ခဲ့ရာ အဝေးရောက်ဒါယကာဒါယိကာမများမှ သီတဂူသို့ စရိတ်ငြိမ်းပစ္စည်း များလှူဒါန်းခဲ့ကြပါသည်။ ၎င်းတို့မှာ–

၁။ ဦးဝင်းသိန်းနှင့်အပေါင်းအသင်းများ (စင်္ကာပူမြို့)က မြင်းကောင်ရေ ၂၅ ကောင်အား လျှပ်စစ်မော်တာနှင့် ရေတင်ပန့်ကြီး နှစ်လုံး၊ ၁၅ ကောင်အား လျှပ်စစ်မော်တာနှင့် တွဲ ထားသောရေတင်ပန့်ကြီးသုံးလုံး၊ လျှပ်စစ်မော်တာမပါသော ၂၅ ကောင်အားရှိရေတင် ပန့်ကြီးနှစ်လုံးတို့ကိုလည်းကောင်း၊

၂။ ဟိုနိုလူလူမြို့ရှိ ဗုဒ္ဓဘာသာဒါယကာဒါယိကာမများက မိတ္တူကူးစက်ကြီး တလုံးကိုလည်း ကောင်း၊

၃။ အမေရိကန်ရောက် ဗုဒ္ဓဘာသာမြန်မာဒါယကာဒါယိကာမများက အသံချဲ့စက် Peavey နှင့်စပီကာအစုံတို့ကို လည်းကောင်း အသီးသီးလှူဒါန်းလိုက်ကြပါသည်။

## ၁၂။ သီတဂူအမှတ် ၂ စီမံကိန်း

၁၃၄၇ ခုနှစ် ဗုဒ္ဓနေ့တွင် သီတဂူရေအလှူစီမံကိန်းကြီးတရပ်လုံး ပြီးပြည့်စုံပါမည်။ ထိုစီမံကိန်းကြီးပြီးမြောက်သည်နှင့် သီတဂူ အမှတ် ၂ စီမံကိန်းကြီးဖြစ်သော အာယုဒါနစီမံကိန်း ကို ချမှတ်၍ စစ်ကိုင်းတိုင်း သီတဂူဆေးရုံစီမံကိန်းကို စတင်ဘည်ဆောက်ပါမည်။ သီတဂူဆေးရုံ ကို ပုညရှင်စေတီအနောက်ဘက် မြစကြာဆရာတော် အရှင်လက္ခဏပဓာနပြု လှူဒါန်းထားသော မြေကွက်ပေါ်တွင် တည်ဆောက်မည်ဖြစ်ပါသည်။

သီတဂူအာယုဒါနစီမံကိန်းသည် စစ်ကိုင်း၊ မင်းကွန်း၊မင်းဝံတောင်ရိုးကြီး သုံးရပ်နှင့် ဘကွ စစ်ကိုင်းတိုင်းအတွင်းရှိ ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်များနှင့် မိခိုရာမရှိသည့် အဘိုးအဘွားတို့ ဆိတ်ငြိမ်သည့်တောင်ရိုး ကြည်နူးဖွယ်စေတီပုထိုးတို့၏ အရိပ်ကိုခိုလှုံ၍ နှလုံး စိတ်ဝမ်း အေးချမ်းစွာဆေးဝါးကုသခံယူနိုင်ကြစေရန် ရည်မှန်းပါသည်။ သီတဂူအမှတ် ၂ စီမံ ကိန်းသည် တောင်ရိုးပျော် ပရိယတ် ပဋိပတ် အာ ထုတ်တော်မူနေကြသည့် သူတော်ကောင်းတို့ အတွက် အထူးလိုအပ်လှသော ပဓာနိယင်္ဂတရားမျိုးဖြစ်သည်ဟု ယုံကြည်ပါသည်။

## ၁၀။ နိဂုံး

သီတဂူအဖွဲ့သည် တောင်ရိုးပျော်သူတော်စင်တို့အတွက် သောက်ရေ၊ သုံးရေ၊ ဆေး ကြောရေတို့ဖြင့် ချမ်းသာစေခြင်းအလို့ငှါ ဆောင်ရွက်သည်ဖြစ်သောကြောင့် လောကမှ လွတ် မြောက်ရာ သံသရာမီး၊ ခန္ဓာမီးတို့ ငြိမ်းအေးရာနိဗ္ဗာန်ဟူသော ပရမတ္ထသီတဂူကို ယုံကြည်ရည် မှန်းလျက် တောင်တိုင်းချောင်တိုင်းက ပုဂ္ဂိုလ်တိုင်းအား ‘လ’ စန္ဒာက အေးရောင်ခြည်လွှတ် သကဲ့သို့ အေးချမ်းသောရေအလှူကို ပေးလှူပါသည်။ ဆေးအလှူကိုလည်း ဆက်လက်ပေးလှူ ဦးမည်ဖြစ်ပါသည်။

ဤမျှလောက်သောကာလအတွင်း ဤသို့လျှင် ဤမျှသော ပမာဏရှိသည့် ထာဝရ အလှူတော်ကြီးကို ပြီးပြည့်စုံအောင် စေတနာအား၊ သဒ္ဓါအား၊ ဝီရိယအား၊ ပညာအား၊ အကြံ ဉာဏ်အား၊ အလှူအားတို့ဖြင့် အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီဆောင်ရွက် လှူဒါန်းကြသည့် စေတနာရှင်၊ပညာရှင်၊ ဝီရိယရှင်၊ သဒ္ဓါရှင်၊ အလှူရှင်အပေါင်းတို့ကို သီတဂူဦးဆောင်သံဃအဖွဲ့ နှင့်ကပ္ပိယကာရကအဖွဲ့တို့က လှိုက်လှိုက်လှဲလှဲ ကျေးဇူးဥပကာရတင်ရှိပါကြောင်းကို ဤသီတဂူ၏ ငါးနှစ်ခရီးစာစောင်၌ ဝမ်းမြောက်ကြည်သာစွာ မော်ကွန်းတင်အပ်ပါသည်။

ထို့ကြောင့် ရေ၏ အကျိုးဖြင့် တောင်တိုင်းချောင်တိုင်းက ပို့လွှတ်သည့် မေတ္တာရေ စင်ကို သီတဂူအဖွဲ့က ဝမ်းမြောက်ကြည်သာစွာခံယူပြီး ဖြစ်ပါသည်။ သီတဂူအဖွဲ့က ဆက်လက် ကြိုးပမ်းမည့် ဆေးအလှူတော်အတွက်ကိုလည်း ပြည်သူလူထုတို့ကို ဝိုင်းဝန်းကူညီ လှူဒါန်းကြ ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**သီတဂူစန်းလပမာချမ်းမြသာယာ**
**ရှိကြပါစေ။**

**သီတဂူကပ္ပိယကာရကအဖွဲ့၊**
**သီတဂူချောင်၊**
**စစ်ကိုင်းတောင်။**

**၁၃၄၄ ခုနှစ်၊ ကဆုန်လပြည့်ဗုဒ္ဓနေ့**



# သီတဂူမော်ကွန်းတိုက်

## သီတဂူကပ္ပိယကာရကအဖွဲ့

မော်ကွန်း

မော်ကွန်းဟူသော မြန်မာဝေါဟာရသည် ပုဂံခေတ် အမှုကွန်း စကားလုံးမှ ဆင်းသက်၍ အဝခေတ်၌ မော်ကွန်းဟု ဖွားသန့်လာသော မြန်မာစစ်စစ်ဝေါဟာရ မှန်တခုဖြစ်ပါသည်။

ဒါနဝတ္ထု သက်ရှိသက်မဲ့စာရင်း မပျောက်မပျက်ခိုင်ခံ့ထင်ရှား အစဉ်တည်တွန်း ရစ်စေခြင်းငှါ ကျောက်ထက်တင် ရေးမှတ်ထားခြင်းမျိုးကို 'အမှုကွန်းတင်သည်' ဟု ခေါ်ဆိုပါသည်။ ထို အမှုကွန်းမှာလည်း စဉ်လာမပျက်ဆင်းသက်တည်တံ့ ပြည့်ပြည့် စည့်စည့် ကွင်းကွင်း ကွက်ကွက်ဖော်ပြခြင်း အဓိပ္ပာယ်ဆောင်သော 'စည့်ကွင်း' ပေါရာဏစကား၏ ညီဘွားဝေါဟာရ တခုပင်ဖြစ်သည်ဟု ဆိုကြပါသည်။

ဝေါဟာရလီနတ္ထဒီပနီ ကျမ်း ဆရာ အလို မော်သည် အတ္ထုပ္ပတ္တိ၊ ကွန်းသည် နန်းတော်ဟုဖွင့်ဆို၍ ထင်ရှားသော သက်ရှိသက်မဲ့တို့၏ ထူးထူးခြားခြား ဖြစ်ပွားမှု မှတ်တမ်းတင် ထိန်းသိမ်းထားရာကို 'မော်ကွန်း' ဟု ဆိုလိုပါသည်။

ကဝိဘာရတီ ကျမ်းဆရာကား မော်သည် မြင့်မြတ်သော၊ ကွန်းသည် ရွှေနန်း အဆောင်ကျောင်းပရဝုဏ်စသော ဗိမာန်ဟု ဖွင့်ရှင်းပါသည်။ ထိုစကားသည် ဥပမာစကားဖြစ်၍ မြင့်မြတ်သော ရွှေနန်းဆောင် ကျောင်းဗိမာန်၊ ထင်ရှားသော ပုဂ္ဂိုလ်တို့၏ ထုံမွှန်းကြည်ခဲ့သော ဂုဏ်စွမ်းရည်ကို အစဉ်မပျက် တည်တွန်းသိညွှန်းစေခြင်းငှာ ရေးသား မှတ်တမ်းတင်ခြင်းမျိုးဟု ဆိုလိုရမည်ဖြစ်ပါသည်။

ဝေါဟာရတ္ထရပကာသနီ၌ကား မော်-ချီးကြူးသည်၊ ကွန်း-ပျံ့နှံ့သည်ဟု ဖွင့်ဆို၍ သာမည အရာတို့ထက် လွန်ကဲပျံ့နှံ့ အံ့သြလောက်စရာ အကြောင်းအရာများကို 'မော်ကွန်း' ဟု ဆိုပါသည်။ ကဝိလက္ခဏာသတ်ပုံဆရာကား ကမ္ဘာ



ကျေသော်လည်း ဥဒါန်းမကျေသောအကြောင်း အရာ အဖြစ်အပျက်ကို မော် ဟုဆိုကြောင်း အန်း ကာချန်တွင် 'ကမ္ဘာကုန်ကွန်း၊ စံမော် ကွန်း၊ဥဒါန်းခံသက်သေ' ဟုရေးထိုးခဲ့ပါသည်။

စွယ်စုံကျမ်း၌ကား ဆင်ဟော်၊ နန်းတော်၊ ကန်တော်၊ စေတီဘုရား၊ သက်ရှိသက်မဲ့တို့၏ ထင်ရှားသော အဖြစ်အပျက် လုပ်ဆောင်ချက် များကို နောင်အစဉ်အလာ ဥဒါန်း တွင်ရစ် အောင် ရေးလုံးစပ်ကာပျာ၊ မြန်မာစကားပြေ အရေးအသားများဖြင့် မှတ်တမ်းတင် စာမျိုး သည် 'မော်ကွန်း'ဖြစ်သည်ဟု အဆိုပြုပါသည်။

အားလုံးခြုံ၍ ဆိုရသော် မော်ကွန်းသည် မဖြစ်ဖူးမြဲ ထူး ထူး ကဲ ကဲ ဖြစ်ပွားလာသော အကြောင်း အရာများ မိမိဆန္ဒ အလျောက် မပျောက်မပျက်စေလိုသော အကြောင်းအရာ များ ရေးနည်းတမျိုးမျိုးဖြင့် မှတ်တမ်းတင် ထား ခြင်းမျိုးကိုဆိုလိုပါသည်။

## မော်ကွန်းအသုံးအနှုန်းများ

မော်ကွန်း၏ အဓိပ္ပာယ်ကို ထင်ဟပ်စေနိုင် သော အရေးအဖွဲ့ အသုံးအနှုန်းများ ရှိသည့် အနက် အချို့အဝက်ကို ကောက်နုတ်ချက်ပေး လိုပါသည်။

မင်းရဲဒိဗ္ဗချောင်းတွင် "ရှင်ဘမင်းရဲ၊ အောင် သည့်ပွဲကို၊ လွန်ကဲမော်ကွန်း၊ အစဉ်ထွန်းသည်" "ဘနယ်ရှင်၏၊ အောင်မြင်ပွဲစဉ်၊ စီလျဉ်သမိုင်း၊ တင့်မောတိုင်းကို၊ ပြိုင်နိုင်းတုကွန်း၊ တရှန်း ရှန်းတည့်၊ မော်ကွန်း ရွှေစာ၊ပြောပရာလည်း" ဟူသောစကားမွန်ဖြင့် မော်ကွန်းသည် မည်သို့ အဓိပ္ပာယ်ဆောင်သည်ကို ပြောပြလျက် ရှိပါ သည်။

ကုသပျို့သစ်၌"အမြတ်ရှည်စွာ၊ သိသာရစ် အောင်၊ကျောက်စာပြုပြု၊မော်ကွန်းထု၍၊ဂုဏ်နှင့် ထားစေ" ဟု မော်ကွန်း မှတ်ချက်ပေးခဲ့ပါ သည်။

ဇယဒိသပျို့၏ စာပန်းချီ မြင်ကွင်းကျယ်၌ ကား "ကမ္ဘာကုန်ကွန်း၊ စံမော်ကွန်းဖြင့်၊ ဥဒါန်းတင်ပရစ်စေသော" ဟု လည်းကော င်း၊ "နောင်သား နောင်လာ ပြောပရာဖြင့်၊ ကမ္ဘာ ဤမြေ၊ မကြေမချင်း၊ သတင်းမွှေ့ညက်၊ ရွှေ နန်းထက်ဝယ်၊ ပုံအက္ခရာ၊ ရွှေစာကွေးကွေး၊ မော်ကွန်းရေး၍၊ နိုးဝေးကြားလွှ ၊ ထားပေ အံ့" ဟုလည်းကောင်း၊ မော်ကွန်း၏ ပုံဟန်ကို တွေ့မြင်ရပါသည်။

ဤမျှသော ကောက်နုတ်ချက်ဖြင့် မော်ကွန်း သည် မည်သို့သော အဓိပ္ပာယ် ဆောင် သည် ပုံကျယ် အံ့ဖွယ်ကိစ္စတို့၌ မော်ကွန်းသည် အဘယ်မျှ လိုအပ်သည်ကို သတိပြုမိ သူတိုင်း

ညာဏ်ဝါယာနေသောင် လျှပ်ပြောင်ပဝင်း လင်းနိုင်လောက်ပါပြီ။

## လိုအပ်နေသောမော်ကွန်းတိုက်

စစ်ကိုင်းသည် မတော်တဆ ဖြစ်လာရသော ဌာနမဟုတ်၊ ပစ်အား ပြည့်ကျကျ စိန်းခန်းနှင့် ဖြစ်ပေါ်လာရသောဌာနဖြစ်၍ မင်းခုနစ်ဆက် နန်းစိုက်စံပားသွားသော နေပြည်တော် သမိုင်းဝင်ဖြစ်ပါသည်။ ထိုမင်းတို့၏ ဖြစ်စဉ် မှတ်တမ်းတင်ရန် 'မော်ကွန်း' သည်ရှိသင့်ပါသည်။

ဘုရားရှင် ကိုယ်တော် တိုင် ထိုက်ထိုက် တန်တန်ကြွရောက် ချီးမြှောက်သည်မှ စ၍ စစ်ကိုင်းတောင်ရိုး၌ သာသနာ့အမြုတေ စုဝေလာခဲ့ပါသည်။ ယနေ့ခေတ်တိုင် ပြောပလောက်အောင် ဆုတ်ယုတ်သွားခြင်းမျိုး မရှိပဲ ဆက်လက် တိုးတက်နေသည်ဖြစ်၍လည်း သာသနာ့အတွက်မှတ်တမ်းတင်ရန် 'မော်ကွန်း' သည် ရှိသင့်ပါသည်။

တောင်လျှင်တောင်ဝှမ်း တောင်ထွဋ်တောင်မြင့်တို့တွင် ကမ္ဘာ့တန်းဆာ သာသနာ၏အမှတ်အသား စေတီပုထိုးများ စံပယ်နေကြ၍ လည်း ထိုစေတီပုထိုးများမှတ်တမ်းဖွင့်ရန် 'မော်ကွန်း' သည် ရှိသင့်ပါသည်။

သာသနာတွင် အမြင့်ဆုံး ဘုရား ရှင် အစ ရဟန္တာ အရှင်မြတ် ဖြစ်ကြသော အရှင်နာဂဒတ္တ၊ အရှင်အရဟံတို့အလယ် အခုမျက်မှောက်၌ အဂ္ဂမဟာရဋ္ဌဂုရု ရွှေဟင်္သာဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တော်ရ ရွှေစေတီ၊ ပဋ္ဌာန်းသိပ္ပံ၊ နန္ဒမူဆရာတော်တို့အဆုံး အားလုံးသော အကျော်အမော် သာသနာစောင့်များ၏ ဘဝဇာတ်ကြောင်း မှတ်ကျောက်တင်ရန် 'မော်ကွန်း' သည် ရှိသင့်ပါသည်။

သာသနာပြု ကြွချီသာတော်မူသော ဘုရားရှင် ကိုယ်တော်မြတ်ကြီး ယော်ပင် တောင်ပေါ်မှာ ရေသုံးသပ်တော်မမူရပဲ မြစ်ဆိပ်သို့ဆင်း၍ သုံးသပ်သွားရရှာသည်ကို အများအသိပင် ဖြစ်ပါသည်။ ယခုအချိန်သာ ကြွချီတော်မူသာပါမည်ဆိုလျှင် ချောင်းတိုင်းမှ သီတဂူရေချမ်းဖြင့် ရေဝတ်ဖြည့်လှူဒါန်းနိုင်ကြပါမည်။ သာသနာ သက္ကရာဇ် ၂၅၂၇ ခုလွန်မြောက် ဤခေတ် ဤအခါ မျက်မှောက်ထူးခြားမှု ပေါ်ပေါက်လာရသော 'သီတဂူရေဒါနလှူတော်' ၏ သမိုင်းဝင်ကို မှတ်တမ်းတင်ရန် လိုအပ်သည်ဖြစ်၍လည်း 'မော်ကွန်း' သည် ရှိသင့်ပါသည်။

ထပ်၍ မြိန်မြိန်ရှက်ရှက် ဆိုရသော်ဘုရားလောင်း ယုန်မင်း၏ နှုတ်ခမ်းချက်ကို နှစ်သက်လှ၍ သိကြားမင်းသည် ယုဂန်တောင်ဆီကို ညှစ်၍ မပြစ်မခွဲ မကျဲမသွက်၊ ထက်တံအမွှန်၊ စုတ်ချွန်သေးသေး၊ ကွေးကွေးနွဲ့နွဲ့၊ လေးဆယ့်ကိုးယူဇနာလ မျက်နှာထက်၊ ငုပ်ဝါမမှုန်၊ သင်၏ဂုဏ်ကို၊ ဝသုန္ဓမြေ၊ ဤမြေအချက်၊ မပျက်သမျှ၊ ကာလရှည်မော၊ တည်စေသောဟု၊ သဘောထင်ပြ၊ ရေးသားခဲ့ဖူးပါသည်။ ကျွန်ုပ်တို့သည် သိကြားမင်းမဟုတ်၍ ရခဲသောရုပ်ဝတ္ထုများဖြင့် 'သီတဂူရေအလှူတော်' သမိုင်းကြောင်းကို မှတ်တမ်း မတင်နိုင်၊ မရေးသားနိုင်ကြစေကာမူ အဖြစ်နိုင်ဆုံးအကောင်းဆုံးဖြင့် ထာဝရမှု ပြုလိုရေးလိုကြသည်မှာ အမှန်ဖြစ်၍ လည်း 'မော်ကွန်း' သည် ရှိသင့်ပါသည်။

## တည်ဆောက်ခြင်း

ဤသို့သမိုင်း၏ တောင်းဆိုချက် လိုအပ်ချက် မဖြည့်စွက်နိုင်ပဲ ယနေ့တိုင် ဟာလျက်ရှိသော 'မော်ကွန်းတိုက်' ကြီးကို သီတဂူ ဆရာတော်အမှူးပြုသော ပန်းဘိတန်းဒါယကာ အပေါင်းက နှစ်ထောင်းအားရစွာ သီတဂူ ငါးနှစ်ပြည့်အောင်ပွဲခံအဖြစ် တည်ဆောက်ရန် စီမံဆောင်ရွက်ဖြည့်စွက်နေပြီဖြစ်ကြောင်း သတင်းကောင်း

ကို မွှေးကြူအေးမြတ် ပန်းစုံသင်း၍ အမြတ် တနိုးကမ်းလှမ်းပါသည်။

သီတဂူ မော်ကွန်းတိုက်ကြီး၌ အတိတ်နှင့် ပစ္စုပ္ပန်ကို မှန်မှန်ကန်ကန်ဆက်စပ် ပေါင်းကူး ပေးမည်ဖြစ်ရာ အတိတ်၏ ကျော်မောက်ခဲ့သော သာသနာ့အခြေအနေ၊ ပစ္စုပ္ပန်လက်ရှိ အခြေ အနေများကို လေ့လာနိုင်ပါမည်။

စစ်ကိုင်းတောင်ရိုးတခုလုံး၏ ပုံပြ ရုပ်ကြွပြု လုပ် ခင်းကျင်းပြသမည်ဖြစ်ရာ ထိုတွင် စေတီ ပုထိုး ကျောင်းကန်တန်ဆောင်းများ သူ့နေရာ နှင့်သူ အမှန်းတင်စီခြယ် ပြုလုပ်ထားရှိပါမည်။ အရေးပါသော သီတဂူ သွေးကြောလိုင်းများ ဖြင့်လည်း အုပ်ဆိုင်း ခြယ်သပေးပါမည်၊ မှတ် တမ်းတင်ရုပ်သေဓာတ်ပုံများဖြင့်လည်း ထောက် ကူအားဖြည့်ပြသထားရှိပါမည်။

ထို့ပြင် ခေတ်အဆက်ဆက် ကျော်ကြားခဲ့သော သာသနာ့ဝန်ထမ်း တောပျော်ရဟန်း များ သာသနိကအဆောက်အအုံများ သမိုင်း များကိုလည်း ‘စာစု-စာပြုအဖွဲ့’ဖွဲ့စည်း၍ ပြုစု ထားရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် စစ်ကိုင်းတောင်ရိုး တခုလုံးကို လေ့လာလိုသူများ မြင်ကွင်းကျယ်တထိုင်တည်း လေ့လာနိုင်ပါမည်၊ သမိုင်းစဉ်ကိုလည်း လိုရာ လိုရာ တထိုင်တည်းသိရှိနိုင်ပါမည်။

ဤမျှအကျိုးများ နိုင်မည်ဖြစ်သော ‘သီဘဂူ အောင်ပွဲခံ’ သီတဂူသမိုင်းစံ စစ်ကိုင်းသာသနာ တော်လုံးဆိုင်ရာ သမိုင်းရုံ သီတဂူမော်ကွန်း တိုက်ကြီးကို တည်ဆောက်ဖွင့်လှစ်မည် ဖြစ်ပါ ကြောင်း သတင်းကောင်းစည်ကြီးကို ရိုက်တီး အပ်ပါသတည်း။

**သီတဂူယဉ်ကျေးမှုကာရအဖွဲ့**

---

## “ငြိမ်းချမ်းစေဖို့”

သီတဂူ စန်းတမျှလိုပ၊
ချမ်းမြလို့ကြည်လင်၊
ပန်းအလှသို့ စည့်ပင်အောင်၊
ပြည်တခွင် နေငြား။

ကမ္ဘာတခုလုံး ပြည်လုံးခြုံမယ်၊
ဤလုံးစုံ ဝေနေယျများ။

တွင်းပြင်ပ ဘေးရန်ကွာ၊
အေးရန်သာ ဆုပ္ပာ ။

မနှေးမြန်စွာ သုခထွားစေဖို့၊
ပဒုမ အသွား ဝေဆာ။

ရေနှင့်ကြာ သေချာတွေ့ယင်လ၊
ဝေဆာတရွှေ့ရွှေ့ ထွားသန်၍လာ။

မေတ္တာဓာတ် ရေမက္ခာတယ်၊
တထေရ်ဝါ ကြာနယ်ထားပါလို့၊
ကမ္ဘာဝယ်တလွှား များလှဝေနေ၊
ပွားရထွေထွေ။

သီတဂူထေရ်က ဝေငှပေးသည်၊
ဩော်-သီတဂူ ရေအလှူတဖွဲ့လုံးက
မေတ္တာဓာတ် ဝေငှပေးသည်၊
ပြည်ကမ္ဘာအထွေထွေ ငြိမ်းချမ်းသာဖို့လေး။ ။

**ဇေယျာပညာရှင်။**




သီဘဂူပုဒ်ကို အမျိုးမျိုး ဖွင့်ပြလိုပါသည်။ ရှေ့ပုဒ် သီဘကို အေးမြကြည်လင်ခြင်း အနက်၊ ဂေါသဒ္ဒါက အရောင်ဟောအနက်ကို ယူပြီးလျှင် ဂေါ ကို ဂေါဝိယ ဟု ဥပမာတဒ္ဓိတ် လုပ်ပြီး "သီဘာဂါ ဝါ ဓမ္မာ ယဿာတိ သီဘဂူ" အေးမြကြည်လင်သော အရောင်တည်း ဟူသော တရားရှိသော ဆရာတော်။ သီတဂူ ဆရာတော် တီထွင်သော ရေအလှူအဖွဲ့ ဖြစ်ခြင်းကြောင့် အဖွဲ့လည်း သီဘဂူ ဟု ခေါ်နိုင်ပါသည်။

မှန်ပါသည်။ တရားနာသူ ဥပသိကာမကြီး တယောက်က ဤစာရေးသူအား လျှောက်ထားဖူးပါသည်၊ တပည့်တော်မမှာ အပူစွဲကပ်နေပါသည်ဘုရား၊ သီဘဂူဆရာတော်တရား နာလိုက်ရတော့မှ အပူလုံးကြီး ကျသွားပါသည် ဟု လျှောက်ပါသည်။

ဒါယိကာမကြီးတယောက်ကတော့ တပည့်တော်က သံယောဇဉ်တွေမရှိပါဘူး။ တပည့်တော် ရှာထားတဲ့ ပစ္စည်းတွေနဲ့ တပည့်တော် စားနိုင်သည်ထက် ပိုနေလို့ အထုပ်နဲ့တောင် ထုပ်ထားရပါတယ် ဘုရား။ အဲဒီ အထုပ်ကြီး ကြောင့် ပူလိုက်ရတာ မပြောပါနဲ့တော့ဘုရား။ ဆရာတော်ရဲ့တရားကို နာလိုက်ရလို့ အထုပ် ဖြေပြီး ကျောင်းဆောက် လှူဒါန်း လိုက်တော့ အပူလုံးကြီး ကျပြီး အေးလိုက်တာ ဘုရား ဟု

ဒါယိကာမကြီးက သံဃာတော် အများ ကို လျှောက်နေတာကို ဤစာရေးသူက ကြားရတော့ ဒါကြောင့် အေး မြကြည်လင် သော ဆရာတော်ပါ။

ဒီဘုန်းကြီးလေးဟာ ဒါကြောင့် သီတဂူ ခေါ်တာကိုးလို့ သဘော ကျ သွား ပါတယ်။ ဆရာတော်ကလဲ သီတဂူ၊ ရေလှူ အဖွဲ့ ကလဲ သီတဂူ၊ ရေဘူကလဲ သီတဂူ၊ ရေလှူလို့ ရောက်ရမည့်အေးချမ်းတဲ့ ဘဝတွေကလဲသီတဂူ၊ နောက်ဆုံး ရောက်ရမည့် အေးချမ်းတဲ့ဘဝတွေကလဲ သီတဂူ။ နောက်ဆုံးရောက်ရမည့် နိဗ္ဗာန်ကြီးကလဲ သီတဂူ။

ကောင်းလိုက်တဲ့ နာမည်လေးပါပဲ။ သီတဂူ နာမည်ဟာ ဇမ္ဗူရှိသေးရဲ့ လားလို့ တောင်မှ ဥဒါန်းကျူးရင့်နိုင်တဲ့ နာမည်လေးပါ။ သီတဂူ နာမည်ကို သက္ကတ္ထပါဠိ ဗိုဒ္ဓ နှစ်ဘာသာဖြင့် တိကျစွာ ဖွင့်ပြပါတော့မည်။

သီတဂူဆိုတဲ့နာမည်ကို ပါရမီ ပြည့်သော စွမ်းရည်သတ္တိရှိတဲ့ သီတဂူဆရာတော်ရဲ့ အာခံတွင်းထဲသို့ နတ်ဝင်ပြီး ပြောသွားတာကြောင့် သီတဂူဟူသော နာမည်သည် လူမှည့် နာမည် မဟုတ်။ နတ်မှည့်တဲ့ နာမည်ဖြစ်ရမှာပါ။

သီတဂူကို လောကီအဘိဓာန်တွေက-

၁။ လ။

၂။ ဟိမန္တာဝတောင်

၃။ ပရုတ်၊

၄။ ရေလို့(၄)မျိုးပဲ ပညတ်နက်ဖော်ခဲ့ပါသည်။

၁။ (ရေက ဟိန္ဒူဘာသာ အဘိဓာန်ဆိုသည့်အတွက် ဤ၌ မလို။)

ကိုင်း- သီတဂူ နောက်တနည်း ကြံကြစို့။ သီတ-အရ ဖြောင့်မတ်ခြင်း အနက်ယူ၍၊ ဂေါ အရကတော့ လမ်းစဉ်ယူပြီး-

၂။ "သီတတော မဂ္ဂေါ ယဿာတိ သီတဂူ" သီတဂူတဖွဲ့လုံးသည် ဖြောင့်မတ်သောလမ်းစဉ်ရှိသောကြောင့် သီတဂူ မည်ပြန်သည်။ နောက်တနည်းကတော့ သီတ-အရ မှိဝဲဆည်းကပ်အပ်ဟူသော ဝိသေသန အနက်ကိုယူပြီး ဂေါ-အရကို ပါဠိသက္ကတ္ထကျမ်းများတွင် သဂ္ဂ နတ်ပြည်လဲ ဖွင့်ပြန်သည့်အတွက်-

၃။ "သီတော ဂေါ သဂ္ဂေါ ယဿာတိ သီတဂူ" ဆည်းကပ်အပ်သော နတ်ပြည် နတ်ရွာရှိသောကြောင့်သီတဂူ၊ သီတဂူတဖွဲ့လုံး စေတနာကောင်းနဲ့ ကြိုးစားနေသောကြောင့် နတ်ပြည်ဆိုတာ ကောင်းမှု ပိုင်ရှင်တွေသာ ရောက်နိုင်သည့်အတွက် အား လုံး သော သတ္တဝါတွေ ရောက်အပ် ရောက်ထိုက် ဆည်းကပ်ထိုက်တဲ့ ဘုံဘဝကြီးပါ။ ထိုရောက်ချင်နေတဲ့ နတ်ဘုံသို့ သီတဂူတဖွဲ့လုံး အားလုံးရောက်မှာ ဖြစ်သောကြောင့် သီတဂူပါ။

နောက် တ နည်း ကား သဂ္ဂသဒ္ဒါမာဂဓ အဘိဓာန် စာမျက်နှာ ၉၁၁၌ "စာဂေ သဘာဝေ နိမ္မာတော သဂ္ဂေါဇ္ဈာယေ ဒိဝေပျထ" ဟု လာသည့်အတွက် ဤနေရာ၌ စာဂ- စွန့်ကြဲခြင်း ကောက်ယူပြီး ဂေါ အတွက် သဂ္ဂအနက်ဟော စွန့်ကြဲခြင်းယူ၍ သီတ အရ စင်ကြယ်သောအနက်ယူပြီးလျှင်-

၄။ "သီတော ဂေါ သဂ္ဂေါ ယဿာတိ သီတဂူ" သီတဂူတဖွဲ့လုံးသည် ဂုဏ်ပကာသနတွေ မလိုပဲ စွန့်ကြဲသည့်အတွက် လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာရဖို့ရန်ရည်ရွယ်သောကြောင့် ရည်ရွယ်

မှ စင်ကြယ်ပါသည်။ ပေးကမ်းမှုသည် အလွန် စင်ကြယ်သောကြောင့် နံပါတ်(၄)အရ သိတဂူ မည်ပြန်သည်၊ တချို့တချို့ အဋ္ဌကထာတွေက - သဂ္ဂကို နက်ပြည်သာမက နိဗ္ဗာန်ပါ ဖွင့်ကြပါသည်။

ဒါကြောင့် (၅)နံပါတ်အတွက် သိဘ ကို အအေးမာတ်ယူပြီး

၅။ "သိတံ ဂေါ နိဗ္ဗာနံ ယဿာတိ သိတဂူ" သိတဂူဆရာတော် ခေါင်းဆောင်သော တဖွဲ့လုံးသည် အေးမြ ချမ်းသာ သော နိဗ္ဗာန် ဟူသော သန္တိသုခ သဘော ရှိသောကြောင့် သိတဂူ မည်ပါသည်။ သိဘက ပြီးစီးခြင်း၊ ပြီးစီးလွယ်ခြင်း၊ ဂေါ အရ သဂ္ဂဟော ထိုသဂ္ဂကလည်း ဖန်ဆင်းမှုကိုလည်း ဟောနိုင်သည်။ ဒါကြောင့် (၆)နံပါတ် ကူးပြောင်းလိုက်လျှင်-

၆။ "သိတံ ဂေါ နိဗ္ဗာနံ ယဿာတိ သိတဂူ"လို့ ဖြစ်လာပါသည်။ သိတဂူ ရေအဂ္ဂတော်ကြီးသည် ဘာမဆို လွယ်လွယ်လေးနှင့် ပြီး ပြီးသွားပါသည်။ ခက်ခဲနေတာရယ်လို့ တယ်မရှိလှပါဘူး။ နတ်များ သိကြားများ ဖန်ဆင်းသလို အမြန်ဖန်ဆင်း စီမံဖန်ဘီးနိုင်သောကြောင့် သိတဂူလို့ ခေါ်ရပြန်ပါသည်။ ဂေါ အရ သဂ္ဂအနက်ပဲ ယူကြပါဦးစို့။ သဂ္ဂ အရ သဘာဝ သဘောဆိုတဲ့အနက်ကိုလဲ ဟောနိုင်ပြန်သည်။ ဒါကြောင့် (၇)နံပါတ် ကူးပြောင်းလိုက်လျှင်- သိတ က စင်ကြယ်တဲ့ အနက်ပေါ့။ စင်ကြယ် ကောင်းမြတ်သော သဘော ရှိသောကြောင့်-

၇။ နံပါတ်အတွက်"သိတော သုဒ္ဓေါ ဂေါ သဘာဝေါ ယဿာတိ သိတဂူ" ဟု ဝိဂ္ဂဟ ကျင်းရပါတော့သည်။ တခါ ဂေါ ဆိုတဲ့ သဒ္ဒါ က စာဂဝိသေသ စွန့်ကြဲခြင်းအထူး၊ အလှူထူး ယူပြီးလျှင် စင်ကြယ်မှုယူ၍(၈) နံပါတ်ကို ကူးပြောင်းလိုက်လျှင်-

၈။ "သိတော သုဒ္ဓေါ ဂေါ စာဂဝိသေသော ယဿာတိ သိတဂူ"ဟုဖြစ်လာပြန်သည်။ အလွန်ကြီးကျယ်တဲ့ အလှူပေးအဖွဲ့ကြီး ဖြစ်တဲ့အတွက် ဘာဘယ်အကျိုးမဆို ပြီးမြောက်နိုင်မှု အလှူထူးကြီး ဖြစ်သောကြောင့် (၈) နံပါတ် သိတဂူအတွက် တဆင့်လှမ်းရပြန်ပါသည်။

တဖန် ဂေါ သဒ္ဒါ နေဟောကြပြန်၍ နေဟောဂေါကို ဥပမာတဒ္ဓိတ်ကျင်း၍ "ဂေါဝိယ ဂေါ"နေ နှင့်တူသော အလှူလုပ်ငန်းကိုကောက်ယူပြီးလျှင် သိတဂူတဖွဲ့လုံးကလဲ တောင်ရိုးပျော်သူတော်စင်တို့၏ကိစ္စကို ပြီးစေနိုင်သောကြောင့် နောင်တမလွန်တွင် သတ္တဝါအားလုံး ချမ်းသာရေးကို ပေးနိုင်ပြီး သမ္မာသမ္ဗုဒ္ဓဗောဓိကို ရဦးမှာ ဖြစ်သောကြောင့် သိတ က သိဒ္ဓိအနက်ကို ယူပြီး "သိတံ သိဒ္ဓံ ဂေါဝိယ သူရိယသဒိသံ ကမ္မံ တေသာတိ သိဘဂူ"ဟု ကွင်းဆက်လိုက်ပြန်ပါသည်။ (၉) နံပါတ်အတွက် တချက်ကြံရယင်တော့ ဂေါသဒ္ဒါက နာနတ္ထကောသအဘိဓာန်အလို ဘုံကိုဟောနိုင်ပါသတဲ့၊ နိဗ္ဗာန်သည် ဘုံမဟုတ်သော်လည်း ဘုံဟုကြံဆ၍ ခေါ်ကြသည်။သည်လိုမဟုတ်ယင် နိဗ္ဗာန်သည် အဝတ္ထာ ဘုံဟု တိုက်ရိုက် သုံးနိုင်သောကြောင့် သိတဂူ အဖွဲ့သည် သန္တိသုခနိဗ္ဗာန်ဘုံရှိသောကြောင့်-

၉။ "သိတာ ဂေါ နိဗ္ဗာန ဘူမိ ယဿာတိ သိတဂူ"ဟု (၉)နံပါတ်သို့ ပြောင်းလိုက်ရပြန်ပါသည်။ (၉)နံပါတ်ပြီးတော့ (၁၀) နံပါတ် အတွက် ဘယ်လိုကြံမလဲဆိုယင် ဂေါသဒ္ဒါက ဝရဇိန်လက်နက် မိုးကြိုးစက်ပါ၊ သိတက မြဲမြဲ ခိုင်ခံ့သော အနက်ယူပြီး ဂေါကိုလည်း ဂေါဝိယ ဂေါ ဟု ဥပမာဆင့်ပြီးလျှင် မြဲမြဲ ခိုင် ခံ့သော ဝရဇိန်လက်နက် မိုးကြိုးစက်နှင့်တူသော

ဆောင့်ငါးရာ ကိလေသာတွေကို ဖြို ခွင်းနိုင်သော အရဟတ္တမဂ် လက်နက်ရှိသောအဖွဲ့ ဖြစ်သောကြောင့် "သီတံ ဒဠှံ ဂေါဝိယ ဝဇီရသဒိသံ အာဝုဓံ ယဿာတိ သီတဂူ"ကုလိသနပုံး ဖြစ်၍ နပုံးလိင်ဖြင့် ဝိဂြိုဟ်ကျင်းပြီးလျှင်(၁၀) နံပါတ်သီဘဂူဖြစ်လာပြန်ပါသည်။ (၁၁)နံပါတ် အတွက်ကတော့ ဂေါသဒ္ဒါက လ ဟောပေါ့၊ သီဘကတော့ အအေးဂုဏ်ကိုယူပြီး ဂေါ အရ စန္ဒကိုလဲ မှချမယူရ၊ ဂေါဝိယ ဂေါ ဟု လုပ်ပြီး(၁၁) "သီဘာ သီတလာ ဂေါဝိယ စန္ဒသဒိသာ မေတ္တာ ဓာတု ယဿာတိ သီတဂူ" အေးမြသောလနှင့် တူသော မေတ္တာဓာတ်ရှိသောအဖွဲ့ ဖြစ်လာပြန်ပါသည်။

သီတဂူအဖွဲ့မှာ စစ်ကိုင်းတောင်လျှင် တည်ရာ အရပ်ရှိပါသည်။ စစ် ကိုင်း တောင် သည် သူတော်ကောင်း သူမြတ်လောင်းတို့၏ တည်ရာ ဖြစ်ပါသည်။ ထို့ကြောင့် စင်ကြယ်ပါသည်။ သီဘာအရ စင်ကြယ်မှုကို ယူပြီးလျှင် (၁၂) နံပါတ်သို့ကူးပြောင်းကာ စင်ကြယ်သော အရပ်ရှိသောအဖွဲ့ဟု ရပါသည်။

သီဘဂူချောင်နေရာသည် ပထမ မဟာဂန္ဓာရုံ ဆရာတော်ကြီးများ သီတင်းသုံးသွားပါသည်။ မဟာဂန္ဓာရုံဆရာတော်ကြီးကို အရိယာပုဂ္ဂိုလ်ဟု အားလုံးကပဲ သမုတ်ကြပါသည်၊ ထို့ကြောင့် ဆရာတော်ဘုရား၏မြေသည် စင်ကြယ်သောမြေပါ။ ဒီမြေပေါ်တွင် သီဘဂူချောင် တည်ပြီး သီတဂူအဖွဲ့ ဖွဲ့သောကြောင့် စင်ကြယ်သောမြေ ရှိသော အဖွဲ့ဟု အဓိပ္ပါယ် သက်ရောက်အောင်–

၁၃။ "သီဘာ သုဒ္ဓါ ဂေါဘူမိ ယဿာတိ သီဘဂူ"ဟု (၁၃)နံပါတ်ဘက်သို့ လှမ်းလိုက် ရပြန်ပါသည်။ (၁၄)နံပါတ်အတွက် ဘယ်လို ကြံရမလဲဆိုယင် ဂေါ အရ စက္ခု- မျက်စိကိုယူ။ မျက်စိကလည်းသာမန်မျက်စိမဟုတ်ပဲ ဉာဏ်မျက်စိကို ယူလိုလျှင် ဂေါဂိယဂေါဟု ဥပမာဆင့်ပြီး—

၁၄။ နံပါတ်သို့ ကူး ပြောင်း လိုက် လျှင် အလွန်ကြီးကျယ်တဲ့ ကုသိုလ်ကို ဉာဏ်မပါလျှင် မပြီးပါ။ ဤဉာဏ်ပညာသည် မြင့်မြတ်စင်ကြယ်တဲ့ပညာပါ။

ဤပညာဖြင့် နိဗ္ဗာန်နန်းသို့ မြန်းကြရဦးမှာ ဖြစ်ပါသည်။ သို့ဖြစ်၍ မြင့်မြတ်သန့်ရှင်း စင်ကြယ်သော ပညာရှိသောအဖွဲ့သည် သီတဂူ ဟု မော်ကွန်းထိုးလိုက်ရပါသည်။ (၁၅) နံပါတ် အတွက်ကိုတော့ ဂေါကို ဣသိ ဟု ဖွင့်ပါသည်။ ဣသိ ဆိုတာ ရသေ့ဟု အားလုံး ထင်နေကြပါသည်။

၁။ ရဟန်း၊ ၂။ ရဟန္တာ၊ ၃၊ ပစ္စေကဗုဒ္ဓါ၊ ၄။ ဘုရား အထိ ယူနိုင်ပါသည်။ ဣသိကလည်း သာမန်ဣသိ မဟုတ်၊ ဝိသေသ ဣသိဟု ဖွင့်ဆိုပါသည်။ ဒီအဖွဲ့ကြီးမှ ထူးကဲသော သီတဂူ ဆရာတော် အမှူးရှိသော ရဟန်းထူး ရဟန်းမြတ် ရှိသောကြောင့်–

၁၅။ "သီတာ ဂေါ ဂါ ဝါ ဣသိ ဝိသေသာ ယဿာတိ သီတဂူ"ဟု (၁၅)နံပါတ်ဖြင့် နိဂုံးချုပ်၍ အဆုံးသတ်လိုက်ရပါတော့သတည်း။

အလောင်းတော်ကြီးများ အဓိဋ္ဌာန်၍သစ္စာပြုခဲ့လျှင် ကမ္ဘာဆုံးအောင် တည်နိုင်သည်ဟု အခြားတနေရာ၌လည်းကော့င်း၊ (ဗောဓိသတ္တာနဉ္စ) ဟိတူ ပစာရဿ မဟန္တကာယအဓိဋ္ဌာန်သမိဇ္ဈတိ၊ အစီးအပွားကို ဆောင် ရွက် သော ကျေးဇူး များသည်၏ အဖြစ်ကြောင့် ဘုရားလောင်းတို့အား အဓိဋ္ဌာန်သည် ပြည့်စုံ၏ဟု ဇာတ်အဋ္ဌကထာ(ပ) စာမျက်နှာ–၁ဂဂတွင် ဆိုသောကြောင့်လည်းကောင်း၊ သီဘဂူဆရာတော်

ကိုလည်း ဘုရားလောင်း မဟုတ်ဟု မည်သူမျှ မဆိုနိုင်ပါ။ အလွဲသားအပေါင်းကိုလည်း ဘုရားလောင်းဟု မည်သူမျှမဆိုနိုင်ပါ။ သီတဂူဆရာတော် စသူတို့၏သစ္စာအဓိဋ္ဌာန်ကြောင့်တကမ္ဘာလုံး တည်နိုင်သည်ဟူသော အကြောင်းကို နိဂုံးအနေဖြင့် ရှစ်ဆယ်ပေါ်တေးထပ် ရေးစပ်လိုက်ရပါတော့သတည်း။

## ရှစ်ဆယ်ပေါ် တေးထပ်

ငုံးမင်းကြီးအိမ် ဝေဠုပုံလိပ်၊ ငွေယုန်တံဆိပ် သီတဂူ၊ ထေရ်အစုံဟိတဲ့ကြောင့် ဤဇမ္ဗူမှာ၊ အရည်ဖြူကာ ဂုဏ်ရောင်လွှမ်း။ ဘဒ္ဒကပ်ဆုံး စွဲသုံးတည်အောင်၊ သဲကုန်းမထေရ်သစ္စာဟုန်က စွမ်း။ အလောင်းတော်မြတ် အလားယူမယ်၊ စကားကြည်ဖြူ သစ္စာကမ်း။ မှား သီတဂူ မေတ္တာစွမ်းရယ်ကြောင့်၊ ချစ်စရာစခန်း ဝေယျာ မြေ။ သီတဂူရေ ကြည်ဖွာပုံး။ ဤကမ္ဘာလုံး တည်ဖို့ဓိဋ္ဌာန်ပေ။ ငုံးမင်းကြီးအိမ် ဖြူသိမ့်ပေပြီ၊ မှုရှိန်မဝေ ချမ်းသာရဖို့၊ စန်းလွှာတလ ဖွေထုံဟာအစုံပါ၊ ငွေရုပ်ယုန်ပမာ၊ သီတဂူရွှေနန်း ငွေစန်းလွှာမှာ၊ မသွေဘာမ်းသာ တည်ရစ်မှာမို့လေး၊ ပါရမီသစ္စာ လှစ်ဟဆောင်ပေပြီ၊ မေတ္တာအရောင်တွေ အုပ်ဖုံးကာလို့လေး။

အရှင်ပညဝန္တ
အဘယာရာမကျောင်း။






သီတဂူဟူသော ဝေါဟာရသည် တရားမမှ နှင့်စပ်၍ဖြစ်စေ၊ အလှူဒါနနှင့် စပ်၍ ဖြစ်စေ သဒ္ဓါပြည့်ဖုံး ရှင် လူအားလုံးတို့အတွက် ဒီ‌ထူး အသုံးတွင်ကျယ် ခေတ်စားနေသော စကားမွန် တခုဖြစ်ပါသည်။ ထုတိပြဘာ မင်္ဂလာ ရှိလွန်း ပြည့်လွန်းသော စကားမွန်လည်း ဖြစ်ပါသည်။

''သီတဂူ''စကားလုံးကို ကိုယ်တိုင်အသုံးပြု သည်ဖြစ်စေ၊အသံကိုကြားရသည်ဖြစ်စေ၊ပြည်သူ တို့၏ အသိဓာတ်တွင်''သီတဂူ''ကို စတင်ဖန်တီး သော သဲကုန်း သပိတ်အိုင်ဆရာတော်ကို ထင် မြင်လာကြပါသည်၊ ယိုမှတဆင့် ဆရာတော်၏ လုပ်ဆောင်ချက်''သီတဂူ ရေအလှူတော်'' ကို ထင်မြင်လာကြပါသည်။ သို့ဖြစ်၍ သီတဂူ ဝေါ ဟာရ၏ပင်ကိုယ်သွက်ဆိုလိုချက်အနက်အဓိပ္ပါယ် ကို သိထားရန် လိုအပ်ပါသည်။ သီတဂူသည် ပါဠိဝေါဟာရတခုဖြစ်၍ ဦးစွာ ပါဠိဖွင့်ဆိုချက် များကို မှီငြမ်းပြီး အဓိပ္ပါယ် ဆိုလိုချက်များကို ရေးသားပါမည်။ ထိုသီတဂူ ပါဠိစကားလုံး၏ မြန်မာစကားလုံး ပန်းကုံးတဲသို့ ထည့်သွင်း အသုံးပြု အပြောက်အမွန်းခြယ်မှုကို ထုတ်ပြ ပါမည်။

''သီတံ ဂစ္ဆတိ ဂစ္ဆေသတီတိ သီတဂူ'' အေးမြသောနိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် သီတဂူမည်ရာ သဲကုန်းဆရာတော် ဦးဆောင် သော ရေလှူအဖွဲ့သည် ရေအလှူဒါနဝတ်ဖြင့် နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် သီတဂူဟု ခေါ်ဆိုခြင်းသည် လိုက်လျော ညီ‌ထွေသော အမည်နာမပင် ဖြစ်ပါသည်။

''သီတံ ဘဝံ ဂန္တုံ သီလံ ယဿ ာတိ သီတဂူ'' အေးမြသာယာ သော ဘဝ သို့ သွားလေ့ရှိသူ သည် သီတဂူမည်ရာ ဆရာတော်နှင့် သီတဂူ အမည်သည် လိုက်ဖက်ညီညွတ်လျက် ရှိပါသည်။

တနည်းအားဖြင့် သီတဂူအမည်ကို သီတ+ ဂေါဟု နှစ်ပုဒ်ခွဲ၍ ဂေါသဒ္ဒါ၏အနက်ကို သဒ္ဒ နီတိ ဆရာတော်က ပဒမာလာ ၃၁၀ ၌–

ဂေါ ဂေါဏော ဝိဒ္ဒြိယေ ဘူမျံ၊
ဝစနေ စေဝ ဗုဒ္ဓိယံ။

အာဒိစ္စေ ရသ္မိယမ္ဗြဝ၊
ပါနီ ယေ ဝိစ ဝတ္တတေ။

တေသု အစ္ဆေသု ဂေါဏောဟိ၊
ပုမာ စ ဉာတရေ ပုမာ။ ။

ဟု အနက်ရှစ်မျိုးထုတ် ဖော်ခဲ့ပါသည်။

ဂေါ၊ ဂေါသဒ္ဒါသည်။ ဂေါဏော စ၊ နွား ၌ လည်းကောင်း။ ဣန္ဒြိယေ၊ စက္ခု စသော ဣန္ဒြေ၌ လည်းကောင်း။ ဘူမျံ၊ မြေ ၌ လည်းကောင်း။ ဝစနေ ဝေဝ၊ စကား၌လည်းကောင်း။ ဗုဒ္ဓိယံ စ၊ ဉာဏ်ပညာ၌လည်းကောင်း၊ အာဒိစ္စေ၊ နေ၌လည်းကောင်း။ ရသ္မိယံ ဧဝ၊ အရောင်၌ လည်းကောင်း။ ပါနီယေ ပိစ၊ ရေ၌ လည်း ကောင်း၊ ဝတ္တတေ၊ ဖြစ်၏။ တေသု အဋ္ဌသု၊ ထိုအနက်တို့တွင်။ ဂေါဏော၊ နွားအနက်၌။ တိ ပုမာ စ၊ ဣတ္ထိလိင် ပုလ္လိင်သာတည်း။ ဣတရေ၊ နွားမှ တပါးသော အနက်၌။ ပုမာ၊ ပုလ္လိင်သာ တည်း။

ဤသဒ္ဒနီတိဆရာတော် ဖွင့်ပြသော အနက် ရှစ်ချက်ဘို့တွင် အရောင် အနက်ကို ဟောနိုင် ကြောင်း သာဓကထုတ်ရာ၌-

ဥဏှာရူတိ ဧဓွ ပန ဂေါသ ရသ္မိယံ ဝတ္တတိ။
ဥဏှာ ဂါဝေါ ရသ္မိယော ဧတဿာတိ ဥဏှဂူ၊ သူရိယော။
ပုဗ္ဗာ စရိယာဝ ဓ ဆန္ဒောဝိစိတိ သဓ္ဓ ဋ္ဌမ မေဝအတ္ထံ ဗျာကရိံသု။ ။

ဟု ဖွင့်ဆို၍ ဥဏှဂူကို ပုံစံ ပေးခဲ့ပါသည်။ ဥဏှဂူကား ပူသောအရောင်ရှိသော နေမင်းဟု အဓိပ္ပါယ်ရပါသည်။

ဂေါသဒ္ဒါ၏ အရောင်ဟောမှု ဖွင့်ဆိုခြင်း သည် မိမိသာမဟုတ်၊ ရှေး ဆရာတော်များ လည်း ဆန္ဒောဝိစိတိကျမ်း၌ အရောင် အနက် ဟောကြောင်း ဖွင့်ဆိုခဲ့ကြသေးသည်ဟု သက် သေထူသွားပါသေးသည်။

သီတဂူပုဒ်သည်း ဥဏှဂူပုဒ်နှင့် အလားတူ ဖြစ်၍ "သီတာ သီတလာ ဂါဝေါ ရသ္မိယော ဧတဿာတိ သီတဂူ၊ စန္ဒော" ဟု ဝစနတ်ပြု နိုင်ပါသည်၊ သို့ဖြစ်၍ သီတဂူပုဒ်ကို အေးမြ ကြည်လင်သော အရောင် အလင်းရှိ လမင်းဟု ပြန်ဆိုရပါမည်။ သီတဂူ၏ မှချကောက်ယူရမည် မှာ မြင်းမိုရ်ခါးပန်း ယုဂန်စွန်းမှ လေးကျွန်း လှည့်၍ ကမ္ဘာသူကမ္ဘာသားတို့ ကျေးဇူးပြုနေ သော လမင်းပင် ဖြစ်ပါသည်။

သီတဂူဆရာတော်ဦးဆောင်သော ရေအလှူ အဖွဲ့ကို ကောက်ယူနိုင်ရန် "သီတဂူ ဝိ၊ ဝါတိ သီတဂူ" ဟု ဥပမာတဒ္ဓိတ်ဆင့်ရပါမည်။

ညခင်းမှာ ပဝင်းသော လမင်းကြီးကို မသာ ယည်းဘာ, သာသည်းတ ကမ္ဘာတန်းဆာ လစန်း ရတနာကြီး အဖြစ် ပြည်သူအများ မြတ်နိုးကြ သည်။ လမင်း မမှိန်မပြ အရှိန်လှလှဖြင့် သာ သောအခါ သတ္တဝါအားလုံး မိမိတို့နေရာအသီး သီးမှထွက်ကြ၍ လရောင်ဆမ်း မြေကမ္ဘာတွင် ပျော်ကြသည်။ လရောင်၏ အေးမြသော ရောင် ခြည်ဖြင့် ထွေးပိုက်မှုကိုခံယူယင်း ငြိမ်းချမ်းခဲ့ကြ သည်။

သီတဂူ အမည်သင်းကြူသော ဆရာတော် အရှင်ဉာဏိဿရ လမင်းကြီးကိုလည်း ဓမ္မောဇ ပြည့်လျှမ်း တရားရောင်ခြည်ဝန်းရှိနေ၍ မလာ လည်းတ, လာလည်းတ ဓမ္မတန်းဆာ ရဟန်း ရတနာကြီးအဖြစ် ပြည်သူအများ မြတ်နိုးကြ သည်။ ဘုရားမြတ်၏ တရားဓမ္မကို ထပ်ဆင့်ထုတ် လွှင့်သည့် ဆရာတော်၏ ဓမ္မအလင်းများ မမှိန်မပြအရှိန်လှလှဖြင့် ဖြာသောခါ သတ္တဝါ အားလုံးတို့သည် မိမိတို့နေရာ ကာမရတိဌာန မှ အသီးသီးထွက်ကြ၍ ဓမ္မပီတိဖြင့် ပျော်ကြ သည်။ ဆရာတော်တရား၏ အေးမြသော ရောင် ခြည်ဖြင့် ထွေးပိုက်မှုကို ခံယူယင်းငြိမ်းချမ်းခဲ့ကြ

ရပေသည်။ သတ္တဝါတို့၏ ပူပန်မှုဒုက္ခကို တဒင်္ဂ ပဟောန်ဖြင့် ပယ်လှန် ငြိမ်းအေး စေနိုင်ခဲ့ပါ သည်။

ဤသို့ သီတဂူလမင်းနှင့် တူသောကြောင့် သီတဂူ ဆရာတော်နှင့် ဆရာတော် ဦးဆောင်သောအဖွဲ့ကို သီတဂူဟု ခေါ်ဆိုရခြင်း ဖြစ်ပါ သည်။

ထို့ပြင် ဂေါသဒ္ဒါသည် ဣန္ဒြေကိုဟောခိုက် "သီတာ ဂါဝေါ သဒ္ဒါဒီနိ ဣန္ဒြိယာနိ စေ ဿာတိ သီတဂူ၊ မဟာဒေဝေရော" ဟု ဝိဂြိုဟ် ပြု၍ နိဝရဏမြူကင်း ငြိမ်းချမ်း ကြည်မြသော သဒ္ဓါပညာ စသော ဣန္ဒြေရှိ သော ကြောင့် သီတဂူမည်လေရာ ထိုအမည်သည် နာမ၊ နာမ ကမ္မ၊ နာမဓေယျ၊ နာမနိရုတ္တိ၊ နာမဗျဥ္ဇန၊ နာမာဘိလာပ ဖြစ်၍ ထိုက်ထိုက် တန်တန် ဖြစ် ပေါ်လာသော အမည်ထူးတခုပင် ဖြစ်ပါသည်။

ဂေါသဒ္ဒါသည် မြေကြီးကိုလည်း ဟောနိုင် ပြန်ရာ "သီတာ သီဘလာ ဂါဝေါ ဘူမိယော ဧတဿာတိ သီတဂူ" ကြည်လင်သန့်ရှင်းသော မြေနှင့် အလား ပညာ သမာဓိ များ ရှိသော ကြောင့် သီတဂူ။

သီတ၏ သန့်ရှင်းခြင်းအနက် ဂေါ၏စကား အနက်ယူ၍ ''သီတံ အမလံ ဂေါဝစနံ ဧတ ဿာတိ သီတဂူ'' ဖွင့်ဆိုလျက် သန့်ရှင်းသော စကားရှိသူသည် သီတဂူမည်လေသည်။ ဒို့ဖြစ် ၍ ဆရာတော်သည် တရားဟောရာ ပြောရာ၌ သန့်ရှင်းသော စကားရှိသူဖြစ်ရကား သီတဂူ အမည်ယူခြင်းသည် စံကိုက်ဖြစ်ပါသည်။

"သီတံ ဂေါပါနိယံ ဧတဿာတိ သီတဂူ" အေးမြသော ရေရှိသူသည် သီတဂူဟု ခေါ်ဆို နိုင်ရာ ဓမ္မရေအေး သဘာဝရေအေးများ ရှိ၍ ဝေပေးနေသူ အရှင်မြတ်၏ သီတဂူ အမည် ကား သဘာကျ၍ အားရစရာ ကောင်းလှ ပါသည်။

ဆရာတော်သည် ထိုက်ထိုက်တန်တန် 'သီတဂူ' အနွတ္ထအမည်ကို ယူနိုင်ပြီဖြစ်၍ ရေလှူသီတဂူ အဖွဲ့လည်း မကောင်းရာမကောင်းကြောင်း သို့မဟုတ် ပဓာန နည်းများဖြင့် သီတဂူအမည်ကို လက်ခံ ကြည်ဖြူနိုင်ပါသည်။

ပိဋကတ် တော နက် ဂနိုင်ဝယ် သဒ္ဒါဆင် ကြမ်းကို မပမ်းလွယ်ကူ ဖမ်းယူနိုင်သော ခြသေ့် မင်းပညာရှိကြီးများ သဒ္ဒါအနေဖြင့် ကြံဆလို သော ရှုထောင့်မှ ကြံဆတင်ပြလိုသမျှ တင်ပြလာ ကြပါစေ၊ သီတဂူဆရာတော်သည် လိုက်လျော ညီထွေလက်ခံနိုင်သော အခြေအရည်အချင်းများ ရှိနေသည် ဟု မစ္ဆေရ ကင်း သော ပရိယတ္တိ အသင်းမှယုံကြည်ပါသည်။

ဤမျှဖြင့် ပါဠိစာပေရှုထောင့်မှ သီတဂူဝေါ ဟာရ၏ ပင်ထွက် အဓိပ္ပာယ် တို့ ကို အ[illegible] အလျောက်တင်ပြပြီးပါပြီ။

မြန်မာစာပေ ကဗျာလင်္ကာ ပန်းမျက်နှာ ကြက်တွင် 'သီတဂူ' ပန်းတပွင့် မြုပ်နှံခြယ်သ ပေးမှုကို လက်လှမ်းမီသမျှ သိသာရုံတင်ပြလိုပါ သည်။

စာဆိုတော်ဦးပုည၏ ရှင်ဖူးဇလွန်သို့ ပေး သော မေတ္တာစာတွင် သီတဂူပုဒ်ကို ဖော်ထုတ်ခဲ့ ပါသည်။ သီတဂူ၏ အနက် အရကောက်လည်း ပေါ်ပေါ်လွင်လွင်ရှိပါသည်။

"ပတ္တမြားငွေကြုု၊ ယုန်တံဆိပ်သီတဂူ၊ မြ

ကျောက်ရိုပ်လှ လူ''ပင်ဖြစ်ပါသည်။ ဦးမင်း၏ ၁၂ ရာသီလေးချိုးများတွင်-

''ပြသာဒ် ဆောင်ဖြူ၊ သီတဂူနှင့်၊
ရည်တူယှဉ်းကာ၊ မွန်းတည့် သာသို့။
ဆိုင်းလှပမာ၊ ဝိသာခါနှင့်၊ ဝဲ၄ါအတူ၊
သီဘဂူလဲ၊ ညီမူဓလေ့။ငွေစံတော် ယုန်
သီဘနှင့်၊ မာဃယှဉ်ပြိုင်တင့်ပါဘိတယ်၊
မိုးမြင့်ရိပ်ဝေ''

စသည်များဖြစ်ပါသည်။

တောင်ရိုးပျော် သူတော်စင်တွေ၏ တောင့်တချက်ဖြင့် ကဆုန်လပြည့်နေ့၌ ပေါ်ထွက်ခဲ့ရသော ရေဇလျှတော် သီတဂူသည် ပြည်သူအများတောင့်တချက်ဖြင့် တပေါင်းလပြည့်နေ့၌ ပေါ်ထွက်ခဲ့ရသော ထွန်းစည့်ထွန်းစည့်၊ ကျွန်းကျွန်းလှည့်သည့်၊ ရွှန်းပြည့်သရေ မွန်းတည့်ငွေလမင်းသီတဂူကဲ့သို့၊ ကမ္ဘာဆုံးတိုင် တည်နိုင်စေချင်ပါသတည်း။

ဦးတင်လှိုင်
ပရိယတ္တိသာသနဟိတအသင်း
မန္တလေးမြို့။






**တေန မေ သမဏာ ပိုယာ**

( ၁ )

ရောဟိနီနက္ခတ်ကိုအစွဲပြု၍ မှည့်ခေါ်သော အမည် ရောဟိနီ။

သူမ၏ဖခင်ကား ပစ္စည်းဥစ္စာကြွယ်ဝသော ဗြာဟ္မဏမျိုး၊ ဝေသာလီပြည်သား။

ရောဟိနီ၏ အတိတ်အကြောင်းသော်ကား– ဤကမ္ဘာမှပြန်၍ ရေတွက်သော် ၉၁ကမ္ဘာသက် ဝိပဿီဘုရားမြတ်စွာကို မုန့်လှူဖူးသည်။ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့သည်။ တည်ခြင်း ငါးပါးဖြင့် ရှိခိုးခဲ့ဖူးသည်။ ဤကုသိုလ် အခြေတည်ဖြင့် ဘဝများစွာ ပါရမီအခြေခိုင်၍ ဤဘုရားမြတ်စွာလက်ထက်တော်၊ ဝေသာလီပြည် ဗြာဟ္မဏမျိုးမှာဖြစ်လာသည်၊

အတိတ် အကြောင်း လည်း မကျယ်ဝန်းလှပါ။ ပစ္စုပ္ပန်အကြောင်းလည်း မကျယ်ဝန်းလှပါ။ ပစ္စုပ္ပန်အကြောင်းသော်ကား ရောဟိနီ၊ လိမ္မာရေးခြားအရွယ်ရောက်သောအခါ ဘုရားမြတ်စွာ ဝေသာလီပြည်မှာ သိတင်းသုံးခိုက် ဘုရားကျောင်းတော်သို့ သွား၍ တရားနာသည်၊ သောတာပန်တည်သည်။ မိဘများအား သူတော်သမျှမှတ်သမျှတရားပြန်ဟောသည်။ ဘုရားမြတ်စွာသာသနာအပေါ် မိဘနှစ်ပါး ကြည်ညိုလာအောင် သူဆောင်စွမ်းနိုင်သည်။ မိဘနှစ်ပါးကို အနူးအညွတ် ခွင့်ပန်၍ သူသာသနာ့ဘောင်ဝင်သည်။ ဝိပဿနာတရားအားထုတ်သည်။ မကြာမတင် လေးအင်သော ပဋိသမ္ဘိဒါနှင့် တကွ အရဟတ္တဖိုလ်သို့တိုင် ရောက်သည်။

အရဟတ္တဖိုလ်သို့ရောက်ပြီး နောက် သူ၏ကျင့်စဉ်ကို ဆင်ခြင်သည်။ သူငယ်ငယ် သောတာပန်ဘဝတုန်းက သူ့ဖခင်နှင့် အချီအချပြောခဲ့ရသော အကြောင်းများကို ဥဒါန်းအနေဖြင့် ပြန်လည် ကျူးရင့်ခဲ့သည်–

"ချစ်သမီး- သမီးဟာလေ၊ အိပ်တော့မယ်ဆို ကော့လဲ သမဏ သမဏ ဆိုပြီးမှ အိပ်တယ်၊ နိုးလာပြန်တော့လဲ၊ သမဏ သမဏဆိုပြီးနိုးလာတယ်၊ သမဏ သမဏ ကိုပဲ အသံတွေပဲ သမီးနှုတ်ကထွက်နေတယ်။ သမီးလေးဟာ ဝပ်ကြောင်ဘဝနဲ့ နေမယ့် မြကြာခင်သမဏ မလေး ဖြစ်သွားတော့မယ်ထင်တယ်၊ ဘယ်လိုလဲ သမီးလေးရယ်"

"သမီးလေးဟာ သမဏတွေကို ပူလိုက်တန်းလိုက်တာလဲ တအား ပဲ။ သမီး ရောဟိနီ- အဖမေးပါရစေ၊ သမီးလေးဟာ ဘာကြောင့် များ သမဏတွေကို ဒီလောက်တောင်ကြည်ညို သဒ္ဓါဖြစ်ရတာလဲကွယ်"

"သမီး -စိတ်မရှိနဲ့နော်၊ အဖ မြင်သလောက် သမီးကိုမေးမယ်၊ သမီးကြည်ညိုတဲ့ သမဏတွေ ဟာ အလုပ်လဲ မလုပ်ချင်ကြဘူး၊ ပျင်းလဲပျင်းကြတယ်၊ သူများ ပေးတာကမ်းတာနဲ့ အသက်ရှင် နေကြတယ်၊ လိုချင်မျက်စိလဲ အင်မတန်ရှိကြတယ်၊ အကောင်းလဲ သိပ်ကြိုက်ကြတာပဲ၊ ဒါနဲ့ များ သမီးက သမဏတွေကို ဘာကြောင့် ကြည်ညိုသဒ္ဓါ ဖြစ်နေရတာလဲ သမီးရယ်"

သူ့ဖခင် ပုဏ္ဏားကြီးက ရင့်ရင့်သီးသီး သမီး ကလေးကို မေးလိုက်တော့ သောတာပန် သမီး ကလေးက ဤသို့ ပြန်လည် ဖြေကြားပါသည်။

"ဖခမည်းတော်- သမဏတွေ အကြောင်း ကို မေးစေချင်နေတာ ကြာပါပြီ၊ အခုက ခုမှ ပဲ မေးတော့ သမဏတွေအကြောင်းကို ဖြေကြားပါမယ်၊ ဖြေတဲ့အထဲမှာ အဓိကအားဖြင့် သမဏတွေရဲ့ပညာ, သမဏတွေရဲ့ လုံ့လဝီရိယ အကြောင်းတွေ ထည့်သွင်း ဖြေကြားပါမယ်"

"ဖခမည်းတော်- သမဏတွေဟာ သမဏ ဆိုင်ရာ တာဝန်ဝတ္တရား (ဝတ်ကြီး ဝတ်ငယ်) တွေ မပြတ်ပြည့်တင်း လုပ်ဆောင်တော်မူနေကြပါ တယ်၊ ပျင်းလဲမပျင်းကြပါဘူး၊ ပျင်းချိန်လဲ မရ ပါဘူး။ ခလုပ်တကာ့အလုပ်ထဲမှာ နိဗ္ဗာန်ရောက် ကြောင်း လုပ်ငန်းဟာ အမြင့်မြတ်ဆုံး အကြီးမား ဆုံး လုပ်ငန်းပါပဲ၊ အဲဒီ လုပ်ငန်းကြီး တွေကို အရှိုးကြေကြေ အရေစုတ်စုတ် နောက်မဆုတ် တမ်းကြိုးပမ်းအားထုတ်တော်မူနေကြပါတယ်၊ ရာဂ, ဒေါသ, မောဟ, ဒိဋ္ဌိ, မာန, ဣဿာ, မစ္ဆရိယတွေ အသွင်တကြီး ကိုးပွားစည်ပင်နေ တဲ့ လောကထဲက လွတ်မြောက်အောင် အဲဒီ တရားဆိုးတွေ ပယ်နိုင်အောင် ကြိုးစားတော်မူ နေကြတာပါ။ အဲဒီအကျင့်တွေကြောင့် သမဏ တွေကို သမီးက ကြည်ညိုတာပါ"

"ခမည်းတော်၊ သမဏတွေဟာ—

ကိုယ်ကို နောက်သို့ဆုတ်၊

နှုတ်ကို လုံအောင်ပိတ်၊

စိတ်ကို လုံအောင်ထိမ်းပြီး

ငြိမ်းငြိမ်းချမ်းချမ်း နေတော်မူကြတာပါ၊ အဲဒီ အကျင့်တွေကြောင့် သမဏ တွေကို သမီးက ကြည်ညိုတာပါ"

"ခမည်းတော်- သမဏတွေဟာ ဘုရား မြတ်စွာထံမှသာ ကြားခွင့်ရတဲ့ ပရိယတ္တိ ဗဟု သုတ၊ အသခ်တဓာတ် ပရမတ်နိဗ္ဗာန်နဲ့ ဆက် သွယ်မိမှုရနိုင်တဲ့ ပဋိဝေဓဗဟုသုတ၊ ဗဟုသုတ နှစ်ဖုံနဲ့ ကုံလုံပြည့်ဝတော်မူကြပါတယ်၊ ဓမ္မဝန် ကိုဆောင်ပြီး ဓမ္မနဲ့သာ အသက်ရှင်နေကြတာ ပါ၊ ဓမ္မလမ်းကြောင်း မှန်ရာကိုလဲ ဟောညွှန် တော်မူကြပါတယ်။ အဲဒီ အကျင့်တွေကြောင့် သမဏတွေကို သမီးက ကြည်ညိုတာပါ"

ဤသို့လျှင် ဆက်ကာဆက်ကာ သမဏတို့၏ ဂုဏ်ကျေးဇူးများကို သမီးကလေးထံမှကြားနာရသော ဗြာဟ္မဏဖခင်ကြီးသည် သရဏဂုံ သီလ အစတည်၍ "ဘဝမည်သည် ဘယ်အခါတွင် ဘယ်သူဘာဖြစ်မည် ဟု မသိနိုင်သောအရာပါတကား"ဟု သံဝေဂဖြစ်ပွား၊ ရဟန်းပြု၊ ဝိပဿနာပွား၊ ရဟန္တာတပါးအဖြစ်သို့ ရောက်ဆိုက်သွားပါလေတော့သည်။

ရောဟိနီထေရီမ၏ ဥဒါန်းဂါထာများတွင် "တေန မေ သမဏာ ပိယာ"ဟု (၁၁)ကြိမ်ပါသည်။ ထိုဂုဏ်ကျေးဇူး၊ ထိုအကျင့်၊ ထိုသီလ သမာဓိ ပညာကြောင့် သမဏ(ရဟန်းတော်) သံဃာတော် အရှင်မြတ်များအား ကျွန်မ သမီးကလေးက ကြည်ညိုတာပါ ဟု(၁၁)ကြိမ် ဆိုဖူးသကဲ့သို့ ဤစာရေးသူ ဗုဒ္ဓေါပါသကဆန်းထွန်း တပည့်တော်ကလည်း ရောဟိနီဘိက္ခုနီမ ဆိုအပ်သောနည်းအတိုင်း "တေန မေ သမဏာ ပိယာ"ဟု (၁၁)ကြိမ်ဆို၍ ဤဆောင်းပါးကို ဖွင့်လှစ်လိုက်ပါသည်။

အနာထပိဏ် သဌေးသမီး စူဠသုဘဒ္ဒါက သူ့ယောက္ခမ ကာဠကသဌေးအား ပြောကြားသော "တာဒိသာ သမဏာ မမ" ဖြင့်လည်း ဤဆောင်းပါးကို ဖွင့်လှစ်နိုင်ပါသည်။

(၂)

ဣဓ ထုတျ မိဒ္ဓ ထုတျ၊
ယောသက္က ထောတု မိဋ္ဌတိ။
အပိကပ္ပ သဟဿာယု၊
တဿန္တံ နာဓိဂစ္ဆတိ၊

ဣဓ၊ ဤအရာကား။ ထုတျ၊ ချီးမွမ်းဖွယ်ပါတကား။ ဣဓ၊ ဤအရာကား။ ထုတျ၊ ချီးမွမ်းဖွယ်ပါတကား။ (ဣတိ၊ ဤသို့ နှလုံးသွင်း၍)။ ယော၊အကြင်သူသည်။ သဗ္ဗံ၊ ချီးမွမ်းစရာအဖုံဖုံအသီးစုံကို။ ထောတုံ၊ ချီးမွမ်းခြင်းငှာ။ ဣစ္ဆတိ၊ အလိုရှိငြားအံ့။ ကပ္ပသဟဿာယုအပိ၊ သက်တမ်းကမ္ဘာ ထောင်ချီကြာသည့် ဒီဃာယုကပုဂ္ဂိုလ်ကြီးပင်သော်လည်း။ တဿ၊ ထို ချီးမွမ်းခြင်းကိစ္စ၏ အန္တံ၊ အဆုံးသို့။ နာဓိဂစ္ဆတိ၊ ရောက်နိုင်တော့မည် မယုတ်ပါ။

"လူတွင်ရာသက်၊
ဆတွက်တသောင်း၊
ခံဘွင်း လောင်းသည်၊
အကြောင်းစေ့စုံ၊
မလျှောက်ကုံခဲ့၊
လုံးခြုံမပွက်၊
ရိပ်ကာမြွက်လည်း၊
နှိုင်းဘက်တုဆွယ်၊
ဖြစ်ပါဖွယ်ဟု၊
လူဝယ်မှတ်မိ၊
အပြစ်ရှိအံ့။ ။

(သခင်ကြီး ချောင်း။၁၃ပိုဒ်)

ဆိုသောစကားကဲ့သို့ "မစို့မပို့" ချီးမွမ်းခြင်းမျိုးဖြင့် ချီးမွမ်းရသော်"သီတဂူရေအလျှ" နှင့် ဆီလျော်မှ ဆီလျော်ပါ့ အံ့လောဟုလည်း တွေးချင်ရသေးသည်။

သိကြားမင်းတွင် ဝေဇယန်ဆင် ရှိပါသည်။ ယူဇနာ(၁၅၀)ရှိသည်။ဝေဇယန်ဆင်မှာဦးကင်း(၃၃)ခု ရှိပါသည်။ ဦးကင်း တခု တခုမှာ ဆင်စွယ် ခုနစ်ခုစီ ရှိပါသည်။ ဆင်စွယ် တခုတခုမှာ ရေကန် ခုနစ်ခုစီ ရှိပါသည်။

ဤသို့အားဖြင့် ဝေဇယန်ဆင်ပေါ်မှာ ရေကန်ပေါင်း(၁၆၁၇)ကန်ရှိပါသည်။ ဝေဇယန်ဆင်ပေါ်က ရေကန်(၁၆၁၇) ကန် ဘယ်လိုများ တင့်တယ်ပါလိမ့်မည်နည်း။ သိချင်မြင်ချင်ကြလျှင် စစ်ကိုင်းတောင်ရိုးပေါ်က "သီတဂူ

ရေအလှူ "စိမ်ကိန်း၁၈ရ တပ်ဆင်နေသော ရေကန်များကို သွားရောက် ကြည်ညို နိုင်ကြပါသည်။

"အကြင်သူသည် မွေ့လျော်ဖွယ် ကြည်ညိုဖွယ်ကောင်းလှသော ဇေယျာပုရ သဒ္ဓမ္မသီတဂူ ရေအလှူတော် စိမ်ကိန်း၀င် ရေရှင်လမ်းများ ယန္တရားအသွယ်သွယ်ကို မတွေ့ဖူးအံ့၊ ထိုသူသည် နန္ဒနာ မည်သော သိကြားချိုးရန် ရေကန်ကြီးကို တွေ့ဖူးသည် မြင်ဖူးသည် မမည်ပါ"။

"အကြင်သူသည် မွေ့လျော် ကြည်ညိုဖွယ်ကောင်းလှသော ဇေယျာပုရ သဒ္ဓမ္မသီတဂူ ရေအလှူတော်စိမ်ကိန်း၀င် ရေရှင်လမ်းများ ယန္တရားအသွယ်သွယ်ကို တွေ့ဖူးအံ့၊ ထိုသူသည် နန္ဒနာမည်သော သိကြားချိုးရန် နန္ဒနာကန်ကြီးကို တွေ့ဖူးသည်၊ မြင်ဖူးသည် မည်ပါ၏"။

တပည့်တော်များ ဤသို့ပင် ထင်မှတ်ပါသည်ဘုရား။

"ခြောက်ဘုံနတ်ရွာ ပြဟ္မာတလွှား များစွာသော နတ်ပြဟ္မာတို့သည် မဟာနန္ဒာ, စူဠနန္ဒာအမည်ရှိသော နတ်ရေကန်များကို စွန့်ခွာဖယ်ရှားထားခဲ့ကြ၍ သဒ္ဓမ္မသီတဂူ ရေအလှူတော်ပွဲကို ကြည်ညိုကြရန် ယခုအခါ လူ့ရွာသို့ ဆင်းလာကြပါပြီ။ ထို နတ် ပြဟ္မာတို့သည် သဒ္ဓမ္မသီတဂူ ရေအလှူတော်ပွဲကြီးကို တွေ့မြင်ကြရသောအခါ အလွန်အံ့အဲ ရောင့်ရဲတင်းတိမ်နိုင်သည်မရှိ၊ ပီတိတွေဝေဖြာ၍ စေတနာ သဒ္ဓါ တရားတွေ အထူးတိုးပွားကြပါသည်ဘုရား"

"နိုင်ငံတော်၏ ဘုန်းကံရှိန်ကြောင့် ဖြစ်ပေါ်ရသော ဘုရားမြတ်စွာ၏ ဘုန်းတော် ကံတော် ဖြင့်ခြယ်လှယ်ဆင်သထားအပ်သောသဒ္ဓမ္မသီတဂူ ရေအလှူစိမ်ကိန်းကြီး၏ ဂုဏ်ကျေးဇူး အဖုံဖုံကို စုံလင်အောင် ကုန်စင်အောင် ဘယ်သူဆိုနိုင်ပါအံ့နည်းဘုရား"

( ၃ )

(၁) သီတဂူစန်းလ၊ ပန်းသကမ္ဘူ၊
အိုင်သာအနေ၁တတ်၊ပြောစမှတ်ရှင်လူ၊
မေတ္တာအမှု၊ စန္ဒကူး အရည်တူ၊
ရေဒါန၊ သာစွ သီတဂူ။

(၂) အိမ်ကိုမီးလောင်၊
သယ်ဆောင်နိုင်သမျှ၊
ကိုယ်ဖို့ရ၏၊
လောင်သမျှမှာကား၊
ပြာဖြစ်သွားခဲ့၊
တရားနှစ်ထွေ၊
သေခြင်း, အိုခြင်း၊
မကင်းနိုင်သော၊
လောကဘောင်ကြီး၊
ပြောင်းပြောင်ညီးသည်၊
လောင်မီး မျိုဝါး၊
အတွေ့သားနှင့်၊
တရားမယူ၊
အမှားမူဖြင့်၊
စား လှူနှစ်ချက်၊
မပြုရက်သော်၊
လက်လွတ်ဆုံးရှုံး၊
ယူကုန်းမရ၊
ဝမ်းနည်းကြလိမ့်၊
မီးမခ, ခင်၊
တင်တင်ကြိုကြို၊
ကိုယ်ကဦးစေ၊
ရေစင် သီတဂူ၊
အမိလှူမှ၊
ပူမျိုးစုံကင်း၊
အေးကွက်နင်းမည်၊
နေခင်း သာစွ နေရဗာန်--။

ဆန်းထွန်း

# သီတဂူကန်တော်ဘွဲ့

အရှင်မဟာသဓပဏ္ဍိတ

၁။ ဒိဝေ ဒိဗ္ဗာနုဘာဝေန၊
ဇာတာ နန္ဒာဝ သောဘနာ။

ဇေယျမှိ သီတဂူ နန္ဒာ၊
သာဓုဇ္ဇနာန တေဇသာ။ ။

ဒိဝေ၊ သုံးကျိပ် သုံးပါး နတ် သိကြားတို့ စံစားရှင်ပျော် နတ်မြို့တော်၌၊ ဒိဗ္ဗာနုဘာဝေန၊ အပေါင်းရွှေညီ ဘုံကိုယ်စီဝယ် ထို၌ပျော်ပါး နတ်အများ၏ ကြီးမားတေဇာ ဘုန်းသမ္ဘာကြောင့်။ သောဘနာ၊ စိန်ခြယ်မြရံ တင့်ပေဟန်သို့ အမွန်အံ့ဖွယ် လွန်တင့်တယ် သော။ နန္ဒာ၊ စိမ်းလဲ့ကြည်သာ ရေသီတာနှင့် ပြည့်ကာ လျှမ်းထယ် ဆန်းတကြယ်ဖြင့် နန်းလယ်ထင်ပေါ် နန္ဒာကန်တော်ကြီးသည်၊ ဇာတာဣဝ၊ နတ်တို့နန်းမြေ စခန်းဗွေဝယ် အပန်းဖြေကာ မွေ့ပျော်ရာဖို့ မှန်စွာမသွေ ဖြစ်ပေါ်၍လာရ လေသကဲ့သို့။ ။

ဧဝံ၊ ပမာထားယူ မခြားအတူသာလျှင်။ ဇေယျမှိ၊ တောမှီခိုဝင် သူတော်စင်နှင့် စာသင်စာချ သောတုဇတို့ ထာဝရပျော်မှီး ဇေယျာတောင်တော်ကြီး၌။ သာဓုဇ္ဇနာနံ၊ သီတဂူတွင် ထေရ်အရှင်နှင့် ဖွဲ့ဝင်ဦးဆောင် ညီနောင် သုံးပါး စိတ်ကောင်းထားသည့် အများကျိုးမျှော် ရဟန်းတော်တို့၏။ တေဇသာ၊ မဟော်ဇာနီ တသာကီသို့ ဉာဏ်ရည်ရွှေ့သွား အားထုတ်မှု စွမ်းပကားကြောင့်။

သာဓုဇ္ဇနာနံ၊ သီလသမာဓိ ပညာဟု သိက္ခာ သုံးသွယ် အမှန်ထယ်၍ ကျင့်ဖွယ်တရား ရှုမှတ်ပွားသည့် စိတ်ထားကြည်လင် သူတော်စင်တို့၏။ တေဇသာ၊ ကံအရှိန်မြင့် တသိရ်တင့်လျက် ထိန်ဝင့်ဝေဖြာ ဘုန်းသမ္ဘာကြောင့်။ သီတဂူ နန္ဒာ၊ အများပြည်သူ ညီတမူဖြင့် သီတဂူ တွင်ခေါ် နန္ဒာကန်တော်ကြီးသည်။ ဇာတာ၊ မြန်မာ့တိုင်းခွင် သမိုင်း တင်လျက် နှိုင်းယှဉ်ဘက် ကင်း စံမယှဉ်းဖို့ ထင်လင်းမသွေ ပေါ်ပေါက်၍ လာခဲ့ပါပေသတည်း။ ။

၂။ ပယောဒန္တိ ဝိကူဇန္တာ၊
ယတ္ထ ပေါက္ခရဏိယံ ဒိဇာ။

သီတဂူ သောဏ္ဍိယံ ဓမ္မံ၊
ကူဇန္တာ သဇ္ဇနာဒိဇာ။ ။

ပေါ ကရဏိယ်၊ ကြာမျိုးစုံဟင့် တကုဏ်ဝင် လျက် ငုံပွင့်ယှက်ဖြိုင် ဒိုင်ချင်းဆိုင်၍ ကြိုင်လှိုင် ထုံသင်း ကန်ဘော်ဟွင်း၌။ ဒိဗ္ဗာ၊ ကရဝိက် သံသာ ငှက်ကြိုးကြာ နှင့် ပဒဿာ ပိန်ညင်း ငှက်တသင်းကို့သည်။ ဝိကူဇေန္တာ၊ သံသာငြိမ့် လေး တဗျားဗျားဖြင့် ငှက်တေးသီကျူး ဟစ် အော်မြူးကုန်လျက်။ ပမောဒန္တိယထာ၊ ပျား လာတုံ့ဘင် ရေကန်ပြင်၌ ပူပင်မနေသာ သဘော ကြည်ခွဲ့ အပျော်မွေ့ကြီး ပျော်မွေ့ကြကုန် သကဲ့သို့။

တသာ ထိုနည်းတမျှ မခြားအတူသာလျှင် သဒ္ဓနာဒိဗ္ဗာ၊ စာချ စာသင် သော်ရ် အရှင်နှင့် တောဝင်ခိုအောင်း သူတော်ကောင်း တည်းဟု သော ငှက်အပေါင်းတို့သည်။ သီတဂူ သောကျို ယံ၊ မစဉ့်အားရေးလှ ဘေးမခသည့် အေးမြ ကြည်ဖြူ သီတဂူတည်း ဟူသော ကန်တော် ကြီးတွင်း၌။ ဓမ္မံကုဇေန္တာ၊ စာချ စာအံ စာ ပြန် စာကျက် စာတက် စာရေး ဓမ္မသံ ဟစ် ကြွေးကုန်လျက်။ ပမောဒန္တိ၊ ကိုယ်စိတ် မွှမ်း မပင်ပန်းပဲ နှင်လန်း ကြည်ဖြူ ဝမ်းမြောက် ဝေ မူကြလေကုန်သတည်း။ ။

အရှင်မဟာသဝဏ္ဏိတ

ဝေဇယန္တာ

စစ်ကိုင်းတောင်

ကျော်အောင်

# သီတာဂူ ရေအလျှံတော်မင်္ဂလာ မေတ္တာဂါထာ



သီတဂူဟု၊ ရေအလှူတော်၊ တိုင်းလုံးကျော်အောင်၊ အုပ်အော်သောင်းသောင်း၊ ဗိုလ်လူအပေါင်းတို့က၊ ကောင်းပေ့တူးပေ့၊ ပွန်မြတ်ပေ့-ဟု၊ နှေးဦးနှင့်အမျှ၊ ချီးကျူးကြသလို၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပြည်သူ့ထိပ်ချာ၊ ရွှေဟင်္သာတိုက်သစ်၊ တိုင်ချစ်ပြည်ကျော်၊ ဆရာတော်က၊ ထုတ်ဖော်မြွက်ကြား၊ ဩဝါဒစကားမှာ-

> အာပေါခါတတ်ဟု၊ ခေါ်လတ်ရေကို၊ မျှားလူဗိုလ်တို့၊ ရေလိုသောခါ၊ တနည်းမှာမူ၊ ဝေတုအာပေါ၊ နည်းသောအလျောက်၊ အာခြောက်ပိန်လှ၊ စိုပြည်ကင်းပ၊ ရေငတ်ကြလျှင်၊ ခေါ်ရ အာပေါခါတတ်၊ ရေစင်မြတ်ကို၊ သောက်သုံးမြိန်သာ၊ အဟော်သုခ၊ ချမ်းမြေ့ကြ၏။ ခြောက်လှသည့်စစ်ကိုင်းတောင်ရိုး၊ အာပေါရေမောက်ဖြိုးအောင်၊ ယခေါင်ရှေးသမယ၊ နှစ်ခုနှစ်ဆယ်ကာလက၊ တ္တစ္စာသယ်အရှေ့ချောင်၊ ထွန်းပြောင်သည့် အရှင်တော်၊ အရှင်ဆုဇိန္ဒ မဆေရ်ကျော်သည်၊ တောင်ဝေါ်သို့အရောက်၊ သောက်ရေသုံးရေ၊ ရစေ့မှုရန်၊ ကြံဖန်ကြိုးစား၊ တည်ငြားရေကော်အသင်း၊ စေတနာ ထန်ပြင်းသဖြင့်၊ ကောင်းခြင်းကြီးမက၊ ကောင်းခဲ့လှ၊ ရှေးကရေကော်ဖြစ်ပေသည်။
>
> ပုဂံခေတ်က၊ စခဲ့သည့်စစ်ကိုင်းတောင်ရိုး၊ ယခုမူတိုးသည့်ထက်တိုး၍၊ ချောင်မြောင်းများစွာမှာ သံဃာတော်များ၊ သီလရှင်နှင့်၊ မြောက်များသည့် သီတင်းသည်၊ တိုးပွား၍ လာသည်ကြောင့်၊ ရေကြည်- ရေအေး- လိုလေသေးသမျှပြည့်ငုံကြအောင်၊ သဒ္ဓမ္မသီတဂူချောင်၊ [illegible]ကိုက်ခေါင် အရှင်ဉာဏိဿရ၊ ကမ္မကဘာ [illegible] ကြောင့်၊ အမုဂ္ဂသော စစ်ကိုင်း [illegible] တတောင်လုံးနှံ့အောင်ပင် [illegible] ဆောင်ရေမျှ [illegible] ပြည့်လျှံသွားသည် [illegible] ပြားရသည်ရ၊ တွေ့ရသောခါ၊ လွန်စွာဝမ်းသာ၍၊ ဖြာဖြာသာဓုခေါ်ပါသည်။

လွန်လေ ရှေးခါ၊ ဟိမဝန္တာတွင်၊ အခါဘပါး၊ မိုးနည်းပါ၍၊ [illegible]တွဝါများရေငတ်၊ ယင်းဖြစ်ရပ်ကို၊ မြင်လတ်သည့် ရသေ့သူတော်စင်က၊ သင်ပင်ကိုခုတ်လှီး၊ ရေခွက်ကြီးပြုကာ၊ ရေများစွာတင်ကို၊ လောင်းသည့်ကာ တိုက်ကျွေးသဖြင့်၊ ကျေးငှက်သာရစ္ဆာန်တို့၊ ကောင်းမွန်စွာ သောက်သုံးလျက်၊ ရှင်းပြုံးပျော်မြူး ကျေးဇူးတင်ကာ၊ တိရစ္ဆာန်များစွာက၊ စားရေသီးနှံတို့ကို၊ ရသေ့ထံပို့သ၊ လှူဒါန်းကြလေသည်။

ဟုနည်းမခြာ၊ အလားမော များစွာသောရှင်လူအပေါင်းတို့က အေးမြသီတဂူရေအသူအဖွဲ့၏ ဦးဆောင်ဆရာတော်၊ နိုင်ငံကျော် အရှင်ဉာဏိဿရကို၊ အဦးအစပြု၍ အစုစုသော ရေအလှူဒကာ၊ အဖြာဖြာသော စေတနာရှင် အပေါင်းတို့အား၊ မေတ္တာပွားမှားခြင်းအမှု၊ ပြုကြရန် တိုက်တွန်း လိုက်ရပေသည်။

ထို့ပြင် တမျိုး၊ စစ်ကိုင်းတောင်ရိုးဌာနီ၊ ရွှေစေတီသာသနာ့ရိပ်သာ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသုန္ဒရ ဆရာတော်မြွက်ဖော်မိန့်ကြား၊ ဩဝါဒနုမောဒနစကားမှာ -

> သီတဂူဆိုသ၊ ကြားရပြန်၊ အင်မတန်

နားထဲ၊ စိတ်တွင်လဲ၊ လွှန်ကဲချမ်းသာရ ရပေသည်။

စစ်ကိုင်းတောင်ရိုးပေါ်၊ ဆရာတော် ရောက်စက၊ တောင့်တ မျှော်လင့်ကွက်၊ အချက်နှစ်ချက်ကို၊ စွဲလျက် စိတ်တွင်ရှိ ပါသည်။

တစ်အချက်မှာ၊စားစရာဆန်၊ တဖန် နှစ်အချက်၊ ရေအတွက်ဟု၊စွဲလျက်မျှော် လင့်ရပေသည်။

ဆန်နှင့်ရေသာ၊မရှိပါက၊ သေရမှာ မုချ၊ သို့ဖြစ်ရကြောင့်၊ တောင့်တဆန်-ရေ ဖြစ်ပေသည်။

ယခုမူကား၊ ထူးခြားသီတဂူ ဆရာ တော်၊ တိုင်းလုံးကျော်ကြောင့်၊ ရပါ သောဆန်များ၊စာရင်းသားရလျှင်၊ရှေး ကကား သုံးတင်း၊ ယခုလက်ငင်းမူ၊ငါး တင်းခွဲ ခြောက်တင်းထိ၊ ရပါ၏၊ ပီတိ ဖြစ်ကာ၊ သာဓုသာ - ဖြာဖြာ ခေါ်မိပေ တော့သည်။

ရေမှာမူကား၊ များပြားလှစွာ၊ ကန် တွေမှာ ဝေဆာပြည့်လျှံ၊ တွေ့ရပြန်၊ အင်မတန်ချမ်းသာ ရပေသည်။

သီတဂူဂုဏ်သကတ်၊ မည်ပညတ်၊ အေးဓာတ်အမှန်ဖြစ်ပေသည်။

ထိုနည်းအတူ၊ သီတဂူ ဆရာတော်၊ ထေရ်မြတ်မော်ကြောင့်၊ အဟောဝတ၊ တောင်းတတိုင်းသာ၊ ဆန်ပါရေများ၊

ပြည့်စုံပြေားပြီမို့၊ ထူးခြားတဲ့ သီတဂူအဖွဲ့ သည်၊ တကယ့်အေးခြင်းအမှန်၊ ပြည် နိဗ္ဗာန်သို့၊ ကေန်ရောက်ကြ ရပါစေ ကြောင်း၊ ဆုတောင်းမေတ္တာပို့ပါသည်။

ကိုယ်ကလဲလှူ၊ သူများမူ၊ ပေးလှူစေ ခဲ့ပါ။

စည်းစိမ်ခြွေရံ၊ ထိုနှစ်တန်၊ ကေန်ရလိမ့် ထိုသူမှာ။

ထိုသူမျိုးမှန်၊ဖြစ်စေရန်၊ရည်သန်တောင့် တပါ။

ရေလှူအကျိုး၊ ဆယ်မျိုးရရာ၊ မှတ်ကုန် ပါလော့။

ချမ်းသာသက်ရှည်၊ ရုပ်ရည်လှပ၊ ဗလ ကြီးစွာ၊

ပညာဖွံ့ဖြိုး၊ ဆွေးမျိုးကင်းငြား၊ ခေါ် ပါးလျင်မြန်၊

ခြွေရံများခြင်း၊ သန့်ရှင်းစင်ကြယ်၊ အံ့ ဖွယ်ကျော်စော၊ ရသောဆယ်ထွေ၊ မှတ် ပါလေ၊ ရေလှူအကျိုးတည်း။

ထို့ပြင် တမျိုး၊ စစ်ကိုင်းတောင်ရိုးစံမြန်း၊ ပဋ္ဌာန်းသိပ္ပံ ဆရာတော်ထင်ပေါ်- အဂ္ဂမဟာ ပဏ္ဍိတ၊ ဘဒ္ဒန္တကုဏ္ဍက ဆရာတော်၊ မိန့်တော်မူ ငြား၊ သြဝါဒကထာစကားမှာ-

အဘက်ဘက်မှ စေ့ဆပ်လှ၍၊ ကျန စနစ်၊ ဆောင်ရွက် ဖြစ်သောကြောင့်၊ တထစ်လွှန်ကျူး၊ အထူးသြပါဒကထာ၊ ပေးစရာမလိုလှပါ။ အနုမောဒနာ၊ ဝမ်း မြောက်စရာစကား ရေးသားလိုက်ပါ သည်။

"ဆေးကောင်းအစစ်၊ ရေသာဖြစ် ၏"ဟု၊ ဆန်းသစ်သည့်စကား၊ သီဘဂူ အဖွဲ့သားတို့၏၊ ထူးခြားသည့် ဥဒါန်း လက်ာကို၊ ဆရာတော်သဘောကျ၊ ချီး ကျူးရပါသည်။ ဘာကြောင့် ချီးကျူး၊ အကြောင်းထူးမှာ-

"ဇိယစ္စာပရမာ ... ဂါ" ဟုဒေသနာ စမ္မပဒမှာ၊ ဗုဒ္ဓရှင်တော်၊ မြွက်ဖော် ဟောကြားတော်မူပါသည်။

"ဘယရောဂါ၊ ဂေါင်းများစွာတွင်၊ ဆာလောင်ပြင်း ... ဘေးဘယထက်ဆိုး လှသည်မှာ၊ မရှိပ ... ဗုဒ္ဓါမြွတ်ဖျား၊ ဟောမိန့်ကြား သည့် ဒေသဲ့၊ စစ်ကိုင်း တောင်ရိုး ချောင်အမျိုးမျိုးတို့တွင်၊ စိုးရိမ်လှစွာ၊ ရေဆာ သည့် ဝေဒနာကို၊ ပျောက် ပါစေ ကြောင်း၊ စေ တ နာ ကောင်းအမော်၊ သီတဂူ ဆ ... ကြောင့်၊ အဟောသုခ၊ ချမ်းသာကြသဖြင့်၊ ပဒေနဦးဆောင် ဆရာတော်၊ တဖော် သီတဂူအဖွဲ့ ကျေးဇူးကြောင့်၊ ရှင်းမြူးဝမ်းသာရော၊ ရေ တော် ခြင်း ဝေဒနာတို့ ပေးကွာအေးမြ၊ ချမ်းသာ ရပြီး၊ အဟောဝတာဖြစ်ပေသည်။

စစ်ကိုင်း တောင်တော်၏ တောင် ဘက်၊ မြို့အထွက် တောင်ယွန်း၊ လေး ကျွန်း မြေအုဝ် ကျောင်းနှင့်၊ ကျောင်း တိုက် ရတနာဗိမာန်ထိအပြင်၊ မြောက် ဘက်တွင် ပိတောက်ချောင်၊ ကျစွာ ချောင်ရောက်၍တောင်ရိုးကြီးစုံ အစေ ပင်၊ တွင်တွင်ကြီးရေရ၊ ရှင်လူအပေါင်း ဝမ်းသာကြသည့်အပြင်၊ ထိုတွင်မက- ကျေးငှက်တွေ ရွှင်မြူးကြသည်ကို ဒိဋ္ဌ တွေ့ကြုံရပေသည်။

ဤလိုသာပေ၊ ပေးဝေရေများ၊ လှူ ဒါန်းငြားလျှင်၊ သစ်ပင် ဝါး ရိပ်မြုံ၊ ပြည့်စုံစည်ကား၊ တောင်တော်ကြီး ထူး ခြားပြီး၊ အံ့တပါးဖြစ်ဖွယ် ရှိပေသည်။

ထိုမှတဖြာ၊ ရတနာသုံးပါး၊ ပြည့်စုံငြားသော၊ ထူးခြားသည့်ရတနာတောင် ရိုးမှာ၊ ရတနာ ဗိုက်ကဲ့ရေ လုံလောက် အောင် ပေးဝေသဖြင့်၊ ဝမ်းမြောက် သလေ ဆရာတော်၊ မိန့်မြွက်ဖော်၊ တော် ဘော် ဂုဏ်ယူမိပေသည်၊

ထို့ပြင်တချိုး၊ စစ်ကိုင်းတောင်ရိုး၊ မူနှုန ချောင်ဖျော်၊ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ ဘဒ္ဒန္တ နန္ဒမဋ္ဌ၊ ...င်းကြူးမြွက်ကြား၊ အနုမောဒနာစကားမှာ -

ဘုန်းကြီးများငယ်စဉ်၊ မန္တလေးမြို့ အနောက်ပြင်၊ ခေါ်တွင် ချမ်းသာကြီး တိုက်၊ သမိုက် ရဘနာ ဗိမာန် စာချ ကျောင်းတွင် စာသင်ကြား ပို့ချနေစဉ် ... ၊ ဟောထွက်ချင်သည့်ဆန္ဒ၊ အာ သီသကြောင့်၊ ရောက်ထအသက် ခုနစ် ဆယ်၊ ထိုအရွယ်မှာ၊ မည်ကြွယ် နန္ဒမူ ချောင်၊ စစ်ကိုင်းတောင်တွင်၊ ခိုဝင်နေ ထိုင်ခဲ့ရာ၊ ရေအလွန်ရှားပါး၍၊ ကိုယ် ခန္ဓာ ရေမချိုးနိုင်၊ ရေတဘက်သာ ကိုင် ပြီး၊ အနိုင်နိုင် ပွတ်သပ် သုတ်သင်ရပေ သည်။

တခါမူကား၊ ရေအလွန်ရှားသည် ကို၊ ဒါယကာ ဒါယိကာမများ သိကြ သည့်အတွက်၊ ခေါင်းရွက်လေးယောက် ဆိုင်းထမ်း နှစ်ယောက်၊ ရောက်၍လာ ငြား၊ ရေလှူသွားသဖြင့်၊ အားပါးတရ ရေချိုးရ၊ ဝမ်းသာမဆုံးဖြစ်ရသည်။

ထို့နောက်တမူ၊ ချောင် နန္ဒမူမှာ၊ လွန်စွာရေခက်ခဲသည်ကို၊ ထိုထို ဒါယိ ကာမများ၊ သိကြငြားသဖြင့်၊ ရေကား တစီး၊ ငွေခြောက်ဆယ်ကြီးပေးကာ၊ လှူ ဒါန်းဘာကြောင့်၊ ဆိုခါခဏ၊ ပြေလည် ရ၊ ထူးစွတကြိမ် ဖြစ်ပေသည်။

၁၃၄၄-ခုနှစ်၊ ရောက် လစ် သော အခါ၊ ကျောင်းဒါယကာ ဦးထွန်းညွန့် ဒေါ်တင်တို့က၊ စေတနာ ဗလဝဖြင့်၊ များလှသည့် ငွေငါးထောင် သုံးလျက်၊ တလက်မသွတ်ပိုက်လုံးတို့ဖြင့်၊ တနေ့လုံး ရေသွယ်ပေး သော်လည်း၊ ငွေကြေး က မသက်သာ၊ တနေ့မှာ ငါးဆယ်ကျပ် ပေးအပ်ကုန်ကျ၊ စရိတ်စခါ ကြီးလှခေါင်ခိုက် ဖြစ်ပေသည်။

ယင်းကဲ့သို့ ရေအတွက်၊ ခဲခက်ပင်ပန်း၊ စိတ်နွမ်းလူမော၊ ဖြစ်သောအချိန်တွင်၊ ကျေးဇူးရှင်ဆရာတော်၊ နိုင်ငံလုံး ကျော်သည့်ပြင်၊ ကမ္ဘာကျော် အရှင်ဉာဏိဿရ၊ ကြီးမှူးကာ ဆောင်ရွက်ကြသဖြင့်၊ ချမ်းမြကြည်သာ၊ ရေဘယာမှ၊ ဝေးကွာကင်းပျောက်၊ ဝမ်းမြောက်ရွှင်လန်းရပေသည်။

သဒ္ဓါကြည်ဖြူ၊ ရေတွေလှူသည့်၊ သီတဂူအဖွဲ့သား၊ သူတော်ကောင်း အများတို့မှာ၊ ဖြစ်လေရာရာ သံသရာဒီလိုင်း ဘဝတိုင်တွင် ပူပင်ကြငြား၊ သတ္တဝါအများ၏ အားထားကိုးကွယ်ရာ ဖြစ်ပါလိမ့်မည့်အကြောင်းရုံးပေါင်း၍သြဝါဒ ပေးလိုက်သည်။

စစ်ကိုင်း တောင်ရိုးပျော်၊ အနန္တသူရိယ ဆရာတော်၊ ဘွဲ့မည်တွင်ခေါ်၊ အရှင် ပဏ္ဍိတ မထေရ်မြတ်၊ မိန့်မှတ်တော် မူသည့် သြဝါဒ ကထာမှာ—

"အကြင်အမှု၊ ဆောင်ရွက်ပြု၍၊ ပူမှုမဖန်၊ အကြင်ကံ၏၊ ဝိပါကံအကျိုး၊ ဖွံ့ဖြိုးပီတိ၊ နှစ်သက်ဘိလျက်၊ မည်ရှိသောမနသာ၊ ဝမ်းမြောက်ရ၍၊ ထိုမှတဖန်၊ သုံးဆောင်ပြန်၏၊ ထိုကံကောင်းမှု၊ ဆောင်ရွက်ပြုလျှင်၊ သာဓုခေါ်ထိုက်ပေသတည်း"

ဓမ္မပဒ ပါဠိတော်လာ သုမနမာလာကာရဝတ္ထုတွင် ရှင်တော် မြတ်ဘုရား ဟောကြားတော်မူအပ်သည့်နှင့်အညီ ပီတိရောစွက်၊ နှစ်သက်ဝမ်းမြောက်သောအကျိုးတရား၊ ခံစားရသောအလုပ်အပေါင်းမှာ ကောင်းသော အလုပ်သာဖြစ်ပေသည်။

သီတဂူရေအလှူတော်အဖွဲ့၏ တကယ့်စေတနာ၊ ဆောင်ရွက်မှုအဖြာဖြာတို့မှာ၊ ကောင်းစွာသော အလုပ်မျိုး၊ အများကျိုးရှိသည့် ဆောင်ရွက်မှု ဖြစ်ရကား၊ ရေရှားပါးသော တောင်တရိုးတွင်၊ ချိုးရေ, သုံးရေ, သောက်ရန် ရေအလုံးစုံတို့၊ လုံလောက်အောင်ရရှိ၊ ဝမ်းသာစရာအတိမို့၊ မိမိတို့လုပ်ငန်းအတွက်၊ ရွှင်လန်းဝမ်းမြောက်ကြမည်သာဖြစ်သည်။

ဤသို့ နှစ်ဦးနှစ်ဘက်၊ နှစ်သက်ဝမ်းမြောက်ဖွယ်ကိစ္စမှာ ဗုဒ္ဓရှင်စော ဟောတော် မူသည့် ဒေသနာတော်အရ၊ မွန်မြတ်လှသည့် ရေအလှူဒါန်းကို ကြိုးပမ်းကာ ဆက်လက်၍၊ ဆောင်ရွက်နိုင်ကြပါစေသတည်း။

စစ်ကိုင်း တောင်ရိုးရှိ ပါဠိကာရီ သုံးခွကျောင်းတိုက် ဆရာတော်၊ မည်ခေါ် ဘွဲ့ သ၊ ဘဒ္ဒန္တ ဝရသာမိဘိဝံသ၏၊ အာသီသ သြဝါဒ ကထာမှာ—

သီတဂူရေအလှူတော် အဖွဲ့ကြီး၏၊
ထန်သည်းသောစေတနာ ဆောင်သဖြင့်

စစ်ကိုင်းတောင်ရိုးကြီးမှာ၊ သီတင်းသုံးကာ နေထိုင်တော်မူကြသည့်၊ များဘိအကျော်၊ ဆရာတော်, သံဃာတော်၊

သာတော်, သီလရှင်ကြီး,ငယ်၊ တသွယ်ယောဂီအပေါင်း၊ သူတော်ကောင်းတို့ အကျိုး ချိုးရေ, သုံးရေ၊ သောက်ရေ အ၁၀ ပြည့်စုံရအောင်၊ ဒိဋ္ဌဆောင်ရွက်နေကြသည်မှာ၊ ရွှေလမင်း စန္ဒာသည်၊ အေးပြသော ရောင်ခြည် ဖြာလျက်၊ တကမ္ဘာ ကုန်ဆုံးအောင်၊ စွမ်းဆောင်သည့်နည်းတူ၊ သီတဂူရေအလှူ လုပ်ငန်းကြီးမှာလည်း၊ ထိုနည်းပမာ၊ ကမ္ဘာဆုံးအောင်၊ စစ်ကိုင်းတောင်တွင်၊ ထွန်းပြောင်တည်တံ့ပါစေသတည်း။

သီတဂူ ရေအလှူတော်ကြီးကို၊ ထန်သည်းသော စေတနာဖြင့် ဦးဆောင်တော်မူကြပါသော ဆရာတော်တို့က၊ အဂတိမလိုက်စားပဲ၊တနေ့တခြား၊ဆန်းပကာလ အလားသို့၊ တိုးပွားတော်မူကြပါစေ။

“ရှေ့ဆောင် နွားလား၊ ဖြောင့်ဖြောင့်သွားသော်၊ နောက်နွားတသိုက်၊ ဖြောင့်ဖြောင့်လိုက်”ဟု သမိုက်စကား၊ ထိုအလားသို့၊ ရှေ့သွား နောက်လိုက် ညီကြပါစေ။

“ထကြွ နိုးကြား၊ သနား သည်းခံ၊ ဝေဖန်ကြည့်ရှု၊ ဤခြောက်ခု၊ ကျင့်မှုနာယကာ”၊ ဩဝါဒစကား၊ထိုအလားနှင့်၊ မခြားတူစွာ၊ နာယကအင်္ဂါ၊ ပြည့်စွာစာတန်၊ ခန္တိဂုဏ်ထူး၊ လွန်အကျူး၊ ကြည်နူး ကျင့်နိုင်ကြပါစေ။

“စင်ကြယ်ကျော်စော၊ ခြေရံပေါ၍၊ လျင်ဆောမြန်စွာ၊ မွတ် သိပ် ဆာကင်း၊ ဆင်းလှသက်ရှည်၊ ချမ်းသာတည်လျက်၊ ညာဏ်ရည်ဆယ်ဖြာ၊ နိဗ္ဗာန်သာ၊လျင်စွာရောက်မည်တည်း” ဟူသော အဘိုင်း၊ မဆိုင်းမတွ၊ ရေအကျိုးရမည်ဟု၊ မုချမှတ်တော်မူကြပါကုန်။

ရောင်ခြည်တထောင်၊ ထွန်းပြောင်တိန်လင်း၊ ရှင်နေမင်းမူ၊ ဇမ္ဗူကျွန်းခွင်၊ မြေပြင်အတိ၊ မိမိအရောင်၊ မိုက်မှောင်ကင်းကွာ၊ ကပ်ကမ္ဘာအရှည်၊ တည်နေသကဲ့သို့လည်းကောင်း၊

ယုန်ရေးအမှတ်၊ သကာတ်ဖြိုးဝေ၊ အသရေပဝင်း၊ ရွှေလမင်းမူ၊ ဇမ္ဗူကျွန်းခွင်၊ မြေပြင်အတိ၊ မိမိအရောင်၊ ထွန်းပြောင်လှစွာ၊ ကပ်ကမ္ဘာအရှည်၊ တည်နေသကဲ့သို့လည်းကောင်း၊

နေမင်း လမင်း၊ ကမ္ဘာချင်းအောင်၊ ထွန်းလင်းတည်တံ့၊အရှည်ခံ့ သည့်နည်းတူ၊ သီတဂူ ရေလှူအဖွဲ့ကြီးသည်လည်း၊ ရန်မီးဘိုကို အောင်ရ၊ ဇေယျာပူရ၊ အမည်ရသည့်၊ဌာနမောက်ဖြိုး၊စစ်ကိုင်းတောင်ရိုးဝယ်၊ တင့်တယ်သော သီတဂူအရောင်၊ ရေအလှူတော် အရောင်ဖြင့်၊ ထွန်းပြောင်ခိုင်ခံ့၊ ကပ်ကမ္ဘာနှံ့အောင်၊ တည်တံ့မြဲမြံ ပါစေသတည်း။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ စစ်ကိုင်းတောင်ဌာန ပထမ ဂန္ဓာရုံဆရာတော်၊ ဘွဲ့မည်တော် အရှင် သုပညိန္ဒာဘိဝံသ၏ ဩဝါဒကထာမှာ–

သီတဂူ ရေအလှူတော် အဖွဲ့ကြီး၏ အကြီးအကဲ(နာယက)အရာမှာထားပြီး သင့်လျော်သော ဩဝါဒကထာ၊ အနုမောဒနာစကားမိန့်ကြားပါရန်လျှောက်

ထား တောင်ပန်သည်နှင့် လျော်ညီစွာ၊ (ခုခါ သံဃသာမဂ္ဂီ)ဟု ဗုဒ္ဓရှင်၏ ဝစီ ထွက်စကား ဦးထိပ်မှာ တင်ထားပြီး ပြောကြားလိုပါသည်။

အပေါင်းအသင်း အဖွဲ့ အစည်းမှန် သမျှ ညီညွတ်မှုရှိမှ ချမ်းသာရသည်ဟု အတည်စိတ်စွဲကာ အမြဲ မှတ်ယူထားစေ လိုပါသည်။

သီတဂူရေအလှူတော်အဖွဲ့တွင်၊ ပဲ့ကိုင် ခေါင်းဆောင် ဆရာတော်များ၊ မှတ်သားသတိ၊ ရှိတော် မူ ကြ ရန်မှာ၊ အဖြာဖြာသောကိစ္စ၊ ဆောင်ရွက်ကြရာတွင်၊ ပထမမှာ စိတ်ထက်သန်မှုကြောင့်၊ ညီညွတ်မှု ရှိကြသော်ငြားလည်း၊ ရှည်လျားကာလ၊ ရောက်လေကမူ၊ သူတမျိုး ငါတဖြာ စေတနာ ကွဲပြား၊ အမြင်မှား၍၊ပျက်ပြားတတ်မှု၊ သတိပြုလေ့။

နောက်တခုက၊ အမှုဆောင်ကပ္ပိယ၊ ကာရကအဖွဲ့မှာ၊ သာ၍ပင် ရှိသင့် သဖြင့်၊ ထပ်ဆင့်၍ သတိပေးပါမည်။

(က) စိတ်ဓာတ်ပိုင်ပိုင်၊ လွန်ကြံ့ခိုင်၊ စွဲကိုင်ထားကြပါ။

(ခ) ညီညွတ်စည်းရုံး၊ တသက်လုံး၊ စွဲသုံးဆောင်ရွက်ပါ။

(ဂ) ခန္တီပရမီ၊ လွန်သည်းခံ၊ ထက်သန်စေတနာ။

(ဃ) ပဋိဘာန်ဉာဏ်၊ အထူးစေဖန်၊ အမှန်ရှိအပ်စွာ။

(င) အထူးသိရန်၊ ဆောင်ရွက်ပြန်၊ နိဗ္ဗာန်ရည်စူးပါ။

(စ) နိဗ္ဗာန်ရည်စူး၊ ကုသိုလ်ထူး၊ ကြည်နူးညီညာ ဆောင်ရွက်ပါ။

နောက်ဆုံးစကား၊ မိန့်ကြားလိုသည်မှာ၊ သံသရာထွက်လမ်း၊ နိဗ္ဗာန်နန်းသို့၊ ရည်မှန်းစိတ်သန်၊ အဓိဋ္ဌာန်ဖြင့် မှန်မှန်ကြီး ဆောင်ရွက်နိုင်ကြပါစေသတည်း။

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အကျော်၊ စစ်ကိုင်းမြို့ရတနာ့ဗိမာန်ဆရာတော်၊ ဘွဲ့အမည်တော် အရှင် ဓမ္မနန္ဒာဘိဝံသ၏ အနုမောဒနာကထာမှာ-

မှိုင်းမှိုင်းညို့ညို့၊ တိုင်းရွှေမြို့ဂုဏ်မို့မို့ဝေဆာ၊ မြစ်ရောပတ်မြှောင်သည့်၊ အောင်ဇေယျာတောင် အလုံးတွင်၊ ရှင်ပြူးပျော်ပျော်၊ သီတင်းသုံးတော်မူကြကုန်သော၊ သူတော်စင်တို့၊ အစဉ်ချိုသုံးရန်တထွေ၊ သောက်ရေအေးမြ၊ ဝဝလင်လင်၊ကြည်လင်ခြင်းဖြစ်ကြစေရန်တရပ်၊သဒ္ဓမ္မသီတဂူဆရာတော်နှင့်၊တဖော်သီတဂူအဖွဲ့ဝင်ဆရာတော်များ၊တိုင်းသူပြည်သား၊ စေတနာရှင်အများတို့မှာ၊ ရောဝတီမြစ်ရေစင်ကို၊ ဇေယျာတောင်ထိပ်တခွင်သို့၊စက်ဖြင့်တင်ကာ၊ကြည်လင်စိတ်မွေးမြူ၍၊ ပေးလှူကြလေကုန်ပြီ။

ဩော်-လက်ဖျစ်ခတ်တီး၍၊ အံ့ချီးဖွယ်ကောင်းပါပေစွတကား။ ထိုမှ တပါး၊ ထင်ရှားလှစွာ၊ ဇေယျာတောင်မြိုင်တကြောမှာ၊ တောရကျောင်းခိုဝင်၊ သူတော်စင်အရှင်မြတ်တို့၊ နှစ်မြို့ဝမ်းမြောက်ကြပေကုန်စွတကား၊ ထိုမှတပါး၊ ထူးခြားပြန့်ပြော၊ကိုယ်ရောစိတ်ပါ၊ ကြည်သာအေးမြ၊ ချမ်းသာကြပေကုန်စွတကား။ ထိုမှတပါး၊ စိတ်ထားစင်ဖြူ - လှူသူ — ယူသူ၊ တမူမခြား၊

အသားထပ်တူ၊ သိတဂူ ရေအလှူတော် အဖွဲ့ဝင်၊ အရှင်ကောင်း အရှင်မြတ်များနှင့်၊ တိုင်းသားပြည်သူ အလှူရှင်အများပဲ့သည်၊ ရွှင်အားရရ၊ ဝမ်းမြောက်ကြခြင်း ပြည့်လှိုင်းလျက်၊ အချိန်ရှိဘိုင်း၊ မဆိုင်းမတွ၊ ပြည့်စုံကြပါစေ ကုန်သသည်း။

ရေအိုးစင်ကလေး၊ပေးလှူကာမှုဖြင့်၊ ညရောနေ့ပါ၊ ဘယ်ခါမဆို၊ ကုသိုလ်ကောင်းမှုမျိုးစေ့ အစုစုမှာ၊ ရာထောင်သိန်းသန်း၊ ကိန်းဂဏန်းကို ကျော်လွှားလျက်၊ မြောက်မြားစွာ တိုးပွားလေတော့သည်။ ဤမျှနှင့်မပြီး၊ ရေစုပ် စက်ကြီး ဖြင့်၊ ဝေး နီး တောင်တန်း၊ အမြဲကမ်းပင်၊ မြစ်ရေစင်ကို၊ ကြည်လင် အေး မြ၊ လှူ ဒါန်း ကြသည့်၊ သိတဂူ အဖွဲ့ဝင်တို့မှာကား၊ အဘယ်အကျိုးများကို၊ ထင်ရှား ပိုင်ပိုင်၊ ရနိုင်ကြပါကုန်မည်နည်းဘုရား။ထူးခြားလှစွာ၊ နေအရောလအထောင်၊တပြောင်ပြောင် ထိန်ဝေလှိုင်းပေသည့် (ရှင်ပင်နံကိုင်း) စေတီတော်မြတ်ကြီးဘုရား။

"ရေလှူအကျိုး တက်တိုးပွင့်စည်၊
ဆယ်ပါးသောဆု၊ ရမှုမှန်သည်၊
နှောင်ဖွဲ့ဘဝ၊ လွတ်ရပေမည်၊
နောက်ဆုံးလမ်း၊ ဖြောင့် တန်း
နိဗ္ဗာန်ပြည်"

ဟု အစချီဥဒါန်းကျူး၍၊ဘုရားဦးဟောတော်မူပါဦးမည်လားဘုရား။

စစ်ကိုင်းတိုင်းဌာန၊ တိုင်း သံဃနာယက အဖွဲ့(ရွှေကျင်)၊ အရှင်နာယက ဆရာတော်၏ အနုမောဒနာမှာ-

သက်ရှိ သက်မဲ့၊ပြုပြင်ကုန်ငင်တို့တွင်၊ သူမပါလျှင်မပြီး၊ အင်္ဂါပစ္စည်းမှာ၊ ရေသာလျှင်ဖြစ်ပေသည်။

သိတဂူ ဆရာတော်၊ နှိုးဆော် ဦးဆောင်မှုနှင့် နေ့စဉ်သော စေတနာရှင်များကြောင့်၊ထူးခြားသည့် ရေပိုက်များဖြင့်၊ မြောက်မြားစွာသော တောင်တရိုးတွင်၊ နေ့မိုးဆောင်း အကုန်ပြည့်စုံစွာ ရရှိသည့်အတွက်၊ သက်ရှိ-သက်မဲ့ အားလုံးမှာ၊ ဝမ်းသာရွှင်မြူး၊ ကြည်နူးနှစ်သိမ့်ရပေသည်။

ဤနေရာတွင်၊ သိတဂူ စေတနာရှင်တို့အတွက်မှာ၊ ထေရာပဒါန်မှ၊ ဥဒကဒါနအကျိုးပြ၊ သာဓကတရပ်ကို၊ သတိချပ်ရေချင်ပါသည်။

ဤကမ္ဘာမှ၊ ရေတွက်ရလျှင်၊ ကမ္ဘာ့ ကမ္ဘာ၊ တသိန်းကြာက ထိုကာလဝယ် ပဒုမုတ္တရဘုရား၊ ထင်ရှား ပွင့်တော်မူစဉ်၊ ထိုဘုရားရှင်မှာ၊ ရောင်ဝါ ထိန်လင်း၊ ရွှေအဆင်းနှင့်၊ လွန်တင့်တယ်လျက်၊ ကောင်းကင်ဝယ် ကြွသွားတော်မူစဉ်၊ စေတနာရှင်အမျိုးကောင်းသားသည်၊ ရေများကိုလက်ခုပ်ဖြင့် ခပ်၍၊ ပစ်ခတ်ကာကောင်းကင်သို့ မြှောက်ပြီး၊ ဝမ်းမြောက်စွာ လှူလေရာ၊ မြတ်ဗုဒ္ဓါသည်၊ ကောင်းစွာအလှူ၊ ခံတော်မူပြီးကာလ၊ ဥဒကဒါန၊ အနုမောဒနကထာကို၊ ကြည်သာစွာ ဟောကြားတော်ပါသည်။

"စေတနာစင်ဖြူ၊ ရေအလှူဒါန ကြောင့်လည်းကောင်း၊ ၎င်းပြင်တချက်၊ နှစ်သက်စွာဘိ၊ ပီတိဖြစ်ခြင်းကြောင့်

လည်းကောင်း၊ ၎င်းစေတနာကြောင့်၊ ကမ္ဘာ့တသိန်း၊တွက်ကိန်းများစွာ၊ ကာလကြာအောင်၊ အပါယဘေး၊ ကင်းဝေးအေးကြည်၊လူ့ပြည်-နတ်ဘုံ၊ဆန်-စုံမသွေ၊ရောက်ရပေလတ္တံ့”။

ယင်းသို့ ဘုရားရှင်မြွက်၊ မိန့်တော်မှတ်သည့်အတိုင်း၊ အလှိုင်း များ စွာ၊ ချမ်းသာသုခ၊ ဘဝတိုင်း ရသည့်ပြင်၊ လေးဒီပသနင်း၊ စကြာမင်းသုံးခါ၊ ဖြစ်ရပါ၏။

ယခုဘုရားရှင်၊ ပွင့်စဉ်ခိုက်ခါ၊ ရေအလျှဒကာမှာ၊လူ့ဘဝရောက်လာပြီး၊ သာသနာ့ဝန်ထမ်း ရဟန်းပြုသော်၊ ဘွဲ့မည်တော်မှ၊ ဥဒကပူဇကထေရဟု၊ ထင်ရှားလှရှင်စော၊ အာသဝေါကင်းကွာ၊ ရဟန္တာဖြစ်ငြား၍၊ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခရှစ်ပါးနှင့်၊ ခြောက်ပါးသော အဘိညာဉ်တို့ကို အမြန်ရတော်မူကာ၊ခန္ဓာဝန်ဇာတ်သိမ်းလျက်၊အငြိမ်းဓာတ်ဘုံနိဗ္ဗာန်သို့၊ စံဝင်တော် မူလေသည်။

ဤဝတ္ထုသာခကကို၊ ကောက်ချက်ချကြည့်ပါလျှင်၊ နည်းစွာသောရေတလက်ဆွမ်း၊ လှူဒါန်းကာမျှဖြင့်၊ မဟာပွသ၊ အကျိုးထူး အနန္တတို့ကို၊ ဒိဋ္ဌမသွေ၊ ရရှိပေသည်။

ယခု သီတဂူသူတော်စင်၊ကုသိုလ်ရှင်တို့၊ တွင်ဘွင်ပြုလုပ်၊ လက်တခုပ်မကာ၊ စက်ခလုတ်ပါ ဖွင့်ဟမောင်းနှင်ပြီး၊ စစ်ကိုင်းတောင် ကျောင်းကင်ကြီး ပေါ်သို့ ရောက်အောင်ပင်၊ နေ့စဉ်ပို့ဆောင် လှူဒါန်းကြ၍၊ယခုဘဝမှ အစပြုကာ၊အပါယမှ လွတ်မြောက်ကြပြီး၊ သုဂတိဘဝ၌ သာကျင်လည်၊ လောကီ လောကုတ္တရာတရား၊ တိုးပွားချမ်းသာ၊ ရရှိကြမှာ ကေန်၊ အမှန်မလွဲပင် ဖြစ်ပေသည်။

စစ်ကိုင်းတောင်ရိုးပျော် ပရက္ကမဆရာတော်ဘုရား၏ ထူးခြားသည့်ဩဝါဒကထာ၊ အနုမောဒနာမှာ-

ဩဝါဒနဲ့ အနုမောဒနာကထာ၊ ချီးမြှောက်ပါ ဆိုစကား၊ ဦးဉာဏိဿရ လျှောက်ထား၏၊ သို့ဖြစ်ဘိလည်း၊မျက်စိမကောင်းပါ၍၊ စာမကြည့်နိုင်၊ စာကိုင်ဝေးနေတာကြာ၊ ဒါမျိုးလည်းမရေးဖူးတော့၊ အေး-အထူးသဖြင့်အခက်သား၊ သို့သော်ငြားလည်း၊ ကြိုးစား၍ ရေးရမှာပ၊ ကောင်းလှမယ်လို့တော့ မထင်မှန်း၊ ရွက်ကြမ်း ရေချိုလောက်တော့ ဖြစ်မှာပ။

ဝဏ္ဏပဒဇာတ်မှာ၊ ဒီလိုလာတယ်၊ ရှေးအခါ- ဘုရားလောင်းက၊ သူတော်ကောင်း လှည်းမှူးကြီး၊ လှည်းငါးရာကို ဦးစီးပြီး၊ ကန္တာရခရီးဖြင့် ကုန်ဝယ်အသွား၊ ခရီးလမ်းအကြားမှာ ရေပြတ်ကြလို့၊ ရေရဖို့အထူး၊ စိတ်ရည်စူးပြီး တူးကြတာပေါ့လေ-ရေတွင်း။ တူးယင်းတူးယင်းနဲ့၊ လက်ငင်း တွေ့ရတာက ကျောက်ဖျာကြီး၊ အများကြီးပင်ပန်း၊ အားကုန်ခန်းလို့၊ ရပ်တန်းက ရပ်နေကြတာပါ။

အဲ- ဘုရားလောင်းကတော့၊ စုပေါင်းစဉ်းစား၊ ဉာဏ်ရှိသူတပါးမို့၊ ကျောက်ဖျာနားကပ်၊ နားထောင်လတ်

တော့၊ တဖျပ်ဖျပ် ရေသံတွေ ကြားသတဲ့။

ဒါနဲ့ ဘုရားလောင်းက၊ တပည့်ကောင်းကလေးကို၊ အား ပေး အားမြှောက်၊ ကျောက်ဖျာ ပေါက်အောင်၊ တူးဖောက်စေတဲ့ အခါမှာ၊ ပမာဏထန်းလုံးသောက်၊ ရေတွေပေါက်လို့၊ ဝမ်းမြောက် စွာ သောက် သုံး ကြရသတဲ့။

ယခုအခါသော်၊ဆရာတော်ဦးဉာဏိဿရရဲ့၊ မလျှော့တဲ့ ဥဿာဟကြောင့်၊ ရပါစေရေများ၊ ဝမ်းသာစရာစကားပေါ့လေ၊ ဘုန်းကြီးများ အပါအဝင်၊ ရှင်လူ ရဟန်းနဲ့ သီလရှင် အား လုံး တို့ သောက်သုံး ရန် ရေတွေရ၊ ဝမ်းသာကြလို့၊ အနုမောဒနာပြုပါတယ်။

အဲ—ခုဘွင်ကဝတ္တုဇာတ်ကြောင်းကို ပြန်ပြောင်းလို့ ဆက်ကြဦးစို့။

ယခုဘုရားရှင်လက်ထက် ရောက်လာတဲ့ကာလ၊ ရေရအောင် လုပ်ပေးတဲ့၊ ဝီရိယသမား ရဟန်းကလေး ဖြစ်လာ၊ အဲဒီအခါမှာ၊ မြတ်စွာဘုရားက၊ တရားချီးမြှင့်တော်မူတယ်။

"မပျင်းမရိ၊ဝီရိယလုံ့လ၊အားထုတ်ကလျှင်၊ ဥဒကမနီး၊ သဲခရီး၌၊ များဖြီး ဥဒကာ၊ ရေရလာ၏။ တထာ၊ တို့တူ။ ဝီရိယကူလျှင်၊ ဘိက္ခု ရဟန်း၊ ရှင်လန်းငြိမ်းအေး၊ ရလသေး"

အဲဒီ ဒေသနာအဆုံးမှာ၊ ဝီရိယသုံးတဲ့ ရဟန်းပျိုဟာ၊ အရဟတ္တဖိုလ်မှာ တည်ခဲ့တယ်။

နောက်အခါက ဂူတွင်းမှာ၊ ကံသာ ဘောဂကျိုး၊ သမိုင်းဝင် ရေရဝမြိုး ဖျားက၊ အပ်ချုပ်သမားကလေးပေ၊ သ ဌေးကြီး အလယ်၊ ဒါနမြောက်အလှူကြီး မိုးပါးနီး ပေးတဲ့အခါမှာ၊များစွာသော အလှူခံရဟန်း ပုဏ္ဏား၊ သူတောင်းစား ပါမကျန်၊ အင်မတန် စေတနာထားတဲ့ အပ်ချုပ်သမား လူရည်မွန်က၊ လမ်းညွှန်ကြား ပြုပေးသတဲ့။

အဲဒီလို စေတနာမွန်နဲ့၊ လမ်းညွှန်တဲ့ အကျိုးကြောင့်၊ လက်ညှိုးထိုးတိုင်း လို ရာရတဲ့၊ ဒေဝတာ နာမဘုမ္မစိုးကြီး ဖြစ်လာသတဲ့။ တနေ့သောအခါ၊ လှည်းသား ငါးရာတို့၊ လမ်းခရီးမှာ ရေပြတ်၊ အငတ်ကြီးငတ်ပြီး၊ သေဇာတ်ခင်းတော့မယ့်အခါမှာ၊ ဒေဝတာ ဘုမ္မစိုးက၊ လက်ညှိုးထိုးကာ "ရေရစေ" လို့၊ မိန့်ခြွေပြောကြားလိုက်တော့၊ ရေများစွာ ရကာ၊ လှည်းသားငါးရာတို့၊ ဝလင်စွာ သောက်သုံးရသတဲ့။

အခုဆိုသော်၊ ဆရာတော် ဦးဉာဏိဿရရဲ့၊ ဝီရိယနဲ့ စေတနာကြောင့်၊ ရေဆိုတာ စစ်ကိုင်းတောင်ရိုးမှာဘုမ္မစိုးကြီး လက်ညှိုးထိုးသလို၊ဖြိုးမောက်ပြည့်လျှံ၊ အင်မတန် ပေါများ၊ တောင်ရိုးနေ ရှင်၊ လူ အများတို့၊ အားပါးတရ၊ ဝမ်းသာလှသည့်ပြင်၊ ချမ်းသာခြင်းမက ချမ်းသာကြပေတယ်။

အဲ ဘုန်းကြီး နောက်ဆုံးစကား၊ ပြော ကြား တိုက် တွန်း လိုတာက တော့-

(၁) မျက်မှောက်မှစ၊ တမလွန်ကျတိ၊ မိမိ့သူတပါး၊ နှစ်ဦးသားတို့၊ တိုးပွားကောင်းကျိုး၊ သိဉာဏ်ဖြိုးထင်၊ ပညာရှင်တို့၊ တွင်တွင်လုံ့လ၊ အားထုတ်ကြလော့။

(၂) လုံ့လထုတ်မှု၊ ဝီရိယစုကို၊ ဂရုပြုကာ၊ ကိုင်စွဲပါလော့။ ဘယ်ခါတွင်မှ၊ မဆုတ်ကြနှင့်၊ဝါယမစိုက်ကာ၊ရှေ့သို့သာလျှင်၊ တက်ပါလေလော့၊ စိတ်မလျှော့နှင့်။

ယင်းသို့ ဆရာတော်ဘုရားတို့၊ မိန့်ကြား မြွက်ဟ၊သြဝါဒကို၊ ကြားရနာရ၊ ပန်ဆင်ရ၍၊ထူးလှသည့်သီတဂူ၊ ရေအလှူတော်အဖွဲ့၏၊ အံဖွယ်စုံစွာ၊ စေတနာဗရပွ၊ မွန်မြတ်လှသည်ကို၊ ဝမ်းသာကြည်နူး၊ လွန်ချီးကျူးလျက်၊ ကျေးဇူးတင်မှု၊ ဂါရဝပြုပြီး၊ သာဓုနုမော် ကြိမ်ကြိမ်ခေါ်၍၊ ကော်ရော်ညွတ်ကျိုး၊ လက်စုံမိုးကာ၊ ရှိခိုး လျှောက်ထားဝံ့ပါသည်ဘုရား။

(ကလ္ယာဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု)။

ရန်အောင်




ရေအလျှိုတော်နှင့်ဧရာဝတီ
မဂဃယ
ပန်းချီဝသုန်

အို-အမိရောဝတီ၊ အမိဟာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အသက် သွေးကြောကြီး တခု သဖွယ်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရှိ သက်ရှိသက်မဲ့ အပေါင်းတို့ကို အစဉ်တစိုက် ကျေးဇူးပြုခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပို့ဆောင်ရေး ကျန်းမာရေး၊ယဉ်ကျေးမှုမှစ၍ အဘက်ဘက်မှာ ပင် ကျေးဇူးများလှပါပေတယ်၊ ကုသိုလ်ရေး အတွက်လည်း မကျန်ပါ။ (အထူးသဖြင့်) စစ်ကိုင်း တောင်ရိုးတလျှောက်နဲ့ အနီးတဝိုက်မှာရှိကြတဲ့ သူတော်စင်တွေအတွက် ရေအလှူတော် ဝေငှလှူဒါန်းရေး စီမံကိန်းကြီးမှာ အမိအနေနဲ့ ပဓာနအခန်းက ပါဝင်နေခဲ့ပါတယ်။ နောင်ကိုလည်းအမြဲပါဝင်ပြီးတော့နေမှာပါ။

အဲဒီတော့ အမိကို ဆွေးနွေး မေး မြန်း ချင်တာကတော့ အမိဟာ ဘယ်ခေတ် ဘယ်အခါက (ဒါမှမဟုတ် နှစ်ပေါင်း ဘယ်လောက်ဆီက) မွေးဖွားပေါ်ပေါ်ခဲ့ပါသလဲ ဆိုတဲ့ အချက်ပါပဲ အမိ။

**ရောဝတီ။** ။ကြာလှပြီသားရဲ့။ အမေလဲ ဘယ်မှာ အတိအကျ မှတ်မိတော့မလဲလေ။ သိပ္ပံပညာရှင်တွေရဲ့ အယူအဆအ တိုင်း လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၅ သန်းလောက်က မွေးဖွား ပေါ်ပေါက်ခဲ့တယ်လို့ အကြမ်းဖျင်း မှတ်ထားပေါ့ကွယ်။

**ကျွန်တော်။** ။ဟုတ်ကဲ့၊ ကောင်းပါပြီ။ ဒါထက် အမိနာမည်ကို ရောဝတီ ဘာကြောင့်ခေါ်တယ် ဆိုတာကလေးလဲ သိပါရစေခင်ဗျာ။

**ရောဝတီ။** ။ရေကို ဣရာ (ဤရာ) လို့ခေါ်တယ်။ ဣရာက ရောဝတီလို့ ဖြစ်လာတယ်။ ရေတွေ (ရေကောင်းရေသန့်တွေ)ရှိတဲ့မြစ်။ ဒါမှမဟုတ် ရေများပြားစွာရှိတဲ့မြစ်လို့ ဆိုလိုတာပေါ့ သားရယ်။

နောက်တနည်းကတော့ **ရောဝတ** ခေါ်တဲ့ ခရမ်းပိမ့်ပင်တွေ(လိမ္မော်ပင်တွေ) ယခင်အခါတုန်းက ကမ်းပါးတလျှောက်မှာ များစွာပေါက်ခဲ့တာမို့ ရောဝတီလို့ ခေါ်တာပါလို့လဲ ဆိုကြသကွယ်။

**ကျွန်တော်။** ။ဟုတ်ကဲ့ခင်ဗျာ။

**ရောဝတီ။** ။နောက်တမျိုးကတော့ ဒိသာဂဇ ခေါ် အရပ်စောင့် ဆင်တွေထဲမှာ အရှေ့မျက်နှာနဲ့ဆိုင်တဲ့ဆင်ကို ဧရာဝတလို့ခေါ်တယ်။ ရောဝတဆိုတာ သိကြားမင်းရဲ့ စီးတော်ဆင်ကိုသို့လဲ အဆိုရှိသကွယ်။ အဲဒီစီးတော်ဆင်ရဲ့ဇနီး(ဆင်မ)ကို ရောဝတီလို့ ခေါ်ပါတယ်။ အမေ့ နာမည်ဟာ အဲဒီ ဆင်မနဲ့ တင်စားပြီး ခေါ်တာလို့လဲယူဆနိုင်သပေါ့ သားရယ်။

**ကျွန်တော်။** ။စကားဖြတ်ပြီး ပေးပါရစေအမိ၊ ကျွန်တော်ဖတ်ရတဲ့ စာတွေထဲမှာ ယခုလောလောဆယ်အားဖြင့် ပါကစ္စတန်နိုင်ငံ ပန်ဂျပ်နယ်ထဲမှာ ရာဝီမြစ်ဆိုတာ ရှိပါတယ်။ လာဟိုးLahore ဆိုတာ အဲဒီရာဝီမြစ်ရဲ့ ကမ်းပါးမှာ ရှိပါတယ်။ အဲဒီရာဝီမြစ်ကို ရှေးအခါက ဣရာဝတီ (သို့မဟုတ်) ရောဝတီလို့ ခေါ်တယ်ဆိုတာလဲ သိရပါတယ်၊ အဲဒီတော့ အမိနဲ့ အဲဒီရာဝီနဲ့ အမည်ချင်း တူနေတာဟာ ဘယ်သူက စောပါသလဲဆိုတဲ့အချက်ကိုလဲ သိပါရစေ အမိ။

**ရောဝတီ။** ။အဲဒီပြဿနာ ဖြေဖို့မလွယ်ဘူးကွယ့်သားရဲ့။ သို့သော်လဲ အိန္ဒိယနဲ့ ပါကစ္စတန် တဝိုက်က ရှေးဟောင်းမြို့အမည်၊တိုင်းအမည်၊တောင်အမည်၊မြစ်အမည်တွေကို မြန်မာက လိုက်လိုက်ပြီး ခေါ်ဝေ့ ခေါ်ထ ရှိခဲ့တာ ထောက်ယင် ရာဝီရဲ့အမည်ကပဲ ဦးမယ်လို့ထင်စရာပေါ့ကွယ်။

ကျွန်တော်။ ။ဒီ ကို ဘိ ဘဲ ဒီ ကို ရောဝတီလို့ မခေါ်ကြ ဘာသဲ ဆို ခေါ်ကြ လဲ သိပါရစေ။

ရောဝတီ။ ။အိုကွယ် ရှေး တီ ပို့ မခေါ်ခင် ရှေး က ဘယ်လိုခေါ်ကယ် ဆိုတာ အမေလဲ မမှတ်မိတော့ဘူး။

ကျွန်တော်။ ။ရှိပါစေတော့အမိ၊ အိန္ဒိယ အသိ ခန် အချို့မှာရောဝတီ(ဣရာဝတီ) ဆိုတာ မြန်မာနိုင်ငံရဲ့ ပဓာန အကျဆုံးဖြစ်တဲ့ မြစ်ရဲ့အမည်လို့လဲ ပြဆိုပါသေးတယ်။ ဒါ ပေမယ့် သိပ်ချေးချွတဲ့ အဘိဓာန်တွေတော့ မဟုတ်ပါဘူး။

ရောဝတီ။ ။ဟုတ်မှာပေါ့သားရယ်၊ သားသိတဲ့ အတိုင်းပါပဲ၊

ကျွန်တော်။ ။ဒါထက် အမိရဲ့မူလမွေးရပ်ဇာတိ ဒေသကိုလဲ သိပါရစေ ခင်ဗျာ။

ရောဝတီ။ ။အမေက မြန်မာနိုင်ငံထဲမှာပင် စ တင် မွေးဖွားပြီး မြန်မာနိုင်ငံထဲမှာ ပဲ ပင်လယ်ဒေသရောက်တော့ ဆုံး သွား တယ် သားရဲ့။ တခြားနိုင်ငံတခုခုက စတင်လာပြီးမှ မြန်မာနိုင်ငံထဲ ရောက်လာတာ မဟုတ်ဘူးကွယ့်။

ကျွန်တော်။ ။ဟုတ်ကဲ့ခင်ဗျာ၊ မျိုးချစ်မြစ် နိုင်ငံ ချစ်မြစ်လို့ ဆိုရမှာပေါ့ ခင်ဗျာ။

ရောဝတီ။ ။အေးပေါ့ကွယ်၊ ဆိုမယ်ဆိုလဲ ဆို နိုင်တာပေါ့၊ အိမ်နီးပါးချင်း နိုင်ငံ တွေကို ကြည့်လိုက်ယင်-

ဥပမာ- ဖြဟ္မပုတြမြစ်ဆိုပါတော့။ ကေလာ တောင် အနီးမှာရှိတဲ့ အနော်ဘတ်အိုင် (အနဝ တတ်အိုင်)ကြီးက စပြီး ထွက်ခဲ့တယ်။မိုင်ပေါင်း တထောင်လောက် တောင်တွေကို လှည့်ပတ်ပြီး မှ ဘင်္ဂလားပင်လယ်အော်ထဲ စီးဝင်သွားတယ်။ အများအားဖြင့် နိုပေါ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန် စတဲ့ နိုင်ငံတွေက မြစ်ကြီးတွေဟာ ဟိမဝန္တာရဲ့ အိုင်ကြီးတွေက စတင် ထွက်ပေါ် လာကြတာ များပါတယ်။ နိုင်ငံတခုက မပိုင် တဲ့ မြစ်တွေလဲ အများကြီးရှိနေတယ်။ ဒါကြောင့် လဲ ဂင်္ဂါမြစ်ရေ ခွဲဝေသုံးစွဲရေး အငြင်းပွားတဲ့ ပြဿ နာတွေ မကြာမကြာ ပေါ်ပေါက် နေကြရသ ပေါ့ သားရယ်။

ကျွန်တော်။ ။ဟုတ်ပါပေတယ် အမိ၊ အမိက တော့ မြန်မာနိုင်ငံရဲ့ မြောက် ဘက် တောင်ကုန်းဒေသတွေ၊ အလယ်ပိုင်း မိုး ခေါင်ရေရှား ဒေသတွေ၊ အောက်ပိုင်း မြေနု ကွန်းပေါ် ဒေသတွေကို ဖြတ်သန်းပြီး မိုင် ပေါင်း ၁၃၅၀ အထိ ရှည်လျားစွာ ကိုယ့်နိုင်ငံ ထဲမှာပဲ စီးဆင်းသွားတာကို သိရပါတယ်၊ ကျေးဇူးတင်လှပါတယ်။

ရောဝတီ။ ။ဒါကလဲ အခု(မျက်မှောက်) အခြေ အနေကို ငါ့သားက ကြည့်ပြီး ပြောလိုက်တာ ကိုး။ ဟို-လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးသိန်းကျော် လောက်ကဆိုယင် အမေ့ အခြေအနေက ဒီအ တိုင်း မဟုတ်ဖူးကွယ့်။

ကျွန်တော်။ ။သိပါရစေ အမိ။

ရောဝတီ။ ။အဲဒီအခါတုန်းက အမေရဲ့ မြစ်ဝ ဟာ ပြည်မြို့ရဲ့အနီးအနားတဝိုက် မှာပဲရှိခဲ့တယ်။ လက်ရှိ မြစ်ဝကျွန်းပေါ် ဒေသ တခုလုံးဟာ ရေအောက်(ပင်လယ်တိမ်အောက်) မှာ ရှိနေဘယ်ကွယ့်။ဒလ(တွံတေး)တို့၊မြောင်း မြတို့၊ ပုသိမ်တို့တဝိုက်တွေမှာသာ ရေပြင်ထက် မြင့်ပေါ်ပြီး ရှိနေခဲ့ကြတယ်။အထက်က နုန်းမြေ တွေ တဖြည်းဖြည်း အမေနဲ့အတူ မျောပါလာ ကာ ပို့ပို့လာပြီးတော့ မိုင်ပေါင်း၁၂,၀၀၀ ကျယ်တဲ့ မြစ်ဝကျွန်းပေါ်(ချမြေနုဒေသ)ရယ်လို့ ဖြစ်လာတယ်ကွယ့်။အိုကွယ်အမေ့အခြေအနေက

ကုန်ကုန်ပြောလိုက်မယ်၊ ဟို-လွန်ခဲ့တဲ့နှစ်ပေါင်း ၁၂,၀၀၀ လောက်ကတောင် ခုအနေအထား အတိုင်း မရှိသေးဘူးကွယ့်။

**ကျွန်တော်။** ။အတိတ်က အောက်ပိုင်း အခြေ အနေကိုတော့ အသင့်အတင့် သိရပါပြီ၊ အထက်ပိုင်း အခြေအနေကိုလဲသိပါရစေ-အမိရယ်။

**ရောဝတီ။** ။ဒီလိုကွယ့်သားရဲ့။ရှေးအနှစ် ထောင် ပေါင်းများစွာက ဆိုယင် အမေဟာ အခုရှိတဲ့ မန္တလေးမြို့ အနီးကနေ ဘောင်ဘက်ကို တန်းပြီးတော့ စီးဆင်းခဲ့တယ် ကွယ့်၊ အခု စစ်တောင်းမြစ်ဆိုတာ တချိန်ထုန်းက ချင်းတွင်းမြစ်ဝှမ်းလဲ ဖြစ်ခဲ့ဖူးတယ်။အမေရဲ့ အောက်ပိုင်းဟာ တချိန်တုန်းက ချင်းတွင်းမြစ် ဝှမ်းလဲ ဖြစ်ခဲ့ဖူးတယ်ကွယ့် သားရဲ့။

**ကျွန်တော်။** ။ဒါကြောင့်ထင်တယ်။ အမိနာ မည်ပျက်နေတာ တခုရှိတယ်။

**ရောဝတီ။** ။အို-ဘယ်လိုပါလိမ့်။

**ကျွန်တော်။** ။အမိဟာ ကမ္ဘာပေါ်မှာ ရေ တိုက်စားနှုန်း အမြန်ဆုံး မြစ်တခု ဖြစ်တယ်လို့ သိနေကြပါတယ်။ ကမ္ဘာမှ ထင်ရှားရှိတဲ့ နိုင်းလ်မြစ်တို့၊ မစ္စစ္စပီမြစ်တို့၊ ဂင်္ဂါမြစ်တို့၊ ဒင်းန္နူးမြစ်တို့ထက် ရေတိုက်စားနှုန်း အားကြီးတယ်လို့ သိရပါတယ်။ ကျောက် ဆောင်တွေကိုတောင်မှ အနှစ်လေးရာ လေးရာ လောက် အကြာမှာ တပေလောက် တပေ လောက် တိုက်စား ပစ်လိုက်တယ်လို့ သိနေကြပါတယ်။ ကြမ်းလှချည်လား အမိရယ်။

**ရောဝတီ။** ။ဟဲ-ဟဲ ဒါပေမယ့် မြစ်ရေတိုက် စားတယ်၊ မြစ်ကြောင်း ပြောင် တယ်ဆိုတာတွေဟာ ဓမ္မတာပါကွယ့် သားရဲ့၊ အနည်းနဲ့ အများလောက်သာ ကွာတာပါ။သင် တို့တတွေရဲ့မြစ်ကြောင်းနဲ့ တိုက်စားနှုန်း တွေကို ပြန်ကြည့်ယင်လဲ သိပ်နည်းတယ်လို့ မဆိုနိုင်ပါ ဘူးကွယ်။

**ကျွန်တော်။** ။ဒါထက် အမိရဲ့ စတင်ပေါက် ဖွား ဒေသကို အသေအချာသိရ အောင် ရှင်းပြဖို့ ကျန်နေပါသေးတယ် ခင်ဗျာ။

**ရောဝတီ။** ။သာမညအားဖြင့် မြစ်ကြီးနားမြို့ ရဲ့ မြောက်ဖက် ၂၆ မိုင် အကွာ မေခနဲ့ မလိခ ဆိုတဲ့ မြစ်နှစ်ပါး ပေါက်ဖွားခဲ့ တယ်လို့ မှတ်ပါသားရယ်။မေခက ကိုက်၁၆၅ လောက် ကျယ်တယ်။ မလိခက ကိုက် ၁၅၀-လောက် ကျယ်တယ်။ အသေအချာ ကတော့ မေခမြစ်ရဲ့ အစဟာ ပူတာအိုမြို့ရဲ့မြောက်ဘက် လတ္တီတွဒ် ၂၇ ၂၄ နေရာပဲကွယ့်။အဲဒီမှာ နှင်း တွေဖုံးနေတဲ့ တီလာဆိုတဲ့ တောင်ကြီးမှာ လန် ဝေလာဆိုတဲ့ ရေခဲမြစ်ရှိတယ်။ မေခမြစ်ဆိုတာ အဲဒီရေခဲမြစ်မှာ မြစ်ဖျား ခံခဲ့တယ်၊ အမေရဲ့ အဖွားဟာ လန်ဝေလာလို့လဲ ဆိုနိုင်ပါ ရဲ့။ မြစ်ဖျားခံနေတဲ့ နေရာကနေပြီး အရှေ့ ဘက်က စီးလာတဲ့ ထရုံမြစ်နဲ့ ပေါင်းဆုံမိတဲ့ နေ ရာက စပြီး အောက်ပိုင်းကို မေခ၊ အထက်ပိုင်း ကို နမ့်တမိုင်လို့ ခေါ်တယ်။ မေခကို အရှေ့ ရော ဝတီ မြစ်လို့ တချို့က ခေါ်ကြသေးတယ်။

**ကျွန်တော်။** ။ရေအလှူတော်ကြီး ပြုလုပ်ရာ စစ်ကိုင်းမြို့ အထိ ကျဉ်းကျဉ်း ကျပ်ကျပ် ဘယ်နှစ်ခါ လာခဲ့ရပါသလဲ အမိ။

**ရောဝတီ။** ။သုံးကြိမ်သုံးခါ ရှိပါတယ်။ဆင်ဘို မြို့က ဗန်းမော်အထိ ပထမမြစ် ကျဉ်း တကြိမ်၊ ဗန်းမော်အနီး စင်းကန်ရွာက ရွှေဂူမြို့အထက် နား သဘော်ရွာ အထိ ၁၄မိုင်

ခန့် အလျားရှိတဲ့ ဒုတိယမြစ်ကျဉ်း တကြိမ်၊ သပိတ်ကျင်းမြို့ရဲ့ မြောက် ဆယ်မိုင်ခန့် အကွာ မလည်ရွာက ကျောက်မြောင်းမြို့အထိ အလျား ၂၉ မိုင်ခန့် ရှိတဲ့ တတိယ မြစ်ကျဉ်းတကြိမ်၊ ပေါင်းသုံးကြိမ် ရှိခဲ့တယ် သားရဲ့။ အဲဒီက နောက်ပိုင်း အပူပိုင်းဇုံ မြေနုဒေသကို ဖြတ်ပြီး မန္တလေးအထိ ယောခဲ့ဘာပါပဲ။ ဗန်မော်မြို့နဲ့ မန္တလေးမြို့ အကြားမှာ အများကြီး ကွေ့ ကောက်ပြီး လာခဲ့ရတယ်။ သဲသောင်တွေလဲ များတယ်။

မန္တလေးမြို့ ရောက်ပြီးတဲ့နောက် တဘက် ကမ်း စစ်ကိုင်း တောင်တန်းတွေကို ကွေ့ဝိုက် ကာ အရှေ့က အနောက်မြစ်ကြောင်း ပြောင်း ခဲ့တယ်၊ အမေ့သားကြီး ဖြစ်ချင်တဲ့ ချင်းတွင်း မြစ်နဲ့ ဆုံရာ ပခုက္ကူ အထိပေါ့ကွယ်။

ကျွန်တော်။ ။ဒါထက် သတိရလို့ မေးပါရ စေ အမိ၊ "ရေ-စစ်ကိုင်း၊လှိုင်း ပခန်းငယ်၊ လယ်-တောင်တွင်း၊ စပါး-ရမည်း သင်း၊ အင်း-တောင်သမန်၊ ကန်-မိတ္ထီလာ" လို့ဆိုရိုးရှိခဲ့ပါဘယ်၊ ဟုတ်ပါသလား။

ဧရာဝတီ။ ။ဒါက-ဟို ရှေးခေတ်ကပါကွယ်။ အခုတော့ စစ်ကိုင်းနဲ့ မန္တလေး အကြား တလျှောက်မှာ သဲသောင်ပြင်ကြီးတွေ ထွန်းလာပြီး အခြေအနေ ရေစီး ရေလာကအစ ပြောင်းလဲလာပါတယ်ကွယ့် သားရဲ့။ ရှေးကလို ရေမိုး မကြမ်းတော့ပါဘူး။

ကျွန်တော်။ ။ဘာပဲမဆို-အမိကို အကြောင်း ပြုပြီး ရေအကျိုးဆယ်ပါး ခံစား ရရှိနိုင်တဲ့ ပုဂ္ဂိုလ်တွေ အများကြီး ပေါ်လာကြ ပါတယ်။ စစ်ကိုင်း တောင်ရိုး တဝိုက်မှာရှိတဲ့ သူတော်ကောင်းတွေလဲ ရေအတွက် မပူရမပင်ရ လွယ်ကူစွာ သုံးဆောင်ကြရပြီ။သူတော်ကောင်း တရား ပွားများ အားထုတ်နိုင်ကြ ပါတယ်။

ရေအလှူတော် စီမံကိန်းကြီးမှာ ပါဝင်ကြတဲ့ ကုသိုလ်ရှင်တွေဟာ (ဥဒဂ.ပူဇော) မထေရ်လို အကျိုးခံစားရ ပါလိမ့်မယ်။ အဲဒီဥဒက ပူဇော မထေရ်ဟာ ပဒုမုတ္တရ ဘုရားရှင် လက်ထက် ကောင်းကင်က ကြွလာတဲ့ ပဒုမုတ္တရဘုရားရှင်ကို လက်ခုပ်နဲ့ ရေကိုယူပြီး ကောင်းကင်သို့ ပစ် မြှောက် ပူဇော်ခဲ့ပါတယ်။ ဘုရားရှင် ကလဲ ကောင်းကင်ပေါ်က ရပ်တော်မူယင်း "ဒီလိုရေ လှူတဲ့ ကောင်းမှုနဲ့ နှစ်သက်ခြင်း(ပီတိ)ကို ဖြစ် ပေါ်စေမှုကြောင့် ကမ္ဘာတစ်သိန်း ပတ်လုံး အပါယ်လားရတော့မှာ မဟုတ်ဘူး"လို့ မိန့် တော်မူပါသတဲ့။ အဲဒီလို ရေအလှူတော်ကြောင့် စကြဝတေးမင်း သုံးကြိမ် ဖြစ်ခဲ့တဲ့အပြင် အဆုံး ဘဝ၌ ပဋိသမ္ဘိဒါ လေးပါး ဝိမောက္ခ ရှစ်ပါး အဘိညာဉ် ခြောက်ပါးတို့ကို မျက်မှောက်ပြုကာ နိဗ္ဗာန်တိုင် ရောက်ခဲ့ပေါ်တယ် ဘုရားလို့ အဲဒီ အရှင်မြတ်ကိုယ်တိုင် လျှောက်ထား ခဲ့တဲ့ထုံး ရှိ ပါတယ်။

ပြီးတော့ ၉၄—ကမ္ဘာထက်ဆီက သိဒ္ဓတ္ထ ဘုရားရှင်ကို ရေကြည်ရေအေး လှူခဲ့သဖြင့် အပါယ်လေးပါး တကြိမ်မျှ မလားမရောက်ခဲ့ရ ကြောင်း ထေရာပဒါန်ပါဠိတော် ဥဒကတ္ထေ၊ အပဒါန် ပါဠိတော်မှာ လာပါတယ်။

အခုလဲ-လက်တဆုပ်မက ရေဒါနကို လှူကြ သူ သိတဂူအဖွဲ့ဝင် သူတော်စင်တို့ဟာလဲ အမိ ကို အကြောင်းပြုကာ ရေအလှူတော်ရဲ့ အကျိုး ကို ခံစားကြရမှာ မလွဲပါခင်ဗျား။

မာယ

အကိုးကျမ်းများ

၁။ ဧရာဝတီ (တိုက်စိုး)

၂။ မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁၅)

၃။ Gazetteer of Upper Burma and The Shan States. (Part II. Vol 1).

၄။ သဒ္ဒတ္တောမ မဟာနိဓိ (သက္ကတာဘိဓာန)

၅။ A Concise Sanskrit Engl ish Dictionary (Vidyadhar Vaman Bhide).

၆။ Sanskrit Hindi–English Dictionary (Suryakanta)

၇။ A Sanskrit–English Dictionary (Sir Monier –Will iams)

၈။ အာဒါသ-ဟိန္ဒီ–သဒ္ဒကောသ

၉။ သီရိဓရဘာသာ ကောသ

၁၀။ အမရကောသနှင့် ဗျာချာ

၁၁။ အဘိဓာနပ္ပဒီပိကာဋီကာ

၁၂။ ထေရာပဒါန်ပါဠိတော်

၁၃။ Our World a Human Geogtaphy.





# သီတဂူ၏ပင်မအရင်းအနှီး
## ပဋ္ဌာန်းသိပ္ပံဆရာတော်
(အဂ္ဂမဟာပဏ္ဍိတ ပဋ္ဌာန်းသိပ္ပံတိုက်)

သီတဂူ ဆိုသည်မှာ သီတဂူ ရေစီမံကိန်းကို ပြီးမြောက် အောင်မြင် သည်အထိ ဇောကောင် အဆည်ဖော် လုပ်ဆောင်နေကြသော ဦးဆောင် ဆရာတော်များနှင့် သီတဂူကို ကြည်ဖြူစွာ လှူဒါန်းကြသော ပြည်သူများကို ဆိုလိုပါသည်။

ပင်မ အရင်းအနှီး ဆိုသည်မှာ သဒ္ဒါတရားကို ဆိုလိုပါသည်။

သီတဂူ ဦးဆောင်ဆရာတော်များ၏ ပင်မ အရင်းအနှီးဖြစ်သောသဒ္ဒါကို ချဲ့ထွင် ရေးသားရန်မလိုဟု ထင်ပါသည်။ လေးနှစ်တာရေး တိုးတက်မှု အစီရင်ခံစာ၌ ပဓာနဆရာတော် ကိုယ်တိုင် ဖော်ပြပြီးဖြစ်သောကြောင့်ပင်ဖြစ်ပါသည်။

သီတဂူ ကြည်ဖြူသော ပြည်သူတို့၏ ပင်မ အရင်းအနှီး ယုံကြည်မှု သဒ္ဒါတရား များပြားသောကြောင့်သာ ငါးနှစ်တာမျှ ထို အချိန်ကာလအတွင်း အကျိုးတရားများပြား ဤမျှကြီးမားသော အကောင်အထည်ကို ဖော်ဆောင် ပြီးမြောက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ဤနေရာ၌ အကျိုးတရား ကြီးမား များပြားမှု အငယ်စား အကျိုးတရားလေးတခု ဖော်ပြပေးပါဦးမည်။ ယခုနှစ် မိုးဦးကာလ ခဏတာ မိုးကောင်း၍ ယခု စာရေးသော သီတင်းကျွတ်လဆန်းတိုင်အောင် မိုးကောင်းကောင်း မရွာ၊ ကုန်လွန်ခဲ့သော နှစ်များ ဤကဲ့သို့ ကြုံရပြီဆိုလျှင် ရေအတွက် ညည်းညူသံများကြားခဲ့ရသည်။ ကိုယ်တိုင်လည်း "တော်သလင်းနေပုစွန်သေ" ငယ် ပုပြင်း ခြောက်သွေ့မှုကို ခံယူယင်း ငါးရံ့မင်းဂရိဇ်ဖြင့် ဗျေးသိပ်ခဲ့ရသည်။ ရေလက်ကျန် နည်းနေ၍ ဥဒကသန္တောသ ဖြစ်အောင် မောင်ပဋ္ဌင်းတို့ကို သတိပေးရသည်။ ယခုနှစ် သီတဂူ ရေဖြန့်ဝေ အလုံအလောက်ရှိနေ၍ ညည်းညူသံ လုံးဝမကြားရပေ။ ဤကား သီတဂူရေအလှူတော်၏ အကျိုးအများအပြားမှ အသေးစားကလေးတခုမျှပင် ဖြစ်ပါသည်။ ထို့ထက်ကြီးမားသော အကျိုးတရားကား များပြားလှပါသည်။

### သဒ္ဒါ၏သဘော

ကောင်းစွာ ကြည်လင် လက္ခဏာရှင် ဖြစ်သော သဒ္ဒါကို မိမိနှင့် ဖြစ်ဖော်ဖြစ်ဘက် စိတ်စေတသိက် သဘာဝဓမ္မတရားတွေ မိမိကိုလက်ခံထားသော ပုဂ္ဂိုလ်တွေကိုကြည်လင်စေကြောင်းဖြစ်ပို့ ကိုယ်ကိုယ်တိုင်လည်း ကြည်လင်စေတတ်

လို့ ပါဠိလို သဒ္ဓါ၊ မြန်မာလို ယုံကြည်မှုဟုခေါ် ရပါသည်၊

သဒ္ဓါရဲ့ ကြည်လင်မှု အစွမ်း ဘယ်လောက် အာနိသင်ရှိသနည်းဆိုသင် ဆင်တပ်, မြင်းတပ်, ရထားတပ်, ခြေလျင်တပ်လို့ ဆိုရသည့် အင်္ဂါလေးပါးရှိ တပ်တော်ကြီးများ အနည်းငယ်မျှ ရေရရှိသော အိုင်ကို ဖြတ်ကူးသောအခါ မြူအနယ် ညွှန် မှော် စသည် နောက်ကျုချင်တိုင်း နောက်ကျုနေသော ရေ၌ စကြဝတေးမင်း ပတ္တမြားလက်ဝတ်ရဘနာထည့်လိုက်မည်ဆိုလျှင် ခဏချင်း သန့် ရှင်း သွား သလို မြူနိဝရဏ ထကြွသောစိတ်တွေကို ကြည်လင်စေနိုင်သည်ဟု ဆိုပါသည်၊ (အဘိ၊ ဋ၊ ၁၆၂)

သဒ္ဓါ၏ ဦးဆောင်ရဲတင်းမှုအရာလည်းဘယ်တရားမျှ လိုက်၍ မမီပါ။ ရဲတင်းသော စစ်သည် ဘေးဘျမ်းထူပြော မြစ်ကျောကို ဖြတ်၍ မကူးပဲ၊ လက်မှိုင်ချနေကြသော ပုဂ္ဂိုလ်တွေကို ရှေ့ဆောင်လျက် တွေ့သမျှ ဘေး များစွာကို သုတ်သင်ရှင်းလင်းပြီးအေးချမ်းစွာကမ်းတဘက် ရောက်အောင် ပို့ဆောင်သလို သဒ္ဓါလည်းရှေ့ဆောင်စံပြ အင်မတန်ရဲတင်းမှုရှိလှ၍ ဒါနသီလ သာဝနာမှု မြောက်အောင် ပို့ဆောင်ပေးပါသည်။

ထိုအခြေခံဂုဏ်ဘို့နှင့် ပြည့်စုံသော သဒ္ဓါတရားကို အဋ္ဌကထာဆရာက "ကုသိုလ်တရားတို့ကို ရယူခြင်း၌ လက်နှင့်တူသည်။ စည်းစိမ်အားလုံးကို ပြီးစေခြင်း၌ ဥစ္စာနှင့် တူသည်၊ အမြိုက်အသီးကို သီးစေခြင်းမျိုး၌ မျိုးစေ့နှင့်တူသည်ဟု ထိဘိမိမိ ဆိုသားပါသည်။ (အဘိ၊ဋ၊၁။၁၆၃)

စားကောင်းသောက်ဖွယ် အပြည့်အစုံ ရွှေပုံ စိန်ပုံပေါ်မှာ ထိုင်နေရလင့်ကစား လက်မပါသောသူသည် ဘယ်ဟာကိုမျှ ကောက်ယူ စားသုံး ဝတ်ဆင်နိုင်လိမ့်မည် မဟုတ်သလို ဘုရားသာသနာတွင်ရှိသော ဒါန သီလ ဘာဝနာ စသော အနှစ်အခဲတွေရယူရာမှာ သဒ္ဓါလက်မပါသူသည် မည့်သည့် အရာဝတ္ထုမျှ ယူနိုင်မည် မဟုတ်။ ဘုရားရှင်သည် ဘယ်လောက် ကရုဏာကြီးမောက်၍ ချီးမြှောက်စေကာမူ အရမယူနိုင်ပါ။ သဒ္ဓါလက်ရှိမှသာလျှင် ကုသိုလ် အနှစ်အသားတွေကို ခံယူနိုင်မည်ဖြစ်၍ အဋ္ဌကထာဆရာက ကုသိုလ်ကိုရယူရာ၌ လက်နှင့်တူသည်ဟု ဆိုခြင်းဖြစ်ပါသည်။

လောကီစည်းစိမ်မှန်သမျှ ဥစ္စာရှိမှသာ ရရှိခံစားနိုင်သည်ကို မျက်မြင်ကိုယ်တွေ့ပင် ဖြစ်ကြပါသည်။ ထို့အတူ လူ နတ် နိဗ္ဗာန် စည်းစိမ်တွေကို ရယူခြင်းမှာလည်း သဒ္ဓါ ဥစ္စာရှိမှသာလျှင် ဖြစ်နိုင်ပါမည်။ ဤမျှအရေးကြီး၍ သဒ္ဓါသည် ဥစ္စာနှင့်တူသည်ဟု ဆိုခြင်းဖြစ်ပါသည်။

အသီးများကို သီးစေရာ၌ မူလအကြောင်းရင်းမှာ မျိုးစေ့ပင် ဖြစ်ပါသည်၊ မျိုးစေ့မှ ပေါက်ပွားကြီးရင့် သီးပွင့်လာရခြင်း ဖြစ်၍ အမြိုက်တည်းဟူသော မဂ်ဖိုလ်များ တည်ထွန်း ဖြစ်ပွားလာရမှုမှာလည်း သဒ္ဓါသည် မျိုးစေ့နှင့် တူသည်ဟု ဆိုလိုပါသည်။

ဘုရားရှင်သည် ကသိကဗွဲ၌ လယ်သမားပုဏ္ဏားအား မိမိစိတ်အစဉ် လယ်ပြင်မှာ စိုက်သောသဒ္ဓါမျိုးစေ့သည် မပေါက်ရောက် မကြီးပွားဘူးဆိုသည်မှာ မရှိဟုပင် ပြောဆိုထားပါသည်။

(သုတ္တနိပါတ ဋ၊ ၁၃၁)

ဤကောင်းမှု မင်္ဂလာတို့၏ အခြေခံပင်မ သဒ္ဓါဥစ္စာ ရနိုင်မှု အတွက်ကြောင့်ပင် "နိမိတ်ငါးပါးထင်၍ သေလွန်တော့မည့် နတ်သားများ ထံ အခြားနတ်သားများက အားပေးစကားသုံး

ခွန်းဖြင့် တိုက်တွန်းပြောကြားကြပါသည်၊ လေး လေး နက်နက် မှာကြားကြ ပါသည်။ သမောင် ဤ နတ် ဘဝမှ စုတေလျှင် သုဂတိ လူ့ဘဝ ကိုသာ သွားပါ၊ လူ့ဘဝရောက်ယင် လူ့ဘဝ မှာသာရလွယ်တဲ့ ကောင်းမွာ ရအပ်တဲ့ သဒ္ဓါ တရားကို ရအောင်ယူပါ၊ သဒ္ဓါရရှိ ပြီးလျှင် အသက်ထက်ဆုံး မယိုယွင်းအောင် အမြဲတမ်း တည်ရှိပါစေ''ဟုပင် ဖြစ်ပါသည်။(ခု၊ ၄၊ ၂၄၇)

သေခါနီး အရေးတကြီး မှာကြားရသော စကားသုံးခွန်းတွင် သဒ္ဓါနှင့်ဆိုင်သော စကား နှစ်ခွန်း ပါရှိရာ သဒ္ဓါရှိဖို့ အဘယ်မျှ အရေး ကြီးကြောင်း သိသာနိုင်ပါသည်။ နတ်များသည် လည်း လူသားတွေထက် အသိဉာဏ် လျှင်မြန် စူးရှမှု၊ မြော်မြင်ဘတ်မှု များစွာ သာလွန်ကြ ပါသည်။

သဒ္ဓါကိုဖြင့်စေမှု

သိတဂူ၏ ပြည်သူတွေ သဒ္ဓါတရား မိမိ သန္တာန်၌ တည်ပွားအောင် လုပ်ဆောင်ရမည် နည်းဟု ဆိုလျှင် သဒ္ဓါတရား ဖြစ်ပေါ်လာနိုင်မှု အကြောင်းသုံးပါး ရှိကြောင်း တွေ့ရသည်။

(၁) ရတနာသုံးပါး ကြည်ညိုသဒ္ဓါတ ရား မရှိသူကို အပေါင်းအသင်းမလုပ် ပဲ ရှောင်ကြဉ်ခြင်း၊

(၂) ရတနာသုံးပါး ကြည်ညိုပွား သဒ္ဓါ တရား ရှိသူကို ဆက်ဆံ ပေါင်းသင်း ခြင်း၊

ဤနေရာ၌ ဆက်ဆံ ပေါင်းသင်း ခြင်းကို အောက်ပါအတိုင်း အဆင့်ဆင့် ညွှန်ပြထားပါ သည်။ ရတနာသုံးပါး လေးစားကြည်ညိုသူကို ကိုယ်တွေ့ မဆက်ဆံရခင် စိတ်ဓာတ် အနေဖြင့် လေးစားနေခြင်း၊ စိတ်က လေးစားနေ၍ အနီး အစပ် ချဉ်းကပ်ခြင်း၊ ရှိသေလေးစားစွာ အနီး

အပါးခကားခြင်းဟု သုံးမျိုးညွှန်ပြထားပါသည်။ (ပဋိသံ၊ ၄၊ ၂၊ ၁၃၁)

(၃) စိတ်ဓာတ် ကြည်လင် စေနိုင်သော သုတ္တန်တရားတို့ကို ကိုယ်တိုင် ဆင်ခြင် စဉ်းစား သို့မဟုတ် ဓမ္မကထိကဆရာ တော်များထံမှ နာယူခြင်း၊

ဤ အင်္ဂါ သုံးပါး တို့ကြောင့် သဒ္ဓါတရား ပွင့်လင်း ပေါ်ပေါက်လာသည် ဟု ဆိုပါသည်။ (အံ၊ ၄၊ ၂၊ ၃၀၇)

ဤသို့ ဖြစ်ပွား ပေါ်ပေါက်လာသောသဒ္ဓါ တရားသည် နိဝရဏ တရားတွေကို ပယ်ခွာပေး ၏။ ကိလေသာ တရားတွေကို မတိုးပွားအောင် ဆုတ်နစ်စေ၏။ စိတ်ကို ကြည်လင်စေ၏။ မနောကံ ကျစေသော် ဟူသော ဤအကျိုးအရာ လေးပါး ကိုပြုလုပ်ပေးပါသည်။

ဖြစ်ပွားလာသော သဒ္ဓါတရားကို အဖော် ကောင်းပြု၍ အမြော်အမြင်ရှိ ပုဂ္ဂိုလ်သည် အလှူပေးမှု၊ သီလဆောက်တည်မှု၊ ဥပုသ်နေ့ ပြုရမည့် ဥပုသ်ဘုံးခြင်း အမှု၊ ဘာဝနာပြုမှု ဤ လေးချက်ကို မိမိလို လုပါဒရောစွက်၍ ပြုလုပ်ရယူ နိုင်ပါသည်။ (အဘိ၊ ၄၊ ၄၊ ၁၆၂)ကောင်းခြင်း ပြည့်ဝ ဒါန သီလ ဘာဝနာ စသော ပြုလုပ် ဖွယ်တိုင်းမှာ သဒ္ဓါရှေ့သွား ဦးဆောင်နေပါ သည်။

သိတဂူ ရေအလှူတော်များ

ပြည်သူများသည် ရတနာသုံးပါး မကိုးကွယ် သူကို မိတ်မလုပ်ခြင်း၊ ရတနာ သုံးပါးကိုးကွယ် သူကို မိတ်ဆွေပြုခြင်း၊ သိတဂူ ပဓာန ဦးဆောင် ဆရာတော်များ၏ တရားတော်ကို နာကြားရ ခြင်း၊ ဖတ်ရခြင်း ဤအင်္ဂါသုံးပါးနှင့် ညီညွတ်၍ ဖြစ်ပေါ်လာရသောသဒ္ဓါတရားသည် သို့မဟုတ် သေရဏ၊ ပေဏ၊ လေဏ ပရာယဏာအနှစ် ပုည

ခေတ်ဖြစ်သော ရတနာသုံးပါး၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ထိုကံတို့၏ကောင်းကျိုး မကောင်းကျိုး ဤငါးမျိုးကို မမှိတ်မသုံ ယုံကြည်ခြင်း သဒ္ဓါတရား ဤ ပင်မ အရင်းအနှီးဖြင့် သီတဂူ ထာဝရ ဥဒကကုသိုလ်တော် ပွဲကြီး တခုကိုပြု လုပ်လိုက်ကြပြီ ဆိုကြပါစို့။

ထိုဒါနပွဲကြီးနှင့် ပတ်သက်ပြီး အလှူရှင် ပြည်သူတို့၏ သန္တာန်မှာ သဘာဝ ဓမ္မတို့၏ ဖြစ်စဉ်သည်–

(၁) ရုပ်ဖြစ်စဉ်၊

(၂) နာမ်ဖြစ်စဉ် ဟု နှစ်မျိုး နှစ်စား ပြားလ ပါသည်။

ထိုတွင် လှူဖွယ်ဝတ္ထုကို အလှူခံ ပုဂ္ဂိုလ်၏ လက်ထဲ ထည့်လိုက်မှုကို'' ရုပ်ဖြစ်စဉ်''ဟု ခေါ် ပြီး ယင်းသို့ ထည့်လှူခိုက် အလှူရှင်သန္တာန်မှာ ဖြစ်ပေါ်သွားသောစိတ်အစဉ်ကို''နာမ်ဖြစ်စဉ်'' ဟု ခေါ်ပါသည်။

အလှူရှင် တဦးဦးသည် သီတဂူရေ အလှူ ဒါနကိုပဲ ပြုပြု၊ အခြားဒါန တခုခုကိုပဲ ပြုပြု ထို မိမိပြုသော ဒါနမှုကို ရှုမြင်သုံးသပ် ဝေဖန် ကြည့်တဲ့အခါမှာ ''နာမ်ဖြစ်စဉ်''ထိုဉာဏ်အမြင် မသက်ရောက်နိုင်ပဲ ''ရုပ်ဖြစ်စဉ်''မျှ လောက်နှင့် သာ ရှုမြင်သုံးသပ်မှု အဆုံးသပ်မှု အဆုံးသပ် ထားကြမည်ဆိုလျှင် ထိုပုဂ္ဂိုလ်သည် ''ဒါနပြုမှု ကား ဘာမျှ အကျိုးရှိသော အလုပ်မဟုတ်''ဟု ဝေဖန်ကဲ့ရဲ့မိမှာ အမှန်ဖြစ်ပါသည်။ ကိုယ်တိုင် လည်း လှူတော့မည့် မဟုတ်သည့် အပြင် တခြားသူများ၏ ဒါနမှုကိုလည်း တားဆီးပိတ် ပင်တော့မှာ သေချာပါသည်။

ဤအင်ပြချက် ထင်ရှားသွားအောင် ကျမ်း ဂန်လာ အဖြစ်မှန် တခုကို ထုတ်ပြလိုပါသည်။ ဘုရားရှင်လက်ထက် သာဝတ္ထိပြည်အနီး 'တုဒိ' ဆိုသော ရွာကို အပိုင်စားရသော ဒေယျပုဏ္ဏား ကြီး တဦးရှိပါသည်။ ရွှေငွေဥစ္စာ ကုဋေရှစ်ဆယ် ချမ်းသာသော သဌေးကြီး တဦး ဖြစ်သည်။ ဒါနအပေါ် ထင်မြင် သုံးသပ်မှုသည် လှူသည်ဆို သည်မှာ ကုန်သွားတာပဲ ဖြစ်သည်။ ဘာမျှအ ဖတ်တင်သော အလုပ်မဟုတ်ဟု မြင်ပါသည်။ ဒါကြောင့် သုဘလုလင်ကို ဒါနမှုနှင့် စပ်ဆိုင် ပြီး သိန်းသန့်သင်တန်းပေးပါသည်။

ငါ့သား သုဘ– မျက်စဉ်းပုလင်းထဲက မျက် စဉ်းရည်သည် တစက်ခတ်ယင် တစက်ကုန်သွား သည်။ နှစ်စက်ခတ်ယင် နှစ်စက်ကုန်သည်။ နည်း နည်းခတ်ယင် နည်းနည်းကုန်သည်၊ များ များခတ် ယင် များများကုန်သည်။ ခပ်လို့ ကုန်သွားတဲ့ မျက်စဉ်းရည်သည် တဖန် ပြန်ပြီး ပုလင်းထဲ ရောက်မလာတော့ဘူး။ ဒီလိုပါပဲ၊ လှူသမျှ ကုန် သွားသည်။ တဖန်ပြန်ပြီး အလှူရှင်၏ တံတင်း သေတ္တာ အိတ်ကပ်ထဲသို့ ပြန်ရောက်လာရိုး မရှိ။ ဒါကြောင့် အလှူဆိုသော အလုပ်ကို ယောင် လို့တောင် မလုပ်နဲ့လို့ သင်တန်းပေးပါသည်။

(ဒီ၊ ၃၊ ၁၊ ၃၁၇)

ဒီသင်တန်းပေးမှုသည် အလှူဝတ္ထုကို အလှူ ရှင် လက်ထဲသို့ ထည့်လိုက်သော 'ရုပ်ဖြစ်စဉ်'မျှ ကိုသာ ရှုမြင်သုံးသပ်မိ၍ ဖြစ်ပါသည်။ဒါကြောင့် ဒါနမှု၏ အကျိုးအမြတ်ကို မမြင်၊ တူးတူး ခါး ခါး ဒါနမှုကို အပြစ်မြင် ထားခြင်း ဖြစ်ပါ သည်။

အမြင်မှန်ရစေရန်

ဒါနမှု၏ အကျိုးရှိပုံကို သိမြင်နိုင်ရန်မှာ အလှူရှင်၏ သန္တာန်မှာ ဖြစ်ပေါ်သွားသည့် စိတ်အစဉ်၊ နာမ်ဖြစ်စဉ်ကို ပေါက်ကျကျ မိမိရရ မြင်နိုင်ဖို့လိုပါသည်။

ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ ကာ ပေစွ ဝေကွတ်။

ဤပဋ္ဌာန်း ဒေသနာတော်ကို ဖွင့်ခဲ့တော်မူသော အရ ကောက်ဆရာတော်က 'နာမ်ဖြစ်စဉ်' ရှုမြင်နိုင်အောင် အောက်ပါအတိုင်း ပြောကြား ခဲ့ပါသည်။

ပစ္စည်းဟပ်ဟန်ကား အန္န ပါန ယရ ဝတ္ထု အစရှိသော ဒါနဝတ္ထုကို လှူလိုလတ်သည်ရှိသော် ထိုဒါယကာ၏ ပဋိသန္ဓေ စိတ်နှင့်တူသော စိတ်သည် ကာ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်အား ဖြင့် သုံးပါးတို့တွင် တပါးပါးကို အာရုံပြု၍ ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စ တင်၍ချုပ်၏။ ထို့နောက် အန္နပါန ယရဝတ္ထု အစရှိသော ဒါနဝတ္ထုကို ဆင်ခြင်တတ်သော မနောဒွါရာဝဇ္ဇန်း၊ ထို့နောက် မဟာကုသိုလ်စိတ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် ဝိဘူတာရုံ ဝိထိ ဖြစ်အံ့၊ တဒါရုံ နှစ်ကြိမ်။ ထိုတွင် ကာမဘဝင် ဖြစ်ထိုက်သရွေ့ ဖြစ်၍ အဝိဘူတာရုံဝိထိဖြစ်အံ့ ပဉ္စဝေါကာရ ဘဝင် တဆယ့်ငါးပါး တို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သရွေ့ ဖြစ်၏။

ဤဝိထိ စိတ္တုပ္ပါဒ်ဖြင့် အန္န ပါန အစရှိသော ဒါန ဝတ္ထုကို လှူ၏ဟု မိန့်ဆိုတော်မူရှိပါသည်။ ဤကား နာမ်ဖြစ်စဉ် အလှူတည်း။

(ပဋ္ဌာန်းအရကောက်၊ ၃၄၁)

ဤ စကားစဉ်ဖြင့် အလှူကိစ္စမှုသည် လှူဖွယ် ဝတ္ထုကို အလှူခံလက်ထဲသို့ ထည့်လှူလိုက်ခြင်း မှုမဟုတ်ပဲ အလှူရှင်သန္တာန်မှာ 'ဘဝင်စလန'၊ ဘဝင်္ဂုပစ္ဆေဒ၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ်ဇောစိတ် ခုနစ်ကြိမ်၊ တဒါရုံနှစ်ကြိမ်ဆိုသည့်စိတ်အစဉ်(၁၂)လုံး ဖြစ်ပေါ်သွားမှု နာမ်ဖြစ်စဉ်ကိုလည်း၊ အလှူပေးခြင်းဟု ခေါ်အပ်ရမည်ဟု ညွှန်ပြထိုက်ခြင်းပင် ဖြစ်ပါသည်။

မိစ္ဆာဒိဋ္ဌိကို၏ အမြင်အားဖြင့် ကုန်သွားသည်ဟု တင်ရသော ပစ္စည်းဥစ္စာများ၏ နေရာတွင် ရုန့်သူမျိုးငါးပါး မနိုင်စက်နိုင် ထာဝရ ခိုင်မြဲသော "ဒါနစေတနာ" နာမ်တရားများ အစားထိုး ဝင်ရောက် တည်မှီလာပါသည်။

နာမ်ဖြစ်စဉ်တို့ ဆောင်ရွက်ချက်များ

အလှူရှင်၏ သန္တာန်မှာ ဖြစ်ပေါ်သွားသည့် 'နာမ်ဖြစ်စဉ်' များမှာ ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒဆိုသည့် စိတ်နှစ်လုံး၏ ဆောင်ရွက်မှုကား ဘော့ သိတ်မကြီးကျယ်လှပါ၊ မနောဒွါရာဝဇ္ဇန်း၊ ဇောဆိုသည့် အလှူစိတ်စဉ်ထမြောက်အောင်မြင်ရေး အတွက် အကူအညီ ပေးသည့် အခြံအရံ နှီးကြားသော ဘဝင်စိတ် များသာ ဖြစ်ပါသည်။

မနောဒွါရာဝဇ္ဇန်း ဆိုသော တတိယစိတ်၏ ဆောင်ရွက်ချက်ကတော့ ကြီးကျယ်ပြီး အရေးပါလှပါသည်။ အထက်၌ ပြဆိုခဲ့သော စကားစဉ်မှာ'အန္န-ပါန-ယရ-ဝတ္ထုအစရှိသော ဒါနဝတ္ထုကို ဆင်ခြင်တတ်သော'ဟု မနောဒွါရာဝဇ္ဇန်း၏ ဆောင်ရွက်မှု ကိစ္စကို အမြွက်မျှဖော်ပြထားပါသည်။ ယင်း စကားရပ်၌ ဆင်ခြင်ဆိုသည်မှာ-

၁။ 'ယောနိသော မနသိကာရ'ပုံစံကျအောင် ဆင်ခြင်မှု၊

၂။ 'အယောနိသောမနသိကာရ' ပုံစံကျအောင် ဆင်ခြင်မှုဟု နှစ်မျိုးရှိပါသည်။

ထိုတွင် ဤပစ္စည်းတွေ လှူဒါန်းလိုက်ရသည်မှာ အလဟဿဖြစ်သွားသည် မဟုတ်၊ ဘဏ်မှာ

ငွေအပ်ထားသလို တနေ့နေ့မှာ အကျိုးအမြတ်ရလာမည့် အလုပ်ဖြစ်သည့် စသည်ဖြင့် ဆင်ခြင်မည်ဆိုလျှင် ဤလိုဆင်ခြင်မှုမျိုးကို "ယောနိသော မနသိကာရ" ပုံစံကျအောင် ဆင်ခြင်မှုမျိုးဟု ဆိုရသည်။

ဤကဲ့သို့ မနောဒွါရာဝဇ္ဇန်းက 'ယောနိသော မနသိကာရ' ပုံစံကျအောင် ဆင်ခြင်ပေးပါမှ ယင်း စိတ်၏ နောက်ဖြစ်ပေါ်လာရသည့် စိတ်သည် 'ကုသိုလ်ဇောစိတ်' ဖြစ်နိုင်ပါသည်။

ဤကဲ့သို့ မဟုတ်ပဲ ဤပစ္စည်းတွေသည် တနာရီ၊ တနေ့၊ တလ အချိန်ကာလနှင့် ရှာလို့ရသည်မဟုတ်၊ နာရီပေါင်းများစွာ၊ လပေါင်းများစွာ ပင်ပင် ပန်းပန်း ရှာဖွေမှ ရလာသည့် ပစ္စည်းတွေ ဖြစ်သည်။ ဘာမျှ အကျိုးအမြတ်မရပဲနှင့် လှူပစ်လိုက်မည် ဆိုလျှင် ဖျက်ဆီးရာရောက်မည် စသည်ဖြင့် ဆင်ခြင်လိုက်မည်ဆိုလျှင် "အယောနိသောမနသိကာရ" ပုံစံကျအောင် ဆင်ခြင်မှုဖြစ်၍ ယင်းစိတ်၏ နောက်ဖြစ်ပေါ်လာရသော စိတ်သည် ကုသိုလ်ဇော မဟုတ်ဘဲ 'ငါ့အလှူမှားလေပြီ'ဟု ဒေါသစိတ်များ (အကုသိုလ်ဇောစိတ်များ) ဖြစ်ပေါ်လာတတ်ပါသည်။

ဤနေရာ၌ ပို၍ရှင်းအောင် သုတ္တန်တခုကို ဆောင်ပြသိုပါသည်။ ပသေနဒီ ကောသလမင်းကြီးသည် မလ္လိကာ မိဖုရားကြီး၏ အကူအညီဖြင့် မဟာအသဒိသ အလှူပွဲကြီးကို ပြည်သူနှင့် အပြိုင် ပြုလုပ်လှူဒါန်းခဲ့ဖူးပါသည်။ ထိုအလှူပွဲကြီး၏ အာရုံ မြင်ကွင်းကို ရှုမြင်သုံးသပ်ရာ၌ ကာဠအမတ်နှင့် ဇုဏှအမတ်ကြီးတို့၏ အမြင်မတူ ရှိနေကြပါသည်။

ကာဠ အမတ်ကြီးသည် 'အိမ်း-မင်းမျိုးတော့ ပျက်စီးပေါ့။ တနေ့တည်းနှင့် တဆယ့်လေးကုဋေ ငွေတွေကုန်ခြင်းသို့ ရောက်ပေါ့၊ ရဟန်းတော်တွေ မွန်မြတ်သော အစားအစာတွေ စားပြီး ခုတင်ညောင်စောင်း ဗယ်စောင်း ညာလှဲ့ အိပ်နေကြမှာပဲ၊ မင်းမျိုးတော့ ဆုံးရှုံးပေါ့'ဟု မသင့်တင့်သော နှလုံးသွင်းရှိ၍ ဒေါသဇောများ စောလျက်ရှိသည်။

ဇုဏှအမတ်ကြီးကား ဩော်– တို့မင်းမြတ် အလှူကို ကောင်းစွာ ပေးနိုင်ဘိ၏၊ မင်းအဖြစ် မရရှိသူတို့ ဤသို့ အလှူမျိုး မပေးနိုင်၊ သတ္တဝါ မဟေး အချမပေးတော့ မရှိနိုင်၊ ဤအလှူတော် ဝမ်းမြောက်လိုက်ပါတိ ကောင်းချီးပြု ကြည်ကြည်ညိုညို အသင့်အားဖြင့် နှလုံးသွင်းခြင်း ရှိ၍ ကုသိုလ်ဇောများ စောလျက် ရှိသည်။

ကာဠသည် တိုင်းပြည်မှ နှင်ထုတ်ခံရ၍ ဇုဏှကား ခုနစ်ရက် မင်းအဖြစ် အပ်နှင်း မသွင်းထပ်ဟု အလှူကြီး ပေးစေပြီး သောတာပတ္တိဖိုလ် တည်သည်ထိ အကျိုးထူး ရရှိပေသည်။ ဤသို့ အာရုံတခုတည်းပင် ဖြစ်လင့် ကစား သင့်တင့်ကောင်းမွန်စွာ နှလုံးမသွင်းတတ်မှု သွင်းတတ်မှုများကြောင့် ယခုဘဝတွင် ရရှိသော အဖြစ်–အကျိုးများကား ခြားနားလှပေ၏။

(ဓမ္မ၊ ဋ္ဌ၊ ၂၊ ၁၂၂)

ကုသိုလ်ဖြစ်မှု၊ အကုသိုလ်ဖြစ်မှုသည် ယောနိသောမနသိကာရ၊ အယောနိသော မနသိကာရနှင့် ဆက်စပ်လျက် ရှိသည်ဟု ဆိုပါသည်။ ယောနိသော မနသိကာရ ရှိသူကား မဖြစ်သေးသော ကုသိုလ်တရားများ ဖြစ်ပွားပေါ်ပေါက်၍ ဖြစ်ပြီး ကုသိုလ်တရားများ တိုးပွားလာကြပါသည်။ အယောနိသောမနသိကာရ ရှိသူကား မဖြစ်သေးသော အကုသိုလ်များ ဖြစ်ပွား၍ ဖြစ်ပြီး ကုသိုလ်တရားများလည်း ဆုတ်ယုတ် ပျက်ပြားကုန်ပါသည်။ (အံ၊ ၁၊ ၁၂)

သို့ကြောင့် မနောဒွါရာဝဇ္ဇန်း စိတ်၏လုပ်ငန်း အပ်မတန် ကြီးကျယ်ပြီး အရေးပါလှပါသည်။ ကုသိုလ်လမ်းဖွင့်ခြင်း၊ အကုသိုလ်လမ်းဖွင့်ခြင်း၏ အချက်ပြပင် ဖြစ်ပါသည်။

**အယောနိသောမနသိကာရ၏အကျိုးဆက်**

မနောဒွါရာဝဇ္ဇန်းစိတ်က ဆောင်ရွက်မှုကိုမှ ဟန်မကျ၍ ဒေါသ ဇောနှင့် ရေစက်ချလိုက်မည် ဆိုလျှင် ဤကုသိုလ်သည် အကျိုးပေး မဖြောင့်တော့ဘူး၊ မကောင်းတော့ဘူး။ အဟုတ္တက သဋ္ဌေးကြီးအား သူရရှိသည့် စည်းစိမ်တွေကို ခံစား စံစားလိုသည့်စိတ် မရှိပဲ ကောင်းသော အစာအာဟာရ စားရန် ယူလာပြီဆိုယင် 'ပြန်ယူသွား ဒါတွေ ရောဂါတိုးပွားစေတဲ့ အစာတွေပဲ' ဆိုကာ သန်ကွဲထမင်းပုံးရည် ဟင်းနှင့်မှ မြိန်ရှက်နိုင်မှု၊ ကာသိတိုင်းဖြစ် အဝတ်ကောင်းတွေ ဝတ်ရန် ယူလာပြီဆိုယင်လဲ ဘာလုပ်ဖို့လဲ ပြန်ယူသွား ကိုယ်ပေါ်လည်း ကောင်းကောင်း မတည်လေ့ ကျဖုံးလွှမ်းမှုလည်း မစွမ်းနိုင်ဟု ဆိုပြောကာ ထူထဲသော အဝတ်ကြီးတွေ၊ အဝတ်စုတ်တွေ ချုပ်ဝတ်ရမှ စိတ်ချမ်းသာမှုတွေကို ဒေါသစွက်နေကြသည့် ဒါနကုသိုလ်က ဖန်တီးပေးပါသည်။

**ယောနိသောမနသိကာရ၏အကျိုးဆက်**

အကယ်၍ မနောဒွါရာ ဝဇ္ဇန်း စိတ်က တို့၏ သီဟဠ္ဂရေအလှူတော်သည် တောင်ရိုး ပျော်သူ တော်စင်တွေ ဒီတွက် မရှိယင် မဖြစ်သော အဓိကလိုအပ်ချက်ကြီး ဖြစ်သည်။ လူ့ခန္ဓာကိုယ်၏ ဆယ်ပုံအနက် ကိုးပုံမှာ အာပေါဓာတ်တည်း ဟူသော ရေဖြင့် ဖွဲ့စည်းထားသည်။ ခန္ဓာကိုယ်၏ အလေးချိန် လေးပုံအနက် သုံးပုံမှာ ရေ၏ အလေးချိန်သာဖြစ်သည်။ ရေသည် ဤမျှအရေးကြီး။ ရေဖြင့် မပင်ပန်း မဆင်းရဲပဲ ဓူရနှစ်ဖြာကို အားထုတ်နိုင်ပါစေ စသည်ဖြင့် ယောနိသောမနသိကာရပုံစံကျအောင် ဆင်ခြင်ပေး၍ ကုသိုလ်ဇောစိတ်တွေ ဖြစ်ခွင့်ရခဲ့ယင် ယင်း ကုသိုလ်ဇောစိတ်က မည်သည့်ကိစ္စတွေ ဆောင်ရွက်ရပါသနည်း။ ဆိုယင် ကမ္မသတ္တိတွေကို စုဆောင်းပေးအပ်ခြင်း ကိစ္စကို ဆောင်ရွက်ပါသည်။ ကမ္မသတ္တိကို စုဆောင်းပေးအပ်သည် ဆိုသည်မှာ သစ်ပင် ပေါက်ပင်ပေါက်ရောက် ကြီးရင့် သီးပွင့်ပြီး သေဆုံးသွားသည့်အခါ ဒီလိုဟာဘာမှမထားခဲ့ပဲသေဆုံးသွားသည်မဟုတ်၊ မိမိမျိုးဆက်မပြတ်ရ မပျောက်ရအောင် မျိုးစေ့များကို ချန်ထားပြီးမှ သေဆုံးသွားသကဲ့သို့ ကုသိုလ်ဇောစိတ်လည်း ခုနစ်ကြိမ်တိတိဖြစ်ပေါ်ပြီး သက်တမ်းစေ့၍ ချုပ်ပျောက်သွားရသည့်အခါ အလဟဿ ချုပ်ပျောက်သွားသည်မဟုတ်ပဲ ဇောစေတနာ၏ သတ္တိဖြစ်သည့် နာနာက္ခဏိကကမ္မသတ္တိ စွမ်းရည်များကို အလှူရှင်သန္တာန် စိတ်အစဉ်မှာ စုဆောင်း ပေးအပ်ပြီးမှ ချုပ်ပျောက်သွားကြပါသည်။

**ဇောစိတ်၏ စွမ်းရည်များ**

ဇောစိတ်က စုဆောင်းပေးအပ်ခဲ့သော ကမ္မသတ္တိ ၏စွမ်းရည်ကို ခွဲခြားကြည့်မည် ဆိုယင် ဇောခုနစ်မျိုး အနက် ပထမဇောက စုဆောင်းပေးအပ်ခဲ့သော ကမ္မသတ္တိသည် အကြောင်းလေးမျိုးပြည့်စုံက ယခုဘဝ ခုနစ်ရက်အတွင်း ကာကဝဏ္ဏိယ သဋ္ဌေး၏ ကံမျိုးလို ဒိဋ္ဌဓမ္မ အကျိုးကို ဖြစ်စေနိုင်သည့် အစွမ်းသတ္တိ ရှိပါသည်။ သို့မဟုတ် ယခုဘဝ ကျော်လွန်မှုလည်း အကျိုးပေးနိုင်စွမ်း ရှိပါသည်။

(ဋီကာကျော်-၁၇၁)

သတ္တမ ဇောက စုဆောင်း ပေးအပ်ခဲ့သော ကမ္မသတ္တိ စွမ်းရည်သည် အခြားမဲ့ဘဝ လာလတ္တံ့ ဒုတိယ ဘဝ၌ ပဋိသန္ဓေကျိုး မြဲမြဲခိုင်ခိုင်

ပေးပြီးပြီဆိုယင် ဘဝ အရာ အထောင် မက ပဝတ္တိကျိုးကို ပေးနိုင်သည်ဟုလည်း အဆိုပြု ကြသည်။

အလယ်ဇောငါးချက်က စုဆောင်းပေးအပ်ခဲ့ သော ကမ္မသတ္တိ စွမ်းရည်များသည် အကြောင်း ပြည့်စုံရာ တတိယဘဝမှ စ၍ နိဗ္ဗာန်ရသည်အထိ ကြားကာလ ဘဝများစွာ၌ ပဋိသန္ဓေအကျိုး ပဝတ္တိ အကျိုးတို့ကို ပေးနိုင်စွမ်းသတ္တိ ရှိပါ သည်။

ယင်းဇောစိတ်များက စုဆောင်း ပေးအပ်ခဲ့ သော ကမ္မသတ္တိ စွမ်းရည်များသည် သူတို့၏ အခွင့်ကာလမလွန်သေးသမျှ ချုပ်ငြိမ်းသွားသည် ပျောက်ပျက်သွားသည်ဟု ဘယ်တော့မှ မရှိပါ၊ ဒါနရှင်၏ ဘဝသံသရာ တလျှောက် အရိပ် ပမာ လိုက်ပါ အကျိုး ပေး နေ မှာ ဖြစ် ပါ သည်။

ပထမဇောနှင့် သတ္တမဇော စေတနာကံ အစွမ်းများသည် မိမိမိမိတို့၏အကျိုးပေးခွင့် ရရာ ယခုဘဝ ဒုတိယဘဝတို့၌ အကြောင်း မညီညွတ် ၍ အကျိုးပေးခွင့် မရခဲ့သော် လည်းကောင်း၊ အလယ်ဇော ငါးချက်သည် အရဟတ္တမဂ်ရ၍ ဘဝ ပြတ် သွား သော် လည်းကောင်း ဘာမျှ အကျိုး မ ပေး တော့ သော အဟောသိကံမျိုး ဖြစ်သွား ရပါသည်၊ အကျိုးပေး ရပ်သွားပါ သည်။

ဤကဲ့သို့ ဒါနမှုနှင့် ပတ်သက်ပြီး ရုပ်ဖြစ်စဉ် မျှလောက်တွင် မကပဲ နာမ်ဖြစ်စဉ်မှ အစွမ်း သတ္တိတွေ တပုံကြီး ပေးအပ်ခဲ့ပုံ ထားရှိခဲ့ပုံသိ မြင်နိုင်ကြပါမှ ဒါနမှုနှင့် ပတ်သက်လို့ သုံးသပ် ချက် ကုန်စင်ပါသည်။

ထိုအခါ သီတဂူ၏ ပြည်သူ အလှူရှင်များ သည် 'ဒါနမှုသည် အချည်းနှီး ဖြစ်သွားသည် မဟုတ်၊ အကျိုးအမြတ် များများရရှိသော အမှု ကောင်းတရပ်သာ ဖြစ်သည်ဟု သိမြင်မှု ပြည့်စုံ လာပါမည်။ 'ဒါနလှူမျိုး၊ တကြိမ်ပျိုးက၊ ကောင်းကျိုးအသင်္ချေ၊ ရနိုင်ပေ၏" ဟူသောဒါန ဥဒါန်း စကားကိုလည်း သဘောကျလက်ခံသာ နိုင်ပါမည်။

ဤသို့သော ရှုမြင်နိုင်မှုကို ဗုဒ္ဓကျမ်းစာများ က ကံကိုယုံကြည်သည်၊ ကံ၏အကျိုးကို ယုံကြည် သည်၊ ကမ္မသကတာ ဉာဏ်နှင့် ပြည့်စုံသည် စသည်ဖြင့် အမည်အမျိုးမျိုး တပ်၍ပညတ်အမျိုး မျိုးသို့ တင်ပြထားပါသည်။

## ယုံကြည်ခြင်းကိုယုံကြည်ခြင်း

ပင်ကိုရတနာသုံးပါး ကြည်ညိုပြီးဖြစ်နေကြ သော ဗုဒ္ဓဘာသာ နိုင်ငံသူ နိုင်ငံသား ပြည်သူ များ၏ စိတ်အစဉ်လယ်ပြင်တွင် သီတဂူဦးဆောင် ဆရာတော်များ၏ စိတ်ကို ကြည်လင်စေနိုင်သော သုတ္တန်တရား မိုးများဖြင့် အချိန်မှန် ရွာသွန်းရာ သဒ္ဓါမျိုးစေ့ သည် မပေါက်ရောက်ပဲ မပေါ်လာ ပဲ မရှိနိုင်ဟု ယုံကြည်ပါသည်။

ဤသို့ ပင်မအရင်းအနှီး သဒ္ဓါမြောက်မြား စွာ ပေါက်ဖွားလာခဲ့သော် ကံနှင့် ကံ၏အကျိုး ကို အထက်ပြခဲ့သည့် အတိုင်း မြင်နိုင်ယုံကြည်နိုင် ၍ ဒါနမှုတွေ ပြုလာကြမည်မှာ မလွဲဟုလည်း ယုံကြည်ပါသည်။

ဤကဲ့သို့ ဆရာဒကာ ပင်မအရင်းအနှီးရှိနေ ကြရာ သီတဂူ ဆရာတော်သည် တောင်ရိုးကြီး ကို အလှဆင်ချင်သော နေရာမှာသာ အကန့် အသတ် မရှိဆင်ပါက ထမြောက်လာရမည် ဟု

နှစ်နှစ်နောနော ယုံကြည်နေပါသည်။

ဘောင်ရိုး၏ အဓိကလိုအပ်သော လူတိုင်းတွင်မတည့်ဟု လုံးဝ မငြင်းပယ်နိုင်သော သီတဂူရေအလှူဘော် စီမံကိန်းကြီးလည်း ငါးနှစ်တာ ... အံ့ချီးဖွယ် ပြီး မြောက်သည်နှင့် တပြိုင်နက် သီတဂူ ဒုတိယ စီမံကိန်း သံဃဆေးရုံကြီးလည်း မုချ အောင်မြင်မည်ဟု ရာနှုန်းပြည့် ယုံကြည်ပါသည်။

ဤစာဘန်းဖြင့် သီတဂူ ရေအလှူတော်ကို ဝမ်းမြောက်စွာမြှတ်နိုးလက်ခံယင်း သံဃဆေးရုံကြီးကို ကြိုဆိုပါသတည်း။

ပဌာန်းသိပ္ပံဆရာတော်
အရှင်မဟာပဏ္ဍိတ
ပဋ္ဌာန်းသိပ္ပံတိုက်
ဝဝကိုးတောင်ရိုး။



# ပဒ်ယအလှူသီတဂူ

## အမှုဆောင်အဖွဲ့
## မလွန်ဆန်လှူအသင်းထောက်၊ ပန်းဘဲတန်းမြို့နယ်
## ရန်ကုန်တိုင်း

၁၃၄၁ ခု၊ နှောင်းတန်ခူး လပြည့်ကျော် ၁၀ ရက်၊ (၁၉၈၀ ခု၊ ဧပြီလ ၉ ရက်) ည ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့လယ် မဟာသိမ်တော်ကြီး ကျောင်းတိုက် ဓမ္မာရုံတော်ကြီးတွင် ပန်းဘဲတန်း ဆန်လှူတရားပွဲသဘင်၌ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူဆရာတော်(သပိတ်အိုင်တောရ)သဲကုန်း အရှင်ဉာဏိဿရသည် 'သီတဂူရေအလှူတော် စီမံကိန်း'ဖြင့် စစ်ကိုင်းတောင်ရိုးကြီးအပေါ် ရေဝတီမြစ်ရေတင်၍ ရေလှူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ်သူနယ်သားများအား ကြေငြာပါသည်။

သီတဂူရေအလှူဘော်စီမံကိန်း၏မူလအစိက လုပ်ငန်း အရပ်ရပ် အတွက် အလှူတော်ငွေ ၄၇,၀၀၀ကျပ်ကျော် ရန်ကုန်တိုင်း ပန်းဘဲတန်းဆန်လှူသင်းထောက်အဖွဲ့မှတာဝန်ယူကောက်ခံလှူဒါန်းခဲ့ပါသည်။

၁၃၄၂ ခုပြာသိုလဆန်း ၅ ရက်၊ (၁၉၈၁ ခု၊ ဇန်နဝါရီလ ၁၀ ရက်ည သန်းခေါင်ခန့်အချိန် သီတဂူကပ္ပိယကာရကဦးမောင်မောင် ညွှန့်ရှေ့တွင် သီတဂူဆရာတော်အား ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့ နယ်သူ နယ်သား များက ရေကန်တော်ကြီးတခု ပါမည့်အကြောင်း ဥက္ကဋ္ဌကြီး ဦးဟန်နှင့် အကျိုးတော်ဆောင် ရာမစိုးအောင်တို့ လျှောက်ထား ကတိပြု ခဲ့ကြပါသည်။

၁၃၄၃ ခု တန်ဆောင်မုန်း လပြည့်ကျော် ၁၂ ရက်(၁၉၈၁ ခု နိုဝင်ဘာလ ၂၃ရက်) တနင်းလာနေ့ သန်းခေါင်ကျော်၊ လပြည့်ကျော် ၁၃ရက် အင်္ဂါနေ့သို့အကူးနံနက် ၁း၄၅နာရီတွင် ယိုးဒယားနိုင်ငံ ဘန်ကောက်မြို့နေ ဦးဘရီ

ဒေါ်သန်းမြင့် မိသားစုတို့ ဒါယကာ ခံယူပင့်လျှောက်ခြင်းကြောင့် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတ (ပြည်)ဗရာဏသီဆရာတော်ဘုရားကြီးနှင့်သီတဂူပဓာနဦးဆောင်ဆရာတော်တို့ ပြည်ပ (ခြောက်နိုင်ငံ)ဖြစ်သောထိုင်း၊မလေးရှား၊စင်ကာပူ၊သီရိလင်္ကာ၊ အိန္ဒိယနှင့် နီပေါနိုင်ငံများသို့ ကြွသွားတော်မူကြပြီး ၁၃၄၃ ခု၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်၊(၁၉၈၂ ခု ဖေဖော်ဝါရီလ ၂၂ ရက်) တနင်းလာနေ့တွင် ဆရာတော်ဘုရားများ မြန်မာပြည်သို့ ပြန်လည် ကြွရောက်တော် မူလာကြပါသည်။

၁၃၄၃ခု တပေါင်းလဆန်း ၆ရက် (၁၉၈၂ ခု ဖေဖော်ဝါရီလ ၂၈ ရက်) တနင်္ဂနွေနေ့တွင် သီတဂူဆရာတော်ဘုရားသည်စစ်ကိုင်းတောင်ရိုးသဒ္ဓမ္မ သီတဂူချောင်သို့ ပြန် လည် ကြွ ရောက်သီတင်းသုံးတော်မူလျက် 'သီတဂူရေများအမြန်တင်ယူ စတင်လွှတ်နိုင်ရန်'မရပ် မနား၊ မမေ့မလျော့ ဦးစီးညွှန်ကြားနှိုးဆော်တိုက်တွန်း ကိုယ်တိုင်ကြပ်မတ် လုပ်ဆောင်တော်မူပါသည်။

သို့ကြောင့်ပင်လျှင် သီတဂူပဓာန ဦးဆောင်ဆရာတော် သဲကုန်း အရှင်ဉာဏိဿရသည် စစ်ကိုင်း တောင်ရိုးကြီး၏ ရာဇဝင် တွင်ရစ်အောင် အောင်မြင်သည့် သီတဂူ ရေအလှူကို-

ပဌမဦးစွာသော သီတဂူရေအလှူ

"၁၃၄၃ခုနှစ် တပေါင်းလဆန်း ၉ ရက် (၁၉၈၂ ခု မတ်လ ၃ ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ ၂၇ မိနစ်အချိန်"

ထိုအချိန်က ပိုက်များ ဆက်သွယ်ပြီး ရေများလွှတ်ပို့လှူဒါန်းနိုင်အောင် အဆင်သင့် ဖြစ်နေသော ချောင်းပေါင်း ၃၅ ချောင်းရှိ ရေကန်ပေါင်း ၇၉လုံးသို့ ရှင်ပင်နံကိုင်းတောင်ထိပ်



ဂါလံ ၅ သောင်းဆံ့ သီတဂူရေကန် အမှတ်(၅)



ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၉၈၅)အမှုဆောင်များ၊ အကျိုးဆောင်များ။

ရန်ကုန်တိုင်း လသာမြို့နယ်မှ လှူဒါန်းသည့် သီတဂူ အမှတ်(၁) ရေကန်တော်မှ စတင်ဖွင့် လှတ်လှူဒါန်း တော်မူလိုက်ပါသည်။

ဤသို့လျှင် မော်ကွန်းတင်တိုက်သည့် သီတဂူ ထေရ်အရှင် မဟာကုသိုလ်တော်ဖြစ်သည့်သီတဂူ ရေအလှူတော်ကို ကိုယ်တော်တိုင် ပဌမဦးစွာ လှူဒါန်းချိန်တွင် သီတဂူအရှင်၏ ခြေတော်ရင်း ရှိနေသော တပည့် ပန်ဘဲတန်း ဆန်လှူသင်း ထောက်အဖွဲ့ အကျိုးတော်ဆောင် ရာမစိုး အောင်က အောက်ပါ သီဘဂူ ရေအလှူတော် ထုတိသြဘာမင်္ဂလာ ရတုပိုဒ်စုံကို ကိုယ်တိုင်ရေး သားပြီး ကိုယ်ဘိုင် သို့ဆို ပူဇော် လိုက် သ တည်း။

သောင်းမြေ့ ဒီပါ၊တောင်လက်ယာတည့်၊ပထ ဗျာသိရိ၊ အောင်ဘုမ်ိတွင်၊ ဗောဓိနကို၊ မြတ် ညောင်ညှိမှ၊ ကျမ်းဆိုညွှန်းတည်၊ မြန်မာပြည်၌ ထွန်းကြည်လျက်သာ၊ သမိုင်းလာသည့်၊ ဇေယျာ ဂီရိန်၊ တောင်မဟိန်ဝယ်၊ ရာဇိန်သနင်း၊ အမင်း မင်းတို့၊ ရှင်ရင်းမြတ်စွာ၊ သာသနာကို၊ ရောင် ဝါလင်းပျံ့၊ ပြည်လုံးနှံ့အောင်၊ ချီးအုံဖွယ်ရာ၊ ပြုကြရာတွင်၊ သဒ္ဒါထက်ဆုံး၊ ကြိုးစားရန်း လည်း၊ သောက်သုံးရေက၊ ရှားပါးလှသည့်၊ များစွာချောင်းပေါင်း၊ သူတော်ကောင်းတို့၊ ဆိုတောင်းပါကြ၊ ရွှေကိုမလို၊ ရေမှလိုဟု၊ တောင်းဆိုပုံသည့်၊ ကျောက်ထုရုပ်နှယ်၊ အနယ် နယ်ကို၊ ကိုင်ဝယ်ပန်းစေ၊ နားမနေပဲ၊ အပြည် ပြည်လည်း၊ တကိုယ်တည်းလျှင်၊ ငွေမြဲကြိုးဆုံး၊ ထေရ်သဲကုန်းသည်၊ ရှင်ပြုံးကြည်စွ၊ သပ္ပါယ်မျှ ကာ၊ တိုင်းမပြည့်ရွာ၊ ဝေနေယျာကို၊ များစွာ သုတ္တန်၊ မွေးနှောက်လှန်ပြီး၊ ကြွင်းကျန်မရှိ၊ ထုက်နွှတ်ညှိရ၊ သိမ်ပြည့်ပါ၊ တိုင်းလုံးတန်အောင်၊ ရဂုံနယ်၊ အလီလီသို့၊ ကြွချီများလှ၊ ပျော်ပေါ် ပြုသား၊ နိုင်းဆမျှားစွာ၊ ဥပမာနှင့်၊ ယှဉ်ကာ

မိန့်မြွက်၊ လွန်ထက်မြက်နှင့်၊ အထက်နတ်ရွာ၊ ပေါင်းစုကာပင်၊ ရောင်တီ၊ မြစ်နဒီကို၊ မဟီဇေယျာ၊ တောင်မြတ်စွာထက်၊ မိုးကာတက်စေ၊ ညွှန်းပြလေသည်၊ သောင်းမြေဒီပါ ကျော်ဝှန်းတည်း။

ကောင်းပေ ဤခါ၊ မင်္ဂလာတည်း၊ အာကာမိုးပြင်၊ ဆယ်နှစ်ခွင်ဝယ်၊ စက်ရှင်ရာဇာ၊ သူရိယာကား၊ ယာဉ်သာတင့်သား၊ မြတ်ရထားဖြင့်။ ဝံ့ကြွားပျံ့သန်း၊ ကမ္ဘာ့ကာနန်းသို့၊ စံမြန်းရောက်လာ၊ မြတ်အသ်ာနှင့်၊ လိတ္တာတြင်း၊ (တရင်း)၊ ကောင်းနဝင်းလျှင်၊ မယှဉ်းပြည့်တုန်း၊ ချိန်မီရန်းလျက်၊ ထောင့်သုံးရာဆုံး၊ လေးဆယ့်သုံးဝယ်၊ တင့်ဘုန်းဝင်ကြည်၊ ရောဟဏီနှင့်၊ ပြိုင်ညီတကွ၊ သော်တာလတို့၊ ဟေမဆောင်းနှောင်း၊ လတပေါင်း၏၊ ဆန်းကောင်းဝေတိုး၊ ရက်မြတ်ကိုးတွင်၊ ဖြည့်ဖြိုးစွာလှ၊ ကုသလ ဩဘင့်၊ သဒ္ဓမ္မသီတဂူ၊ ထေရ်တဆူသည်၊ ကြည်ဖြူစိတ်ထား၊ မျိုးလေးပါးသို့၊ တရားရောင်လင်း၊ အမှောင်ခွင်းလျက်၊ နေမင်းသဖွယ်၊ လမင်းနှယ်ပင်၊ နှိုင်းဖွယ်မြတ်စွာ၊ သာသနာကို၊ ထိန်ဝါဝင်းတောက်၊ လွန်မင်းပေါက်အောင်၊ ချီးမြှောက်နေဆဲ၊ အားထုတ်မြဲမှ၊ ဆင့်ကဲရင့်သန်၊ အဓိဋ္ဌာန်ဖြင့်၊ နိဗ္ဗာန်ရည်ညွှတ်၊ ကုသိုလ်ဝတ်ကို၊ မချွတ်စေဌာ၊ ဝေနေယျာအား၊ မေတ္တာ ကမ္မဋ္ဌာန်း၊ ရေစင်ဖြန်းလျက်၊ မွေးပန်း ဝေဆိုင်း၊ တောင်စစ်ကိုင်းမှ၊ ချောင်တိုင်းကိုသာ၊ ပေးဝေပါဟု၊ ဉာဏ်ဖြာကွက်ယက်၊ သဒ္ဓါချက်ဖြင့်၊ ပိုက်ဆက်ပြီးနေ၊ မျှားလှရေကို၊ ဖွင့်ပေးကံ့ယ်ဘော်တိုင်၊ ဘဝဂ်ကြိုင်အောင်၊ ပြိုင်နိုင်ဘက်



သီတဂူရေအလှူတော်၌ ရေဂါလံ သုံးသိန်းသိုလှောင်၍ တစတောင်လုံး ရေဝေပေးနိုင်သည့် အမှတ် ၁/၄ ရေလှောင်ကန်ကြီးများ၊ အလှူရှင် ရန်ကုန်လသာမြို့နယ်မလွန်ဆန့်လှူအသင်း။

ရှား၊ ဒါနအားမှာ၊ ကြီးမားများစေ၊ မြင့်မား ရှိသည်၊ ကောင်းပေ့ဤခါ မော်ကွန်းတည်း။

ပေါင်းရှည်ညီညာ၊ ဝမ်းမြောက်ရာတည်၊ ငါးဖြာဓမ္မ၊ ဒုလ္လဘတွင်၊ ခဏဤခေတ်၊ လူ့အဖြစ်ကို၊ စင်စစ်ခမှာ၊ ရသော်ငြားသား၊ ထူးခြားစွာဘိ၊ သပ္ပုရိနှင့်၊ ပတ်ရူပ၊ ပုဗ္ဗေစဟု၊ အတ္တသမာ၊ စက်လေးဖြာကို၊ အခါကြိုက်ကြုံ၊ ချေးကံဟုန်ကြောင့်၊ အစုံအညီ၊ ရကြပြီဘည့်၊ သိရိကျက်သရေ၊ တက်ဖြိုးစေသည့်၊ မသွေတင့်လှိုင်း၊ ရန်ကုန်ဘိုင်းတွင်၊ ဘိုင်းဆိုင်းပွင့်လန်း၊ ရွှေရည်ဖျန်းသွယ်၊ ပြပန်းနွယ်သာ၊ ရှင်လန်းဖြာလျက်၊ သစ္စာလတ္တံ့၊ ဖြိုးဝေလျှံ၍၊ သုခံနှစ်သွယ်၊ ပြည့်စုံဖွယ်ကို၊ ကြံရွယ်ဆုတောင်း၊ သဒ္ဓါပေါင်းဖြင့်၊ မြတ်ကောင်းပြည့်လျှမ်း၊ ပန်းဘဲတန်း၌၊ ရှင်လန်းပျော်ပါး၊ သူကောင်းသားတို့၊ တရားမှန်သိ၊ ကျမ်းလာရှိကို၊ နာဘိညီတူ၊ သိဘဂူ၏၊ ရေလှူဒါန၊ သူကောင်းသားတို့၊ တရားမှန်သိ၊ ကျမ်းလာရှိကို၊ နာဘိညီတူ၊ သိဘဂူ၏၊ ရေလှူဒါန၊ ပါနိယကို၊ ကြီးစွာကန်ဘော်၊ ဆောက်တည်ပျော်လျက်၊ ပူဇော်သကာ၊ နွဲ့ချိုးဆင်၍၊ ကြည်လင်မေတ္တာ၊ ကောင်းကျိုးရှာသည်၊ သဒ္ဓါမို့မို့၊ ကျွန်ုပ်တို့ကား၊ နန်းမြို့နိဗ္ဗူ၊ လှမ်းတက်လူလုံ၊ ရှင်လူနတ်မြတ်၊ ဗြဟ္မာထင်၍၊ ရပ်ရပ်မျိုးဆွေ၊ များဝေနေတို့၊ မသွေနုမော်၊ သာမုခေါ်လျက်၊ ရွှင်ပျော်လှမြူး၊ မျှဝေကျူးကာ၊ တင့်ထူးကျက်သရေ၊ ပြည့်ဖြိုးဝေဖို့၊ ဆုခြွေယနေ့၊ စိတ်ချမ်းမြေ့ပြီး၊ ပေါင်းရှည်ညီညာ ပေါ်ညွှန်းတည်း။ ။

အမှုဆောင်အဖွဲ့၊
မလွှန်ဆန်လှူကာသင်းထောက်၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်တိုင်း။






**အနဿေါ မနုဿော လောကေ၊ ထောသနာ ပေါသနာ ဒိနာ။**

**တေန သော မဟဂ္ဃံ ကမ္မံ၊ ကရေ လောက ဟိတံ ယုတံ။**

လောကေ၊ ဤ ကမ္ဘာလောကကြီး၌။ မနုဿော၊ လူသတ္တဝါတို့သည်။ တောသနာ ပေါသနာ ဒိနာ၊ ကလေးအရွယ် လူမမယ်မှစ၍ ယုယချော့မော့ရခြင်း, ကြီးပြင်းအောင် ကျွေးမွေး စောင့်ရခြင်း စသော အကြောင်းတို့ကြောင့်။ အနဿေါ၊ အဖိုးမဖြတ်နိုင်အောင် လွန်စွာ အဖိုးထိုက်တန်လှသည်သာတည်း။ တေန၊ ထို့ကြောင့်။ သော၊ ထိုလူသတ္တဝါသည်။ လောကဟိတံယုတံ၊ လောက၏ အကျိုးစီးပွားနှင့် စပ်ယှဉ်သော။ မဟာဂ္ဃံကမ္မံ၊ အဖိုး ထိုက်တန် လှသော အမှုကိစ္စကို။ ကရေ-ကရေယျ၊ ပြုထိုက်ပေသည်သာတည်း။ (နီတိ)

အထက်ပါ နီတိဂါထာနှင့် စပ်၍ လယ်တီဆရာတော်ဘုရားကြီး မိန့်မှာ ကြား သွားသော စကားကို အမှတ်ရမိပါသည်။ "လူ့ဘုံဘဝက နေပြီး လူ နဘ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရန် ရောက်ရန် ချိုမြိန်ကောင်းမွန်အရသာ ရှိသော အသီးအပွင့် တည်း ဟူသော အကျင့်ကောင်းတွေကို-ဆွတ်ယူစားသုံး ပန်ဆင်နိုင်ပါတယ်။ နောက်ပြီးတော့ ငရဲ တိရစ္ဆာန် စသော အပါယ်ဆိုတဲ့ စက်ဆုပ်ရွံရှာဖွယ် အန်ချင်ဖွယ် ကောင်းတဲ့ အသီးအပွင့်တည်းဟူသောမကောင်းသော အကျင့်တွေကိုလည်း ဆွတ်ယူစားသုံး ပန်ဆင်နိုင်ပါတယ်။ ဒါကြောင့် မနုဿဘဝ လူ့

လောက အမြတ်ဆုံးဟူ၍မှတ်''တဲ့။

မှန်ပါသည်။ လူ နတ် ဗြဟ္မာ သတ္တဝါတို့ နေထိုင်ကြသော ဤသတ္တလောကကြီး အတွင်း ဝယ် လူသတ္တဝါသည် အမြတ်ဆုံးသောပုဂ္ဂိုလ်၊ အဖိုးမဖြတ်နိုင်အောင် ထိုက်တန်ဆုံးသောပုဂ္ဂိုလ် သည် လောက၏ အကျိုး စီး ပွား ဖြစ်စေမည့် လုပ်ငန်း၊ မိမိ၏ အကျိုးစီးပွား ဖြစ်စေမည့် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရရန် ရောက်ရန် ဟူသော ချိုမြိန်ကောင်းမွန်အရသာ ရှိသော အသီးအပွင့် တည်း ဟူသော အကုသိုလ် ကောင်းတို့ကို ဆွတ်ယူစားသုံး ပန်ဆင်ခြင်း ဟူ သော လုပ်ငန်းတို့ကို ပြုလုပ်သင့်ပေသည်။

ယနေ့ခေတ် ယနေ့ကာလ၌ အနဂ္ဃပုဂ္ဂိုလ် တို့တွင် တပါးအပါအဝင် ဖြစ်သော သီတဂူ ဆရာတော်သည် စစ်ကိုင်း တောင် ရိုး ကြီး ၏ အနဂ္ဃလုပ်ငန်းဖြစ်သော ရေပေးဝေခြင်းကိစ္စကို ဆောင်ရွက်နေသောကြောင့် အနဂ္ဃ ပုဂ္ဂိုလ်ဟု ခေါ် ဆို ထိုက် ပေ သည်။ အ ရည် အ သွေး ကောင်းမွန်သော ကျောက်စိမ်းတုံးလေးသည် လောကလူသားတို့အတွက် အဖိုးများစွာ ထိုက် တန်သကဲ့သို့ ဤသီတဂူ ဆရာတော်သည်လည်း စစ်ကိုင်းတောင်ရိုးနှင့် သာသနာတော် အတွက် အဖိုးများစွာ ထိုက်တန်သော အနဂ္ဃဆရာတော် တပါး ဖြစ်သည်မှာ ယုံမှားစရာ မရှိပါ။ အဘယ်ကြောင့်ဆိုသော် လောက၏ အကျိုး စီးပွား မိမိ၏ အကျိုးစီးပွား ဖြစ်သော-

၁။ မဟာဥဒကဒါန-ကြီးမားသော ရေပေး လှူခြင်း၊

၂။ မဟာဓမ္မဒါန ကြီးမားသော တရာ အသူပေးလှူခြင်း တို့ကပင်လျှင်၊ ဆရာ တော်၏ အနဂ္ဃဂုဏ်နှင့် အနဂ္ဃလုပ်ငန်းကို ခိုင်မာ စွာသော သက်သေသာကေအဖြစ် ရပ်တည်နေ သောကြောင့်တည်း။ ထိုအနဂ္ဃလုပ်ငန်းဖြစ်သော မဟာဥဒကဒါန- ကြီးမားသော ရေပေးဝေလှူ ခြင်းကြောင့် ယနေ့ စစ်ကိုင်းတောင်ရိုးပျော် သူ တော်စင်တို့သည် မပင်မပန်း ပျော်ရွှင်လန်းကာ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်ကြပါပေ ပြီ။ ထို့ပြင် အေးမြကြည်လင် သီတဂူရေစင်ကို ချမ်းသာစွာ သောက်သုံးနေရသော ငှက်တိ ရစ္ဆာန်တို့သည်လည်း သာယာစွာ တွန်ကျူးကာ ကောင်းချီးနူမော် သာခုခေါ်နေကြလေပြီ၊

ထိုသို့ ချမ်းသာစွာဖြင့် သာသနာ့ တာဝန် ကို ထမ်းဆောင်နိုင်ကြ ခြင်းသည် သီတဂူ ရေအ လှူတော်၏ ကျစ်လျစ်ခိုင်မာသော အဖွဲ့အစည်း၊ မှန်ကန်သောနည်းလမ်း၊ တိကျသောစည်းကမ်း နှင့် သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းကြ သော စေတနာရှင်တို့၏ ပြည့်စုံသော အသပြာ ငွေတို့ကြောင့်ပင်တည်း။ ဤ၌ ခုဒ္ဒကနိကာယ ဓမ္မပဒ အဋ္ဌကထာ ယမကဝဂ် ဒေဝဒတ္တဝတ္ထု လာ ပုဂ္ဂိုလ်လေးမျိုးနှင့် အကျိုး လေးမျိုးကို တင်ပြလိုပါသည်။

၁။ မိမိကသာလှူ၍သူတပါးကိုလှူဖို့မတိုက် တွန်းသော ပုဂ္ဂိုလ်။

၂။ မိမိကတော့မလှူပါပဲ သူတပါးကိုလှူဖို့ တိုက်တွန်းသော ပုဂ္ဂိုလ်၊

၃။ မိမိကလဲမလှူ သူတပါးကိုလဲ လှူဖို့ရန် မတိုက်တွန်းသော ပုဂ္ဂိုလ်၊

၄။ မိမိကလဲလှူ သူတပါးကိုလဲ လှူဖို့ရန် တိုက်တွန်းသော ပုဂ္ဂိုလ် ဟူ၍ ပုဂ္ဂိုလ် လေးမျိုးရှိပါသည်၊ ၎င်းလေးမျိုးတို့တွင်

၁။ မိမိကသာလှူ၍ သူတပါးကို လှူဖို့မတိုက် တွန်းသော ပုဂ္ဂိုလ်သည် ဖြစ်လေရာရာ

ဘဝများစွာ၌ စည်းစိမ်ဥစ္စာတော့ ပေါ များပါ၏၊ သို့သော် အခြေအရံကား ရှားပါ၏။

၂။ မိမိကတော့မလှူပါပဲ သူတပါးကိုလှူဖို့ တိုက်တွန်းသော ပုဂ္ဂိုလ်သည်၊အခြေအရံ တော့ ပေါများပါ၏၊ သို့သော်စည်းစိမ် ဥစ္စာကား နည်းပါး၏။

၃။ မိမိကလည်းမလှူ သူတပါးကိုလည်း လှူဖို့ရန်မတိုက်တွန်းသော ပုဂ္ဂိုလ်သည်၊ စည်းစိမ်ဥစ္စာရော အခြေအရံပါကင်း မဲ့၏။

၄။ မိမိကလည်းလှူ သူတပါးကိုလည်း လှူဖို့ ရန် တိုက်တွန်းသော ပုဂ္ဂိုလ်သည် စည်း စိမ်ဥစ္စာရော အခြေအရံပါ ပေါများ၏။

ယနေ့မျက်မှောက်ခေတ် ကာလတွင် စည်း စိမ်ဥစ္စာ အခြေအရံပါ ပေါများနေကြသော ပုဂ္ဂိုလ်တို့သည် မိမိကလည်းလှူ သူတပါးကို လည်း လှူဖို့ တိုက်တွန်းခဲ့သောကြောင့် ဖြစ်ပေ သည်။ ထို့ကြောင့် မျက်မှောက် တမလွန်ဘဝ အတွက် မိမိသူတပါး၏ အကျိုးစီးပွားကို သိမြင်၍ အားထုတ်မှု လုံ့လရှိသော အနဂ္ဃပုဂ္ဂိုလ် သီတဂူဆရာတော်၏ အနဂ္ဃလုပ်ငန်း ဖြစ်သော ကြီးမားသော ရေပေးဝေ လှူခြင်း မဟာဥဒက ဒါနတွင်-

တယာကွမ်းဆေး၊
ရေအေးတခွက်၊
ဆီတစက်နှင့်၊
လက်ဖက်တရိုး၊
ကြဲတချိုးမျှ၊
မြက်နှီးကြည်ဖြူ၊
ဒါနဟူသည်၊
အလှူကောင်းမှု
ရရာပြုလော့။

ဟူသော မဃဒေဝလင်္ကာတွင် မာန်လည် ဆရာတော်ကြီး မိန့်ကြားချက်နှင့်အညီ ရေအေး တခွက်ဖြစ်စေ ပါဝင်လှူဒါန်း သင့်ကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသတည်း။

အရှင်ဝန္ဒာဝရ(ပဲကတိုး)

ကြ



## တောင်ကိုရစ်သိုင်း ပိုက်လိုက်အသွယ်သွယ်…

၁။ ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ ကျုံ ဂ ‌ ံ ရွာ မှ ပြောင်း မြ မြို့ သွား မော်တော် ပေါ်မှ ‌ ြ ‌ ၏။ မြစ်ကြောင်းသည် ‌ ‌ င်းမြွေ ကြီး သွားသည့်နှယ် အကွေ့အကောက် များ လှ၏။ မြစ်ကြောင်းဝဲယာ နှစ်ဘက်တွင် သရက်၊ ငှက်ပျော၊ ကွမ်းသီးပင်တို့သည် ထိုးထိုးထောင် ထောင်နှင့် ရှိနေကုန်၏။

၂။ ရုံ ခါ ရုံ ခါ မ ခုတ် ရ သေး သော (ပင်ယောင်) ဂုန် လျှော် ပင် များ ကို လည်း ကောင်း၊ လျှော်အဖြစ်သို့ ရောက်ရှိပြီး၍ ဝါးလုံး တန်းများ၌ လှန်းထားသော ဂုန်လျှော်များကို လည်းကောင်း၊ ထိုမှတပါး တခါ တခါ တွင် မြရည် လိ ‌ းဘား သကဲ့သို့ စိမ်းလန်းသော စပါး ခင်းများကိုလည်းကောင်း မြင်ရ၏။ ဤ စိမ်း လန်းသော စပါးခင်းများမှာ မျှားမကြာမီ လ ပိုင်းအချိန်တွင် စပါးဘွေ့ တောင်လိုပုံလာတော့ မည့် အရေး ကိုလည်း ပြေး၍ မြင် ယောင် မိသာ သည်။

၃။ အမှန်ဆိုသော် ဤ ရွှခင်း များ ကား သာ သာ သော ရွှ ခင်း ရွှ ကွက် များ ပါ တည်း။ သို့သော် ထိုသာယာသော ရှုခင်းများ သည် ကျွန်ုပ်စိတ်ကို စွဲအောင် မဆွဲ ‌ ဆောင်နိုင်။ ဖြစ်လျှင် ပျက်မြဲ ဆိုသော အပိုင်း မြင်ပြီ ပျောက် ဖြစ်ပြီး ပျောက် ဖြစ်ကုန်လေ၏။ ကျွန်ုပ် ‌ ‌ စိတ်ကို အရှည်စွဲအောင်ဆွဲဆောင်မထားနိုင် ‌ ‌ ။ ကျွန်ုပ် ၏စိတ်ကို မလှုပ်နိုင်အောင် ချုပ်ကိုင် ဆွဲဆောင် ထားသည် ကား "သီဘဂူ" သာ ဖြစ် ‌ ါသတည်း။

၄။ မှန်ပါသည်။ သဲကုန်းဆရာတော်ဘုရား ၏ "ရေချမ်း အလှူ့ သီတဂူ" ဖြတ်သန်းလာ ခဲ့သည့်ခရီးမှာ လေးနှစ်ပြည့်မြောက်ခဲ့လေပြီ။ ထို သီဘဂူ၏ လေးနှစ်တာကာလအ ‌ ‌ င်း၌ ကြုံတွေ့ ခဲ့ရသည့် အဖြစ်အပျက်များကို အ ‌ ‌ ‌ ‌ ‌ ‌ ‌ ဖြင့် "မော်ကွန်းဘင်မင်္ဂလာ" အဖြစ် စာ ‌ ခင်ထုတ် ဝေမည်ဖြစ်ရာတွင် ဆောင်းပါး ‌ ပုဒ် ရေးပေး ရန် ဆရာဦးဆန်းထွန်းက ပ ‌ ‌ ‌ က်ခွန်းပါ သည်။ ထိုမှတပါး ဆရာဦးခင်မေ ‌ င်လတ်နှင့် ဒေါ်ခင်မိုးချစ်တို့ငနီးမောင်နှံကလည်း သီတဂူ အကြောင်း ဆောင်း ‌ ါးကို ‌ ‌ ‌ ‌ လာကြ ပြန်ပါသည်။ ထို့ကြောင့် သီတ ‌ ‌ ‌ ‌ ‌ ဦးနောက်ထဲ ရောက်နေခြင်း ဖြစ ‌ ‌ ။ ဦး ‌

ကြောင်းတလျှောက်ရှိ သာယာသော ရှုခင်းများသည် ကွန်ုပ်စိတ်တွင် စူးဝင်နေသောသီတဂူကို မလွှမ်းမိုးနိုင်ပါကုန်။ မြစ်ကမ်းနှစ်ဘက်ရှိ မြင်ရသော ထိုရှုခင်းများသည် တဒင် အာရုံမျှသာဖြစ်ကြပြီး သီတဂူသည်သာလျှင် ထာဝရ အာရုံဖြစ်နေပါသတည်း။

၅။ မြစ်ကြောင်းသည် အကွေ့အကောက်များလှ၏။ ကမ်းပေါ်က လက်ယပ်ခေါ်လျှင်မော်တော် ဆိုက်ကပ်ပေး၏၊ လူနှင့်ကုန်ပစ္စည်းအများ ကိုင်ဆောင်ပေးခြင်းဖြင့် လူ့ကိစ္စကိုပြီးပြေအောင်ဆောင်ရွက်ပေးလေသည်။

၆။ မော်တော်သည် ရေကိုအကြောင်းပြု၍ ရေတည်းဟူသော အမာခံပေါ်၌ အခြေစိုက်၍ ဖြစ်ပေါ်လာရသော ယာဉ်ဖြစ်လေရာ ခရီးလမ်းပန်း ဆက်သွယ်ရေး ကိစ္စတွင် ရေသည် လူတို့အတွက် အဘယ်မျှ အထောက်အကူပြုကြောင်းများသည်သည်း ဦးခေါင်းထဲ ရောက်လာသည်။ ရေရှိ၍ ရေကိုအမှီပြုလျက် လှေ၊ သင်္ဘော၊ မော်ဘော်တို့ ဖြစ်ပေါ်လာရသည်။ ထိုလှေ၊သင်္ဘော၊ မော်တော်တို့ ဖြစ်ထွန်းလာသောကြောင့် လူတို့ သွားလာရေးခရီးလမ်းပန်းကိစ္စ၌ လွယ်ကူသည်ဟူသော အတွေးစိတ်တို့ တဖိတ်ဖိတ်တလျှမ်းလျှမ်းဖြစ်လာကုန်သည်။

၇။ ကျွန်ုပ်စီးနင်း လိုက်ပါသည့်ရေယာဉ်၏ အမည်မှာ 'ရတနာဖြိုး' ဖြစ်၏။ ဤသီတဂူဆောင်းပါးကို ရတနာဖြိုး မော်တော်ပေါ်တွင် အကြမ်းရေးခဲ့ပါသည်။ စစ်ကိုင်းတောင်သည် သူတော်လေ့ဖြင့် မွေ့လျော်သူတို့ နေထိုင်ရာ ဒေသဖြစ်၏။ မင်းဝံတောင်၊ မင်းကွန်းတောင် စသော တောင်ပေါင်းများရံလျက် ရဟန်း၊ သာမဏေနှင့် သီလရှင် သူတော်စင်ပေါင်း ၄၀၀၀ ကျော်၊ ချောင်ပေါင်း ၃၀၀ ကျော် ရှိလေသည်။

၈။ ထိုချောင်ပေါင်း ၃၀၀ကျော်အနက်မှ သီတဂူချောင်တွင် သံကုန်း ဆရာတော်ဘုရား သီတင်းသုံးတော်မူ၏။ စစ်ကိုင်းတောင်တွင် ပရိယတ္တိလုပ်ငန်း ပဋိပတ္တိလုပ်ငန်းကို ကြိုးပမ်းအားထုတ်ကြကုန်သော ယောဂီပုဂ္ဂိုလ်တို့အား ရေသည် အမြဲ ခြိမ်းခြောက်နေ၏။ ရေခေါင်းပါးသောကြောင့် တရားကို ဖြောင့်ဖြောင့်အားမထုတ်နိုင်ကြကုန်။ ထိုအကြောင်းကို ဇာတ်သိအလျောက် အောက်ပါ 'ရှုံဆယ်ပေါ်တေးထပ်' ကို ရေးစပ်သီကုံးမိပသည်။

ရှုံဆယ်ပေါ်တေးထပ်

၉။ ချပ်ကြားလျှိုမြောင် ချောင်ခွေချစ်သို့၊
တောင်နေသနစ် မှိုင်းဝေဖြာ။

အောင်မြေဖြစ်တဲ့ တိုင်းဇေယျာမှာ၊
သမိုင်းရွှေစာ တွင်ဥဒါန်း။

ဟောဟိုတောင်ရွှေ မြေအင်မှာ၊
ရွှေသီတဂူ ချောင်းရိပ်သာဘဲ့နန်း။

၁၀။ သီတဂူချောင်သည် စစ်ကိုင်းတောင်၏ အဆင်တန်ဆာ တခုဖြစ်၏။ ဟိုသီတဂူချောင်၌ သီတင်းသုံးတော်မူသော သံကုန်းဆရာတော်သည် ရေအတွက်နှင့် အခက်ကြုံနေ ကြရရှာကုန်သော ယောဂီပုဂ္ဂိုလ်တို့အား မျက်ဝါးထင်ထင် မြင်တွေ့နေရသောအခါ စိတ်မချမ်းမသာဖြစ်လာသည်။ စစ်ကိုင်းတောင်ပျော် သူတော်စင်တို့အား အမြဲခြိမ်းခြောက်လျက် ရှိနေသော ရေဘေးမှ ကင်းဝေးအောင် ငါကြံဆောင်မည်ဟု ဆရာတော်အား အကြံဖြစ်လာ သတည်း။ ထိုကြောင့်—

၁၁။ ချောင်ပျော်သူမြတ် ဉာဏ်သအရှင်သည်၊
အမတာရိပ်ခွင် နိဗ္ဗာန်ကြွင့်နှင့်။
သဒ္ဒါပါဟိတ်လျှင် စိတ်ကြံမှန်းလို့၊
မိဋ္ဌာန်စခန်း ဆောက်ကည်ကာ။

၁၂။ စစ်ကိုင်းတောင်ညို့ သေလာအညွန့်ဦ။
ရေလွှာတံခွန် ပေါ်ထွန်းစေပိမ့်ငှာ။

၁၃။ ကျွန်ုပ်သည် အာရုံစူးစိုက်စွာ သီတဂူ ကဗျာကိုသီကုံးလာယင်း ရုပ်တရက် မော်ဘော် ရပ်သွား၏။ စက်ပျက်သွားသည်ဟု ဆိုပေသည်။ စက်ပျက်သွားသည်နှင့် အတူ ကျွန်ုပ်ဖွဲ့လာသော ရှစ်ဆယ်ပေါ် တေးထပ်လည်းရပ်သွားပါတော့ သည်။ စိတ်၌ အနှောင့်အယှက် မုန်တိုင်းကြီး ရိုက်ခတ်လာသောကြောင့် အာရုံဖြောင့်ဖြောင့် နှင့် မစီကုံးနိုင်တော့ပါ။

၁၄။ မော်တော်စက်ပျက်သွားသောနေရာမှာ ဂုံညင်းတန်းဖြစ်၏။ ဂုံညင်းတန်းဟူ၍ဆိုင်းဘုတ် ကို ကမ်းထိပ်တွင် အထင်သား မြင်ရ၏။ ဂုံညင်း တန်းဟူ၍ ဆိုင်းဘုတ်“ကမ္ဗည်း”ထိုးထားသော် လည်း ဂုံညင်းပင်များကို မတွေ့ရပဲ ကွမ်းသီးပင် များသာတသီတတန်းကြီးရှိနေပေသည်။ လေသွဲ့ တိုင်း တနွဲ့နွဲ့ယိမ်းနေသော ကွမ်းသီးပင်များကို သာ မြင်ရ၏။

၁၅။ နာရီဝက်ခန့် ကြာသောအခါ မော် တော်သည် တဂျုတ်ဂျုတ်နှင့် ခုတ်မောင်းစပြု၍ တည်ငြိမ်နေသော မော်တော်မှာ လှုပ်ရှားစပြု လာသဖြင့် စိတ်သက်သာရာ ရကာ တေးထပ်ကို အဆုံးသတ်ရန် ပြန်၍စပါသည်။

၁၆။ “ရေ”လှူရကျိုး မျိုးဆယ်ပြားကို၊
ဖြိုးကြွယ်သဒ္ဓါ ပွားစေဖွက်လို့။
တရားရေစက် ခုမ်းပြည်အတူ၊
စန်းလသီတာ၊

၁၇။ မကြာတွင် စက်ပြတ်တိန်းကြီးရပြန် ပါသည်၊ စက်ချွတ်ယွင်းလာပြန် သောကြောင့် မော်တော်သည် ရေပေါ်တွင် တန့်သွားပြန်၏။ ထို့ကြောင့်တေးထပ်ဆုံးကာနီးနီးဂိုးတွင် တစ်ခန့် ပြန်၏။ ကျွန်ုပ်၏ ဉာဏ်စက်သည်လည်း မော် တော်စက်နှင့် အတူရပ်သွားလေ၏။ ကဗျာဈာန် ဝင်စား၍ မရဖြစ်သွားလေ၏။

၁၈။ သို့သော် ယခင်အခါလောက် မကြာ ပါ။ မော်တော်စက်ဆရာ၏ ကျွမ်းကျင်မှုအောက် တွင် ဆယ်မိနစ်ခန့်လောက်နှင့် ကိစ္စပြီးသဖြင့် ဆက်၍သွားလာလှုပ်ရှား နိုင်လာသည်။ ဤတွင် မှ ကျွန်ုပ်မှာလည်း မဆုံးသေးသော တေးကို ဆုံးအောင် ရေးဖွဲ့နိုင်ပါတော့သည်။

၁၉။ စစ်ကိုင်းတောင်တန်းသည် ရှည်လျား လှစွာ၏။ ယင်းသို့ ရှည်လျားသော် ငြားလည်း တောင်တိုင်း ဘောင်တိုင်း၊ ချောင်တိုင်း ချောင်တိုင်း အနှံ့ ရေကိုဖြန့်ဝေလှူဒါန်းနိုင်ရန် အတွက် ပိုက်လိုင်းများကို ဆက်ကာ ဆက်ကာ သွယ်ယူခြင်းဖြင့် စစ်ကိုင်းတောင်ပျော် သူတော် စင်တို့၏ နှလုံးစိတ်ဝမ်း ချမ်းမြေ့စေရန် အလို့ ငှာ သီတဂူ ဆရာတော်က နေ့စဉ် ရေအလှူကြီး ပေးတော်မူသည်။ ထိုကြောင့်—

၂၀။ ပိုက်သွယ်တန်း၍ ရေချမ်းလှူသည်၊
ရွှေနန်းနိဗ္ဗူ ပန်ဆုယူဘုရာ့လေး။
တောင်ကိုရစ်ဆိုင်း ပိုက်လိုင်းတွေမှာ၊
စိုက်သိုင်းအနေ ယှက်သန်းပါလို့လေး။

၂၁။ တောင်ရိုးကြီး တခုလုံးကို ရစ်ဆိုင်း၍ သိုင်းဖွဲ့ထားအပ်သော ပိုက်လိုင်းများ ပေပေါင်း ၆၀,၀၀၀ တို့မှာ ပမာအားဖြင့် ခန္ဓာကိုယ်ကို သိုင်းဖွဲ့ထားသော သွေးကြောများနှင့် လား တူသည်ဟု ဆိုလိုသည်။ ရတနာဖြိုး မော်တော် ပေါ်တွင် အကျရာတင် ရေးဖွဲ့ခဲ့သည့် ရှစ်ဆယ် ပေါ် တေးထပ်ကို အစမှ အဆုံးတိုင် ပြန်လည်

ဖတ်ရှု ကြည့်မိသောအခါ အောက်ပါအတိုင်း ထွက်ရှိလာပါသည်။

၂၂။ ချပ်ကြားယှို့မြောင် ချောင်ခွေရစ်လို့၊
တောင်နေသနစ် မှိုင်းဝေဖြာ။

အောင်မြေဖြစ်တဲ့ တိုင်းဇေယျာမှာ၊
သမိုင်းရွှေစာ တွင်ဥဒါန်း။

ဟောဟိုတောင်ရှေ့ မြေအင်ငူမှာ၊
ရွှေသီတဂူ ချောင်းရိပ်သာတဲ့နန်း။

ချောင်ပျော်သူမြတ် ဉာဏ်သိအရှင်သည်၊
အမတာရိပ်ခွင် နိဗ္ဗာန်ကြင်နှန်း၊
သဒ္ဓါဟိတ်လျှင် စိတ်ကြံမှန်းလို့၊
မိဋ္ဌာန်စခန်း ဆောက်တည်ကာ။

စစ်ကိုင်းတောင်ညို့ သေလာအညွန့်၌၊
ရေလွှာတံခွန် ပေါ်ထွန်းစေပိမ့်ငှာ။

ရေလှူရေကျိုး မျိုးဆယ်ဖြာကို၊
ဖြိုးကြွယ်သဒ္ဓါပွားစေမြွက်လို့၊
တရားရေစက် ချမ်းမြညီအတူ၊
စန်းလ သီတဂူ။

ပိုက်သွယ်တန်း၍ ရေချမ်းလှူသည်၊
ရွှေနန်းနိဗ္ဗူ ပန်ဆုယူဘုရာ့လေး။
တောင်ကုံရစ်ဆိုင်း ပိုက်လိုင်းတွေမှာ။
ဝိုက်သိုင်းဇနေ ယှက်သန်းပါလို့လေး။။

၂၃။ ဤသည်ကား ရေချမ်းအလှူ သီတဂူနှင့် ပတ်သက်၍ စပ်ဆိုသည့် ရှစ်ဆယ်ပေါ်တေးထပ် ဖြစ်ပါသည်။

၂၄။ ဤသီတဂူဆောင်းပါးကို ရေးနေဆဲတွင် "ရေ အကျိုးတရား ဆယ်ပါး" အရ၊ ရေလှူရသော ကျိုး လက်ငင်း ဟန်ခိုး ပြနေသည့် အမျိုးသမီးတဦး၏အကြောင်း ဦးခေါင်း ထဲဝင်ရောက်လာသည်။ ထိုအမျိုးသမီးကား ယခု သိရလက်ခေါ် သီဟိုဠ်ကျွန်းသူလေး ဖြစ်ပါ၏။

၂၅။ သီဟိုဠ် ကျွန်းဖြစ် "မဓုရရသဝါဟိနီ ကျမ်း" ကို ဖတ်ခဲ့ဖူး၏။ မှတ်မိ သလောက်မှာ အနုရာဓမြို့တော်၏ တောင်ဘက်ရှိ ဇနပုဒ်တခုမှ အမျိုးသမီးတသိုက်သည် သီချင်းသံတညီညီနှင့် ပဲသီးကောက်နေကြလေ၏။ ထိုဒေသမှာ အလွန်ရေရှားသောကြောင့် နေကပူပြင်း၊ ရေငတ်ခြင်းဒုက္ခကို ခုခံ တွန်းလှန်နိုင်ရန် အလို့ငှာ အိမ်မှ ရေအိုးများ ယူဆောင်သွားကြရ၏။ ရေကို ခွေခွေတာတာ ခွက်ခြင်နှင့် အလှည့်ကျ သောက်ကြရသည်။

၂၆။ နေပူ ကျဲ ကျဲ ကြီး တွင် ပဲသီးကောက် အမျိုး သ မီး များ ၏ သီချင်း သံ မှာ ဆွဲဆွဲငင်ငင် သာယာလှသည်။ သို့သော် နေကပူပြင်းသောကြောင့် အာခြောက်လာသဖြင့် ရေအိုးရှိရာ သစ်ပင်အောက်သို့ ခဏခဏသွား၍သောက်ကြသည့်အပြင် ရေအိုးမှာ ရေကုန်လုနီးပါးဖြစ်သွားလေ၏။

၂၇။ အမျိုးသမီး တဦးသည် မခံ မရပ် နိုင်အောင် ရေငတ်လှသဖြင့် ရေသောက်ရန် သစ်ပင်အောက်သို့ သွား၍ ရေ သောက် မည် အလုပ် ရေမှုတ်ကို ပါးစပ်ဝသို့ တေ့လိုက်သည့် ခဏဝယ် ရဟန်းတော်တပါး စိုက်စိုက်စိုက်စိုက်နှင့် မိမိဆီသို့ ကြွလာသည်ကို မြင်ရလေသော အခါ ရေမှုတ်ကို အိုးထဲသို့ပြန်ချပြီး လက်အုပ်ချီလျက် "ကြွတော်မူပါဘုရား" ဟု ပင့်လေ၏။

၂၈။ ထိုခရီးသွား ရဟန်းတော်သည် နေပူ စပ်ခါးတွင် ရေ မွတ် သိပ်သဖြင့် ရေအလို့ငှာ ကြွလာခြင်းဖြစ်၏။ ရေအလှူခံ၏။ ထိုအမျိုးသမီးသည် မိမိအတွက် ရေနှင့်တကွ အိုးထဲရှိသမျှ အကုန်လှူလိုက်လေ၏။ ထိုရဟန်းတော်မှာ ရဟန္တာတပါးဖြစ်ကြောင်းကိုကား သူမသိလေ။ သုံးတန်သောစေတနာ ပြဋ္ဌာန်းကာဖြင့် သဒ္ဓါကြည်ဖြူ လှူလိုက်ခြင်းဖြစ်၏။

၂၉။ ရေသောက်ပြီး၍ ကြွသွားသော ထိုရဟန်းတော်ကို ပီတိရွှန်းသော မျက်လုံးများဖြင့် မျက်စိတဆုံးကြည့်၍ ကျန်ခဲ့စဉ် အခြားအမျိုးသမီးများသည် ရေ တော် သော ကြောင့် ရေ သောက် ရန် သစ်ပင်အောက်သို့ ရောက်လာ ကုန် ၏။ သို့ သော် ရေအိုးထဲ၌ ရေ တစက်မျှ မတွေ့ တော့ သဖြင့် "ကုန်အောင်သောက်ပစ်ရမည်လား" ဟူ၍ ထိုအမျိုးသမီးအားဝိုင်း၍ ရန်တွေ့ ကြ ကုန်လေ၏။ အမှုက်ဒေါသချောင်းချောင်း ထကုန်လေ၏။

၃၀။ ထိုအမျိုးသမီးက အကျိုးအကြောင်းရှင်းပြသော်လည်း၊ ရေတော်ခြင်း ဒဏ်ကို အလူးအလဲခံကြရသည့် အမျိုးသမီးများက မကျေနပ်ကြပဲဝိုင်း၍ ဆဲဆိုကြကုန်လေ၏။

၃၁။ ငါတော့ ရေလှူလိုက်မိပြီ၊ ညည်းတို့ဆဲလဲ ခံရမှာပဲ၊ ကြိုက်သလိုဆဲကြ၊ ကျိန်ကြပါတော့။

၃၂။ ဆဲတယ်၊ ကျိန်တယ် - ဟူ၍ ဆဲကြကျိန်ကြလေသောကြောင့် စောစောပိုင်းအခိုန်က သီချင်းသံများဖြင့် သာယာလှသော ရှု့ကွက်မှာ ဘဝသစ် တဖြစ်လဲကာဆဲဆိုသံ၊ ကျိန်သံများအောက်သို့ ရောက်ရှိသွားလေ၏။

၃၃။ "ညည်းလှူချင်ယင် ညည်းအတွက်ရေကိုညည်းဘာသာလှူပါတော့လား၊ဘောက်မဲ့ကြောင့် တို့ဝေစုထဲကရေတွေကို လှူပင်ရသလဲ၊ တို့ရေတော်လှပြီ၊ ရေအစားရှာပေး၊ ခုအမြန်ရှာပေး- ရေချမ်းအစ်မကြီးရဲ့" ဟု ကက်ကက်လန်အောင် ဆူပူ ရန် တွေ့ ကြကုန်သည့်အတွက် ထိုအမျိုးသမီးမှာ အပြုံးမပျက်ရေရှာရန်ထွက်ရလေ၏။

၃၄၊ နေရာမှာ မြစ်ချောင်း မနီးသော ရေဝေးဒေသဖြစ်၏၊ ထိုအမျိုးသမီးသည် ချင်ချစ်ဘောက်ပွသော နေပူအောက်တွင် ရေအိုးကိုဒါးထစ်ခွင်လျက် ထွက်လာခဲ့ရာ ချောက်ဦးတိုက်ခုသို့ အရောက်တွင် ရေတွေ့ လို တွေ့ ငြားချောက်တွင်းသို့ ဆင်းလေသည်။

၃၅၊ ရဟန္တာ အရှင်သူမြတ်အား ရေလှူလိုက်ရသောဇန်ခိုးသည် ထို အမျိုးသမီးအား ခုက်ချင်း အကျိုးပေးလေ၏။ ချောက် ထဲ သို့ ရောက်သောအခါ ချောက်ကမ်းပါးမှ ရေများပန်းထွက်နေသည်ကို အံ့သြစွာတွေ့ရလေ၏။

၃၆။ ထိုရေဖြင့် ဆူပူဆဲဆိုနေသူများအားအမှုက် ပြေ အောင် ဖြေ သိမ့် နိုင် ခဲ့ သတည်း။ 'ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တမနက်' ဟု အဆိုရှိ၏။ ထမင်းခုနစ်ရက် မစားရလျှင်အသက်ပြတ်နိုင်၍ ရေမူကား တ မ နက် မျှ မသောက်ရလျှင် အသက်ပျောက် သွားနိုင်သည်ဟု ဆိုခြင်းဖြစ်လေသည်။

၃၇။ မြန်မာနိုင်ငံ အနှံ့အပြားတို့၌ သီတဂူဆရာတော်၏ ဟောပြောမှုကြောင့် ရေကိုလှူကြကု်သော သီတဂူ ရေချမ်းဒါယကာ ရေချမ်းအစ်မတို့ များစွာရှိကုန်သည်။ မိမိတို့ လှူဒါန်းကြသော ရေအလှူ၏ အကျိုးကိုပြဆိုခဲ့ပြီးသော သီ ဟိုဠ် ကျွန်း သူ က လေး ၏ ဖြစ်ရပ်အတ္ထုပ္ပတ်ကိုထောက်၍ ဝမ်းမြောက် ငမ်းသာဖြစ် ငြ်လှပါသတည်း၊ ရေလှူရခြင်း၏ လက်ငင်းအကျိုးတရားကို ယုံကြည် လေးစားအပ်လှပါသတည်း။

၃၈။ နိဂုံးချုပ်သော်
"သီတဂူ
ရေလှူလျှင်လက်ငင်းပ၊
ချက်ချင်းမနှေး။
ကျိုးပေးငယ်သန့်၊
ကျွန်းသီဟိုဠ် ထိုနိုင်ငံက၊
ရဂ့ စံ မရှေ့ဥက်ကို
ရှုကြပုံခင်း၊

ဂျူန် ဦးဝန်းငွေ



ရေ-စစ်ကိုင်း၊ လှိုင်း - ပုခန်းငယ်၊ လယ် - တောင်တွင်း။

စပါး-ရမည်းသင်း၊ အင်း -တောင်သမန်၊ ကန် - မိတ္ထီလာ။(မုံရွေးမှတ်စု)

စာရေးသူတို့ မှီခိုနေထိုင်ရာ စစ်ကိုင်းမြို့၏ သမိုင်းကို ပြောင်ပြောင်မြောက်မြောက် မဟုတ်စေကာမူ မတောက်တခေါက် သိထားသင့်သည်ဟု ခံယူချက်ရှိပါသည်။ သို့မှသာ ဤသို့သော နေရာ ဤသို့သောအစဉ်အလာ ဤသို့နေမှသာ တော်မည်ဟု သဘောပေါက်နိုင်ပါမည်။

ဇေယျာပူရတိုင်း စစ်ကိုင်းမြို့နှင့်ပက်သက်၍ ''မြို့တည်မင်းစံ'' ကိုမှတ်လွယ်ရန် ''သံတံတိုင်း၊ စစ်ကိုင်းတည်၊ စိုးသည်ခပျက်၊ ခုနစ်ဆက်၊ မြို့သက်ငါးဆယ်၊ ရှမ်းဖျက်တယ်၊ မုဝ်ဖွယ် ခုကား၊ တောကြီးသား'' လက်ဘတန်းခဲ့ကြပါသည်။

စစ်ကိုင်းမြို့ကို ပန်းရ မြို့တည် တစီးရှင် သီဟသူ၏သားတော် စောယွန်းသည် ၆၇၇ ခုနှစ်တွင် ''သီရိအသင်္ခယာ'' ဘွဲ့ကို ခံကာ ပထမမြို့တည်၍ ရှစ်တိုင် မြောက်ဘက်တလွှားကို စိုးအုပ်စံစားသည်။ တရဖျားကြီးသည် ၆၈၄ ခုနှစ်တွင် ဆက်လက်၍ ၁၄ နှစ်တိုင် မင်းပြုစိုးစံသည်။

၆၉၈ခု ရွှေတောင်တက်မင်း သုံးနှစ်၊ ၇၀၁ ခု ကျစွာမင်း ၁၀နှစ်၊ ၇၁၁ ခု အနော်ရထာမင်းရဲ သုံးလ၊ ညီ တရဖျားငယ် သုံးနှစ် စိုးမိုးခဲ့ပြီးနောက် ၇၁၄ ခု မင်းပြောက် ၁၃နှစ် စိုးစံခဲ့ကြသည်။

ဤသို့ မင်းခုနစ်ဆက် ဆက်လက်စိုးစံ ဘုမိနက်သန် ထီးနန်းစိုက်ခဲ့သောဌာနကြီးပင် ဖြစ်ပါသည်။

နှစ်ဆယ်ရာစု၏ နောက်ပိုင်း ရှားရှားပါးပါး ကောင်းကောင်းမွန်မွန် ပေါ်ပေါက်ခဲ့သော ပျို့တစောင်တွင် အထက်ပါ အကြောင်းနှင့် ပတ်သက်၍ ရေးသားထားသည်မှာ ကောင်းမွန်၍ ဖော်ပြပါဦးမည်။

''မိန့်ခွန်းမြွက်ချေ၊ တစင်းနေသို့၊ သရေမြူးကွန့်၊ မင်းဝံညွန့်ဝယ်၊ ရန်တန့်သခင်၊ တစီးရှင်နှင့်၊ လင်းယင်သည်းချာ၊ သင်္ခယာလျှင်၊ ကော

ဇာပြည့်ညွှန်၊ခြောက်ခွန်ခွန်၌(၆၇၈)၊ဘမွန်ပိုင်သ၊ မြို့ပန်းရကၢ၊ နောင်လှဉဇနာ၊ ညီကျော်စွာတို့၊ ဝိုင်းကာ လျှောက်တင်၊ ဤရပ်ခွင်ကို၊ ဘခင်ထံမှ၊ ပိုင်းစားရသော်၊ မြို့ပြအင်္ဂါ၊ ပြည့်စုံစွာဖြင့်၊ ဇေယျာပူရ၊ မည်ထူးသ၍၊ မဆွအာဒိ၊ မင်းဘုန်းရှိလျှင်၊ သီရိသင်္ခယာ၊ ရွှေလိပ်စာဖြင့်၊ပြည်ရွာမြို့နန်း၊ တည်ဖန်ဆန်းလျက်၊ ဘုန်းပန်းဝေဝေ၊ ထီးပြန်နေ၍၊ တွက်ရေအဌ၊ ကာလကြာညောင်း၊ နတ်ရွာပြောင်းရှင့်၊ ထို့နှောင်းမင်းမှု၊ နောင်ဘော်ဟူသား၊ မိတ္တူအပြား၊ တရဖျားလျှင်၊ စံစားခြောက်နှစ်၊ စည်းစိမ်ယင်၏၊ သားညစ်ရွှေတောင်တက်၊ သုံးနှစ်စွက်၍၊ မင်းဆက်စဉ်လာ၊ သားကျစွာမူ၊နှစ်ကြာပဉ္စ၊ ပြီးမှလျှင်၊ အင္ဂစိုးကဲ၊ မင်းရဲနော်ရထာ၊ ဆက်ကာညီဘွား၊ တရဖျားငယ်၊ ရှေနန်းလယ်၌၊ စံပယ်သုံးနှစ်၊ နောက်ဆုံးခေတ်ဝယ်၊မစစ်မျိုးရင်း၊စိုးမင်းသက်ပေး၊မူးသွေးမတ်လှောက်၊ မင်းပြောက်တဆယ်၊ ပျော်စံပယ်သည်၊ မှတ်ဖွယ် စစ်ကိုင်း ရာဇဝင်တည်း။

ဤချောပြေသော လင်္ကာတို့ ပေါက်ဖွားပျော်မွေ့ရာကား"ဇေယာစလေယျို့"ပင်ဖြစ်ပါသည်။ ယိုမြို့ကို စပ်ဆိုတော်မူသော အရှင်မြတ်ကား စစ်ကိုင်းတောင်ရိုးပျော် ဓမ္မကထိကအကျော် "မဟာဝိဇ္ဇောဒယ"ဆရာတော်ကြီးပင်ဖြစ်ပါသည်။

ဤသို့ ၆၇၇ ခုနှစ်မှ စ၍ မင်းပေါင်း ခုနစ်ဆက် မြို့သက် ငါးဆယ်အရ၊ ၇၂၆ ခုနှစ်တွင် စစ်ကိုင်းမြို့ မှန်ကင်းကား ထင်းဖြစ်ခဲ့ရပါသည်။ "ဩော်· အနိစ္စ မင်းဘဝကား၊ ခဏပေါ်တက် ခ ကျက်သည့်၊ ရေပွက်တူလှ၊ မမြဲစွတည့်"ဟူ၍ သံဝေပွားရော ဖြစ်ပါသည်။

သို့သော် ထိုမင်းတို့ မြောက်၍ မောက်ခဲ့ထို မင်းတို့ မှီ၍ ထည့်ခဲ့ပုံသော ဂူ ကျောင်း ဘုရား ကန် ဓမ္မအိမ်နှင့် သာသနာစောင့် သံဃာတော်များကား မပျက်မပြား ဆက်၍ စည်ကားလျက်ရှိပါသည်။အမှန်ကိုဆိုမူ ပုဂံခေတ်လောက်ကပင် စစ်ကိုင်းတောင်ခြေ၌ သာသနာ ရောက်ရှိနေပါပြီ။ ရှင်အရဟံဘို့ သိမ်ဆင်းသုံးသွားကြသော "ဇေတဝန်သိမ်"တို့က ယနေ့တိုင် သက်သေခံပစ္စည်းအဖြစ် တည်ရှိနေကြပါသေးသည်။

ပင်းယ အင်းဝ ကောင်းစားစဉ်ကလည်း ပင်းယ အင်းဝ တခွင် အရှင်ကောင်းများ စစ်ကိုင်းဘောင်ခြေ သာသနာ့နယ်မြေသို့ တောဝင်ခဲ့ဖူးပါသည်။

သိဂ်ိုင်ဠကျွန်းတွင် မဟာသေနမင်း မြောက်တင်အပ်သောသယ်မိတ္တ(ရှင်မဟိန္ဒ၏ နှစ်မတော် သယ်မိတ္တာ ထေရီမဟုတ်)သာသနာပိုင် အလင်္ကာသည် အရှင်မဟိန္ဒမှ အစဉ်ဆင်းသက် တိုးတက်ပွားစီးသော မဟာဝိဟာရဝါသီဂိုဏ်းကြီးကို လွှမ်းတက်ဖိစီး ကိုးနှစ်တိုင် ဖျက်ဆီး၏သို့ အင်းဝပြည့်ရှင် ဘုရင်မင်းခေါင်လည်း မာန်စောင်ပကြိုး လက်ရုံးရည်အားပြ လက်ဝဲ့သတ်ကောင်းလှသော "ဝရသီလ"နာမတွဲချီ အလင်္ကာဒဿီ ပွဲကျောင်းဂိုဏ်းပုဂ္ဂိုလ် ကြည်ညိုသက်ဝင် သာသနာပိုင် တင်မြှောက်သောကြောင့် နှလုံးရည် သမား တောင်ဘီလူးဆရာတော် ပရက္ကမဆရာတော် အကျော်အမော်များသည် တောင်ရိုးသို့ တောပျော်ဂဏစာရ'အရညဝါသီ' ဂိုဏ်း သီးခြားတည်ထောင်လျက် ရှောင်ထွက်လာကြခြင်း ဖြစ်ပါသည်။

သူမြတ်တို့၏ နေထိုင်ရာ စစ်ကိုင်းတောင်ရိုး၏ သာသနာရောင်သည် သိမ်ဖျင်းခြင်း မရှိ၊ တိုးတက်ထွန်းဝင်းလျက် သာ ရှိပါသည်။

မှန်ပါသည်။ ပုဂံ ပင်းယ အင်းဝခေတ် ကောင်းချိန် ယိုပြည်များ၌ သာသနာလည်း

အရှိန်ကောင်းကောင်း တောက်ပခဲ့သည်။ စည်ကားခဲ့ပါသည်။ ယခုသော် ထီးသုဉ်း နန်းသုဉ်း သွားကြသည်နှင့် အမျှ သာသနာလည်း ပျက်ပြုန်းသွားပါသည်။ စည်ပင်ခြင်း ရပ်ဆိုင်းသွားပါသည်။ စစ်ကိုင်း သာသနာကား ထီးသုဉ်း နန်းသုဉ်း သွားသော်လည်း သာသနာ မပျက်ပြုန်းခဲ့။ တည်သထက်တည် စည်သထက်စည်၍ လာသည်ကား အမျှားမျက်မြင်ပင် ဖြစ်ပါသည်။

အစာရှားပါး ဝေးသီခေါင်သော တောတောင် စစ်ကိုင်းချောင်၌ ဘာကြောင့်စည်ကားလာရပါသနည်းဟု စဉ်းစားမိပါသည်။

ဘုရားရှင် လက်ထက်တော် အခါမှ စ၍ သံဃာတော်များ ကျောင်းခွင့်ပြုချက် မရမီနှင့် ရပြီး နောက်မှာလည်း ကျောင်းအဖြစ် နေထိုင်သီတင်းသုံးလာကြသော နေရာများကား တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ ကျောက်ဂူ၊ သုသာန်၊ တောအုပ်၊ လွင်တည်းခေါင်၊ ကောက်ရိုးပုံဟု ကိုးမျိုးထုတ်ပြပါသည်။

ယင်းကိုးမျိုးတို့တွင် တောနှင့် သစ်ပင်ရင်းကို အရညရုက္ခမူလဟုပင် အမည်တင်၍ ကျန်ခုနစ်မျိုးကို သုညာဂါရ ဟု ပေါင်းရုံး အမည်ပေးကာ ထိုသုံးမျိုးတွင် ပျော်မွေ့ကြသော အရှင်မြတ်များကိုလည်း အရညဂတ၊ ရုက္ခမူလဂတ၊ သုညာဂါရဂတ ရဟန်းတော်များဟု ဘုရားရှင် မှိန်ရှက်စွာ ခေါ်တော်မူပါသည်။

ဘုရားရှင် နှစ်ခြိုက်ဆုံး "နေရာသုံးမျိုး" တောင်ရိုး၌ ပြည့်စုံနေသောကြောင့် စည်ကားလာခြင်း ဟု မြင်ပါသည်။

တဖန် ရွာနီးကျောင်းတို့၌ ကမ္မဋ္ဌာန်းအားထုတ်နေသော ရဟန်းတို့သည် ရွာနှင့်သို့ရောက်မနိုင်ပဲ ယိုကမ္မဋ္ဌာန်းမှ ထလိုက်ကာမှ ၌ပင်မိန့်မ ယောက်ျား ကလေးသူငယ်တို့၏ အသံကို ပသမဦးဆုံး ကြားရ၏။ ထိုအသံကြောင့် ထိုရဟန်းတရားထူး ရနိုင်ခြင်းမှ ယုတ်ယုတ်ခဲ့သည်။ တောကျောင်း၌ တရားအားမထုတ်ပဲ အိပ်နေသောရဟန်း နိုးကာမျှ၌ ခြင်္သေ့ ကျား ဥဒေါင်းစသော တောသားကောင်များ၏အသံကိုကြားရသောကြောင့် တော၏ ပီတိကို ရရှိလျက် ထိုတောသံကိုပင် ဆင်ခြင်စဉ်းစား ရဟန်းတရားအားထုတ်သောအခါ အရဟတ္တဖိုလ်သို့ တည်စေနိုင်သည်။

ဘုရားရှင်က ရွာကျောင်း၌ ရွာနှင့်သို့မရောက်စေပဲ နေသော ရဟန်းထက် တော၌ အိပ်နေသော ရဟန်းက မြတ်သေးသည်ဟု (အံ၊ ၃၊ ၃၁၉) ချီးမွမ်းမူ ပြုထားသောကြောင့်လည်း စည်ကားလာခြင်း ဖြစ်နိုင်ပါသည်။ ထို့ပြင် ငှက်ဖျားရောဂါမရှိခြင်း၊ အသွားအလာ နှင့် ပြည့်စုံခြင်းစသော အကောင်းဂုဏ်တွေပေါင်းဆုံရာ ဖြစ်သောကြောင့်လည်း စည်ကားလာခြင်းဟု ဆိုနိုင်ပါသည်။

တောပျော် အရှင်မြတ်ကြီးတို့သည် ထိုစဉ်အခါက ခရီးဝေးကွာ ဆွမ်းကိုရှာလျက် ရေပါမလွယ် တကယ်ညှိုးငြင်သော အာဟာရရှိကြပါလျက် တုပမည့်သူ မရှိကြပါပဲလျက် ပညာထိန်းချုပ် မဟာဿဟာကြီးမြတ်သော လုံ့လဖြင့် သာသနာကို စောင့်ရှောက်ခဲ့ကြပါသည်။ ဤသို့ဖြင့် စစ်ကိုင်းတောင်၌ တောပျော် သူတော်ကောင်း အရှင်မြတ်ကြီးတို့၏ ဗီဇမျိုးစေ့ဖြင့် အခြေတည်ခဲ့သောသာသနာပင်စည်သည်လည်း ကြီးဖွံ့လာခဲ့ရပါသည်။

တောပျော်အရှင်မြတ်ကြီးများ ကြောင့်ကြမဲ့ မူရနှစ်ပါး အားထုတ်နိုင်ရန် ၇၆၃ ခုနှစ် အင်းဝဘုရင်မင်းခေါင် လက်ထက်မှ စ၍ ဆွမ်းဝတ်ပြုစုစေခဲ့သည်။ မင်းအဆက်ဆက်လည်း မပျက်မကွက် လှူဒါန်းခဲ့ကြပါသည်။

သာသနာပြုမင်း ပျောက်၍ ဆွမ်းခါန်လှူဝတ်ချွတ်ခဲ့သည်ကို "အမျိုးသားစိတ်ဓာတ်" ဖြင့် မလွှန်ဆန်အသင်း တည်ထောင်၍ ဆက်လက်

လှူဒါန်းခဲ့ပါသည်။ ထိုအသင်းကြီး အတွက် တိပိဋကမင်းကွန်းဆရာတော် သီတဂူဆရာတော် များ ဦးဆောင်နယ်လှည့် ဟောကြား၍ သင်း ထောက်များလည်း တိုးတက်လာပါသည်။မလှူ ခဲ့ဘူးသော နွှန်းထားများဖြင့်လည်း လှူဒါန်း လာနိုင်ပါသည်။ အလှူပေးနယ်လည်း မန်းမြေ ထိ ကျယ်လာပါသည်။

မလွန်ဆန်လှူ အသင်းကြီးဖြင့် တောင်ရိုး ပျော် သူတော်စင်များ ဆွမ်းရေအတွက် အတော် စိတ်လက်အေးခဲ့ကြရပါသည်။

စစ်ကိုင်းတောင်တော် အပေါ်စီးမှ ကြည့် လျှင် ဧရာဝတီမြစ်ရေသည် ဘောင်ခြေကို ဦးနိုက် ခွေဝိုက် စီးဆင်းသွားသည်ကို မြင်ရပါ သည်။ မြစ်ရေ တောင်ခြေပတ်ခွေ စီးဆင်းသွား သော်လည်း တောင်ခြေ တောင်လက်တောင် ပေါ်တို့၌ကား ရေများစွာ အခက် အခဲရှိ နေပါသည်။ ထိုအခက်အခဲကို သီတဂူဆရာတော် ဦးဆောင်သော "သီတဂူရေ အလှူတော် အဖွဲ့ ကြီး"က အောင်ပွဲခံလိုက်နိုင်ပါပြီ၊ အလွယ်တကူ အောင်ပွဲ ယူနိုင်လောက် အောင်လည်း သီတဂူ ဆရာတော်သည် ပြောင်မြောက် သော ငွေ ဖြင့် မပေါနိုင် မပန်းနိုင် မြန်မာပြည် တန်တလျား စုန်ဆန်သွား၊ ဟောကြား ကြိုးစား ခဲ့ရပါသည်၊ ထိုအကြောင်းကို ဆရာကြီး ဦးဆုံးထွန်းက ဤသို့မှတ်တမ်းတင်ထားပါသည်၊

"ငွေမနွန်းသာဘူး၊ သဲ ကုန်းရယ်တဲ့ ဆရာတော်၊
တောင်စစ်ကိုင်း၊ ချောင်တိုင်း ရေလှူဖို့၊
နေပူ လေပူကြမ်း ငိုပြင်၊ ဆောင်းချမ်း မှန်အတူနဲ့၊
စုန်ဆန် သာသနာပြုတယ်၊ ငါနိုင် ဘုနေ...။
စသည်ဖြစ်ပါသည်။

စလေဆရာ ဦးပုညသည် ရတနာပုံနန်းတည် သောအခါ—

> သုံးသိန်းသုံးသောင်း လေးတောင်ထိပ်၊
> နှစ်ကျိပ်ရှစ်ဆက် မဟာဝင်။
>
> အဘိဘ်ဖြစ်ပျက် ကမ္ဘာတွင်အောင်၊
> ဘယ်ရာဇာပင် မစံမြန်း။
>
> လေးဆယ်ရှစ်ရပ် ပြသာဒ်ရံသည်၊
> နတ်ဒိသုက် သစ်သင်း ဖန်သည့်နန်း။

ဟု မှန်ကန်တိကျမိမိရရ ဂုဏ်ပြုခဲ့ဖူးပါသည်၊ အဘိဘ်က ပေါ်ပေါက်ခဲ့သော ၃၃၄,၀၂၀- ယောက်သော မင်းများ ဘယ်ခင်းမှ မစံမြန်းဖူး သော ရတနာပုံမြို့တော်ဟု ဆိုလိုခြင်း ဖြစ်ပါ သည်။

တောနေ တောင်ပျော် စင်ကိုင်းသူတော်စင် များအဘွက် အလွန်လိုအပ်နေသော ရေအလှူ တော်ကို ၃၃၄,၀၂၀ ဦးသော မင်းထူး မင်း မြတ်များနှင့်တကွ နောက်ဆောင်းခင်း များစွာ ပင် လှူသွားခဲ့ဖူးခြင်းမရှိ။ ဘယ်မင်းမှမသွားဖူး ဟု ဤစာရေးသူ ဂုဏ်ပြုဆိုချင်ပါသည်။

မှန် မြတ် ထူး ခြား သော ဘုရင်များပင် ပြု မသွားရသောဒါနကြီးတခုကို သီတဂူဆရာတော် နှင့် ပြည်သူများ လှူဒါန်းခွင့် ရရှိခဲ့ကြပါသည်။ သို့ဖြစ်၍ ပြည်သူတို့၏ ကာယ ဉာဏ ဓနများစွာ ဖြင့် ငါးနှစ်တာကာလအတွင်း အောင်မြင်ခြင်း သို့ ရောက်ခဲ့ရပါသည်။ တောင်ရိုးပျော်သူတော် စင်များ ရေ အတွက် အတော်စိတ်ချမ်းသာရှိကြ ပါသည်၊

ရှေးဆရာတော်ကြီးများနှင့်တလျှင် ယခုဘက် ဘက်နှ ပြည့်ခဲ့လှူက်ရှိသော ယနေ့ သူတော်စင် များသည် ရွာနစ်ပြာကို ပို၍ကြိုးစားရပါမည်၊ ပြည်သူများသည် ပို၍ပွားရပါမည်၊

ဝါးချက်မင်းကျောင်း ဆရာတော်ကြီးသည် စာလိုက်တပည့် သံဃာများကို အောက်ပါ အတိုင်း အမိန့်ရှိဖူးပါသည်။ ဘော်သလင်းလ ဆန်း ၁၄ရက်နေ့ မလွန်ဆန်လှုအသင်းလူကြီး များ သဘော်ကြီးဖြင့် စစ်ကိုင်း သန့် လှု လာ ရောက်ရာ လက်ညှိုးထိုးပြ၍ "ဟိုမယ် နွားကုန် သည်တွေ လာနေပြီ"ဟူ၍ဖြစ်ပါသည်။ အရိပ်ပြ အကောင်ထင် တဘက်ပြစကားဖြစ်၍ အလှူခံ ပုဂ္ဂိုလ်များ ဘာလုပ်ရမည်ကို သဘောပေါက် ကြပါသည်၊ ဣန္ဒာပရိဘောဂ - ကြွေး ယူသုံး စား နွားမဖြစ်ရေးအတွက်ဝါးချက်မင်းကျောင်း ဆရာတော်ကြီးက လေးနက်စွာ သတိပေးခြင်း ဖြစ်ပါသည်၊

တောင်ရိုးပျော် သူတော်စင်များ ရေတည်း ဟူသော အာပေါဓာတ် အာဟာရ ပြည့်စုံသည် ဖြစ်၍-

ဟိမဝန္တာတောင်ခြေမှ ရေကုသိုလ်ရှင်ရသေ့ များကို ကျေးငှက် သားသမင်တို့ ကျေးဇူးတို့ သကဲ့သို့ သီတဂူဆရာဟော် အမှူးရှိသော သီတဂူ ရေအလှူဒါယကာ ဒါယိကာမများကိုကျေးဇူး တုံ့သောအားဖြင့် မေတ္တာ ပွားကြပါစို့ ဟု အဘိ ဓဇ မဟာ ရဋ္ဌ ဂုရု ရွှေဟင်္သာ ဆရာတော် ဘုရားကြီးက သုံး နှစ် တာ ခရီး စာစောင်တွင် တိုက်တွန်းထားပါသည်၊

သို့ဖြစ်၍ နွားကုန်သည်တွေ မိမိထံ မလာ မရောက်နိုင်အောင် သီလ တည်းဟူသော သစ် တပ်ကို ခိုင်ခိုင် ဖွဲ့၍ သမာဓိတည်း ဟူ သော လုံတံကို ပြဲမြဲစိုက်ထောင်ပြီး မေတ္တာ တည်းဟူ သော မန္တန်ကို အပြန်ပြန်သရဇ္ဈာယ်လျက် မူရ နှစ်ပါးကို ကြိုးစားသင့်လှပါကြောင်း တင်ပြ အပ်ပါသည်။

အရှင်ဇဋိလ(သီတဂူ)

သဒ္ဓမ္မသီတဂူချောင်၊

စစ်ကိုင်းတောင်။



# မပူပင်မကြောင့်ကြရတော့ပြီ

ဒေါ်ဝိဇ္ဇာသိ(မှာစာဂိုယ့ဘာသာ)



၁၃၀၄ ခုနှစ် အချိန်ကာလဟာ ကမ္ဘာစစ်မီး ဟုန်းဟုန်း တောက်ချိန် ဖြစ်ပါတယ်။ အဲဒီအချိန်ကစပြီး ၁၃၁၅ ခုနှစ် အထိ စာရေးသူဟာ စစ်ကိုင်းတောင်ရိုးမှာ နေခဲ့ပါတယ်။ ဒီ ၁၁ နှစ် မှာ စစ်ကိုင်းတောင်ရိုးဟာ လောကဓံ အမျိုးမျိုးနဲ့ ကြုံနေတဲ့အချိန်ပါပဲ။ သီလရှင်တွေရဲ့ပညာရေးအတွက် ဆရာဆိုလဲရှားရှားပါးပါး မီးဆိုလဲ ဖယောင်းတိုင်မီး၊ ရေနံဆီမီးခွက်မှလွဲပြီး အခြားဒလင်းရောင်မရှိဘူး။ ရေဆိုယင်လဲ ရေကန်ဒနည်းအပါသာရှိလို့ သောက်သုံးရေရရှိပေမယ့် ချိုးရေကို ဧရာဝတီမြစ်ဆိပ် ဆင်းချိုးကြရတယ်။ စာရေးသူ နေထိုင်ခဲ့တဲ့ ချောင်က မဟာဂန္ဓာရုံဝိပဿနာချောင်ဖြစ်ဘော့ နံနက်အရုဏ်တက်ချိန် အိပ်ရာကထ၍ ဘုရားဝတ်ပြု၊ စာကျက်၊ ဆွမ်းလောင်းပြီးတာနဲ့တပြိုင်နက် ဧရာဝတီမြစ်ဆိပ် အပြေးအလွှား ဆင်းခဲ့ရတယ်။ ဝိပဿနာချောင်နဲ့ ဧရာဝတီမြစ်ဆိပ်ကမ်းကြားလမ်းမှာ ရသေ့ကြီးဦးခန္တီ ဆောက်လုပ်ထားတဲ့ စောင်းတန်းကြီးရှိတယ်။ ဒီတော့ နေ့စဉ် သွားလာနေကြတဲ့ ရဟန်း သီလရှင် လူအများ စိတ်ချမ်းသာရာ အများကြီးရကြတယ်။

ဒီစောင်းတန်းကြီးသာမရှိယင် ဘယ်လောက်မောပန်း စိတ်ဆင်းရဲမှုတွေ တွေ့ကြုံရမယ်ဆိုတာတွေးဟောင်မတွေးဝံ့ဘူး။ ဒီဦးခန္တီစောင်းတန်းကြီးရှိလို့ နည်းနည်းသက်သာပေမယ့် အချိန်မီစာတက်ရဦးမှာမို့ စားသုတ်သုတ် သွားသုတ်သုတ်ကလေး မပြေးရုံတမယ်သွားရတာကြောင့် ချိုးလာတဲ့ရေပေါက်တွေ ခမ်းခြောက်ပြီး ချွေးတွေ တသွင်သွင်ယိုစီး လာပါတော့တယ်။ မြစ်ကမ်းနားက ချောင်ရောက်တော့ ရေသောက်၊ ခဏလေး အမောဖြေပြီး ဂို့ဆယ်ဘုရားနားက ရွှေဥမင်ကျောင်းမြ ၊ မဟာစေတီကျောင်းမြစ်ပြစ် စာတက်မှ အချိန်မီ ပြေးသွား

ပြီး တောင်ပေါ် တက်ရပြန်ရော။ ဝိပဿနာ ချောင်ထဲမှာပဲ စာတက်ရယင်တော့ နည်းနည်း သက်သာပါသေးရဲ့။

ရေဒုက္ခအပြင် လျှပ်စစ်မီးမရှိလို့ ညအခါ သွားလာရေးဒုက္ခက တမျိုး။ စာပြန်တဲ့အခါ မေ့လျော့သွားတဲ့စာကိုကြည့်ဖို့ မီးမရှိဘူး။ ဒါကြောင့် လက်နှိပ်ဓာတ်မီးတလက် အနားမှာထားပြီး မေ့နေတဲ့စာလုံးကို လက်နှိပ်ဓာတ်မီးနဲ့ တခါတခါကြည့်ရတယ်။ အဲဒီအချိန်က အခုလို ရဟန်း သီလရှင်တွေက မများပြားသေး။ ချုံတွေ ချောက်တွေထဲက ကျားသစ်သတ္တဝါတွေကို ကြောက်ရတဲ့ ဒုက္ခကလဲ မသေးဘူး။ ဝိပဿနာချောင်မှာ ပဿမဝါးခယ်မက ဦးခင်-ဒေါ်ငြိမ်းတို့ရဲ့ အုတ်တံတိုင်းရှိပါတယ်။ တံတိုင်းက နိမ့်တော့ ကျားသစ်တွေက ခုန်ခုန်ဝင်ပြီး ခွေးတွေကို ညစဉ်လိုလို လာရောက်ချီတတ်လို့ မီးရောင်မရှိတဲ့ချောင်ရဲ့ အမှောင်ရိပ်က ကျားသစ် ထွက်လာမယ့်ရန်ကို ကြောက်လန့်ရတာက တဒုက္ခပါပဲ။

အခုတော့ လျှပ်စစ်မီးကလဲ ရနေပြီ။ရေကလဲ မြန်အောင်ချောင်က ရေများကို လှူဒါန်းတာထက် သဒ္ဓမ္မ သီတဂူဆရာတော်၏ မေတ္တာတော်ဖြင့် တောင်ပိုင်း မြောက်ပိုင်းအနှံ့ ရေကန်တွေမှာ ရေတွေပြည့်လျှံနေလို့ သောက်သုံးရုံမက ချိုးဖို့ပါ လိုသလောက် ရေတွေကို ပိုက်လိုင်းတွေက ရရှိနေပါပြီ။ သီလရှင်များအတွက် အဆက် တန်းပညာကို ဗေဒ္ယသိန် ပါဠိတက္ကသိုလ် ဆရာတော် ဦးပညိန္ဒာဘိဝံသက ပို့ချတော်မူလို့ ဗေဒ္ယသိဂီ၊ မြို့၊ ပုသိမ်၊သမိဒ္ဓေါ်၊ ဂူနီ၊သာသနဗိမာန်၊ ခေမေသကချောင်ရှိ ဆရာကြီးတွေဟာ ဗေဒ္ယသိန် ပါဠိတက္ကသိုလ်ဆရာတော်ဘုရား၏ မေတ္တာတော် အဟုန်ကြောင့် ယခုကဲ့သို့ မြင့်မားသော ပညာရေးကို ရရှိကာ တဆင့်ဖြန့်ဖြူး နေကြသော ဆရာကြီးများ ဖြစ်လာကြရပါတယ်။

တောင်ထိပ်ကြာပေါက် ရှေးဆိုရိုး စကားပုံလေး တခုကို ရေးသားလိုပါတယ်၊ ဒီစကားပုံက “တောင်ထိပ်ကြာပေါက်အနောက်နေထွက်” တဲ့၊ စာရေးသူတို့ အလင်္ကာဆိုတဲ့ အချိန်က ဒေသဝိရောဓိဒေါသမှာ တောင်ထိပ် ဒေသမှာ ကြာပေါက်တယ်၊ အနောက်မှာ နေထွက်တယ် ဆိုယင် အရပ်ဒေသနှင့် ဖြစ်ပေါ်တဲ့ ဝတ္ထုဆန့်ကျင်နေလို့ ဒေသဝိရောဓိဒေါသဖြစ်တယ်လို့ သင်ကြားမှတ်ယူခဲ့ရပါတယ်။ အခုအချိန်မှာဆိုယင် တောင်ထိပ်ကြာပေါက်တဲ့ စကားပုံလေးဟာ သဒ္ဓမ္မ သီတဂူ ဆရာတော်ရဲ့ လုံ့လပယောဂကြောင့် ဒေသဝိရောဓိ မဖြစ်တော့ပါဘူး။

၁၃၄၂ ခုနှစ်က ကဆုန်လပြည့်နေ့က စ၍ ၁၃၄၆ ခု ကဆုန်လပြည့်အထိ ဆိုယင် လေးနှစ်သော အချိန်ကာလအတွင်း ကျပ်သိန်း ၃၀ ကျော်ကို သီတဂူရေအလှူတော်အဖြစ်ကောက်ခံရရှိခဲ့ပါတယ်။ ယင်းငွေမှ ရေစုပ် ရေတင်စက်ရုံ တည်ဆောက်ပြီး ဂါလံ ခြောက်သောင်းမှ တသိန်းဝင် ရေလှောင်ကန် လေးလုံးတို့ကိုတည်ဆောက်နိုင်ခဲ့ပါတယ်။ ရေပိုက်ပေပေါင်း ငါးသောင်းကျော်တို့ကိုလဲ သွယ်တန်း ပြီးစီးခဲ့သဖြင့် ယင်းပင်မ ရေကန်ကြီးများမှ တောင်ထိပ် တောင်လယ် တောင်စောင်း တောင်အောက်မကျန် ရှိရှိသမျှ ရေကန်တွေလဲ ရေတွေပြည့်လျှံနေပေပြီ၊ ရေအပြည့်ရှိသော ရေကန်၌ ကြာများပေါက်မည်ဆိုလျှင် ပေါက်နိုင်လောက် ပါပြီ။ ဒါကြောင့် စစ်ကိုင်းတောင်ရိုးမှာ သဒ္ဓမ္မသီတဂူ ဆရာတော်၏ မေတ္တာတော် အဟုန်ကြောင့် တောင်ထိပ်ကြာပေါက် ဆိုတဲ့ စကားကလေးဟာ ဒေသဝိရောဓိဒေါသ မဖြစ်နိုင်တော့လို့ ပြောလို့ရနေပါပြီ။

ဆီးနှင့် ဖိနပ်မပါလျှင် နွေခါမှ သိရမယ်၊ ဒါနနှင့် သီလမပါလျှင် သေခါမှ သိရမယ်လို့ ဆိုရိုးရှိပါတယ်။ ဗုဒ္ဓဘာသာဝင်တို့ဟာ ကံ၏ အကျိုးကို ယုံကြည်ကြတယ်။ ဘာသာတိုင်း ဘာသာတိုင်း လူမှုရေးအတွက် ကူညီအားပေးမှု ရှိကြတယ်။ စားဝတ်နေမှု၊ ကျန်းမာမှု ပြည့်ပြည့်စုံစုံ မတောင့်မတ မကြောင့်မကြ နေနိုင်ရန်နှင့် တမလွန်ဘဝ ကောင်းစားရေးအတွက် ပြုသင့်ပြုထိုက်သော ပေးကမ်းမှု လှူဒါန်းမှု ထောက်ပံ့မှု အားပေးမှုများကို ပြုလုပ်ကြပေတယ်၊ သီတဂူ ရေအလှူတော်ယဉ်မှ ဗုဒ္ဓဘာသာဝင်များသာ မက ခရစ်ယာန်ဘာသာဝင် အစ္စလာမ်ဘာသာဝင်များပါ နိုင်ငံခြားမှ ရေစက်နှင့် ပတ်သက်သော ပစ္စည်းကိရိယာများကို လှူဒါန်းထောက်ပံ့တယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် သီတဂူ ဆရာတော်ကလဲ ဘာသာမတူသော ပုဂ္ဂိုလ်များ၏ စေတနာမေတ္တာကို တုံ့ပြန်ဖို့ရန် မေတ္တာပို့ရန် သဘောပေးကြောင်း တဆင့်စကားကြားသိရ၍ အထူးပင် လျော်ကန်သင့်မြတ်၊ ရောင်ပြန်ဟပ်စေသော အလုပ်ပေပဲလို့ ယုံကြည်မိပါတယ်၊

သီတဂူဆရာတော် အပါအဝင် နယ်လှည့်၍ ဆန်လှူအသင်းအတွက် ဟောပြောမိန့်မြွက်တော်မူကြသော မင်းကွန်း တိပိဋကဆရာတော် ဝိသာနာ ဆရာတော်၊ မန္တလေး မြို့မှ ဆရာတော်ဦးသုရိယာဘိဝံသ၊ မြစ်ကြီး ဆရာတော်၊ ဝေဇယန္တာ ဆရာတော် စသော ဆရာတော်တို့၏ ဘုန်းတန်ခိုး ကြောင့် မလွန် ဆန်လှူအသင်းကြီးမှာ တနှစ် ထက် တနှစ်တိုးတက်၍ ပထမဝေပါးလျှင် လေး ပြည်မှစ၍ ယခုအချိန်တွင် သုံးတင်း လေးတင်း ငါးတင်း၊ သီလရှင်၊ သာမဏေ၊ ရဟန်းတော် တို့အား အချိုးကျလှူဒါန်းနိုင်သည့်အပြင် တရံ တခါ ရဟန်းတော်များအား ဆီလှူဒါန်း၍ ဆားများကို တစ်ပိဿာ နှစ်ပိဿာ သုံးပိဿာ အချိုးကျ လှူဒါန်းနိုင်ခဲ့သေးတာမို့ ယခုအခါ စစ်ကိုင်းတောင်ရိုးတွင် ရဟန်း သာမဏေ သီလ ရှင်များ တိုးတက်လာခြင်းသည် ဆရာတော် များ၏ ကျေးဇူး၊ ဆန်လှူအသင်း၏ ကျေးဇူး ကြောင့်လို့ ဆိုရပါမယ်။

ဆန်နဲ့အတူ သီလရှင်တွေရဲ့ အသက်ရှင် တည် နေမှုရဲ့ အရေးတကြီးလိုအပ်ချက် ရေအလှူ ကလဲ ပြည့်စုံလုံလောက်နေပြီမို့ သီတဂူဆရာ တော်နှင့် တကွ အလှူဒါယကာ ဒါယိကာမ တွေကို သာဓုခေါ်ယင်း အမွန်ရည်ကာ တင့်မြဲ ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

မဝိငွေသိ

ဓမ္မာစရိယ ဘီအေ
စစ်ကိုင်းတောင်ရိုး

# ထင်လင်း

# တောင်ထိပ်ကြာပေါက် အနောက်နေထွက်



မီးခဲရေတူ၊ အေးစေဟူလည်း၊ မည်သူမလွန်၊ လက်ညှိုးညွှန်တိုင်း၊ ညွှန်ညွှန်ရေရေ၊ ဖြစ်စေလိုရာ၊ ပြီးသည်သာရှင့်၊ မင်းအာဏာစက်၊ မြေကြီးအက်မျှ၊ နှစ်ချက်မချိန်၊ ဝရဇိန်သို့၊ မင်းရှိန်ခိုးနှိပ်၊ မိန့်တော်ရိပ်က၊ တောင်ထိပ် ကြာပေါက်၊ အနောက်နေထွက်၊ ထချက်တည်းသာ၊ လိုတော်ပါ၍၊ ရာဇာပဋ္ဌာန၊ ဖြစ်ကုန်ကြသည်၊ လောကလူ့ဓမ္မတာတည်း။ [မဃ-၂၂၇]

ဤလင်္ကာကား မန်လည် ဆရာတော်၏ မဃဒေဝလင်္ကာသစ် ပုတ္တောဝါဒခန်း ပုဒ်ရေ ၂၂၇ လာ မင်းအာဏာစက်ကို ပြသောလင်္ကာ ဖြစ်သည်။

အဘယ်ကို ရည်၍ ဆိုသော စကားတို့ပေနည်း။

မင်းတို့အာဏာဖြင့် လုပ်ဆောင်လျှင် မဖြစ်နိုင်သည့်အရာမရှိ။ မင်းတို့စကား'မိုးကြိုးသွား' ဆိုသကဲ့သို့ ဘာမဆိုဖြစ်ရမည်သာဟု ဆိုလိုပေသည်။

သို့ရာတွင် ကျွန်တော် ဤစကားကို အခြားနည်းအဓိပ္ပါယ် ကောက်မျှင်ပါသည်။

တောင်ထိပ် ကြာပေါက်၊

အနောက် နေထွက်။

ကြာမျိုးတို့မည်သည် နွံရှိမှပေါက်နိုင်သည်။ နွံဆိုသည်မှာလည်း ရေကြောင့်ဖြစ်ရမြဲ။ တောင်ထိပ်မည်သည်ကား ရေဝပ်ရာမဟုတ်။ နွံမရှိ ကြာမပေါက်။ ဤစကားကို နောက်စကားဖြစ်သော 'အနောက်နေထွက်' နှင့် ဟပ်၍ ကြည့်သော် အနောက်ဆိုသည်ကား နေဝင်ရာအရပ်သာဖြစ်၍ နေထွက်သည့် အရပ် မဟုတ်ပဲကိုး။ ဘာကြောင့် 'အနောက်နေထွက်'ဟု ဆို လေသနည်း။

တောင်ထိပ် ကြာပေါက်၊

အနောက် နေထွက် ကား—

မဖြစ်နိုင်သည့်အရာများကို ဆိုသည့်စကား။ ဖြစ်လေ့မရှိသော (ဝါ) ဖြစ်တတ်သည့်သဘောမရှိသော အခြင်းအရာကိုညွှန်းသောစကား ဟူ၍ အဓိပ္ပါယ်ကောက်ရမည့် သဘောအသွင်ကို ဆောင်ပေသည်။

သို့သော်။

တောင်ထိပ်၌ကြာပေါက်နိုင်လောက်အောင် အံ့ဖွယ်သရဲ ထူးကဲသည့် အခြင်းအရာ သည် အကယ်၍ ဖြစ်ခဲ့ငြားအံ့။ အနောက်ကနေထွက်သည့် အခြင်းအရာသည်လည်း ဖြစ်နိုင်လောက်သည်ဟု ယူသော် ရကောင်းပေသည်။

သီတဂူ ရေလှူအဖွဲ့ကြီး၏ ကြိုးပမ်းမှုဖြင့် စစ်ကိုင်းတောင်ရိုး၌ ရေရှားအခါကရေရရန်အလွန်ခက်ခဲသည့်အမြင့်ပိုင်းချောင်များအထိရေရောက်ပြီ။ ရေများရှိရာ၌ ကြာပေါက်ရန်မခက်တော့ပြီ။

ကြာတို့မည်သည် ရေကိုမှီ၍ဖြစ်သော လောကတန်းဆာပေတည်း။

ဘောင်ထိပ်၌ ကြာပေါက်ပါပြီ။ အနောက်ဂါနေထွက်သည် မထွက်သည်ကိုကြည့်ကြပါဦးစို့-

ဒီယနိကာယ် ပါထိကဝဂ် အဂ္ဂညသုတ်၌ အရပ်ခြောက်မျက်နှာ၊တို့ကို ရှိခိုးသော သိင်္ဂါလသတို့သားအား ဘုရားရှင် ဟောကြားတော်မူခဲ့သော အရပ်မျက်နှာတို့ကား လောကဝေါဟာရဖြင့် သတ်မှတ်ခေါ်ဝေါ်သော အရပ်မျက်နှာ အမှတ်အသားများ အတိုင်းမဟုတ်မူ၍ သူ့အဓိပ္ပါယ်နှင့် သူ့သင်္ကေတ အမှတ်အသားဖြင့် ယူသော် လူတို့၏ လောကီ လောကုတ္တရာနှစ်ဖြာသော အကျိုးကျေးဇူးကို ဆောင်သည့် အမှတ်အသားများ ဖြစ်လာသည်။

ဤနမူနာကိုယူ၍ကျွန်ုပ်တို့ယခု "အနောက်" ဆိုသည်ကို သက်ဆိုင်ရာ သင်္ကေတတခု ရှာကြံကြည့်မည်ဆိုလျှင် အနောက်အရပ်ကား ရောင်ခြည်တထောင် အလင်းဆောင်၍ အမှောင်ကိုခွင်းသည့် နေမင်းကြီးသည် အနောက်ဘက်တောင်စွယ်၌ ကွယ်ငုပ်၍ သွားပြီးသည့် နောက်တွင် တဖြည်းဖြည်း အမှောင်ထုကြီး ရောက်လာသကဲ့သို့ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ပရိနိဗ္ဗာန် စံဝင်တော်မူသော ကာလ လောကသုံးပါးလုံး အမှောင်ထု ဖုံးအုပ်သွားတော့မည့်လက္ခဏာများ ဖြစ်ပေါ်၍ လာပေသည်။

ဤတွင် အရှင်မဟာကဿပ အကြီးအမှူးပြုသော သံဃာတော် အရှင်မြတ်တို့က ဘုရားရှင်သာသနာ ငါးထောင်ရှည်ကြာ တည်တံ့ ထွန်းလင်း၍ နေစေရန် ပဌမ သင်္ဂါယနာတင်တော်မူကြပြီး ဝိနည်း အဘိဓမ္မာ သုတ် ဟူသော ပိဋကတ်တော်များကို နောင်လာ နောင်သားများအတွက် သန့်စင်အောင်မှု၍ ထားရှိခဲ့ကြပေသည်။

ထိုနောက်ဘွင်လည်း သာသနာ့ ဒါယကာမင်းကောင်း မင်းမြတ်၊ သာသနာ့ပါလ အရှင်ကောင်း အရှင်မြတ်တို့သည် ဘုရားသာသနာတော် တည်တံ့ခိုင်မာရေး၊ ထွန်းလင်းစည်ပင်ရေးတို့ကို လုပ်ကျွေးပြုစုခဲ့ကြသည်။

ဤသို့လျှင် ဘုရားသာသနာ တော်ကြီးသည် ဤမှုဂိုလ်ထူးတို့၏ အလုပ်အကျွေး အမဃစဖြင့် ထွန်းလင်းနေသမျှ ကာလပတ်လုံး လောကသုံးပါး၌ အလင်းရောင် မပျောက်သေး၊ အမှောင်မရောက်သေးဟု ဆိုရပါမည်။

ယခုဗုဒ္ဓရှင်တော်၏ သာသနာတော်ကို သက်စွန့်ကြိုးပမ်း ထမ်းရွက်သယ်ပိုးလျက် ရှိကြသော ရဟန်း ရှင်လူ သူတော်ကောင်းတို့သည် 'အနောက်အရပ်သို့ နေမင်းကြီး ငုပ်ကွယ်၍သွားပြီးမှ အလင်းရောင်မပျက် တခေါက်ပြန်၍ထွက်လာသော နေမင်းကိုယ်ပွား ရောင်ခြည်များပမာ ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးသည့် 'နောက်'တွင် အမှောင်ထုကြီး ရောက်မလာအောင် အလင်းရောင်ပေးသည့်အနောက်ဘက်မှ ထွက်လာသော 'နေ'မင်း ဥပမာ တင်စားသင့်လှပါတော့သည်။

ယခု 'တောင်ထိပ်'၌လည်း ကြာပေါက်နိုင်လောက်သည့် အခြေအနေများ ရောက်ရှိပါပြီ။ ဘုရားရှင်ကိုယ်စား သာသနာတော်ကြီး ရှင်သန်ပွင့်လင်းအောင် ဆောင်ရွက်တော်မူကြသော စစ်ကိုင်းတောင်ရိုး လိုဏ်ဂူချောင်ပေါင်း များစွာ၌ မှီတင်းနေထိုင်ကာ သာသနာတော်ကိုပြုစုစောင့်ရှောက်တော်မူကြသော ရဟန်း ရှင် လူသူတော်ကောင်း အပေါင်းတို့သည် ရေအတွက်အခက်အခဲမရှိ၊ ပဒုမ္မာ ရွှေကြာပန်းလို လန်းဆန်းလျက် သာသနာ့အကျိုးသယ်ပိုးနိုင်ကြပြီဖြစ်ရာ 'အနောက်ကလည်း နေထွက်လာပါပြီ' ဟူ၍ ကြွေးကြော်ကာ 'သာဓု သာဓု'ဟု လိုက်လိုက်လှဲလှဲ ကောင်းချီးပေးလျက်နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ရပါတော့သည်။

ထင်လင်း

## ရုပ်ဝတ္ထုရေစီးကြောင်း



အရှင်နာရဒ
ဥက္ကဋ္ဌ
စစ်ကိုင်းတိုင်းသံဃနာယကအဖွဲ့
(ရွှေကျင်)

**ဓာတ်ကြီးလေးပါး**

၁။ ပထဝီဓာတ်-မြေဓာတ်သည် ရုပ်တရားများ၏ တည်တံ့ခိုင်မာရန် မှီခိုရန်အမာခံသဘော တရားဖြစ်သည်။ ထိုပထဝီဓာတ်-မြေဓာတ်သည် ခက်မာမှု၊ နူးညံ့မှုဟူ၍ အဆင့်ဆင့်ရှိသည်။

၂။ အာပေါဓာတ်-ရေဓာတ်သည် ရုပ်တရားများကို အတုံးအခဲဖြစ်စေရန်အတွက် ဖွဲ့စည်းမှု သဘောတရားဖြစ်သည်။ ထိုရေဓာတ်သည် ဖွဲ့စည်းမှုအမျိုးမျိုး အတင်းအလျော့ရှိသည်။

၃။ တေဇောဓာတ်-မီးဓာတ်သည် ရုပ်တရားများကို လောင်မြိုက်မှု၊ ရင့်ကျက်စေမှု သဘော တရားဖြစ်သည်။ ထိုလောင်မြိုက်မှုသည် အပူအအေးဟူ၍ ၂ မျိုး ၂ နှစ်စားရှိသည်။

၄။ ဝါယောဓာတ်-လေဓာတ်သည် ထောက်ကန်မှု၊ လှုပ်ရှားမှု သဘောတရားဖြစ်သည်။ ထိုလေဓာတ်သည် ထောက်ကန်လေ၊ ထမ်းဆောင်လေ၊ တိုက်လွှင့်လေ စသည်ဖြင့် အမျိုးမျိုးရှိသည်။

**ရေဓာတ်ကြီးတခု**

အဆိုပါဓာတ်ကြီးလေးပါးတို့မှ ရုပ်တရားအားလုံးတို့ ပေါက်ဖွားဖြစ်ပေါ်လာကြရသည်။ ကိုဓာတ်ကြီးလေးပါးတို့တွင် အာပေါဓာတ် ရေဓာတ်ကြီး၏ ရုပ်ဝတ္ထုအစားစား တိုးပွားလုက် အကျိုးများသုံပုံကို ဝေဖန်သုံးသပ်ကြည့်လိုပါသည်။

ရေဓာတ်သည် မဟာဘူတဓာတ်ကြီးတပါးအနေဖြင့် သတ္တဝါတို့၏ ခန္ဓာကိုယ်ဟူသမျှတို့ကို သဘာဝနှင့်အညီ အကျိုးပြုနေသည်မှာ ခွန်အားဗလကြီးထွားရေး၊ သန့်ရှင်းစေရေး၊ နူးညံ့စေရေး၊ ရောဂါကင်းစင်ရေးစသည်တို့အတွက် တာဝန်ယူလျက်ဆောင်ရွက်ပေးနေသော အရေးကြီးသော ဓာတ်ဝတ္ထုကြီးတခုဖြစ်သည်။

အစာအာဟာရများကို မစားမသုံးပဲ ခုနစ်ရက် အသက်မသေဝဲ နေနိုင်သည်။ ရေကို မူကား(များသောအားဖြင့်)တရက်တာမျှမသောက်ပဲ မနေနိုင်ပေ။ နေနိုင်မည်မဟုတ်ပေ။

ဗုဒ္ဓမြတ်စွာသည်လည်း ရဟန်းတို့အား အချိန်မရွေး ရေကိုအကပ်မခံပဲ သောက်သုံးခွင့် ပြုတော်မူခဲ့သည်ကိုသတိပြုကြည့်ပါလျှင် သတ္တဝါတိုင်းမှာ ခန္ဓာကိုယ်နှုပျိုကျန်းမာသန့်ရှင်းရေး အတွက် ရေဓာတ်အရေးကြီးကြောင်း သိသာပါသည်။

လောကသဘာဝကြဲဆတိထွင် လောကဓာတ်ပညာရှင်တို့ကလည်း လူသားတို့၏ခန္ဓာကိုယ်ကို ဆယ်ပုံပုံလျှင်-ရှစ်ပုံခန့်သည် ရေဓာတ်ဖြစ်ကြောင်းအဆိုပြုခဲ့ကြသည်။သွေးသစ်များကို အဆုတ်မှနှလုံးအိမ်သို့ပို့ဆောင်ပြီးနောက် ကိုယ်အင်္ဂါကြီးငယ်အသွယ်သွယ်သို့ ပို့ဆောင်ပေးမှု၊ ၎င်းတို့မှ ဘပ်နှံ့ သွေးဟောင်းများကို နှလုံးအိမ်သို့သွင်း၍ အဆုတ်ထဲသို့ပြန်၍ ပို့ဆောင်ပေးမှုတို့ကို ရေဓာတ် ဖြင့်သာ လုပ်ဆောင်ရသည်ဟုလည်းကောင်း၊ ထို့ပြင် အစာအာဟာရမှ ခန္ဓာကိုယ်ကို မွမ်းမံရန် အတွက် ဩဇာဓာတ်ကို ထုတ်ယူပြီးလျှင် ကျန်ရှိနေသော အစာဟောင်း (ကျင်ကြီး-ကျင်ငယ်)များ ကိုလည်း ရေဓာတ်ဖြင့်သာ ထုတ်ပယ် စွန့်ပစ်ရသည်ဟု လည်းကောင်း အဆိုပြုခဲ့ကြပြန်သည်။

သို့ဖြစ်၍ ရေဓာတ်သည် (ဗုဒ္ဓနည်းနှင့် လောကဓာတ်နည်း) နှစ်မျိုးလုံးမှာပင် အရေးပါ အရာရောက်လှသော ဓာတ်ကြီးတခုဖြစ်ကြောင်း ထင်ရှားသည်။ သက်ရှိလူသား သတ္တဝါ များသာ ရေဓာတ် အရေးပါအရာရောက်သည် မဟုတ်ပါ။ အခြားသတ္တဝါများနှင့် သက်မဲ့ သစ်ပင် တောတောင် စသောအရာဝတ္ထုများမှာလည်း အရေးပါ အရာရောက်သဖြင့် ရေဓာတ်ကိုအမှန် လိုအပ်ပါသည်။ ရေဓာတ် မပြည့်စုံပါက ရှင်သန်ကြီးပွား စည်ကားနိုင်ကြမည် မဟုတ်ပါ။

## ကမ္ဘာ့အားတိုးဆေးကြီး

အချုပ်အားဖြင့် ဆိုရလျှင် စကြဝဠာ အပြာပြာ ကမ္ဘာအရပ်ရပ်တို့သည်လည်း ရေဓာတ် ကြီး မရှိပါက မှပ်ဝတ္ထုများ ဖရိုဖရဲပြိုကွဲလျက် အတုံးအခဲစသည် ဖွဲ့စည်းဘည်ရှိနိုင်မည်မဟုတ် ပါ။ ရေဓာတ်ကြီးကြောင့်သာ ဖွဲ့စည်းဘည်ရှိနေနိုင်ကြခြင်း ဖြစ်သည်။ ဤအကြောင့် ရေဓာတ်ကို 'ကမ္ဘာ့သဘာဝ၏ အားတိုးဆေးကြီး''ဟု အသိပညာရှင်ကြီးတို့မိန့်ဆိုခဲ့ကြသည်။

သို့ဖြစ်၍ သတ္တဝါတိုင်းအတွက် မရှိမဖြစ် အရေးကြီးလှသော ရေဓာတ်ကို ကမ္ဘာအရပ် ရပ်မှာပင် ကောင်းကင်မှာနည်း၊ မြေကြီးမှာတမန်၊ မြစ်ချောင်းအတန်တန်မှာတချက် ကိုယ်နည်း

ကိုယ့်ဟန် အခြေခံလျက် ရေကန်ရေတွင်း ရေစုပ်စက် စသည်တို့ဖြင့် ရေရရှိရေး ရေပြည့်စုံရေး အတွက် ဆောင်ရွက်နေကြရသည်။

အဆိုပါ ရေရရှိရေး ဆောင်ရွက်ကြရာတွင် စစ်ကိုင်းတောင် အနေအားဖြင့်လည်းအထူး ပင် လိုအပ်လျက် ရှိနေခဲ့သာ ယင်းလိုအပ်ချက် ကိုဖြည့်စွက်ကူညီပေးရန်အတွက် နိုင်ငံကျော်ဓမ္မကထိက စစ်ကိုင်းတောင် သဒ္ဓမ္မသီတဂူချောင် ဆရာတော်အရှင်ဉာဏိဿရ အမှူးပြုသော သီတဂူဦးဆောင် ဆရာတော်များသည် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း စသော မြို့ကြီးများတွင် အောက်ပါအချက် များ ချမှတ်စီစဉ်လျက် ဆောင်ရွက်လာခဲ့သည်မှာ ငါးနှစ်တာခရီး ရောက်ရှိလာခဲ့ပါပြီ။

## ချမှတ်ထားသောအချက်များ

(က) ငွေပင်များ စိုက်ပျိုးစေခြင်း၊

(ခ) သီတဂူအဖွဲ့ကြီးကို စနစ်တကျဖွဲ့စည်းခြင်း၊

(ဂ) အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြုလုပ်ခြင်း။

ထို့ပြင် အဖွဲ့ကြီးကို ဖွဲ့စည်းရာ၌—

(က) ဩဝါဒါစရိယဆရာတော်များ၊

(ခ) ဦးဆောင်ဆရာတော်များအဖွဲ့၊

(ဂ) ကပ္ပိယကာရကများအဖွဲ့၊

(ဃ) နာယကလူကြီးများ၊

(င) အထောက်အကူပြု(ဥပတ္ထမ္ဘက) စေတနာရှင်၊ ပညာရှင်များအဖွဲ့။

(စ) ရေပိုက်လိုင်းများ ကြီးကြပ် စောင့်ရှောက်ရေးအဖွဲ့ ဟူ၍ အဆင့် ဆင့် ဖွဲ့စည်းထားရှိ ဆောင်ရွက်ခြင်းများပင် ဖြစ်သည်။

အဆိုပါအဖွဲ့အစည်းများသည် သက်ဆိုင်ရာမှ အသီးသီးတာဝန်ယူကြလျက် အမြို့မြို့အနယ် နယ် အရပ်ရပ်မှ ကုသိုလ်ရှင် စေတနာရှင်များ အကူအညီဖြင့် "တောင်စစ်ကိုင်း-ချောင်တိုင် ရေလှူမည်"ဟူသော ကြွေးကြော်သံဖြင့် ခေတ်မီရေစုပ်စက်ကြီးများ တိုးခဲ့တပ်ဆင်လျက်ဥတုသုံးလီ ရာသီ ၁၂ ရပ် အမြဲမပြတ် သုံးရေသောက်ရေ ပြည့်စုံရေးအတွက် လူအားငွေအား မနေမနားပဲ ကြိုးစားဆောင်ရွက်လျက် ရှိချေပြီ။

## ငါးနှစ်တာခရီးတွင်တွင်ကြီး

ထို့ကြောင့်ပင် ဧရာဝတီ မြစ်ကြီး၏ ရေစီးကြောင်းသည် စစ်ကိုင်းတောင်ကြီး ပေါ်သို့ ပိုက်လိုင်းကြီးငယ် အသွယ်သွယ်တို့ဖြင့် တက်ရောက်ဖြတ်ကျော် စီးဆင်းသွားနိုင်လာနေခဲ့ သည်မှာ ယခုနှစ်ပါဆိုလျှင် ငါးနှစ်တာခရီး တွင်တွင်ကြီး ရောက်ရှိဝိုးတက်လာသည်ကို တွေ့ကြရ မြင်ကြရပေပြီ။

## ရှေ့သို့မပျက်ခရီးဆက်

အဆိုပါမြင်ကွင်းကြီး မပျက်မစီး တဆက်တည်း သာယာစိုပြည် ရေစီမံကိန်းကြီး မယိမ်း မယိုင် အောင်မြင်နိုင်ရန်ကိစ္စ အဘက်ဘက်မှ တက်တက်ကြွကြွ ဆောင်ရွက်နေကြသော တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် တကွ ကုသိုလ်ရှင် စေတနာရှင် ပညာရှင်များအဘွက် ရှေ့သို့မပျက် ခရီးဆက် နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းယင်း အောက်ပါကဗျာ လက်ာပိုဒ်များဖြင့် သီတဂူရေအလှူ ဆောင်းပါးကို နိဂုံးချုပ် လိုပါသည်။

### (၁) ဥဒကပူဇကတ္တေရာပဒါန်

၁- ဤကမ္ဘာပြန်ကာတွက်၊ တသိန်းထက်ကပ်ကမ္ဘာ။
ပဒုမ္မာ ဥတ္တရ၊ ဗုဒ္ဓပွင့်လာ၊
ကောင်းကင်မှ ကြွစဉ်ခါ၊ တွေ့မြင်လာရွှင်လန်း။
လက်ခုပ်ဖြင့် ရေစင်ချမ်းကို၊ ပစ်မြောက်လှူဒါန်း။ ။

၂- ရေသီတာ မြတ်ဒါနနှင့်၊ နှစ်သက်ရပီတိပါ။
ကံနှစ်ပြာ ဖန်လာပေါင်းတယ်၊ ကောင်းမြတ်လုစွာ။
တသိန်းတဲ့ ကပ်ကမ္ဘာ၊ ပါယ်လေးရွာလွတ်ကင်း။
အောင်ရှုံးကိုယ်ယှဉ်ရယ်၊ နိဗ္ဗာန်သို့ချဉ်း။ ။

၃- ခြောက်ထောင့်ငါးရာ ကမ္ဘာရပ်၌၊ လေးကျွန်းလှည့်ပတ် မင်းဝကြာ။
သဟဿများ အမည်ရလို့၊ သုံးကြိမ်တိုင်မှ ဖြစ်၍လာ။
လောကီ သစည်းစိမ်မှာ၊ ထိပ်တန်းသာဆွတ်ခူး။
သွေးကျွာ ရေဒါနမယ်၊ မှချလွန်ထူး။ ။

ကိုးဆယ်တစ်ရှေးကမ္ဘာ၊ စေတနာဖြူဖွေး။
ရေအလှူကိုယ်တိုင်ပေးခဲ့တယ်၊ ဒုဂ္ဂတိဝေး။ ။

၅- ပဋိသမ် ဝိမောက္ခ ဘိညာဏစုံညီ။
လောကုတ္တရာ ဂုဏ်ဝါမြင့်တယ်၊ ထူးတင့်ပါပြီ။
ဥဒကမြတ်ထေရီ၊ နိဗ္ဗာန်ပြည်ကြွမြန်း။
အပဒါန်ထေရီကျမ်းမှာ၊ ဟောပြမှတ်တမ်း။ ။

အရှင်နာရဒ
ဥက္ကဋ္ဌဆရာတော်၊စစ်ကိုင်းတိုင်း
သံဃနာယကအဖွဲ့(ရွှေကျင်)
မဟာသုဗောဓာရုံကျောင်းတိုက်၊စစ်ကိုင်းမြို့။





# မိဘနှင့်တူ သီတဂူ

မောင်ဉာဏ်ရှင်
(စစ်ကိုင်းတောင်ရိုး)

မိဘ နှင့် တူ သီတဂူဆိုတဲ့ ဆောင်းပါးကို သီတဂူစာစောင်မှာ စာရှုသူ အပေါင်းတို့အား သီတဂူပုဒ်ဖွင့်တမျိုးကို ထုတ်သင့်သကိုးဟု စိတ် ဝယ်ထင်၍ သိမ်မကျယ်သော စကားအစဉ်ဖြင့် အများရှင်စရာနှင့် အကိုးအကား အချိုးအစား ကျစွာ ရေးရပါတော့မည်။

မိဘနှင့် တူဆိုသည်ကား သီတဂူဟူသော ဝေါဟာရကလေးကို သီ ဘ-ဂေါလို့ နှစ်ပုဒ်ခွဲ လိုက်ပြီး ရှေ့ သီ ဘ ဆိုပုဒ်အနက်က အေးမြကြည် လင်မှု ကို ပေးဟယ်သောဆိုတဲ့ အနက်မျိုးကို ယူပြီး၊ နောက် ဂေါဆိုတဲ့ ပုဒ်ဖနက်ကတော့ မာတာဆိုသောပုဒ်ကို ဟောသည်ဟု သဒ္ဒါရှင်အာ သဝေ၁ဝ အဘိဓာန်က ဖွင့်ပါသည်၊ ထိုမာတာဆို တဲ့ပုဒ်ကလေးကို မာတာ ၀ ပိတာ ၀ မာတာလို့ ကြောက်ပြ၍ မိနှင့်ဘ နှစ်မျိုးလုံးပင် ကောက် ယူစေလိုပါသည်၊ ကောက်မှတဆင့် မာတာ ပိတာ မာတာလို့လည်း ဥပမာဟဒ္ဓိတ် ဆင့်လိုပါ သေးသည်။ ထိုမာတာကို ဟောတဲ့ ဂေါဆိုတဲ့ ပုဒ်ကိုလည်း ဂေါ၀ ဂေါ၀ ဂေါလို့ ကောက် ယူပြီး ဂေါဝိယ ဂေါလို့လည်း ဥပမာတဒ္ဓိတ် ဆင့်လုပ်လိုက်ပါသည်။ ဒီတော့ သီတနောက် မှာရှိတဲ့ ဂေါဆိုတဲ့ ပုဒ်နက်က တောင်ရိုးပျော် သူတော်စင်တို့အပေါ် ရေစင်ပေး၍ ကျွေးနေ သော မိဘနှင့်တူသော သီတဂူဆရာတော် အမှူး ရှိတဲ့ ဆရာတော် အားလုံးကို ရနေပါသည်။ သီတဂူတဖွဲ့လုံးရအောင်တော့ "သီတာ သီတ လာ ဂေါဝိယ ဂါဝေါဝိယ မာတာပိတုသဒိသာ ထေရာ ယဿာတိ သီတဂူ"သို့ ဗဟုဗ္ဗိဟိသမာသ် တွဲစပ်လိုက်လျှင် အေးမြကြည်လင် သန့်ရှင်းစင် သည့် ရေစင်ဖြင့် ကျွေးမွေးနေသော မိဘ ကြီးများနှင့် တူသော သီတဂူထေရ်အမှူးရှိသော ဆရာတော်များ ပါဝင်နေကြသော ကြောင့်၊ အမည်နာမသီတဂူဖြင့် ဇမ္ဗူတွင် ပလူလူအညွှန့် အသားတက်ကာ လူ နတ် ချမ်းသာ ဘဝ ဆက်ကာချပြီး၊ မဂ် ဖလ ဘာနိဗ္ဗာန်စခန်းသို့ စိတ် ကြံမှန်းဟိုင်း တကယ်ရောက်ကြမည့် သီတဂူတဖွဲ့ သားလုံးကို သီတဂူဟု အမှန်းတင် ကင်ပွန်းတပ် လိုက်ရပါသည်။

မာတာကို ကစ္စည်းဆရာကော်က "မာနာ ဒိဟိရာတု"မာနဓာတ် နောင်ရာတုပစ္စည်းသက် ၍ "ဓမ္မေန ပုတ္တံ မာနေတိတိ မာတာ"ဟု ဝိဂြိုဟ်ပြုပြီး တရားသဖြင့် သား ပေးကဲ့ မြပ်နိုး

တတ်သောကြောင့် မာတာဟု ဖွင့်ထားသည်ကို မောဂ္ဂလာန်ဆရာတော်ကပယ်ပြီး ပါဠိတော်ဖြင့် "ပုတ္တံ ပါယေတီတိ မာတာ" သားသမီးများကို နို့ချိုကျွေး၍ မွေးတတ်သောကြောင့် မာတာလို့ ဖွင့်ဆို၏။ ပါဠိတော် ပုဒ်ပြည့်ဖြင့် ပါကပ အက္ခရာကို မပြဘဲ မာတာ ရုပ်တွက်ပြုပါသည်။ မှန်ပါသည်။ မိခင်များသည် သားသမီးအပေါ်တွင် အလွန်မေတ္တာဓာတ်အားကြီးသောကြောင့် အလွန်ရဲသော သွေးက အလွန်ဖြူစင်သော နို့များ ဖြစ်လာသည်ဟု သက္ကဋဘာဝပ္ပကာသ စသော ဆေးကျမ်း အစောင်စောင်က ဆိုပါသည်။ ဆေးကျမ်းပြုစုသူတို့မှာ မဟာကရုဏာရှင် လောကီဈာန် အဘိညာဉ်ဖြင့် အမိ၏ နီရဲသောသွေးက ဖြူစင်သန့်ရှင်းသောမေတ္တာဓာတ် အဟုန်ကြောင့် ဖြူဆွတ်သောနို့ရည် အဖြစ်သို့ ရောက်ကြသည်ဟု ဟောတော် မူခဲ့ကြပါသည်။ မှန်ပါသည်။ ကောဋ္ဌာသ ၃၂ မျိုးတွင် နို့ရည်ဟူသော ကောဋ္ဌာသကိုဘုရားမဟောခဲ့ပါ။ သွေးကိုသာ ၃၂ ကောဋ္ဌာသ၌ ပါဝင်စေကာ ၃၂ ဟု ဟောခဲ့ပါသည်။ အမိ၏မေတ္တာကြောင့် သွေးမှ ဖြူဖွေးသော နို့ရည် ဖြစ်လာပါသည်။ ဤကြောင့် ဤ ခေတ်တွင်ဖြစ်လာကြ သော သားကောင်း သမီးကောင်း သူတော်စင် အပေါင်းတို့ အလွန်မေတ္တာဓာတ် မြင့်မားသော ... အပေါ် သို့မဟုတ် အဘအပေါ် မရှိမသေ မလေးမစားမပြုလုပ်ကြရန် ကြပ်ကြပ်ကြီး သတိပေးပါသည်။ မိဘများကို မရှိမသေမလေးမစား ပြုကြပါလျှင် ဤဘဝတွင် ဆင်းရဲ အမျိုးမျိုး ခံစားရပြီး တမလွန်တွင် အဝီစိငရဲသို့ ကျဆင်းရမည့်ဘေးကို တွေး၍ကြောက်ကြစမ်းပါ။

မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီးကို ကြည့်စမ်းပါ။ ဟိုဘဝတလေ မိဘတို့အပေါ် မှားကျူးလွန်ခဲ့သည့်အတွက် ကြောက်အား အလွန်ပိုစရာကောင်းသော ဖြစ်အင်ကို ရှုကြပါ။ သူတော်ကောင်း သူမြတ်လောင်း အရှင်မောဂ္ဂလာန်ကိုယ်တော်မြတ်ကြီးသော်မှလည်း နှိပ်စက်နန်း စံမြန်းရသောဘဝတိုင် မိဘအပေါ် မရှိမသေ မလေးမစား ပြစ်မှုဒဏ်ချက်ကြောင့် ခိုးသားငါးရာ သတ်ခံရသည့်ဘေးကို တွေးကြည့်ကြ၍ ခေတ်လူ ငယ်ဖြစ်ကြသောမောင်တို့မယ်တို့ မိဘကို ရိုသေကြပါ မိဘကို လေးစားကြပါ။ မိဘကိုရိုသေလေးစားကြပါမှ ဤ ငပတ္တ်ခေါ်ကြီးနှင့်လွဲ၍ အမြဲတမ်းတက်ကောင်နှင့်တို့ပြီး အမျိုးမျိုး လူ့နတ် ချမ်းသာရလျက် နောက်ဆုံး နိဗ္ဗာန်ချမ်းသာကြီး လွယ်ကူစွာ ရကြပါမည်။

ဤစာရေးသူသည် အခြေခံ မောဂ္ဂလာန်ကျမ်း၌ ကွာဒိကဏ္ဍသုတ် နံပါတ် ၇၂ တွင် ထိုအကြောင်းအရာဆောင်ပုဒ်ကလေးကို အောက်ပါအတိုင်း စပ်ဆိုခဲ့ပါသည်၊

"မာတာဟောပုဒ်၊ မာနုပ်ဖြင့်၊ ပြုလုပ်ကစ္စည်း၊ ရှေ့ဆရာနည်းကို၊ အပြီးယူတနည်း ပြုလျက်၊ သည်းအူရွှေသွေး၊ နို့တိုက်မွေးဟု၊ အတွေးကြွယ်ပြန်၊ မောဂ္ဂလာန်က၊ အနှံ့အဖြေ၊ ဟောပုဒ်ပြည့်၊ ပါကပြစ်လာ၊ လက္ခဏာကို။ ပယ်ခွာပါနေ၊ နို့ချိုတိုက်ကျွေး၊ ဤသည့်ရေးကြောင့်၊ ချင့်တွေးပါ၊ ပက္ခရက်၊ ပြောင်းထမ-ဗျည်း။ သို့ဧဥ်ဆီးလျက်၊ ရုပ်ပြီးမာတာ၊ ကြမည်ရှာသည်၊ ဆရာမောဂ္ဂလာန်အလိုတည်း။

"အမေ့နို့တွေ လိုက်ရှာလေသော်၊ အမေ့မေတ္တာ၊ ကြီးမားပါသဖြင့်၊ များစွာ သားသမီးတွေ၊ စိုကြည်မွေ့၊ သွေးတွေကသာ၊ နို့ဖြစ်လာဟု၊ ဆရာသက္ကဋ၊ ကျမ်းနှင့်ပြ၏။ မိဘများတွင်၊ ဒါသွေးရှင်၏၊ ငဏ်အင်မေတ္တာ ပြည့်ပြိုးခါလျှင်၊ မာတာဖခင်၊ ကျေးဇူးရှင်ကို၊ သခင်ဘုရားတဆူလားသို့၊ နောက်သားငါတို့၊ ကိုးကွယ်ဖို့ဟု၊

မချို့မှန်စွာ၊ တိုက်ဘွန်းပါ၏။ နောင်ခါနူသေး၊ ယော်ကွေးလေးဟု၊ ရွှေသွေးဟုတွင်၊ သားရွှေစင်ကို၊ မိခင်အပေါ်၊ ကျေးဇူးဖော်လျှက်၊ မခေါ်သူများ၊ မိဘများကို၊ ကြို စား၍သာ၊ ရှိသေပါက၊ ကာလာဝိဘက်၊ ပျက်သည့်ကပ်နှင့်၊ အဆပ်ဆပ်သာ၊ မတွေ့ပါပဲ၊ ချိန်ခါမြင့်မော်၊ ကောင်းကျိုးပေါ်လျက်၊ အလျော်နတ်ဌာန်၊ လူရပ်ပြန်၍၊ပါယ်ဌာန်လေးမျိုး၊ဒွတ်မတိုးသည်၊ အကျိုးကြီး ရမည်သာကို”ဟု ဆောင်ပုဒ်လုပ်၍ ရေးခဲ့ပါသည်။

မှန်၏၊ မြတ်စွာဘုရားကလည်း မိဘများကို ဗြဟ္မာကြီး ဟူ၍လည်းကောင်း၊လက်ဦးဆရာဟူ၍လည်းကောင်း၊ အင်္ဂုတ္တိုရ်တိကနိပါတ် ဒေဝဒူ-တသုတ်အဖွင့် အဋ္ဌကထာနှာ-၉၃တွင် ဤသို့ ဖွင့်ဆိုခဲ့ပါသည်။

ဗြဟ္မာများသန္တာန်ဝယ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရား လေးပါး ရှိကြသဖြင့် ကြီးထွားမြင့်မြတ် ဗြဟ္မာအမည်တပ်ခါ ဟောတော်မူခဲ့ပါသည်၊ ထို့အတူ မိဘများသည် သားသမီးအပေါ်၌ ဗြဟ္မဝိဟာရတရား များကို မစွန့်ကြပဲ ဤတရားလေးပါး အမြဲတည်သောကြောင့် ဟိုးမွားမြင့်မြတ်သည့်အတွက် မိနှင့်ဘကို ဗြဟ္မာဟု ဟောဖော်ညွှန်ပြခဲ့ပါသည်။

တစ်ပုံမှာ မိဘများသည် သားသမီးများအပေါ်တွင် ဝမ်းဗိုက်တွင်း၊ နေစဉ်ကပင် ဘယ်ခါငါတို့ သားကလေး သို့မဟုတ် သမီးကလေးများကို ရှေ့ဂေါကင်းမဲ့စွာပြင် ဖော်ခြေလက်စုံလင်စွာ ဂုဏ်တင်ဝှာ မွှာမြင်ပါ့မလဲဟု မိဘများ၏ စိတ်သန္တာန်ဝယ် ချစ်ခင်မှုဖြင့်သော မေတ္တာဓာတ်တွေ တမွှားမွှား ဖြစ်နေကြသတဲ့။

ကရုဏာ-သားငယ် သမီးငယ် ကလေးတွေ မွေးဖွားပြီး မကြာမြင့်မီ ဖန်တွင်း၊ ပုခက်တွင်း၊ သလွန်တွင်း တည်နေသောအခါ ခြင် ယင် ကြမ်းပိုးတို့ နေပြောက်တို့ ထိုးသဖြင့် အမျိုးမျိုး အော်ဟစ်ငိုသောအခါ မိဘတွေသန္တာန်မှာသာ သမီးအပေါ် အကြီးအကျယ် ကရုဏာတရားများ ဖြစ်ပွားသတဲ့။

မုဒိတာ-သားငယ် သမီးငယ် ကလေးများ ပက်လက်ကလေးမှ တဖြည်းဖြည်း ထိုင်နိုင်၊ ထနိုင်၊ မတ်တတ်ရပ်နိုင်၊ပြေးနိုင် လွှားနိုင်သောအခါ အမယ်လေးငါ့သားလေး၊ထိုင်နိုင်၊ထနိုင်၊ ပြေးနိုင် လွှားနိုင်ပြီဆိုပြီး မိဘတွေရဲ့သန္တာန်မှာ သား သမီးအပေါ် မုဒိတာ တရားဆိုတဲ့ ဝမ်းမြောက်မှုမှာ လွန်စွာတိုးပွားသတဲ့။

ဥပေက္ခာ- သားသမီးများ ကြီးမား၍အရွယ် ရောက်လာကြပြီး ကိုယ့်အိုး ကိုယ့်အိမ် ထူထောင်သောအခါမှ မိဘများက သားသမီး အပေါ်ငါ့သား ငါ့သမီးများသည် သူတို့ဟာသူတို့ ရှာစားနိုင်ပြီ။ မျက်နှာလွှဲနိုင်ပြီဆိုပြီး လျစ်လျူရှုမှု မျက်နှာလွှဲနိုင်မှု ဥပေက္ခာတရားများ ဖြစ်ပွားသတဲ့။ မိဘများသည် ၎င်းဗြဟ္မဝိဟာရ- ဗြဟ္မာလိုနေထိုင်တဲ့ တရားလေးပါး ပြည့်စုံခြင်းကြောင့်ဗြဟ္မာကြီး မည်ကြသတဲ့။

### သီတဂူဗြဟ္မာကြီးများ

သီတဂူအဖွဲ့ရဲ့ သီတဂူအဖွဲ့ဝင်း ဆရာတော်ကြီးများနှင့် လှုဒါယကာ ဒါယိကာမတွေ သန္တာန်မှာလည်း တောင်ရိုးပျော် သူတော်စင်တို့အပေါ်မှာ တောင်ရိုးပျော် သူတော်စင်တွေသည် ဘုရားသာသနာကြီးကို ကြီးထွားအောင် အားထုတ်နေကြတယ်။ မိမိတို့အတွက်သာသနာ တော်ကြီး အရှင်းခံပြီး သံသရာ ချေယှဉ်ကြောအမျှာဘဝမှ သံသရာဟိုဘက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်အောင် အားထုတ်ကြလေကာ

ဟု တောင်ရိုးပျော် သူတော်စင်တို့အပေါ် ကြီး မားသော မေတ္တာတရား ပွားကြပါသည်။

ကရုဏာတရား တောင်ရိုးပျော် သူတော်စင် တွေသည် ဘုရားသာသနာအလုပ် အားထုတ် ပေမယ့် ခန္ဓာဝန်ဒုက္ခ မုချတိုးနေရသောကြောင့် မိမိချောင်အသီးသီးတွေမှာ ကန်ကြီး ကန်ငယ် အသွယ်သွယ်ရှိကြပေမယ့် ကာလဆုတ်ကပ် ရပ် ခံတတ်ဖြစ်ချိန်ဆိုတော့မိုးကခေါင်းပါးအကြောင်း အားလျော်စွာ ရေဘေးဒုက္ခနဲ့ မုချတိုးနေရပါတ ကား၊ တောင်ရိုးပျော် သူတော်စင်တွေသည် အလွန်သနားစရာပါလားလို့ သီတဂူဆရာတော် အမှူးရှိတဲ့ သီတဂူတဖွဲ့လုံးသန္တာန်မှာ အမှန် သာ ကြီးမားသော သနားခြင်း ကရုဏာတရား ဖြစ်ပွားကြပါသည်။

မုဒိတာတရား တောင်ရိုးပျော်သူတော်စင်တွေ အပေါ် ကရုဏာတရားတွေ အားကြီးလာတော့ သီတဂူခေါင်းဆောင်ဆရာတော် သီတဂူဦးဉာဏိ ဿရ၊ ဝေဇန္တာဦးမဟောသဓ၊ သုဗောဓာရုံ ဦးနန္ဒမာလာ၊ မြစ်ကြာဆရာတော် ဦးလက္ခဏ အမည်တွင်တဲ့ ဆရာတော်လေးပါး ခေါင်းချင်း ရိုက် တိုင်ပင်ကြပြီး သီတဂူပြဋ္ဌာန်းလျက် မိမိတို့ ၏အစွမ်းဖြင့် ဒါယကာ ဒါယိကာမတွေ တရား ဟောဖော်တော့ ဒါယကာ ဒါယိကာမတွေက လှူဒါန်းကြသဖြင့် သီတဂူရေလှူအဖွဲ့ကြီး ပေါ် ပေါက်လာတော့သည်။ ထိုအခါ သီတဂူအမှူး ရှိသော ဆရာတော် သံဃာတော်တွေနှင့် ဒါယ ကာ ဒါယိကာမတွေသန္တာန်မှာ မုဒိတာဆိုတဲ့ ဝမ်းမြောက်မှုတွေ တဖွားဖွား ဖြစ်နေကြတဲ့ အချိန်မှာ တရှိန်ထိုး အလှူအတန်းတွေ များ ပြားပြီး သီတဂူရေစက်ကြီးဖြင့် ပင်မကန်ကြီး များသို့ ပို့ဆောင်ပြီး လှူဒါန်းရာ တောင်စစ် ကိုင်း ချောင်တိုင်းမှာပင် ရေတွေ ကန်တွေနဲ့ အပြည့်အလျှံ ရကြ သုံးကြရတော့ အင်း... တောင်ရိုးပျော် သူတော်စင်တွေမှာ ယခုအခါ ရေဘေးဒုက္ခမှ မုချလွတ်ကြရပြီး လျစ်လျူရှုကာ ဥပေက္ခာတရားတွေ ဖြစ်ပေါ်လာကြရပါသည်။

ဒါကြောင့် သီတဂူတဖွဲ့လုံးသည် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မဝိဟာရ တရားလေးပါးနဲ့ ပြည့်စုံသည့်အတွက် ဗြဟ္မာကြီး တွေပေါ့၊ ဗြဟ္မာမမြင်ဖူးကြတဲ့ စာရှုသူတွေသည် ဗြဟ္မာမမြင်ဖူးလျှင် သီတဂူဆရာတော်၊ သီတဂူ ဆရာတော်ရဲ့ ထိပ်ခေါင်တင် ဆရာတော်များ၊ ရေပေးအဖွဲ့ ဆရာတော်ကြီးများ၊ လူပုဂ္ဂိုလ်ကြီး များသည် ဗြဟ္မာကြီးတွေပါလားဟု အားပါး တရ ကြည်ညိုဝမ်းမြောက်ရန် ဤစာရေးသူက နှိုးဆော်တိုက်တွန်းယင်း နိဂုံးကမ္ပတ် အပြီးသတ် လိုက်ရပါတော့သတည်း။

မောင်ဉာဏ်ရှင်
စစ်ကိုင်းတောင်ရိုး။



# ကျိုးငြိမ်းမယ်ကား လျှောက်ကြားပါသည်

## မောင်ရန်ကင်း

(ကော်ကိုင်းဆောက်)

သိတဂူဆရာတော်ဘုရားသို့-

တပည့်တော်များ သိဂဏူ လေးနှစ်မြောက် ဘောင်မြင်မှ စာစောင်မှာ သိဂဏူ ရေအလှူ တော်ကြီးကို ဖတ်မြင်ရ၊ ကျေးဇူးတင်လျက် သိဂဏူ ရေတာ ပူဇော်ကြီးသည် ကမ္ဘာပတ်လုံး ငုံမင်၊ ကျူးအိမ်သတို့လို တည်ရစ်ပါစေလို့ လဲ ဆုတောင်းမိပါသည်။

မှန်၏၊ ညှင်ပေါ်ပြာတောင်ကြီးသည် တချိန်က မည်မျှ ရေအခက်အခဲ ရှိသည်ကို ပါဠိတော် ဂိုဏ်း လေ့လာယင်း လည်းကောင်း၊ ရှေးဖြစ်တောင်း အောက်မေ့ဖွယ်ဖြင့် လည်းကောင်း၊ ကောင်းကောင်းကြီး သိခဲ့ပါသည်။ ပါဠိတော်ဂိုဏ်း တည်ထောင်သော အရှင်ရာဇိန္ဒ သည် သာမည ဘုန်းရှင်မဟုတ်ပါ။ အတော်ကို ရှေးဘုန်း ရှေးကံရှိသည့် ပုဂ္ဂိုလ်ကြီးပါပေ။

ဆရာတော် ဦးရာဇိန္ဒသည် ဘုရားဆုပန် ပုဂ္ဂိုလ်ကြီး ဖြစ်သည့်အလျောက် သူ့ချောင်တွင် ဘုန်းကံကြီးမားသဖြင့် ပရိသတ်ကတနေ့တခြား များလာလေရာ ပရိသတ် များလေလေ ရေဒုက္ခ က မသေးလေလေ ဖြစ်ပါသည်။ တနေ့တည်း ပင် ရေစည်လှည်းဖြင့် ရေဆွဲပြီး အရှေ့ဏ္ဍာ သယချောင်သို့လှည်းနွားများဖြင့်တင်ရသည်မှာ နွေအခါတွင် အစီ ပေါင်း တရာနီးပါး ရှိသည် ဟု ဆိုပါသည်။ အချို့ရေစည်လှည်းဆရာမှာ နွားမကြည့်ပဲ ငွေကြည့်ပြီး တနေ့တွင် အခေါက် ၂၀ လောက် ဆွဲသည်ဟု ဆိုပါသည်။ ထိုအခါ နွားတွေမှာ အမြုပ် တစီစီထွက်ပြီး ဆရာတော် ကြီး ရှေ့တွင် ဝပ်တဲ့နွားကဝပ်ကြသည်ဟု ဆိုပါသည်။ ဆရာတော်ကြီးသည် ဝပ်သော နွားများကို ကြည့်ပြီး အလွန်သနားတော်မူလှ ပါသည်။ ဘယ်သောအခါ ဧယျာ တောင်ကြီး ပေါ်တွင် ဘောင်ထိပ် ကြာပေါက်လောက် အောင် ရေတွေ အရောက် တင်နိုင်မည်နည်း။ ငါ၏ ရှေးကံပါရမီ စုံညီပါက မကြာခင်ပြည့်စုံ ပါစေဟု မိန့်ခွန်းတော်မူပါသည်။

မိန့်ခွန်းသည့်အလျောက် ၁၂၇၅ ခုနှစ်တွင် ရေကက်နှင့် ရေတင်ရန် ကန်လှူမည့် ဒါယကာ အဆင်သင့်ပေါ်လာသဖြင့် ရေပကန်နှင့် ကန်ကို ဘုရိုင်နက် ရေကက်ကို ကျင်ပင်ဆိပ်ကမ်းတွင် ယခု သုံးဆယ်ကန်သည်။ ... စတင်ဘည်ဆောက် ပေပါတော့သည်၊ ယုံ ... ရှိ့မှ ရှေ့ တောင်ရိုး ပျော် သူဟော်စင်နှင့် နဲ ... တော်မှူ ... ဘင်ဝ ဟောဘောင်နေ သတ္တဝါ ... ရှိမှာ ... ချမ်း

သာသွားကြပါသည်။ ဒုတိယ ဂန္ဓာရုံအမိန့်ရှိသည်မှာ ဟိုတောထွက်စဉ်က ဒရယ် ချေ တော ဝက် တောဆိတ်စသော အားချို့တဲ့ သတ္တဝါလေးတွေမှာ ရေဘေးဒုက္ခကြောင့် ညလူခြည်တိတ်ချိန်တွင် ရေဝတီ မြစ်ဆိပ်သို့ ရေဆင်းသောက်ရာ ကျားသစ်သတ္တဝါတွေက အဆင်းနှင့် အပြန်တွင် ကိုက်သတ် စားခဲ့ကြတော့ အလွန်ဒုက္ခတွေ့ကြတယ်ဟု မိန့်ပါသည်။ တခါတရံ ကျားသစ် ကိုက်သတ်လို့ သေနေပြီးကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ တွေ့ရတယ်ဟုလည်း မိန့်ပါသည်။ တချိန်တုန်းက ဇေယျာတောင်ပျော်နေ ဝေနေယျအများ ဘယ်လောက် ဒုက္ခရောက်ခဲ့တယ်ဆိုတာ ဤဆောင်းပါး ဖတ်ကြည့်က သိနိုင်ပါသည်။ရှေးဖြစ်ဟောင်း အောင်းမေ့ဖွယ်အဖြစ်လဲ ရေဒုက္ခမသေးပုံကို တင်ပြပါဦးမယ်။

ယခု နှစ်မှ နောက်ပြန် တွက်လိုက်လျှင် နှစ်ပေါင်း ၄၉ နှစ်လောက်က ဖြစ်ပါလိမ့်မယ်။ ၁၂၉၇ ခု တန်ဆောင်မုန်းလပြည့်ကျော်၅ရက်နေ့ ညတွင် မဟာဂန္ဓာရုံ စာပြန်တိုက်ကြီးပေါ်က တဘောင်ရိုးလုံး သိမ့်သိမ့်တုန် လောက်အောင် ဖော်ပြပါဂါထာလေးသည် လွှမ်းသွားခဲ့ဖူးပါသည်။ အကယ်၍များ ထိုအချိန်တွင် စာပြန်ပွဲတိုက်ကြီးသည် အသံလွှင့်ရုံကြီး ဖြစ်နေမယ်ဆိုယင် ဤကမ္ဘာတွင်တောင်မက လောကတခုလုံးပါ သိမ့်သိမ့်တုန်အောင် လွှမ်းသွားဖွယ်ရာ ရှိပါသည်။ ဂါထာလေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ယဿဇေယျာ နိက္ခန္တမှိ၊
အာသိယံ မိဂမာသယော။

ကိစ္ဆာဟာရော ကိစ္ဆာဝါသော၊
နိစ္စံ ဒဠှ ပရက္ကမော။ ။

ယဿထေရဿ၊ ပထမဂန္ဓာရုံ ကိုင်းလုံးတုန်မျှ ဆန်စုံကျော်ဟီး အရှင်ကျေးဇူးရှင်ဆရာတော် ဘုရားကြီး၏။ဝါ ယဿထေရဿ၊ဒုတိယ မဟာဂန္ဓာရုံ တိုင်းလုံးတုန်မျှ ဆန်စုံကျော်ဟီး အကြင်ကျေးဇူးရှင် ချမ်းအေးဆရာတော်ဘုရားကြီး၏။ နိက္ခန္တမှိ၊ ဝိသုဒ္ဓါရုံ မြို့ရှေ့ဘုံမှ ရဂုံသာမော ဤမြိုင်တောသို့ မနောထက်သန် ထွက်စံတော်မူစဉ်ခါသမယဉ္ဈ။ အယံဇေယျာ၊ ယခုသမယ ရှုမဝအောင် တောင်ပြင်မလတ် ချောင်စဉ်စပ်၍ ရစ်ပတ်ဝေဆာ သေလာခေါင်ထီး ဤဇေယျာတောင် ကြီးသည်။ မိဂမာသယော အာသိ၊ သမင်ဒရယ် ချေယ်သစ်ကြုတ် မြည်ဟုတ်သံညောင်း သားအပေါင်းတို့ သောင်းပြောင်းရောပွမ်း တောစခန်းဖြစ်၍ တောကြမ်းကြီး ဖြစ်ခဲ့ဖူးလေပြီ။

သောထေရော၊ထိုတောစခန်းကို တောတန်း၌ တောကြမ်းကိုမှီ မနေကြည်လျက် ယောဂီအလုပ် အားသွန်ထုတ်လျက် စိတ်ချုပ်ထဲကြည်လင်လိုကျေးဇူးရှင် ဆရာတော် ဘုရားကြီးသည်။ ကိစ္ဆာဟာရော၊ ခရီးဝေးကွာ ဆွမ်းကိုရှာ၍ ရေပါမိတ္တယံ ငကယ်ထိုစဉ် ငြိုငြင်သော အာဟာရ ရှိပါလျက်။ ကိစ္ဆာဝါသော၊ ကျောင်းတော်သစ်ပင် မြေပြင်မွေ့ရာ သေလာကျောက်တုံး ဦးခေါင်းအုံးလျက် ထေရ်ဘုန်းစံရာ မခံသာအောင် မှန်စွာညှဉ်းဆဲ အဆင်းရဲကြီး ဆင်းရဲတော်မူလျက်။ နိစ္စံ၊နေ့ရောညဉ့်ပါ ဘယ်ခါမလပ် ထပ်ဘာလဲလဲ မပြတ်စွဲတော်မူ လျက်သာလျှင်။ ဒဠှပရက္ကမော၊ဘယ်သူကမှ မတုပပဲ ခုဘဝတွင် ခန္ဓာဝန် လက်စသိမ်း၍ အေးငြိမ်းအောင် တရားအားထုတ်တော်မူခဲ့သော အရှင်မြတ်ကြီးဘုရား။

ဤဂါထာစိကုံးရွတ်ဆိုသူကား ထိုစဉ်အခါ ပထမကျော်ဦးဇနကနှင့် စာချဘုန်းကြီးဦးဇနက။ ခုခါလိုဆိုယင် တောင်မြို့ဆရာတော်ပါ။ ထို

ဂါထာလေးကား ၀ါချို့က "ဈာပနသံဝေဂ" လို့မသိသောသူများက မှတ်ကောင်းမှတ်ထင်ကြမယ်၊ ပွဲတော်မူမှ ရေးတဲ့ဂါထာ မဟုတ်ပါ။ ချမ်းအေးဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်အစ်ကိုဖြစ်သူတောင်မြို့ဆရာတော်က ၂နှင့် ၃ ရယ်၊ အခြားဂါထာရယ် သုံးဂါထာ ဆရာတော်ရဲ့ညီ ဦးသာသနက ငါးဂါထာ စာရွက်ရိုက်ပြီး ဝေဖူးပါသည်။ ဈာပနပွဲကြတော့ ၂-နှင့် ၃-ပါသပါသည်၊ အခြား ဂါထာနှင့် ငါးဂါထာပါ ၎င်းလေးဂါထာဖြင့် တညက်စွဲပြီးအောင် ဟောသွားပါသည်။

ဆရာတော်ကြီးနှစ်ပါးလုံး တရားဟောပလ္လင်ပေါ်က လက်အုပ်ကလေး ချီကာချီကာ ပြောနေပါသည်။ ပရိသတ်မှာ ငြိမ်ပြီး နားစိုက်နေကြပါသည်။ ရေဒက္ခကို စာရေးသူတောင်မြို့ဆရာတော်တွေ့စဉ် တော်တော်များများ ပြောပါတက်၊ သိရပါလိမ့်မယ်။

ထိုစဉ်က စာပြန်ပွဲကြီးမှာ ရှစ်ရက် ကျင်းပသည်။ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်ကစပြီး ၈ ရက်နေ့ အပြီးပါ။ ၁ရက်နေ့မှ ၄ရက်ထိ ခုနစ်ရက်တိုင်တိုင် တပါးစီဟောကြပါသည်။ ၁-ရက်နေ့ပေပင်ဆရာတော်၊ ၂ရက်နေ့ သီတာရှိ ဦးပဏ္ဍဝ၊ ၃ရက်နေ့ မွန်ကျောင်း ဆရာတော် ဦးသုနန္ဒ၊ ၄ရက်နေ့ မင်းကွန်းရန်ကင်းဆရာတော်ဦး သောဘန၊ ၎င်းဆရာတော်က ယခုကာလ ပါဠိတော်ကြီး တွေ ဟောကြသလို အင်္ဂုတ္တိုရ်သံယုတ် မဇ္ဈိမနိကာယ် တနေခုမှ သုတ်ကြီးတွေဟောပါတယ်။

ထိုအခါ တရားဟောနည်းမှာ တရားပလ္လင်ခံ ဂါထာရွတ်ပါတယ်။ ထိုဂါထာနှင့် စပ်ဆိုင်ရာ ဝတ္ထုကြောင်းထုတ်ပြီး တရားပလ္လင်ကိုပဲ နိဂုံးသပ်ကြပါတယ်။ ရန်ကင်းဆရာတော် ကတော့ သုတ္တန်ကြီးတွေ ဟောပါတယ်။ ၅-ရက်နေ့ ပထမကျော် ဦးဇနကာဘိဝံသ(တောင်မြို့ဆရာတော်)၊ ၆ရက်နေ့တွင် အနီးစခန်း။ တခါတခါ ရွှေပြည်ဦးဝိလာသ၊ စာရေးသူတို့ ရောက်စမှာ အနီးစခန်းဆရာတော်က တရားဟောစပဲ ရှိပါသေးသည်။ ၇ ရက်နေ့ မိဂဒါဝုန် ဝိဇ္ဇောဒယ ဆရာတော်နှင့် ဦးပဏ္ဍိတမွေတို့က ခေတ်ပျက်မှ ပါလာကြပါသည်။ နောင်တွင် ပဌာန်းသိပ္ပံ ဆရာတော်များပါပြီး တော်တော်ကြာပဲ ဟောပါသည်။ ပဌာန်းသိပ္ပံက ၂-ရက်နေ့ အပါများပါသည်။

ရေဒက္ခ ပြန်ဆက်ပါမည်။ ဤစာရေးသူမှာ ၁၂၉၇ ခုနှစ် ဝါဆိုလဆန်း ၁၃ ရက်နေ့တွင် မဟာဂန္ဓာရုံကျောင်းသို့ ကိုရင်ဝတ်ရန် လူဝတ်ကြောင်နှင့် အစ်ကို ဦးလက္ခဏရှိသော မဟာသိမ်မှာ စရောက်ပါသည်။

ထိုအချိန်တွင် ဦးစက်ဖေက သူ့ကျောင်းကို ရေစက်ချလှူဒါန်းဆဲ တရားပွဲ ခုနစ်ရက်ကျင်းပပါသည်။ ၁၄ ရက်နေ့ည ပထမကျော် အရှင်ဇနကာဘိဝံသ၊ ၁၅ ရက်နေ့လယ် ထိုဆရာတော်က ကျောင်း ရေစက်ချပါသည်။

လပြည့်နေ့ မနက်တွင် ကျောင်းဒါယကာ ဦးစက်ဖေနှင့် ဒေါ်အေးတင်တို့ကဆွမ်းချိုင့်ကြီးဆွဲပြီး မဟာသိမ် ဤစာရေးသူ ကျောင်းသားလက်သို့ 'ဒီဆွမ်းချိုင့်ကို အဘယာ စာချဘုန်းကြီး ဦးဇနကကို မင်းက ဆွမ်းကပ်ပါ' ဆိုပြီး ချိုင့်အပ်သွားချိန် စာချဘုန်းကြီးမရှိပါ။ ပြန်လာမှ ကပ်ရပါသည်။

ကပ်တော့ ရောက်ခါဖြစ်နေသည့် အတွက် မကျွမ်းကျင်ပါ။ ဆွမ်းကပ်သည်မှာ ချိုင့်တွေဖွင့်ပြီး အစ်ကို ဦးလက္ခဏမှာ ရှိတဲ့ ပန်းကန် ဇွန်းယူပြီး သူ့နားရှိတဲ့ ဟင်းပန်းလေးနဲ့ ကပ်ပါ

သည်။ ရေအတွက် ရေချိုင့်မတွေ့ပါ။ ဥပုသ်ပြုစဉ် ကပ်သည့် စဥ့်ကူအိုး လေးလုံး တွေ့လို့ တလုံးကို မဟာသိမ်ကန်က သွတ်ပုံး အသေးလေးနဲ့ သုံးပုံးငပ်ပြီး ကပ်ပါသည်။

စာချဘုန်းကြီးက ဖွယ်ဖွယ်ရာရာမကပ်တာကိုလဲမဆူပါ၊စားပွဲခုံမပါတာကိုလဲ မဆူပါ။ စားပွဲခင်းမပါတာကိုလဲ မဆူပါ၊ လင်ပန်း သေးသေးနဲ့ကပ်တာကိုလဲ မဆူပါ။ ဇွန်း တချောင်းတည်း ကပ်တာကိုလဲ မဆူပါ။ ရေအိုးကြီးတည်၍ကပ်တာကို ဆူပါသည်။ ကမြင်းထိးလေး ငါ့ကို ဆရာတော်ကြီးက ဆူတော့မှာ၊ ရေအိုးကြီးတည်ပြီး ဆွမ်းမပြင်ရဘူး။ဒီဆရာတော်ကြီးက ရေဒုက္ခနဲ့ ရင်ဆိုင်တွေ့လာတဲ့ ဆရာတော်ကြီး။ ငါ ကျောင်းသားတုန်းက ရေဖလား နှစ်ဖလားနဲ့ အကုန်ကိစ္စပြီးအောင် လုပ်ရတယ်။ တဖလားကို ရေသောက်ရတယ်၊ တဖလားက ဇလုံ ပန်းကန် လောက်အောင် ဆေးရတယ်။ သူတို့တောထွက်လာတုန်းက ရေကသိပ်ရှားတာကွ။မြစ်ဆိပ် သပိတ်နဲ့ ဆင်းဆင်းရေသယ်ရတာ တခါတုရံ သွတ်ရေဗူးလေးနဲ့ ဆရာတော်ကြီးနှစ်ပါး ရေချိုးယင်း ရေသုံးရန် ဆွဲရတာ။ သပိတ်နဲ့ သယ်တဲ့အခါ သူဘို့သက်န်းတွေ ရွဲကုန်လို့ နေလှန်းရသတဲ့။ ရေဆိပ်ကလဲ ခုလို စောင်းတန်းတွေ ဘာတွေ ရှိဘာမဟုတ်သေးဘူး၊ချုံပိပ္ပေါင်းကြားကသွားရသတဲ့။ တခါတလေ ဘောကောင်တွေနဲ့တွေ့ရသတဲ့၊ ဆရာတော်ကြီးတွေ့ယင် ဆူတော့မှာ ကမြင်းထိးလေး။ သံချောင်းနဲ့ တိုက်ကြီးကရေ နှစ်ခွက် သုံးခွက်သောက် ထည့်ယူခဲ့။ မင်းမသိယင် ကျောင်းကိုရင်တွေ ခိုင်းဆိုလို့ ကိုရင်နန္ဒိယ ဆိုတဲ့ကိုရင်ကို ခိုင်းမှ စာချ ဘုန်းကြီးစိတ်ကြိုက် ဖြစ်သွားပါသည်၊

ဆွမ်းကပ်ပြီ တော့ စာချဘုန်းကြီးက စိတ်မချလို့ ပြောလိုက်သည်မှာ မင်းတို့ ဆရာတော်ကြီးကို သက်သတ်တွေနဲ့ ကပ်တာရယ်၊ ရေအိုးကြီးနဲ့ ကပ်တာရယ် သွားမလျှောက်နဲ့။ မင်းကတောက ရောက် စဆိုတော့ မနူးမနပ်ရယ်။ သွားလျှောက်ယင် မင်းရော ငါရော ဒုက္ခဖြစ်မှာ သိလားတဲ့။ မှန်ပါသည်။ တောင်မြို့ယရာတော်မှာ ထိုအချိန်က ၃၆ နှစ်လောက် ခန့်မှန်းခြေ ရှိမှာပါ။ ပိန်ခြောက်လေးပါ။ စာဒဏ်တွေ မခံနိုင်လို့ သူ့မှာ ပိန်ပါသည်။ ဒါကြောင့် တွေ့ရာစားရပါသည်။ သက်သတ်လွတ်စားယင် ကျန်းမာရေးမကောင်းတဲ့ အချိန်မို့ ပိုဆိုးသွားဖွယ်ရာ ရှိပါသည်၊ဒါယကာတွေကလဲ အလိုက်သိပြီး ကပ်ကြတာပါ။ ဆရာတော်သာ သိယင် ဒါယကာရော တို့ရော မင်းရော ဒဏ်ချမှာတော့ သေချာပါတယ်လို့ မိန့်သွားပါတယ်။

ဝါတွင်းရောက်သော အခါ ကိုရင်များ အလှည့်ကျ ဆွမ်းပွဲပြင်ရပါတယ်။ ဆွမ်းကပ်တော့ ဖိုးသူတော်သာ ကပ်ရပါသည်။ ရေတည်သော အခါ ခွက်စိမ်းထဲတွင် ထိုစဉ်က သုံးဖလားသာ ထည့်ကြရသည်။ စာရေးသူ အလှည့်ရောက်တော့ ရေသံချောင်း အစိမ်းကြီးနဲ့ အပြည့် ထည့်ပြီး တည်ပါသည်။လက်ရှိကိုရင်များကလဲ လက်တို့၍ မပြောကြပါ။ နှစ်ရက်လောက် တည်တော့ဘာမျှ မပြော သုံးရက်ရောက်တော့ ဆူလဲဆူပါသည်။ ဒဏ်လဲထမ်းရပါသည်။ဒဏ်ထမ်းပြီးတာကြောင့် ဒဏ်ထမ်းကြောင်း လျှောက်ရပါသေးသည်။ အဲလို လျှောက်သည့်အခါ သူတို့ တောထွက်စ ရေဒုက္ခဟာ ကြီးကျယ်တဲ့ အကြောင်း မိန့်ပါသည်။

တခါတော့ မဟာဂန္ဓာရုံ ဆရာတော်နှင့် ရေဆင်းသယ်ကြစဉ် ဆင်နှစ်ကောင်က သူတို့ဆီ အတင်းလာလို့ "မဟာဂန္ဓာရုံ ဆရာတော် ဦးသာဒ္ဓမ္မမပြေးနဲ့၊ မေတ္တာဓာတ်နဲ့ခံပါ" ပြောသဖြင့် ရပ်ပြီး နှစ်ပါး မေတ္တာပို့ကြတော့မှ ဆင်

နှစ်ကောင်သူတို့သွားလိုရာသွားပါသတဲ့။ တော
ဆင်ရိုင်းလား၊ သူ့ဘုံးဆင် လားလို့ လျှောက်
တော့ ဘာဆင်ရယ်လို့ မသိပါဘူးတဲ့။ အဲဒီ
တခါတွေ့ဖူးပါကယ်တဲ့။ နောက်တော့ မတွေ့
တော့ပါလို့ မိန့်ပါသည်။ သစ်ကတော့ တူတူ
အိပ် တူတူနေရသလိုပါပဲ။ တခါတခါ သူတို့အ
မြီးနဲ့ ခြင်ရမ်းသံမှာ တဘုတ်ဘုတ်နဲ့ တော်တော်
ပြင်းပြင်း ကြားရတယ်လို့ မိန့်ပါသည်။

ရေဒုက္ခကြီးဟာ အလွန် ကြီးကျယ်ပါသည်။ ရေကိုပေါ်သားဆိုပြီး တဘက်က မဖြုန်းကြပါနဲ့လို့ နေ့တိုင်း ဩဝါဒတွင် ထည့်ပြီး ဩဝါဒ ပေးပါသည်။

ဤဇေယျာတောင်ရဲ့ ရေဒုက္ခသည် အလွန် ကြီးကျယ်တဲ့ မဟာဒုက္ခကြီးပါ။ ဤ ရွှေစာ
တွက် မဟာဒုက္ခကြီးကို စစ်ကိုင်းတောင်ပျော်
သူတော်စင်တို့ နှင့် တိရစ္ဆာန်များ သင်ပေါက်တွေ
ပါ ဝေဆာအောင် ဇေလာ ပေးလှူနေသော
သီတဂူဆရာတော် အမှူးရှိတဲ့ သီတဂူအဖွဲ့ကြီး
ကို အလွန်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါ
သည်။ သီတဂူရေအလှူ အဖွဲ့ကြီးသည် ဤဘဒ္ဒ
ကမ္ဘာကြီး ကပ်ဆုံးသည့်တိုင်အောင် ငုံးမင်းကျူ
အိမ် ပုဏ္ဏားမိန်စန်းလှတို့လို အမြဲတည်ရစ်ပါစေဟု
ဆုပတ္ထနာတောင်းယင်း နိဂုံးအုပ်လိုက်ရပါတော့
သတည်း။

မောင်ရန်ကင်း
စစ်ကိုင်းတောင်။



သည်။ ရေအတွက် ရေချိုင့်မတွေ့ပါ။ ဥပုသ်ပြု စဉ် ကပ်သည့် စဥ့်ကူအိုး လေးလုံး တွေ့လို့ တလုံး ကို မဟာသိမ်ကန်က သွတ်ပုံး အသေးလေးနဲ့ သုံးပုံးခပ်ပြီး ကပ်ပါသည်။

စာချဘုန်းကြီးက ဖွယ်ဖွယ်ရာရာမကပ်တာကို လဲမဆူပါ၊ စားပွဲခုံမပါတာကိုလဲ မဆူပါ။ စားပွဲခင်းမပါတာကိုလဲ မဆူပါ၊ လင်ပန်း သေးသေးနဲ့ ကပ်တာကိုလဲ မဆူပါ။ ဇွန်း တချောင်းတည်း ကပ်တာကိုလဲ မဆူပါ။ ရေအိုးကြီးတည်၍ကပ်တာကို ဆူပါသည်။ ကမြင်းထိုးလေး ငါ့ကို ဆရာတော်ကြီးက ဆူတော့မှာ၊ ရေအိုးကြီးတည်ပြီး ဆွမ်းမပြင်ရဘူး။ဒီဆရာတော်ကြီးက ရေဒုက္ခနဲ့ ရင်ဆိုင်တွေ့လာတဲ့ ဆရာတော်ကြီး။ ငါ ကျောင်းသားတုန်းက ရေဖလား နှစ်ဖလားနဲ့ အကုန်ကိစ္စပြီးအောင် လုပ်ရတယ်။ တဖလားကို ချေသောက်ရတယ်၊ တဖလားက ဇလုံ ပန်းကန် လောက်အောင် ဆေးရတယ်။ သူတို့တောထွက်လာတုန်းက ရေကသိပ်ရှားတာကွ။မြစ်ဆိပ် သပိတ်နဲ့ ဆင်းဆင်းရေသယ်ရတာ တခါတရံ သွတ်ရေပူးလေးနဲ့ ဆရာတော်ကြီးနှစ်ပါး ရေချိုးယင်း ရေသုံးရန် ဆွဲရတာ။ သပိတ်နဲ့ သယ်တဲ့အခါ သူတို့သက်န်းတွေ ရွှဲကုန်လို့ နေလှန်းရသတဲ့။ ရေဆိပ်ကလဲ ခုလို စောင်းတန်းတွေ ဘာတွေ ရှိတာမဟုတ်သေးဘူး၊ချုံပိတ်ပေါင်းကြားကသွားရသတဲ့။ တခါတလေ ဘောကောင်တွေနဲ့တွေ့ရသတဲ့၊ ဆရာတော်ကြီးတွေ့ယင် ဆူတော့မှာ ကမြင်းထိုးလေး။ သံချောင်းနဲ့ တိုက်ကြီးကရေ နှစ်ခွက် သုံးခွက်သောက် တည့်သူခဲ့။ မင်းမသိယင် ကျောင်းကိုရင်တွေ မိုင်းဆိုသို့ ကိုရင်နန္ဒိယ ဆိုတဲ့ကိုရင်ကို ခိုင်းမှ စာချ ဘုန်းကြီးစိတ်ကြိုက် ဖြစ်သွားပါသည်။

ဆွမ်းကပ်ပြီ တော့ စာချဘုန်းကြီးက စိတ်မချလို့ ပြော လိုက်သည်မှာ မင်းတို့ ဆရာတော်ကြီး ကို သက်သတ်တွေနဲ့ ကပ်တာရယ်၊ ရေအိုးကြီးနဲ့ ကပ်တာရယ် သွားမလျှောက်နဲ့။ မင်းကတောက ရောက် စဆုံတော့ မနှေးမနပ်ရယ်။ သွားလျှောက်ယင် မင်းရော ငါရော ဒုက္ခဖြစ်မှာ သိလားတဲ့။ မှန်ပါသည်။ တောင်မြို့ယရာတော်မှာ ထိုအချိန်က ၃၆ နှစ်လောက် ခန့်မှန်းခြေ ရှိမှာပါ။ ပိန်ခြောက်လေးပါ။ စာဒဏ်တွေ မခံနိုင်လို့ သူ့မှာ ပိန်ပါသည်။ ဒါကြောင့် တွေ့ရစားရပါသည်။ သက်သတ်လွတ်စားယင် ကျန်းမာရေးမကောင်းပဲ အချိန်မီ ပိုဆိုးသွားဖွယ်ရာ ရှိပါသည်။ဒါယကာတွေကလဲ အလိုက်သိပြီး ကပ်ကြတာပါ။ ဆရာတော်သာ သိယင် ဒါယကာရော တို့ရော မင်းရော ဒဏ်ချမှာတော့ သေချာပါတယ်လို့ မိန့်သွားပါတယ်။

ဝါတွင်းရောက်သော အခါ ကိုရင်များ အလှည့်ကျ ဆွမ်းပွဲပြင်ရပါတယ်။ ဆွမ်းကပ်တော့ ဖိုးသူတော်သာ ကပ်ရပါသည်။ ရေတည်သော အခါ ခွက်စိမ်းထဲတွင် ထိုစဥ့်က သုံးဖလားသာ ထည့်ကြရသည်။ စာရေးသူ အလှည့်ရောက်တော့ ရေသံချောင်း အစိမ်းကြီးနဲ့ အပြည့် ထည့်ပြီး တည်ပါသည်။လက်ရှိကိုရင်များကလဲ လက်တို့၍ မပြောကြပါ။ နှစ်ရက်လောက် တည်တော့ဘာမျှ မပြော သုံးရက်ရောက်တော့ ဆူလဲဆူပါသည်။ ဒဏ်လဲထမ်းရပါသည်။ဒဏ်ထမ်းပြီးတာကြောင့် ဒဏ်ထမ်းကြောင်း လျှောက်ရ ပါသေးသည်။ အဲလို လျှောက်သည့်အခါ သူတို့ တောထွက်စ ရေဒုက္ခဟာ ကြီးကျယ်တဲ့ အကြောင်း မိန့်ပါသည်။

တခါတော့ မဟာဂန္ဓာရုံ ဆရာတော်နှင့် ရေဆင်းသယ်ကြစဉ် ဆင်နှစ်ကောင်က သူတို့ဆီ အတင်းလာလို့ “မဟာဂန္ဓာရုံ ဆရာတော် ဦးသဒ္ဓမ္မမပြေးနဲ့၊ မေတ္တာဓာတ်နဲ့ခံပါ” ပြောသာ ဖြင့် ရပ်ပြီး နှစ်ပါး မေတ္တာပို့ကြတော့မှ ဆင်

နှစ်ကောင်သူတို့သွားလိုရာသွားပါသတဲ့။ တောဆင်ရိုင်းလား၊ လှည်းဆင် လားလို့လျှောက်တော့ ဘာဆင်ရယ်လို့ မသိပါဘူးတဲ့။ အဲဒီတခါတွေ့ဖူးပါကဃ်တဲ့ ။ နောက်ကော့ မတွေ့တော့ပါလို မိန့်ပါသည်။ သစ်ကတော့ တူတူအိပ် တူတူနေရသ လိုပါပဲ။ တခါဘခါ သူတို့အမြီးနဲ့ ခြင်ရမ်းသံမှာ တဘုတ်ဘုတ်နဲ့ တော်တော်ပြင်းပြင်း ကြာ ရတဃ်လို့ မိန့်ပါသည်။

ရေဒုက္ခကြီးဟာ အလွန် ကြီးကျယ်ပါသည်။ ရေကိုပေါသားဆိုပြီး တဘက်က မဖြုန်းကြပါနဲ့ လို့ နေ့တိုင်း ဩပါဒတွင် ထည့်ပြီး ဩဝါဒပေးပါသည်။

ဤဇေယျာတောင်ရဲ့ ရေဒုက္ခသည် အလွန်ကြီးကျယ်တဲ့ မဟာဒုက္ခကြီးပါ။ ဤ ရေအတွက် မဟာဒုက္ခကြီးကို စစ်ကိုင်းတောင်ပျော်သူတော်စင်တို့ နှင့် တီရစ္ဆာန်ရော သင်ပင်တွေပါ ဆေအောင် ရေဇလာ နေးလှူနေသော သီတဂူဆရာတော် အမှူးရှိတဲ့ သီတဂူအဖွဲ့ကြီးကို အလွန်လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါသည်။ သီတဂူရေ အလှူ အဖွဲ့ကြီးသည် ဤဘဒ္ဒကမ္ဘာကြီး ကပ်ဆုံးသည့်တိုင်အောင် ငုံးမင်းကျူးအိမ် ပုဏ္ဏားမိန်စန်းလှတို့လို အမြဲတည်ရစ်ပါစေဟုဆုပတ္ထနာတောင်းယင်း နိဂုံးအုပ်လိုက်ရပါတော့သတည်း။

မောင်ရန်ကင်း
စစ်ကိုင်းတောင်။






စစ်ကိုင်း တောင်ရိုးသီတဂူရေအလှူအဖွဲ့ကြီး မှ ဝေငှသော ပန်းချီကား စာရွက်ကလေးတွင် ရဟန်းတော်တပါးပုံနှင့် တောတောင် စိမ့်မေ် လေးအနီးဝယ် သပိတ်ကလေးများ ပါဝင်သည် ကို လွန်ခဲ့သော သုံး လေးနှစ်လောက်က အလှူ ငွေထည့်ဝင်း ရခဲ့ဖူးပါသည်။ မန့် ခိုကောင်း သည့်အတွက် ငုံပြီး လှူချင်စိတ် ပေါက်ခဲ့ပါ သည်။ ယခုတဖန် သီတဂူ ရေလှူအဖွဲ့ကြီး၏

လေးနှစ်စီမံကိန်းကြီးအပြီးတွင် မှတ်တမ်းတင်စာစောင်ကြီး ထုတ်ဝေမည်ဟုလည်း ဝမ်းမြောက်ဖွယ်ရာ ကြားသိရပါသည်။ ရေအလှူတွင် ကိုယ်တတ်နိုင်သည့်စာအလှူလေး ပါသွားစေချင်သည့်အတွက် ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

"ဘာသာဆက်တိုင်း၊ မနိုင်းယှဉ်နိုင်၊
ရေကိုလှူကြ၊ ဒါမှကိုယ်ပိုင်၊
ရေ၏အကျိုး၊ ဆယ်မျိုးခိုင်ခိုင်
မြတ်ဒါန၊ ရောက်ရနိဗ္ဗာန်တိုင်"

ဟူ၍ ရန်ကုန်မြို့ ဝေနေယျသုခရေချမ်းစင်အသင်းက မိန့်ဆိုထားသည့်အတိုင်း မိမိတဦးတည်း ရေချမ်းစင် မတည်နိုင်သူများအဖို့ စုပေါင်းဒါနတွင် တနှင်လုံးမှ ရေအလှူတော်ငွေ သုံးကျပ်ကို လှူဖြစ်ခဲ့ကြပါသည်။ စစ်ကိုင်းတောင်ရိုးရှိ ရဟန်းသာမဏေ၊ သူတော်သီလရှင်၊ သူတော်စင်တို့အား ရေအခက်အခဲ မရှိစေရန် ဝေငှလှူဒါန်းသည့် အလှူပွဲကြီးသည် မည်မျှမွန်မြတ်သည်ကို စဉ်းစားမိတိုင်း ရေလှူအဖွဲ့ကြီးအား အကြိမ်ကြိမ်သာဓုခေါ်ခဲ့မိပါသည်။

ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တမနက်ဆိုသည့်အတိုင်း ရေ၏အရေးကြီးပုံ ကိုလည်း ဆင်ခြင်သုံးသပ်မိပါသည်။ မြတ်စွာဘုရားသက်ထက်ကပင် ရေပြဿနာ ပေါ်ခဲ့ကြောင်းကိုလည်း သိရပါသည်။ ကပိလဝတ်သာကီဝင်များနှင့် ကောလိယသာကီဝင်တို့ ဆွေမျိုးအချင်းချင်း နှစ်ပြည်ထောင်ကြားရှိ ရောဟိဏီမြစ်ရေအတွက် ငြင်းပွားကာ စစ်မက်ကြီး တခုဖြစ်ပွါးလုနီးနီး ဒေါသ မီးတောက် ကြီးခဲ့ကြသည်။ ရောဟိဏီမြစ်ကို ကန်ဘောင်ဆည်မိုး တခုတည်းဖြင့် ပိတ်ပြီး ပကာဒါ ကိုယ်ဘာလှည့် လယ်လုပ်ခဲ့ကြရာ ရေအားနည်းလာသော နယုန်လတွင် တဦးတည်း ရေသုံးရန် အရေးဆိုကြရာမှ ရိုက်နှက်ဆူပူလာခဲ့ကြလေသည်။ ယယ်ကျိုး ငယ်နာဖော်၍ သိက္ခာချသော အပြောမျိုးပြောလာကြရာမှက လက်နက်စွဲကိုင်ကာ စစ်မက်ပွဲကြီးဆင်ကြလေသည်။

ထိုအန္တရာယ်ဆိုးကြီးကို သိမြင်တော်မူသော ဘုရားရှင်သည် သာဝတ္ထိပြည်ဇေတဝန်ကျောင်းတော်မှ ကိုယ်တော်တိုင်သပိတ်သင်္ကန်းကိုယူကာ စစ်ဆင်ကျင်းမည့်နေရာသို့ ကြွတော်မူခဲ့သည်။ စစ်တပ်နှစ်ခုကြားရှိ ကောင်းကင်၌ တင်ပျဉ်ဖွဲ့ခွေနေတော်မူပြီး ဆံတော်မြတ်မှနီလ ရောင်ခြည်တော်ကို လွှတ်တော်မူရာ နေ့ခင်းကြောင်တောင်တွင် မှောင်သွားသဖြင့် သာကီဝင်တို့ စစ်ပွဲတခုလုံး ထိတ်လန့်တုန်လှုပ်ပြီး ဘုရားရှင်ကို ဖူးမြော်ကြကုန်သည်။ မိမိတို့၏အကြံကို ဘုရားကိုယ်တော်မြတ်ကြီး သိတော်မူပြီဖြစ်၍ ကြောက်ရွံ့စိုးရိမ်ကာ တဘက်ရန်သူများ သတ်လိုကသတ်စေ၊ ဖမ်းလိုကဖမ်းစေ၊ မတိုက်ခိုက်တော့ပြီ ဟု ပိုင်းဖြတ်ပြီး လက်နက်များကို စွန့်လွှတ်လိုက်ကြလေသည်။ ဘုရားရှင်သည် ရောဟိဏီမြစ်ရေနှင့်သာကီဝင်တို့၏ မျိုးရိုးဂုဏ်သည် မည်သည်က တန်ဖိုးရှိသနည်းဟူ၍ မေးတော်မူ၏။ ရောဟိဏီမြစ်ရေအတွက်ခိုက်ရန်ပွဲကြီး မဆင်သင့်သည်ကိုသဘောပေါက်စေရန် (တေရသက နိပါတ်လာဖန္ဒနဇာတ်) ကို ဟောတော်မူသည့်အကြောင်း မဟာဗုဒ္ဓဝင်တတိယတွဲ စာမျက်နှာ ၃၄၅ ၌တွေ့ရပါသည်

ရှေးမြန်မာမင်းများအနေနှင့် ရေကိုအဓိကထားကာ လယ်ယာမြေအတွက် စီမံခန့်ခွဲကြိုးပမ်းခဲ့ကြသော သာဓကများလည်း အထင်အရှားရှိပါသေးသည်။ မင်းတို့၏ စည်းစိမ်ကို ချည်း ယစ်မူးနေသည် မဟုတ်ပဲ၊ သတ္တဝါများ ဆောက်လုပ်စေခဲ့သည်။ ဥပုသ်သီတင်းနေများ၌

သားကြီးငါးကြီးမပေါ်ပေါက်စေရ။ မင်းကျင့်တရားဆယ်ပါး၊ သင်္ဂဟဘရား လေးပါးနှင့်အညီ ညဥ့်သုံးယံတယံသာလျှင်အိပ်စက်၍ နိုင်ငံ၏အကျိုး၊ သာသနာ၏အကျိုး၊ ကိုယ်၏အကျိုးကို စီမံခန့်ခွဲတော်မူခဲ့ကြပေသည်။

ဘုရင်နော်ရထာသည် ဆည်တော်များကို အထူးစိတ်ဝင်စားသော မင်းဖြစ်ပါသည်။ဆည်တော်များကို စစ်ဆေးရန်မြစ်ငယ်၊ ပန်းလောင်၊ ဇော်ဂျီမြစ်သုံးမြွာသို့ ထွက်တော်မူလာ၍သရက်ချိုစခန်း၌ အဓိဋ္ဌာန် ငါးခုံက်ဖြင့် စက်တော်ခေါ်စဉ် မာန်စွယ်ထန်ပြင်း၊ မြွေသုံးစင်းနှင့်ဗျိုင်းကို မြင်မက်တော်မူသည်။ တောင်ဘက်မြွေကို သုံးပိုင်းပိုင်း၍ အလယ်မြွေကို လေးပိုင်းပိုင်းကာ မြောက်ဘက်မြွေကို မပိုင်းသာတော့ပဲလွှတ်လိုက်ရသည်ဟု မြင့်မက်တော်မူသည်။ ကဝိအကျော်အမော်များကို မေးတော်မူသည့် အခါတောင်ဘက်၌ ဖြစ်သော ပန်း၊ လောင် မြစ် ကို ဆည်းသုံးခုဆည်ရန်နှင့် အလယ် ဇော်ဂျီမြစ်ကို ဆည်လေးခုဆည်၍ မြောက်ဘက် မြစ်ငယ်မြစ်ကို ချန်လှပ်တော်မူရန် လျှောက်ထားကြသည့်အတိုင်း ဆည်တော်မူခဲ့လေသည်။ ထိုစဉ်ကစ၍လယ်တွင်း ကိုးခရိုင်သည် ဆန်ရေစပါးအတွက်စိတ်ချရသော အနေအထားသို့ရှိခဲ့ပေသည်။

ယခုမျက်မှောက်ခေတ်တွင်ဆည်ရေသောက်ဧရိယာ ဟူသောစကား၊ ရေဝေခန်း ဟူသောဝေါဟာရများကို မကြာခဏ ကြားနေရပါသည်။ အလိုအလျောက်သဘာဝ မိုးရည်များကိုစနစ်တကျ လှောင်ထားသောနည်း၊ မြစ်ရေချောင်းရေများကို ဆည်မြောင်းတာတမံတို့ဖြင့်ပိတ်ဆို့ကာ လိုအပ်သော နေရာများသို့ ရေလွှဲပြောင်းပေးခြင်း စသော လုပ်ငန်းများအတွက် စက်ပစ္စည်းအင်အား၊ လူအင်အား၊ ငွေအင်အား အကုန်အကျခံကာ နိုင်ငံတော် အစိုးရ၏ ကြိုးပမ်းချက်များကို တွေ့ရပါသည်။ မန်းစက်တော် တောင်ခြေမှ ကွေ့ဆင်းလာသောမန်းချောင်း နှင့် မုန်းချောင်း၊ စလင်းချောင်းများအပြင် အိုင်းမ ဆည်တော်ကြီးအတွက် မြေတူးစက်၊ ကျွဲရိုင်းစက်၊ မြေသယ်စက်ကြီးများကိုဆည်မြောင်း တာတမံ စီမံကိန်းအရ အသုံးပြုခဲ့သည့် ဘောင်မန်း စီမံကိန်းအရ ဆည်ရေသောက် စိုက်ပျိုးရေး အောင်မြင်ကာ စိမ်းလန်းစိုပြည်ခဲ့ပေသည်။

ပုပ္ပါးတောင်မကြီး၏ အရှေ့ဘက် တောင်စွယ်မှ ဆင်းလာသော ကျောက်ပုံ ချောင်းနှင့်သစ်ကျူရိုးတို့ ဆုံရာနေရာကို ပိတ်ပြီး တာတမံဖို့၍ တည်ဆောက်ရပြန်သည်။ ရေစီးသန်လွန်း၍တောင်ပေါ်ကျရေ ပြင်းထန်သည့်အခါ တာပွင့်ပြီး ကျိုးထွက် မသွားစေရန် ခိုင်ခံ့စွာ တည်ဆောက်ရသော လုပ်ငန်းမှာ ခက်ခဲလှပေသည်။ ကြက်မောက်တောင်ဆည်၊ သစ်ဆုံဆည်၊ မိုးမြဲဆည်၊တံချင်းတောင်ဆည်၊ မိတ္ထီလာတောင်ပုလုဆည်၊ ကယား ငွေတောင်ဆည်၊ မြစ်ကြီးနားဝါရှောင်ဆည်၊ ကာဘိုးဆည်၊ မြောက်နဝင်းဆည်များ အကြောင်းကို အများသိရှိပြီး ဖြစ်ပါသည်။ ငွေတောင်ဆည်၏ ရေဖြင့် လောပိတလျှပ်စစ်ဓာတ်အားကို ရယူကာ စက်မှုလက်မှုဖွံ့ဖြိုးခဲ့ရသည်။

ချောင်းမကြီးများမှ ရေကိုရေတံခါးဖြင့်ပိတ်ဖွင့်နိုင်ပြီး လိုသောအခါ သုံးရသောနည်း၊ရေလွှဲဆည်များ တည်ဆောက်နည်း၊ တောင်တန်းကြီးများမှ ကျလာသော ရေကိုပိတ်၍ လှောင်နည်း စသည်ဖြင့် ရေကို အလဟဿ မဖြစ်စေရန်ကြိုးပမ်းကြရပါသည်။ မူလ ချောင်းမကြီးကိုအင်္ဂတေနှင့် တမံပိတ်၍ ထားလိုက်ပြီး ရေကန်ကြီးသဖွယ်ဖြစ်ကာ ရေမျက်နှာပြင် မြင့်လာသည့်အခါမှ လိုသောနေရာသို့သွယ်ယူသည်ကို ရေလွှဲ

ဆည်ဟု ခေါ်ပါသည်။ ဝါရှောင်ဆည်မှာ လုပ်သားအင်အား ၂,၅၀၀ တို့ဖြင့် တည်ဆောက်ခဲ့ရာ ၆၅ သိန်း ကုန်ကျသည်ဟု စာရင်း ဇယား၌ တွေ့ရပါသည်။ မြစ်ကြီးနားနှင့် ၁၉ မိုင်ဝေးသည့် ပတ်ဝန်းကျင် ဒေသ အတွက်များစွာ အကျိုးဖြစ်စေခဲ့ပါသည်။

ပြည်နဝဒေးကြီး ရေးစပ်ခဲ့သည့် အတိုင်း "မြစ်လည်းရှော၊ လက်ျာရစ်ပေါင်း၊ နဝင်းချောင်းနှင့်"ဟူသော ပြည်မြို့ မြောက်နဝင်းဆည်သည်လည်း ကျော်ကြားခဲ့ပါသည်။ ပြည်မြေထဲ(ဒေါင်လုံ) အသွား ၁၁ မိုင်မှာ အရှေ့မြောက်လမ်းခွဲမှ နေ၍ ဝက်ထီးကန်မှ တဆင့် မြောက်နဝင်းချောင်းကိုရောက်ရသည်။ မြောက်နဝင်းချောင်းကို ပိတ်၍ ရေလှောင်တာတမံကြီး ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါသည်။ တရွှင်းတောင် ရေပေးစီမံကိန်း အရ ညောင်ဦး ကျောက်ပန်းတောင်းဒေသများမှာ စိုပြည်ခဲ့ရပါသည်၊ ရေတအိုး ရေပြုမှုတာ ရဖို့ပင် ယခင်က အခက်အခဲရှိခဲ့ပုံသည်၊ မပေါ်ပါ ရေခပ်သွားသည့်အတိုင်း ရေအကွက် အခေါက်ခေါက်သွားရသည်။ သောက်ရေ သုံးရေအတွက် ခက်ခဲသဖြင့် ရေချိုးပြန်မှာ မလွယ်ကူ။ အသားအရေများ မွဲခြောက်၍ ရောဂါဘယ များကြသည်။

အချို့ဒေသများတွင် မိုးရည်ကိုသာ အားထားပြီး ရေဝင်စဉ့်အိုးကြီးများနှင့် လှောင်ကြရသည်။ မှန်ကန် တဘက်ကမ်းဖြစ်သော ဓလဲ့ပင် သောက်ရည်ခက်ခဲ၍ မိုးရေလှောင်သောစဉ့်ကြီးများကို တွေ့ရသည်၊ ရေနှင့်နီးပါလျှက် သောက်ရခက်သည်။ ယခုအခါ အဝီစိတွင်းများ ဖော်စားလေ၍ ပြဿနာအနည်းငယ်ပြေလည်လာပြီဟု ဆိုရပါမည်။

"သည်းညည် နွေပေါက်မှ ယောင်လောက် ကြောက်တယ်"နှင့် နေမင်းက ပူပြင်း လောင်တယ်၊လူချင်းတောင် ထိကပေါက်ကွဲ"ဟူသော တေးထပ်များကို အညာဒေသ အတွေ့အကြုံများအရ ရေးစပ်ခဲ့ကြခြင်းဖြစ်ပါသည်။ ရေ၏ အခက်အခဲ ပြဿနာသည် ကြီးမားလှပါ၏။

မြန်မာတို့၏ ချစ်စဖွယ် ဓလေ့များ အနက် ရေချမ်းစင် ကလေးများမှာ တကဏ္ဍပါဝင်ပါသည်။ "ချမ်း"ဟူသော ဝေါဟာရအရအေးမြခြင်းဟုဆောင်ရာ "ညနေချမ်း သောက်တော်ရေချမ်း၊ အောင်ပါလေ သပြေပန်းနှင့် ရေချမ်းကိုလောင်း၊ အေးအေးချမ်းချမ်း"ဟူ၍ သုံးခဲ့ကြပါသည်။ "ဘုန်းတော်ကြီး၍ သက်တော်ရှည်၊ တို့တတွေ ရေချမ်းအိုးကြီး"ဟုလည်း ရှိပါသေး၏။ အဆင့်အတန်း မရွေး အတားအမြစ် မရှိ သောက်သုံးနိုင်ကြသည်။ ရေချမ်းစင်သည် ပကာသနကင်း၏။ နှောင်ကြိုးမဲ့ ကုသိုလ်ဖြစ်၏။ ဘုံပစ္စည်း ဖြစ်၍ အများနှင့်ဆိုင်သည်။ သဘာဝ ပစ္စည်းများနှင့် ဆောက်ထားသည့် အတွက် ပကာသနလည်းကင်း၏။ အမိုးအကာ ပျက်လျှင် ပြင်ပေးသွားကြသည်။ စပါးပင် စိမ်းစိုစိုလေးများနှင့် ငှက်ပျောဖက်ပါပေါ်ထားသဖြင့် အမြင်မှာလည်း အေးမြ၏၊ မောပန်းလာသူကို အေးချမ်းစေသည်၊ သစ်ပင်ရိပ်တွင် ကြိုးနှင့် အိုးကို ဆွဲထားခြင်း၊ ဝါးလုံးကိုခွဲပြီး ရေအိုးတင်၍ မြေစိုက်ထားခြင်း စသည်ဖြင့် ရေကုသိုလ်ကို ရှာကြံပြီး ပြုကြသည်။

"ရေချမ်းစင်တည်မလေ၊ လွန်သည်မမေ့
စဉ်အလာ ယူးသည့် မြန်မာ။ များသူတို့
ဝေဝေနေယျာ အေးမြပါစေ ကြောင်း။
သောက်ရေစင် မြေအိုးနှင့် မြင်ကုသိုလ်
ဝါနုမိုး ဘယ်၊ ကျိုးမှောက်ဆုတောင်း"

ခရီးသွားဘို့အတွက် ပြုမှုစေတနာထားကြ

သေးလျှင် သာသနာ့ဝန်ထမ်းများ အဖို့ ရေလှူ ရေး၌ နှောင်နှေးဖွယ် မရှိပါ။

စစ်ကိုင်းတောင်ရိုး တခုလုံးမှာ ဧရာဝတီနှင့် နီးပါလျက် ရေရှားနေသည်၊ တနေ့ဘာအတွက် မဟုတ် ရာသက်ပန် လိုအပ်နေသည်။ ရေစည် လှည်းများနှင့် အဘယ်သို့လုံလောက် ပါမည် နည်း။တောင်ရိုး၏ သဘာဝအလျောက် အဝီစိ တွင်းများလည်း တူးရန်မလွယ်ကူဟု သိရပါ သည်။ဧရာဝတီမြစ်ရေကို စက်များ ဖြင့် စုတ်ယူ၍ ပိုက်သွယ်ရန်ကိစ္စ၌ စရိတ်စကမှာ သန်းပေါင်း များစွာ ကုန်ကျရပေလိမ့်မည်။ ဆည်ဘော်တာ တမံ စီမံကိန်းများ၌ နိုင်ငံတော် ဘဏ္ဍာက အသင့်ရှိပြီး ဖြစ်သော်လည်း စစ်ကိုင်တောင်ရိုး သီတဂူ ရေအလှူစီမံကိန်း အတွက်ကား အမြဲတစေ ကုသိုလ်ရှင်များ၏ ပံ့ပိုး လှူဒါန်းမှုအပေါ် အားထားရမည် ဖြစ်ပါသည်။ ရေသွယ်ပြီး ရုံအပြင် နေ့စဉ် ပြုပြင်ထိန်းသိမ်းရေး၊လျှပ်စစ်မီ တာခနှင့် ဆေးကြောတင်ဆင်ရေးတို့ အတွက် ငွေကြေးပမာဏ အပြည့်အဝ ရှိထားရမည် ဖြစ်၍ အမြဲတမ်း လိုအပ်နေမည် ဖြစ်ပါသည်။ ဥဿျောင် ဆရာတော်ကြီးများ၏ အကူအညီ၊ နိုင်ငံတော်အစိုး၏ အကူအညီ၊ ပညာရှင်များ၏ အကူအညီ၊ စေတနာရှင်များနှင့် လုပ်သား များ၏ အကူအညီကို အမြဲလိုအပ်နေမည် ဖြစ်ပါ သည်။

စစ်ကိုင်းတောင်ရိုး၏ ရေစက်မောင်းသံများ တညံညံဖြင့် ရေတဖွားဖွား ကျနေမည်ကို မှန်း ကြည့်ယင်း ရွှေမန်းဦးတင်မောင်၏ ဧကနိပါတ် လာ "ဝဏ္ဏုပထ"လှည်းသားငါရာ ပြဇာတ်မှ ကျောက်ဖျာကြီးပေါက်ကွဲ၍ ရေပန်းထွက်လာ ပုံကို မြင်ယောင်မိပါသည်။

စစ်ကိုင်းတောင်ရိုးအကြောင်း တေးသီချင်း များ ရှိခဲ့ဖူးသည့် အတိုင်း သီတဂူ ရေအလှူ အောင်ပွဲအကြောင်း တေးသံများကိုလည်း မျှော် လင့်နေမိပါသည်။သီတဂူ ရေအလှူပွဲကြီးအတွက် သူဘော်စင် သူတော်မြတ်များ စိတ်နှလုံးချမ်းမြ စွာနှင့် သာသနာတော် လုပ်ငန်းများကိုဆောင် ရွက်တော် မူနိုင်ကြမည် ဖြစ်ပါသည်။

ဝေမှုံညင်း



ကျွန်မသည် စစ်ကိုင်းသူ စစ်စစ်ဖြစ်ပါသည်။ ကျွန်မဖခင်သည် ရွှေဘိုခရိုင် မုဆိုးချိုမြို့နယ် ရင်းတောအနိုင် [illegible]င်းတွဲရွာကလေးမှ သီပေါမင်း ပါတော်မူပြီးချိန် အသက် ၁၂ နှစ်ရွယ်က စစ်ကိုင်းမြို့သို့ ကျွန်မတို့အဘိုး၊ သူ့ဖခင် နှင့် ပြောင်းရွှေ့ နေထိုင်ခဲ့သည်မှာ အနှစ် [illegible] ရောက် သည့် အသက် ၈၆ နှစ်ရွယ်အထိ ဘယ်ကိုမှ မပြောင်းမရွှေ့ပဲ အမြဲနေထိုင်ခဲ့ပါသည်။ မိခင် က [illegible]မြို့နယ်မှ အသက် ၂၀ ကျော်က စစ်ကိုင်းမြို့သို့ရောက် အခြေချကာ ကျွန်မတို့ မောင်နှမ ကိုးယောက် မွေးဖွားပြုစု ပျိုးထောင်အပြီး စစ်ကိုင်းမြို့မှာပင် အသက် ၆၄ နှစ်ကကွယ်လွန်သွားခဲ့ ရှာပါသည်။

ကျွန်မသည် ယခုအသက် ၇၀ နီးပါးရှိနေပါပြီ။ သာမန် စစ်ကိုင်းဇာတိ စစ်ကိုင်းချစ် မြို့ပ်ပါဟု ဆိုရုံကာမှ ကျွန်မ မကျေနပ်နိုင်ပါ။ ကျွန်မသည် မွေးဖွားရာဇာတိမြေကိုအလွန် ချစ်မြတ်နိုး သံယောဇဉ်ကြီး လှပါသည်။ ဖွားရာ ရပ်မြေ၊ ရန်အောင်မြေကာ၊ ဘိသေ ကာဖြင့်၊ခံရာအရပ် မမေ့အပ် ဟု ရှေးပညာရှိတို့ဆိုရိုး အ တိုင်းမမေ့အပ်၍ မမေ့သည် သာမက၊ ကိုယ့်မြို့ကလေး၏ သာယာယဉ်ကျေးမှုကို တန်ဖိုး ထား၊ ဘုရားသာသနာတော် ထွန်းပြောင်ရာ တောင်ရိုးကြီး ကိုလည်း ဂုဏ်ယူ၊ ရတနာသုံး ပါးနှင့် ဘုရားဩဝါဒများ ကျွန်မတို့ နှလုံးသားတွင် စူး ဝင်အောင် ဆုံးမဟောပြောတော်မူခဲ့သောတောင် ရိုးမှဆရာတော်ကြီးများကိုလည်း ကြည်ညိုလွန်း သူပါ။

အသက်မွေးဝမ်းကျောင်း အတွက် ရေကြည် ရာမြက်နုရာတွင် နေထိုင်ရသော်လည်း ကိုယ့် စစ်ကိုင်းကို လွမ်းလှပါ။ ကျွန်မသည် စစ်ကိုင်း မြို့ မိဘအိမ်ပြန်၍ လက်ထပ်မင်္ဂလာပွဲ လုပ်ပါ သည်။ သား သုံးယောက်နှင့် သမီးကလေး အရွယ်ရောက်လာသည့်အခါ သားများ သာသ နာ့ဘောင်တွင်၊ သူ့ပသွင်း၊ ရှင်သာမဏေပြု၊

အဝီစိတွင်းတူးပြီး ရေကန်ရေပိုက် တပ်ဆင်ပေး ထား၍ အဆင်ပြေကြပါသည်။

စစ်ကိုင်းမြို့မီးကြီးလောင်၍ တမြို့လုံးပြောင် တလင်းဖြစ်လုနီးပါးသာ ကျန်ခဲ့၍က မီးလောင် ပြင်ကို ကျွန်မ သွားကြည့်ပါသည်။ မိတ်ဆွေ တဦးက ''တမြို့လုံး မကုန်ပဲ ခံနိုင်ပါမလား၊ ရေပိုက်မရှိတော့ မီးသတ်ကားနှင့် မြစ်ဆိပ်သွား ပြီးရေသယ်နေတုန်း ဒီက အိမ် ၁၀ လုံးလောက် လောင်ပြီးသွားတာ လေကလဲ တော့ရမ်း၊ ရေ ကလဲ အသင့်မရှိတော့ ကုန်တာပေါ့ဗျာ''ဟု ရှင်းပြပါသည်။

သူပြောစဉ်က ကျွန် မ သည် ခေါင်းညိတ် ယင်း အနေးရှင်ကိုလိုနီစနစ်ကို ချက်ချင်းအပြစ် တင်ရန် စိတ်စောမိသည်။ ချောက်မြို့ကိုကြည့် ပါ၊ သူတို့မျက်နှာဖြူ ရေနံအရာရှိတွေ သက် တောင့် သက် သာဇိမ်ကျကျ နေနိုင်ရေးအတွက် ရေဝတီမြစ်ရေကို ရေကာတာသွင်း သဲကန်နှင့် ရေကိုစစ်ပြီးတိုင်ကီကြီးနှင့်တင်ကာ ရေပိုက်သွယ် ပေးခဲ့သည်၊

စစ်ကိုင်းတိုင်း၏ မြို့တော်သည် စစ်ကိုင်းမြို့ ဖြစ်၍ မျက်နှာဖြူမင်းကြီး အမျိုးမျိုး ရုံးစိုက်ကြ သည်။ရှခင်းသာ၍စိုပြည်စိမ်းလန်းသည့်ကမ်းနား တလျှောက်တွင် ကျွန်းတိုက်ခံအိမ်ကြီး လှလှပပ၌ မြစ်ကရေသွယ်ပြီးနေခဲ့ကြသည်။ ချောက်မြို့မှာ လုပ်ပေးသလိုလုပ်ပေးနိုင်ပါလျက် မြို့သူမြို့သား များအတွက် တဆိတ်စာကလေးမျှမငဲ့ညှာ၊ ရေ ရရှိရေး မကြိုးပမ်းခဲ့ကြပါ။ သို့ကြောင့် တစုံ တယောက်သောသူသည် စစ်ကိုင်းသို့ တာဝန်ရှိ ပုဂ္ဂိုလ်အဖြစ်သွားရမည်ဟု ကျွန်မ ကြားသိလျှင် ထိုပုဂ္ဂိုလ်အား ''တို့စစ်ကိုင်း ရေပိုက်သွယ်နိုင် အောင် ကြိုးပမ်းပေးပါနော်''ဟုပင် မှာကြား မိပါတော့သည်။

ကျွန်မသူငယ်ချင်း မိတ်ဆွေများနှင့် စကား စမြည်ပြောသည့်အခါ ငယ်စဉ် တောင်ကျေး ကလေးဘဝက စစ်ကိုင်းမြို့ သာယာပုံနှင့် စစ် ကိုင်းက အစားအစာများအကြောင်း အမွှမ်း တင်ပြောမိသောအခါ မိတ်ဆွေများက ကျွန်မ အား ''ဒါလောက်စစ်ကိုင်းကြိုက်ယင် စစ်ကိုင်း ပြန်နေပါလား''ဟု ဆိုကြပါသည်။ ကျွန်မက ''နေချင်တာပေါ့၊ ရေရှား လွန်းလို့သာ'' ဟု ဖြေရတော့သည်။

အထက်ပါ အဖြေမျိုး ယခုဖြေရန် မလိုတော့ ပါပြီ။ ငါးနှစ်လောက်က စပြီး ကျွန်မသည် သဒ္ဓမ္မသီတဂူချောင် ဆရာတော် ဦးဉာဏိဿရ၏ တရားတိတ်ခွေများ အမြဲနာနေခဲ့သူပါ။ ဆရာ တော်၏ တရားအရသာကို အမြီးစပေးသူက ဆရာကြီး ဦးခင်မောင်သာ်နှင့် ဒေါ်ခင်မျိုးချစ်၊ သူတို့အိမ်သွားလည်တုန်းစဉ် ဒေါ်ခင်မျိုးချစ်က တိပ်ခွေနှင့် ညှိခံပါသည်၊ ထိုအချိန်က စပြီး ဆရာတော်၏ တရားဘော်များကို ကြည်ညို သဒ္ဓါ ပြင်းပြစွာနှင့် ရှာရှာဖွေဖွေ နာမိပါလေ တော့သည်။ တိပ်ခွေများ ဝယ်ဘန်သည်ကိုဝယ်၊ ငှားဘန်သည်ကိုငှား မနားတမ်း နာယူပါတော့ သည်။ ခြောက် ၆၀ ကျော်မှ တရားနှင့် မပျော် ပိုက် လူမိုက်ပေါ့။

နာယင်း နာယင်း ဆရာတော်၏ စစ်ကိုင်း တောင်ရိုး ရေအလှူတော်၏ ရေစက်ချတရား များ နာလာရသည်။ စစ်ကိုင်း ရောက်ပြန်တော့ လည်း၊ ဆရာတော်၏ ကြိုးပမ်းမှုမှာ အကောင် အထည်ပေါ်နေပြီကိုကြား၍ ဖရဏာပီတိဂွမ်း ဆီထိပမာ ဖြစ်ရသည်။ ယခုတော့ ဆရာတော် ၏ လုံ့လဝီရိယစေတနာကြောင့် လည်းကောင်း၊ ရတနာသုံးပါး ဦးထိပ်ထားလျက် သာသနာ တော်ဖွံ့ဖြိုး တိုးတက်စေရန် ရည်သန်ကြသော အလှူ့ရှင် အလှူ့ အမတို့၏ စေတနာသဒ္ဓါတရား

တို့ကြောင့်လည်းကောင်း ဆရာတော်နှင့် တပည့် တပန်းတို့၏ သိဘဂူရေအလှူတော်သည်အောင် မြင်ရလေပြီ။

မြို့တွင်း ရေရရှိရေးကတော့ နေရာတကာ မှာ မရေရာသေးပါ။ ဖြစ်ရပေမည်။ မြို့မှာက ပုထုဇဉ်တွေ၊ ဒုဿီလနေရာ၊ သုသီလပုဂ္ဂိုလ်ရော ရောထွေးယှက်တင် နေကြသည်။ တောင်ရိုးမှာ ကားအများစုသည် သုသီလပုဂ္ဂိုလ်များ ဖြစ်သည် မှာ ယုံမှားစရာမရှိပါ။ အများစုက သီလစင် ကြယ်လာကြလျှင် ရေအကျိုးပေးရကောင်းစရာ ရှိပါသည်။

မြတ်စွာဘုရား၏ တရားတော်လာ အလှူ၏ စင်ကြယ်ဖွံ့ဖြိုး အကျိုးကြီးခြင်း လေးမျိုးရှိပါ သည်။ ယခု သဒ္ဓမ္မ သိတဂူ ဆရာတော်ဘုရား ဦးဆောင်၍ လှူသော အလှူကား ဘုရားဟော ကျမ်းဂန်အလာ ဒက္ခိဏာ ဝိသုဒ္ဓိ လေးပါး အနက် နံပါတ်(၄) အလှူမျိုး ဖြစ်ပါသည်။ သီလရှိသော အလှူပေးပုဂ္ဂိုလ်က သီလရှိသော အလှူခံ ပုဂ္ဂိုလ်အား လှူခြင်း ဖြစ်ပါသည်။ မျိုးစေ့ကလည်းကောင်းပြီး မြေကလည်းသြဇာ ထက်သန်ပြန်သော် သီးနှံ ဖွံ့ဖြိုးရသကဲ့သို့ အလှူ ပေး ပုဂ္ဂိုလ်ကြောင့်လည်း အကျိုးကြီး၊ အလှူခံ ပုဂ္ဂိုလ်ကြောင့်လည်း အကျိုးကြီး၊ ပေးသူခံယူသူ နှစ်ဘက် စင်ကြယ်ဖွံ့ဖြိုး အကျိုးကြီး လှပြန်၍ ဤရေအလှူတော် ဒါနကို "ဥဘတောသုဒ္ဓိက- ဒါန"ဟု ခေါ်ဆိုရပေမည်။

ရေအလှူတော်ကို အကြောင်းပြု၍ ဆရာ တော်ဘုရား ဟောကြားတော်မူခဲ့သော တရား တော်များမှာ သံသရာအတွက် အပိုးစနစ်ရှုထိုက် လှပေသည်။ ထိုသို့သော တရားဘို့ကို နာယူပြီး ပြည့်ဝသော စေတနာနှင့် လှူဒါန်းကြ၍ယူပါန ဆက် စင်ကြယ်သော ဝါနမရှိနိုင်ပါပေ။ အလှူ ခံကြသည့် ပုဂ္ဂိုလ်တို့ကား သီလဝန္တ သုသီလ ပုဂ္ဂိုလ်များဖြစ်ပါသည်၊

ဤကုသိုလ်ဒါနသည် ဤမျှနှင့် မပြီးသေး။ ရေဝတီမြစ်ရေသည် အဆက်မပြတ် စီးဆင်း ပေးနေသကဲ့သို့ သိတဂူ ရေအလှူသည်လည်း နိုင်ငံဘုံသရွေ့ ဗုဒ္ဓသာသနာ တည်သရွေ့ ကာလ အဆက်ဆက် အလျင်မပြတ် ဆက်လက် တည်တံ့ရှိသာမက ဖွံ့ဖြိုး တိုးတက်နေရပေ မည်။ သို့ဖြစ်၍ ဆရာတော်နှင့်တကွ ဆရာတော် ၏ ပါရမီကို ဆက်ခံမည့် ဆရာတော်များနှင့် ယခု ဒါနကို အုတ်မြစ်ချ တည်ဆောက်ခဲ့သော အလှူ့ဒါယကာ ဒါယိကာမတို့၏ သားမြေး မြစ်တို့သည် ဤ "ဥဘတောသုဒ္ဓိကဒါန" ကို အမြဲရှင်သန် တိုးပွားစည်ပင်အောင် ဆက်လက် ကြိုးပမ်းနိုင်ကြပါစေ။

ဆရာတော်ဘုရား နှင့် တကွ စေတနာရှင် ဒါယကာ ဒါယိကာမတို့၏ ဤမွန်မြတ်လှသော ဒါနကို အလေးအနက် ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာပြုယင်း ဤဆောင်းပါး ဖြင့် ဆရာတော်ဘုရားအား ကန်တော့လိုက်ရ ပါသည်။

ကျွန်မ၏ မိတ်သင်္ဂဟများက ယခုတကြိမ် "စစ်ကိုင်းလွမ်းယင် စစ်ကိုင်းသွားနေပါလား" ဟု အတိုပြုသော် "စစ်ကိုင်းတောင်ရိုးမှာ ရေရ ပြီ၊ ကိုယ် ဟနေ့ တရားသွားအားပေးတော့ည်စိတ် ချ"ဟု လက်မထောင်၍ ပြောလိုက်ပါတော့မည်။

ဒေါ်ရီကြိန်




စစ်ကိုင်း တောင်ရိုး ဓမ္မကထိက အကျော် မဟာဝိဇ္ဇာဒယ ဆရာတော်သည် ဗေယျာစလေ ဖျို့၌ ဝုဋ္ဌသမ္ပဝ၊ မဟာသမ္ဘဝတို့ ဖောင်ဖြင့် ချောခဲ့ရာ သဲသောင်ခုံ ပေါ်မှ 'ငှက်တီးဝိုင်း' အကြောင်းကို ရေးသားခဲ့ပါသည်။

"ဖောင်ဝယ်တင်ကာ၊ မျောလိုက်ရာ တွင်၊ ရေသာရေပြင်း၊ စည်းခင်းသောင် မြိုဘ်၊ ဆို ပိတ်တွေ့ဖော်၊ ရေကျော်ရေ လဲ၊ ခုံသဲကမ်းယံ၊ မြူး ပျံ ဝင် မေ့ာ်၊ အဖော်စုံစွာ၊ ဟင်္သာသောင်တင်း၊ ပိန် ညင်းမဖို၊ ဝံလိုဗျိုင်းဖြူ၊ ယူသူညီးညံ၊ ငှက်ပွဲခံသာ၊ အသံထွေလာ၊ ကြားရခါ လျှင် "

ယင်းအဖွဲ့ဖြင့် အထွေထွေသော အခက်အခဲ ကို ကျော်လွှားယင်း သဲခုံသောင်ယံပေါ်တွင် စင်ရော်, ဟင်္သာ, သောင်းဘင်, ပိန်ညင်း, ဝံလို, ဗျိုင်းဖြူကို နှစ်ကိုယ်ဘူ ချစ်တေး ကြူပျော်ပွဲ ကြ သည်ကို မျက်မမြင်တို့ ကြား အသိစိတ်ဖြင့် ခံစားရကြောင်း တင်ပြပါသည်။ စာရေးသူ သည်း နံနက် နေ့လယ် ညနေဆည်းဆာအချိန် များတွင် စာအံ စာပြန်ယင်း ငှက်ဘို့၏ နှုတ်ငုံ သော ကြွဟန်မှုပ်ပုံလေးကို မြင်ယောင်ပါသည်။

တို့အတူ ရတုဆရာနဝဒေးကြီးလည်း ငှက် သဘင်ပွဲ မြိုင်မြိုင်သဲမှုကို "ဘစ်မပြုပြင်" ချိရတု တွင် အောက်ပါအတိုင်း ပြောပြခဲ့ပါသည်၊

"မြစ်တွင်း ကျွေ့ချောင်၊ သဲသောင် ပြင်ကျွန်း၊ သံပြာကျွန်းဆက်၊ ရှင်လန်း များစွာ၊ မြူးကြရာဝယ်၊ စာက-စည်း စုပ်၊ ကျိုးလက်ခုပ်နှင့်၊ စည်ပုပ်မည်သာ၊ ဆက်ရက်မှာလည်း၊ မြည်အာသံညင်း၊ တီးလင်းကွင်းနှင့်၊ ပလွေငှက်တော်၊ လေ လျော်ရင်ဘောင်၊ ဖောင်ကာဝံဘို၊ ဝံလို အဲထူး၊ နှံကျူးဥဩ၊ မှူးဘော်နော၍၊ တမျောထိုးဟန်၊ တိရစ္ဆာန်တို့၊ သဏ္ဌာန်

ရင့်ညောင်း၊ ဥဒေါင်းဖို မ၊ ကသည့်
မောင်နှံ ငှက်ပေါင်းသံကို၊ တရံဆွတ်မျှ၊
ကြားလကာလျှင်''စသည်ဖြစ်ပါသည်။

ဤနှစ်လိုဖွယ်ရာအဖွဲ့ဖြင့် စာငှက်က စည်းခေါက်၍ တင်ကျီးက လက်ခုပ်တီးသည်၊ ဆက်ရက်က လင်းကွင်းတီးပြီး ငှက်တော်က ပလွေမှုတ်သည်။ အဆိုတော် ဝံလိုငှက်က အဲသီချင်းကိုဆိုသည်၊ ဥသြငှက်က နှဲနှင့် တရော တာဝန်ယူ၍ ဥဒေါင်းဖိုမက မြူးထနှစ်ပါးသွားကြသည်ဟု ငှက်သဘင်ပွဲကို စိတ်အာရုံတွင် မြင်နိုင်ထင်နိုင်ပါသည်။

ဗိုလ်ပြင်သော ဗိုလ်ဝိုင်းတော်သားလည်း စုံလင်သော ဖွဲ့တခုကို လက်ဆွဲ၍ နဝဒေးကြီးပင် ပြသွားခဲ့ပါသည်။

"လူသူ့နှယ်ပင်၊ ငှက်သဘင်ဟု၊ ငွေ
သွင်ပြုသဲ၊ ကျွန်းပုလဲထက်၊ ပျော်မြဲနှစ်
လို့၊ ငှက်တို့ဘာဝ၊ မင်္ဂလာဟု၊ ညီညာ
စုဝေး၊ ထိမ်းမြားပေးက၊ ပဲထွေးဝံလို၊
ထူး အဲဆိုလျက်၊ ဝံဘိုကားမောင်၊ ရင်
ဘောင်ကားပျော်၊ သော်သား ထွေသို့၊
နှစ်ထွေမကွာ ဟင်္သာမျိုးရင်း၊ နှောင်
နှယ်နှင်း၍၊ သောင်းတင်ဆဲသည်း၊ တင်
ကျီးစည်နှင့်၊ နှက်ပြည်ဟီးဆော်၊ ဝင်ပျော်
နှံသာ၊ ခရုမှ ဟန်၊ တိရစ္ဆာန်တို့၊
သဏ္ဌာန်မကွ ပျော်ရှုမှုင်ကြွေး၊ တင်ဆေး
ဘေးနှင့်၊ ဟန်ရေးကူးဝေါ်၊ မြေကြက်
ဆော်၍၊ ရှင်းပျော်ဝဆဲ လှလျှင်သီသို့၊
မညီဝကောင်း၊ ပလွေကား စောင်းနှင့်၊
ဥဒေါင်း လက်ရှစ်၊ ငါးဟစ်ဆော်နှိုး၊
ပြည့်မိုးသီချင်း၊ တညင်းညင်းသည်"

လူတို့ တီးမှုတ်နည်း ညီညီညွတ်ညွတ်မပြစ်ထောင်၊ ညီညွတ်စွာသော ဆင့်ပြိုင်းတခုပင်ဖြစ်ပါသည်။ ပေါ်လွင်သော အဖွဲ့အနွဲ့ ဖြစ်၍ စကားပြေ ပြေပြည်း သွေးစရာ မလိုတော့ဟု ထင်ပါသည်။

နဝဒေးကြီး အတူ စိန္တကျော်သူ ဦးပြကလည်း မဟာဒမိကရကန်တော်ဘွဲ့ မော်ကွန်း၌ ကန်တော်ကြီးကို အမှီပြု၍ ငှက်များ ပျော်ရွှင်သဘင်ခံနေကြပုံကို စာပေဖြင့်ရိုက်ကူး၍ မနော ဝိညာဉ်မြင်ကွင်း၌ ထင်လင်းအောင် တင်ပြခဲ့ဖူးပါသည်။

"ရေကြက်ကားငြင်း၊ ပိန္နည်းကား
စောင်း၊မီးတောင်းမီးကျောင်း၊အောင်း
ကလေး ဟင်္သာ၊ခရာဝမ်းဘဲ၊နှဲကားဝံလို၊
ဝံဘို ပတ်ဝိုင်း၊ ဗျိုင်းကား ကြေးနင်း၊
သောင်းတင်ပုလွေ၊ ဝင်ရော် လက်ခုပ်၊
စ ႑ ႑း မုပ်အောက်ချင်း၊ လင်းကွင်း ဘုံမ
ဟီး၊ ဘုံကြီးပတ္တလား၊ ငှက်ကျားသံလွင်၊
လွန်းကြင်ကား တေး၊ ပဲထွေးစုံးထိုး၊ သံ
ချပ်ဆိုးလျက်၊ ကြိုးကြာလက်ရှစ်၊ ဟစ်
လူပြက်၊ စက္ကဝတ်နောက်ဆိုင်၊ သံတိုချို
ချ၊ သိမ့်တကြ-''စသည်ဖြစ်ပါသည်။

ဤငှက်သဘင်ပွဲလယ်းများကို မှန်းဆကြည့်မှုခြင်းဖြင့်ပင် ပျော်မွေ့စရာ ကောင်းလှပါသည်။ ငှက်သဘင်ပွဲကျင်းပရာများသည် ရေနှင့် နီးစပ်သော နေရာများသာ ဖြစ်သည်ဟုလည်း ကောက်ချက်ချနိုင်ပါသည်။ ရေကိုမှီ၍ စိတ်မှီလက်ရှိ ပျော်နေကြခြင်းသာ ဖြစ်ပါလိမ့်မည်။

ဤသို့ဤနှယ် ငှက်သဘင်များကို ထင်ပြနေရခြင်းသည် ဤဒေသရေးသူနှင့် ဥပနိဿယပစ္စည်းကပ်နေကြသော ငှက်ကလေးများ အကြောင်းကို ကောင်းစွာ သဘော ပေါက်နိုင်ရန် တရေးသူ ပျော်ပေါ် နှက်များကို လေ့လာခံနိုင်ရန်ပင် ဖြစ်ပါသည်။

ဤစာရေးသူတို့ ပျော်ပိုက်ရာ သိတဂူကျောင်းသည် လျှိုရိုးကလေး တခုကို မှီ၍ တည်ထားသော နေရာဖြစ်၍ တောင်စောင်းသစ်ပင် တောတန်းကလေးများဖြင့် အုပ်အုပ် ဆိုင်းဆိုင်းရှိပါသည်၊ ထိုတောတန်း မှိုင်းငြိမ်းနေထိုင်ကြသော ငှက်အပေါင်းသည် ...ည်း သီဟပါတ မည် သိတဂူရေကန်ဘေး ထည့်ပေးထားသောရေအင်တုံပက်သန်လန်၌ လာရောက် စုပျော်ကြသည်ကို မြင်ရပေသည်၊ ငှက်ကား-ငှက်ဝါ၊ သပိတ်လွယ်၊ စာ၊ ငှေ့၊ ဘွတ်၊ ခို၊ ချိုးငှက် တောကြက်နှင့် အမည်မသိ ငှက်များ ဖြစ်ကြပါသည်၊

အောက်ဖော်ပြမည့် နှစ်လို ဖွယ်ရာများကို သာမန်အချိန် တိုတောင်းသော ကာလဖြင့်မရနိုင်ပါ။ မိမိက နေ့စဉ် ရေသောင်း၊ သူတို့ကလည်း နေ့စဉ်လာ၊ ယိုအချိန်အခါ တဦးနှင့် တဦး ဘေးမဲ့သဘော သံသယကင်းစင် မေတ္တာစိတ်ကူးဝင်၍ အထူးချစ်ကျွမ်းဝင်လာသော အခါမှသာ တွေ့မြင်ရပါသည်။

စာရေးသူနှင့် ချစ်ကျွမ်းဝင်ကြသော ကျေးငှက်များကား ကွင်းမကျော်ခြင်း၊ လက်သမားပန်းရံ သံငြမ်းဆင်သူတို့၏ အသံဗလံများကြောင့် အထက်ဖော်ပြပါ တီးဝိုင်ကြီးမျိုး မတီးခတ်နိုင်ကြသေးပါ။ သို့သော် တကိုယ်တော်ဆို တီးသမားများကား အခါမလတ် အသုံးတော်ခံနေကြပါသည်။ တနေ့တာ တချိန်ချိန်တွင် သုံးလေးကောင်စုမိခြင်းဖြင့် ဝိုင်းသည့် စိုစိုပြည်ပြည် ဖြစ်လာတတ်ပါသည်။

ငှက်ကျားသည် ဗယ်ညာယိမ်း၍ တေးဆို၏၊ ငှက်ဝါသည် ခေါင်းရော လည်တိုင်ပါ နှိမ့်၍ နှိမ့်၍ ငြိမ့်၍ငြိမ့်၍ ပြသည်၊ တခါတခါ ခြေထောက်ကလေးပါ မြှောက်၍ ဆဲတတ်သည်။ ဘွတ်စုံတွဲသည်လည်း မောင်က ဆင်းတုံ မယ်ဆင်းတုံနှင့် ရေသာဘင်ခံနေကြသည်။ ချိုးက မှုကူခွဲသည်။ တောကြက်ဖသည် မိဖုရားခြောက်ကောင်လောက်နှင့် စိတ်ကြီးဝင်နေသည်။ တွန်ကျူးနေသည်။

စာရေးသူက တခါတခါသာ ရောက်လာတတ်သောကြောင့် ဧည့်သည် အဆိုတော်ဟု အမည်ပေးထားသော ရွှေပြည်စိုး ငှက်ငယ်သည် ရေးကြီးသုတ်ပြာ ရောက်လာယင်း တပုဒ်စ နှစ်ပုဒ်စ ဟစ်အော်သွားတတ်ပါသည်။

အစတွင် သိတဂူရေတင် စက်သံကြောင့်လန့်ပျံ့ကြသည်။ တော်သင့်သော သစ်ပင်မှင် စောင်းပြန်ကြည့်ကြသည်။ ယဉ်ပါးရန် ကြိုတင်၍ စက်မောင်းထားရသည်၊ ယခုတော့ ယဉ်ပါးနေကြသည်ကို မြင်၍ စိတ်ချမ်းသာရပေသည်၊ နေ့စဉ်စေတနာရှင် ထာဝရ လုပ်အားပေးသူ အဖြစ် သူတော်စင်တွေ အတွက် အမှတ်(၂)စက်ရဲ့ ရေစက်မောင်းဝတ်ကို မချွတ်သလို ကျေးငှက်တွေ အတွက်လည်း ရေလောင်းဝတ် မချွတ်စေပါ။ ငှက်များများကို ခင်၍ ငှက်ခလေးကို သဘောတွေ့၍ မည်သူမှ မဘိုက်တွန်းရပဲ တာဝန်ကျေကျေ ယူနေခြင်း ဖြစ်ပါသည်။

သိတဂူတောတန်းမှ တောကြက်တို့၏ တွန်သံသည် အချိန်မှန်လှသည်၊ ထိုအသံတို့ကို စက်မောင်းရန်အတွက် ငံအဖြစ် ထားရ ပါသည်၊ အရေးကြီးလှ၍ ကြီးသလို ညဥ့်ဦးယံ သူငယ်အိပ်ချိန် တွန်သောအသံကို နားငံ၍ စက်မောင်းပါသည်၊ တခါတရံ သက်ကြီးခေါင်းချချိန်နှင့် မိုးသောက်ချိန်များ၊ ဖြစ်ပါသည်၊ ထိုအချိန်များသည် စာရေးသူတို့ မနိုးနိုင်စရာလည်းမရှိ၊ တကောင်စ၍တွန်လိုက်ခြင်းဖြင့် အိပ်တန်းကိုယ်စီမှ အဆက်မပြတ်တွန်ကြလေသည်၊

နံနက်စောစော ရောင်ခြည်ပျို့အန်စတွင် မိမိသီတင်းသုံးရာ ဘုန်းလှိုင် သီဟာဂူကျောင်းရှေ့ရှိ ဖျောက်ဆိပ်ပင်တွင်လာ၍ ငှက်များ တေးဆိုကြပါသည်။ မထပ်ချင်း မပျင်းမရိ တေးဆိုပေးကြသည်။ ထို ချိုသောတေး၊ ကြိုသော တေးကို လက်ခံယင်း မေတ္တာများ ဖြန့်လွှတ်၍ ရွှင်လန်းချမ်းမြေ့စွာ အိပ်ရာမှ ထဖြစ်ပါသည်။

တခုသော ဆောင်းလ ဝိုးဝါး နွေကြိုးကြားအချိန် နေ့ခင်းလာနေကြ ချိုးစုံတွဲသည် အဖော်ကွဲလာသည် ထင်ရပါသည်။ တကောင်တည်း မောမောပန်းပန်း ရေချမ်းလည်း မသောက်၊ ကိုင်းခြောက်ကိုရွေး၊ ပူဆွေးစွာ နားလာ၍ အလွမ်းကို ဖြန့်ပါလေသည်။ များစွာ စိတ်မကောင်းဖြစ်ရပါသည်။ ဤစုံတွဲလာနေကြ သံပြိုင်ဆိုနေကြအချိန်သည် နေ့လယ် စက်မောင်းချိန် စက်ခလုတ်ကို ဖွင့်ရပါသည်။ စက်သံကြား မှ ပို၍ ပင် မမောမပန်း တမ်းတနေပြန်ပါသည်။ ပို၍ သတိရဟန်တူပါသည်။ ကရုဏာ၏ သဘောတရားအတိုင်း ရင်မှာနာကျင်မိသည်။ ငှက်ခတ်သမားများ ပစ်ယူလိုက်ပြီလားဟု တွေးမိရေ့မှ 'မင်းတို့ ကိုယ်ချင်းစာဖို့ မေတ္တာတရားထားတတ်ကြဖို့ ကောင်းပြီ'ဟု မဆီမဆိုင် ရေရွတ်နေမိပါသည်။

သိဟပပါဘ ရေကန်ရှေ့ ဖျောက်ဆိပ်ပင်၌ ပန်းစက္ကူ ဖြူနီများ ဘင်ပေါက်၍ သာယာတင့်မောဖွယ် ရှိလှပါသည်။ ထိုအပင်၌ ရွှက်နုယှဉ်စုံဖူးကင်းငုံချိန် စာနှစ်ဖော်ကို ရွှင်ပျော်စမြဲ မကွဲတူကွ ကြည်နေကြသည်ကို လည်းကောင်း၊ နှုတ်ကောက်ဘွန်မြူး သံပြိုင်ကျူးလျက် ဂဦးတိုင်က၊ ဘဦးချလျက်၊ မျှနေကြသည်ကိုလည်းကောင်း မြင်ရပြန်သော် စင်ကြယ်သော ရဝ်ဟွင် မြူကလေးများ ခေတ္တခဏ ကပ်လာပျက်ပါသည်။

အမုန်မှာ အရှင်မဟာရဋ္ဌသာရကဲ့သို့ 'ပုရေနိသင်' ဂန္ထဝင်စာပေမြောက် ရေးဖွဲ့၍လည်း ပြန်ကြားစရာ မရှိပါ။ 'တဆစ်လူ့ခွင် ဝင်လေဦးမည်'ဟုလည်း နိမိတ်ယူစရာမရှိပါ၊ မေ့တေးကို စာရေးသူတို့ ဆိုသောအခါ သူတို့ငြိမ်ဝပ်စွာ နာတတ်ပါသည်။ ဤသို့ ငြိမ်းချမ်းမှုကို ပေးဝေရပါသည်။

သီတဂူကို ကြည်ဖြူကြသော ပြည်သူများ နေ့စဉ်လို ရောက်လာတတ်ပါသည်။ ထိုအခါတွင် စာဆိုတော်ကြီး ဦးကြင်ဥ၏ စာဖွဲ့ခံ ဧဟတ်ပင်များမှ ငှက်များကပင် ခရီးဦး ကြိုဆိုတတ်ကြမြဲ နှုတ်ဆက်မြဲ ဖြစ်ပါသည်။ ထိုသဘောကို ဇေယျာစလေပျို့၌-

> "ပင်မြင့်ထိပ်ဖျား၊ ကျေးငှက်များလည်း လူသားပမာ၊ တီတီတာလျှင်၊ ချမ်းသာရဲ့လား၊ မာရဲ့လားဟု၊ စကားချိုစွာ၊ လူ့ဘာသာဖြင့်၊ မေးရှာသောနှယ်၊ ရိုးမှားဖွယ်ကည့်"

ဟု မိန့်ဆိုထားပါသည်။ တကယ်ပင် နှုတ်ဆက်သည်ဟု စာရေးသူ အမြင်ရှိပါသည်။ ထို့ပြင် သူတော်နားနီး၍ သူတော်စကားများလည်း ပြောတတ်ကြပါသည်။

> "မျိုးဆွေ အပေါင်း၊ သူတော်ကောင်းတို့၊ ရွှေကျောင်း တက်ကြ၊ လှူဒါန နှင့်၊ သီလမြဲပ်ဆုံး၊ ပုလဲကုံးကို၊ ညွှတ်ရုံးဆင်ယူ၊ သတင်းမူလျက်၊ မြို့သူမြို့သား၊ နိုးဆော်ကြားလျက် ရှိပါသည်။

မိမိလှုပ်ငန်း၌ ပါဝင်ကူညီပေးလျက်ရှိသော ကျေးငှက်များ သိုက်မြုံ ခိုလှုံကြသော အချိန်

သည် ရေတင်စက် ပိတ်ချိန်ပင် ဖြစ်ပါသည်။

ဤသို့ ကျေးဌက်များနှင့် အတူ ပြည်သူတို့၏ သိတဂူကို ကူညီထမ်းပိုး ရခြင်းသည်ပင် ဤစာ ရေးသူအတွက် အကောင်းဆုံး ဆုလာဘ်ကြီးဟု ယူဆမိပါသတည်း။

ဗုဒ္ဓသာသနာ ဤကမ္ဘာ ရောင်ဝါနေသို့ လင်းပါစေ

မောင်ရေအေး

သိတဂူ

စစ်ကိုင်းတောင်

# စစ်ကိုင်းတောင်

* သူတော်စင်ပေါင်း ပျော်စံအောင်း၊
ဂူကျောင်းချောင်တွေ ပေါများပေ၊
စေတီပုထိုး အမျိုးမျိုး၊
ရိုကျိုးစိတ်တွင် ဖူးရောက်ချင်၊
စည်ပင်သည့်ချောင် စစ်ကိုင်းတောင်။

* မြင်းကယာဉ်လေး မြန်မြန်ပြေး၊
မနှေးပေမင့် နှေးသည်ထင့်၊
ချိန်လင့်မဆိုင်း တောင်စဉ်တိုင်း၊
ဒုန်းစိုင်းဘက်ရောက် ပျော်ပုံမောက်၊
ဝမ်းမြောက်ဝမ်းသာ ရောက်တဲ့အခါ။

* တောင်ပေါ်လမ်းလေး ပန်းဖွေးဖွေး၊
ငှက်ကျေးမြူးပျော် ဖိုမခေါ်၊
ရှုမျော်လတိုင်း မှုန်ရီမှိုင်း၊
စစ်ကိုင်းသေလာ ချောင်နေရာ၊
တခါရောက်ဖူး စိတ်ကြည်နူး။

* တောင်တော်တဝှမ်း ကျောင်းသခ်မ်း၊
ရေချမ်းကပ်လှူ သိတဂူ၊
ပြည်သူအားပေး ရေတွေဖွေး၊
ချမ်းအေးသာယာ စည်ပင်လာ၊
ဇေယျာတောင်တန်း စိမ်းရောင်လွှမ်း။

* လှသံတိတ်ဆိတ် ချောင်တော်ရိပ်၊
ချွေးသိပ်ပန်းပြေ ခိုနားနေ၊
မျဝေရှင်ယန်း ရေကြည်ကမ်း၊
အားစွမ်းသစ်လွင် ခရီးနှင်၊
ဖူးမြင်ခဲ့ပေ စေတီတွေ။
တွေ့မြင်ခဲ့ပေ ချောင်စဉ်တွေ။
မွေ့ပျော်၍နေ သူတော်တွေ၊
ပေါများ၍နေ သိတဂူရေ။ ။

ကိုရင်စစ်

ကိုဘေး သို့ ပက် လိုက် တော့မည့်ဆဲဆဲတွင်–

‘ကိုရင်’

‘ဘုရား’

‘မင်း သည်ရေတွေကို သွန်ပစ်မလို့ လား’

‘တင်ပါ’

‘အဲဒီရေကို ငါ့ကိုပေး စမ်း’

ဘယ်တုန်းက အနား ရောက်လာနေသည် မသိ၊ ဆရာတော်သည် ကိုရင် ငယ်သွန် ပစ် တော့ မည့် ဆဲဆဲ သောက်ရေခွက်ကြွင်း ကို တောင်းယူ အကပ် ခံလိုက်ပြီးနောက် မော့ သောက် တော် မူ လိုက် လေရာ ကိုရင် ငယ် မှာ အံ့ဩမှု ရှုံ့ကြောက်မှုတို့ ဖြင့် တုန် တုန် ခိုက် ခိုက် ဖြစ်သွားလေသည်။

အမှန်မှာ ဆရာတော် သည် အ လွန် သန့် ပြန့် သော ဆ ရာ တော် ဖြစ် သည်။ “ရှင်နှင့် သူငယ် သောက် ရေ အိုး ကို တ ခြားတယ် (တည်)၊ သုံး ဖွယ်မသင့်၊ ကျောင်းဦးရေကို မသောက်နှင့်” ဟူသော ရှင်မဟာသီလဝံသ ဆုံးမစာအတိုင်း ကျောင်းတွင် ကျောင်းသားသပ်သပ်၊ ကိုရင်သပ်




## ကိုရင်ငယ်နှင့်သောက်ရေတစ်ခွက်

ကိုရင်ငယ်သည် သောက်ရေအိုးမှ ရေတခွက် အပြည့်ခပ်ကာ အားရပါးရ သောက်လိုက်ပြီး နောက် ခွက်ထက်ဝက်နီးပါး ကျန်နေသော ရေ

သပ် သောက်ရေအိုး သီးခြားထားရှိရသည်။ ရဟန်း သံဃာ တော် များ ၏ သောက်ရေကို ကိုရင်ကျောင်းသား သောက်ခွင့်မရှိ။မိမိဆိုင်ရာ ဆိုင်ရာ ရေအိုးများ ၌သာ သောက်ရသည်။ ယခု ကိုရင်ငယ်၏ သောက်ကြွင်းရေကို တောင်း ယူအကပ် ခံ၍ သောက်ပြလိုက်သည်မှာ ထူးခြား လှသည်။ ထိုထူးခြားမှုသည်ပင် ကိုရင်ငယ်အား တုန်တုန်ခိုက်ခိုက် ဖြစ်စေတော့သည်။

ကိုရင်ငယ်၏ သောက် ကြွင်း ရေကို ကုန် အောင် သောက်လိုက်ပြီးနောက် ဆရာတော် သည် ကိုရင်ငယ်အား ရေခွက်ကို ပြန်ပေးလိုက် သည်။ ကိုရင်ငယ်သည် ဆရာတော်လက်မှ ရေ ခွက်ကိုယူကာ သောက်ရေအိုးပေါ်ရှိ ပန်းကန် ပြား၌ မှောက်ထားလိုက်ပြီး တဘက်သို့ထွက်ခွာ သွားရန် လှည့်လိုက်စဉ်ပင်–

'နေဦးကိုရင်'

ကိုရင်ငယ်လန့်၍သွားကာ ဆရာတော်ဘက် သို့ လှည့်လိုက်သည်။ ''ကိုရင်သောက်လို့ ကျန်တဲ့ ရေကို ငါသောက်လိုက်တာက အကြောင်းရှိ တယ်ကွဲ့၊ လာစမ်းသည်နားကို' ဟု ခေါ်ကာ ခေါင်းရင်းတနေရာရှိ ဖျာပေါ်၌ ထိုင်စေသည်။ ထို့နောက် ဆရာတော်သည် ကိုရင်၏ မနီးမဝေး ၌ ထိုင်ကာ ဤသို့ မိန့်တော်မူ၏။

''ကိုရင် သည်သောက်ရေအိုးထဲကို သောက် ရေတွေဟာ အလိုလို ရောက်လာသလား''

''မဟုတ်ပါဘုရား''ဟု ကိုရင်ငယ်ကဖြေ၏။

''ကဲပြောစမ်း၊ ရေအိုးထဲကို ရေဘယ်လို ရောက်ရသလဲ''

''ခပ်ထည့်ရပါတယ် ဘုရား''

''ဘယ်ကခပ်ရတာတုံး''

''ဟွင်းထဲကပါဘုရား''

''ဟွင်းထဲကကော ဘယ်လိုခပ်ရသတုံးကွယ့်''

''ဟို–ဟိုရေပုံးတပ်ထားတဲ့ မောင်းလက်တံ ကြီးနဲ့ ဟွင်းထဲကိုချပြီး ခပ်ရပါတယ်ဘုရား''

''ကောင်းပြီး တွင်းထဲကိုကော ရေတွေက အလိုလို ရောက်နေကြသလား''

ကိုရင်ငယ်က မဖြေပဲ စဉ်းစားနေသည်။ရေ တွေအလိုလို ထွက်နေတာ ထင်ပါရဲ့။ လူတွေ ထည့်ထားတာတော့ ဟုတ်မည်မထင်။

''ကဲ–ထား၊ဒီမှာကိုရင်၊ ရေဟာ ယွယ်လွယ်နဲ့ ရတာမဟုတ်ဘူးကွယ့်၊ အဲဒီရေတွင်းဆိုပါတော့ ပထမ ရေထွက်အောင် အကြာကြီးနဲ့ အနက် ကြီးတူးရတယ်၊ ရေထွက်လာတော့ ရေသန့်ရှင်း အောင် အုတ်တွေချ၊ အင်္ဂတေတွေနဲ့ကိုင်၊ အုတ်ပလ္လင်တွေ သမံတလင်းတွေလုပ်၊ မောင်း လက်တံတပ်ပြီး ခပ်ယူရတယ် မဟုတ်လား၊ သည်က မင်းအခုသောက်တဲ့ ရေအိုးထဲရောက် အောင် မင်းတို့က တပင်တပန်း ခပ်ပြီးထည့် ရတယ်၊ ရိုးရိုးသည့်ရုံတောင်မကဘူး၊ စစ်ရသေး တယ် မဟုတ်လား၊ပြီးတော့ ရေအိုးထဲမှာ အေး နေအောင် အကြာကြီး စောင့်ရ သေးတယ်၊ သည်လောက် ခက်ခက်ခဲခဲ ရထားတဲ့ ယူထား ရတဲ့ ရေကို ကိုရင်က လွယ်လွယ်ခပ်ပြီး အကုန် မသောက်ပဲ အနေမ်းကာရော သွန်ပစ်လိုက်မယ် ဆိုယင် သည် ခက်ခက်ခဲခဲ ရထား ယူထားတဲ့ ရေကို အကြောင်းမဲ့ ဖြုန်းတီးပစ်ရာ မရောက် ဘူးလား။ အေး–ဒါကြောင့် မင်း လက်ထဲက မင်းရဲ့ရေကျန်ကို ငါက မင်းသိအောင် သောက် ပြလိုက်တယ်၊ ရေဆိုတာ အလကား မရဘူးလို့ မှတ်ထား၊ နောက်ကို ရေမဖြုန်းနဲ့၊ ကိုယ်နှင့် တန်ရုံ ကိုယ်သောက်နိုင်ရုံ ခပ်သောက်၊ ကြား လား''ဟု ဆရာတော်သည် ကိုရင်ငယ် ကလေး အား အကျပ်တင်ငှ် ဩဝါဒပေးကာ သွား တော့ဟု မိန့်တော်မူလေသည်။

## ရေသည်အလကားမရ

ထိုနေ့မှ စ၍ ကိုရင်ငယ်သည် အသိတရားရရှိသွားကာ တဘဝလုံးပင် သောက်ရေကို တန်ရုံခပ်၍ သောက်တက်သော အကျင့်ကို ရသွားလေသည်။ မှန်ပါသည်။ ကိုရင်ငယ်သည်ကား ဤစာရေးသူပင် ဖြစ်ရာ ရေသောက်တိုင်း လိုလိုငယ်စဉ်က သောက်ရေကြွင်းကို သောက်၍ပေးလိုက်သော ဆရာတော်၏ ဩဝါဒကို ကြားယောင်နေမိပြီး ရေဆိုတာအလကားမရဟူသော ဆောင်ပုဒ်ကို ရွတ်ဆိုနေမိလေသည်။

ဟုတ်ပါ၏။ ရေသည်အလကား မရပါ။ ရေရရှိရန် ထိုက်တန်သောတန်ဖိုးကို ပေးရပါသည်၊ မြို့ကြီးများ၌ ရေဝယ်ရသဖြင့် တန်ဖိုးဆိုသည်ကို သဘောပေါက်နိုင်သော်လည်း တောကျေးများ၌ တန်ဖိုးကိုသဘောပေါက်ချင်မှပေါက်ပါမည်။ တန်ဖိုးဟူသည် ငွေမဟုတ်။ ထိုက်တန်သော အားထုတ်ရမှုကိုပင် ဆိုလိုခြင်းဖြစ်ပါသည်။ မိမိသောက်နေကျ ရေအိုးစင်ရှိ ရေအိုးအတွင်းသို့ ရေရောက်ရန် သယ်ဆောင်ထမ်းပိုး၍ ထည့်ရသည်။ ဤသို့လုံ့လဟူသော တန်ဖိုးကို ပေးမှ ရေရနိုင်သည်။ အလိုလို ရေအိုးထဲသို့ ရောက်မလာပါ။

ဤသယ်ဆောင်ထမ်းပိုး၍ ထည့်ရရုံလုံ့လမှာ ရေရရန် လွယ်ကူသော မိမိတို့ မြို့ရွာဒေသများအတွက်သာ ဆိုပါ၏။ မိုးခေါင်ရေရှား အရပ်ဒေသများတွင် ဤထက် ပိုသော တန်ဖိုးများကို ပေးရသည်။ တမိုင်နှစ်မိုင်ဝေးသော အရပ်များမှ ရေကိုသယ်ရခြင်း မိုင်ပေါင်းများစွာ တနေ့ခရီးစသည်သွား၍ ရေခပ်ခြင်းစသည်များ။

## ခရစ်နှစ် နှစ်ထောင်မှရေပြဿနာ

ဤကား မြန်မာနိုင်ငံအတွက် သာ ဆိုခြင်းဖြစ်ပါ၏။ နှစ်နှစ်သုံးနှစ်ဆက်၍ မိုးခေါင်နေသော အာဖရိကဒေသတွင် ရေတပေါက်ရရန်ပင် ကမ္ဘာ့နိုင်ငံတို့၏ အကူအညီကို တောင်းခံနေရသည်။ ရေမသောက်ရ၍ လူသိန်းပေါင်းများစွာ သေကြရသည်။ အီသီယိုးပီးယားနိုင်ငံ၌ရေမရ၍ တနေ့တနေ့လူတရာကျော်သေရသည့် သတင်းများကို သတင်းစာများ၊ ရေဒီယိုများ၌ ဖတ်ရ ကြားရသည်။ ရုပ်မြင်သံကြား၌ မြင်ရသည်။ ဤသည်တို့မှာ မျက်မှောက်ခေတ် ရေ၏ တန်ဖိုးကို သိစေသော သရုပ်များပင် ဖြစ်သည်။ အနာဂတ်အတွက် ကြားသိရချက်တို့မှာ ပို၍ ကြက်သီးမွေးညင်းထစရာပင် ဖြစ်ပါ၏။

ခရစ်နှစ် နှစ်ထောင်ကျော်လျှင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၉ နိုင်ငံတွင် နိုင်ငံ ၁၅ နိုင်ငံမျှသာရေဝဝသုံးဆောင်ရလိမ့်မည်ဟု ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာဌာနမှ ကြေငြာ၏။ ထိုခရစ်နှစ် နှစ်ထောင်ကျော်တွင် ဤမျက်မှောက်ခေတ်ထက် ရေပြဿနာ ကြီးလာလိမ့်ဦးမည်။ ကံကောင်းထောက်မ၍ တနည်းဆိုသော် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် မြန်မာနိုင်ငံတော်သည် ရေဝဝသုံးဆောင်နိုင်သော နိုင်ငံ ၁၅ နိုင်ငံတွင် ထိပ်ဆုံးကပါခဲ့သည်ဟု သိရပါသည်။ မြန်မာနိုင်ငံ၏ ပမာဏအတိုင်းအတာ အကျယ်အဝန်းတွင် တနှစ်တနှစ်ရွာသော မိုးရေသည် ကုဗပေတသောင်းရှိလျှင် ရေလုံလောက်သည်။ မြန်မာနိုင်ငံသည် နှစ်စဉ်ကုဗပေလေးသောင်းခန့် မိုးရေရ၍ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် နိုင်ငံတို့တွင် တသောင်းအောက်ကျသည်ဟု အဆို ရှိပါသည်။ ဤသို့ဆိုသဖြင့် မြန်မာနိုင်ငံသားတို့အဖို့ ရေလုံလောက်သည်ဟုဆိုကာ ရေဖြုန်းတီးရန် မဟုတ်ပါ။ ရေ၏ တန်ဖိုးကိုသိရှိပြီး ရေကိုထိုက်ထိုက်တန်တန်သုံးတတ်ရန်သာ ပြောလိုရင်းဖြစ်ပါ၏။

## ဝဏ္ဏုပထဇာတ်

မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်အများ

ဆုံးဖြစ်၍ ဗုဒ္ဓမြတ်စွာရှင်ဘော်မြတ် ကိုယ်တော်တိုင်ပင် ရေ၏ဘန်ဖိုးကိုသိရန် ဆုံးမထားခဲ့သည်ကို သတိပြုရမည်။ ဗုဒ္ဓမြတ်စွာ ရှင်တော်မြတ်သည် ဇာနိပါတ် ဝဏ္ဏုပထဇာတ်၌ ရေ၏ တန်ဖိုးကို ကြက်သီး မွေးညင်း ထစရာကောင်းရုံမက နှလုံးတုန်အူတုန်သိမ့်ခုန်ပြင်းပြ သိရှိရအောင်ပင် ဟောပြတော်မူခဲ့သည်။ ယင်းဇာတ်မှာ-

ဘုရားလောင်း ကုန်သည်ကြီးသည် လှည်းပေါင်းများစွာတို့ဖြင့် ကုန်များတင်ကာ သဲကန္တာရခရီးကိုဖြတ်သန်း၍သွား၏။ထိုသဲကန္တာရကြီးသည် ယူဇနာခြောက်ဆယ် ရှည်လျား၏။ သဲတို့သည် နူးညံ့၍လက်ခုပ်ဖြင့် ကျုံးသော် လက်ကြားတို့မှ ယိုကျကုန်၏၊ နေထွက်ချိန်မှ စ၍ တစတစပူလာရာ မွန်းတည့်ချိန်တွင် သဲဘို့သည် မီးကျီးစုပမာဖြစ်၍ နေခလေ၏၊ မည်သည့် သက်ရှိသတ္တဝါမျှနင်း၍ မသွားနိုင်။ ဆို့ကြောင့်ထိုကန္တာရ ဖြတ်သန်းသွားသူတို့သည် ထင်း ရေ ဆီ ဆန်စသည်တို့ကို လှည်းတို့ဖြင့် တင်ဆောင်၍ ညဉ့်၌သာခရီးသွားကြရပြီး နေအရုဏ် တက်သည်နှင့် တပြိုင်နက် လှည်းများကို ချွတ်၍ ဝိုင်းဖွဲ့ထားရှိကာ အသက်၌ မဏ္ဍပ်ဆိုး မိုးကာလျက် စောစောကပင် စားသောက်မှုကိစ္စတို့ကို ပြီးစီးစေပြီး မဏ္ဍပ်ရိပ်၌ ဘနေ့ဘာကို ကုန်ခန်းစေကြရသည်။ နေဝင်သည်နှင့်တပြိုင်နက် ညစာကိုစား၍ လမ်းခရီးအေးမြစ ပြုသည်နှင့် လှည်းများကို တပ်၍ ခရီးဆက်ကြရသည်။ ပင်လယ်ခရီးသွားသူတို့ကဲ့သို့ ကြယ်တာရာများ အမှတ်အသားပြု၍ လိုရာ အရပ်သို့ ဦးတည်သွားလာကြရကုန်၏။

ထိုသို့သွားလာကြရာ၌ ရှေ့ဆောင် လှည်းကုန်သည်သည် အိပ်ပျက်ဖန်များ၍ ယခုသဲကန္တာရကုန်ဆုံးခါနီးပြီ၊ လမ်းမမှားနိုင်တော့။ ဤလမ်းအတိုင်းသာ မောင်းကြဟုဆိုကာ အိပ်လေ၏။ သို့နှင့် ရှေ့သွား လှည်းသမားသည် ပေါ့ပေါ့ဆဆမောင်းရာ နွားတို့သည် ကွေ့ဝိုက်၍ သွားသဖြင့် လမ်းမှား၍ သွားလေ၏။ အရုဏ်တက်သောအခါ မဆုံးနိုင်သောသဲကန္တာရကြီးကိုသာ တွေ့ကြရကုန်၍ ရှေ့ဆောင် လှည်းကုန်သည်ကို ပြောလေသော် လမ်းမှားခဲ့ပြီဟု ဆိုလေ၏။ လှည်းကုန်သည်တို့သည် မနေ့ကငါတို့အား ကန္တာရမှ နက်ဖြန် လွတ်မြောက်လတ္တံ့ ဆို၍ ထင်း ရေရိက္ခာတို့ကို ကုန်ခန်းစေခဲ့ပြီ။ ယခု မည်သို့ထင်းရေတို့ကို ရအံ့နည်းဟု စိုးရိမ်သောက ဖြစ်ကြကုန်လျက် လှည်းစခန်းချ၍ နေကြကုန်၏။

ထိုအခါ ဘုရားလောင်း ကုန်သည်ကြီးသည် 'ငါသာ ဝီရိယမထုတ်က အားလုံး ပျက်စီးကြတော့မည်'ဟု စဉ်းစား၍ နံနက်လင်းသည်မှစပြီး သဲအပြင်ကို လေ့လာရှာဖွေလေ၏။ ထိုအခါ တနေရာတွင် မြေဇာမြက်ဖုတ်တခုကို တွေ့မြင်၍ မြေဇာ မြက်ဖုက် အောက်၌ မုချ ရေရှိရမည်ဟု တွေးတောကာ ပေါက်တူးကိုယူ၍ ထိုနေရာ၌ တူးလေ၏။ လှည်းကုန်သည်တို့သည်လည်း ဝိုင်းဝန်း၍ တူးကြရာ အတောင်ပေါင်းများစွာနက်သည်အထိရေကို မတွေ့ရုံမျှမကအလွန် မာကျောသော ကျောက်ချပ်လွှာကြီးကိုတွေ့ရ၍ စိတ်ပျက်လက်ပျက်ဖြစ်ကြကုန်လျက် လုံ့လကို လျှော့ကာ အလုပ်ကို ရပ်နားကြကုန်၏။

ဘုရားလောင်း ကုန်သည်ကြီးသည်ကား ဤကျောက်ချပ်လွှာအန်းသို့ နားကပ်ထောင်သော် ရေသံ သဲ့သဲ့ကို ကြားရသဖြင့် လက်ထောက် တပည့်ကြီးအား 'ကဲ-တပည့်၊ သင်ဝီရိယမထုတ်က အားလုံးပျက်စီးကြရတော့မည်၊ ဤသံပေါက်ချွန်းကိုယူ၍ ကျောက်လွှာကို ပေါက်ခွဲစမ်းပါလော့'ဟု စေခိုင်းရာ တပည့်ကြီးသည် ဆရာပြောဆိုသည့်အတိုင်း ကျောက်လွှာကိုကြိမ်ဖန်များစွာ ပေါက်ခွဲလေ၏။ စိတ်ဓာတ်မပျက် ဆက်၍ဆက်၍

အကြိမ်များစွာ ပေါက်ခဲ့လေရာ ကျောက်လွှာသည် ကွဲအက်လာ၍ အလယ်မှ ရေတို့သည် ပန်း၍ ထွက်လေ၏။ ရေငတ်၍နေကြသော လူများ, နွားများသည် ထိုအခါမှ အားရပါးရသောက်ကြ ချိုးကြ သုံးစွဲကြရကုန်၏။ ထို့နောက် ပိုလွန်မည့်လှည်းတို့ကို ဖျက်၍ ထင်းလုပ်ကာ ထမင်းဟင်းတို့ကို ချက်ပြုတ်စားသောက်ကြ၍ ညချမ်းအခါ၌ လိုရာခရီးသို့ သွားကြရကုန်၏။

ဤဝဏ္ဏုပထဇာတ်ကိုဟောတော်မူ၍မြတ်စွာဘုရား ဆောင်တော်မူသော ဒေသနာတော်ကားဤသို့ဖြစ်၏-

> အကိလာသုနော ဝဏ္ဏုပထေ ခဏန္တာ၊
> ဥဒင်္ဂဏေ တတ္ထ ပပံ အဝိန္ဒုံ။
> ဧဝံ မုနီ ဝီရိယဗလူပပန္နော၊
> အကိလာသု ဝိန္ဒေ ဟဒယဿ သန္တိံ။

အကိလာသုနော၊ မပျင်းမရိကုန်သောလှည်းကုန်သည်တို့သည်။ ဝဏ္ဏုပထေ၊ သဲကန္တာရခရီး၌။ ခဏန္တာ၊ စိတ်ဓာတ်ခံကျ ဝီရိယရှေ့ထား၍ ကြိုးစားမပြတ် အထပ်ထပ် တူးကြကုန်သည်ရှိသော်။ အင်္ဂဏေ၊ လူတို့သွားရာ ကန္တာရစခန်း ခရီးလမ်းဖြစ်သော။ တတ္ထ၊ ထိုတွင်းကျင်းမထင် မြေအပြင်၌။ ပပံ၊ သောက်ရေကို။ အဝိန္ဒုံ၊ ရကုန်ပြီ။

ဧဝံ တထာ၊ ဤအတူ။ ဝီရိယဗလူပပန္နော၊ ကာယ ဉာဏ နှစ်ဝအားအင် ပြည့်စုံလင်သော။ အကိလာသု၊ အင်္ဂါလေးဝ ဝီရိယနှင့် တကွညီဘိ မပျင်းမရိသော။ မုနိ၊ မုနိခေါ်တွင် ပညာရှင်သည်။ ဟဒယဿ၊ စိတ်နှလုံး၏။ သန္တိံ၊ ငြိမ်းအေးမှုကို။ ဝိန္ဒေ၊ ရရာ၏။

ဤဂါထာတွင် ရှေ့နှစ်ပါဒမှာ ဤဇာတ်ကိုဥပမာထားပြီး လောကုတ္တရာတရား ရှာမှီးရေးကို ဥပဒေသပေးထားကြောင်းကို တွေ့ရသည်။ ဤဇာတ်အတွက် လုံ့လသည်ပင်ရေ၊ တနည်းအားဖြင့် လုံ့လကြောင့် ရေရရှိနိုင်ပုံကို ဖော်ပြ၏။ ရေပေါများသောနေရာ၌ ရေ၏တန်ဖိုးကိုသိသူ နည်းပါးသော်လည်း ရေရှားပါးသောနေရာ၊ ရေလုံးဝ ပြတ်လတ်သော နေရာဌာနတို့တွင် ရေကိုရရှိနိုင်ရန် မည်မျှအားထုတ်ကြိုးစားရကြောင်းဝတ္ထုဖြင့် ပြောဆို၍ ရေကို အလကားမရ၊ ထိုက်တန်သောတန်ဖိုးကိုပေးမှရကြောင်း၊ ထိုက်တန်သော တန်ဖိုးမှာ လုံ့လ ဝီရိယ ဖြစ်ကြောင်း ဖော်ပြထားလေသည်။

### အကိလာသုအနက်

ဤတွင် ဘုရားဟောပါဠိဂါထာလာပုဒ်တခုကိုထုဘ်၍ စဉ်းစားကြည့်ချင်ပါသည်။ အကိလာသုနော-မပျင်းရိကုန်သော လှည်းကုန်သည်တို့သည်ဟု အစချီ၍ မပျင်းရိကို 'အကိလာ'ပုဒ်နှင့် ဟောထားပါသည်။ 'အလသ၊ ကောသဇ္ဇ၊ မန္ဒ'စသည်ဖြင့် ထင်ရှားသော"ပျင်းရိ" အနက်ဟောပုဒ်ဘို့ကိုဖယ်၍'ကိလာသု' ဟူသော အသိနည်းသည့် ပျင်းရိအနက်ဟောပုဒ်အနက်ကို သုံးထားခြင်းမှာ အဓိပ္ပါယ်အလွန်ရှိသည်ဟု ထင်ပါသည်။ ကိလာသုမှာ 'အပ္ပံလသတီတိ ကိလာသု ကုပ္ပဗ္ဗ လသကန္တိယံ'ဟု အဘိဓာန်ဋီကာတွင် ဖွင့်ပါသည်။

အပ္ပံ၊ အနည်းငယ်ကို။ လသတိ၊ နှစ်သက်ဘတ်၏။ ဣတိ၊ ထို့ကြောင့်။ ကိလာသု၊ အနည်းငယ်ကို နှစ်သက်တတ်သည်။ န၊ မဟုတ်။ 'အကိလာသု၊ အနည်းငယ်ကို နှစ်သက်ဘတ်သည်။

အနက်ဆိုလျှင် 'အကိလာသုနော' ဟူသောပုဒ်ဖြင့် အထူးဟောတော်မူခြင်းကို ရိပ်စားမိစရာရှိပါ၏။

အကိုလာသုနော၊ မပျင်းရိကုန်သောလှည်း

ကုန်သည်တို့သည်၌ ဤဝတ္ထုပါ လှည်းကုန်သည်များ အထူးအားဖြင့် ခေါင်းဆောင် ဘုရားလောင်း လှည်းကုန်သည်ကြီးနှင့် လက်ထောက်တပည့်ကြီးတို့သည် သာမန် မပျင်းရိသူ သာမန်လို့လဝီရိယ ရှိသူမျှသာမက သဲကန္တာရထဲမှာ တူးသောရေတွင်းမှ ရေအနည်းငယ် ရရုံမျှဖြင့် ကျေနပ်လိုကြသူများ မဟုတ်ပဲ ရေများစွာထွက်၍ ၎င်းတို့အားလုံး လှည်းနွားအားလုံး သောက်သုံးရရုံဖြင့် မနေ၊ နောင်အစဉ်အမြဲ ရေရရန်ယခုခေတ် အိုအေစစ်ခေါ် သဲကန္တာရ ခရီး၏ အေးရိပ်မြို့ ဖြစ်နေစေရန် အထိ လိုလားကြသူများဖြစ်ကြောင်း သိသာရ၏။ ထို့ကြောင့် ဇာတ်အဋ္ဌကထာ၌လည်း 'တာလက္ခန္ဓပမာဏာ ဥဒကဝဋ္ဋိဥဂ္ဂန္တွာ' ထန်းလုံးပမာဏ ရေလုံးကြီးများ ပန်းထွက်လာကြောင်း ဖော်ပြထားပေသည်။ ကျောက်ချပ်လွှာကို ခွဲရာ၌ သာမန် ရေထွက်ရုံမျှမခွဲ။ ဇွဲနပဲကြီးစွာ ခွဲခဲ့ကြကြောင်း ထင်ရှားပေသည်။ အကိုလာသု အရ သိရသော အဓိပ္ပါယ်ပင် ဖြစ်ပါ၏။

နောက်နှစ်ပါဒလာ အဓိပ္ပါယ်ကို ကြည့်လျှင်လည်း ယင်းအကိုလာ ပုဒ်ကို ဝီရိယဗလူပပန္နော ပုဒ်ဖြင့် ဝိသေသနပြုထားပြန်သည်။ ကာယဉာဏနှစ်ဝအားအင် ပြည့်စုံလင်သော အင်္ဂါလေးဝ ဝီရိယသခင်ကို ဖော်ထုတ်ထားသဖြင့် မည်မျှ အဓိပ္ပါယ် ကြီးမြင့်လှသည်ကို စဉ်းစား နိုင်ပေသည်။ အချုပ်ကိုဆိုရသော်ကား ဤအကိုလာသုပုဂ္ဂိုလ်မြတ်ကား နိဗ္ဗာန်အမြိုက်ကို ရထိုက်သော တကယ့်လုံ့လဝီရိယရှင်သာ ဖြစ်ပါပေသည်။

နိဂုံးချုပ်ပါအံ့။ သာမန်ရေမျှကိုပင် ဝီရိယတန်ဖိုးပေး၍ ရယူရသေးလျှင် မင်္ဂ ဖိုလ် ရေစင်ကြည်လင်အေးမြ သန္တိသုခကို မည် မျှ လောက်သော ဝီရိယတန်ဖိုး ပေးရမည်ကို သိသာနိုင်လောက်ပါ၏။ အချုပ်မှာ ဝီရိယတန်ဖိုးဖြင့် ရယူထားသော ရေကို စည်းကမ်းရှိရှိ ကျေးဇူးသိသိဖြင့် သုံးဆောင်သင့်သလို ဝီရိယဓာတ် အလွန်အမြတ်ဆုံးသော တန်ဖိုးဖြင့် ရယူ နေကြ သည့်တရားတော်မြတ် အငြိမ်းဓာတ်တို့ကို မပြတ်မကွဲ လုံ့လဇွဲဖြင့် အမြဲဆောင်ထားနိုင်ကြပါစေသော ဟူ၍....'

ရဝေဆွန်း။




စစ်ကိုင်းတောင်ရိုးမှာ သီတဂူ ရေအလှူတော် အဖွဲ့ရဲ့ စွမ်းဆောင်ချက်ကြောင့် ချောင်တွေ အများစုကြီး ရေတွေပေါများနေပြီဆိုတဲ့ သတင်းကို ကြားရတာ ကြည်နူး ဝမ်းမြောက်စရာ ကောင်းပါဘိတော့တယ်။

“ရေရှားတယ်၊ ရေဆင်းရဲတယ်“ဆိုတဲ့ဒုက္ခရဲ့ အဘိမ်အနက်ကို တိုက်ခန်းကြီးတွေနဲ့ နေပြီး ပိုက်ကိုဖွင့်လိုက်ယင် ရေတွေ ဝေါကနဲ ကျတဲ့ အိမ်ရာမျိုးမှာ နေရသူတွေက မထောက်ချင့်နိုင်ဘူး။ ရေဒုက္ခဆိုတာတကယ်တော့ ပြောမယုံ ကြုံဖူးမှ သိကြတဲ့ ဒုက္ခမျိုး၊ သောက်ရေ သုံးရေ ချိုးရေဆိုပါ့ လူတယောက်အတွက် တနေ့ အနည်းဆုံး အလွန်ချွေတာတဲ့ ပုံစံနဲ့ သုံးဦးတော့ ဂါလံ ၅၀ လောက် လိုအပ်ပါတယ်။ ချိုးဖို့ သောက်ဖို့၊ ချက်ပြုတ်ဆေးကြောဖို့၊ ဖွပ်လျှော် သုတ်သင်ဖို့ပေါ့။ အဲဒီလောက် နေ့တိုင်း လိုအပ်တဲ့ရေဟာ စစ်ကိုင်းတောင်ရိုးကြီးမှာ မှီတင်းနေထိုင်သူများအဖို့ မိုးခေါင်လို့ ရေလှောင်ကန်တွေ ကွဲကုန်ပြီး ရေသုံးစရာ မရှိတော့ဘူးဆိုတဲ့ အလွန်ကြီးမားတဲ့ ဆင်းရဲနဲ့ ကြုံတွေ့ရပါတော့တယ်။

အညာမိုးကလဲ တကယ်တော့ ပုံမှန်ရွာပါတယ်ဆိုမှ တနှစ် လက်မ ၃၀ လောက် ရွာတာပါ။ မိုးခေါင်တဲ့ နှစ်များ တခါတလေ လက်မ ၂၀ တောင် မပြည့်ပဲ ရှိချင်ရှိတယ်။ အဲဒီလိုနှစ်တွေမှာ ရေစည်ကားနဲ့ ဒါယကာ ဒါယိကာမတွေက ရေလှူလာပါမှ ရေသုံးနိုင်တော့တယ်။ မဟုတ်ယင် ဘယ်ကလောက် ဒုက္ခရောက်ရတယ်ဆိုတာကို စစ်ကိုင်းတောင်ရိုး နန္ဒမူချောင်က ဆရာတော် ဘဒ္ဒန္တမဉ္ဇူ (အဂ္ဂမဟာပဏ္ဍိတ) က ကိုယ်တွေ့ဒုက္ခကို မိန့်တဲ့အခါမှ သိရတယ်။ ဆရာတော်က တနှစ်မှာ နွေခါ အလွန် ပူအိုက်တဲ့ အချိန်ကြီးဖြစ်ပေမယ့် ချောင်မှာ ရေက အလွန်ရှားနေတော့ ချိုးစရာရေက မရှိဘူး။ဒါကြောင့် ရေ ချိုးခွက်တခွက်မှာ ရေထည့်၍ ရေတဘက်ကို ဆွတ်ဖြန်းကာ ခန္ဓာကိုယ်ကို သုတ်သင်သန့်ရှင်း၍သာ နေရ၏။ ဦးပဉ္ဇင်းနဲ့ ကပ္ပိယကိုတော့ မြစ်ဆိပ် ရေချိုးသွတ်ရ၏’လို့ ရေးသားထုတ်

ဖော်တော် မူပါတယ်။

စစ်ကိုင်းတောင်ရိုး ရွှေစေတီ သာသနာ့ရိပ်သာဆရာတော်ဘဒ္ဒန္တသုန္ဒရ(အဂ္ဂမဟာပဏ္ဍိတ) ကတော့ သူတို့ချောင်မှာ ရေရှားလွန်းလို့ "ရေတစည်ကို ၁၀၊ ၁၅ ကျပ် ပေးဝယ်ပြီး သောက်ခဲ့ရဖူးတယ်။ ဧည့်သည်များ ညဥ့်အိပ်လာလျှင် ပူလိုက်ရတာ၊ နွေရာသီ အလှူအတန်းများလဲ ရေ အခြေအနေကြည့်ပြီး လက်ခံရတယ်၊ ကျောင်းမှာ ရေမရှိပဲ အလှူအတန်း လက်မခံရဲဘူး"တဲ့။

ဆရာတော်ရွှေကိုင်းသား အမည်ခံခဲ့တဲ့ အနုရုဒ္ဓါချောင် ဆရာတော် ဦးသောဘိတကတော့ သူ့ကျောင်းလာကဲ့ အလှူရှင်တွေ၊ ဧည့်သည်တွေက အလိုက်ကမ်းဆိုးမသိ ရေတွေကိုခပ်လိုက်သွန်လိုက် ဖောဖောသီသီ ဆေးကြော သုတ်သင်လိုက်လုပ်နေတာ မြင်ယင် အားနာလို့ ပါးစပ်က ဘာမှ မပြောပေမယ့် မျက်နှာပျက် နေရှာတော့တာပဲ။ နွေခေါင်ခေါင်ရောက်တော့ ဝတ်ချက်ရွာက ဆရာတော်ကျောင်းကို ရေအိုးလေးတွေ ခေါင်းနဲ့ရွက်ပြီး ရေလာပို့ လှူကြရပြီ။ ဒီလိုမှ မလှူယင် ရေငတ်နေဟော့ မှာလေ။ ကျောင်းကို ရေစည်ကား မလာနိုင်ဘူး။ အဲဒီအချိန်မှာ တောမီးလောင်လာပြီး ကျောင်းကို မီးလောင်မှာကလဲ့ သိပ်စိုးရိမ်နေရပြီ။ ကြွေထားတဲ့ သစ်ရွက်ခြောက်တွေပေါ်ကို တောင်ပေါ်သွား ဘုရားဖူးများက ဆေးလိပ်ကိုမီးတန်းလန်းနဲ့ ပစ်ချင် ပစ်ခဲ့သေးတာကိုး။

ဒါကြောင့် ကျောင်းပတ်ဝန်းကျင်ကိုအမှိုက်လှဲရ သန့်ရှင်းရ၊ မီးဖြတ်မကူးရအောင် တလင်းစည်းတားရစာ တွေကလဲ နားရတယ်မရှိဘူး။ ဒီသို့ကြားထဲက ဆေးလိပ်တိုကြောင့် သစ်ရွက်ခြောက် လျှောက်လောင်လာတဲ့ တောမီးမျိုးဖြစ်လာယင် ကြားကြားသမျှကို အော်ဟစ်အကြောင်းကြား ဆော်သြပြီး သစ်ကိုင်းနဲ့ရိုက်ငြိမ်းကြရသေးတယ်။ မီးကို ရေနဲ့ငြိမ်းစရာ ရေကမရှိဘူးလေ။ တောင်ရိုးပေါ် မိုးရေက ရှားတာလား၊ တောင်အောက်တော့ ပေါသလားမေးယင် သရက်ပင်ဆိပ်နားကပ်နေကြတဲ့ ဂူနီချောင်၊ ချပ်သင်းချောင်၊ ခေမေသကချောင်၊ သမိဒ္ဓေါချောင် စတဲ့ သီလရှင်ချောင် တွေမှာလဲ ရေကရှားတာပဲ။ သီလရှင်တွေ မြစ်ဆင်း ရေချိုးအဝတ်လျှော်ရတယ်။ အပြန်မှာတော့ သုံးရေတပုံး ခေါင်းနဲ့ရွက်ပြီး ပြန်ခဲ့ကြရတယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ လောက်က အရှေ့ဣန္ဒာသယချောင် ဆရာတော်အရှင် ရာဇိန္ဒ ဦးဆောင်ဖွဲ့စည်းခဲ့တဲ့ သရက်ပင်ဆိပ် ရေစက်အသင်းကြီးက စစ်ကြီးမဖြစ်ခင်ကတော့ တောင်ရိုးကို တတ်အားသလောက် ရေ ပေးဝေနေတာပဲ။ နို့ပေမယ့် တောင်ရိုးမှာ ချောင်တွေတိုးပွား များလာတာလဲ တကြောင်း၊ စက်တွေခေတ်မမီတော့လို့ စက်သစ်နဲ့ လဲပြန်တော့ ဒီဇယ်ဆီ ရှားပါးတဲ့ ကာလနဲ့ ကြုံနေရတာလဲ တကြောင်းကြောင့် အဲဒီ ရေစက်က ရေ ပေါပေါများများ လုံလုံလောက်လောက် မပေးဝေနိုင်ဘူး။ ဒါကြောင့် စစ်ကိုင်းတောင်ရိုးမှာ ရေပေါပေါ သုံးရအောင် သီတဂူ ရေ စီမံကိန်းကို သဒ္ဓမ္မ သီတဂူချောင်က နိုင်ငံကျော် ဓမ္မကထိက ဆရာတော် အရှင်ဉာဏိဿရက ကြီးမှူးပြီး လုပ်ဆောင်ခဲ့ကြတယ်။ သူတော်ကောင်းတွေ ကိန်းအောင်းတဲ့ စစ်ကိုင်းတောင်ရိုး ကြီးပေါ်မှာ တောင်ထိပ်ကြွာပေါက်စေမယ့် စီမံကိန်းမို့ မြန်မာနိုင်ငံအရပ်ရပ်က အလှူရှင်တွေက ဆရာတော် ဟောပြောစည်းရုံးချက်ကြောင့် အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြတယ်။

အခုဆိုယင် လေးနှစ်ပြည့်တဲ့ ၁၃၄၆ ခု၊ ကဆုန်လပြည့်နေ့မှာ အလှူငွေပေါင်း ၃၇သိန်း

ကျော် ကောက်ခံရရှိပြီး ချောင်းပေါင်း ၃၆၉ ချောင်းကို ရေစက်ရုံနှစ်ရုံက ရေစုပ်စက်၊ရေတွန်းစက်ကြီးငါးလုံးနဲ့ ရေလှောင်ကန်ကြီးသုံးလုံးက နေပြီး ရေဂါလံ ၅၂၀ သိန်းပေးဝေနိုင်ခဲ့ပြီတဲ့။ ရေက တလတခါ ရေကန်တွေကို အခမဲ့ရေဖြည့်ပေးတာပါ။ ဒါကြောင့် အခုဆိုယင် တောင်အစွန် စစ်ကိုင်းမြို့သစ်ထဲက လေးကျွန်းမြေ အုတ်ကျောင်းဘုံ၊နှံ့ ရတနာ့ဗိမာန်တို့ ကစပြီး တောင်ရိုးရဲ့ ဟိုအနောက်မြောက်ဖျား ပရက္ကမနဲ့ ပိဘောက်ချောင် အရှေ့ မြောက် ဖျား ဆိုယင် ကျစ္စာချောင်အထိသီတဂူရေတွေ ဖောဖောသီသီ ပေးဝေနေနိုင်ပါပြီ၊

ခုလို လူ့အသက် ရှင်တည်နေနိုင်မှု အတွက် အလွန်အရေးကြီးတဲ့ ရေကို ဖောဖောသီသီ သုံးစွဲလာနိုင်ပြီဆိုတော့ သောက်သုံးကြရသူ ဆရာတော် သံဃာတော်တွေနဲ့ သီလရှင်သီတင်းသည်တွေ စတဲ့ တောင်ရိုး မှီခိုနေကြရသူ အပေါင်းက ဒီအဖွဲ့ကြီးနဲ့ အလှူဒါယကာ ဒါယိကာမတွေကို ကောင်းချီးနှုမော် သာဓုခေါ်ကြတာပေါ့။

အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာ ဆရာတော်ဘုရားကြီးကဆိုယင် တောင်ရိုးနေ သူတော်ကောင်းတွေဟာ ရေလုံလောက်စွာသောက်သုံးကြရတဲ့အတွက် ရှေးက ဟိမဝန္တာမှာ ရေတိုက်ကျွေးတဲ့ ရသေ့ကြီးကို သားသမင်နဲ့ ကျေးငှက်တွေက ကျေးဇူးတုံ့ပြန်သလို သီတဂူ ရေအလှူအဖွဲ့ ဦးဆောင်ဆရာတော် အရှင်ဉာဏိဿရနဲ့ ရေဒါယကာ ဒါယိကာမတွေကို ကျေးဇူးတုံ့ပြန် မေတ္တာပွားများကြပါလို့ တိုက်တွန်းတော်မူနေပါတယ်။ ရွှေစေတီသာသနာ့ရိပ်သာဆရာတော်ကတော့ သီတဂူရေပိုက်လိုင်း သွယ်တန်းပြီးတဲ့ ချောင်တိုင်း ချောင်တိုင်းက ရေကန်တွေမှာ ရေဘွေ အဆက်မပြတ်ပြည့်လျှံနေတော့ ရေဖောကြည့်နေရတာနဲ့ကိုပဲ စိတ်မှာ အေးချမ်းနေပါတယ်။ ဒါကြောင့် သီတဂူဒါနကြောင့် သီတဂူဆရာတော်နဲ့ အဖွဲ့သူအဖွဲ့သား အားလုံး အအေးဓာတ် အအေးဆုံး ပရမတ္ထသီတဂူအစစ်ဖြစ်တဲ့ နိဗ္ဗာန်သို့တိုင် ရောက်ကြ၍ အေးချမ်းကြပါစေလို့ မေတ္တာပို့ပါသတဲ့။

အဂ္ဂမဟာပဏ္ဍိတပဋ္ဌာန်းသိပ္ပံ ဆရာတော်ကတော့ "အလွန်ပူပြင်းတဲ့ တပေါင်း လကြီးမှာ ကျောင်းအနီးတွင် မောင်ပဋ္ဌင်းတို့ လောင်းထည့်ထားသည့် အင်တုံအိုးခြမ်းပက်ကလေးတွေမှာ ငှက်ကလေးတွေ ရေဆင်းချိုးလိုက်၊တောင်ပံခါလိုက်၊ တောင်ပံကြား နှုတ်သီးနဲ့ ရေဆွတ်လိုက်၊ သောက်လိုက်နဲ့ ပျော်နေကြသည်ကိုမြင်ရတော့ သီတဂူဆရာတော်ရဲ့ ရေအလှူဟာ ရှင်လူသာမက တိရစ္ဆာန်များတောင် ချမ်းသာနေကြပြီဟု အောက်မေ့ပြီး ကြည်နူး ဝမ်းမြောက်မိပါသတဲ့"။ ဂူနီချောင်က သီလရှင် မကုလကတော့ "သီတဂူရေဟာ စောစောပိုင်းတုန်းက ဂူနီချောင်ဘက်ကို မရောက်လာသေးလို့ သရက်ပင်ဆိပ်ရေစက်မှ ရေနဲ့ချည်းနေခဲ့ရပေမယ့် ခု သီတဂူ ရေ သူတို့ချောင်မှာ ရနေတော့ ကန်တွေဟာ ပြည့်လျှံနေပြီးရေအတွက် လုံးဝမပူရတော့ဘူးလို့" ပြုံးကာရယ်ကာ ဝမ်းသာအားရပြောပြပါတယ်။

သီတဂူအဖွဲ့က ငါးနှစ်ပြည့်တဲ့အခါ ခု ရေမရောက်သေးတဲ့ နေရာတွေကိုလဲ ရေရောက်အောင်ပို့ဖို့ အစီအစဉ်တွေရှိပါတယ်။ ရေပိုက်တွေ တနေရာက တနေရာ လူပြက်တဲ့ ခရီး ကူးရ ဆက်ရယင် တောင်ပိုင်းမှာ ပိုက်ပျောက်တဲ့ ကိစ္စတွေရှိတယ်။ ဖြစ်တယ်။ ဒါကြောင့် ရေပိုက်တွေ လုံခြုံရေးအတွက်လဲ တနည်း တဖုံ လုပ်ဆောင်စရာတွေ ရှိသေးတယ်လို့ သိရပါတယ်။ ခုလို တောင်ရိုးမှာ ရေတွေပေါနေပြီဆိုတဲ့အခါ စစ်ကိုင်းတောင်ရိုးကြီးဟာ စိုရာက စိမ်းလာဦး

F.20

မယ့်အရေးကိုလဲ မြင်ယောင်မိတယ်။ အယင်ကတော့ မိုးရေသာခုတည်းကိုသာ အားကိုးနေရတော့ မိုးခေါင်ယင် ကျောက်ကြားမှာ အမြစ်ထားရတဲ့ သစ်ပင်လေးတွေဟာ ကြုံလှီနေရှာကြတယ်။ ဒီကြားထဲ ထင်းလိုချင်သူများက တောင်ပေါ်တက်ပြီး ထင်းခုတ်ကြ ပြန်တော့ တောင်ရိုးကြီးဟာ တနေ့ထက် တနေ့ ခြောက်သွေ့လိုက်လာတယ်။ ထင်းခုတ်သူများက စစ်ကိုင်းတောင်ရဲ့ နောက်ဘက်က မင်းဝံတောင်ရိုးပေါ်ကို ထင်းခုတ်ခဲ့ကြတာကြာပြီ၊ အပင်တွေကုန်တော့ အမြစ်ပါတူးပြီး ယူခဲ့ကြတယ်။

ဒါကြောင့် မင်းဝံတောင်ဟာ မိုးဘယ်လောက်ရွာရွာ ဘာပင်မှ ပြန် မပေါက် ဘူး၊ တောင်ကတုံး ဖြစ်နေရှာပြီ။ မင်းဝံတောင်က ထင်းကုန်တော့ စစ်ကိုင်းတောင်ရိုးပေါ်ကိုတက်ပြီး ခုတ်ကြ ထစ်ကြတယ်။ ရဟန်းသံဃာတွေက ထင်းမခုတ်ကြပါနဲ့၊ သူတော်ကောင်းတွေ အရိပ်အာဝါသ မရှိတော့ပဲ ဖြစ် နေ ပါ လိမ့်မယ်လို့ မေတ္တာရပ်ပေမယ့် ပါးစပ်မျှနဲ့ မေတ္တာရပ်ခံတာကို သူတို့က တယ်မမှုပါ။ တချို့ကတောင်းပန်တိုးလျှိုးနေတဲ့ကြားကတောင်မှ မျက်နှာပြောင်တိုက်ပြီး ပမာမခန့် ဇွတ်အတင်း ခုတ်ပါတယ်။ ထင်းခုတ်သူတွေဟာ ထင်းဆိုက်လို့ ကောင်းတဲ့ အပင်မှမဟုတ်ဘူး၊ ဘာဖြစ်ဖြစ် တွေ့ရာခုတ်မယ် ရရာယူမယ်ဆိုတဲ့ အနေနဲ့ တရုတ်စကားပင်အိုကြီးတွေကိုတောင်မှ ခုတ် ယူ နေကြ ပါတယ်။ တကယ်ဆိုတော့ တရုတ်စကားပင် ကြီးတွေဟာ ရှေးက ဆရာတော် သံဃာတော်ကြီးတွေ စိုက်ထားခဲ့တဲ့ အပင်တွေမို့ စစ်ကိုင်းတောင်ရိုးရဲ့ သင်္ကေတလို ဖြစ်နေတာပါ။ ထင်းဆိုက်လို့ ကောင်းတဲ့အသားမျိုး မဟုတ်ပါဘူး။ နို့ပေမယ့် ထင်းလိုချင်သူများက တရုတ်စကားပင်ကြီးတွေကိုတောင် လစ်ယင်လစ်သလို ခုတ်ယူနေကြပါတယ်။

အရိပ်အာဝါသဆိုတာ တောင်ရိုးနေများအတွက် အခြားသူများထက် လိုအပ်ပါတယ်။ ကျောက်တောင်ကို မှီခိုနေရသူတွေပါ။ ဒါကြောင့် ပိုက်တွေကို မသမာသူများ မဖြုတ်မခိုးအောင် စောင့်ရှောက်ဖို့ လိုတာနဲ့အတူ တောင်ရိုးတပိုင်းက သစ်ပင်တွေကို မခုတ်နိုင်အောင် စောင့်ရှောက်ဖို့လဲ လိုအပ်ပါတယ်။ မန္တလေးတောင်ဟာ တချိန်က ထင်းခုတ်သမားများရဲ့ လက်ချက်ကြောင့် တတောင်လုံး ခြောက်သွေ့ပြီး မြင်မကောင်း ရှုမကောင်း ဘဝကို ရောက်သွားခဲ့ရပါတယ်၊ ခုတော့ တော်တော်ကြီး ပြန်လည်စိုပြေနေပါပြီ။ မန္တလေးတောင် ဒီလို ပြန်လည်စိမ်းလန်းအောင် ဘော်တော်အုပ်ချုပ်တဲ့ ရဟန်းပျိုအဖွဲ့က ဘယ်လိုများ ကြိုးစားထားပါလိမ့်လို့ စုံစမ်းကြည့်တဲ့အခါ–

ပထမ သစ်တောဘက်ကို မေတ္တာရပ် အကူအညီတောင်းတော့ သစ်တောဌာနက တောင်ပေါ်ကို သစ်ပင်တွေ တနှစ် တနှစ် အပင်တသောင်းလောက် လာစိုက်ပေးသတဲ့၊ ခုလို လေးနှစ်လောက် ဆက်ပြီး စိုက်ပေးတဲ့ အခါ တချို့ရှင် တချို့သေပေမယ့် တောင်ပေါ်မှာ တော်တော် စိမ်းစိုလာသတဲ့။ ထင်းခုတ်သမားတွေ အပင်သစ်ကလေးတွေဆီကို မလာကြတော့ဘူလားလို့ မေးတဲ့အခါ လာပါသော်ကော၊ အလစ်ကိုမခံဘူး၊ မန္တလေးတောင်ဟာ အရှေ့ဘက်နဲ့ အနောက်ဘက် တောင်စိမ်းတာစိုတာခြင်းမတူဘူး။ အရှေ့ဘက်က ထင်းခုတ်သူတွေရဲ့ရန်ကို လုံအောင် မကာကွယ်နိုင်လို့ အနောက်ဘက်လောက် မစိမ်းစို ဘူးတဲ့။

ဘယ်လို ကာကွယ်ရပါသလဲမေးတော့ ထင်းမခုတ်ကြဖို့ မေတ္တာရပ်ခံရတယ်။ ချိုချိုသာသာနဲ့ မရတဲ့လူကို မောင်းထုတ်ရတယ်။ ဒါနဲ့မှ မရပြန်ယင် တချို့ကိုလဲ ရိုက်လွှတ်၊ တချို့ကိုလဲ ရဲလက်

အပ်ရသတဲ့ ရဲကလဲ မန္တလေးတောင် ဒိန်းသုန်း စိုပြေရေးမှာ ကူညီပါသတဲ့။

ရဲလက်အပ်တဲ့လူကို ရဲက ထင်းခုတ်သမား ဆီက ပစ္စည်းတခုခု သိမ်းထားပြီး ဒဏ်ငွေ ငါးကျပ် ထင်းခုတ်ပြစ်နဲ့ ဒဏ်ရိုက်တယ်။ ဒီဒဏ် ငွေကို တနေ့ ၁၀ ပြားရဲကို သွားဆောင် အရက် ၅၀ ပြည့်တဲ့နေ့မှာ ငွေလဲ ငါးကျပ် ပြည့်ပြီမို့ သိမ်းယူထားတဲ့ပစ္စည်း ပြန်ပေးလိုက်သတဲ့။ အဲဒါကြောင့် မန္တလေးတောင်မှာ စိမ်းစိုနေတာတဲ့။ မန္တလေးတောင် စိမ်းစိုရတဲ့ အဖြစ်ကတော့ 'ခါးမလဲ ကူးမိုလဲကူး၊ နောက်ချေးလဲချေး၊ ငါလဲမ' ဆိုတဲ့ စကားလို ပါကလား။

စစ်ကိုင်းတောင်ရိုးကြီးလဲ ရေတွေ ပေါလာတဲ့ အခါ၊ အဘက်ဘက်က ဝိုင်းဝန်းကူညီမှုတွေနဲ့ စိမ်းလန်းစိုပြေတဲ့ တောင်ရိုး၊ ကျေးငှက်သာရကာတွေ ပျော်မြူးတဲ့ တောင်ရိုး၊ သူတော်ကောင်းများ အိုခြင်း နာခြင်း သေခြင်းကင်းရာ တရားများရအောင် ရှာဖွေနိုင်တဲ့ တောင်ရိုးကြီး ဖြစ်လာပါစေလို့ အာရုံပြု ဆုတောင်းနေမိပါတယ်။

လူထုဒေါ်အမာ

❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖ ❖

## သီတာရေအေး ဖျန်းဆွတ်ပေး

ရောခွဝိုင်း တောင်စစ်ကိုင်းကား၊
ချောင်တိုင်းစိမ်းညို့ မှိုင်းမို့မို့။

အစိမ်းရောင်ထက် ဗျိုင်းတောင်ယှက်သို့၊
ဖြူစက်ဖြူပြောက် ပန်းပေါက်ပေါက်တို့၊
တခေျှာက်တောလုံး အပြည့်ဖုံး။

စစ်ကိုင်းတောင်ခြေ မှိုင်းဝေဝေနှင့်၊
ရောခွေစီး ရေနှင့်နီးလည်း၊
မိုးကြီးမရွာ နွေအခါ၌၊
ညိုးကာခွေနွမ်း သွေ့ခြောက်ခန်း၊
တောတောင်မလန်း ရှင်လူပန်း။

တောတောင်မလန်း ရေကြည်ခန်း၍၊
စိတ်ဝမ်းညှိုးလျှ ပန်နေကြစဉ်၊
နွေလအခါ မိုးကြီးရွာသို့၊
သီတာရေခုမ်း ပိုက်သွယ်တန်းကာ၊
သခ်မ်းအရောက် ပို့ကူထောက်သည်၊
အံ့လောက်ဖွယ်ပ မြတ်ဒါန။

သဒ္ဓါပန်းလှ ဖွေးလွလွ။

ရေကြည်အေးမြ ချောင်တိုင်းရ၍၊
တောရသခ်မ်း ငြိမ်းကြည်ချမ်းကာ၊
ကမ္ဘာနန်းနှံ့ တောင်လုံးပျံ့သည်၊
သန့်သန့်မွှေးမွှေး ညင်းလေသွေး၊
သီတာရေအေး ဖျန်းဆွတ်ပေး။

မောင်လင်းကြည်



# တောင်ထွက်များပေါ်စမ်းပေါက်ခြင်း

သီတဂူ
ကျော်မြင့်ဦး

တောထွက်များ ပေါ်တွင် စမ်းပေါက်နေသည်ဟု ပြောလာလျှင် ယုံတမ်းစကားလားဟု သာ ဆိုကြပေလိမ့်မည်။ မိုးနည်းသော အပူပိုင်းဒေသရှိတောင်ထွက်များပေါ်တွင်ဟုထပ်ဆင့်ဆိုလျှင် ရူးလို့ပြောတာဟုပင် ဆိုကြပေမည်။ ခေတ်ပေါ် စတီရီယိုတေးတပုဒ်တွင် ဘူတာရုံမှာ သင်္ဘောကြီးတွေ ဆိုက်လို့ရယ်၊ မယုံမရှိနဲ့ မယုံမရှိနဲ့ဟု ပါရှိသကဲ့သို့ပင် တောင်ထွက်တွေပေါ် စမ်းတွေပေါက်လို့ရယ် မယုံမရှိနဲ့၊ ပုံပြင်လိုလဲ မမှတ်နှင့်၊ ပြေးမယုံ ကြုံစဘူးမှ မျက်မြင်တွေ့စေဘိ။ ထိုတောင်ထွက်များ ရှိရာသို့ တခါတခေါက် သွားရောက်ကြည့်ရှုကြပါဟု တိုက်တွန်းလိုပေသည်။

စမ်းပေါက်နေသော တောင်ထွက်များသည် အမှန်ပင် မိုးနည်းသော အပူပိုင်းဒေသအတွင်း ရှိသည့် ဇေယျပူရတိုင်း၊ မြို့စစ်ကိုင်းမှ ခရီး တတိုင်ခန့် ဝေးသော အရပ်တွင်ရှိသည့်ရဟန်း သာမဏေ၊ သီလရှင် သူတော်စင် အပေါင်း ၅၀၀၀ ကျော်တို့ တောရိပ် တောင်ရိပ်ခိုမှီ၍ ဓူရနှစ်ဖြာကို ကျင့်ကြံအားထုတ်ရာ လောကုတ္တရာ မင်္ဂလာ ဒေသဖြစ်သော စစ်ကိုင်းတောင်တန်းကြီးပေါ်မှ တောင်ထွက်များပင် ဖြစ်လေသည်။

တောင်ထွက်များပေါ်တွင် ပေါက်နေသော စမ်းများသည် အမှန်စင်စစ် သဘာဝအလျောက် ပေါက်သောစမ်းများတော့ မဟုတ်ပေ။ စစ်ကိုင်းတောင်တန်းကြီးရှိ ချောင်ပေါင်း ၅၀၀ ခန့်တွင် သီတင်းသုံးနေတော်မူကြပြီး လောကုတ္တရာ အကျိုးစီးပွား ရှာမှီးနေကြကုန်သော ရဟန်းသာမဏေ သီလရှင် သူတော်စင်တို့သည် မိုးရာသီအတွင်း ရွာသွန်းသော မိုးရေများကို စရည်းအိုးခွက်မှသည် အုတ်ရေကန်တို့အထိ ရသမျှ ခံယူ သိုလှောင်ထားပြီး နှစ်ပေါက်အောင် ခြိုးခြံ ချွေတာ၍ သုံးစွဲရသဖြင့် ရေဆင်းရဲခြင်း ဒုက္ခမှာ ကြီးမားလှပေသည်။ ထိုရေဆင်းရဲခြင်း ဒုက္ခနှင့် ရေအတွက် ရတက်မအေးရသည့် ပူပင်သောကများ ချုပ်ငြိမ်းစေရေး၊ သူတော်စင်တို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာစေရေးနှင့် စစ်ကိုင်းတောင်တန်းကြီး စိမ်းလန်းစိုပြေရေးကိုပါ ရှေးရှုချက်ဖြင့် စီမံကိန်း ဖန်တီးမှုအရ ပေါ်လာသော စမ်းပေါက်ခြင်းပင် ဖြစ်လေသည်။

မေခနှင့် မလိခ မြစ်နှစ်သွယ် ပေါင်းဆုံပြီး တောင်ဘက်သို့ ဆက်လက် စီးဆင်းလာသော မြစ်ကြီးဧရာဝတီသည် ရတနာပုံ မန္တလာမြို့တော်ကို လွန်မြောက်ပြီးနောက် စစ်ကိုင်းတောင်တန်းကြီး၏ တောင်ခြေကို ဝေ့ကာ ပတ်ကာ

ဖြင့် ပင်လယ်တွင်း အရောက် တစ်ဆယ့်နှစ်ရာသီ ကာလပတ်လုံး တသွင်သွင် စီးဆင်းနေပါသော်လည်း မြစ်အတွင်းမှ ရေများ သူတော်စင်တို့ စံပျော်ရာတောင် စစ်ကိုင်းချောင်သို့ အရောက် ရရှိရေးကို စွမ်းစွမ်းတမံ ဆောင်ရွက် မည့်သူ တဦးတယောက်မျှ မပေါ်ပေါက်လှပါ။တောင်တန်းကြီးပျော် သူတော်စင်တို့မှာလည်း တောင်ခြေတွင် တသွင်သွင် စီးနေသော မြစ်ရေမှ ရေများကို မြင်တွေ့နေရပြီး ရေတွေနီးနေပါလျက် စံပျော်ရာချောင်များတွင်တော့ ရေ ရှားပါးနေပြီး ရေဆင်းရဲခြင်း ဒုက္ခကို ခံစားမြဲ ခံစားနေခဲ့ကြရပေသည်။

မိမိ၏ ချောင်ဝိဟာရတွင် အနီး၌ ရှိသော မြန်အောင်ချောင် ဆရာတော်အရှင် သုဒဿနက မြစ်ရေမှ ရေများကို ရေစက်ငယ်ဖြင့် စုတ်ကာ လှူဒါန်းထား သဖြင့် ရေများ ပြည့်စုံလုံလောက်နေသော်လည်း ရေဆင်းရဲ နေကြကုန်သော ချောင်ပေါင်း ၄၀၀ ခန့်မှ သူတော်စင်တို့ ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် လောကုတ္တရာ စီးပွား အချိန်ပြည့် ရှာမှီးနိုင် စေရန် စစ်ကိုင်းချောင် တိုင်းတွင် ရေဆင်းရဲခြင်းဒုက္ခမှ ကင်းလွတ်အောင် စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဆရာတော်၊ဓမ္မကထိက အကျော်အမော် သဲကုန်း အရှင်ဉာဏိဿရ(သပိတ်အိုင်)က ဦးစီး ဦးဆောင်ပြု၍ ဓမ္မကထိက အများဖြစ်ကြသော သုဗောဓာရုံ အရှင်နန္ဒမာလာဘိဝံသ၊ ဝေဇယန္တာ အရှင်မဟောသဓပဏ္ဍိတ၊ မြစကြာ အရှင်လက္ခဏတို့နှင့် အတူ လက်တွဲပြီး စစ်ကိုင်းတောင်ရိုး ရေပေးလှူရေး ကပ္ပိယကာရကကြီး အသီးသီးတို့ကိုပါ တာဝန်ပေးပြီး ၁၃၄၂ ခု ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် စတင်ခဲ့လေသည်။

သီတဂူ ရေအလှူတော်အတွက် ပြည်တွင်းပြင်ပမှ လှူဒါန်းလာကြသော ငွေ ပစ္စည်းတို့ဖြင့် သီတဂူ ကပ္ပိယ ကာရကများက ကိုယ့်စရိတ်ကိုယ်စားဖြင့် အား ကျိုးမာန်တက် စွမ်းစွမ်းတမံ မနားမနေ ဆောင်ရွက်ခဲ့ကြသဖြင့် ဤငါးနှစ်ပြည့်မြောက်သည့် ၁၃၄၇ ခု ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် မူလ ရည်မှန်းချက် ချမှတ်ထားသော လုပ်ငန်းများ အသုံးစုံ ပြီးမြောက်အောင်မြင်ခဲ့လေပြီ။ ယနေ့ အခါသမယတွင် မြစ်ကြီးရေမှ ရေများကို ပတ်ကုန်းဝန်းလျား တောင်ထိပ်များထိ ယန္တယားစက်ဆင် ပို့လွှတ်တင်၍နေ့စဉ် ဂါလံ ၁၂၀,၀၀၀ ကျော် ပေးဝေလှူဒါန်းနိုင်ခဲ့မှုကြောင့် စိမ်းရှင်ဝေဆိုင်းတောင်စစ်ကိုင်းဝယ် ချောင်တိုင်းချမ်းသာ လန်းလန်းဖြာခဲ့လေပြီ။

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က၊ စစ်ကိုင်းတောင် ငွေသံကြားချောင် ဆရာတော်ကြီးက နောင်နှစ်ပေါင်း ၁၀၀ ခန့်၌ ဤစစ်ကိုင်း တောတန်းကြီးပေါ်တွင် ဧရာဝတီမြစ်ရေများ စီးလိမ့်မည်ဟု မိန့်တော်မူဖူးကြောင်း၊ စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်မှ သက်တော် ၉၀ ကျော်ရှိ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးထံမှကြားနာခဲ့ဖူးပေသည်။ ယခုအခါ စစ်ကိုင်းတောင်တန်းကြီး ပေါ်တွင် "သီတဂူရေအလှူတော်"က ပေးလှူနေသော ဧရာဝတီမြစ်ရေများ နေ့စဉ်ဂါလံ ၁၂၀,၀၀၀ ကျော် အမှန်ပင် စီးလျက်ရှိနေလေပြီ။

ဝန်ခုံး ရေကုန်၊ ကဆုန်ရေခမ်းဟု ဆိုရိုးရှိလေသည်။ ရေကုန် ရေခန်းသည် ဆိုသော တန်ခူးနှင့် ကဆုန်လတို့တွင် တောင်စစ်ကိုင်းသို့ တခါတခေါက် အရောက်သွား၍ ရောက်ရာချောင်၌ တွေ့မြင်ရသည့် ရေတုံတိုင်ခေါ် ရေစက်ခေါင်းကို ဖွင့်ကြည့်ပါ။ ဝေါကနဲ ရေကြည်ရေအေးများ ပန်းဖြာကာ ထွက်လာသည်ကို

တွေ့ရမည်မှာ အမှန်မလွဲ ဖြစ်လေသည်။ ဤသည် ပင်လျှင် ''သီတဂူ ရေအလှူတော်''က စီမံဖန် တီးပေးထားသော တောင်ထွက်များ အပေါ် စမ်းပေါက်ခြင်းဖြစ်သည် မဟုတ်ပါလော။

သီတဂူ ကျော်ငြိမ်း

# ကမ်းလှမ်းကြိုနေ ဇေယျာမြေ

* လျှိုမြိုင်စိမ်းလန်း၊ ကျောင်းသခ်မ်းနှင့်၊
ငြိမ်းချမ်းဒေသ၊ တောလည်းလှသည်။
သာစွရိပ်မွေ့ ဇေယျာမြေ။

* ဇေယျာလှည့်ခေါ်၊ မြတ်တောင်တော်၌၊
ကိန်းပျော်စခမ်း၊ ရိပ်သခ်မ်းဝယ်၊
မင်္ဂငြိမ်းဆင်နေ၊ သူတော်စင်တွေနှင့်၊
ကြည်ရေအလှူ၊ သီတဂူနှင့်၊
သာခင်းသာနေ ဇေယျာမြေ။

* တောင်စဉ်မလပ်၊ ချောင်စဉ်ထပ်လျက်၊
မျှောင်ပတ်ဝေဆာ၊ သည်ဇေယျာဝယ်၊
ရောက်လာကြည်နူး၊ ဘုရားဖူးတို့၊
ကူးလူးသွားလာ၊ ရေကြည်ဆာလျှင်၊
နေ့ရာတိုင်းမူ၊ များပြည်သူ၏၊
သီတဂူရေ၊ သောက်ပါလေမည့်၊
နွမ်းခွေစိတ်ပျောက်၊ လန်းဝေမောက် မည်၊
ကွန်းထောက်ဌာနေ ဇေယျာမြေ။

* တောင်နန်း သွယ်သွယ်၊ ချောင်နန်း ချယ်လျက်၊
တင့်တယ်လျှိုရိုး၊ ဂူပုသိုးနှင့်၊
သားမျိုးတင့်လိုင်း၊ တောင်စစ်ကိုင်းမှ၊
ချောင်တိုင်းပြည့်ဝ၊ အေးကြည်မြသည့်၊
သီတဂူဝေ၊ သောက်တော်ရေပြင်၊
ချိုးရေ သုံးရေ၊ သက်တော်ရှည်အောင်၊
အဆွေချစ်ကျွမ်း၊ သောက်လှည့်စမ်းဟု၊
ကမ်းလှမ်းကြိုနေ ဇေယျာမြေ။

အရှင်ပညာဒီပ (သီတဂူ)




ဒိသွာ၊ ဉာဏ်ဖြင့် ဆင်ခြင် သိမြင်ကြပြီးလျှင်။

အာရဒ္ဓဝိရိယာ၊ အား ထုတ် အပ်သော ဝိရိယ ရှိကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ သော၊ ဤသို့လုံ့လ ကြိုးမား ကြိုးစား အားထုတ် ကုန်ဟု တိုက် တွန်း ခြင်းသည်။ ဗုဒ္ဓါနုသာသနီ၊ အကျိုး လိုလား ဗုဒ္ဓရှင်တော် ဘုရားတို့၏ အဆုံးအမတော်တည်း။

ကောသဇ္ဇံ ဘယတော ဒိသွာ၊
ဝိရိယာရမ္ဘဥ္စ ခေမတော။
အာရဒ္ဓ ဝိရိယာ ဟောထ၊
သော ဗုဒ္ဓါ နုသာသနီ။

(ဗုဒ္ဓအပဒါန်ပါဠိတော်)

ကောသဇ္ဇံ၊ ပျင်းရိသောသူအဖြစ်ကို။
ဘယတော၊ ပျက်စီးရာမကောင်းသော ဘေးကြီးဟူ၍။
ဒိသွာ၊ ဉာဏ်ဖြင့် ဆင်ခြင်သိမြင်ကြလျက်။
ဝိရိယာရမ္ဘဥ္စ၊ လုံ့လဝီရိယ အားထုတ်ခြင်းကိုလည်း။
ခေမတော၊ ဘေးသျှမ်းမနှောက် ပွားမြောက်စည်ကား အကျိုးများ၏ ဟူ၍။

ဟူသောမြွက်မှာဘုရား၏ အဆုံးအမတော်နဲ့အညီ ယကြွလုံ့လဝီရိယ ဉာဏ်ပညာ ရှိကြကုန်သော စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မ သီတဂူ ဆရာတော် အရှင်ဉာဏိဿရ၊ သုဗောဓာရုံ အရှင်နန္ဒမာလာဘိဝံသ၊ ဝေဇယန္တာ အရှင် ပဟောသမပဏ္ဍိတ၊ မြစကြာအရှင်လက္ခဏာ အရှင်သူမြတ်တို့သည် စစ်ကိုင်းတောင်ရိုး၌မရှိလျှင်မဖြစ်သော သောက်ရေသုံးရေ ရရှိနိုင်စေဖို့ ကြိုးစားအားထုတ်ထော်မူခဲ့ကြသည်ကို ဝမ်းမြောက် ဂုဏ်ယူသာဓုအနုမောဒနာ ပြုကြရပါတယ်။

အားထုတ်ခြင်း လုံ့လဝီရိယရှိသောသူအား အဘယ်မည်သော အမှုကိစ္စသည် မအောင်မြင်မပြီးစီးပဲ ရှိပါဘော့အံ့နည်း၊ ပြီးစီးအောင်မြင်နိုင်သည်သာလျှင်တည်း။

(ဝိရိယဝတော ကိံ နာမ ကမ္မံ နသိဇ္ဈတိ)။

လောကီလောကုတ္တရာ အဖြာဖြာ၌ ချမ်းသာ ကြီးပွား ကျေးဇူးများသောတရားသည် လုံ့လ ဝီရိယ အားထုတ်ခြင်းဖြစ်ပါသည်။ ကိစ္စအလုံးစုံ ကို အောင်မြင်ဖို့ ချမ်းသာဖို့ ကြီးပွားဖို့ လုံ့လ ဝီရိယနှင့် ကင်းပြီး မဖြစ်နိုင်ပါ။

တနည်းထွေလာ၊ မှတ်သားရာတည့်၊
ပညာရှိထံ၊ ရိုကျိုးနွံ၍၊
နည်းခံသင်မှ၊ ပညာရ၏။

ထကြွ ဝီရိယ၊ ဥဋ္ဌာနဖြင့်၊
လုံ့လရှိမှ၊ ဥစ္စာရ၏။

မခွန့်တတ်လျှာ၊ မှန်ကန်စွာလျှင်၊
သစ္စာတည်မှ၊ ကျော်စောရ၏။

ကိုယ်ကဥစ္စာ၊ စွန့်လှူတကာလျှင်၊
မေတ္တာရှေး၍၊ ပေးကမ်းတတ်မှ၊
မိတ်ဆွေရ၏။

**(မဟာသုတကာရီ)**

ပညာရှိသူတော်ကောင်းများ၏ (သြဝါဒါ စရိယဆရာတော်ကြီးများ၏)စကားကို ကောင်း မွန်ရိုသေ လိုက်နာ ကျင့်သုံးကြကုန်သော သီတဂူ ကပ္ပိယအဖွဲ့ကိုလည်း ဝမ်းမြောက်ဂုဏ်ယူ ကျေး ဇူးစကားဆိုကြမည် ဖြစ်ပါသည်။

စစ်ကိုင်းကို အသေအချာ ကွင်းဆင်း လေ့ လာကြည့်လျှင် ရေသည် ဘယ့်ကလောက်အရေး ကြီးသည်ကို သိနိုင်ပါသည်။ ရေသည် သတ္တဝါ များအတွက် မရှိမဖြစ်သောအရာ ဖြစ်ပါသည်၊ ယခုအခါဝယ် ဆရာ ဒါယကာ တက်ညီလက်ညီ လုံ့လဝီရိယနှင့် လုပ်ကိုင် ဆောင်ရွက် ကြသည့် ပုဂ္ဂိုလ်များသည် ကိုယ်ဖြင့် ထကြွပြုလုပ်ရသည့် အလုပ်များ၊ နှုတ်ဖြင့် ပြောဆိုလှုံ့ဆော်ရသည့်အလုပ် များ၊ စိတ်ဖြင့်ကြံစည်ရသည့်ကိစ္စများကို ဉာဏ် ဖြင့် ခွဲခြမ်းဝေဖန်ပြီး ထမြောက်အောင်မြင် အောင် ဆောင်ရွက်ကြသည်ကို မြင်တွေ့ရသည့် အတွက် သာဓုခေါ်ကြရပါသည်။

လောက၌ လုပ်ကိုင်ဆောင်ရွက်စရာ ရှိသည့် အလုပ်ကိစ္စတွေကို နောက်မကျစေပဲ စောစော စီးစီး ကြိုးပမ်း စီစဉ် လုပ်ဆောင်ကြရ ပါသည်။ ဤအကြောင်းကိုဥပမာပြရလျှင် ရှင်နာဂသေန ကို မိလိန္ဒမင်းကြီးက လျှောက်ထားသည့်အမေး ပုစ္ဆာ၏အဖြေကို ထောက်ပြနိုင်ပါသည်။

ရှင်နာဂသေနက 'မင်းကြီး၊ အမှုကိစ္စပေါ် ပေါက်လာမှ ပြုရတဲ့ လုံ့လဝီရိယဟာ အမှုကိစ္စ ကိုပြီးစေတတ်သည်မဟုတ်ကုန်၊ အမှုကိစ္စမရောက် မီ ရှေးဦးက တင်ကြိုပြုအပ်တဲ့ လုံ့လဝီရိယသာ အမှုကိစ္စကို ပြီးစေတတ်ကုန်၏။ မင်းကြီး၊ သင် မင်းကြီးသည် အကြင်အခါ၌ ရေမွတ်သိပ်သည် ဖြစ်အံ့၊ ထိုအခါ ရေသောက်အံ့သောငှာ ရေ တွင်း ရေကန်တို့ကို တူး၏လော၊ ရေသောက် ခါနီးမှ တူးသလော၊ အဘယ်သို့နည်း''ဟု မေး သော် "အရှင်ဘုရား၊ ရေငတ်မှ ရေတွင်း ရေ ကန်တို့ကို မတူးပါ၊ ရှေးဦးစွာ တူးထားနှင့်မှ သာလျှင် ရေကိုသောက်ရပါမည်''ဟု လျှောက် ကြားလေသည်။

သီတဂူ ရေအလှူကို ဆောင်ရွက် နေကြကုန် သော သီတဂူ အဖွဲ့ကြီးသည်လည်း စစ်ကိုင်း တောင်ရိုးတခုလုံး ရေမရသည့်နေရာ မရှိရလေ အောင် ကြိုတင်စီမံကိန်းများ အရေးပေါ် စီမံ ကိန်းများ ရေးဆွဲချမှတ်ပြီး အားကြိုးမာန်တက်

ဆောင်ရွက် နေကြသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။ သဒ္ဓါတရား ထက်သန် တောနာ မှန်ကြသည့် အလှူရှင်တွေလည်း သီတဂူရေ အလှူတော်ငွေပဒေသာများ စိုက်ပျိုးနေကြ ပြီဖြစ်၍ တောင်စစ်ကိုင်း ချောင်တိုင်း ရေရ တော့မည်ဖြစ်ကြောင်း ရေးသားလိုက်ရ ပါ သတည်း။

တောင်စစ်ကိုင်း၊
ချောင်တိုင်း ရေရောရေး၊
ငွေပဒေသာ အလှူပင်စိုက်ကြမြဲ၊
သားတိုက်စုဝေး၊ ။

တက္ကသိုလ် မောင်မောလွင်





အရှင်ဝိစိတ္တာ(ရွှေဘို)

# ကတညုတမင်္ဂလာ (ကျေးဇူးသိခြင်း)

မေတ္တာရှေးဦး၊ ပြုပေဖူးကို၊
ကျေးဇူးသိမှု၊ ကတညုတည့်၊
ထိုသူထက်ပင်၊ ကျေးဇူးအင်ကို၊
ထင်သင်မချွတ်၊ ပြောဆိုတတ်က၊
သူမြတ်မှန်လှ၊ ကတဝေဒီ။

မဃဒေဝ(၂၅၅)

တရံရောအခါ အလောင်းစည်သူ မင်းကြီးဤသို့ ကြံတော်မူ၏။ "ငါကား ဘုန်းကြီးသော မင်းဖြစ်၍ ဇမ္ဗူသပြေပင် ရင်း သို့ ရောက် ၍ သိကြားမင်း ပေးသော အမည်ကို ခံရသည်။ သရက္ခန်ငါးပိုင်း၊ ဒက္ခိဏာသာခါ ဗောဓိခက်တို့ကိုလည်း ဘုရားရုပ်တုတော်ထု၍ ကိုးကွယ်ရသည်။ သိန်းခိုကျွန်း၊ မလ္လာယုကျွန်း၊ မာန်အောင်ကျွန်းသို့ ရောက်တော်မူ၍ အထူးထူးသော ရှုဖွယ် ကြည့်ဖွယ်တို့ကို မြင်တော်မူရသည်။ ဘိုးတော် ဘေးတော်တို့သည် ငါကဲ့သို့ ဘုန်းကြီးမည်မထင်ဟု မနောကံဖြင့် ပြစ်မှားတော်မူ၏။ ထိုခဏ၌ပင် မျက်လုံးတော်နှစ်ဘက် ကွယ်ဘော်မူလေသည်။

ဤကား အလောင်းစည်သူ မင်းကြီးသည် ကျေးဇူးမသိ၍ပြစ်မှားမိခြင်းဖြစ်၏။ ထိုအကြောင်းကိုကား ရာဇဝင်၌ စာတင်ထား၍ အများသိကြရ၏။ ထိုမှတပါး ပြစ်မှားသူများ အဘယ်မျှများ၍ အဘယ်မျှ ဒုက္ခရောက်မည်ကို စာရှုသူတို့ မှန်းဆရန်သာ ဖြစ်ပါသည်။ ထိုအမှားမျိုး မပြုမိရန် ပုဂ္ဂိုလ်တိုင်း အထူးသတိပြုသင့်လှပါသည်။

ထို့ပြင် ကျေးဇူးတရား သိတတ်သူ အဖြစ်စံဘင်ထားသော ခင်ညိုကိုလည်း လေးစားမိပါသည်။

နောင်တော် အိမ်ရှေ့မင်း ဥဇနာနှင့် ပင်လယ်မြို့စား ကျော်စွာတို့က ညီတော် စောယွမ်းအပေါ် အခဲမကျေရှိကြလေ၏။ ပင်လယ်မြို့စား

ကျော်စွာသည်ကား သာ၍ပင် မကျေမချမ်းရှိလှသဖြင့် တနေ့သောအခါ ကျွန်ရင်း ဖြစ်သော ခင်ညိုကိုခေါ်၍ ဓားအပ်ပြီးလျှင် စစ်ကိုင်းသို့ သွား၍ အသခ်ယာစောယွမ်းကို လုပ်ကြံချေဟု ခစေတော်မူ၏။

ခင်ညိုသည်း အရှင်သခင် ဖြစ်သော ပင်လယ်မြို့စား ကျော်စွာ၏ အမိန့်တော် အတိုင်း လုပ်ကြံရန် စစ်ကိုင်းဘက်သို့ အမှတ်မဲ့ ကူးပြီးလျှင် စောယွမ်းကိုလုပ်ကြံရန် အခါအခွင့်ကိုသာ စောင့်လျက်နေလေ၏။

အခွင့်မရသည်နှင့် တောတွင်း၌ သုံးရက်တိုင်တိုင် ထမင်းမစားရပဲ ပုန်းနေရလေသည်။ ထိုသုံးရက်မြောက်သောနေ့တွင် စစ်ကိုင်းမင်းသည် ရွှေစလောင်းတွင် ထမင်း မုန့် ငါး အမဲ အပြည့်အစုံထည့်ပြီးလျှင် မဟာဂီရိနတ်ကိုဘင်၍ ထား၏။

ခင်ညိုလည်း ယခုညဥ့်အချိန်မှာ အသခ်ယာ စောယွမ်းကို လုပ်ကြံတော့မည်ဟု လျှိုခြည်တိတ်တွင် ရဲဝံ့စွာနန်းဘော်သို့တက်လေရာ နတ်ဘင်ထားသောထမင်းများကိုတွေ့လျှင် ထမင်းမစားရသည်မှာလည်း သုံးရက်ရှိပြီဖြစ်၍ စားချင်လှသောကြောင့် ချုပ်တည်း၍မရပဲ နတ်တင်သော ထမင်းများကို စားလေတော့သည်။

ဝစွာ စားပြီးလျှင် စက်ပျော်လျက်ရှိသော စောယွမ်း၏ ခေါင်းရင်းက မတ်မတ်ရပ်ပြီးလျှင် မိမိစွဲကိုင်သောဓားကို ဓားအိမ်ထဲမှ ထုတ်လျက် ခုတ်ပိုင်းလိုက်မည်ဟု ကြံစည်နေစဉ်တွင် ဤသို့ အသိတရားတခုဝင်ခဲ့၏။

ငါသည် ယခု သူ့ထမင်းကိုစားရသဖြင့် ဤမင်းသည် ငါ၏ အသက်သခင်ဖြစ်ချေပြီ။ ထမင်းသခင်ကိုသတ်လျှင် သံသရာ၌ များစွာဝန်လေးလတ္တံ့၊ ဤစစ်ကိုင်းမင်းကိုမသတ်ပဲ ပြန်သွား၍ ငါ့သခင်ပင်လယ်မြို့စားက ငါ့ကိုသတ်လျှင် ယခုဘဝမျှသာ ငါသေရမည်။ ဤဘဝအတွက် သေပေစေတော့။ သံသရာ ရှည်လျားစွာ ဝဋ်ခံ၍ ထမင်းသခင်ကို ငါမသတ်ပြီဟု ဆုံးဖြတ်ကြံစည်ပြီးလျှင်၊ ချွတ်ထားသော[illegible]ကို မနှုတ်သော သွင်းခြင်းဖြင့် အိမ်ထဲသို့ သွင်းလိုက်ပြီးနောက် စစ်ကိုင်းထံသို့မရောက်ခင်ပြန်လာလေသလောဟု အရှင် ပင်လယ်မြို့စား၏ အပြစ်တော်တင်ခြင်းလည်း ကင်းလေအောင် မိမိ၏ ရဲစွမ်းသတ္တိနှင့် ထိထိ ရောက်ရောက် ဆောင် ရွက် ကြောင်းကိုလည်း ပြရလေအောင်၊အသခ်ယာ စောယွမ်း၏ လက်သုံးတော် ပတ္တမြား ကျောက်စီဓားကိုယူ၍ ပြန်လာခဲ့လေ၏။

ခင်ညိုစစ်ကိုင်းမှပြန်၍ ပင်လယ်သို့ ရောက်သောအခါ ကျော်စွာက ကိစ္စ ပြီးခဲ့ပြီလောဟု မေးတော်မူရာ အကြောင်းမျိုးစုံကို မှန်ကန်စွာ လျှောက်တင်ပြီးမှဆောင်ယူလာခဲ့သော ကျောက်စီဓားကို ဆက်သလေ၏။

ပင်လယ်မြို့စား ကျော်စွာသည်လည်း မည်သို့မျှ အပြစ်ဘင်ဟော်မမူပဲ ငါ့ကျွန်သည်ထမင်း တစလောင်းမျှနှင့်ပင် သူ့ကျေးဇူးကို သိတတ်ပေ၏။ သားမယားနှင့် နေ့စဉ် ကျွေးမွေးထားသော ငါ့ကျေးဇူးကိုမူကား အဘယ် ဆိုဖွယ်ရာရှိအံ့နည်းဟု ချီးမွမ်းတော်မူပြီးလျှင် စည်းစိမ်ချမ်းသာ ဆုလာဘ်များစွာ ပေးတော်မူ၏။

ခင်ညို၏ အဖြစ်သည် စံတင် မှတ်သားထိုက်ပါ၏။ ဤစာရေးသူ ခံယူချက် အသိကို တည့်မတ် စည်းကြပ်ပေးလာပါသည်။

သီတဂူဆရာတော်၏ တရားဓမ္မ နာကြား၍ သူတော်ရည်ပြည့်ဝနေကြသူပြည်သူများ၊ သီတဂူ

ရေချမ်း သွန်းဖျန်းသည်ကို ခံယူတော် မူကြရ
သဖြင့် ကိုယ်စိတ် နှစ်ပါး အေးချမ်း နေသူ
ဟောင်ရိုးပျော် သူတော်စင်များကား ကတညု
(ကျေးဇူးသိကြသဖြင့်) ကတဝေဒီ - (သိသော
ကျေးဇူးကို ထင်ရှားစွာ ဖော်ပြ ပြောကြားသူ
များ)ဖြစ်ကြ၍ ဝမ်းမြောက်မိပါကြောင်း။

အရှင်ဝိစက္ခဏ
ရွှေဘို

# သည်အလှ။

ပြေဇမ္ဗူ လှူဒါထုံးပါပဲ၊
ရေအလှူ လှူပါအုံးရယ်လို့၊
ပျူငှာဆုံး ဖိတ်ခေါ်ပြန့်။

ရေအကျိုး၊
ရွှေမိုးဖြိုင်ဖြိုင်ရွာတော့၊
အိုင်တကာ ချောင်း ကန် အင်းတွေနဲ့၊
ပြိုင်စရာ ပေါင်းလန်ခြင်း၊
တင်းပြည့်တဲ့ဟန်။

တောင်ဇေယျာ ရေသာတိုးယှဉ်၊
ချောင်သေလာ ဝေဆာဖြိုးပါလိမ့်၊
ဟေမာရိုး ဘယ်မကျန်၊
နတ်ဌာန်ပါ့တနိုင်း။

သည်တခွင်၊
ကမ္ဘဌာန်း ပီပြင်တဲ့၊
ရဟန်း သီလဝင်တို့၊
ကြည်ရွှင်ရွှင် ပျော်စံများတာကြောင့်၊
တခြား ရေအလှူထက်၊
ခြေမတူ သည်အလှူကျော်တယ်လို့၊
တောဝေလာ ရက္ခေပတိ၊
လောကေရွာ ဗုဒ္ဓေရှိယင်လ၊
ဟောချေကာ သုတ်တွေညှိပါလိမ့်၊
ကြားသိမဆိုင်း။ ။

မြမန်း



# နိုင်ငံတံခွန် မိုးစွန်လွင့်ထူ မြတ်သီတဂူ

[illegible]

''သားတို့ရှုပ်ရည်၊ သီတာမည်သည်၊ ချေကြည်ချမ်းမြ၊ တပေါက်ကျ၊ မိဘကိုဝမ်း၊ ငြိမ်းစတမ်း''

သားသမီးတို့၏ ရုပ်ရည်သည် မိဘများအဖို့ ရှုချင်ဖွယ်အကောင်းဆုံးဖြစ်သည် ထိုရှုချင်ဖွယ် အကောင်းဆုံး ရုပ်ရည်ကို ရွှေစင်ရုပ်နှင့်မနှိုင်း၊ သီတာရေစင်နှင့် နှိုင် ထားသည်။

အဘယ်ကြောင့်နည်း –

ရေသာရှိလျှင် လောကတွင် ပူစရာမရှိ

'ရေ–ရေ ရေကြည်ကလေးတပေါက်လောက် ပေးပါ။ သည်လောကမှာ ငါ့အတွက် အလို အပ်ဆုံးသောအရာဟာ ရေပါကလား။ ငါ့ကို ရေချို တခွက်ပေးယင် ငါပိုင်ဆိုင်တဲ့ ရွှေငွေ ရတနာအားလုံးကို ပုံပေးပါမယ်''

သောင်ကမ်းမမြင်နိုင်သည့် သမုဒ္ဒရာ ရေပြင် ကျယ်ထက်ဝယ် လှေငယ်ကလေးဖြင့် လွင့်မျော နေသော ခရီးသည်တဦး၊ အစာ ရေစာ မရှိပဲ သူလွင့်မျောနေခဲ့သည်မှာ ဆယ်ရက်ကျော်ခဲ့လေ ပြီ။ ရေဆာသည့်ဒဏ်၊ အာဟာရပြတ်လပ်သော ဒဏ်ကို သူအလူးအလဲ ခံစားနေရသည်။ အထူး သဖြင့် ရေ–ရေကို သူမချိမဆံ့ တောင်းတနေ မိသည်။

''ထမင်း အသက် ခုနစ်ရက်၊ ရေ အသက် တမနက်''ဟု ဆိုရိုးရှိသည်နှင့်အညီ တရက်တာမျှ ရေမသောက်သုံးခဲ့ရသည့်အတွက် အကြီးမားဆုံး သော ဒုက္ခဝေဒနာကို သူခံစားခဲ့ရသည်။ နယူး ယောက်မြို့နေအိမ်၌ ရေကို ဖောဖောသီသီ သူ သောက်သုံးခဲ့ရစဉ်အခါက ရေ၏တန်ဖိုးကို သူ မစဉ်းစားမိခဲ့ပါ။ ယခု ရေလုံးလုံး ပြတ်တောက် နေသောအခါတွင်မှ ရေ၏တန်ဖိုး ကြီးမားပုံကို သူစဉ်းစားမိတော့သည်။

ကံကောင်း ထောက်မ၍ လှေအနားတွင် ပေါ်လာသော ငါးပူတင်း တကောင် နှစ်

ကောင်၊ ငါးကလေး ဟကောင်နှစ်ကောင်တို့ကို သူ ဖမ်းယူစားသောက်နိုင်ခဲ့သဖြင့် သူငွေ့ ဗင့် ကလေး အသက်ရှင်နေနိုင်ခြင်းဖြစ်သည်။

တလကြာသော အခါ ထိုသူကိုကုန်သင်္ဘော တစင်းက ကယ်တင်ပေးလိုက်သည်။ သူ၏ခန္ဓာ ကိုယ်အနံ့မှာ အလွန်ဆိုးဝါး နေသည့်အတွက် သင်္ဘောသားများပင် နှာခေါင်းပိတ်ထားကြရ သည်။ သူ့အား ရေမိုးချိုးပေးပြီး အဝတ်အစား လဲပေးလိုက်သောအခါ အနံ့အသက် ပျောက် သွားတော့၏။

ရေလောက် အညစ်အကြေးကို ဆေးကြော သန့်စင်နိုင်သော အခြားအရည် တမျိုးသည် မရပါချေ။

ရေလောက် ခွန်အားပြတ်ပြီး ခွေနုံးပန်းလျှ နေသူအား အားသစ် ဆက်ကာ ရွှင်ပြုံးလန်း ဆန်းစေနိုင်သော အားဆေးသည်လည်း မရှိ ပါချေ။

ရေကို ဝဝလင်လင် သောက်သုံးနေ ရလျှင် လောကမှာ အခြားပူပင်စရာမရှိတော့ဟု သမုဒ္ဒ ရာတွင် တလကြာ လွင့်မျောနေခဲ့ရသူက ဆို၏။ အလွန်မှတ်သားစရာကောင်းသော ဘဝသင်ခန်း စာပါပေ။

## အထူးခြားဆုံးသော ဓာတ်ပစ္စည်း

ရေသည် ဓာတုဗေဒ အမြင်အရ အထူးခြား ဆုံးသော ဓာတ်ပစ္စည်း ဖြစ်၏။ ရေ၏ ဓာတုဗေဒ သင်္ကေတမှာ 'အိပ် ချ် တူးအို'' ($H_2O$) ဖြစ်၏။ ရေမော်လီကျူးကလေး တခုတွင် ဟိုက်ဒရိုဂျင် အဏုမြူ ၂ ခုနှင့် အောက်ဆီဂျင် အဏုမြူ ၁ခု ပါရှိကြောင်းကို ဖော်ပြ၏။

ရေသည် အကောင်းဆုံးသော ဖျော်ရည်ဖြစ် ၏။ ဂလူ့ကို့၊ ဗီတာမင်ဓာတ်များ၊ ဓာတ်ဆား အမျိုးမျိုးနှင့် အညစ်အကြေးများသည် ရေတွင် ပျော်ဝင်နိုင်ကြ၏။ ဤအကြောင်းကြောင့် ခန္ဓာ ကိုယ်နှင့် အဝတ်အစားများမှ အညစ်အကြေး များကို ရေဖြင့် ဆေးကြောပစ်နိုင်ခြင်း ဖြစ်၏၊

ဓာတ်ပြောင်းလဲခြင်း များစွာတို့သည် ရေရှိ မှ ဖြစ်ပေါ်နိုင်ကြ၏၊ ခန္ဓာကိုယ် အတွင်းဓာတ် ပြောင်းလဲခြင်းများသည်လည်း ရေပေါ်တွင် တည်မှီနေရ၏။

လူ့ခန္ဓာကိုယ် ဆယ်ပုံ ခုနစ်ပုံသည် ရေဖြစ် ၏။ ပေါင် ၁၀၀ရာ လေးသော လူတဦး၏ခန္ဓာ ကိုယ်တွင် ပေါင် ၇၀ သည် ရေ၏ အလေးချိန် ဖြစ်၏။ လူ၏ သွေးသည် အဓိကအားဖြင့်ရေသာ ဖြစ်၏။ ထို့ရေတွင် သွေးနီဥများ၊ သွေးဖြူဥ များ၊ အဟာရဓာတ်များ နှင့် ဓာတ်ဆားများ ပါဝင်နေခြင်းဖြင့် သွေး၏ အာနိသင် ဖြစ်ပေါ် လာ၏။

ထိုသွေးသည် ခန္ဓာကိုယ် တခုလုံးသို့ ပျံ့နှံ့ ကာ လည်ပတ်နေခြင်းဖြင့် အဟာရဓာတ်များ နှင့် အောက်ဆီဂျင်ဓာတ်ကို ကုဋေပေါင်းများစွာ အရေအတွက်ရှိသောဆဲလ်များ(ဝါ)ရုပ်ကလာပ် များသို့ ပို့ပေး၏။ ဤရုပ်ကလာပ်များသည် ရုပ်ဇီဝိတိန္ဒြေခေါ် ရုပ်အသက်ကိုယ်စီရှိပြီး ဇီဝ ကမ္မကိစ္စများကို ဆောင်ရွက်နေကြရ၏။ သွေးမှ လိုအပ်သော အာဟာရဓာတ်ကို ထုတ်ယူပြီး လျှင် မိမိတို့ဆီမှ မလိုအပ်သော အညစ်အကြေး များကို သွေးသို့ စွန့်လွှတ်ကြ၏။

သွေးတွင်ပါရှိသော ထိုအညစ်အကြေးများ ကို ကျောက်ကပ် နှစ်ခုက စစ်ထုတ်ယူပြီးလျှင် ဆီးမှတဆင့် ခန္ဓာကိုယ် ပြင်ပသို့ စွန့်ထုတ်ရ၏။ ထိုသို့ မစွန့်ထုတ်နိုင်လျှင် သွေးထဲ၌ အညစ် အကြေး များလာပြီး အဆိပ်အတောက်ဖြစ်ကာ အသက်ကို အန္တရာယ်ပြုတော့သည်။

ထို့ကြောင့် ခန္ဓာကိုယ်၏ ဇီဝကမ္မ ကိစ္စရပ် များအတွက် ရေသည် မပြတ်မလပ်အောင် လို အပ်သော အရာဖြစ်၏။ မော်တော်ကားအင်ဂျ

သည် ခေါက်ဆွဲပြုတ်လျှင် ရပ်တန့်သွား သကဲ့သို့ ခန္ဓာကိုယ်သည်လည်း ရေပြတ်လျှင် ဇီဝိန်ပြတ်ကြွေသွားမည်ဖြစ်၏။ ဤအကြောင်းကြောင့်-

"ဥဒကံနာမ သဗ္ဗသတ္တာနံ အာယု" ရေသည် သတ္တဝါအားလုံးတို့၏အသက် သွေးကြောပေတည်း။

### လေးကကြီး၏ အသက်

ရေရှိသောကမ္ဘာ၌သာ အပင်များ ပေါက်နိုင်ပြီး ထိုအပင်များကို မှီခိုစားသုံး၍ အသက်ရှိသတ္တဝါများ ဖြစ်ထွန်းနိုင်ပါသည်။

လကမ္ဘာတွင် လေနှင့်ရေမရှိပါ။ ထို့ကြောင့် အပင်များလည်း မရှိ၊ သတ္တဝါများလည်း မရှိ၊ ဆိတ်သုဉ်းနေသော လွင်တီးခေါင်ဒေသသာ ဖြစ်ပေ၏။

သို့သော် လ ကျောက်ဆောင်ကြီး များ အကြား၌ ရေရှိသည်ဟု သိပ္ပံပညာရှင်များ သိကြရ၏။ ထိုရေကို နေရောင်ခြည်မှ ထုတ်ယူနိုင်သော လျှပ်စစ်ဓာတ်ဖြင့် ဖြိုခွဲလိုက်လျှင် ဟိုက်ဒြိုဂျင် ဓာတ်ငွေ့နှင့် အောက်စီဂျင်ဓာတ်ငွေ့တို့ကို ရရှိမည်ဖြစ်၏။ အောက်စီဂျင်ဓာတ်ငွေ့ကို အသက်ရှူရန် အသုံးပြုနိုင်ပြီး ဟိုက်ဒြိုဂျင်ကိုလောင်စာအဖြစ် အသုံးပြုနိုင်၏။ ထို့ကြောင့် မကြာသေးသော ကာလတွင် လကမ္ဘာ၌ လူအများ အခြေချကာ နေထိုင်ကြပေတော့မည်။

ရေရှိသောအရပ်သည် သစ်ပင်ပန်းမန်များနှင့် စိမ်းလန်းစိုပြေ၍ သက်ရှိသတ္တဝါများနှင့် စည်ပင်ဝပြောနေ၏။ ရေပြတ်လတ်သောအခါ၌ကား သဲသာန်တစပြင် ကဲ့သို့ ဆိတ်သုဉ်းခြောက်သွေ့သွားပေတော့၏။

၁၉၈၂ ခုနှစ်အတွင်းက ဩစတြေးလျနိုင်ငံသို့ ပညာရေးကိစ္စဖြင့် စာရေးသူ ခေတ္တရောက်သွား၏။ ဩစတြေးလျနိုင်ငံသည် မြန်မာနိုင်ငံ၏ မိုးခေါင်ရေရှား ရပ်ဝန်းဒေသ၌ ရေရရှိရေးအတွက် အထောက်အကူပေးနေသော နိုင်ငံဖြစ်ပေ၏။ လူဦးရေ ၁၄ သန်းမျှသာ ရှိသော်လည်း နိုင်ငံ၏ အကျယ်အဝန်းမှာ ဩစတြေးလျတိုက် တခုလုံး ကျယ်ဝန်းနေသည့် အတွက် ဩစတြေးလျ နိုင်ငံသည် အလွန် ကြယ်ဝသော နိုင်ငံတခု ဖြစ်၏။

သို့သော် ကျွန်တော် ရောက်သွားသော ကာလ၌ သီးနှံအထွက်များသည့် ပြည်နယ်ကြီး နှစ်ခုတွင် မိုးခေါင်သည့်ဒဏ်ကို ၂ နှစ်ဆက်တိုက် ခံနေရသဖြင့် ဩစတြေးလျလယ်သမားကြီးများသည် စီးပွားပျက်ကာ ခြုံသံပါအောင် ညည်းညူနေကြ၏။ လယ်ကွင်း ကျယ်ကြီး များသည် ဝါကြန့်သွေ့ခြောက်နေကြပြီး အစာရေစာ ပြတ်လတ်နေသည့် သိုးအုပ်များမှာလည်း အရိုးပေါ် အရေတင်ရုံမျှသာ ရှိနေကြ၏။ မျက်စိများ ပေကလပ်ပေကယပ်နှင့် သေမင်း၏ ဆင့်ခေါ်မည့်အချိန်ကို ငံ့လင့်နေကြ၏။ လယ်သမားအချို့တို့သည် မိမိတို့၏ ထောင်ပေါင်းများစွာသော သိုးယေ်တို့ကို ဒုက္ခဝေဒနာ မရှည်ကြာစိမ့်သောငှာ သေနတ်များဖြင့် ပစ်သတ်လိုက်ကြ၏။

အလွန် တုန်လှုပ်ချောက်ချားဖွယ် ကောင်းသည့် မြင်ကွင်းပါပေ။

ယခုအခါ အာဖရိကတိုက် မြောက်ပိုင်း၌ သုံးနှစ်ဆက်တိုက် မိုးခေါင်လျက် ရှိ၏။ ကမ္ဘာ့အကြီးဆုံး သဲကန္တာရဖြစ်သည့် ဆာဟာရ သဲကန္တာရကြီးသည် လျင်မြန်စွာ ကျယ်ပြန့်နေ၏။ ထိုသဲကန္တာရကြီး၏ လွှမ်းမိုးလာခြင်းကို ခံကြရသော မြို့ရွာပေါင်းများစွာမှ လူသန်းပေါင်းများစွာတို့သည် ရေကြည်ရာ မြက်နုရာသို့ အစဉ်တစိုက် မရပ်မနား ပြောင်းရွှေ့နေကြရ၏။

သူတို့ ဖြတ်သန်းသွားရာ ခရီးလမ်းတလျှောက်၌လည်း အစာရေစာများကို မရရှိနိုင်ကြသဖြင့် ခွန်အားပြတ်၍ လမ်းပေါ်တွင်ပင် လဲခွေသွားကြသော လူအပေါင်းမှာ ရာဂဏန်း ထောင်ဂဏန်းကိုပင် ကျော်လွန်နေပေ၏။

အစာရေစာ ပြတ်မှုကြောင့် ချဒ်နိုင်ငံတွင် ရက်သတ္တပတ်လျှင် လူ ၂၅၀ ကျော် သေဆုံးနေကြပြီး အီသီယိုးပီယားနိုင်ငံတွင် တရက်လျှင် လူ ၂၅၀ ခန့် သေဆုံးနေကြ၏။ပြင်ပ တိုင်းနိုင်ငံများမှ အချိန်မီအထောက်အပံ့မရလျှင် လူပေါင်းသန်းချီ၍ သေဆုံးလိမ့်မည်ဟု ကမ္ဘာ့ကုလသမဂ္ဂ၏ ရိက္ခာအဖွဲ့က ကြော်ငြာထားပေ၏။

ဤမိုးခေါင်ရေရှားး၌ ရိက္ခာခေါင်းပါးသော ဒေသများ၌ ရွှေငွေအသဗျာတို့သည် တန်ဖိုးမရှိပါချေ။ ရွှေငွေကို ပုံပေး၍ ရိက္ခာကို ဝယ်ခြမ်း၍ မရ။ ငွေရောင်းချစရာဟူ၍ ရိက္ခာ တစိုးတစိမျှ မရှိသောကြောင့်ပေတည်း။

ထို့ကြောင့် ရေသည် လောက၏ အသက်၊ သတ္တဝါတို့၏ အသက် သွေးကြော ပေတည်း။

## အမြတ်ဆုံးအလှူ သီတဂူ

ရေလွယ်သော အရပ်ဒေသတို့၌ ရေတွင်း ရေကန်များမှ ရေကို အခမဲ့ သယ်ယူနိုင်ပါ၏။ သို့အတွက် လမ်းဆုံလမ်းခွများ၌ စင်ကလေးထိုးကာ ရေတအိုး လှူဒါန်းရခြင်းသည် တန်ဖိုးအားဖြင့် မများလှပါ။သို့သော် အကျိုးကျေးဇူးအားဖြင့်ကား အလွန်ကြီးမားလှ၏။

သတ္တဝါတို့၏ အသက်သွေးကြောဖြစ်သည့် ရေကြည်တခွက်ကို အလွန်လိုအပ်နေသည့်အချိန်၌ ရေဆာငလောင်မွတ်သိပ်နေသူအား ပေးလှူရခြင်းသည် အမြတ်ဆုံး ဝတ္ထုကိုပေးလှူရခြင်းပင် ဖြစ်ပေ၏။

ဗုဒ္ဓမြတ်စွာနှင့် ရဟန္တာအရှင်မြတ်တို့အား အလွန်လိုအပ်နေသည့် အချိန်၌ ရေတအိုးပေးလှူခဲ့ရသော ထုဏ္ဏဂူသူသည် အလွန်ကြီးကျယ်ခမ်းနားသော နတ်စည်းစိမ်ကို ရရှိသွားသည်မှာ ယုံမှားစရာ မရှိချေ။

ရောင်ခြည်နုအေးအေးကို ပေးဆောင်တတ်သော သော်တာလမင်းကို "စန်းလသီတဂူ"ဟု လူတို့ ခေါ်ဝေါ်ကြ၏။ အလားတူ အေးမြသည့် သောက်ရေကြည်ကို ပေးလှူရခြင်းကိုလည်း "သီတဂူ ရေအလှူ"ဟု မှတ်ယူနိုင်ပါ၏။

အမှန်မှာ"သီတဂူ ရေအလှူ"၏ အေးမြခြင်းသည် "စန်းလသီတဂူ"၏ အေးမြခြင်းထက် အဆရာထောင်မက သာလွန်ပါ၏။

နတ်သုဒ္ဓါဆေးတမျှ အရေးပါလှသော သောက်ရေကို သူတော်စင် အပေါင်းတို့အား ပေးလှူရခြင်းကြောင့် စည်းစိမ်ဥစ္စာ အာဏာဂုဏ်သိန်နှင့် ပြည့်စုံခြင်း။ ကာယခွန်အား၊ ဉာဏခွန်အား နှစ်ပါးနှင့် ပြည့်စုံခြင်း အခြေအရံပေါများခြင်း၊ ကျန်းမာအသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊အသားအရေ ချောမွတ်ဝင်းဝါ၍ ကိုယ်ရနံ့ သင်းပျံ့မွှေးကြိုင်ခြင်း၊ကျော်စောထင်ရှားခြင်း စသည့် လောကီမင်္ဂလာ ကောင်းခြင်း အဖြာဖြာကို ရရှိခံစားရမည့်အပြင် ရေငတ်မွတ်ခေါင်းပါးရသည့် ဒုဗ္ဘိက္ခန္တရ ကပ်ဆိုးကြီးများနှင့်သည်း ကင်းဝေးရမည် မုချတည်း။

ထိုမျှသာမကသေး၊ အဆုံးစွန်သော ဘဝ၌ ကိလေသာ အညစ်အကြေး အဝဝမှ သန့်စင်ကင်းပ၍ နိဗ္ဗာနဓာတ်ဖြစ်သည့် သီတဂူချမ်းသာ အစစ်ကိုပင် ရရှိခံစားရမည် ဖြစ်ပါသည်။

ပဒေသာပင်ရိပ်များမှ ရေချမ်းစင်များသည် ပြည်မြန်မာကို အလှဆင်နေကြသည်။ ဤအလှရတနာမျိုးကို အနောက်နိုင်ငံများ၌ မတွေ့ခဲ့ရ၊ မြတ်ဗုဒ္ဓဒေသနာ ကမ္ဘာအနှံ့ ပြန့်သောအခါမှ ရေချမ်းစင်အလှသည် ကမ္ဘာ့နှံ့ပေလိမ့်မည်။

## ဇေယျာနံ့တိုင်း စစ်ကိုင်းကပေါ

ကျွန်တော် တက္ကသိုလ် ကျောင်းသားဘဝတွင် စစ်ကိုင်းဆောင် ဒိုးပတ်သည့် ပွဲတိုင်း ကျော်အောင် လက်သံပြောင်ခဲ့ပေသည်။

''မင်းတို့တ တွ-မင်းတို့တတွေ-ဘယ်ကမေး စစ်ကိုင်းဆောင်ကလေး။''

'အဆောင် အဆောင်-စစ်ကိုင်း ရွှေသား မောင်ဘို့ ပါ ရွှေလက်ဆောင်'' စသည့် သံချပ်ဘေးသံများနှင့် ''ဇေယျာနံ့တိုင်း စစ်ကိုင်းကပေါ စစ်ကိုင်းကပေါ''ဟူသော ကြွေးကြော်သံတို့သည် တက္ကသိုလ်နယ်ခိုတွင် မိုးခြိမ့်ခြိမ့်ညံခဲ့သည်။

ယခုအခါ ထိုကြွေးကြော်သံသည် စစ်ကိုင်းတောင်ရိုးပေါ်မှ ''သီတဂူ ရေအလှူပွဲကြီး'' နှင့် ဆက်စပ်သွားပေတော့၏။

တက္ကသိုလ်များ မမွာရုံ၌ သဲကုန်းဆရာတော်အရှင် ဉာဏိဿရ၏ ၂၈-၆-၈၄ ရက်နေ့မှ ၄-၇-၈၄ ရက်နေ့အထိ တပတ်ကြာ တရားပွဲအတွင်း၌ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများ၊ ဆရာ ဆရာမများနှင့် မိဘပြည်သူများသည် ဆရာတော်ဦးစီးသည့်''သီတဂူ ရေအလှူ'' သို့ ငွေ ၁၂,၈၆၈-ကျပ်တိတိကို လှူဒါန်းခဲ့ကြပါသည်။

ပြည် မြန်မာတလွှားမှ အားတက်သရော ခြိမ့်ခြိမ့်သဲ လှူဒါန်းကြသော အလှူတော်ငွေများဖြင့် သီတဂူစီမံကိန်းသည်ကြည်လင်အေးမြသည့် ဧရာဝတီမြစ်ရေကို စစ်ကိုင်းတောင်ရိုးပေါ်သို့ ဒလဟော ပင့်တင်ပေးနေပေပြီ။

''သီတဂူရေအလှူပွဲကြီး''ခြိမ့်ခြိမ့်သည်းကျော်ကြားနေသလို စစ်ကိုင်းတောင်ရိုးသည်လည်း ယနေ့မြန်မာနိုင်ငံတွင် အလွန် ထူးခြားနေပါသည်။

စစ်ကိုင်းတောင်သည် ဧရာဝတီမြစ်ကမ်းနဖူးတွင် မေးတင်လျက် တောင်ထွတ်ပေါင်း ၅၀ ကျော်နှင့် ထိုပေါင်ထွတ်တိုင်းတွင် စေတီတဆူစီစံပယ်ကာ အလွန်တင့်တယ် လှနေပေ၏။ တောင်စောင်းနှင့် တောင်ခြေများတွင် ဂူပုထိုးတန်ဆောင်းများနှင့်တကွ ချောင်ပေါင်း ၄၀၀ ကျော်ရှိရာ ရဟန်း သာမဏေ သီလရှင်နှင့် သူတော်စင်များ ၅၀၀၀ ခန့်တို့သည် အတည်တကျ သီတင်းသုံးလျက် ဂန္ထဓူရ၊ ဝိပဿနာဓူရတို့ဖြင့် သာသနာအလုပ်ကို အားထုတ် ကြိုးပမ်းနေကြပေ၏။

တနည်းဆိုသော် စစ်ကိုင်းတောင်တခုလုံးသည် စေတီပုထိုး တန်ဆောင်းများနှင့် သူတော်စင်အပေါင်းတို့၏ စံပျော်ရာ ပန်းမျိုးစုံတင့်လန်းသည့် သာသနာ့ ပန်းဥယျာဉ်ကြီးအသွင် အလွန် ရှုချင်စဖွယ် ကောင်းလှပေ၏။

ဤအကြောင်းကြောင့်လည်း မန္တလေးမြို့ဘက်သို့ ဘုရားဖူးရန် လာရောက်ကြသော ပြည်တွင်းပြည်ပ ဧည့်သည် တော်များသည် စစ်ကိုင်းတောင်အရောက် ခရီးဆက်ကြသည်သာ ဖြစ်၏။ နိုင်ငံခြား ဧည့်သည်တော်များသည် စစ်ကိုင်းတောင်၏အလှကို ချီးမွမ်းထောမနာ၍ မဆုံးနိုင်အောင် ရှိနေကြ၏။

ယခုမူ သီတဂူရေအလှူတော် စီမံကိန်းသည် စစ်ကိုင်းတောင်အနှံ့ ချောင်တိုင်းသို့ ရေပေးဝေနိုင်အောင်ပေဘသောင်းရှည်လျားသည့် ပိုက်လုံးများကို သွယ်တန်းထားပြီးဖြစ်လျက် သူတော်စင်တဦးလျှင် ရေဂါလံ ၂၀ ကျနှုန်းဖြင့် တနေ့လျှင် ရေဂါလံတသိန်း ပေးလှူနိုင်အောင် ကြိုးပမ်းလုပ်ဆောင်နေပေ၏။

သူတော်စင် ၅၀၀၀ ခန့်ကို တနေ့ရာတည်း စုပေါင်း၍ နေ့စဉ်ရက်ဆက် ကမ္ဘာတည်သရွေ့

ရေလှူဒါန်းမည့် သီတဂူ ရေအလှူစီမံကိန်းကြီးသည် အလွန်အလွန် ထူးကဲမွန်မြတ်သည့် ကုသိုလ်လုပ်ငန်းကြီး ဖြစ်ပေ၏၊

သီတဂူရေကို ချိုးသုံးပြီး၍ လှူကျလာသောရေများကို အလဟဿမဖြစ်စေပဲ မြောင်းငယ်ကန်ငယ်များပြုလုပ်ကာ ဥယျာဉ်ပန်းမန်များဖြစ်သွန်းအောင် ပြုစုပျိုးထောင်ကြမည် ဆိုပါလျှင် စစ်ကိုင်းတောင်အလုံးသည် စိမ်းလန်းစိုပြေဖူးပွင့်ဝေ၍ လှသထက်လှ၊ ယဉ်သထက်ယဉ်လှဘုရင်ခေါင်မှူး ဖြစ်လာမည် မလွဲတည်း။

သူတော်စင်အပေါင်းတို့သည် ချမ်းမြေ့သာယာ သီတင်း သုံးနိုင်ကြပါစေ။

အလှူရှင်အပေါင်းတို့သည် လန်းဆွေ့ဝေဖြာ ကုသိုလ် ပွားနိုင်ကြပါစေ။

စစ်ကိုင်းတောင်ရိုးအလုံးသည် မြဖုံးဝေဆာ ဘုန်းကျက်သရေ ဖြာနိုင်ပါစေ။

သီတဂူ စီမံကိန်း အခွန့်ရှည်စွာ တည်ပါစေသတည်း။

ဒေါက်တာ မင်းတင်မွန်
အတွင်းရေးမှူး
တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်း

## တောင်ဇေယျာမှ သီတာစန်း

သီတဂူမည်၊
စန်းရောင်ခြည်ကြောင့်၊
ထူးသည်နွေ၊
ကျောက်ကန္တမ္မ၊
အေးမြကြည်စွာ၊
ရေသီဘာဘို့၊
စိမ့်ကာထွက်ယို၊
ခုနိုင်းဆိုသို့၊
ပုံလိုကြည်ဖြူ၊



သီတဂူဟု၊
ရေလှူဖော်ညွှန်း၊
လပြည့်ဝန်းကြောင့်၊
ထက်စွန်းသေလာ၊
တောင်ဇေယျာမှ၊
ဝေဖြာဆွတ်ဖျန်း၊
သီတာစန်းသည်၊
မခန်းအံ့ဖွယ် ထွက်စေသော်။ ။




''မညီညွတ်ခြင်း ငြင်းခုံခိုက်ရန်ဖြစ်ပွားခြင်း
ကို ပျက်စီးဘတ်သော ''ဘေး'' ဟုမြင်၍
ငြင်းခုံခိုက်ရန်မရှိ စည်းဝေးညီညွတ်ခြင်း
ကို ဘေးဘျမ်းမရှိ 'ချမ်းသာ၏' ဟုမြင်ပြီး
၍ ညီညွတ်ကုန်သည် အပြေအပြစ် ရှိကြ
ကုန်သည် ဖြစ်ကြကုန်သည်'' ဟူ၍

ဘုရားအဆူဆူဆုံးမတော်မူခဲ့၏။''

(ယောအတွင်းဝန်ဦးဘိုးလှိုင်)

(ဒေါက်တာ မောင်မောင်၏ မြန်မာနိုင်ငံရေး ခရီးစဉ်နှင့် ပိုလ်ချုပ်ကြီးနေဝင်း စာအုပ်မှ)

မီးသတ်ဦးစီး ဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြီးမြင့်၏ စစ်ကိုင်းတောင်ရိုး မီးဘေးကာကွယ်ရေး တာဝန်ပေးချက်အရ စစ်ကိုင်းတောင်ရိုး သီတဂူ ရေအလှူဘော်အဖွဲ့ သီတဂူဆရာဘော်ထံသို့ စာရေးသူသည် ၁၉၇၄ခုနှစ် ဇွန်လ ဦးတွင် တိုင်းလုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင် ဦးသန်းစိန်၏ ပို့ဆောင်မှုကြောင့် ရောက်ရှိခဲ့ပါသည်။

စစ်ကိုင်းဘောင်ရိုး၏ ရေ ရရှိရေး အစီအစဉ်များကို စိတ္တသုခချောင်မှကပ္ပိယကာရကအဖွဲ့ဝင် ဦးတင်ဦး၏ ပို့ဆောင်မှုကြောင့် တချောင်ဝင်တချောင်ထွက် နေရာအနှံ့ အသေးစိတ် လေ့လာခွင့် ရရှိခဲ့ပါသည်။

သီတဂူ အောင်ပွဲ ညီညွတ်မှုအောင်ပွဲ၊ ညီညွတ်မှု၏ ရလဒ်၊ ညီညွတ်မှု၏ အပြေအပြစ်ရှိမှု

ကောင်းခြင်း မဂ်သာများကို အံ့ညြှမ့်၊ ကျေနပ် နှစ်သိမ့် အားရမှုများနှင့်အဘူ ဝမ်းမြောက်စွာ လေ့လာခွင့် ရရှိခဲ့ပါသည်။

သီတဂူ ရေအလှူတော်အဖွဲ့နှင့် တိုင်ပင် ဆွေးနွေးကာ စစ်ကိုင်းတောင်ရိုး မီးဘေး ကာကွယ်ရေးအစီအစဉ်ကိုဆောင်ရွက်ခဲ့ပါသည် လက်ရှိအခြေအနေအထိ အောက်ပါမီးဘေး ကာကွယ်ရေး အစီအစဉ်များကို ဆောင်ရွက် ပြီးစီးခဲ့ပါသည်-

၁။ သီတဂူ ရေအလှူတော် စီမံကိန်းမှ ရေ ပိုက်လိုင်းများတွင် မီးငြိမ်းသတ်ရန် ရေ ရရှိရေးအတွက် မြေပေါ် မီးသတ်ပိုက် ခေါင်းများ တပ်ဆင်ရန် နေရာရွေး ချယ်ခြင်း၊

၂။ သီတဂူ ရေအလှူတော်အဖွဲ့ အကူအညီ ဖြင့် မြေပေါ် မီးသတ်ပိုက် ခေါင်းများ အသစ်စတင် တည်ထွင်ခြင်း၊

၃။ တည်ထွင်ပြီးသော မြေပေါ်မီးသတ်ပိုက် ခေါင်း စမ်းသပ်ဖွင့်လှစ်၍ ရေဖိအား တိုင်းတာခြင်း၊

၄။ မြေပေါ် မီးသတ်ပိုက်ခေါင်း များမှ တဆင့် မီးသတ်စက်သို့ ရေပေးပို့မှု စနစ် စမ်းသပ်ခြင်း၊

၅။ မြေပေါ် မီးသတ်ပိုက်ခေါင်းများကိုသာ သီးသန့် အသုံးပြု၍ မီး ငြိမ်းသတ်ရေး စနစ် စမ်းသပ်ခြင်း၊

၆။ မြေပေါ် မီးသတ်ပိုက်ခေါင်းနှင့်မီးသတ် စက်တို့ ပူးပေါင်း အသုံးပြု၍ မီးငြိမ်း သတ်ရေး စနစ် စမ်းသပ်ခြင်း၊

၇။ လက်ရှိ အခြေအနေအထိ ပြီးစီးခဲ့သော မီးဘေးကာကွယ်ရေး ဆောင်ရွက်ချက် များအား အထက် ဗဟိုမီးသတ် ဦးစီး ဌာနသို့ တင်ပြ အစီရင်ခံခြင်း၊

၈။ မြေပေါ် မီးသတ်ပိုက်ခေါင်းများ ဆက် လက်တိုးချဲ့ တပ်ဆင်ရန် နေရာရွေး ချယ်ခြင်းနှင့် လိုအပ်သော ပစ္စည်းကိရိ ယာများ ရရှိရန် ဆောင်ရွက်ခြင်း၊

၉။ မြေပေါ် မီးသတ်ပိုက်ခေါင်းများကိုသာ သီးသန့် အသုံးပြုလျက် မီးငြိမ်းသတ်ရန် ပစ္စည်းကိရိယာများ ရရှိရန် ဆောင် ရွက်ခြင်း၊

၁၀။ မြေပေါ် မီးသတ်ပိုက်ခေါင်းများ လုံခြုံ ရေး သက်တမ်းကြာရှည်စွာ တည်ရှိရေး အတွက် ထိန်းသိမ်းမှု စနစ်များ တည် ထွင်ခြင်း။

အထက်ပါ မီးဘေးကာကွယ်ရေး အစီအစဉ် များ ဆောင်ရွက်ပြီးစီးခဲ့သဖြင့် စစ်ကိုင်းတောင် ရိုး အတွင်းတွင် မီး ၁၁ မီးကို ငြိမ်းသတ်ရန် ကြိုးစားကျင့်ကြံ နေတော်မူကြသော ရဟန်း၊ သံဃာ၊ သီလရှင်၊ သူတော်စင်များနှင့် ဒ‌ေဖိုး တန် ရှေးဟောင်း သာသနာ့ အဆောက်အအုံ များအတွက် အပြင်မီးဖြစ်သည့်မီးဘေးအန္တရာယ် ကို အထိုက် အလျောက် ကာကွယ်ပေး နိုင်ပြီ ဖြစ်ပါသည်။

''သစ်တပင်ကောင်း ငှက်တသောင်းနား' ဆိုစကား ဥပမာအတိုင်း သီတဂူ ရေအလှူ' တော် သစ်ပင်ကြီး ကောင်းသည်ထက် ကောင်း အောင် ထိန်းသိမ်း စောင့်ရှောက်ရန်မှာ အလွန် အရေးကြီး လှပါသည်။

သို့မှသာ သီတဂူ ရေအလှူတော်နှင့် ဆက် နွယ်လျက်ရှိသော စစ်ကိုင်းတောင်ရိုး မီးဘေး ကာကွယ်ရေး အစီအစဉ်များမှာ ဆက်လက် တည်မြဲကောင်းမွန်နေမည် ဖြစ်ကြောင်း တင်ပြ အပ်ပါသည်။

**ကိုဇော်ဝင်း တိုင်းမီးသတ်ဦးစီးဌာနမှူး**
**(မ/၁၈၉၄/ဦးဇော်ဝင်း)**



# “သီတဂူ”

* တို့များသီတဂူ၊ ရေအလှူကား၊
ရှင်လူသာမု၊ နတ်သာဓုနှင့်၊
သာဓုပြဟ္မာ၊ ကောင်းချီးပြာ၍၊
ဟေမ္ဘာကုန်ကျွန်း၊ စံမော်ကွန်းတည့်၊
ခွန်းဆင့်မြိုင်မြိုင်၊ ဘဝဂ်တိုင်လိမ့်။

* အိုင်သာနေ့တတ်၊ ခွေခွေပတ်၍၊
ရပတ်မောင်းနှင်၊
စက်ကောင်းဆင်သို့၊
ကောင်းကင်လျှံတက်၊
တဖန်သက်၍၊ စဉ်ဆက်ဆွေသွန်၊
ဟေမဝန်က၊ ရေပွန်ဖြာစီး၊
တစီးစီးလျှင်၊ မြစ်ကြီးငါးသွယ်၊
လျှမ်းလျှမ်းကယ်၍၊ မြစ်ငယ်အများ၊
လက်ဘက်ပွားသို့၊ တို့များသီတဂူ၊
ရေအလှူကား၊ လူရှင်အလုံး၊
ချီးမြှောက်သုံးဖို့၊
ပတ်ကုံးဝန်းလျား၊ တောင်ထိပ်ဖျားထိ
ယန္တရားစက်ဆင်၊ ပို့လွှတ်တင်၍၊
စိမ်းရှင်ဝေဆိုင်း၊ တောင်စစ်ကိုင်းဝယ်၊
ချောင်တိုင်းချမ်းသာ၊ လန်းလန်းဖြာခဲ့။

* တို့များသီတဂူ၊ ရေအလှူကား၊
ရှင်လူအကျိုး၊ ရည်မျှော်ကိုးသည်၊
လူမျိုးသာဝရ၊ မြတ်ပုညမို့၊
ရာလအရှည်၊ ကပ်လုံးတည်စိမ့်၊
ကြံစည်အာရုံ၊ နိမိတ်ပုံဖြင့်၊
တလုံလဲလဲ၊ စိတ်ဝယ်စွဲ၍၊
ရစ်ဝဲငွေ့ငွေ့၊ ထပ်ပြန်လေ့ဖြင့်၊
အောက်မေ့သောအား၊ ကုသိုလ်ပွားအံ့။

တို့များသီတဂူ၊ ရေအလှူကား၊
လူတွင်အမြတ်၊ နတ်တွင်အမွန်၊
မိုးစွန်ဇာတိ၊ ဗြဟ္မာထိအောင်၊
“ပီတိသဒ္ဓါန”၊ ဝမ်းမြောက်ရအံ့၊
ဗကအမော်၊ ဗြဟ္မာကျော်အား၊
ရှေးသရော်ဘဝ၊ တခါကလျှင်၊
ဒါနလှူမျိုး၊ ရေအကျိုးကြောင့်၊
ဖြိုးဖြိုးလျှံပ၊ သင်းစံရဟု၊
ဗုဒ္ဓမြတ်စွာ၊ ဟောဖူးပါ၏၊
ပူဆာအာသဝ၊ ကိလေသနှင့်၊
ကာမဝိပါက်၊
ဝဋ်သုံးချက်မှ၊ လွတ်ထွက်ကုန်စင်၊
မြိုက်ရေဝင်မှ၊ ပူပင်ငြိမ်း ပျောက်မည်
တကား။ ။

သီတဂူအရှင်



အရှင်ကာဝိသာရ၊ ဝေဇယန္တာ။

ကျေးဇူး-ကျေးဇူးဟူသော စကားကိုအများ သူငါ ပြောဆိုနေကြ၏။ ကျေးဇူးတင်ပါတယ်၊ ကျေးဇူးရှင်၊ တလုပ်ကျွေးဖူး သူ့ကျေးဇူး၊ ကျေးဇူးကန်းတယ်၊ ကျေးဇူးရှင်မို့ ကျေးစွပ်တာ စသည်ဖြင့် လူတိုင်း သုံးနှုန်းနေကြ၏။ သို့သော် ထိုကျေးဇူးကို 'ကျေးဇူး'ဟု လူတိုင်း အလွယ်နှင့် သိနိုင်ကြမည် မဟုတ်။ မိမိရေဆာနေခိုက်တွင်ပေး၍ သောက်ရသော ရေတပေါက်သည် ကျေးဇူးဖြစ်၏။

နေပူကြီးကျဲကျဲတွင် ခရီးသွားယင်း ခေတ္တဝင်ရောက် ခိုနားရသော သစ်ပင်၏ အရိပ်သည်လည်း ကျေးဇူးပင်ဖြစ်၏။ ထိုရေတပေါက် ထိုအရိပ်တို့ကို ကျေးဇူးဟု လူတိုင်းသိကြမည် မဟုတ်။ ရေသည် ပင်ပန်းမောဟိုက်လာသမျှကို ပြေစေ၍ အရိပ်သည် အေးမြချမ်းသာမှုကိုပေးခြင်းဖြင့် ကျေးဇူးကို ဆောင်သည်။ သို့ဖြစ်ပေရာ သောက်သုံးရန် ရေကိုပေးသူ၊ ခိုနားရန် အရိပ်ပေးသော သစ်ပင်သည် ကျေးဇူးကိုပြုသူ ကျေးဇူးရှင်ဖြစ်သည်။

ထို့ကြောင့် အရိပ်ပေး၍ ကျေးဇူးပြုသော သစ်ပင်ကို အရိပ်နေနေ အခက်ချိုးချိုး မလုပ်ရဟု အဆိုပြုခဲ့ကြသည်။ စင်စစ် ကျေးဇူးဟူသည် မိမိအပေါ် သူတပါးတို့က ပြုပေးသော၊ နို့ချိုတိုက်ကျွေးခြင်း၊ အစားအစာပေးခြင်း၊ ရေပေးခြင်း၊ အဝတ်ပေးခြင်း၊ နေရာပေးခြင်း။ပစ္စည်းဥစ္စာပေးခြင်း၊ ပညာသင်ပေးခြင်း၊ ဆုံးမသွန်သင်ခြင်း၊ ဒုက္ခရောက်သော် ကူညီခြင်း စသော အကျိုးအစုစု ကောင်းမှုမှန်သမျှ ''ကျေးဇူး''ပင် ဖြစ်ပေသည်။

### ကျေးဇူးသိက သူတော်ကောင်း

ဗုဒ္ဓမြတ်စွာသည်မင်္ဂလသုတ်တော်၌ ကတညုတာ မင်္ဂလာကို ဟောတော်မူ၏။ သူ့ကျေးဇူးကို နည်းသည်ဖြစ် များသည်ဖြစ်စေ သိ၍ကျေးဇူးတင်လိုက်တာဟု နှုတ်မြွက် ပြောဆိုသူ၊ နှုတ်မြွက်ပြောဆိုရုံမက လက်တွေ့ ကျေးဇူးတုံ့ပြန်သူကို ကတညု-ကျေးဇူးသိသူဟု ခေါ်သည်။

ထိုသို့ ကျေးဇူးကိုသိ၍ ကျေးဇူး တုံ့ပြန်ခြင်းကို ကတညုတာ မင်္ဂလာဟု မင်္ဂလာတပါးအဖြစ် ဟောဘော်မူသည်။ ထိုမင်္ဂလာနှင့် ပြည့်စုံသူမှာ သူတော်ကောင်းဖြစ်သည် "ယော ဝေ ကတညု ကတဝေဒီ မိတ္တေ" (သရဘင်္ဂဇာတ်) စသည်ဖြင့် သူ့ကျေးဇူးကိုသိလျှင်၊ သိ၍ တတ်နိုင်သမျှ ဆက်လျှင် သူတော်ကောင်း လက္ခဏာ၊ ထိုလက္ခဏာနှင့် ပြည့်စုံသူကို သပ္ပုရိသ သူတော်ကောင်းဟု ဟောဘော်မူထားသည်။

## ကျေးဇူးဟု သိရန်မလွယ်

အမှတ်တမဲ့ နေကြလျှင် ကျေးဇူးကို ကျေးဇူးဟု သိဖို့ခက်လှ၏။ သိရန်မလွယ်သော ကျေးဇူးဟူသော စကားသည် အလွန် သိမ်မွေ့သည်။ တချို့ကိစ္စမှာ အမှတ်တမဲ့ ပြုလုပ်ပေးလိုက်ခြင်း ဖြစ်သော်လည်း တဘက်သားမှာ တန်ဖိုးမဖြတ်နိုင်သော အကျိုးကို ရရှိနိုင်ပေသည်။ ထိုပြုလုပ်မှုသည် အချိန်တိုတောင်းစွာ တခဏမျှ ပြုလုပ်လိုက်ခြင်းဖြစ်၍ ထိုသူမှာ အမှတ်တမဲ့ ကျေးဇူးဟု သိနိုင်မည် မဟုတ်ပေ။ နောင်အခါ စေ့စေ့တွေးမိမှသာ သြော်– ကျေးဇူးပါလားဟု ရေးရေးပေါ်မည် ဖြစ်သည်။ အမှတ်တမဲ့ ဘာသိဘာသာ နေသွားပါမူကား သေသည်အထိ သိနိုင်မည် မဟုတ်ပေ။

## အမှတ်မထင် ပြုလိုက်ရသော ကျေးဇူးတခု

စာရေးသူ တခါက အမှတ်မထင် ပြုလိုက်ရသော ကျေးဇူးတခုကို အမှတ်ရမိသည်။ စာရေးသူ မိခင်တိုက်မတွင် နေစဉ်ကဖြစ်သည်။ မိမိနေသော အခရပူရ မဟာဂန္ဓာရုံ ကျောင်းတိုက်နှင့် မြို့အကြား ဆွမ်းခံသွား လမ်းတွင် လူတယောက်သာ သွားနိုင်သော ချုံတန်းရှည် နှစ်ခုအကြားလမ်းမြောင် ကလေး ရှိသည်။ နှင်းတွေဝေနေသော ဆောင်း၏ ကန်နက်ခင်းတွင် စာရေးသူနှင့် အဖော် ကိုရင်တပါးတို့ ထိုလမ်းကြားလေးမှ ဆွမ်းခံသွားကြသည်။ အဖော်ကိုရင်က အကြီးဖြစ်၍ ရှေ့မှသွားသည်။

လမ်းမြောင်ကြားတွင် မြွေပွေးကြီးတကောင်သည် လမ်းဘက်ဘွင် အမြီးယာ၍ မြက်ချုံစပ်ပေါ် မေးတင်ထားကာ ငြိမ်သက်စွာ စင်းနှင်းခံနေသည်။ အဖော် ကိုရင်သည် ထိုမြွေကြီး၏ အမြီးပိုင်းကို ခြေဖြင့် တို့ထိရန် ခြေကိုမြှောက်လိုက်သည်။ ဟာ–ဟာ မလုပ်နဲ့ ဟု ကပျာကယာ ပြောယင်း လက်ဆွဲ၍ အချိန်မီ တားလိုက်နိုင်သည်။ အကျိုးမရှိပဲ ဘာလို့ သည်လိုလုပ်ရတာလဲဟု မေးသော အခါ သေမသေ သိရန်ဟု ပြောပါသည်။ အဝေးမှ လှမ်းခြောက်သော အခါ ထိုမြွေကြီး ဆူး ချုံကြား ဝင်သွားပါသည်။

ဤကိစ္စမှာ အမှတ်မထင် ဖြစ်သော်လည်း အသက်တချောင်း ကယ်လိုက်ရသော ကြီးမားသော ကျေးဇူးပင် ဖြစ်ပါပေသည်။ သို့သော် ထိုကိုရင်သည် ယနေ့တိုင်ကျေးဇူးဟု သိကောင်းမှ သိပေမည်။ လူအပင်ပန်းခံ၊ ငွေအကုန်ခံပြီး ပြုလုပ်ကူညီခြင်းမျိုး မဟုတ်၍ အမှတ်တမဲ့ ကျေးဇူးဟုသိရန် မလွယ်ပါချေ။

## သီတဂူဆရာတော်၏ အမှတ်ထင်ထင်ကျေးဇူးကြီး

ယခုအခါမှာဆိုလျှင် သဒ္ဓမ္မ သီတဂူ သဲကုန်း ဆရာတော်သည် သူ၏ ဦးဆောင်မှု၊ သူ၏ ထက်ထက်သန်သန် စွမ်းစွမ်းတမံ ကြိုးပမ်းမှု၊ သူ၏ အာနုဘော် အစုစုဖြင့် တည်ဆောက် အောင်မြင်လာသော သီတဂူ ရေစက်ကြီးမှ စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံး နေထိုင်ကြ

သော ရဟန်း လူ ရှင် သူတော်စင်တို့ အား လိုသမျှရေကို ချောင်တိုင်း အနှံ့ဖြန့်ပေးပေးလျှ နေပါသည်။ အတုတ်ထင်ထင် ကြီးမားသော ကျေးဇူးကြီးကို ပြုလျက်ရှိနေပါသည်။

မိမိတို့သည်ထိုကျေးဇူးကိုဝ ရက်၊တလ၊တနှစ် မက နှစ်ပေါင်းအဆက်ဆက် အသက်သေသည် အထိ သေပြီးသည့်တိုင်အောင် မိမိတို့၏ နောက် သား နောင်လာတို့ပါ အဆဉ်အဆက် သုံးစွဲစား သွားကြရမည်ဖြစ်သည်။ သီတဂူရေကို အများ ယူလို့ယူ၊ အများရလို့ရ၊ အများသုံးလို့ သုံးရ တာပဲဟု အလေးအနက် သဘောမထား၊ကျေး ဇူးပါလားဟု မစဉ်းစားမိ၊ ဘာသိဘာသာ အမှတ်တမဲ့နေသွားကြပါမှုဆိုကျေးဇူးကိုလည်း ကျေးဇူးဟု သိနိုင်ကြမည် မဟုတ်ပေ။

## ကျေးဇူးသိသူမှာ ဒုလ္လဘတခု

သူ့ကျေးဇူးကိုသိသူ၊ သိသော်လည်း ကျေး ဇူးရှိပါပေတယ်ဟု ထုတ်ဖော် ပြောနိုင်သူသည် လူတရာတယောက်၊ တထောင်တယောက် ရှာဖွေ ခဲယဉ်းလှသည်။ ဗုဒ္ဓမြတ်စွာသည် အင်္ဂုတ္တိုရ် ပါဠိတော် ဒုကနိပါတ်၌ –

ပုဗ္ဗကာရီ–ရှေးဦး ကျေးဇူးကိုပြုသူ၊

ကတညုတ ကတဝေဒီ–သူပြုဖူးသည့် ကျေး ဇူးကိုသိတတ်၊ ထုတ်ဖော်တတ်သူ၊ သိ၍ကျေးဇူး တုံ့ပြန်သူ။

ဤနှစ်ဦးကို ဒုလ္လဘ–ရခဲသည်ဟုဟောတော် မူသည်။ အဋ္ဌကထာဆရာက–

လက်ဦးပြုသူကို ကြွေးပေးသူ။

နောက်ပြုသူကို ကြွေးဆပ်သူဟု နှိုင်းခိုင်း ဖွင့်ပြထားသည်။

လောကတွင် တစုံတယောက်က ကြွေးပေး ရာ၌ ကြွေးယူသူမှာ ကြွေးတင်လျှင်ပြန်၍ ကြွေး ဆပ်ရသကဲ့သို့ ကျေးဇူးတင်လျှင်လည်း ပြန်၍ ကျေးဇူးဆပ်ရသည်။ရှေးဦးကျေးဇူးပြုထားသူကို ကျေးဇူးဆပ်ရသည်ဟု ဆိုရသည်။ ဤသို့ အဋ္ဌ ကထာ ဆရာက ကျေးဇူးပြုသူကို ကြွေးပေးသူ၊ ကျေးဇူးသိသူ ကျေးဇူးဆပ်သူကို ကြွေးဆပ်သူဟု တင်စား ဖွင့်ပြထားသည်။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာက ဒုလ္လဘ ဟု ဟော တော်မူထားရာ အဘယ်မှာ အလွယ်နှင့် သူ့ ကျေးဇူးကို သိနိုင် ထုတ်ဖော်နိုင် တုံ့ပြန်နိုင်ချိမ့် မည်နည်း။ သူ့ကျေးဇူးကိုမသိနိုင် မထုတ်ဖော် မတုံ့ပြန်နိုင်သည့်သာ တမို့။

## ကျေးဇူးစကား မဆိုနိုင်သူများ

အတ္တုက္ကံသန-မိမိကို (သူတပါးအထင်ကြီး အောင်) မြှောက်ပင့်ကြွားဝါခြင်း (အသား ယူခြင်း)၊ ပရဝမ္ဘန–သူတပါးကို (အများက အထင်သေးအောင်) ရှုံ့ချခြင်း (မသိမသာ တမျိုး၊ သိသိ သာသာတဖုံ အခွင့်ကြုံသလို နှိမ်ခြင်း)၊ကုဿာ–(ဖော်ထုတ်ပြောလိုက်၍ သူ့ ဂုဏ်ကို သိသွားလျှင် အများက) ထိုသူကို အထင်ကြီးသွားရမှာစိုးခြင်း ငြူစူခြင်း၊မစ္ဆရိယ– (ကိုယ်သာ အထင်ကြီးခံချင်၍ ကိုယ်လို) သူ တပါး အထင်ကြီး ခံသွားရမှာ စိုးခြင်း၊ ဝန် တိုခြင်း စသည်ဖြင့် ဤတရားဆိုး လေးပါးအား ကြီးသူများ။

အာဃာတ–ဆရာသမား စသူတို့က ကိုယ့် ထက် အရေးပေးခံရခြင်း၊ ပြိုင်ဘက်ဖြစ်ခြင်း စသည်တို့ကြောင့် အာဃာတ (အညိုး) ထား ရှိသူများ၊ အညတိတ္ထိယ–အယူဝါဒ (တောင် ကျောင်း မြောက်ကျောင်း အစွဲစသည်) ကွဲပြား သူများ၊ ထိုသူများသည် သူ့ဂုဏ်ကျေးဇူး အရှိ ကို သိကြသော်လည်း ချီးမွမ်းစကား ကျေးဇူး စကားမဆိုနိုင်ကြ။ ထိမ်ချန်ဖုံးကွယ်၍သာ ထား

တတ်ကြသည်။ ခေတ်စကားနှင့် ပြော ရလျှင် ခွေ ယားတတ်ကြသည်။

တိတ္ထိတို့သည် ဘုရားရှင်၏ အစွမ်း တွင်ဂုဏ် အရှိကို မသိမဟုတ်၊ သိကြပါ၏။ ဘုရားရှင်၏ ဣဒ္ဓိအမျိုးမျိုး တန်ခိုးအာနုဘော်ကို ဗုဒ္ဓ ဥာဏ်တော်ကိုလေးနက်ပင်သိကြပါ၏။ စိတ်အတွင်း က လက်ခံကြပါ၏။ သို့သော် အတ္တုက္က သန စသော တရားဆိုတို့ လွှမ်းမိုးနေရကား အယူ ဝါဒ ကွဲပြားနေရကား အရှိကို အရှိအတိုင်း ထုတ်ဖော်၍ မပြောနိုင်ကြ၊ ချီးမွမ်းစကား ကျေး ဇူးစကား မဆိုနိုင်ကြ။

### ကျေးဇူးမသိသူ ခွေးနှင့်တူ

လူ့ဗာလကို့သည် သူတထူး၏ ကျေးဇူးကို မသိကြ။ ထုတ်ဖော် မပြောနိုင်ကြ။ တချို့မှာ ကျေးဇူးတော့ သိပါ၏၊ သို့သော် ထိုသူ အကူ အညီလိုသောအခါ ကူညီရန်လည်း စွမ်းနိုင်ပါ လျက် ပါးစပ်သာကောင်း၍ လက်မပါတတ်။ ထိုသူလည်း အကတညု-ကျေးဇူး မသိသူပင် တည်း။ တချို့မှာမူ ကျေးဇူးမသိရုံမက ကျေးဇူး ရှင်ကိုပင် ပြစ်မှားတတ်ကြသေးသည်။ တိုသနို ပါတ် မဟာကပိဇာတ်လာ ပုဏ္ဏား မိုက်ကဲ့သို့ အကျိုးမဲ့ ပြုတတ်ကြသေးသည်။

ထိုဇာတ်၌ ပုဏ္ဏားသည် နွားပျောက်ရှာ သည်။ မျက်စိလည် လမ်းမှား၍ တောကြီးထဲ ရောက်သွားသည်။ နောက် ချောက်ထဲကျသည်။ ဆယ်ရက်ကျော်မှ ဘုရားလောင်း မျောက်မင်း တွေ့၍ ထိုပုဏ္ဏားကို ထမ်းပိုးကာ ချောက်ကြီး အတွင်းမှ ကယ်တင်သည်။ အလောင်းတော် မျောက်မင်းမှာ အလွန်ပင်ပန်း မောဟိုက်ရှာ သဖြင့် ပုဏ္ဏား၏ ရင်ခွင်တွင် အပန်းဖြေယင်း အိပ်ပျော်သွားသည်။ ပုဏ္ဏားမိုက်သည် ကျေးဇူး ရှင် မျောက်မင်းကို ကျောက်ခဲနှင့် ထုသတ် သည်။

F.23

ဤပုဏ္ဏားမိုက်ကဲ့သို့ပင် ကျေးဇူးရှင်ကို ပြစ် မှားသူ အကျိုးမဲ့အောင် ပြုသူ ကျေးဇူးစွပ်သူတွေ ရှိပေကြပေသေးသည်။ တိုသို့ ဂုဏ်ကျေးဇူးကို မသိ သူ၊ လူ မဖော် မပြောနိုင်သူ၊ ကျေးဇူးရှင်ကို ပြစ်မှားသူတို့ကို ဗာလ၊ မိုက်ဆွေ ပြစ်မှားသူ ခွေးနှင့်တူ ဟု ဆိုသည်။ မာန်လည် ဆရာတော် ဘုရားကြီးက-

> "ဤလူ့ဘဝ၊ လူ့လောက၌၊ ဥာဏ သမ္ဘာ၌၊ ကပ်မယှဉ်ပဲ၊ ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ ဗာလဟူ၏၊ ခွေးတူမထူး၊ ကျေးဇူးကျိုးရှိ၊ ဂုဏ်သတ္တိ ကို၊ မသိတတ်ကြ၊ မိုက်ခေါင်လှသား၊ မိတ္တဒုဗ္ဘ၊ ဗာလဟူသည်၊ လူမသမာဟု"
> မဃဒေဝ၌ အဆိုအမိန့် ပြုတော်မူခဲ့ သည်။

### ကျေးဇူးသိသော အကျံရမင်းသား

လောက၌ ကျေးဇူးမသိသူ၊ ကျေးဇူးကန်းသူ လူယုတ်မာရှိသကဲ့သို့ ကျေးဇူးသိသူ သူတော် ကောင်းလည်း ရှိပေသည်။ ကျေးဇူးတရားကို မြင်တတ် သိတတ် ထုတ်ဖော်တတ်ခြင်းမှာ သူတော်ကောင်းတို့၏ အလုပ်သာဖြစ်သည်၊ သူ ယုတ်မာ ဗာလတို့၏အလုပ်မဟုတ်ပါချေ၊ အကျံရ ပေတဝတ္ထု၌ အကျံရ မင်းသား၏ သူ့ကျေးဇူး သိပုံ၊ အဖော် ပုဏ္ဏား၏ သူ့ကျေးဇူးမသိပုံကို ဟောတော်မူထားသည်။

အကျံရ မင်းသားသည် လှည်း ငါး ရာဖြင့် အရောင်းအဝယ်သွားသည်။ အဖော် ပုဏ္ဏား တယောက်လည်း ပါသည်။ လမ်းမှား၍ သွား သဖြင့် အစာရေစာရိက္ခာများ ကုန်သွားသည်။ ညောင်ပင်ကြီးတပင် အောက်တွင် လှည်းများ ချွတ်၍ ခိုနားကြယင်း စိတ်မောလူမော ဖြစ်နေ

ကြသည်။ တန်ခိုးကြီးမားသောညောင်ပင်စောင့် နတ်သည် လှည်းသမားတို့ကိုသနားသဖြင့် လက်ယာလက်ကို ဆန့်တန်း၍ ပထမ ရေကိုပေးသည်။ ထို့နောက်လိုအပ်သမျှအကုန်ပေး၍လှည်းသမားတို့ကို ချမ်းသာစေသည်။

ထိုသို့ လိုရာရာအကုန်ပေးသည်ကိုမြင်ရသော ပုဏ္ဏားသည် ဤနတ်ကြီးကို အတင်းခေါ်ဆောင်သွားကြစို့လားဟု အကုန်ရမင်းသားအား ပြောသည်။ အကုန်ရမင်းသားက သူ့အရိပ်မှာခိုနားရလျှင် ထိုသစ်ပင်၏ အခက်ကိုမချိုးရ၊ ချိုးလျှင် မိတ်ဆွေကိုပြစ်မှားသူ လူယုတ်မာပဲဟုပြောသည်။ ပုဏ္ဏားက အကျိုးရှိမည်ဆိုလျှင် အရွက်အခက် ပင်စည်မက အမြစ်ကိုပါ နှုတ်ယူရမည်ဟု စကားတက်လာပြန်သည်။ အကုန်ရမင်းသားက သူ့အိမ်မှာ တညဘာအိပ်ရ၍ သူကျွေးသောအစာ၊ သူတိုက်သောရေကို စားရသောက်ရလျှင် ထိုသူကို စိတ်နဲ့သောင် မပြစ်မှားကောင်းဘူး၊ သူ့ကျေးဇူးသိသူဟာ သူတော်ကောင်းများ အချီးမွမ်းခံရတယ် စသည်ဖြင့် အကျယ်တဝင့် ရှင်းပြသောအခါမှ ပုဏ္ဏား နှုတ်ဆိတ်သွားတော့သည်။

ဤဝတ္ထု၌ အကုန်ရမင်းသားသည်ကျေးဇူးသိသူ၊ ပုဏ္ဏားကား ကျေးဇူးမသိသူတည်း။ ကျေးဇူးသိသောအကုန်ရမင်းသားကြောင့်သာညောင်ပင်စောင့်နတ်ခမျာ သက်သာရာရခြင်း ဖြစ်သည်။ ကျေးဇူးမသိတတ်သူများမှာ အလွန်ကြောက်မက်ဖွယ်ကောင်းလှသည်။ ဗာလပီပီ ကျေးဇူးတရားကို မထောက်မထား ကျေးဇူးပြုထားသူများအပေါ်အကျိုးမဲ့အောင်ပြုတတ်ကြသည်။

ညောင်ပင်စောင့် နတ်ခမျာ ကျေးဇူး မသိတတ်သူကို ရေနှင့်အစားအစာ လိုရာကိုပေးမိပါသည်၊ ကံကောင်း၍ ဗိမာန်လေး အမြစ်ပါ နှုတ်ခြင်းမှ လွတ်သည်၊ ဤပုဏ္ဏားကဲ့သို့ပင် သူ့တိုက်သောရေ၊ သူကျွေးသောအစာ၊ သူပေးသောပညာ၊ သူစောင်မသော ငွေကြေးအကူအညီကို ရယူ၍ သူ့ကျေးဇူးကို မသိတတ်သူတွေချေဖျက်တတ်သူတွေ ဒုနဲ့ဒေးရှိသည်။ စင်စစ်ငါမွေးသည့်မျောက် ငါ့ကို ခြောက်သူတို့သာများ၍ ငါကျွေးတဲ့ထမင်း လည်မျိုကတောင် မကျသေးဘူး၊ ခြေမနဲ့ကော်ထုတ်ယူယင်တောင် ရသေးသတဲ့ဟု အပြောခံရသူတို့သာများလေသည်။

## ကျေးဇူးသိသော ခေင်ညို

မြန်မာရာဇဝင်၌လည်း ခေင်ညိုသည်တလုတ်စားဖူး သူ့ကျေးဇူးကို သိသူဖြစ်သည်။ အသက်ကိုပင် စွန့်၍ သူ့ကျေးဇူးကို စောင့်သိခဲ့သည်။ ပင်းယ ငါးစီးရှင် ကျော်စွာသည် မင်းမဖြစ်ခင် မြို့စားဘဝတွင် ညီတော် စစ်ကိုင်းစား အသခ်ယာ စောယွမ်ကို လုပ်ကြံရန် ကျွန်ယုံတော်ခေင်ညိုကို လွှတ်လိုက်သည်။ ခေင်ညိုသည် စစ်ကိုင်းသို့လာ၍ လုပ်ကြံရန် အခွင့်မသာသဖြင့် တောထဲတွင်ပုန်းနေရသည်။ သုံးရက်မြောက်နေ့တွင် နန်းတော်သို့လုပ်ကြံရန်လာခဲ့သည်။ စစ်ကိုင်းစား နတ်တင်ထားသော ထမင်းကို တွေ့ရလျှင် သုံးရက်တိုင် ထမင်းမစားရသဖြင့် ယူ၍ စားမိသည်။ အသခ်ယာ စောယွမ်းလည်း အဆောင်တွင် စက်တော် ခေါ်နေသည်။

ခေင်ညိုသည် လုပ်ကြံနိုင်သော်လည်း အသခ်ယာ စောယွမ်းသည် ငါ၏ ထမင်းရှင် ဖြစ်ခဲ့ပြီ။ ထမင်းရှင်ကို ပြစ်မှားလျှင် အပြစ်အလွန်ကြီးလေးမည်။ မလုပ်ကြံလျှင်လည်း ငါ့ကို အရှင်ကသတ်မည်။ သတ်သော်လည်း သတ်စေ၊ တသက်သာ သေရမည်။ ထမင်းရှင်ကိုသတ်လျှင် ဘဝအဆက်ဆက် မကောင်းကျိုးများတော့မည်။ လူဖြစ်လျှင်လည်း လူယုတ်လူညံ့သာ ဖြစ်မည်ဟု ချင်းစားပြီးလျှင်မလုပ်ကြံတော့ပဲ သက်သေအဖြစ်အသခ်ယာ

စောယွမ်း၏ ပတ္တမြားခေါးကို ယူ၍ပြန်ခဲ့သည်။

အရှင့်ဆီပြန်ရောက်၍ အကြောင်းစုံတင်ပြလျှင် ခင်ညိုသည် တမင်းတနပ်စာမျှကိုပင်သူ့တပါး ကျေးဇူးကိုသိသည်၊ သူ့အား သားမယားနှင့် တကွနေ့ကိုင် ကျွေးမွေးသော ငါ့ကျေးဇူးတော် ကိုကား ဆိုဖွယ်ရာမရှိပြီဟု ပင်းယ ငါ့စီးရှင် ကျော်စွာသည် ခင်ညိုကို ချီးမွမ်း၍ များစွာ သော စည်းစိမ်ချမ်းသာတို့ကို ပေးသနားတော် မူသည်၊

## သူတော်ကောင်းမှ ကျေးဇူးသိ

သာသနာတော်၌လည်း အရှင်သာရိပုတ္တရာ သည် သူ့ကျေးဇူးကိုသိသော အရှင် တပါးဟု ထင်ရှားသည်။ ကျေးဇူးကိုသိ၍ သူ၏ဆရာအရှင် အဿဇိထေရ်ရှိရာဘက်သို့ တလေး တစားအမြဲ ခေါင်းပြု၍ အိပ်သည်ဟု ကျော်ကြားသည်။ တနေ့တွင် ရာဓပုဏ္ဏားကြီးသည် ရဟန်းတော် များထံ လာ၍ ရဟန်းပြုပေးပါရန် တောင်းပန် သည်။ မည်သူကမျှ ရဟန်းပြုမပေးကြ။ ရာဓ ပုဏ္ဏားသည် ရဟန်းပြုလိုလျက် ရဟန်းမပြုရပဲ ရှိနေသည်။

ဗုဒ္ဓမြတ်စွာက ပုဏ္ဏား၏ကျေးဇူးကို မည်သူ အမှတ်ရသလဲဟု မေးတော်မူသည်။ 'ဘုရား တပည့်တော် အမှတ်ရပါသည်' ဟု အရှင်သာရိ ပုတ္တရာက လျှောက်သည်။ ဗုဒ္ဓမြတ်စွာက 'သာဓု သာဓု သာရိပုတ္တရာ၊ သူတော်ကောင်းများ သည် သူ့ကျေးဇူးကို သိတတ် ထုတ်ဖော်တတ် ကြပေသည်' ဟု ကောင်းချီး ပေးတော်မူသည်။ ရာဓပုဏ္ဏားလည်း ရဟန်းပြုခွင့်ရ၍ ဧတဒဂ်ရ ရဟန္တာကြီး ဖြစ်သွားသည်။

ဤသို့လျှင် သူတထူး၏ကျေးဇူးကို မြင်တတ် သိတတ်ထုတ်ဖော်တတ်ခြင်းမှာသူတော်ကောင်း တို့၏အလုပ်သာဖြစ်သည်။ သူယုတ်မာတို့၏အရာ မဟုတ်ပါချေ။ သူယုတ်မာတို့သည် ဖော်ပြခဲ့ သော အတ္တုက္ကံသန၊ ပရဝမ္ဘန စသော တရား ဆိုးတို့ လွှမ်းမိုးနေ၍ စိတ်ယုတ်မာ ပင်နေရ ကား သူ့ကျေးဇူးကို မဖော်နိုင်ကြ။ ဖော်ပြော နိုင်စွမ်းသည့်သတ္တိမရှိကြ။ သူတော်ကောင်းတို့ သာ သူ့ကျေးဇူးကို သိကြ ဖော်ထုတ်နိုင်ကြပေ သည်။

## သူ့ကျေးဇူးကို ထုတ်ဖော်

ထို့ကြောင့်၊ အစားအစာ၊ ဥစ္စာပစ္စည်း၊ အတတ်ပညာ အသီးသီးကို ပေးသူ၊ မိမိတို့ ကျောင်းတိုက်အတွက်၊ အိမ်အတွက်၊ မြို့ရွာရပ် ကွက် အဘက်ဘက်မှ ကူညီဆောင်ရွက်သူ စသည်ဖြင့် အကျိုးတစုံတခု ပြုလုပ်ဆောင်ရွက် ပေးသူတို့သည် ကျေးဇူးပြုသူများ ဖြစ်ကြ၏။ ထို့ထက် အသိအလိမ္မာ ဉာဏ်ပညာပေးသော ဆရာမိဘ စသူတို့မှာ ပို၍ ကျေးဇူးများသူတို့ ဖြစ်ကြ၏၊ အထူးသဖြင့် တရားဓမ္မဖြင့် ကျေးဇူး ပြုလျှင် ထိုကျေးဇူးကို ပြေသည်အောင်ပြန်ဆပ်ဖို့ မှာ အလွန်ပင် ခက်ခဲကြီးမားလှပေသည် ဟု ဘုရားရှင် ဟောတော်မူသည်။

သို့ဖြစ်ပေရာ ထိုကျေးဇူး ရှိသူများ၏ ကျေး ဇူးတရားကို မဆပ်နိုင်ရှိစေ၊ အောက်မေ့အမှတ် ရ၍ နေပါ။ ထုတ်ဖော်ပြောဆိုပါ။ သူ့ကျေးဇူး ကို ထုတ်ဖော်မပြောနိုင် မပြောရဲအောင် ဟန့် တားနေသော အတ္တုက္ကံသန စသော တရားဆိုး တို့ကို မိမိတို့ရင်တွင်းမှ အစဉ်ကင်းအောင်ဖယ် ရှင်းပစ်ပါ။ သို့မှသာ လူ့ဗာလကြီးအဖြစ်မှ လွတ် ကြမည်ဖြစ်သည်။ ကတညုတ၊ ကတဝေဒီ၊ မသိတတ်သူ၊ ဗာလဟူ၏ဟု ဆိုထားသည် မဟုတ် ပါလား။

သို့ဖြစ်၍ တကယ်ကျေးဇူးရှိကြသော ကျေး ဇူးရှင် မိဘဆရာသမား၊ စောင်မ ကြည့်ရှုကျေး

ဇူးပြုသူများ၏ ကျေးဇူးတရားကို အစဥ်အောက်မေ့အမှတ်ရ၍ နေခြင်း၊ ထုတ်ဖော်ပြောဆိုရေးသားခြင်း၊ တတ်နိုင်လျှင် ကျေးဇူးတုံ့ပြန်ခြင်း၊ ကျေးဇူးဆပ်ခြင်းဖြင့် သူတော်ကောင်း စင်စစ်ဖြစ်နိုင်ကြပါစေ။

ကျေးဇူးသိသူ၊ ကျေးဇူးရှင်ကို မပြစ်မှားသူတို့ ရရှိသောအကျိုး ၁၀မျိုးကို မဃဒေဝလင်္ကာတွင်–

"လူ၌ဂုဏ်ထူး၊ ကျေးဇူးကြီးစွာ၊ ဆရာမိဘာ၊ ဘုရားစသား၊ ထိုမျှမိဘ်ချစ်၊ သူတော်စစ်ကို၊ မပြစ်မမှား၊သူတို့အားကား၊တပါးရပ်ရွာ၊သွားစပါလည်း၊ အစာအစား၊ မရှားပါးပဲ၊ ရောက်သွားရာရာ၊ပူဇော်လာ၏၊ရ:ဇာစောရ၊ ဒမြခိုးသူ၊ ကလူနိုင်ထက်၊ မနှိပ်စက်ရ၊ မျက်နှာချစ်ဖွယ်၊ လသဖွယ်နှင့်၊ ပွဲလယ်အထူး၊ ရဲဂုဏ်မြူးလျက်၊ ကျေးဇူးသတင်း၊ ကျော်ခြင်းမိုးပျံ၊ ခြံရံမကွဲ၊ အမြဲမကွေ၊ ကျက်သရေနတ်နှယ်၊ တင့်တယ်ပွင့်လင်း၊ ဆင်မြင်းကျွဲနွား၊ လယ်ယာများ၌၊ စပါးသီးနှံ၊ သီးခွံမပျက်၊ တောင်တက်ချောက်ကမ်း၊ စွဲလမ်းလွတ်ကွာ၊ ကျတုံပါလည်း၊တည်ရာရပြား၊ သားနှင့်သမီး၊ ညောင်ပင်ကြီးသို့၊ခိုင်ဖြိုးခြေမြစ်၊ မြဲမြံဖြစ်၏။ ။

ဟူ၍ ရေးဖွဲ့တင်ပြထားလေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့အားလုံးသည် ကျေးဇူးတရားကို သိ၍ ကျေးဇူးတုံ့ပြန်တတ်သူများခံစားရသောအကျိုးတရား ၁၀ ပါးကို ခံစားနိုင်ကြမည့် သူတော်ကောင်း ဖြစ်နိုင်ကြစေရန် အစဥ်မပြတ်သတိချပ်သင့်ကြပေသတည်း။ ။

အရှင်ကဝိသာရ
ဝေဇယန္တာ

# သီတဂူ အမြိုက် ကန်တော်

တောင်ဇေယျာ မဟိင္ဒမကိုဋ္ဌ၊
သီတဂူ အမြိုက် ကန်တော်၊
ပြည်သူထိုက်လို့ အမှန်ပေါ်ပြီ၊
စံအကျော် ထိပ်တန်း။

တောင်ပေါ်ဝှမ်း မြစ်ကြီးပမာလို၊
ရစ်စီးကာ လျှည့်ငွေလို့သန်း။

ရှေ့အနောက် တောင်မြောက်ခွင်မှာ၊
ချောင်လျောက်စဥ် ပတ်လွှမ်း။

ခေါင်အရောက်ပင် မပြတ်တမ်းသာပ၊
တရစပ်အရမ်း စီးထွေ။

သီတဂူ စက်ကုန်ဖွင့်လျှင်လ၊
ဘာဂ်ဘုံအဆင့် ရောက်သိမ့်မသွေ။

ထေရ်ရှင်ဘုန်းတို့ ရေစင်သုံးလို့ ပြုံးဖြာဝေသည်။

နှုန်းကြာအရှည် မှန်းဆတော့၊
စန်း လသို့ ကပ္ပဋ္ဌိယူ၊
သတ်မှတ် ရည်တူ။

ရေအမြိုက် ဤအလှူမှာ
သီဟဂူ သူမင်းကွယ့်လေး။ ။

အရှင်ကဝိသာရ
ဝေဇယန္တာ

## ငါးနှစ်ခရီး




ရေ နှင့် ပတ် သက် သည့် တကယ့် အ ကျပ် အတည်းမှာ ကျွန်ုပ်တို့ သောက် သုံး ရေ သည် ညစ်ညမ်းသည်ဖြစ်စေ၊ မညစ်ညမ်းသည် ဖြစ်စေ အလွန်ပင်နည်းပါးနေခြင်းဖြစ်သည်။ ကမ္ဘာမြေပေါ်တွင်မိုင်သန်းပေါင်းများစွာကျယ်ဝန်းသော ရေပြင်ကြီး ရှိနေပါသော်လည်း ဤရေပြင်ကြီး၏ အများစုမှာ ရေငန်သော်လည်းကောင်း၊ရေခဲသော်လည်းကောင်း ဖြစ်နေသည်ဟု ယူဆရသဖြင့် လူတို့သောက်သုံးရန်အတွက် ရနိုင်မည့် မဟုတ်ပေ။

ထို့ပြင် ကောင်းကင်မှ ကျဆင်းလာသော ရေနှင့် စပ်လျဉ်း၍ ထိုပမာဏ၏ သုံးပုံတပုံထက်ပို၍ ကျွန်ုပ်တို့ မသုံးစွဲနိုင်ကြချေ။ ကျန်သုံးပုံနှစ်ပုံမှာ လေထဲသို့ အငွေ့ ပြန်တက်ခြင်း ကြောင့်လည်းကောင်း၊ အပင်များက စုပ်ယူသုံးစွဲလိုက်ခြင်းကြောင့်လည်းကောင်း၊ ပင်လယ်တွင်း သို့မဟုတ် မြေကြီးထဲသို့ စီးဝင်သွားခြင်းကြောင့်လည်းကောင်းဆုံးရှုံးကြကုန်သည်။ တကယ်ဆိုသော် ရှေးယခင်က လူတို့ ရေချိုရေသန့် ရရှိခဲ့သောနေရာအချို့၌ပင်လျှင် ရေများ တဖြည်းဖြည်း ကွယ်ပျောက်လာခဲ့ပေပြီ။

ရေကောင်း ရေသန့်ပြုန်းတီးမှုသည် ယခင်းသို့ ဆက်လက် စခန်းသွားနေ၍ ဖြစ်အံ့မယင်တော့ပါ၊ တိုးတက်လျက်ရှိသော လူဦးရေသည် နှစ်စဉ်နှစ်တိုင်း ရေကောင်းရေသန့် ရရှိရေးကို တိုး၍တောင်းဆိုလာကြသည်။မျက်မှောက်ခေတ် မြို့နေ မိသားစုသည် တွင်းရေကို အဓိက သုံးစွဲခဲ့ရသော ရှေးခေတ်လယ်ယာခွင်မှမိသားစုထက်

ယနေ့ ရေကို ခြောက်ဆ ပို၍ သုံးစွဲနေသည်ဟု ခန့်မှန်းရပါသည်၊ လူတဦးအတွက် ယနေ့တာ လိုအပ်သော ရေပမာဏသည် ပျမ်းမျှအားဖြင့် ဂါလံပေါင်း ၃၀၀ ကျော်အထိ ဖြစ်ပေသည်။

ရေရရှိရန်အတွက် တခုတည်းသော နည်းလမ်းမှာ ရေဟောင်းကို ပြန်လည် သုံးစွဲနိုင်ရန် လောလောဆယ် လုပ်ဆောင်နေသည်ထက် တိုး၍ အောင်မြင်အောင် လုပ်ဆောင်နိုင်ရန် နည်းလမ်းရှာဖွေရန်ပင်ဖြစ်သည်။ ရေဟောင်း ပြန်လည်သုံးခြင်းကို အဓိကဟန့်တားနေသောအရာမှာ ရေညစ်ညမ်းမှုပြဿနာ ဖြစ်သည်။ ကျွန်ုပ်တို့သည် သောက်နိုင်သောရေကို အလျှံပယ်ထုတ်လုပ်နိုင်ရန်အတွက် ကြိုးစားကြရမည်ဖြစ်၏။

ဤကာလအတွင်း လေ့လာရမည့် စီမံကိန်းဝယ် အဓိကကဏ္ဍတရပ်မှာ ကမ္ဘာ့ရေထုသည် သတ်မှတ်သည့်အချိန်တခုတွင် မည့်သည့်နေရာ၌ ရောက်ရှိနေကြောင်း အတိအကျ ရှာဖွေ တွေ့ရှိရန် ဖြစ်သည်။ ကမ္ဘာ့ရေထုသည် လေထဲတွင် မည်ရွေ့မည်မျှ၊ သမုဒ္ဒရာနှင့် မြစ်ချောင်းများထဲတွင် မည်မျှ၊ မြေအောက်တွင် မည်မျှ၊ သက်ရှိတို့ထံတွင် မည်မျှ အသီးသီးရှိသည်ကို ရှာဖွေရန်ဖြစ်သည်၊ ထို့ပြင် တမ္ဘာ၌ ရေကိုယခုထက်ပို၍ ရရှိနိုင်ရန် လူသားတို့ မည်သို့ လုပ်ဆောင်နေကြောင်း ဆန်းစစ်ကြည့်ရန်ပင် ဖြစ်သည်။

သိပ္ပံပညာရှင် တချို့က စက္ကူအရောင်တင်ရန် သုံးစွဲလေ့ရှိသော ဓာတုပစ္စည်းဖြင့် ပြုလုပ်ထားသည့် ရေစစ်ကိုသုံး၍ရေသန့်စင်မှုနည်းသစ်တခုကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုနည်းစနစ်ကို သုံးစွဲပါက ဟိုက်ဖွိုက် ငန်းဖျားနှင့် အသည်းရောင် ရောဂါတို့ကိုလည်း မဖြစ်ပွားစေနိုင်ပါ။

အာဟာရဓာတ် လွန်ခြင်းကြောင့် အင်းအိုင်များ တိမ်ကောပျက်စီးရခြင်းကို သိပ္ပံပညာရှင်များ လေ့လာနေကြပါသည်။ အာဟာရဓာတ်လွန်ကဲခြင်းဆိုသည်မှာ အပင်များ၏ အာဟာရအဖြစ် မှီခိုသော ဓာတုပစ္စည်းများ၊ မြစ်ချောင်းအင်းအိုင် များထဲသို့ မည်ရွေ့မည်မျှ အကန့်အသတ်နှင့် ဝင်ရောက်လာခြင်းကိုခေါ်ပါသည်။ အပင်တို့အတွက် အာဟာရများ အလျှံအပယ် ပေါများနေခြင်းသည် နေရာဒေသတွင်ပြဿနာဖြစ်နေသည်။ အညစ်အကြေးများ ရေထဲသို့ ဝင်ရောက်လာပြီး ရေအိုင်တွင် အာဟာရဓာတ်ကြွယ်ဝလာသောကြောင့် အပင်များ လျင်မြန်စွာ ပေါက်ပွားလာ၍ ပြဿနာပေါ်ခြင်းဖြစ်သည်။ ရေအိုင် တခုလုံးသည် အာဟာရဓာတ်ကြွယ်ဝသည့်ရေတွင်ပေါက်ပွားလာသော အပင်များနှင့် ပြွတ်သိပ်နေသဖြင့် ရေပိုက်လုံးများ၌ အာ်အစိဘ် အပိုင်းဘို့ဖြင့် ပိတ်ဆို့ကုန်တတ်သည်။ သောက်ရေလည်း အရသာပျက်လာတတ်သည်။ ရေအိုင်ထဲတွင်လည်း အပင်များပို၍ ပို၍ ပြည့်ကျပ်လာသောကြောင့် အိုင်တိမ်ကောသဖြင့် ထိုရေအိုင်ကို လူတို့သုံးစွဲရန် တစထက်တစ ခက်ခဲလာတော့သည်။

သိပ္ပံသုတေသီတို့သည် ကျွန်ုပ်တို့သောက်သုံးရေထဲသို့ စီးဝင်နေသော အပင် အာဟာရဓာတ်များ လျော့ပါးစေနိုင်မည့်နည်းလမ်းကိုကြိုးစားရှာဖွေနေကြသည်။ သိပ္ပံ ပညာရှင်တဦးသည် ရေတွင်ပေါက်နေသော အပင်အချို့ကိုသေကြေပျက်စီးစေသည့် “ဗိုင်းရပ်” တမျိုးကိုရှာဖွေတွေ့ရှိခဲ့သည်။ “ဗိုင်းရပ်” ဆိုသည်မှာသတ္တဝါများနှင့် အပင်များတွင် အနာရောဂါ ဖြစ်ပွားစေသော ရုပ်ဝတ္ထု အမှုန်အမွှား ကလေးများဖြစ်သည်။
သိပ္ပံပညာရှင်တို့သည် အပင်အာဟာရများနှင့် ပေါင်းစပ်ကာ အခြား ဒြပ်နှောများဖြစ်

ပွားပြီး နောက် ရေထဲမှ လွယ်လင့်တကူ ဖယ်ရှား ပစ်နိုင်သည့် ဓာတုပစ္စည်းများကို ရှာဖွေနေကြ သည်။

ရေညစ်ညမ်းမှု မည်သည့်နေရာမှ ဖြစ်ပေါ် လာသနည်း။ ရေညစ်ညမ်းမှုသည် အဓိက အားဖြင့် လေးမျိုးရှိသည်။ ယင်းတို့မှာ သဘာဝ အလျောက် ညစ်ညမ်းခြင်း၊ အပူကြောင့် ညစ် ညမ်းခြင်း၊ မိလ္လာကြောင့် ညစ်ညမ်းခြင်းနှင့် စက်မှု လုပ်ငန်းကြောင့် ညစ်ညမ်းခြင်းတို့ဖြစ် သည်။

သဘာဝအလျောက် ညစ်ညမ်း ခြင်းသည် ကျွန်ုပ်တို့နှင့် အခါခပ်သိမ်း အတူတကွ ရှိနေ သည်ကို သင်တို့ စဉ်းစားမိကြပေလိမ့်မည်။ သတ္တဝါများနှင့် အပင်များ ကမ္ဘာမြေပြင်ပေါ် တွင် ကနဦး ပေါ်ပေါက်လာကတည်းက အညစ် အကြေးများ ရေထဲသို့ ရောက်ရှိလာခဲ့သည်။ ထိုအညစ်အကြေးများတွင် သက်ရှိဘို့၏ ခန္ဓာ ကိုယ်မှ သဘာဝ အညစ်အကြေးများသာမက မြစ်ချောင်း အင်းအိုင်နှင့် သမုဒ္ဒရာထဲတွင် တွေ့ ရသော အပုပ်အဆွေးများလည်း ပါဝင်သည်။ မိုးရေအပါအဝင် မြေဆီလွှာပေါ်တွင် ဖြစ်စေ၊ ကျောက်တုံး ကျောက်ခဲများပေါ်တွင် ဖြစ်စေ၊ ဓာတ်သတ္တုများပေါ်တွင် ဖြစ်စေ ဖြတ်သန်း စီးဆင်းလာတိုင်း သက်ရှိတို့၏ အညစ်အကြေး များ ရွှံ့နွံများနှင့် ဓာတ်သတ္တုများ သယ်ဆောင်ပြီး ရေထဲသို့ ဝင်ရောက်လာနိုင်သည်။

အပူကြောင့် ညစ်ညမ်းမှုရှိရာတွင် အကြီး မားဆုံး အန္တရာယ်တခုမှာ ရေ၏ ပင်ကိုရုပ်သတ္တိ များ ပြောင်းလဲသွားခြင်းပင် ဖြစ်သည်။ ရေ အပူသည် ရေအေးလေ ဓာတ်ငွေ့များကို ထိန်း သိမ်းထားနိုင်စွမ်း မရှိပေ။ ထို့ကြောင့် ရေကို အပူပေးသောအခါ ရေတွင် အောက်စီဂျင် ပါဝင်မှုအတိုင်းအဆ လျော့နည်း သွားသည်။ စမ်းသပ်ချက်အဖြစ် ရေအေးအေး တဖန်ခွက် ကို မီးဖိုခန်းထဲတွင် တည်လုံးထားပါ။ နောက် တနေ့ နံနက်ဘွင် ရေသည် အခန်း အပူချိန် ရောက်အောင် ပြန်ပူလာသောအခါ ဖန်ခွက်၏ အတွင်းမျက်နှာပေါ်၌ လေပူဖောင်းကလေးများ ဖြစ်ပေါ်နေသည် ကိုတွေ့ရလိမ့်မည်။ ဤပူဖောင်း ကလေးများသည် ရေပူလာချိန်တွင် ရေထဲမှ ပြန်ထွက်လာသော ဓာတ်ငွေ့ကြောင့် ပေါ် လာခြင်း ဖြစ်သည်။ အောက်ဆီဂျင် မရှိလျှင် သက်ရှိတို့ မနေနိုင်။ ရေတွင် အောက်ဆီဂျင် ပါဝင်မှုနည်းလေလေ ရေထဲတွင် နေနိုင်သော သက်ရှိများနည်း လေလေ ဖြစ်သည်။

အပူကြောင့် ညစ်ညမ်းနေသော နေရာများ ၌ပင် ရေသည်သက်ရှိတို့ လုံးဝမနေနိုင်လောက် အောင် ပူလောင်ခြင်း ဖြစ်လေ့မရှိသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် စားသုံးရန် ကျွန်ုပ် တို့ ကြိုက်နှစ်သက်သောငါးများသည် ကျွန်ုပ်တို့ မစားသုံးသော ငါများထက် အောက်ဆီဂျင် များများနှင့် အပူချိန် နိမ့်နိမ့်ကို ပို၍လိုသည်။ တခါတရံတွင် တိုးလာသော အပူချိန်သည် အဘော်အတန် ပူနွေးသောရေ၌သာမန်အားဖြင့် နေထိုင်ကျက်စားလေ့ရှိသော ငါးအချို့ကိုပင် သေစေနိုင်သည်။ ထိုအခါ ပူနွေးသော ရေသည် ကျွန်ုပ်တို့ မစားသုံးသော ငါးများနေထိုင်ရာ စားကျက် ဖြစ်လာတော့တည်။

မိလ္လာရေကြောင့် ညစ်ညမ်းခြင်းမှာ သာမန် လူတဦးအနေဖြင့် အလွယ်တကူ သိရှိနိုင်သည့် ညစ်ညမ်းမှုမျိုးပင်ဖြစ်သည်။ ထိုညစ်ညမ်းမှုမျိုး ကို မျက်စိ သက်သက်ဖြင့်လည်း မြင်နိုင်သည်။ နှာခေါင်းသက်သက်ဖြင့်လည်း အနံ့ရနိုင်သည်။ ဤညစ်ညမ်းမှုမျိုးတွင် အညစ် အကြေးအမျိုးစု ပါဝင်သည်။

တိုက်ဖွိုက်ဖျားသည် ရေထဲသို့ ရောက်လာ သော လူ့အညစ်အကြေးထဲမှ သေးငယ်သော ကသာပ်စည်း များကြောင့် ဖြစ်ရကြောင်း

နှစ်ပေါင်း များစွာကပင် သိရှိခဲ့ကြသည်။ ထို့ကြောင့် မိလ္လာရေ ညစ်ညမ်းမှုသည် အလွန်ဆိုးရွားသောပြဿနာတခုဖြစ်သည်။ထိုညစ်ညမ်းမှုသည် လူ့ကျန်းမာရေးအတွက် အန္တရာယ်ကြီးမားရုံသာမက ရေကူး လှေစီး စသည်တို့ ပြုလုပ်ရန် အတွက် ထားရှိသော အပန်းဖြေ စခန်းများကိုပါ ပျက်စီးဆုံးရှုံးစေနိုင်သည်။ မိလ္လာရည် ညစ်ညမ်းမှုကြောင့် လူတို့သည် ရေကိုမသောက်သုံးမီ ကြိုပေးရန် လိုအပ်လာသည်။ အညစ်အကြေးများကို ရေထဲသို့ စွန့်ပစ်သည့် အတွက် အဓိကအကျိုးယုတ်မှုမှာ ရေထဲမှ အောက်ဆီဂျင်ကုန်ခန်းသွားခြင်းပင် ဖြစ်သည်။

စက်မှုစွန့် ပစ္စည်းများကြောင့် ရေညစ်ညမ်းမှုအန္တရာယ်နှင့် ကြုံတွေ့ရသည့် ဖြစ်ရပ်များအများအပြားပင်ရှိသည်။ ကလေးငယ်တဦးသည် နံရံကပ် စက္ကူ ထုတ်လုပ်သော စက်ရုံမှ ဓာတုပစ္စည်းများဖြင့် ညစ်ညမ်းနေသော ချောင်းတခုထဲသို့ ဆင်းမိရာ ကလေးငယ်၏ ခြေထောက်နှင့် ခြေဖဝါးမှ အရေခွံများ ကွာကျခဲ့သည့် အဖြစ်မျိုးလည်း ကြုံကြိုက်ခဲ့ရသည်။အမျိုးအမည်စုံလှသည့် အမှိုက်သရိုက်များကို ဖော်ပြရန် မလိုတော့ပေ။ သို့သော် မကြာခဏ ဖြစ်ပွားတတ်သောညစ်ညမ်းမှု အမျိုးမျိုးတို့၏ ဆိုးကျိုးများကိုမူ ကျွန်ုပ်တို့ သိထားဖို့ လိုသည်။ ယင်းတို့မှာ ရေသည် လူတို့ သောက်သုံးရန် မသင့်လျော်ခြင်း၊ ရေထဲတွင် မလိုလားအပ်သော အပင်များ ပေါက်ပွားလာခြင်း၊ ရေမှ အနံ့ဆိုးများ ထွက်ပေါ်လာခြင်း၊ ငါး နှင့် အခြားသတ္တဝါများ သေကြေပျက်စီးကုန်ခြင်း တို့ဖြစ်ပါသည်။

စက်မှုလုပ်ငန်းနှင့် စက်ရုံထွက် ပစ္စည်းများကြောင့် ညစ်ညမ်းမှုသည် ဘက်စုံပြဿနာကြီးတခုဖြစ်နေသည်။ အနည်းဆုံး လျှော့တွက်သည့်တိုင် စက်မှုလုပ်ငန်း အမျိုးအမည် များပြားသလောက် စက်ရုံထွက် အညစ်အကြေးလည်း အမျိုးအမည် စုံလင်သည်။ သို့သော် အဓိကအားဖြင့် စက်မှုညစ်ညမ်း ပစ္စည်း ခြောက်မျိုးရှိသည်။ ယင်းတို့မှာ ပေါလောပေါ် ဝတ္ထုများ၊ရေမြှုပ်အစိုင်အခဲများ၊ ကော်လွိုက်ဝတ္ထုများ၊အရည်ပျော်နိုင်သော အစိုင်အခဲများ၊အဆိပ်အတောက်ရှိသော ပစ္စည်းများ၊ ချေးနှစ်များ စသည်တို့ဖြစ်ကြသည်။

စစ်ကိုင်းတောင်ရိုးတွင် မှီခိုသီတင်းသုံးတော်မူကြသော ရဟန်းသာမဏေ သူတော် သီလရှင်တို့သည် ဧရာဝတီမြစ်ရေကိုသာအမှီပြု၍သောက်သုံးနေရပေသည်။ဧရာဝတီမြစ်ရေသည် ဆောင်းကာလနှင့် နွေကာလတို့၌ ကြည်ကြည်လင်လင်ရှိပါသည်။ မိုးကာလ တောင်ကျချောင်းရေများစီးဆင်းနေသောအခါ၌ နောက်ကျိလျက်ရှိပေသည်။စစ်ကိုင်းတောင်ရိုးကြီးတခုလုံးကို ရေများလှူဒါန်းပေးဝေလျက်ရှိသောသီတဂူ ရေအလှူတော်သည် ရေများနောက်ကျိနေသော အချိန်ကာလများ၌ ရဟန်း သာမဏေ သူတော် သီလရှင်တို့ ကြည်ကြည်လင်လင် သန့်သန့် ရှင်းရှင်းသောက်သုံးနိုင်ကြရန် နှင့် ရောဂါ ပိုးမွှားများကင်းစေရန်အတွက် ရေကို သန့်စင်စေသည့် သန့်စင်စေသည့် အောက်ဖော်ပြပါ ဆေးများကို အမြဲတစေ ထည့်ပေးလျက်ရှိပါသည်။

၁။ ကျောက်ချဉ် (Alum)

၂။ ချွတ်ဆေး (Bleaching Powder)

၃။ ဖောက်ထုံး(Calcium Carbonate)

တို့ဖြစ်ပါသည်။

သီတဂူရေအလှူတော်သည် စစ်ကိုင်းတောင်ရိုးရှိ ချောင်ပေါင်း ၄၀၀ ကျော် သူတော်စင်ပေါင်း ၄၀၀၀ ကျော်တို့အား တနေ့လျှင် ရေဂါလံ သုံးသိန်းကျော် နေ့စဉ်လှူဒါန်းလျက်ရှိပါသည်။

စိုးဝင်း
သီတဂူ–စစ်ကိုင်းတောင်




"ကိုးဆယ့်ရှစ်ဖြာ၊ သစ်သစ်လာသား၊
ရောဂါအဆိုး၊ အမျိုးမျိုး၏၊
အဖိုးတန်သော၊ မတန်သောဟု၊
ပြောဖို့အရေး၊ မလွယ်သေးသည်။
ဆေးကောင်းတလက်၊ ရေသာတည်း"

ဟူသော သီတဂူရေအလှူတော်အဖွဲ့၏ ရေညဒါန်းလင်္ကာအတိုင်း ရေသောက်ခြင်းဖြင့် ၉၆ပါး၊ ၉၈-ပါးသော ရောဂါတို့ကို ကုစားနိုင်သည်ဟု ဆိုလျှင် ယုံကြည်နိုင်ခဲကြလိမ့်မည်။ ရေသောက်ခြင်း ဖြင့် အဘယ်ကြောင့် ရောဂါဝေဒနာတို့ကို ကုစားနိုင်ပါသနည်း။

ရေသည် သက်ရှိသက်မဲ့ သစ်ပင် တောတောင်တို့၌ မရှိလျှင် မဖြစ်သော အရာပင်ဖြစ်ပါသည်။ ရေသောက်ချင်သည်ကို နာရီများစွာ အောင့်၍မရပါ။ ရေ သောက်ချင်ပါလျက် မသောက်ရလျှင် အာခြောက်၍ လည် ချောင်း ပူ လာ ပါသည်။ နောက် ရင်ခေါင်းထဲမှ ပူ လာ ၍ လည် ချောင်း တလျှောက်တွင်လေပူလုံးကြီးဆို့တက်လာတတ်ပါသည်။ရေကို အငန်းမရ သောက်လိုက်ပါလျှင် အဆင်မသင့်က ရေနင်၍ သေတတ်သည်ကိုလည်း သတိပြုမိပါသည်။ ထို့ကြောင့် ပင် "ရေအသက်တမနက်" ဟု ဆိုကြရာ ရေမသောက်ရလျှင် အသက်ရှင်နိုင်ဖွယ်မရှိပါ။

လူ၏ ခန္ဓာကိုယ် အတွင်းမှ ဖော်က် ထုတ် လျှင် ရေ သုံးပိဿာခန့် ရှိသည်ဟု ဆေးကျမ်းတို့တွင် လေ့လာဖူးပါသည်။ ခန္ဓာကိုယ်တွင်း၌ လှည့်ပတ်နေရသော ရေတို့သည် သူ့ဆိုင်ရာဆိုင်ရာ ဒွါရ တို့မှ ထွက်လာသည့်အခါ ရေ အစား ထည့် ပေးရန် လိုအပ်ပါသည်။လူတို့သည် နံနက်အိပ်

ရာမှ ထသည့်နှင့် ရေကိုဦးဆုံးမတွေ့ရ၍ မဖြစ်ပါ။ ခန္ဓာကိုယ်သန့်ရှင်းမှုအတွက် မျက်နှာသစ်ခြင်း၊ ခြေလက်ဆေးခြင်း၊ ရေချိုးခြင်း စသည်တို့ကို ပြုလုပ်ကြရပါသော်လည်း ခန္ဓာကိုယ်အတွင်းသို့ ဆေးကြောသုတ်သင်၍ မရပါ။ ရသောနည်းမှာ''ရေသောက်ခြင်း''ပင် ဖြစ်ပါသည်၊

သောက်လိုက်သောရေသည် အူများကိုသန့်ရှင်းစေသဖြင့် လတ်ဆတ်သော သွေးသစ်များကို ထုတ်လုပ်စေနိုင်ပါသည်။ လတ်ဆတ်သော သွေးသစ်များသည် အူမကြီးအတွင်းမှ ရေမြှုပ်ကဲ့သို့သော အခြင်းအရာများက လူတို့ စားသောက်ဝါးမျိုချသမျှတို့တွင်''ပိုးစာ၊လောင်မီး ကျင်ကြီး၊ကျင်ငယ်၊ တသွယ်သွေးသား'' ဟုဆိုသည့်အတိုင်း စားသမျှအာဟာရတို့မှ ငါးပုံပုံ တပုံသာလျှင် သွေးသားဖြစ်လာသောအာဟာရကို စုပ်ယူပြီးနောက် ဖြစ်ပေါ်လာခြင်း ဖြစ်ရာ အကယ်၍ အူသည် ရေသောက်သော အကျင့်မရှိ၍ သို့မဟုတ် ရေလုံလောက်အောင် ခန္ဓာကိုယ်အတွင်းသို့ မရောက်ရသဖြင့် အူမကြီးလမ်းကြောင်းမှာ သန့်ရှင်းမှုမရှိပဲ ပိတ်ဆို့နေပါမူ လတ်ဆတ်သောသွေးတို့ကို ထုတ် လုပ် ပေး နိုင်ခြင်းမရှိပေ။

ဤသို့ဖြင့် သွေးအားနည်းသော ရောဂါများ ဖြစ်၍လာကာ မောပန်းလာခြင်း၊ လှုပ်လှုပ် ရှားရှားပြုရန်မလွယ်ကူသည်မှအစ ခေါင်းကိုက်ခြင်း၊သွေးအားနည်းခြင်း၊သွေးလျော့သွေးတိုးခြင်း၊ သွေးတက် သွေးတိုးခြင်း၊ အကြောအဆစ်ရောင်ခြင်း၊ အရေကြော အားနည်းခြင်း။ ကိုယ် တဘိုင်းသေခြင်း၊အဆစ်အမြစ်ကိုက်ခဲခြင်း။ ကိုယ်ဖော ကိုယ်ရောင်ရောဂါ၊ အသားဝါရောဂါ၊ နားအူ၊ နှလုံးခုန်၊ ခြေလက်မသယ်ချင် ဖြစ်ခြင်း၊ ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာ၊ အာသက်ရှူပေါ်ပြွန်ရောင်၊အဆုတ်ပွင့်အကြိတ်တည်သည့် မှအစအဆုတ် ကင်ဆာ၊ အသည်းရောဂါ၊ အသည်းကင်ဆာ၊ ဦးနှောက်မှေးရောင်၊နှလုံး၌ဖြစ်သည့် ရောဂါ၊ ကျောက်ကပ်၌ ဖြစ်သည့်ရောဂါ၊ ကျောက်တည်၊ အစာအိမ် အချဉ်ဓာတ် လွန်ကဲခြင်း၊ ဝမ်းကိုက်ခြင်း၊ လိပ်ခေါင်းထွက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဆီချိုရောဂါ၊ မျက်စိရောဂါနှင့်ပတ်သက်၍ မျက်စိ အားနည်းခြင်း၊ မှုန်ခြင်း၊ မျက်ရည်ကျခြင်း၊ မျက်လုံးနာခြင်း၊ မျက်လုံးမှ သွေးထွက်ခြင်း၊ အမျိုးသမီးတို့တွင် ရာသီမမှန်ခြင်း၊ သားအိမ်ကင်ဆာ၊ ရင်သားကင်ဆာ၊ အဖြူဆင်းခြင်း၊ နှာခေါင်း လည်ချောင်းရောင်ခြင်း စသည့်ရောဂါများ ဖြစ်ပေါ်လာတတ်ပါသည်။

သန့်ရှင်း လတ်ဆတ်သော သွေးကြောများ တုတ်လုပ်ပေးနိုင်ရန် အသုံးဝင်သော အူမကြီးမှာ ရှစ်မီတာခန့်ရှိ၍ အူအတွင်း ရေသောက်ခြင်းဖြင့် သန့်ရှင်း၍ နေပါက စားသောက်ဝါးမျိုချသမျှ အာဟာရအားလုံးတို့ကို ကျေညက်စေ၍ သွေးသစ်များ ဖြစ်စေနိုင်ပါသည်။

နေ့စဉ်နံနက်တိုင်းရေသောက်ခြင်းဖြင့် အစာအိမ် ရောဂါကို ရက်သတ္တပါတ်၊ သွေးတိုရောဂါ တလ၊ ဓာတ်ချုပ်ခြင်း သွေးထိန်ခြင်းမှာ တရက်၊ ဝမ်းလျှောခြင်းနှင့် အိပ်ပျော်နေစဉ်ဆီးသွားသည့် ရောဂါ ခုနစ်ရက်၊ ကင်ဆာရောဂါ လေငန်းရောဂါနှင့် အခြား ကိုက်ရေပြားပေါ်တွင် ဖြစ်ပေါ်သည့် ရောဂါများမှာ တလ၊ အကြိတ်အခဲတည်သည့် ရောဂါဖြစ်ပါမူ နှစ်လ၊ နေ့စဉ်နံနက်တိုင်း ရေသောက်ပေးခြင်းအားဖြင့် ပျောက်ကင်းချမ်းသာနိုင်ပါသည်။

ရေသောက်ခြင်းသည် ကွမ်းကြိုက် သူများအတွက် ဆီးအိမ်ကျောက်တည် ရောဂါကိုကာကွယ်နိုင်ပါသည်။ သက်ကြီး ရွယ်အိုများတွင် ဖြစ်တတ်သည့် အကြော အဆစ်ရောင်ရောဂါ၊ ဦးနှောက် သွေးယိုသဖြင့် လေဖြတ်ထားသော

ရောဂါဝေဒနာရှင်တို့မှာတနေ့လျှင် ရေသုံးကြိမ်သောက်ပါက သုံးလအတွင်း ရောဂါကင်း၍ ချမ်းသာပါမည်။ ဒုက္ခိတ ဘဝမှလွတ်ပါမည်။

ထို့ကြောင့် ရေကို သောက်ခြင်းအားဖြင့် ၄၆-ပါး ၄၈-ပါးသော ရောဂါဝေဒနာများကိုပျောက်ကင်းချမ်းသာသည်သာမက ကျန်းမာဝဖြိုး အလှဘိုး၍ လူသားအပေါင်း အသက်ရှည်ရာ အနာမဲ့ကြောင်း ဖြစ်သည့် ကျန်းမာရေးနည်းကောင်း တလက်မှာ "ရေသောက်ခြင်း" ပင် ဖြစ်ပါသည်။

နံနက် အိပ်ရာမှနိုးသည်နှင့် အချိန်ရပါက ၁၅ မိနစ်ခန့် ကိုယ်လက်လှုပ်ရှားသည့်လေ့ကျင့်ခန်းများ ပြုလုပ်ပြီးလျှင် ဒူးဆစ်အောက် ခြေထောက်သို့ ရေတခွက်လောင်းလိုက်ပါ။ ပြီးမှ သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ပြုလုပ်၍ ရေငါးဆယ်သားခန့် "သဝေမပါ-ဟိုးဂါထာ" ဟု ခေါ်ဆိုကြသော "သရဏဂုဏ်သုံးပါး"ကို ဦးထိပ်ထား၍ ရွတ်ဆိုပူဇော်ပြီး ရေသောက်ပါမူ ပူမျိုးမလာ ဘေးရန်ကွာ၍အတွင်းအပြင်အဇ္ဈတ္တ ဗဟိဒ္ဓနှစ်ဌာနတို့တွင် သန့်ရှင်းစင်ကြယ်၍ နံနက်စောစော အိပ်ရာမှအထ ရေသောက်ခြင်း၏ အကျိုးအာနိသင်တို့ကိုဒိဋ္ဌဓမ္မ လက်တွေ့ လက်ငင်း အကျိုးထူးများကို ခံစားကြရမည် ဖြစ်ပါသည်။

ရေသည် လူသားအားလုံးနှင့်တကွ ဘက်ရှိသက်မဲ့တို့တွင် မရှိလျှင်မဖြစ်သော အရာပင်ဖြစ်ပါသည်။ နံနက်လင်း၍ ကိုယ်လက်သုတ်သင်ပြီးသည်နှင့် ဘုရားခန်း၊ မြတ်စွာဘုရား သီဘင်းသုံးတော်မူရာစံကျောင်းတော်နားသို့ ကပ်ရောက်ကြရသော သူတော်စင်တို့မှာ ရှေးဦးစွာမြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးအား မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ၊ သုံးတော်ရေ၊ ချိုးတော်ရေ၊ ခြေဆေးတော်ရေ ဟူ၍ ရေတော် ငါးပါး ကပ်လှူကြရပါသည်။ ညောင်ရေပန်းတွင်လည်း ရေချမ်းမပါ၍ မပြီးပါ။ ဆွမ်းကွမ်းချက်ရာတွင် ရေမရှိ၍ မဖြစ်ပါ။ ဆန်ဆေးရန်ရေ၊ ဆွမ်းချက်ရန်မှာ ရေသာလျှင် အဓိက။ ဆွမ်းတော်ပွဲ၊ ဆွမ်းပွဲပြင်မည့်အခါ ဆေးကြောရန်မှာ ရေမရှိ၍ မဖြစ်ပါ။ အလှူဒါနပြုလုပ်ကြ၍ ရေစက်သွန်းချ အမျှပေးဝေရန်မှာ ရေသာလျှင် ပဓာန၊ ကြားကြားသမျှ အမျှရ၍ ရေလိုအေးလို့ ပန်းလိုလန်းကြပါစေဟု ဆိုရာမှာလည်း ရေက အခရာ၊ မေတ္တာရေစင် မသွန်းကြလျှင်ဖြင့် နှမ်းရုံမက ကျွမ်း၍ပင် သေကြရမည်မှာ ကေန်မုချပင် ဖြစ်ပါသည်။

ဗုဒ္ဓဒေသနာတော်၌ "ကံ, စိတ်, ဥ,ဟာ၊ ကြောင်းလေးဖြာ၊ မှတ်ပါရုပ်ဖြစ်ကြောင်း"ဟု ဆိုသောလင်္ကာနှင့် အညီ ကံကြောင့်ဖြစ်သော ရုပ်၊ စိတ်ကြောင့်ဖြစ်သော ရုပ်၊ ဥတုကြောင့်ဖြစ်သော ရုပ်၊ အာဟာရကြောင့် ဖြစ်သောရုပ် ဟူ၍ ရုပ်ပေါင်း ၂၈ ခုရှိကြောင်း ခွဲပြထားပါသည်။ ရုပ် ၂၈ မျိုး သာမကပဲ နာမ်တရားများကိုလည်း ခွဲပြထား၍ "စိတ် တခုယုတ်ကိုးဆယ်၊ အကျယ် တရာ့နှစ်ဆယ်နှင့် စေတသိက်ပေါင်း ၅၂ ပါးရှိကြောင်း "ဖော်ပြထားသည်မှာ လူသာမန်တို့ အရာမဟုတ်။ သဗ္ဗညုတဉာဏ်တော်ရှင် မြတ်ဗုဒ္ဓ ဘုရားသခင်၏ အရာသာ ဖြစ်ပါသည်။

"လူ့"ခန္ဓာကိုယ်သည် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတည်း ဟူသောဓာတ်ကြီးလေးပါး အစုမျှသာ ဖြစ်ရာ ကံစိတ် ဥတုအာဟာရကြောင့် ဖြစ်ပေါ်လာသော ရုပ်မှုန်ရုပ်ပွားတို့သည် ဝါယောတည်းဟူသော လေ၏ပို့ဆောင်မှုဖြင့် သဘောတူရာ စုကြ၏။ အာပေါတည်းဟူသော ရေဓာတ်၊ အစေးဓာတ်သည် ပေါင်းစုပေးရ၏။ မြေမှုန့် မြေညက်တို့ကို လုံးလိုသော် ရေနှင့်လုံးမှသာ လုံး၍ ရသည့်နည်းတူ အမြဲမပြတ် တရစပ်ဖြစ်နေသော ရုပ်မှုန် ရုပ်ပွား

တို့ကို ဝါယော အာပေါ တို့၏ အကူအညီဖြင့် ပထဝီ ဓာတ်တည်းဟူသော အာမခံ လူ့ကိုယ်၊ နတ်ကိုယ်၊ တိရစ္ဆာန်ကိုယ်ဟူ၍အကောင်အထည် ပေါ်လာ ရပါသည်။

တေဇောသည် ပူမှုကိစ္စကို ဆောင်ရွက်ရ၍ ခန္ဓာကိုယ် နွေးထွေးမှု ဥသ္မာ၊ ဝါယောသည် ပို့ဆောင်လှုပ်ရှားမှု၊ အာပေါသည် ပေါင်းစုပေးမှု၊ ပထဝီသည်အမာခံဘည်ရာဝတ္ထု၊အာကာသသည် ပိုင်းခြားကန့်သတ်မှုဟူ၍ သဘာဝဓာတ်ကြီး ငါးပါးတို့သည် မိမိတို့ကိစ္စ မပြတ်မလပ် အချိုးညီညီ ဆောင်ရွက်နေကြမှသာလျှင် ကျန်းမာ၍ လျော့သော၊ လွန်သော၊ လမ်းလွဲသော အားဖြင့် ဆောင်ရွက်ကြသော် ရောဂါရ၍ ကျန်းမာခြင်းနှင့် မပြည့်စုံနိုင်ပေ။

ခန္ဓာကိုယ်အား စိစစ်သည့်အခါ-

၁။ လေ-သည်း ခြေ-သလိပ် အုပ်စု၊

၂။ ရသရည်-သွေးသား စသော ဓာတ်ကြီး ရှစ်ပါး အုပ်စု၊

၃။ ကျင်ကြီး ကျင်ငယ် စသော အညစ်အကြေး မလအုပ်စု။

ဟူ၍ သုံးခုသာရှိရာ ရောဂါရောက်မှု၊ရောဂါရောက်ရာဌာန၊ ရောဂါ ပျောက်ကင်းကြောင်း ရှာဖွေစိစစ်လိုသော် ထိုအုပ်စုကြီး သုံးခုကိုသာ မျက်ခြည်မပြတ် ကြည့်ရှု၍ လေ့လာရပါသည်။ ယင်းအုပ်စု သုံးခုသည် သုံးချောင်းထောက် စားပွဲပမာ တခုလဲလျှင် စားပွဲရပ်တည်၍ မရ သကဲ့သို့ပင် တအုပ်စု ချွတ်ယွင်းလျှင် ကျန်အုပ်စု နှစ်စုပါ ဥပဒ္ဒဝေါ အနေဖြင့် အဆွယ်အပါး ရောဂါအဖြစ် ပါလာတတ်ပါသည်။ မူလဖြစ်လာသည့် အခြေခံ ရောဂါကို ရှာဖွေစိစစ်၍ ရောဂါပျောက်သည့် အရင်းခံကို ဖြိုချနိုင်မှသာ ရောဂါပျောက်ကင်းနိုင်ပါမည်။

ကံ စိတ် ဥတု အာဟာရ တည်းဟူသော ရုပ်ဖြစ်ကြောင်း လေးမျိုးရှိသည့်အနက် ခန္ဓာကိုယ်တည်ဆောက်ရာတွင် ''ကမ္မဇမူလ-အာဟာရဇဘူတ''ဟူ၍အရင်းခံ''ကံ''အနေဖြင့် စခဲ့ငြားသော်လည်း မိခင်စားသောက်သမျှ အာဟာရကို သူငယ်၏ ချက်ကြိုးမှ သွယ်တန်း ယူငင်၍ အသုံးပြုနိုင်သည့် အချိန်မှ စ၍ သေဆုံးသည့် တိုင်အောင် လူ့ဘဝတလျှောက်လုံး၌ အာဟာရဖြင့် ရပ်တည်ကြရပါသည်။ (ရောဂါရောက်ရာ၌ အာဟာရသည် အရေးအကြီးဆုံးဟု ဆိုလိုခြင်းဖြစ်ပါသည်။) ထိုအာဟာရကို မှန်ကန်သော ပါစက သည်းခြေဓာတ်သည် ထုတ်လုပ်တည်ရှိနေသမျှ ဖော်ပြပါ တြိဒေါသ ဓာတ်မလတို့သည် မှန်ကန်စွာ မိမိကိစ္စ မိမိတို့ ဆောင်ရွက်ကြသဖြင့် လူသားတို့ ကျန်းမာကြပါသည်။ မှန်ကန်စွာ မဆောင်ရွက်က ရောဂါ ရကြပါသည်။

''ဝမ်းတလုံးကောင်း ခေါင်းမခဲ''ဟု ဆိုရာ ဝမ်းတလုံးမကောင်းလျှင် ရောဂါစွဲနိုင်၍ ပျက်စီးသော ဝမ်းမီးသုံးမျိုးကြောင့် ရောဂါရောက်ကြောင်း ဖော်ပြထားခြင်းမင် ဖြစ်ပါသည်။ခန္ဓာကိုယ်ကျန်းမာရန်မှာ ''ပါစက'' ဝမ်းမီးသည် ပဓာန။ ရောဂါရမှု ရောက်မှု၌ အာဟာရသည် ပဓာနဖြစ်၍ ဝမ်းတွင်းသန့်ရှင်းမှ သာလျှင် တြိဒေါသဓာတ် မလတို့ အပြစ် မပြုနိုင်ကြမည်ဖြစ်၍ နေ့စဉ်နံနက်တိုင်း ''ရေ''မှန်မှန်သောက်ပေးဖို့ရန် လွန်စွာ အရေးကြီးလှပါသည်။

သို့ဖြစ်၍ သက်ရှိသက်မဲ့အားလုံးတို့ အတွက် မရှိလျှင် မဖြစ်သည့်ရေကို စီမံကိန်းချ၍ တောင်ပေါ် ကြာပေါက်စေရန် အား သွန် ကြိုး ပမ်း လျက် စစ်ကိုင်းတောင်ရိုး တလျှောက် ချောင်ပေါင်း ငါးရာကျော်တို့မှ သူ တော် စင် တို့အတွက်၊ အားတက်သရော စိတ်ရော ကိုယ်ပါ ပင်ပန်းကြီးစွာဖြင့် ကုန်းလမ်း, ရေလမ်း, လေလမ်း, လှည်းလမ်း, လှေလမ်း, ခြေလျင်လမ်း

တို့ဖြင့် တမြို့ဝင် တမြို့ထွက် မြစ်လက်တက်ပါ မကျန် မြေလျှိုးမိုးပျံ၊ မြန်မာတနိုင်ငံလုံးတွင် သာမက ပြင်ပနိုင်ငံခြားသို့ပါထွက်၍မိမိအသက်နှင့် ခန္ဓာကိုယ်ကိုပင်ပဓာနမထားပဲလည်ချောင်းလှည်းပုံတောင်းလိုက်အောင်ဟော ပြော ဝိုက်တွန်း၍ လူသူနှင့် အလှူခံသူတို့အတွက် "အတ္တ-ပရ" နှစ်ဝနှစ်တန်သော အကျိုး တရား တို့ကို သုတ္တန်ပေါင်းများစွာတို့ဖြင့် အဆန်းတကျယ် တန်းဆာဆင်လျက်၊ ဓမ္မအလှူတည်း ဟူသော သာသနာ အောင်လံတော်ကို တလူလူလွှင့်ထူလျက်၊ နေ့ညမနား အအားမရှိ "အဘိရတိဘာဝနာ" ဟု ဆိုသည်နှင့်အညီ ပျော်ပျော်ပါးပါး စိတ်ရောကိုယ်ပါ ပြင်းထန်သော လုံ့လဝီရိယနှင့် ဆောင်ရွက်တော်မူသည့် ဦးဆောင်ဆရာတော်သခင် သီဟဂူအရှင်၏ သဒ္ဒမ္မသီတဂူချောင်တွင်–

"စကားရွှေစက်၊ ပုန်းညက်ရွှေလှော်၊ ကံ့ကော်ရွှေသွေး၊မြတ်လေးပန်းရနံ့၊ သင်းပျံ့ပျံ့ မထုံ့တထုံ၊ ပန်းရဂုံသာမောက၊ မွှေးရနံ့ကြိုင်၊ ဝလိုင်လိုင်နှင့်၊ အပြိုင်အဆိုင်ကြယ်ပြောင်၊ ယုဂန်တောင်က၊ ရောင်ဖြူလာနံနက်ခင်း၊ နှစ်ခုပြိုင်၍လင်းသည့်နှယ်၊ တင့်တယ်လှသည့် ရှုချင့်စဖွယ်၊ အသွယ်သွယ်တို့ကို စာပန်းချီ ချယ်ရပါက အလယ်ကနတ်ရွာ၊ သိကြားလာ၍ခင်းသည့်နှယ် လူဝယ်နှစ်ဦး မခြင်ဖူးအောင် ထူးဝိသေသ ဂုဏ်ပေါင်းခသည့်၊ ဘုန်းဘုရာ့သီတဂူမှာ–

"သမိုင်းတခေတ် တွင်ရစ်မည့်၊ သီတဂူရေအလှူတော်စီမံကိန်းကြီး" ကို စေတနာရှင် လုပ်သားပြည်သူတို့၏ ထက်သန်သောသဒ္ဓါ တရားဖြင့် ပါဝင် လှူဒါန်း ခဲ့ကြသည့် သိန်းပေါင်း ငါးဆယ်ကျော်မျှသော ငွေကြေးတို့ဖြင့် ဖြောင့်မတ်စွာဆောင်ရွက်ခဲ့ကြခြင်းကြောင့်၊ အားသစ်အင်သစ်နှင့် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ့အလယ်တွင် ရပ်တည် ကျော်ကြား လျက် ရှိနေမည်မှာ၊ ဦးဆောင် ပဓာန ဆရာတော် သီတဂူအရှင်၏ "ပဇ်ရ" စိန်သွား.ကဲ့သို့ ထက်မြက်စူးရှ တောက်ပလှသော ဉာဏ်အမျှော်အမြင်တို့ဖြင့် တည်ဆောက် ထူထောင်ထားခြင်းဖြစ်၍ စိမ်ဆူဆူ့ဘုတ်သို့တိုင် ကပ်ကမ္ဘာဆုံးသည် အထိ တည်ရှိမည့် "သီဟဂူ ထာဝရ–ပါနီယ ဒါန" မှာ မြန်မာတမျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာ တရပ်ပင် ဖြစ်ပါသည်။

ခေတ် အဝေးကြီးကို မရည် ညွှန်းလိုပါ။ တဘိယ မြန်မာနိုင်ငံ၏ နေပင်ချိန် ဖြစ်သော သီပေါမင်း ပါတော်မူသည်မှ၍ ယနေ့ စတုတ္ထ မြန်မာနိုင်ငံဟု ခေါ်ဆိုရသော ကာလ အထိ နှစ်ပေါင်း ၁၀၀ အတွင်း၊ စစ်ကိုင်းတောင်ရိုးပေါ်သို့ ရောပတိမြစ်ရေစီးကြောင်း ပြောင်းရွှေ့လာအောင် ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်သည် "သီတဂူ အရှင် သဲကုန်း ဆရာတော် အရှင်ဉာဏိဿရ (သပိတ်အိုင်)" မှ လွဲ၍ မပေါ်ပေါက်ခဲ့ဘူးသေးသည်ကို အားလုံးပင် ဝန်ခံကြရမည် ဖြစ်ပါသည်။

စစ်ကိုင်းတောင်ကို ပထမ မြန်မာနိုင်ငံအဖြစ် တည်ထောင်သည့် ပုဂံခေတ်အတွင်း ချောင်ကြီးကိုးချောင်မှ စတင်ခဲ့ရာ၊ စစ်ကိုင်းတောင်ရိုးသည် ယခုအခါ စတုတ္ထ မြန်မာနိုင်ငံဟု ခေါ်ဆိုရသည့်ကာလဝယ်–

ချောင်ပေါင်း ၅၀၀ ခန့်နှင့် သူတော်စင်ပေါင်း ၅၀၀၀ ကျော်တို့အတွက် သီတဂူအရှင်၏ ကြိုးပမ်းချက်ဖြင့် မြစ်မင်းရော ခွေကာပတ်လျက် တောင်ပေါ်သို့ ဆန်တက်၍ လာခဲ့ပြီဖြစ်ရာ၊ တောင်ရိုးပျော်တို့မှာ ရတနာထိုက်သည့် "ရေဆေး" တို့ဖြင့် မပင်ပန်းကြရတော့ပဲ ဝမ်း

သာ လန်းဖြာ ချမ်းသာပျော် ရှိနေကြပြီ ဖြစ်ပါသည်။

ယင်းကဲ့သို့ သူတော်စင်များ အနှစ်နှစ် အလလမှ မျှော်မှန်း၍ မရနိုင်လောက်အောင် ရေအတွက် ပင်ပန်းဆင်းရဲခဲ့ကြသည့် ဘေးမှကင်းဝေးစေရန်၊ အားသွန် ကြိုးပမ်းတော်မူကြပါသော ဦးဆောင် ပဓာနဆရာတော်သခင် သီတဂူ အရှင်နှင့် ဆရာတော် သံဃာတော်များ၊ ကပ္ပိယကာရက အဖွဲ့သားများနှင့် ပြည်တွင်း ပြည်ပ အရပ်ရပ်မှသီတဂူ အလှူရှင်များအားလုံးတို့အား ဤဆောင်းပါးဖြင့် ရိုသေစွာ ဦးညွတ်ပါသည် ဘုရား။

မမြလတ် သဇင်မှိုင်

# ကျေးဇူးတရား

ပိတောက်တပင်၊
ပေါင်းမြက်သင်၍၊ ပြုပြင်စိုက်ပျိုး၊
ရေမိုးမှန်စေ၊ စွမ်းသန်လေဖို့၊
ဖြိုးဝေမေတ္တာ၊ ထားပါ၏။
တမာပင်ကို၊
ရှင့်အောင်စိုက်ကာ၊ နှစ်လကြာလျှင်၊
ခွဆုံဘက်မှာ၊ သစ်တိုထွာဖြင့်၊
ဝမ်းသာပြည့်ရင်၊ ရေချမ်းစင်ကို၊
ပြုပြင်အသင့်ထားပါ၏။
ပိတောက်ပင်က၊ ကျောင်းလမ်း မတွင်၊
ချမ်းမြ ရိပ်သာတကား။

တမာပင်က၊
ကျောင်းဝင်လမ်းလယ်၊ ခရီးသည်တို့၊
နွမ်းနယ်ပန်းဖြေ၊ အမောပြေဖို့၊
ရေစင်ကမ်းလှမ်းခဲ့တကား။
ဩော်....ပိတောက် တပင်၊ တမာပင်ကို၊
ညွှန်ပြစိုက်သူ၊ ထေရ်ဘိက္ခု၏၊
ကြည်ဖြူဝေဖြာ၊ စေတနာသည်၊
ကြီးစွာဟန်ဖိုး ရှိတကား။ ။

မောင်ရေအေး
သီတဂူ

# ပြည်သူနှင့်အတူ သီတဂူ

အရှင်သဇ္ဇန (ပဥ္စနိကာယဓိမာန်)

စာရေးသူ ငယ်စဉ်က ဆရာသမားများထံမှ အရေးကြီးသော စကားတခွန်း မှတ်သားခဲ့ရဖူးပါသည်။

၁။ လောကဥ္စ လူများအကျိုး ဆောင်ရွက်သည်ပိုးလိုသော မွန်မြတ်ကြီးမားသည့် မဟာပုရိသ (ပုဂ္ဂိုလ်မြတ်ကြီး) တို့၏ စေတနာ ဆန္ဒမျိုး ဖြစ်ပေါ်ခဲ့၏။

၂။ စေတနာဆန္ဒ ဖြစ်ပေါ်ပြန်လဲ ဆောင်ရွက်နိုင်ခဲ့၏။

၃။ ဆောင်ရွက်ပြန်လဲ ပြီးစီး အောင်မြင်သည်အထိ အကောင်အထည် ဖော်နိုင်ခဲ့၏။'' ဟူ၍ ဖြစ်ပါသည်။

သီတဂူ၏ အလှူတော်မှာ လောကတွင် အမြင့်မြက်ဆုံး။ သို့သော် အခက်ခဲဆုံးလည်းဖြစ်သည့် ဤအခက်ကြီး သုံးရပ်ကို ကျော်လွှားအောင် မြင်နိုင်ကြောင်း ဆောင်ရွက်ကြသောဆိုင်ရာ ပုဂ္ဂိုလ်တို့၏ ကြီးမားလှသော သဒ္ဓါအား ဝီရိယအား၊ ပညာအား၊ ဘုန်းကံပါရမီအား တို့ဖြင့် သက်သေထူပြလိုက်သော အလှူပွဲကြီး (၀၁) မြင့်မြတ် ကြီးမားသော ပရဟိတ အလုပ်ကြီးတခု ဖြစ်သည်ဆိုလျှင် မှားမည် မဟုတ်ပါ။ ဤလုပ်ငန်းကြီးကို ဆောင်ရွက်ရာတွင် တော်ရုံတန်ရုံ စွမ်းရည် သတ္တိမျိုးဖြင့် ဓအောင်မြင်ပြီးမြောက်နိုင်ဖွယ် မရှိကြောင်းမှာ သိသာထင်ရှားလှပါသည်။ လုပ်ငန်းတခု၏ အတိမ်အနက်အခက်အခဲ အဘိုင်းအတာကို လက်တွေ့ ဆောင်ရွက်သူမှသာလျှင် သိနိုင်ပါမည်။

ယခု ဤသီတဂူ ရေအလှူတော် စီမံကိန်းကို ''ဟောင်စစ်ကိုင်း-ချောင်တိုင်းဝေရန်'' ဦးတည်ချက် စေတနာ ဆန္ဒဖြင့် စတင်ခဲ့ရာ ချောင်ပေါင်း ၄၀၀ ကျော်သို့ ရေပိုက်ပေ အရှည်ခြောက်သောင်းခန့် အထိ ဆက်သွယ်ပြီးစီးလျက် တောင်ရိုးပျော်သူတော်စင် လေးထောင်ကျော် တို့ သောက်ရေ သုံးရေကို ချမ်းသာစွာ သုံးစွဲနိုင်ကြပေပြီ။ ပြည်သူနှင့် သီတဂူ ကြည်ကြည်ဖြူဖြူ လက်တွဲ အခက်အခဲ များစွာ ကျော်လွှားလျက် စေတနာမိုး သဒ္ဓါမိုး အသပြာမိုး ဇွဲလုံ့လ တန်ခိုးတို့ဖြင့် တောင်ရိုးတခွင် မြစ်ရော ရေစင် ဖျန်းပက်စေသည်ကား သမိုင်း မော်ကွန်း မှတ်တမ်းတင်ရမည့် ကြီးမားလှသော ပမ်းမြောက်ဖွယ်ကြီး တခု ဖြစ်ပါသည်။

စကားအလျဉ်းသင့်၍ ဆိုရပါမည်။ ဒေသတခုကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရာ လူနေမှုအဆင့်ကို မြှင့်တင်ပေးရာတွင် အရေးကြီးလှသော အခြေခံ အဆောက်အဦသမ္ဘာရ (Infra-Structure) ကြီးသုံးမျိုးခန့် ရှိသည်ဟု လူမှုရေး ပညာရှင်များ အဆိုပြုကြပါသည်။ ၎င်းတို့မှာ–

၁။ ထိရောက်သော ဆက်သွယ်မှုစနစ် (Effcient Communication Systems)

ဥပမာ–လမ်း၊ တံတား၊ ယာဉ်ရထား၊ တယ်လီဖုံးတယ်လက်စ် စသည်–

၂။ လျှပ်စစ်စွမ်းအား (Electricity) နှင့်

၃။ ရေ (Water Resources) တို့ ဖြစ်ကြပါသည်။

၎င်းသုံးခုတွင် ရေလည်း အဓိက ပါဝင်နေသည်ကိုထောက်ဆခြင်းဖြင့် ရေ၏ အရေးပါပုံကို မှန်းဆနိုင်ပေသည်။ အထူးသဖြင့် စစ်ကိုင်းတောင်လို မိုးနည်းသမပိုင်းဇုံတွင် ရှိနေသည့်ဒေသအဖို့ ရေမှာ ပို၍ အရေးကြီးလှပါသည်။ တောင်တန်းဖြစ်သဖြင့် မြေပြန့်ရေကိုလဲ အားကိုးမဖြစ်သလို မိုးမှာ အောင်သည့် နှစ်တွင် မယောင်းတာလှသော်လည်း မိုးမကောင်းသည့် နှစ်တွင် အခက်အခဲရှိပြန်တတ်ပါသည်။ သက်ရှိလောက သက်မဲ့လောက နှစ်ခုလုံးအတွက် မရှိမဖြစ် အရေးကြီးသောရေကိုလျှုဒါန်းရသောအကျိုးမှာ ၁၀ မျိုး သာမကအကျိုးပေါင်းမြောက်မြားစွာရှိလောက်မည်ကားမငြင်းနိုင်ပါ။ မှန်ပါသည်။ သက်ရှိလောကတွင် ရေသည် အဓိကပါဝင် ပစ္စည်းဖြစ်သဖြင့် ရေနှင့်ကင်း၍ အသက်မရှင်နိုင်သလို သက်မဲ့လောကတွင်လည်း ရေကင်းမဲ့လျှင် သဘာဝပတ်ဝန်းကျင်စနစ် (Ecological System) တခုလုံး ခြောက်သွေ့ ဆိတ်သုဉ်းသွားနိုင်ပေသည်။

ယခုအချိန်တွင် တောင်ရိုးတန်နှင့် ရွာပါးလိုအပ်ချက်ရှိသော ရေကို သီတဂူ ရေအလှူတော် စီမံကိန်းဖြင့် ရရှိစေပြီဖြစ်ရာ တောင်ရိပ်ခိုဝင် သူတော်စင် အပေါင်းတို့အတွက် သာမက တောင်ရိုးပျော် ကျေးငှက် တိရစ္ဆာန်များ၊ သစ်ပင် ပန်းပင်များ အတွက်ပါ အတိုင်းမသိ အကျိုးကျေးဇူး များမည်ကား သေချာလှပေသည်။

## ဆန္ဒမွန်

သက်ရှိလောကတွင် ပါဝင်သော လူသား။ သဘာဝပတ်ဝန်းကျင်၊ ရေ။ ၎င်းသုံးခုသည်အပြန်အလှန် အမှီသဟဲ ပြုနေကြပေသည်။ ၎င်းအချက်ကို သတိပြုနားလည်သော တိုးတက်သည့်ကမ္ဘာ့နိုင်ငံအတော်များများတွင်သဘာဝပတ်ဝန်းကျင် သစ်ပင် တောတောင် ရေမြေ ဘဝတူသက်ရှိလောက ကျေးငှက် တိရစ္ဆာန်များ ထိန်းသိမ်းရေးကို လှုံ့ဆော် အားပေးလျက် ဂရုစိုက်ဆောင်ရွက် နေကြသည်။ မြန်မာနိုင်ငံတွင်လည်း သစ်ပင်များ စိုက်ပျိုးခြင်း သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်း လုပ်ငန်းကို အလေးထားဆောင်ရွက်လျက် ရှိပေသည်။

သို့ဖြစ်ပေရာ ၎င်းသီတဂူရေ အလှူတော် စီမံကိန်းကြီး ပြီးပြည့်စုံသည့် သမိုင်း မော်ကွန်းမှတ်တမ်းဟင်ရာ အခါသမယတွင် သီတဂူစီမံကိန်း၏ အသီးအပွင့်ဖြစ်သည့် အဖိုးတန် ရှားပါးလှသော ရေကို အကျိုးရှိရှိ သုံးစွဲရေး သစ်ပင်ပန်းမန်များကို စနစ်တကျ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဖြင့် တောင်ရိုးတခွင် စိမ်းလန်းစိုပြေ

စေရေး ကိစ္စများသာမက ဤရေအလှူတော်ကြီး ရေရှည်တည်တံ့ရေးကိုပါ ဝေ၁ဝန်သိသိ တန်ဖိုးရှိရှိဖြင့် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြဖို့ ကိစ္စမှာလဲ မလွှဲမသွေ အရေးတကြီးလို အပ်ချက်ကြီး တခုဖြစ်ကြောင်း ဆန္ဒပြုတင်ပြရပေသည်။

"သီတဂူမေဒ်ကွန်း"

* ဟောင်တန်းတခွင် ရေစင်ဖြန်းလို့၊
ဖွေရှင်လန်း အေးစရာ၊
ပြည်(ပြေ)ခွင်တဝန်း ဝေးဘယာရယ်၊
တွေးဆကာ ဆုတောင်း။

* ပြည်သူအပေါင်း ပေါင်းစုညီတူ၊
ကောင်းမှု့သီတဂူ၊
စေတနာထု သေချာသမှုသမိုင်းထူသည်၊
တိုင်းဇမ္ဗူမယွင်းတည်ပေါ်လေး။

အရှင်သဇ္ဇန
(ပဋ္ဌနိကာယသာသနဗိမာန်)

❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋ ❋

## ဆန္ဒ

သန့်စင်ရေ အမြိုပြု၊
သီဘဂူ ရောင်ခြည်။
ညချမ်းခါ
လှပန်းကြာ ဆုံကာတွေ့၊
ငုံဖြာ၍ ပွင့်ပြီ။
ထိုဘန္ဓန်းသာပ၊
ချိုပြုံးတဲ့ နှလုံးရည်
သွေးကြည်သည့်ရင်ခွန်း။
ကြည်အဖြူ
သီတဂူ မေတ္တာ လွမ်းတော့၊
ဘေးကျွမ်းတွေ ဝေးကွာလှမ်းကာပ၊
အေးချမ်းစွာ ဉာဏ်ကြာပွင့်လို့ရယ်၊
တင့်ကြ ချင်စမ်း။ ။

မောင်ရေချမ်း
သီတဂူ

## ရေဒါန

သီတဂူစန်းလ၊ ပန်းသကမ္ဘူ၊
အိုင်သာအနောတတ်၊ ပြောစမှတ်ရှင်လူ၊
မေတ္တာအမ္ဘူ၊ စန္ဒဂူ့အရည်တူ၊
ရေဒါန၊ သာစွာ့သီတဂူ။

ဉာဏ်ထွန်း



# သီတဂူမှန်ကူသယမ္ဘူ စေတီတော်

## ပန္နက်တော်တင်မဟာမင်္ဂလာ နှင့် ရတနာအုတ်မြစ်ချမင်္ဂလာ

---

အမှုဆောင်အဖွဲ့
မလွန်ဆန်လွှအသင်းထောက်၊ပန်းဘဲတန်းမြို့နယ်
ရန်ကုန်တိုင်း

သုံးလူ့မြတ်စွာ ဘဂဝါ၏ စက်သာသနာသည် နေစကြာသို့ ရောင်ဝါတန်ဆောင် လင်း လင်း ပြောင် လျက် ၂၅၂၈ နှစ် မြန်မာ့ ဝေါဟာရ ကာဇာသက္ကရာဇ် ၁၃၄၆ ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာ အခါတော်) ကြာသပတေးနေ့ ဇေယျမင်္ဂလာ ရောက်သောအခါဝယ်၊ သုံးလောကထွတ်တင် ရှင်တော် ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား သခင်၏ ဇာတိချက်ကြွေ ဖွားရာမြေဖြစ်သော နီပေါနိုင်ငံ ကတ္တမန္ဒူမြို့ ဓမ္မကိတ္တိဝိဟာရ သာသနာပြုအဖွဲ့မှ သီတဂူပဓာန ဦးဆောင် ဆရာတော် သဲကုန်း အရှင်ဉာဏိဿရ နီပေါနိုင်ငံသို့ ၁၉၈၂ ခုနှစ် ဇန်နဝါရီလကကြွရောက်ခဲ့စဉ် ဆရာတော်ဘုရားအား ဆက်ကပ်လှူဒါန်းလိုက်သည့် သယမ္ဘူစေတီတော် ပုံစံနှင့်ဘွဲ့တော်အတိုင်း၊ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူ ကျောင်းဦး ကိန္နရတောင်ယံပ်တွင် သီတဂူပဓာန ဦးဆောင် ဆရာတော် (သပိတ်အိုင်တောရ) သဲကုန်း အရှင်ဉာဏိဿရ ဦးဆောင်ညွှန်ကြား၍၊ ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မလွန် ဆန် လှူအသင်းထောက်အဖွဲ့မှ ပဓာန ဒါယကာပြုလျက်၊ သီတဂူ ကပ္ပိယကာရကအဖွဲ့မှ ဝိုင်းဝန်း ကူညီပါဝင် လှူဒါန်းပြီး၊ မြန်မာနိုင်ငံ အရပ်ရပ်မှ သီတဂူကြည်ဖြူကြကုန်သော ပြည်သူအများတည်ထားပူဇော်မည့်သယမ္ဘူစေတီတော် ပန္နက်တော်တင် မဟာမင်္ဂလာနှင့် ရတနာအုတ်မြစ်ချ မင်္ဂလာ အခန်းအနား အစီအစဉ်မှာ-

နံနက် အရုဏ်တက်ချိန်မှစ၍-

သီတဂူ ဦးဆောင် ဆရာတော် ငါးပါး၊ ကိန္နရချောင် ဆရာတော်နှင့် သေလာဂီရိဆရာတော်တို့ကကြီးကြပ်စီစဉ်လျက် သယမ္ဘူစေတီတော်ရာ အနောက် မြောက် ထောင့် တွင် တည်ထားပြီးသော ပန်းဘဲတန်း သီတဂူရေကန်တော် အမှတ်၊(၂) အရှေ့အရပ်ဟွင်ရှိ ဓမ္မာသနပလ္လင်ပေါ်တွင် သီတင်းသုံးကြ၍ ပါဠိကာရီ ဦးမဟောသဓာဘိဝံသ၊ဦးကောမုဒ္ဒိဝရ၊ မိုင်းညွင်း ဦးမင်္ဂလတို့ ဦးဆောင်သော သဒ္ဓမ္မသီတဂူ မစိုးရိမ်ချောင် သံဃာတော် အရှင်မြတ်များက-

(က) အနေကဇာတိသံသာရံ ချီ ဥဒါနသုတ် ၂ သုတ်။
(ခ) ပစ္စယနိဒ္ဒေသ၊
(ဂ) ဓမ္မစကြာ၊
(ဃ) အနတ္တလက္ခဏာသုတ်၊
(င) မဟာသတိပဋ္ဌာန်၊

(စ) မဟာသမယသုတ် (၇) သုတ်၊

(ဆ) ပရိတ်ကြီး (၁၁) သုတ်၊

(ဇ) ဇယောပတိနယေးဂါထာဘို့ကို အဓိပ္ပါယ်မစဲ စောင်းသမျှာ လိုအပ်သမျှ အဖြာဖြာ တို့ကို ရွတ်ဖတ်ပူဇော်လျက်ရှိကြပါသည်။

နံနက် ၀၇း ၁၅ အချိန်။

စစ်ကိုင်းတောင်ရိုး ပထမ မစိုးရိမ်ချောင် တိုက်ကျောင်းတော်ကြီး မဟာပွင်းမှာဖြင့်သယမ္ဘူ စေတီတော်တည်ထားမည့် ရှေးစေတီဟောင်း၏ ဌာပနာတိုက် အတွင်းမှ တူးဖေါ် ရရှိသော "ကောက္ကသံဖြား သုဒပ်သဏ္ဍာ ကောင်းမှု" ဟု ကမ္ပည်းထိုးသားသော မြတ်စွာဘုရား ရုပ်ပွားတော်တဆူနှင့် ဘုရား ရုပ်ပွားတော်များ အုတ်ခွက်ဘုရားများ၊ ဓာတ်တော်များနှင့် ပန္နက်တော်တင် အုတ်မြစ်ချ သဘင်ကြီးတွင် ဘုရား ဒါယကာ ဒါယိကာမများ လှူဒါန်းထားသည့် ရတနာ များ စီ ခြယ်ပြီး ရတနာအုတ်များ၊ ရွှေအုတ်များ၊ ငွေအုတ်များ စသည့် ရတနာ ပစ္စည်းများကို အများသူငါ ကြည်ညိုသဒ္ဓါ ပွားများနိုင်ရန် ပြင်ဆင် ပင့်ဆောင်ထားသည့် နေရာသို့ ပန္နက်တော်တင် ရတနာအုတ်မြစ်ချ မဟာမင်္ဂလာသဘင်တွင် ပါဝင်ဆင်နွှဲ လှူဒါန်း လိုသူပေါင်း သူတော်ကောင်းတို့ စုဝေးညီညာ ရောက်ရှိနေကြသည်။

အခမ်းအနား စီစဉ်ရေးမှူးအဖြစ် ဆောင် ရွက်သူ အကျိုးတော်ဆောင် ဦးကြင်မောင် (အငြိမ်းစား ဗိုလ်မှူး)နှင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သူ အကျိုး တော်ဆောင် ရာမ စိုးအောင်၊ ရန်ကုန်ဘိုင်း ပန်းဘဲတန်းမြို့နယ် ဆန့်လှူသင်းထောက်ဖွဲ့တို့သည် သယမ္ဘူစေတီ တော် တည်ဆောက်ရေးနာယက ပထမ မစိုးရိမ် ချောင် ဆရာတော် ဘုရားကြီးထံသို့ ဗိုသုကာ ဆရာကြီး ဦးညွန့်မောင် အမှူးရှိသော သယမ္ဘူ စေတီတော် တည်ဆောက် လုပ်ရေးအဖွဲ့နှင့် သီတဂူ ကပ္ပိယ ဒါယကာများ ဖြစ်ကြသော ဦးစိုးဝင်း၊ ဦးအုန်းကြိုင်၊ ဦးအေးချို တို့သည် ဘုရား စေတီပုထိုးတော်များကို ဖန်ဆင်းတည် ဆောက်သောအခါ၊ လိုက်နာ ဆောင်ရွက်ကြရ သော သာသနိက ဓမ္မရှေးထုံးစဉ်လာ ဗိသုကာ စနစ်များအတိုင်း ပန္နက်တော်တင် မင်္ဂလာနှင့် ရတနာအုတ်မြစ်ချ မင်္ဂလာအတွက် လိုအပ်သော ပဲဖြူရောဇမတ် ပတ်ခြံရစ်ကာ ကြက်လျှာတံခွန် အလံကုက္ကား မှုလေးပွားတို့ဖြင့် ခမ်းနားထည် ဝါ တင့်တယ်စွာ စီရင် ပြင်ဆင်ထားပြီး ဖြစ်ပါ သဖြင့် မင်္ဂလာအခါတော် ကောင်းခံလျှောက် ထားသည်။

စစ်ကိုင်းတောင်ရိုး ပထမ မစိုးရိမ်ချောင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တသုမင်္ဂလ မဟာ ထေရ်က "သယမ္ဘူစေတီတော်ကြီး၏ ပဓာန ဘုရား ဒါယကာ ဘုရား ဒါယိကာမ ဖြစ်ကြ ကုန်သော ရန်ကုန်ဘိုင်း ပန်းဘဲတန်းမြို့နယ် ဒါယကာ ဒါယိကာမအပေါင်းတို့သည် ၁၃၄၆ ခု ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့တွင် နေ့ကောင်း ရက်မြတ်ဖြစ်သည့် အားလျော်စွာ၊ သယမ္ဘူစေတီတော်ကြီး တည်ထား ကိုးကွယ် ပူဇော်နိုင်ရန်အတွက် လူနတ်ပြဟ္မာ သတ္တဝါတို့ ကျွတ်တန်း ဝင်နိုင်ရန်အတွက်၊ မြတ်စွာဘုရား ကိုယ်တော်မြတ် ပန္နက်ချမင်္ဂလာ အခမ်းအနား ရတနာအုတ်မြစ်ချ မင်္ဂလာ အခမ်းအနားကို ဤအချိန်ကစ၍ ပြုလုပ်ဆောင်ရွက်ကြရန် ဆရာ တော် ညွှန်ကြားတိုက်တွန်း မေတ္တာရပ်ခံပါ သည်။

ဟူ၍ အမိန့်ရှိတော်မူသည်နှင့် တပြိုင်နက်-

(က) အောင်သပြေ ရွှေရည် ငွေရည် နံ့သာ ရည်များဖြင့် ပြည့်သော ငွေဖလားကိုင် ဥပသကာ။

၁။ ပန်းဘဲတန်း ဆန်အလှူသင်း ဥက္ကဋ္ဌကြီး ဦးဟန်၊
၂။ သီတဂူ ဆရာတော်၏ ကပ္ပိယဒါယကာ ပတ္တမြား ဦးရွှေနီတို့ ၂ ဦးနှင့်၊
၃။ ပန်းဘဲတန်း ဆန်အလှူအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးစံထွန်းလှဝိုက ရှေ့ဆုံးမှ ဦးဆောင်၍၊
(ခ) သာသနာ့အလံကိုင် ၂၄ ဦးနှင့် ယှဉ်၍ သီတဂူ အလံကိုင် ၂၄ ဦး၊
(ဂ) ကြေးစည်၊
(ဃ) ရွှေမောင်း၊
(င) အိုးစည်၊
(စ) သယမ္ဘူစေတီတော် ပုံစံကို ပင့်ဆောင်လျက် ရှင်ဘုရင်၊
(ဆ) ဗြဟ္မာကြီး၊ ဘုရင့် လက် ယာ ဘက် မှ စေတီတော်ပုံစံငယ်အားထီးဖြူမိုးလျက်၊
(ဇ) ဘုရင့်လက်ဝဲဘက်မှ ခရူသင်းမှုတ်လျက်၊
(ဈ) ယပ်ကိုင်လျက် နတ်မင်းကြီး လေးပါး၊
(ည) ဂဠုန်၊နဂါး၊
(ဋ) မင်းညီမင်းသား (၄) ပါး၊
(ဌ) တံခွန်ကုက္ကားနှင့် အောင်သပြေများ ကိုင်ဆောင်လျက်၊ သီတဂူ ကပ္ပိယ ကာ ရကများ၊
(ဍ) ပန္နက်တိုင်နှင့် လက်ရိုက်များကို ဦးထိပ်ရွက်၍ ပင့်ဆောင်သည့်အလှူ့ဒါယိကာမ (၂) ဦး၊
(ဃ) ရတနာအုတ် ၄၅ အုတ်ကို ပင့်ဆောင်သူ အလှူ့ရှင်ဒါယကာများ၊
(ဏ) ရတနာအုတ် ၄၅ အုတ်ကို ပင့်ဆောင်သူ ဒါယိကာမများ၊
(တ) နံ့သာအိုး၊ နံ့သာ ရွှေ ငွေခွက်များ ကိုင်ဆောင်ကြသူ ဒါယိကာမများ၊
(ထ) တံခွန်ကုက္ကား မုလေးပွားနှင့် အောင်သပြေများ ကိုင်ဆောင်လျက် သီလရှင် ဆရာကြီး ၂၀၀ ဦး၊
(ဒ) အလှူ့ဒါယကာ အလှူ့ဒါယိကာမ ဝေယျာဝစ္စကာရက စသည် သီတဂူကို ကြည်ဖြူ စေတနာ ပီတိ ဖြာ ကြ သည့် သဒ္ဓါကြည်လင် ပါရမီရှင် ပရိသတ်အပေါင်း သူတော်ကောင်းသူမြတ်သောင်းတို့သည်—

ညီညာဖြိုးဖြိုး ဝမ်းမြောက် ရွှင်လန်း ခမ်းခမ်းနားနား စေတနာ သဒ္ဓါ ဝေဖြာစွာနှင့် မစိုးရိမ်ကျောင်းရှေ့မှ တန်းစီ၍ သီတဂူလမ်းအတိုင်း သီတဂူကျောင်းတော်ပေါ် အရောက် ဦးတိုက်ကြကာ ဆက်လက်၍ သီတဂူ ပဋ္ဌိပတ္တိကျောင်း ထိပ် လှေကားသို့ ဆင်းသက်ပြီး ကိန္နရာချောင်၊ ထိုလမ်းမှ လမ်းရိုးအတိုင်း သယမ္ဘူစေတီတော် တည်ထားမည့် စေတီတော်ရာ ရင်ပြင် အခမ်းအနားဖြင့် အရောက်သွားကြပါသည်။

သီတဂူ ဆရာတော် ကိုယ်တော်တိုင်ပန်းဘဲတန်း ရေကန်ထိပ်မှ ဦးဆောင်ကြိုဆို၍ သယမ္ဘူ စေတီတော်ရာ ရင်ပြင်သို့ ပန်းဘဲတန်း ဥက္ကဋ္ဌကြီးနှင့် ဒုတိယ ဥက္ကဋ္ဌကြီး၊ ကပ္ပိယကာရက ပတ္တမြား ဦးရွှေနီ၊ သိကြား ဗြဟ္မာနတ်ဒေဝါတို့ ခြံရံလျက် ရောင်ခြည် ဝင်းသည့် ရှင်နေမင်းသည် မိုးမှုန်များကြားမှ လင်းလျက် ရှိစဉ် ကြွရောက်တော် မူလာရာ ဗုဒ္ဓပူဇနိယ မင်္ဂလာ ဗုဒ္ဓဘာသာ မြန်မာတို့၏ ထုံးတမ်းစဉ်လာတင့်တယ်ခန်းညား ကြည်နူးဖွယ်ရာတို့မှာ စာဖွဲ့၍မတတ်နိုင်အောင်သာလျှင် ဖြစ်ပါသည်။ ကွန်နိုပ်တို့၏ လက်ဆယ်ဖြာတို့သည်လည်း အလိုအလျောက် ထိပ်မှာ မိုးမိပြီး ဆရာတော်ဘုရား၏ စေတနာတော် မေတ္တာတော် သာသနာတော် သုံးရပ်အတွက် အားထုတ်ကြိုးစားတော်မူသော လုံ့လဥဿာဟနှင့် မဟာဆန္ဒတော်တို့သည် ဆရာ

တော်ဘုရား၏ မျက်နှာတော်ပေါ်တွင် ထင်လင်း ပွင့်လင်း လျက်ရှိသည်ကို ဖူးမြော်ယင်း–

တဘက် ဆွဲရွှာစား မောင် မြ ရင် ရေး အောင်ဇေယျ၁ ဘုန်းတော်ဘွဲ့မှ "စန်းသော်တာ၊ရွှေညာရံခ၊ ထူးမူးဖူးရည်ရော်၊သက်တော်ရာကျော်မြင့် ရှည်ဖွင့်စည်၊ ကျူးရင့်အောင်ခွန်း ချိုဗျာ မိန့်ကြိုင်ကြိုင်ရှန်း"

ဟူသောအပိုဒ်ကို ဆရာတော်ဘုရားအား ဖူးမြော် ကန်တော့ယင်း နှလုံးသားမှ ရွတ်ဆိုမိပါ တော့သည်။

ဤသို့လျှင် အခမ်းအနား အစီအစဉ်မှူးတို့၏ စီမံပြီးအတိုင်း သယမ္ဘူ စေတီတော်ရာသို့ ရောက်ရှိလာကြကုန်သော ဆရာတော်၊ သံဃာတော်၊သိကြားပြဟ္မာ၊ နတ်ဒေဝါ၊သီလရှင်ဆရာကြီးများနှင့် အလှူ့ဒါယိကာမတို့သည် မိမိတို့အတွက် အသင့် စီစဉ်ပြီးသော နေရာများတွင် အသီးသီး နေရာယူကြပြီး။

နံနက် ၀၀ း ၀၀ အချိန် ရတနာ သုံးပါး ဦးထိပ်ထား၍ သီတဂူ ပဓာန ဦးဆောင် ဆရာတော်ဘုရားထံမှာ သယမ္ဘူစေတီတော်၏ရင်ပြင်ပေါ် ရှိသူ အပေါင်းတို့ ရှစ်ပါး သီလခံယူကြပါသည်။

သို့ ရှစ်ပါးသီလ ခံယူကြ၍ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိမှ တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိ အပိုဒ်တိုင်အောင် ပရိသတ်များက ဆိုနေသည့် ၁၀ စက္ကန့်မျှ ကာလ အချိန် ပိုင်း တွင် ဇေယျာပံသု ဤမြေထုသည် သက်သေ အမှုန်တည်သေပြီဟု သိစေလို၍သား မသိ၊ အရှေ့နှင့် အနောက်သို့ မြေလျှင်ငယ် လှုပ်ပါသည်။

၂။ သီတဂူ ဦးဆောင်ဆရာတော် ငါးပါး၊ ကိန္နရာချောင် ဆရာတော်၊ ယေလာဂီရိ ဆရာတော်၊ သီတဂူ၏ ကြာတပွင့် ရှင်ခေမာသီရိ လက်ာရ (ရှင်ဖြူရှင်လှဆိပ်၊ ရွှေကျောင်းဆရာတော်)နှင့် သီတဂူအရှင်ပညောဘာသ သယမ္ဘူစေတီတော်ရာတွင် ရှိကြကုန်သော ဆရာတော် သံဃာတော် အပေါင်းတို့က ညီညာဖြိုဖြိုပရိတ်တော်မြတ်တို့ကိုရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူကြပါသည်။

၃။ သီတဂူပဓါန ဦးဆောင် ဆရာတော်ဘုရား ဗဟိုပင်မ မင်္ဂလာပန္နက် ချမည့် နေရာသို့ သီတဂူ ဦးဆောင် ဆရာတော်များ၊ သီတဂူ ကပ္ပိယကာရကများ၊ ဘုရား ဒါယကာများနှင့် ဘုရားတည်ဆောက်ရေး ပညာရှိ ဦးညွန့်မောင်နှင့်အဖွဲ့သားများသည် စေတီတော် နေရာဝတ္ထုကံမြေတွင် မိမိတို့ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်နိုင်ရန် ပန္နက်ရိုက်မည့် ပုဂ္ဂိုလ်များကလည်း သတ်မှတ်ထားသော နေရာသို့ အသီးသီး ကြွရောက်နေရာ ယူကြပါသည်။

တာဝန်ယူထားကြသော ဥပသကာများကလည်း ပရိတ်ရေဖျန်းခြင်း၊ ပရိတ်သဲကြဲပက်ခြင်း၊ ပရိတ်ချည်တန်းခြင်း၊ပရိတ်ပန်းစိုက်ခြင်းများနှင့် အတူ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက်ဆွဲထားသော ပန္နက်ကြိုးနှင့် ဗဟိုပင်မ မင်္ဂလာပန္နက်နေရာတို့ကို သေချာအောင် စစ်ဆေးခြင်း စသည်များ ညီညာဖြိုဖြို ဆောင်ရွက်ကြပါသည်။

၄။ ၀၁ း ၂၀ နာရီ။

(က) ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ် မလွန် ဆန်ယှူသင်းထောက်အဖွဲ့ ဥက္ကဋ္ဌကြီး ဦးဟန်က ကံ့ကော်သား မင်္ဂလာပန္နက်တိုင်တတိုင်နှင့်ကံ့ကော်သားမင်္ဂလာလက်ရိုက် တခုကို ယူ၍ ရှင်ဘုရားအား ပေးအပ်ပါသည်။

(ခ) ရှင်ဘုရင်ကသီတဂူပဓာန ဦးဆောင် ဆရာတော်အား ဆက်ကပ်ပါသည်။

(ဂ) စနေသားဖြစ်သော သီတဂူ ကပ္ပိယကာရကညောင်လေးပင် ဦးထွန်းမြင့်သည် အုန်းညွန့် သုံးညွန့်ကို ကိုင်

ကိုင်ဆောင်လျက် မင်္ဂလာပန္နက်ကြိုး ရင်းကို ကိုင်ထား၍ အရှေ့အရပ်တွင် နေရာယူ အသင့်သင့် ဖြစ်နေပါသည်။

(ဃ) တနင်္ဂနွေသား၊ ပန်းဘဲတန်း ဆန်လှူအသင်းထောက်မှ ဦးအောင်သည် ကံ့ကော်ညွန့်သုံးညွန့်ကို ကိုင်ဆောင်လျက် မင်္ဂလာ ပန္နက်ကြိုးဖျားကိုင်ထား၍ အနောက် အရပ်တွင် နေရာယူ အဆင်သင့် ဖြစ်နေပါသည်။

(င) တနင်္လာသား ပန်းဘဲတန်းဆန်လှူသင်းထောက် အကျိုးတော်ဆောင်ချုပ် ဦးကျော်စိန်သည် ကံ့ကော်သားမင်္ဂလာပန္နက်တိုင်နှင့် ကံ့ကော်သားမင်္ဂလာ လက်ရိုက်တို့ကိုသီတဂူပဓာန ဦးဆောင်ဆရာတော် ထံမှ လက်ခံရယူ၍ ဗဟိုပင်မ မင်္ဂလာပန္နက်ရိုက်မည့် မင်္ဂလာဌာနတွင် နေရာယူ အဆင်သင့် ဖြစ်နေပါသည်။

၀၈ း ၂၆ နာရီ

(စ) ပန္နက်တင် မဟာမင်္ဂလာအချိန်ရောက်ရှိရန် ငါးမိနစ် အလိုတွင် စေတီတော်ရာ ရင်ပြင်ပေါ်တွင် ရှိရှိသမျှသော ပရိသတ်အပေါင်းတို့သည် မိမိတို့၏ ကုသိုလ်ဒါန အဖို့ကို အစဉ်ဌာန်ပါရမီတို့ ဖြည့်စွက်လျက် ငြိမ်သက်စွာ အာရုံပြု၍ နေကြပြီး အခမ်းအနားနှင့် စံတော်ချိန်မှူးမှ ပန္နက်တင် မင်္ဂလာအခါတော် ရောက်ရန် ငါးမိနစ် အလို၊ လေးမိနစ်အလို၊ သုံးမိနစ်အလို၊ နှစ်မိနစ်အလို တို့တွင် ကြေငြာပေးပြီး တစ်မိနစ်အလိုမှ ပန္နက်တင် မင်္ဂလာ အခါတော်မြတ်ဖြစ်သော သာသနာတော် ၂၅၂၈ ခု သက္ကရာဇ် ၁၃၄၆ခု ဝါဆိုလပြည့် ဓမ္မစကြာ အခါတော်နေ့ နံနက် ၈ နာရီ ၃၁ မိနစ် အချိန် ရောက်ရှိသည့်တိုင်အောင်–

သီတဂူ ပဓာန ဦးဆောင် ဆရာတော်မှ ''မင်္ဂလာ အခါတော်ပန္နက်''ဟု မြွက်ကြားတော်မူမည့် အချိန့်အခါကို အာရုံ မိမိ စောင့်မျှော်နေကြပါသည်။

ဗဟိုပင်မ ပန္နက်ရိုက်မည့် ဦးကျော်စိန် (ပန်းဘဲတန်း) ကလည်း ဥက္ကဋ္ဌကြီး ဦးဟန်မှ ဘုရင်ကြီး၊ ဘုရင်ကြီးမှ သီတဂူပဓာန ဦးဆောင် ဆရာတော် ဘုရားသို့ အဆင့်ဆင့် ပေးအပ်လျက် ဆရာတော်ဘုရားက မိမိလက်ဝယ်သို့ ရောက်ရှိနေသော ပန္နက်တိုင်များကို တည့်တည့်မတ်မတ် အရင်းအဖျား မမှားရအောင် မှန်ကန်စွာ လက်ဝဲလက်က ပန္နက်တိုင်ကို ကိုင်လျက် လက်ယာလက်ဖြင့် လက်ကိုင်ကို ကိုင်လျက် အဆင်သင့်ရှိပါပြီ။

(ဆ) ၀၈ း ၃၁ နာရီ။

သီတဂူပဓာန ဦးဆောင်ဆရာတော်ဘုရားက ''မင်္ဂလာ အခါတော်ပန္နက်''ဟု မြွက်ကြားမိန့်ဆိုတော်မူပါသဖြင့် ဗဟိုပင်မ မဟာမင်္ဂလာပန္နက်ကို ရိုက်ပြီး ခရုသင်း၊ ကြေးစည်၊ ရွှေမောင်း၊ ထိုးစည်၊ မင်္ဂလာစည်တော်ကြီးများ အစဉ်အလိုက် ဆက်တိုက် တီးခတ်ကြလေပြီ။ ရဟန်းသံဃာ ဗိုလ်ပါနတ်လူ ပူဇော်သူ သူတော်ကောင်း သူမြတ်လောင်း အပေါင်းတို့ သောင်းသောင်းဖြဖြ သာဓုခေါ်သံ ပဲ့တင်သံတို့သည်လည်း ဇေယျာတောင်တရိုး လွှမ်းမိုးတိုးထွက် ဘဝဂ်သို့တိုင်ပျံ့လွှင့်ပါတော့သည်။

(ဇ) သဃမ္ဘူ စေတီတော်မြတ် တည်ထားကိုးကွယ်ရန်အတွက် ဗဟိုပင်မ မင်္ဂလာပန္နက်ကို အောင်မြင်စွာရိုက်ပြီးသည်နှင့်အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာ တို့တွင် ဆက်လက်၍ ပန္နက်တော်များ ရိုက်ကြရန်–

အရှေ့အရပ် ပန္နက်ကြိုးထိပ်တွင် ဦးဟန် (ပန်းဘဲတန်းဥက္ကဋ္ဌ)၊ ဦးစံထွန်းလှ (ပန်းဘဲတန်း ဒုဥက္ကဋ္ဌ)၊ ဦးမျိုးဆန်း (ပန်းဘဲတန်းအကျိုးတော်ဆောင်) ဦးမောင်မောင်ညွန့် (သီဟဂူကပ္ပိယကာရက) ရန်ကုန်နှင့် ဓမ္မတေးဝိဇ္ဇာ သဒ္ဒါရဲ့ ဦးမြင့်စိန်(သီဟဂူကပ္ပိယကာရကရန်ကုန်) တို့က လည်းကောင်း၊

တောင်အရပ် ပန္နက်ကြိုးထိပ်တွင် ဦးရွှေဝင်း (သီဟဂူကပ္ပိယကာရကရန်ကုန်)၊ ဦးကျော်ကျော်ဝင်း (သီဟဂူကပ္ပိယကာရက၊ ပန္တနော်)၊ ဦးတင်မောင်(သီဟဂူကပ္ပိယကာရက၊ မန္တလေး) ဒေါက်တာ ဦးဝင်းနိုင်(သီဟဂူကပ္ပိယကာရက)၊ မန္တလေးနှင့် ဦးကြီးမောင်(သီဟဂူကပ္ပိယကာရက)ရန်ကုန်တို့က လည်းကောင်း၊ အနောက်ရပ် ပန္နက်ကြိုးထိပ်တွင် ဦးစိုးအောင်(ပန်းဘဲတန်း အကျိုးတော်ဆောင်)၊ ဦးသိန်းအောင်(ပန်းဘဲတန်း)၊ ဦးညွန့်တင် (သီဟဂူကပ္ပိယကာရက မန္တလေး) ပတ္တမြား ဦးအောင်မြင့် (သီဟဂူကပ္ပိယကာရက) ရန်ကုန်နှင့် ဦးမောင်ကြီး (သီဟဂူကပ္ပိယကာရက၊မန္တလေး)တို့က လည်းကောင်း၊ မြောက်အရပ် ပန္နက်ကြိုးထိပ်တွင် ဦးကြင်မောင် (ပန်းဘဲတန်း အကျိုးတော်ဆောင်)၊ ဦးသောင်းတင် (သီဟဂူကျောင်း ဒါယကာ၊သီဟဂူကပ္ပိယကာရက မန္တလေး)၊ဦးသောင်း (သီဟဂူကပ္ပိယကာရက၊ရန်ကုန်) ဦးသန်းစိန် (သီဟဂူကပ္ပိယကာရက၊စစ်ကိုင်း)နှင့် ဦးအောင်(ပန်းဘဲတန်း) တို့က လည်းကောင်း၊

ဥက္ကဋ္ဌကြီး ဦးဟန်မှ ဘုရင်ကြီး၊ ဘုရင်ကြီးမှ သီဟဂူ ပဓာန ဦးဆောင်ဆရာတော်ဘုရား၊ ဆရာတော်ဘုရားက မိမိလက်ဝယ်သို့ ရောက်ရှိနေသော ကံကော်သား မင်္ဂလာပန္နက်တိုင်နှင့် ကံကော်သားမင်္ဂလာလက်ရိုက်တို့ကို တည့်တည့်မတ်မတ် အချင်းအချား မမှားရအောင် မှန်ကန်စွာ မိမိတို့၏ ဘျေးဇူးတော်ရှင် သီဟဂူ ပဓာန ဦးဆောင် ဆရာတော်ဘုရား၏ "မင်္ဂလာအခါတော်ပန္နက်"ဟု မြွက်ကြား မိန့်ဆိုတော်မူသံကို ဗုဒ္ဓသာသနာနံ့ နိမ္မလံဂိရံ တိဋ္ဌတု"ဟု အသံရဲ့ မိမိ အခါခါ ရွတ်ဆိုကြင်း မောင့်ပျော်နေကြပါသည်။

(ဈ) ဝဂး ၄၀ နာရီတွင် သီဟဂူ ပဓာန ဦးဆောင် ဆရာတော်ဘုရားက၊ "မင်္ဂလာအခါတော် ပန္နက်" ဟု မိန့်ဆိုသည်နှင့် အရပ်လေးမျက်နှာတွင် အဆင်သင့် ဖြစ်နေကြသော ပန္နက်ရိုက်မည့် ပုဂ္ဂိုလ်များက အရပ်လေးမျက်နှာတွင် သေးငိုးစီ ဟပြိုင်နက် အယက်တော်ပြုပါ ပုဂ္ဂိုလ်များ အချိုက် အလှည့်ကျပန္နက်ရိုက် မအောင်မြင်ကြပါတော့သည်။

(ည) ဆရာတော် သံဃာတော် အရှင်မြတ်များတို့က တပြိုင်တည်း ဇယန္တောဂါထာ သုံးကြိမ်နှင့် ပုဗ္ဗဏှသုတ်ကို ရွတ်ဖက် သရဇ္ဈာယ် ချီးမြှင့်တော်မူကြပါသည်။

(ဋ) သာသမ္ဘူစေတီတော်မြတ် မဟာပန္နက်တော်တင် မင်္ဂလာ အခမ်းအနား အောင်မြင်စွာ ကိုးဘုံးပြီးဖြစ်ပြီး သာသမ္ဘူစေတီတော်မြတ်ရတနာ အုတ်မြစ်ချ မဟာမင်္ဂလာ အခမ်းအနားကို ထိုနေ့ နံနက် ကိုးနာရီ ငါးမိနစ် ၂၀ စက္ကန့်တွင် ဆက်လက် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း အခမ်းအနားမှူးက ကြေငြာလျက်ခရသင်း၊ ကြေးစည်၊ ယိုစည်၊ ရွှေမောင်း၊ မင်္ဂလာစည်တော်တို့ တီးခတ်ဆော်ရှမ်းသံ၊ သာဓုသံတို့သည် ပဲ့တင်ရိုက်ခတ်ဝပေါင်ဆီသို့ ပြန့်လွင့် လွှမ်းခြုံသွားပါတော့သည်။

### ရတနာအုတ်မြစ်ချ မင်္ဂလာအခမ်းအနား

### ၁၃၄၆ ခု ဝါခေါင်လပြည့် ဓမ္မစကြာ အခါတော် ကြာသပတေးနေ့။

### ။ နံနက် ၇ဂး ၅၅ နာရီ။

တာဝန်ရှိ ဗိသုကာ ဆရာကြီး ဦးညွန့်မောင် အမှူးပြုသော စေတီတော်ကည်ဆောက်

ရေး ပညာရှင်များက (၁)။ ပင်မအလယ် ဗဟို၊ (၂) အရှေ့၊ (၃) တောင်၊ (၄) အနောက်၊ (၅) မြောက်၊ ငါးဌာနတို့တွင် ရတနာ အုတ်မြစ် ကိုးကြိမ်ချမည်ဖြစ်၍ လိုအပ်သည်များကို စီစဉ်ပြီး မြောက်သည်နှင့်တပြိုင်နက်–

ရတနာအုတ်မြစ်ချ မင်္ဂလာကို သီတဂူပဓာန ဦးဆောင်ဆရာတော်ဘုရားကို "ပင်မ အလယ်ဗဟို" အုတ်မြစ်ချပေးတော်မူရန် အခမ်းအနားမှူးက ပန်ကြားသည်နှင့် ပန်းဘဲတန်း အကျိုးတော်ဆောင် ဦးကြင်မောင်မှ ဥက္ကဋ္ဌကြီး ဦးဟန်၊ ဦးဟန်မှ ဘုရင်ကြီး (ဦးတင်အောင်)၊ ဘုရင်ကြီးမှ သိကြားမင်း ဦးမြင့်အောင် (ပန်းဘဲတန်း ဂုဏ်ထူးဆောင် စာရင်းစစ်)သီတဂူ ဆရာ တော်ဘုရားသို့ဆက်ကပ်ပါသည်။

၂။ **နံနက် ၀၉း ၀၀ နာရီ။**

ရတနာအုတ်မြစ်ချ မင်္ဂလာပြုလုပ်ရန် ငါးမိနစ်၊ လေးမိနစ်၊ သုံးမိနစ်၊ နှစ်မိနစ်သာ လိုပါတော့သဖြင့် သီတဂူ ပဓာန ဦးဆောင် ဆရာတော် အရှင် ဉာဏိဿရအား–

"ဒွိဇုတ္တမ၊ တြိဥက္ကဋ္ဌ၊ ဝိဇယဿဝ၊ ဝိသုဒ္ဓ အစစ်ကြီးဖြစ်တော်မူသော ကျော်သူတကာတို့၏ ထိပ်ခေါင်သယမ္ဘူဥဿျောင် ဘုန်းရောင်တေဇာ ဝေဖြာ ရှည်ကြာ စေလိုလှပါ၍ အောင်ရန် အတိတ် အောင်နိမိတ်ဖြင့် အောင်ဘိသိက်သွင်း အောင်ဟိတ် ကျင်းလျက် အောင်ခြင်းဝေဖြာ အောင်မင်္ဂလာဖြင့် ရတနာအုတ်မြစ် ချပေးတော်မူပါဘုရားဟု အခမ်းအနားမှူးက လျှောက်ထားသည်နှင့်–

၃။ နံနက် ၀၉း ၀၅း ၂၀ စက္ကန့်တွင် သီတဂူ ပဓာန ဦးဆောင် ဆရာတော်ဘုရားသည် သယမ္ဘူ စေတီတော်မြတ်ကြီး၏ ပင်မ အလယ်ဗဟို ရတနာ ရွှေအုတ်မြစ်တော်ကို ကိုယ်တော်တိုင် ချပေးတော်မူပါသည်။

ဆက်လက်၍ အထက်ဖော်ပြပါ အစီအစဉ်အတိုင်း သိကြားမင်းမှဆက်ကပ်သော ရတနာ အုတ်များကို အရှေ့အရပ်တွင် မစိုးရိမ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ သုမင်္ဂလ မဟာထေရ်၊ တောင်အရပ်တွင် ဝေဇယန္တာ ဆရာတော်အရှင် မဟာသဓပဏ္ဍိတ၊ အနောက်အရပ်တွင် သုဗောဓာရုံ ဆရာတော် အရှင် နန္ဒမာလာဘိဝံသ၊ မြောက်အရပ်တွင် မြစကြာ ဆရာတော် အရှင် လက္ခဏာတို့က အစဉ်အတိုင်း အုတ်မြစ်များ ချပေးတော်မူကြပါတော့သည်။

**ဒုတိယအကြိမ်**

အလယ်ဗဟို ပန်းဘဲတန်း ဥက္ကဋ္ဌကြီး ဦးဟန်-ဒေါ်မြယဉ်၊ ဒေါ်ခင်နုမိသားစု၊
အရှေ့အရပ် ဦးတင်အောင်-ဒေါ်သန်းရင် (သီတာအောင် ကလေးအာဟာရ မိသားစု) ပန်းဘဲတန်း၊
အနောက်အရပ် ဒေါ်ရွှေရင် မိသားစုမှ သမီး ဒေါ်ရင်ရင် (ပန်းဘဲတန်း)၊
တောင်အရပ် ဦးဝင်းမောင်၊ ဒေါ်သီ မိသားစု (ပန်းဘဲတန်း)၊
မြောက်အရပ် သိန်းသန်း ရုပ်ရှင် ဦးသိန်းအောင်နှင့် အငြိမ်းစား ဗိုလ်မှူး ဦးကြင်မောင် မိသားစု (ပန်းဘဲတန်း)။

**တတိယအကြိမ်**- အလယ်ဗဟို ပန်းဘဲတန်း၊ နာယကကြီး ဒေါ်အေးကြော့ မိသားစု၊
အရှေ့အရပ်- ဦးသောင်း ဒေါ်လှရီမိသားစု၊
အနောက်အရပ်- ဦးပု-ဒေါ်စောရီ မိသားစု၊
တောင်အရပ်- ဦးဘိုးရင်-ဒေါ်လွန်းမေမိသားစု၊
မြောက်အရပ်- ဦးကိုကိုကြီး မိသားစု။

**စတုတ္ထအကြိမ်**-အလယ်ဗဟို ပန်းဘဲတန်း၊ ဒုတိယ ဥက္ကဋ္ဌကြီး ဦးစံထွန်းလှ-ဒေါ်ကြေ့စိန်။

အရှေ့အရပ်- နာယကကြီး ဦးမြမောင်ကိုယ်စား ရာမ စိုးအောင်၊

အနောက်အရပ်-ဦးမြ သိန်း - ဒေါ်ရွှေမိသားစု၊

တောင်အရပ်- ဦးဘသန်း မိသားစု၊

မြောက်အရပ်- ဦးတင် ဒေါ်ကြည် မိသားစု။

**ပဥ္စမအကြိမ်**- အလယ်ဗဟို၊ ပန်းဘဲတန်း၊ အကျိုးတော်ဆောင်ချုပ် ဦးကျော်စိန်၊ ဒေါ်အေးမြင့် မိသားစု၊

အရှေ့အရပ်- ပန်းဘဲတန်း မဟာသိမ်တော်ကြီး ကျောင်းတိုက် ဂေါပကအဖွဲ့ဝင် ဦးတင်မောင်မိသားစု

အနောက်အရပ်- နာယကကြီး ဦးသန်းမောင် ဒေါ်တင်မေ၊ မိသားစု၊

တောင်အရပ်- မဟာသိမ်တော်ကြီး ကျောင်းတိုက် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူး မောင်ညွန့် မိသားစု

မြောက်အရပ် - ဦးသိန်းလွင် ဒေါ်ခင်တီ မိသားစု၊

**ဆဋ္ဌမအကြိမ်** —အလယ်ဗဟို၊ ပန်း ဘဲ တန်း ဦးသာညွှန့်- ဒေါ်ကြည်ဝင်း မိသားစု

အရှေ့အရပ်-မန္တလေး သီတဂူကမ္ဘိယကာရက ဦးတင်မောင် ဒေါ်မြို့ မိသားစု၊

အနောက်အရပ်-မန္တလေး သီတဂူ ကမ္ဘိယကာရက ဒေါက်တာ ဦးဝင်းနိုင်-ဒေါ်ခင်မမ မိသားစု၊

F.26

တောင်အရပ်-မန္တလေး၊ သီတဂူ ကမ္ဘိယကာရက ဦးညွန့်တင် ဒေါ်သန်းနွဲ့-မိသားစု၊

မြောက်အရပ်-မန္တလေး၊ သီတဂူ ကပ္ပိယကာရက ဦး မောင် မောင်ကြီး -ဒေါ်ကောင်းညွန့် မိသားစု၊

**သတ္တမအကြိမ်** အ လယ်ဗ ဟို ပန်း ဘဲ တန်း ဦးသိန်းနိုင်၊ဒေါ်ခင်ခင် မိသားစု၊

အရှေ့အရပ်-မန္တလေး၊ သီတဂူ ကပ္ပိယကာရက ဦးကျော်ကျော်ဝင်း၊ ဒေါ်ခင်ခင်ချို မိသားစု၊

အနောက်အရပ်-စစ်ကိုင်းတောင်ရိုး၊ သီတဂူ ကပ္ပိယကာရက ဦး တင် ဦး ဒေါ်ညွန့်ညွန့် မိသားစု၊

တောင်အရပ် - စစ်ကိုင်းမြို့၊ သီတဂူ ကပ္ပိယကာရက ဦးသန်းစိန်၊ ဒေါ်ခင်သီဝင်း မိသားစု

မြောက်အရပ် မန္တလေးမြို့မှ ဒေါ်ကြင်ရီနှင့် တူ-တူမများ။

**အဋ္ဌမအကြိမ်** -အလယ်ဗဟို ပန်းဘဲတန်း၊ ဒေါ်ကြည်မြင့်နှင့် အစ်မ ဒေါ်တင်ရင် မိသားစု၊

အရှေ့အရပ် - ကြည်တောင်ကန့်၊ ဦးစိန်အေး ဒေါ်ရင်နု မိသားစု၊

အနောက်အရပ်-မန္တလေး၊ သစ္စာဝါဒီကျောင်းတိုက်နှင့် သဒ္ဓမ္မ သီတဂူကျောင်းတိုက် ဒါယိကာမကြီးဒေါ်သန်းနွဲ့ မိသားစု၊

တောင်အရပ် -မန္တလေး၊ သီတဂူ ကပ္ပိယကာရက ဦးစိန်မှူ- ဒေါ် ထွန်း မေ မိသားစု၊

မြောက်အရပ် -ညောင်လေးပင်မြို့ သီတဂူ ကပ္ပိယကာရက ဦးထွန်းမြင့်-ဒေါ်မြင့်မြင့် မိသားစု၊

**နဝမအကြိမ်** -အလယ်ဗဟို ပန်းဘဲတန်း ဥက္ကဋ္ဌ

ဦးဟန်၊ ဒေါ်မြယဉ်၊ ဒေါ်ခင်နု
မိသားစု၊

အရှေ့အရပ် –မန္တလေး သီတဂူ ကပ္ပိယကာရက သဒ္ဓမ္မ သီတဂူကျောင်း ဒါယကာကြီး ဦးသောင်းတင် မိသားစု။

အနောက်အရပ်-မန္တလေး သီတဂူ ကပ္ပိယကာရက၊ ဦး ကျော်ကျော် ဝင်း၊ ဒေါ်ခင်ခင်ချို မိသားစု။

တောင်အရပ် -မန္တလေး သီတဂူ ကပ္ပိယကာရက ဦးထွန်းဖေ- ဒေါ် ရင် ရင် မိသားစု။

မြောက်အရပ် -ပန်းဘဲတန်း ဗိုလ်မှူး မောင်မောင်မြင့်-ဒေါ်ခင်သိမ်း မိသားစု။

(ကိုယ်စား) ပန်းဘဲတန်း ဆန်လှူသင်းထောက် အဖွဲ့ဝင်များ။

စသည့် ရတနာအိုး ဒါယကာ ဒါယိကာမ အပေါင်းတို့သည် လည်းကောင်း၊ ဘုရား ဒါယကာ ဘုရား ဒါယိကာမတို့သည် လည်းကောင်း မိမိတို့၏ စေတနာ သဒ္ဓါတရား အားလျော်စွာ ပြုလုပ် စီစဉ်၍ လှူဒါန်းကြပါသော ရတနာရွှေအိုး၊ ငွေအိုးတို့ဖြင့် ကိုယ်တိုင် ကိုယ်ကြပါဝင် လှူဒါန်း အုတ်မြစ်ချကြပါတော့သည်။

၄။ သီတဂူ ပဓာန ဦးဆောင် ဆရာတော်ဘုရားသည် ဘုရား ဒါယကာ ဘုရား ဒါယိကာမ များ စီမံ ဆက်ကပ်သော ရွှေရည်၊ ငွေရည်၊ နံ့သာစုံရည်တို့ကို ပနက်အုတ်မြစ် ချပြီးသော ရတနာအုတ် များပေါ်သို့ ဆွတ်ဖျန်း သွန်းလောင်း လှူဒါန်းတော်မူပါသည်။

၅။ သီတဂူ ပဓာန ဦးဆောင် ဆရာတော်ဘုရား တိုင်ဆိုပေးသည့် "နမတ္ထု အနန္တဇိနသဿ သမ္မာသမ္ဗုဒ္ဓဿ" အစရှိ ဗုဒ္ဓဝန္ဒနာ ဂါထာတော်ဖြင့် ဘုရားရှိခိုး၊ သီလခံယူ ဆုတောင်း အမျှဝေကြကာ သာဓု သာဓု ဟူသော ကောင်းချီးကြွေးကြော်သံ၊ လူနတ်ပြဟ္မာ သတ္တဝါ အနန္တတို့၏ အောင်ပြီ-အောင်ပြီ-အောင်ပြီ ဟူသော အသံတို့သည် "သီတဂူ ရေအလှူတော်" ဟူသော အမည်ဖြင့် စစ်ကိုင်း တောင်ရိုးကြီး တရိုး လုံးအား ရေပေးလှူ စီမံကိန်း အကောင်အထည်ဖော် ရည်မှန်းချက် ပြည့်စုံစွာ သီတဂူ ရေအလှူ ပဋ္ဌမနှစ်ပြည့် ၁၃၄၇ ခု ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် သမိုင်းမှတ်တမ်း ဒ ဖြစ် သီတဂူ မှန်ကူ သဃမ္မာ စေတီတော်ကြီးနှင့် မော်ကွန်းတင်ထားရန် သယမ္မာ စေတီတော်ကြီး၏ ပန္နက်တင် မင်္ဂလာနှင့် ရတနာ အုတ်မြစ်ချ မင်္ဂလာတို့ အောင်မြင်ပြီး ပြည့်စုံပြီ ဖြစ်ကြောင်း ကြေငြာစရာပင်မလိုအောင် စစ်ကိုင်းတောင်ရိုး လွှမ်းမိုး ရိုက်ခတ်ခြုံးသိမ်းကျုံး ပဲ့တင်ထပ်ဆင်၍ နဘံထိပ်ဖြား လှည့်လည် သွားလျက် ဘာဏုပမာ သာသနာသည် ဆေဆာကွန့်လည် ပြောင်မွန့်ရှည်တော် မူသည် မှာ သေချာ လှ ပါ တော့ သတည်း။

အမှူးဆောင်အဖွဲ့
မလွှဲဆန်လှူသင်းထောက်၊ပန်းဘဲတန်းမြို့နယ်
ရန်ကုန်တိုင်း။



# သာသနာဝင် ကဏ္ဍ



# စစ်ကိုင်းသို့ချီဒေသစာရီ

ဦးညိုမြ

ကျွန်တော်သည် ၁၉၇၄ ခု ဩဂုတ်လ အတွင်း စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်သို့ မန္တလေး ဦးမောင်မောင်တင်အဖွဲ့နှင့် ဆရာတော်အရှင်ဉာဏိဿရအား အဖူးအမြော်ရောက်ရှိရာ ဆရာတော်က မကြာမီ ထုတ်ဝေမည်ဖြစ်သော သီတဂူရေအလှူတော် ဦးဆောင်သံဃာအဖွဲ့၏ မော်ကွန်းတင် စာစောင်ကြီးအတွက် စစ်ကိုင်း သာသနာပင် အကြောင်းကို တောင်ရိုပျော် သူတော်စင်တို့အား ပူဇော်သောအားဖြင့် စာတမ်းတခု ရေးသားကူညီစေလိုသည်ဟု အမိန့်တော်ရှိ၏။

ကျွန်တော် အာမဘန္တေ ခံယူခဲ့သော်လည်း စစ်ကိုင်းတောင် သာသနာဝင်မှာ မြတ်စွာဘုရားလက်ထက်တော်မှစ၍ များလှစွာသော စေတီပုထိုးနှင့် သူတော်စင်တို့ ထွန်းကားခိုမှီးရာဖြစ်၍ စုံလင်ပြည့်စုံအောင် တတ်နိုင်ဖွယ်မရှိပါ။ တောင်ယံတွင်ဗျိုင်း ပျံသကဲ့သို့ Bird's eye view သာ အနိုင်နိုင် တင်ပြနိုင်ပါသည်။

စစ်ကိုင်းတောင် သာသနာဝင်၏ အစ စစ်ကိုင်း ဒေသစာရီကို တင်ပြပါမည်။

ယော နေကဝါရမှိ မရမ္မမဏ္ဍလံ၊
အာဂမ္မ သဒ္ဓမ္မဇုတိံ အကာ စိရံ။

ယောတထာဂတော၊ အကြင်ရှေးဘုရားတို့ ကဲ့သို့ လာခြင်း ကောင်းသော မြတ်စွာဘုရားသည်။ မရမ္မမဏ္ဍလံ . သုနာပရန် တမ္ဗဒီပ မည်သော မြန်မာတိုင်းပြည်သို့။ အနေကဝါရမှိ၊ အကြိမ်များစွာလည်း။အာဂမ္မ၊ကြွလာတော်မူ၍။ ဇံနွှန်းနံ၊ မြန်မာနိုင်ငံသူ လူအပေါင်းတို့၏။ အတ္ထံ၊ အကျိုးစီးပွားကို။ ဒီဃဒဿီ၊ အရှည်မြော်ခေါ်တော်မူလျက်။ စိရံ၊ ကြာမြင့်စွာ။ သဒ္ဓမ္မဇုတိံ၊ သာသနာတော်မြတ် ထွန်းလင်းအံ့သောအကြောင်းကို။ အကာ၊ ပြုတော်မူလေပြီ။

အထက်ပါဂါထာကို အဝမြို့ ဘကြီးတော်မင်းလက်တွင် အမတ်ကြီး မဟာဓမ္မသင်္ကြန် ပြုစု

သော သာသနာ့လင်္ကာရကျမ်း၌ ဖွင့်ဆိုခဲ့သည်။ မြတ်စွာဘုရား မြန်မာပြည်သို့ အကြိမ်ကြိမ် ရောက်တော်မူခဲ့သည်ဟု အဓိပ္ပါယ်ရ၏။

မြန်မာဘို့၏ သုနာပရန္တတိုင်း၌ ဝါဏိဇ္ဇဂါမ ရွာသား စူဠပုဏ္ဏနှင့် မဟာပုဏ္ဏ ညီနောင်နှစ် ပါးကို စွဲ၍ ဘုရားသခင် သက်တော်သင်ရှား ရှိတော်မူစဉ် ဝါတော် နှစ်ဆယ်ကျော်ကပင် သာသနာတော်မြတ် သက်ဆင်းစပြု၏။ အမြဲအစွဲ အပြန့်အနှံ့ကား မတည်ထွန်းလေ။ ထို့ကြောင့် နောက်တဖန် သာသနာပြု စေလွှတ်ပြန်ရ သတည်း။

လက်လေးသစ်ခန့်မျှပင် အဖိုးတသန်း ထိုက် သော စန္ဒကူးနီ တန်ဆောင်း ကျောင်းကို လယ်ကိုင်းအရပ်၌ အလှူခံ၍ ခုနစ်ရက်ပတ်လုံး သီတင်းသုံးတော်မူသောအခိုက် တရက်တရက်၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ အကျွတ်တရန် သောတာပန် စသော အရိယာ ဖြစ်ကြ၏။

မြတ်စွာဘုရားသည် ပြာသာဒ်ငြင်သာ ယာဉ် ငါးရာဖြင့် ကြွတော်မူသော ခရီးအကြားတွင် သစ္စဗန္ဓတောင်၌ နေသော သစ္စဗန် ရသေ့ကို လည်း ချွတ်ချွတ်တော်မူ၍ ဆဠာ ဘိည ရဟန္တာ အဖြစ်သို့ ရောက်စေတော်မူ၏။ ဝါဏိဇ္ဇဂါမရွာ ကုသိန္ဒြ သဌေးသား စသော ထင်ရှားသသူတို့ ကိုလည်း တရားအမြိုက်ရည် တိုက်ကျွေးတော် မူ၏။

ဤသို့လျှင် သစ္စဗန္ဓ၊ ကုသိန္ဒြ၊ မဟာပုဏ္ဏ အစရှိသော ခုနစ်ရက်အတွင်း အကျွတ်ရလေ သော အရိယာအပေါင်းကို စွဲ၍ ငါတို့ မရမ္မ- မဏ္ဍလ အတွင်း သာသနာတော်မြတ် သက်ဆင်း စဖူးသည်ဟု သာသနာလင်္ကာရကျမ်းတွင်ဆို၏။

မြတ်စွာဘုရားသည် သုနာပရန္တတိုင်းအတွင်း ဒေသစာရီ လှည့်လည်ရာတွင် စစ်ကိုင်းအရပ်သို့ လည်း ကြွရောက်တော်မူသည်။

မြတ်စွာဘုရား မကြွရောက်မီ ကာလက စစ်ကိုင်းတောင်ရိုး တခုလုံးမှာ ဘီလူးတို့စံရာဖြစ် ၍ ဘီလူးတောင်ဟု ခေါ်တွင်ခဲ့သည်၊ တောင် ဘီလူးချောင်သို့ အဝင် မုခ်ဝ၌ ဘီလူးနှစ်ကောင် များ ယခုတိုင် စောင့်ကြပ်လျက်ရှိသည်၊

ဇော့ဟ အမျိုးရှိသော စစ်ကိုင်းဘီလူးတို့သည် သားစိမ်း ငါး စိမ်း စား ဖြစ်ကြသည့်အတိုင်း ခက်ထန်ကြမ်းကြုတ်သော အသွင် ရှိပေမည်။ သို့သော် သံသရာ၌ ကျင်လည်သောသတ္တဝါများ ဖြစ်သည့်အတိုင်း မြတ်စွာဘုရား၏ ဒေသနာ တော်များကို ကြားနာရသောအခါ အကျွတ် တရားရရှိကြလေသည်၊

ဘီလူးများ အကျွတ်တရားရ၍ သောတာပန် ဖြစ်ရာအရပ်ကို သောတာပန်ရပ် ဟု ယနေ့တိုင် ခေါ်ဝေါ်လျက်ရှိကြသည်။ သက္ကရာဇ် ၁၀၀၆ ခုနှစ်၌ တနင်္ဂနွေမင်းသည် ထိုအရပ်တွင် ဘီလူး တို့ အကျွတ်တရားရသော အထိမ်း အမှတ်ဖြင့် လေးကျွန်းမာန်အောင် စေတီတည်၏။

မြတ်စွာဘုရားသည် ဘီလူး အပေါင်းကို အကျွတ်တရားရစေပြီး ရေဝတီမြစ်ကမ်းအထက် ဆိပ်သို့ ကြွရောက်၍ ရေသပ္ပါယ်သည်။ ရေ သပ္ပါယ်သည့်ဆိပ်သည် ချိုးတော်ဆိပ် တွင်၏။

ဇေတဘီလူးလည်း ရေသနုပ်တော် အဝတ် စွန့်ရန် တောင်းခံ၍ ရေဆိပ်အထက် တောင်ထိပ် ၌ ကျောက်စေတီ ပြုလုပ်ကိုးကွယ်လေ၏။ ဇေတ စေတီမှ ဇေတဝန်ဖြစ်လာ၏။ ဝတ်ရုံတော်ဘုရား ဟု ခေါ်၏။ ဤဝတ်ရုံတော်ဘုရားသည် စေတီ များတွင် ရှေးအကျဆုံး ဖြစ်သည့်ပြင် မြတ်စွာ ဘုရား၏ စစ်ကိုင်း ဒေသစာရီ အထိမ်းအမှတ် လည်းဖြစ်သည်၊

စစ်ကိုင်းတောင်ရိုးသို့ မြတ်စွာဘုရားကြွ ရောက်ချိန်နှင့် ပတ်သက်၍ ညောင်ပင်သာဦးပုည ကတေးထပ်ဖြင့် ဤသို့ မှတ်တမ်းတင်ထား၏။

ရွှေကိုင်းသာလှ သောတာပန်၊
လောကချက်မှန် ရပ်စခန်း၊
ရေဝတီ ရေယဉ်သန်းတဲ့၊
မြခန်းဌာန ရောက်သောအခါ၊
ကိုးကျိပ်ကိုးယောက် ယက္ခမူးတယ်၊
ဇေတဘီလူး ကြည်နူးဖူးမျှော်လာ၊
တရားချိုမြ ဟောပြီးခါသော်၊
ရေစင်သီတာ သပ္ပါယ်ပြီးမှ၊
အံ့ချီးရောင်ကြွ ရေသနုပ်တော်၊
ပေးလိုက်လေသော်။

ဇေတဝန်မည်ရ စေတီကျော်မှာ၊
သွင်းထားပူဇော် ရှိဦးတင်ပြလေး။ ။

စစ်ကိုင်း ဒေသစာရီဖြင့် တောင်ရိုးပျော်သူတော်စင်တို့အား ပူဇော်ပါ၏။

**ညိုမြ (အိုးဝေ)**

**မှတ်ချက်။** ။မြတ်စွာဘုရား ကြွတော်မူစဉ်ကလည်း ဇေတဘီလူး အမျိုးရှိသည့် ဘီလူး ၉၉ ကျိပ်တို့ကျွတ်တမ်း ဝင်ကြ၊ မြတ်စွာဘုရား၏ ဝက်လဲတော်ကို ဌာပနာ၍စေတီတည်ကြသည် ဟူ၍ လည်းကောင်း၊

ပုဂံခေတ်ဦး၌ ရှင်အရဟံ မထေရ် ကြွတော်မူရာ၌လည်း ဇေတဘီလူးအမျိုးရှိသောဘီလူး ၉၉ကျိပ်တို့ ကျွတ်တန်းဝင်ကြ၊ ရှင်အရဟံ၏ ဝတ်လဲတော်ကို ဌာပနာ၍ စေတီတည်ကြသည် ဟူ၍လည်းကောင်း၊

အဆိုနှစ်ရပ် ရှိနေရာ ယင်း အဆိုနှစ်ခု စလုံးလိုပင် ယုတ္တိတန်သည်ဟု သီတဂူအဖွဲ့က မှတ်ယူပါသည်။

အဘယ်ကြောင့်ဆိုသော်-

မိလိန္ဒပဥှာ၌ မြတ်စွာဘုရားနှင့် ခေတ်ပြိုင်တိတ္ထိဆရာကြီးခြောက်တို့၏ အမည်များကို သာသနာနှစ် ၆ ရာစုသို့ တိုင်အောင် ဆက်ခံ သုံးစွဲနေကြသည့် နောက်ဆက် မက္ခလိဂေါသာလ၊ ပုရာဏကဿပ စသည့် အမည်များရှိနေသည်ကို တွေ့ရပါသည်။

သို့ဖြစ်၍ ဘုရားရှင် ကြွစဉ်က ဇေတဘီလူး၊ဇေတဝန်ဝတ်ရုံတော် ဟူသော အမည်များလည်း ရှင်အရဟံ ခေတ်သို့တိုင်အောင် ဆက်နွယ် ဆင်းသက်လာသည်ဟု မှတ်ယူရပါမည်။



# သီတဂူဆေးအလှူတော်

* သွမ်းဝယ်ရုံဆေးကျောင်း၊
လေးချောင်းသော ဒေါက်နှယ်၊
ဘေးအပေါင်းကြောက်စဖွယ်ကို၊
ဖျောက်ပယ်နိုင်လေအား။

* ဘေသဇ္ဇသြသဓာကို၊
ထောမနာ ဗုဒ္ဓမြတ်ဖျား၊
ရေချမ်းကြောင့်ဘေးကွာ၊
ဆေးမဟာမှတ်သား၊
အေးရဘနာဓာတ်တပါးပေမို့၊
မြတ်ဘုရားလိုအင်။

* ပြည့်စေရန်တောင်စစ်ကိုင်းမှာလ၊
ချောင်တိုင်းစေ့စက်ရေပိုက်ဆင်။

* တိုးချဲ့လို့ဟာမူဆင်ပြီ၊
လူသူရှင်ကျန်းမာကြောင်းငယ်နဲ့၊
ချမ်းသာကြောင်း ထွေးပိုက်ပေးပုံ၊
ဆေးတိုက်ဆေးရုံ။

* ခုဘခေတ် တခါကြုံသည်၊
အမဘာဘုံလက်ငင်းပလေး။

* ရှင်ဗာကုလ၊ လူ့ဘဝရှစ်ဆယ်၊
ရှစ်ဆယ်ရှင်ဘဝ၊ အထင်ကရ ရာကယ်၊
ခြောက်ဆယ်စွမ်းရောက်၊ ထွန်းတောက်
ဘုန်းကြွယ်၊
အနာမဲ့၊ လာခဲ့သံသရာဝယ်။

* ရှင်တော်ဗုဒ္ဓ၊ နှုတ်ဟာမိန့်မှာ၊
ဂိလာနခမျာများ၊ သနားစရာ၊
ကောင်းစွာကုသ၊ ယူယကြင်နာ၊
ဆေးဝါးပေး၊ ဖေးမကူညီပါ။

* တောင်စစ်ကိုင်းက၊ချောင်းတိုင်းသံဃာ၊
သီလရှင်များ၊ ဝင်စားဘာဝနာ၊
ကိုးဆယ့်ရှစ်ပါး၊ ဖြစ်ပွားရောဂါ၊
ပျောက်ပယ်ကြောင်း၊ ရှယ်ချောင်းစေ
တနာ။

* ရောဂါဘေးမသန်း၊ ဆေးခန်းဖုံဖုံ။
သီတဂူဆင့်ပွား၊ တင့်ကြွားလုံခြုံ၊
တိကိစ္ဆာလယ၊ နာမဆေးရုံ၊
ရေအေးအေး၊ ဆေးဝါးဓာတ်စာစုံ။ ။

ဉာဏ်ထွန်း




သိတဂူ မောင်ကွန်းတင်

ရောဝတီ၊ ရေကြည်မြလား၊ မြစ်အခြားနှင့်၊ မောက်တလွှားကား၊ သုနာပရန္တ၊ တောင်ဘက်ကား တမ္ပဒီပ ဟူသည်နှင့်အညီ ရှေးခေတ်မြန်မာပညာရှင်များက ရောဝတီဖြစ်၏ မြောက်ဘက် နယ်မြေကို သုနာပရန္တတိုင်း၊ တောင်ဘက်နယ်မြေကို တမ္ပဒီပတိုင်းဟု ခွဲခြားသတ်မှတ်ခဲ့ကြလေသည်။

ယင်းခွဲခြား သတ်မှတ်ချက်နှင့်အညီ စစ်ကိုင်းမြို့နယ်နှင့် ကလေး၊ သောင်သွပ်၊ ထီးလင်း၊ယော၊ ဆော၊ စကု၊ စလင်း၊ ငဖဲ၊ မင်းတုန်းစသော မြို့နယ်များကို သုနာပရန္တတိုင်းဟု ခေါ်သည်။ ပုဂံ၊ ပင်းယ၊ အင်းဝစသော တောင်ဘက်တလွှားရှိ မြို့နယ်များကို တမ္ပဒီပတိုင်းဟု ခေါ်သည်။

ရှင်တော်ဘုရားသည် မြန်မာပြည် သုနာပရန္တတိုင်း အကွင်း ဒေသစာရီ ကြွချီတော်မူခဲ့ဖူးလေသည်။ ထိုစဉ် စစ်ကိုင်းတောင်သို့ ကြွရောက်တော်မူ၍ ဖဝါး ဦးတောင် ထိပ် တွင် ရပ်တော်မူလျက်ဤသို့ ဗျာဒိတ် စကား မိန့်ကြားတော်မူသည်။

''နောင်သောအခါ ဤသုနာပရန္တတိုင်း စစ်ကိုင်းအရပ်၌ ငါဘုရား၏ သာသနာ စည်ပင်ပြန့် ပွား ထွန်း ကားလတ္တံ့။ ငါ၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည် ထား ကိုးကွယ်ကြလတ္တံ့။ ငါ၏ တပည့် သား ရဟန္တာများ၏ ဓာတ် တော် တို့ကား အများအပြားပင် တည်ရှိလတ္တံ့''

ဤသို့ ရှင် တော်ဘုရား ဗျာဒိတ်ပေးထားခဲ့ကြောင်း ရှေ့ဟောင်း သမိုင်း စာ တမ်း များတွင် ဖော်ပြ ခဲ့ ကြ ပေသည်။

ယ နေ့ ခေတ် တွင် စစ် ကိုင်း တောင် ရိုး၌ သာသနာတော် စည်ပင်ပြန့်ပွား ထွန်း ကား လျက်ရှိ၏။ စေတီပုထိုး အမျိုးမျိုးကိုလည်း တည်ထားကိုးကွယ်လျက် ရှိကြပေသည်။ သာသနာ တော် စည်ပင် ပြန့် ပွား ထွန်းကားခြင်း၏ လရုပ်ဖြစ်

သော ကျောင်းကန်များလည်း တိုးပွားလျက်ရှိ၏။ ကျောင်းကန်တွေ တိုးပွားလာသည်နှင့်အမျှ သာသနာ့ အောင်မြေဖြစ်သော သိမ်များလည်း အနှံ့အပြား ပေါ်လာခဲ့ကြပေသည်။

စစ်ကိုင်းတခွင်၌ လွန်ခဲ့သောနှစ် နှစ်ရာကျော်အာကပင် သိမ်ပေါင်း ၃၀ ကျော်ရှိခဲ့ကြောင်း သမိုင်း မှတ်တမ်းတဆောင်တွင် မှတ်တမ်းတင်ထားခဲ့ပေသည်။

သိမ်စာရင်းကို မှတ်တမ်းပြုရာ၌ သာသနာသက္ကရာဇ်၊ မြန်မာ သက္ကရာဇ်၊ သိမ်ဒါယကာ၊ သိမ်သမုတ်ရာ၌ ဦးစီးသော ဆရာတော်၏ ဘွဲ့အမည်အစုံအညီကို အချို့သိမ်များတွင် ဖော်ပြထားသဖြင့် သမိုင်းတန်ဖိုးရှိလှပေသည်။

သို့ရာတွင် အချို့နေရာ၌ သက္ကရာဇ်များ ကွဲလွဲမှုရှိနေ၍ အမှန်ရအောင် တွက်ဆရန် လိုအပ်ပါသည်။ သာသနာ သက္ကရာဇ်နှင့် မြန်မာသက္ကရာဇ်လည်း အချို့နေရာတွင် အံဝင်ခွင်ကျမဖြစ်လှပါ။ ဤ၌တစုံတရာပြုပြင်ပြောင်းလွဲခြင်းမပြုပဲ ပေမူအရှိအတိုင်း တင်ပြပါမည် ဖြစ်ပါသည်။

၁။ သာသနာတော် ၁၅၆၁ ခုနှစ်၊ သက္ကရာဇ် ၃၈၇ ခုနှစ် နန်းစံသော အနော်ရထာမင်းစော ဆရာ သထုံပြည်မှ ကြွတော်မူလာသော ရဟန္တာ ရှင်အရဟံ စသော ရဟန်းငါးရာ စစ်ကိုင်း ဇေတဝန်ဆိပ်တွင် ရေသပ္ပာယ်တော်မူပြီးလျှင် ဇေတဘီလူး အမျိုးရှိသော ၈၉ ယောက်သော ဘီလူးတို့အား ဂရေး ဟောတော်မူ၍ သောတာပန်တည်ပြီးမှ ရေသနုပ်တော်ကို အပ်တော်မူ၍၊ နောင်စေတီတည်၍ ဌာပနာသွင်းသားကို ကွယ်ရစ်ဟုမိန့်တော်မူတိုင်း တည်သော ဇေတဝန်ကျောင်းတော်ရှေ့ ဝတ်တော်ရုံဘုရားပြိုပျက်ရာတွင် အနော်ရထာမင်းစော ပြုလုပ်သည့် ကာလ သာသနာတော် ၁၅၆၅ ခုနှစ်၊ သက္ကရာဇ် ၃၀၃ ခု ငါးနှေ့ဘုရားအရှေ့မြောက်၌ သမုတ်တော်မူသော ဇေတဝန် သိမ်တော်။

၂။ သာသနာတော် ၁၆၁၂ ခု၊ သက္ကရာဇ် ၄၅၀ ပြည့် နန်းစံသော နရပတိစည်သူ မင်းကြီးကိုင်းခွင်လှည့်တော်မူသည့် ကာလ အင်းအားတွင် လှေတော်တန့်နေသည်ကို အစွဲပြု၍ တည်တော် မူ သော တန့်တည်စေတီတော်ဘုရားတောင်ကုန်းထိပ်တွင် ဆင်တော်ရေမှအတက်လက်တန်၍ နေသောအရပ်တွင် သံဃာတော်များ လျှောက်ထား၍ သမုတ်တော်မူသည့် တန့်တည်သိမ်တော်။

၃။ သက္ကရာဇ် ၈၃၀ ပြည့်ဒုကိယမင်းခေါင်လက်ထက် စစ်ကိုင်းတောဇရိုး၌ အံတော်ဘုရားတဆူ၊ ငှက်မနားဘုရားတဆူ တည်ရာတွင် ငှက်မနားဘုရား ရင်ပြင်၌သံဃာတော်တို့ကို တောင်းပန်၍ သမုတ်သည့် ငှက်မနား သိမ်တော်။

၄။ ထိုမင်း မဏ္ဍလေးဘုရားကို ပြင်ဆင်လုပ်ဆောင်၍ရွှေထီးတင်သည့်ကာလ မဏ္ဍလေးတောင်ခြေရင်းတွင် သမုတ်သည့် မဏ္ဍလေး သိမ်တော်။

၅။ ငှင်းမင်း သင်ပန်းအရပ်၌ ပဉ္စမာလင်္ကာရတနာ မြစည်ခုံဘုရားတည်၍ ဘုရားရင်ပြင်တွင် သမုတ်သည့် သိမ်တော်။

၆။ သာသနာတော် ၁၈၇၀ ပြည့်၊ သက္ကရာဇ် ၇၈၈ ခုနှစ် နန်းစံသော မိုးညှင်းမင်းတရားလက်ထက် သိန်းခိုကျွန်းက သရီရဓာတ်တော်ပါ ကြွလာသော ဝိသုဒ္ဓဇန မနောဟရပုညဝါသီ၊ သဒ္ဓမ္မာလင်္ကာရ သီဟဠ မဟာသာမိပုဂ္ဂိုလ်တွင်ရသော သရီရဓာတ်တော်ကို ၇၉၂ ခုနှစ်တွင် ဌာပနာသွင်းထား၍ တည်တော်မူသော ရတနာစေတီတော်တွင် သမုတ်သည့် ရတနာစေတီဆင်များရှင်သိမ်တော်။

၇။ သက္ကရာဇ် ၈၆၃ ခုနှစ် နန်းစံသောမင်းဆွေနရပတိ ရွှေနန်းကြော့ရှင်တွင်သော မင်း

သည် စစ်ကိုင်းပန်းတော မဟာစေတီကိုတည်၍ ဘုရား ဇင်တွင် သမုတ်သည့် သိမ်တော်။

၈။ သာသနာတော် ၁၉၂၅ ခုနှစ်၊ သက္ကရာဇ် ၇၄၃ ခု ဇကြပ်မုဋ္ဌော ဘုရားရှင်တွင် မင်းကြီးစွာစော်ကဲ၊ မိဖုရားစော ကျောင်း ဆောက်၍ လှူသည့် ထိုဆရာတော် သမုတ်သည့် ဇကြပ်မုဋ္ဌောသိမ်တော်။

၉။ သာသနာတော် ၁၈၉၈ ခုနှစ်၊ သက္ကရာဇ် ၇၆၂ ခု မင်းခေါင်ကြီး ဘိုးတော် မဟာသံဃရာဇာ သမုတ်သည့် စကား ကျောင်းရှေ့ ရှင်ရာမ သိမ်တော်။

၁၀။ သာသနာတော် ၁၉၀၃ ခုနှစ်၊ သက္ကရာဇ် ၇၃၁ ခုနှစ် ကျစွာမင်း အမတ်ဆောက်သည့် တောင်ဘီလူး မြနောက်ကျောင်းတိုက်တွင် သမုတ်သည့်သိမ်။

၁၁။ သာသနာတော် ၁၉၁၆ ခု၊ သက္ကရာဇ် ၇၃၃ ခု၊ ဝတ်ချက်ကျစွာ ကျောင်း မြောက်ငင်းမင်း၏ အမတ်ဆောက်သည့် ကျောင်းတိုက်တွင် ထိုအမတ်ဆရာ သမုတ်သည့်သိမ်။

၁၂။ သာသနာတော် ၂၁၇၂ ခုနှစ်၊ သက္ကရာဇ် ၁၀၀၀ ပြည့် မြစ်နားလေးထပ်ကျောင်းမှ ထောဝင်သော တောင်ဖီလာဆရာတော် တိပိဋကာလင်္ကာရ သမုတ်သည့် ရွှေပမြုပ်သိမ်။

၁၃။ သာသနာတော် ၂၂၂၃ ခုနှစ်၊ သက္ကရာဇ် ၁၀၇၁ ခု အလယ်ကျွန်း မြစ်ဆုံ မင်းလှဇာတ်လင့်ကျောင်း တောရဥ္ဆိတင်းသုံးနေသော ရှင်ပညာ မဥ္ဇူ သမုတ်သည့် လင့်ကျောင်းတံတိုင်းတွင်းသိမ်။

၁၄။ သာသနာတော် ၂၂၃၃ ခုနှစ်၊ သက္ကရာဇ် ၁၀၈၀ ခု ငင်းရှင်ပညာမဥ္ဇူသမုတ်သည့် လင့်ကျောင်းတိုက် အရှေ့မင်းဝံ တောင်ရိုးနား မရကန့်ကျောင်းတိုက် မဟာသိမ်။

၁၅။ သာသနာတော် ၂၂၃၅ ခုနှစ်၊ သက္ကရာဇ် ၁၀၈၃ ခု ငင်းပညာမဥ္ဇူသမုတ်သည့် ရွှာဟောင်ပေါင်းပေဲဘုရား ရှေ့မန်ကျည်းတော ကွေ့လမ်းမ တောင်နားတွင် ဥမင်သိမ်။

၁၆။ သာသနာတော် ခုနှစ်၊ သက္ကရာဇ် ခုနှစ် သိန်းခိုရောက်ဘုန်းကြီးလမ်း ဦးဘုရား မုဋ္ဌောဟောင်းစေတီကို ထပ်မံလုပ်ဆောင်၍ထီးတင်ပြီးလျှင် ထိုပုဂ္ဂိုလ်သမုတ်သည့် ဘုရားတောင်သိမ်။

၁၇။ သာသနာတော် ၁၉၇၃ ခု၊ သက္ကရာဇ် ၇၉၁ ခု ပဒုသီရိသဒ္ဓမ္မ သေနာပတိ မဟာထေရ်ပုဂ္ဂိုလ် ပတ္တမြားစေတီကိုတည်၍ ပြီးသည့် ကာလ အရှင်း၌ သမုတ်သည့်သိမ်။

၁၈။ သာသနာတော် ၁၉၈၂ ခု၊ သက္ကရာဇ် ၈၀၀ ပြည့် ပင်းယင်းသမီး ရတနာ ဓမ္မဒေဝီ မိဖုရားမော၏ အသိမ်းတော် အနန္တပစ္စည်းသမီးရွှေကြက်တောင် ... သည်။ ရတနာဂီရိတောင်ဘုရားကြီး အရှင်းကို မင်းဆရာ သံဃာတော်တို့ သမုတ်သည့် ရတနာဂီရိသိမ်။

၁၉။ သာသနာတော် ၂၀၈၃ ခု၊ သက္ကရာဇ် ၈၄၁ ခု၊ စောယဉ်မော်တွင် စကုမင်း လက်ယာအလေသကြဲသမီး မောင်နှံ အဝမင်း မဟာသီဟသူရအား ပဏ္ဏာလက်ဆောင်နှင့်ပံ့၍ ငင်းအရပ်၌ကျောင်းဆောက်၍လှူရာတွင်လည်း သိမ်သမုတ်သည့် စကုမော်ရန်အောင်မြင်သိမ်။

၂၀။ သာလွန်မင်းတရားကြီး ၉၉၃ ခုနှစ် ဇင်းမယ်ကို အလိုတော်ပြည့်၍ ဇင်းမယ်ပါ အမတ် ပညားကျန်းယော စစ်ကိုင်းမြစ်နားတွင် ကျောင်းဆောက်၍ သမုတ်သည့်သိမ်။

၂၁။ သာသနာတော် ၂၁၉၀ ပြည့်၊ သက္ကရာဇ် ၁၀၀၈ ခုနှစ် ငါးထပ်ကြီး ဒါယကာ မဟာဘိုသာ ကျောင်းတော်ကြီးကို သာမုခေါ် ရုံနေသော ကနားတော်ရာ၌ သမုတ်သည့်သိမ်။

၂၂။ သာသနာတော် ၂၀၂၆ ခုနှစ်၊

သက္ကရာဇ် ၇၄၄ ခုနှစ် မင်းခေါင်နှမ ဝိမလာဒေဝီ စစ်ကိုင်း ခါဝဲတောင်တွင် တည်သည့် စူဠာမဏိစေတီတော် အနောက်မြောက်၌သမုတ်သည့် သိမ်။

၂၃။ သာသနာတော် ၂၁၆၇ ခုနှစ်၊ သက္ကရာဇ် ၁၀၀၁ ခု ရာဇမဏိစူဠာဘုရား အရှေ့တောင် မန်ကျည်းစည် တောင်နားတွင် ဇင်းမယ်ပါ ယွန်းဘုန်းကြီးများ သမုတ်သည့် ယွန်းသိမ်။

၂၄။ သာသနာတော် ၂၂၂၄ ခုနှစ်၊ သက္ကရာဇ် ၁၀၇၂ ခု ခုနှစ် လင့်ကျောင်း မြောက်တောရ ရွှေကုန်းတွင် ကြက်သွန်ခင်း ဆရာတော်ရှင် ဂုဏာကိတ္တိသမုတ်သည့် ဘီလူးကန် အနောက်သိမ်။

၂၅။ သာသနာတော် ၂၂၄၂ ခုနှစ်၊ သက္ကရာဇ် ၁၀၉၀ ပြည့် ရာဇမဏိစူဠာဘုရား အရှေ့မြောက် ခြသေ့်ဦးတိုက်တွင် ရှင်သီလာစာရ ပုဂ္ဂိုလ် သမုတ်သည့် ခြသေ့်ဦးတိုက်သိမ်။

၂၆။ သာသနာတော် ၂၂၄၄ ခုနှစ်၊ သက္ကရာဇ် ၁၀၉၂ ခု ကျောက်တံခါးမြောက်တိုက်တွင် ပလိုင်းဇာတိ စစ်ကိုင်းနေ ရှင်ဂုဏာသာရ ပုဂ္ဂိုလ် သမုတ်သည့် ဂုဏာသာရသိမ်။

၂၇။ သာသနာတော် ၂၂၄၆ ခုနှစ်၊ သက္ကရာဇ် ၁၀၉၄ ခု မင်းဝံ ရတနာထွတ်ခေါင်ဘုရားအရှေ့တောင် စကြည်တိုက်တွင်ရှင်သေဋ္ဌဝံသ သမုတ်သည့် စကြည်တိုက်သိမ်။

၂၈။ သာသနာတော် ၂၂၄၇ ခုနှစ်၊ သက္ကရာဇ် ၁၀၉၅ ခုနှစ် ဆင်ဖြူကန်တွင် ရွှေမင်းဝံဘုရား အနောက်မြောက် မင်းဝံတောင်ထိပ်တွင် ရွှေမင်းဝံဘုန်းကြီး သမုတ်သည့်သိမ်။

၂၉။ သာသနာတော် ၂၂၄၇ ခုနှစ်၊ သက္ကရာဇ် ၁၀၉၆ ခု စစ်ကိုင်း ညောင်ပင်ကျောင်း ရွှေမင်းဝံတောင်ပေါ်တွင် စစ်ကိုင်းမြို့ စာရေးဆရာ သမုတ်သည့်သိမ်။

၃၀။ သာသနာတော် ၂၂၄၂ ခု၊ သက္ကရာဇ် ၁၀၉၀ ပြည့် နန်းစံသော ဟံသာဝတီပါမင်းတရား ဘိုးတော် စနေမင်း လက်ထက်တလိုင်း တိုင်းရွာ ဘောဂရတနာ အမည်ခံသော သဌေးဆောက်သော ကျိုက်ပဒိုင်ကျောင်းနေ မွန်ဘုန်းကြီး စနေသား စူဠကိတ္တိ ပုဂ္ဂိုလ်၊ ဗားကိတိုက်နေ တနင်းလာသား စူဠနာဂ ပုဂ္ဂိုလ်၊ သံသာတစုတို့ သမုတ်သည့် ကျိုက်ပဒိုင် ဘုရားနှစ်ဆူ အရှေ့တောင်ထိပ်တက်သိမ်။

"စိရံ တိဋ္ဌတု သဒ္ဓမ္မော"

အရှင်နန္ဒမာလာဘိဝံသ
မဟာသုဗောဓာရုံ



# အလင်္ကာပုဂ္ဂိုလ်ကျော်သုံးပါး
# [illegible]

(ဝေဇယန္တာ)

စစ်ကိုင်းတောင်သည် ပညာရှိ သူတော်ကောင်းတို့၏ မွေ့လျော်ရာဖြစ်သည်။ သာသနာ့သမိုင်းတွင် အစဉ် ထွန်းပြောင်လာခဲ့သည့် ဌာနတခုလည်း ဖြစ်သည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ချွန်တို့လည်းပေါ်ထွက်ခဲ့သ၏။ အလင်္ကာ ပုဂ္ဂိုလ်ကျော် သုံးပါးနှင့် ဘွဲ့တံဆိပ်ရ ဆရာတော်ကြီးများ ထွက်ပေါ်ခဲ့သည်မှာ ထင်ရှားသော သာဓကပင် ဖြစ်ပေ၏။

အလင်္ကာပုဂ္ဂိုလ်ကျော် သုံးပါးဟူ၍ ပြည်ပဉ္စင်းကျော်ဟု ထင်ရှားသော တောင်ဖီလာ ဆရာတော်၊ အင်ဝပဉ္စင်းကျော်ဟု ထင်ရှားသော ရှင်အရိယနှင့် ရှင်တေဇောဒီပတို့ဖြစ်သည်။ သာလွန်မင်းတရားကြီးသည်-

ပြည်ပဉ္စင်းကျော်ကို-တိပိဋကာလင်္ကာရ၊

အဝပဉ္စင်းကျော်ကို- အရိယာလင်္ကာရ၊

ရှင်တေဇောဒီပကို -တိလောကာလင်္ကာရဟု ...င့် တံဆိပ် တော်များ ...သီးသီး ကပ်လှူသ ဖြင့်အလင်္ကာ ပုဂ္ဂိုလ် ကျော် သုံးပါးဟုယခု ...ိုင် ထင်ရှားနေခြင်း ဖြစ်ပါသည်။

## တောင်ဖီလာ ဆရာတော်

သက္ကရာဇ် ၉၄၀ ပြည့် နှစ် ဖွား စလင်း မြို့ ဇာတိ ဖြစ်သည်။ ရဟန်း အမည် ရှင် မုနိန္ဒဃောသ တံဆိပ် အမည် တိပိဋကာလင်္ကာရ ဖြစ် သည်။ ဆရာတော်သည် သူငယ်အဖြစ်၊ သာမဏေအဖြစ်၊ ပဉ္စင်းအဖြစ်၊ မဟာထေရ်အဖြစ်တို့၌ ကျော်စောခြင်း လေးပါးတို့နှင့် ပြည့်စုံခဲ့သဖြင့် တောင်ဖီလာ ပုဂ္ဂိုလ်ကျော်ဟုပင် ကျော်စောထင်ရှားလူသိများခဲ့ပါသည်။

တောင်ဖီလာ ပုဂ္ဂိုလ်ကျော်သည် ၉၈၃ ခုနှစ်မှ ၁၀၁၃ ခုနှစ် ပျံလွန်တော်မူသည် အထိ နှစ်ပေါင်း သုံးဆယ်ခန့်မျှ စစ်ကိုင်းတောင်တွင် သီတင်းသုံး နေထိုင်သွားတော်မူပါသည်။ ဆရာတော်သည် ဝိနည်းဆိုင်ရာ အဖွင့်ဋီကာကျမ်းဖြစ်သော ဝိနယာလင်္ကာရဋီကာကို စစ်ကိုင်းတောင်ဖီလာတောရမှာပင်စီရင်ခဲ့သည်။ ထိုကျမ်း၏ နိဂုံး၌ သာသနာသက္ကရာဇ် ၂၁၈၁ ခု၊ ကောဇာသက္ကရာဇ် ၁၀၀၉ ခုနှစ်တွင် ရေးသားခဲ့ကြောင်းပါရှိရာ ပျံတော်မမူမီ လေးနှစ်ခန့် အလို ရေးသားစီရင်ခဲ့ကြောင်း သိရသည်။ ထိုမျှမကတိပိဋကာလင်္ကာရနှင့် ရာဇဂုရုတံဆိပ်နှစ်တန်

ရဖြစ်ကြောင်းကိုလည်း နိဂုံး၌ ဖော်ပြခဲ့လေသည်။

ဝေဿန္တရာပျို့ကိုကား တဆယ့်ငါးနှစ်အရွယ်သာမဏေဘဝက ပြည်မြို့တွင် ရေးသားခဲ့သည်။ သာလွန်မင်းတရားကြီး မေးတော်မူသမျှကို ဖြေဆိုထားတော်မူသော အစုစုစကားအမေးတော်ပုံကျမ်းကြီးကား၊ ယခုတိုင် ပညာရှိတို့ လက်သုံးအဖြစ်ဖြင့်ထင်ရှားရှိနေပါသည်။စစ်ကိုင်းကောင်းမှုတော် ဘုရားကြီးကျောက်စာမှာလည်းတောင်ဖီလာဆရာတော်၏ လက်ရေးပင် ဖြစ်သည်။

ဤမျှ လောကီ လောကုတ္တရာ စွယ်စုံရသော ပုဂ္ဂိုလ်ကျော်ဘဦး နှစ်ပေါင်း သုံးဆယ်ခန့်မျှ စစ်ကိုင်းတွင်နေထိုင်၍ စစ်ကိုင်းမှာပင် ဦးခေါင်းချသွားခဲ့သည်မှာ စစ်ကိုင်းကိုပင် အမှတ်တရ ဂုဏ်ပြုသွားသည်ဟု ဆိုရပေတော့မည်။ ဆရာတော်သည် ဝေဿန္တရာပျို့၊ ယသဝဍ္ဍနဝတ္ထု၊ ဇိနတ္ထပကာသနီ ဋီကာအပါအဝင် နိဿယကျမ်း၊ ဓာတ်ကျမ်း၊ ဓမ္မသတ်ကျမ်း စသောကျမ်းပေါင်း နှစ်ဆယ်ကျော်ကို ရေးသားစီရင်ခဲ့ပေသည်။

ဤဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာ ဂုဏ်တို့ကို သံကုန်းဆရာတော် အရှင်ဉာဏိဿရက တိရိယပဗ္ဗတဓမ္မဒေသနာပဒါန် တရားတော်၌ ကျယ်ကျယ်ပြန့်ပြန့်ကြီး ဟောထားပြီးဖြစ်၍ အကျယ်မဖော်ပြတော့ပါ။ ထိုတရားစာအုပ်ကို ဖတ်ရှု၍ ကြည်ညိုသဒ္ဓါ ပွားနိုင်ကြပါစေလို။

## ရှင်တေဇောဒီပ

ဤအရှင်ကား တိလောကဂုရုဆရာတော်တပည့်ဖြစ်သည်။မင်းလှူတံခွန်တံဆိပ်ကားတိလောကာလင်္ကာရတည်း။ဆရာတော်သည် ဒီပဲယင်းမြို့တောင်ဘက်ကန်ဖျားရွာ ဇာတိဖြစ်၍ ရဟန်း ငါးဝါအရ ၉၇၁ ခုနှစ်တွင် ပရိတ်ကြီးဋီကာကို ရေးသားစီရင်ခဲ့ပါသည်။ သာသနာလင်္ကာရ စာတမ်း၌ မူနှစ်ဝါအရ ရေးသားကြောင်းဖော်ပြချက်ကား ယွင်းမှားနေခြင်းသာ ဖြစ်၏။ ဆရာတော်ကိုယ်တိုင်ရေး ပရိတ်ကြီးဋီကာ နိဂုံးတွင် "ပဉ္စဝဿိကေန ဘိက္ခုနာ =ငါးဝါရ ရဟန်း" ဟု ဆိုထားခဲ့ပေသည်။

ထို့ပြင် ရှင်တေဇောဒီပနှင့် စပ်၍ ရွှေပြည်ဆရာကြီး ဦးဘတင်က သူ၏ စစ်ကိုင်းပေါင်း သမိုင်းတွင် ဤသို့ဖော်ပြခဲ့သည်။

> အင်းဝ ကုံဘောဝတီရောက် မင်းလက်ထက်တွင် ရှင်လှဘုန်း ပျောက်သောကြောင့် ပုဂ္ဂိုလ်ထူး စော်ဖြူနှင့် သယ်ရာဇာ အကြီးကို ပွဲပဲ့တော်မူပြီးလျှင် တိလောကဂုရုဆရာတော်၏ တပည့် တိလောကာလင်္ကာရ တံဆိပ်ခံသော ငါးနှစ်ဝါရတွင် ပရိတ်ကြီး ဋီကာကို ရေးသော ရှင်တေဇောဒီပကိုလည်း ကုလားဇော်ဂီ တို့ကို မျက်မြင်ရသည် မဟုတ်လော ဟု ပေါင်တွင်းကြီးသို့ပို့လေ၏။ ထိုအရှင် တေဇောဒီပကား အသက်ဘ ပုဂ္ဂိုလ်ကျော် သုံးပါး အဝင်တည်း။ (နှာ-၆၆)

ရွှေပြည်ဆရာကြီး ဦးဘတင်၏ ဤဖော်ပြချက်မှာ အရှင်တေဇောဒီပအား များစွာပင် ထိခိုက်နစ်နာစေ၏။ ဆရာကြီး အဘယ့်ကြောင့် ဤသို့ ဖော်ပြခဲ့သည်ကို စိစစ်လိုက်သောအခါ မှန်နန်း ရာဇဝင်တော်ကြီးတွင် အမြွက်မျှတွေ့ရလေ၏။

> သက္ကရာဇ် ၁၀၉၁ ခုနှစ် တပေါင်းလတွင် အနောက်မြောက် ထောင့်ကလေ မုန်တိုင်း ပြင်းစွာလာ၍ လောကသရဖူ တီးတော် မဟာရာမ် အပြင်သို့ကျ၏။ ရွှေစည်းခုံ စသော စေတီတော်များလည်း အရှေ့တောင်သို့ချည်းညွတ်ကုန်

၏။ သစ်ပင်ကြီး အများ ပဲကျန်၏။ မြေကြီး မစိုးစိုက်ပျို၏။ ယင်းသော အခါ စစ်ကိုင်းချောင်မှ ရှင်လှဘုရား ပျောက်သောကြောင့် ပုဏ္ဏားစေ်ဖြူနှင့် သဃ်ရာဇာအကြီးကို ကွပ်တော်မူ၏။ ရှင်တေဇောဒီပလည်း ဇော်ဂီတို့ကို လက်ခံလေသောကြောင့် တောင်တွင်းကြီးသို့ ပို့တော်မူ၏။

(မှန်နန်းရာဇဝင်၊ တ တွဲနှာ-၃၆၇)

ဖော်ပြပါ မှန်နန်း ရာဇဝင်လာ စကားရပ်၌ ရှင်တေဇောဒီပဟူသောဘွဲ့ကို ဆရာကြီး တွေ့ပေလိမ့်မည်။ ယင်းသို့တွေ့ရခြင်းဖြင့် အလင်္ကာ ပုဂ္ဂိုလ်ကျော် သုံးပါး အဝင် တိလောကာ လင်္ကာရ တံဆိပ်ရ ရှင်တေဇော ဒီပ ဟု အာရုံ စိုက်သွားမိဟန် ရှိပေသည်။ မှန်နန်းရာဇဝင်ပါ ရှင်တေဇောဒီပဟား ဘွဲ့အမည်တူသော ရဟန်း တပါးသာ ဖြစ်၍ တိလောကာလင်္ကာရ တံဆိပ်တော်ရ ပရိတ်ကြီး ဋီကာကျမ်းပြု ရှင်တေဇော ဒီပ မဟုတ်ပေ။

ရှင်းဦးအံ့ဆရာတော်၏ ပရိတ်ကြီးဋီကာ နိဂုံးတွင်သာသနာ သက္ကရာဇ် ၂၁၃၃ ခု၊ ကောဇာ သက္ကရာဇ် ၉၇၁ ခုနှစ်၊ ရဟန်း ငါးဝါ အရတွင် ပရိတ်ကြီး ဋီကာ ရေးသားကြောင်း ပါရှိသည်။ များသောအားဖြင့် အသက် ၁၉ နှစ် ကျော်ကျော်တွင် ရဟန်းခံလေ့ရှိကြရာ ရှင်တေဇောဒီပ၏ ဖွားသက္ကရာဇ်မှာ ၉၄၆ ခု ဖြစ်တန်ရာ၊ ပုဏ္ဏား စေ်ဖြူ ရှင်လှဘုရား ခိုးယူသည့် အရေးအခင်းကား ဟံသာဝတီရောက် မင်းလက်ထက် ၁၀၉၀ ခုနှစ်တွင်မှ ပေါ်ပေါက်ခဲ့ရာ ထိုအချိန်၌ ရှင်တေဇောဒီပ ရှိနေမည် ဆိုလျှင် သူ့အသက်သည် ၁၅၁ နှစ်မျှ ရှိနေရပေမည်။ ထို့ကြောင့် ရှင်လှဘုရား ခိုးယူသည့်အရေးအခင်း၌ တောင်တွင်းကြီးသို့အပို့ခံရသည့် ရှင်တေဇောဒီပကား ဘွဲ့တူရဟန်း တပါးသာ ဖြစ်ကြောင်း မှတ်ယူရပါမည်။

ဤတိလောကာလင်္ကာရ ဆရာတော်ရှင်တေဇောဒီပနှင့် ဆရာဖြစ်သူ တိလောက ဂုရုဆရာတော်တို့ ပေါ်ထွန်းသည့် ကာလကို လည်း သက္ကရာဇ် ၁၀၃၄ ခု နရာဝရမင်း လက်ထက်ဟု သာသနာလင်္ကာရ စာတမ်း၌ ပြဆိုသည်။ ပရိတ်ကြီး ဋီကာကျမ်း ပြီးနှစ်ကို ၉၇၁ ဟု နိဂုံး၌ ဆိုသောကြောင့် လည်းကောင်း၊ တိလောက ဂုရုဆရာတော်သည် အဘိဓမ္မဋီကာ ဝဏ္ဏနာကျမ်း လေးဆူကို အနောက်ဘက်လွန် မင်းလက်ထက် ပြုသည်ဟု ပိဋကတ်တော် သမိုင်း၌ ဖော်ပြသားသောကြောင့် လည်းကောင်း အနောက်လွန်နှင့် သာလွန်မင်းတို့ လက်ထက်တွင် ပေါ်ထွန်းခဲ့ကြောင်း သိသာနိုင်ပါသည်။

ဆရာတော်များ သီတင်းသုံး နေထိုင်ခဲ့ရာ တိလောက ဂုရုချောင်သည် ယခုတိုင် ထင်ရှား ရှိနေပါသေးသည်။ ရှေးဟောင်းပန်းချီ ဆေးရေးလက်ရာများဖြင့် မွမ်းမံခြယ်လှယ်ထားသော တိလောက လိုဏ်ဂူသည် သမိုင်းသက်သေ အမွေ အဖြစ် ထင်ကျန်လျက်ပင် တည်ရှိနေသေးရာ ရှေးဟောင်း ယဉ်ကျေးမှု ဌာနမှ ထိန်းသိမ်းထားပါသည်။ မည်သို့ ဆိုစေ ဆရာတော် ရေးသား ပြုစုခဲ့သည့် ပရိတ်ကြီးဋီကာသည် မချွန်မခြင်း ဖွင့်လေ့ရှိသည့် ဋီကာဖြစ်ရုံမျှမက ပလ္လင်တော် အမြင့် မရှိ ဝါဒကို ပြန်လှန်ချေပခဲ့သည့် အစွမ်းကောင်း စာပေ အဖြစ်ဖြင့်လည်း သာသနာ့သမိုင်း မှတ်တိုင် အခိုင်အမာ စိုက်ထူခဲ့ပေသည်။

## ရှင်အရိယာလင်္ကာရ

အရိယာလင်္ကာရ ဆရာတော်သည် ငယ်စဉ်ကပင် အဝပဋ္ဌင်းကျော်ဟု ပေါ်လွင်ထင်ရှားခဲ့

သည်။ နောက်၂ါ တပည့်ဆယ်ပါးစီဖြင့် ဟံသာဝတီသို့ သာသနာပြုစေလွှတ်ခံရသည့် အလက်ာပုဂ္ဂိုလ်ကျော် သုံးပါးတွင် အပါအဝင် ဖြစ်သည်။ ဤအဝ ဥ္ဓင်းကျော် ရှင်အရိယနှင့် ပြည်ပဥ္ဇင်းကျော်တောင်ဖီလာ ပုဂ္ဂိုလ်တို့ကို ပရိသတ်အစည်းအဝေးကြီး၌ လေးထပ် ဆရာတော်ကြီးသည် ဤသို့ ထုတ်ဖော် မိန့်ကြားခဲ့ပေသည်။

"ဂန္ထန္တရနှင့် စပ်သည်ကို တိပိဋကာလင်္ကာရကို မေးလျှင်ဝ ါးခွဲသကဲ့သို့ ရှိပေသည်။ ဝစနတ္ထနှင့် စပ်သည်ကို အရိယာလင်္ကာရကို မေးလျှင် မိုးသေး မိုးဖွဲကျသကဲ့သို့ ရှိပေသည်" ဟူ၏။

ဆရာတော်များသည် ချီးကျူးခံရသည့် အတိုင်းလည်း ဟံသာဝတီ၌ ပညာ စွမ်းပြနိုင်ခဲ့သည်၊ ရှင်အရိယာ လင်္ကာရသည် ဟံသာဝတီမှ အပြန် စစ်ကိုင်း ကောင်းမှုတော်ကြီး တောင်ဘက်ဒက္ခိဏာဝန်ကျောင်းတိုက်ကို ဆောက်လုပ်မည် ရှိစဉ် ပျံလွန်တော် မူသွားရှာပါသည်။

ဆရာတော်သည် သက္ကရာဇ် ၉၆၉ ခုနှစ်၊ သက်တော် ၂၂ နှစ်ဝါ အရတွင် သာရတ္ထဝိကာသိနီဋီကာ ခေါ် ကစ္စာယန ဘေဒဋီကာကို ရေးသား စီရင်ခဲ့သည်၊ ဓာတ်ဆိပ် အမည်ကား အရိယာလင်္ကာရပင်တည်း။ ဤအလင်္ကာ ပုဂ္ဂိုလ်ကျော် သုံးပါးတို့သည် ဋီကာ ရေးခေတ်ကို ဆန်းသစ်ထွန်းပြောင်စေခဲ့ကြသည်၊ သီဟိုဠ်သား ရဟန်းတော်များသာ ဋီကာကျမ်းများကို ရေးသားနိုင်ကြသည် ဟူသော အဆိုအမိန့်ကိုလည်း ချေဖျက်တော်မူခဲ့ကြလေသည်။

ဤသို့လျှင် တောင်ရိုး ပျော် ဆရာတော်ကြီးများသည် သာသနာတော် အတွက် အားတက်ဂုဏ်ယူဖွယ်ရာတို့ကို ရွက်ဆောင် တည်ဆောက်တော် မူလာခဲ့ကြသည့် ပရိယတ္တိ စွယ်စုံမှန်သောက် အခေါင်ရောက်သည့် ထိပ်ခေါင်တင်ဆရာတော်ကြီးတို့သည် စစ်ကိုင်းတောင်ကြီး၏ အသုကို ထာဝရ ထွန်းပြောင်အောင် ထမ်းဆောင်တော် မူခဲ့ကြသည်မှာ ဂုဏ်ယူဖွယ်တရပ် ဖြစ်ပါတော့သည်။

အရှင်မဟာသဂရပဏ္ဍိတ

ဝေဇယန္တာ



# စစ်ကိုင်းတောင်နှင့်ချောင်ကိုးချောင်

ရွှေကိုင်းသား

စိရံ တိဋ္ဌတု သဒ္ဓမ္မော။ ။သူတော်ကောင်းတရားတည်းဟူသော သဒ္ဓမ္မသည် သာသနာ ငါးထောင် မြင့်ရှည်ကြာအောင် တည်ထွန်းပါစေသတည်း။

အမည်ရ တောင်ပေါင်းသုံးဆယ့်ခုနစ်လုံးတို့ဖြင့် ဖွဲ့စည်းထားအပ်သော စစ်ကိုင်းတောင်သည် အရှေ့မျက်နှာမှ ဧရာဝတီမြစ်နှင့် တစပ်တည်း ဆိုရလောက်အောင် နီးစပ်နေခြင်း၊ အတွင်းဘက်ရှိ မြောင်ချောက်ကြားတို့ဖြင့်တကန့်စီ တကန့်စီ အလိုက်သင့်စွာ သဘာဝက ပိုင်းခြားပေးထားသဖြင့် စစ်ကိုင်းချောင်များ အကြက် အမြဲတမ်း ဆိတ်ငြိမ်သော သညာဂါရဖြစ်ခြင်း၊ ထို့ပြင် မြစ်နှင့် တစပ်တည်း ဖြစ်၍ ရေမိုးလုံလောက်ခြင်းနှင့် ဂေါစရဂါမ်တည်းဟူသော ဆွမ်းခံရွာများနှင့် မနီးလွန်း မဝေးလွန်းခြင်း၊ မမှာသောက စသော ရှေးမင်းအဆက်ဆက်တို့ တည်ထား ကိုးကွယ်ခဲ့သည့် ဘုရား ပုထိုး စေတီများ တည်ရှိနေသဖြင့် ဆိမ်းဝတ် ပန်းဝတ်စသော စေတိယင်္ဂဏဝတ်မှ စ၍ ဗုဒ္ဓဝေယျာဝစ္စများကို မပြတ်တမ်း လက်လှမ်းမီမီ ပြုလုပ်နိုင်ခြင်းတို့သည် စစ်ကိုင်းတောင်၏ ဂုဏ်ထူး ဝိသေသတို့ပင် ဖြစ်ပါသည်။ ယင်းကြောင့်လည်း စစ်ကိုင်းတောင်သည် သမိုင်းသက်အားဖြင့် အနှစ် ၉၀၀ ကျော်အထိရှည်ကြာခဲ့ခြင်း ဖြစ်သည်။

## ရှင်အရဟံနှင့် ချောင်ကိုးချောင်

ထိုချောင်တို့၏ တည်းငြိမ်းမူလ ပထမအစမှာ "ရှင်အရဟံ၊ မြတ်ဘုန်းလျှံ၊ စီမံထားခဲ့ရင်း။ ချောင်လည်း ကိုးချောင်၊ ပြုစုထောင်၊ နောက်နောင်နှလုံးသွင်း"ဟူသော ဆောင်ပုဒ်အရ သာသနာတော် ၁၅၆၁၊ ကောဇာသက္ကရာဇ် ၃၇၉ ခုနှစ်တွင် ပုဂံပြည်၌ မင်းအဖြစ်သို့ ရောက်တော်မူသော အနော်ရထာမင်းစော၏ ဆရာ သာသနာပြု ရဟန္တာ ရှင်အရဟံ မထေရ်မြတ်သည် စစ်ကိုင်းတောင် ပဘာချောင်၌ ဘောဝါမိုလျက် ဘုရားရှင် ဗျာဒိတ်တော်မြတ်နှင့် အညီ ဇေတဝန်ဘုရား အရှေ့မြောက်ထောင့်တွင် စစ်ကိုင်းတောင်မှ သာသနာ သမိုင်းဝင် သိမ်ပေါင်း သုံးဆယ်တို့၏ အမွန် အစဖြစ်သော ချောင်ကြီး

ကိုးချောင်တို့ကိုလည်း ပြုစုတည်ထောင်တော်မူခဲ့လေသည်။

## ချောင်ကိုးချောင်

ယင်းမူလ ချောင်ကြီးကိုးချောင်အမည်တို့မှာ (၁) ပဘာချောင်၊ (၂) ကောဏ္ဍညချောင်၊ (၃) ခန္တိသောမချောင်၊ (၄)ဉရုဝေဠချောင်၊ (၅) ကဿပချောင်၊ (၆) ပရက္ကမချောင်၊ (၇) အနုရုဒ္ဓါချောင်၊ (၈) ယုန်ဖြူချောင်၊ (၉) သနပ်ခါးချောင်တို့ ဖြစ်ပါသည်။

အခြားချောင် ကိုး ချောင် မူကွဲများရှိသေးသည်။ နောက်ဆက်တွဲတွင် ဖော်ပြထားပါသည်။

## ပထမ-ပရက္ကမညီနောင်

ဤတွင် ပထမ ပရက္ကမညီနောင် နှစ်ပါးတို့မှာ စစ်ကိုင်းတောင်နှင့် စစ်ကိုင်းချောင်များ၏ ဂုဏ်သိန်ကို အရှိန်မြင့်အောင် မြှင့်တင်ပေးသွားသည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ယင်း အရှင်နှစ်ပါးတို့သည် ပွဲကျောင်းဂါမဝါသီဖြစ်သော ပင်းယစကား ခုနစ်ကျောင်းနေ ရဟန်းတို့၏ အမူအကျင့်ကို မနှစ်သက်သဖြင့် စကား ကျောင်းတော်ကြီးနှင့် တကွ ရာဇဌာနီ မင်းနေပြည်ဖြစ်သော ပင်းယနှင့် အင်းဝတို့ကိုပါ စွန့်ခွာခဲ့ပြီးလျှင် စစ်ကိုင်းချောင်သို့ တောဝင်ကာ အာရညကင် ဓုတင်ဆောင်သွားတော်မူကြသောကြောင့် ဖြစ်ပေသည်။ အရှင်မြတ် နှစ်ပါးတို့ စစ်ကိုင်းချောင်သို့ ရောက်လာသော အခါ အံ့တော်မူဘုရား အနောက်ဘက် ချင်ကြားမြေပြန့်တွင် သခ်မ်းကျောင်း ဆောက်ပြီးလျှင်အရှေ့တိုက် အနောက်တိုက်ခွဲ၍ သီတင်းသုံးတော်မူကြရာမှ အရှေ့ပရက္ကမ၊ အနောက်ပရက္ကမတိုက်ဟူ၍ ထင်ရှားလာပေသည်။

## ဝတ်ချက်ရွာ

သက္ကရာဇ် ၇၆၃ ခုနှစ်တွင် အင်းဝ၌ မင်းအဖြစ်သို့ ရောက်တော်မူသော ပထမ မင်းခေါင်ခေါ် ဘုရင်မင်းခေါင်က ထိုအရှင်မြတ် နှစ်ပါးနှင့် သံဃာတော်တို့အား ဒုမြနိဗဒ္ဓဆွမ်း ဝတ်ပြုနိုင်စေရန် ပရက္ကမချောင်မှ အရှေ့ရောဝတီမြစ်ကမ်းနားရှိ ရှေးအခေါ်လက်ပံရွာသားတို့ကို ဆွမ်းဝတ်ပြုစေ သဖြင့် ၎င်းလက်ပံရွာသည် နောင်တွင် ဝတ်ချက်ရွာ ဟူသော အမည်သစ်ဖြင့် ထင်ရှားလာပါသည်။ (ဝတ်ချက်ရွာကို ကျွန်အဖြစ် လှူဒါန်းခြင်း မဟုတ်ပါ။)

ထို့နောက် သက္ကရာဇ် ၉၆၁ ခုနှစ်တွင် အင်းဝ ညောင်ရမ်း မင်းဆက်ကို တည်ထောင်သွားသည့် ညောင်ရမ်း မင်းတရားကြီးသည် စစ်ကိုင်းတောင်ရိုးတွင် အာရညဓုတင်ဆောင်၍ ဝတ်ချက်ရွာကို အမှီပြုနေကြသော သံဃာတော်တို့အား ဆွမ်းဝတ်အမြဲပြုသွားနိုင်စေရန် စားမိုး စားမြေများကို တိထွင်ပေးခြင်းဖြင့် ဘုရင်မင်းခေါင်၏ သာသနာပြုလုပ်ငန်းရပ်များကို တည်တံ့ခိုင်မြဲသွား စေပါသည်။

## ကုန်းဘောင်မင်းဆက်များ

ထို့နောက် ကုန်းဘောင်မင်းဆက်များ လက်ထက် ၌လည်း ရှေးမင်းများကဲ့သို့ စစ်ကိုင်းတောင်တွင် မှီဘင်း သီဘင်းသုံးတော်မူ ကြသည့် ရဟန်းတော်များ၏ ဆွမ်းဝတ်ကို မချွတ်စေရပဲ ဆက်လက်၍ ထောက်ပံ့တော်မူ ကြပြန်သည်။ အထူးသဖြင့် အမရပူရ ဒုတိယမြို့တည် ရွှေဘိုမင်း တရားသည် သက္ကရာဇ် ၁၂၀၁ ခု ဒုတိယ ဝါဆိုလဆန်း ၁၅ ရက်နေ့တွင် မိဖုရားခေါင်ကြီးနှင့် တကွ မင်းမိဖုရား မင်းညီမင်းသား မှူးတော်မတ်တော် ဗိုလ်ပါရဲမက် အပေါင်းတို့နှင့် စစ်ကိုင်းတောင် ပိဋကတ်ချောင်သို့

ချောင်းကြောင်း ထွက်တော်မူပြီးလျှင် ဇေယျာပူရ မြို့ရှိ အရည၀ါသီ ရဟန်း သံဃာတော်တို့ကို ဆွမ်းဆန်အတင်း ဖြ၀ ၁၊ ဆား၊ ငါး၊ ငါးပိ၊ ငရုပ်၊ ကြက်သွန်၊ ဖယောင်းတိုင်၊အမွှေးတိုင်များ စွာ လှူဒါန်းတော် မူလေသည်။ စစ်ကိုင်း တောင်တွင် ဆွမ်းဆန်တော် လှူ ခြင်း သည် ရွှေဘိုမင်း လက်ထက်ကပင် စတင်ခဲ့သည်ဟု ဆို ရပါမည်။

## ပုဂံမင်းလက်ထက်

ထို့နောက်သက္ကရာဇ် ၁၂၁၂ခုနှစ် နတ်တော် လပြည့်ကျော် ၂ ရက်နေ့တွင် ရွှေဘိုမင်းသား တော် ပုဂံမင်းသည် မင်းမိဖုရား မင်းညီ မင်း သား မှူးတော် မတ်တော်တို့ခြံရံ၍ ကြည်းတပ် ရေတပ် အခင်းအကျင်းများနှင့် စစ်ကိုင်းမြို့ စဥ့်ပါတိုက်သို့ ထွက်တော်မူပြီးလျှင် စဥ့်ပါတိုက် တွင် သီတင်းသုံးနေသည့် ရဟန်း သံဃာတော် တို့ကို ဖယောင်းတိုင်၊ ကွမ်းသီး၊ဆွမ်းဆန်၊ ငါး သိုင်း ငါးခြောက်။ ဆီ၊ ဆား ငါးပိမှ စ၍ လှူဒါန်းတော်မူလေသည်။ ထိုသက္ကရာဇ်မှာပင် ဇေယျပူရမြို့မှ ပိတောက်ချောင်၊ ရွှေ၀ါချောင်၊ အနုရုဒ္ဓါချောင် စသော တောအရပ်တို့၌ အရာ မကသော အရည၀ါသီသံဃာတော် တို့အား ဆွမ်းမှူး ဆွမ်းကဲခန့်၍ နေ့စဥ်မချွတ်၊ ပိဏ္ဍစာ ရိက နိဗဒ္ဓ၀တ် ကပ်လောင်း လှူဒါန်းတော်မူ ပြန်သည်။

## မင်းတုန်းမင်း

ရတနာပုံ မန္တလေး ရွှေမြို့တော်ကြီးတည် မင်းတုန်းမင်းတရားကြီးကလည်း နောင်တော် ပုဂံမင်း၊ ခမည်းတော် ရွှေဘိုမင်းကဲ့သို့ စစ်ကိုင်း တောင်တန်း၊ မင်းဝံတောင်တန်း တလျှောက်မှ ပိတောက်ချောင်၊ ဓမ္မိကချောင် စသော ချောင် ပေါင်း ၆၀ ကျော်၊ ရွှေကျောင်းတောရ၊ တိလောာ ကဂုရု၊ ထူပါရုံ၊ တောင်ဖီလာ စသော တောရ တိုက်ပေါင်း ၄၀ ကျော်များနှင့် ချောင်မြောင် တောင်ရိုးတို့၌ သီတင်း သုံးနေသည့် အရည၀ါ သီ ပုဂ္ဂိုလ်သူမြတ် ၆၀၀ ကျော် ရဟန်းသာမ ဏေ သူတော် သီလရှင် ရသေ့တို့ကို ဆန်၊ ဆီ ငါးပိ၊ ငရုတ်၊ ကြက်သွန် စသည်ဖြင့် နန်းစံ ၂၆ နှစ် အတွင်း တနှစ်မှမချွတ်စေရ လစဥ်လှူဒါန်း တော်မူလေသည်။

၁၂၁၅ခု ရွှေဘိုမြို့နယ် ပလိုင်းကန်ရွာ ကန်တော် ကျောက်စာတွင် ဇေယျာပူရ ပိတောက်ချောင်၊ ရွှေ၀ါချောင်၊ မင်းကွန်းအ ရပ် စသည်တို့၌ သီတင်း သုံးနေသော အရည ၀ါသီ ပုဂ္ဂိုလ်မြတ်တို့အား နိစ္စဘတ်၀တ် မချွတ် စေရ ဆွမ်းဘောဇဥ်ကပ်လောင်း လှူဒါန်းတော် မူသည်ဟု ရေးထားပေသည်။

မင်းတုန်းမင်း တရားကြီး၏ ဆွမ်းဆန်တော် လှူဒါန်းရာစစ်ကိုင်းတောင် နယ်နိမိတ်သတ်မှတ် ထားပုံမှာ ယခုခေတ် မန္တလေးမြို့ မလွန်ဈေး ဆန် လှူ အသင်းကြီး၏ သတ်မှတ်ထားသည့် နယ်မြေ အတိုင်း စစ်ကိုင်း မင်းဝံ တောင်တန်း တလျှောက်နှင့် မင်းကွန်း နယ်မြေပါ သည့်သွင်း ထားခြင်း ဖြစ်လေသည်။

သားတော် သီပေါမင်းကလည်း ၁၂၄၅ခု နတ်တော်လတွင် အရည၀ါသီ ပုဂ္ဂိုလ်တို့ မှီတင်း ရာ ပိတောက်ချောင်၊ရွှေ၀ါချောင်၊ပဘာချောင် ယုန်ဖြူချောင် စသော ကိုးချောင်တို့ဖြင့် တင့် တယ်ခြင်း ရှိသော မင်းဝံတောင်ခေါ် စစ်ကိုင်း တောင်ပေါ်သို့ ကိုယ်တော်တိုင် တက်ရောက်ပြီး လျှင် ရဟန်းသံဃာတော်တို့အား သာဟတ္ထက မြောက် လှူဒါန်း ပူဇော်သော မြန်မာဘုရင် များတွင် သီပေါဘုရင်သည် နောက်ဆုံးမင်း တပါးပင် ဖြစ်လေသည်။

## မလွန်ဆန်လှူ အသင်းကြီး

သီပေါမင်း ပါတော်မူပြီးနောက် ၁၂၅၉ ခုနှစ်ဘွင် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး ပေါ်ပေါက်လာပြီးလျှင် ရှေးမြန်မာဘုရင်များ ရှိစဉ်ကကဲ့သို့ စစ်ကိုင်း မင်းဝံ မင်းကွန်းတောင်တန်း တခွင်လျှောက်တွင် သီတင်းသုံးတော်မူကြကုန်သော သာသနာ့ ဝန်ထမ်း ရဟန်းတော်များနှင့် သာမဏေ သူတော်သီလရှင်များအား နှစ်စဉ်လှူဒါန်းမြဲ နိဗဒ္ဓဝတ်ကို မချွတ်စေရပဲဆက်သက်၍ ဆောင်ရွက်ခဲ့ရာ ၁၃၄၇ ခုနှစ်တွင် မလွန်ဈေး ဆန်လှူအသင်းကြီးသည် ၈၉ နှစ်မျှ သက်တမ်းရှည်ခဲ့လေပြီ။

မူလချောင် ကိုးချောင် စာရင်း မှုကွဲများကို ရနိုင်သမျှ စုဆောင်းပြီးလျှင် အောက်တွင် ဖော်ပြလိုက်ပါသည်။

### (၁) စစ်ကိုင်း ညောင်ပင်သာ ဦးပုည၏ ချောင်ကိုးချောင်

၁။ ပိတောက်ချောင်၊ ၂။ ရွှေဝါချောင်။
၃။ ကောဏ္ဍညချောင်၊ ၄။ ပရက္ကမချောင်၊
၅။ အနုရုဒ္ဓါချောင်၊ ၆။ ပဘာချောင်၊
၇။ ဗောဓိချောင်၊ ၈။ ယုန်ဖြူချောင်၊
၉။ ဥပါလိချောင်။

### (၂) ထွင့်ခေါင် ဆရာတော်၏ ချောင်ကိုးချောင်

၁။ အနုရုဒ္ဓါချောင်၊ ၂။ ယုန်ဖြူချောင်
၃။ ရွှေဝါချောင်။ ၄။ ပဘာချောင်၊
၅။ ဒဟတ်ချောင်၊ ၆။ ပိတောက်ချောင်
၇။ ဦးပဏ္ဍိချောင်၊ ၈။ ငိုသံကြားချောင်၊
၉။ ပရက္ကမချောင်၊

သတိ။ ကိုးချောင်တွင် ထွင့်ခေါင် ချောင် မပါ။

### (၃) လက်ဝဲဟောင်း အရ ချောင်ကိုးချောင်

၁။ ငွေ့ခါးချောင်၊ ၂။ ကဿပချောင်၊
၃။ အနုရုဒ္ဓါချောင်၊ ၄။ ရွှေဝါချောင်၊
၅။ ယုန်ဖြူချောင်၊ ၆။ သိမ်တော်ချောင်၊
၇။ ၇။ ပရက္ကချောင်၊ ၈။ ဥရုဝေဠချောင်
၉။ ခန္တီသောမချောင်။

ရွှေကိုင်းသား






လွန်ခဲ့သည့် ၂၅ နှစ် ဝန်းကျင် ကာလတွင် ထုတ်ဝေသော မလွန်ဆန်လှူ အသင်းကြီး၏ နှိုးဆော်စာများ၌ စစ်ကိုင်း မင်းဝံ မင်းကွန်း တောင်ရိုးကြီး သုံးရပ်ရှိ ချောင်စာရင်းနှင့် အလှူခံပုဂ္ဂိုလ်စာရင်းကို ဖော်ပြထားပါသည်။ ထိုစာရင်းများကို ဂိုဏ်းအလိုက် ဖော်ပြထားရာ ပါဠိတော် ဂိုဏ်းဟူသော အမည်ကိုလည်း တွေ့ရမည် ဖြစ်ပါသည်။ ထိုပါဠိတော်ဂိုဏ်း သမိုင်းကြောင်းကို တစ်စွန်းတစ လေ့လာသိရှိရ သမျှ ဤတွင်တင်ပြလိုပါသည်။

ပါဠိတော်ဂိုဏ်း အမွန်အစ ဂဏာသမုဒ္ဒာ-ပက ဆရာတော်မှာ အရှင် ရာဇိန္ဒ ဖြစ်ပါသည်။ အရှင်ရာဇိန္ဒသည် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်၌ နေထိုင်လျက် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ထံမှ ဝိနည်းပါဠိတော်ကို အဋ္ဌကထာ ဋီကာနှင့် တွဲဖက်သင်ယူခဲ့ပါသည်။ ထိုစဉ်ပါဠိတော်၌ ကြည်ညိုစိတ်များစွာ ယိုဖိတ်ခဲ့ပါသည် ပါဠိတော်၌ ကြည်ညိုလွန်းရာမှ အဋ္ဌကထာဋီကာ စကား ပမာဏ မထားလိုသည့် စိတ်များပင် သက်ဝင်လာခဲ့ပါသည်။

“တပည့်တော်တို့ကတော့ပါဠိတော်အတိုင်း ကျင့်မှာပဲ။ အဋ္ဌကထာ ဋီကာတွေက ဝါဒများလွန်းတယ်”ဟု အရှင်ရာဇိန္ဒက ပြောလေ့ရှိပါသည်။

အရှင်ရာဇိန္ဒ၏ ပါဠိတော် ဝါဒအသံသည် ကျယ်သထက်ကျယ် လောင်လာ၏။မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ နားတော်သို့ပင် ပေါက်ရောက်လာသည်။ ထိုအခါ ဆရာတော်ကြီးက “မောင်ရာဇိန္ဒ- ပါဠိတော်အတိုင်း ကျင့်တာက တော့ ကောင်းပါတယ်။ဒါပေမယ့်အဋ္ဌကထာကို မပယ်ကောင်းဘူး”ဟု သတိပေး ဆုံးမတော်မူသည်။

၁၂၅၇ ခုနှစ်တွင် အရှင်ရာဇိန္ဒသည် မဟာဂန္ဓာရုံဆရာတော်ဖြစ် လတ္တံ့သော အရှင်ဥတ္တရ၊ အရှင်သဒ္ဓမ္မ၊တောင်ဖီလာဆရာတော် ဖြစ်လတ္တံ့သော အရှင်ပဏ္ဍာဝံသ တို့နှင့်အတူ စစ်ကိုင်း တောင်ရိုးသို့ ပဋိပတ္တိအလုပ် အားထုတ်ရန်ထွက်ခဲ့သည်။ ယခု ပထမဂန္ဓာရုံချောင် နေရာ၌ ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ် သီတင်းသုံးသည်။

စစ်ကိုင်းချောင် ပထမဂန္ဓာရုံချောင်၌ငါးဝါခန့် သီတင်းသုံးပြီးသော အခါ အရှင်ရာဇိန္ဒနှင့် အရှင်ပဏ္ဍာဝံသတို့သည် ပုညရှင် စေတီတောင် ဘက်ရှိ လျှိုမြောင်ကြားသို့ ပြောင်းရွှေ့ကာ ချောင်သစ်တည်ကြသည်။ အရှင်ရာဇိန္ဒက အရွေ

ဣန္ဒာသယချောင်၊ အရှင်ပဏ္ဍဝံသက အနောက်ဣန္ဒာသယချောင် အသီးသီး တည်ထောင်ကြသည်။

ထိုတွင် အရှင်ရာဇိန္ဒသည် ပါဠိတော်သန်သူဖြစ်၍ အများနှင့်မတူ တမူ ကျင့်သုံးလေသည်။ အများသုံး လျက်ရှိသော သပိတ်ဖုံးကို ပယ်၍ အဖုံးမပါသည့် သပိတ်ဖြင့်သာ ဆွမ်းခံသည်။ သပိတ်မှာလည်း ရွှေကျင်သုံး သပိတ်အိတ်နှင့် မတူ။ ရိုးရိုး အဝတ် အိတ်ကိုချုပ်၍ သုံးသည်။ ဆွမ်းဘုဉ်းပေးရာ၌လည်း ပန်းကန်ခွက် ယောက်မသုံး မိမိသပိတ်ဖြင့်သာ ဘုဉ်းပေးသည်။ ဆိုင်ချုပ် သင်္ကန်းများကို ဝတ်ရုံလေ့မရှိပါ။ သုံးခဏ်းဖြစ်စေ ငါးခဏ်းဖြစ်စေ ပြင်ဆင်ချုပ်၊ဆိုးရေအုပ်ပြီးမှသာ ဝတ်ရုံသည်။

မိမိ၏ တပည့်များကိုလည်း ပါဠိတော်နည်းအတိုင်းသာ ကျင့်သုံးကြရန် ဟောပြောဆုံးမသည်။ "တို့ကရွှေကျင်ဂိုဏ်းမဟုတ်ဘူး၊ ပါဠိတော်နည်းအတိုင်း ကျင့်သုံးတဲ့ ပါဠိတော်ဂိုဏ်းသာဖြစ်တယ်"ဟု ပြောဆိုလေ့ရှိသည်။

စစ်ကိုင်းတောင်၌ အရှင်ရာဇိန္ဒ ပါဠိတော်ဂိုဏ်းတည်ထောင်ကြောင်း မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ကြားသိတော်မူ သောအခါ ပါဠိတော်အတိုင်း ကျင့်လိုကကျင့်နိုင်သည်။ သို့သော် ပါဠိတော်ဂိုဏ်း သီးခြားခွဲခြမ်းလျက်မထူထောင်သင့်ကြောင်း စာဖြင့် အကြောင်းကြားတော်မူသည်။

အရှင်ရာဇိန္ဒသည် ၁၂၆၂ ခုနှစ်တွင် အရှေ့ဣန္ဒာသယချောင်ကို စတင် တည်ထောင်သည်။ ရောဝတီဖလော်ရီဒါကုမ္ပဏီသဘော်စာရေးကြီး ဦးထွန်းအိ စာရေးကတော် ဒေါ်ကျော့ရင်တို့က ကျောင်းဆောက်လှူဒါန်းကြသည်။

အရှင်ရာဇိန္ဒသည် ခန့်ငြားသော ဥပဓိရှိ၍ အသံဝါကြီးဖြင့် တရားဟော တတ်သည်။ အဟော အပြောကောင်း၍ ကြည်ညိုသူ ဒါယကာ ဒါယိကာမ ပေါများသည်။ ရှေးဘုန်း ရှေးကံကြီးမားသည်။ အရှင်ရာဇိန္ဒကို အကြောင်းပြု၍ စစ်ကိုင်းဘောင်၌ ချောင်သစ် ကန်သစ်များ ပေါ်ပေါက်ခဲ့လေသည်။ ကျောက်စိမ်းချောင်၊ ဖျာပုံချောင်၊ဝိဝေကချောင်တို့သည် အရှင်ရာဇိန္ဒ၏ ဘုန်းကံကြောင့် ပေါ်ပေါက် လာသော ချောင်များဖြစ်သည်။

အရှင်ရာဇိန္ဒသည် မယ်တော် ခမည်းတော်တို့ကိုစစ်ကိုင်းတောင်ရိုးသို့ ခေါ်ယူပြီး ဘုန်းကြီးသီလရှင်ဝတ်စေသည်။ မယ်တော် သီလရှင်ကြီး နေထိုင်ရန် မယ်တော်ချောင်ကို လည်းကောင်း၊ ခမည်းတော် ဦးပဉ္ဇင်းကြီး နေထိုင်ရန် ခမည်းတော်ချောင်ကိုလည်းကောင်း အသီးသီး တည်ထောင်ပေးသည်။

အရှင် ရာဇိန္ဒ၏ ဘုန်းကံအလျောက် စစ်ကိုင်းတောင်ရိုး၌ ချောင်များ တစတစ တိုးပွားလာခဲ့သည်။ အရှင်ရာဇိန္ဒသည် မိမိ၏ ဩဝါဒခံ ချောင်များကို ပါဠိတော်နည်းအတိုင်း လိုက်နာကျင့်သုံးစေသည်။ ထို အခါမှစ၍ သာသနာ့သမိုင်းတွင် ပါဠိတော်ဂိုဏ်းဟူ၍ အသွင်ခြားနား ထင်ရှားလာခဲ့ပေသည်။

နောင်အခါတွင် အရှင်ရာဇိန္ဒသည် မင်းကွန်းတောင်ရိုးသို့ ရွှေ့ပြောင်း သီတင်းသုံးပြန်ရာ ပါဠိတော်ဂိုဏ်းသည် မင်းကွန်းတောင်ရိုးသို့ ရောက်ရှိ ပြန့်ပွားလာခဲ့ရပေသည်။ ဆရာတော် အရှင်ရာဇိန္ဒကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ကျောင်းများ မန္တလေးမြို့၊ ကျောက်ဆည်မြို့များ၌လည်း ရှိသည်။

၁၃၂၁ ခုနှစ်ထုတ်ဝေသည့် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး၏ နှိုးဆော်စာ၌ ပါဠိတော်ဂိုဏ်းချောင်စာရင်းအလှူခံစာရင်းကို ဤသို့ ဖော်ပြထားသည်။

## စစ်ကိုင်းတောင်ရိုးပါဠိတော်ဂိုဏ်း

| | | | | | | |
|---|---|---|---|---|---|---|
| ၁။ | အရှေ့ကုစ္ဆာသယလောကာမှန်ကူ | ရဟန်း | ၅ ပါး၊ | သာမဏေ | ၂ ပါး။ |
| ၂။ | အရှေ့ကုစ္ဆာသယရတနာပုံတိုက် | ။ | ၅ ။ | ။ | ၁ ။ |
| ၃။ | အရှေ့ကုစ္ဆာသယကျောက်စိမ်း | ။ | ၅ ။ | ။ | ၁ ။ |
| ၄။ | အရှေ့ကုစ္ဆာသယစကြံ | ။ | ၂ ။ | ။ | ၁ ။ |
| ၅။ | အရှေ့ကုစ္ဆာသယ ဖျာပုံ | ။ | ၃ ။ | ။ | |
| ၆။ | အရှေ့ကုစ္ဆာသယ ငိဝေက | ။ | ၂ ။ | ။ | |
| | ချောင်ပေါင် | ၆ | | | |
| | သံဃာတော်ပေါင်း ရဟန်း | | ၂၂ ။ | သာမဏေ | ၅ ။ |

## မင်းကွန်းတောင်တန်းပါဠိတော်ဂိုဏ်း

| | | | | | |
|---|---|---|---|---|---|
| ၁။ | မနောမယချောင် | ရဟန်း | ၁ ပါး၊ | သာမဏေ | ၁ ပါး။ |
| ၂။ | အရိယာမဂ္ဂင် | ။ | ၄ ။ | ။ | ၁ ။ |
| ၃။ | ကုစ္ဆာသယမေဃဝန် | ။ | ၃ ။ | ။ | ၂ ။ |
| | ချောင် | | ၃ ။ | ။ | ။ |
| | သံဃာတော်ပေါင်း | ရဟန်း | ဂ ။ | သာမဏေ | ၄ |

ဤ၌ ပါဠိတော်ဂိုဏ်း၏ ဂဏာသမုဋ္ဌာပက ဆရာတော်ဦးရာဇိန္ဒ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကိုတင်ပြလိုပါသည်။

ဆရာတော် ဦးရာဇိန္ဒကို ပခုက္ကူခရိုင် မြိုင်မြို့နယ် (ပခန်းကြီး) ခေါင်းကွဲရွာ ခမည်းတော် ဦးအပ်၊ မယ်တော်ဒေါ်အုံးတို့မှ မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။ မွေးချင်းပေါက်ဖော် ငါးယောက်တွင် တတိယမြောက် သားရတနာဖြစ်ပြီး ၁၂၂၂ ခုနှစ် တပေါင်းလဆန်း ၁၂ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ ငယ်နာမည် မောင်ပဲလှော်ဖြစ်၏။

ငါးနှစ်အရွယ်တွင် ပခန်းမြို့ ဂိုဏ်းအုပ်ဆရာတော် အရှင်တိသာသနဓဇထံ ပညာသင်ရန် အပ်နှံသည်။ ခုနစ်အရွယ်တွင် ဦးလေးတော်သူ ဦးနန္ဒက မန္တလေးမြို့ စလင်းတိုက်သို့ ခေါ်ဆောင်လာခဲ့သည်။

ကျောင်းသားငယ် မောင်ပဲလှော်ကို ၁၃နှစ်အရွယ်တွင် မင်းတုန်းမင်းကြီး၏ သမီးတော် စလင်းစုဖုရားက ရှင်ပြုပေးသည်။ ရှင်ဘွဲ့အမည် ရှင်ရာဇိန္ဒဖြစ်၏။ ရှင်ရာဇိန္ဒသည် စလင်းတိုက်၌ပင် စာပေကျမ်းဂန်များ လေ့လာသင်ခဲ့သည်။

ရှင်ရာဇိန္ဒသည် ရဟန်းဖြစ်ခါနီးတွင် ဇာတိရွာသို့ပြန်လာခဲ့၏။ ၁၂၄၁ ခုနှစ်တွင် ပထမအကြိမ် သူကြီး ဦးညို၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍လည်းကောင်း၊ ဒုတိယအကြိမ် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍လည်းကောင်း ရဟန်း

အဖြစ်သို့ ရောက်ခဲ့လေသည်။ရဟန်းခံပြီးနောက် မန္တလေးမြို့စလင်းတိုက်၌ပင် ပြန်လည်နေထိုင်သည်။

၁၂၄၇ ခုနှစ် သီပေါမင်း ပါတော်မူသောအခါ ဇာတိရွာသို့ ပြန်လည် နေထိုင်ရသည်။ ၁၂၄၈ ခုနှစ်တွင် ဖျာပုံ၌ ဝါဆိုသည်၊ ထို့နောက် ဇာတိရွာထန်းသုံးပင် တောကျောင်း၌ တဝါ၊ ရဟန်းဒါယကာသူကြီး ဦးညို၏ပင့်လျှောက်ချက်အရ ပခန်းမြို့နယ် တောင်စုံတောကျောင်း၌ဘဝါ၊ ဂူဖြူမဘာရကျောင်း၌ နှစ်ဝါ၊ ပခန်းမြို့နယ် ချောင်းကောက် တောကျောင်း၌တဝါ အသီးသီးသီတင်းသုံး နေထိုင်ပြီးနောက် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ ရောက်ရှိသည်။

၁၂၅၇ ခုနှစ်တွင် စစ်ကိုင်း တောင်ရိုးသို့ ကမ္မဋ္ဌာန်း ရှုဘင်ဖြင့် တောဝင်ပြီး ၁၂၈၂ ခုနှစ်တွင် ဣစ္ဆာသယချောင် တည် ထောင် ပြီး သာသနာဘော်တွင် ပါဠိတော် နည်းအဘိုင်းသာ ဘျင့်သော ပါဠိတော်ဂိုဏ်းကို ပေါ်ပေါက်စေခဲ့သည်။

ဆရာတော် ဦးရာဇိန္ဒသည် သောက်ရေသုံးရေ ရှားပါး၍ ပင်ပန်း ဆင်းရဲသည့် စစ်ကိုင်းတောင်ရိုးနေ သူတော်စင်များ ချမ်းသာစေရန် ၁၂၇၅ ခုနှစ်တွင် ရေစက် တည်၍ ပုညရှင် စေတီတော်၏ မြောက် သုံးထပ်ကန် အရောက် ရေပို့လှူဒါန်းခဲ့သည်။ ရေစက်အတွက် ဖောင်ဘော်သီမြို့ မြေပိုင်ရှင် သဌေး ဦးဘက လှူဒါန်းသည်။သုံးထပ်ကန်ကြီးကို မန္တလေးမြို့ အနောက်ပြင်သစ်ပိုင် ဦးကြွယ် ဒေါ်မယ်ရှင်တို့က မတည်လှူဒါန်းသည်။

ဆရာတော်ဦးရာဇိန္ဒသည် မယ်တော် ခမည်းတော်များကွယ်လွန်သည့် နောက်တွင် မင်းကွန်းတောင်သို့ ရွှေ့ပြောင်း သီတင်သုံးသည်။ မင်းကွန်းတောင်ရိုး၌လည်း ရေစက်တည်၍ ရေလှူသည်၊ ယခုသက်တော် ၉၅ နှစ် အရွယ်ရှိ အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင်ချောင် ဆရာတော်ဘုရားကြီး(ဦးအရိန္ဒမ) သည် ဆရာတော် ဦးရာဇိန္ဒ၏ တူအရင်း ဖြစ်၍ မင်းကွန်းသို့ ပြောင်းရွှေ့စဉ်ကပင် အတူပါလာခဲ့သည်။

ဆရာတော် ဦးရာဇိန္ဒသည် ၁၂၈၂ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် မင်းကွန်းဘောင် အရိယမဂ္ဂင်ချောင်၌ပင် ပျံလွန်တော်မူသည်။ ဆရာတော် ပျံလွန်ပြီးနောက် ပါဠိတော်ဂိုဏ်းသည် ၁၃၄၃ ခုနှစ်အထိ ဆက်လက် တည်တံ့လျက် ဂိုဏ်းပေါင်းစုံ ညီညွှန့်ရေးသာသနာဘော် သန့်ရှင်း တည်တံ့ရေး ပေါ်လာသောအခါ သုဓမ္မာဂိုဏ်းနှင့် ပူး ပေါင်း လိုက်ခြင်း ဖြင့် ဂိုဏ်းသီးခြား အဖြစ်မှ ရပ်စဲလိုက်သည်။

ပါဠိတော်ဂိုဏ်းသည် ၁၂၆၂ ခုနှစ်တွင် စတင်ပြီး ၁၃၄၃ ခုနှစ်ဘွင် ပျောက်ကွယ်သွားခဲ့သည်။ သာသာနာ သမိုင်းတွင် နှစ် ၈၀ကျော်ခန့် သက်တန်းရသော ဂိုဏ်းဖြစ်ပေသည်။

အရှင်ပညာဝံသ(စစ်ကိုင်း)






### ဆီးတောဆရာတော်

သက္ကရာဇ် ၈၀၀ ကျော် မင်းခေါင်လက်ထက်တွင် ထင်ရှားသည့် ဆရာတော်ဖြစ်သည်၊ စလင်းမြို့ အသည်ကြီး၏ သားဖြစ်၏။ မင်းခေါင်ညီတော် သတိုးကျော်စွာ မြို့စား အဖြစ်နှင့်စလင်းမြို့၌ စံတော်မူစဉ် သတိုးကျော်စွာ၏ မိဖုရားသည် ဆရာတော် လောင်းလျာ ငါးနှစ်သားအရွယ်ကို ယူ၍ မွေးစားတော်မူသည်။

အရွယ်ရောက်သော် သာမဏေ ဝတ်သည်၊ သက်တော်နှစ်ဆယ်တွင် မိဖုရားက ရဟန်းဒါယိကာမ ပြုလုပ်၍ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်သည်။ စာပေကျမ်းဂန် တတ်မြောက်၍ ထင်ရှား ကျော်စောတော်မူ၏။ ဒုတိယ မင်းခေါင်ကြီးက ကိုးကွယ်သည်။

သားတော်ရွှေနန်းကြော့ရှင်ဘုရင်နရပတိကလည်း မင်းဝံ လေးထပ် မြေနေရာတွင် ရွှေကျောင်း ဆောက် လုပ်၍ တင်လှူ တော် မူသည်။ ကျောင်း တော်ပတ်လည် တွင် ဆီးပင်များရှိသဖြင့် ဆီးတောရွှေ ကျောင်း ဆရာတော် ဟု တွင် သည်။ (တောင် ဖီ လာ ဆရာတော် သည် ဤ ဆီးတော ဆရာတော် ဝင်စားသည် ဟု အဆို ရှိလေသည်။)

### ရေငုံဆရာတော်

ရေငုံ ဆ ရာ တော်သည် သက္ကရာဇ် ၈၀၄ ခုနှစ်ထူပါရုံစေတီတော်ဒါယကာ နရပတိမင်းလက်ထက် မှ ဒုတိယမင်းခေါင် လက် ထက်သို့တိုင် ပုညရှင်တောင်အရှေ့ဘက် ချောက်၌စာ ပေ ပို့ ချ က သီတင်း သုံး တော် မူ ခဲ့သည်။ လဇ္ဇီသူ တော်ကောင်း ကြီး စစ် စစ်ဖြစ်တော် မူ၏။ ဆ ရာတော်သည် စာချချိန်မှတ ပါး သော အ ချိန်များ၌ စကားမပြော၊

ရေကိုသာ ငုံလေ့ရှိသဖြင့်ရေငုံဆရာတော်ဟုတွင်၏။ ဆရာတော်၏နေရာချောင်လည်း ရေငုံချောင်ဟုမင် တွင်လေသည်။

ယင်းဆရာတော်ကား ရေငုံဆရာတော်ဟူ၍ သာသနာ့ ဘောင်ဝင်တွင်နေလာအသွင်ထင်ရှား၏။ မကောင်းမှုပြုရန် ရှက်တတ်သူ၊ သီလဂုဏ်၌ ယှဉ်သူ၊ ထင်ရှားသော ဓမ္မကထိက ပညာရှင်ကဆူဖြစ်တော်မူ၏။

## အရိယာဝံသဆရာတော်

သက္ကရာဇ် ၈၂၀ ကျော်လောက်တွင် စစ်ကိုင်းသာသနာ၌ ထူးခြားသည့် ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ ပင်းယမြို့တောင်ဘက် စကားအင်းရွာဇာတိဖြစ်သည်။ ရှင်ရဟန်းပြုပြီးနောက် ပင်းယမြို့ စကားခုနစ်ကျောင်းဆရာတော်များထံ ပညာသင်ကြားခဲ့သည်။ ဉာဏ်ပညာလည်း လွန်စွာ ထက်မြက်တော်မူသည်။ မိန်းမကိုယ်ဝန်ဆောင် တစ်ရွက်ခန့် ပေစာများကို နှုတ်ငုံဆောင်နိုင်သည် ဆို၏။

သို့ရာတွင် စာပေ တတ်မြောက်သည့် သဘောကို မသိသဖြင့် စစ်ကိုင်းတောင်ရိုး ရေငုံဆရာတော်ထံချဉ်းကပ် စာဝါတောင်းရာ တက်ခွင့်ရပြီးနောက် သုံးရက်မျှ သွားရောက်သင်ယူခဲ့လေသည်။ စာတတ်သည် ဆိုသည်ကိုလည်း သဘောပေါက်သွား၏။ သုံးရက်စာချပေးသော ရေငုံဆရာတော်ကို ကျေးဇူးဆပ်သည့် အနေဖြင့် မဏိသာရမဉ္ဇူသာကျမ်းကို ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် ကျမ်းပြုစာချအကျော်ဖြစ်တော်မူ၏။ သက္ကရာဇ် ၉၀၁ ခုနှစ်တွင် သိုဟန်
F.29 ဘွား၏ ကျွေးမည်ဟု ပင့်ဖိတ်ကာ သံဃာတော်တို့ကို ကွပ်မျက်ရာထွင် ပါဝင် ပျံလွန်သည်ဟု အဆိုရှိသည်။

## ဝါးချက်မင်းကျောင်းဆရာတော်

စစ်ကိုင်းမြို့ မြောက်ပိုင်း ခရီးတစ်ယောင်းခန့်ကွာ သာစည်အိုင်းမ ဘုဇပင်ရွာ၌ သက္ကရာဇ် ၁၂၁၅ ခု နယုန်တော်လဆန်း ၂ ရက်နေ့တွင် ဖွားမြင်သည်။ ဘုဇပင်ရွာ သောဂတောကျောင်းဆရာတော်ထံ ပညာသင်ကြားရသည်။ မန္တလေးမြို့ ရွှေချစ်ခါ ဆရာတော်၊ ပေါင်းလဲကိုက်ဆရာတော်များထံ အထက်တန်းပညာ သင်ယူပြီးနောက် ဘုဇပင်ရွာ ဆရာ့ထံ တိစိဝရိတ်၊ ပိဏ္ဍပါတ်စသော ဓုတင်ကျင့်မျိုးတို့ကို ကျင့်သုံးလျက် မိခင်ကြီး ဒေါ်ညွှင်းအားလည်း ဆွမ်းခံကြွရောက်တိုင်း တရားဓမ္မဖြင့် အားရကျေနပ်နှစ်သိမ့်စေခဲ့သည်။ (ဖခင်ကြီး ဦးကာလိမှာ ကွယ်လွန်သွားရှာပြီ။)

ထို့နောက်တဖန် မန္တလေး လေးပြင် လေးရပ်ရှိ စာသင်တိုက်ကြီး အသီးသီးတို့၌ ကျော်ကြားသောဆရာတော်များထံ နည်းယူလေ့လာပြန်သည်။ ပါဠိအဋ္ဌကထာ ဋီကာစသောဂန္ထန္တရတို့ကို စောဒနာ၊ သောဓနာ၊ အာဘောဂစသည်တို့ဖြင့် သင်ယူပြီး ရဟန်းငါးဝါအရမှစ၍ ဝိနည်းငါးကျမ်း နှုတ်ရဆောင်လျက် ဘုရားရှင်အား ပူဇော်ခဲ့သည်။ ဝိနည်းတော်လာအတိုင်း ကျင့်သုံးနေထိုင်ခဲ့သည်။

၁၂၃၆-ခုနှစ်တွင် ဝါးချက်ဇာတိ လှေသင်းအတွင်းဝန်မင်းက စစ်ကိုင်းဝါးချက်၌ ဗိမာန်ဘုံသာကျောင်းတိုက်ကြီး တည်၍ ၁၂၄၄ ခု သီတင်းကျွတ်လတွင် မြင်းဝံ ဆရာတော်ကြီးကို ပင့်တင်ကိုးကွယ်သောအခါ ဆရာတော်လောင်းလျာ အရှင်သောမလည်း ပါလာလေသည်။ ၁၂၄၉ ခုနှစ် မြင်းဝံဆရာတော်ကြီး လွန်သောအခါ အရှင်သောမသည် ဝါးချက်မင်းကျောင်း၌ ပဓာန နာယက ဖြစ်လာသည်။

ဆရာတော်သည် စတုပါရိသုဒ္ဓိ သီလနှင့်

ပြည့်စုံတော်မူ၏၊ ဘာဝနာ ကမ္မဋ္ဌာန်းကိုလည်း ကြိုးပမ်း အားထုတ်တော်မူ၏။ ဝေပေဠ်လည်း လွန်စွာရဲရင့် ကျွမ်းကျင်တော်မူသည်။ ဉာဏ်ပဋိဘာန်ထက် မြင်တော်မူလှ၏။ စာသင်ချိန်ကာလ လွန်စွာမကြာပဲ ဆရာနည်းစုံရ ပညာရှိကြီးဖြစ်တော်မူ၏။ နေတ္တိ၌ ထူးခြားစွာ နိုင်နင်းလှသဖြင့် "လေ့သင်း မင်းကျောင်း၊ နေတ္တိကောင်း" ဟူသော ဥဒါန်းစကား ပေါ်ထွက်ခဲ့လေသည်။

## ရန်ကုန်ချောင်ဆရာတော်

ရန်ကုန်မြို့၊ အလုံရပ်ကွက်၌ ၁၂၃၁ ခု သီတင်းကျွတ်လတွင် ဖွားမြင်ခဲ့သည်။ မောင်နှစ်ဟု ခေါ်သည်။ ငယ်စဉ်မှစ၍ အင်္ဂလိပ်စာ ထူးချွန်သူဖြစ်သည်။ သဂြိုဟ် ကိုးပိုင်း ပါဠိအနက်၊ ပရမတ္ထသံခိပ်တို့ကို ကျေကျေ ညက်ညက်ရရှိသဖြင့် အဘိဓမ္မာဆရာနှစ်ဟုလည်း ခေါ်ကြသည်။

အသက် ၄၂ နှစ်တိုင် အစိုးရအမှုထမ်းရာမှ သာသနာ့ဘောင် ကူးပြောင်းဝင်ရောက်ခဲ့သည်။ မုံရွာမြို့ လယ်တီ ဆရာတော် ဘုရားကြီးထံ ပိဋကတ်ကျမ်းဂန်များ သင်ယူသည်။ ဆရာတော်ကြီးက အရှင်ဓမ္မစာရီဟု မှည့်ခေါ်တော်မူသည်။

၁၂၈၂ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ရန်ကုန်ချောင် တည်ထောင်၍ သီတင်းသုံးသည်။ လယ်တီ ဆရာတော်ကြီးသည် အရှင်ဓမ္မစာရီ ဉာဏ်ရည် ဉာဏ်သွား ဝိနယစွမ်းပကားကို အားရတော်မူလှ၍ ဓမ္မစာရီဟာ ကြီးမှရောက်လာလို့၊ ငယ်ငယ်ကသာ ရောက်လာခဲ့ယင် တနိုင်ငံလုံး ခါးစောင်းတင်မယ့် ရဟန်းကွဲ့" ဟု မိန့်တော်မူသတတ်။

အရှင်ဓမ္မာစာရီသည်တရားဟော၏။ တရားသတင်းဆောင်းပါး။ သံဆန်းကဗျာ၊ဘင်သံသွင်း ကဗျာများ ရေးသားတော်မူ၏။ စစ်ကိုင်းတောင်ရိုး သုဓမ္မာနိကာယ သံဃာတော်များက "ဓမ္မစာရီဘိဓဇ သုဓမ္မနိကာယ ဟိတေသီ"ဘွဲ့၊ လယ်တီသံဃာတော်များက "လယ်တီနိကာယ သိရိနန္ဒ ဓမ္မစာရီဘွဲ့" များဖြင့် ချီးကျူးနှင်း အပ်ခဲ့ကြလေသည်။

## ဇမ္ဗူပတိချောင် ဆရာတော်

ဆရာတော်သည် တရားဟော စာချ ထင်ရှား ထူးချွန်သော ပုဂ္ဂိုလ်မြတ်ဖြစ်သည်။ အရာတော်မြို့နယ် အောင်သာရွာ၌ အဖဦးဦး အမိဒေါ်ဒွေးကွန်တို့မှ ၁၂၄၇ ခု ဝါခေါင်လတွင် ဖွားမြင်သည်။

ဆရာတော်သည် မန္တလေးမြို့ ရွှေကျင်တိုက်မကြီး၌ ရွှေကျင်ဆရာတော်ဘုရားကြီးထံ၊ မန္တလေး ချမ်းသာကြီးတိုက်၊ ရန်ကုန် သျှားပင်တိုက်တို့၌ ပိဋကတ်အခြေခံကျမ်းစာများ သင်ယူသည်။ ထို့နောက် မုံရွာမြို့ ဇောင်းချမ်းပင် ဆရာတော်ထံ၌လည်းကောင်း၊ ပခုက္ကူမြို့ အရှင်ဂန္ဓသာရထံ၌လည်းကောင်း ပိဋကတ်ကို ဆိုဝါ အဖြစ်ဖြင့် သင်ယူကျွမ်းကျင်တော်မူသည်။

လယ်တီ ဆရာတော်ဘုရားကြီးထံသို့ ရောက်ရှိပြီး ပိဋကတ်ကျမ်းစာများ ဆက်လက်သင်ကြား၍ ဆရာတော်ကြီးနှင့် သာသနာပြုရာမှ လယ်တီ အရှင်ပဒုမဟု ကျော်ကြားသည်။ ၁၂၇၅ ခုနှစ်၌ စစ်ကိုင်းတောင်ရိုးတွင် ဇမ္ဗူပတိချောင်တည်၍ သီတင်းသုံး၏။ စာပေပို့ချ တရားဟော ဂါထာရေး၊ ကဗျာရေးကောင်း မွန်လှသော ဆရာတော်ဟု ထင်ရှားတော်မူ၏။

၁၂၈၅ ခုနှစ်တွင် "ပဒုမာလင်္ကာရ မရမ္မရဋ္ဌကဓဇ ဒုတိယ မဟာရဋ္ဌသာရ" ဘွဲ့ကိုလည်း ဆာနတ် အမိန့်ပြန်တမ်းနှင့် အဆောင်အယောင်များ ပေးအပ်ခြင်းခံရသည်။

## ကျစွာဆရာတော်

ဆရာတော်သည် လောကဓမ္မနှစ်ဌာနလုံး၌

မချွတ်ရအောင် စောင့်လျက် စစ်ကိုင်းသာသနာဝပ် ထင်ရှားတော်မူသည်။ အိမ်မဲမြို့ သီတင်းရွာ၌ ဦးရွှေဖူး ဒေါ်အေးမြင့်တို့မှ ၁၂၅၀ ပြည့်နှစ်တွင် ဖွားမြင်သည်၊ ၁၂၆၄ ခုနှစ်တွင် ဝိမလာလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇဂုရု တံဆိပ်တော်ရ သုံးဆယ်မြို့ မောင်းထောင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

ဆန်းနိဿယ ကျမ်းပြု အရှင်သီရိကုမာရ၊ စစ်ကိုင်းတောင်ရိုး ဇေတ်သုဒ္ဓါရုံ ဆရာတော်၊ မိုးတား ဆရာတော် ဦးပညိန္ဒ စသည်တို့ထံ မာဂဓ သက္ကတကျမ်းစာများ သင်ယူတော်မူခဲ့သည်။

စစ်ကိုင်းတောင်ရိုး ကျွန်းချောင်၌ ကြာရှည်စွာ သီတင်းသုံးတော်မူ၍မာဂဓ သက္ကတဘာသာပေများ ရေးသားပြုစုတော်မူခဲ့သည်။

## ဝိဇ္ဇာဒေပ္ပဏီ ဆရာတော်

ဦးဝိသုဒ္ဓိ။ ။ရွှေဘိုမြို့နယ် အရိုင်ရွာ၌ ဖွားမြင်ခဲ့သည်။ ခမည်းတော်ကြီးမှာ မင်းတုန်းမင်း၊ သီပေါမင်းနှင့် အင်္ဂလိပ် အစိုးရလက်ထက်တွင် ရာဇဂုရု အဂ္ဂမဟာပဏ္ဍိတ တံဆိပ်သုံးတန်ရ လူပြန်တော် ဆရာကြီး ဦးအုန်းညွန့်ဖြစ်သည်။ ထရံကာ ဆရာကြီးဟု ထင်ရှားသည်။ ဆရာကြီး ဦးအုန်းညွန့် ဒေါ်ဆွေတုတ်တို့မှ ၁၂၅၃ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။

သာသနာဘောင် ဝင်ရောက်ခဲ့ပြီးနောက် စစ်ကိုင်းတောင်ရိုး ရွှေပြည်ချောင်၌ စတင်သီတင်းသုံးသည်။ နောက်ဝိဇ္ဇာဒပ္ပဏီဆရာတော်ဟု တွင်သည်။

ဆရာတော်သည် ပဋ္ဌာန်းပါဠိတော် အဋ္ဌကထာနှင့် မူလဋီကာ အနုဋီကာတို့ကို မှုထား၍ မဟာဝိသုဒ္ဓါရုံဆရာတော်၊ လယ်တီဆရာတော်၊ ဖက်ပင်အိုင်ဆရာတော်နှင့် ခမည်းတော်ထရံကာ ဆရာကြီး စသော မြန်မာနိုင်ငံ၌ထင်ရှားကျော်ခေါသည့် ဆရာတော်ကြီးများ၏ အယူဝါဒများနှင့် သို့နှိုင်း၍ ပစ္စယတ္ထာဒေပနီကျမ်းကို ရေးသားခဲ့သည်။

## မဟာဝိဇ္ဇောဒယ ဆရာတော်

ဆရာတော်သည် စစ်ကိုင်း သာသနာဝင်၌ ဘာသာစာပေ စာရေးပြောင်မြောက်၍ အလွန်ထင်ရှားတော်မူသည်။ ငါးသိုင်းချောင်းမြို့နယ် ဘုတ်ချောင် မဲဇလီ ရွာ၌ ဦး ကျောက် လုံး ဒေါ်ငြိမ်းတို့မှ ၁၂၅၄ ခုနှစ်တွင်ဖွားမြင်သည်၊

ငါးသိုင်းချောင်း ဘုရားကြီးတိုက်၊ ပခုက္ကူ ဝိသုဘာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ အရှင်ပညာ၊ အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ၊ အဘိဓဇ မဟာရဋ္ဌဂုရု အရှင်သုန္ဒရ မဟာထေရ်ကြီးတို့ထံ ပါဠိအဋ္ဌကထာဋီကာတို့ကို သင်ယူလေ့လာတော်မူခဲ့သည်။ ထို့ပြင် မန္တလေးမြို့ ဘုရားကြီးတိုက်၊ မဟာဝေယံဘုံသာတိုက်။ အမရပူရ တူးမောင်းတိုက်တို့၌လည်း နေ့ဝါ ညဝါများ သင်ယူတော်မူခဲ့သည်။

၁၂၇၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး မဓုပါမောက္ခချောင်သို့ ရောက်၍ ၁၂၈၇ ခုနှစ်တွင် ဝိဇ္ဇောဒယချောင် နေရာမြေကို အလှူခံတော်မူ၍ ဝိဇ္ဇောဒယချောင် တည်တော်မူသည်။စာပေပို့ချခြင်း၊ ရေးသားခြင်း၊ တရားဟောတော်မူခြင်းတို့ ဖြင့် သာသနာ ပြုတော်မူခဲ့သည်။ အိန္ဒိယ၊ သီဟိုဠ်နိုင်ငံများသို့လည်း ကြွရောက်၍ ဒဿနိယဌာန သံဝေဇနီယ ဌာနတို့ကို ဖူးမြော်ကြည်ညိုခဲ့လေသည်။

## လေးကျွန်းသာယာ ဆရာတော်

ဆရာတော် စစ်ကိုင်း တောင်ရိုး လေးကျွန်းသာယာချောင်၌ ကြာမြင့်စွာ သီတင်းသုံး၍

စာပေ ပို့ချ ကျမ်းဂန် ပြုစုခြင်းဖြင့် သာသနာပြုတော်မူခဲ့သည်။ ရွှေဘိုမြို့ မြောက်ဘက် စဥ့်တုံရွာ ဦးဖိုးမင်း ဒေါ်တွဲ့တို့မှ ၁၂၅၇ ခုနှစ်တွင် ဖွားမြင်သည်။

၁၂၇၆ ခု ဝါဆိုလတွင် ရွှေဘိုမြို့ မိတ္ထီလာကျောင်းတိုက်ဆရာတော် ဦးသံဝရ ကို ဥပဇ္ဈာယ်ပြု၍ ရဟန်း အဖြစ်သို့ ရောက်သည်။

စဥ့်တုံရွာ ငယ်ဆရာတော်၊ မာန်လည်မြို့ ပြသာဒ်ကျောင်းတိုက် ဆရာတော် ဦးဇဝန၊ မန္တလေး တောင်ပြင် ဘုရားကြီးတိုက် ကဗျာနန်ဒေါ် ဆရာတော် ဦးနန္ဒိယ၊ ဦးနာရဒ၊ ရွှေရေးဆောင် ဆရာတော်၊ ညောကန် ဆရာတော် ဦးကုန္ဒာဝုံ၊ ဗန်းမော် ဆရာတော် ဦးဥတ္တမတို့ထံ ကျမ်းဂန် စာပေ အရပ်ရပ် သင်ကြားနည်းယူတော်မူခဲ့သည်။

ထို့နောက် ကျိုက်ပိမြို့ သဒ္ဓေးကတော် ကျောင်းအစ်မကြီး ဒေါ်ပို့ ဆောက်လုပ် လှူဒါန်းသည့် လေးကျွန်း သာယာချောင် သာသနဇောဘာရာမတိုက်၌ နှစ်ပေါင်း ၄၀ ကျော် စာပေ ပို့ချကျမ်း စာများ ရေးသား ပြုစုတော်မူခဲ့သည်။ ဝိနည်းမိုရ်နှင့် ဆဋ္ဌ သင်္ဂါယနာ တာဝန်များကိုလည်း ထမ်းဆောင်တော်မူခဲ့သည်။

## ဇေယျာသိန် ဆရာတော်

ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌စာပေ ပို့ချလျက် ပရိယတ္တိ ကန်တောင် ကန်သင်းတို့ကို ဆည်ဖို့ သာသနာ ပြုတော်မူခဲ့သည်။ မြိုင်မြို့နယ်ပေါင်းတည်ရွာ၌ ဦးတာတေ ဒေါ်ဖွားဆင်တို့မှ ၁၂၆၉ ခုနှစ်တွင် ဖွားမြင်သည်။

သထုံမြို့ ဇေယျာမဒနီ ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသူရိယ၊ မန္တလေးမြို့ မိုးကောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်တို့ထံ စာသင်ကြားခဲ့သည်။ သကျသီဟ စာမေးပွဲ၌ စာသင်တန်း၊စာချတန်း နှစ်ဌာနလုံးမှာပင် (၁)က ချည်း အောင်မြင်ခဲ့သည်။

ဒုတိယ ကမ္ဘာစစ် အတွင်း စစ်ကိုင်း တောင်ရိုးသို့ ကြွရောက် သီဘင်းသုံးရာ မန္တလေးမြို့ ဝါးတန်းကျောင်း အစ်မကြီး ဒေါ်တော်၏ ညီမ ဒေါ်ရွှေ မိသားစု ဆောက်လုပ်လှူသော ရေဦးတိုက်သစ်ဒေါ်ရွှေအုတ်ကျောင်းကို အလှူခံ ရရှိသည်။ ၁၃၁၃ ခုနှစ်တွင် ပါဠိတက္ကသိုလ် ဖွင့်၍ စာပေ ပို့ချ သာသနာပြုတော် မူလာခဲ့ရာ ပဌမကျော် ဓမ္မာစရိယ ပါဠိပါရဂူ အမြောက်အမြား ထွက်ရှိတော်မူခဲ့သည်။

## ပါဠိကာရီ သုံးခွ ဆရာတော်

အရှင်ဝရသာမိဘိဝံသ ။ ဆရာတော်သည် စစ်ကိုင်း တောင်ရိုး၌ ပါဠိကာရီ သုံးခွ စာသင်တိုက် တည်ထောင် အုပ်ချုပ်တော်မူသည်။ ရွှေဘိုမြို့နယ် ညောင်ပင်ကြီး တောရွာ၌ ၁၂၆၉ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၌ ပိဋကတ်ကျမ်းစာများ သင်ယူခဲ့သည်။ ပရိယတ္တိသာသနဟိတ အသင်းမှ ကျင်းပသည့် သကျသီဟ စာမေးပွဲတွင် စာသင်တန်း စာချတန်းတို့ကို အောင်မြင်သဖြင့် "ဘဒ္ဒန္တ ဝရသာမိဘိဝံသ ပရိယတ္တိသာ သနဟိတ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော် ရရှိကော်မူ၏။

ပခုက္ကူ မဟာဝိသုတာရာမတိုက်သို့ ကြွရောက်၍ ပိဋကတ်များ သင်ယူပြန်သည်၊ ဆရာတော်ကြီးများက ဂဏဝါစက စာချအဖြစ် ချီးမြှောက်တော်မူသဖြင့် လေးနှစ်ခန့်စာများ ပို့ချခဲ့သည်။ စစ်အတွင်း စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိ၍ ပါဠိကာရီ သုံးခွချောင်၌ ပဓာနနာယက အဖြစ်၊ ပါဠိတက္ကသိုလ် ကိုယ်စားလှယ် အဖြစ် ဆဋ္ဌသင်္ဂီတိ ဝိသောဓက အဖြစ် တာဝန်များ ထမ်းဆောင်တော်မူခဲ့သည်၊

### ရတနာဗိမာန် ဆရာတော်

အရှင်ဓမ္မာ နန္ဒာဘိဝံသထေရ်။ ။ မြင်းမူ မြို့နယ်၊ ကန်သွယ်ရွာ၌ ဦးအောင်တိုး ဒေါ်နု ညွှန့်တို့မှ ၁၂၇၄ ခု ပြာသိုလဆန်း ၁၂ ရက် စနေနေ့ ည၁၁ နာရီ အချိန်တွင် ဖွားမြင်သည်။ ၁၂၉၇ ခုနှစ် နယုန်လဆန်း ၁၁ ရက်နေ့တွင် ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။

မဟာစေတီယ ဆရာတော်၊ အဘယာရာမ ဆရာတော်တို့ထံ ပိဋကတ် စာပေကျမ်းဂန်များ နေ့ညမနား အားထုတ်သင်ယူ လေ့ကျက်တော် မူခဲ့သည်၊ သက်ျသီဟ, အစိုးရဓမ္မာစရိယ ဘွဲ့ ရရှိတော်မူသည့်ပြင် နက္ခတ်တာရာ သွားလာ လှည့်လည်မှု၌ ကျွမ်းကျင်တော်မူ၏။

စစ်ကိုင်းမြို့ရတနာဗိမာန် ကျောင်းတိုက်ကြီး ကိုတည်ဆောက်၍ သံဃာတော်တို့အား စာပေ ပို့ချ ဆိုဆုံးမလျက် ပရိယတ္တိသာသနာကို ပြုစု အားထုတ်တော်မူလျက် ရှိသည်။ သီတဂူ ရေ အလှူတော်အဖွဲ့ကြီး၏ ဩဝါဒါစရိယအဖြစ် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် အဖြစ်တာဝန် ထမ်းဆောင်လျက်ရှိသည်။

### ပထမ ဂန္ဓာရုံဆရာတော်

အရှင်သုပညိန္ဒာဘိဝံသထေရ်။ ။ဝက်လက် မြို့နယ်၊ သခွတ် တောရွာ၌ ဦးပု ဒေါ်မှိုတို့မှ ၁၂၇၅ ခုနှစ်တွင် ဖွားမြင်သည်။ ၁၂၉၄ ခု နှစ် တပေါင်းလဆုတ် ၅ ရက်နေ့ သခွတ်တော ရွာ မြောက်တောရကျောင်း ဘထွေးတော် ဆရာတော် အရှင်အာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ဦးတို့၏ ပစ္စယာ နုဂ္ဂဟခံယူကာ ပထမ အကြိမ်၊ သခွတ်တောရွာ ဒေါ်ကြွေ၏ ပစ္စယာ နုဂ္ဂဟ ခံယူကာ ဒုတိယအကြိမ် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

သခွတ်တောရွာ အရှေ့ကျောင်းဆရာတော် အရှင်ဝိမလ၊ ဝက်လက်မြို့ဘုရားကြီးတည်သော ဘကြီးပေါ် အရှင်ဇေယျန္တ၊ သခွတ်တောရွာ မြောက်တောရကျောင်း ဆရာတော် ဘထွေး တော် အရှင်အာစိဏ္ဏ၊ ကျောက်မြောင်းမြို့ ရွှေခွန်ကျောင်းသစ် ဆရာတော် အရှင်သံဝရ၊ မန္တလေးမြို့ ဝေယံဘုံသာတိုက် အောက်နန်း ရိပ်သာ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ အရှင် ကလျာဏ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင် ဆရာတော်၊ ဘုရားကြီးတိုက် အဂ္ဂမဟာပဏ္ဍိတ စာချဆရာတော် အရှင်နာရဒ၊ ပထမ ဂန္ဓာရုံ စာချ အရှင်ဓမ္မသာမိ၊ ရေဦးတိုက်သစ် ဇေယျ သိန် ဆရာတော် အရှင်ပညိန္ဒာဘိဝံသ တို့ထံ ပိဋကတ်စာပေများကို သင်ယူ ကြိုးစားတော် မူခဲ့၍ သက်ျသီဟ အစိုးရ ဓမ္မာစရိယဘွဲ့တို့ကို ရယူနိုင်ခဲ့သည်။

ဆရာတော်သည် ၁၃၀၇ ခုနှစ်မှစ၍ စစ် ကိုင်းတောင်ရိုး ပထမ ဂန္ဓာရုံချောင်၌ ပဓာန ဦးစီး နာယက ဖြစ်တော်မူ၍ အောင်မြေဘုံစံ၊ ဇေယျာသီရိမ်၊ မင်္ဂလာသီရိမ်၊ မြင်ကြာကျောင်း တိုက်ရှိ သံဃာတော်များကိုလည်း ဆုံးမစောင့် ရှောက်တော်မူလျက်ရှိသည်။ ယခုတိုင် ဆွမ်းခံ ကြွတော်မူခြင်းဟူသော ပိဏ္ဍစာရိက ဝတ်ကို ဖြည့်ကျင့်တော်မူလျက်ရှိ၏။ သီတဂူ ရေအလှူ တော် အဖွဲ့ကြီး ဩဝါဒါစရိယအဖြစ်၊ နိုင်ငံ တော် ဗဟိုသံဃဝန်ဆောင်အဖြစ် သာသနာ့ တာဝန်များကို ထမ်းဆောင်လျက် ရှိပါသည်။

### ဆရာတော်အရှင်အာဒိစ္စ

ဆရာတော်သည် ဝိဇ္ဇာ ဒပ္ပဏချောင် စာသင် တိုက်ကို ဆက်လက်အုပ်ချုပ် သာသနာပြုတော် မူလျက်ရှိသည်။ မြွှန်တန်ဆာမြို့ လေးအိမ်စုရပ်၊ ဦးလောပေါ်၊ ဒေါ်အေးမြင့်တို့မှ ၁၂၇၅ ခု နှစ်တွင် ဖွားခဲ့သည်။

မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၊ ရွှေရေးဆောင်တိုက်၊ အမရပူရ မင်္ဂလာတိုက်၊ ဝိဇ္ဇာဒပ္ပဏ်ဆရာတော် အရှင်ဝိသုဒ္ဓိတို့ထံ၌ ပိဋကတ်စာပေများ သင်ယူခဲ့သည်။ ဆရာတော် အား သစ်ကြိုးပမ်း သင်ကြားပို့ချပေးမှုကြောင့် ပထမကျော် ဓမ္မာစရိယဘွဲ့ရကျမ်းဂန်တက်ကပည့်များ ပေါ်ထွန်းခဲ့သည်။ ယခုအခါ ပရိယတ္တိစာပေများ ပို့ချရင်းလျက် စစ်ကိုင်းမြို့နယ် သံဃနာယကအဖွဲ့ (ရွှေ) ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

## သဇ္ဇနောဒယ ဆရာတော်

အရှင်သဇ္ဇနာဘိဝံသ။ ။စစ်ကိုင်းတောင်ရိုး ပါဠိကာရီ သုံးခွချောင် ဓူဝံချောင်တို့၌ စာပေပို့ချ၊ သဇ္ဇနောဒယချောင် တည်ထောင်၍ သာသနာ့တာဝန် ထမ်းဆောင်တော်မူသည်။ မိတ္ထီလာမြို့နယ် သဖန်းရွာကြီး၌ အဖ ဦးလှိုင်-အမိ ဒေါ်ယုန်တို့မှ ၁၂၈၁ ခုနှစ်တွင် ဖွားမြင်သည်။ ချပ်ရည် ဥပမိကောင်း၍ ဉာဏ်ရည်ဉာဏ်သွားထက်မြက်တော်မူ၏။

ပါဠိကာရီသုံးခွ ဆရာတော်၊ ဝါးခင်းကုန်း ဆရာတော် ဦးပဏ္ဍိစ္စ၊ ပခုက္ကူ မဟာဝိသုတာရာမတိုက် ဆရာတော် ဦးပညာ၊ မန္တလေးမြို့ မိုးကောင်းတိုက် အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်တို့ထံ ပိဋကတ် စာပေများ သင်ယူခဲ့သည်။ စေတိယင်္ဂဏ၊ သာကျသီဟ၊ အစိုးရ ဓမ္မာစရိယတ္တိများ ခံယူရရှိတော်မူ၏။ ဆဋ္ဌသင်္ဂါယနာ ပဋိဝိသောဓက နိဿယ သပ္ပါဒက တာဝန်များ ထမ်းဆောင်ခဲ့သည်။

ဤပရိယတ္တိ သာသနာဝင်၌ လက်လှမ်းမီသမျှ ပုဂ္ဂိုလ်အချို့ကို ဖော်ပြလိုက်ပါသည်။ ဤစာတမ်း၌ မပါဝင်သော်လည်း ပရိယတ္တိ ပဋိပတ္တိဝိသောဓက နိဿယ သပ္ပါဒက တာဝန်များ ထမ်းဆောင်ခဲ့သည်။

ဤပရိယတ္တိ သာသနာဝင်၌ လက်လှမ်းမီသမျှ ပုဂ္ဂိုလ်အချို့ကို ဖော်ပြလျက်ပါသည်။ ဤစာတန်း၌ မပါဝင်သော်လည်း ပရိယတ္တိ ပဋိပတ္တိ လုပ်ငန်း၌ အားသွန်ကြိုးပမ်းတော်မူကြသည့် ပုဂ္ဂိုလ်များ များစွာပင် ရှိနေပါလိမ့်ဦးမည်။ အချုပ်ဆိုရသော် စစ်ကိုင်းတောင်ကြီးကို မှီတင်း နေထိုင်တော်မူကြသည့် ထေရ်ကြီး ထေရ်ငယ် အရိယာနွယ်ဝင် အရှင်မြတ်တို့သည် မိမိတို့ ပါရမီ သမ္ဘာရ ဉာဏ်အလျောက် ပရိယတ်တို့ပျက် မပျောက်ရအောင် ထမ်းဆောင်တော်မူခဲ့ကြ၊ ထမ်းဆောင်တော်မူကြဆဲပင် ဖြစ်ပါသတည်း။

အရှင်သုပညိန္ဒာဘိဝံသ



ပဌမ

# ဂန္ဓာရုံဆရာတော်

ပဋိပတ္တိဝန်ဆောင်
ဆရာတော်ကြီးများ

## ထွင့်ခေါင်ဆရာတော်

အရှင်ဉာဏဝံသထေရ်။ ။လေးမျက်နှာမြို့ မြင်းကုန်းရွာ၌ အဖဦးလူကြီး အမိဒေါ်မေတို့မှ ၁၁၆၀ ပြည့်နှစ်တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်စိုးဖြစ်သည်။ မောင်စိုးအသက်တဆယ့်သုံးနှစ်ခန့် အရွယ် လေးမျက်နှာမြို့နယ် ငတရော် ကျွဲခေါင်း ကျောင်းတိုက်၌ သီရိဂုဏာဘိလင်္ကာရ မဟာဓမ္မ ရာဇာဓိရာဇဂုရု တံဆိပ်တော်ရ မန်ကျီးတော် ဆရာတော် ဦးသာသနဇောတ ခေတ္တကြွရောက်၍ သီတင်းသုံးတော်မူ၏။ ထိုဆရာတော်ကြီးထံ မယ်တော် ဒေါ်မေနှင့်အစ်မတော် ဒေါ်ငွေတို့က ရှင်သာမဏေအဖြစ် အပိုင်ဆက်သွင်းကြသည်။ ရှင်ဉာဏဝံသဇဟု မှည့်ခေါ် တော်မူသည်။

မန်ကျီးတော ဆရာတော်ကြီး အင်းဝသို့ ပြန်ကြွသောအခါ ရှင်ဉာဏဝံသလည်း လိုက်ပါခဲ့သည်။ ပိဋကတ်ကျမ်းစာတို့ကို သင်ရိုးပေါက်ရောက် တတ်မြောက်တော်မူ၏။ ရှင်ဉာဏဝံသသည် ကြည်ညိုဖွယ် ဂုဏ်အရပ်ရပ်တို့နှင့် ပြည့်ဝသဖြင့် သီရိပဝရ တိလောက မဟာရာဇိန္ဒ ရဟနာဒေဝီ မိဖုရားကြီးက ပစ္စည်း လေးပါး လှူဒါန်း ထောက်ပံ့ခဲ့သည်။

ရှင်ဉာဏဝံသသည် သုဓမ္မာစာတော်ပြန်ပွဲဝင်ရောက်ဆင်နွှဲရာတွင် ပဌမကျော် အောင်ပန်းဆွတ်လှမ်းနိုင်ခဲ့သည်။ ရဟန်း ရှစ်ဝါရသည်တိုင် မန်ကျီးတောဆရာတော်ကြီးထံ ပိဋကတ်သုံးဖြာ ပါဠိအဋ္ဌကထာ ဋီကာကျမ်းတို့ကို တဘက်ကမ်းခတ်တတ်မြောက်အောင် သင်ယူခဲ့သည်။၁၁၈၈ခုနှစ်တွင် စည်းခုံစကြံ၊ မင်းဝံတောင်ညို၊ နဂိုတောက်ဆိုင်း၊ တောမှီခိုင်း၏ စသည်ဖြင့်ကျော်ကျားလှသော မင်းဝံတောင်၏ အနောက်တောင်ခြေရှိ စည်းခုံစေတီတော်ကြီး အနီးသို့ ကြွရောက်၍ အရညကင်တောဝင် ကျင့်သုံးတော်မူ၏။

များမကြာမီ မင်းဝံတောင်ရိုးပေါ်ရှိ ထွင့်ခေါင်စေတီတော်အနီးသို့ ပြောင်းရွှေ့သီတင်းသုံး၏။ထိုအချိန်မှ စ၍ ထွင့်ခေါင်ဆရာတော်ဟု ထင်ရှားခဲ့သည်၊ မြင်မွေးတောရ၊ လက်လုပ်တောရ၊ ပေါက်ကန်တောရ၊ ပဲကတိုးတောရကျောင်းတို့၌လည်း သီတင်းသုံး တရားကျင့်ကာ မြတ်စွာဘုရား၏ ရွှေစိတ်တော်ကို နှစ်သိမ့်စေတော်မူခဲ့လေသည်။

တခါက ထွင့်ခေါင် ဆရာတော်ကြီးသည် တောကျောင်းမှ ငါးရဂါမ် ရွာသို့ ဆွမ်းခံအကြွတွင် လမ်းခရီး အကြား၌ တောဆင်တအုပ်နှင့် ခရီးရင်ဆိုင် တွေ့လေ၏။ ထိုအခါ ဆရာတော်သည် လက်ဝါးကို ဖြန့်တော်မူကာ မေတ္တာဘာဝနာကို ပွားများလျက် ငါက မင်းတို့ကို မညှဉ်းဆဲ၊ မင်းတို့ကလည်း ငါကိုမညှဉ်းဆဲကြကုန်လင့် ဟု မိန့်ကြားရာ အချို့ဆင်တို့သည်တိမ်းရှောင်သွားကြကုန်၏။ အချို့ဆင်တို့သည် ဝပ်တွားဦးနှိမ်ချကြကုန်၏။

တခါတွင်၊ ပေါက်ကန်တောရ ကျောင်း၌ သီတင်းသုံးတော်မူခိုက် တောခြုံပိတ်ပေါင်း ထူထပ်ရာသို့ကြွ၍ နေ့သန့်စင်တော်မူစဉ် ဖိုးတက်ခါး အမည်ရှိသော တောမုဆိုးသည် ဆရာတော်ကို တောသတ္တဝါ အမှတ်ဖြင့် သေနတ်ဖြင့်ပစ်မည်ပြုရာ မှုမေ့သွားလေ၏။ ဖိုးတက်ခါသည် နောင်တွင် ဆရာတော်ထံ ရဟန်းပြုလေ၏။

ဆရာတော်၏ ကြည်ညိုဖွယ်ရာ ဂုဏ်အထူးတို့သည်ကား ချီးကျူးမကုန်နိုင်ရှိ၏။ အရိယာပုဂ္ဂိုလ်ဟု ကျော်ကြား၏။ (အဘိဇမဟာရဋ္ဌဂုရု ရွှေဟင်္သာ ဆရာတော်ကြီး ရေး-ထွင့်ခေါင်ဆရာတော် အတ္ထုပ္ပတ္တိကျမ်းရှု။) ဆရာတော်သည် သက်တော် ၇၇ နှစ်တွင် ပျံလွန်တော်မူ၏။

## ရွှေယင်းမာဆရာတော်

ဆရာတော်သည် မင်းတုန်းမင်း ခေတ်တွင်

စစ်ကိုင်းတောင်၌ ထင်ရှားသည်။ ပရိယတ်လည်း ပြည့်စုံ၊ ပဋိပတ်လည်း ကုန်လုံ၏၊ ရွှေယင်းမာဇာတ်ဖြစ်၍ ရွှေယင်းမာ ဆရာတော်ဟု တွင်၏။ မင်းဝ တောင် အနောက်ဘက် ကြာနီကန် တောရ၌ သီတင်းသုံးသဖြင့် ကြာနီကန်ဆရာတော်ဟုလည်း ခေါ်ကြ၏။

ပထမ ကြာနီကန် ကျောင်း ကား လှေကား လေးခင်းတပ် ငွေရည်သုတ် ကျောင်းကြီးဖြစ်၏။ မင်းတုန်းမင်းကြီးသည် လှေကား လေးခင်း အနက် တခင်းကို ချန်၍ သုံးခင်းကို ငွေသားဒင်္ဂါးကွက်များ ခင်းထားစေ၏။ ဆရာတော် ဆွမ်းခံကြွရန် သပိတ်လွယ်၍ ဆင်းမည်အပြုတွင် ငွေခွက်များကို မြင်တော်မူ၍ ငွေခွက်မရှိသော လှေကားမှ ဆင်းတော်မူပြီးလျှင် ရွှေယင်းမာရွာသို့ အရောက် ကြွတော်မူလေတော့၏။ ဆရာတော်ကား လဇ္ဇီသူမွန် စင်စစ်ကြီးဖြစ်တော်မူ၏၊ ဘုရားသာသနာတော်သည် လဇ္ဇီပုဂ္ဂိုလ်တို့စောင့်ရှောက်မှုဖြင့်သာ ကြာရှည်တည်တံ့နိုင်ပေသည်။

## ဒုတိယမင်းကင်းဆရာတော်

ဆရာတော်သည် ရုပ်နာမ်နှစ်ပါး ဖြစ်လားပျက်လား ဟဖွားဖွားနှင့်တန့်နားမပြု ဘေးအစုကို စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် ရှုမြင်လေ့ရှိသော ထေရ်မြတ်တပါးဖြစ်သည်။ ဗန့်ကျိတိုက်နယ် ကျိုက်ခမောင်းရွာ၌ ၁၂၂၁ ခုနှစ်တွင် ဖွားမြင်ခဲ့သည်။ သီပေါမင်း ပါတော်မူပြီးနောက် နေရာအသီးသီးသို့ ကြွရောက်လျက် စာပေပို့ချတော်မူ၏။ မုံရွာမြို့မင်းကင်းတိုက်၌ သီတင်းသုံးလျက် ဂန္ထဓူရ တာဝန်ထမ်းဆောင်တော်မူခဲ့သည်။

၁၂၈၃ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး မင်္ဂလာစေတီတော်၏ လက်ယာဘက် ဇေယျာဘူမိချောင်(ချရားပင်ရောက်ရာ)လိုဏ်၌ သီတင်းသုံး၍ ပဋိပတ်အလုပ် အားထုတ်တော်မူသည်။ နိဗ္ဗာန်မဂ်ဖိုလ် အဟုပ် အလိုရှိသော ယောဂီဖြစ်ကြောင်းသိရသည်။ ဆရာတော်သည် သက်တော် ၈၈ ကျော်တွင် ပျံလွန်တော်မူခဲ့သည်။

## ပဏ္ဍဝံသမဟာထေရ်

မိတ္ထီလာမြို့ အနီး ကုန်းသာရွာ၌ ၁၂၂၄ ခုနှစ် ဝါခေါင်လဆန်း ၈ ရက်နေ့တွင် ဖွားမြင်သည်။ မယ်တော် ခမည်းတော်တို့မှာ ဦးဖိုးကြင် ဒေါ်ဦးဟို့ဖြစ်ကြ၏၊ ၁၂၄၇ ခုနှစ်တွင်သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။ ဘွဲ့တော်မှာ ရှင်ပဏ္ဍဝံသ ဖြစ်၏။ မန္တလေး မြို့မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးများထံ ပညာရည်နို့ချိုသောက်စို့ခဲ့သည်။ စစ်ကိုင်း တောင်ရိုးတောင်ဖီလာ တောရသို့ ပြောင်းရွှေ့သီတင်းသုံးသောအခါမှ "တောင်ဖီလာ ဆရာတော်" ဟု တွင်သည်၊

ဆရာတော်သည် ဝိနည်းကို လေးစားတော်မူ၏။ ပရိသတ် နည်းနည်းနှင့် ကေစာရီ သီတင်းသုံးနေလေ့ ရှိသည်။ စစ်ကိုင်းတောင်ရိုး ပထမကြ္ဍာသယချောင်ကို စတင် တည်ထောင်၍ ဆားဟင်းဖြင့်သာ မျှတတော်မူသည်၊ ဒါယကာများ ကပ်လှူသော ဆားဟင်းကိုပင် (အရသာ မခံမိစေရန်)ရေနွေးရော၍ ဘုဉ်းပေးတော်မူ၏။

မြန်မာနိုင်ငံ အထက်ပိုင်း၌ သက်သတ်လွတ်ဆားဟင်း စားကြသော အလေ့အကျင့်သည် ဤတောင်ဖီလာ ဆရာတော်ကြီးက အစပြုသည်ဟု ရေစကြို ပတ္တပိုဏ်း ဆရာတော်ကြီး မိန့်တော်မူခဲ့သည်။ အကျင့် ပဋိပတ် အရာတွင် ဤမျှ အတုယူဖွယ် စံထားဖွယ် ကောင်းသော ဆရာတော်ကြီးတပါး စစ်ကိုင်း တောင်ရိုး၌ ပေါ်ထွန်းခဲ့သည်မှာ ဂုဏ်ယူမဆုံးဖွယ်ပင် ဖြစ်ပေတော့သည်။

ဆရာတော်သည် ကျမ်းစာ များ ကို လည်း

ရေးသားတော်မူခဲ့၏။ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ အပါအဝင် ကျမ်းပေါင်း ၃၉ ကျမ်းတို့ကို ရေးသားခဲ့လေသည်။

## မဟာဂန္ဓာရုံ ဆရာတော်

ဆရာတော်၏ ဘွဲ့တော်မှာ အရှင်ဥတ္တရ ဖြစ်သည်။ ၁၂၇၅ ခု ရဟန်း သိက္ခာ ၁၀ ဝါ အရ စစ်ကိုင်းတောင်သို့ တောထွက်လာသည့် ယောဂီပုဂ္ဂိုလ်ကြီး တဦးဖြစ်သည်။အညေဝါသီ တောရမှ၍ ကမ္မဋ္ဌာန်း တရားဘုံကို အပုတပြင်း အားထုတ်သွားတော်မူသည်မှာ သက်ဆုံးတိုင် ဖြစ်သည်။ စစ်ကိုင်းတောင်သည် ထိုစဉ်က မစည်ကားသေးပေ။သမင် ဒရယ် ချေယယ် သစ်ကျူတ်တို့ သွားလာနေရာ တောတောင်ကြီးမျှသာဖြစ်သည်။ ကျောင်းတွေလည်း မများလှ။ ဆွမ်းကိုလည်း စစ်ကိုင်းမြို့အထိ သွား၍ ခံယူရသည်။ ထိုအခြေအနေ၌ တောထွက်လာခဲ့သော ဆရာတော်သည် ဗုဒ္ဓါနုဿတိ ဘာဝနာဖြင့် သမာဓိ ရပြီးမှ ဝိပဿနာ တက်၍ အားထုတ်တော်မူခဲ့သည်။

ဆရာတော်၏ကိုယ်တိုင်ရေး တရား မှတ်တမ်းများ အရ သကဒါဂါမ် အဆင့်သို့ပင် ရောက်ရှိခဲ့ကြောင်း သိရသည်။ ဆရာတော်ထံ၌ ပါတော် ၂၀ကျော်ရှိသံဃာတော်ကြီးများပင် ကေသနိက်ပတ္တပိုက်ဓုတင်ဆောင်လျက် သက်သတ်လွတ်စား၍ တရား အားဘုတ်နေကြပုံ၊ အသွားအလာ ငြိမ်သက်ပုံတို့မှာ အလွန်ကြည်ညိုဖွယ်ရာ ရှိလှကြောင်း သိမီလိုက်ကြသော ထေရ်ကြီး ဝါကြီး ပုဂ္ဂိုလ်များက ယခုတိုင် ပြောနေကြသေးသည်။

ဆရာတော်သည် ပုသိမ်ဆရာတော်၊ ရန်ကုန်မြို့ ကျောင်းတော်ရာ ဆရာတော်၊ ရွှေစေတီ ဘုန်းတော်ကြီး ဦးတေဇရာမ၊ အိန္ဒိယပြည်သား ဦးခမ္မာနန္ဒ၊ အင်္ဂလိပ်လူမျိုး ဦးဉာဏ တိလောက ရှင်တေဇဝံသ စသူတို့၏ တောင်းပန်ခြင်းကို အကြောင်းပြု၍ "နိဗ္ဗာနမဂ္ဂဒီပနီ" ကျမ်းကို ရေးသား စီရင်တော်မူခဲ့သည်။

## သက်တော်ရှည် ချမ်းအေး ဆရာတော်

ဆရာတော်သည် ပဋိပတ် ဝန်ဆောင်မဟာဂန္ဓာရုံ ဆရာတော် အရှင် ဥတ္တရထေရ်နှင့် အတူ ၁၂၅၇ ခုနှစ်တွင်စစ်ကိုင်းတောင်ရိုးသို့ ကြွတော်မူသည်မှ စ၍ ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကြီးကုတ်အား ထုတ်တော်မူရာ ယုတ္တယောဂ–ယောဂီ ပုဂ္ဂိုလ်မြတ် အဖြစ်ဖြင့် လည်းကောင်း ထင်ရှားကျော်စောတော်မူလှသည်။

ဆရာတော်သည် သက်တော်၉၂နှစ်တိုင်တိုင် ရှည်ကြာအောင် ချမ်းအေးချောင်၌ သာသနာ ပြုတော်မူခဲ့သည်။ မဟာဂန္ဓာရုံ ဆရာတော်ကြီး လွန်ပြီးနောက်၌ စစ်ကိုင်းတောင်ရိုး ရွှေကျင် ဂိုဏ်း သံဃာတော်ကြီးများ အကြီးအချုပ် ဥက္ကဋ္ဌ ဖြစ်တော်မူ၏။ အရွယ်တော် ရင့်ညောင်းလာသည့်အခါ အဂ္ဂမဟာ ပဏ္ဍိတ အတ်သဒ္ဓါရုံ ဆရာတော်ကြီး ဂိုဏ်းသံဃာတော် အုပ်ချုပ်မှု အဝဝကို လွှဲအပ်တော်မူခဲ့သည်။ မဟာဂန္ဓာရုံ တိုက်ကိုလည်း မြောင်းမြ ဆရာတော် (ရွှေကျင်သာသနာပိုင်)အား လွှဲအပ်ခဲ့လေသည်၊

## ဆရာတော် ဦးအို

သက္ကရာဇ် ၁၂၆၀ ခန့်တွင် ဗောဓိမဏ္ဍိုင်ချောင် ဆရာတော် ဦးအိုဟု ရှိဖူးသည်။ ဓုတင်ဆောင် မဟာထေရ်ကြီး တပါး ဖြစ်တော်မူ၏၊ အလောင်းကောင်မှ ရရှိသော ပံ့သူကူ သင်္ကန်းမျိုးကိုသာ ဝတ်ရုံတော်မူလေ့ရှိသည်။ ဓုတင်တေရသကို မပြတ် ဆောက်ဘည်တော်မူ၏။ သီလကို အလွန် ချစ်ခင်၏၊ ဝါကြွားပလွှားမှုကင်း၏။ ကျောင်းပစ္စည်းကို လွန်စွာ ရိုသေလှသည်။

သတင်းတော် ရနံ့ မွှေးပျံ့လှသဖြင့် ရဟန်း

တော် တပါးသည် ရောက်ရှိလာပြီး "တရားနည်းခံယူ ဆည်းကပ်လိုပါကြောင်း' လျှောက်ထားလျှင် "ငှါရှင်-လူဆိုးတွေ နောက်က တကောက်ကောက် လိုက်နေ၍ အလွှတ်အကျွတ် ပြေးနေရသော ငါသည် အဘယ်မှာလျှင် ရပ်နားပြီး သူတပါး ဘေးလွတ်ကြောင်း ဟောပြောဝံ့ပါအံ့နည်း'' ဟု ပြန်ကြားတော်မူလိုက်လေ၏။ ဆရာတော်ဦးအိုကား သံသရာကိုဘေးဟူ၍ ကြောက်မက်ဖွယ် ဟူ၍ တကယ်ရှုမြင်နေသော ပုဂ္ဂိုလ်မြတ်ပေတကား။

အနောက် ပရက္ကမ ဆရာတော်

အရှင်ဝဏ္ဏစာရသည် ဘုရားရှင်၏ ပဋိပတ်အနွယ်ကို မကွယ်မပျောက်ရအောင် စံနမူပြုသည့် အနေဖြင့် ကြိုးပမ်း အားသစ်ခဲ့သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ဘုတလင်မြို့နယ် ကင်းစမ်းရွာ၌ ဦးကောင်းစံ၊ ဒေါ်ကောက်ဘော်တို့မှ ၁၂၆၀ ခုနှစ် တပေါင်းလ တွင် ဖွားမြင်သည်။

တောင်ငူမြို့ ကျွဲအိပ်ပွဲကျောင်း ဆရာတော်၊ ပဲနွယ်ကုန်း ကျွန်းချောင်းရွာသစ် ဆရာတော်၊ အနောက်လယ်တီ ဦးကောဝိဒ၊ မောင်းထောင်ကျောက်ထု ဆရာတော်၊ မင်းကင်း ညောင်ပင်သာ ဆရာတော်တို့ထံ ပိဋကတ်စာပေကျမ်းဂန်တို့ကို လေ့လာသင်ယူခဲ့သည်။

ကနီမြို့ ရွှေသိမ်တောရ ဆရာတော်ကြီးထံ နည်းခံ၍ ကမ္မဋ္ဌာန်း ဘာဝနာအလုပ် အဆုံးတိုင် အားထုတ်တော်မူခဲ့လေသည်။

အရှေ့ ပရက္ကမဆရာတော်

ဆရာတော်သည် ပရက္ကမ ဆရာတော်ကြီးများ၏ အဆက်အနွယ်ကို စောင့်ထိန်းသည့်ပမာ ပရက္ကမချောင်၌သီတင်းသုံးလျက် ပဋိပတ်အလုပ်ကို ကြိုးစား အားထုတ်တော်မူသည့် ယောဂီပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူသည်။

ဓနုဖြူမြို့ ဇာတိဖြစ်၍ မြို့ပေါက်ကျောင်း ဆရာတော်ဦးမာလာလင်္ကာရထံ၌လည်းကောင်း ပခုက္ကူမဟာဝိသုတာရာမတိုက်၌လည်းကောင်း ပရိယတ်ကျမ်းစာများ ဆည်းပူးတော်မူခဲ့သည်။

ကနီမြို့ ရွှေသိမ်တောရ ဆရာတော်ကြီးထံ ကမ္မဋ္ဌာန်း နည်းခံ၍ အရညကင်တောသို့ ဝင်တော်မူသည်၊ ပရက္ကမချောင်တွင်သင်္ခမ်းကျောင်းငယ်ဖြင့် နေလျက် ဆွမ်းခံကြွရောက်ချိန်မှလွဲ၍ လူတွေ့မခံပဲ ကေစာ ကျင့်တော်မူ၏။ သစ်သီးဆွမ်း ပဲဆွမ်းမျှဖြင့် မျှတတော်မူသည်။ မြန်မာနိုင်ငံ၏ ပဋိပတ္တိသာသနာဝင်၌ စံပြုထိုက်သော ပုဂ္ဂိုလ်ထူးဖြစ်သည်။

ယခုအခါ အရွယ်တော်ရင့်ညောင်းပြီ ဖြစ်သဖြင့်လေးထပ်ချောင်တွင် ပြောင်းရွှေ့သီတင်းသုံးလျက် ရှိပေသည်။

ဤသို့လျှင် စစ်ကိုင်းတောင်ရိုးကြီး၌သီတင်းသုံး နေထိုင်တော်မူကြသည့် ဆရာတော်တို့သည် မိမိတို့ပါရမီ သမ္ဘာရ ဉာဏ်ရည်အလျောက် ပရိယတ်ပဋိပတ်တို့ကို မပျက်ရအောင် ထမ်းဆောင်တော်မူခဲ့ကြ၊ ထမ်းဆောင်တော်မူကြဆဲပင် ဖြစ်ပါသတည်း။ ။

ပထမ ဂန္ဓာရုံ ဆရာတော်

စစ်ကိုင်းတောင်




မြန်မာပြည်ထက် အောက် နိုင်ငံတော် အတွင်း၌ ရဟန်းရှင်လူ ယောဂီ တပဿီတို့ ကမ္မဋ္ဌာန်း ဘာဝနာဖြင့် မွေ့လျော်ရာဖြစ်သော တောရဌာနတို့သည် အနှံ့အပြားပင် တည်ရှိကြကုန်၏။ ထိုတောရဌာနဖြစ်သော ကမ္မဋ္ဌာန်း ဌာနတို့တွင် စစ်ကိုင်းတောင်ရိုး တည်းဟူသော တောရ ဌာနသည် ထင်ရှားသော တောရ ဌာနတရပ်ဖြစ်လေသည်။

ထင်ရှားသော တောရဌာန တရပ်ဖြစ်သည် မှာလည်း ထင်ရှားဆိုက်သော အကြောင်းခြင်း ရာတို့သည် တည်ရှိသောကြောင့်သာလျှင် ထင်ရှားခြင်း ဖြစ်သည်ဟု ဆိုရပေမည်။ အကြောင်း ခြင်းရာ ဟူသည်ကား ယခုပြဆိုလတ္တံ့သော အကြောင်းခြင်းရာတို့ပင် ဖြစ်ကုန်၏။

စစ်ကိုင်းတောင်ရိုး၌ မြတ်စွာဘုရား၏ ဓာတ်တော်မွေတော် အစစ်တို့ထည့်သွင်း ပူဇော်၍ တည်ထားအပ်သော ဓာတ်တော် မွေတော်တို့ ကိန်းအောင်းစံနေရာဖြစ်သော ပုညရှင် စေတီတော်၊ နံကိုင်းစေတီတော်၊ တောင်ဘီလူး စေတီတော်၊ ဇေတဝန်စေတီတော်၊ နန်းဦးစေတီတော်၊ ပတ္တမြားစေတီတော်၊ တောင်ဖီလာ စေတီတော် အစရှိသော စေတီတော်တို့သည် မြတ်စွာဘုရား၏ ကိုယ်တော်စား စစ်ကိုင်း တောင်၏ သာသနာ့ကျက်သရေကို ဆောင်၍ ကြည်ညိုဖွယ်ရာ တည်ရှိတော်မူကြသည်။

ထိုမှတပါးတုံလည်း စစ်ကိုင်းတောင်ရိုး၏ ပတ်ဝန်းကျင်၌ မြတ်စွာဘုရား၏ စွယ်တော် အစစ်ကို ဌာပနာ ထည့်သွင်း၍ သာလွန်မင်း တရားကြီး တည်ထား ပူဇော်အပ်သော ကောင်း မှုတော် စေတီတော်ကြီး၊ ဆင်မျှားရှင် ရတနာ စေတီတော်ကြီး၊ ထူပါရုံစေတီတော်ကြီး၊ မဟာ စေတီတော်ကြီး၊ အောင်မြေလောက စေတီ တော်ကြီး၊ စေတီလှ စေတီတော်ကြီး၊ ဥမင် သုံးဆယ်၊ ဥမင်ကိုးဆယ်တို့နှင့်တကွ လေးကျွန်း မာရ်အောင် ရုပ်ပွားတော်၊ ငါးထပ်ကြီး ရုပ်ပွား တော်ကြီးတို့လည်း ဒဿနာနုတ္တရိယ ကောင်း မှု ကုသိုလ်ဘို့ ဖြစ်ပေါ်ရာ ဖြစ်ပေါ်ကြောင်း ဖြစ်၍သာသနာ့ကျက်သရေကိုဆောင်လျက်တည် ရှိကြကုန်၏။

တပါးတုံလည်း မြတ်စွာဘုရား၏ သာသနာ တော် တည်းဟူသော ဓူရနှစ်ပါးကို ရွက်ဆောင် တော်မူကြကုန်သော သံဃာတော် မထေရ်မြတ် ကြီးတို့ သီတင်းသုံးတော်မူရာ ဓူရနှစ်ပါးဖြင့် မွေ့လျော်တော်မူရာကျက်သရေဆောင် တောင်

ဖြစ်သောကြောင့်လည်း တနည်းအားဖြင့် ယနေ့တိုင်အောင် ထင်ရှားကျော်ကြားသော စစ်ကိုင်တောင်ဖြစ်သည်ဟု ဆိုရပါမည်။

## ပရက္ကမ ဆရာတော်

သက္ကရာဇ် ၇၂၆ ခုနှစ်၌ ပင်းယဥဇနာမင်းကြီး ကောင်းမှုတော်ဖြစ်သောအင်းဝမြို့ မဟာညီမိက တောင်ပလ္လူကုန်း၌ ဆောက်လုပ် လှူဒါန်းသောစံကားကျောင်းခုနစ်ကျောင်းတို့၏နာယကအရှင် ပရက္ကမ ညီနောင်တို့တောထွက်၍ သီသုံးသုံးရာအရှေ့ အလယ် အနောက် ပရက္ကမချောင်တို့သည် ယနေ့တိုင် ထင်ရှားစွာ ရှိကြကုန်၏။ ပရက္ကမ ဆရာတော်တို့သည် ကျမ်းတတ်သီလဝန္တ သိက္ခာကာမ တို့ဖြစ်ကြကုန်၏။

## ရေငုံ ဆရာတော်

သက္ကရာဇ် ၈၀၄ ခုနှစ် ထူပါရုံ ဒါယကာနရပတိမင်း လက်ထက်မှ ဒုတိယ မင်းခေါင်လက်ထက်တိုင်အောင် ပုညရှင် စေတီတော်၏အရှေ့ဘက် ချောက်၌ ကျမ်းဂန်ဘက် လဇ္ဇီသီလဝန္တ ဖြစ်တော်မူသော ရေငုံဆရာတော်ကြီးသည် စာပို့ချကာ ဓူရနှစ်ပါးကို ဆောင်တော်မူလျက် သီတင်း သုံးတော်မူခဲ့ပါသည်။ ရေငုံဆရာတော်ကြီးသည် အချည်းနှီးသော စကားကို မပြောလို၍ ရေငုံတော် မူခြင်းကြောင့် ရေငုံဆရာတော်ဟု တွင်ပါသည်။ ယနေ့တိုင် ရေငုံချောင်၌ သံဃာဆက်မပြတ်ရှိပါသည်။

## အရိယာဝံသ ဆရာတော်

သက္ကရာဇ် ၈၂၄ ခုနှစ် ဒုတိယ မင်းခေါင်လက်ထက်၌ ရှင်အရိယာဝံသသည် ရေငုံဆရာတော်ကြီးထံမှ စာတတ်နည်း နိဿယကိုခံယူရရှိပြီးကာလ အရိယာဝံသချောင်၌ သီတင်းသုံးတော်မူ၍ မဏိသာရမဉ္ဇူသာဋီကာကျမ်း မဏိဒီပဋီကာကျမ်းတို့ကို ရေးသားပြုစုလျက် စာပေပို့ချသီတင်းသုံးခဲ့ပါသည်။ အရိယာဝံသချောင်သည်လည်း ယနေ့တိုင် သံဃာဆက်မပြတ်ရှိပါသည်။

## ပဘာချောင် ဆရာတော်

ပုဂံပြည် သာသနာတော် ပွင့်လင်းစည်ကားစဉ်အခါ၌ကျမ်းဂန်တတ် လဇ္ဇီ သူတော်ကောင်းဖြစ်သော ဇာတိ သီဟိုဠ် နိုင်ငံသားဖြစ်သော သီဟိုဠ်ဆရာတော်သည် သီဟိုဠ်ကျွန်း ပဘာလိုဏ်၌ သီတင်းသုံးခဲ့ပြီးနောက် ပုဂံမှတဆင့် စစ်ကိုင်းတောင်ရိုးသို့ရောက်၍ ပုညရှင်တောင်၏အရှေ့မြောက်ဘက်၌ ပဘာချောင်ဟု သမုတ်ပညတ်၍ သီတင်းသုံးတော်မူသည်။ ပဘာချောင်သည် စစ်ကိုင်းတောင်ရိုးရှိ ရှေးကျသောချောင်ကြီး ကိုးချောင်တွင် အစ ပထမ ချောင်ဟုသိရှိရသည်။

## ရှင်တိသာသနဓဇ ဆရာတော်

မြန်မာ သက္ကရာဇ် ၉၀၀ ကျော်၌ စစ်ကိုင်းတောင်ရိုး ဇေတဝန်ကျောင်းတိုက် ဆရာတော်အရှင်သဒ္ဓမ္မကိတ္တိနှင့် တောင်တွင်း ဆရာတော်ရှင်ဥတ္တမကျော်တို့၏ တပည့်၊ ဟံသာဝတီ ဆင်ဖြူရှင် မင်းတရား ကပ်လှူသော ဘွဲ့တံဆိပ်တောရ အရှင်တိသာသနဓဇ ဆရာတော်သည် မြစ်နား ဇေတဝန်ကျောင်းတော်မှရွှေ့ပြောင်း၍ တောင်၏ အနောက်ဘက် လောကမှန်ကင်းစေတီတော်အနီး၌ သီတင်းသုံး၍ နေ့အခါ ဂန္ထဓူရ၊ ညဉ့်အခါ ဝိပဿနာဓူရကို အားထုတ်တော်မူပါသည်။

## တောင်ဘီလူးဆရာတော်

သက္ကရာဇ် ၇၁၁ ခုနှစ် ထန်းတပင် ညဝါအကောက်ကျမ်းများကို စီရင်ရေးတော်မူသော

ထန်းတပင်ဆရာတော်၏ ဆရာဖြစ်တော်မူသော မထေရ်မြတ်သည် တောင်ဘီလူး တောင်ကမ်းပါး၌ ချောင်တည်၍ သီတင်းသုံးတော်မူခဲ့ပါသည်။

## ဥမင်သုံးဆယ်ချောင်ဆရာတော်များ

အင်းဝသတိုးမင်းစော၊ ညောင်ရမ်းမင်း၊ သာလွန်မင်းတရားတို့၏ လက်ထက်မှစ၍ အရှင်တိသာသနဓဇ ဆရာတော်၏ တပည့်များ ဖြစ်ကြသော ကျမ်းတတ် လဇ္ဇီ သီလဝန္တ သိက္ခာကာမ ဖြစ်တော်မူ ကြသော ဆရာတော်များသည် ဥမင်သုံးဆယ်ချောင်၌ စာပေပို့ချ၍ သီတင်းသုံးတော်မူခဲ့ကြသည်ဟု သာသနဝံသကျမ်း၌ မိန့်ဆိုသည်။

## တိလောကဂုရုဆရာတော်

သက္ကရာဇ် ၁၀၃၄ ခုနှစ်၌ စစ်ကိုင်းတောင်ရိုးသို့ ထွက်တော်မူ၍ အင်းဝဘုရင် နာရာဝရမင်း ဆက်ကပ်လှူဒါန်းသော တိလောကဂုရုချောင်၌ စာပေပို့ချ၍ ဂန္ထဓူရကို အထင်အရှား ဆောင်ရွက်တော်မူ ခဲ့သည်။ စာပေပို့ချသည်ကို နာရာဝရမင်းသည် ပုညရှင် စေတီတော်ကို အဖူးအမြော်လာစဉ် ကျေနပ်မြင်သိရှိ၍ 'တိလောကဂုရု' ဘွဲ့တံဆိပ်တော်ကိုကပ်လှူခြင်းဖြစ်သည်။

## တောင်ဖီလာဆရာတော်

သက္ကရာဇ် ၁၀၀၀ ပြည့်နှစ် သာလွန်မင်းတရားကြီး လက်ထက် တောထွက်၍ တောင်ဖီလာတောရ၌ သီတင်းသုံးတော်မူသော တိပိဋကလင်္ကာရ ဘွဲ့တံဆိပ်တော်ရ ပထမ တောင်ဖီလာ ဆရာတော်ကြီးသည် တောင်ဖီလာတောင် မြောက်ဘက်တောင်ခြေ၌ ချောင်တည်၍ စာပေပို့ချခြင်း၊ ကျမ်းဂန်ရေးသားခြင်း၊ ရဟန်းတရားတော်ကို ပွားများအားထုတ်ခြင်းတည်း ဟူသော ဓူရနှစ်ပါးကို ဆောင်ရွက်၍ သီတင်းသုံးတော်မူခဲ့ပါသည်။ တောင်ဖီလာဆရာတော်သည် တောမထွက်မီ အင္ဂုတ္တရသာလိနီ ကျမ်းဦး ဂါထာ ၂၀ ၏ အဖွင့် ကျမ်းရိုး ဝိသတိဝဏ္ဏနာ ကျမ်းကို စီရင်ရေးသားတော်မူသည်။ ဝိနည်း နိဿယကိုလည်း ရေးသားတော်မူသည်၊ တောင်ဖီလာတောရ ကျောင်း၌သီတင်းသုံးတော်မူစဉ်ဝိနယာလင်္ကာရ ဋီကာနှင့် ၃၀ ၀ ဒကောက်ကျမ်းများကိုလည်း စီရင်ရေးသားတော်မူသည်။

## ဆီးတောရွှေကျောင်းဆရာတော်

ဒုတိယ ဘုရင်မင်းခေါင် လက်ထက်မှ စ၍ အင်းဝ သတိုးမင်းစော လက်ထက်တိုင်အောင် ခြောက်ဆက်သော မင်းတို့၏ ဆရာဖြစ်တော်မူသော ဆီးတော ရွှေကျောင်း ဆရာတော်သည် မင်းဝံတောင်ခြေ၌ ထင်ရှားစွာ သီတင်းသုံးတော်မူခဲ့ပါသည်။ တိပိဋကာလင်္ကာရ ဘွဲ့ရ ပထမ တောင်ဖီလာဆရာတော်သည် ဆီးတော ရွှေကျောင်းဆရာတော်အဖြစ်ဖြင့် တာဝန်ပြန်၍ ဝင်စားသည်ဟု အခိုင်အမာ ဆိုကြသည်။

## ကြက်သွန်ခင်းဆရာတော်

အလောင်းမင်းတရားကြီးလက်ထက်၌ ကျမ်းဂန်လည်း သင့်မြတ်လှသည်။ ဓုတင်ပဋိပတ်နှင့် ပြည့်စုံလှသည်။ နှလုံးတော် နူးထွက်မာသည်။ ဧကရာဇ်ဘုရင် မင်းမြတ်ကိုလည်း အလိုမလိုက် တိုက်ရိုက်ပြောဆိုလေ့ရှိသည်ဟု ထင်ရှားသော ကြက်သွန်ခင်း ဆရာတော်ကြီးသည်လည်း မင်းဝံတောင်ခြေ ကြက်သွန်ခင်း တောရ၌ သီတင်းသုံးတော်မူခဲ့ပါသည်။ ကြက်သွန်ခင်းဆရာတော်ကြီးသည် မင်းဧကရာဇ်၏ ဆရာဖြစ်လျက် အတိရေကလာဘ်ကို ပယ်၍ ပိဏ္ဍပါတ်ဝတ်ဖြင့်သာ

လျှင် မျှဘတော်မူသည်။ မင်းဇေ ရာဇ် လှူဒါန်းသော ကျောင်းတော်ကို စွန့်၍ အရညကင်မူဘင်ကိုလည်း ဆောက်တည်တော်မူသည်။

## ကြာနီကန်ဆရာတော်

ရှေးသင်းမာဇာတ်ဖြစ်သော ကြာနီကန်ဆရာတော်ကြီးသည် မင်းဝ တောင်ခြေ ကြာနီကန် ဘောရ၌ သီတင်းသုံးတော်မူသည်။ ကြာနီကန်ဆရာတော်ကြီးသည် စာတတ် လင်္ကာသူတော်ကောင်း မူဘဂ်ဓရ ဖြစ်တော်မူသည်ဟု သိရသည်။

## ဗောဓိမဏ္ဍိုင်ဆရာတော်

ဥမင်သုံ ဆယ်မြောက် ဘောကြွယ်လူးချောင်းအရှေ့မြောက်၌ ဗောဓိမဏ္ဍိုင်ချောင် ရှိခဲ့ဖူးသည်။ ဗောဓိမဏ္ဍိုင်ချောင်၌ သီတင်းသုံးတော်မူသော ဗောဓိမဏ္ဍိုင်ဆရာတော်သည် မူဘင်ဆောင် ကေစာရီ သီတင်းသုံးတော်မူသည်။ အသုဘကောင်မှုသော ပံသုကူသက်န်းကိုသာလျှင် ဆောင်တော်မူသည်။ သီလကိုလည်းအလွန်ချစ်မြတ်နိုးတော် မူသည်ဟု သိရသည်။ ဗောဓိမဏ္ဍိုင်ဆရာတော်၏ သတင်းရနံ့မွှေးကြိုင်လှသောကြောင့် ရဟန်းတပါးသည် လာရောက်ဆည်းကပ်၍ နည်းခံကျင့်သုံး လိုပါကြောင်းကို လျှောက်ထားရာ အမိန့်ရှိသည်မှာ– ''ငါ့ရှင်လူဆိုးဘေ့လိုက်၍ အလွတ်အကျွတ် ပြေးနေရသောငါသည် အဘယ်မှာလျှင် နေပ်နား၍ တရားလက်လွတ်နေဝံ့ ပါမည်နည်း''ဟု အမိန့်ရှိသတဲ့။

## ထွန့်ခေါင်ဆရာတော်

မြန်မာနိုင်ငံ၌ သူငယ်ကလေးများ တိုင်အောင် သိရှိ၍ ထင်ရှား ကြော်ကြားတော်မူသော ထွန့်ခေါင်ဆရာတော်ကြီးသည်သက္ကရာဇ် ၁၁၈၈ ခုနှစ်၌ ပတ္တမြားဧေတီတော် မြောက်ဘက် ဓမ္မိကထွန့်ခေါင်ချောင်၌ ပဋိပတ်ဌာနကြီး တခုအဖြစ်ဖြင့် ရဟန်း ရှင်လူ ယောဂီအများတို့ကို တရားပြသလျက် သီတင်းသုံးတော်မူခဲ့ပါသည်။ ကိုယ်တော်တိုင် ဝိပဿနာတရားကို အားထုတ်၍ ယောဂီတို့အား ဟောကြားတော်မူသည့်ပြင် ဓမ္မကာမိ ရှင်လူအပေါင်းတို့အား သနားတော်မူသော ကရုဏာတော်ဖြင့် ပါမောက္ခ အမည်ရှိသော ကျမ်းစာများကို ရေးသားတော်မူခဲ့သည်။ သက်တော်ရှည်သမျှ ကာလပတ်လုံး ဓမ္မိကထွန့်ခေါင် ချောင်၌သာလျှင် တရားဈေးရုံကြီး ဖွင့်၍ နိဗ္ဗာန် ကုန်မျိုးစုံတို့ကို ဟောကြားဝေငှတော်မူသွားပါသည်။

## ငှက်ပျောသီး ဖီးလုံး ရတော်မူသော ဆရာတော်

ပုညရှင်တောင်၏ အနောက်တောင်ဘက်၌ ပထမ ဂန္ဓာရုံ ဟူ၍ ယခု ထင်ရှား ရှိပါသည်။ ဤဂန္ဓာရုံချောင်၌ သီတင်းသုံးတော် မူသော ဘုန်းတော်ကြီး ဦးပုညသည် ကေစာရီဖြစ်၍ သိက္ခာတော်ကို အလွန်ရိုသေသည်ဟု သိရသည်။ ပိဏ္ဍပါတ်ခုတင် စသည်တို့ကိုလည်း အမြဲဆောင်တော်မူသည်။ စစ်ကိုင်းမြို့သို့ ဆွမ်းခံကြွတော်မူသည်။ အခြားသော သံဃာတော်များ ဆွမ်းခံရာ၌ ငှက်ပျော်သီး ရလျှင် တလုံး နှစ်လုံးသာ ရတတ်သည်။ ဂန္ဓာရုံ ဘုန်းတော်ကြီး ဦးပုညသည်ကား ငှက်ပျောသီးဖီးလုံး ရတော်မူတတ်သည်။ ထို့ကြောင့် ငှက်ပျောသီးဖီးလုံး ရတော်မူသော ဘုန်းတော်ကြီး ဟု သမုတ်ခေါ်ဝေါ်ကြသည်။

ဘုန်းတော်ကြီး ဦးပုညသည် ကျောင်းတွင်းကျောင်းပြင် နေရာမရွေး စင်္ကြံသော ကမ္မဋ္ဌာန်းကို စောင့်ရှောက်တော်မူသည်။ အဠိကကမ္မဋ္ဌာန်းကို ပွားများတော် မူလေ့ရှိသည်ဟု သိရသည်။

## ရဟန္တာဟူ၍ ညွှန်ကြားခြင်း

ဓနုဖြူ ညောင်တုန်း မြို့နယ်မှ လှေကုန်သည် တဦးသည် ကိုယ်ပိုင် လှေကြီးဖြင့် အထက်ကုန် အောက်ကုန်တင်၍ အထက်အောက် စုန်ကာ ဆန်ကာ ကုန်သန်း ရောင်းဝယ် လျက်ရှိရာ၊ အခါ တပါး၌ အထက်သို့ လှေဖြင့် ဆန်တက်လာစဉ် လှေကုန်သည်၌ အိပ်မက်မြင်မက်သည်မှာ အိပ် မက်ထဲ၌ ဝတ်ဖြူ စင်ကြယ်ဖြင့် လူတယောက် ပေါ်လာကာ လှေကုန်သည်ကို ပြောကြားသည် မှာ ရဟန္တာကို ဖူးမြင်လိုလျှင် လိုက်ခဲ့လော့၊ ကျွန်ုပ်ပြမည်ဟု ပြော၍ ခေါ်သဖြင့် ရဟန္တာကို ဖူးမြင်ကြည်ညိုလိုသော စေတနာ သဒ္ဓါဖြင့် ထို သူ နောက်သို့ လိုက်သွားခဲ့သည်။ လမ်းကိုလည်း သတိပြု မှတ်သားသည်။ မကြာမီပင် ကျောင်း ငယ် တကျောင်းသို့ ရောက်၏။ ဘုန်းတော်ကြီး တပါးကိုလဲ ဖူးမြော်ရ၏။ လာရောက်ခေါ်သော လူက လက်အုပ်ချီကာ ညွှန်ပြ၍ ဤအရှင်သည် ရဟန္တာပါပဲဟု ပြောဆိုပြီးလျှင် ထိုလူ ပျောက် ကွယ်သွားလေသည်။ လှေကုန်သည်သည် ဤ သို့ အိပ်မက်မြင် မက်၏။

လှေကုန်သည်သည် အိပ်မက်ထဲ၌ ထိုလူနှင့် တွေ့ကြုံသော လှေဆိပ်နှင့် တကွ သွားရသော လမ်း၊ တွေ့မြင်သော ကျောင်းနှင့် တကွ ဘုန်း တော်ကြီးကိုပါ မှတ်သားမိလေသည်။ ထို့ ကြောင့် လှေကို အထက်သို့ ဆန်တက်လာယင်း သတိပြု၍ ကြည့်ရှုလာခဲ့သည်။ စစ်ကိုင်းမြို့သို့ ရောက်သောအခါ အိပ်မက်ထဲ၌ တွေ့မြင်ရသော လှေဆိပ်ကို တွေ့မြင်၍ ဝမ်းသာအားရဖြင့် လှေ ကို ဆိုက်ကပ်ပြီး လျှင်အိပ်မက်၌ မှတ်သားခဲ့သော လမ်းအတိုင်း လျှောက်သွားခဲ့ရာ လမ်းအဆုံး၌ အိပ်မက်ထဲ၌ တွေ့မြင်သော ကျောင်းကိုလည်း ကောင်း၊ ဘုန်းတော်ကြီးကို လည်းကောင်း တွေ့မြင် ဖူးမြော်ရသောကြောင့် အတိုင်းမသိ နှစ်ထောင်း ဝမ်းသာလှသဖြင့် ဂူကျောင်းနှင့်ရေ ကန်တို့ကို တည်ဆောက် လှူဒါန်းခဲ့ရသည်ဟု ဟချိန်က အမှတ် မထင် ကြားလိုက်ရ မှတ်သား လိုက်ရ၏။

လွန်ခဲ့သော ၁၅ နှစ်ခန့်က ဘုန်းကြီးသည် ညောင်တုန်းမြို့ ရွှေဟင်္သာ တောရကျောင်း တိုက် ဝိနည်း စာပြန်ပွဲသို့ရောက်ခဲ့သည်။ စကား စပ်၍ သံဃာများနှင့် ဤအကြောင်း ပြောမိ သည်။ ထိုစကားကို ပြောသောအခါ ရှင်လူ ပရိသတ် အတွင်း၌ ဂန္ဓာရုံချောင်၌ ရဟန္တာကို ဖူးတွေ့၍ ဂူ ရေကန်တို့ကို တည်ဆောက် လှူ ဒါန်းခဲ့သော လှေကုန်သည်၏ သားနှင့် မြေး များ ပါရှိကြသည်ကို မိမိ မသိချေ။ ပရိသတ် များ သွားကြသောအခါကာလမှ ဒါယကာ ကြီး တယောက် လာ၍ အရှင်ဘုရား အမိန့်ရှိ သော လှေကုန်သည် ဆိုသည်မှာ တပည့်တော်၏ ဖခင် ဖြစ်ပါသည်၊ အရှင်ဘုရား ပြောသည့်အ တိုင်း အမှန်ပင် ဖြစ်ပါသည်ဟု လျှောက်ထား လေသည်။

ဂန္ဓာရုံ ဘုန်းတော်ကြီး ဦးပုညသည် သီလကို ချစ်မြတ်နိုးသည်။ ဣန္ဒြိယသံဝရ သီလနှင့် ပြည့် စုံသည်။ ဓုတင်ပဋိပတ်နှင့်လည်း ပြည့်စုံသည်။ အဋ္ဌက ကမ္မဋ္ဌာန်းကို ပွားများတော်မူသည်။ ကျောင်းငယ်ကလေးဖြင့် ကောစာရီ သီတင်း သုံးတော်မူသည်။ ဤသည်တို့ကား ရဟန်း ကောင်း ရဟန်းမြတ်တို့၏ ဂုဏ်ထူးတို့ပင် ဖြစ် ကုန်၏။ သင်းသို့သော ရဟန်းတော်မြတ်တို့သည် လည်း စစ်ကိုင်းတောင်ရိုး သာသနာ့ကျက်သရေ တို့ကို ဆောင်၍ သီတင်း သုံးနေတော် မူခဲ့ကြ ပါသည်။

### မဟာဂန္ဓာရုံဆရာတော်အရှင်ဥတ္တရထေရ်

သက္ကရာဇ် ၁၂၅၇ ခုနှစ် စစ်ကိုင်းတောင်ရိုး သို့ ထွက်တော်မူခဲ့သော အရှင်ဥတ္တရထေရ်သည်

ငှက်ပျောသီး ဖီးလုံးရတော်မူသော ဂန္ဓာရုံ အရှင် ပုည၏ ဂန္ဓာရုံချောင်၌ ကျောင်းငယ် ကလေးတကျောင်းဖြင့် သီတင်းသုံးရှ၍ ရဟန်း တရားတော်ကို အားထုတ်တော်မူသည်။ ဥပုသ် သီတင်း နေ့တိုင်း၌ ဥပုသ်သည်တို့အား သီလပေး ရမည်ကိုပင် ရှောင်တော်မူကာ ကျောင်းတံခါး ပိတ်ထားတော်မူသည်။

ဘုန်းတော်ကြီး ဦးပုည ဂန္ဓာရုံချောင်၌ ၁၁-ဝါ သီတင်းသုံးတော်မူသည်။ လူပရိသတ်နှိုး လာသောကြောင့် ဒုတိယ ဂန္ဓာရုံသို့ ရွှေ့ပြောင်း သီတင်းသုံး တော်မူသည်။ဒုတိယဂန္ဓာရုံမှာလည်း လူပရိသတ် စည်ကားလာသည် ဖြစ်၍ ဒုတိယ ဂန္ဓာရုံ၌ နှစ်ဝါမျှသာ သီတင်းသုံး၍ မဟာဂန္ဓာ ရုံသို့ ရွှေ့ပြောင်းတော်မူသည်။

(ဤ စကားရပ်၌ ဂန္ဓာရုံချောင် သုံးချောင် ရှိသည်ဖြစ်၍ သရုပ်ခွဲပြဦးအံ့။) ဘုန်းတော်ကြီး ဦးပုည သီတင်းသုံးသော ဂန္ဓာရုံကို ပဌမဂန္ဓာရုံ ဒုတိယဂန္ဓာရုံကို အရှေ့ဂန္ဓာရုံ၊ တတိယဂန္ဓာ ရုံကို မဟာဂန္ဓာရုံဟူ၍ ယနေ့တိုင် ခေါ်ဝေါ် သုံးစွဲကြ၏။

မဟာဂန္ဓာရုံ ဆရာတော်သည် သက်တော် ရှည်သမျှ ကာလပတ်လုံး မဟာယောဂီကြီး ပီသ စွာ တရားနှလုံးသွင်းခြင်းကို လက်မလွှတ်စေပဲ အမြဲတမ်း တရားကိုအာရုံပြု၍ ကေစာရီ သီတင်း သုံးတော်မူသည်။

မဟာဂန္ဓာရုံချောင်၌ သောက်သောက်လဲ လူပရိသတ် စည်ကားသော်လည်း ဆင်ပြောင် ကြီး အနီးသို့ မကပ်ဝံ့ကြသကဲ့သို့ သီလသမာဓိ အရှိန်ကြောင့် မဟာဂန္ဓာရုံ ဆရာတော်အနီးသို့ F. 1 မကပ်ဝံ့ကြပေ။ ရံခါရံခါလျှင် ပရိသတ်အား ဝိပဿနာတရား အထူးအားဖြင့် ဗုဒ္ဓါနုဿတိ ဂုဏ်တော်တရားကိုလည်း ဟောတော်မူသည်။

မဟာဂန္ဓာရုံ ဆရာတော်၏ အလုပ်အကျွေး မှုင်လူတပည့် ဒါယကာရင်းတို့အရပ်အကဲခတ်၍ ထင်မြင်ယူဆ ယုံကြည်ကြသည် မှာကား မဟာ ဂန္ဓာရုံဆရာတော်သည် အနာဂါမိ ဖိုလ်သို့ ရောက်မည်ဟု ယုံကြည်ကြကုန်၏။

မဟာဂန္ဓာရုံ ဆရာတော်သည် သက္ကရာဇ် ၁၂၅၇ ခုနှစ် ရဟန်းသိက္ခာ ၁၈ ဝါ အရတွင် စစ်ကိုင်းတောင်ရိုးသို့ ထွက်တော်မူခဲ့၍ ရဟန်း တရားကို ပွားများအားထုတ်တော် မူခဲ့ရာ သက္ကရာဇ် ၁၂၈၁ ခုနှစ် သက်တော် ၆၀၊ ဝါတော် ၄၁ ဝါအရတွင် မဟာဂန္ဓာရုံမြောက် ဘက်အနီးဖြစ်သော မဟာသုခချောင်၌ ခန္ဓာ ဟောင်းကို စွန့်တော်မူသည်။

နိုင်ငံတော်ထက်အောက်၌ မဟာယောဂီအစစ် ကြီး အဖြစ်ဖြင့် ထင်ရှား၍ ကျော်ကြားတော်မူ ခဲ့သော မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး သည် စစ်ကိုင်းတောင်ရိုး၏သာသနာ့ကျက်သရေ ကို တိုးတက်ပွင့်လင်းတော်မူ၍ သီတင်းသုံးတော် မူရာ ဖြစ်သော စစ်ကိုင်းတောင်ကြီး ဖြစ်ပါသည်။

ပြဆိုခဲ့ပြီးသော ဤသို့သဘောရှိ ကုန်သော မူရဝန်ဆောင်မထေရ်မြတ်ကြီးတို့၏ အကြောင်း ခြင်းရာ အဖြာဖြာတို့ကြောင့် စစ်ကိုင်းတောင် ရိုးသည် မြန်မာပြည်၌ ရဟန်း ရှင်လူ သူတော် ကောင်းတို့ ကိန်းအောင်းမှီခိုရာ ထင်ရှားသော ပုညတိတ္ထ ကောင်းမှုကုသိုလ်တရားတို့ကို စိုက်ပျိုး ရာ ဖြစ်ပွားစေရာ ပွင့်ထွန်းစေရာ စစ်ကိုင်း တောင်ကြီး ဖြစ်သည်ကို သူတော်ကောင်း ရဟန်းရှင်လူတို့ ဝမ်းမြောက် ကြည်ညိုကြစေ ရန် ရေးသားအပ်ပါသတည်း။ ။

အရှင်ပဏ္ဍိတထေရ်
အဘိဓဇမဟာရဋ္ဌဂုရု
ရွှေဟင်္သာတိုက်သစ်
စစ်ကိုင်းတောင်ရိုး

# ဂန္ဓာရုံဘာသာ

## အရှင်မဟောသတာဘိဝံသ ပဋ္ဌကာရီ



မဟာ ဂန္ဓာရုံ ဆရာတော်သည် မြစ်ကွေ့ (မကွေး) မြို့၌ သက္ကရာဇ် ၁၂၂၀ ပြည့်နှစ် တော်သလင်းလဆုတ် ၄ ရက် တနင်္ဂနွေနေ့ မြန်မာနာရီ ညတချက်တီးကျော် အချိန်ဖွားမြင်တော်မူသည်။

ငယ်ဆရာမှာ မြစ်ကွေ့မြို့ဂုံတောဆရာတော် အရှင်ကေသရဖြစ်သည်။ ဂုံတော ဆရာတော်ထံ၌ သာမဏေအဖြစ်နှင့် ငါးဝါ၊ ရဟန်းအဖြစ်နှင့် ငါးဝါ နေခဲ့သည်။

ထို့နောက် အိမ်မဲဆရာတော် အရှင်ပုညထံ၌ တဝါ၊ ဒေးဒရဲမြို့ ချောင်းဖျားရွာ ဆရာတော် အရှင်ဝိမလထံ၌ သုံးဝါ၊ ကွမ်းခြံကုန်းမြို့ မဟာစုန်ဆရာတော်အရှင်ဇိနထံ၌နှစ်ဝါ၊ ထိုမှနောက် မန္တလေးမြို့ အရှေ့ပြင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးထံ၌ လေးဝါ ဆည်းကပ်နေစဉ်၊ ဂုံတောဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ သိက္ခာထပ်တော်မူသည်။ သိက္ခာထပ်ပြီးနောက် လေးဝါတိုင်တိုင် ပိဋကတ်စာပေကို ဆက်လက်နည်းခံ သင်ယူခဲ့သည်။

သက္ကရာဇ် ၁၂၅၇ ခုနှစ် ရဟန်းသိက္ခာ ၁၈ ဝါအရ ဝါဆိုလဆန်း ၄ ရက်နေ့၌စစ်ကိုင်းတောင်သို့ ထွက်လာခဲ့သည်။

ထွက်လာခဲ့၍ ပထမ ဂန္ဓာရုံချောင်၌ ဝိပဿနာ ယောဂီအဖြစ်ဖြင့် ရဟန်းတရားကို အား

ထုတ်တော်မူသည်။ ချမ်းအေး ဆရာတော် အရှင် သဒ္ဓမ္မစသော သီတင်းသုံးဖော် လေးငါးပါးနှင့် တကွ ထွက်ခဲ့ကြသည်ဖြစ်၍ အသီးသီး ကမ္မဋ္ဌာန်း ကျောင်းငယ် ကလေးများ၌သာ တပါးချင်း သီတင်းသုံးတော်မူကြသည်။ ဥပုသ်သီတင်း နေ့တို့၌ တရားနာလို သီလယူလိုသော ဒါယကာ ဒါယိကာမများ လာသံကြားလျှင် သီလပေး ရမည်စိုး၍ ဘဲခါးပိတ်နေကြသည်ဟု ချမ်းအေး ဆရာတော်ကြီး မိန့်ဖူးသည်။ သီတင်းသုံးဖော် များတွင် မဟာဂန္ဓာရုံဆရာတော်သည် ပရိသတ် ကို သာ၍ ရှောင်တော်မူသည်ဟု သိရသည်။

မဟာဂန္ဓာရုံ ဆရာတော်သည် ဒါယကာ ဒါယိကာမ ပရိသတ်တို့ များပြားပွန်းတီးလာ သည်ဖြစ်၍ ပထမ ဂန္ဓာရုံ၌ တဆယ့်တဝါ သီ တင်းသုံးပြီးနောက် ၂၉ ဝါ အရတွင် ဒုတိယ ဂန္ဓာရုံခေါ် အရှေ့ ဂန္ဓာရုံသို့ ရွှေ့ပြောင်း သီတင်းသုံးတော်မူသည်။

အရှေ့ ဂန္ဓာရုံသို့ ပရိသတ်များ ဝိုင်းအုံ လိုက်လာကြပြန်သဖြင့် ဝိဝေကမရဖြစ်ပြန်ရာ နှစ် ဝါမျှသာ သီတင်းသုံး၍ ၁၂၇၀ ပြည့်နှစ် ဝါဆိုလဆန်း ၁ ရက်နေ့၌ မဟာဂန္ဓာရုံကျောင်း သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။

ထိုမှတဖန် ၁၂၇၂ ခုနှစ် ဝါဆိုလဆုတ် ၁ ရက်နေ့၌ ပက်ပါဘောင် မဟာသုခကျောင်း၌ ဆယ်ဝါသီတင်းသုံးတော်မူ၍ကောဇာသက္ကရာဇ် ၁၂၇၈ ခုနှစ်သို့ရောက်လျှင် နိဗ္ဗာနမဂ္ဂဘေဒနီ အမည်ရှိသော ကျမ်းကို ရေးသားစီစဉ်တော် မူသည်။ (၎င်းကျမ်း၏ နိဂုံးကို အကျဉ်းချုံး၍ အဆုံး၌ ပြဆိုပါမည်။)

သက်တော် ၆၁၊ ရဟန်းသိက္ခာ ၄၂ ဝါ အရ သက္ကရာဇ် ၁၂၈၀ ခုနှစ် ဝါခေါင်လဆုတ် ၈ ရက် နေ့၌ ခန္ဓာဟောင်းကို စွန့်တော်မူသည်။

ပထမ ဂန္ဓာရုံကျောင်းမှစ၍ စစ်ကိုင်းတောင် ရိုးတွင် ရွှေကျင်ဂိုဏ်းကျောင်းနှင့် သံဃာများ ပြန့်ပွားလာခဲ့ရာ ယခုအချိန်၌ကျောင်း (ချောင်) ပေါင်း ရှစ်ဆယ်ကျော်ရှိ၍ သံဃာပေါင်း တ ထောင့်တရာ ခုနစ်ဆယ်ကျော် ရှိလေသည်။

သံဃာ ၂၀၊ ၃၀၊ ၄၀၊ ၅၀ စီ ရှိသော စာသင်တိုက်ကလေးများ ၁၅ တိုက်ခန့်ရှိသည်။ ယင်းအထဲတွင် ပါဠိတက္ကသိုလ် သုံးတိုက်ရှိသည်။ ဤအခြေသို့ ရောက်လာသည်မှာ မဟာဂန္ဓာရုံ ဆရာတော် သာသနာပြုခြင်းကြောင့်ပင် ဖြစ် သည်။

### နိဗ္ဗာနမဂ္ဂဘေဒနီကျမ်း၏ နိဂုံး

ဓိမတေကဘုဋ္ဌစရ၊
သေယျံဋ္ဌ ဝါသိနာ မယာ။
ကတာ သတ္တာနံ မတ္ထာယ၊
နိဗ္ဗာနမဂ္ဂ ဘေဒနီ။ ။

ကေဘုဋ္ဌစရသေယျံဋ္ဌဝါသိနာ၊ မြို့ကြီး တောထဲ ပုလဲဆင်မင်းကဲ့သို့ မပျင်းမရိ ဝီရိယ အားဖြင့် တပါးထီးတည်းစား တပါးထီးတည်း သွား တပါးထီးတည်းအိပ် တပါးထီးတည်း ရပ် တပါးထီးတည်း နေလေ့ရှိထသော။ ဓိမ တာ၊ ရုပ်နာမ်ဓမ္မ သဘာဝကေ ကျနကုန်စင် သိမြင်ရန်ဖို့ ရည်သန်တောင့်တ ဝီရိယနှင့် သဒ္ဓါ သတိ သမာဓိပညာဉာဏ် ထက်သန်ကြီးမြင့် ရင့်သောဝိပဿနာပညာပါရမီဉာဏ်ရှိထသော။ မယာ ထေရေန၊ သီလ သမာဓိ ပညာဂုဏ် အပေါင်းတို့ဖြင့် မြဲမြံ ခိုင့်ခံ့ တည်တံ့သော သဘော သတ္တိကြောင့်သီလဝန် ဂုဏဝန်ပညာ ဝန် ပုဂ္ဂိုလ်မွန် ပုဂ္ဂိုလ်မြတ်တို့၏ နှစ်ခြိုက်မှေ့ လျော် ပျော်ဖွယ်ရာဖြစ်သော ကျောင်းအပေါင်း တို့၏ အကြီးအမှူး ဦးစီးနာယက ဂဏာစရိယ ဂဏပါ မောက္ခဖြစ်တော်မူသော ဇေယျာပူရ တိုင်း စစ်ကိုင်းမြို့မြောက် တာပေါင်းထောက် ချင့်သော် တထောင်ကျော် ဝေးခြားသော

ပတ္တမြားတောင်ဝိုင်းကြီးတောရ မဟာဂန္ဓာရုံ ချောင်၌ ပျော်ပိုက်မွေ့လျော် သီတင်းသုံးတော်မူသော သက္ကရာဇ် ၁၂၂၀ ပြည့်နှစ် တော်သလင်း လဆုတ် ၄ ရက် တနင်္ဂနွေနေ့ ညဦးတချက်တီးကျော် အချိန်တွင် ဖွားမြင်တော်မူသော မဟာဂန္ဓာရုံ ဆရာတော် ဘဲမည်ရှိသော မဟာထေရ်ငါသည်။ သတ္တာနံ၊ ကိုးဆယ့်ရှစ်ဖြာ ကိုယ်ရောဂါတို့ဖြင့် ကျင်နာခံခက် နှိပ်စက်ဖိစီးဆယ့်တမီးတို့သည် တညီးညီး ပူလောင်ကြဒုက္ခိတသတ္တဝါတို့၏။ အတ္တာယ၊ ကိုယ်စိတ်ရောဂါ ကင်းကွာလွင့်ပျောက် အပူကြီး မရောက်ကြစေခြင်းအကျိုးငှာ။ နိဗ္ဗာန မဂ္ဂဘေဒနီ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားကို ခွဲခြားစိတ်ဖြာပေဖန်ရာ ဝေဖန်ကြောင်း ဖြစ်သောကြောင့် နိဗ္ဗာနမဂ္ဂဘေဒနီ အမည်ရှိသော ကျမ်းကို။ ကတာ၊ ကောဇာသက္ကရာဇ် ၁၂၇၈ ခုနှစ်သို့ ရောက်လျှင် ရေးသားပြုပြင် စီရင်အပ်၍ အပြီးသတ်သတည်း။

အရှင်မဟာသဓာဘိဝံသ
ပါဠိကာရီ



# သမိုင်း ကဏ္ဍ






## မဟာဗောဓိပင်

မဟာဗောဓိ ဆိုရာ၌ ဗောဓိ ဟူသော ပါဠိသည် သိမြင်တော်မူခြင်း၊ သိမြင်တော်မူရာဟု အဓိပ္ပာယ်ရသည်။ ဤအဓိပ္ပာယ်အရ ပါဠိစာပေ၌ အရိယာမဂ်၊ သဗ္ဗညုတဉာဏ်တော်နှင့် ဗောဓိပင် ဟူသော အနက် အဓိပ္ပာယ် သုံးမျိုးတို့ကို 'ဗောဓိ'ဟု ခေါ်ပါသည်။ အရိယာမဂ်သည် သစ္စာ လေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် ဗောဓိမည် သကဲ့သို့ သိသင့်သမျှ ဉေယျတရားတို့ကို သိမြင်နိုင်သောကြောင့် သဗ္ဗညုတ ရွှေဉာဏ်တော်သည် ဗောဓိမည်ပါသည်။ မြတ်ဗုဒ္ဓ ဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်ကိုကား သစ္စာလေးပါးကို သိမြင်တော်မူရာ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူရာ သစ်ပင်ထူးသစ်ပင်မြတ်ဖြစ်သောကြောင့်''ဗောဓိ''ဟုခေါ်သည်။

ထို့ကြောင့် မည်သည့် သစ်ပင် မဆို ဘုရားရှင်တို့ သစ္စာလေးပါး တရားကို သိမြင်တော်မူရာ၊ သဗ္ဗညုတဉာဏ်တော်ကို ရတော်မူရာ သစ်ပင် ဖြစ်လျှင် မူလ နာမည် အပြင် ဗောဓိပင် ဟူသော နာမည်ထူးကို ရပေသည်။ ဝေဿဘူဘုရား၏ ဗောဓိပင်သည် အင်ကြင်းပင် ဖြစ်သကဲ့သို့၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ ဘုရားရှင်တို့၏ ဗောဓိပင်များမှာ အစဉ်အတိုင်း ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်တို့ဖြစ်ကြသည်။ ထို ဘုရားရှင်တို့သည် ကုက္ကိုပင်၊ ရေသဖန်းပင်၊ ပညောင်ပင်ရင်းတို့၌ သစ္စာတရားကို သိမြင်တော်မူကြသည်။ ကျွန်ုပ်တို့ ကိုး ကွယ် သော

 

ဂေါတမရှင်တော် မြတ်ဘုရား သစ္စာလေးပါး မြတ်တရားကို သိတော်မူရာ သစ်ပင်ကား ညောင်ဗုဒ္ဓဟေ (ညောင်နီ) ပင် ဖြစ်၍ ထိုသစ္စာတရားကို သိတော်မူရာ ညောင်ဗုဒ္ဓဟေပင်ကို ဂေါတမ ဘုရား၏ သာသနာတော်၌ ဗောဓိပင်ဟု ခေါ်ရသည်။

ထိုဗောဓိပင်သည် ဂုဏ်အားဖြင့် ကြီးမြတ်သည့် သဘောရှိသောကြောင့် မဟာ (ကြီးမြတ်သော) ဟူသော နာမ ဝိသေသနပုဒ်ဖြင့် အထူးပြု၍ "မဟာဗောဓိပင်"ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပေသည်။

## ပူဇော်တိုက်သည့် သစ်ပင်

ထိုမဟာ ဗောဓိပင် အမည် ရသည့် ဗုဒ္ဓဂယာရှိ ညောင် ဗုဒ္ဓဟေပင်ကား "ကာဠုဒါယီသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောဏ္ဍာ၊ ဗုဒ္ဓဟေ" ဆိုသည့် ဘုရားရှင်၏ ဖွားဘက်တော် ခုနစ်ပါးတွင် တပါးအပါအဝင်ဖြစ်ခြင်း၊ သစ္စာလေးပါး မြတ်တရားတို့ကို သိမြင်တော်မူသည့် နေရာ သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရရှိတော်မူသည့် နေရာဖြစ်ခြင်းတို့ကြောင့်အလွန်ထူးခြားမြင့်မြတ်သည့် သစ်ပင်တည်း။ ယင်းသစ်ပင်မှာ ဗောဓိဉာဏ်ကိုရရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော (ဝါ) အသုံးပြုတော်မူသော သစ်ပင်မျိုး ဖြစ်၍ ပရိဘောဂ စေတီတော် ထိုက်ပေသည်။

မှန်ပါသည်။ ဇာတသနိပါတ်တော်လာ၊ ကာလိင်္ဂဗောဓိဇာတ်၌ အနန္တပိဏ်ဍ် သင့်ဌေးကြီး လျှောက်ထားသဖြင့် အရှင်အာနန္ဒာက ဘုရားရှင်အား စေတီတော် အကြောင်းကို လျှောက်ထားရာ ဘုရားရှင်က-

"စေတီတော်သည် သာရီရိက (ဓာတု) စေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿကစေတီဟု သုံးမျိုး ရှိ၏။ ထိုတွင် ဘုရားရှင်တို့အသုံးပြုတော်မူသည့် ဗောဓိပင်သည်လည်းကောင်း၊ ဘုရားရှင်၏ သပိတ်၊သင်္ကန်းစသော အသုံးအဆောင်များကို ဌာပနာ ထားရာ စေတီတော်သည်လည်းကောင်း၊ ပရိဘောဂစေတီ မည်၏။ သာရီရိက (ဓာတု) စေတီကို ငါဘုရားသက်တော် ထင်ရှားရှိစဉ် မပြုလုပ်နိုင်၊ ဥဒ္ဒိဿက စေတီနှင့် ပရိဘောဂ စေတီ နှစ်ပါးတို့ကိုမူ ပြုလုပ်နိုင်သည်။ ဘုရားရှင်တို့ အသုံးပြု တော်မူ သော ဗောဓိပင်မြတ်သည်ပင် ငါဘုရား သက်အတော် ထင်ရှားရှိစဉ်ပင် စေတီတော် မည်၏"

ဟု ဟောတော်မူထားသည်။

ထို့ကြောင့် ဂေါတမရှင်တော် ဘုရားပွင့်တော်မူရာ မဟာ ဗောဓိညောင်သည် ပရိဘောဂ စေတီ ဖြစ်၍ သတ္တဝါတို့ ပူဇော်သင့်ပူဇော်ထိုက်သည့် သစ်ပင်ထူး သစ်ပင်မြတ်ဖြစ်ပေသည်။

## ယခုဗောဓိပင်သည် မူလဗောဓိပင်လော

ဤနေရာ၌ ယခု ရှိနေသော ဗောဓိပင်သည် မူလ ဗောဓိပင်ကြီး ဟုတ်မဟုတ် စိစစ် တင်ပြပါမည်။

မြန်မာသက္ကရာဇ် ၁၁၆၇ခုနှစ်တွင် ဘိုးတော်မင်းတရားသည် ပိဋကတ်တော်နှင့် လောကီကျမ်းများကို ကူးယူရန်နှင့်မဟာဗောဓိပင်ကို ဖူးမြော်ရန် ရွှေတောင်သာဂသူ၊ ရွှေတောင်သီရိစည်သူစသည့် ထိုအမတ်ကြီးများကို အိန္ဒိယ နိုင်ငံသို့ စေလွှတ်ခဲ့ဖူးလေသည်။ ထိုအမတ်ကြီးများသည် ဘုရားရှင် ပွင့်တော်မူရာ မဇ္ဈိမ ဒေသရှိ မဟာဗောဓိပင်သို့ အရောက်သွားကြကာ မဟာဗောဓိပင်ကို စေ့စေ့စပ်စပ် ဖူးမြော်၍ ဆေး

ကျမ်း ဗေဒင် စသည့် လောကီကျမ်းများကို ယူဆောင် ပြန်လာခဲ့ကြသည်။ ထိုအမတ်ကြီးများ မဟာဗောဓိပင်နှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များကို မှန်နန်း ရာဇဝင်တော်ကြီးတွင် ဤသို့ မှတ်တမ်းတင်ထားခဲ့ပေသည်။

"ရွှေဘဝါးတော် အောက်မှ သွားရောက်ကြသော ကျွန်တော်မျိုး ဇေယျကျော်သူ၊ ဇေယျကျော်ထင်၊ ဇေယျကျော်စွာတို့လည်း အမိန့်တော်မြတ်နှင့်အညီ ဘုရား ပွင့်တော်မူရာ မဟာဗောဓိပင်တော်၏ ပုံသဏ္ဌာန်များ တိုင်းတာရေးသားကြသည်မှာ–

မဟာဗောဓိ ညောင်တော်ပင် စည်လုံးပတ် ၁၉ တောင် ၂ မိုက် ၅ သစ် ရှိသည်။ ပထမ အာလိန်၏ အထက်မျက်နှာပြင်မှ ပင်စည် အမြင့် ၇ တောင် အရောက်တွင် ၆ဖြာသော ခက်မကြီးတို့ ထွက်သည်။ထိုအထက်၌ ဒုတိယ ခက်မ ၄ဖြာ ထွက်သည်။ ထိုအထက်၌ တတိယ ခက်မ ၄ ဖြာ ထွက်သည်။

ထိုမှ အထက်ပြန်တက်သည့် ပင်စည်မှ ခက်လက် ခက်ငယ်ပေါင်း များစွာအရပ် မျက်နှာတို့သို့ ဖြာလျက်ရှိသည်။ အောက်ဆုံး ခက်မကြီး ၆-ဖြာအနက် တောင်အရပ်သို့ စူးစူးထွက်သည့် ခက်မကြီးမှ ခက်လက်သုံးခိုင်ဖြာသည်ထွင်လုံးပတ် ၅ ထွာ ၁ မိုက်ရှိသော အောက်ကိုင်းကို သီရိဓမ္မာသောကမင်းကြီး ဖြတ်ယူပင့်ဆောင်သဖြင့်ပြတ်လျက်ရှိသည်။

ထိုမဟာဗောဓိ၌ ခက်မကြီးတို့မှ ဖြာသော ကော်လက်ပေါင်း ၁၃၆ ရှိသည်။ ထွာဆိုင်ညိုဆိုင်အောက် ငယ်သော ဗောဓိခက်တို့သည်ကား မရေမတွက် နိုင်အောင်အလွန်စည်ကားများပြားသည်။ မဟာဗောဓိညောင်တော်၏ အရပ်တော်မှာ ပကတိ မြေမှခက်မကြီး ၆ ခု ဖြာသည့်တိုင်အောင် ၂၄ တောင် ၁ မိုက်၄ သစ်၊ ထိုခက်မကြီး ၆ ခု ဖြာရာမှ အထက်ဗောဓိ ညောင်တော်အဖျားတိုင်အောင် အတောင် ၆၀ ကျော်သည် ဖြစ်၍ ဗောဓိညောင်တော် တပင်လုံး အတောင် ၉၀ ခန့် အမြင့်ရှိသည်" ဟူ၍ ဖြစ်သည်။

ထိုအမတ်ကြီးတို့၏ မှတ်တမ်းကို ကြည့်လျှင် ထိုအမတ်ကြီးများ ဖူးမြင်ခဲ့ကြရသည့် မဟာဗောဓိပင်ကြီးမှာ မူလဗောဓိပင်ကြီး ဖြစ်ဟန်ရှိပေသည်။ သို့ရာတွင် မမြဲသောလောက ဓမ္မတာအရ ဘာသာခြားများ ဖျက်ဆီးသဖြင့် ထိုမူလဗောဓိပင်မှာ ယခုမရှိတော့ပြီ။ ယခု ဗောဓိမဏ္ဍိုင်ကုန်းတော်၏ နေရာတည်ရှိနေသော ဗောဓိပင်ကား ထိုမူလ ဗောဓိပင်ကြီး၏ ပင်ပွါး ဗောဓိပင်သာ ဖြစ်ပါသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ(၈)၁၅၁ ၌ကား ဗုဒ္ဓအယူဝါဒ ဘုရားဖူးများအတွက် ဗုဒ္ဓဂယာ၌ အမိက ဖူးမြော်ကြသော မဟာဗောဓိပင်သည် ပေ ၁၀၀ ခန့် မြင့်သည့် မဟာဗောဓိစေတီ၏ အနောက်ဘက်တွင် ရှိသည်။ မြတ်စွာဘုရားသခင်၏ ဖွားဘက်တော် တပါးဖြစ်၍ သဗ္ဗညုတဉာဏ်တော်ကို ရရှိခဲ့ရာဖြစ်သည့် မူလဗောဓိပင်ကား မဟုတ်ပေ။ သမိုင်းများ အဆိုအရ ဟိန္ဒူဘုရင် သသက်သည် ထိုဗောဓိပင်ကို ခုတ်လှဲဖျက်ဆီးခဲ့သည်။ သို့သော် ထိုမဟာ ဗောဓိပင်၏ အမြစ်နေရာမှပင် ဗောဓိပင် တပင်ပေါက်လာသည်။ ထိုဗောဓိပင်သည်လည်း ၁၈၇၀ ပြည့်နှစ်တွင် အပင်သေသွားရာ ထိုအချိန်က မဟာဗောဓိစေတီကို ဗြိတိသျှ အစိုးရ အမိန့်ဖြင့် ပြင်ဆင်မွမ်းမံလျက်ရှိသော ဆာအယ်လ်ဇန္ဒာကန်နင်က မူလဗောဓိပင်နေရာ၌ လဲကျသွားသောပင်မကြီးမှ အကိုင်းတကိုင်းကိုပြန်၍ စိုက်ပျိုးထားခဲ့ရာယခုဖူးတွေ့ရသော မဟာဗောဓိပင်သည် ထိုဗောဓိပင်ပွား ဖြစ်လေသည်" ဟု ဆိုထားပေသည်။

## အာနန္ဒာဗောဓိပင်

တခါ်နသောအခါက ဗုဒ္ဓမြတ်စွာသည် သတ္တဝါများကို ချီးမြှောက်တော်မူရန် ခရီးဒေသစာရီ ကြွတော်မူ နေပါသည်။ ထိုအချိန်တွင် သာဝတ္ထိပြည်သူ တို့သည် ဘုရားရှင်ကို ဖူးမြော်ရန် ပန်းနံ့သာ စသည်တို့ကို ယူဆောင်လာကြရာ ဘုရားရှင်ကို မဖူးမြင်ရသဖြင့် ပန်းနံ့သာတို့ကို ဂန္ဓကုဋီ တံခါးဝ၌ပင် ပစ်ချခဲ့ကြပြီး စိတ်ပျက်စွာ ပြန်သွားကြရပါသည်။ ထိုအကြောင်းကို အနာထပိဏ်သဌေးကြီးမှ တဆင့် အရှင်အာနန္ဒာ သိရှိသဖြင့်-

> ''ရှင်တော်မြတ်ဘုရား- အရှင်မြတ်တို့ဒေသစာရီ ကြွချီတော် မူနေသည့်အခါ ဇေတဝန် ကျောင်းတော်ကြီးမှာ ကိုးကွယ်မဲ့ ဖြစ်နေကြပါသည်။ ဒါယကာ ဒါယိကာမများမှာ မပူဇော်နိုင်ကြပါ။ သို့ဖြစ်၍ မဟာဗောဓိပင်မှ အစေ့ကို ယူဆောင်ပြီး ဇေတဝန်ကျောင်းတော် တံခါးမုခ်၌ စိုက်လိုပါသည် ဘုရား''

ဟုလျှောက်ထား၏။ ဘုရားရှင်က ''ဗောဓိပင်ကို စိုက်ပျိုးထားလျှင် ငါဘုရား အမြဲနေဘိသကဲ့သို့ ဖြစ်၍ ကောင်းလှမေသည်''ဟု ခွင့်ပြုတော်မူလိုက်သည်။

ဘုရားရှင်၏ ခွင့်ပြုချက်ကို ရသည့်အခါ အရှင်အာနန္ဒာသည် တန်ခိုးအကြီးဆုံးဖြစ်သော အရှင်မဟာမောဂ္ဂလာန် မထေရ်အား မဟာဗောဓိပင်မှ ဗောဓိသီးကို ယူဆောင်ပေးပါရန် လျှောက်ထားသည်။ အရှင်မဟာမောဂ္ဂလာန် မထေရ်သည် ဗောဓိမဏ္ဍိုင်ကုန်းတော်သို့ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍ အညှာမှ ကြွေကျဆဲဖြစ်သော ဗောဓိသီးမှည့်ကို မြေသို့ မရောက်မီ သင်္ကန်းဘော်ဖြင့် ခံယူတော်မူကာ အရှင်အာနန္ဒာလက်သို့ ပေးအပ်သည်။ အရှင်အာနန္ဒာသည်ထိုဗောဓိသီးမှည့်ကိုကောသလဘုရင်၊ အနာထပိဏ်သဌေး၊ ဝိသာခါကျောင်းအမ စသူတို့၏ အကူအညီဖြင့် ဇေတဝန်ကျောင်းတော်ကြီး၏ တံခါးဝတွင် ကြီးကျယ်ခမ်းနားစွာ စိုက်ပျိုးသည်။

အနာထပိဏ်သဌေးကြီးသည် နံ့သာညွန့်ပျောင်းတို့ကိုယက်၍ ဗောဓိသီးမှည့်ကို ချလိုက်သည်နှင့် တပြိုင်နက် ထွန်တုံးပမာဏ ပင်စည်ရှိ၍ အတောင်ငါးဆယ်မြင့်သော ဗောဓိပင်ကြီး အံ့ဩဖွယ်ရာ ပေါက်လာ၍ ပင်စည်မှ အတောင်ငါးဆယ်စီ ရှိသော ခက်မကြီး ငါးဖြာတို့ ဖြာထွက်လာကြသည်။ မင်းနှင့် ပြည်သူတို့သည် ထိုမဟာဗောဓိပင်မြတ်အား ကြီးစွာသော ပူဇော်သက္ကာရကို ပြုကြသည်။ ဗုဒ္ဓမြတ်စွာသည်လည်း မဟာဗောဓိပင်ရင်း၌ တညဥ့်ပတ်လုံး သမာပတ်ချမ်းသာ ခံစား၍ နေတော်မူသည်။ ထိုမဟာဗောဓိပင်ကား အရှင်အာနန္ဒာမထေရ် ကြိုးမှုးစိုက်ပျိုးသော ဗောဓိပင် ဖြစ်သောကြောင့် ''အာနန္ဒာဗောဓိပင်''ဟု ယခုတိုင် အမည်တွင်လျက်ရှိသည်။

## ဒက္ခိဏသာခါ မဟာဗောဓိပင်

ဤအာနန္ဒာဗောဓိ အပြင် သာသနာတော်တွင် ယခုတိုင် ထင်ရှားရှိနေသေးသော မဟာဗောဓိပင် တပင်ရှိသေးသည်။ ထိုဗောဓိပင်ကား သီရိလင်္ကာနိုင်ငံ၌ရှိသော ''ဒက္ခိဏသာခါမဟာဗောဓိပင်'' ဖြစ်သည်။ ဘုရားပွင့်တော်မူရာ မူလမဟာဗောဓိပင်ကြီး၏ တောင်ကိုင်းမှ ဖြစ်လာပေါက်လာသော ဗောဓိပင်ဖြစ်၍ ဒက္ခိဏသာခါဗောဓိပင်ဟု ခေါ်သည်(ဒက္ခိဏ=တောင်ဘက်၊ သာခါ=အကိုင်း)။ထိုဒက္ခိဏသာခါ မဟာဗောဓိပင်ကား ကြည်ညိုဖွယ်ရာ၊အံ့ဩဖွယ်ရာ၊စိတ်ဝင်စားဖွယ်ရာ၊ အလွန်ကောင်းသော မဟာဗောဓိပင်တည်း။

တတိယ သံဂါယနာတင်ပွဲကြီး အပြီးတွင် အရှင်မဟာ မောဂ္ဂလိပုတ္တတိဿ မထေရ်ကြီး သည် သာသနာတော် ပြန့်ပွားရေးအတွက် ကိုး တိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်တော် မူခဲ့ပါသည်။ ထိုစဉ်က သီဟိုဠ်ကျွန်း (ယခုသီရိ လင်္ကာနိုင်ငံ) ၌ သာသနာပြုရန် ပါဋလိပုတ် ပြည့်ရှင်၊ သီရိဓမ္မာသောက ဘုရင်ကြီး၏သား တော် ရှင်မဟာမဟိန္ဒတာဝန်ကျခဲ့၏။ ထိုအရှင် သည် သာသနာတော် သက္ကရာဇ် ၂၃၆ ခုနှစ် တွင် သီဟိုဠ်ကျွန်းသို့ သာသနာပြု ကြွသွား သည်၊ ထိုကျွန်း၌သာသနာပြုစဉ် သကဒါဂါမိ တည်ပြီးသော အနုဠာဒေဝီမိဖုရား အမှူးရှိသည့် နန်းတွင်းသူ အမျိုးသမီး ငါးရာတို့မှာ ဘိက္ခုနီ ပြုလုပ်လိုကြသဖြင့် ထိုကျွန်းတွင် ဘိက္ခုနီ သာ သနာမျိုးစေ့ ချပေးရန်အကြောင်း ပေါ်လာ သည်။ ထိုကြောင့် သီဟိုဠ်ပြည့်ရှင်၊ ဒေဝါနံပိ ယတိဿ ဘုရင်နှင့် တိုင်ပင်၍ ဘုရင့်တူတော် အရိဋ္ဌအမတ်အား မဟာဗောဓိပင်နှင့် နှမတော် သံဃမိတ္တာထေရီမတို့အား ပင့်ဆောင်ရန်အိန္ဒိယ နိုင်ငံ ပါဋလိပုတ်ပြည်သို့ စေလွှတ်လိုက်သည်။

သီရိဓမ္မာသောက မင်းကြီးသည် အရိဋ္ဌ အမတ်၏ လျှောက်တင်ချက်အရ မဟာဗောဓိပင် ပင့်ဆောင်ရေး ကိစ္စကို အရှင်မဟာ မောဂ္ဂလိ ပုတ္တတိဿ မထေရ်မြတ်အား လျှောက်ထား၏။ မင်းကြီးသည် မထေရ်မြတ် မိန့်တော်မူသည့် အတိုင်း ပူဇော်ကိစ္စအားလုံးကို ပြုလုပ်ပြင်ဆင် ပြီးသည့် အခါ ထီးဆောင်း မင်းတထောင် တို့နှင့်တကွ စစ်သည် ဗိုလ်ပါအပေါင်းခြံရံလျက် အလျား ခုနစ်ယူဇနာ၊ အနံ သုံးယူဇနာရှိသော ပရိသတ် အပေါင်းအား (အဝန်း ကိုးတောင်၊ အမြင့် ငါးတောင်၊ အချင်းသုံးတောင်၊ ထု ၈ လက်သစ်) ရွှေဖျဉ်းအိုးကြီးကို ဝိုင်းအုံ ချီမစေ ပြီး မဟာဗောဓိမဏ္ဍိုင်ကုန်းတော်သို့ ကြွချီ တော်မူ၏။

မဟာဗောဓိပင်သို့ ရောက်သည့်အခါ မင်း ပရိသတ် အပေါင်းစုံတို့သည် ပွဲလမ်းသဘင်ကို ခင်းကျင်းပူဇော်ကြပြီး မဟာဗောဓိပင်ရင်းသို့ ချဉ်းကပ်ကြကာ လက်အုပ်ချီမိုး ရှိခိုးပူဇော်ကြ သည်။ ထိုအခါ ပရိသတ်များသည် မဟာဗော ဓိပင်စည်နှင့် လက်ယာဆောင်ကိုင်း (ဒက္ခိဏ သာခါ)၏ အရင်းဘက် လေးတောင်ခန့်မျှတို့ သာ ဖူးမြင်ကြရ၏။ အခြား အစိတ်အပိုင်းများ မှာ ပျောက်ကွယ်လျက် ရှိကြသည်။ ယင်းသို့ အံ့ဩဖွယ်ရာ တန်ခိုးပြာဋိဟာကို တွေ့မြင်ရသည့် အခါ မင်းကြီး၏ စိတ်၌ အလွန်ယုံကြည်မှု၊ ဝမ်း သာမှု၊ အားရမှုများ ဖြစ်ပေါ်လာပြီး "မဟာ ဗောဓိပင်အား မင်းစည်းစိမ်ကိုပေးလှူပူဇော်၏။ အကြိမ် တထောင်တိုင်တိုင် အဘိသိက် သွန်း လောင်း၏။ ပန်းနံ့သာများ ကိုင်စွဲလျက် သုံး ကြိမ်တိုင်တိုင် လက်ယာရစ် လှည့်လည်ပူဇော်၏။

ထို့နောက် ဗောဓိပင်၏ လက်ယာတောင် ကိုင်းအောက်၌ အသင့်ပြုလုပ်ထားသည့် ရတနာ အင်းပျဉ်ထက်တွင် ရွှေဖျဉ်းအိုးကြီးကို တည် ထား၍ ထိုအင်းပျဉ် ပေါ်တွင် မင်းကြီးကိုယ်တိုင် ရပ်ကာ လက်ယာတောင်ကိုင်းကို ရွှေစုတ်တံဖြင့် ဟင်္သာ ပြဒါး အရေးကိုသားလိုက်၏။ "အ ကယ်၍ မဟာဗောဓိပင်သည် သီဟိုဠ်ကျွန်း၌ တည်အံ့၊ ငါသည်လည်း ဘုရားသာသနာ၌ ယုံမှားကင်းသည်ဖြစ်အံ့၊ မဟာဗောဓိပင်သည် ရွှေဖျဉ်း၌ တည်စေသတည်း" ဟု သစ္စာဆို၏။ မင်းကြီး သစ္စာဆိုပြီးသည်နှင့် တပြိုင်နက် မဟာ ဗောဓိ လက်ယာတောင်ကိုင်းသည် ဟင်္သာပြဒါး အရေးအသားအတိုင်း ပြတ်ကာ ရွှေဖျဉ်း၌ တည်လေ၏။ ပင်စည်အမြင့်မှာ ဆယ်တောင်ရှိ၍ လေးတောင်စီရှိသော ခက်မငါးခုတို့၌ ဗောဓိ သီး ငါးလုံးပါလေ၏။ ခက်လက်ခက်သေးတို့ မှာတထောင်ရှိ၏။ ဗောဓိသီး ငါးလုံးမှ ရောင် ခြည်တော် ခြောက် သွယ် တို့ သည် ဖူးမြော်၍

မငြိုးနိုင်အောင် တညီးညီးတထိန်ထိန် ထွက်ကြွကွန့်မြူးကြကုန်၏။ ထိုနေ့မှာ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့ဖြစ်သည်။

ထိုနေ့၌ပင် မဟာဗောဓိပင်ပျိုသည်ရွှေဖျဉ်းနှင့်တကွ ကောင်းကင်သို့ကြွ၍ ဆီးနှင်းတိမ်တိုက်သို့ဝင်ကာ ခုနစ်ရက်ပတ်လုံး တည်နေ၏။ အာသောကမင်းကြီးသည် ရတနာ အင်းဖျဉ်မှ ဆင်း၍ ခုနစ်ရက်ပတ်လုံး ဗောဓိပင်ကို ပူဇော်နေ၏၊ ခုနစ်ရက်မြောက်သောနေ့တွင် ဗောဓိပင်ပျိုသည် မူလနေရာတွင် ရွှေဖျဉ်းနှင့် အတူတည်လာ၏။ မင်းကြီးသည်မဟာဗောဓိပင်ကို အနောတတ်ရေစင်ဖြင့် ခုနစ်ရက်ဘတ်လုံး အဘိသိက်သွန်းလောင်းပူဇော်၏။ သီတင်းကျွတ်လကွယ်နေ့တွင် မဟာဗောဓိပင်ပျိုကို ပါဋလိပုတ်နေပြည်တော်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ခဲ့လေသည်၊

တန်ဆောင်မုန်း လဆန်း ၁ ရက်နေ့တွင် မဟာဗောဓိပင်ကို မြို့အရှေ့ဘက် အင်ကြင်းပင်ရင်း၌ တည်ထားရာ လဆန်း ၂ ရက်နေ့၌ ထိုဗောဓိပင်ပျိုမှ အညွန့်သစ် ကိုးညွန့်ပေါ်လာ၏။ ထိုအခြင်းအရာကို မင်းကြီး ပင့်သည့်အခါ ဗောဓိပင်ကို အဘိသိက်သွန်း၍ မင်းစည်းစိမ်ဖြင့် ပူဇော်ပြန်၏၊ ထို့နောက် မဟာဗောဓိပင်ပျိုကို သီဟိုဠ်သို့ပင် ပင့်ဆောင်ရန် သမီးတော် သင်္ဃမိတ္တာထေရီမအား အပ်နှင်းလိုက်၏။ သမုဒ္ဒရာကမ်းခြေသို့ ရောက်သည့်အခါ မဏ္ဍပ်ကြီး ဆောက်လုပ်၍ မဟာဗောဓိပင်ကို ဇမ္ဗူဒိပ်မင်း၏ စည်းစိမ်ဖြင့် သုံးကြိမ်မြောက် ပူဇော်ကာ အနောတတ်ရေစင်ဖြင့် အဘိသိက်သွန်းပြန်၏။

သီဟိုဠ်ကျွန်း၊ ဇမ္ဗုကောလသ သင်္ဘောဆိပ်သို့ ဗောဓိပင်ဆိုက်ရောက်လာသည့်အခါ ဒေဝါနံပိယတိဿမင်းကြီးသည် လည်ပင်းနစ်သည့်အထိ ရေသို့ဆင်း၍ ဗောဓိပင်တော်ကို ဦးခေါင်းဖြင့် ချီပင့်ကာ ထိုဆိပ်ကမ်း၌ပင် သုံးရက်ပတ်လုံးပြည်စည်းစိမ်ဖြင့် ပူဇော်၏။ လေးရက်မြောက်နေ့တွင် အနုရာဓ မြို့ဘော်သို့ အခမ်းအနားဖြင့် ပင့်ဆောင်ရာ လမ်းတလျှောက်လုံးဘွင် ရဟန်းရှင်လူ အပေါင်း သောင်းသောင်း ဖြဖြ ဖူးမြော်ပူဇော်ကြသည်။ တဆယ့်လေးရက်မြောက် ညချမ်း၌ မြောက်ဘက်မျက်နှာ တံခါးဖြင့် မြို့တွင်းသို့ဝင်၍ တောင်မျက်နှာတံခါးမှထွက်ပြီး မေဃဝန် ဥယျာဉ်တော်အတွင်း၌ ထား၏။ ထိုမဟာဗောဓိပင်ထားရာ အရပ်ကား သာမန် အရပ်မဟုတ်။ ကကုသန်အစ ဂေါတမအဆုံး ဘုရားလေးဆူတို့ နိရောဓသမာပတ်ဝင်စားတော်မူဖူးသည့် အရပ်ဖြစ်သည့်ပြင် ရှေးဘုရားသုံးဆူတို့၏ ဗောဓိပင်တို့ကို စိုက်ပျိုးခဲ့ဖူးရာ အရပ်လည်းဖြစ်ဖြစ်ပါသည်။

ဤသို့ဖြင့် ရှင်မဟိန္ဒအမှူးရှိသော သံဃာ ပရိသတ်နှင့် သီဟိုဠ်ဘုရင် အမှူးရှိသော မင်းပရိသတ် အပေါင်းတို့သည် အသင့်ပြင်ဆင် ရှင်းလင်း သုတ်သင်ပြီး ဖြစ်သည့် ယင်းနေရာ၌ပင် ဒက္ခိဏသာခါ မဟာဗောဓိပင်ပျိုကို စိုက်ပျိုးလိုက်ကြလေသည်။ ထိုဗောဓိပင် စိုက်ပျိုးသည့် အခမ်းအနား၌လည်း မဟာဗောဓိပင်သည် ကောင်းကင်သို့ အတောင်ရှစ်ဆယ် အထိမြင့်တက်၍ ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်တော်မူ၏။ ရှေးကကဲ့သို့ ဆီးနှင်း တိမ်တိုက်ထဲ၌ ခုနစ်ရက်ပတ်လုံး တည်နေတော်မူ၏။

ထိုနောက် ပရိသတ်များ ဖူးမြော်နေစဉ် မြောက်ဘက်ကိုင်းမှ ဗောဓိသီး တလုံးမှည့်၍ ကြွေကျလာပြီး ရှင်မဟိန္ဒလက်ပေါ်၌ တည်လာ၏။ မင်းကြီးသည် ထိုဗောဓိသီးကို ရွှေဖျဉ်း၌ စိုက်ပျိုးရာ လေးတောင်စီ မြင့်သော ဗောဓိပင်ငယ် ရှစ်ပင်ပေါက်လာ၏၊ ယင်းသို့သော အံ့ဩဖွယ်ရာများကို မင်းကြီး မြင်ရသောအခါ ထိုဗောဓိပင်ငယ်တို့ကို ထီးဖြူများ ဖြင့်ဖြန့်မိုး ပူဇော်ကာ

အဘိသိက်သွန်း တော်မူ၏။ ဤနည်းအတိုင်း ကျန်ဗောဓိသီး လေးလုံးမှလည်း ဗောဓိပင်ငယ် ရှစ်ပင်စီ ပေါက်လာခဲ့ရာ ဗောဓိပင်ပွားပေါင်း အပင် ၄၀ ရှိသောဟူ၏။

သို့ဖြစ်၍ သင်္ဃမိတ္တာထေရီမ ဆောင်ယူခဲ့ သည့် ပင်မကြီးနှင့် ဆိုသော် ထိုစဉ်အခါ က သီဟိုဠ်ကျွန်း တွင် ဗော ဓိပင်ပေါင်း ၄၁ ပင် ရှိလေသည်။ ထိုဗောဓိပင်များသည် ဘုရားရှင် ပွင့်တော်မူရာ မဟာဗောဓိပင်ကြီး၏ တောင်ကိုင်းမှ ဖြစ်ပေါ်လာခဲ့သော အပင်များ ဖြစ်၍ ထိုဗောဓိပင်တို့ကို ဒက္ခိဏသာခါ မဟာ ဗောဓိပင်များဟု ခေါ်ဝေါ်ကြပေသည်။

ထိုအပင်များသည် သင်္ခါရတရားချည်းဖြစ်၍ အမြဲတည်နိုင်သောသဘောမရှိချေ။ထိုအပင်များ အနက် အချို့အပင်တို့ သေပျောက်ကြကုန်ပြီဟု ဆိုကြလေသည်။ ထိုအဆိုသည် "နှစ်ဆယ့်နှစ်ပင် သော ဗောဓိပင်ဘို့ကို ပူဇော်ရန်လှူလိုက်သည်" ဟူသော ကလျာဏီသိမ် ကျောက်စာကိုလည်း ကောင်း "အစောင့်အိမ်ခြေတရာနှင့် သင်္ဃမိတ္တာ ဆောင်ယူခဲ့သည့် ဗောဓိပင်သာ တွေ့မြင်ခဲ့ရ ကြောင်း"ဟူသော ဆင်ဖြူရှင် မင်းတရားလက် ထက် သာရလင်္ကာရ သူမြတ်နှုတ်ထွက်စာတန်းကို လည်းကောင်း ထောက်သော် မှန်ကန်သော အဆိုဖြစ်တန်ရာ၏ဟု သမန္တစက္ခု ဒီပနီကျမ်း တွင် မုံရွေးဆရာတော်ဘုရားကြီး မိန့်ကြားတော် မူပါသည်။

## ဒက္ခိဏသာခါ ဆင်းတုတော်

သီဟိုဠ်နိုင်ငံသားတို့သည် ထိုဗောဓိပင်များမှ ကျိုးပဲ့ပြုတ်ကျသော အကိုင်းများကို ခုတ်ပိုင်း၍ လည်းကောင်း၊ နှစ်ပေါင်းကြာညောင်း၍ လဲပြို ခြောက်သွေ့သွားသော ဗောဓိပင်စည်များကို ဖြတ်တောက်၍ လည်းကောင်း၊ အရွက်များ၊ အကိုင်းခြောက်ကလေးများကိုအမှုန့်ကြိတ်၊ သား ရိုးကိုင်၍လည်းကောင်း၊ပုံသဏ္ဌာန်တမျိုးဖြင့် ဗုဒ္ဓ ရုပ်ပွား ဆင်းတုတော်များကို စီမံထုလုပ် ကိုး ကွယ်ခဲ့ကြပေသည်။ ထိုဆင်းတုတော်များကို ဒက္ခိဏသာခါ ဗောဓိပင်များ၏ အကိုင်းအခက် အရွက် စသည်တို့ဖြင့် ထုလုပ်သောကြောင့်"ဒက္ခိ ဏသာခါ ဆင်းတုတော်"ဟု ခေါ်ကြသည်။

သက္ကရာဇ် ၇၈၈ ခုနှစ်တွင် အင်းဝနေပြည် တော်၌ နန်းတက်တော်မူသော မိုးညှင်းမင်း တရားလက်ထက်တွင် ထိုဒက္ခိဏသာခါ ဆင်းတု တော်အကြီး အငယ် အဆူသုံးရာကျော် သီဟိုဠ်မှ ရောက်လာကြောင်း မြန်မာမင်း မှူး မတ်မှစ၍ ရဟန်းရှင်လူ ပြည်သူအများ အမြတ်တနိုး ကိုး ကွယ်ကြသည်ဟု သမန္တစက္ခုဒီပနီကျမ်း၌ မိန့်ဆို ထားသည်။ ထိုအချိန်အခါမှ စ၍ မြန်မာနိုင်ငံ တွင် ဒက္ခိဏသာခါ ဆင်းတုတော်များပေါ်လာ သည်ဟု ယူဆရန် ရှိပေသည်။

## မြန်မာနိုင်ငံနှင့် မဟာဗောဓိပင်

မဟာဗောဓိပင်တော်ကား ပရိဘောဂစေတီ ကိုက်သည့် အပင်ထူး အပင်မြတ်ဖြစ်၍ ဗုဒ္ဓသာသ နာတော်နှင့် အဓိကဆက်စပ်လျက်ရှိသည်။သီဟိုဠ် နိုင်ငံသို့ ဗုဒ္ဓသာသနာရောက်သည်နှင့် တပြိုင် နက် ဒက္ခိဏသာခါ မဟာဗောဓိပင်သည်လည်း သီဟိုဠ်သို့ ရောက်လာခဲ့သည်ကို တင်ပြခဲ့ပြီး ဖြစ် သည်။ ဤတင်ပြချက်သည် ဗုဒ္ဓသာသနာနှင့် မဟာဗောဓိပင်တို့ အဓိက ဆက်သွယ်လျက်ရှိ ကြောင်း ဗုဒ္ဓသာသနာရောက်သည့် ဒေသသို့ မဟာဗောဓိပင်လည်း ရောက်လာရကြောင်းတို့ ကို ထင်ရှားစွာ ပြသနေပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့လည်း သာသနာတော်ရောက်စက ပင် မဟာဗောဓိပင် ရောက်လာခဲ့ လိမ့်မည်ဟု ယူဆရသည်။

မှန်ပါသည်။ ရှေးမြန်မာကြီးတို့သည် ဒုတိယ မြန်မာလကို ကဆုန်လဟု နာမည်ပေးထားခြင်း

မှာ ဗောဓိညောင်ပင်အား ရေသွန်းလောင်းခြင်းကို အစွဲပြု၍ ပေးခဲ့ခြင်း ဖြစ်ပေသည်။ ဤသည်ကိုထောက်လျှင် အလွန်ရှေးကျသော ခေတ်ကပင် မြန်မာနိုင်ငံသို့ ဗောဓိပင်များ ရောက်နေပြီ ဖြစ်ကြောင်း သိသာပေသည်။ "က(မိ)န်ပယ်ကူလေပြီအေ်။ ညောင်မိဖုန်"-ဟူသောသက္ကရာဇ် ၅၆၃-ခုဆို၊ သင်ကြီး ညောင်အုပ်ကျောက်စာ (ကျော-၂-၃)နှင့် "မိဖုန်၊ သင်္ကြန်၊ စာရိယ်၊ ညောင်ရေသွန်း မပြယ်စိတ်လျှင် တည်၏" ဟူသော သက္ကရာဇ် ၆၅၃ ခုနှစ်စွဲ၊ ပုဂံမြို့ စောလှဝန်း ဘုရားကျောက်စာ (ကျော-၂၂-၂၃) အထောက်အထားများအရ ပုဂံခေတ်တွင် မဟာဗောဓိညောင်ပင်များ ရှိနေပြီ ဖြစ်ကြောင်းကိုမူ အသေအချာ ဆိုနိုင်ပေသည်။

သို့ရာတွင် ပုဂံခေတ်ဦးပိုင်းတွင် အိန္ဒိယနိုင်ငံ၊ သီဟိုဠ်နိုင်ငံတို့နှင့် သာသနာရေး အဆက်အသွယ်ရှိခဲ့သော်လည်း အနော်ရထာမင်း၊ ကျန်စစ်သားမင်းတို့ မဟာဗောဓိပင် စိုက်ပျိုးသည့် အကြောင်း သမိုင်းမှတ်တမ်းများ၌ မတွေ့ရချေ။ အစောဆုံး တွေ့ရသည့်အချိန်မှာ သက္ကရာဇ် ၅၃၆ ခုနှစ်တွင် နန်းတက်သည့် နရပတိစည်သူမင်းလက်ထက် ဖြစ်ပါသည်။ ထိုမင်းလက်ထက် မတိုင်မီ ပေါင်းလောင်းရှင်ဟု ခေါ်ကြသော အရှင်ကဿပမထေရ်သည် သီဟိုဠ်သို့ ကြွသွားပြီးအပြန်တွင် မဟာဗောဓိ ညောင်စေ့၊ မဟာစေတီပုံတော်၊ လောဟပါသာဒပြာသာဒ်ပုံတော်နှင့် ဓာတ်တော်မွေတော်များကို ယူဆောင်လာပြီး နရပတိစည်သူမင်းအား ပေးတော်မူကြောင်းကို မှတ်တမ်းဟောင်းများ၌ တွေ့ရသည်။

ထိုနောက် ပင်းယခေတ်တွင် "ဥဇနာမင်းကြီးသည် သက္ကရာဇ် ၇၀၂ ခုနှစ်တွင် ပင်ကျေးအရပ်၌ စကားခုနစ်ကျောင်းကို ဆောက်လုပ်လှူဒါန်းတော်မူပြီး စမ္ပကမည်သောကျောင်းမတော်ကြီး၏ အရှေ့မြောက်တွင် မင်းကြီးကိုယ်တိုင် လက်တော်နှင့် ကိုင်၍ ဗောဓိညောင်ပင် စိုက်တော်မူ၏" ဟု သာသနာလင်္ကာရစာတမ်း၌ ပြဆိုထားသည်။ မွန်ဘုရင်ဓမ္မစေတီမင်း ၊ ၃၃ လက်ထက်၌လည်း ဓမ္မစေတီမင်းကြီးသည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး အနောက်မြောက်ဘက် ဆံတော်ကြိုလင်း (ယခုဝင်ဒါမီယာ) နံဘေးရှိ ကုန်းတော် (ယခုဗောဓိကုန်း) ပေါ်တွင် သီရိလင်္ကာနိုင်ငံ ဒက္ခိဏာသာခါဗောဓိပင်တော်မှရသည့်မျိုးစေ့ကို စိုက်ပျိုးခဲ့သည်ဟု ဆိုပေသည်။

ကုန်းဘောင်ခေတ်၌လည်း ဘိုးတော်မင်းတရားကြီးသည် အိန္ဒိယနိုင်ငံ မဟာဗောဓိပင်စောင့် မဟာပါလာဂီရိဂူသံဃိက ဆက်သလိုက်သည့် ဗောဓိပင်ငယ်နှစ်ပင်ကို မင်းကွန်းဘုရားကြီး၏ မြောက်ဘက်တွင် ကိုယ်တော်တိုင် စိုက်ပျိုးခဲ့သကဲ့သို့ ဘကြီးတော်ဘုရားသည်လည်း ၁၁၉၆ ခုနှစ်တွင် ဗုဒ္ဓဂါယာမှ ဝန်ထောက်မင်းကြီး မဟာစည်သူ၊ စာရေးကြီး မင်းလှနန္ဒကျော်ထင်တို့ ပင့်ဆောင်လာသည့် မဟာဗောဓိပင်တော်ကို ရွှေနန်းတော်ကြီး၏ အနောက်တောင်ဘက် အလုံဝန်ကြီးကိုးကွယ်သည့် ကျောင်းတိုက်အတွင်း မြေကွက်လပ်တွင် ပွဲသဘင်စုံခင်းကျင်းပြီး မင်းကြီးကိုယ်တိုင် စိုက်ပျိုးတော်မူခဲ့သည်။

မင်းတုန်းမင်းတရားကြီး လက်ထက်၌လည်း ၁၂၂၂ ခုနှစ်တွင် သီရိလင်္ကာ ရဟန်းတော်တို့ ပို့သလိုက်သည့် ဗောဓိပင်နှစ်ပင်ကို မန္တလေးမြို့ ယခုဗောဓိကုန်းအရပ်၌ မင်းတရားကြီးကိုယ်တိုင် စိုက်ပျိုးတော်မူသည့်အပြင် ၁၂၂၇ ခုနှစ်တွင် မဇ္ဈိမဒေသ မဟာဗောဓိပင်တော်အရပ်က ဆောင်ယူဆက်သသည့် မဟာဗောဓိပင်တော်ကိုလည်း မန္တလေးမြို့ ကျောက်တော်ကြီးဘုရား မဟာရံတံတိုင်းအတွင်း အရှေ့မြောက်ထောင့်

အရပ်၌ ဗောဓိပင်စိုက်အခမ်းအနားဖြင့် ကိုယ်တိုင် စိုက်ပျိုး ကိုးကွယ်တော်မူ၏။ မဟာရံတံတိုင်း ပြင်တပ်အတွင်း အနောက်မြောက်ဘောင့်အရှေ့တောင်ထောင့်နှင့် အနောက် တောင်ထောင့်အရပ်များ၌လည်း ဗောဓိပင်များ စိုက်ပျိုးတော်မူသည် ဆိုပေသည်။

သက္ကရာဇ် ၁၉၄၈ ခုနှစ်ဇန်နဝါရီလ ၄ရက် မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားကြီး၏ရာဟုထောင့်၌ အိန္ဒိယနိုင်ငံ မဟာဗောဓိပင်မှ အကိုင်းကို ယူဆောင်၍ ဗောဓိပင် တပင် စိုက်ပျိုးခဲ့သည်။ ထိုမဟာဗောဓိပင်၏ လက်ယာဘက်တွင် ဘဏ္ဍာတော်ထိန်းအဖွဲ့က ၁၉၀၅ ခုလောက်၌ စိုက်ပျိုးခဲ့သည့် ဗောဓိပင်လည်း ရှိသည်။ ထို့ပြင်ရွှေတိဂုံ စေတီတော်ကြီး၏ အရှေ့တောင်ထောင့်(အင်္ဂါထောင့်)အတွင်းဘက်တွင် ဗုဒ္ဓဂယာရှိဗောဓိပင်မှ အစေ့ကို ယူ၍ စိုက်ပျိုးထားသောဗောဓိပင်ကြီးတပင် ရှိပါသေးသည်။ ထိုဗောဓိပင်ကို မယ်ဒက်ဆရာတော် ဗောဓိညောင်ပင်ဟု ခေါ်သည်။

ဤသို့ဖြင့် မြတ်စွာဘုရား ရွှေတိဂုံ၏ ရင်ပြင်တော်ပေါ်ရှိ မဟာဗောဓိပင်များသည်လည်းမကောင်း၊ ကမ္ဘာအေး သီရိမင်္ဂလာ ကုန်းမြေရှိ ဟောဗောဓိပင်များသည်လည်းကောင်း၊နောက်ပိုင်းခေတ်အဆက်ဆက်တွင် စိုက်ပျိုး ကိုးကွယ်ကြသည့်ဗောဓိပင်များ ဖြစ်ပါသည်။

၁၃၄၆ ခုနှစ် ကဆုန်လပြည့် နေ့၌ လည်း မဟာဝိဇယစေတီတော် တည်ဆောက်လျက် ရှိသည့် ရန်ကုန်မြို့ ဓမ္မရက္ခိတကုန်းတော်ပေါ်၌လည်း မဟာဗောဓိပင်ပျိုတပင်ကို ရန်ကုန်တိုင်းပြည်သူ့ကောင်စီက ကြီးမှူးပြီး ဗောဓိပင်စိုက်အခမ်းအနားဖြင့် စိုက်ပျိုးခဲ့ပါသည်။

၁၃၄၆ ခုနှစ် ဝါဆိုလပြည့် ဓမ္မစကြာနေ့၌လည်း စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင်ဦး ကိန္နရာတောင်ထိပ်၌လည်း မဟာဗောဓိပင်ပျိုတပင်ကို သီတဂူဆရာတော်အရှင်ဉာဏိဿရ ကြီးမှူး၍ စိုက်ပျိုးခဲ့ကြလေသည်။ ထိုဗောဓိပင်ပျိုကို ဆရာတော်အရှင်ဉာဏိဿရသည် သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်လာခဲ့သော သဃမိတ္တာ ဗောဓိ သို့မဟုတ် ဒက္ခိဏသာခါ ဗောဓိပင်မှ ပင်ပွားဖြစ်ပါသည်။

ဤကဲ့သို့ မဟာဗောဓိပင်များ စိုက်ပျိုးကိုးကွယ်ခြင်း အစဉ်အလာသည် ဗုဒ္ဓရှင်တော်မြတ်ဘုရားသက်တော်ထင်ရှားရှိတော်မူစဉ်ကပင် ရှိခဲ့သော အစဉ်အလာကောင်းတခု ဖြစ်ပါသည်။ ထိုအစဉ်အလာအရ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများကို တနိုင်ငံမှ တနိုင်ငံသို့ ဘာသာလက်ဆောင်အဖြစ် ပေးပို့ခြင်း၊ စိုက်ပျိုးခြင်း၊ ညောင်ရေသွန်းလောင်းပူဇော်ခြင်း စသည်တို့ကို ဘာသာ၏ ယဉ်ကျေးမှုအသွင်ဖြင့် အစဉ်တစိုက်လိုက်နာ ပြုလုပ်ခဲ့ကြသည်မှာ ဖော် ပြ ပါအကြောင်းအရာများ အရထင်ရှား သိသာပါသည်။

နိဂုံးချုပ်အနေဖြင့် ဆိုရသော် မဟာဗောဓိပင် စိုက်ပျိုးခြင်းသည် ပရိဘောဂစေတီတော်ကြီးတဆူ တည် ဆောက် ရာ ရောက်သည့်အပြင် ဘုရားရဟန္တာအစရှိသော ရှေး ရှေးသူတော်ကောင်းကြီးတို့၏ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းရာရောက်ရကား ယခုခေတ် မြန်မာဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဗောဓိပင်စိုက်ပျိုးခြင်း ဟူသော အလွန်မွန်မြတ် သန့်စင်သည့်သာသနာပြု လုပ်ငန်းကြီးကို ဆက်လက်ကြိုးပမ်းသင့်ကြပေသည်။

ဦးအေးနိုင်
ကျမ်းပြုမှူး
သာသနာရေးဦးစီးဌာန



# သာတံတိုင်း
# စစ်ကိုင်းတာညွှဖြေဂဂ

## အရှင် နယနသာမိ

◂ ပါ ဦ ကာ ရိ တု လွ တ် ▸

## စစ်ကိုင်းရာဇဝင်

ရာဇာဓိရာဇ ရာဇိန္ဒ၊ နတ္ထ စစ်ကိုင်း ရာဇဝံသံ။

ပုဗ္ဗေ နိဿယ လိခိဿ၊ သီတဂူ ဇယ မင်္ဂလံ။

အဟံ၊ ရုပ်နာမ်သင်္ခါရာ ဖြစ်ပျက်မမြဲ ဖြစ်ချုပ်ပဲသာ ငါဆရာသည်။ သီတဂူ ဇယမင်္ဂလံ၊ ၁၃၄၇ ခု အကြို ကဆုန်လပြည့် ဗုဒ္ဓနေ့ကြီး သီတဂူ အောင်ပွဲ မင်္ဂလာ အခါတော်ကြီး၌။ ရာဇာဓိရာဇ ရာဇိန္ဒ၊ မင်းမြတ်အပေါင်း ထိုမင်းအပေါင်းတို့ထက် ကဲလွန် မွန်မြတ်သော မင်းထိုထိုမင်းတို့ကို အစိုးရတော်မူသော မြတ်စွာဘုရားကို။နမာမိ၊ ရိုသေမြတ်နိုး ဦးနှိမ်လျှိုးကာ လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ပါ၏။ နတ္ထ၊ ကန်တော့ပြီး၍။ ပုဗ္ဗေ၊ ကြောင်းစုံသိမြင် ပညာရှင်တို့ နောင်လျှင်နောက်သား လေ့လာပွားဖို့ ရေးသားတီထွင် ရှေးဟောင်း ရာဇဝင်တို့ကို အမှီတကဲသဟဲပြု၍။ စစ်ကိုင်း ရာဇဝံသံ၊ စစ်ကိုင်းရာဇဝင်ကို။ ဝါ၊ သာတံတိုင်း စစ်ကိုင်းတည် ၆၇၇ ခုနှစ်မှစ၍ စစ်ကိုင်းမြို့တည် နန်းတည် သီရိအသင်္ခယာ စောယွမ်းမင်း စသောမင်းတို့၏ အဆက်အနွယ်ကို ပြဆိုရာ စစ်ကိုင်းရာဇဝင်ကို။ လိခိဿ၊လေးလေးစားစား အတွေးပွား၍ ရေးသား စီစဉ်တီထွင် ပေအံ့သတည်း။

### ၁။ အသင်္ခယာ စောယွမ်းမင်း

ကျ-အိုး-အံ ပုဂံတည်ဟူသည့် အတိုင်း ၂၁၀ နှစ်ရာတစ်ဆယ့်တစ်ခုနှစ်ပုဂံပြည် စတင်တည်ခဲ့ရာတဖြည်းဖြည်း ကာလကြာသော် ပုဂံပြည်တွင် နရသီဟပတေ့ဘွဲ့ခံတရုတ်ပြေးမင်းသည် တရုတ်တို့နှင့် တိုက်ရာတွင် စစ်ရှုံးပြီးသည့် အချိန်မှစ၍ မြန်မာပြည်ကြီးသည် ဖရိုဖရဲ ပျက်လျက်ရှိ၏။ ဆက်ခံသော ကျော်စွာမင်း စောနစ်မင်း စောမွန်နစ်မင်းတို့ ရှိနေသေးသော်လည်း တန်ခိုးကလ္ပဒိပါဒ် မရှိကြတော့ပေ။

ရာမညတိုင်း အရှေ့တလွှား ယိုးဒယား ဇင်းမယ် စသော နယ်အပေါင်းတို့ လွတ်ထွက်ကြ၍ ရှမ်းပြည်များကိုပင် ကောင်းစွာ မစိုးနိုင်တော့ချေ။

မြန်မာပြည် အလွန် ကျဉ်းသွားသည့်ပြင် ပုဂံတစု၊ မြင်းစိုင်တစု ဖြစ်ကြပြီးနောက် တစီး ရှင်သီဟသူမင်းကြီး သက္ကရာဇ် ၆၄၇ ခုတွင် ပန်းယမြို့ကို တည်၍ ထီးနန်းအသစ် စိုက်ထူတော်မူပြီးနောက် မြောက်ဘက် လင်းယဉ်ရွာသူ ရတနာပုံမည်သော မြောက်မိဖုရားမှ ဖွားမြင်တော်မူသော သားတော် အသင်္ခယာ စောယွမ်းမင်းသည် သက္ကရာဇ် ၆၇၇ ခုနှစ်တွင် စစ်ကိုင်းမှမြောက်တလွှားကို သီရိအသင်္ခယာ ဟူ သော အမည်ကို ခံ၍ မင်းမူလျက် စစ်ကိုင်း ဇေယျပူရမြို့တော် သမုတ်ပြီးလျှင် ခမည်းတော်နှင့် အပြိုင်မင်းပြုတော်မူ၏။

| | |
|---|---|
| သားတော် သမီးတော်ကား- | |
| မိဖုရားကြီးတွင်- | |
| သမီးတော် စိုးမင်းကိုယ်တော်ကြီး | (၁)၊ |
| မောင်တော်ကျစွာမင်း | (၁)၊ |
| ညီတော် နော်ရထာမင်းရဲ | (၁)၊ |
| (ရာဇဝင်ကြီး၌ မင်းရဲမင်းကြီး ဟုရှိ၏။) | |
| ညီတော်တရ ဖျားငယ် | (၁)၊ |

ပေါင်းလေးပါးတည်း။

သက္ကရာဇ် ၆၈၀ ခြောက်ရာ့ရှစ်ဆယ်တွင် ထောင်သင်းစုနှင့် မြင်း ကိုးသင်း ဖွဲ့တော်မူ၏။

ကိုးသင်းမြင်းစို ကား။ ။ တမာခါးမြင်း တရာ့ငါးဆယ်။ ပြင်စည်မြင်း တရာ့ငါးဆယ်။ ယူတော်မြင်း တရာ့ငါးဆယ်။ လက်ရွေးကြီး မြင်း တရာ့ငါးဆယ်။ လက်ရွေးငယ်မြင်း ခုနစ်ဆယ်။ ကြောင်သင်းမြင်း ငါးဆယ်။မြင်းသည်ကြီးမြင်း သုံးဆယ် ။ခင်လုံးမြင်း သုံးဆယ်။ စောပွတ်အိုးမြင်း သုံးဆယ်။ မြောက်ဘက် ကိုစို့မြင်း ပေါင်း ရှစ်ရာ့ တဆယ်ကို ဖွဲ့တော်မူသည်။မြက်ကျွေး စေကျွန် ဟူ၍လည်း ထောင်သင်းအစု ဖွဲ့တော်မူသည်။ ယခုတိုင် စစ်ကိုင်းထောင်သင်းဟူ၍ တွင်၏။

သက္ကရာဇ် ခြောက်ရာ့ရှစ်ဆယ်နှစ်ခု ကျောင်း ကျောင်းကို ဆောက်လုပ် တည်တော်မူသည်။ ခြောက်ရာ့ရှစ်ဆယ့်လေးခု ကျောင်းတော်ပြီး၍ နတ်ရွာလားလျှင် နောင်တော်တရ ဖျားကြီး ညီတော် မိဖုရားနှင့် နန်းတက်သည်။

(ရာဇဝင်ကြီးတို့၌မူကား သက္ကရာဇ် ခြောက်ရာ့ရှစ်ဆယ့်လေးခု မြို့တည်ကြောင်း၊ ခြောက်ရာရှစ်ဆယ့်ရှစ်ခု မြင်းစို့ ဖွဲ့ကြောင်းများကို ဆိုလေသည်။)

(အသင်္ခယာ စောယွမ်းဆောက်လုပ်လှူတော်မူသည့် ကျောင်းကျောင်း ကျောက်စာ၌ကား သာသနာတော် တထောင့်ရှစ်ရာ ခြောက်ဆယ့်လေးခု သက္ကရာဇ် ခြောက်ရာရှစ်ဆယ့်နှစ်ခု တန်ဆောင်မုန်းလဆန်း နှစ်ရက် တနင်းလာနေ့ မကာရလဂ်အခါ၌ သီရိအသင်္ခယာ သမီး မြောက်သားသည် စစ်ကိုင်း နောက်စကြာကျောင်းကို ဆောက်လုပ်တော်မူသည်။ ခြောက် ရာ ရှစ် ဆယ့် လေး ခု ကျောင်းပြီး၍ နတ်ရွာလားတော်မူလျှင် နောင်တော်တရ ဖျားကြီး ညီတော် မိဖုရားနှင့် နန်းတက်သည်။ ကျောင်းကျောင်း ဝတ်မိုးဝတ်မြေများကို တရဖျား မင်းကြီးမှ မိဖုရား ပန်၍ လှူကြောင်းနှင့် ဆိုသော ကျောက်စာကို ထောက်သဖြင့် ခြောက်ရာရှစ်ဆယ့် လေးခုနှစ် မြို့တည် သက္ကရာဇ် မဟုတ်။အသင်္ခယာ စောယွမ်းနယ်ရွာစံသော သက္ကရာဇ်သာ ဖြစ်သည်။)

(ခြောက်ရာ့ရှစ်ဆယ့်ရှစ်ခုနှစ်လည်း နောင်တော် တရဖျားကြီး နန်းတက်၍ လေးနှစ်ရပြီဖြစ်သောကြောင့် ရာဇဝင်ကြီး ဆိုသော စကားသည် ကျောက်စာ သမိုင်းတို့နှင့် မညီလေသတည်း။)

အသင်္ခယာ စောယွမ်းကား ဘုန်းလက်ရုံး အာဏာနှင့် ပြည့်စုံတော်မူသည်။ ပြည်သူ လူ ရဟန်းတို့အားလည်း ဝမ်းထွက်သားသို့ သနားကြင်နာတော်မူ၏။ အိမ်နိမ့် တဆယ့်လေးနှစ်။ စည်းစိမ်ရှစ်နှစ်။သက်တော် နှစ်ဆယ့်နှစ်နှစ်သော် အနိစ္စရောက်တော်မူ၏။ အနိစ္စ ရောက်တော်မူလိုသော် စနေကြယ် သောကြာကြယ် ခွင်ကြ၏။ နံတော် တနင်းလာသားတည်း။

## ၂။ တရဖျားမင်းကြီး

သက္ကရာဇ်(၆၈၄)ခြောက်ရာရှစ်ဆယ့် လေးခု ကဆုန်လဆုတ် တစ်ရက်သောကြာနေ့ အသင်္ခယာ စောယွမ်းမင်း နောင်တော် တရဖျားကြီးသည် ညီတော်မိဖုရားနှင့် နန်းတက်တော်မူ၏။ ထိုမင်းကား အသင်္ခယာစောယွမ်းမယ်တော်တွင် ပါရင်း အထက်သားတည်း။ ပင်းယ သီဟသူမင်း၏ သားတော်အရင်းမဟုတ်။ မင်းဖြစ်တော်မူလျှင် အရှေ့သာသနာကျောင်းကို ဆောက်လုပ်တော်မူ၏။

နန်းတက် နန်းစည်းစိမ် ၁၄ တစ်ဆယ့် လေးနှစ်၊ သက္ကရာဇ် (၆၉၈) ခြောက်ရာကိုးဆယ့် ရှစ်ခုတွင် သားတော် ရွှေတောင်တက်သည် မိဖုရားငယ် တို့နှင့် စကားဝင်ကြ လေသောကြောင့် ခမည်းတော်ကိုဖမ်း ၍ သံခြေကျဉ်းနှင့် အမြဲထားပြီးလျှင် သီရိသီဟသူရ အမည်ကိုခံ၍ မင်းပြုတော်မူ၏။

တရဖျားကြီး၏ မိဖုရားဖြစ်သော ပင်းယမိဖုရားကြီးသည် ချစ်ကျွမ်းဝင်သော အမတ်တို့ကို သေပို့လေသည့်အဟန် သေးအိုးထဲဝယ် ရွှေငွေအများထည့်၍ မပြတ်ပို့လေ၏၊ ထိုပို့သော ရွှေငွေတို့ဖြင့် စွမ်းသန် မြန်မာသူတို့ကို ရှာဖွေရွေးကောက်၍ ပေးသည်။ ရွှေတောင်တက်ကား တရဖျားကြီး ကျွန်တို့လုပ်ကြံ၍ ဒုနိစ္စရောက်လေ၏။

တရဖျားကြီး အချုပ်မှလွတ်၍ ထီးနန်းကို ပြန်ရသည့်အခါ တရဖျားကြီး ကျွန်တို့လည်း ရွှေတောင်တက်ကျွန်တို့ကို ဖမ်းမည်ဟူ၍ သွားလေသည်အခိုက် ရွှေတောင်တက်ကျွန် အမတ် အနန္တပကြံလည်း ကောက်စိုက်ရာက အပြန် ရွှေတောင်တက်ကိုသတ်၍ တရဖျားကြီးနန်းတက်သည်ဟု ကြားလျှင် ဆင်ချစ်နောင်ရင်းကို စီး၍လာသော ဦးစီးကို မိမိဆောင်သည့် ရွှေကွမ်းခွက်ကို ပေး၍ ဆင်ကိုစီးပြီးသော် တရဖျားကြီး နန်းထက်ဝယ် တယောက်တည်း နေရာ ဆင်ယာဉ်ကတက်လေ၏။ တရဖျားကြီးလည်း-

"အနန္တပကြံ အနောင်ခေါင်းစားလျှင်
ငါအမြီးစားမည်။

အနောင်အမြီးလျှင် ငါခေါင်းစားမည်။
ငါ့ကို မသေပါစေနှင့် ဟုဆို၏။

အနန္တပကြံလည်း မင်းကြီးသည် မင်းဖြစ်လျှင် ပြည်ရွာ နှင့် ဆန့်ကျင်သော အမှုကိုသာ ပြုသောကြောင့် မင်းကြီးကိုနန်းချ၍ ရွှေတောင်တက်ကို ငါနန်းတင်သည်။ မင်းကြီး မင်းဖြစ်တပြီးကား ငါတို့အမျိုးအနွယ် အလုံး ပျက်စီးအံ့ဟူ၍ နန်းထက်တွင်ပင် လုပ်ကြံလေ၏။

တရဖျားကြီးကား အိမ်နိမ့်နှစ်ဆယ့်လေးနှစ် စည်းစိမ် တဆယ့်လေးနှစ်၊ ရွှေတောင်တက်ဖမ်း၍သွားသည့် သုံးနှစ်နှင့်သော် သက်တော်လေးဆယ့်တစ်နှစ်တွင် (ရွှေအိမ်နန်းနှင့် ကြငှန်းလည်းခံ၊ မတ်ပေါင်းရုံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ ဖူးသည့်အတိုင်း) အနိစ္စ ရောက်တော်မူ၏။ နံတော်တနင်းလာသားတည်း။

## ၃။ ရွှေတောင်တက်မင်း

သက္ကရာဇ်(၆၃၈) ခြောက်ရာကိုးဆယ့်ရှစ်ခုတွင် တရဖျားကြီးသား ရွှေတောင်တက်သည် ခမည်းတော်ကိုဖမ်းပြီး အချုပ်နှင့် ထားပြီးလျှင် သီရိပဝရသူရ အမည်ကိုခံ၍ မင်းပြုတော်မူ၏။ ရွှေတောင်တက်မင်း ဖြစ်လျှင် အသင်္ခယာစောယွမ်း မိဖုရား၊ သားတော်ကျစွာမင်း၊ ညီနောင်တစုတို့နှင့် ယောက်ဖတော် သတိုး၊ စိုးမင်းကိုယ်တော်ကြီးတို့ စစ်ကိုင်းတွင် မနေဝံ့၍ အနောက်ဘက် မင်းဘူး မင်းတုန်းအရပ်မှာ ပုန်းလွှဲရှောင်ရှား၍ နေကြ၏။ နောက်မှ ရွှေတောင်တက်သို့ခတ်၍ယူသဖြင့် အမြင့်သမန္တဇာဘုရားအရှင်ထံ၌ သားမယ်တော်တစုတို့ ဖူးမည်ဝင်ကြရာ ကျစွာမင်းခြေနာ၍ ဘုရားရှင်သို့ မဝင်နိုင်ရှိသည်ကို မယ်တော်သည် သားတော်ဝတ်တော်မူသောဖျင်ကို ဘုရားရှင်အားလှမ်း၍ ငါ့သားတော် အသက်မသေညှာအနာမှ ထမြောက်၍ မင်းအဖြစ်သို့ ရောက်ပါမူကားကြီးစွာသော ကောင်းမှုကို ပြုပါအံ့ဟု ပန်နက်၏။

စစ်ကိုင်းသို့ ရောက်လျှင် အမတ်ကြီး အနန္တပကြံနှင့် တွေ့၍ ဝှက်သားပေ၏။

တရဖျားကြီး၏မိဖုရားဖြစ်သော ပင်းယမိဖုရားကြီးသည် ချစ်ကျွမ်းဝင်သော အမတ်တို့ကို သေပို့လေသည့်အဟန် သေးအိုးထဲဝယ် ရွှေငွေအများ ထည့်၍ မပြတ်ပို့ရလေ၏၊ ထိုသို့ပို့သော ရွှေငွေတို့ဖြင့် စွမ်းသန်မြန်မာသူတို့ကို ရှာဖွေ

ရွေးကောက်၍ ပေးသည်။

ထိုအခါ စစ်ကိုင်းဘုန်းကြီးလုံးပင် တံမိုးမှူးစား၏ သချည်းဖြစ်ပေပြင့် ပာ့မှုဖြုကြီးက ယ်၍ နံနက်အိပ်ဖန်ထွက်ကိုနန်းသို့ဝင်ကြလေသည်။

ရွှေတောင်ဟက်ကျွန် ရှမ်းတယောက်သည် ကန်းဘချုပ်နှင့် လေ့ကားက ဟန့်တားနှင့်သည်ကို နင်သည်တံစိုးစားသူဖြစ်လျက် ဘယ့်ကြောင့် ငါတို့နှင့်မညီ ရန်ဘက်ပြုသနည်းဟု ဆိုလျှင် ထိုရှမ်းသည်း အဘူတချက်ဘည်း ငင်၍ ရွှေတောင်ပဟက်ကိုအပေါက်သို့ချပြီးလျှင်ပြေသေသဟ်လေ၏။

ရွှေတောင်ဘက်ကား အိမ်နိမ့် ၂၅နှစ်၊ စည်းစိမ် သုံးနှစ်၊ သက်တော် ၂၀ နှစ်၊ သက္ကရာဇ် ၇၀၁ခုတွင် အနိစ္စရောက်လေ၏။ရောက်ပုံသော် သောကြာကြယ်တံခွန်ပြ၏။ နံတော် တနင်္ဂနွေသားတည်း။

## ၄။ ကျစွာမင်း

သက္ကရာဇ် ၇၀၁ ခုနှစ်ရာတခုသော် အသင်္ခယာ စောယွမ်းမင်းသားတော်အကြီး ကျစွာကို အနန္တပကြံဝှက်ထားရေကယူ၍ နန်းတင်လေ၏။ သီရိတရိဘဝနာဒိတျာ ပဝရ ဓမ္မရာဇာ ဟူသော တံဆိပ်နာမံခံ၍ မင်းပြုတော်မူ၏။

မင်းဖြစ်လျှင် အနန္တပကြံအမတ်ကြီးကို ကျေးဇူးရှိပေသည်ဟု သုဘရာဇ် ဟူသော အမည်နှင့် ပြည်အလုံးကိုနှင်း၍ စစ်သူကြီးအရာ ထား၏။

မင်းတုန်းက အပြုန် သမန္တဇာဘုရားရှင်၌ မယ်တော်မိဖုရားကြီး ဆုပန်ခဲ့သည့်အတိုင်း မင်းအဖြစ်ရောက်ပေသည်ဟု သက္ကရာဇ် ၇၀၅ ခုနှစ်တွင် ဝက်မိုးဝတ်မြေလှူတော်မူ၏။ ကျစွာကျောင်းကို မိဖုရားနှစ်ပါးက တဆောင်စီ ဆောက်၍ မြေမိုးလှူတော်မူ၏။ ထိုကျောင်းသည် အဘယဂီရိတွင်၏။

အိမ်နိမ့်နှစ်ဆယ့်နှစ်နှစ်၊စည်းစိမ် နှစ်ဆယ်နှစ်၊ သက်တော်သုံးဆယ့်နှစ်နှစ် သက္ကရာဇ် ခုနှစ်ရာတဆယ့်တနှစ်မြောက်သော် အနိစ္စ ရောက်တော်မူ၏။ ရောက်ပုံသော် သောကြာကြယ်တံခွန် ပြ၏။ နံတော်စနေသားတည်း။

## ၅။ အနော်ရထာမင်းရဲ

သက္ကရာဇ် ၇၁၁ ခုနှစ်ရှိသော် ညီတော် ဆင်ဖြူရှင်နော်ရထာမင်းရဲမင်းဖြစ်တော်မူ၏။

မင်းဖြစ်တော်မူလျှင် မင်းရဲကျောင်းကို ဆောက်လုပ်တော်မူ၏။ ၇ လမျှနှင့်နတ်ရွာလားတော်မူရကား ဝက်မိုးဝတ်မြေလှူသည်။ မသေမချာရှိ၍ သတိုးမင်းဖျား မင်းဖြစ်တော်မူမှ-

ငါပြုးရီးသော် နော်ရထာမင်းရဲ လှူတော်မူသည့်မြေသည် လှူရင်းတိုင်း တည်စေဟု ကျောက်စာရေးထိုးမှတ်ရသတည်း။

နော်ရထာမင်းရဲကား အိမ်နိမ့် သုံးဆယ်၊ စည်းစိမ် ၇ လ၊ သက်တော်သုံးဆယ်နှင့် ၇ လရှိသော် အနိစ္စရောက်တော်မူ၏။ ရောက်လိုသော် စနေကြယ်တံခွန်ပြ၏။ ဖျောက်ဆိပ်ကြယ် လတွင်ချဉ်း၏။ နံတော်ဗုဒ္ဓဟူးသားတည်း။

## ၆။ ဆင်ဖြူရှင်တရဖျားငယ်မင်း

သက္ကရာဇ် (၇၁၁)ခုနှစ် တွင်မှ ကျစွာမင်း၊ နော်ရထာမင်းရဲတို့၏ညီတော် ဆင်ဖြူရှင်တရဖျားငယ်မင်းဖြစ်တော်မူ၏။ မင်းဖြစ်တော်မူလျှင် စံကားကျောင်းကို တည်တော်မူ၏။ အိမ်နိမ့် နှစ်ဆယ့်ကိုးနှစ်၊ စည်းစိမ်သုံးနှစ်၊ သက်တော်သုံးဆယ့်နှစ်နှစ်သော်အနိစ္စရောက်တော်မူ၏။ အနိစ္စရောက်တော်မူလိုသော် သောကြာကြယ်တံခွန်ပြ၏။ နံတော်တနင်္လာသားတည်း။

(ဤမင်းညီနောင်သုံးယောက်တို့၏ စည်းစိမ် အသက် သက္ကရာဇ်တို့ကို နှမတော် စိုးမိုးကိုယ်

တော်ကြီးကျောင်း ကျောက်စာလာနှင့် အညီ ရေးသတည်း။)

## ၇။ သီဟပတိဘွဲ့ခံမင်းပြောက်မင်း

သက္ကရာဇ် ၇၁၄ ခုနှစ် တပေါင်းလဆန်းကိုး ရက် ကြာသပတေးနေ့သော် အသင်္ခယာစော ယွမ်းသမီး စိုးမင်းကိုယ်တော်ကြီး မြောက်သား တော် မင်းပြောက်မင်းဖြစ်တော်မူ၏။

မင်းဖြစ်တော်မူ၍သက္ကရာဇ် ၇၁၄ခုတပေါင်း လဆန်း ၁၀ ရက်သောကြာနေ့၌ စည်းခုံကြီးကို တည်တော်မူ၏။

မင်းပြောက်မင်းကား မင်းရိုးမဟုတ်၊ ပုဂံ တရုတ်ပြေးမင်း မိဖုရား ဖွားစော အစ်မတော် မြေ ရင်းတည်း။အသင်္ခယာစောယွမ်းသမီးတော် စိုးမင်းကိုယ်တော်ကြီးသည် တကောင်းမင်းရိုး သတိုးဆင်ထိန်းနှင့် သင့်၍ သားတော်ရာဟုလာ တစ်၊နှစ်မတော်ရှင်စောကြီးတစ်၊ ညီမတော်စော ဥမ္မာဘစ်၊ မောင်နှမသုံးယောက်ကို မြင်လျှင် သတိုးဆင်ထိန်းအနိစ္စရောက်၏။

သီဟပတိမင်းကြီး မိဖုရား မြောက် ရာ တွင် သမီး တော်စောတော်ဦးကိုမြင်ပြန်သည်။ ထိုမင်း သမီးသုံးယောက်တို့ကား မင်းကြီးစွာစော်ကဲ မိဖုရားချည်းတည်း။

သားတော်ရာဟုလာကို တဆယ့်ခြောက်နှစ် ရွယ်သို့ရောက်လျှင် တကောင်းမင်းရိုး သတိုးမင်း မျိုးဖြစ်ပေသည်။ သတိုးနွယ်ဆက်မပျက်ကောင်း ပလေဟု သတိုးမင်းဖျားအမည်နှင့် တကောင်း မြို့ကို ဘထွေးတော် သီဟပတိပေး၍ စားရ သည်။ သီဟပတိနန်းတက်သည့်ကာလ သတိုး မင်းဖျားကား ခုနစ်နှစ် အရွယ်မျှသာ ရှိသေး သည်။

မြန်မာတို့မညီညွတ်ကြပဲ သူ့ကိုမနာ လို ကိုယ့်အကျိုးမရှိဖြစ်၍ ပင်းယ စစ် ကိုင်း နှစ်ပြည်လုံး နွားကွဲကျားကိုက် ရှမ်းတိုက်၍ပျက်ခြင်း၊

ပန်းယ(ပင်းယ)မင်း နရသူကလည်း မင်းရိုး မဟုတ်သသူ စစ်ကိုင်းကိုမင်းပြုသည်ဟုသက္ကရာဇ် ခုနစ်ရာ့နှစ်ဆယ့်ငါးခု၊ ကိုးသိန်းသခင် သိုဟန် ဘွားညီ သိုချည်ဘွားတို့ စစ်ကိုင်းကို ထိုးတော် မူပါ။ ရလျှင် အကာကိုသာယူ၍ အနှစ်ကို ပေး ပါမည်ဟု စေလိုက်၏။

သိုချည်ဘွားလည်း အလုံးအရင်း ဆင်မြင်း များနှင့် ချီလာ၍ သတိုးမင်းဖျားလည်း အလုံး အရင်း ဆင်မြင်းအများနှင့် တကောင်းက ခံ၍ တိုက်၏။ မတိုက်နိုင် ပျက်ချေ၍ ဆင်တစီးနှင့် သာ စစ်ကိုင်းမြို့သို့ရောက်လာသည်ကို ဘထွေး တော် မင်းပြောက်က တကောင်းမြို့ ပျက်ရာသ လောဟု သံခြေကျဉ်းခတ်ပြီးလျှင် ကြခက်ဝရွာ သို့ပို့လေ၏။

သတိုးမင်းဖျားလည်း မင်းကြီး ငါ့ကိုမခံ ဟူ ၍ မိန့်တော်မူသည်။ 'ငါ့ကိုသားဦး၊မင်းကြီးမြို့ နှင့် မင်းကြီး ခံနိုင်အောင်တော်မူ' ဟူ၍ ဆို၏။ မင်းပြောက်လည်း မြို့ပြကျုံးမြောင်း ကတုတ် ရင်သား ခိုင်ခံ့အောင် စီရင်တော်မူ၍ ရှမ်းတို့ ကိုခံတော်မူ၏၊ ရှမ်းတို့လည်း စစ်ကိုင်းသို့ရောက် လျှင် မြို့သုံးမျက်နှာကို တပ်တည်၍ လုပ်ကြံ၏။

မင်းပြောက်လည်း ဆင် ချစ် နောင်ရင်းကို ကစော်ဖတ်ယစ်အောင်ကျွေးမွေးပြီးသော်တံခါး ကို လှစ်၍ လွှတ်၏။

ဆင်ချစ်နောင်ရင်းလည်း ရှမ်းတို့က ထိုးပစ် လျှင် တံခါးကို ဖော့ ဖောက်၍ မြို့တွင်းသို့ ဝင် ပြန်လာ၏။ မြို့တွင်းသို့ ရောက်လျှင် အိမ်ရာ ကျောင်းကန်များကို ဖော့ လေ၏။ ပြည်သူတို့ လည်း မြို့တွင်းကား ဆင်၊ မြို့ပြင်ကား ရှမ်း

ဖြစ်ခဲ့ပြီဟုဆို၍ ဆိုစကုန်၏။ မင်းပျောက်လည်း သိုချည်ဘွား အလုံးအရင်းအရှင်းဆင်မြင်း များလှသည်။ ခံသော်သည်း မခံနိုင်ရာဟု ဘောင်ပန်းလှေတော်ကို တက်စီး၍ တမြို့လုံး ကြခတ်ဝရာသို့ စုန်လေကုန်၏။ အချို့သော သူတို့လည်း ပန်းယသို့ အိုးဖောင်စီး၍ ကူးကြလေ၏။

သိုချည်ဘွားလည်း စစ်ကိုင်းကို ပန်းယနရသူက ချီပင့်လာသောကြောင့် လုံကြံမည်လာသည်၊ နရသူလည်း မကူမညီသာ စစ်ကိုင်းကို ထိုးသည်လည်း သူ့အိုနှစ်ယောက်အပ မရဖြစ်သောကြောင့် ပန်းယသည် ဆင်ဖြူသုံးစီးလည်းရှိသည်။ ပန်းယသို့ကူး၍ တိုက်ရစေဘော့ဟု တပယ်ထောက်ရ စိတ်ကူးပြီးလျှင် ပန်းယကိုတိုက်လေ၏။

နရသူလည်း သိုချည်ဘွားသည် ငါကချီပင့်၍ စစ်ကိုင်းကို လုပ်ကြံလာသည်။ ငါတို့မှာ အခင်းမရှိဟု အလျှော့အမေ့နေချေ၏။

သိုချည်ဘွားလည်းပန်းယမြို့ကိုရွပ်ရွပ်ချွံချွံ လုပ်ကြံပြီးလျှင် ဆင်ဖြူသုံးစီးနှင့်တကွ နရသူကိုယူ၍ ရှမ်းတို့ပြန်လေလျှင် အမူးအမတ်တို့ ရုံးစုတိုင်ပင်၍ နရသူ နောင်တော် ဥဇနာပြောင်းကို မိဖုရားစောဥမ္မာနှင့် စုံဘက်၍ မင်းမြှောက်ကြ၏။

## ၈။ သတိုးမင်းဖျား

သတိုးမင်းဖျားလည်း ကြခတ်ဝရာသို့ ဘထွေးတော် မင်းပြောက် ရောက်လာလျှင် နှလုံးတူညီသော အမူးအမတ်တို့နှင့် တိုင်ပင်၍ မင်းပြောက်ကို လုပ်ကြံလေ၏။

မင်းပြောက်ကား အိမ်နိမ့်လေးဆယ့်နှစ်နှစ်၊ စည်းစိမ်တဆယ့်သုံးနှစ်၊ သက်တော် ငါးဆယ့်ငါးနှစ်ရောက်သော် အနိစ္စရောက်တော်မူ၏။ နံတော်စနေသားတည်း။

စစ်ကိုင်း၊ ပန်းယ နှစ်ပြည်ပျက်လိုသော် ပုညရှင်ဘုရား ပြာဋ္ဌိဟာပြု၏။ ပန်းယရွှေစည်းခုံဘုရားဘုရား ပြာဋ္ဌိဟာပြု၏၊ ကြာသပတေးကြယ်လတွင် ချဉ်း၏။ တရာသီဘည်းတွင် ဂြိုဟ်ခုနစ်လုံးစု၏၊ ပုညရှင်ဘုရား မြောက်ယောင့်က မြေဝင်၍ နိမ့်၏။

သတိုးမင်းဖျားလည်း ဘထွေးတော် အလုံးအရင်း ဆင်မြင်းကိုယူ၍ ပန်းယသို့ ချီသာ၏။ ပန်းယသို့ ရောက်လျှင် ဥဇနာပြောင်ကို လုပ်ကြံပြီး စောဥမ္မာကို မိဖုရားမြှောက်၍ ပန်းယကို မင်းပြုတော်မူ၏။

သက္ကရာဇ် ခုနစ်ရာခြောက်ဆယ့်ခြောက်ခု၊
ကဆုန်လ စစ်ကိုင်းပျက်သည်၊
နယုန်လ ပန်းယပျက်သည်။
ဝါဆိုလ ဥဇနာပြောင် နန်းတက်သည်။
၎င်းသက္ကရာဇ် တော်သလင်းလ ဥဇနာပြောင် နန်းကျသည်။
တပေါင်းလ အင်းဝမြို့ကိုတည်သည်။
စစ်ကိုင်း ပျက်သည်။ ပန်းယ ပျက်သည်။
အင်းဝမြို့တည်သည်။
သက္ကရာဇ် ခုနစ်ရာနှစ်ဆယ် ခြောက်ခုပင်ဖြစ်သည်။

ထို့ကြောင့် ရာဇဝင်ချုပ်လက်ာ၌-

"ဒွေသောရသာ၊ သက္ကရာတွင်၊ ကျော်စွာမင်းအား၊ ပယ်ရှားပြီးမှ၊ ရာဇသင်္ကြံ၊ မြင်စိုင်းစံနှင့်၊ အသံခယာ၊ ကက္ခရာဝယ်၊ ငင်လယ်စိုးသူ၊ သီဟသူတို့၊ မင်းမူကုန်ကြ၊ ခြောက်ရာ့ခြောက်ဆယ်၊ ငါးခုကယ်သော်၊ ကျော်စွာ သားစစ်၊ မင်းစောနစ်အား၊ ပုဂံထားမှ၊ခြောက်ရာ့ခြောက်ဆယ်၊ စွန်းကယ်ခြောက်ခု၊ မြင်းစိုင်ပြုရှင့်၊ စတု

သတ်ဆ၊ ပန်းယတည်သူ၊ သီဟသူရ၊ ဗာဝိသနှင့်၊ ဝိသဥဇနာ၊ ကျော်စွာနဝ၊ ဒသကျော်စွာ၊ မောပါသုံးနှစ်၊ နောင်ချစ်ရင်းချာ၊ ဥဇနာပြောင်၊ သုံးလဆောင်မှု၊ ဇောအင်္ဂဆတည်၊ စစ်ကိုင်းပြည်က၊ အဒ္ဓသင်္ခယာ၊ ဆသာတရဖျား၊ သားရွှေတောင်တက်၊ သုံးနှစ်ဆက်မှ၊ ပဉ္စကျစွာ၊ အဋ္ဌာမင်းရဲ၊ စိုးကဲညီပွား၊ တရဖျားငယ်၊ နှစ်သွယ်ထို့နောက်၊ မင်းပြောက်တဆတ်၊ စည်းစိမ်ပြတ်သည်။ ပန်းနှယ်ဘုန်းငွေ့ ညှိုးမြန်တည်း” ဟုစပ်သည်။

ပန်းယမင်း ၆-ဆက်။ စစ်ကိုင်းမင်း ၇ဆက် အပြိုင်။ (၆၇၄)ခုမှာ ပန်းယ တည်သည်။ (၆၇၇)မှာ စစ်ကိုင်းတည်သည်။ (၇၂၆)ခုမှာ စစ်ကိုင်း ပန်းယ တကွနက်ပျက်သည်။

ဤတွင်ကား စစ်ကိုင်းမြို့မင်းတို့၏ စကား အစဉ်တည်း။

## နိဂုံး

မြန်မာပြည်နှင့် စစ်ကိုင်းသည် အပေါင်း အစိတ်မကင်းသောကြောင့် ‘ကျ-အိုး-ခံ ပုဂံ တည်’မှစ၍ ‘သာတံတိုင်း စစ်ကိုင်းတည်’ ဟူသော စစ်ကိုင်းရာဇဝင် အကျဉ်းချုပ်အားဖြင့်-

၁။ အသင်္ခယာစောယွမ်းမင်းသည် သက္ကရာဇ် ၆၇၇ ခုနှစ်တွင် စစ်ကိုင်းမြို့ကို ဇေယျာပူရမြို့ဟု သမုတ်ပြီးလျှင် မင်းပြုတော်မူလျက် သက္ကရာဇ် ၆၈၄ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။

၂။ နောင်တော် တရဖျား မင်းကြီးသည် သက္ကရာဇ် ၆၈၄ခုနှစ်တွင် နန်းတက်တော်မူ၏။ သက္ကရာဇ် ၆၉၈ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။

၃။ ရွှေတောင်တက်မင်းသည် ၆၉၈ ခုနှစ်တွင် နန်းတက် မင်းပြုတော်မူ၏။ သက္ကရာဇ် ၇၀၁ ခုနှစ်တွင် နတ်ရွာစံသည်။

၄။ ကျစွာမင်းသည် သက္ကရာဇ် ၇၁၁ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။

၅။ နော်ရထာမင်းရဲမင်းသည် သက္ကရာဇ် ၇၀၁ ခုနှစ်တွင် မင်းပြုတော်မူ၏။ ၎င်းခုနှစ်တွင် ခုနစ်လမျှနှင့် နတ်ရွာစံတော်မူ၏။

၆။ ဆင်ဖြူရှင် တရဖျားငယ် မင်းသည် သက္ကရာဇ်၇၁၁ ခုနှစ်တွင် မင်းပြုတော်မူ၏။ သက္ကရာဇ် ၇၁၄ ခုနှစ်တွင် နတ်ရွာစံတော်မူ၏။

၇။ သီဟပတေ့ဘွဲ့ခံ မင်းပြောက်မင်းသည် သက္ကရာ ၆၁၄ ခုနှစ်တွင် မင်း ဖြစ် တော် မူ ၏။ သက္ကရာဇ် ၇၂၆ ခုနှစ်တွင် နတ်ရွာစံတော်မူ၏၊

၈။ သတိုးမင်းဖျားမင်းသည် ၇၂၆ ခုနှစ် ပင်းယစောဥမ္မာကို မိဖုရားမြှောက်၍ မင်းပြုတော်မူ၏။

၎င်းခုနှစ် ကဆုန်လ စစ်ကိုင်းပျက်သည်။
နယုန်လ ပင်းယပျက်သည်။
တပေါင်းလ အင်းဝမြို့ကို တည်သည်။

အရှင်နယနသာမိ

(ပါဠိကာရီတုလွတ်)






ကမ္ဘာပေါ်တွင် တိုက်ကြီး ခြောက်တိုက်ရှိရာ တိုက်ကြီး တိုင်းမှာပင် နိုင်ငံကြီးငယ်ပေါင်းများစွာ ရှိလေသည်။ ထိုနိုင်ငံကြီး၊ နိုင်ငံငယ်တို့၌ နေထိုင်ကြသော နိုင်ငံသူ နိုင်ငံသားတို့သည် မိမိတို့၏ ရာဇဝင်သမိုင်းများကို အသီးသီးမှတ်တမ်းတင်ထားလျက် ရှိကြလေသည်။

မြန်မာနိုင်ငံသည်လည်း ထို့အတူပင် နိုင်ငံတော်၏ သမိုင်းကိုမှတ်တမ်းထားခဲ့ကြလေသည်။ မြန်မာနိုင်ငံသည် စည်ပင်ပြန့်ပြော၍ နှစ်သက်မြတ်နိုးဖွယ်ကောင်းသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်၏ အဖြစ်အပျက်ရာဇဝင်ကို ဖတ်ရှုလေ့ကျက်ရာ၌ မကောင်းကိုပယ်၍ အကောင်းကို တိုးတက်ပြုပြင်ကြရန် ဖြစ်ပေ၏။ ရှေးက မင်းကောင်း မင်းမြတ်နှင့် ပြည်သူတို့၏ ပြုမူဆောင်ရွက်ချက်တို့ကို ကြားသိ တွေ့မြင်ရလျှင် စိတ်ဓာတ်ကြွ၍ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးတို့ကို သည်ပိုး ဆောင်ရွက်နိုင်ကြရန်ဖြစ်ပေ၏။

မြန်မာရာဇဝင်ကို လေ့လာရာ၌-

၁။ တကောင်းခေတ်

၂။ သရေခေတ္တရာခေတ်

၃။ ပုဂံခေတ်

၄။ မြင်စိုင်းခေတ်

၅။ ပင်းယခေတ်

၆။ စစ်ကိုင်းခေတ်

၇။ အင်းဝခေတ်

၈။ ကုန်းဘောင်ခေတ်

ဟူ၍ ရှစ်ခေတ်ပိုင်းခြား သိရပေသည်၊ ယင်းတို့အနက် စစ်ကိုင်းရာဇဝင်ကို တင်ပြလိုသည်။ သို့သော် စစ်ကိုင်းရာဇဝင်ချည်းသက်သက်ရေး၍ မဖြစ်ပါ။ ပင်ယ၊ ပုဂံ၊ မြင်စိုင်း ရာဇဝင်တို့နှင့် ဆက်နွယ်နေသဖြင့် ပင်းယ၊ ပုဂံ၊ မြင်စိုင်းရာဇဝင်တို့ကိုပါ ရေးမှဖြစ်ပါမည်။ ပင်းယနှင့်စစ်ကိုင်းမှာ ထီးပြိုင်နန်းပြိုင် အုပ်စိုးခဲ့ကြသော နိုင်ငံများ

ဖြစ်ကြသည်။ သို့အတွက် ပင်းယနှင့် စစ်ကိုင်း ရာဇဝင်ကို ပူးတွဲပြောရပါမည်။ ပုဂံလုံးလုံး ပျက်သည်မှာ ခုနှစ်ရာသုံးဆယ် (၇၃၀) တွင် ဖြစ်ရကား ထိုသို့မပျက်မီ အနှစ်ငါးဆယ်(၅၀) အတွင်းမှာ ထိုနှစ်နိုင်ငံတို့ပေါ်ပေါက်နေသည်ကို တွေ့ရပေသည်။ ပုဂံပျက်ခြင်းနှင့် ပင်းယနှင့် စစ်ကိုင်းတို့ ဖြစ်ပေါ်လာရခြင်းမှာ တရုတ်များ ရှမ်းများ ဝင်လာကြသောကြောင့် ဖြစ်သည်။

## တရုတ်များ ဝင်တိုက်ခြင်း

သက္ကရာဇ် ခြောက်ရာ လေးဆယ့်ခြောက် (၆၄၆) ခုနှစ်တွင် တရုတ်တို့သည် မြန်မာပြည်ကို ဝင်ရောက် တိုက်ခိုက်ခဲ့ကြလေ၏။ ထိုတိုက်ပွဲမတိုင်မီက မောင်းဂွတ်သို့မဟုတ် တာတာလူမျိုးတို့သည် တရုတ်ပြည် ယူနန်နယ်ကို တိုက်ခိုက်သိမ်းယူပြီးနောက် သူတို့ဘုရင် ကူဗလေခန်က ပုဂံသို့စေလွှတ်၍ လက်ဆောင်ပဏ္ဏာ ဆက်ရမည်ဟု တောင်းလာလေသည်။ မြန်မာတို့က မဆက်သည့်ပြင် ထိုတောင်းလာသော တရုတ်သံအမတ်တို့သည် မင်းကြီး ရှေ့တော်တွင် မရိုမသေပြုသည့်အထွက် ၎င်းတို့ကို တယောက်မကျန်သတ်လေ၏။

ဤအချိန်ကစ၍ တရုတ်မြန်မာ မသင့်မမြတ်ဖြစ်ပြီးလျှင် တရုတ်စစ်သည် အများအပြားဝင်ရောက်လာရာ နရသီဟပတေ့မင်း မခံနိုင်၍ အောက်မြန်မာပြည် ပုသိမ်အထိ ပြေးရလေ၏။ တရုတ်တို့လည်း ပြည်မြို့အောက် တရုတ်မော်အထိသာ တိုက်၍ မိမိတို့ပြည်သို့ ပြန်ကြလေ၏။ ဤသို့တရုတ်တို့တိုက်၍ပြေးရသည်ကိုအကြောင်းပြု၍ နရသီဟပတေ့မင်းကို တရုတ်ပြေးမင်းဟု ခေါ်တွင်ကြလေ၏။ တရုတ်စစ်သည်တို့သည် ဝင်ရောက်တိုက်ခိုက်ပြီးလျှင် မြန်မာနိုင်ငံတွင် မနေ၊ မိမိတို့ တိုင်းပြည်သို့ ပြန်သွားကြလေ၏။

## ပင်းယမင်း ခြောက်ဆက်မှာ

၁။ တစီးရှင် သီဟသူ–ခြောက်ရာ ခြောက်ဆယ်(၆၆၀)မှခြောက်ရာရှစ်ဆယ့်လေး(၆၈၄) အထိဖြစ်သည်။ နန်းစံသက်မှာ နှစ်ဆယ့်လေး (၂၄)ဖြစ်သည်။

၂။ သားဥဇနာ–ခြောက်ရာ ရှစ်ဆယ့်လေး (၆၈၄) မှ ခုနစ်ရာလေး(၇၀၄)အထိ ဖြစ်သည်။နန်းစံသက်မှာ နှစ်ဆယ်(၂၀) နှစ် ဖြစ်သည်။

၃။ ညီငါးစီးရှင်ကျော်စွာ – ခုနစ်ရာလေး (၇၀၄) မှ ခုနစ်ရာတဆယ့်နှစ်(၇၁၂) နှစ်အထိ ဖြစ်သည်။ နန်းစံသက်မှာ တဆယ့်တနှစ်ခန့်ဖြစ်သည်။

၄။ သားကျော်စွာ – ခုနစ်ရာ တဆယ့်နှစ် (၇၁၂) နှစ်မှ ခုနစ်ရာနှစ်ဆယ့်တစ် (၇၂၁) အထိဖြစ်သည်။ နန်းစံသက်မှာ တဆယ့်တနှစ် (၁၁) နှစ်ခန့်ဖြစ်သည်။

၅။ ညီနရသူ–ခုနစ်ရာနှစ်ဆယ့်တစ်(၇၂၁) မှ ခုနစ်ရာနှစ်ဆယ်ခြောက်(၇၂၆)အထိ ဖြစ်သည်။ နန်းစံသက်မှာ ငါးနှစ်ဖြစ်သည်။

၆။ နောင်တော် ဥဇနာပြောင် ခုနစ်ရာနှစ်ဆယ့်ခြောက် (၇၂၆)မှ ခုနစ်ရာနှစ်ဆယ့်ခြောက် (၇၂၆) သုံးလ (၃) ခန့် ဖြစ်သည်။

## စစ်ကိုင်းမင်းဆက် ခုနစ်ဆက်ကား

၁။ ပင်းယတစီးရှင်သီဟသူ၏သား အသင်္ခယာ စောယွမ်း၊ ခြောက်ရာခုနှစ်ဆယ့်

ခုနှစ် (၆၇၇)နှစ်မှ ခြောက်ရာရှစ်ဆယ့်လေး (၆၈၄) နှစ်အထိဖြစ်သည်။ နန်းစံသက်မှာ ရှစ် (၈) နှစ်ခန့်ဖြစ်သည်။

၂။ နောင်တော်တရဖျား - ခြောက်ရာ ရှစ်ဆယ့်လေး(၆၈၄)နှစ်မှ ခြောက်ရာကိုးဆယ့်ရှစ်(၆၉၈)နှစ်အထိဖြစ်သည်၊ နန်းစံသက်မှာ တဆယ့်လေးနှစ်(၁၄)နှစ်ခန့်ဖြစ်သည်။

၃။ သား-ရွှေတောင်တက်၊ ခြောက်ရာကိုးဆယ့်ရှစ် (၆၉၈)မှ ခုနစ်ရာတစ် (၇၀၁) အထိဖြစ်သည်။ နန်းစံသက်မှာ သုံး (၃) နှစ်ခန့် ဖြစ်သည်။

၄။ စောယွမ်းသား— ကျစွာ၊ ခုနစ်ရာတစ် (၇၀၁) မှ ခုနစ်ရာ တဆယ့်တစ် (၇၁၁) အထိဖြစ်သည်။ နန်းစံသက်မှာ ဆယ်နှစ် (၁၀) နှစ်ခန့် ဖြစ်သည်။

၅။ ညီ-နော်ရထာမင်းရဲ၊ ခုနစ်ရာတဆယ့်တစ် (၇၁၁)မှ ခုနစ်ရာ တဆယ့်တစ် (၇၁၁) အထိဖြစ်သည်။ နန်းစံသက်မှာ ခုနစ်လ (၇) လခန့် ဖြစ်သည်။

၆။ ညီ-ဆင်ဖြူရှင် တရဖျားငယ်-ခုနစ်ရာ တဆယ့်တစ်(၇၁၁)မှ ခုနစ်ရာတဆယ့်လေး(၇၁၄) အထိဖြစ်သည်။ နန်းစံသက်မှာ သုံး(၃) နှစ်ခန့်ဖြစ်သည်။

၇။ ယောက်ဖတော် မင်းပျောက် စောယွမ်းသမီး၏ ဒုတိယ လင်ယောကျ်ား၊ ခုနစ်ရာ တဆယ့်လေး (၇၁၄) မှ ခုနစ်ရာနှစ်ဆယ့်ခြောက် (၇၂၆) အထိ ဖြစ်သည်။ နန်းစံသက်မှာ တဆယ့်သုံး (၁၃) နှစ် ဖြစ်သည်။

ဤကဲ့သို့ပင်းယနှင့်စစ်ကိုင်း၊ ယီးပြိုင်နန်းပြိုင်ဖြစ်နေသော်လည်း အဖြစ်အပျက်ဘို့မှာ ဆက်လျက်ပင် ရှိကြသည်။ ပုဂံပျက်ခြင်းသည် လည်းကောင်း၊ ယခု ပင်းယနှင့် စစ်ကိုင်းတို့ ဖြစ်ပေါ်လာခြင်းသည် လည်းကောင်း တရုတ်များ၊ ရှမ်းများဝင်ရောက်တိုက်ခိုက်ပြီးနောက် မြန်မာနိုင်ငံတွင် မနေ မိမိတို့ ပြည်သို့ ပြန်သွားကြသည်။

သက္ကရာဇ် ခြောက်ရာ (၆၀၀) ကျော် ခုနစ်ရာ (၇၀၀) အတွင်း ဝင်လာသော ရှမ်းတို့ကား မြန်မာနိုင်ငံတွင် နေ၍ တဖြည်းဖြည်းအင်အား ကြီးမားလာပြီးလျှင် ရှမ်းလူမျိုး သို့မဟုတ် မြန်မာနှင့်ဆက်နွယ်ပေါက်ဖွားလာသောရှမ်းများသည် မြင်စိုင်း၊ ပင်းယ၊ စစ်ကိုင်းစသောအထက်ပိုင်း၌ ကာလအတန်ကြာ မင်းပြုအုပ်စိုးနေကြသည်။

ပုဂံတရုတ်ပြေးမင်း လက်ထက်တွင် ပြော့ရှမ်းလူမျိုး စော်ဘွား၏ညီ သခ်ဗိုလ်ဆိုသူသည် နောင်တော်နှင့်မသင့်တင့်၍ မြန်မာနိုင်ငံမြင်စိုင်းအရပ်တွင် နေလာသည်။ ၎င်းတွင် သားသုံးယောက်ရှိရာ တရုတ်ပြေးမင်းထံတွင် ခစားနေကြသည်။ တရုတ်ပြေးမင်း မရှိသော် နောက်သားတော် ကျော်စွာမင်း လက်ထက်တွင်အကြီးသခ်ယာအား မြင်စိုင်းမြို့ကို၊ အလတ် ရာဇသင်္ကြန်အား မက္ခရာမြို့ကို၊ အငယ် သီဟသူအားပင်လယ်မြို့ကို အသီးသီးပေးသနားထားလေ၏။

သက္ကရာဇ်ခြောက်ရာ့ခြောက်ဆယ် (၆၆၀) တွင် ညီနောင်သုံးဦးတို့သည်ပုဂံမိဖုရားဖွားစောနှင့် တိုင်ပင်ကြံစည်ပြီးလျှင် ကျော်စွာမင်းကိုကျောင်းတကျောင်းသို့ ဖြားယောင်းခေါ်ယူ၍ အတင်းအကျပ် ဘုန်းကြီးလုပ်စေပြီးလျှင် ထို ညီနောင် သုံးဦးတို့သည် မိမိတို့ ဆိုင်ရာ မြို့တွင် အသီးအသီး မင်းပြုနေကြလေသည်။

ပုဂံတွင်ကား ကျော်စွာ၏သား စောနစ်၊ စောနစ်၏သား စောမွန်နစ်တို့ကို ဆက်လက် အုပ်စိုးနေစေ၏။ သို့ရာတွင် ညီနောင် သုံးဦး၏ ဩဇာခံမျှလောက်သာ ဖြစ်လေတော့သည်။

## သီဟသူ အင်အားကြီးလာပုံ

ထိုသို့ ညီနောင်သုံးဦးတို့ အုပ်စိုးနေကြရာ အလတ်သည် ငါးနှစ်အရှိတွင် အနိစ္စ ရောက်သည်။ အကြီးသည် တဆယ့်နှစ်နှစ်တွင် အငယ်က အဆိပ်ခတ်၍ သေရလေသည်။ ထိုအခါ အငယ်သီဟသူသည် နောင်များပိုင်နက်အားလုံးတို့ကို သိမ်းယူပြီးလျှင် ခြောက်ရာခုနစ်ဆယ့်နှစ်ခု(၆၇၂)တွင် ပင်လယ်မြို့မှာနေ၍ တဦးတည်း မင်းပြုလေတော့သည်။

## ပင်းယ တည်ခြင်း

သီဟသူမှာ ခြောက်ရာခြောက်ဆယ်(၆၆၀) ကစ၍ နောင်တော်များနှင့် နန်းပြိုင် မင်းပြုသည်။ ခြောက်ရာခုနစ်ဆယ့်နှစ် (၆၇၂)ခုတွင် တဦးတည်း မင်းပြုသည်။ ပင်းယကို ခြောက်ရာခုနစ်ဆယ့်လေး (၆၇၄) တွင် တည်၍ ရွှေ့ပြောင်းနေသည်။ သို့ကြောင့် သီဟသူမင်းအဖြစ်ကို ခြောက်ရာခြောက်ဆယ်ပြည့်(၆၆၀) ကစ၍ ရေတွက်နိုင်ရာ၏။ ပင်းယခေတ်ကိုကား ၎င်း တည်စ ခြောက်ရာရှစ်ဆယ့်လေး(၆၀၄)ကစ၍ ခေါ်နိုင်ရာ၏။

ပင်းယမြို့ တည်ရန် ရွှေစည်းခုံ တည်ရာ၌ တူးသောအခါ အရိုးအခက် အရွက် အသီးနှင့်တကွ ရွှေသန်းပင်ရ၍ ထိုမြို့ကို ပန်းရခေါ်သည်။ နောက်မှ ပင်းယတွင်သည်။ မြို့၏ဘွဲ့ကား ဝိဇယပူရ မည်၏။

မြို့တည် နန်းတည်ပြီးလျှင် နန်းဖွင့်နန်းသိမ်း အစီရင်တို့ကို နားမလည်ကြသောကြောင့် ပုဂံပြည် မိဖုရားကြီး ဖွားစောကို ပင့်ကြရ၏။ ဖွားစောကလည်း “မြေးသားတို့ ကောင်းစားသည်မှာ ကြာလေပြီ၊ ယခုမှ ငါ့ကို သတိရသည်” ဆို၍ မလိုက်ပဲနေလေ၏။ နောက်ထပ် ကျေနပ်လောက်အောင် တောင်းပန်လေမှ လိုက်လာ၍ နန်းဖွင့် မင်္ဂလာသည်တို့ကို ကျနကြီးစွာ စီမံပေးလေ၏။ အလွန်စည်းကားသည်နှင့် ဖွားစောက “သင်တို့ ဘုန်းကြီးပေစွ၊ ငါ့မှာ ဆုပေးစရာ များစွာ မရှိခဲ့” ဟု ဆို၍ အနော်ရထာ လက်ထက်က ရှိခဲ့သော ရွှေသောက်ရေတင်နှင့်ရွှေခါးကြိုးကို ပေးခဲ့လေ၏။ သီဟသူလည်း ဖွားစောအား များစွာ ပူဇော်ပေးကမ်း၍ ပုဂံသို့ပြန်ပို့ပေး၏။

## စစ်ကိုင်းတည်ခြင်း

သီဟသူမင်းဖြစ်၍ သုံးနှစ်အကြာ ခြောက်ရာခုနစ်ဆယ့်ခုနစ် (၆၇၇) တွင် သီဟသူက သားတော် လေးပါးအနက် အငယ်ဆုံး အသင်္ခယာ စောယွမ်းအား စစ်ကိုင်းကိုပေး၍ မင်းသီးခြားပြုစေ၏။

## စစ်ကိုင်းနှင့် စ–ကိုင်း

ရှေးအခါက စစ်ကိုင်းခေါ်သော အရပ်သည်ကား ဇေတအမည်ရှိသော ဘီလူးတို့နေရာ အရပ်ဖြစ်၍ ဘီလူးတောင်ဟု ကျော်စောထင်ရှားခဲ့သည်။ နောင်အခါ တောင်ဘီလူးဟုလည်း ခေါ်ဝေါ်ကြသည်။ မြတ်စွာဘုရားသခင် ဒေသစာရီ ကြွချီတော်မူ၍ဇေတ အမျိုးရှိသောဘီလူး ကိုးဆယ့်ကိုးယောက်တို့အားတရားဟောတော်မူရာ အရပ်တွင်သရက္ခန်ကျောင်းတည်လေ၏။ ထိုအရပ်ကသည် ရေသပ္ပာယ်တော်မူလို၍ မြစ်ဆိပ် ကြွတော်မူသည်တွင် ခနောင် ဝဲယဉ်သည် တန်ခိုးတော်ကြောင့် ငြိမ်သက်သည်ကို “ဘီလူးတို့

ချမ်းသာကြီးပေသည်” ဟု ပြောဆိုသည်ကိုအစွဲပြု၍ “ချမ်းသာကြီး” တွင်လေ၏။ ထိုမြောက်တွင် ကိုးဆယ့် ကိုးယောက်သော ဘီလူးတို့ သောတာပန်ဖြစ်ရာ အရပ်ကို “သောတာပန်” ဟု ခေါ်တွင်၏၊ ဘီလူးတို့အား ပရိဘောဂ စေတီအလို့ငှာ ရေသနုပ်တော်တို ပေးအပ်၍ တည်ရာအရပ်ကို “ဇေတဝန်” ဟု ခေါ်တွင်ကြ၏။ သင်္ကန်းဝတ်ရုံတော်မူရာ အရပ်ကို “ဝတ်တော်ရုံ” ဟု ခေါ်တွင်၏။

တမျိုးအားဖြင့် စန္ဒမုခိ ဘီလူးမစောင့်နေသော စစ်ပင်ကိုင်းကို အစွဲပြု၍ ဤအရပ်၌ စစ်ကိုင်း မည်သောပြည်ကြီး ဖြစ်လတ္တံ့ဟု ဗျာဒိတ်ကြားတော်မူခဲ့သည်ဟု ရှေးသူဟောင်းတို့ မိန့်ဆိုကုန်၏။ ထိုစကားနှင့်အညီ “စစ်ပင်ကိုင်းကြောင့် စစ်ကိုင်းတွင်သည်။ ပြည်လျှင် မြတ်ဌာနတည်း သခင်” ဟု သခင်ကြီး ချေင်းတွင် စပ်ဆိုခဲ့လေသည်။ အင်းဝခေတ်က ကာဗျဝိဒူ ဖြစ်တော်မူသောရှင်မဟာသီလဝံသ မထေရ်မြတ်က မူကား သံယုတ်မပါ စ သက်သက်နှင့်သာ စကိုင်းဟူ၍ ရတနာဗိမာန် ကျောက်စာတွင် ရေးသားတော်မူခဲ့ လေသည်။ မြို့တော်ဘွဲ့မှာ ဇေယျာပူရ ဖြစ်သည်။

## အသခ်ယာ စောယွမ်း သီးခြားမင်းပြုပုံ

သားတော်ကြီး နှစ်ပါးအား မြို့စားရွာစား အလုံးအရင်းပေးထား၏။ အငယ်ဆုံးစောယွမ်းကား မင်းမျိုးမဟုတ်။ မြောက်လင်းယဉ်ရွာသူ အသည်သမီး သားတယောက်မိခင် မုဆိုးမကို မြောက်နန်း မိဖုရားအဖြစ် တင်မြှောက်ရာမှ စောယွမ်းကို ဖွားသည်။ ဤသို့ မင်းမျိုးလည်း မဟုတ် အငယ်ဆုံးလည်းဖြစ်၍ မျက်နှာငယ်သူ အားငယ်သူဖြစ်၍ ခမည်းတော် သီဟသူက ပိုမို၍ ချစ်သနား ဂရုစိုက်တော်မူသည်။ သို့အတွက်ကြောင့်လည်း စောယွမ်းကိုတိတ်တဆိတ် ခေါ်၍ “သင့်နောင်တော်များထံသို့ ချဉ်းကပ်၍ သင့်အတွက်ငါ့ထံသို့ လာရောက်တောင်းပါစေ” ဟု ပြောဆိုလေ၏။ စောယွမ်းလည်း နောင်တော်များထံ ချဉ်းကပ်၍ ပူဆာလေရာ နောင်တော်များက ခမည်းတော်ထံ ဝင်ရောက်တောင်းပေးသဖြင့် ဆင်မြင်း အလုံးအရင်းကိုလည်းကောင်း၊ စစ်ကိုင်းကို လည်းကောင်း ရလေ၏။ သီဟသူက ရာဇပရိယာယ်ဖြင့် “ငါကား မပေး၊ သားတော်ကြီးများက ပေးလျှင်ကားရစေ” ဟု ဆို၍ ပေးလေ၏။

စောယွမ်း စစ်ကိုင်းကိုရလျှင် သီဟသူက သားတော်ကြီး နှစ်ပါးကို သွား၍တိုက်ချေဟု စေခိုင်း၏။ တဖန် သီဟသူကပင် စောယွမ်းထံ လူလွှတ်၍ တိတ်တဆိတ် အကြောင်းကြားထားနှင့်၏။ ထို့ကြောင့်လည်း သားတော်ကြီးများ သွားရောက်တိုက်သောအခါ ရှုံး၍ ရှုံး၍သာ ပြန်လာကြရ၏။ ထိုအခါမှစ၍ သီဟသူသည် မိမိသားငယ်အတွက် စိတ်လက်ချ၍ အလွန်အားရတော်မူ၏။ ဤသို့အားဖြင့် စောယွမ်းသည် ခြောက်ရာခုနစ်ဆယ့်ခုနစ် (၆၇၇)တွင် စစ်ကိုင်း မြို့ကိုတည်၍ သီးခြား မင်းပြုလေတော့၏။

စောယွမ်းနန်းတည်သော နေရာကို မည်သူမျှ မမှတ်မိတော့။ တခါ ကုန်းဘောင်ဆက် အလောင်းဘုရား သားတော်လည်း စစ်ကိုင်းမှာ ခေတ္တ နန်းစံတော်မူသေး၏။ ယနေ့ စစ်ကိုင်းတွင် ခေါ်ဝေါ်နေသော နန်းတော်ရာ အရပ်ကား ထင်ရှားလျက်ပင်ရှိ၏။

## သီဟသူသည် တစီးရှင်ဘွဲ့ကို ခံယူခြင်း

ပင်းယတည်၍ နှစ်နှစ်မြောက် ခြောက်ရာ ခုနစ်ဆယ့်ခြောက် (၆၇၆) ခုတွင် စမုန်မြစ်မှ ဆင်ဖြူအသေတကောင် မျောလာသည်ကိုဆယ်ယူ၍ စက်ဖြင့်ကူမည့်ပ်ထားပြီးလျှင် တက်စီး၍

"တစီးရှင်" ဘွဲ့ကိုခံယူလေ၏။ ရှေးအခါက မြန်မာနိုင်ငံတွင် ဘုရင်တို့သည် ဆင်ဖြူကိုရလျှင် ဘုန်းသမ္ဘာကြီးသည်ဟု အယူရှိကြ၍ အသေကောင်ကိုပင်စီးကာ ဆင်ဖြူရှင်ဘွဲ့တို့ အပန်းတကြီးခံလေသည်။ ဤသီဟသူနောက် နန်းတက်လာသော ဥဇနာသည်လည်းကောင်း၊ ပင်လယ်မြို့စား ညီတော် ကျော်စွာသည် လည်းကောင်း ဆင်ဖြူ ငါးစီးရလေသောအခါ ထို ဆင်ဖြူတော်တို့ အရှိန်ကြောင့် အလိုလိုခန့်ညားလာ၍ ထိုညီတော်အား ထီးနန်းကိုပင် လွှဲအပ်ပေးပြီးလျှင် နောက်ဆုံး၌ တောဝင်ကာ တရားကျင့်နေလေတော့သည်။

## ငါးစီးရှင် ကျော်စွာ

သက္ကရာဇ် ခုနစ်ရာလေး(၇၀၄)ခုနှစ်၊ ခုနစ်ရာတဆယ် နှစ် (၇၁၂) အတွင်းမှာ ကျော်စွာသည် ဆင်ဖြူငါးစီးကြောင့် အလွန်ဘုန်းကြီး၍ "ငါးစီးရှင် ကျော်စွာ" ဟု တွင်လေသည်။ မင်းကြီးကားတဘက်သိလိမ္မာတော်မူသောကြောင့် သားတော်များကို ဝမ်းမနည်းစေရ။ ပြည်သူပြည်သားတို့အားလည်း တရားနှင့်အညီ ကျင့်တော်မူ၏။ ရဟန္တာ ထွေးရှင်ဒိဗ္ဗစက်ကို နန်းတော်တွင် ဆွမ်းမပြတ် လုပ်ကျွေးတော်မူ၏။ ကျမ်းဂန်တတ်သိသော ပုထုဇဉ် ရဟန်းတို့အားလည်း ဆရာပြု၍ ကိုးကွယ်တော်မူလေ၏။ ထိုခေတ်၌ ပုဂံအဆက်အနွယ် အရည်းရှင်ယောင်တို့ အတော်အတန်များပြားစွာ ရှိနေသေးသည်။

တနေ့သ၌ ငါးစီးရှင် စားတော်ခေါ်ကာနီးမှာ ရပ်လာ၍ ရဟန္တာထင်သည်နှင့် အလွန်ကြည်ညိုစွာဖြင့် စားတော်ကိုမစားပဲ အားလုံးလှူလိုက်လေ၏။ မင်းချင်း တယောက်ကိုလည်း လိုက်၍ကြည့်စေ၏။ ရဟန်းစစ်မဟုတ်။ မယားက သပိတ်ကို လှမ်းယူသည်ကို တွေ့မြင်ရလေ၏။ မင်းချင်းကြံမိသည်ကား အမှန်အတိုင်း လျှောက်သော် သဒ္ဓါပြီးသော စေတနာလည်းပျက်လတ္တံ့၊ ငါလည်း မျက်နှာရမည် မဟုတ်။ ရှင်ယောင်လည်း ဒုက္ခရောက်လတ္တံ့၊ သို့ကြောင့် မင်းကြီးလည်း သဒ္ဓါတိုးစေ၊ ငါလည်း မျက်နှာရစေ၊ ရှင်ယောင်လည်း လွတ်စေ၊ မုသားလည်း လွတ်စေဟု ကြံပြီးလျှင် ကျွန်တော်လိုက်၍ကြည့်စဉ်ပင် ထိုအရှင်သည် ရပ်သွင် ကွယ်ပျောက်သွားပါလေသည်ဟု လျှောက်လေ၏။

ငါးစီးရှင်လည်းငါတွေးသည့်အတိုင်းရဟန္တာအမှန်ပင်တည်းဟု အားရ၍ လက်ရုံးတော်ကို တန်းသောဟူ၏။ ထိုနေ့ပင် အလွန်ကောင်းသော မြင်းကြီးဘစီး အဆက်ခံရသည်ကို ထိုကုသိုလ်၏ လက်ငင်းအကျိုးဟု အမှတ်ပြုတော်မူသည်။ ထိုမြင်းသည် အလွန်လျင်မြန်၍စီးသူ ခေါင်းပေါင်းအဖြူပေါင်းရစ်ကာ ပြောင်းတောဝယ် စီးစေရာ ဗျိုင်းငှက်ပျံသကဲ့သို့ ထင်ရ၏။ မိုင် ၁၄၀ ခန့်ဝေးသော ပင်းယနှင့် တောင်တွင်းကြီးကို နေ့ချင်းပေါက် ပြေးသွားနိုင်သောဟူ၏။

ဤငါးစီးရှင် ကျော်စွာသည် အလွန်တရာ ပြည့်ဝသူဖြစ်သည်။ မြို့စားမင်းများကိုဖက်ဝန်း အုပ်သော ရွှေဖလားနှင့် လက်ဖက်တည်လေ့ရှိရာ တခါ၌ ရမည်းသင်းစား သီဟပတေ့၏ ဖလားကို ဖက်ဝန်းမအုပ်သည်နှင့် သီဟပတေ့သူ ကိုအရှက်ခွဲသည်ဟု ခြားနား ထောင်ထားမည်ရှိသည်ကို ဘုရင်ကြားသိရသောအခါ မိမိမေ့လျော့၍ မအုပ်မိခြင်းသာ ဖြစ်ကြောင်းနှင့် အကျေအလည် ပြောဆိုပေးကမ်းပြီး ငြိမ်စေသည်။

မိမိမင်းမဖြစ်မီက မိမိ၏ညီတော်စစ်ကိုင်းမင်း အသခ်ယာ စောယွမ်းကိုသွား၍ လုပ်ကြံချေဟု မိမိ၏ကျွန် ခေင်ညိုကိုခိုင်းလိုက်၏။ ခေင်ညိုကား ချောင်းမြောင်းနေယင်း ဆာလှသည်နှင့်စစ်ကိုင်းမင်း နတ်တင်ထားသော ထမင်းနှင့် အမဲကို

စားမိသည့်အတွက် မိမိ၏ ထမင်းရှင်ဖြစ်လေပြီ ဟု မသတ်ပဲ ပြန်လာလေ၏။ ကျော်စွာမင်းကား အပြစ်မတင်ပဲ ခေင်ညိုသည် သူ့ကျေးဇူးကို သိတတ်ပေသည်ဟု ကြီးစွာချီးမြှောက်လေသည်။

### ပင်းယနှင့် စစ်ကိုင်း ပျက်ခြင်း

မြောက်အရပ်က ရှမ်းများ ဝင်ရောက်တိုက်ခိုက်ခြင်း၊ ပင်းယတွင် ငါးစီးရှင်နောက် သားတော် ကျော်စွာ၊ လေးမင်းနောက် ငါးဆက်မြောက် ညီတော် နရသူလက်ထက် သက္ကရာဇ်ခုနစ်ရာနှစ်ဆယ့်ခြောက်(၇၂၆)ခုသို့ ရောက်သောအခါ စစ်ကိုင်းတွင် အသခ်ယာ စောယွမ်းကစ၍ မင်းခုနစ်ဆက်မြောက် မင်းပျောက်လက်ထက်သို့ ရောက်ခဲ့ရလေ၏။

စစ်ကိုင်းမင်း မင်းပျောက်ကား ပုဂံ တရုတ်ပြေးမင်း၏ မိဖုရားဖွားစော၏ အစ်မတော်၏ မြေးမျှသာဖြစ်သည်။ မင်းမျိုးမဟုတ်လေ။ ထိုမင်းမျိုးမဟုတ်သူ မင်းပြုနေသည်ကို အဆိုပါ ပင်းယမင်းနရသူက မကျေနပ်လေသဖြင့်မြောက်ဘက် မောရှမ်းတို့နေရာ မိုးကောင်းမြို့မှ ကိုးသိန်းသခင် ရှမ်းသိုဟန်ဘွား၏ညီ သိုချည်ဘွားထံသို့''စစ်ကိုင်းကိုလာရောက် တိုက်ခိုက်သိမ်းယူပါ၊ ကျွန်ုပ်သည်း ကူပါမည်၊ရလျှင် အနှစ်ကိုယူပါ။အကာမျှကိုသာ ကျွန်ုပ်အားပေးပါတော့'' ဟုစေလေ၏။ သိုချည်ဘွားလည်း စစ်ကိုင်းကို လာရောက်တိုက်ခိုက်ရာ မင်းပျောက် မခံနိုင်၍ တမြို့လုံးနှင့် ကြခတ်ဝရာသို့ ပြေးရလေ၏။

သိုချည်ဘွား စစ်ကိုင်းသို့ ဝင်သော် မပြေးနိုင်သူ သူအိုနှစ်ယောက်ကိုသာ တွေ့ရတော့၏။ တစုံတရာ အကျိုးကျေးဇူး မရသည်နှင့် သိုချည်ဘွားသည် စိတ်ပျက်ကာ ''ပင်းယနရသူသည် သူခေါ်၍ ငါလာရသည်၊ ငါ့ကိုမကူမညီနေဘိသည်၊ သူ့မှာလည်း ဆင်ဖြူသုံးစီး ရှိသည်ဟု ကြားသည်၊ ယခုသော် ပင်းယသို့ကူး၍ တိုက်ရတော့မည်''ဟု ပင်းယကို တိုက်စေလေ၏။နရသူမခံနိုင်လေ၊ သိုချည်ဘွားက ဖမ်း၍ ရှမ်းပြည်သို့ ယူသွားလေ၏။ နရသူမရှိလျှင် မနောင်တော် ဥဇနာပြောင် နန်းတက်ရ၍ ပင်းယမင်းဆက်ခြောက်ဆက်ဖြစ်လေ၏။

### သတိုးမင်းဖျား

ထိုသခါ ကြခတ်ဝရာတွင်ရှိနေသော သတိုးမင်းဖျားသည် စစ်ကိုင်းမှပြေးလာသော မင်းပျောက်ကိုလည်းကောင်း၊ ပင်းယတွင် မင်းပြုနေသော ဥဇနာပြောင်ကိုလည်းကောင်း လုပ်ကြံသတ်ဖြတ်လိုက်လေ၏။

သတိုးမင်းဖျားကား စစ်ကိုင်းတည့် အသခ်ယာစောယွမ်း၏သမီး စိုးမင်းကိုယ်တော်ကြီးနှင့် တကောင်းမင်းရိုး သတိုးဆင်ထိန်းတို့မှ ပေါက်ဖွားလာသော သားတည်း။ အမည်ရင်းကား ရာဟုလာဖြစ်၏။ သတိုးနောက်မှ သတိုးမင်းဖျားဟု ခေါ်တွင်လေသည်။

သတိုးဆင်ထိန်း အနိစ္စ ရောက်ပြီး နောက် စိုးမင်းကိုယ်တော်ကြီးနှင့် ယခုစစ်ကိုင်း ခုနစ်ဆက်မြောက် မင်းပျောက်တို့ သင့်နေကြသဖြင့် မင်းပျောက်မှာ သတိုးမင်းဖျား၏ ဘထွေးတော်ဖြစ်၏။

စစ်ကိုင်းကို ရှမ်းသိုချည်ဘွား တိုက်လာစဉ်က သတိုးမင်းဖျားသည် တကောင်းကနေ၍ ခုခံရ၏။မခံနိုင်၍ စစ်ကိုင်းသို့ ပြန်ပြေးခဲ့ရာ ဘထွေးတော် မင်းပျောက်က ပြေးခဲ့ရာသည်လောဟု သံခြေကျဉ်းခတ်၍ ကြခတ်ဝရာသို့ ရောက်နေနှင့်ခြင်းဖြစ်သည်။

ယခု ဆိုခဲ့သည့်အတိုင်း မင်း ပျောက် နှင့် ဥဇနာပြောင်တို့ကို သုတ်သင်ပယ်ရှား၍စစ်ကိုင်း

နှင့် ပင်းယကို သိမ်းယူပြီးလျှင် အင်းဝကို တည်၍ မင်းပြုလေတော့သည်။

သက္ကရာဇ် ခုနစ်ရာနှစ်ဆယ့်ခြောက်(၇၂၆) ကဆုန်လတွင် စစ်ကိုင်းပျက်လေသည်။ နယုန်လတွင် ပင်းယပျက်လေသည်။ သတိုးမင်းဖျား အင်းဝကို တပေါင်းလတွင် တည်သည်။ ဤသုံးချက်ကား သက္ကရာဇ် ခုနစ်ရာနှစ်ဆယ့်ခြောက်(၇၂၆)ခု တနှစ်အတွင်း အဖြစ် အပျက် များ ဖြစ်ပေတော့သတည်း။

**မှတ်ချက်**။ ။တရဖျား-ခြောက်ရာရှစ်ဆယ့်လေး (၆၈၄)၊ ကဆုန်လဆုတ် (၁)ရက် သောကြာနေ့တွင် နောင်တော် တရဖျားကြီးသည် ညီတော် စောယွမ်း၏ မိဖုရားကြီးနှင့် နန်းတက်တော်မူ၏။ ထိုမင်းကား အသခ်ယာ စောယွမ်းမယ်တော် လင်းယဉ်သူတွင် လင်းယဉ်ရွာက ပါလာရင်းဖြစ်သော အထက်အိမ်တောင်ကြီးကသာတည်း။

အရှင်သုန္ဒရ(အဂ္ဂမဟာပဏ္ဍိတ)
ရွှေစေတီဆရာတော်



# ပုဂံခေတ်ကရေအလှူတော်

မြကေတု

မြန်မာနိုင်ငံ ကျောက်စာများ ပေါင်းချုပ်ဟူ၍ ဆရာကြီးလုပ် နှင့် ဆရာကြီး ဖေမောင်တင်တို့ ပြုစုခဲ့သော ကျောက်စာအုပ်ကြီးများ အတွဲ (၄)တွဲ ရှိခဲ့ပါသည်။ ပထမတွဲနှင့် ဒုတိယတွဲတို့တွင် ပုဂံခေတ်က ထိုးနှံခဲ့သော ကျောက်စာချပ်ပေါင်း ၄၀၀ ကျော် ရှိပါသည်။ ယင်းကျောက်စာများကို ဖတ်ရှုပါက ပုဂံခေတ်၏ သာသနာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးစသည့် အကြောင်းအရာများကို ကောင်းစွာ သိရှိနိုင်ပါသည်၊ ထို့အပြင် မွန်ပဏ္ဍိတ် ဦးချစ်သိန်းကလည်း မြန်မာနိုင်ငံ၌ တွေ့ရှိသမျှသော ပုဂံခေတ်ထိုး မွန်ကျောက်စာများကို တည်းဖြတ်ပြုစုထားရာ ပုဂံခေတ် ရေးမင်းတို့၏ ကောင်းမှုကိစ္စအဝဝတို့ကိုသိရှိနိုင်ပါသည်။ ထိုမျှမကသေး ပုဂံခေတ်တွင် ရေးဖွဲ့ခဲ့သည် ဟူ၍ အသိအမှတ်ပြုထားကြသော ကဗျာလင်္ကာများ၌လည်း ပုဂံခေတ်အကြောင်းကိုတစေ့တစောင်းတင်ပြထားကြသည်ကို တွေ့ရှိကြရပါသည်။

ယင်းစာပေ အလင်္ကာ ကဗျာများနှင့် ပုဂံခေတ်ထိုး မွန်၊ မြန်မာ ကျောက်စာများကို သေချာစွာ လေ့လာမည်ဆိုပါက ပုဂံခေတ်က တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့သည် တိုင်းသူပြည်သား လူအများ၏ အကျိုးအတွက် ပုဂံတပြည်လုံး သောက်သုံး ရေ ရရှိနိုင်ရလေအောင် နှင့် လယ်ယာမြေ ရှင်သန် ဖွံ့ဖြိုးမှုအတွက် ရေ ရရှိရေး စီမံကိန်းကို၊ ရေအလှူတော်များကို မည်သို့ဆောင်ရွက်ခဲ့ကြသည်။ မည်သို့ တာတမံများ၊ ကန်ချောင်း၊ ဆည်မြောင်းများ၊ ရေတွင်းရေကန်များတူးဖော်ပေးခဲ့ကြသည် စသည်တို့ကို အလွန်တရာ ချီးကျူးဖွယ်ရာ တွေ့ရှိနိုင်ကြပါသည်။

အထူးသဖြင့် အနုရုဒ္ဓါမင်းမြတ်နှင့် ကျန်စစ်မင်းများ လက်ထက်တွင် တူးဖော် ဆောင်ရွက်ပေးချက်များကို ကြည့်ရှုပါလျှင် မြန်မာလူမျိုးတို့ အနေနှင့် ဂုဏ်ယူရလောက်အောင် မြန်မာ့သက်မှု အင်ဂျင်နီယာအတတ်၊ ဆည်မြောင်းအဘတ်၊ ရေသွယ်ယူခြင်း အတတ်တို့မှာ ယခုခေတ်အနောက် နိုင်ငံ တိုင်းပြည် များကပင် လက်ဖျားခါ၍ ချီးမွမ်းရလောက်အောင် အဆင့်အတန်း မြင့်မားခဲ့ကြောင်း သူတို့၏ မှတ်တမ်းစာများ၌ တွေ့ရှိခဲ့ကြရသဖြင့် များစွာပင်ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့ပါသည်။

လယ်တွင်း ကိုးခရိုင်ရှိ လယ်များသို့ မိုင်တရာကျော် ပတ်လည်မျှ ဆည်မြောင်းများ တူးဖော်၍ အနုရုဒ္ဓါဘုရင်မင်းမြတ်သည် ရေအလှူတော်

ပြုခဲ့သည်ကို ယခုတိုင် ကျောက်ဆည်နယ်တဝိုက် သို့ သွားရောက်ကြည့်ရှုပါက မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြပါသေးသည်။ ထို့အတူပင် ပုဂံပြည် တပြည်လုံး သောက်သုံးနိုင်ရန် ရေပေးရေး စီမံကိန်းကို ချမှတ်၍ လုပ်ဆောင်ခဲ့သော ကျန်စစ်သားမင်းကြီး၏ ရေအလှူတော်များ အကြောင်းကို မွန်ဘာသာဖြင့် ရေးထိုးထားသော "မြကန်" ကျောက်စာ "အလံပုဂံ" ကျောက်စာများက အသင်အရှား ပြလျက်ရှိပါသည်။ သက္ကရာဇ် ၅၇၀ ကျော်ခန့်တွင် ရေထိုးခဲ့သော မင်းအနန္တသူ၏ လေးမျက်နှာ ဘုရားကျောက်စာတွင်လည်း ရှင် လူ ရဟန်းတို့ ရေချမ်းသာ စိမ့်သောငှာ အုတ်အတိဖြင့် ဖွဲ့သော လေးဆောင့်ကန်ကြီးများ၊ ရေတွင်း ရေကန်များ တူးခဲ့ကြောင်းများကိုလည်း ကျောက်စာများအရ သိရှိခဲ့ကြရပါသည်။

ကျန်စစ်မင်းကြီး မြေးတော်ဖြစ်သောနရပတိစည်သူ (အလောင်းစည်သူ) မင်းလက်ထက်တွင်လည်း ပုဂံပြည် အရပ်ရပ်နှင့်ကကွ တိုင်းနိုင်ငံ လှည့်လည်ရာ နေရာတိုင်း၌ ကန် ချောင်း ဆည်မြောင်းများ တူးဖော်၍ ရေအလှူတော်ကို ပြုခဲ့သဖြင့် ယင်းအလောင်းစည်သူမင်းသည် "လက်ညှိုးညွှန်ရာ ရေဖြစ်သည်"ဟူ၍ ရာဇဝင်များက ရေးထိုးခဲ့ကြ ကြောင်းကိုလည်း အများပင်ကြားဖူး သိရှိကြပါလိမ့်မည်။

ဤအကြောင်းများကို ထောက်ရှု၍ ပုဂံခေတ် အချိန်အခါက နိုင်ငံအုပ်ချုပ် မင်းလုပ်သူအကြီးအကဲတို့သည်မည်ကဲ့သို့သော"ရေအလှူတော်" ရေရရှိရေး စီမံကိန်းများ ပြုလုပ်ခဲ့ကြကြောင်းကို ဉာဏ်မီသရွေ့ ဖော်ပြပါ ကျောက်စာများ၊ ကဗျာလင်္ကာများမှ ကောက်နုတ် တင်ပြလိုပါသည်။

ယခုခေတ် အနေနှင့် ပုဂံပြည်ကို ကြည့်ပါလျှင် ပုဂံဒေသသည် အလွန် မိုးခေါင်ရေရှား၍ အပူရှိန်လွန်ကဲသော နေရာဖြစ်ပေသည်ဟု လူတိုင်းကပင် လက်ခံယုံကြည်ကြမည် ဖြစ်ပါသည်။ ဤကဲ့သို့သော နေရာမျိုးတွင် ရှေးမင်းတို့သည် မည်သို့သောစိတ်ကူးဖြင့် ပုဂံပြည်ကြီးကို တည်ထောင်ကြရပါလေ သနည်းဟု ရှေးမင်းတို့ကိုပင် အပြစ်တင်ကောင်း တင်ကြမည် ဖြစ်ပါသည်။ စင်စစ်ဆိုသော် ယခုခေတ် ပုဂံဒေသနှင့် ရှေးအခါက ပုဂံပြည်သည် သိသိသာသာ အလွန်ကွာခြားလှပေသည်။ ရှေးအခါက ပုဂံဒေသတဝိုက်တွင် မိုးကောင်းလှသည်။ မိုးအကြိမ်ကြိမ်ရွာသည်။ တောတောင်တို့ အမြဲစိုပြေသည်။ လယ်ယာဥယျာဉ် စိုက်ပျိုးခင်းများ အလွန်ဖွံ့ဖြိုးသည်။ မြေယာထွက်ပစ္စည်း ပေါများသည်။ ပုဂံပြည် ယခုအခါ သွေ့ခြောက်ရခြင်းမှာ သစ်ပင်အများကို ခုတ်လှဲ ဖြုန်းတီးပစ်ခြင်း၊ ပြိုပျက်လေပြီးသော ဘုရားစေတီများကို ပြန်လည် မပြုပြင်နိုင်ခြင်း၊ မိုးရေမတင်ပဲ အနိမ့်ပိုင်း ဖြစ်သည့် ဧရာဝတီမြစ် အတွင်းသို့ ရေများ စီးဆင်းလွယ်ခြင်း၊ ကန်ချောင်း ဆည်မြောင်းများကို မပိတ်ဆို့နိုင်ကြခြင်းကြောင့် ဖြစ်သည်။

ရှေးအခါက နေရာတိုင်းတွင် တဆယ့်ငါးပေခန့် တူးလျှင် ရေရရှိသည်ဟု ပုဂံရာဇဝင်သစ် ဆရာပညာရှိ ဦးဖေ (ကျောက်ဧ၁ဝန်မင်း)က ဆိုထားခဲ့သည်။ မြန်မာပြည်ကို အင်္ဂလိပ်မင်းများ သိမ်းပိုက်စဉ် အခါက တူရွင်းတောင်ခြေတွင် ရေထွက်စမ်းများ ရှိသေးသည်။ အင်္ဂလိပ်မင်းများက တူရွင်းတောင်ပေါ်မှ မိုင်ပေါင်း၁၂မိုင် ရှည်လျားကျဆင်းလာသော တောင်ကျစမ်းရေ လွှတ်ပေါက် လေးခုကို ပိတ်ဆို့ပစ်လိုက်ကြသည်။ ထို့နောက် ရှိသမျှ သစ်ပင်ကြီးများကို မီးရထားလမ်းဖေါက်၍ ထင်းအလိုရှိသောကြောင့် ခုတ်ထွင်ပစ်သည်။ ထို့ကြောင့်သာလျှင် ပုဂံဒေသသည် မိုးခေါင်ရေရှားအရပ် ဖြစ်ခဲ့ရကြောင်းကို

ကျောက်စာဝန်ဦးဖေကသူ၏"ပုဂံရာဇဝင်သစ်" ကျမ်းတွင် ဆိုခဲ့သည်။

မှန်ပါပေသည်။ ပုဂံခေတ် အခါက ပုဂံပြည်သည် ဝပြောစည်ပင်ကြောင်း၊ မိုးရွာကြောင်း၊ ရေထွက် စမ်းများဖြင့် အမြဲ ရေရရှိကြောင်း၊ သစ်ပင်ဝါးပင်များ စိမ်းလန်းစိုပြည်၍ စည်ပင်သာယာလှကြောင်းကို ထိုခေတ်အခါက မျက်မြင် ကိုယ်တွေ့ ဖြစ်ခဲ့သည့် ရှင်မဟာကဿပ မထေရ်က သူ၏ "ဗောဓိဝင်ဋီကာ" နိဂုံးတွင် ဖော်ပြထားခဲ့ဖူးပေသည်။ပုဂံပြည်နရပတိစည်သူမင်း လက်ထက် သက္ကရာဇ် ၅၆၅ ခုနှစ်တွင် ရှင်မဟာကဿပထေရ်သည် ဗောဓိဝင် ဋီကာ၌ ဤသို့ ရေးသားထားခဲ့သည်ကို တွေ့ရ၏။

"နဇ္ဇာသု မဓုရောဒါယ၊ ဝိပုသာယ သမာယုတာ၊ ပဟာဿယ တိတ္တာယ ပတူဟ နရနာရိယာ"စသည့် ဂါထာပေါင်း ၁၄ ပုဒ်ဖြင့် ပုဂံပြည်၏ သနစ်ကို ဖွဲ့နွဲ့ထားခဲ့လေသည်။ ယင်း ၁၄ ပုဒ်အနက် ဂါထာ နံပါတ် (၉)မှ သည် (၁၄)အထိကို ပုဂံပြည်၏ သာယာပုံ များကို ခြယ်မှုန်း ထားခဲ့သည်။ ယင်း ဂါထာများ၏ ပိဏ္ဍတ္ထမှာကား-

"ပုဂံပြည်အနီး စီးဆင်းသော မြစ်ချောင်းတို့မှာလည်း မတိမ်မကော ပြန့်ပြောကျယ်ဝန်းသည့်အပြင် ရေလည်း ချိုမြိန်လှစွာ၏။ ဆိပ်ကမ်းလည်း သာယာလှစွာ၏။ ဆိပ်ကမ်း ဟူသမျှ၌လည်း ရေချိုး ရေခပ်လျက် ရှိသော မိန်းမယောကျ်ားတို့နှင့် ပြည့်နှက်လျက်ရှိ၏။

နိုင်ငံတော်တဝန်းလုံးရှိ ရွာ၊ နိဂုံး၊ ဇနပုဒ်တို့သည် ရေမြေသြဇာ ကောင်းလှစွာ၏။

လယ်များမှလည်းကောင်း၊ ယာများမှလည်းကောင်း၊ မြစ်များမှလည်းကောင်း၊ ကန်များမှလည်းကောင်း၊ ဥယျာဉ် ပန်းခြံများမှ လည်းကောင်း တွက်ပေါ်ရရှိသော နိုင်ငံတော် ထွက်ကုန် ပစ္စည်းများဖြင့် လိုလေသေးမရှိ ပြည့်ဝစွာ၏။

ပုဂံပြည်သည် ဆူးမဲ့သောချုံ၊ ပေါင်းကင်းသော အရာမ်ဥယျာဉ်အမျိုးမျိုးတို့ဖြင့် တင့်တယ်စွာ၏။ အသရေ၏ စုဝေးရာလည်းဖြစ်၏။ကုံလုံပြည့်ဝရာသည်း ဖြစ်၏။ အတိုင်းတိုင်းအပြည်ပြည်တို့မှ ရောက်လာ ကုန်သော ကုန်ပစ္စည်းများ အထုပ်အပိုးများကို ဖြေရာဌာနလည်းဖြစ်၏။"

အကျယ်ကို ရှုလိုမူ "၁၃၁၇-ခုနှစ် ထုတ် မဟာဗောဓိဝင်ဋီကာ"(မြန်မာ့တိုင်းပုံနှိပ်တိုက်) ကို ရှုလေ။

ဤသည် ပုဂံခေတ်ရေး ဗောဓိဝင်ဋီကာ ကို ထောက်၍ ရှေးခေတ်ကပုဂံဒေသသည် သာယာဝပြော စည်ပင်လျက် ရေအလုံအလောက်ပြည့်စုံကြောင်း သိရ၏။

ပုဂံခေတ်က ရေးဖွဲ့သည်ဟု အသိအမှတ်ပြုကြသော ကဗျာလင်္ကာများမှလည်း ကောက်နုတ် တင်ပြလိုပါသေး၏။

### တောင်ပုပ္ပါးနှင့် ရေထွက်စမ်း

ပုပ္ပါးတောင်သည် ရွှေတောင်တည့်လေး။ ။

ရွှေတောင်ပတ်ကုံး စံကားပင်နှင့်ဖုံး၊ တောင်လုံးရနံ့ ကြိုင်စွလေ။ ။

ပုပ္ပါးတောင်တွင် နတ်ရှင်နှစ်ပါး ရွှင်စံစားဘုံခြားမိမာန် ပြိုင်စွလေ၊ လှိုင်စွလေ၊ လှိုင်စွလေ။ ။

လှိုင်စွစကား တောင်ပုပ္ပါးက စကားပျံ့ကြိုင် ပန်းလှိုင်စွလေ။

မောင်ဟော်ရေထက် မယ်မုတ်ရေ၊ ဆယ်လေးသာစွလေ။ ။

ဗိမာန်နန်းမှာ ထီးစကား ဖြန့်ကာအုပ်မိုး
သာစွလေ။ ။

ဤကဗျာအဆိုအရ ပုပ္ပါးတောင်သည် ရွှေတောင်ကြီးသဖွယ် ဝါရွှေသော ပန်းစကားတို့ဖြင့် ဖုံးအုပ်ထားသည်။ တောင်တခုလုံးမှာ ပန်းရနံ့တို့ဖြင့် မွှေးကြိုင်လျက်ရှိသည်။ ယင်းပုပ္ပါးတောင်တွင် ပန်းပဲ မောင်တင့်တယ် နတ်မောင်နှမတို့သည် မိမိတို့ ဘုံဗိမာန်ဖြင့် ကိုယ်စီကိုယ်ငှ စံစားပျော်ရွှင်လျက်ရှိသည်။ ပန်းရနံ့တို့ကလည်း သင်းပျံ့ကြိုင်လှိုင်လျက် ရှိကြသည်။ ထိုမောင်နှမတို့၏ နတ်နန်းဗိမာန်အနီးမှကျဆင်းနေသော ရေထွက်စမ်း နှစ်ခုရှိသည်။မောင်တော်ရေထွက်စမ်းနှင့် နှမတော်ရေထွက်စမ်းတို့ ဖြစ်ကြသည်။ ယင်းရေထွက်စမ်းနှစ်ခုအနက် မောင်တော် ရေထွက်စမ်းထက် နှမတော်ရေထွက်စမ်းက ဆယ်လေး ဆယ်ဆ သာသည်။ ယင်းတို့၏ ဗိမာန်နန်းတွင်ထီးဖြူများမိုး၍ အလွန်သာယာလှပါပေသည်ဟု ဆိုလိုပါသည်။

ဤသည်ကို အကြောင်းပြု၍ ပုဂံခေတ်က ဤ မောင်တော် ရေထွက်စမ်း နှင့် နှမတော် ရေထွက်စမ်းတို့သည် တောင်ကျရေများ ဖြစ်ကြပြီး တောင်ခြေသို့ကျဆင်းလာ၍ ရေမြောင်းများ ဖောက်လုပ်ကာ ပုဂံမြို့ ပတ်ပတ်လည်ကို ရေဖျန်းပေးလျက် ရှိသည်။ဤသို့အားဖြင့် ပုပ္ပါးဒေသသည် မပူပင်ကြရပေ။ဤရေထွက်စမ်းနှစ်ခုသာမက တူရွှင်းတောင်မှ ကျဆင်း လာသော ရေထွက်စမ်းများလည်း ရှိသေးသည်။စုစုပေါင်း ရေထွက်စမ်း ၁၄ ခုရှိသည်ဟူ၍ ပုဂံရာဇဝင်သစ်က ဆိုသည်။ ယင်းရေထွက်စမ်းများမှ ရေရရှိရေးအတွက် မြောင်းများကို မိုင်တရာ နီးပါးမျှ တူးဖော် သွယ်ပေးသည်။ ဤရေအလှူတော်ကို စတင်ပြုလုပ်လှူဒါန်းသူမှာ ကျန်စစ်မင်းကြီးပင် ဖြစ်ပါသည်။ နောင်မင်းများ လက်ထက် ဆက်လက် တည်တံ့အောင် ပုဂံမင်းများ ကြိုးပမ်းသွားကြပါသည်။

ထို့နောက် ပုဂံခေတ်က ရေးဖွဲ့သည်ဟု အဆင်အရှား သိရှိရသော ကဗျာလင်္ကာ တပုဒ်ရှိပါသေးသည်။ ယင်းလင်္ကာမှာ မြကန် လင်္ကာ ဖြစ်ပါသည်။

"မြကန်သာ–
တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်၊
ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်၊
ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်၊
ဘုံဝတ်ကံ၊ နန္ဒာပေလော၊
တူစွ ဟုတ္တာ။ ။

ဤလင်္ကာ၏ အလိုအားဖြင့် မြကန်ဟူသည် အလွန်သာယာသောကန် ဖြစ်ပါသည်။ ဤကန်အတွင်းသို့ တောင်ပေါ်မှ ကျဆင်းလာသော စမ်းရေအယဉ်တို့သည် ချောင်းငယ် ကလေးများ ဖြစ်လာပြီး ကန်အတွင်းသို့ ရေများသည် အမြဲဝင်၍ ရေအဟုန်ပြေးလျက်ရှိပါသည်။ ရေသည် အလွန်အေးမြပြီး ကြည်လင်လှပါသည်။ ကန်ဘောင်ရိုးကလည်း အလွန် ခိုင်မာစွာရှိပါသည်။ ကြာမျိုးငါးမည်တို့ကလည်း စုံလင်လှပါသည်။ ရေကိုသောက်သုံးသူ ငှက်များလည်း စုံလင်လှပါသည်။ ကြည့်လိုက်လျှင် ဝတီဘုံ၌ရှိသော နန္ဒာကန်နှင့် တူလှပါသည်။ မတူပါပေဘူးလား။ ဟုတ်ပါသည်။ တူလှပါသည်။

ဤမြကန်ဟု ခေါ်သောကန်သည် သာသနာ သက္ကရာဇ် ၁၆၃၀ (တထောင့်ခြောက်ရာသုံးဆယ်ခုနှစ်) တွင် ပုဂံပြည်၌ "သီရိတြိဘုဝနဒိတျ ဓမ္မရာဇာဓိ ရာဇ ပရမိဿရ ဗလစကြဝရ်" ဘွဲ့တော်ရ ကျန်စစ်သားမင်းကြီး၏ အလှူတော် ဖြစ်ပါသည်။ ဤမင်းသည် ပုဂံပြည်၌ မင်းအဖြစ်သို့ရောက်ပြီးနောက် ကြီးစွာသော ရေအလှူ

တော်၊ ရေပေး ရေစီမံကိန်းကြီးကို အစစွာ ဆောင်ရွက်ခဲ့သော မင်းမြတ်ဖြစ်ခဲ့ပါသည်။

ဤအကြောင်းကို မွန်ဘာသာဖြင့် ပုဂံခေတ်အခါက ထိုးနှံထားခဲ့သော "မြကန်" ကျောက်စာနှင့် "အလံပုဂံ" ကျောက်စာတို့က ဖော်ပြလျက် ရှိနေပါသည်။

မြကန်ဟူ၍ အမည်တွင်သော မဟာကန်ကြီးသည် ပုဂံမြို့အရှေ့ဘက် တူရွင်းတောင်ခြေပြဿဒါး ဘုရားအနီး၌ တည်ရှိပါသည်။ ဤကန်ကြီးကို ရှေးအခါကမူ "အမရကန်" ဟူ၍ လူအများ ခေါ်တွင်ကြသည်။ အမရ ဟူသည်မှာ မအို၊ မနာ၊ မသေသော နိဗ္ဗာန်ပြည်မြတ်ကို ဆိုပေသည်။ ထို့ကြောင့် ယင်းကန်ကို နိဗ္ဗာန်ကန်ဟူ၍ သမုတ်သားကြခြင်း ဖြစ်ပေသည်။ ဤကန်ကြီးကို တည်ဖို့သူမှာ သီရိ တြိဘုဝနာဒိတျ မဟာဓမ္မရာဇာ မင်းမြတ် ကျန်စစ်သားမင်းကြီးပင် ဖြစ်ပါသည်။ ဤမင်းသည် ပုဂံပြည်၌ မင်းပြုပြီး၍ နှစ်နှစ်ကြာကာလ သက္ကရာဇ် ၄၅၀ ခုနှစ်ခန့်တွင် ယင်းကန်ကို တူးဖော် ဆည်ဖို့တော်မူသည်။ ဤကန်ကြီးကို ကျန်စစ်သားမင်းကြီးကိုယ်တိုင်ကမူ "မဟာနိဗ္ဗာန လက်ဆွဲချီရေကန်" ဟူ၍ အမည်မော်ကွန်း တင်ထားခဲ့ကြောင်း မြကန်တောင်၌ ရေးထိုးထားခဲ့သော မြကန်မွန်ကျောက်စာအရ သိရှိရပေသည်။ ဤကန်ကြီးသည် တူရွင်းတောင်ခြေ၌ တည်ထားသည်ဟုဆိုစေကာမူ ပုဂံမြို့၏ မြေညီအပေါ်ပြင်ပေါ်သို့ ပေပေါင်း ၅၀၀ ကျော်ခန့် မြင့်မားတည်ရှိနေသည်။ ထို့ကြောင့် ထိုကန်မှရေများကို ရေလွှတ်ပေါက်များ လေးခုထား၍ မြောင်းသွယ်ကာ ပုဂံတမြို့လုံးသို့ရေလွှတ်ပေးနိုင်ခဲ့လေသည်။ နိုင်ငံခြားသားများ လက်ဖျားခါ၍ ချီးမွမ်းဖွယ်ရာ မြန်မာ့ အင်ဂျင်နီယာ အဘတ် စင်စစ်ပင် ဖြစ်တော့သည်။ ဤမျှ ရှေးကျသော သက္ကရာဇ် ၄၅၀ ကျော် အခါက မြန်မာ့ အတတ်ပညာကို မချီးမွမ်းသူ မည်သူရှိပါလေအံ့နည်း။

ဤမြကန်ကို ဆည်ဖို့ကြရာ၌ ပုဂံပြည်သူ ပြည်သား အားလုံး ကန်ဖို့ရာသို့ လာရောက်ကြ၍ တလက်စွန်း တလက်ဖက် သယ်မချီယူ၍ မြေကို ဖို့ကြသည်။ သာဟတ္ထိက ဒါန မြောက်အောင် ကူညီကြသည်။ ဤသို့နိဗ္ဗာန်ရောက်ရာအကြောင်းကို ရည်သန်၍ တလက်စွန်း တလက်ဖက် ကူညီချီကာ မြေကို ပယ်ဖို့ကြရသော အကြောင်းကြောင့် ဤကန်ကို "နိဗ္ဗာန လက်ဆွဲချီရေကန်" ဟူ၍ လူအများက ခေါ်ဝေါ်သမုတ်ခြင်းပြုကြသည်ဟူ၍လည်း အချို့သူတို့က ကြံဆကြပါသည်။ သို့သော် ဤသို့ကား မဟုတ်ပါပေ။

ကျန်စစ်သား မင်းကြီးကိုယ်တိုင်က ဤကန်ကို "မဟာနိဗ္ဗာန လက်ဆွဲချီ" ရေကန်ဟူ၍ အမည်တင်ထားခြင်းမှာ သူသည် ဗိသနိုးရသောကြီး ဝင်စားသူ ဖြစ်ခဲ့ကြောင်း၊ ရွှေစည်းခုံ မွန်ကျောက်စာ၌ ရေးထိုးထားခဲ့သည်ကိုထောက်လျှင် ဤမင်းသည် ဘုရားဆုပန်သော မင်းယောကျ်ားဖြစ်ကြောင်း၊ ဘုရားဆုကိုပန်သူဖြစ်ခြင်းကြောင့် သံသရာဝဲဩဃအတွင်း နစ်မွန်းနေသော သတ္တဝါအပေါင်းကို ဝဲဩဃအတွင်းမှ ဆယ်ယူချီမ၍ နိဗ္ဗာန်သို့ပို့ဆောင်မည်ဟူသော အဓိဋ္ဌာန်ကိုပြုခဲ့သူဖြစ်ဟန်တူ၏။ ဤအကြောင်းများကို သူသည် သူ၏ အတ္ထုပ္ပတ္တိကို ဖော်ပြရာဖြစ်သော ရွှေစည်းခုံ မွန်ကျောက်စာ (ဃ) မျက်နှာ၌ အတိအလင်း ဖော်ပြထားခဲ့၏။

ယင်ဂ္ဂသမိုင် သီရိဘုဝနဒိတျမဟာ ဓမ္မရာဇာ ဂေါ၊ အုတ်သတ်မအပယ် ပန်ဂေါစိ၊ သျှက်နောရ် အပယ်ပန် ဂေါ၊ အုတ်လောက်ရုံလောင်တောမ်ကု ဒေဝတပ်၊ မတိန်လူမ် ဒေယ်သံသရာ၊ မဒ္ဒသ်မဟာသမုဒ္ဒရာ၊ မကားသက်စိန္ဒြုတ်

တိလ် ပေါက်ဂေါ၊ သျှက်ဒွေယ်သမ္မ
မဒ္ဒသ်ကဗင်ဇု နှောက်၊ ဿုလုင် ဒွေယ်စှိုသ်
နိဗ္ဗာန်ပုံ ရေသ်။ ။

ပိဋကတ္တကား-''သီရိ တြိဘုဝနာဒိတျ မဟာဓမ္မရာဇာ မင်းမြတ်သည် အပါယ်လေးပါး၌ ကျနေသော သတ္တဝါအပေါင်းတို့ကို အပါယ်လေးပါးမှ ကယ်တင်ချီမ၍ ပေးလတ္တံ့။ အကွယ်အကာမရှိသော ခိုလှုံရာမဲ့သော မဟာသမုဒ္ဒရာနှင့်တူသော သံသရာဝဲ၌ နစ်မွန်းနေကြကုန်သော နတ်နှင့်တကွ လူတို့ကိုလည်း ချီမကယ်တင်၍ သင်္ဘောကြီးနှင့်တူသော တရားယာဉ်၌ စီးစေ၍ နိဗ္ဗာန်ဆိပ်ကမ်းသို့ ပို့ဆောင်ပေးလတ္တံ့။

ဤစကားအရဆိုပါလျှင် ကျန်စစ်မင်းကြီးသည် သူ၏မြကန်တော်ကြီးကို ''မဟာနိဗ္ဗာနလက်ဆွဲချီရေကန်''ဟု၍မော်ကွန်းထိုးခဲ့သည်မှာ ဘုရားဆုပန်သော မိမိလက်ဖြင့် သတ္တဝါတို့အား သံသရာဝဲမှ ဆွဲချီကယ်မ၍ နိဗ္ဗာန်ပို့ဆောင်မည့် အဓိဋ္ဌာန်ဖြင့် မှည့်ခေါ်ထားခြင်း ဖြစ်ကြောင်းမှာ ထင်ရှားပါသည်။

အချို့ပညာရှိများက ကြံဆကြသေးသည်မှာလည်း ဤကန်ကိုဆည်ဖို့ပေးခြင်းဖြင့် လယ်ယာကိုင်းကျွန်းများ၌ ရေရရှိသည်။ အသီးအနှံဖွံ့ဖြိုးသဖြင့် လူအများ လှူနိုင်တန်းနိုင်ကြမည်။ ထို့ကြောင့်သာလျှင် နိဗ္ဗာန်သို့ လက်ဆွဲ ချီပို့ပေးသည်နှင့် တူလှစွာ သော ကြောင့် ဤကန်ကို ''နိဗ္ဗာနလက်ဆွဲချီကန်''ဟု အမည်ပေးခြင်း ဖြစ်သည်ဆိုကြသည်။

မည်သို့ပင်ဖြစ်စေ မြကန်သည်ကား အလွန်သာယာလှစွာ၏။ တဆယ့်နှစ်ရာသီပတ်လုံး ရေထွက်စမ်းများမှတောင်ကျရေဖြင့် ရေပြည့်လျက်ရှိ၏။ ပတ်ဝန်းကျင် တောတောင်တို့ကလည်း သာယာလှ၏။ ရေထွက်ပေါက်လေးခုတွင် ရေတံခါးတပ်ဆင်၍ အဖွင့်အပိတ်ကို ထိန်းချုပ်ပေး၏။ ကျေးငှက်သာရကာတို့ ပျော်မြူးသောနေရာလည်းဖြစ်၏။ သစ်ပင်ပန်းမန်တို့ရနံ့ဖြင့်လည်း ဇာန်တဝိုက် မွှေးကြိုင်လှစွာ၏။ ဤအရပ်တွင် သားရဲတိရစ္ဆာန် ကျေးငှက်များကို ဘေးမဲ့ပေးရာဖြစ်၏။ ရေနေသတ္တဝါ တို့ သည် လည်း ဘေးကင်းရှင်းစွာဖြင့် ပျော် မြူး ကြ ကုန် ၏၊ အလွန်သာယာလှသဖြင့် ကန်၏အပါး၌ သုဓမ္မာဇရပ်ကြီးများကို ဆောက်လုပ်ထား၏။

သက္ကရာဇ် ၅၉၆ ခုတွင် ပုဂံပြည်၌ ကျစွာမင်းသည် ထီးနန်းစိုးစံ၍ ပျက် လေ ပြီး သော မြကန်ကို ထပ်မံ ပြင်ဆင်၏။ ကန်နံဘေး၌ သုဓမ္မာဇရပ်ကြီးများ ဆောက်၍ ဤဇရပ် များအတွင်း ကျစွာမင်းကိုယ်တိုင် သံဃာရဟန်းများကို စာချ၏။ စာပြန်ပွဲများကို ဤနေရာ၌ကျင်းပ၏။ ကျစွာမင်း၊ နားတောင်းများမင်း၊ ဥဇနာမင်းများ၏မိဖုရားများသည် ဤကန်ကို ပြင်ဆင်မွမ်းမံ၍ သူတို့၏အမည်များကိုလည်း ''မြကန်သည်''ဟူ၍ ကင်ပွန်းတပ်ကြကုန်၏။ ဤအမည်ကား ''မြကန်ဒါယိကာမ'' ဟူသတည်း။ ပုဂံကျောက်စာများတွင် မြကန်သည် အမည်မှည့်ခေါ်သော မိဖုရားများကား စည်သူမင်းကြီး မိဖုရားမြကန်သည် ပုံ-၁၅၃(က)၊ ကျစွာမင်း မိဖုရားမြကန်သည် ပုံ-၃၄(၇)၊ ဥဇနာမင်း မိဖုရားမြကန်သည် ပုံ-၆၃(က)၊ နားတောင်းများ မိဖုရားမြကန်သည် ပုံ-၁၃၃(၂၆)တို့ဖြစ်ကြသည်။ [ပုံအမှတ်ပြသည်ကား မြန်မာနိုင်ငံ ရှေးဟောင်းကျောက်စာပေါင်းချုပ်အမှတ်များတည်း။]

ဤသို့လျှင် မြကန်မည်သော မဟာနိဗ္ဗာနလက်ဆွဲချီရေကန်ကို ဆည်ဖို့ပေးတော်မူသော ရေအလှူတော်။ ရေပေးရေး စီမံကိန်း အလှူရှင် ကျန်စစ်မင်းကြီး၏မြကန်ဆည်ဖို့ခြင်း အကြောင်းနှင့်ပတ်သက်၍ မြကန်၏ ကန်ဘောင်ရိုးပေါ်ရှိ လေးဘက်ထိုး ကျောက်စာတိုင်မှဖတ်ရှုရရှိသော

မွန်ကျောက်စာကို အနည်းငယ်ကောက်နုတ်တင်ပြလိုပါသည်။

ဤမြကန်ဒါယကာ ကျန်စစ်မင်းသည် ဘုရားသခင်ထံမှ ဗျာဒိတ်ရသော ဗိဿနိုးရသေ့ ဖြစ်ပြီးလျှင် ဝိသကြုံ၊ သိကြား၊ နတ်၊ ဂဝံပတိအရှင်မြတ်၊ နဂါးမင်းဝံ့နှင့်တကွ သရေခေတ္တရာမြို့ကိုတည်၍ မင်းပြုတော်မူခဲ့၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်ပြီးနောက် သာသနာနှစ်တသောင်းခြောက်ရာသုံးဆယ်ခုနှစ် တွင် အရိမဒ္ဒနပူရ ပုဂံပြည်မင်းအဖြစ်ကို ခံယူသည်။ မင်းပြုပြီး၍ နှစ်နှစ်ကြာသောကာလ မြကန်ကို တူးဖော် ဆည်ဖို့တော်မူ၏။

ဤသည် အကြောင်းအရာများကို မြကန် မွန်ကျောက်စာ စာမျက်နှာ (ဃ)၌ အောက်ပါအတိုင်း ရေးထိုးထားတော်မူခဲ့၏။ (မွန်ဘာသာပြန်ဆိုချက်များကား ဤသို့တည်း။)

"ပုဂံပြည်၌ ငါးမှတ်ခြင်းကင်း၍ ချမ်းသာကြွယ်ဝ ပေါများခြင်း အကျိုးငှာ ရေမရှိသော လယ်မြေမရှိသော ထွန်ယက် စိုက်ပျိုး ခြင်း မရှိသော အရပ်တိုင်း၌ ငါတို့သခင် အရှင် မင်းတရားသည် ရေကို မြဲမြံစွာ ဆည်ဖို့စေ၏။ ရေကန်ကို တူးစေ၏။ စိုက်ပျိုးရန် လယ်မြေကိုဖြစ်စေ၏ ထိုအခါ ဗုဒ္ဓဘုရားသခင်ထံမှ ဗျာဒိတ်ရသော ဆင်ဖြူကို ယာဉ်ပြုထသော မြတ်သော အရှင်သီရိ တြိဘုဝနာဒိတျ ဓမ္မရာဇာဓိရာဇ ပရမိဿရ ဗလ စကြာဝဠေးမင်း ဖြစ်သော သဗ္ဗညုတဉာဏ်ကို ဆုတောင်းသော ဘုရားလောင်းသည် ဤရေကန်ကို တူးပြီးလျှင် ကျေးငှက်နှင့်လူသတ္တဝါအပေါင်းတို့၏ အကျိုးစီးပွားအလို့ငှာ 'မဟာနိဗ္ဗာနလက်ဆွဲချီရေကန်' ဟူသော အမည်ကို ပေးတော်မူ၏။ လူအပေါင်းတို့သည် သိကြပါကုန်လော့။ နာမ မေယ ဝသေနေဝ၊ သိလာ လေခါယ မုတ္တာမာ။ ထပိတာ ဓမ္မရာဇေန၊ မဟာပုည မဟိဒ္ဓိနာတို။"

ဤချပ်မှာသေး။ ပုဂံမြေပ်ထိုး အလံပုဂံ မွန်ကျောက်စာဟာချပ်တွင်လည်း ကျန်စစ်မင်းကြီး၏ ရေအလှူတော်။ ရေပေးရေး စီမံကိန်းများအကြောင်းနှင့်ပတ်သက်၍သိရှိရပါသေး၏။

ယင်းမွန်ကျောက်စာ၏ စာမျက်နှာ (ဃ) တွင် အောက်ပါအတိုင်း ပါရှိ၏။ ယင်းကို ဘာသာပြန်ဆိုထားချက်သည်ကား--

"ဘုရားသခင်ထံမှ ဗျာဒိတ်ရသော တရားမင်းမြတ်သည်သတ္တဝါအပေါင်းတို့ ငါးမှတ်ခြင်းကင်း၍ ချမ်းသာကြွယ်ဝ ပေါများခြင်း အကျိုးငှာ ရေမရှိသော လယ်မြေမရှိသော ထွန်ယက်စိုက်ပျိုးခြင်း မရှိသော အရပ်တိုင်း၌ ရေကိုမြဲမြံစွာ ဆည်ပေး၏။ဤရေကန်ကို တူးပြီး ကျေးငှက်နှင့် လူတကာ အပေါင်းတို့၏ အကျိုးစီးပွားအလို့ငှါ "မဟာနိဗ္ဗာန အလံဗဂါလိ" ဟူသော အမည်ကို ပေးတော်မူ၏။"

[မှတ်ချက်။ ။"အလံဗဂါလိ" ဟူသော မွန်ဘာသာစကား အရသော်ကား အလံ-ဟူသည်၊ အလံ ဟူသောစကားသည် စွမ်းဆောင်ခြင်း အနက်ရသည်။ ဗဂါလိ-ဟူသည်ကား ထောက်မိခြင်း အနက်ရပေသည်။ စကားနှစ်လုံးကို ဆက်စပ်လိုက်သည်ရှိသော် "ထောက်မိရန် စွမ်းဆောင်နိုင်သည်" ဟူ၍ အဓိပ္ပါယ်ရပါသည်။ ဆိုလိုသည်မှာ ဤကန်ကို တူးရသော အလှူဒါန၏ အကျိုးကြောင့် နိဗ္ဗာန်ရွှေပြည်မြတ်သို့ ကူးမြောက်နိုင်ရန် ထောက်မိပါစေသတည်းဟူသော ဆုတောင်းအဓိဋ္ဌာန်ဖြင့် "အလံဗဂါလိ" (ဝါ) အလံ ပုဂံဟူသောအမည် တွင်ရစ်ခြင်း ဖြစ်ရပေသည်။]

ယင်းမြကန်နှင့် အလံ ပုဂံ ကန်တော်များကို ဆည်ဖို့ တူးဖော်ပြီး ရေလွှတ်ပေါက်များမှ မြောင်းများဖြင့် သွယ်ယူ၍ ပုဂံပြည် အရပ်ရပ် ပတ်ဝန်းကျင်သို့ ကျန်စစ်မင်းကြီးသည်ရေအလှူတော်၊ ရေပေးရေး စီမံကိန်းကြီးကို ဆောင်ရွက်

တော်မူခဲ့သည့် အတွက် ပုဂံပြည်ကြီးသည် ဝပြော သာယာခဲ့ပေ၏။ လယ်ယာမြေ ဥယျာဉ်တို့ဖြစ်ထွန်း ပေါပေါက်လျက် အထွက်တိုးခဲ့ပေ၏။ ဤသို့အားဖြင့် ချမ်းသာကြွယ်ဝလျက်ရှိပေသော ပုဂံပြည်သည် မြတ်ဘုရားရှင်၏ သာသနာတော်အဖွင်း ဒါန သီလ ဘာဝနာတို့ကို ပွားများနိုင်ခြင်းအတွက် နိဗ္ဗာန်ရွှေပြည်မြတ်သို့ ထုတ်ချောက် ရောက်ရလေအောင် မင်းကြီး၏ ရွှေလက်တော်ဖြင့် ချီမပေးသကဲ့သို့ နိဗ္ဗာန်ရောက်ကြောင်း စာရေးများကို လူဘို့ အားထုတ်နိုင်ကြကုန်၏။

ဤကျန်စစ်မင်းကြီးသည် ဘဝအဆက်ဆက် စုဟေမနေ့ ကွယ်လွန်ခဲ့၍ ကောင်းမြတ်သော သုဂတိဘုံတို့၌သာ ဖြစ်ခဲ့၏။ သူသည် ကဿပဘုရားသခင် လက်ထက်တော်အခါ၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သဌေးမျိုး၌ ဖြစ်၍ သီလ ဘာဝနာတရား ပွားများကာ စုတေမနေ သေလွန်သောအခါ ပါဋလိပုတ်ပြည်တွင် မင်းမျိုး၌ တဖန် ဝင်စား၍ မင်းဖြစ်ခဲ့၏။ ထိုဘဝ၌လည်း အထူးထူးသောကောင်းမှုကုသိုလ်ကိုပြု၍အသက်ထက်ဆုံး နေပြီးလျှင် စုတေသည်ရှိသော် ယောဓပြည် ရာမမင်းမျိုး၌ ဖွားမြင်လာ၍ မင်းဖြစ်ခဲ့ပြန်၏။ ထိုမှတပါး စုတေမနေ့ ကွယ်လွန်သည်ရှိသော် ငါတို့ သကျမုနိ ဘုရားရှင် လက်ထက်တော်၌ ဗိဿနိုးရနံ့သ ဘဝ၌ ဝင်စားတော်မူခဲ့ပြီး သက္ကရာဇ် ၄၄၈ ခုနှစ်တွင် ပုဂံပြည်၌ မင်းဖြစ်ခဲ့ရ၏။

ကျန်စစ်မင်းကြီးသည် ဖြစ်လေတိုင်းသော ဘဝအဆက်ဆက်တို့တွင် ရေအလှူတော်၊ တိုင်းပြည် လူထုအတွက် ရေရရှိရေး စီမံကိန်းများကို ဆောင်ရွက်ခဲ့သည်ဟု ယုံကြည်ရပါသည်။ ဤသို့ ဘဝအဆက်ဆက် ကူးပြောင်းဝင်စားလာသော ကျန်စစ်မင်းမြတ်သည် ယခုပစ္စက္ခဘဝ သာသနာတော်နှစ် နှစ်ထောင့်ငါးရာ ကျော်လာသော နှစ်များအတွင်း သုံးဆယ့်တဘုံ၌ လှည့်လည်စံစား နိဗ္ဗာန်သို့ မရောက်ငြားသေးသည်ဖြစ်အံ့၊ လူ့ဘုံဘဝ မြန်မာပြည်၌ အမျိုးကောင်းသားတဦးလာ၍ ဖြစ်ပြီး ဘဝအဆက်ဆက်က ပါရမီဘာဂီအတိုင်း ရေအလှူတော် ရေရရှိရေး စီမံကိန်းများကို ဆက်လက်ဆောင်ရွက်၍ တိုင်းပြည်အကျိုး၊ သာသနာတော်မြတ်ကြီး၏ အကျိုးကို သယ်ပိုးနိုင်ပါစေ သတည်း ဟူ၍ ဆုတောင်းမိကြောင်း၊ တူစွ ဟုတ္တာ။ ။

သီတဂူဆရာတော်အား ဦးထိပ်ထားလျက်

မြကေတု




## တောင်အကြောင်း တောအကြောင်း
## စစ်ကိုင်းမြို့ တစေ့တစောင်း

စစ်ကိုင်းတောင် အကြောင်းနှင့် စစ်ကိုင်းတောင် ဘုရားများ၊ မြို့တွင်းဘုရားများသမိုင်း စာမူကလေးပြုစုယားခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်၏။ သဒ္ဓမ္မသီတဂူချောင် ဆရာတော် အရှင်ဉာဏိဿရထံမှ သီဘဂူစီမံကိန်း ငါးနှစ်ပြည့်မြောက်သီဘဂူအောင်ပွဲအတွက်စာတန်းတခုရေးသားပေးရန် တောင်းဆိုလာသော ဆရာတော်၏ စာကလေး ဘော်ရမှ ပြန်၍သတိရမိတော့သည်။

၁၉၇၅ ခုနှစ်ခန့်က ရန်ကုန်သို့ ရောက်ခိုက် ၃၃ လမ်း စာပေလောကတိုက်တွင် စာပေလောကစာအုပ်တိုက်မှ သခင်-ခင်ညွှန့်နှင့် တွေ့ဆုံရာ စစ်ကိုင်းအကြောင်း စပ်မိစပ်ရာ ပြောကြရာမှ စစ်ကိုင်းဘုရားများသမိုင်း စုစုစည်းစည်းရှိသင့်ကြောင်း ဖြစ်နိုင်လျှင် ရေးသားပေးရန် တိုက်တွန်းသဖြင့် သခင် ခင်ညွှန့်ထံ ရှိနေသော ပေဟောင်းနွမ်းလှပြီ ဖြစ်သည့် စစ် ကိုင်း တောင်, ဖိုးပန်းတောင်အကြောင်း စာ တန်း စာ အုပ်ကလေး ထုတ်ပေး၏။ စာအုပ်ကလေးမှာ စာမျက်နှာ ၂၂ မျက်နှာသာပါရှိရာ ဆွေးမြေ့နေပြီဖြစ်သည်။ ပါဠိဆရာ-ဆရာဝ စီစဉ်ရေးသားသည့် စာတန်းကလေး ဖြစ်နေသည်။ အဖုံးမရှိတော့။ ရိုက်နှိပ်သည့် ခုနှစ်လည်း မပါတော့။

အတွင်းစာသားထဲ၌ ၁၂၉၉ ခုနှစ်က ချောင်များစာရင်း ပါရှိရာ ထိုနှစ်လောက်ကပင် ရိုက်နှိပ်ခဲ့သောစာတန်းဟု ယူဆရပေသည်။ သို့ဆိုလျှင် နှစ်ပေါင်း ၄၀ ကျော် ရှိနေပေပြီ။ ထိုစာတန်းမှာလည်း ပြည့်ပြည့်စုံစုံ မဟုတ်ပေ။ စစ်ကိုင်း ဘုရားများ အစုံအလင် မပါရှိပေ။ မန္တလေးသို့ ပြန်ရောက်သောအခါ စစ်ကိုင်းဘုရားများသမိုင်း စာအုပ်စာတန်းများ ရှာဖွေပြီး ရေးချလိုက်သည်။ ဗလာစာအုပ်နှစ်အုပ်နှင့်အသင့် ရေးပြီး ဖြစ်သော်လည်း ထိုစာမူမှာ တပုံ့ပုံ့ ဖြစ်နေလေသည်။ သခင် ခင်ညွှန့်ထံမှလည်း ယနေ့တိုင် စကားပြန်မစသဖြင့် စာအုပ်ပုံများထဲ၌ လက်ရေးစာမူအဖြစ် ၁၀ နှစ်ကျော်ကျော် ကိန်းအောင်းနေ လေတော့သည်။ သို့

သော် ယခု စာရေးမည်ကြံသောအခါ ထိုလက်ရေးစာမူများသည် ဘယ်ချောင် ကပ်နေသည် မသိ။ မတွေ့ရတော့။ ပါဠိဆရာ ဆရာဝ၏ စာအုပ်ကလေးမှာမူ စာအုပ်ကြားမှ ပြန်၍တွေ့ရှိသည်။

မည်သို့ပင်ဖြစ်စေ။ ဤခင် ခင်ညွန့်ပြောသကဲ့သို့ စစ်ကိုင်းရောက်လျှင် စစ်ကိုင်း ဘုရားစုံပါသော သမိုင်းစာအုပ်ရရှိရန် အလွန်ခဲယဉ်းလေသည်။ စစ်ကိုင်းတောင် သမိုင်းစာအုပ်ကလေးအဖြစ် ညောင်ပင်သာ ဦးပုညရေးသော တေးထပ်များ အခြေပြုကာ ဆရာကြီး ရွှေပြည်ဦးဘတင် ပြုစုခဲ့ဖူးသည်ကိုတွေ့ရ၏။ ထိုစာအုပ်ကလေးမှာလည်း ရှားပါးနေပြီ။ နောက်ထပ်အသစ်ပြန်လုပ် ဖြည့်စွက်ချက်များဖြင့် စုစုစည်းစည်း တအုပ်ရှိသင့်သည်မှာ မှန်၏။ ဆရာတော်ဦးသောဘိတ(ရွှေကိုင်းသား) သည် စစ်ကိုင်းဘုရားများအကြောင်း သမိုင်းတစောင်တဖွဲ့ရေးသားခဲ့ဖူးလေသည်။ ပတ္တမြား စေတီသမိုင်း၊ ဆွမ်းဦးပုညရှင်စေတီသမိုင်း စသည်ဖြင့် တအုပ်ချင်း ရေးသားထုတ်ဝေခဲ့သည်ကို ဖတ်ရဖူး၏။ ဆရာတော်လည်း ကျန်းမာရေး အခြေ အနေကြောင့် နောက်ထပ်ရေးသား ပြုစုထုတ်ဝေခြင်း မပြုနိုင်တော့ဟု ထင်ပါသည်။

စစ်ကိုင်းတောင်တွင် စာ ရေး သား နိုင် ကြသော ဆရာတော်များလည်း ရှိနေကြသည်။ ဆရာတော်ဦးမဟောသဓပဏ္ဍိတကလည်း ပြုစုထားကြောင်း ကြားမိသလိုရှိ၏။ စာအုပ်တအုပ်ရှိသင့်လှသည်အမှန်ဖြစ်၏။ ဆရာတော်များကတာဝန်ယူ ရေးသားထုတ်ဝေလျှင် အများပြည်သူတို့ ဖတ်ရှုလေ့လာသိမ်းဆည်းထားနိုင်ကြပေမည်။ ယခုအခါ တောင်ရိုးပျော် သူတော်စင်တို့အား ပူဇော် သော အား ဖြင့် သဒ္ဓမ္မသီတဂူချောင်သင်္ကန်းဆရာတော် အရှင်ဉာဏိဿရက ဦးဆောင်လျက် သီတဂူမော်ကွန်းတင်စာစောင်ကြီး ထုတ်ဝေမည်ဟုဆိုသော အ ခါ စစ်ကိုင်းအကြောင်း အားပါးတရ ဖတ်ရတော့မည့် စာအုပ်ကြီးအဖြစ် ဝမ်းပန်းတသာ ကြိုဆိုဂုဏ်ယူနေမိပါသည်။

ပို၍ဝမ်းသာ ကြိုဆိုဂုဏ်ယူ သာဓုအနုမောဒနာပြုမိသည်မှာ စစ်ကိုင်းတောင် သီတဂူ ရေအလှူစီမံကိန်းကြီး အောင်မြင်မှုသတင်းပင် ဖြစ်ပေသည်။ စစ်ကိုင်းတောင်သည် ဧရာဝတီမြစ်နှင့် နီးကပ်လျက်ရှိသော်လည်း သောက်ရေသုံးရေရှားပါးသော တောင်ပေါ် ကန္တာရတခုဖြစ်သည်။ တောင်အထပ်ထပ် ချောင် အသီးသီးတက်လိုက်ဆင်းလိုက် အေးငြိမ်းတိတ်ဆိတ်သောဒေသတွင် သောက်ရေသုံးရေ မြေအောက်အဝီစိရေရရှိရန်မှာ မလွယ်ကူသောဒေသ ဖြစ်သည်။ အချို့ချောင်များတွင် မိုးရည်ခံယူရန် ရေကန်ကြီးများ ဆောက်လုပ်သိုလှောင်၍ ခရိုးခွဲ့ခွဲ့ တာတာ သုံးရသော အနေအထားမှာရှိခဲ့သည်။ သို့ဖြစ်ရာ စစ်ကိုင်းတောင် ချောင်အသီးသီးရှိ သူတော်စင် ရဟန်း သာမဏေ သီလရှင်ပုဂ္ဂိုလ်တို့သည် နှစ်ပေါင်းများစွာ ရေအခက်အခဲနှင့် ရင်ဆိုင်ခဲ့ကြရလေသည်။

ဤသို့သော ရေအခက်အခဲကို ရှေးမဆွကလည်း စစ်ကိုင်းတောင်၌ တတ်စွမ်းသမျှ ဖြေရှင်းခဲ့ကြသည်ကို မှတ်သားရဖူးသည်။

သို့သော် ထိရောက်မှုမရှိခဲ့ကြောင်းသိရှိရပေသည်။

### သီတဂူရေအလှူ

စင်စစ်သော်ကား စစ်ကိုင်းတောင် ချောင်အသီးသီးတွင်ရှုနှစ်ပါးကြိုးစားသော သူတော်စင်များကား ယုတ်လျော့သည် မရှိပဲ တိုးပွားလျက်ရှိသည်နှင့် အမျှ သာသနိက အဆောက်အအုံများလည်း တိုးတက်နေရာ ရေဒုက္ခလည်းချောင်တိုင်း၌ သိသိသာသာကြီး တွေ့ကြုံခံစား

နေရလေသည်။ ရေစည်လှည်းတို့ဖြင့် တောင်ပေါ်အရောက် ငွေကုန်ကြေးကျခံကာ မည်မျှ သယ်ဆောင်ကြသော်လည်း နေ့စဉ်နှင့် အမျှ ရှားသော် ရင်လေးဖွယ်ရာ ပြဿနာကြီး ဖြစ်နေခဲ့ကြလေသည်။

နိုင်ငံကျော် တရားဟော ဓမ္မကထိက ဖြစ်တော်မူသော စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူ ချောင်ဆရာတော် သဲကုန်း အရှင်ဉာဏိဿရ (သပိတ်အိုင်) ဦးဆောင်၍ စစ်ကိုင်းတောင် ရေပေးရေး စီမံကိန်းကြီးကို ၁၃၄၂ ခုနှစ် ကဆုန်လပြည့်နေ့က စတင်၍ သီတဂူရေအလှူတော် အမည်ပေးကာ စတင် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပေသည်။ မည်မျှ ဝမ်းမြောက်ဖွယ်ရာ ကောင်းပါသနည်း။

ဦးဆောင်ဆရာတော်များ၊ ကပ္ပိယကာရကများ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ယခုအခါ ငါးနှစ်တာကာလအတွင်း ပြည်သူပြည်သား စေတနာရှင်များ လှူဒါန်းသည့် ငွေပင် ငွေရင်း သိန်းငါးဆယ်ကျော်ဖြင့် (သိန်း ၅၀)ကျော်ဖြင့် (က) ရေစုပ်စက် ရေတင်စက်ရုံ နှစ်ရုံ၊(ခ)ပင်မ ရေလှောင်ကန်ကြီး လေးလုံး (ဂ)ရေပိုက်ပေါင်း အရှည်ပေ ခြောက်သောင်း (၆၀,၀၀၀)ကျော် တည်ဆောက်ပြီးစီးသွားပြီး ငွေပင်ငွေစုလက်မှတ် ၁၁ သိန်းတို့ဖြင့် ပြီးစီးနေပြီ ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာ ကြားသိရပေ၏။ သီတဂူရေစီမံကိန်းကြီးမှ စစ်ကိုင်းတောင်ရိုးပျော် ချောင်များစွာသို့ ရေပိုက်လိုင်းများဖြင့် သောက်ရေ သုံးရေများ အောင်မြင်စွာ လှူဒါန်းနိုင်ပြီ ဖြစ်ရာ ရေပိုက်လိုင်း ရောက်ရှိနေသော စစ်ကိုင်းတောင် ချောင်အသီးသီး၏ မြေပုံကိုလည်း စစ်ကိုင်းတောင်ရိုး သီတဂူရေအလှူခံတော် ငါးနှစ်တာ

·36 ခရီး တိုးတက်မှု အစီရင်ခံစာ စာအုပ်၌ လေ့လာတွေ့ရှိနိုင်ကြပေသည်။

ဤမျှထူးကဲသော ရေအလှူ စီမံကိန်းကြီးကား စစ်ကိုင်းတောင်ရိုး၌ ရောက်ရှိသမျှ စေတနာရှင် လုပ်သားပြည်သူများလည်း ဝမ်းမြောက်သာဓုခေါ်နိုင်ကြမည် ဖြစ်သလို အနာဂတ်ရေရှည် တည်တံ့အောင် ဆောင်ရွက်နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်း လှူဒါန်းသွားကြရပေဦးမည်။ ခေတ်အဆက်ဆက် ထွန်းကားတည်ရှိခဲ့သော သူတော်ကောင်းတို့ မွေ့လျော်ရာ စစ်ကိုင်းတောင်ပေါ် ဒေသချောင်အသီးသီးတွင် ရေရှားပါးမှု ပြဿနာသည် ယခုခေတ်၌ တော်လှန်ပြောင်းလဲလိုက်ပေပြီ ဖြစ်၏။ တောင်ပေါ်တွင် ထင်ရှားသော ဘုရားစေတီများ တည်ရှိနေခြင်းအားဖြင့်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နေ့စဉ် ရောက်ရှိနေသည် ဖြစ်ရာ စစ်ကိုင်းတောင် သာယာရေး လုပ်ငန်းစဉ်များလည်း တိုးချဲ့လုပ်ကိုင် ဆောင်ရွက်သွားကြရပေလိမ့်ဦးမည်။

ထိုလုပ်ငန်းစဉ်များတွင် စစ်ကိုင်းတောင် ချောင်အသီးသီး မှတ်တမ်း မှတ်ရာများ၊ ဘုရားစေတီ သမိုင်းများ၊ ပုဂ္ဂိုလ်ကျော်များ၏မှတ်တမ်းများလည်း ဖော်ထုတ် မှတ်တမ်းတင် ပြုစုသင့်သည်ဟု ယူဆမိပါသည်။

## ဘုရားဗျာဒိတ်ဝင် မြို့တော်စစ်ကိုင်း

စစ်ကိုင်းမြို့သည် ယခုအခါ၌သာ ထင်ရှားကြီးကျယ်သည်မဟုတ်။ ဂေါတမမြတ်စွာဘုရား ကိုယ်တော်တိုင် သက်တော်ထင်ရှား ရှိစဉ်အခါ ကြွရောက်တော်မူလာပြီးလျှင် ဤနေရာ ဤဌာနတွင် နောင်အခါကာလ၌ (စစ်ကိုင်းမြို့) ဟူ၍ ထင်ရှားဖြစ်လိမ့်မည့် အကြောင်းနှင့် ဗျာဒိတ်စကား မိန့်ကြားခဲ့တော်မူ ခဲ့သဖြင့် ဘုရားဗျာဒိတ်ဝင်မြို့ကြီး တစ်မြို့ဖြစ်ပေသည်။

ထိုစစ်ကိုင်းမြို့ကို ပင်းယမြို့ တစီးရှင် သီဟသူ၏ သားတော် မင်းစောယွမ်းသည် သက္ကရာဇ် ၆၇၇ ခုနှစ်တွင် (သီရိအသင်္ခယာ) ဟူသောဘွဲ့ကို ခံယူကာ ပထမမြို့တည်၍ ရှစ်နှစ်စိုးစံတော်မူသည်။

တရဖျား ၁၄ နှစ် ရွှေတောင်တက်မင်း သုံးနှစ်၊ ကျစွာမင်း ၁၀ နှစ်၊ နော်ရထာမင်းရဲ သုံးလ၊ ညီတရဖျားငယ် သုံးနှစ်၊မင်းပြောက် ၁၃နှစ်တိုင် စိုးစံတော်မူသည်။ မင်းဆက် ခုနစ်ဆက်၊ မြို့သက် ၅၀ နှစ်တိုင် ထီးနန်းပွင့်လန်းခဲ့လေသည်။

ဤသို့အားဖြင့် စစ်ကိုင်းမြို့သည် မြန်မာဘုရင်တို့၏ ထီးနန်းစိုက်ရာ မြို့ကြီးဖြစ်ခဲ့ဖူးရုံသာမက ကုန်းဘောင် ၁၁ ဆက်တွင်လည်း အလောင်းဘုရား ဦးအောင်ဇေယျ၏ ဒုတိယမြောက်သားတော် စစ်ကိုင်းမင်းသည် သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် ထီးဖြူကနက်ဖြန့်လျက် စိုက်ထူစိုးစံတော်မူခဲ့သည်။

## အင်းဝတံတားကြီး

ထို စစ်ကိုင်းမြို့ မဝင်မီ အထူးခြားဆုံး အဆောက်အအုံကြီးကား ဧရာဝတီမြစ်ကို ဖြတ်ကျော် တည်ဆောက်ထားသော အင်းဝတံတားကြီး (စစ်ကိုင်းတံဘား)ပင် ဖြစ်၏။ ထိုတံတားကြီးကို ကုံး ၁၀ ကုံး၊ ပေအရှည် ၃၉၄၈ ရှိ၍ ငွေ ၁၃၄ သိန်း ကုန်ကျခံကာ ရထားလမ်း ကားလမ်း၊ လူသွားလမ်းများ သီးခြားပြုလုပ်ထားသည်။ ၁၉၃၄ ခု ဇန်နဝါရီလ ၂ ရက် (၁၂၉၅ ခု ပြာသိုလဆုတ် ၃ ရက် အင်္ဂါနေ့) တွင် စဘင် ဖွင့်လှစ်သည်။

## နန်းဦးစေတီ

ထိုတံတားကြီးကို စစ်ကိုင်းတောင် ရှုမျှော်ခင်းများ ကြည့်ရှုယင်း ကျော်ဖြတ်ခဲ့ပြီး နောက်တောင်ပေါ်သို့ ခရီးဆက်ခဲ့သော် နန်းဦးစေတီကို ဦးစွာဖူးတွေ့ရပေမည်။ ထိုစေတီတော်ကား မြန်မာပြည်ဖွား မထေရ်တပါး သီဟိုဠ်ကျွန်းမှ ဓာတ်တော်များ ပင့်ဆောင်ပြန်လာခဲ့ပြီး ထိုဓာတ်တော် နှင့် တကွ ၆၀၆ ခုနှစ်တွင် စေတီတည်ထား ကိုးကွယ်ခဲ့လေသည်။ ဤမြို့ကို နန်းမြို့တည်ထားရာမှ နန်းဦးတွင် ကျသောကြောင့် နန်းဦးစေတီဟု တွင်လာပါသည်။

## ပုညရှင်စေတီတော်

ထို့နောက် စစ်ကိုင်းတောင်ပေါ်သို့ တက်ရောက်လျှင် ရှေးဦးစွာ ပုညရှင်စေတီတော်ကို ဖူးမြော်တွေ့မြင်ရပေသည်။ ထိုစေတီတော်ကြီးကို ပုညအမတ်သည် ပန်းထိမ်သည် ကျွန်ရင်းငစိန်သင်း ဝှက်ယူဘားသော ဓာတ်တော်နှစ်ဆူကို ဥစ္စာပေး၍ ရယူလျက် သက္ကရာဇ် ၆၇၄ ခုဌ္ဌိမ္မိက တောင်ထိပ်ထွင် စေတီတည်ထားကိုးကွယ်ခဲ့သည်။ ဘုရား ဒါယကာအမတ်ပုညကိုအစွဲပြု၍ ပုညရှင်စေတီဟု ခေါ်ဆိုကြပေသည်။

ထိုစေတီတော်သို့တက်ရန် စောင်းတန်းနှစ်သွယ်ရှိသည်။ ကုန်းတော်ပေါ်သို့ ရောက်သောအခါ အမောပြေစရာ ပျော်ရွှင်ကြည်နူးဖွယ်ရာတို့နှင့် စစ်ကိုင်းတောင်ရှုခင်းများက ဆီးကြိုနေမည့်ဖြစ်သည်။ ပုညရှင် စေတီရင်ပြင် ပတ်ဝန်းကျင်မှလှည့်လည်ရှုမျှော်လိုက်လျှင်အရှေ့ဘက်တဝိုက်တွင်သူတော်စင် ရဟန်းအများတို့ကမ္မဋ္ဌာန်းတရားအားထုတ် ပွားများရာ ကျောင်းဇရပ် အထပ်ထပ်သော လိုဏ်ဂူချောင် အသီးသီးနှင့် ကျယ်ဝန်းလှပသော ဧရာဝတီမြစ် ရှုမျှော်ခင်းကို တွေ့မြင်နိုင်ကြလေသည်။

အရှေ့ မြောက်ဘက်သို့ ကြည့်မိ ပြန်သော် မန္တလေးမြို့တော်ကြီး နှင့်တကွ မန္တလေးတောင်တော်ကို တွေ့မြင်နိုင်ကြသည်။ အရှေ့တောင်

ဘက်သို့ ရှုမျှော်လိုက်ပြန်သော် စစ်ကိုင်းမြို့နှင့် တကွ အမရပူရမြို့တော်ဟောင်း၊ ရင်းဆိပ်ကမ်း မှစ၍ အင်း၀ တံတားကြီး၊ တောင်မြို့ပုထိုးတော်ကြီးပါ ဖူးမြော်ရပေသည်။ အနောက်ဘက်သို့ ရှုမျှော်လိုက်သော် ကောင်းမှုတော် စေတီတော်မြတ်ကြီးကို ထီးထီး ပုံ့ပုံ့ စုံ့စုံ့တက်သည့်အသွင် အထင်အရှား ဖူးမြော်မြင်တွေ့နိုင်ပါသည်။

ထိုပုညရှင် စေတီတော်ဘည်ရာ တောင်ကုန်းသည်အမြင့်ဆုံးဌာနတခုဖြစ်သောကြောင့် လေးမျက်နှာလုံးရှိ ရှုမျှော်ခင်းများကို စိတ်ကြည်နူးဖွယ်ရာ ခံစားရှုစားနိုင်သော နေရာဘခုဖြစ်သည့်ပြင် စစ်ကိုင်းတောင်ရိုး ရောက်လာသူအပေါင်းတို့ အထူးနှစ်သက်သော နေရာတခု ဖြစ်လေသည်။

## ဉမင်သုံးဆယ်

ပုညရှင် စေတီတော်မှတဆင့် တောင်တန်းတလျှောက် မြောက်ဘက်ဟာခွင်သို့ လိုက်သွားလျှင် ကန်သုံးဆင့်စခန်းသို့ ရောက်ရှိကြလေသည်။ ထိုကန်သုံးဆင့် စခန်းမှတဆောက် မြောက်ဘက်တောင်ရိုးသို့ အစဉ်အတိုင်း သွားပြန်သော် သုဝဏ္ဏဂိရိ-စာမရီဟု နှစ်မည်ရသော တောင်ထိပ်၌ ၁၀၅၀ ခုနှစ်တွင် ပဒူသက်ရာဇာ အရှင်မြတ်ကြီးသည် ဉမင်အပေါက် ၃၀ သို့ ရောက်ရှိ ဖူးမြော်ရမည်ဖြစ်ပါသည်။

## ပတ္တမြားစေတီ

ဉမင်သုံးဆယ်မှ အထက်သို့ တက်ခဲ့သော် မြန်မာပြည်တွင် သံဃာစေ့ရုံ လေးပါးမျှဖြင့် ရဲရဲတောက် သမုတ်သွားသော သိမ်ထူးတခုနှင့် ဌက်မြတ်နား စေတီသို့ ရောက်ရှိပေမည်။

ထိုစေတီမှ မြောက်ဘက်ဆီသို့မှန်းမျှော်ကြည့်လိုက်ပါမူကား ပတ္တမြားစေတီကို ဖူးမြင်ရလေသည်။ ထိုစေတီကား သာသနာနှစ် ၂၂၄ ခု သီရိဓမ္မာသောကမင်းကြီး ဦးစွာတည်ထားခဲ့၍ ပဒူသက်ရာဇာစသည့် ထပ်မံ ပြင်ဆင်ကြသော ထင်ရှားသော စေတီတဆူဖြစ်သည်။

## ရှင်ဖြူရှင်လှ

ထိုမှတဖန်လှည့်၍ပြန်လာခဲ့ပြီးလျှင် ရောဝတီမြစ်ဘက်သို့ ခွဲဆင်းသော လှည်းလမ်းအတိုင်း လိုက်ဆင်းသွားလျှင် ရှင်ဖြူရှင်လှ စေတီသို့ ရောက်ကြရလေသည်။ ထိုဘုရားကား သီကြားမင်း၏ လက်ဆောင်တော် ရှင်ဖြူရှင်လှ နှစ်ဆူကို ပထမ အလောင်းစည်သူမင်းသည် သက္ကရာဇ် ၄၇၈ ခုနှစ်၌ တည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်လေသည်။

## ဉမင်ကိုးဆယ်စေတီ

အပန်းဖြေ နားနေပြီးသော် ဉမင်ကိုးဆယ်ဘုရားတည်ရှိရာ မြတောင်သို့ တက်ရောက်ကြရလေသည်။ ထိုမြတောင်ထွတ်၌ ၁၂၉၃ ခုနှစ်တွင် ဝိပဿနာ ဂန္ဓာရုံ ဆရာတော် အရှင်ကုလ္လာသဘာမထေရ်သည် ရှေးဟောင်း စေတီရာကိုရှင်းလင်း၍ ယခု ကမြင် စေတီတော်ကို ဉမင်လိုဏ်မုခ်ပေါင်း ၆၀ ဖြင့် တည်ထားကိုးကွယ်၍ ဉမင် ၆၀ ဟု အမည်တွင်စေသည်။ နောင်တွင် သုတိသာယာစေ၍ ဉမင်ကိုးဆယ်ဟု ပြောင်းလွဲခေါ်ကြသည်။

ဝေနေယျသုခ ရေချမ်းစင်ကန်တော်ကြီးနှင့်တကွ စစ်ကိုင်းမြောက်ပိုင်း သီတဂူရေဖြန့်ဝေရာ ချောင်များကို အပေါ်စီးမှ ရှုမြင်အံ့ဩကြည်ညိုဖွယ် ဇောများ စောနိုင်ပေသည်။

## ဇေတဝန်စေတီ

ဉမင်ကိုးဆယ် တောင်ဘက် စောင်းတန်းမှ

ဆင်း၍လာခဲ့ပြီးလျှင် စစ်ကိုင်းတောင်ရိုး သက်တော် ဝါတော်အကြီးမားဆုံးဖြစ်သော ဇေတဝန် စေတီတော်သို့ ဦးခိုက်ရန် အခန့်သင့်ရောက်ကြလေသည်၊ မြတ်စွာဘုရား ဝါတော် ၂၀ အရတွင် စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်လာစဉ်က ချီးမြှောက်တော်မူသော ရေသနုပ်တော်ကိုဌာပနာ၍ဇေတဘီလူးတည်ထားခဲ့သော စေတီတော်ဖြစ်ပေသည်။ ဇေတဘီလူးကိုအစွဲပြု၍ ဇေတဝန်ဟု ခေါ်တွင်လာခဲ့ကြလေသည်။

## လေးကျွန်းမာရ်အောင်ဘုရား

ဇေတဝန်စေတီတော်မှ တောင်ဘက်သရက်ပင် ဈေးတန်းဆီသို့လျှောက်၍ လေးကျွန်းမာရ်အောင် စေတီတော်သို့ သွားရောက်ဖူးမြော်ရလေသည်၊ ထိုစေတီကိုကား ဘုရားရှင်ကြွရောက်တရားဟော၍ ဘီလူး ၉၉ ယောက် သောတာပန်တည်ရာ အရပ်ဖြစ်၍ သောတာပန်ဘုရားဟု ခေါ်ဝေါ်သည်။ ဆင်ဖြူရှင် ဟနက်နွေမင်း သက္ကရာဇ် ၁၀၈၆ ခုနှစ်တွင်တည်ထား၍လေးကျွန်း မာရ်အောင်ဟု သမုတ်လေသည်။

## ချမ်းသာကြီး ချမ်းသာရစေတီ

လေးကျွန်း မာရ်အောင် စေတီ ခြေရင်းမှ လှည့်လည်ကြည့်ရှုယင်း တောင်ဘက်သို့ ဆက်လက် ထွက်ခွာခဲ့သော် ချမ်းသာကြီး ချမ်းသာရစေတီကို ဦးတိုက်ရလေသည်။ စစ်ကိုင်းမြို့တည် အသင်္ခယာ စောယွမ်းမင်း၏ ကောင်းမှုလိုဏ်ဂူ ရှေးဟောင်း အမွေအနှစ်များဖြင့် တင့်တယ်စွာ တည်ရှိသော ထိုစေတီကို ၄၂၀ ခုနှစ်တွင် ကြံ့သိုင်း အမတ်ကြီးတည်ထားကိုးကွယ်ခဲ့လေသည်။

## သီတဂူရေစက်နှင့် ရှင်ပင်နံကိုင်းစေတီ

ထိုစေတီနှင့် ကပ်လျက် တောင်ဘက်တွင် သီတဂူပင်မ ရေတင်စက်ကို လေ့လာကြည့်ရှု၍သို တဂူပိုက်လိုင်းအတိုင်း ရှင်ပင်နံကိုင်းစံရာနံကိုင်းတောင်သို့ တက်ရပေသည်။ လေးဘက်ဝန်းကျင် ရှုမြင်စရာပေါများ၍ စိတ်ကြည်နူးမှုများစွာရရှိကြသော ဌာနဖြစ်သည်။ ကြံ့သိုင်းအမတ်ကြီးသည် ၄၁၀ ခုနှစ်၌ ရှင်ပင်နံကိုင်း စေတီဘွဲ့ချီ၍ တည်ထားခဲ့သော စေတီဟုဆို စံပယ်ရာဖြစ်လေသည်။

ထိုတောင်တော်မြတ်မှာပင်သီတဂူလသာကန်များတည်ရှိ၍ တဝေါဝေါ ကျဆင်းနေသော ရေများဖြင့် ပန်းတင့်လှပေသည်။ သီတဂူရေစီမံကိန်း၏ တောင်ဘက်ခြမ်း တခုလုံးကိုခြုံ၍ ကြည့်ရှုနိုင်ပေသည်။ သာခုကောင်းချီး ပေးနိုင်ပေသည်။ သီတဂူ ရေအလှူတော်၏ ပြန့်ကျယ်မှု ခန့်ထည်မှုတို့ကို အာရုံယူယင်း တဖိန့်ဖိန့်ရှိလှပေသည်။

ယခုအခါ စစ်ကိုင်းတောင်သည် အထက်မြန်မာပြည်အဘွက်ရှုမြင်သံကြား ထပ်လှွင့်စက်ကြီးနှင့် တနေ့တခြား တိုးတက်စည်ပင် ပွားများနေသည်။ တောင်ပေါ်လမ်းများလည်း ကောင်းမွန်နေပေပြီ။ စစ်ကိုင်းတောင် သာယာစိုပြည်ရေး၊ သစ်ပင်သစ်တောများကိုလည်း ထိန်းသိမ်းပေးလျက်ရှိရုံသာမက ရှေးယခင်က ရေရှားပါးမှု ပြဿနာကိုလည်း သီတဂူ ရေအလှူစီမံကိန်းကြီးဖြင့် ဖွင့်လှစ်တည်ဆောက် အကောင်အထည်ဖော်လိုက်ပြီ ဖြစ်ပေရာ ခြိမ့်ခြိမ့်သည်းကျင်းပမည့် သီတဂူအောင်ပွဲသို့ ရည်မှန်းလျက် စစ်ကိုင်းတောင် အကြောင်း တစေ့တစောင်း ဆောင်းပါး စာတန်းအား နိဂုံးချုပ်အပ်ပါသတည်း။

နတ်မောက် ထွန်းရှိန်

# သမိုင်းကြောင်းသည့် စစ်ကိုင်းတောင်

## အရှင်သာသနာဝံသ

(ချာစရိယ) ဘီအက်စ်စီ



**စစ်ပင်ကိုင်းကိုင်း မြစ်တွင်ရှိုင်း**

**စစ်ကိုင်းအမည်တွင်**

ဇေယျပူရတိုင်း စစ်ကိုင်းတောင်ရိုးရှိ စေတီချပ်ပွားကိုယ်တော်စားတို့အား နှစ်စဉ်နှစ်ကိုင်း ဝါဆိုလပြည့်နေ့မှစ၍ သီတင်းစဉ်အတိုင်း ဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို အခမ်းအနား အပြင် အဆင် လှူဒါန်းဖွယ် အစုံအလင်တို့ဖြင့် ဘောဓေရာ မြို့ပါ စည်ကားသိုက်မြိုက်စွာ ကျင်းပ၍ လာခဲ့ကြသည်မှာ မည်သည့် သက္ကရာဇ်က စတင်ခဲ့ပါသည်ဟု ပြောနိုင်သူ တစုံတဦး မရှိနိုင်လောက်အောင်ပင် ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ထိုဆွမ်းတော်ဘင် ပွဲတော်စဉ်ကို ဆရာမြတ်တို့က "တောင်-ဇေ-ချမ်း၊ဥ-နန်း-နံလေး၊ ပ-ထု-ရှင်-အောင်-ကောင်း၊ အမြောက်ငါးထပ်ကြီး အပြီး ကောင်းမှုဘော်"ဟု ထင်ရှားပေါ်လွင် ဥဒါန်းတွင်အောင် စေတီတော်စဉ်ကို ပင် နိယာမ်ဘခု ပြုခဲ့ကြပါသည်။

သုနာပရန္တတိုင်း အဝင်အပါဖြစ်သော ယခုခေတ်အခေါ် စစ်ကိုင်းသည် ကကုသန်ဘုရားရှင် လက်ထက်တွင် 'ဝိနာသ'၊ ကောဏာဂုံဘုရားရှင်လက်ဆက်တွင် 'နေလာ'၊ ကဿပဘုရားရှင် လက်ထက်တွင် 'ပေါပေါ'၊ ဂေါတမ ဘုရားရှင် လက်ထက်တွင် 'ရတနာ'ဟု တွင်ခဲ့၍ ယခုဝေါဟာရမှာ 'စစ်ကိုင်း' ဟူ၍ ဖြစ်ပါသည်။ ဧရာဝတီ မြစ်နဒီသို့ ကိုင်းနေသော စစ်ပင်တခုကို အကြောင်းပြု၍ စစ်ကိုင်းဟု အမည်တွင်ခဲ့ပါသည်။

စစ်ကိုင်းတောင်တွင် ဗုဒ္ဓရှင်တော်ဘုရား၏ သရီရဓာတ်တော် မွေတော်တို့ ကိန်းဝပ်စံပယ်ရာ ပြာသာဒ်ဂူကျောင်း တန်ဆောင်းပုထိုး စေတီတော် အမျိုးမျိုးတို့ကို ရှိခိုးပူဇော် ဖူးမြော်၍ မရောင့်ရဲနိုင်လောက်အောင် ရှိလှပါသည်။

စစ်ကိုင်းတောင်သည် မြန်မာပြည်အတွင်း မြောက်မှ တောင်သို့ စီးဆင်းသော ဧရာဝတီမြစ် အနောက်ဘက် သုနာပရန္တတိုင်း အရှေ့စွန် တမ္ပဒီပတိုင်းနှင့် မျက်နှာချင်းဆိုင်၍ မြန်မာနိုင်ငံ၏ ဗဟို စစ်ကိုင်း ရွှေဘုံနယ်အတွင်း ဧရာဝတီ မြစ်နဖူးတွင် တည်ရှိပါသည်။

ဤတောင်တန်းကို မင်းဝံတောင် ဟူ၍လည်းကောင်း၊ စစ်ကိုင်းတောင် ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြပါသည်။ အမှန်မှာ မင်းဝံတောင် တန်းကလေးသည် စစ်ကိုင်းတောင်တန်း၏ အနောက်ဘက်တွင် သီးခြားတည်ရှိပါသည်။

သဗ္ဗညုမြတ်စွာဘုရား ဤတောင်တန်းသို့ ညီတော်အာနန္ဒာနှင့် ဒေသစာရီ ကြွချီတော်မူလာရာ 'ဝံ' တကောင်သည် သစ်သီးများကပ်လှူသဖြင့် 'ဤဝံသည် သံလျက်ခုံကျွန်း၌ မင်းဖြစ်၍ စည်းခုံကြီး တည်လိမ့်မည်'ဟု ဗျာဒိတ်ထားတော်မူခဲ့ပါသည်။

**မှတ်ချက်**။ ။ ထိုမင်းသည် မင်းကြီးစွာစော်ကဲဖြစ်လာ၍ သံလျက်ခုံကျွန်း ဆိုသည်မှာ အင်းဝမြို့ တည်ရာပင်ဖြစ်ပါသည်။

ဤစစ်ကိုင်းတောင်တန်းကြီးသည် တန်ခိုးရှိသော ဆေးမျိုး၊ ကျောက်မျိုး၊ ရွှေ ငွေ ကျောက်သံပတ္တမြား၊ နတ်နဂါးနှင့် ဘီလူးဒဇမျာ်းနေထိုင်ကြ၍ ဝိဇ္ဇာဇော်ဂျီ တပသီတို့ လောကီလောကုတ် အားထုတ်ကြိုးပမ်း ထွက်ရပ်လမ်းပေါက်ကြကုန်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ နေထိုင်ရာ ဖြစ်ပါသည်။ သာသနာတွင် ရဟန်းသံဃာများ သီတင်းသုံး၍ သာသနာ့ပစ္စေကဗုဒ္ဓါများ ခိုအောင်းရာ ဖြစ်ခဲ့ပါသည်။

## စစ်ကိုင်းမြို့၏ မင်းဆက်

### စစ်ကိုင်းမင်းမှာ ခုနှစ်သာ မှတ်ပါရာဇဝင်

ပုဂံပြည်တွင် နရသီဟပတေ့ဘွဲ့ခံတရုတ်ပြေးမင်းသည် တရုတ်တို့နှင့် စစ်တိုက်ရာတွင် ရှုံးနိမ့်၍ ဖရိုဖရဲဖြစ်နေချိန် ဆက်ခံကြသော ကျော်စွာမင်း၊ စောနစ်မင်း၊ စောမွန်နစ်မင်းတို့ ရှိသော်လည်း တန်ခိုးမရှိကြ။ မြန်မာနိုင်ငံ၏ နယ်နိမိတ်မှာ ပုဂံတခု၊ မြင်စိုင်းတခုသာ ရှိပါသည်။

တစီးရှင်မင်းကြီးသည် သက္ကရာဇ် ၆၄၇ ခုနှစ်တွင် ပင်းယမြို့ကို တည်၍ မြောက်ဘက်လင်းယဉ်ရွာသူ မြောက်နန်းမိဖုရားမှ ဖွားသော အသင်္ခယာစောယွမ်းမင်းသည် သက္ကရာဇ်၆၇၇ ခုနှစ်တွင် စစ်ကိုင်းကို "ဇေယျပူရမြို့တော်"ဟု သမုတ်၍ "သီရိအသင်္ခယာ"အမည်ကို ခံတော်မူ၍ မင်းပြုပါသည်။

ထို့နောက် (၂)တရဖျားမင်း၊ (၃)ရွှေတောင်တက်မင်း၊ (၄)ကျစွာမင်း၊ (၅)မင်းရဲနော်ရထာ၊(၆)တရဖျားငယ်၊ (၇)မင်းပြောက်ဟူ၍ မင်းခုနစ်ဆက်သာ တည်ခဲ့ပြီး သက္ကရာဇ် ၇၂၆ ခုနှစ်တွင် စစ်ကိုင်းပျက်လေသည်။

## ပုညရှင်စေတီဝင်

### ပုညမင်္ဂထူးသဒ္ဒါစူး ဆွမ်းဦးပုညရှင်

ပင်းယမြို့ တစီးရှင်သီဟသူမင်းသည် အနော်ရထာမင်း လက်ထက်မှစ၍ ကွမ်းခွက်တော်တွင် ဌာပနာ၍ မင်းစဉ်မင်းဆက် ကိုးကွယ်ခဲ့သော ဓာတ်တော်ခုနစ်ဆူအနက် ငါးဆူကို ရွှေစည်းခုံတွင် ဌာပနာ၍ ကျန်နှစ်ဆူကို ပန်းထိမ်သည် ဦးဝိန်သင်းလက်မှ ယူ၍ ပုညအမတ်ကြီးသည် စေတီတည်၍ ဌာပနာသည်။

ပုညရှင်တောင်ကို ကကုသန်ဘုရားရှင်လက်ထက်တွင် "သေလာပဗ္ဗတတောင်"၊ ကောဏာဂုံဘုရားရှင်လက်ထက်တွင် 'ဝင်္ကစာရတောင်'၊ ကဿပ ဘုရားရှင်လက်တွင် 'ဓမ္မိကတောင်'၊ ဂေါတမဘုရားရှင် လက်ထက်တွင် 'နာဂဒတ္တတောင်'ဟု ခေါ်တွင်ပါသည်။

သက္ကရာဇ် ၆၇၄ ခုနှစ်တွင် ပုညအမတ်သည် သီရိဓမ္မာသောကမင်း တည်ထားသော စေတီတဆူ၊ ပဒူသင်္ဃရာဇာ တည်ထားသော စေတီတဆူနှင့် ပုညအမတ်တည်ထားသော စေတီတဆူဟူ၍ သုံးဆူရှိရာ ဝါဆိုလပြည့်နေ့တွင် ဆွမ်းတော်ကြီး ကပ်လှူပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ဆွမ်းဦး ကပ်လှူပူဇော်ပွဲများ ကျင်းပကြ

သဖြင့် 'ဆွမ်းဦးပုညရှင်'ဟုခေါ်တွင်ခြင်းပင် ဖြစ်ပါသည်။

ဝစ်ကိုင်းတောင်တန်း ထူးဆန်းတင့်တယ်
ကြည်ညိုဖွယ်
၃၇တောင် သမိုင်းပြောင်
ဗျိုင်းတောင်ပုံအသွင်

မင်းစည်ခုနှစ်ဆက်ကို ကနက်စိုက်သည့် မြို့စစ်ကိုင်း၏ မြောက်ဘက်တွင် ကျောက်သားအတိပြီးသော ရောဝတီကမ်းစွန်းမှ စစ်ကိုင်းတောင်တော်မှာ ဗျိုင်းရောင်အသွေးကဲ့သို့ ဖွေးဖွေးဖြူလျက် ညစ်ကြေးကယ်ခွါ သူတော်စွာတို့ နေတိုင်ကြသည့် တောင်ပေါင်း ၃၇ တောင်ရှိသည်ဟုသိရပါသည်။

ထိုတောင်ပေါ်တို့ တွင် မြတ်စွာဘုရား၏ သရီရဓာတ်တော် မွေတော်တို့ဖြင့် တည်ထားကိုးကွယ်ကြသော စေတီတော်များအနက် ဇေတဝန်ဘုရားမှာ ရှေးအကျဆုံးနှင့် ဝါတော်အကြီးဆုံးဘုရား ဖြစ်သည်ဟု ဆိုပါသည်။

## ဇေတဝန်စေတီဝင်

ဇေတဘီလူး တောင်ထိပ်ဦး ကြီးမှူးပြုစိရင်

မြတ်စွာဘုရားရှင်သည် စစ်ကိုင်းတောင်တန်းသို့ ညီတော်အာနန္ဒာနှင့်အတူ ဒေသစာရီ ကြွချီတော်မူလာရာ ဇေတဘီလူး အမျိုးရှိသော ကိုးကျိပ်ကိုးယောက်သော ဘီလူးတို့သည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားရသဖြင့် သောတာပန်တည်ကြပါသည်။ ဘီလူးတို့ သောတာပန်တည်သော နေရာကို ယခုတိုင် 'သောတာပန်အရပ်' ဟူ၍ ခေါ်ကြပါသည်။

မြတ်စွာဘုရားသခင် ရေသပ္ပါယ်တော်မူ၍ ရေသနုပ်တော်ကို ဇေတဘီလူးအား ချီးမြှောက်တော်မူရာ ဇေတဘီလူးသည် ရေသနုပ်တော်ကို ဌာပနာ၍ စေတီတည်သဖြင့် ဇေတဘီလူးကို အစွဲပြု၍ 'ဇေတဝန်ဘုရား'ဟု အမည်တွင်ခြင်းဖြစ်ပါသည်။ မြတ်စွာဘုရား ရေသပ္ပါယ်တော်မူရာနေရာ ကိုလည်း 'ဇေတဝန်ဆိပ်ကမ်း'ဟုအမည်တွင်ပါသည်။

ဝါဆိုလကွယ်နေ့တွင် ဆွမ်းတော်ကြီးတင်ပွဲများနှင့် ပန်းရေချမ်းဆီမီးတို့ဖြင့် ထွန်းညှိပူဇော်၍ ဆုပန်ကြသည်ဟုဆိုပါသည်။

## ချမ်းသာကြီး ချမ်းသာရ နှစ်ဆူစေတီဝင်

ကြံသိုင်းအမတ် တည်ဖန်လတ်
ထွန်းပြတ်ချမ်းသာရှင်

ဟံသာဂီရိတောင်တွင် 'ချမ်းသာကြီး- ချမ်းသာရ' ဘုရားနှစ်ဆူကို နံကိုင်းဘုရားဒါယကာ ကြံသိုင်းအမတ်က သက္ကရာဇ် ၄၂၀ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ရာ ဆွမ်းဦးပုညရှင်ဘုရား ဒါယကာ ပင်းယအမတ်ကြီး ဦးပုညက ဆက်လက် ပြုပြင်မွမ်းမံ၍ ကိုးကွယ်သည်ဟု ဆိုပါသည်။

ဝါခေါင်လဆန်း ၈ ရက်နေ့တွင် ဆွမ်းတော်ကြီးကပ်လှူပွဲသဘင်ကို ဆင်ယင်ကျင်းပခြင်းပြုကြပါသည်။

## ဥမင်သုံးဆယ်စေတီဝင်

ဥမင်သုံးဆယ် တည်ဆန်းကြွယ်
မှတ်ဖွယ်ပဒူးသျှင်

သုဝဏ္ဏဂီရိတောင်၊ စာမရီတောင်ဟု ခေါ်သော ဥမင်သုံးဆယ်တောင်တွင် သုဝဏ္ဏမာချိုပ်ကျောက်၊ သုဝဏ္ဏပထာကျောက်၊ သုဝဏ္ဏဘုမ္မိကျောက်၊ အဠနရာသီကျောက်၊ ကျောက်သေလာ၊ ကျောက်တီ၊ ကျောက်ဆန်၊ ကျောက်စပါး၊ ကျောက်ပွင့်၊ ကျောက်ယား တို့ နှင့် ကျောက်ဟီတွင်းရှိသည်ဟုဆိုပါသည်။

စာမရီတောင်ဖျားတွင် မြတ်စွာဘုရား၏ ရုပ်ပွားဆင်းတု ၄၂ ဆူကို ဥမင်တည်၍ ပဒူးကြီး သဃ်ရာဇာ ဘည်ထားတော်မူပါသည်။ ၁၂၁၀ ခုနှစ်တွင် စစ်ကိုင်းသားတို့ပြင်ဆင်၍ ဝါခေါင် လပြည့်နေ့တွင် ဆွမ်းတော်ကြီး ကပ်လှူပွဲသဘင်များ ဆင်ယင်ကျင်းပကြသည်ဟု ဆိုပါသည်။

ပဒူးကြီးသဃ်ရာဇာသည် ၇၂၆ ခုနှစ်တွင် နန်းတက်သော အင်းဝသတိုးမင်းဖျား၏ မင်းဆရာဖြစ်ပါသည်။

သတိုးမင်းဖျားသည် စစ်ကိုင်း ပင်းယနှစ်ပြည်ထောင်အားနှင့် တပ်ခိုင်တပ်လုံး တည်၍ ရဲမက်ဘို့ကိုနေစေပြီးလျှင် ရေဝတီ၌ နဝရတ်ရွှေဖောင်နှင့် နေတော်မူခိုက် လွှတ်သဘင်တဲတော်တွင် ဖျာလိပ်ခန့်ရှိသော စပါးကြီး မြွေတာကောင်သည် မြေအတွင်းရှိတဲတော်တိုင်ကို ပတ်သဖြင့် တဲတော်အလုံးသိမ့်သိမ့်ခါ၍ မြေတူးကြည့်ရာ မြွေကိုတွေ့ရသဖြင့် ပဒူးကြီး သဃ်ရာဇာအားမေးတော်မူရာ 'ဤမြစ်ဆုံဝ၌ ပြည်ကြီးဖြစ်၍ သာသနာတော် ထွန်းပလတ္တံ့၊ ပြည်သူပြည်သားတို့ချမ်းသာလတ္တံ့'' ဟုနိမိတ်ဖတ်သဖြင့် မြွေကြီးကို ဘေးမဲ့ရာအရပ်သို့ အစာရေစာနှင့်တကွ ပို့လေသည်။

## သတိုးမင်းဖျား အိပ်မက်ခြင်း

သတိုးမင်းဖျားသည် ''လက်ပံပင်ဖျား၌ ဆဒ္ဒန်ဆင်ပျံ နားလျက် ခက်မ လေးဖြာ တွင် ရဟန္တာလေးပါး သီတင်းသုံးတော်မူ၍ အပင်ရင်း၌ ခြင်္သေ့၊ အမြစ်ဖျား၌ နဂါးစောင့်နေနေသည်ကို တွေ့ရပြီး ရဟန္တာလေးပါးကို ဂဠုန်သုတ်ယူသည်'' ဟု အိပ်မက် မက်တော်မူသည်။

ယင်းအိပ်မက်ကို ပဒူးကြီး သဃ်ရာဇာက လက်ပံပင်သည် ကြီးမား ထွားကြိုင်း သော်လည်း အနှစ်မရှိ၊သုံးနှစ်တကြိမ်သာ အသီးအပွင့်တို့နှင့်ပြည့်စုံ၍ ပြည်သူတို့အရှိန်အဝါ အကျော်အစောရှိသော်လည်း စည်းစိမ်ဥစ္စာရှိ၊ သုံးနှစ်တကြိမ်သာ ထူး၍ စည်ပင်လတ္တံ့။ ဆဒ္ဒန်ဆင်ပျံနားခြင်းမှာ ဗုဒ္ဓဟူးသားမြို့ကို တည်၍ ခက်မ လေးဖြာ၌ ရဟန္တာမြတ်လေးပါး သီတင်းသုံးတော်မူသည်မှာ နိုင်ငံတော် လေးမျက်နှာတွင် သာသနာတော် ထွန်းပမည်။ ဂဠုန်သုတ်ယူခြင်းမှာ ဟနက်ရွှေသား မင်းပြုသောအခါ သာသနာတော်ကို ချီးမြှောက်လိမ့်မည်။ ခြင်္သေ့စောင့်သည့်အလိုအရ ရန်သူအပေါင်း နိုင်လတ္တံ့၊ နဂါးစောင့်သည့်အလိုမှာ နေမင်း နန်းတက်လျှင် မြို့ရွာပြောင်း၍တည်လတ္တံ့'' ဟုနိမိတ်ဖတ်တော်မူပါသည်။

မှတ်ချက်။ ။နောက်ဆုံးမင်းသည် စနေနံမင်းဖြစ်မှသာ ဤပြည်သည် သုဥ်ဖျင်း၍ တပါးနံမင်းလက်ထက်၌ ဤပြည်သည် မသုဥ်ဖျင်းနိုင်ဟု ဆိုလိုပါသည်။

ပဒူးကြီးသဃ်ရာဇာသည် ဗေဒင်၌ အလွန်ကျွမ်းကျင်လိမ္မာ၍ လောကဗဟုသုတ များစွာရှိတော်မူပါသည်။ ''လောကဒီပနီကျမ်း'' ကိုစီရင်တော်မူခဲ့၍ ထွက်ရပ်ပေါက် ဝိဇ္ဇာဖြစ်သည်ဟု ''ဝိဇ္ဇာဓရကျမ်း'' တွင် အဆိုရှိပါသည်။

## ရှင်ပင်နန်းဦးငေတီငင်

### ဘိက္ခုအမှန် သီဟိုဠ်အပြန် တည်ဖန်နန်းဦးထွင်

သက္ကရာဇ် ၆၀၆ ခုနှစ်တွင် သီဟိုဠ်ရောက် ဘုန်းတော်ကြီး မဟာထေရ်သည် သီဟိုဠ်မှ မြတ်စွာဘုရား၏ သရီရဓာတ်တော်များ ပင့်ဆောင်ခဲ့၍ ''နန်းဦးဘုရား'' ကည်တော်မူရာ သိကြားမင်းသည် ပန်းရန်ယောင်ဆောင်၍ ကူသီသဖြင့် နေ့ချင်းပြီးသည်ဟု ဆိုပါသည်။

တောတောင်စောင့်နတ်တို့သည် တလလေးကြိမ် ပန်းမွေ့ရာခင်း၍ ပူဇော်ကြရာ တောတောင်အလုံးမှာ နတ်ပန်းရနံ့တို့ဖြင့် မွှေးကြိုင်သင်းထုံလှပါသည်။

သက္ကရာဇ် ၁၂၆၀ ပြည့်နှစ်တွင် စစ်ကိုင်းဇာတိ ဒါယကာ ကင်းစာရေးကြီးက ထပ်မံပြင်ဆင်၍ ဝါခေါင်လပြည့်ကျော် ၈ ရက်နေ့တွင် ဆွမ်းတော်ကြီး ပွဲသဘင် ဆင်ယင် ကျင်းပ၍ ပူဇော်လှူဒါန်းကြသည့် အစဉ်အလာ ရှိသည်ဟု ဆိုပါသည်။

### ရှင်ပင်နံ့ကိုင်း စေတီဝင်

### ရှင်ပင်နံ့ကိုင်း ပုဂံတိုင်း ကြံသိုင်းအမတ်ပင်

စစ်ကိုင်း ဧရာဝတီ ကမ်းစပ်တွင် နံ့ကိုင်းတောင်ဟူ၍ရှိရာ ၎င်းတောင်ထွတ်တွင် တည်ထားသော ဘုရားစေတီကို 'ရှင်ပင်နံ့ကိုင်းစေတီ' ဟု ခေါ်ကြသည်ဖြစ်၍ စေတီတော်၏ ဘွဲ့တော်ရင်းမှာ ခပင်းများစွာ ရန်တကာကို ဆံလွှာမကြွင်း အောင်မြင်ခြင်းကြောင့် "ရန်အောင်မြင်စေတီ"ဟု ထင်ရှားကျော်ကြားပါသည်။

ပေါက္က ပြည့်တွင် ကျန်စစ်သားမင်းကြီး၏ သမီးတော် ရွှေအိမ်သည်ကို ထိန်းရသော အထိန်းဘော်အမတ်ကြီး ကြံသိုင်းပင် တည်ထားခဲ့ပါသည်။

နံ့ကိုင်းတောင်မြောက်ဘက်ရှိ တောင်တန်းကို "နဂါးလျှိုတောင်"ဟု ခေါ်ကြပါသည်။ ဧရာဝတီမြစ်ရေပြင်တကြောမှ လှေသင်္ဘောတို့ဖြင့် စုန်ဆန်မျှောသူ ရှင်လူများစွာတို့မှာ ငွေတောင်ကြီးအသွင် ဖွေးဖွေးစင်၍ ကျက်သရေအပေါင်း ခညောင်းလှသည့် "ရှင်ပင်နံ့ကိုင်းစေတီ"တော်မြတ်ကို ဖူးမြော်ကြည်ညို ရသည်မှာ အားမရ တင်းမတိမ် နိုင်လောက်အောင်ရှိလှပါသည်။

အနီးဝန်းကျင်တွင် ချမ်းသာကြီး၊ ကောလင်း၊ ဇမ္ဗူမင်္ဂလာ၊ ကုသ ဝတီ၊ မြို့-သေီလာ၊ ဝိဝေကာ၊ ကျိုက်လတ် စသည့် ချောင်တို့မှာ တောင်ခြေကိုပတ်လျက် ရှင်ပင်နံ့ကိုင်းတောင်ကြီးကို ကျက်သရေမင်္ဂလာတို့ဖြင့် ပြည့်စုံစေရန် တန်းဆာဆင်လျက် ရှိကြပါသည်။

ရှင်ပင်နံ့ကိုင်းစေတီတော်မြတ်ကြီးအား ဝါခေါင်လကွယ်နေ့တွင် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲသဘင်ကိုစည်ကားသိုက်မြိုက်စွာကျင်းပကြပါသည်။

ယခုအခါ စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဆရာတော် သီတဂူအရှင် ဓမ္မကထိကအကျော် သဲကုန်း ဆရာတော် အရှင်ဉာဏိဿရ(သပိတ်အိုင်)၏ ဦးဆောင် ကြီးပမ်းမှုဖြင့် သီတဂူရေ အလှူတော် စီမံကိန်းကြီးချမှတ်၍ ဆောင်ရွက်လျက်ရှိနေရာ ရှင်ပင်နံ့ကိုင်းတောင်ပေါ်တွင် ရေဂါလံ သုံးသိန်းဆံ့ ပင်မရေလှောင်ကန်ကြီးနှစ်လုံးကို တည်ဆောက်လျက် ထိုရေလှောင်ကန်ကြီးများမှ ချောင်ပေါင်း ၄၀၀ ကျော်တွင် ရှိသော ရေကန်ပေါင်း ၁၀၀၀ ကျော်တို့သို့ သီတဂူ ရေအလှူတော်များ နေ့စဉ် ပေးဝေလှူဒါန်းလျက် ရှိနေပြီ ဖြစ်ပါသည်။

### လေးကျွန်းမာန်အောင်စေတီဝင်

### လေးကျွန်းမာန်အောင် မြတ်ဘုန်းခေါင် တည်ထောင်ဆင်ဖြူရှင်

စစ်ကိုင်း တောင်ရိုး သရက်ပင်ဆိပ် အနီး ဧရာဝတီမြစ်ကမ်းနဖူးတွင် စစ်ကိုင်းဘုရင် ဆင်ဖြူရှင်မင်းသည် သက္ကရာဇ် ၇၁၅ ခုနှစ်တွင် မုခ် လိုဏ်ဂူနှင့် ကျောက်သလင်းဖြူ ဆင်းတုတော်ကို ပူဇော်ပါသည်။

တော်သလင်းလဆန်း ၈ ရက်နေ့တွင် ဆွမ်းတော်ကြီးတင်ပွဲကိုစည်ကားသိုက်မြိုက်စွာပူဇော်လှူဒါန်းကြပါသည်။

**မှတ်ချက်။** ။မှန်နန်းရာဇဝင် တတိယအုပ်၊ စာမျက်နှာ ၃၇၂တွင် အင်းဝစံ တနင်္ဂနွေမင်းသည် သက္ကရာဇ် ၁၀၈၆ခုနှစ်တွင် တည်သည်ဟု ဆိုပါသည်။

တဖန် မြတ်စွာဘုရားသခင် ဒေသစာရီကြွချီတော်မူလာစဉ် အခါကာလ ဇေတဘီလူးကိုးကျိပ်ကိုးယောက်တို့ သောတာပန် တည်ရာအရပ်ဖြစ်၍ "သောတာပန် ဘုရား" ဟူ၍ ခေါ်ကြပါသည်။

ဘီလူးကိုးကျိပ်ကိုးယောက်တို့၏ ကျောက်ရုပ်များလည်း ဘုရားလိုဏ်ဂူအတွင်း တွေ့ရှိရပါသည်။

ဆင်ဖြူရှင်မှာ တရဖျားငယ်ဖြစ်၍ သက္ကရာဇ် ၇၈၁ ခုနှစ်တွင် မင်းဖြစ်ပါသည်။

ရာဇဝင်အဆို ဆင်ဖြူရှင်မှာ အဝတွင် သက္ကရာဇ် ၁၀၇၆ ခုနှစ်တွင် နန်းတက်၍ ပုဂံမြို့မှ ဆင်ဖြူငယ်ကိုရသောကြောင့် ဆင်ဖြူရှင် အမည်ခံသော မင်းဖြစ်ပါသည်။

ထိုမင်းနှစ်ပါးမှာ နှစ်ပေါင်း ၃၀၀ ကျော်ကွာခြား၍ မူလတည်သူ စစ်ကိုင်းဆင်ဖြူရှင်။ ဒုတိယတည်သူ အင်းဝ ဆင်ဖြူရှင် ဖြစ်သဖြင့် နှစ်မျိုးကွဲနေသည်မှာ စဉ်းစားစရာ ဖြစ်နေ၍ စစ်ကိုင်း ဆင်ဖြူရှင်တည်သောဘုရား စစ်ကိုင်းတွင် တင်ရှားမတွေ့ရပါ။ စစ်ကိုင်း။ဆင်ဖြူရှင်က ပထမတည်ခဲ့၍ အင်းဝ ဆင်ဖြူရှင်က ဒုတိယ ပြင်ဆင်ခဲ့သည်ဟုဆိုလျှင် နှီးနှောညှိနှိုင်းသွတ်ဖွယ်ရှိပါသည်။

## ပတ္တမြားစေတီ

### ပဒူဘုန်းဖျားပတ္တမြား တည်ထားတောင်ထိပ်ပြင်

"မဏိကဥ္စန" ခေါ်ပတ္တမြား စေတီတောင်သည်ပတ္တမြားတို့ဖြင့် အတိပြီးသဖြင့် လူတို့သည် လောဘရမက်အားကြီး၍ နတ်တို့ဝှက်ထားသည်ဟု ဆိုပါသည်။ ထိုတောင်တွင် "ဂဝံပတေ" ရသေ့သည် ဆေးဝါး အင်းအိုင်ယတြာတို့ဖြင့် အဆီးအတား ပြုခဲ့သည်ဟု ဆိုပါသည်။ ထိုတောင်၏ အဆင်းတွင် လူတို့သောက်သုံးရန် "ရာဇမုနိ"ရသေ့သည်ဆေးတန်ခိုးဖြင့်ကျောက်သားတို့ကိုစီ၍ "သိကြားရေတွင်း" ဟု အမည်ပေးလျက် ရေတွင်းတူးခဲ့ပါသည်။

တဖန် သူခိုး တောက်ပြားသည် ခိုးဝှက်၍ ရလာသော အများ၏ ဥစ္စာတို့ဖြင့် ပတ္တမြားတောင်ထိပ်တွင် စေတီတည်သည်ဟု အများပြည်သူတို့ ကြားသိရသဖြင့် 'အများစေတီ' ဟု ခေါ်ကြရာမှ ကာလရွေ့လျော၍ "ပတ္တမြားစေတီ"ဟု ခေါ်တွင်ကြောင်း ဆိုကြပြန်ပါသော်လည်း အခိုင်အမာ ရှေးဟောင်းပေစာမရှိပါ။

ပတ္တမြား စေတီတော်ကြီးအား မလွန်ဆန်လှူနေ့ဖြစ်သော တော်သလင်း လပြည့်နေ့တွင် ဆွမ်းတော်ကြီးတင်ပွဲ သဘင်ကို ဆင်ယင်ကျင်းပခြင်း၊ ရောဝတီမြစ်ကြောင်းတွင်မီးမောင်များမျှောခြင်း၊ လှေပြိုင်ပွဲများ ကျင်းပခြင်းတို့ဖြင့် ရေပွဲ ကုန်းပွဲတို့မှာ တောင်လုံးညံမျှ စည်းကားလှသည်ဟု ဆိုပါသည်။

## ထူပါရုံဘုရား စေတီဝင်

### နရပတိ မင်းဘုန်းရှိ တည်ဘိထူပါရုံ

သက္ကရာဇ် ၈၀၄ ခုနှစ်တွင် မင်းဖြစ်သော အင်းဝ နရပတိမင်းကြီးသည် သက္ကရာဇ် ၈၀၆ ခုနှစ်ကွင် မင်းဝ တောင် လက်ယာဘက် ရော

ဝတီ ကမ်းနဖူးတွင် သံတောင် ၁၃၅ ပမာဏ ရှိသော "ထူပါရုံစေတီ" တော်ကြီးကို တည်ထားကိုးကွယ်တော်မူခဲ့ပါသည်။

ဘုရားထီးတင်ပွဲတော် ပြုလုပ် ကျင်းပသည့်အခါ ဆင်မြင်းဗိုလ်ပါတို့ ကူးနိုင်ရန်အတွက် အင်းဝနှင့် စစ်ကိုင်း ဧရာဝတီမြစ်ကိုဖြတ်ကျော်၍ ကောင်းကင်ကြိုးတံတားပြုလုပ်တော်မူပါသည်.

နှစ်စဉ်နှစ်တိုင်း တော်သလင်းလပြည့်ကျော် ၈ ရက်နေ့တွင် ဆွမ်းတော်ကြီး ပွဲသဘင်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်ဟု သိရပါသည်။

ယခုအခါ စစ်ကိုင်းဘက်တာ‌းကြီးမှာ သံမဏိတို့ဖြင့် ကြီးကျယ် ထင်ရှား လူသိမျ ားလျက်ရှိကြပါသည်။

## ရှင်ဖြူရှင်လှ စေတီဝင်

## ရှင်လှ ရှင်ဖြူ ထိုနှစ်ဆူ စည်သူအသောင်ရှင်

ကျန်စစ်သားမင်းကြီး၏ မြေးတော်အလောင်းစည်သူမင်းသည် ဇမ္ဗူဒိပ်ကျွန်းဦးသို့ ဖောင်စကြာနှင့် ရောက်တော်မူစဉ်ဇမ္ဗူသပြေပင်ရင်း၌ ခင်းထားအပ်သော ဘုရားရှင် သီးတင်းသုံးတော်ရာ ကျောက်ဖြာစွန်းကို သိကြားမင်းက ဘုရားရုပ်တုတော် ပြုလုပ်ပေးသော "ရှင်ဖြူဘုရား" တဆူ၊ ဒက္ခိဏသာခါ ကျွန်းဦးသပြေသားကို ထုလုပ်၍ သိကြားမင်းပေးသော"ရှင်လှဘုရား" တဆူတို့ ဖြစ်ကြပါသည်။

အလောင်းစည်သူမင်းသည် ဘုရားနှစ်ဆူကို နန်းတော်တွင် ကိုးကွယ်သည်ထက် သတ္တဝါအများ၏ အစီးအပွားအလို့ငှာ ဘုရားသခင် ကိုန်းဝပ်တော် မူရာတွင် တည်ထား ရသော် အကျိုးရှိအံ့ဟု ကြံဆ၍ ဆန်တက်လာရာ "ဘုရားသခင်ရှင်ထုတော် ကိန်းဝပ်တော် မူလိုသောအရပ်၌ နှုတ်တော်မြွက်သည် ဖြစ်စေသော" ဟု အဓိဋ္ဌာန်ရာ စစ်ကိုင်း အထက်ချောက်မသို့ရောက်သည့်အခါ ရှင်ဖြူ ရှုပ်ထုတော်သည် "အမြဲနေပင် ဤချောက်ဘွင်" ဟု စကားဆိုတော်မူပါသည်။

အလောင်းစည်သူမင်းသည် ဘုရားရှင်ရုပ်တုတော်ကို ဆင်ဖြူပေါ်တင်၍ ကိန်းဝပ်တော်မူလိုသောအရပ်၌ ဆင်ဖြူဝပ်စေရန် အဓိဋ္ဌာန်၍ ဆင်ဖြူဝပ်သော နေရာတွင် "ရှင်ဖြူ-ရှင်လှ" ရုပ်တုတော်နှစ်ဆူကို ဂူဘည်၍ ကိုးကွယ်ပါသည်။ ၎င်းကို "ကဿပ"ဂူဟုခေါ်ကြရာမှ ယခုအခါ "ပဲစားဂူ"ဟူ၍ ခေါ်ကြပါသည်။

တော်သလင်း လကွယ်နေ့တွင် ဆွမ်းတော်ကြီးတင်ပွဲသဘင်ကို စည်ကား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပ ပူဇော်လှူဒါန်းကြပါသည်။

သိကြားမင်းထုလုပ်၍ လူမင်း ကိုးကွယ်သည့် ဘုရားရုပ်ပွားတော်များမှ စကားမိန့်မြွက်တော်မူခြင်းမှာ ဤဘုရားနှစ်ဆူသာ ရှိပါသည်။ အံ့ဩဖွယ်ရာ ရှိပါလေစွတကား။

## အောင်မြေလောကစေတီဝင်

## ဘိုးတော်ဘုရား ပြုတည်ထား ကျောက်သားအောင်မြေပင်

ဥဩအော်မည် ကုန်းဘောင်တည်သည့် တဘိယ မြန်မာနိုင်ငံခေတ်တွင် အလောင်းမင်းတရား၏ မိဖုရားခေါင်မှ ဖွားမြင်တော်မူသည့် ပဥ္စမမြောက် သားတော် ဗဒုံမင်းဟု မင်းရင်းထင်ရှား ဘိုးတော်ဘုရားသည်၊ ခမည်းတော်ဘုရား နောင်တော် ဒုတိယ စစ်ကိုင်းမြို့တည်မင်းတရား၊ နောင်တော် တတိယ အင်းဝမြို့တည် ဆင်ဖြူရှင်မင်းတရားတို့ လက်ထက်တွင် တင့်တယ်စွာ စံနေတော် မူခဲ့ရပါသော်လည်း ဆင်ဖြူရှင်မင်းသားတော် စဥ္စကူးမင်း လက်ထက်တွင် ဘထွေးတော် မင်းသားကြီးများ

ကို ဆောင်ယောင်ခမ်းနား ရုပ်သိမ်း၍ ဗဒ္ဒမင်းကို စစ်ကိုင်းသို့ ပို့ထားခံရပါသည်။

၁၁၄၃ ခုနှစ်၊ တန်ခူးလဆန်း ၇ ရက်နေ့တွင် မိမိ အကျယ်ချုပ်ခံနေတော်မူခဲ့သော စစ်ကိုင်း အိမ်တော်ရာဘွင် "အောင်မြေလောက" ဟူသော ဘွဲ့တော်ဖြင့် ခိုင်မာလှသည့် ကျောက်သား အုတ်တို့ဖြင့် စေတီတော်တည်၍ ဘုရားရှင်၏ ဓာတ်တော် မွေတော် ကျောက်မျက်ရတနာတို့ကို ဌာပနာလျက် အမရပူရမြို့ကို ထည်ထောင်သည် ၁၁၄၄ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်၊ တနင်းလာနေ့တွင် မဟာဒါန အလှူတော်ကြီး ပေးလှူ၍ ထီးတော်တင်ပါသည်။

၁၁၄၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၄ ရက်နေ့တွင် ဆင်ဖြူရှင် ဘိုးတော် မင်းတရားသည် မောင်းမမိဿံ စစ်အင်္ဂါဖြင့် ရွှေစကြာဖြန့်ချီလျက် ခြိမ့်ခြိမ့်သည်း အောင်ပွဲစုံ ခင်း၍ ပူဇော်ပါသည်။

ယခုအခါ တိုင်းသူပြည်သား လူအများတို့သည် သီတင်းကျွတ် လဆန်း ၈ ရက်နေ့တွင် ပန်းနံ့သာ အဖြာဖြာသော ဆီမီးတို့နှင့် ဆွမ်းတော်ကြီးတင် ပွဲသဘင်ကို စည်ကားလိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြ၍ "အောင်မြေလောက စေတီ" တော်တွင် ဆုပန်ချွေကြပါသည်။

## ငါးထပ်ကြီး(ဘုရား)စေတီဝင်

### သာလွန်မင်းသား ငါးထပ်ဖျား တည်ထားဇေယျာခွင်

သက္ကရာဇ် ၁၀၁၀ ခုနှစ် တွင် သာလွန်မင်းတရား၏ သားတော် မင်းရဲရန္တမိတ် သည် ခမည်းတော်၏အရိပ်အရာ ဘုံပျံ နန်းမြင့် ထီးဖြူဖွင့်၍ ဆက်ခံစိုးစံတော်မူပါသည်။

သက္ကရာဇ် ၁၀၂၀ ပြည့်နှစ်တွင် ဝေဠုဝန် ဘုရားကြီးကိုဘည်ထားတော်မူ၍နတ်ရွာစံတော်သော သမီးတော် သီရိဘုန်းထွတ်ငယ်စဉ်ကမူ ကစားတော်မူသည့် ရွှေရုပ် ငွေရုပ်များ၊ ကြီးမှ ဆင်ယင်တော်မူသည့် လက်ဝတ်တန်းဆာများ၊ ရွှေပေခတ်၍ ပိဋကတ်သုံးပုံကျမ်းဦးကို ကညစ်အက္ခရာရေး၍ အရောင်တော်သုံးသွယ် အရွယ်တော်သုံးစား၊ တန်ခိုးတော်အနန္တရှိတော်မူပါသော ဓာတ်တော်များနှင့် ဆင်းတုတော် တို့ကို ငါးထပ်ကြီးဘုရား ရုပ်တု၏ ခါးတော်တွင် ဌာပနာ၍ လှူဒါန်းကိုးကွယ်တော်မူပါသည်။

မူလက တန်ဆောင်းကြီးငါးထပ် ရှိတော်မူသောကြောင့် "ငါးထပ်ကြီးဘုရား" ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။ မူလ တန်ဆောင်းကြီးမှာ အင်းဝပျက်ကာနီးတွင် ကသည်းတို့ တိုက်ပွဲဖြစ်ရာ "ကသည်း" တို့ မီးရှို့ဖျက်ဆီးခဲ့ကြသဖြင့် ပြာသာဒ်နှင့်ကိုးကွယ်ကြခြင်း ဖြစ်ပါသည်။

တိုင်းသူပြည်သား လူအများတို့ ကိုးစားကြည်ညို သဒ္ဓါပို၍ သမိုင်းဟခေတ်တွင်ရစ်မည့် "ငါးဆပ်ကြီးဘုရား" ၏ အမြင့် သံတောင်မှာ ၂၀ တောင်၊မဟာသင်းကျစ်တော် ၁၂တောင်၊ သင်းကျစ်တော်မှ မေးတော်အထိ ခြောက်တောင်၊ နားတော်သံတောင် လေးတောင်နှင့် လေးသစ်၊ တရာ့ ရှစ်ကွက် ခြေတော်စက်၏ ဖဝါးတော်မှာ သံတောင်ခြောက်တောင် ဖြစ်ပါသည်။

ငါးထပ်ကြီးဘုရား၏ ဆွမ်းတော်ကြီးတင်ပွဲသဘင်ကို သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့တွင် ခြိမ့်ခြိမ့်သဲမျှ စည်ကား သိုက်မြိုက်စွာ ဆင်ယင်ကျင်းပ ပူဇော်ကြသည်ဟု သိရှိရပါသည်။

## ကောင်းမှုစေတီဝင်

### ကောင်းမှုတော်ကြီး မိုးပါးနီး ဖန်တီးသာလွန်ရှင်

ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီးသည်

သက္ကရာဇ် ၉၁၂ ခုနှစ်တွင် ကေတုမတီ တောင်ငူမြို့တွင် မင်းအဖြစ်ကို ခံယူပြီးနောက် ပဲခူး ဟံသာဝတီ၌ စိုးစံတော်မူစဉ် သီဟိုဠ်ကျွန်း ဓမ္မပါလမင်း ဆက်သသော ဘုရားရှင်၏ စွယ်တော် အစစ်နှင့် သပိတ်တော်ကို နန်းစဉ် နန်းဆက် ကိုးကွယ်ခဲ့ပါသည်။

ဟံသာဝတီ ဆင်ဖြူများရှင် မင်းတရားကြီး နတ်ရွာစံသည့်အခါ သားတော် ငါးဆူဒါယကာ မင်းလက်ထက်တွင် နိုင်ငံတော် အစိတ်စိတ်ကွဲ၍ ဆင်ဖြူများရှင် မင်းတရားကြီး၏ သားတော်အငယ်၊ ညောင်ရမ်းမြို့စား မင်းသားသည် လေးနှစ်တိုင်တိုင် လူသူကင်း၍ ယိုယွင်းနေသော ရတနာပူရ အင်းဝ မြို့တော်ကြီးကို သက္ကရာဇ် ၉၅၉ ခုနှစ်တွင် ဒုတိယအကြိမ် အသစ် တည်ထောင်၍ နန်းစည်းစိမ် ရှစ်နှစ် သက္ကရာဇ် ၉၆၇ ခုနှစ်တွင် နတ်ရွာစံပါသည်။

သားတော် အနောက်ဘက်လွန် မင်းတရာ ဆက်ခံ၍ နန်းစည်းစိမ် ၂၃ နှစ် သက္ကရာဇ်၉၉၀ ခုနှစ်တွင် ဟံသာဝတီချောင်းသစ် အနောက်ဘက်၌ လွန်တော်မူပြန်ပါသည်။

ကောင်းမှုတော် ဘုရားစေတီတော်ကြီးမှာ သရေခေတ္တရာပြည် "တေပါးမင်း" တည်ထားသည့် "သရမာစေတီ" ပုံနှင့် တကွ အတိုင်းအထွာများကိုပါ ယူ၍ သာသနာငါးထောင် တည်တံ့ပါစေရန် ရည်သန်လျက် အခိုင်အခံ့ တည်ဆောက်ခဲ့ရာ ၁၂ နှစ်ကြာမှ ပြီးသည်ဟု ဆိုပါသည်။

စေတီတော်ကြီး၏ အမြင့်သံတောင် ၁၁၀ လုံးပတ်တော် သံတောင် ၄၀၂ တောင်ရှိပါသည်။ တန်ဆောင်းလေးခု၊ ခေါင်းလောင်းလေးလုံး၊ စည်တော်ကြီးလေးခု၊ မုခ်လေးမုခ် ဘုရားတပတ်သည်တွင် ကျောင်းဆောင်လေးဆယ်တို့ဖြင့် ရှုမငြီးဖွယ်ရံ စီခြယ်၍ တင့်တယ်လှစွာ ဆောက်လုပ်ခဲ့ရာ၊ ရွှေထီးတော်မတင်ရသေးမီ သာလွန်မင်းတရားကြီးသည် လူ့ပြည်ငြိုး၍ နတ်ထီးစံတော်မူခဲ့ပါသည်။

သာလွန်မင်းတရားကြီး၏ သားတော် မင်းရဲရန္တမိတ်သည် သက္ကရာဇ် ၁၀၁၁ ခုနှစ်တွင် ရွှေထီးတင်၍ ကောင်းမှုတော် စေတီကြီးအပြီးသို့ ရောက်ပါသည်။

ဆွမ်းတော်ကြီးတင်ပွဲသဘင်ရက်မှာ သီတင်းကျွတ်လပြည့်ကျော်ဂ ရက်နေ့မှ ၈၍ ဘန်ဆောင်တိုင်ထိအောင် ခြိမ့်ခြိမ့်သည်းမျှ စည်ကားသိုက်မြိုက်စွာ ပူဇော်ပွဲသဘင် ဆင်ယင် ကျင်းပကြပါသည်။

## ရွှေမင်းဝံစေတီဝင်

### သီရိဓမ္မာ ဗျာဒိတ်လာ တည်ပါရွှေမင်းစံ

ဘုရားရှင်သည် ညီတော်အနန္ဒာနှင့် စစ်ကိုင်းတောင်တန်းပတ္တမြားတောင်တော်သို့ဒေသစာရီ ကြွချီတော်မူလာစဉ် 'ချစ်သားအာနန္ဒာငါဘုရား ရှင်ကိုယ်တော်မြတ် ပါရမီနုစဉ် ရှေးယခင်က "ဝံ" သူတော်ကောင်းဖြစ်၍ ကျက်စားနေထိုင်ရာတောင်ကို "မင်းဝံတောင်" ဟု ခေါ်လိမ့်မည်။ ငါဘုရားမရှိသည့်နောက် သီရိဓမ္မာသောကမင်းကြီးသည် ဤမင်းဝံတောင်ဝယ် စေတီတည်လိမ့်မည်" ဟု ဗျာဒိတ်တော် ချမှတ်ခဲ့သည့် အတိုင်း သီရိဓမ္မာသောကမင်းကြီးသည် "မင်းဝံတောင်" ၌ "ရွှေမင်းဝံစေတီ" ကို တည်ထားတော်မူခဲ့ပါသည်။

မင်းဝံတောင်တွင် ဘော်ဖြူကျောက်၊ လေယာဇယျကျောက်၊ ကျောက်ကွမ်းသီး နှင့် ပတ္တမြားကျောက်တို့ များစွာရှိပါသည်ဟု ဆိုကြပါသည်။

## ပဲပုံတောင်စေတီဝင်

### ဗုဒ္ဓလောင်းလျာ သမင်ဘဝ ရွှေကိုင်းနဂရ မြို့ဓေယျာ

ဘုရားရှင် ပါရမီနုံစဉ်အခါကာလ၊ သမင်မင်းမြတ် ဖြစ်တော်မူစဉ် ကျက်စားရာတောင် ဖြစ်ခဲ့ပါသည်။

"ပဲပုံတောင်"ဟုအမည်တွင်ခြင်းမှာ အတိတ်ဝေးစွာ ရှေးအခါက လူများတို့သည် "တမာသက" တပဲစီ စုဆောင်း၍ ကောင်းမှုစေတီတည်ထားခဲ့ခြင်းကြောင့် "ပဲပုံတောင်"ဟု တွင်ကြောင်းရှေးသူတော်ကောင်းတို့ဆိုကြပါသည်။

သီရိဓမ္မာသောကမင်းသည် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ဌာပနာ၍ စေတီပေါင်း ရှစ်သောင်းလေးထောင် တည်ရာတွင် ဤပဲပုံတောင်၌ စေတီတဆူ တည်ထားခဲ့ပါသည်။

စစ်ကိုင်းပြင် မုဋ္ဌောကိုးဆူတွင် အပါအဝင်ဖြစ်ပါသည်။ တည်ထားရာ တောင်ကို အစွဲပြု၍ "ပဲပုံတောင်ဘုရား"ဟု ခေါ်တွင်ကြခြင်းဖြစ်ပါသည်။

## ရွှေတောင်ဦးမော်စေတီဝင်

### ရွှေတောင်ဦးမျှော်၊ စေတီတော်၊ မင်းမဟော် အသောက

စစ်ကိုင်းသဘော် ဆိပ်ကမ်းအနီးတွင်ရှိသော "ရွှေတောင်ဦးမော်တော်"ပေါ်တွင် သီရိဓမ္မာသောကမင်းကြီးသည် လစန္ဒာမင်းကို အသူရိန်ဖမ်း (လပေုတ်ဖမ်း)စဉ် တည်ထားခဲ့ခြင်းဖြစ်ပါသည်။ အသောကမင်းကြီး တည်သည့် စေတီပေါင်း ရှစ်သောင်းလေးထောင်တွင် တဆူအပါအဝင်ဖြစ်၍ စစ်ကိုင်းမြို့တွင် ပြင်မုဋ္ဌော ကိုးဆူမှ တဆူအပါအဝင်လည်း ဖြစ်ပါသည်။

စေတီတော်မြတ်ကို တောင်စောင့် နတ်တို့သည် ပန်းမွှေ့ရာခင်း၍ ပူဇော်သည်ဟု သိရှိရပါသည်။

ပုဂံပြည် အနော်ရထာမင်းစော ကိုးကွယ်တော်မူသော ရဟန္တာ ဓမ္မဒဿီ မည်သော ရှင်အရဟံမထေရ်သည် သက္ကရာဇ် ၄၀၀ ကျော်လောက်တွင် ပြင်ဆင်မွမ်းမံ၍ ထီးတော်အသစ်တင်လှူခဲ့သည်ဟု ဆိုပါသည်။

ဘုရားရှင်သည် ညီတော် အာနန္ဒာနှင့် ဤတောင်တော်သို့ ဒေသစာရီ ကြွတော်မူလာစဉ် ရေကြည်တော် ဆာမွတ်သဖြင့် ဦးခေါင်းတော်ကို မော်၍ မျှော်၍ကြည့်တော်မူရာ အရပ်ဖြစ်သောကြောင့် "ရွှေခေါင်းဦးမျှော်"ဟုခေါ်တွင်ရာမှ ကာလကြာသဖြင့် "ရွှေတောင်ဦးမော်"ဟု အမည်ပြောင်း၍ ရေးသားလာကြခြင်း ဖြစ်ဟန်တူပါသည်။

## ရတနာမုနိ ဆင်များရှင်ဘုရားစေတီဝင်

### ဗဿျူဆိဒ္ဒရ မုနိဖြိုး သက္ကရာဇ်တို့ ထွန်းတဲ့ကာလ

သက္ကရာဇ် ၇၉၂ ခုနှစ်တွင် ရတနာပူရအင်းဝဘုရင် ဗဿျူဆိဒ္ဒရ မုနိဖြိုးသော မိုးညှင်းမင်းတရားကြီးသည် စစ်ကိုင်းမြို့ မြောက်ဘက်၌ ဉာဏ်တော် ၁၂၀ တောင် မြင့်သော "ရတနာစေတီတော်ကြီး"ကို တည်တော်မူခဲ့ပါသည်။

စေတီတော်မှာ ရွှေထီးနှစ်ထပ်၊ အုတ်သာနှစ်ထပ်တို့ဖြင့် တည်ထား၍ ဓာတ်တော်မွေတော်တို့ကို ဌာပနာပါသည်။

သက္ကရာဇ်၈၄၇ ခုနှစ်တွင် လျှော်လှုပ်၍ပြိုကျသဖြင့်၊ ဒုတိယမင်းခေါင် မယ်တော်အမိတ္တသီရိမိဖုရားကြီးသည် ဆင်ရုပ်များဝန်းရံကာ ထပ်မံပြုပြင်သဖြင့် "ဆင်များရှင်ဘုရား"ဟု ဘွဲ့မည်တော်ပြောင်း၍ ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။

ဗညားစေတီဝင်

ဗညားနာမ စိန္တေယာ ခတ်ပေါင်းစုံလုပါ

သက္ကရာဇ် ၉၉၅ ခုနှစ်တွင် သာလွန်မင်းတရားကြီး၏ အမတ် ဗညားကျန်တောသည် စစ်ကိုင်း အစေခံရွာ၏ အနောက်ဘက် တခေါ်သောက်အကွာ ရောဝတီမြစ် ကမ်းနဖူးတွင် တည်ထားခဲ့၍ တလကျှင် လေးကြိမ် နတ်တို့ပူဇော်ကြသည်ဟု ဆိုပါသည်။

သစ္စာစေတီဝင်

စစ်သားဘုရား ကျန်စစ်သား
တည်ထားကိုးကွယ်သည်
ကျန်စစ်သားဇမ္ဗူကျော် ပေါက္ကံပျော်ရာဇ
စိန္တေယျသစ္စာမည် မြတ်စေတီ တည်ထားကာပ

ဘုရားရှင် ပါရမီ နုစဉ်ကာလ ခါသမယ၌ ''ခါ''ငှက်မျိုးတွင် ဖြစ်တော်မူစဉ် ကျင်လည်ကျက်စားရာ ဌာနဖြစ်သော တောင်တော်ကို ''ခါဝဲတောင်''ဟု အမည်တွင်ပါသည်။

''ခါဝဲတောင်''တွင် သက္ကရာဇ် ၄၂၇ ခုနှစ်၌ ကြိဘုဝနာ ဒိတျဓမ္မရာဇာ အရိမဒ္ဒနာ ပုဂံရာမပြည်ကြီးကို အစိုးရတော်မူသော ထီးလိုက်ရှင် ကျန်စစ်သားမင်းကြီးသည် ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေလ ထွန်းလင်းပ၍ အများသူငါ သတ္တဝါပေါင်း များစွာတို့အတွက် ''စစ်သားဘုရား''ဟူသော ဘွဲ့တော်ဖြင့် စေတီတော်ကြီးကို တည်ထားတော်မူခဲ့ပါသည်။

စစ်ကိုင်းမုဋ္ဌော ကိုးဆူတွင် မြင်မုဋ္ဌောတဆူ အဝင်အပါဖြစ်၍ ကာလနှောင်းသဖြင့် ပြောင်းခဲ့သည့် အမည်မှာ''သစ္စာစေတီ''ဟူ၍ ထင်ရှားလာပါသည်။

ဤမျှသော စကားအစဉ်ဖြင့် စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်ရိုး တခွင် ထင်ရှားကျော်ကြားသော စေတီတို့၏ သမိုင်းဖြစ်စဉ် စေတီဝင်များကိုသာ ဖော်ပြလိုက်ပါသည်။

အင်းဝ ပင်းယ အမရပူရနယ်တခွင်ရှိ စေတီဝင်တို့ကို ဖော်ပြခြင်းမပြုနိုင်ပါ။ ဤမျှထင်ရှားကျော်ကြားခိုင်လုံသော ယုတ္တိတန်သောစစ်ကိုင်းတခွင်သမိုင်းဝင်သည့် စေတီဝင် သာသနာဝင်တို့ကိုဖတ်ရှုရခြင်း အားဖြင့် ဇေယျာပူရတိုင်း စစ်ကိုင်းတောင်တော်ကြီး၏ ပြောင်မြောက်ထင်ရှားသည့် သာသနာဝင်ကို ကြည်ညိုသဒ္ဓါပွားများနိုင်ကြပါကြောင်း။

အရှင်သစ္စာဝံသ(ဓမ္မာစရိယ)
ဘီ အက်စ် စီ

# မေတ္တာတန်ခိုး

* မေတ္တာမှန် စဉ်အမြဲ၊
ရင်ထဲ၌ရှိသူ။
ခပ်သိမ်းလူ မုန်းစိတ်မွေ၊
ချစ်၍ကြည်ဖြူ။
ကျယ်ဝန်းသည့် မြစ်မင်းမူ၊
ရေတွင်းတူ ကျင့်ပြန်ရ။
နီးဘယ်၊
မီးအလျှံ သက်မဲ့ပေါင်းက၊
ရေအေးဟန် သဏ္ဍာန်ကောင်း၊
ပြောင်းရွှေ့တည်ကြ။

* နှိုင်းမမြင် ကြီးမေရု၊
ကျောက်စရစ် ဒုဟန်၊
အစာတွင် အဆိပ်သွင်းပေမယ့်၊
ဘေးကင်းကာ အစာမြတ်
နတ်သုဒ္ဓါဟန်။
ခြသေ့်မင်း ဘေးကြီးရန်၊
ယုန်ငယ်ဟန် ပျော့ပျောင်း။
ကိုက်မည့်အနေ၊
တိုက်သည့်မြွေ ရန်အလုံးက၊
ပန်းကုံးလို ဆိပ်ကြွေကင်းတယ်၊
ဦးစင်းခညောင်း။

* ဝှမ်းအပြင်၊
ကြမ်းလျှောင် တုန်ခါဆဲ၊
နံ့သာကဲ ဒါန်းယော်ဉ်။

ရှေ့နောက်ပြန် ချက်မှန်ဆွဲ
လွှဲသည့်အသွင်။
မေတ္တာရှင့် ထိုသူ့တွင်၊
စည်းစိမ်ဝင် ငြိမ့်ငြိမ့်ညောင်း။

ဘုက်ကြီးရှင်၊
ကြံပြီးတွင် လက်နက်ဆိုးပေမယ့်၊
မေတ္တာကို တို့မြတ်နိုးသည်ဟု၊
မပြောရုံ တယ်သာထင့်၊
မပြယ်ရွာ မေတ္တာမိုးတွေကြောင့်၊
တကယ်သာ သစ္စာချိုးလိုက်ယင်၊
မျိုးမြတ်ဇာတ်ပြောင်း။ ။

မောင်မေတ္တာ

# အတ္ထုပ္ပတ္တိကဏ္ဍ



အရှင်ကောသမှဒိဝရ
ဇေယျမင်္ဂလာ

# စာတမ်းဖတ်ပွဲစတင်ခဲ့သော

# အရှင်မြတ်ကြီး

ချမ်းမြ





သက္ကရာဇ် ၇၂၀ ခုနှစ်အတွင်း ထူပါရုံ ဒါယကာ နရပတိမင်းကြီးလက်ထက်“စာတမ်း ဖတ်ပွဲကြီး”တခု သာသနာတွင် စံပြအဖြစ် ပြု လုပ်ခဲ့ဖူးပါသည်ဟု ဆိုလျှင် စာရှုသူတို့ အသို့ ထင်မြင်ကြပါမည်နည်း။

ယနေ့ခေတ် ပြုလုပ် နေကြသော စာတမ်း ဖတ်ပွဲများ၏ သမိုင်းဦးအစ ပင်မတခုဟု သတ် မှတ်ရမည်ဖြစ်သော ထိုစာတမ်း ဖတ်ပွဲကြီး ကို ကား စစ်ကိုင်းတောင်ရိုးတွင် အမှန်ပင် စတင် ပြုလုပ်ခဲ့ဖူးပါသည်။

ထိုစာတမ်းဖတ်ပွဲ၌-

စာတမ်းရှင်ကား- သမန္တပါသာဒိက
အရှင်မဟာအရိယဝံသ ဓမ္မသေနာပတိ။
နေရာဌာနကား- စစ်ကိုင်းတောင်မြင့်
ပညာရှင်စံရာ ရှင်ပြင်တော်မဟာ။
ကျင်းပရက်နှင့် အချိန်ကား- သီတင်းနေ့
တိုင်း တလ သေးကြိမ် မွန်းတိမ်းချိန်။
ပရိသတ်ကား- ပင့်ဖိတ်ထားသော တောင်
ရိုးပျော် စာတတ်အကျော် သံဃာတော်
များနှင့် ဘုရားဖူး ညွှန့်သည်တော် ပညာရှင်
များ။

ဤသို့ ရက်၊ နေရာ အသေအချာ သတ် မှတ်၍ မှန်မှန်ကျင်းပခဲ့သော စာတမ်းဖတ်ပွဲ၏ အကျိုးကား သာသနာအတွက် အတိုင်းအဆမရှိ ကြီးမားခဲ့၏။ ‘‘ဆင်သွားက လမ်းဖြစ်’’ ဆိုသလို ယနေ့တိုင် ဆရာတော် လုပ်ဆောင်ချက်အတိုင်း စာတမ်းဖတ်ပွဲများ ဆက်ကာ ဆက်ကာ ကျင်းပ နေကြပေသည်။

မိမိရေး ကျမ်းစာကို သံဃာ့အလယ် ဖတ်ပြ ဆွေးနွေး ပြင်ဆင်စေခြင်းမျိုးကား အဘယ် ကျမ်းပြု ဆရာတော် များမှ ပြုလုပ်ခဲ့ဖူးမည် မဟုတ်ပါ။

မြော်တွေး စိစစ်၊ ခင်ပွန်းချစ်တို့၊ အပြစ် အစင်း၊ မြင်လတ်လျှင်းမူ၊ ရှင်းလင်း ခြားနား၊

အားပါးမနာ၊ မျက်နှာ မကွက်၊ မဝှက် မသို၊ ဟုတ်တိုင်းဆိုမည့်၊ စာဘာသာအကျော်၊ ဆရာတော်တို့၏၊ စီစစ်ပြင်ဆင်မှုဖြင့် မိမိ ကျမ်းစာ သာသနာတွင် သန့်စင်စွာ တည်ထွန်းရစ်စေလိုသော ဆန္ဒကား အံ့ဖွယ်ရှိပေစွ၊ အမြော်အမြင်ကြီးပေစွ။

ဤသို့လျှင် ထူးခြားသော ပြုလုပ်ချက်များနှင့်အတူ ကျမ်းအဆူဆူကို ပြုစု၍ မြန်မာနိုင်ငံပါဠိစာပေသမိုင်းတွင် ထင်ရှားသော မဟာအရိယဝံသ မေ့ဓာသေနာပတိဘွဲ့ခံ ဆရာတော်၏ သို့မဟုတ် စာဟမ်းဖတ်ပွဲကို စတင်ပွဲထုတ် ပြုလုပ်သော ပုဂ္ဂိုလ်မြတ်ကြီး၏ ဘဝအထည်ဆန်းကို သိမြင် ကြည်ညိုနိုင်ရန် သီတဂူစာပလ္လင် တွင် ခင်းကျင်းပြသလိုပါသည်။

ဤသို့ တင်ပြရာဘွင် ထိုအရှင်မြတ်ကြီး၏ အကြောင်းအရာသာမဟုတ်ပဲ ဝန်းကျင် အဖြစ်အပျက်ကလေးများဖြင့် အနားကွပ် ဖော်ပြပေးမှသာလျှင် ပို၍ပြင် အသက်ဝင်မည်ဟု ယူဆမိပါသည်။

သို့ဖြစ်၍ ဝန်းကျင် အကြောင်း အရာများလည်းတို့ စွက်သွားပါမည်။

**ပန်းယ**

မြို့တည်ဖန်ရန် နေရာရှာဖွေရာ၊ ရွှေပန်းရသည့် နေရာမြို့တည်၍ ပန်းရ၊ နောင်အခါ ရ--ယ ပြောင်းလဲ၍ ပန်းယ၊ ဝါစ ကောပဒေသဋီကာလာ စကားအရ ပုံပာမှ ကာလ ရွေ့လျား ဟာကို ယ ပြု၍ ပုံယ၊ ပံယ အမည်ရှိအဘိညာဉ်ဈာန်ရ ရသေ့ကျောင်း နေရာကို မြို့တည်သောကြောင့် ပံယမြစ်၏ ဝယ့အမည်မှ ဝ ကို ပ ပြု နိဂ္ဂဟိတ်လာ ဟ ချေ ပံယ မြစ်ငယ်၏ အနီးတည်ထောင်အပ်သောမြို့ဖြစ်သောကြောင့် ပံယမည်သော နေပြည်တော်တခုကို ၆၇၄ ခု၊ သီဟသူမင်းကြီး စတင်တည်ထောင်ခဲ့သည်။

ပန်းယ ဟူသည် ဇမ္ဗူညွှတ်မြို့ ဂြာ်သည့်မြို့၊ ဝိဇယပူရ ပြောပမချို့ ပန်းယမြို့၊

ဝပြောစည်သည့် ရွှေပြည်သာလှ မြို့ပန်းယ။ စသည်ဖြင့် ရာဇဝင် စံတင်ရလောက်အောင် စည်းကား ဝပြောခဲ့ပါသည်။

ထိုခေတ် ထိုအချိန်အခါကဆိုလျှင် သာသနာလည်း အတော်တင့်ခဲ့ မြင့်ခဲ့သည်ဟု ဆိုရပါမည်။ သာသနာကိုမင်းလည်းမှူး ပြည်သူလည်း ပြုခဲ့ကြပေသည်။

**ပန်းယစကား ခုနစ်ကျောင်း**

ပန်းယမြို့၏ ဆယ်နှစ်ခုအလွန်တွင် သားတော် ဥဇနာမင်းပြု လေသည်။ ထိုမင်းလက်ထက်၌ အရှင်မဟာအရိဝံသဘို့ စာမွေ့ရာ စကားခုနစ်ကျောင်း သမိုင်းတင် ရှင်သန်ပေါက်ဖွားခဲ့ပါသည်။ထိုဥဇနာမင်းကြီးသည်ပင်ပင်းကြားအရပ်၌ စကားခုနစ်ကျောင်းကို တည်ထောင်တော်မူ၍-

၁။ ဇမ္ဗုက ကျောင်းမတော်ကို ပေသင်အမတ်၏သား ရှင်သုဓမ္မမဟာသာမိ၊
၂။ ဝေဠုဝန်ကျောင်းတော်ကို ရှင်ဉာဏတေဇ၊
၃။ အိမ်နိမ့်ကျောင်းတော်ကို ရှင်ဝရပတ္တ၊
၄။ ဇေတဝန်ကျောင်းတော်ကို ရှင်ဂုဏာဘိရာမ။
၅။ ကုလားကျောင်းတော်ကို ရှင်အာစိန္နရံသီ၊
၆။ မြောက်စွန်းကျောင်းတော်ကိုရှင်သုဓမ္မာလင်္ကာရ၊
၇။ တောင်စွန်းကျောင်းတော်ကို ရှင်သီရိပုည အရှင်မြတ်တို့အား အသီးသီးတင်လှူတော်မူပါသည်။

စကားခုနစ်ကျောင်း တည်နေဟန်ကိုခန့်မှန်းကြည့်ပါလျှင် တောင်မြောက်တန်းလျက်အလယ်မှ ကျောင်းမကြီးတို့၏ ဘေးတဘက်တချက်မှ ကျောင်းသုံးကျောင်း စီတန်းလျက် ရှိရမည်။ သို့မဟုတ် အလယ်မှကျောင်းမတော်ကြီး။ ထို၏ ဘေးနှစ်ဘက်မှ ကန့်လန့်ဖြတ် နှစ်ကျောင်းစီ။ ထိုနှစ်ကျောင်း၏ ဘေးအစွန်မှ ကကျောင်းစီ ရှိရမည်ဟု ယူဆပါသည်။ တောင်စွန်းကျောင်း၊ မြောက်စွန်းကျောင်းဟု ခေါ်ဆိုမှုကိုထောက်ဆရသောကြောင့်ပင် ဖြစ်ပါသည်။

ဗောဓိပင်ကား အလယ်ကျောင်းမတော်၏ အရှေ့မြောက်ဘက်တွင် ရှိပါသည်။

"ငါ့ညီ၊ ငါ့စည်းစိမ်ကိုယူပါတော့၊ငါမူကား ငါ့ကောင်းမှု စကား ခုနစ်ကျောင်းကို လှူလိုသရွေ့လှူ၍ နေတော်မူမည်" မိန့်တော်မူပြီးလျှင် အနောက်တံခါးက ထွက်တော်မူပြီး အိမ်ဖြူတော်ဆောက်၍ စကားခုနစ်ကျောင်းကိုပြုစုနေသည်။ ကျောင်းဒါယကာ ကိုယ်တိုင် မိမိကျောင်းနေ သံဃာတော်များ၏ ဝေယျာဝစ္စကို ပြုနေခြင်းပင်ဖြစ်သည်။ နောက်မှ မကွေးရာအရပ်သို့ တောင်တော်မူသည်ဟုအဆိုရှိရာ တိုင်းရေးပြည်ရေး မရှုပ်ထွေးစေ၍ နန်းဆင်း ဥဇနာကို များစွာ ကျေးဇူးတင်ထိုက်သည်။ သာသနာကို အားပေး၍ စံတင်ဂုဏ်ပြုထိုက်လှပေသည်။

ဤသို့မျှ သာသနာကို မင်းလည်းမှု ပြည်သူလည်းပြု ပေါင်းစုအားဖြင့် သာသနာတင့်၍ ဝင့်ခဲ့ရာဌာန ပန်းယပြည်ကြီးကား ၇၂၆ ခုနှစ်၌ ပျက်ပြုန်း နန်းဆုံးခဲ့ရလေပြီ။

ထီးပျောက် နန်းပျောက် ဒါယကာပျောက်သော အချိန်တွင် စကား ခုနစ်ကျောင်းမှ သာသနာစောင့် အရှင်မြတ်တို့ကား "သေတော်မှ တည့်ဩကောင်း၏" ဟု ညည်းထွားမနေဖြစ်လေသမျှ သင်္ခါရသဘော ပျက်ရသောဟု သဘောညာဏ်တွေ့ တိုး၍သာ သာသနာစောင့်နိုင်ခဲ့ကြပါသည်။

## ဇာတိနှင့်မွေးသက္ကရာဇ်

ပန်းယမြို့ တောင်ဘက် စကားအင်းရွာဟု အမည်ထင်ရှားသော ရွာတရွာရှိခဲ့ လေသည်၊ ထိုရွာကား အရှင်မဟာအရိယဝံသ ဓမ္မသေနာပတိ၏ ရွှေချက်သိုရာ မွေးရပ်မြေမဟာပင် ဖြစ်ပါသည်။

ဆရာတော်အလျာသည် ထိုရွာ၌ ၇၉၀ ပြည့်နှစ် သို့မဟုတ် ထိုနှစ်အလွန် ၇၈၈-၇၈၉ ခုနှစ်လောက်တွင်မွေးဖွားခဲ့မည်ဟု ဖွားသက္ကရာဇ်ကို မှန်းဆရပါသည်။

အဘယ်ကြောင့် ဆိုသော် ပထမဦးဆုံးပြုစုသော မဏိသာရ မဉ္ဇူသာဋီကာ ကျမ်းကြီးကို ၈၂၈ ခုနှစ်တွင် အပြီးစီရင်သည်ဟု ကျမ်းပြုဆရာပြောသော နိဂုံးစကားအရ သိရပါသည်။ ထိုနိဂုံး၌ပင် ဆရာတော်က သူ့ကိုယ်သူ "မဟာထေရ" ဟု သုံးထားပါသည်။ မဟာထေရနေ အသုံးသည် သာသနာတွင် အနည်းဆုံးဝါ ၂၀ ရရှိမှသာ သုံးစွဲရိုးရှိ၍ ထို ကျမ်းပြုပြီးချိန်၌ အနည်းဆုံး ဝါ ၂၀၊ သက်တော်အားဖြင့် ၄၀ ရှယ်ရောက်နေပြီဟု ခန့်မှန်းရသော ကြောင့်ပင် ဖြစ်ပါသည်။

၇၉၀ ပြည့်နှစ်ထက် အဘယ်သို့မှ နောက်မကျနိုင်ရကား ဆရာတော်၏ မွေးသက္ကရာဇ်သည် ၇၉၀ သို့မဟုတ် ဝန်းကျင် ကပ်လျက် ခုနှစ်များသာဖြစ်ဖွယ်ရှိပါသည်။

## ကျောင်းပျော်ခြင်း

ပန်းယစကားခုနစ်ကျောင်း ကျောင်းတိုက်ကြီးသည် ဝေးနီး ရပ်ခြားစာသင်သား တို့၏ ပညာရင်နို့ သောက်စို့ရာ ဌာနကြီး ဖြစ်ပါသည်။ ပရိယတ် ပဋိပတ် စွယ်စုံထက်သော ကျောင်း

တိုက်ကြီးအဖြစ် ထင်ရှား ကျော်ကြား ပါသည်။

ထိုကျောင်းတိုက်ကြီးတွင် အရှင်မဟာအရိယဝံသအလျာ ကျောင်းသား၊ သာမဏေ ရဟန်းယ်ဘဝ အဆင့်ဆင့်များစွာဖြင့် စာပေများစွာကို ဆိုဝါဖြင့် ဖောက်၍နေမည်။ ကျမ်းကြီးကျမ်းခိုင် စာဂနိုင်တွင်လည်း လူးလာတုံ ခေါက်ကျက်စားနေမည်ဟု မှန်းဆရပါသည်။

အင်းဝမြို့ ပြောင်းရွှေ့ သီတင်းသုံးစဉ်လည်း စာပေခင်၍ စာဦးချိုကိုသာ သွေး၍နေခဲ့ပါမည်၊ ဆောင်သင့်ရာရာ မိတ်လင်စုံ အာဂုံအာဂမ ကိုယ်ဝန်ဆောင် တရွက်စာမျှ ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသို့ ဆောင်ထားနိုင်ပါလျက် "စာပေတတ်သည် ကျမ်းတတ်သည်" ဆိုသောသဘောကို မသိသေး၍ အခွင့်သာလျှင် နည်းခံသင်ယူရန် စိတ်ဆန္ဒ ပြင်းပြင့်လင့်လျက် နေမပါမည်။

အဝတွင် နေထိုင်စဉ် အများအမြင် ကျမ်းဂန်တတ်မြောက်သော အရှင်အဖြစ်ဖြင့် ထင်ရှားကျော်ကြားခဲ့လေသည်။ သို့ဘစေ တတ်သောဟန်နှင့် မာန်လည်း မဝင့်ခဲ့ပေ။ လက်ကိုနူန်းထွေ နေကိုနိုင်းချင့် မြေနှင့်တူစွာ ကျင့်၍သာ နေထိုင်ခဲ့ပါသည်။

### စစ်ကိုင်းသို့ကူးခြင်း

စစ်ကိုင်းအရပ်ရှိ ကျမ်းတတ်ထိုထို ထေရ်ပုဂ္ဂိုလ်ထံ အလိုရှိတိုင်း ပန်းနှယ်လှိုင်း၍ ခက်နိုင်းရာရာ နည်းနာခံမည်ဟု နှလုံးသွင်းလျက်စစ်ကိုင်းဘက်သို့ ဂ၂ဂ ခုနှစ်ဦးလောက်တွင် ကူးခဲ့လေသည်။

ဤနေရာ၌ စွယ်စုံကျမ်း၌ "သဒ္ဒါသင်ရန်" အသုံးမဖြစ်နိုင်ပုံကို ဦးသီလာနန္ဒ ဘိဝံသ (အဘယာရာမ) စိစစ်ထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှ၍ ဖော်ပြပါဦးမည်။

မြန်မာစွယ်စုံကျမ်း အတွဲ ၁၀၊ နှာ ၂၀၁၌ ထင်ရှားကျော်စောခြင်း မရမီ သဒ္ဒါသင်ရန် စစ်ကိုင်းမြို့သို့ သွားလေသည်"ဟု တွေ့ရပါသည်။ အရှင်အရိယာဝံသသည် အထက်၌ ပြခဲ့သည့်အတိုင်း ပင်းယစကား ခုနစ်ကျောင်းကပင် သင်ရိုးစာများကုန်အောင် သင်ယူပြီး ဖြစ်ပါသည်။

ပရိယတ္တိ နယ်ပယ်၌ စာသင်သားတို့သည် ကျမ်းစာအများစုကို ဖြစ်စေ၊ ကျမ်းပေါင်းတဖွဲ့ကိုဖြစ်စေ၊ ဆရာတဦးထံ၌ ကျေကျေနပ်နပ်သင်ကြားပြီး ဖြစ်စေကာမူ အားရနှစ်သိမ့်၍ မနေတတ်ကြပါ။ အခြားထင်ပေါ်ကျော်ကြားသော ဆရာတပါးပါး၏ နည်းကိုလည်း မှတ်သားလေ့လာနာယူ တတ်ကြစမြဲ ဖြစ်ပါသည်။ အရှင်အရိယာ ဝံသသည်လည်း ပင်းယစကား ခုနစ်ကျောင်းမှ သဒ္ဒါကျမ်းတို့ကိုကျေကျေနပ်နပ်သင်ယူခဲ့ပြီး ဖြစ်သော်လည်း ကျော်ကြားသော စစ်ကိုင်းဘက်ရှိ သဒ္ဒါအကျော် ဆရာတော်တို့ထံ နည်းခံရန် ကူးသွားခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် သဒ္ဒါသင်ရန်ဟု ဆိုထားခြင်းမှာ စာသင်သားတို့၏ သဘာဝကို မလေ့လာမိ၍သာ ဆိုခြင်းဖြစ်ပါသည်။

သာသနာလင်္ကာရ စာတန်း၌ နည်းနာခံရန်ဟု အထင်အရှား ပြဆိုထားပါလျက်စွယ်စုံကျမ်း၌ အဘယ့်ကြောင့် သဒ္ဒါသင်ရန် ဟူ၍ ရေးသားရပါသနည်း ဟု အကြောင်းကို ရှာသော်၊ Before he becamefamous he went Sagaing to study grammar ဟူသော မေဘယ်လ်ဖို့ဒ်၏ The Pali-literature of Burma. စာအုပ်ပါစကားဖြစ်ကြောင်း တွေ့ရပါသည်။ မေဘယ်လ်ဖို့ဒ်သည် အဘယ့်ကြောင့် To study grammar ဟု ရေးခဲ့ရသနည်း ဟု ဘဆင့်တက်၍ စိစစ်သောအခါ သူ၏မှီရာမှာ သာသနာဝံသပ္ပဒီပိကာ(၁၀၀)လာ "သဒ္ဒနယံ

ဥဂ္ဂဟေတွာ နိသိဒိ''ဟုသောစကားပင် ဖြစ်သည်ကိုတွေ့ရပါသည်။ ထိုစကား၏ အဓိပ္ပါယ်မှာ သဒ္ဒါနည်းကို သင်ယူ၍ နေထိုင်၏ ဟု ဖြစ်၏။

သာသနာ့စိသပ္ပဒီပိကာသည် များသောအားဖြင့် သာသနာလင်္ကာရ၏ ပါဠိပြန်ပင်ဖြစ်ပါသည်။ သို့သော် ဤနေရာ၌ကား ပါဠိပြန်ပုံသည် မူရင်းကိုမမီဟု ဆိုချင်ပါသည်။ 'နည်းနာခံမည်ဟု စစ်ကိုင်းသို့ ကူးလေ၏' ဟူသော သာသနာလင်္ကာရ စကားကိုပင် အဓိပ္ပါယ်ကိုယူ၍ 'သဒ္ဒနယံ ဥဂ္ဂဟေတွာ'ဟု ပါဠိပြန်ခဲ့ဟန်တူပါသည်။ သို့ပြန်ခဲ့ရာ၌ မူရင်းနှင့် အတိအကျမကိုက်ညီသော်လည်း အဓိပ္ပါယ်ကား မပျက်လှပါ။ 'သဒ္ဒ ဥဂ္ဂဟေတွာ'ဟု ဖြစ်စေ၊ 'သဒ္ဒဂန္ထ ဥဂ္ဂဟေတွာ' ဖြစ်စေမဆိုပဲ 'သဒ္ဒနယံ ဥဂ္ဂဟေတွာ'ဟု ဆိုခဲ့သဖြင့် သာသနဝံသပ္ပဒီပိကာဆရာဆိုလိုသည်မှာ သဒ္ဒါကို သင်သည်မဟုတ် သဒ္ဒါနည်းကို သင်သည်သာ ဖြစ်သည်။

သဒ္ဒါနည်း ဟူရာ၌လည်း မိမိ တတ်သိ နားလည်ပြီးသော သဒ္ဒါဗဟုသုတကို အသုံးပြု၍ အနုသန္ဓေ စုဒ် စောဒနာ အတက် အထွက်လုပ်နည်း ပုဒ် အက္ခရာ ဖွင့်ဆို သုတ် သင် နည်းစသော ကျမ်းဂန်လေ့လာရေးသားနည်း တို့ပင်ဖြစ်ပေမည်။ သို့သော် ပုဒ်သည်ယင်းကိုသဘောမပေါက်၍ ''သဒ္ဒနယံ''၌ ''နယ''ကို ဘာသာမပြန်ပဲ သဒ္ဒါကို သာဘာပြန်၍ to study grammar ဟု လွဲမှားစွာပြန်ခဲ့လေရာ ယင်းကိုပင် တဆင့်မြန်မာပြန်၍ 'သဒ္ဒါသင်ရန်'ဟု ရေးခဲ့သော စွယ်စုံကျမ်းကား မူလ ဖြစ်ရပ် အရပ်အမှန်နှင့် များစွာ အလှမ်းကွာဝေး၍ နေသည်ဟု ဆိုသင့်လှပါသည်ဟု စိစစ် ပြထားပါသည်။

## ရေငုံဆရာတော်ထံနည်းခံခြင်း

ပုညရှင်စံရာ ဓမ္မိကတောင်တဝိုက် ပတ်လည်တွင် ကျောင်းများ စည်ကားလျက်ရှိနေပြီ ဖြစ်ရာ တောင်၏အရှေ့ဘက်ခြမ်းရှိလျှို မြောင်ဇုန်းတွင် ပဘာချောင်၊ ယခု ရေငုံဟု ၁ွင်နေသော ဥတ္တရဗောဓိချောင်များလည်း စာယူသံစာ များဖြင့် စည်ကားနေပေပြီ၊

ဥတ္တရဗောဓိချောင်တွင် ကျမ်း ဂန် လည်းတတ်၊ အကျင့်မြတ်လည်း မချွတ်သော သူမြတ်ဆရာတော်တပါး သီတင်းသုံးနေသည်။ ထိုဆရာတော်သည် အချည်းနှီးသော မဂ်ဖိုလ်၏ ဖီလာစကားများကို မပြောလို၍ ရေငုံနေလေ့ရှိသောကြောင့် ရေငုံဆရာတော်ဟု ထင်ပေါ်ခဲ့ပါသည်။ ထို အရှင်မြတ် သီ တင်း သုံး ရာ ဥတ္တရဗောဓိချောင်သည်လည်း မူရင်းပျောက်၍ ဌာနုပစာအားဖြင့် ယနေ့တိုင် 'ရေငုံချောင်'ဟု တွင်လာပါသည်။

ထိုရေငုံဆရာတော်ထံ နည်းခံလို၍ စာဝါတောင်းမည်ဟု စိတ်ကူးဖြင့် မိမိ ရွေးချယ်ထားသော ဓမ္မိကတောင်ရိပ်ခို အလျှိုချိုင့်ဝှမ်း သခ်မ်း တဲကျောင်းမှ သွားရောက်ဖူးမြော်ဆည်းကပ်သည်။ ပန့်လျှောက်ခွင့်မရ။ ဝတ်ဖြည့်၍သာပြန်ခဲ့ရသည်။ တကြိမ်၊

ကြက်ရဲစိတ်သို့ နောက်မဆုတ်လိုသော စိတ်ဓာတ်ဖြင့် နောက်တရက် သွားရောက် ဖူးမြော်ဆည်းကပ်ပြန်သည်။ ပန့်လျှောက်ခွင့်မရ။ ဝတ်ဖြည့်၍သာပြန်ခဲ့သည်။ တကြိမ်။

နှစ်ရက်နှစ်ကြိမ် လျှောက်ခွင့်မရ၊ စိတ်မပြိန်ပေမယ့် ဆန္ဒအရှိန်ကို လျှော့မရသဖြင့်တကျော့နက်ဖြန် ပြန်၍ဆည်းကပ်ပြန်သည်၊ အခွင့်အရေးမပေးတော့ချေ။ ပြန်လေမည်ဟု သားရေနွယ်ကိုခေါက်ရုတ်သံ ဆရာတော်ကြား၍ ကာယိန္ဒြေအနယ်ကြွသဖြင့် အသင့်ပြန်၍နေမိသည်။

ဆရာတော်သည် ဖြည်းလေးစွာဦးမော့ကြည့်သည်။ အနီးရှိ ပြတို့တွင် ရေကိုထွေးအန်သည်။ ''အကြောင်း အသို့ထူးသလော''ဟု အေးဆေး

စွာ မေးတော်မူသည်။ "စာဝါကောင်းမည် လာပါသည်"ဟု ပန်လျှောက်ခွင့်ရလေသည်။

"အသို့ဖြစ်လျှင် ငါ့ရှင်ရဟန်း ဘယ်ကျမ်း ဘယ်စာ သင်စွမ်းဖူးသလော"ဟု မေးတော်မူပြန်သည်။ အရှင်အရိယာဝံသသည် သင်ကြားဖူးသမျှ ကျမ်းဂန် အဝဝကို သေချာလျှောက်ထားရာတွင်"ဟေ့ - ငါ့ရှင်မသင်ကြား မလေ့လာ ကျမ်းစာဝါပင် မရှိပြီကော"ဟု အံ့ချီးဖိန့်ဖိန့် အမိန့်ရှိသံကို နာခံရသည်။

"မှန်သည်သိမင် သို့ရာတွင် ကျမ်းတတ်သည် စာတတ်သည်ဆိုသည့်အကြောင်း မသိပါသေးသောကြောင့် စာဝါတောင်းရန် လာရောက်ရပါကြောင်း" လျှောက်ထားရာ ရေငုံဆရာတော်သည် "ငါ့မှာ တနေ့စာ သုံးဝါပို့ရသည့်အပြင် မွန်ပသိမ်းလျှင် ပုညစေတီသို့တက်၍ တံမြက်ဝတ်မချွတ် ပြုနေသည် မအားလပ်ပြီ" ဟု ညင်သာစွာ အမိန့်ရှိ၏။

ညင်သာသော စကားပင် ဖြစ်လင့်ကစား အရှင်အရိယဝံသ အတွက် ရည်မှန်းချက်တွေ ချေဖျက်နိုင်သည်ဖြစ်၍တုန်လှုပ်မိသည်။ အားကိုးတကြီး ဆရာတော်ကို ကြည့်သည်။

သို့သော် "စာတတ်မှန်း မသိရှိသည်ကို တံမြက်ဝတ်ပျက်စေဦး၊ ဋီကာလက်သန်းကိုသင်တော့" ဟု စာဝါပေးတော်မူသည်။ အရှင်အရိယဝံသသည်း နှလုံးစိတ်ဝမ်း ချမ်းမြေ့ရွှင်ပျလာနိုင်ပြီဖြစ်သည်။

ဋီကာလက်သန်း ဆိုသည်ကား အရှင် အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို ဖွင့်ဆိုသော ဘဒ္ဒန္တသု မင်္ဂလသာမိ၏ "အဘိဓမ္မတ္ထဝိဘာဝနီဋီကာ" ပင် ဖြစ်ပါသည်။ ထိုဋီကာကိုပင် အဖွင့်အပြသိသာခြားနားလှသောကြောင့်"ဋီကာလှ" ဟုလည်း ခေါ်သည်။ ဤဋီကာကို သုံးရက်မျှ သင်ယူရာ အရှင် အရိယဝံသကျမ်းဂန်တတ်လေသောကြောင့်အရှင်အရိယဝံသ လက်ထက်မှစ၍ယနေ့တိုင် "ဋီကာကျော်" ဟု တွင်နေသော ကျမ်းလည်း ဖြစ်သည်။

## ဆရာတပည့်၊ သင်ယူ

အရှင် အရိယဝံသသည် စာဝါရပြီးနောက် ပုညရှင်၏အရှေ့မြောက် သာလွန်ခေါင်ကဲသော တောထဲရှိ တဲကျောင်းသို့ ပြန်လာပြီး ပေထုတ်ပြင်ဆင်သည်။

ဋီကာလက်သန်းကို သင်ယူရာတွင် ဆရာတပည့်တက်ညီ လက်ညီရှိမည်ဟု ယူဆရပါသည်၊ အခြေခံပြည့်လှသော တပည့်အတွက် စောဒနာအသွယ်သွယ် သောဓနာအဝဝ အာဘော်ပါပြ၍ နည်းအမျိုးမျိုးဖြင့် နည်းရလောက်အောင် ဉာဏ်ကုန်လွှတ်၍ မိုးသီးမိုးပေါက်ပမာ ပို့ချတော်မူပါလိမ့်မည်။

တပည့် ဖြစ်သူကလည်း လေးလေးစားစား ဉာဏ်ဝင်စား၍သင်ယူမည်ဖြစ်ရာ သုံးရက်မျှနည်းခံပြီးသောအခါ ဉာဏ်ပန်းပွင့်လန်း သွားခဲ့ဟန်တူပါသည်၊ ဆရာပေးနည်းနယဖြင့် ရှေ့ဆက်၍ ကျကျနန သုံးသပ်စဉ်းစား အဆီးအတားမရှိ သလောက် ဉာဏ်ရှိန်တောက်နေရာ စာတက်သွားရန် သုံးရက်မျှပင် မေ့နေခဲ့သည်။

စုဒ်ဒ စောဒနာ သံဝဏ္ဏနာ အစဖြာသော ပညာသားပါရာတို့၌ ဉာဏ်ပတ္တရာ ဖြန့်နိုင်ပြီဟု ကျေနပ်အားရမိသည်။ "စာတတ်သည် ကျမ်းတတ်သည် "ဆိုသည်မှာ ဤအသိအမြင်မျိုးတည်းဟု မော်ကွန်းထိုး ဝန်ခံရန် ဆရာ့ထံသို့ ကြွလာသည်။

ဆရာတော်ကလည်း စာတက်သုံးရက်ပျက်သည့် ပင်းယကိုယ်တော် နေမကောင်းရှိသလော ဟု ရဟန်းတပါး အမေးလွှတ်သည်။ ထိုသူနှစ်ဦး လမ်းတွင်ဆုံဆည်းကြသည်။

ဆရာတော်ထံမှောက် ရောက်သည့် ကာလ ဆရာတော်က ''နှစ်ရက်သုံးရက် ဘယ်အတွက် ပျက်ရ ကိုယ်လက်မအီသလော'' ဟု မေးရာ ဆရာသခင် သင်သောနည်းကိုမှီး၍ ဆင်ခြင် စဉ်းစားရာ စာတတ်သည် ဆိုသည့်အကြောင်း သိရလေပြီဟု ဝမ်းသာအားရ လျှောက်ထား လေသည်။

ယင်းသို့ဖြစ်လျှင် "ဓါးမြက် ဝင်ပျက်ရကျိုး နပ်ပေပြီ၊ ငါပေးအပ်သော နည်းနယဖြင့် ဉာဏ် ပွင့်လင်းသွားပြီကော'' ဟု မိန့်ကာ–

ငါ့ရှင်ကား ဋီကာလက်သန်းကို အရင်းအစ နှစ်ကန့်ပက်လောက် သင်ယူကာမျှဖြင့် စာတတ် ပေသည်။ ကျေးဇူးကိုဆပ်ပေ၊ ဋီကာလက်သန်း ကျမ်း၏ အဖွင့်ကိုပင် ရေးလေဟု အမိန့်ရှိလေ သည်။

### နှလုံးသွေးဖြင့်ကျေးဇူးတုံ့

အရှင်အရိယဝံသသည်မိန့်သည့်အတိုင်း မဆိုင်း မတွပင် ဋီကာလက်သန်း၏ အဖွင့် ''မဏိသာရ မဉ္ဇူသာ'' မည်သော ဋီကာကျမ်းကို နှလုံးသွေး ဖြင့် ရေးသားပါသည်။

ထိုသို့ရေးသားရာဘွင်လည်း အချိန်ယူ လူသူ တိတ်ဆိတ်သော ညဥ့်အခါမှသာ ရေးသား၍ နေ့လယ်နေ့ခင်း၌ကား စာပေပို့ချတော်မူသည်။ တနည်းဆိုရသော် သိတော်မူလျှောက် သဘော ပေါက်ရန် ကျမ်းဂန်ညှိ၍ပါဠိအဋ္ဌကထာ ဋီကာ လက်သန်း ဆန်းကျမ်းအနု ကြည့်ရှုစကောင်း ပိုင်မိန်တောင်းနှင့် ကျမ်းပေါင်းများစွာ ဤသို့ လာဟု ပညာစက်သွား သံလျက်ဓားဖြင့် လွှား လွှားပိုင်းနေပါသည်။ တပည့် သံဃာများလည်း စည်ကားပြန့်ပွားနေပါသည်။

### ကျမ်းပြုနေရာ

ရေငုံချောင်၏ အရှေ့မြောက်ဘက် တခေါ် လောက်အရပ် ဥမင်ကိုးဆယ် ဘုရားစောင်း တန်း အရှေ့ဘက် ချောက်ထဲ၌ အရိယဝံသဟု ထင်ရှားသော ကျောင်းတော်သည် ယခုတိုင် ရှိနေပေသည်။ အဆောက်အအုံများကား အို မင်း ရင့်ရော်မှုဖြင့် အနိုင်နိုင်ရပ်တည် နေကြ သည်။ ပြောပြလောက်အောင်လည်း မရှိတော့ ပေ။ ထိုကျောင်းတိုက်၏ အတွင်းပိုင်း ခပ်ကျကျ အနောက်ဘက်တောင် ကမ်းပါးယံကို မှီလျက် ဘေးတဘက်တချက်မှလည်း တောင်နှာမောင်း တောင်လက်တံခင်းလျက် အင်္ဂလိပ် စာလုံးယူ ပုံစံ ရိုးရိုးလေးတွင် ရုပ်စုံ ကျောင်းငယ်လေး တကျောင်းတွေ့ရသည်။ ယင်းကျောင်း နေရာ လေးသည် ဆိတ်ငြိမ်မှုရ၍ထိုနေရာ၌''မဏိသာရ မဉ္ဇူသာဋီကာ'' ကျမ်းကို ရေးသားခဲ့မည်ဟု တွေးယူရပါသည်။ ယခုအခါ ထိုနေရာကလေး ကိုပင် ကျမ်းပြုရာ နေရာအဖြစ် ညွှန်ပြလေ့ရှိပါ သည်။ သို့မဟုတ် ယခု ရင်ကွဲဇရပ်၏ အရှေ့ ဘက်၌တောင်ကိုနောက်ခံပြုထားသောကျောင်း ရာလေး တခုရှိပါသည်။ ထိုကျောင်းရာသည် သည့်ပြင်ကျောင်းရာတွေနှင့် ဝေးကွာပြီး သီးသန့် တနေရာတည်းဖြစ်၍ ထိုကျောင်းရာ လေးများ ဖြစ်နေမည်လားဟု တွေးမိပါသည်။

### စာတမ်းဖတ်ပွဲမြင်ကွင်း

မည်သို့ဖြစ်စေ ငြိမ်သက်မှုရသော ကျောင်း ကလေးမျိုး၌ သီတင်းသုံးလျက် မဏိသာရ မဉ္ဇူ သာ ဋီကာကျမ်းကြီးကို ရေးသားခဲ့ပါသည်။ သီတင်းတပတ်ရေးပြီးသမျှကိုလည်း သီတင်းနေ့ တိုင်း မွန်ယိမ်းချိန် ပုညရှင်စေတီ ရင်ပြင်တော် ၌ တက်ရောက်လာကြသော တောင်ရိုးပျော် သံဃာတော်များရှေ့တွင် ဖတ်ပြလေသည်။

မင်းဝံတောင်ပေါက် ငါတယောက်လျှင် ပြောင်မြောက်ကဝိ ပညာရှိဟု သံလေလူရှင် ဤပွဲတွင်၌ ထွတ်တင်ဦးစွန်း နှုတ်သံမွန်းခြင်းမျိုး မဟုတ်။ မိမိကျမ်းစာပေထက် မတင်မီ အပြစ်မစည် အရည်အသွေး ကြည်ဖွေးရန်သာ ဆန္ဒပြင်းခဲ့ပါသည်။

သီတင်းနေ့တိုင်း စာတန်းဖတ်ပွဲများ မပျက်မကွက် ကျင်းပလာရာ ဆောင်းနှောင်း နွေဦးကာလဟု ယူဆရသော တခုသောဥပုသ်နေ့၌ ပုဂံမှ ဘုရားဖူးကြွလာသော ရဟန်းတော်တပါးလည်း စာနာနေကြ ထေရ်သမဏတို့ အစွန်တွင် ပုဆစ်တုပ်ထိုင်လျက် ညဏ်စာအုပ်ဖွင့်လျက် နာယူမှတ်သားရန် နားကလောင်ဝင့်လျက် အသင့်ဖြစ်နေသည်။

ထိုနေ့အရှင် အရိယာဝံသ စာတန်းဖတ်သော အခါ ဘုရားဖူးညွှေ့သည် ရဟန်းတော်က 'အေး-အေး' ဟုနှစ်ကြိမ်နှစ်ခါ အသံပြုလာ၏။ မပြင်းမပြ ဖွင့်ဟသော ထိုစကားသံကို စာတန်းရှင်လည်းကြား၏။ စာနာသံဃာ အများလည်း ကြား၏။ သို့သော် ဘယ်ပုဂ္ဂိုလ်မျှ ငြိမ်သက်မှုသမာဓိ၊ ကြားနာမှု ဝိထိများကို မပြတ်လိုကြ။ ငြိမ်ငြိမ်သာနေကြ၏။ စာတန်းရှင် သည်သာ 'အေး-အေး'ဟု ပြုသောနေရာကို စိတ်၌ တေးထားခဲ့ပေသည်။ စာတန်းဖတ် ကြားပြီးသော အခါ ထိုပုဂ္ဂိုလ်၏ တည်းခိုသည့် နေရာကို မေးစေပြီး မှတ်သားလာခဲ့ပေသည်။

## ပြန်လည်စိစစ်ဆွေးနွေးခြင်း

ထိုနေ့က ကျောင်းပြန်ရောက်သောအခါစိတ်ဝယ် တေးမှတ်ခဲ့သော ပုဂံညွှေ့သည် ရဟန်းငယ်၏ 'အေး-အေး' ပြုသော နှစ်နေရာကို မြန်စင်ဆေးသောခါ-

F.39

တနေရာ၌ ဝါကျထပ်နေသည်ကို တွေ့ရပြီး တနေရာ၌ကား ''ဣမံဂန္ထံ'' ဟု စွဲရမည်ကို ''ဣဒံဂန္ထံ''ဟု အစွဲမှားနေသည်ကို တွေ့ရသည်။ ဤသို့ မိမိအမှားကို မြင်တွေ့ပြီး သည်နောက် ကြိတ်၍ပြင်ဆင်တော်မူပြီး 'အေး-အေး' ဆိုသော ရဟန်းတော်ကို ပင့်ခေါ်စေသည်။ ရောက်လျှင် ဤသို့မိန့်လေသည်။

ငါ့ရှင်-ငါသည် ဤကျမ်းကို သာမညမပြု၊ လူသံငှက်သံစဲသော ညဉ့်အခါမှသာ ပုရပိုက်ဖွင့်၍ ရေးသည်၊ လူသံငှက်သံကြားရာ နေ့အခါ၌၊ ပုရပိုက်အုပ်၍နေသည်။ ဤသို့ကြိုးစားအားထုတ်ပါလျက်၊ အဘယ်အတွက် မနှစ်သက်သလို 'အေး-အေး' ဆိုရပါသနည်း ဟူ၏။

ထိုအခါ 'အေး-အေး' အသံပြုသော ရဟန်းတော်ကလည်း ဤသို့လျှောက်ထားသည်။ အရှင်ဘုရား စီစဉ်အပ်သော ကျမ်းသည် ဆိုဖွယ်အများမရှိချေ။ သူတယောက်သည် ကျောက်စရစ်ခဲများကို ဆုပ်၍ တိုက်နံရံကိုပစ်သော် တစေ့မကျန် တိုက်နံရံကိုချည်း မှန်လေသကဲ့သို့ မိန့်ဆိုသမျှ စကားသည် အလိုရှိအပ်သော အနက်အဓိပ္ပါယ်သို့ ချည်းရောက်လေသည်။

ဝါကျတချက် ထပ်သည်၊ အစွဲတချက် ပျက်သည်ကိုသာ 'အေး အေး' ဆိုပေသည်ဟု လျှောက်ထားရာ အရှင်အရိယဝံသလည်း ထိုရဟန်းညဏ်ကို အားရနှစ်သက်တော်မူလှ၍ ကိုယ်တွင် အသုံးပြုသော ဒုကုဋ်ကို ပေးတော်မူသည်။ ငါ့ရှင်ကို ပူဇော်သည်မဟုတ်၊ ငါ့ရှင်ဂုဏ်ကိုသာ ငါပူဇော်သည်၊ယူလေဟု အလှူခံ့အောင် မိန့်တော်မူသည်။

ထိုရဟန်းတော်လည်း ပုဂံသို့ ပြန်မကြွပဲ စစ်ကိုင်းချောင်မှာပင် မွေ့လျော်မည်ဟု ယူဆနိုင်ပါသည်။ အရှင်အရိယဝံသက ထိုအရှင်မြတ်၏ ဗျတ္တိကို ဘုရင်မင်းခေါင်အား ပြောကြား၍ တံဆိပ်လျှုခြင်းကို ခံရသောကြောင့်ပင် ဖြစ်ပါသည်။

## အတုယူဖွယ်

အရှင် အရိယဝံသသည် အမြော်အမြင် ပညာရှိသလောက် သူတထူး၏ ကျေးဇူးကိုလည်း သိတော်မူတတ်၊ ဆပ်တော်မူတတ်ပါသည်။ ရေးပြီးသမျှ သီတင်းနေ့တိုင်း သံဃပရိသတ်၌ အမှားတွေ့လျှင် မြင်နိုင်ရန် ဖတ်ပြခြင်း၊ အမှား တွေ့၍ ပြင်ဆင်ရခြင်း၊ ပြင်ရသဖြင့်လည်း သာသနာတလျှောက်လုံး အမှားပါ မသွားပဲ သန့်စင်စေနိုင်ခြင်းများသည် အမြော်အမြင် ကြီးမှု၏ ရလဒ်များပင် ဖြစ်ပါသည်။

ဤသို့အမှားကို ဝမ်းထဲမသို ဟုတ်တိုင်းဆိုတတ်သော ရဟန်းတော်အား ဒ ပြစ်မသို ကြည်ညိုရင်းဖြင့် ကျေးဇူးတင်ခဲ့ခြင်း၊ ကျေးဇူးရှင် အား ဒုကုဋ်ဖြင့် တုံ့ဆပ်ခြင်း၊ သူတော်ချင်းချင်း သတင်းလွှလွှ နေခဲ့ခြင်းများကို ပြနိုင်လေသည်။

ဤအဖြစ်သနစ်ကား နှောင်းခေတ်ပုဂ္ဂိုလ် များအတွက် ကောင်းသော အတုယူဖွယ်များသာ ဖြစ်ပါသည်။

ဤသို့နေ့တိုင်း ရေး၍ သီတင်းနေ့တိုင်းဖတ်ကြားတင်ပြခြင်းဖြင့် ယနေ့တိုင် သာသနာအကျိုးများသော ပါဠိရေး မဏိသာရ မဉ္ဇူသာ ဋီကာကျမ်းကြီးတစောင် ပြီးမြောက်ခဲ့ပေသည်။

ထို ကျမ်းကြီးကြောင့်ပင် အရှင် အရိယ ဝံသ၏ ဂုဏ်သတင်းသည် ထုံသင်းခဲ့လေသည်။ မင်းအကိုးကွယ်ခံ ဆရာတဆူအဖြစ် ရောက်ခဲ့ရ ပေသည်။

## ပြုစုသောကျမ်းများ

၁။ ဋီကာလက်သန်း၏ အဖွင့်အဖြစ် မဏိသာရ ဋီကာကျမ်းကို ပါဠိဖြင့် ရေးသားခဲ့သည်။ ဂ၂ဂ ခုနှစ်ပြီးသည်။ ထိုကျမ်း၏ နိဂုံးမဏိသာရ မဉ္ဇူသာအမည်ယူရခြင်းအကြောင်းကို ''ရတနာအပေါင်းတို့ တည်ရာတောင်မှ ယောက်ျားမြတ်သည် ရတနာအမျိုးမျိုးကိုယူဆောင်သလို ကျမ်းဂန် အမျိုးမျိုးမှ မွန်မြတ်ချိုမြိန် အနှစ်အမျိုးမျိုး ကိုယူ၍စီရင်ရေးသားအပ်ရကား အထူးကောင်း မွန်သော အနှစ်သာရ ပတ္တမြား အဝဝတို့၏ သွင်းထည့်ရာ တံသင်းနှင့် တူသောကြောင့် မဏိ သာရ မဉ္ဇူသာဟု ဆိုထားပါသည်။

ဘယ်ရွေ့ဘယ်မျှကြိုးစားရေးသား စေကာမူ ပုထုဇဉ်တို့ အလျှောက်အမှားကား ကင်းနိုင်မည်မဟုတ်သည်ကို ဆရာတော် မြင်ခဲ့ပါသည်၊ ထို့ကြောင့်ပင် ''ပုဏ္ဏရိက်ကြာသွင် ဖြူစင်သော ဥပေါသထဆင်မင်း၌ မုန်ညင်းစေ့ လောက် အနက်အပြောက်ရှိစေကာမူ မင်းများ ကြည်ဖြူ နိုင်ကြသကဲ့သို့ ယုန်ရေးတံဆိပ်နှင့်ညီသော လ မင်းကို လူများ ချစ်ခြင်းဖြေနိုင်သကဲ့သို့ ဤ အနည်းငယ် အပြစ်အစွန်းညီစေကာမူ ပညာရှိ တို့ မြတ်နိုးကြည်ဖြူနိုင်စေလို''ဟု မျှော်လင့်ခဲ့ ပါသည်။

ဋီကာဆရာတို့၏ ဝတ္တရားအတိုင်း အကုန် အစင်အမြင်ရှင်းသိလွယ်အောင် ဖွင့်ဆိုရေးသား ထားသည်ဖြစ်၍ ကောင်းမွန်လှပါသည်။

ပဉ္စမ သင်္ဂါယနာတင် မင်းကြီး လက်ထက် သုဓမ္မာစံကျောင်းဆရာတော် ''သုဒဿနဝရ ဓမ္မသာမိ မဟာ ဓမ္မရာဇာဓိရာဇ ဂုရု'' ကား အောက်ပါအတိုင်း ချီးကျူးခဲ့ပါသည်။

''ဋီကာကျမ်းလာ အနက်အဓိပ္ပာယ်သဘော တို့ကို မဏိသာရမဉ္ဇူသာ ဆရာတော် ဖွင့်ပြ သောကြောင့် အမှန်သိနိုင်သည်။ မဏိသာရ မဉ္ဇူသာဆရာတော် မဖွင့်ပြက အမှန် မသိနိုင် ရာ။ ကျေးဇူး ကြီးမား လှ ပါပေသည်။ အရှင် အရိယဝံသ သီတင်းသုံး နေထိုင်ရာ စစ်ကိုင်း ဘက်ကို ဦးခိုက်ပြီးမှ ဋီကာကျော်ကို ပို့ချသည် ဟု မှတ်သားဖူးသည်''ဟု သပြေပင် ဆရာတော် က ရေးသားအသိပေးဖူးပါသည်။

## လယ်တီဆရာတော်နှင့် မဏိသာရမဥ္ဇူသာ

ထို၏ ဆန့် ကျင် ဘက် "စကားအိတ်ချိုလက်နက်"ဖြင့် မဏိသာရသေတ္တာကြီးကို တချက်ထုရိုက်သံ တဆင့်ကြားရဖူးပါသည်၊ ထိုအသံကို အချို့က ကျေးဇူးရှင်မိခင်ကို မဖွယ်မရာ လူပျိုစကားပြောခြင်းဟု ရှုတ်ချကြပါသည်။

မဏိသာရမဥ္ဇူသာ ပတ္တမြားရတနာတံသင်းကြီးကို 'ဖွဲ့အိတ်ဖွဲ့ကျိုကြီးနှင့်တူ သည်'ဟု ဆိုခြင်းပင်ဖြစ်ပါသည်။

နိုင်ငံကျော် ဆရာတော်ဘုရားကြီး တပါး၏ ပြောသံကား စာရေးသူလည်း နားစွင့်ခဲ့ဖူးသည်မှလွဲ၍ အပြစ်တစုံတရာမျှမတင်ခဲ့ပါ။ ကံအားလျော်စွာ ထိုနားစွင့်ဘဝင်မကျသော ဝေဒနာကို ပျောက်ကင်းရန် စာချဆရာတော်တပါးက လက်ဖက်ရည်ဝိုင်းတခုတွင် အောက်ပါအတိုင်း ဖြေဆေးတိုက်ဖူးပါသည်။

ဆရာတော်ကြီးက "ဖွဲ့အိတ်ကြီး ဆိုတာ ဒီကျမ်းမကောင်းလို့ ဆိုတာ မဟုတ်ဘူး။ သိပ်ကိုကောင်းပါတယ်။ အဘိဓမ္မာရဲ့ အဖွင့်ကျမ်းဟာ အဘိဓမ္မာသဘောများမပါလှပဲသဒ္ဒါဆိုင်ရာတွေသာဖွင့်နေလို့ အဘိဓမ္မာရှုထောင့်က ကြည့်ယင် ဖွဲ့အိတ်ကြီးအသွင် မြင်နေရလို့ ပြောတာပါ။ မကောင်းလို့ ပြောတာမဟုတ်ပါဘူး"ဤစကား စဉ်ဆေးသည် နန်းစဉ်သွေးဆေးဆက်စွမ်းသည် မိမိဘဝင် ကြည်လင်သွားစေခဲ့၏။ ထိုစာချဆရာတော်ကား သုဗောဓာရုံအရှင်နန္ဒမာလာဘိဝံသ ဖြစ်ပါသည်။

ထို့ပြင် ထိုပြောဆိုသော ဆရာတော်ကြီးပင် မဏိသာရ မဥ္ဇူသာဋီကာကျမ်းကြီးကို ကြည့်ရှုပြီး "ဋီကာကျော်"ကို ပို့ချကြောင်း အတုယူကြောင်းကို သိရပြန်၍ ပို၍ နှစ်သက်ကျေနပ်ခဲ့ရပါသည်။

"လယ်တီဆရာတော်က မဟာဝိသုဒ္ဓါရုံဆရာတော်ထံ လျှောက်စာ" ခေါင်းစည်းပါသော စာတစောင်ပေတဖွဲ့တွင် ဋီကာကျော်ချဉ်အခါ အက္ခရာအလုံးပင် ဖြစ်သော်လည်း တဝါကျဖြစ်ထိုက်လျှင် ပုဒ်မကြီး တခုစီနှင့် ရေးသားရှိနေသော မဏိသာရ မဥ္ဇူသာ မူဟောင်းတဆောင်ကို ကြည့်ရှုရရာ ဝါကျအပိုင်းအခြား ရှေ့သွားနောက်ပြန် ကြံစည်ဖွယ်မရှိ ဆွဲကာငင်ကာ ပြောဆိုရ၍ အလွန်ခမ်းသာခဲ့ပါသည်။ သို့အတွက် ပရမတ္ထဒီပနီမှာ ပိုဒ်မကြီး များ၍ သွားပါသည်။

ထိုလျှောက်စာသည် ရွှေပိန်းချ ၁၁ကြောင်းရေး " ချိမှုညီအဘိ " တ အင်္ဂါတချပ် ဖြစ်သည်။

ထိုပေ၌ ဆုံးဖြတ်ချက်များ၊စာသင်နည်း များ၊ ကျမ်းစာရေးရန် တိုက်တွန်းချက်များ၊ကိုယ်ရေးရာများ စသည်ပါရှိ၏။ လယ်တီစာပေ ထိန်းသိမ်းရေး၌ မရှိသေး၍ ကူးယူထားသင့်ပါသည်။

အမှန်ဆိုရမူ ဤဋီကာကျမ်းကြီးသည် ယနေ့တိုင် စာချ စာသင် စာပြင် လက်၌ ပျော်ပိုက်ဆဲ၊ ညဏ်၌ ရှင်သန်ဆဲ၊ အရေးပေးနေရဆဲပင် ဖြစ်ပါသည်။

၂။ ဂန္ထာဘရဏကျမ်း။ ထိုကျမ်းကား ဝါကျတ္ထဇောတက နိပါတ်များ၊ ဝါကျများ၊ စုဒ်စောဒနာတို့ကို ပြဆိုသော ပါဠိကို ဆန်းနည်းဖြင့်သပ်၍ ရေးထားခြင်းဖြစ်ပါသည်။

သဒ္ဒါတဘက်သည် စာတတ်သည်ကို သိရသော ဆရာတော်သည် ဋီကာလှ၏ ကျေးဇူးဆပ်ရမည် ဆရာ၏ စကားအရ မဏိသာရမဥ္ဇူသာဋီကာ ရေးပြီးနောက် ဤဂန္ထာဘရဏကျမ်းကို ရေးသားမည် ယူဆ၍ ဒုတိယမြောက် အဖြစ်ထားပါသည်။

၃။ မဏိဒီပကျမ်း၊ ဤကျမ်းကား ဒွါရကထာတိုင်အောင်သော အနုဋီကာကျမ်းကို ဖွင့်ဆိုသော ကျမ်းကောင်းတဆူဖြစ်ပါသည်။

၄။ ရတနာသာရ မဟာနိဿယကျမ်း။ ဤကျမ်းကား စာမျက်နှာ ၅၉၉ အထိရှိသည်။ အရှင်အရိယဝံသ၏ လက်စွမ်းပြ ကျမ်းစာတဆူ ဖြစ်လိမ့်မည်ဟု ယူဆကြပါသည်။ အဘယ်ကြောင့် ဆိုသော် မူလဋီကာလာ ခုနစ်မျက်နှာသာရှိ သော စာတစုကို စာမျက်နှာ ၆၀၀ ခန့်သည့် တိုင်အောင် ဖွင့်ဆိုရေးသားထား သောကြောင့် ဖြစ်ပါသည်။

တနည်းဆိုရသော် အနုဋီကာလာ ခုနစ်မျက်နှာ သည် မူလဋီကာ လေးမျက်နှာ၏ အဖွင့်ဖြစ်၍ မူလဋီကာ လေးမျက်နှာသည် အဋ္ဌသာလိနီ ပထမ တဂါထာ၏ အဖွင့်ဖြစ်သည်၊ ရတနာ သာရ မဟာနိဿယ ၅၉၉ မျက်နှာသည် အဋ္ဌ သာလိနီ တဂါထာ၏အဖွင့်ဟု ဆိုနိုင်ပါသည်။ စာလုံးရေ ၃၂ လုံးရှိ တဂါထာမျှကိုပင် ဤမျှ အထိ ဖွင့်ဆိုရေးသားနိုင်သော ဉာဏ်တော်ကား အံ့ချီးဖွယ်ကောင်းလှပေသည်။

၅။ ဇာတတ္တဝိသောဓနီ။ ဤကျမ်းကား ဇာတ်ကြီးဆယ်ဘွဲ့ ပါဠိတော် အဋ္ဌကထာ၌ လာ ရှိသော ခက်ခဲခက်ဆစ် ပုဒ်ပါဠိအဆစ်အဖုတို့ ကိုသာ သုတ်သင် ထားသော မြန်မာရေးကျမ်း တဆူ ဖြစ်ပါသည်။

ပြဆိုခဲ့သော ထိုထို ကျမ်းစာများက အရှင် အရိယဝံသ ဓမ္မသေနာပတိ၏ ဂုဏ်ကို များစွာ မြှင့်တင်ပေးခဲ့သည်။ တောင်ရိုး၏အရှိန်ကိုလည်း များစွာ မြင့်စေခဲ့ပါသည်။

## ရယူလိုသောဆု

ကျမ်းစာရေးသားရသောအကျိုးကို အရှင် အရိယဝံသက "အဆုံးအပိုင်းအခြား မရှိသော ကုသိုလ်"ဟု ဆိုပါသည်၊ ထိုအဆုံးအပိုင်းအခြား မရှိသော ကုသိုလ်ကြောင့် သံသရာ ကျင်လည် ရာ၌ မကောင်းညစ်ကြေး ကင်းဝေးပြီး ခိုင်ဖြိုး သော သဒ္ဓါပညာရှိ ဖြစ်လိုသည်။

သူတပါးအကျိုး ဆောင်ရွက် တတ်သော ရဟန်းကောင်းဖြစ်ပြီး ဘုရားရှင်၏ သာသနာ တော်ကို တိုးပွားအောင် လုပ်ဆောင်လိုသည်။ သဗ္ဗညုတဉာဏ်၏ အဆောက်အဦး ပါရမီဖြည့် ယင်း ဘုရားရှင်များ ဖူးတွေ့ရပြီး အဆုံးဘဝမှာ သဗ္ဗညုတဉာဏ်ရှင် ဖြစ်လိုသည်ဟု ယူဆသွား ပါသည်။

## ဂုဏ်များကို မှန်းကြည့်ခြင်း

ဉာဏ်မီသမျှခြင်ငုံ၍ ဂုဏ်အဝန်းကိုကြည့်ညို ကြည့်သော် တောင်ရိုးပျော် အရှင်အရိယဝံသ ဓမ္မသေနာပတိသည် တခေတ်မှ တယောက်ဟု ဆိုရလောက်အောင် ပေါ်ပေါက်၍ ပုဂ္ဂလ ဝိသေသ ပရိယတ္တိကောဝိဒ ပဋိပတ္တိသမ္ပန္န တိပိဋကတ္တယ ပါရဂူ ယသကိတ္တိ သပရိဝါရ ဂုဏ်တို့ဖြင့် ဖြိုးဖြိုးဝန်းအုံ ကျူနယ်ရှဲလျက်ရှိသော အရှင်မြတ်ကြီး ဖြစ်ပေသည်။

ယနေ့တိုင် သာသနာပျော် ပုဂ္ဂိုလ်တွေ အားကိုးတခု အသုံးပြု နေရသော ကျမ်းခိုင် ကျမ်းခံ့များကို ရေးသားသွား၍ ကြီးအင်ဂုဏ တသနေရဆဲ ရှိသော အရှင်မြတ်ကြီး ဖြစ်ပေ သည်။

ကျမ်းလည်း တတ်၏၊ ကျမ်းလည်း ပြု၏၊ ကျမ်းလည်း သေချာ၏။ ကျမ်းကား မပြီး။ မဏိဒီပကျမ်းကိုပြုသော အင်းဝ အရှင် အရိယ ဝံသလည်း တပါးဟု မုံရွေး ဆရာတော်၏ ကျမ်းဂန်တတ်ဆရာတော် လေးပါးတွင် ထည့် သွင်း ဂုဏ်ပြုခံယူရသော အရှင်မြတ်ကြီး ဖြစ် ပေသည်၊

ပျို့ ကဗျာ လင်္ကာတွေ ခေတ်စားနေပေမယ့် သာချင်းသည်တို့၏ အလေ့၌ မမွေ့ပဲ ပါဠိ စာပေ ရေးသားမှုဖြင့် သာသနာကို ရှေ့သွား ခေါင်းဆောင်ပြုသွားတော်မူသော အရှင်မြတ် ကြီး ဖြစ်ပေသည်။

မြန်မာများ၏ မြန်မာစကားပြေထွန်းကားမှုကား ဝါကျတိုရှင်း အသုံးအနှုန်း ကျစ်ကျစ်လျစ်လျစ် သိလောက်ရုံသည်ဟုထင်လျှင် အဖြတ်ခံနည်း၊ တဘက်ပြ နည်းများဖြင့် မြန်မာစာ ရေးသား ပေးအပ်ခဲ့သော အရှင်မြတ်ကြီး ဖြစ်ပေသည်။

## ခန္ဓာသစ်တူခြင်း

သက္ကရာဇ် ၇၂၆ ခုနှစ်မှာတည်၍ "သည်မှာကားမြို့၊ သည်သို့ပြစင်၊ သည်တွင်တံခါး၊ သည်ကားလမ်းမ၊ သည်ကစေတီ၊ သည်ဆီလွှတ်ရုံး၊ ကျုံးနှင့်သစ်ဘပ်၊ မဏ္ဍပ်တံခါး၊ ရွှေကျောင်းရွှေသိမ်" စသည်ဖြင့် ဝင့်ဝါနိုင်ခဲ့သော အဝရွှေပြည်သည် ၇၇၅ ခုနှစ်မှ စ၍ အခြေပျက်လာသည်။ ၇၇၇ ခုနှစ်တွင် မိုးညှင်းစလုံက သားတော် သိုဟန်ဘွားကို နန်းတင်သည်။

ထိုဘုရင်သည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ ပတ်သည်ရှိ ရဟန်းတော်များကို ဆွမ်းကပ်လိုဟန် ပြင်ဆင်ပင့်ဖိတ်၍ သတ်ရာ သံဃာတော်များ ထောင့်သုံးရာကျော် ပျံလွန်တော်မူကြသည်။ ထိုတွင် ကျမ်းတတ်အကျော် သုံးဆယ်ကျော် ပါဝင်သည်ဟု ဆိုသည်။

အထောက်အထား မရှိသော စကားစဉ်အရ ဤအရှင်အရိယဝံသ ဆရာတော်လည်း သိုဟန်ဘွား၏ ဥသျှစ်ထုကိန်းထဲတွင် ပါဝင်ပျံလွန်ရသည် ဟု ဆိုကြပါသည်။

အနီးကပ်ဆုံး ၇၉၀ ပြည့်၌ မွေးဖွားမည်ဟု ယူဆရသောအရှင်အရိယဝံသသည် ၇၇၇ ခုနှစ်၌ သက်တော်ထင်ရှား ရှိသေးလျှင် ၈၇ နှစ် ရှိ၍ ဇရာဒုဗ္ဗ အရွယ်ဖြစ်နေပေမည်။ သွားရေးမလွယ်ကူသော အဝဘက်သို့ လိုက်တော်မူလိမ့်မည် မဟုတ်ဟု ယူဆမိပါသည်။ ရှမ်းတို့သည် ရတနာသုံးပါးကို မရိုသေကြကုန်ဟုဆိုကြလျက် ဆွမ်းဘုဉ်းပေးပင့်ခြင်းသည် အကြောင်းရှိရာသည်ဟု ကြံဆမိ၍ "ငါတို့ နက်ဖြန် မကြွနိုင်၊ နောက်တကြိမ်မှ လာမည်" ပြောဆို၍ ရှောင်တိမ်းခဲ့သော အရှင်သဒ္ဓမ္မကိတ္တိသည် မိမိ၏ဆရာ အရှင် အရိယဝံသကိုလည်း မကြွရန် အသိပေးလျှောက်ထားပေလိမ့်မည်။

ဤအကြောင်းများကြောင့် ထို ဥသျှစ်ထုကိန်း၌ မပါဝင်ဟု ယူဆပါ၊ ဌာနမဟုတ်၍ မပြရသည်ကို များစွာ အားနာမိပါသည်။

## တပည့်စဉ်ဆက်

ပုဂံ ရှင်အရဟံအဆက်အနွယ်ကို ကိုယ်တိုင် စောင့်လျက် ထိုအနွယ်တည်တံ့ခိုင်မြဲ ပြန့်ပွားအောင် ပြုစုသွားတော်မူသော အရှင်မြတ်ကြီး ဖြစ်ပေသည်။

ထိုအရှင်မြတ်ကြီး၏ ဖြန့်ကျက်ခဲ့သောအနွယ် ဗိမာန်တော်ကား–

၁။ လေးကျွန်းမြေရပ်၌ သီတင်းသုံးသော ရှင်သဒ္ဓမ္မကိတ္တိ၊ နောင် ဆရာညွှန်ပေးမှုဖြင့် ဇေတဝန်ကျောင်း သီတင်းသုံးသည်။

၂။ တောင်ငူရောက် ဆရာတော်ဟုတွင်သော သီရိမဟာပရက္ကမ ဆရာတော်။

၃။ မဟာသူတော်ကြီးတွင် ပုဂံမှ ရဟန်းတော်မြတ်။

၄။ အရှင်တိသာသနဓဇ၊

၅။ တိုင်ကြီးရွာသား ညီနောင်သုံးပါး၊

၆။ အရှင်ဝရဗာဟု၊

၇။ မြေတူးကျောင်း ပုဂ္ဂိုလ်၊

၈။ ပင်းယဥမင်လေးဆက်မြောက်ဘုန်းကြီး၊

၉။ အရှင်မဟာရတနာကရ၊

၁၀။ လက်ယာဘီနန်သူ ဆရာတော်၊

၁၁။ တောင်ဘီလူး ပထမ ဆရာတော်၊

၁၂။ သစ်ဆိမ့်ပထမဆရာတော်၊

၁၃။ ရက္ခန်ညီနောင်နှစ်ပါး၊

၁၄။ အရှင်ဓမ္မရာဇဂုရု၊

၁၅။ မဟာ သီရိသဒ္ဓမ္မကိတ္တိဘွဲ့ခံ ပဋ္ဌိမဝန် အရှင်သုဒဿန၊

၁၆။ အဝသာမဏေကျော် တိ လော ကာ လင်္ကာရဘွဲ့ခံ တိလောကဂုရုဟု ကျော်ကြားသော အရှင်တေဇောဒီပ။

၁၇။ အရှင်ဓမ္မဇောတ၊

၁၈။ အရှင်သုဒဿန၊

၁၉။ အရှင်တိသာသနဇောတ-စသောပုဂ္ဂိုလ်မြတ်ကြီးများ ဘားတောင်ရိုးပျော်အရိယဝံသ ဓမ္မသေနာပတိဆရာတော်၏အနွယ်အဆက်များပင် ဖြစ်ပါသည်။

အထက်ပါ အနွယ်တော်များကား သူ့ခေတ်နှင့်သူ ထင်ရှားကျော်ကြားသောတော်ဝင်ဆရာတော်များသာ ဖြစ်ကြပါသည်။ ထိုဆရာတော်တို့၏ ဂုဏ်အရှိန်ကား ယနေ့တိုင်မမှိန်ပဲ ဖြန့်ချီစိုးမိုးဆဲပင် ဖြစ်ပါသည်။ ထိုဆရာတော်များ၏ စွမ်းဆောင်ပြောင်မြောက်မှုကို ရေးသွင်းပြသင့်လျက် ဌာနမဟုတ်၍ မပြရသည်များစွာ အားနာမိပါသည်။

ဤသို့ အစဉ်အဆက် မပျက်စေခြင်းအားဖြင့် သာသနာ ငါးထောင် ထမ်းဆောင်သွားတော်မူသော ဆရာတော်ပင် ဖြစ်ပါသည်။

ဤမျှ သာသနာတော်အတွက် ကျေးဇူးများသော အရှင်အရိယဝံသ ဓမ္မသေနာပတိ ဆရာတော်၏ တဘဝဇာတ် တဖြစ်ခန္ဓာ ခြင်းရာထုပ္ပတ်သရုပ်ဇာတ်ကို သိမှတ်သမျှဖြင့် ရေးထွင်းသော ကျောက်စာ ကမ္ပည်းချပ်ကို သီတဂူ အထွတ်တင် မော်ကွန်းစာတိုင်တွင် ကပ်အပ်ပါသတည်း။

ဂုဏ်ကျေးဇူးကို အထူးသိတတ်သောပညာရှိတို့သည် ထိုသမန္တပါသာဒိက အရှင်အရိယဝံသ ဓမ္မသေနာပတိ ဆရာတော်၏ ဂုဏ်တော်တို့ကို အမြဲတမ်း အမှတ်တရ အောက်မေ့နိုင်ကြပါစေသတည်း။

**ဝန်ခံချက်။** ။သီတဂူဆရာတော်၏ဘာဝန်ပေးချက်အရ မဏိသာရ မဉ္ဇူသာဋီကာ၊ သာသနာလင်္ကာရ၊ သာသနာဝံသပ္ပဒီပိကာ၊ မဟာဒွါရနိကာယသာသနဝံသဒီပနီ။ဇာတ်ဝိသောဓနကျမ်းနိဒါန်း၊ စွယ်စုံကျမ်းအတွဲ ၁၀၊ မဟာရာဇဝင်ကြီး ဋီကာပါဌ်နိဿယ၊ ပိဋကတ်တော်သမိုင်း၊ အရှင်နန္ဒမာလာဘိဝံသ၏ မဏိသာရ မဉ္ဇူသာနိဂမကထာနိဿယ (တိုက်ရိုက်မူ) တို့ကို မှီငြမ်းပြုစုပါသည်။

**အရှင်ကောမုဒိဝရ**

ဇေယျမင်္ဂလာ

# ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ



(စစ်ကိုင်းတောင်)

### အဂ္ဂသဒ္ဓမ္မသိရိထေရ်

စာပေပို့ချခြင်း၊ ကျမ်းဂန် ရေးသားခြင်းတို့ဖြင့်သာသနာပြုခဲ့သော ထေရ် ဖြစ်ပါသည်။ သာလွန်မင်းတရားနှင့် သားတော်မင်းရဲနန္ဒမိတ်တို့လက်ထက်တွင် ထင်ရှားခဲ့၍ တောင်ဖီလာဆရာတော်များနှင့် ခေါ်ပြိုင်ဖြစ်သည်။

ဆရာတော်သည် နိရုတ္တိမဉ္ဇူသာဋီကာကျမ်းကြီးကို ရေးသားခဲ့သည်။ ထို ကျမ်း ကြီး သည် သီဟိုဠ်ကျွန်း အရှင်ဝဇိရဗုဒ္ဓိထေရ် စီရင်သည့် နာသကျမ်း၏ အဖွင့်ဋီကာဖြစ်သည်။ ၁၀၁၀ ခုနှစ်တွင် စတင်ရေးသား၍ ၁၀၁၂ ခုနှစ်တွင်ပြီး၏။ ''ဒါဌာ နာဂရ ရာဇဂုရု''ဟူသောတံဆိပ်တော်ကို ရရှိတော်မူ၏။

### တိလောကဂုရုဆရာတော်

ဆရာတော်သည် စစ်ကိုင်းတောင်သာသနာဝင်တွင် ထင်ရှားသည့် ကျမ်းပြုစာချသာသနာ့ဝန်ဆောင်တပါး ဖြစ်တော်မူသည်။ အနောက်ဘက်လွန်မင်းတရား လက်ထက် ပေါ်ထွက်ခဲ့၏။ (သာသနာ လင်္ကာရ စာတမ်း၌ နရာဝရမင်းလက်ထက်ဟု ဆိုသည်။) ပခန်းကြီးမြို့အနောက်ဘက် ခရီးခြောက်တိုင်ကွာ ဆိတ်ဆင်းရွာဇာတိဖြစ်သည်။ စစ်ကိုင်းသို့ ကြွရောက်လာပြီးနောက် ပုညရှင်စေတီတောင်ဘက် ယခု တိလောကဂုရုချောင်နေရာတွင် ကျောင်းငယ်နှင့် သီတင်းသုံးနေထိုင်သည်။ ရဟန်းသံဃာတို့အား စာဝါပို့ချရာ စာသင် စာနာ များလှသဖြင့် ဖြစ်သလိုမိုးကာ၍ တဲထိုးထားရသည်။

တခါသော် ပုညရှင်စေတီသို့ မင်းတရားထွက်တော်မူလာရာ ထိုတဲကျောင်းငယ်နှင့် စာလိုက်သံဃာတို့ကို တွေ့မြင်ရသဖြင့် ဥမင်လိုဏ်နှင့်တကွ ကျောင်းဆောက် လှူဒါန်းသည်။ ''တိလောကဂုရု''ဟူသောတံဆိပ်တော်ကိုလည်း ဆက်ကပ်ခံရလေသည်။

### ဗန်းမော်ဆရာတော်(၁၁၆၈–၁၂၃၉)

အရှင်ပဏ္ဍိတထေရ်။ ။ဗန်းမော်ဆရာတော်ဟု ထင်ရှားကျော်ကြားတော်မူသည်။ စစ်ကိုင်းတောင်ရိုးရှိ ဗန်းမော်ချောင်၌ သက်ဆုံးတိုင်သီတင်းသုံး၍ သာသနာပြုတော်မူခဲ့သည်။

၁၁၆၈ ခုနှစ်တွင် ရွှေတောင်မြို့၊ ကွပ်ညှပ်စင်ရွာ၌ ဖွားမြင်သည်။ ငယ်နာမည် မောင်ဖြူဝင်းဖြစ်၏။ ရူပလက္ခဏာ၊ သဒ္ဒလက္ခဏာ လွန်စွာကောင်းမွန်သည်။

ဝိနည်းအရာထူးခြားစွာနိုင်နင်းတော်မူသောဗားကရာဆရာတော်ထံ ကျမ်းဂန် အရပ်ရပ်ကို ဆိုဝါအဖြစ်ဖြင့် သင်ယူခဲ့ရုံမျှမက ဆရာတော်၏ အမိန့်အရ ဝိနိစ္ဆယအမျိုးမျိုးကိုလည်း ရေးသားတော်မူရလေသည်။ သို့ဖြစ်၍ ဝိနိစ္ဆယ အရေး

အသား လွန်စွာနိုင်နင်းတော်မူ၏။ တဒ်ဓာတုပ္ပတ္တိ ညာဏ်လျှင်မြန်ထူးချွန်၍ ကဗျာအရေးအသား၌ လည်း ထိမိပိုင်၏။

ဆရာတော် သီတင်းသုံးရာကျောင်းသည် ယခု တိုင် ဗန်းမော်ကျောင်းဟု ထင်ရှားသည်။ သက်တော် ၇၁၊ ၁၂၃၉ ခုနှစ် ဝါဆိုလတွင် စစ်ကိုင်း တောင်ရိုး၊ ခိုတောင်တောရ၌ ပျံလွန်တော်မူသည်။ "ပဏ္ဍိတဂုံဿာဘိဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" တံဆိပ်တော်အလှူခံရ၏။

(မန္တလေးသာသနာဝင်ရှု)။

## မစိုးရိမ်ဆရာတော် (၁၂၃၃–၁၃၀၁)

အရှင် သောမာဘိသီရိထေရ်။ ။စစ်ကိုင်းတောင်ရိုး၊ မစိုးရိမ်မဟာသစ်ဝင်ကျောင်းကို တည်ထောင်တော်မူ၍ သက်ဆုံးတိုင် သာသနာပြုခဲ့သော ပုဂ္ဂိုလ်ထူး ဖြစ်သည်။ မန္တလေးမြို့၊ ရွှေကုန်း-လှေကန်ရပ်၌ ဦးမိုး-ဒေါ်မင်းသူတို့မှ ၁၂၃၃ ခုနှစ်တွင် ဖွားမြင်သည်။

မန္တလေးမြို့ ဘုရားကြီးတိုက်၌ ကျီးမနိုးကျောင်း ဆရာတော် ဖြစ်လာမည့် ဦးပိန် ခေါ် ဦးဝိသုဒ္ဓနှင့်အတူ ပိဋကတ်စာပေများ သင်ယူခဲ့သည်။ ပညာသင်စဉ် ပေတောကျောင်း အနီးဆီးပင်ရင်း၌ ရှင်သောမာဘိသီရိသည် နေ့စဉ်မပြတ် စာကျက် စာအံ စာပြလေ၏။ထို့ကြောင့် ထိုဆီးပင်ကို "သောမဆီးပင်"ဟုပင် ခေါ်တွင်ခဲ့လေသည်။

၁၂၆၃ ခုနှစ်တွင် ရန်ကုန်မြို့ ဘင်္ဂလားဆရာတော်နှင့်အတူ မဇ္ဈိမဒေသ သီဟိုဠ်၊ယိုးဒယား နိုင်ငံများသို့ သာသနာပြုကြွသည်။ နောင်အခါ မန္တလေး မြို့မ မစိုးရိမ်ကျောင်းတိုက်ကြီးကို ဘင်္ဂလားဆရာတော်ကြီးကသံဃိကမြောက်အလှူခံကာကိုယ်တော်တိုင်တဝါမျှ သီတင်းသုံးလျက် အရှင်သောမာဘိသီရိအားလွှဲအပ်တော်မူသည်။

ဆရာတော်သည် မစိုးရိမ်တိုက်ကြီး၏တာဝန်ကို ဆောင်ရွက်ပြီး ရောက်လာသော စာသင်သားတို့အား စာပေကျမ်းဂန်များ သင်ကြားပို့ချတော်မူသည်။ ကျမ်းဂန် များစွာကိုလည်း ရေးသား ပြုစုတော်မူ၏။ ၁၂၈၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ဝါးချက်ရွာ အနီး မဟာသစ်ဝင်ကျောင်း မစိုးရိမ်တိုက် တည်ထောင်၍ ၁၂၈၈ ခုနှစ်တွင် ဝါကပ်အရည်ကင်တောဝင်တော်မူသည်။

အင်္ဂလိပ်အစိုးရက ၁၂၉၂ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်နေ့တွင် 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ်တော် ကပ်လှူပူဇော်ခဲ့လေသည်။

## အတိသုဒ္ဓါရုံဆရာတော် (၁၂၃၅–၁၃၂၀)

အရှင်ဇောတိပါလထေရ်။ ။တောင်သာမြို့နယ် သီးကုန်းရွာ၌ ၁၂၃၅ ခုနှစ်တွင် ဖွားမြင်သည်။ မိဘများမှာ ဦးသံသာ-ဒေါ်ဟသ္ဘာတို့ ဖြစ်ကြ၏။ ၁၂၅၄ ခုနှစ်တွင် ရေစကြိုမြို့ ပုခန်းဂိုဏ်း ပုလုဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ငယ်ဆရာဦးနန္ဒ၊ ဥပဇ္ဈာယ်ဆရာ ဦးကေသရဂူဖြူဆရာတော်၊ မလေးတန်းဆရာတော်၊ ဆရာတော် ဦးရန်ကုန်တို့ထံ ပိဋကတ်ကျမ်းစာများလေ့လာခဲ့သည်။ ၁၂၆၁ ခုနှစ် မဟာဝိသုဒ္ဓါရုံတိုက်သို့ရောက်ရှိ၍ ပညာဆက်လက် သင်ကြားသည်။

ရဟန်း ခုနစ်ဝါတွင် စာချသည်။ ၁၂၆၅ ခုနှစ် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး အနောက်ပြင် မဟာဝိသုဒ္ဓါရုံတိုက်သို့ ရွှေ့ပြောင်းသီတင်းသုံးသောအခါ ဂဏဝါစက စာချတာဝန်ဆက်လက် ထမ်းဆောင်ရသည်။ ညောင်စဉ်ကျောင်းဘုန်းကြီး အဖြစ် ချီးမြှောက်ခံရ၏။

မန္တလေးမြို့၊ပရိယတ္တိ သာသနဟိတအသင်းကြီး၏ "ဘဒ္ဒန္တဇောတိပါလာဘိဝံသ ပရိယတ္တိ

သာသနဟိတ ဓမ္မာစရိယ''ဟူသောမူလစာချဘွဲ့ဖြင့် ပူဇော်ဆက်ကပ်ခြင်း ခံရသည်။ ၁၂၇၇ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုးသို့ ကြွတော်မူလျက် ရက္ခမူ-အတိသုဒ္ဓါရုံချောင်၌ သံဃာတော် ၅၀ ကျော်တို့အား စာပို့ချ၍ သာသနာတော်ကို ချီးမြှောက်တော် မူခဲ့သည်။

စစ်ကိုင်းတောင် ရွှေကျောင်ဂိုဏ်းကြီး၏ ဥက္ကဋ္ဌ မဟာနာယကအဖြစ် သံဃာထု၏ တင်မြှောက်ခြင်းကို ခံတော်မူရ၏။နိုင်ငံတော်အစိုးရကလည်း ၁၃၁၄ ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ကပ်လှူပူဇော်ခဲ့လေသည်။

## စကုမေဒ်ဆရာတော် (၁၂၄၁-၁၃၃၇)

အရှင်ဥတ္တမထေရ်။ ။မြိုင်မြို့နယ် ယာပြင်ကြီးရွာ၌ အဖဦးကျော်သာ၊ အမိဒေါ်လွမ်းတို့မှ ၁၂၄၁ ခုနှစ်တွင် ဖွားမြင်သည်။ ရဟန်းဖြစ်ပြီးနောက် မအူလေးရွာ သရက်တော ကျောင်းတိုက် ဆရာတော် ဦးသောမ၊ မန္တလေးမဟာဝိသုဒ္ဓါရုံဆရာတော်၊ တလိုင်းကုန်း ဆရာတော်၊ မင်းရွာကျောက်အိုင် ဆရာတော်၊ ခင်မွန် သုံးဂိုဏ်းချုပ်ဆရာတော်၊ ဝါးချက်မင်းကျောင်း ဆရာတော် စသော ဆရာတော်ကြီးများထံ ပရိယတ် ပဋိပတ်နည်းယူ တတ်မြောက်တော်မူခဲ့လေသည်။

၁၂၇၇ ခုနှစ် စစ်ကိုင်းမြို့ ပန်းတောရပ်၊ ဦးအေး ဒေါ်ကျေးနုတို့ ဆောက်လုပ်လှူဒါန်းသော စကုမေဒ်ကျောင်းတိုက်ကို လက်ခံတော်မူ၍ သံဃာ၁၀၀ကျော်တို့အား စာပေပို့ချကာ တရားပြလျက် သီတင်းသုံးတော်မူသည်။ စကုမေဒ်ဆရာတော်ဟု တွင်၏။

နိုင်ငံတော် ဝိနည်းဓိုရ်၊ ဆဋ္ဌသင်္ဂီတိကာရက ဩဝါဒါစရိယ အဖြစ် ဆောင်ရွက်တော်မူခဲ့၏။ ၁၃၁၂ ခုနှစ်တွင် နိုင်ငံတော် အစိုးရက "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်ကပ်လှူ ပူဇော်ခဲ့သည်။

## မဟာသိဝဆရာတော်(၁၂၄၂-၁၃၀၃)

အရှင်ကုမာရထေရ်။ ။မဟာသိဝချောင်ကို စတင်တည်ထောင်၍ သာသနာပြုတော်မူသည်။ ချောင်းဦးမြို့ ဦးအောင်ထက် ဒေါ်စံမယ်တို့မှ ၁၂၄၂ ခုနှစ်တွင် ဖွားမြင်သည်၊ မွေးချင်းဆယ်ဦးရှိရာတွင် အားလုံး သားယောကျ်ားလေးချည်းဖြစ်၍ သမီးမိန်းကလေး တဦးမျှမပါဝင်ပေ။

၁၈နှစ်အရွယ် သာမဏေဘဝဖြင့် မန္တလေး အရှေ့ဝိသုဒ္ဓါရုံ၌ ပရိယတ္တိ စာပေများ သင်ကြားတတ်မြောက်ခဲ့သည်။ ရဟန်းငါးဝါအရတွင် စစ်ကိုင်းသို့ ကြွရောက်လာပြီး ပထမဇေတဝန်ချောင်တွင် သီတင်းသုံးသည်။ နောင်သောအခါ မဟာဂန္ဓာရုံဆရာတော်ကြီး၏ ညွှန်ပြပေးမှုဖြင့် ဆရာတော်ကြီး ဆွမ်းခံကြွရာ လမ်းဘေး၌ မဟာသိဝချောင် တည်ထောင်၍ ခုနစ်ဝါအရ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။

ဆရာတော်သည် ရဟန်းနှစ်ဝါရမှ စတင်၍ တရားဟောရာ နိုင်ငံကျော် ဓမ္မကထိက တပါးပင် ဖြစ်ခဲ့သည်။ သီဟိုဠ်နိုင်ငံသို့လည်း သုံးကြိမ်တိုင်တိုင် ကြွရောက်ဖူး၏။ တရားဟောအကျော်အမော်ဖြစ်တော်မူခြင်း၊ ကျမ်းစာ ရေးသားနိုင်ခြင်းစသော ဂုဏ်ကြောင့် ၁၃၀၀ ပြည့် အင်္ဂလိပ်နှစ်သစ်ကူးပွဲတော်တွင် "အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့တံဆိပ်ကပ်လှူခြင်း ခံတော်မူရသည်။

## အရှေ့ဇ္ဈာသယဆရာတော်(၁၂၄၃-၁၃၃၆)

အရှင်ပညာမဟာထေရ်။ ။ရေနံချောင်းမြို့နယ် ကြုတ်ပင်ရွာဇာတိဖြစ်သည်။ဦးရွှေထွန်း ဒေါ်ရေးတို့မှ ၁၂၄၃ ခု တပို့တွဲလဆန်း ၄-ရက်နေ့တွင် ဖွားမြင်သည်။ ၁၂၄၆ ခုနှစ်တွင် သုံးဆယ် မြောက်ကျောင်းဆရာတော် အရှင်

အာဒိစ္စထေရ်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

မန္တလေးမြို့၊ အနောက်ပြင် တောင်သမန် တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးစိတ္တ၊ ဦးကုန္ဒာစရိယ၊ ပါဠိဂိုဏ်းကြီးကို စတင်တည် ထောင်တော် မူသည့် အရှင်ရာဇိန္ဒမဟာထေရ် ကြီးတို့ထံ ကျမ်းဂန်ပိဋကတ်ကို သင်ကြားတော် မူခဲ့သည်။

ဆရာတော်သည် ပါဠိတော်ဂိုဏ်း စည်းမျဉ်း အတိုင်း သပိတ်ရေစစ်တို့ကို အမြဲဆောင်လျက် သပိတ်ဖြင့်သာ ဆွမ်းဘုဉ်းပေးခြင်း၊ ပရိယတ် ပဋိပတ် အားထုတ်ခြင်း၊ မောင်းခန်း၊ ဟုမ္မလင်း ခန္တီးမြို့များသို့ သာသနာပြု ကြွတော်မူခြင်း၊ ဆရာတော်အရှင် ရာဇိန္ဒနှင့်အတူ ဇမ္ဗူဒီပ ရေ စက်အသင်းကြီးကို တည်ထောင်၍ စစ်ကိုင်း တောင်ရိုး သူတော်စင်တို့အား ရေလှူဒါန်း ခြင်း၊ ဆဋ္ဌသင်္ဂါယနာ သင်္ဂီတိကာရက ဩဝါ ဒါစရိယ သံဃနာယကအဖြစ် ထမ်းဆောင် တော်မူခြင်း စသည်ဖြင့် သာသနာ့ တာဝန် လောကတာဝန်များ ထမ်းဆောင်တော်မူခဲ့ သည်။

သက်တော် ၉၄ နှစ်၊ ၁၃၃၆ ခု ပြာသိုလ တွင် ဘဝနတ်ထံ စံဝင်တော်မူ၏။ နိုင်ငံတော် အစိုးရသည် ၁၃၂၇ ခုနှစ်၌ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ကပ်လှူပူဇော်ခဲ့လေသည်။

## လေးကျွန်းချမ်းသာ ဆရာတော် (၁၂၅၀–၁၃၃၁)

အရှင်သောဘိကထေရ်။ ။မုံရွာ မြို့နယ်၊ ကောရဗျူရွာ၌ ဖွားမြင်သည်။ မိဘတို့မှာ ဦး ရွှေလ–ဒေါ်သာရီ တို့ဖြစ်ကြသည်။ စစ်ကိုင်း တောင်ရိုး၌ လေးကျွန်းချမ်းသာချောင်ကို စတင် တည်ထောင်၍ သီတင်းသုံးတော်မူရာမှ လေး ကျွန်းချမ်းသာရ ဆရာတော်ဟုတွင်သည်။ ဆရာ တော်သည် ပဋ္ဌာန်း စာဝါကိုပို့ချရာ၌ အကျော် အမော်တပါး ဖြစ်တော်မူသည်။ စာလိုက်သံဃာ များလှသည်။

ဆရာတော်၏ သီလ သမာဓိ ဂုဏ်ကြောင့် လည်းကောင်း၊ ပဋ္ဌာန်လမ်းပြကျမ်းကို ရေးသား ပြုစုနိုင်ခြင်းကြောင့် လည်းကောင်း ၁၉၅၇ ခုနှစ်တွင် နိုင်ငံတော် အစိုးရ၏ "အဂ္ဂမဟာ ပဏ္ဍိတ"ဘွဲ့တံဆိပ် ကပ်လှူခြင်း ခံတော်မူရ သည်။

## ရွှေဟင်္သာဆရာတော် (၁၂၅၅)

အရှင်ပဏ္ဍိတသီရိမဟာထေရ်။ ။၁၂၅၅ ခုနှစ် နတ်တော်လဆန်း ၇ ရက်နေ့တွင် လေး မျက်နှာမြို့၌ ဖွားမြင်သည်။ မယ်တော် ခမည်း တော်တို့မှာ ဦးကျောက်စိမ်း– ဒေါ်ရွှေသော့တို့ ဖြစ်ကြ၏။ သာသနာလင်္ကာရ သဒ္ဒမ္မဘိဝံသ က ဝိဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ရန်ကုန်မြို့ ဗဟန်းကျောင်းတော်ရာ ဆရာတော် ကြီး၊ ညောင်တုန်းမြို့ ရွှေဟင်္သာ တောရ စံကျောင်းဆရာတော်ကြီး စသည်တို့ထံ ပိဋကတ် ကျမ်းစာတို့ကို ပေါက်မြောက်အောင်သင်ကြား ခဲ့သည်။

စစ်ကိုင်းတောင်ရိုးသို့ ကြွရောက်၍ရွှေဟင်္သာ တောရကိုက်ကို တည်ထောင် သီတင်းသုံးတော် မူသဖြင့် ရွှေဟင်္သာ ဆရာတော်ဟု ထင်ပေါ် ကျော်ကြားလေသည်။ ဆရာတော်သည် စာပေ ပို့ချခြင်း၊ ကျမ်းစာရေးသားခြင်းတို့ဖြင့် သာ သနာ့အလုပ် အားထုတ်တော်မူ၏၊ ၁၉၁၆ ခုနှစ်မှ စတင်၍ ကျမ်းစာများရေးသားပြုစုခဲ့ရာ ယနေ့အထိ ကျမ်းကြီးကျမ်းခိုင် ၂၀ ကျော်ပြုစု ရေးသားပြီးဖြစ်သည်။

ဆရာတော်၏ သီလ သမာဓိ ပညာဂုဏ် ကြောင့် လည်းကောင်း နိုင်ငံတော် အစိုးရ၏ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်နှင့် အမြင့်

ဆုံး "အဘိဓဇ မဟာရဋ္ဌဂုရု" ဘွဲ့ တံဆိပ်တော်များကို ကပ်လှူပူဇော်ခြင်း ခံရသည်။

ရွှေကျင်ဂိုဏ်းကြီး၏ ဥပဥက္ကဋ္ဌ မဟာနာယကလည်းဖြစ်၍ မန္တလေးမြို့ မလွန်စျေးဆန်လှူ အသင်းကြီးနှင့် သီတဂူ ရေအလှူတော်အဖွဲ့ကြီး၏ ဩဝါဒါစရိယ သက်တော်ရှည် ဆရာတော်ကြီးတပါးလည်း ဖြစ်တော်မူသည်။

## ဓမ္မာစရိယဆရာတော် (၁၂၅၉ ၁၃၃၅)

အရှင် ဝိမလဗုဒ္ဓိထေရ်။ ။ယင်းတော်မြို့၊ ပန်းပင်ရိုးရွာဇာတိဖြစ်သည်။ ဦးဖိုးလှ-ဒေါ်ဂျမ်းတို့မှ ဖွားမြင်သည်၊ ၁၂၉၅ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ဓမ္မာစရိယချောင်ကို တည်ထောင်၍ သီတင်းသုံးတော်မူသဖြင့် ဓမ္မာစရိယဆရာတော်ဟုတွင်သည်။ဘွဲ့တော်ကား ရှင်ဝိမလဗုဒ္ဓိတည်း။

ဆရာတော်သည် သုဗောဓ လင်္ကာရနီတိ စသော ကျမ်းတို့ကိုပြုစုရေးသားခဲ့သည်။ အမြဲတမ်း စာပေပရိယတ္တိပို့ချခြင်း၊ ကျမ်းစာရေးသားခြင်းတို့ကြောင့် ၁၃၅၉ ခုနှစ်တွင် နိုင်ငံတော် အစိုးရ၏ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ကပ်လှူခြင်းကို ခံတော်မူရသည်။

## အနီးစခန်း ဆရာတော် (၁၂၆၀–၁၃၃၈)

အရှင်ပဏ္ဍိဘာထေရ်။ ။ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ အနီးစခန်းချောင်ကို တည်ကာ ကြာမြင့်စွာ သီတင်းသုံး၍ သာသနာပြုတော်မူခဲ့သည်။ နိုင်ငံကျော် ဓမ္မကထိက အာဇာနည် ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူသည်။

အုတ်ဘွင်းမြို့၌ ဦးဖိုးဟန်–ဒေါ်ကြေးဘတို့မှ ၁၂၆၀ ခုနှစ်တွင် ဖွားမြင်သည်။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်ရွှေကျင်သာသနာပိုင်ဒီပဲရင်းဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ပခုက္ကူမဟာ ဝိသုတာရာမတိုက်၊ မန္တလေးအဘယာရာမတိုက်တို့၌ပိဋကတ်ပညာများဆည်းပူးခဲ့သည်။ ထိုတိုက်ကြီးများ၌ စာပေများလည်းပို့ချခဲ့သည်။ အင်္ဂလိပ်ဘာသာ၌လည်း ထက်မြက်ကျွမ်းကျင်သည့် အလျောက် အင်္ဂလန်၊ အမေရိကန်၊ ဂျာမန်၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား စသောနိုင်ငံများသို့ ကြွရောက်တရားဟော သာသနာပြုတော်မူခဲ့သည်။

ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင် ဆင်ယင်ရာတွင် အဋ္ဌကထာကျမ်းပေါင်းများစွာကို စိစစ်လျောက်ထား ဖြေကြားတော်မူခဲ့သဖြင့် သင်္ဂါယနာ စစ်တမ်းကျမ်းကြီးများ မှတ်တိုင်သဖွယ် ကျန်ရှိတော်မူခဲ့သည်။

၁၃၁၈ ခုနှစ်တွင် နိုင်ငံတော် အစိုးရက "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်ကပ်လှူပူဇော်ခဲ့သည်။

## အောင်မြေဘုံစံ ဆရာတော် (၁၂၆၂–၁၃၃၄)

အရှင်ဉာဏဂုတ္တရထေရ်။ ။ဆရာတော်သည် စစ်ကိုင်းတောင်ရိုး၌ အောင်မြေဘုံစံကျောင်းတိုက် တည်ထောင်၍ သာသနာပြုတော်မူခဲ့သည်။ မန္တလေးမြို့ ရွှေဘုန်းရှိန် လှေတန်းရပ်ကျောက်ကုန်သည် ဦးစံဖွား ဒေါ်ပြစ်တို့မှ ၁၂၆၂ ခုနှစ်တွင် ဖွားမြင်သည်။ တောင်သမန်တိုက်ပြာသာဒ်ကျောင်း ဆရာတော် ဦးပညာကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

စစ်ကိုင်းတောင်ရိုး အတိသုဒ္ဓါရုံဆရာတော် ပထမ ဂန္ဓာရုံ ဆရာတော် ဦးဉာဏိန္ဒ၊ အင်းစိန်မြို့နယ် သိမ်းကျောင်းရွာ ဦးဣသိန္ဒ၊ ဖျာပုံမြို့ စကြာရန်အောင် ဆရာတော် ဦးသံဝရစသည့် ဆရာတော်ကြီးများထံ ပညာရည်နို့ သောက်စို့ခဲ့သည်။

ဆဋ္ဌသင်္ဂါယနာ တင်ချိန်မှစ၍ လွန်တော်မူသည်အထိ ရန်ကုန်မြို့ ကမ္ဘာအေး ဇမ္ဗူဒီပ

ကျောင်းဆောင်၌ ဆဋ္ဌသင်္ဂီတိကာရက တာဝန်အားလုံးကို အားသွန်ခွန်စိုက် ကြိုးပမ်းတော်မူသည်။ ဂျပန်ပြည်၊ မိုဂျီမြို့ သံဃာရာမ၌ဝါကပ်သီတင်းသုံးတော်မူ၍လည်းကောင်း၊ သာသနာရေးကိစ္စများ ဆောင်ရွက်တော်မူခဲ့လေသည်။

၁၃၁၈ ခုနှစ်တွင် နိုင်ငံတော် အစိုးရ၏ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ကပ်လှူခြင်းခံရလေသည်။

## ရွှေစေတီဆရာတော်(၁၂၆၂- )

အရှင်သုန္ဒရထေရ်။ ။စစ်ကိုင်းမြို့နယ်၊ ရွာသစ်ရွာကြီး၌ ဦးရန်ငြိမ်း-ဒေါ်ပုတို့မှ ၁၂၆၂ ခု ဒုတိယဝါဆိုလတွင် ဖွားမြင်တော်မူသည်။ ရွာသစ်ရွာ မင်းကျောင်း ဂိုဏ်းအုပ်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်သည်။

မန္တလေးမြို့၊ မိုးကောင်းတိုက် အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊ ခင်မကန်ဆရာတော်၊အရှင်သီလာစာရ၊အဂ္ဂမဟာပဏ္ဍိတ သဒ္ဒေးကျောင်း အမော် ဆရာ တော် ကြီး များထံ ပညာသင်ကြားခဲ့သည်။

စစ်ကိုင်းတောင်ရိုး၌ ရွှေစေတီသာသနာ့ ရိပ်သာ တည်တော်မူ၍ တရားဟော ကရားပြ၊ စာပေပို့ချလျက် သာသနာပြုတော်မူသည်။ ယခုဆရာတော်၏သက်တော်မှာ ၇၄ နှစ် ရှိတော်မူသည်။ မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးနှင့် သီတဂူရေအလှူတော်အဖွဲ့ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီး တပါးလည်း ဖြစ်တော်မူသည်။

၁၃၂၃ ခုနှစ်တွင် နိုင်ငံတော် အစိုးရက "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ကပ်လှူခဲ့လေသည်။

## ပဋ္ဌာန်းသိပ္ပံဆရာတော်(၁၂၆၄- )

အရှင်ကုန္ဒကထေရ်။ ။ပဋ္ဌာန်းသိပ္ပံကျောင်း၌ သီတင်းသုံး၍ ပဋ္ဌာန်းသာသနာ ပြုတော်မူသော အရှင်မြတ်တပါးဖြစ်သည်။ ၁၂၆၄ ခုနှစ်တွင် ဖွားမြင်၍ အဂ္ဂမဟာပဏ္ဍိတ မဟာသီဝဆရာတော်၏ ညီတော်ဖြစ်သည်။

ဆရာတော်သည် ၁၃၁၂ ခုနှစ်မှ ၁၃၃၇ ခုနှစ်ထိ ၉၁ ကြိမ် ပဋ္ဌာန်း ကျမ်းကြီး ကို ပို့ချတော်မူရာ နိုင်ငံအနှံ့ ပဋ္ဌာန်းသံဃာ သီလရှင်ပေါင်း(၃၆၄၁) ပါး ပေါ်ထွန်းစေခဲ့သည်။

အဘိဓဇ မဟာရဋ္ဌဂုရု ရွှေကျင် သာသနာပိုင်သက်တော်ရှည် စံကင်းဆရာတော်၊ အဘိဓဇ မဟာရဋ္ဌဂုရု ပခုက္ကူမြို့မစိုးရိမ်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ မူလပဋ္ဌာန်းဆရာတော်ကြီးများထံ နည်းခံသင်ယူတော်မူခဲ့သည်။

၁၃၄၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရ၏ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ကပ်လှူခြင်းခံရသည်။ မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးနှင့် သီတဂူ ရေအလှူတော် အဖွဲ့ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးတပါးဖြစ်တော်မူသည်။

ဉာဏ်စိုး
စစ်ကိုင်းတောင်။



# ပထမမြွေကျင်ဆရာတော်

ဆွဲ-မောင်မြင့်သွင်

## ရွှေဟင်္သာအရှင်ပဏ္ဍိတာဘိဝံသ

နမော ရွှေကျင်နိကာယ သမုဋ္ဌာပက မဟာထေရဿ။

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် တောင်ဘက် ဝက်လက်မြို့နယ်မှ လှုတောကြီး ငါးရွာအဝင်၊ စစ်ကိုင်း ရွှေဘိုသွား ကားလမ်းအရှေ့ဘက်၌ ကပ်လျက်ရှိသော အိမ်ခြေတရာခန့်ရှိသော ရွာသည်တည်ရှိ၏။ ထိုရွာသည် ရွှေကျင်အမည်ရှိသောရွာဖြစ်၏။ ယင်းရွှေကျင်ရွာ၏ မြောက်ဘက်၌ လယ်တကွင်း စာခန့်ခြားသော ဌာန၌ ရွှေကျင်ရွာခန့်ပင်ရှိသော ရွာတရွာရှိသည်။ ထိုရွာကား ရေထွက်အမည်ရှိသော ရွာဖြစ်၏။ ရွှေကျင်ရွာ၏တောင်ဘက်၌ အိမ်ခြေ ဆက်လုမတတ် အနီး၌ရှိသော ရွာကြီးသည်ကား လှုတောရွာဖြစ်သည်။ လှုတောရွာကြီး၏ တောင်ဘက်၌ ကျည်းကန်ရွာ၏အနောက်ဘက်၌ မဲကုန်းရွာရှိ၏။ ဤ ရွာပေါင်း ငါးရွာကို လှုတောကြီး ငါးရွာ ဟူ၍ ခေါ်ဝေါ် အသုံးပြုကြ၏။

လှုတောကြီး ငါးရွာသည် ထာဝရ အခိုင်အမြဲ အဆက်ဆက် နေလာကြသော ရွာများဖြစ်သောကြောင့် တရွာနှင့်တရွာသည် ဆွေမျိုးသားချင်း ကင်းကြသည် မဟုတ်ချေ။ ပြဆိုအပ်သော လှုတောရွာကြီး ငါးရွာ အပါအဝင် ရွှေကျင်ရွာ၌ ဒေသအလျောက် ကိုယ်ပိုင်လယ်မြေနှင့် သမ္မာအာဇီဝ ဖြစ်စေ၍ တောင်သူလယ်သမားအဖြစ်ဖြင့် လယ်ယာ အလုပ်ကို ဆောင်ရွက် နေကြသော လယ်ယာ တောင်သူဦးကြီး ဦးမောင်မောင်နှင့် ဒေါ်မိတို့မှ ရွှေကျင်ဆရာတော်အလောင်းသားကောင်းရတနာကို ဖွားမြင်လေသည်။ ထိုသားငယ်သည် ရုပ်ရေရူပကာယ သန့်ရှင်းသော ရုပ်လက္ခဏာရှိ၏။ သို့ကြောင့် ရူပကာယ ပဝတ္တိနိမိတ်ကို အကြောင်းပြု၍ ထိုသူတို့သားကို မောင်သန့် ဟူ၍ အမည်နာမ ပညတ်အားဖြင့် မှည့်ခေါ်ကြသည်။

မောင်သန့် အသက် ခုနစ်နှစ်အရွယ် ရောက်သောအခါ ရွှေကျင်ရွာ မဟာဗောဓိကျောင်း ဆရာတော် ဦးဝရဗုဒ္ဓိထံ၌ စာပေသင်ကြားရန် မိဘတို့က အပ်နှင်းကြ၏။ ဆရာတော် ဦးဝရဗုဒ္ဓိထံ၌ အခြေခံစာပေတို့ကို သင်ကြားခဲ့ပြီးကာလ အသက် ၁၄ နှစ်သို့ ရောက်သောအခါ သာမဏေအဖြစ်သို့ရောက်၍ ရှင်ဘွဲ့မှာ ရှင်ဇာဂရ ဖြစ်သည်။ ရှင်ဇာဂရသည် ရွှေဘိုမြို့ ဇက်ဘာ့ကျောင်း

တိုက် ဆရာတော်ထံ၌ စာပေ ဆက်လက်သင်ကြားခဲ့သည်။ အသက် ၁၈ နှစ်အရွယ်၌ ရှင်ဇာဂရ သည် စန္ဒိမာဘိဝံသ သီရိသဒ္ဓမ္မဇဇ မဟာဓမ္မရာဇဂုရု မင်းလှုဘွဲ့တံဆိပ်ရရှိတော်မူသော သီးလုံး ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းသို့ ခိုလှုံဆည်းကပ်ရသဖြင့် သီးလုံး ဆရာတော်၏ အန္တေ ဝါသိက တပည့်ရင်းအဖြစ်သို့ ရောက်ရှိလေသည်။

သာမဏေ ရှင်ဇာဂရသည် အသက် ၂၀ ပြည့်သောအခါ ရွှေကျင်ရွာ ဆရာတော် ဦးဝရဗုဒ္ဓိ ထံ၌ပင် ရဟန်းအဖြစ်သို့ ရောက်ခဲ့သည်။ရဟန်းတော် အရှင်ဇာဂရသည် ရဟန်းဖြစ်စဉ် ကပင် အမရပူရမြို့တော်သို့ တက်၍ သဲအင်း သာသနာပိုင်တိုက်၌နေကာ ယင်းတိုက်၌လည်း ကောင်း၊ အမရပူရမြို့တော်၌ ထင်ရှားသော ဆရာတော်များ ထံ၌လည်းကောင်း ပါဠိအဋ္ဌက- ထာ ဋီကာတို့ကို ရဟန်းသိက္ခာ ရှစ်ဝါတိုင်တိုင် အားထုတ်သင်ကြားခဲ့သည်။

ရဟန်းတော် အရှင်ဇာဂရသည် သီးလုံးဆရာတော် ဘုရားကြီးနှင့်တကွ အမရပူရမြို့တော် ၌ ကျော်ကြားထင်ရှားသော ဆရာတော်များထံ၌ ပိဋကတ် ကျမ်းစာကြီးများကို နည်းယူသင် ကြားခဲ့သည့်ပြင် မန်ကျည်းကန်ရွာဆရာတော်၊ မူးဝရွာထောင် ဆရာတော်များထံ၌လည်း နည်းနိဿယ ခံယူသင်ကြားခဲ့သေးသည်။ ပညာလိုလားသော သူတော်ကောင်းတို့၏ ဆန္ဒသည် သင်ကြားနာယူနည်းခံ မှတ်သား၍ အားရတင်းတိမ်သည် ဟူ၍ မရှိချေ။ အရှင်ဇာဂရသည် လည်း ထို့အတူ နည်းနိဿယ ခံယူခွင့်ကြုံတိုင်း လက်မလွှတ်စေပဲ နည်းနာခံယူလေ့ရှိသည်။ အရှင်ဥက္ကံဝံသမာလာ ဆရာတော်ထံ၌လည်း နည်းနိဿယခံယူခဲ့သည်။ အဋ္ဌဖိုဆရာတော် အရှင် ဥက္ကံဝံသမာလာသည် စစ်ကိုင်းမြို့ ထုပါရုံဆရာတော်ထံ၌ သက္ကတစာပေကို ဆည်းပူးလေ့လာ နေတော်မူစဉ် ရွှေကျင်ဆရာတော်ထံ၌ သက္ကတစာပေကို ဆည်းပူးလေ့လာနေတော်မူစဉ် ရွှေကျင် ဆရာတော်သည်စစ်ကိုင်းမြို့မန်ကျည်းစဉ်တောရကျောင်း၌ သံဃာ ၅၀ ကျော်တို့အား စာပေပို့ချ တော်မူလျက် သီတင်းသုံး၍ နေတော်မူသည်။

အရှင်ဥက္ကံဝံသမာလာသည် အမရပူရမြို့ မြသိန်းတန်ဆရာတော်ထံ၌ ဘေဒစိန္တာနှင့် နေတ္တိကျမ်းတို့ကို လေ့လာသင်ကြားခဲ့သည်။ မြသိန်းတန်ဆရာတော်သည် ဘေဒစိန္တာနှင့် နေတ္တိ ကျမ်း၊ သဒ္ဒါကျမ်းတို့၌ ကျွမ်းကျင်လိမ္မာသော ဆရာတော်ဖြစ်သည်ဟု သိရသည်။

ထို့ကြောင့် ရွှေကျင်ဆရာတော်သည် ဓာပါတွင်းလုံး မကြာခဏ ရှင်ဥက္ကံဝံသမာလာထံ သွား၍ ဘေဒစိန္တာနှင့် နေတ္တိကျမ်းတို့ကို ဆွေးနွေး လျှောက်ထား လေ့လာမှတ်သားခဲ့လေ သည်။ ဤသို့လျှင် ရွှေကျင်ဆရာတော်သည် ပညာဆည်းပူးရာ၌ မာန်မာနမထား၊ နိဝါတနှလုံး သားဖြင့် ဆည်းပူးလေ့လာတော်မူပါသည်။

အရှင်ဇာဂရသည် ဆရာရင်းဖြစ်တော်မူသော မဟာဗောဓိကျောင်း ဆရာတော် ဦးဝရ- ဗုဒ္ဓိမှ စ၍ ရွှေဘိုမြို့ ဝက်ဘာဆရာတော်၊ သီးလုံးဆရာတော်၊ မန်ကျည်းကန်ရွာဆရာတော်၊ မူးဝရွာထောင်ဆရာတော်၊ သဲအင်းသာသနာပိုင် ဆရာတော်များထံ၌ ရဟန်းသိက္ခာ ရှစ်ဝါ တိုင်တိုင် ပိဋကတ်စာပေများကို သင်ကြားခဲ့ပြီးကာလ ထိုထိုတောရကျောင်းတို့၌ တောရိပ်တောင်

ရိပ်တို့ကို မှီခိုယင်း စာသင်သား လေး ငါးဆယ်ကို တဘက်ကစာပေပို့ချလေသည်။ ထိုတောရ ကျောင်းတို့သည်ကား မန်ကျည်းစဉ်တောရ၊ ခေါ်တော ဘောရ၊ ရှိမ်းမကားတောရကျောင်းတို့ ဖြစ်သည်။

ထိုတောရကျောင်းတို့၌ သီတင်းသုံး၍ စာပေပို့ချနေတော်မူစဉ် ရဟန်းသိက္ခာ ၁၄ ဝါ အရ၌ မင်းတုန်းမင်းသားနှင့် ညီတော်တို့ အမရပူရမှ ရွှေဘိုမြို့သို့ ထွက်စဉ် ရွှေကျင်ဆရာတော် ကလေး အရှင်ဇာဂရထံ ဝင်ရောက်ဝတ်ပြုကြသည်။ အရှင်ဇာဂရထံမှ ဆုံးမဩဝါဒ တရား စကားကို ကြားရသောအခါ နှစ်သက်ဝမ်းမြောက်ကြ၍ နောင်အခါ သာသနာတော်ကောင်းမွန် တိုးတက်သန့်ရှင်း စည်ကားအောင် ဆောင်ရွက်တော်မူရန် လျှောက်ထားကြလေသည်။ မင်းတုန်း မင်းသားသည် ရွှေဘိုသို့ထွက်သော ကာလမှ ကြုံကြိုက်၍ သိရှိသည်မဟုတ်၊ အရှင်ဇာဂရသည် အမရပူရ သင်္ချိုင်းသာသနာပိုင်တိုက်၌ နေစဉ်ကပင် သတိပြုကာ သိရှိမှတ်သားခဲ့ဘူးသည်။

အရှင်ဇာဂရသည် ရှိမ်းမကားတောရကျောင်း၌ သံဃာတော်များကို စာပေပို့ချ၍ သီတင်းသုံးနေတော်မူစဉ် မင်းတုန်းမင်းတရားသည် ဘုရင်မင်းမြတ်အဖြစ်သို့ ရောက်လေသည်။ သာသနာတော် အကျိုးစီးပွား၊ လောက အကျိုးစီးပွားတို့ကို လိုလားတောင့်တသော သမ္မာ ဆန္ဒရှိ ကောင်းမြတ်သည့် မင်းကောင်းမင်းမြတ် ဖြစ်သည်နှင့် အညီ ထိုထိုတောလက်ကျေးရွာတို့ ၌ မီးခဲပြာဖုံး မြုပ်ကွယ်ကာ နေကြသော လူပညာရှိ ရဟန်းပညာရှိ ပူဇော်သင့် ပူဇော်ထိုက် ချီးမြှောက်သင့် ချီးမြှောက်ထိုက်သော ပုဂ္ဂိုလ်ဘို့ကို မန္တလေးမြို့တော်သို့ ပင့်ဆောင်၍ ထိုက်တန် သလောက် အိမ် ကျောင်း ဆောက်လုပ်၍ အာပေး ချီးမြှောက်ခဲ့သည်။

ရှိမ်းမကားတောကျောင်း၌ သီတင်းသုံးနေတော်မူသော အရှင်ဇာဂရသည် ရဟန်းသိက္ခာ ၁၉ ဝါ ရရှိသောအချိန်ဖြစ်၏။ မင်းတုန်းမင်းတရားကြီးသည် အရှင်ဇာဂရကို ရွှေဘိုသို့ ထွက် စဉ်ကပင် သာသနာတော် ပြုတော်မူရန် လျှောက်ထားခဲ့သည်ဖြစ်၍ အကြိမ်ကြိမ်မရ ရအောင် မန္တလေးမြို့တော်သို့ ပင့်ဆောင်၍ အရှင်ဇာဂရညွှန်ကြားတော်မူသော မန္တလေးတောင်ခြေ မြောက်ဘက်၌ အရာမ်ကျောင်းတိုက် လေးတိုက်နှင့် တကွ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကို ဆောက်လုပ်လှူဒါန်းကာ ကိုးကွယ်လေသည်။ အရှင်ဇာဂရသည် ရွှေကျင်တိုက်မ၌ သီတင်းသုံး နေစဉ် ရွှေကျင်ဇာတိဖြစ်၍ ရွာအမည်ကို အစွဲပြုကာ ရွှေကျင်ဆရာတော်ဟူ၍ ထင်ရှားလာခဲ့ ပေသည်။

မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကို တည်သောအခါ အရာမ်လေးတိုက်နှင့် တကွ ရွှေကျင် ငါးတိုက်ဘည်၍ လှူဒါန်းတော်မူသည်။ (၁) ထရံတိုက်၊ (မှိုင်းလုံးတိုက်ဟူ၍လည်းခေါ်သည်။) (၂) ရမည်းသင်းတိုက်။ (၃) မဟာဓမ္မိကာရာမရွှေကျင်တိုက်မ။ (၄) မင်းကင်းတိုက်။ (၅) မြတောင်တိုက်တို့ဖြစ်သည်။ ဤရွှေကျင်တိုက်မသည် အရှေ့အနောက် တန်းလျက်ရှိသည်။ မဟာဓမ္မိကာရာမရွှေကျင်တိုက်မသည် အလယ်၌တည်ရှိလေသည်။ မဟာဓမ္မိကာရာမ ရွှေကျင် ငါးတိုက်ဘွင် သံဃာအရေအတွက်အားဖြင့် ထိုအချိန်၌ တထောင်ရှိပါသည်။

မင်းတုန်းမင်းတရားကြီးက မန္တလေးမြို့တော်သို့ ပင့်ဆောင်၍ လှူဒါန်းသော်လည်း မကြာမကြာ တောရကျောင်းများသို့ ကြွရောက် သီတင်းသုံးတော်မူသည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၃၀ ခုနှစ်၌ မလွန်မြို့ မင်းလှရွာအရှေ့တောင် မြစ်တဘက် ဝါးရုံချောင် နွားလန်တောင် တောရ၌ ဝါကပ်တော်မူ၍ ရဟန်းတရားတော် အားထုတ်တော်မူသည်။ ၁၂၃၉ ခုနှစ်၌ သီဟိုဠ် သီရိလင်္ကာကျွန်းသို့ ကြွရောက်၍ စွယ်တော်မြတ်ကို ဖူးမြော်သင်း သီရိလင်္ကာ၌ပင် ဝါကပ်တော်မူသည်။ ၁၂၄၀ ပြည့်နှစ်၌ သီဟိုဠ်သီရိလင်္ကာမှ ပြန်ကြွတော်မူခဲ့၍ မင်းလှရွာ တောရကျောင်း၌ပင် သီတင်းသုံးတော်မူသည်။ ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၆ ရက် အင်္ဂါနေ့၌ မင်းတုန်းမင်းတရားကြီး နတ်ရွာစံတော်မူသည်။

## သီပေါမင်းသားမင်းပြုခြင်း

ခမည်းတော်မင်းတရားကြီး နတ်ရွာစံပြီးသည့်နောက် သီပေါမင်းသား သုသရိမဟာဓမ္မရာဇာသည် သက္ကရာဇ် ၁၂၄၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့တွင် ခမည်းတော်၏ အရိုက်အရာ ထီးနန်းတော်ကို သိမ်းပိုက်၍ မင်းအဖြစ်သို့ ရောက်သည်။ ခမည်းတော်၏ အလယ်နန်းမိဖုရားတွင် ဖွားမြင်သော သမီးတော် မြတောင်မြို့စားကို အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးမြှောက်စားတော်မူသည်။

## ရွှေကျင်တိုက်မ သံဃာများ

ရွှေကျင်ဆရာတော်ကြီး၏ ကိုယ်ကျင့်သီလသိက္ခာနှင့် ပြည့်စုံခြင်း၊ ပရိယတ္တိဂုဏ်ရှိခြင်း၊ တပည့်ရဟန်း သာမဏေ သူတော်စင်တို့အား နည်းပေးလမ်းပြ ဆုံးမပဲ့ပြင်မှု ကောင်းခြင်းစသော ဂုဏ်သတင်းတို့ကြောင့် သူတော်ကောင်း နှလုံးရှိကြသော ရဟန်းသာမဏေတို့ ရောက်လာကြသည်ဖြစ်၍ ရွှေကျင်ငါးတိုက်၌သံဃာတထောင်ကျော် ရှိလာခဲ့လေသည်၊ထိုမှနောက်၌ကားမန္တလေးမြို့ပေါ်၌ပင်လျှင် ရွှေကျင် ၁၂ တိုက် ပေါ်ပေါက်၍ သံဃာသုံးထောင်ကျော် ရှိခဲ့သည်။ ရွှေကျင်ဆရာတော်ဘုရားကြီးသည် ဝိနယဂရုက အရာမှစ၍ ပရိယတ် ပဋိပတ် နှစ်ဌာန၌ပင် ကိုယ်တိုင်လည်း ကျင့်သုံးအားထုတ်တော်မူသည်။ တပည့်တပန်းတို့ကိုလည်း ကျင့်သုံးစေတော်မူသည်ဖြစ်၍ ရွှေကျင်တိုက်သား ရွှေကျင်ဆရာတော်ကြီး တပည့်ရဟန်း သာမဏေတို့သည် ရှင်လူတို့၏ ကြည်ညိုမြတ်နိုးခြင်းကို ခံယူကြရသည်။

ရွှေကျင်ဆရာတော်ဘုရားကြီးသည် ရွှေကျင်တိုက်မ မဟာဓမ္မိကာရာမတိုက်၌ သီတင်းသုံးတော်မူသည့်အခါ၌ ဖြစ်စေ၊ တောရကျောင်းတို့၌ သီတင်းသုံးတော်မူသည့်အခါ၌ဖြစ်စေ၊နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ၊ တပည့်သားတို့အား ဆုံးမမှုမပြတ် ဩဝါဒပေးတော် မူလေ့ရှိသည်။ ဤသို့အားဖြင့် သာသနာတော်ပြုခဲ့သည်။

ရွှေကျင်ဆရာတော်ဘုရားကြီး ရံခါ တောရကျောင်း၌လည်းကောင်း၊ ရံခါ မဟာဓမ္မိကာရာမရွှေကျင်တိုက်မ၌လည်းကောင်း၊ ရံခါ နိုင်ငံတော် ယက် အောက်သို့ ကြွတော်မူ၍လည်းကောင်း

မြတ်စွာဘုရား၏ သာသနာတော် ပြန့်ပွား စည်ပင်စေရန် ဟောပြောပြသတော်မူသည်။ သက္ကရာဇ် ၁၂၄၆ ခုနှစ် သက်တော် ၆၄ နှစ်၌ မန္တလေး အနောက်မြောက် မင်းကွန်းတောင်ရိုး၊ ငွေဟောင် တောရသို့ အမြဲကြွရောက်၍ ရဟန်းတရားပွားများတော်မူသည်။ ငွေတောင်တောရ၌ သီတင်းသုံး တော်မူစဉ် အခါ၌ များသောအားဖြင့် ဝါးရုံတော အောက်၌သာ သီတင်းသုံးတော်မူသည်။ ဖူးမြော်ရန် ရောက်လာကြသော ဒါယကာ ဒါယိကာမ တို့ကိုလည်း ဝါးရုံပင်အောက်၌ပင် တရားစကား ဟောပြောတော်မူသည်။ ရွှေကျင်ဆရာတော်ကြီး လက်ထက်တော်၌ မန္တလေးမှ ဆောက်လုပ်လှူဒါန်းသော ကျောင်းကြီးကား ခန့်ညားကြီးကျယ်စွာ ရှိပါသည်။ ဆရာတော် ဘုရားကြီး ဆန္ဒတော်ဖြင့် ဝါးရုံတော အောက်၌ သီတင်းသုံးနေတော်မူခြင်း ဖြစ်သည်။

ရွှေကျင် ဂဏသမုဒ္ဒပက အာဒိကမ္မိက ပထမရွှေကျင်ဆရာတော် ဘုရားကြီးသည် သက္ကရာဇ် ၁၂၅၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက် နေ့ညဉ့်လဝန်းပေါ်ချိန်၌ ကမ္မဇရုပ် ချုပ်တော်မူပါသည်၊

ရွှေဟသာအရှင်ပဏ္ဍိတသိရိ






စစ်ကိုင်းမြို့သည် သာသနာ့ဝန်ထမ်းရဟန်းတော်များနှင့် သီလရှင်သူတော်စင်တို့၏သီတင်းသုံး စံပျော် တရားဖြင့်မွေ့လျော်ရာ ဒေသမွန်ဖြစ်လေသည်။ စစ်ကိုင်းတောင်ရိုး သည်လည်း စေတီပုထိုးအမျိုးမျိုး၊ကျောင်းတိုက်များ ချောင်များဖြင့် တင့်တယ်သာယာ ပျော်စရာကောင်းလေသည်။

## သဒ္ဓါရှင်ပျ ကြည်လင်ကြ

ဧရာဝတီမြစ်တွင်းမှ သင်္ဘောယာဉ်၊ လှေယာဉ်ဖြင့် ခရီးသွားကြသော ပုဂ္ဂိုလ်များသည်လည်း စစ်ကိုင်းတောင်ရိုးအနီး မြစ်ပြင်ရောက်လျှင် စစ်ကိုင်းတောင်ရိုး မြင်ကွင်းကြောင့် သဒ္ဓါရှင်ပျ ကြည်လင်ကြလျက် စစ်ကိုင်းတောင်တန်းဆီသို့ မျက်နှာမူကြကာ လက်ဆယ်ဖြာ ကြာပဒုံ ထိပ်မှာစုံမိုး၍ ရှိခိုးကြလေသည်။

ကောင်းကင်လေယာဉ် ခရီးသည်များလည်း စစ်ကိုင်းမြို့ပေါ် လေယာဉ်ပျံသန်းစဉ် စစ်ကိုင်းတောင်ရိုးရှုခင်းတို့ကို မြင်ရ၍သဒ္ဓါရွှန်းစို ကြည်ညိုကြလေသည်။ ကားလမ်း မီးရထားလမ်းမှ ခရီးသည်များသည်လည်း စစ်ကိုင်း တောင်ရိုးအနီးသို့ရောက်လျှင် စစ်ကိုင်းတောင်ရိုးရှုခင်းကို မြင်ရ၍ သဒ္ဓါရှင်ပျ ဝမ်းမြောက်ကြလေသည်။

## ပညာရှင် သူတော်စင်တို့ ပျော်ရွှင်ရာ

ယင်းစစ်ကိုင်းတောင်ရိုးသည် ကမ္ဘာဦးကစ၍ အိမ်ရာတည်ထောင် လူ့ဘောင်ပျော်ကြသည့် လူပုဂ္ဂိုလ်များ၏ နေရာမဟုတ်ပေ။ အိမ်ရာမထောင်သော ရသေ့ရဟန်းများ၏ နေရာဌာနသာဖြစ်ကြောင်း တောင်ဖီလာဆရာတော် မိန့်ဆိုတော်မူလေသည်။ ထို့ကြောင့် ဘုရားသာသနာ ကွယ်ပရာအခါ ရသေ့ ယောဂီများနေထိုင်ကြရာဖြစ်ပြီး သာသနာရောင် ထွန်းပြောင်ထိန်လင်းရာအခါ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေ သီလရှင် ဥပါသကာ ဥပါသိကာတို့၏ တရားတို့ဖြင့် မွေ့လျော် နေထိုင်ရာဌာနမွန်ဖြစ်လေသည်။

## စစ်ကိုင်းတောင်ရိုး၏ သဘာဝဂုဏ်များ

စစ်ကိုင်း တောင်ရိုးသည် ကြီးကျယ်မြင့်မောက် လွန်းသော တောင်များ မဟုတ်ချေ။ တောင်ငယ် တောင်လတ်များ စုပေါင်းဆက်

သွယ်၍ ချောင်းမြောင်း ချိုင့်ကြား ကမ်းပါးယံ ဘောင်ဝှမ်းများသဖြင့် နေရာထိုင်ခင်းအတက် အဆင်းလွယ်ကူခြင်း၊ မတောမြိုင် ဂနိုင်စိမ့်စမ်း မရှိခြင်းကြောင့် တက်ဖျား တုန်ဖျား စသော ရောဂါဝေဒနာများကို ဖြစ်စေတတ်သော တောင်မျိုး မဟုတ်ခြင်း၊ ခြင်သန်း ကျားသစ်ဝက်ဝံ စသော သားရဲတိရစ္ဆာန်တို့ မရှိခြင်းကြောင့် ဘေးရန်ကင်းခြင်း၊ မြေဩဇာအဆီအနှစ် နည်းပါးသောကျောက်တောင် များရကား ဥယျာဉ် လယ်ယာ လုပ်ခင်းလုပ်ကွက် မဟုတ်သဖြင့် မင်း အဆက်ဆက်တို့ အခွန်တော်ဘဏ္ဍာ ကောက်ယူခြင်းမရှိ၊ ရဟန်း သာမဏေ သီလရှင် သူတော်စင်များ နေထိုင်ရန် ခွင့်လွှတ်ထားခြင်း၊ ရှေးခေတ်က ဧရာဝတီမြစ်နှင့် နီးကပ်သဖြင့် နွေရာသီ မြစ်ကိုဆင်းသက်၍ ရေကိုမှီဝဲရခြင်း၊ ယခုအခါ သီဘဂူရေအလှူ ဂေဟာ်အဖွဲ့ကြီးက ရေလှူဒါန်းကြသဖြင့် ရေအတွက် အခက်အခဲမရှိ ချမ်းသာခြင်း၊ လူတို့ နေထိုင်ရာ မြို့ရွာတို့နှင့် မနီးလွန်း မဝေးလွန်းသောကြောင့် လာရောက် လှူဒါန်းရန် ဆွမ်းခံရန်လွယ်ကူခြင်း၊ မလွန်စေ့ဆန်လှူ အသင်းကြီးက နှစ်စဉ်မပျက် ဆွမ်းဆန်တော် လှူဒါန်းခြင်း၊ မြတ်စွာဘုရား၏ ဓာတ်တော် မွေတော် ကိန်းဝပ်တည်ရှိရာ စေတီပုထိုး အမျိုးမျိုးတို့ မားမားစွင့်စွင့် တည်ရှိခြင်းကြောင့် ရောက်ရှိလာသူ ပုဂ္ဂိုလ်အားလုံးတို့၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက် ဝမ်းမြောက်ခြင်းကို ဖြစ်စေနိုင်ပေသည်။

## စစ်ကိုင်းမည်ခြင်းအကြောင်း

ဧရာဝတီမြစ်ဘက်သို့ ခပ်ကိုင်းကိုင်းပေါက်ရောက်နေသော စစ်ပင်ကိုင်းကိုင်းရှိရာကို မူလက "စစ်ပင်ကိုင်း" ဟု ခေါ်ဝေါ် သမုတ် ခဲ့ကြလေသည်။

နောက်ကာလကြာညောင်း၍ ခေတ်အဆက်ဆက် ပြောင်းသော် "စစ်ကိုင်း" ဟု တွင်လေသည်။

## 'တိပိဋကလင်္ကာရ မဟာတိပိဋကလင်္ကာရ ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ

## တောင်ဖီလာ ပထမဆရာတော် အရှင် မုနိန္ဒဃောသ၏ သာသနာဝင်

တောင်ဖီလာဆရာတော် အရှင်မုနိန္ဒဃောသ ထေရ်သည် သာသနာတွင် နေလတဆူ လွန်စွာ ကျော်ကြား ထင်ရှားတော်မူသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသည်။ မြတ်စွာဘုရား သာသနာကို ပရိယတ်၊ ပဋိပတ် အလုပ်နှစ်ရပ် တို့ဖြင့် ချီးမြှောက်ပူဇော်တော်မူခဲ့သည့် ပုဂ္ဂိုလ်မြတ် ဖြစ်ပေသည်။

သို့ဖြစ်၍ တောင်ဖီလာ ဆရာတော် အရှင် မုနိန္ဒဃောသ၏ ဖြစ်တော်စဉ်ကို သီတဂူ မော်ကွန်းတင် စာစောင်၌ ဖော်ပြမှတ်တမ်းတင်အပ်ပေသည်။

## ဖွားမြင်တော်မူခြင်း

ဆရာတော်သည် ရတနာပူရ အင်းဝနန်းမြို့တော်၌ သက္ကရာဇ် ၉၁၆ ခုနှစ်တွင် နန်းတက်တော်မူသော သတိုးမင်းလက်ဆက် စလင်းမြို့၌ ၉၄၀ ပြည့်နှစ်တွင် ဖွားမြင်တော်မူခဲ့လေသည်။

## ရှင်သာမဏေပြုခြင်း

ဆရာတော်လောင်းလျာကား သမ္မာသမ္ဗုဒ္ဓ သဗ္ဗညု မြတ်စွာဘုရား လောင်းလျာလည်း ဖြစ်ရကား၊ ဘုန်းကံပါရမီရှိပြီးဖြစ်သည့်အလျောက် ငယ်စဉ်ကပင် ရှင်သာမဏေဝတ်၍ သာသနာ

ဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့လေသည်။သာမဏေဘွဲ့မှာ ရှင်မုနိန္ဒဃောသ ဖြစ်လေသည်။

## ပြည်မြို့သို့ ရောက်ရှိခြင်း

သက္ကရာဇ် ၉၅၃ ခုနှစ်တွင် ငါးဆူဒါယကာ မင်းတရားလက်ထက် ရဟန်းသာမဏေ သံဃာတော်များကို ပင့်ဆောင်ကိုးကွယ်ရာတွင် သက်တော် ၁၃ နှစ်သား အရွယ်၌ ပြည်မြို့သို့ ပင့်ဆောင်သဖြင့် ရောက်ရှိတော်မူခဲ့လေသည်။

## အရှင်အတုလဝံသ ကျောင်းတိုက်၌ ပညာသင်ခြင်း

ပြည်မြို့သို့ ရောက်ရှိလေသော် မိမိ အနွယ်အဆက် ဖြစ်သော သီဟိုဠ်ပြန်ဆရာတော် အရှင်အတုလဝံသ၏ နဝင်းတောင်ကြား ကျောင်းတိုက်၌ သီတင်းသုံးတော်မူ၍ ပညာ သင်ကြားတော်မူခဲ့လေသည်။ များမကြာမီ မင်းကြီးနှောင်း၏ ကိုးကွယ်ကြည်ညိုမှုကို ခံယူရရှိတော်သဖြင့် ဂုဏ်သတင်းလည်း ထင်ပေါ်ကျော်ကြားလျက် "သာမဏေကျော်"ဟု ထင်ရှားတော်မူလေသည်။ သက်တော် ၁၅ နှစ်သား သက္ကရာဇ် ၉၅၄ တွင် "ဝေဿန္တရာပျို့"ကို ရေးသားတော်မူခဲ့သည်။

## ရဟန်းအဖြစ်သို့ ရောက်ရှိခြင်း

သက္ကရာဇ် ၉၅၉ ခုနှစ်တွင် ပြည် ဘုရင်သတိုးဓမ္မရာဇာ မင်းကြီးနှောင်းကို အထိန်းတော် ရန်နိုင်စား လုပ်ကြံ၍ ပြည်မြို့ကို မင်းပြုပြီးနောက် သာမဏေကျော် ရှင်မုနိန္ဒဃောသ၏ ပညာအရည်အသွေးကိုသိရှိ၍ များစွာကြည်ညိုခြင်း ဖြစ်လေ၏။ ရှင်မုနိန္ဒဃောသသည် သက်တော် ၂၀ ပြည့်မြောက် ချိန်တွင် ဖော်ပြပါ ရန်နိုင်စားက ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့လေသည်။ ရဟန်းဘွဲ့တော်မှာလည်း အရှင်မုနိန္ဒဃောသပင် ဖြစ်လေသည်။

## အရှင်အရိယဝံသ ဓမ္မသေနာပတိ သီရိသဒ္ဓမ္မကိတ္တိ စသည်တို့ထံ ပညာသင်ခြင်း

အရှင် မုနိန္ဒဃောသသည် အရိယဝံသ ဓမ္မသေနာပတိ၊ သီရိသဒ္ဓမ္မကိတ္တိ စသည့် ပညာရှိမထေရ်မြတ်တို့ အထံတော်၌လည်း ပိဋကတ်ကျမ်းဂန် အတန်တန်ကို သင်ယူတတ်မြောက်တော်မူခဲ့လေသည်။

## စာပေတတ်မြောက်ခြင်း

ယင်းသို့ ပညာ သင်ကြားခဲ့လေရာ သဒ္ဒါဗျာကရုဏ်းကျမ်း များနှင့်တကွ ဝိနည်းသုတ္တန်အဘိဓမ္မာဟူသော ပိဋကတ်သုံးပုံပါဠိအဋ္ဌကထာဋီကာ ဟူသမျှတို့၌ ရှုံကြော်လန့်ခြင်းကင်းကာ ချင်းနင်းဝင်ရောက် ကူးခတ်နိုင်အောင် တတ်မြောက်တော် မူခဲ့လေသည်။ သို့ဖြစ်ရာ အရှင်မုနိန္ဒဃောသ၏ ဂုဏ်သတင်းမှာ တက်သစ်စနေဝန်း၊ ထွန်းသစ်စ လပမာ လွန်စွာ တိုး၍တိုး၍ ကျော်ကြား ခဲ့လေသည်။ အရှင် မုနိန္ဒဃောသ ပညာတတ်သည်၊ ဥာဏ်ထက်သည်။ ဝိနည်းသိက္ခာပုဒ်တို့၌လေးစားသည့် စသည်ဖြင့် ကျော်စောသံမှာ ရဟန်းပရိသတ်၊ရှင်ပရိသတ်၊ မင်းစိုးရာဇာ ပရိသတ်တို့၌ မဆံ့အောင်ပျံ့နှံ့ခဲ့လေသည်။

## ပြည်မြို့၌ စာပေပို့ချခြင်း

ဆရာတော်သည် ပြည်မြို့ နဝင်းတောင်ကြားကျောင်း စသည်၌ သီတင်းသုံးနေတော်မူ၍ချဉ်းကပ် ရောက်ရှိလာသော တပည့်တပန်း ရဟန်းသာမဏေတို့အား ဝိနည်း သုတ္တန် အဘိဓမ္မာ

အစရှိသော ကျမ်းဂန်များကို ပို့ချတော်မူခဲ့လေသည်။ စာဝါပို့ချတော်မူပြီးတိုင်း "ဣဒံ မေ ပုညံ သဗ္ဗညုတဉာဏဿ ပစ္စယော ဟောတု၊ ဤသို့ စာပေပို့ချပါရ မြတ်ပုညသည် သဗ္ဗညုတဉာဏ်၏ အကြောင်း အထောက်အပံ့ ဖြစ်ပါစေ" ဟု ဆုတောင်းလေ့ ရှိတော်မူလေသည်။

## အင်းဝမြို့တော်သို့ကြွရောက်တော်မူခြင်း

သက္ကရာဇ် ၉၆၇ ခုနှစ်တွင် အနောက်ဘက်လွန်မင်းတရားကြီးသည် အင်းဝရွှေနန်းကိုသိမ်းမြန်း စိုးစံတော်မူ၍ ၉၇၀ ပြည့်နှစ်တွင် ပြည်မြို့ကို အလိုတော်ပြည့် သိမ်းယူ နိုင်ခဲ့လေသည်။ ထိုအခါ ပြည်မြို့မှ ခေါ်ဆောင်ရန် ပင့်ရန် သင့်သည့် ရဟန်း ရှင်လူတို့ကို သိမ်းယူ ခေါ်ဆောင်ခဲ့လေသည်။ ယင်းသို့ သိမ်းယူပင့်ဆောင်ခဲ့သော လူပုဂ္ဂိုလ် ရဟန်းပုဂ္ဂိုလ်များထဲတွင် အရှင်မုနိန္ဒဃောသ ပါဝင်ခဲ့လေသည်။

ယင်းသို့ဖြင့် အရှင်မုနိန္ဒဃောသသည် အင်းဝနေပြည်တော်သို့ ရောက်ရှိတော်မူလာ ခဲ့လေသည်။ ထို့ကြောင့်လည်း "ပြည်မြို့ကို သိမ်းယူရာ၌ ရှင်တဆူ လူတယောက်သာ ရသည်"၊ မင်းတရားက မိန့်ကြောင်း သိရှိရလေသည်။ ထိုရှင်တဆူမှာ တောင်ဖီလာ ဆရာတော် လောင်းလျာ အရှင်မုနိန္ဒဃောသဖြစ်၍ လူတယောက်မှာ အရှင့်ကျေးဇူးကို အထူးသိတတ်သူ ၁၃ နှစ်သား ငယင်ငယ် ဖြစ်လေသည်။ထိုစဉ်က အရှင်မုနိန္ဒဃောသမှာ ဉာဏ်မီးတောက်စ သက်တော် ၃၀ မျှသာ ရှိသေးသည်။

## သုဓမ္မာဇရပ်၌ သီတင်းသုံးစေ၍ ကိုးကွယ်တော်မူခြင်း

အနောက်ဘက်လွန် မင်းတရားသည် အင်းဝရွှေနန်းမြို့တော်ရောက်လျှင် မဟာမြတ်မုနိအရံတွင် သုဓမ္မာဇရပ်၌ သီတင်းသုံးစေတော် မူကာ ဘုရားတဆူ ဟလုံးဂူသို့ ကြည်ဖြူလေး မြတ်ဆည်းကပ်လုပ်ကျွေးပြုစု ကိုးကွယ်တော် မူလေသည်။

## ကျောင်း အလှူခံတော်မူခြင်း

အနောက်ဘက်လွန်မင်းတရားကြီး ကိုးကွယ်တော်မူရာက ၉၇၇ ခုနှစ် ညီတော် စလေင်းမြို့စား မင်းရဲကျော်စွာက သုံးကြိမ်တိုင် လျှောက်ထားဘောင်းလေသောကြောင့် မင်းရဲကျော်စွာ ကိုးကွယ်ရလေသည်။

သက္ကရာဇ် ၉၇၉ ခုနှစ်တွင် စစ်ကိုင်းမြစ်နား၌ လေးထပ်ကျောင်း ဆောက်လုပ်လေရာ နှစ်နှစ်ကြာရှိရာ ၉၈၁ ခုနှစ်တွင် ပြီး စီး သဖြင့် အရှင်မုနိန္ဒဃောသအား တင်လှူလေသည်။

## တိပိဋကာလင်္ကာရဘွဲ့တံဆိပ်တော် လှူဒါန်းခြင်း

အနောက်ဘက်လွန်မင်းတရားသည် အရှင်မုနိန္ဒဃောသ၏ စာပေကျမ်းဂန် အရပ်ရပ်တို့၌ တဘက်ကမ်းခတ် တတ်မြောက်သည့်ဂုဏ် သီလသမာဓိဂုဏ်တို့ကို ကြည်ညိုလှပါသဖြင့် "တိပိဋကာ လင်္ကာရ" ဟူသော ဘွဲ့တံဆိပ်တော်ကို ကော်ရော်လေးမြတ် ဆက်ကပ်လှူဒါန်း ပူဇော်တော်မူခဲ့လေသည်။ ထိုအချိန်မှစ၍ "တိပိဋကာလင်္ကာရ အရှင်မုနိန္ဒဃောသ" ဆေရ်ဟူ၍ ကျော်ကြားလေတော့၏။

## သာလွန်မင်းတရား

သာလွန်မင်းတရားသည် သက္ကရာဇ် ၉၉၀ ပြည့်နှစ်တွင် နန်းတက်တော်မူရာ ယွန်းပြည် ဇင်းမယ်၌ ကြွင်းကျန်သေးသော ပြည်မှုရေးရာများကို သုတ်သင်တော်မူလိုသေးသဖြင့် အဘိသိက်မခံပဲ။ သက္ကရာဇ် ၉၉၂ ခုနှစ်တွင် ဟံသာဝတီ ဇင်းမယ်သို့ ချီတော်မူပြီးနောက် ၉၉၅

ခုနှစ်တွင် အရေးတော်များလုံး ပြီးပြေသဖြင့် ဟံသာဝတီသို့ ပြန်လည်ဆိုက်ရောက်လေ၏။

ထိုအခါ ဟံသာဝတီအနောက်မြောက်ယွန်း အောင်မြေအရပ်၌ လွန်စွာ သာယာကြီးကျယ် ခမ်းနားလှသည့် မင်္ဂလာနန်းတော်ကို ဆောက်စေ၍ အဘိသိက်ခံတော်မူလေသည်။

## တိပိဋကာလင်္ကာရ အရှင်မုနိန္ဒဃောသ ဟံသာဝတီသို့ ကြွတော်မူခြင်း

ထိုအခါ မျုးမတ် ရဟန်း ရှင် လူတို့က ''မြန်မာ ရဟန်းများ စာပေ ကျမ်းဂန် တတ်မြောက်ကြသည်မဟုတ်'' ဆိုသော စကား ကို သာလွန်မင်းတရား ကြားသိသဖြင့် အသက် ၃၀ ကျော် ၄၀ အရွယ်ရှိ ပိဋကတ် ကျမ်းဂန်တတ်၊ ဗေဒင်ကျမ်းဂန်တတ်၊ လောက ဓမ္မ နှစ်ဌာန လုံး၌ တတ်ကျွမ်း လိမ္မာသော ရဟန်းတော် နှစ်ပါးသုံးပါးကို ဟံသာဝတီသို့ စေလွှတ်တော်မူပါဟု လေးထပ်ဆရာတော်ထံ လျှောက်ထား လိုက်လေရာ လေးထပ်ဆရာတော်က—

၁။ တိပိဋကာလင်္ကာရဘွဲ့တံဆိပ်တော်ရ အရှင်မုနိန္ဒဃောသထေရ်

၂။ အရှင် တိလောကာလင်္ကာရထေရ်၊

၃။ အရှင် တိသာသနာလင်္ကာရထေရ်

ဟူသော ပုဂ္ဂိုလ်ကျော် (၃) ပါးကို စေလွှတ်လေ၏။ ယင်းသို့ဖြင့် အရှင်မုနိန္ဒဃောသသည် ဟံသာဝတီသို့ အဖော်ရဟန်းတော် နှစ်ပါးနှင့် တကွ ကြွရပြန်လေသည်။

## ရွှေမော်ဓော တဲကျောင်း၌ စာပေပို့ချတော်မူခြင်း

အရှင်မုနိန္ဒဃောသ ဦးဆောင်သော ရဟန်းတော် သုံးပါး ဟံသာဝတီ(ပဲခူး)သို့ရောက်လေသော် တဲကျောင်းဆောက်လုပ်၍လှူဒါန်းလေ၏။ အရှင် မုနိန္ဒဃောသနှင့် မထေရ်တို့သည် ယင်း တဲကျောင်း၌သီတင်းသုံးတော်မူကြသော ရဟန်းတို့အား စာပေပို့ချတော်မူကြကုန်၏။ ထိုအခါမှ မွန်ရဟန်းတော်များနှင့် မွန်မှူးမတ်၊ လူပုဂ္ဂိုလ်တို့က မြန်မာ ရဟန်းတော်များ ပညာတတ်မြောက်ကြပါကုန်၏။ ကျမ်းဂန်နိုင်နင်းကြပါပေကုန်၏ဟု ချီးကျူးထောမနာကြကုန်၏။

## အင်းဝသို့ ပြန်ကြွတော်မူခြင်း

သာသနာ့ရေး ကိစ္စများ ပြီးပြေ သဖြင့် သက္ကရာဇ် ၉၃၆ ခုနှစ်တွင် သာလွန်မင်းတရား အင်းဝသို့ဆန်တက်တော်မူသောအခါ တိပိဋကာလင်္ကာရ အရှင် မုနိန္ဒဃောသသည် အဖော် ပုဂ္ဂိုလ်ကျော် နှစ်ပါးနှင့်အတူ အင်းဝ နေပြည်တော်သို့ ပြန်ကြွတော်မူခဲ့လေသည်။

သက္ကရာဇ် ၉၉၀ကျော် သာလွန်မင်းတရား ကြီး လက်ထက်တွင် တိပိဋကာလင်္ကာရ အရှင် မုနိန္ဒဃောသထေရ်သည် ပရမပူဇနီယ ဖြစ်တော်မူသော ခြေတော်ရာနှစ်ဆူ တိမ်မြုပ် နေရခြင်း အတွက် စဉ်းစားမိတိုင်း စိတ်မသက်မသာ ဖြစ်ရလေသည်။သို့ဖြစ်၍ ခြေတော်ရာများကိုရှာဖွေရန် အနန္တဇေ ဆရာတော်၊ အရိယာလင်္ကာရ ဆရာတော်၊ တိလောကာလင်္ကာရ ဆရာတော် တို့နှင့်တိုင်ပင်၍ သာလွန်မင်းတရားထံ ခြေတော်ရာ ရှာရန်အတွက် စာသွင်းလေသည်။မင်းတရားသည် များစွာ ရွှင်ပျ ဝမ်းမြောက်ကာ—

၁။ ဆရာတော် အရှင် မုနိန္ဒဃောသ၊

၂။ ဆရာတော် အရှင်အနန္တဇေ

၃။ ဆရာတော် အရှင်အရိယာလင်္ကာရ၊

၄။ ဆရာတော် အရှင်တိလောကာလင်္ကာရ

ဟူသော ဆရာတော်ကြီးလေးပါးကို နောက်ပါ ရဟန်းတော် ၁၂ ပါး ကပ္ပိယ ဒါယကာများနှင့် တကွ စားနပ်ရိက္ခာ အစုံအလင်ပါရှိ စေလျှက်

လှေတစင်းကို လှော်သူစသည် စုံလင်စွာလှူဒါန်း၍ ခြေဖဝါးတော်ရာရှာ ကြွစေတော်မူခဲ့လေသည်။

သက္ကရာဇ် ၁၀၀၀ ပြည့်နှစ် ကဆုန်လပြည့်နေ့ စုံသွားတော်မူကာ မင်းဘူးဆိပ်မှ တက်တော်မူကြပြီးလျှင် ခရီးဆက်တော်မူကြရာ စက်တော်ရာအနီး ယခု မရှက်ရွာ ဟည်ရာအရပ်တွင် သစ်ပင်ကြီးတပင်အောက်၌ စခန်းချတော်မူ၍ ညဉ့်အခါ ပရိတ်ဒေသနာ၊ ပဋ္ဌာန်းဒေသနာများကို ရွတ်ဆို သရဇ္ဈာယ်လျက် ခေတ္တကျိန်းစက်တော်မူကြကုန်၏။

### အရှင်မုနိန္ဒဃောသ အိပ်မက်မြင်မက်ခြင်း

ယင်းသို့ ကျိန်းစက်တော်မူရာ သုံးချက်တီးကျော် ငါးမောင်းခန့်တွင် အရှင်မုနိန္ဒဃောသသည် လူတယောက် လှံတံကိုင်လျက် ခွေးနက်ကြီး တကောင်နှင့် ဆရာတော်ရှေ့သို့ ရောက်လာပြီး “ကိုယ်တော်ကြီးများ လာကြသည်မှာ ဘေးအတန်တန် ရန်အသွယ်သွယ် အန္တရာယ်များလှ၏။ ဤဒေသကား ခြင်္သေ့ သစ် ကျားသားရဲမြွေကင်း စသော ဘေးအန္တရာယ်တို့ဖြင့် ရှေးပြွမ်း ရှုပ်ထွေးလှပါသည်။ အဘယ်ကြောင့် ကြွလာတော်မူကြပါသနည်း” ဟူ မေးလျှောက်ရာ ဆရာတော်က “ငါတို့သည် ဤတောနက်ကြီး၌ အကြောင်းမဲ့ လာခဲ့ကြသည် မဟုတ်၊ ဘုရားမြတ်စွာ၏ ခြေတော်ရာ နှစ်ဆူကိုရှာဖွေ ဖူးမြော်လာကြသည်ဟု” မိန့်တော်မူလျှင် လှံတံကိုင်သူ ပုဂ္ဂိုလ်က နံနက်လင်းလျှင် ခွေးနက်ကြီး ဝင်ရာတောသို့ လိုက်လျှင် တွေ့လိမ့်မည်ဟု အိပ်မက်မြင်မက်ပြီး ကျိန်းစက်ရာမှ နိုးလေတော့သည်။ အရှင်မုနိန္ဒဃောသသည် ယင်းအိပ်မက်မြင်မက်ပုံ အလုံးစုံကို ဆရာတော် သုံးပါးအား ပြန်ကြားတော်မူ၍ မနက်လင်းလေသော် အိပ်မက်မြင်မက်သည့်အတိုင်း ခွေးနက်ကြီးရောက်ရှိလာ၍ ယင်းခွေးနက်ကြီးနောက်သို့ လိုက်လေရာ မြစ်ကမ်းတဘက်သို့ ရောက်လေလျှင် ကမ်းထိပ်၌ ဘီလူးတယောက် ထိုင်နေသည်ကို တွေ့ရလေ၏။

ထိုအခါ ဆရာတော်အား ဘီလူးက ဘုန်းကြီးတို့ အဘယ်ကိစ္စဖြင့် ဤဒေသ ရောက်လာကြပါကုန်သနည်းဟု မေးလေရာ ဆရာတော်များက ငါတို့ဘုရားမြတ်စွာ ခြေရာတော်ရှာကြကြောင်း မိန့်တော်မူကြလေ၏။ ထိုအခါ ဘီလူးက ဤကား ပထမ ခြေတော်ရာတည်းဟုအောက်ခြေတော်ရာကို ပြလေ၏။ ဆရာတော်တို့သည်လည်း ခြေရာတော်ကိုတွေ့လျှင် ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ လွန်စွာမှရွှင်ပျ ဝမ်းမြောက်ခြင်း ဖြစ်ကာ အကြိမ်ကြိမ် အခါခါ ဖူးမြော်ကြလေကုန်၏။ ထိုအခါ ခြေတော်ရာ စေတီမှ အညိုတဖြာ အဝါတလီ အနီတဆူ အဖြူတချောင်း ရောင်မောင်းတချက် ပြိုးပြိုး ပြက်ဆန်းကြယ်သော ရောင်ခြည်တော်တို့ ထွက်ကြွကွန့်မြူးလေ၏။

ရောင်ခြည်တော် ခြောက်သွယ်စဲလျှင် တဖန် ဘီလူးက အထက်ပေါ်မှာ ဒုတိယ ခြေတော်ရာ ရှိသေးသည်ဟု လျှောက်ထားလေလျှင် ဆရာတော်တို့သည် တောင်ထိပ်သို့ ကြွတော်မူကြလျှင် ကရဝ့ရှစ်ကွက် စက်လက္ခဏာတို့ဖြင့် ဆန်းကြယ်လှစွာ ခြေတော်ရာကို တွေ့မြင်လေရာ ရေတွေ့သော ကြာပန်းအသွင် ဝမ်းမြောက် ရွှင်လန်းခြင်း ဖြစ်ကြလေ၏။ ဆရာတော်များ ဖူးမြော်စဉ်ပင် ခြေတော်ရာမှ ထန်းလုံးခန့် ပမာဏရှိသော ရောင်ခြည်ဝန်းကြီး ပေါ်ထွက်လာကာ တောင်ခြေအထိ ထွန်းလင်းလေ၏။

### ပဋ္ဌာန်းကျမ်းရွတ်ဖတ် ပူဇော်ခြင်း

အရှင်မုနိန္ဒဃောသထေရ်သည် ထိုနေ့တညဉ့်ပတ်လုံး အထက်ခြေတော်ရာကို ပဋ္ဌာန်းကျမ်း

ကြီးဖြင့် ရွတ်ဖတ်ပူဇော်တော်မူလေသည်။ တော စောင့်နတ် တောင်စောင့်နတ် စသည်များတို့ ပဋ္ဌာန်းတရားနာကြားကြလေ၏။

အရှင်မုနိန္ဒဃောသသည် ပဋ္ဌာန်း ဒေသနာ တော်ကို ပူဇော်ပြီးသည်၏ အဆုံး၌ နတ်များ နာကြားနေသည်ကို သိသဖြင့် နတ်များကို ယခု ရွတ်ဖတ်ပူဇော်သောပဋ္ဌာန်းဒေသနာနှင့်မြတ်စွာ ဘုရားဟောမူသော ပဋ္ဌာန်းဒေသနာ မှန်ကန် ညီညွတ်ပါရဲ့လားဟု မေးမြန်းရာ နတ်များက မှန်ကန်ညီညွတ်ကြောင်း လျှောက်ထားကြလေ သည်။

အရှင်မုနိန္ဒဃောသသည် ဆက်လက်၍ နတ် များကိုမေးမြန်းရာ ဘုရားလက်ထက်က သာသ နာနှင့် ယခုလက်ရှိ သာသနာ တူညီကွာခြား ပါသလားဟု မေးမြန်းရာ နတ်များက တူညီမှု မရှိ၊ ကွာခြားနေကြောင်း လျှောက်ထားလေ သည်။

နတ်များက ဆက်လက် လျှောက်ထား သည်မှာ ဥပမာ အလွန် မွှေးကြိုင်လှစွာ သော တောင်စလပ်ပန်းနှင့် ဘုရားလက်ထက်က သာသနာတူပါသည်။ အမွှေးအကြိုင်ကင်းမဲ့၍ ခြောက်သွေ့နေသော တောင်စလပ်ပန်းနှင့်ယခု လက်ရှိ သာသနာ တူပါသည်ဟု လျှောက်ထား လေသည်ဟု ပြောရိုးဆိုစဉ်ရှိသည်။

## အောက်ခြေတော်ရာ ပူဇော်ခြင်း

ဆရာတော်များသည် ညဥ့်ကုန်လွန်၍ လင်း သောအခါ အထက်ခြေတော်ရာ တောင်ထိပ်မှ ဆင်းကြွတော်မူခဲ့ကြပြီး အောက်ခြေတော်ရာကို ဖူးမြော်ပူဇော်ကြပြန်၏။ အရှင် မုနိန္ဒဃောသ သည် ပုံ့သုကူ သင်္ကန်းကြီးဖြင့် ခြေတော်ရာကို လွှမ်းခြုံကာ "ငါသည် အလိုတိုင်း ဘုရား ကေန်ဖြစ်မည် မှန်က အကန့်ဟထောင် ရုပ်ရောင် ပီပြင် စက်ဝန်းထင်၍ စက္ကတိက တရာ့ရှစ်ကွက် ပါဒ လက္ခဏာတော်တို့သည် ပုံ့သုကူသင်္ကန်း တော်၌ထင်ပါစေသတည်း" ဟု မိန့်ဒ္ဓာန်တော်မူ လေ၏။ ထိုအခါ စက်လက္ခဏာ တို့သည်လည်း သင်္ကန်းတော်၌ထင်ကုန်၏။ သင်္ကန်းသည်လည်း အလိုလိုရှုန်း၍ထလေ၏။

အရှင်မုနိန္ဒဃောသ အမှူးရှိသောမထေရ်တို့ သည် စက်တော်ရာနှစ်ဆူကို ချည် မျှင် ဖြင့် ကွင်း ၍ယူဆောင်တော်မူခဲ့ကြ၍ အင်းဝနေပြည်တော် သို့ ပြန်ကြွတော်မူခဲ့လေ၏။

## ရွှေဥမင်ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ခြင်း

အရှင်မုနိန္ဒဃောသသည် အဖော်ဆရာတော် များ၊ ကပ္ပိယဒါယကာများနှင့် အတူလာခဲ့ယင်း မင်းဘူးဆိပ်ကမ်းသို့ ကြွလာတော်မူ၍ လှေဖြင့် ဆန်တော်မူခဲ့လေသည်။ လှေကို ပခန်းငယ်ဆိပ် ကမ်း၌ ထားခဲ့ပြီး သုံးမိုင်ခန့် ကွာလှမ်းသော ရွှေဥမင်ဆရာတော် သီတင်းသုံးရာ ပခန်းကြီးမြို့ မြောက်ဘက် ရွှေဥမင်တောရ ကျောင်းသို့ ကြွ တော်မူလေသည်။

## စည်သူရှင်ဘုရား ဝင်ရောက်ဖူးမြော်ခြင်း

အရှင်မုနိန္ဒဃောသသည် ရှေးဦးစွာ ပခန်း စည်သူရှင် ဘုရားသို့ ဝင်ရောက် ဖူးမြော်တော်မူ ၏။ ယင်းသို့ အဖူးအမြော် ဝင်ရောက်စဉ် ရွှေ ဥမင်ဆရာတော်မှာလည်း စည်သူရှင် ရင်ပြင် ရောက်ရှိ တံမြက်လှဲလျက်ရှိလေ၏။

ရွှေဥမင်ဆရာတော်မှန်း မသိပဲ ကိုရင်ကြီး အမှတ်ဖြင့် အရှင်မုနိန္ဒဃောသက စတင်မေး မြန်းသည်။ "ကိုရင်ကြီး- ရွှေဥမင်ကျောင်းတိုက် ဆိုတာ ဘယ်နေရာမှာလဲ"ဟုမေးရာ "အရှင် ဘုရား-ရွှေဥမင်ကျောင်းတိုက်ဟာ အဲဒီ ပခန်း ကြီးမြို့မြောက်ဘက် မနီးမဝေးမှာ ရှိပါသည်" ဟုဖြေဆိုလျှင် "ကိုရင်ကြီး-ရွှေဥမင်ဆရာတော် ဦးဇော့ဇေ ရှိပါသလား" မေးမြန်းရာ "အရှင်

ဘုရား–ဦးဇမ္ဗုဇေရိုပါသည်”ဟု အဖြေပေးကာ ရွှေဥမင် ဆရာတော်သည် ဘုရား ဝတ်ပြု ပြီး ကျောင်းသို့ ပြန်ကြွတော်မူလေသည်။

## အထင်မှားမိသမျှ သည်းခံတော်မူပါ

ဆရာတော်အရှင်မုနိန္ဒဃောသသည် ဘုရား ဝတ်ပြု တော် မူ ပြီး အဖော် ဆရာတော်များ တပည့်တပန်း အခြံအရံ ရဟန်းတော်များ၊ ဒါယကာများနှင့်တကွ ရွှေဥမင်တောရကျောင်းသို့ ကြွတော်မူလေ၏။ ရွှေဥမင်ဆရာတော်သည် ရှေးဦးစွာ နေရာများခင်းကာ အဆင်သင့်မျှော်လင့်၍နေတော်မူ၏။ အရှင်မုနိန္ဒဃောသသည ရွှေဥမင်ကျောင်းဝင်းကိုသို့ ရောက်မဆိုက် “ကိုရင်ကြီး ရောက်နေနှင့်ပါပြီကော၊ စည်သူ့ရှင်ဘုရား ပေါ်တွေ့ခဲ့တာ ကိုရင်ကြီး မဟုတ်လား” ဟု မေးတော်မူရာ “ဟုတ်မှန်ပေ၏”ဟု အဖြေပေးတော်မူလေလျှင် “ရွှေဥမင်ဆရာတော်ဦးဇမ္ဗုဇော ထံပို့ပေးပါ”ဟု ဆိုလေရာ“ရွှေဥမင်ဆရာတော် ဦးဇမ္ဗုဇဟာ တပည့်တော်ပင် ဖြစ်ပါသည် ဘုရား၊ အကြောင်းရှိလျှင် ပြောဆိုလျှောက်ကြားလေ”ဟု မိန့်တော်မူလေ၏။

ထိုအခါ ဆရာတော် အရှင်မုနိန္ဒဃောသမှာ လွန်စွာအံ့သြခြင်း အားနာခြင်းဖြစ်ကာ တပည့်တော် အထင်မှားမိသမျှ သည်းခံတော်မူပါ ဘုရားဟု လျှောက်ထားလေ၏။

## ကြောက်လို့တယောက်တည်းနေ

သာသနာတွင် နေမင်းအသွင်ထင်ရှားတော်မူသော အရှင်မုနိန္ဒဃောသနှင့် သာသနာတွင် ရွှေလမင်းအသွင် ထင်ရှားတော်မူသော ရွှေ
F.42 ဥမင်ဆရာတော်တို့၏ အပြန်အလှန် စကားပြော ဆိုဆွေးနွေး ကြသည်မှာ မှတ် တမ်း တင်ထိုက် ပါ၏။

အရှင်မုနိန္ဒဃောသက “အရှင်ဘုရား တောကြီးထဲ အဖော်မမှီး တကိုယ်တည်း နေရတာ မကြောက်ဘူးလား”ဟု မေးလျှောက်ရာ ရွှေဥမင်ဆရာတော်က “ကြောက်လို့ပင်တယောက်တည်းနေပါ၏”ဟု အဖြေပေးလေလျှင်၊ အရှင်မုနိန္ဒဃောသကားငါမှာသံသရာဘေးမကြောက်သဖြင့် တယောက်တည်းမနေရာ ရောက်နေပါပြီကောဟု တွေးတော စဉ်းစားကာ သတိသံဝေဂ ရစေတော့သည်။

ဤသို့ စသည်ဖြင့် အချင်းချင်း အလ္လာပသလ္လာပသာရဏီယ သမ္မောဒနီယစကားများဆိုပြီး အရှင်မုနိန္ဒဃောသက ရွှေဥမင်ဆရာတော်၏ ဝိနည်း နိဿယကို တောင်းယူ၍ ကြည့်ရှုပြီး မိမိရေးသော နိဿယကား ကျယ်လွန်းသည်၊ ရွှေဥမင်ဆရာတော် နိဿယကား စာချစာသင်နှင့် သင့်လျော်သည်၊ မိမိနိဿယကို ဌာပနာ၍ ဘုရားတည်စေမည်ဟု နှလုံးပြုတော်မူကာဝိနည်းနိဿယကို ရွှေဥမင်ဆရာတော်အား ပြန်လည်အပ်နှင်းလေသည်။

## ပရိက္ခရာများ လှူခြင်း

အရှင်မုနိန္ဒဃောသသည် ပြန်ကြွခါနီးသော အခါ မူလကတည်းက လှူရန်ရည်ရွယ်၍ယူလာသော သက်နံးကြီးဖြစ်ပါသည်။ အလှူခံတော်မူပါဟု လျှောက်ထားလှူဒါန်းလေ၏။ ထိုအခါ ရွှေဥမင်ဆရာတော်က အလှူခံပြီး ရွှေစည်းခုံ ဘုရားအားလှူပါ၏ဟုဆို၍ ချထားပြန်၏။ ၎င်းနောက်သပိတ်စသော ပရိက္ခရာများ လှူဒါန်းပြန်၏။ ရှေးနည်းအတူပင် ရွှေစည်းခုံဘုရားအား လှူပါ၏ ဆို၍ချထား၏။

ဤကဲ့သို့ အခြင်းအရာကို တွေ့မြင်ရသော အရှင်မုနိန္ဒဃောသသည် ငါ့မှာ ပစ္စည်းလေးပါးဥ္စ ရောင်ရဲခြင်းအလျဉ်းမရှိပဲ ပရိသာ အခြံအရံနှင့် နေရခြင်းသည် အကျိုးမရှိ ပါပြီတကား။

ပရိသတ်မှ ခွဲခွာ၍ နေမှ သင့်တော်ချေမည်။ ငါ့ကို ဦးဇမ္ဗုဓဇကဆုံးမလိုက်ပါပြီဟု ဟု နှလုံး ပိုက်ကာ ပရိသတ်နှင့် တကွ လှေဆိပ်ပြန်ကြွ တော်မူပြီး လှေစီး၍ အင်းဝသို့ ဆန်တော်မူခဲ့ လေသည်။

## တောထွက်တပါးတည်း နေတော်မူခြင်း

အရှင်မုနိန္ဒဃောသသည် ရွှေမြို့တော်ပြန် ရောက်သောအခါ လှေဆိပ်မှနေ၍ အပေါင်း အဖော် ဆရာတော် သံဃာတော်များနှင့် ကပ္ပိယ ဒါယကာများကို မိမိတို့ဌာန ပြန်ကြပေတော့ဟု ပြောဆိုလွှတ်တော်မူပြီး တပါးတည်း စစ်ကိုင်း တောင် မင်းဝံ တောင်ကြား ကန့်လန့်ဖြတ်ဖီလာ တွင် တွေ့ရသောအရပ်၌ တောရဆောက်တည် သီတင်းသုံးတော် မူခဲ့လေသည်။ ထို့ကြောင့် ထိုအရပ်သည် တောင်ဖီလာချောင်ဟု ယခုထက် တိုင် တွင်လေသတည်း။ ဆရာတော် အရှင်မုနိန္ဒ ဃောသသည်လည်း တောင်ဖီလာ ဆရာတော် ဟုတွင်လေသည်။ တောင်ဖီလာဆရာတော် သီတင်းသုံးတော်မူရာ တောင်ဖီလာ ချောင်၌ သာလွန်မင်းတရား၏ ညီတော် မင်းရဲကျော်စွာ က ကျောင်းဆောက်လှူဒါန်းလေ၏။

## မဟာတိပိဋကာလင်္ကာရဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း

သာလွန်မင်းတရားကြီးသည် တောင်ဖီလာ ဆရာတော် အရှင်မုနိန္ဒဃောသ၏ သီလသမာဓိ ပညာဂုဏ်တို့ကို လွန်စွာမှ လေးမြတ်ကြည်ညို ပါသဖြင့် "မဟာတိပိဋကာလင်္ကာရ" ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ပူဇော် တော်မူလေ၏။ ယင်းသို့ဖြင့် တောင်ဖီလာဆရာ တော်သည် အနောက်ဘက်လွန်မင်းတရားလှူ ဒါန်းသည့် မဟာတိပိဋကာလင်္ကာရ ဘွဲ့တံဆိပ် တော်အားဖြင့် ဘွဲ့တံဆိပ်တော် နှစ်ထပ်ရခြင်း ဖြစ်တော်မူသည်။ ထို့ကြောင့်–

> တသ္မိံ ပဗ္ဗတေ ဝသန္တော မဟာထေ
> ရော သုပါကဋော။
> တိပေဋကာ လင်္ကာရောတိ၊ ဒွိက္ခတ္တုံ
> လဒ္ဓ လဒ္ဓနော။

တသ္မိံ ပဗ္ဗတေ၊ ထိုတောင်ဖီလာတောင် တောင်ဖီလာချောင်၌။ ဝသန္တော၊ မှီတင်းနေထိုင် သော။ မဟာထေရော၊ အရှင်မုနိန္ဒဃောသ မထေရ်မြတ်သည်။ သုပါကဋော၊ လွန်စွာထင်ရှား တော်မူ၏။ တိပေဋကာလင်္ကာရောတိ။ တိပိဋကာ လင်္ကာရဘွဲ့တံဆိပ်တော်၊ မဟာတိပိဋကာလင်္ကာ ရဘွဲ့တံဆိပ်တော်ဟူ၍၊ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်နှစ် ထပ်။ လဒ္ဓလဒ္ဓနော၊ ရအပ်သော ဘွဲ့တံဆိပ်ရှိ တော်မူ၏။ဟု

ဝိနယာလင်္ကာရဋီကာ နိဂုံး၌ ကိုယ်တိုင် မိန့်ဆို ဖော်ပြတော်မူခဲ့လေသည်။

## ဂန္ထဝင်ကျမ်းဂန်များ ပြုစုတော်မူခြင်း

တိပိဋကာလင်္ကာရ၊ မဟာတိပိဋကာလင်္ကာရ ဘွဲ့တံဆိပ်တော်ရ ဖြစ်တော်မူသော တောင်ဖီ လာဆရာတော်သည် ဂန္ထဝင်ကျမ်း များစွာကို လည်း ပြုစုတော်မူခဲ့လေသည်။ ယင်းဂန္ထဝင် ကျမ်းဂန်များမှာ–

၁။ မာတိကာအရကောက်၊
၂။ ယမိုက်အရကောက်၊
၃။ ပဋ္ဌာန်းအရကောက်၊
၄။ ဓာတုကထာနိဿယ၊
၅။ ဝီသတိဝဏ္ဏနာကျမ်း၊
၆။ ဓာတုဝိတ္ထာရကျမ်း၊
၇။ ဝေဿန္တရာပျို့ဟောင်း၊
၈။ သမ္ဗန္ဓဓာတ်ကျမ်း၊
၉။ ကမ္မဇရုပ်ကျမ်း၊
၁၀။ ကွန်ချာဓာတ်ကျမ်း၊

၁၁။ မဟာနာရီဓာတ်ကျမ်း၊

၁၂။ ဝိနည်းငါးကျမ်း ပါဠိတော် နိဿယ၊

၁၃။ ရာဇိန္ဒ ရာဇနာမာဘိဓေယျ ဝိသောဓနီ၊

၁၄။ အဓိမာသသင်္ဂြိုဟ်ဋီကာ၊

၁၅။ မနုသာရရွှေမြင်သတ်၊

၁၆။ ရွှေဖျဉ်းဓမ္မသတ်၊

၁၇။ အမေးတော်ပုံအဖြေ၊

၁၈။ လောကဝိဒူကျမ်း၊

၁၉။ ယသဝဍ္ဍနဝတ္ထု၊

၂၀။ ဝိနယာလင်္ကာရဋီကာ၊

၂၁။ ဖျက်စု ခက်စု ခဲစု မမြဲစုများ

စသည်တို့ဖြစ်လေ၏။

## ယသဝဍ္ဍနကျမ်း

ယင်းကျမ်းအနက် ယသဝဍ္ဍနကျမ်းမှာလည်း လွန်စွာမှကောင်းမွန်သော ကျမ်းမြတ်ဖြစ်လေသည်၊ ရဟန်းရှင်လူ မင်းစိုးရာဇာ အမျိုးသား အမျိုးသမီးတို့ ကျင့်ကြံဖွယ် ကောင်းမြတ်လှပေသည်။ ယင်းကျမ်းလာတိုင်း ကျင့်ကြံပါက အားလုံး တိုးတက်ကြီးပွား သာယာငြိမ်းချမ်းကြမည်သာ။ တောင်ဖီလာဆရာတော်သည် ကျောင်းဒါယကာ မင်းရဲကျော်စွာ တောင်းပန်သဖြင့် သက္ကရာဇ် ၉၈၁ ခုနှစ်က ရေးသားတော်မူခဲ့လေသည်။ ယင်းကျမ်းမှာ ရန်ကုန်မြို့ ဟံသာဝတီ ပုံနှိပ်တိုက်က ၁၃၂၅ ခုနှစ်က ရိုက်နှိပ်ထုတ်ဝေခဲ့လေ၏။

## ဝိနယသင်္ဂဟအဋ္ဌကထာကျမ်းကြီး

သာသနာသက္ကရာဇ် ၁၇၀၀-၁၇၅၀ နှစ်အဘွင်းတွင် သီဟိုဠ်သာသနာတွင် လွန်စွာ ထင်ရှား ကျော်ကြားတော်မူသော အရှင် သာရိပုတ္တရာထေရ် သည် ပရက္ကမဗာဟု မင်းကြီး တောင်းပန်သဖြင့် ဝိနယဂရုက သိက္ခာကာမ ယောဂီ ရဟန်းတို့၏ အကျိုးငှာ ဝိနယသင်္ဂဟ အဋ္ဌကထာ ကျမ်းကြီးကို ရေးသားပြုစုတော်မူခဲ့လေသည်။

## ဝိနယလင်္ကာရဋီကာကျမ်း

ဖော်ပြပါ ဝိနယသင်္ဂဟ အဋ္ဌကထာကျမ်းကြီးမှာ အဖွင့်ဋီကာများ မရှိပါသဖြင့် တောင်ဖီလာ ဆရာတော်သည် ယင်းကျမ်းအဖွင့် ဋီကာကို ဝိနယလင်္ကာရ အမည်တပ်ကာ ရေးသားပြုစုတော်မူခဲ့လေသည်။

## ဖျက်စု၊ ခက်စု၊ ခဲစုနှင့် မမြဲစုများ

တောင်ဖီလာ ဆရာတော်သည် ယောဂီ ရဟန်းတော်ကြီးဖြစ်လင့်ကစား လောကရေးရာ ကျမ်းကျင်သော ပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။ယင်းသို့ ဖြစ်ကြောင်း ဖျက်စု ခက်စု ခဲစု မမြဲစုများက သက်သေပြနေပေ၏။ လောက၌ ဖျက်ဆီးတတ်သည့် အရာများကို ဖျက်စုအမည်ဖြင့် ပြုစုသော်မူခဲ့လေသည်။

၁။ စေတီမှန်းထား၊ မြတ်ဘုရား၊ တည်ထားကောင်းလျက်၊ ညောင်ပင်ဖျက်သည်။
၂။ မြစ်မ ရေနက်၊ သောင်ပြင်ဖျက်သည်။
၃။ မင်းကောင်းပါလျက်၊ မင်းမြှောင်ဖျက်သည်။
၄။ လက်ဆုံစား မယားကောင်းလျက်၊ အပြောင်ဖျက်သည်။
၅။ မောင်းသွင်းခုနှင်း၊ ရေလျှင်သွင်း၊ ပျိုးခင်းကောင်းလျက်၊ မြောင်ကောင်ဖျက်သည်။
၆။ လက်ဆက်တံကူ လှေမှူးခိုင်လျက်၊ မီးပိုးဖျက်သည်။
၇။ လက်တီးကြမ်းပြင်။ ဆင်ဝင် ကောင်း လျက်၊ ဝဲလင်းဖျက်သည်။
၈။ ကုလ္လဓိယမှူး၊ ရုပကောင်းလျက်၊ ဆံထုံးဖျက်သည်။
၉။ ဓမ္မသတ်တရား၊ ရှိပါငြားလည်း၊ တိမ်းပါး ၆ ့တွက်၊ လက်ဆောင်ဖျက်သည်။
၁၀။ ရဟန်းတရား၊ ကျင့်ပါငြားလျက်၊ အစားဖျက်သည်။
၁၁။ သီလငါးပါး၊ ကျင့်သူအားကို၊ စီးပွားရမ္မက်၊ လောဘဖျက်သည်။
၁၂။ သုခမိန်ဟု၊ ကျော်ရှိန်နှံ့သိ၊ ပညာရှိ၊ ကြီးဘိအမျက်၊ ဒေါသဖျက်သည်။
၁၃။ တိုက်နှင့်ကျိကျ၊ ထုတ် လျှောက်စသည်၊ ခိုင်လှပေလျက်၊ ပေါင်းကွပ်ဖျက်သည်။
၁၄၊ ပြည်ရွာတိုင်းကား၊ စည်ပင်ငြားလည်း၊ ခေါင်းပါးခေါင်လျက်၊ စပါးဖျက်သည်။
၁၅။ ပဋ္ဌင် ထူရိယာ၊ နှဲခရာ၊ သာယာပေလျက်၊ လင်းကွင်းဖျက်သည်။

**ထူးခြားသည့်**
**တခေတ်တယောက်သာပေါ်ခဲ့**

တိပိဋကလက်ာရ၊မဟာတိပိဋကလက်ာရ ဘွဲ့တံဆိပ်တော်ရ တောင်ဖီလာ ဆရာတော် အရှင် မုနိန္ဒဃောသကား ထူးခြား တခေတ် တယောက် ဆိုစလောက်သည့် ပုဂ္ဂိုလ်မြတ်သာ တည်း။ သီလ သမာဓိ ပညာဉာဏ်တို့နှင့် ကုံလုံ ပြည့်ဝအောင်ဖြည့်ကျင့်ကာ သာသနာ့ဝန်ထမ်း များ၊ ရှင်ဘုရင်များနှင့်တိုင်းပြည်လူထုကို အသိ ဉာဏ် ပေးခဲ့လေလည်။ ဆရာတော်၏ကျမ်းစာ များ၊ အဆုံးအမများက သာသနာကွယ်သည့် တိုင်အောင် လောက ဓမ္မ နှစ်ဌာနကို လမ်းညွှန် လိမ့်မည်သာတည်း။

**ပျံလွန်တော်မူခြင်း**

ယင်းသို့ဖြင့် ပိဋကတ်ကျမ်းစာများကို ပို့ချ ခြင်း၊ ကျမ်းဂန် ရေးသား ပြုစုခြင်း၊ တရားကျင့် ခြင်း၊ လောကဝတ် ဓမ္မဝတ်အားလျော်စွာ ပြည့်ရှင်မင်းနှင့်တကွ မင်းညီမင်းသား မှူးမတ် ဗိုလ်ပါ အခြံအရံ ပရိသတ်တို့အား တရားဓမ္မ ဟောဖော် ညွှန်ပြခြင်း စသည် တို့ဖြင့် သာ သနာတော်၏ လုပ်ငန်းတာဝန်များကိုအားသွန် ကြိုးပမ်း ထမ်းဆောင်တော်မူခဲ့သော တိပိဋက လက်ာရ၊ မဟာတိပိဋက လက်ာရ ဘွဲ့တံဆိပ် တော် နှစ်ထပ်ရ တောင်ဖီလာ ဆရာတော် ဘုရားကြီး အရှင်မုနိန္ဒဃောသသည် ယက်တော် ၇၃ နှစ်၊ ဝါတော် ၅၄ ဝါရရှိရာ သက္ကရာဇ် ၁၀၁၃ ခုနှစ်တွင် ပျံလွန်တော်မူခဲ့ပါသည်။ တောင်ဖီလာဆရာတော် အရှင် မုနိန္ဒဃောသ၏ သီလ သမာဓိ ပညာရှိသည် ဟူ၍ သူသူ ငါငါ ပြောဆိုကြွေးကြော်သံမျှသာ ကြွင်းကျန်ပါတော့ သတည်း။

## သီတဂူ ရေအလှူတော်အဖွဲ့အား တိုက်တွန်းခြင်း

သီတဂူ ရေအလှူတော် စီမံကိန်းကြီး နှစ်ရာပေါင်းများစွာ အရှည်ခန့်၍ တည်တံ့ခိုင်မြဲပါမှ စစ်ကိုင်းတောင်ရိုးတွင် သီတင်းသုံးတော်မူကြသည့် သူတော်စင်အဆက်ဆက်သောက်သုံးရေကြောင့် မပင်ပန်းကြပဲ ကိုယ်စိတ် နှစ်ဖြာချမ်းသာစွာဖြင့် လောကုတ္တရာ စီးပွားကို ရှာမှီးတော်မူနိုင်ကြရပေမည်။ သီတဂူ ရေအလှူတော် စီမံကိန်းကြီး၏ လုပ်ငန်းပဒေသာပင် များကို ဘဏ်တွင် အပ်နှံထားဖို့ လိုအပ်ပေသည်။ ဘဏ်တွင် အပ်နှံထားနိုင်မှ နှစ်စဉ် သီတဂူ ရေများကို ပုံမှန်အတိုင်း မပျက်မကွက် လှူဒါန်းသွားနိုင်မည် ဖြစ်ပေသည်။ သို့ဖြစ်၍ မွန်မြတ်သည့် ရေအလှူဒါနကြီး အစဉ်အပြတ် လှူဒါန်း သွားနိုင်ရန် အတွက် အစဉ်ထာဝရ ရှင်သန်တိုးပွား အကျိုးများနေမည့် သီတဂူ ရေအလှူ ပဒေသာ ပင်ကုသိုလ်ကြီးကို ဆက်လက် စိုက်ပျိုး လှူဒါန်းသွားကြ ရန်နိဂုံးချုပ်အနေဖြင့် တိုက်တွန်းအပ်ပေသတည်း။

ဦးနန္ဒမဥ္ဇူ (အဂ္ဂမဟာပဏ္ဍိတ)

နန္ဒမူကျောင်း

စစ်ကိုင်းတောင်ရိုး



# တောင်မြတ်စခန်း

* မြစ်ရောလှိုင်း လေလှေ့ရယ်နှင့်၊
ရစ်ခွေကာ ဝိုင်းခွေ၍သာပ၊
ကိုင်းရွှေမြေမှာဖြင့် စိမ်းရောင်စို။

* စစ်ပင်ကိုင်းသော်ကြောင့်၊
စစ်ကိုင်းခေါ် မည်သညာမို့၊
ပြည်ခွင်ဗမာ အလည်ရိုးမှာလ၊
သမိုင်းရောင် အစဉ်မညှိုးပါဘူး၊
အသွင်တမျိုး အမြင်သာ၍၊
ကြည်လင်စရာ ဝေဖြာလှိုင်လို့၊
ဟေမာမြိုင် ရှုမြင်တိုင်းမှာကွယ်၊
မြမှိုင်းတောင်ညို။

* နက်တို့ဖန် ရေကန်အသင့်မှာလ၊
ဒြပ်မချို့ရန် ဝေလျှံတင့်စေဖို့၊
ရွှေကြာမြင့်ကာပ နီဝါညို
သို့တာချိုကိုတွဲ သွယ်ယှူတန်း။ ။

* ဇေယျာမြေ လေသာမွေ့ နတ်ပြည်တိုင်းလိုပ
ပဇ္ဇာလည်ဝိုင်းကာ ရေပြည့်လျှံလို့၊
အသင့်စီမံ ကြောင့်ကြကင်းသောကြောင့်၊
သန့်ရှင်းသော စေတနာဖြင့်
ဘာဝနာစခန်း မဟုတ်ပါဘူ၊
အာနာပါန ကမ္မဋ္ဌာန်းအချုပ်ကယ်နှင့်၊
ရဟန်းအလုပ် တမူပြုရမှာဖြင့်၊
နှစ်ဖြာမူရ အခြေခံ၍၊
အဖြေမှန်ယောနိသောရယ်နှင့်၊
ဖြစ်ပျက်သဘော ပွားရှုမှက်ကြတယ်ကွယ်၊
တောင်မြတ်စခန်း။ ။

ဇေယျာထေရ်

# မဟာသုတ ကဏ္ဍ

# မဟာဝိဇယရံသီ

ဦးမောင်မောင်တင်

(မဟာဝိဇ္ဇာ)



ဗုဒ္ဓယဉ်ကျေးမှုအစဉ်အလာ သာသနိက အဆောက်အအုံများ ဆောက်လုပ်ခဲ့ကြသည်ကို ရှေးဟောင်းမြို့ကြီးများဖြစ်သော ဟန်လင်းကြီး၊ မိုင်းမော (ပင်လယ်)၊ ဘိန္နက(ပျော်ဘွယ်)၊ ပိဿနိုး၊ သရေခေတ္တရာ စသည့် မြို့ဟောင်းများတွင် တွေ့ရှိလျက် ရှိပေသည်။ သက္ကရာဇ်အားဖြင့် ၁ ရာစုမှ ၈ ရာစုနှစ်အတွင်း စောစောပိုင်း ကာလဖြစ်၍ အိန္ဒိယပြည်မှ ဗုဒ္ဓသာသနာ ပြန့်ပွားလာစဉ်ကဖြစ်သည်။ အဆောက်အအုံများသည်၊ အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုကို အခြေခံသော်လည်း ရှေးဦး ပျူလူမျိုးတို့၏ ယဉ်ကျေးမှုများနှင့် ပေါင်းဆပ်လျက်ရှိကြောင်း တွေ့ရှိရသည်။

ရှေးက သာသနိက အဆောက်အအုံများ၏ စနစ်များကို ဤသို့ အထောက်အထားများဖြင့် လေ့လာကြရပေသည်။ ပျူခေတ်မှသည် မြန်မာတို့၏ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်သို့တိုင်အောင် မြန်မာပြည်အနှံ့ သာသနိက အဆောက်အအုံများ တွေ့ရသည်။

အောက်မြန်မာပြည်မှာလည်း ကျိုက္ကသာ၊ သထုံ၊ ဥက္ကလာပ၊ ဒဂုံ၊ ပုသိမ်စသော ဒေသများ၌ ဂဝံ ကျောက်အုတ်နှင့် မြေဖုတ်အုတ်များ ဒွန်တွဲကာ ဆောက်လုပ်သော သာသနိက အဆောက်အအုံ စေတီ ပုထိုး ဆင်းတုများကို တွေ့ရှိရပေသည်။ မွန်တို့ဒေသ၌ ယဉ်ကျေးမှုဆိုင်ရာများကို တွေ့ရပေသည်။ အိန္ဒိယပြည်သာမက သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံနှင့်လည်း ကူးလူးဆက်ဆံခဲ့ရာမှ အိန္ဒိယ သီဟိုဠ် ဗုဒ္ဓယဉ်ကျေးမှုဆိုင်ရာများကို တွေ့ရပေသည်။

ဤသို့ဖြင့် ရှေးက ဗုဒ္ဓကျမ်းဂန်များလည်း ရောက်ရှိပြီးဖြစ်ရာ ထိုထိုသော ကျမ်းဂန်များမှ ထုတ်နုတ်၍ စေတီဘုရားတည်၊ ဆင်းတုများထုတ်လုပ်သော နည်းများကိုလည်း ရေးသားပြုစုခဲ့ကြပေသည်။ ရန်ကုန်မြို့ မြန်မာနိုင်ငံ သုတေသနအသင်းမှ "သတ္တုရူပကဝိလာသနီကျမ်း" တစောင်ကို ၁၉၆၁ ခုနှစ်က ထုတ်ဝေခဲ့၍ စေတီတည်ခြင်း၊ ရွှေအုတ်မြစ်ချခန်း၊ သတ္တဌာနတိုက်၊ ဌာနာတိုက် စသည်တို့ဖြင့် မာတိကာအကြောင်းရပ်များမှာ ပါသော ဗိသုကာကျမ်း စာစောင်ကို

လည်း ၁၉၂၆ ခုနှစ်က ထုတ်ဝေခဲ့ပေသည်။ စေတီ၊ ပုထိုး၊ ဆင်းတုတည်ဆောက်ထုလုပ်ကိုးကွယ်သူများအတွက် အထောက်အကူရစေသည်။ ရှေးမြန်မာ့ပုဂံခေတ်က ကျောက်စာများနှင့် ရာဇဝင်သမိုင်းစာတန်း၊ ဘုရားသမိုင်းစာများမှာလည်း ဘုရားစေတီပုထိုး တည်ဆောက်ပုံများကို တွေ့ရတတ်သည်။ ရှေးပေဟောင်း၊ ပုရပိုက်ဟောင်းများမှလည်း လက်တွေ့ ဘုရားစေတီ တည်လုပ်ပုံများကို မကြာခဏတွေ့ရှိရာ သက္ကရာဇ် ၁၁၈၅ ရတနာပူရ စတုတ္ထမြို့တည် (စစ်ကိုင်းမင်းဘကြီးတော်) မင်းတရားကြီး၏ အမရပူရကုသိုလ်တော် မဟာဝိဇယရံသီဘုရား စနစ်အသေးစိတ်ဖော်ပြထားသည့် ပုရပိုက်ကို တွေ့ရပေသည်။

ဘကြီးတော် စစ်ကိုင်းမင်းသည် ဗဒုံမင်းဘိုးတော်ဘုရား၏ မြေးဖြစ်၍ ၁၁၄၆ ခုဖွား ၁၁၈၁ ခုမင်းဖြစ်သည်။ ၁၁၉၇ ခုနှစ် ညီတော် သာယာဝတီမင်းအား နန်းလွှဲရသည်။ ၁၂၀၈ နတ်ရွာစံသည်။ မဟာဝိဇယရံသီ (ပုထိုးတော်ကြီး)စေတီ မဟာသကျသီဟလောဟ ရုပ်ပွားတော် မဟာသကျရံသီ ကျောက်ဖြူရုပ်ပွားတော် (တောင်သမန်ကျောက်တော်ကြီး) ဘုံကျော်၊ မဟာအောင်မြေဘုံသာကျောင်းတော်ကြီး စသည်ဖြင့် ကုသိုလ်များ ပြုလုပ်ခဲ့ပေသည်။

တောင်မြို့-ပုထိုးတော်ကြီးခေါ် ကုသိုလ်တော် မဟာဝိဇယရံသီ စနစ်ပုရပိုက်မှုအရ စေတီတည်ရာ၌ အဆင့်ဆင့် ခေါ်ဝေါ်သော ဝေါဟာရ စကားများနှင့် စနစ်ကိုပါ လေ့လာနိုင်ပေသည်။

**ကုသိုလ်တော်မဟာဝိဇယရံသီဘုရားစနစ်**

| | အချင် | စောက် | အဆုပ် |
|---|---|---|---|
| ပန်တင်ဘုရံထိုး | ၁၂ ၁တောင် | ၄တောင် ၆° | ၄တောင် |
| ပထမပစ္စယာ | ၁၁၀ တောင် ၂° ၆° | ၁၀တောင် ၁° ၄° | ၈တောင် |
| ဒုတိယပစ္စယာ | ၉၀ တောင် ၄° | ၈တောင် ၆° | ၆တောင် ၂° ၂° |
| တတိယပစ္စယာ | ၈၂ တောင် ၂° ၆° | ၆တောင် ၂° | ၅တောင် ၁° ၁° |
| ဂတောင်း | ၇၂ တောင် ၆° | ၅တောင် ၂° ၂° | ၄တောင် ၁° ၁° |
| ကြေးဝန်း | ၆၂ တောင် ၂° ၆° | ၅တောင် | ၄တောင် ၁° |
| ကြာပန်းကြာနှုပါ- ခေါင်းလောင်းနားထိ | ၅၄ တောင် | ၅တောင် ၂° ၄° | ၁တောင် ၁° ၉တောင် |
| | ပေါင်း | ၄၅တောင် ၂° | |

| | အချင် | အစောက် | အဆုပ် |
|---|---|---|---|
| ခေါင်းလောင်းနား | ၅၁တောင် | ၉တောင် ၂° | |
| သပိတ်ရင်ဆွဲ | | ၅တောင် ၂° ၅˙ | |
| သပိတ် | | ၉တောင် ၂° | |
| ပထမဘောင်း | ၂၉တောင် ၁° ၄˙ | ၃° ၁° ၂˙ | |
| ဒုတိယဘောင်း | ၂၅° ၂° | ၄တောင် ၂° | |
| တတိယဘောင်း | ၂၃တောင် ၂° | ၃တောင် ၂° ၆˙ | |
| စတုတ္ထဘောင်း | ၁၉တောင် ၂° | ၃တောင် ၂° | |
| ပဉ္စမဘောင်း | ၁၇တောင် | ၂တောင် ၂° | |
| ဆဋ္ဌမဘောင်း | ၁၄တောင် ၁° | ၃တောင် ၃° | |
| သတ္တမဘောင်း | ၁၃တောင် ၁° ၄˙ | ၂တောင် | |
| အဋ္ဌမဘောင်း | ၁၂တောင် | ၁တောင် ၁° ၁˙ | |
| နဝမဘောင်း | ၁၁တောင် ၁° | ၂တောင် ၂° ၂˙ | |
| ကြာနု | ၁၀တောင် ၂° | ၁တောင် ၁° | |
| ကြာမှောက် | ၁၀တောင် ၄° | ၃တောင် | |
| ရွဲအောက်ပန်းနှစ် | ၈တောင် ၄° | ၃° | |
| ရွဲလုံး | ၉တောင် ၁° | ၁တောင် ၂° | |
| ရွဲပေါ်ပန်းနှစ် | ၈တောင် | ၃° | |
| ကြာလှံ | ၈တောင် ၂° ၄˙ | ၂တောင် ၁° ၄˙ | |
| ကြာနှု | ၇တောင် ၁° | ၂° ၄˙ | |
| ချရားသီး | ၇တောင် | ၇တောင် ၂° | |
| ပေါင်း | | ၆၉တောင် ၂° ၆˙ | |
| ၂၀ု | | ၁၁၅° ၁° ၆˙ | |

**ပထမပစ္စယာ**

| | စောက် | အဆုပ် |
|---|---|---|
| ပထမပစ္စယာအပေါ်ကြာ | ၁တောင် ၇° | ၁တောင် ၂° ၅˙ |
| ၎င်း အောက်ဘောင်းအပေါ်ကြိုး | ၃° | ၁တောင် ၂° ၁˙ |
| ။ အောက်ကြိုး | ၃° | ၁တောင် ၂° ၁˙ |
| ။ အောက်ပန်းနှစ် | ၃° | ၁တောင် ၂° ၁˙ |

| | စောက် | အဆုပ် |
|---|---|---|
| ၎င်း အောက်ခိုလဲအပေါ်ကြီး | ၃° | ၁ဓောင် ၂° |
| ,, အောက်ခိုလဲ | ၁° ၁· | ၁တောင် ၁° |
| ,, အောက်ခိုလဲဘရိုထိုး | ၁° ၁· | ၁တောင် ၆° |
| ,, အောက်ပန်းနှစ် | ၃° | ၁တောင် ၆° |
| ,, အောက်ခိုလဲအပေါ်ကြီး | ၃° | ၁တောင် ၄° |
| ,, အောက်ခိုလဲ | ၁° ၅· | ၂° ၁· |
| ,, အောက်ချင်ပိတ် | ၂° | ၁° ၂· |
| ,, အောက်ရုံကြီး | ၃° | ၁° ၆· |
| ,, အောက်ရုံ | ၂° | ၁½တောင် ၄° |
| ,, အောက်ရုံနှောင်ကြိုး | ၃° | ၁ တောင် ၄° |
| ,, အောက်ပန်းနှစ် | ၃ | ၁ တောင် ၆° |
| ,, အောက်ရုံချင်ပိတ် | ၁° ၁· | ၁ တောင် ၃° |
| ,, အောက်ရုံနားခမ်းကြိုး | ၃° | ၁ တောင် ၇° |
| ,, ရုံ | ၁° ၁· | ၁ တောင် ၂° ၂· |
| ,, အောက်ရုံနှောင်ကြိုး | ၃° | ၁ တောင် ၂° |
| ,, အောက်ပန်းနှစ် | ၃° | ၁ အတောင် ၂° ၁· |
| ,, အောက်ဓာတောင်အပေါ်ကြီး | ၃° | ၁ အတောင် ၂° |
| ,, အောက်ဘောင် | ၆° | ၁ အတောင် ၁° ၂· |
| ,, အောက်ကြိုး | ၃° | ၁ အတောင် ၁° ၇· |
| ,, အောက်ပစ္စယာခါး | ၂° ၁· | ၂ အတောင် ၂° ၄· |
| ,, အောက်ဘောင်အပေါ်ကြိုး | ၃° | ၁ အတောင် ၂° ၂· |
| ,, အောက်ဘောင် | ၃° | ၁ အတောင် ၁° ၁· |
| ,, ဘောင်အောက်ကြိုး | ၃° | ၁ အတောင် ၂° ၁· |
| ,, အောက်ပန်းနှစ် | ၃° | ၁ အတောင် ၂° ၄· |
| ,, အောက်ခိုလဲကြိုး | ၃° | ၁ အတောင် ၂° ၁· |
| ,, အောက်ခုံလဲ | ၁° ၂· | ၁ အတောင် ၃° |
| ,, အောက်ချင်ပိတ် | ၁° ၃· | ၁ အတောင် |
| ,, အောက်ပန်းနှစ် | ၃° | ၁ အတောင် ၇° |
| ,, အောက်ခုံလဲအပေါ်ကြိုး | ၃° | ၁° |
| ,, အောက်ခုံလဲ | ၂° ၆· | ၄· |
| ,, အောက်ဘရုံထိုး | ၁ အတောင် ၆° | ၄· |
| ပေါင်း | ၁၁ အတောင် ၂° ၅· | |

| ဒုတိယပစ္စယာ | | စောက် | | | အဆုပ် | |
|---|---|---|---|---|---|---|
| အပေါ်ကြာ | ၁ အတောင် | ၇၀ | | ၁ အတောင် | ၂၀ | ၄· |
| ၎င်းဘောင်ပေါ်ကြီး | | | ၃· | ၁ အတောင် | ၂၀ | |
| ၎င်းအောက်ဘောင် | | ၁၀ | | ၁ အတောင် | | |
| ၎င်းဘောင်အောက်ကြီး | | | ၃· | ၁ အတောင် | ၁၀ | ၇· |
| ၎င်းအောက်ပန်းနှစ် | | ၃၀ | | ၁ အတောင် | ၂၀ | ၅· |
| ၎င်းအောက်ခုံလဲအပေါ်ကြီး | | ၁၀ | | ၁ တောင် | ၁၀ | ၇· |
| ၎င်းအောက်ခုံလဲ | | ၁၀ | ၁· | ၁ အတောင် | ၄၀ | |
| ၎င်းအောက်ခုံလဲချင်ပိတ် | | ၆၀ | | ၁ အတောင် | ၂၀ | |
| ၎င်းအောက်ပန်းနှစ် | | ၃၀ | | ၁ အတောင် | ၄၀ | |
| ၎င်းအောက်ချင်ပိတ်ကြီး | | ၁၀ | ၆ | | ၁၀ | ၂· |
| ၎င်းအောက်ရုံအပေါ်ကြီး | | ၃၀ | | ၁ | ၁၀ | ၄· |
| ၎င်းရုံ | | ၁၀ | ၆· | ၁ အတောင် | ၁၀ | |
| ၎င်းအောက်ကြီး | | | ၃· | ၁ အတောင် | ၁၀ | |
| ၎င်းအောက်ပန်းနှစ် | | ၃၀ | | ၁ အတောင် | ၄၀ | |
| ၎င်းအောက်ဘောင်အပေါ်ကြီး | | ၃၀ | | ၁ အတောင် | ၂၀ | |
| ၎င်းအောက်ဘောင် | | ၆၀ | | | ၂၀ | ၇· |
| ၎င်းဘောင်အောက်ကြီး | | ၃၀ | | ၁ အတောင် | ၂၀ | |
| ၎င်းအောက်ခါး | | ၁၀ | ၇· | ၁ အတောင် | ၄၀ | |
| ၎င်းအောက်ဘောင်အပေါ်ကြီး | | ၃၀ | | ၁ အတောင် | ၂၀ | |
| ၎င်းအောက်ဘောင် | | ၆၀ | | | ၂၀ | ၇· |
| ၎င်းအောက်ဘောင်ကြီး | | ၃၀ | | ၁ အတောင် | ၁၀ | |
| ၎င်းအောက်ပန်းနှစ် | | ၃၀ | | ၁ အတောင် | ၃၀ | |
| ၎င်းအောက်ခုံလဲအပေါ်ကြီး | | ၃၀ | | ၁ အတောင် | | |
| ၎င်းအောက်ခုံလဲ | | ၁၀ | | | ၂၀ | |
| ၎င်းအောက်ခုံလဲချင်ပိတ် | | ၁၀ | ၃· | | ၁၀ | ၅· |
| ၎င်းအောက်ပန်းနှစ် | | ၃၀ | | | ၁၀ | ၇· |
| ၎င်းအောက်ခုံလဲကြီး | | ၃၀ | | | ၁၀ | ၅· |
| ၎င်းခုံလဲ | | ၃၀ | | | ၁၀ | ၅· |
| ၎င်းအောက်ဘရိုထိုး | ၁ အတောင် | ၄၀ | | | | |

ပေါင်း

| တတိယ ပစ္စယာ | စောက် | အဆုပ် |
| --- | --- | --- |
| အပေါ်ကြာ | ၁ အတောင် ၃° | ၁ အတောင် ၂° |
| ၎င်းဘောင်အပေါ်ကြိုး | ၃° | ၂° ၆˙ |
| ၎င်းအောက်တောင် | ၆˙ | ၂° ၃˙ |
| ၎င်းဘောင်အောက်ကြိုး | ၃˙ | ၂° ၇˙ |
| ၎င်းအောက်ပန်းနှစ် | ၃˙ ၁ အတောင် | ၂° |
| ၎င်းအောက်ခုံလဲအပေါ်ကြိုး | ၃˙ | ၂° ၇˙ |
| ၎င်းအောက်ခုံလဲ | ၁° | ၁° ၅˙ |
| ၎င်းအောက်ရုံချင်ပိတ်ကြိုး | ၁° ၆˙ | ၁° ၇˙ |
| ၎င်းအောက်ရုံနှောင်ကြိုး | ၃˙ | ၂° ၄˙ |
| ၎င်းအောက်ပန်းနှစ် | ၃˙ | ၂° ၆˙ |
| ၎င်းအောက်ဘောင်အပေါ်ကြိုး | ၃˙ | ၂° ၃˙ |
| ၎င်းအောက်ဘောင် | ၇˙ | ၂° |
| ၎င်းဘောင်အောက်ကြိုး | ၃˙ | ၂° ၂˙ |
| ၎င်းအောက်ခါး | ၁° ၄˙ | ၂° ၄˙ |
| ၎င်းအောက်ဘောင်အပေါ်ကြိုး | ၃˙ | ၂° ၂˙ |
| ၎င်းအောက်ဘောင်း | ၁° ၂˙ | ၁° ၅˙ |
| ၎င်းဘောင်အောက်ကြိုး | ၃˙ | ၁° ၁˙ |
| ၎င်းအောက်ပန်းနှစ် | ၃˙ | ၁° ၇˙ |
| ၎င်းအောက်ခုံလဲ | ၁° ၆˙ | ၄˙ |
| ၎င်းအောက်ဘရုံထိုး | ၁ အတောင် ၁° | |
| အပေါင်း | | |

### ဂ–ထောင့်ကြာ

| | | |
| --- | --- | --- |
| ဂ – ထောင့် အပေါ်ကြာ | ၁ တောင် | ၁ တောင် |
| ၎င်း အောက်ဘောင်ကြိုး | ၃˙ | ၂° ၃˙ |
| ၎င်း အောက်ဘောင်း | ၆˙ | ၂° ၁˙ |
| ၎င်း ဘောင်းအောက်ကြိုး | ၃˙ | ၂° ၁˙ |
| ၎င်း အောက်ပန်းနှစ် | ၃˙ | ၂° ၄˙ |
| ၎င်း အောက်ခုံလဲကြိုး | ၃˙ | ၂° ၃˙ |

| | စောက် | အဆုပ် |
|---|---|---|
| ၎င်း အောက်ခုံလဲ | ၁၀ ၄ | ၇ |
| ၎င့်း ချင်ပိတ်ကြိုး | ၁၀ ၂ | ၄ |
| ၎င်း အောက်ရုံအပေါ်ကြိုး | ၃ | ၇ |
| ၎င်း ရုံ | ၁၀ ၄ | ၂၀ |
| ၎င်း အောက်ရုံနှောင်ကြိုး | ၃ | ၂၀ |
| ၎င်း အောက်ပန်းနှစ် | ၃ | ၂၀ ၂ |
| ၎င်း ဘောင်းအပေါ်ကြိုး | ၁ | ၁၀ ၇ |
| ၎င်း အောက်ဘောင်း | ၆ | ၁၀ ၄ |
| ၎င်း ဘောင်းအောက်ကြိုး | ၃၀ | ၁၀ ၇ |
| ၎င်း အောက်ခါး | ၁၀ ၄ | ၂၀ ၅ |
| ၎င်းအောက်ဘောင်အပေါ်ကြိုး | ၃ | ၁၀ ၆ |
| ၎င်း အောက်ဘောင်း | ၈ | ၁၀ ၅ |
| ၎င်း ဘောင်းအောက်ကြိုး | ၃ | ၁၀ ၅ |
| ၎င်း အောက်ပန်းနှစ် | ၃ | ၂၀ |
| ၎င်း အောက်ခုံလဲအပေါ်ကြိုး | ၃ | ၁၀ ၆ |
| ၎င်း အောက်ခုံလဲ | ၁၀ ၅ | ၃ |
| ၎င်း အောက်ဘရုံထိုး | ၂၀ ၄ | |
| ပေါင်း | | |

| ကြေးဝန်း | စောက် | | အဆုပ် |
|---|---|---|---|
| ကြေးဝန်းအပေါ်ကြာ | ၂၀ ၆ | ၁ တောင် | ၁ |
| ၎င်းအောက်ဘောင်အပေါ်ကြိုး | ၃ | | ၂၀ ၇ |
| ။ အောက်ဘောင်း | ၆ | | ၂၀ ၄ |
| ။ ဘောင်းအောက်ကြိုး | ၃ | | ၁၀ ၇ |
| ။ အောက်ပန်းနှစ် | ၃ | ၁ တောင် | ၂ |
| ။ အောက်ခုံလဲအပေါ်ကြိုး | ၃ | ၁ တောင် | |
| ။ အောက်ခုံလဲ | ၁၀ ၅ | | ၁၀ ၂ |
| ။ အောက်ရုံအပေါ်ကြိုး | | | ၁၀ ၄ |

| | စောက် | | ၊ | အဆုပ် | |
|---|---|---|---|---|---|
| ॥ အောက်ရံ | ၁၀ | ၄· | ၊ | ၂၀ | ၄· |
| ॥ အောက်ရံနှောင်ကြိုး | | ၃· | ၊ | ၂၀ | ၄· |
| ॥ အောက်ပန်းနှစ် | | ၃· | ၊ | ၂၀ | ၆· |
| ॥ အောက်ဘောင်း အပေါ်ကြိုး | | ၃· | ၊ | ၂၀ | ၄· |
| ॥ အောက်ဘောင်း | ၁၀ | | ၊ | ၁၀ | ၇· |
| ॥ ဘောင်းအောက်ကြိုး | | ၃· | ၊ | ၂၀ | ၂· |
| ॥ ခါး | ၁၀ | ၂· | ၊ | ၂၀ | ၅· |
| ॥ အောက်ဘောင်းအပေါ်ကြိုး | ၁၀ | | ၊ | ၁၀ | ၇· |
| ॥ အောက်ဘောင်း | | ၃· | ၊ | ၂၀ | ၁· |
| ॥ ဘောင်းအောက်ကြိုး | | ၃· | ၊ | ၂၀ | ၁· |
| ॥ အောက်ပန်းနှစ် | | ၃· | ၊ | ၂၀ | |
| ॥ အောက်ခုံလဲ | | | | | |
| ॥ အောက်ဘရံထိုး | ၁၀ | ၄· | ၊ | | |
| ပေါင်း | | | | | |

**ကြာဝန်း**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ကြာဝန်းအပေါ်ကြာနု | | ၁၀ | ၂· | ၊ | ၁ တောင် | ၂၀ | ၂· |
| ၎င်းအောက်အပေါ်ကြာနု | ၁ တောင် | ၂၀ | | ၊ | ၁ တောင် | ၂၀ | ၂· |
| ॥ အပေါ်ကြာလုံကြီး | ၁ တောင် | ၁၀ | ၄· | ၊ | ၁ တောင် | | ၄· |
| ॥ အောက်ကြာမှောက် | ၁ တောင် | ၁၀ | ၄· | ၊ | | ၂၀ | ၁· |
| ॥ ဘရံးတုံး | | ၂၀ | | ၊ | | ၁၀ | ၄· |
| ॥ အောက်ဘရံထိုး | | ၂၀ | | ၊ | | ၁၀ | ၄· |
| ပေါင်း | ၆ တောင် | ၁၀ | ၂· | | | | |

သက္ကရာဇ် ၁၂၀၇ ခု ပြာသိုလဆန်း ၅ ရက်နေ့ ဗဟိုခေါင်းလောင်း ခွဲဖျက်သည်ကို အသုံးစာရေး နော်ရထာ ရွှေတောင်ကျော် ပန်းတဉ်း စာရေး ငမင်းတို့ ညီစုံအညီ ချိန်တွယ်မှတ်သားသည် ဆို၍ ပန်းတဉ်းစာရေး ငမင်း တင်ပေးသည့် စာရင်း။

| ကြေးစာရင်း | ရေ | ခဲချိန် | ကြေးချိန် |
|---|---|---|---|
| ခေါင်းလောင်းလုံးရေ | ၁ | | ၂၂,၀၇၅° |
| ငင်းခြံသည့် ၂ ပေါင်းကိုင်းပါကြေးချိန် | | | ၁၀၉၀ |
| | | ပေါင်း | ၂၃,၁၆၅° |
| ၁၂၀၇ ခု နတ်တော်လဆန်း ၃ရက် နေ့ထုတ်ကြေးအိုးဘိုးစုံလုံးရေ | ၃၀ | ၁၂ | ၄၀ |
| ငင်းလဆန်း ၅ ရက် နေ့ထုတ် ဘားစည်လုံးရေကြီးငယ် | ၃၂ | | ၁၉,၇၃၀ |
| ငင်းလဆန်း ၁၅ ရက်နေ့ထုတ် ကြေးအိုးဘိုးစုံလုံးရေ | ၃၄ | | ၅၅၀ |
| ပေါင်း | | ၁၂ | ၂၉,၃၃၀ |

သက္ကရာဇ် ၁၂၀၇ ခု တပို့တွဲလဆန်း ၆ ရက်၊ မိုးနဲစော်ဘွားက ဆက်သည့် ကရင်ဘားစည်လုံးရေ ၄ ကိုချိန်တွယ်မှတ်သား၍ ပန်းတဉ်းဝန်သို့ အပ်ရမည်။ ပန်းပဲဝန် အတွင်းဝန်မင်း မိန့်ချက်နှင့် သံတော်ဆင့် မဟာမင်းလှကျော်သူ ရှေ့ အသုံးစာရေးနော်ရထာ ရွှေတောင်ကျော်နှင့် ကြေးသွန်းခေါင်း ငမြတ်စံကို ချိန်တွယ်စေ၍ ပန်းတဉ်းဝန်မင်းလှသခ်ယာသို့ အပ်သည်။

ဘားစည်လုံးရေ ၄ ၃၀

ပေါင်း ၃-စု ၅၅,၄၉၅°

မဟာဝိဇယရံသီ ပုသိုးတော်ကြီး ဘုရားသည် ယနေ့တိုင်စေတီပုံ မပျက် ရှိသေးသဖြင့် ဤစနစ်အရ အသေးစိတ် လေ့လာနိုင်ဖွယ်ရှိပါသေးသည်။

ဘကြီးတော် စစ်ကိုင်းမင်း၏ ကုသိုလ်တော် ပုထိုးတော်ကြီး ဘုရားသည် အချိုးအစားကျ၍ အင်္ဂတေပန်း၊ စိန်တောင်မှုပ်၊ လှေကား၊ မဏ္ဍာရ်၊ မနုဿီဟစသော အရုပ်များမှာ အလွန်လှပ ဆန်းကြယ်သည်။

စကျင်ကျောက်ဖြူဖြင့် ဇုဒ္ဒဝင်ဇာတ် ၅၅၀ စသည်တို့ကိုလည်း စဋ္ဌကွင်းပြုလုပ်၍ စေတီမှာ ကပ်ထားသည်။ အနုပညာလက်ရာများသည် ခေတ်သမိုင်း ခေတ်ယဉ်ကျေးမှု လူနေမှုစနစ်ကို ပါ လေ့လာနိုင်ပေသည်။ သက္ကရာဇ် ၁၁၈၅ ခုနှ ဘကြီးတော်သည် မဟာဝိဇယရံသီ စေတီတော်၌ ရွှေထီးတင်ကြောင်း (ဒုတိယ မဟာရာဇဝင်တော်ကြီး စာမျက်နှာ ၅၃) ၌ တွေ့ရာ၌ အမရပူရမြို့တော် အနောက်တောင်ထောင့် ခမည်းတော် အိမ်ရှေ့မင်း၊ မယ်တော် အိမ်ရှေ့မိဖုရားတို့ ကောင်းမှု ကုသိုလ်တော်၊ မင်္ဂလာဝေယန်ကျောင်းတိုက် တံတိုင်းမီးတား နှင့် တကွ ကျန်လပ်ရှိသည့် အတွင်းသံတောင် ၁၂၁၊ အရပ် ပမာဏ သံတောင် ၁၂၀၊ စည်းခုံတော်ကြီး တည်လုပ်ပြီး ပြေသည်ကို ထိုသက္ကရာဇ် တပို့တွဲလပြည့်ကျော် ၂ ရက် ကြာသာပတေးနေ့ အခါ တော်အတိုင်း စည်းခုံတော် ရွှေထီးအထွတ်တင်ကြောင်း တွေ့ရသည်။ မဟာဝိဇယရံသီ ထီးတော်ကြီးတင်ပြီးမှ အမရပူရမှ ရတနာပူရ အင်းဝသို့ပြောင်းကြောင်းကို တွေ့ရသည်။ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် မူကား၊ အဖိုးတန် ရွှေ ငွေရတနာ ဌာပနာပစ္စည်းများ စာရင်းအကျယ်တွေ့ရသည်။(အင်္ဂလိပ်ခေတ်က ဌာပနာ တကြိမ်ဖောက်ခံရသည်။)

ပုရပိုက်၌ တွေ့ရသော စာရင်းများအရ ၁၂၀၈ ခု၊ တန်ခူးလပြည့်ကျော် ၄ ရက်ထိ အုတ်ဝန်သီရိရာဇ နော်ရထာစသော အုတ်ဝန် အုတ်သူကြီးတို့ မဟာဝိဇယရံသီလုပ်ဆောင်ရာ၌ မပြီး မစီး အပြီးမသတ်ကြသော အမှုထမ်းများက လပြည့်ကျော် ၅ ရက်မှ စ၍ ပြန်ပြီးဆက်လက် လုပ်ပါကြမည်ဟု ဝန်ခံချက်ကို တွေ့ရသည်။ မပြီးပြေ ခဲ့သည်မှာ အိမ်တော် (နန်း)တွင်း အလုပ်များ လုပ်နေကြရ၍ဟု ဆိုသည်။ ခံဝန်ချက်၌ မလုပ်ပေးမလာရောက်ပါက ရာဇဝတ်တော် ခံပါမည်ဟု ပါလေသည်။ ထိုအချိန်၌ ဘကြီးတော်သည် နန်းကျနေချိန်ဖြစ်၍ ထို ၁၂၀၈ ခုနှစ် သီတင်းကျွတ်လတွင် နတ်ရွာစံခဲ့လေသည်။

ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)



# ပင်မင်းဗောဓိ

## ကိုရင်စစ်



**ဗောဓိပင်သည် ဘုရားရှင်၏ ကိုယ်စား ပူဇော်ကိုးကွယ်ရာ ပရိဘောဂ စေတီထိုက်၍ ဗုဒ္ဓအယူဝါဒ ထွန်းကားရာ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာ၊ ထိုင်း စသော နိုင်ငံ တို့၌ အထွတ်အမြတ်ထား လေးစား ကိုးကွယ် ပူဇော်ကြသည်။**

ဗောဓိဟူသောပုဒ်သည် သစ်ပင် မဂ်ဉာဏ် သဗ္ဗညုတဉာဏ် နိဗ္ဗာန်ကို ဟောဆိုကြောင်း အဖွင့်ရှိ၏။

အရှင်ယသမထေရ်၏ မယ်တော် သရဏဂုံတည်သူတို့တွင် တေဒဂ်ဂုဏ်ထူးရ သုဇာတာ၏ ဃနာနို့ဆွမ်းကိုခံယူဘုဉ်းပေးရာ ညောင်ဗုဒ္ဓဟောပင်ကို လေးပါးသော မဂ်ဉာဏ်၊သို့ရောက်ရာဖြစ်၍ ''ဗောဓိရုက္ခ'' အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်တို့ ကြည်လင်ရာဖြစ်၍''ဗောဓိမဏ္ဍာ'' ဟု ဌာနူပစာအားဖြင့် ခေါ်ဆိုကြောင်း မှတ်သားရပေသည်။

ဗောဓိပင်သည် ဘုရားရှင်၏ ကိုယ်စား ပူဇော်ကိုးကွယ်ရာ ပရိဘောဂ စေတီထိုက်၍ ဗုဒ္ဓအယူဝါဒ ထွန်းကားရာ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာ၊ ထိုင်းစသော နိုင်ငံတို့၌ အထွတ်အမြတ်ထား လေးစားကိုးကွယ် ပူဇော်ကြသည်။

သီရိဓမ္မာသောကမင်းကြီးသည် ရွှေကညစ်ကိုယူ၍ ဆေးဒါန်းမြင်းသီလာတို့ဖြင့် မဟာဗော မိပင်၏ စိမ်းရှင်ညွန့်ဖြာ လက်ယာတောင်ကိုင်းကို မိဋ္ဌာန်ပိုင်းဖြတ်ပြီး သမီးတော် သင်္ဃမိတ္တာထေရီ နှင့်အတူ သီဟိုဠ်ကျွန်း အနုရာဓမြို့သို့ စိုက်ပျိုးစေ၍ သာသနာပြုတော်မူသည်။

ဤနေရာတွင် အနည်းငယ်ဖွင့်ခဲ့တင်ပြလိုပါသည်။ ကျွန်းမြတ်သီဟိုဠ်သို့ ဗောဓိပင် ဒ.ဇ ဒ.စိုက် ပူဇော်ခံရခြင်းသည်ကား အနုဋ္ဌာဒေဝီ ဘိက္ခုနီ သာသနာဝင် ထေရီမအဖြစ် ဝင်ရောက်

လို၍ သယ်မိတ္တာသာသနာပြု ပင့်လျှောက်ရာမှ အကောင်အထည် ဖော်ခဲ့သည်ဟုဆိုလျှင် မှားမည် မဟုတ်ပေ။

ဘိကျွံနီ သာသနာ အခြေပြုတည်ဖွင့်ရန် သယ်မိတ္တာပင့်မည်ရှိရာ "မင်းမြတ်–ဤကျွန်း၌ ရှေးဘုရားသုံးဆူတို့၏ ဗောဓိပင်များ တည်ထွန်းခဲ့ဖူးပြီ။ ထိုဘုရားရှင်၏ ပင်မင်း ဗောဓိကိုလည်း တည်စေသင့်၏" ဟု ရှင်မဟိန္ဒအမိန့်ရှိပြီး နှမတော်နှင့်အတူ ဗောဓိပင် ပင့်ယူခဲ့ရန် တမန်စေလွှတ်ခဲ့ပါသည်။

ဘုရားရှင်၏ အမိန့်ဩခန်အတိုင်း ဖြစ်ပေါ်လာမှု ကိုယ်တွေ့မျက်မြင်တွေ့ရသော အသောက သည် အားရနှစ်သက် ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ပင့်ဆောင်ရာ ပင်မဗောဓိမှ ဒက္ခိဏသာခါသည် သီတင်းကျွတ်လပြည့်နေ့ ညနေချမ်းဆည်းဆာတွင် ရွှေဖျဉ်းအိုးသို့ ပြောင်းရွှေ့တည်လာသည်။ ထို အရပ်မှာပင် ၁၅ ရက်လုံးလုံး ပဲတီဖုံးသော ကိုယ်လုံးဖြင့် လည်းကောင်း၊ မင်းစည်းစိမ်ဖြင့် လည်းကောင်း၊ အကြိမ်ကြိမ်ပူဇော်ခဲ့ပြီး လကွယ်နေ့ တရက်တည်းဖြင့် ပါဋလိပုတ်သို့ ပင့်သည်။ အသွက်ဘရက်နေ့၌ မြောက်အရပ်ရှိ အင်ကြင်းပင်ရင်း၌ထား၍ နှစ်ဘ်ရှိတိုင်း ပူဇော်ပြန်သည်။ ဗောဓိပင်စောင့်ရှောက်ရန် လူတန်းစားအမျိုးမျိုး၊ ရေသွန်းရန် ရွှေအိုး ငွေအိုး အမျိုးမျိုးစိမ် ပူဇော်ပြီး သဘော်ဆိပ်သို့ ပို့ဆောင်ရာ၌ ၁၄ ရက် အချိန်ယူ ပူဇော်မှုတွေ ပြုခဲ့ပေသည်။

အသောကမင်းသည် နတ်တော်လဆန်း ၁ ရက်နေ့၌ ဗောဓိပင်ကို ဦးထိပ်ချီ၍ လည်မျို ပမာဏရှိရေတွင်ဆင်း၍ သဘော်သို့ တင်ပေးပါသည်။ "ငါအဆွေလည်း ငါနည်းတူ ပူဇော် ကြိုဆိုပါလေ" မှာကြားပြီး တရွေ့ရွေ့ထွက်သွားသော သဘော်ဘက်သို့လက်အုပ်ချီမျက်ရည်ယိုစီး ရှုမငြီး ကြည့်စဉ်မှာပင် သဘော်သည် ကွယ်ပျောက်ခဲ့လေသည်။

ဗောဓိပင်၏ ရေကြောင်းခရီး၌ အဆီးအတား မရှိ အစွမ်းကုန်ကြမ်း ရမ်းသော သမုဒ္ဒရာ လှိုင်းဘို့သည် သဘော်၏ လေးဘက်ဝန်းကျင် တယူဇနာမျှမှ ငြိမ်သက်လဲလျောင်း ဦးခိုက်လာကြ ရသည်၊ မှန်သားသွင် မြေပြင်၌ ရောင်စုံ ပဒုမ္မာများ ပွင့်လျက် ကောင်းကင်၌လည်း နတ်စောင်း များညင်းလျက် နတ်အမျိုးမျိုးသည်း တိုးလျှိုးစွာခစား ပူဇော်လျက်ရှိကြပေသည်။

နဂါးတို့လည်း ပင်မင်း၏ တင့်တယ်ခြင်းကိုမြင်၍ ပူဇော်ခြင်းဖြင့် သုဂတိတံခါးဖွင့်ရန် ထေရီမထံ ခွင့်ပန်တောင်းခံပြီး ခုနစ်ရက်ပတ်လုံး နဂါးမင်း စည်းစိမ်တို့ဖြင့် ပူဇော်ခဲ့ကြလေသည်။

ဒေဝါနံ ပိယတိဿမင်းကြီးသည် သုမနသာမဏေကြိုတင်ပြောထားသော စကားအရ ဗောဓိပင်ထွက်သည့် နေ့မှစ၍ လမ်းပန်းမွမ်းမံပြင်ဆင်ယင်း မထေရ်၏ တန်ခိုးဖြင့် ဗောဓိပင် ခရီးစဉ် ကို ကြည်ညိုဖွယ် မြင်နေရသည်။ အင်အားအကုန်သုံး၍ ရရှိလာသော ပူဇော်ဖွယ်တို့ဖြင့် လည်မျို ပမာဏရှိရေသို့ဆင်း၍ကြိုဆိုသည်။အိမ်၌သုံးရက်ထား၍ပူဇော်သည်။လေးရက်မြောက်နေ့၌ အနုရာဓ မြို့ မြောက်တံခါးမှဝင် တောင်တံခါးမှ ထွက်၍ တာငါးရာအကွာ ဂေါတမဘုရား နိရောဓ သမာပတ်ဝင်စား နေထိုင်ခဲ့ရာ ရှေးဘုရားသုံးဆူတို့ ဗောဓိပင်များ ရှင်သန်ခဲ့ဖူးရာ မဟာမေဃဝန် ဥယျာဉ်၏ မှန်ကူသဖွယ်ဖြစ်သော ကြိုတင်ပြင်ဆင် မြေအပြင်၌ ချစေခဲ့သည်။ အသောကနည်းတူ မိမိအတိုင်းအတာဖြင့် အစွမ်းကုန် ပူဇော်ခဲ့သည်။ စိုက်ပျိုးခဲ့သည်။ အသီးငါးလုံး မှည့်ကြွေရာမှ စိုက်ပျိုးစေရာ လေးဆယ်သော ဗောဓိပင်ပျိုတို့သည် ကျွန်းသီဟိုဠ်၌ ဖြန့်ချိ သာသနာပြုနိုင်ခဲ့ပေ သည်။ ထိုသယ်မိတ္တာ ဗောဓိပင်ရင်း၌ပင် အနုဋ္ဌာ ဒေဝီအမှူးရှိသော တထောင်သော မိန်းမမြတ်

များ သာသနာ့ဝင်လျက် အရဟတ္တဖိုလ်ပေါက် ဆိုက်ရောက်တော်မူခဲ့ကြပါသည်။ ဤသို့ဖြင့် ကျွန်းမြတ် သီဟိုဠ် ဗောဓိပင်အခြေတည် ဘိက္ခုနီ သာသနာလည်း ပွင့်လင်းတည်ထွန်းလာပါသည်။

ယခုသီတဂူ၌ စိုက်ပျိုးသော ဗောဓိပင်သည် သင်္ဃမိတ္တာ ဗောဓိပင်မှ အဆက်ဆက်ပွား၍ ယူလာသော ဗောဓိပင် ဖြစ်လေသည်။

ပဌမာဘိသမ္ဗုဒ္ဓဋ္ဌာန မူလ ဗောဓိပင်ကြီးမှ အဆင့်ဆင့်မျိုးပွားယူခဲ့ရသော ဗောဓိပင်တို့ကို ကျောင်းကန်ဘုရားတို့၏ ပရိဝုဏ်အတွင်း အလေးအမြတ်ပြု၍ စိုက်ပျိုးပူဇော်ထားလေ့ရှိပေသည်။ သီတဂူဗောဓိ–သဒ္ဓမ္မသီတဂူ ဆရာတော်ကမ္ဘာလှည့်သာသနာပြုရာမှအပြန် သီဟိုဠ်ကျွန်း သင်္ဃမိတ္တာ ဗောဓိပင်မှ မျိုးပွားတပင်ကို ကိုးစားရာအရှင်အဖြစ် ပင့်ဆောင်ခဲ့ပါသည်။

၁၃၄၆ ခုနှစ်၊ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် အောက်ပါအစီအစဉ်အတိုင်း ခမ်းနားကြီးကျယ်စွာဖြင့် ဗောဓိပင်ကို စိုက်ပျိုးပူဇော်သည်။ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း ဒါယကာ၊ဒါယိကာမများနှင့် တောင်ရိုးပျော် သီလရှင်အားလုံးတို့သည် နံနက် ငါးနာရီတွင် အစီအစဉ်ကျ စုရုံးမိသည်နှင့် တပြိုင်နက် ပြင်ဆင်မှုမရှိသော မိုးမင်းသည် အေးချမ်းသော နိမိတ်ကိုဆောင်ကာ မစဲပဲ တဖွဲဖွဲ မိုးပွင့်များ ကြဲချလျက် ရှိပေသည်။

သာသနဒ္ဓဇအလံကိုင် တဦး၊ တံခွန်ကုက္ကားကိုင်နှစ်ဦးနှင့် ရှင်ဘုရင်တဦး၊ ဗောဓိပင်ပင့် မင်းညီမင်းသား လေးဦး၊ နံ့သာရေနံ့သာနှစ်အိုး ရှစ်လုံးနှင့်ရေ အမျိုးသမီးရှစ်ဦး၊ ပန်းမျိုးစုံအမွှေးတိုင် ဖယောင်းတိုင်စသော ပူဇော်ဖွယ် အသွယ်သွယ်တို့ကို ကိုင်ဆောင်ကြသောအမျိုးသမီးများ၊ သီလရှင်ဆရာများ၊ ဝန်းအခင်းအကျင်းနှင့် မစိုးရိမ်ကျောင်းမှ လက်ယာရစ်ပတ်ရန် ကားလမ်းအတိုင်းဆင်း ရွှေပြည်အေးလမ်းမှ ကိန္နရာချောင်သို့ဖြတ်လျက် သီတဂူချောင် စိုက်ပျိုးမည့်နေရာသို့ ပင့်ဆောင်ကြသည်။

အဒေသာကမင်းတရားသည် ဂင်္ဂါမောက္ခ မထေရ်တထောင် ဇမ္ဗူဒိပ်၌ အဘိဘိက်သွန်းကြသော မင်းပေါင်းတထောင်နှင့်တကွရံလျက် ဗောဓိပင်ကို နှစ်သက်မှု ပြင်းပြ၍ ဇမ္ဗူဒိပ်တကျွန်းလုံး၏ မင်းစည်းစိမ်ဖြင့် ပူဇော်သလို သီတဂူ ဆရာတော်လည်း ဖြစ်နိုင်သမျှ သံဃာတော် များ၊ သီလရှင် လူပရိသတ်တို့ရံလျက် မိမိဆည်းပူးခဲ့သော ပါရမီအစုံထုံလျက်ရှိသောကိုယ်လုံးဖြင့် ပူဇော်ခဲ့လေသည်။

အသောကသည် ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ပြီး သုံးကြိမ် လက်ယာရစ် ရှစ်ဌာနတို့မှ ရှိခိုးပူဇော်သလို သုံးကြိမ် လက်ယာရစ်၍ ရှိခိုးပူဇော်ခဲ့လေသည်။

ထို့နောက် မင်းညီမင်းသား လေးဦးက ဗောဓိပင်ကို ရှင်ဘုရင်လက်သို့ အပ်နှင်းသည်။ ရှင်ဘုရင်က ဆရာတော်လက်သို့ ဦးထိပ်ချီ၍ ဆက်ကပ်သည်။ ဆရာတော် ညွှန်ပြသော နေရာတွင် ကပ္ပိယကာရကများက စိုက်ပျိုးကြသည်။

ထိုအခါ သံဃာတော်အပေါင်းက နှစ်ထောင်းပီတိ ကိုယ်လုံးအိလျက် ဗောဓိပူဇာဂါထာ၊ ဇယမင်္ဂလာ ဂါထာများ ရွတ်ဖတ်ပူဇော်ကြသည်။ နဂါးဂဠုန် နတ်ဗြဟ္မာတို့က အဆင့်ဆင့်ဘုရားရှင်သည် မာရ်နတ်ကို အောင်လေပြီဟု သုံးကြိမ်ကောင်းချီးပေး ကြွေးကြော်ပြီးသည်နှင့် သံဃာတော်များက ဇယောတိ စသော လေးဂါထာကို ရွတ်ဖတ်ပူဇော်ကြပြန်သည်။

ဒါယကာ၊ ဒါယိကာမအပေါင်းတို့က နံ့သာရေ၊ နံ့သာနှစ်၊ ပန်းဆီမီးတို့ဖြင့် နှစ်ထောင်းအားရ ပူဇော်ကြသည်။ ပန်းပေါက်ပေါက်တွင် ငွေစနှောက်၍ မြောက်ချိပူဇော်ကြသည်။

နိဂုံးချုပ်အနေဖြင့် ဆရာတော်သည် ဗာဟိရနိဒါန်းမှ လာရှိသော ဗောဓိအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ထည်ထည်ဝါဝါနှင့် မြန်မာတို့ ရှေးပုဂံခေတ်ဦးလောက်ကပင် ဗောဓိပင်စိုက်ပျိုးပူဇော်လေ့ရှိကြောင်းကို အနုမောဒနာပြုနိုင်ရန် ဟော ပြော၍ အမေးအဖြေနားကို ရုပ်သိမ်းခဲ့လေသည်။ ဟောပြောသံသည် လျှို လုံး သိမ့်၍သိမ့်၍ သွားနေ၏။ ကိုယ်နှလုံး စိမ့်၍ စိမ့်၍ သွားစေ၏။ သာဓုသံလည်း ခြိမ့်၍ခြိမ့်၍သွန်း၏။ ငြိမ့်၍ငြိမ့်၍ မွန်း၏။

အံ့ဩစရာ ကောင်းသည်ကား ဗောဓိပင်မပင့်မီက မိုးပွင့်များကျဲလျက် ပင့်ဆောင်ရာ ကာလ၌ကား ပို၍ပါးသွားသည်။ ပို၍ဖွားသွားသည်။ စိုက်ပျိုးပြီးသည်နှင့် မပြင်းမပြ သဲချခဲ့လေပြီ။ အဝိညာဏက မိုးမင်းကောင်းချီးပေးမှုကား အံ့ဖွယ်ကောင်းပေစွ။

## လေ့လာရေးခရီး

ဗောဓိပင်ကိုလေ့လာရန် စစ်ကိုင်းမြေမှ ဆရာတော်ညွှန်ပြသော မြန်မာပြည် သာသနာဝင် စတင်ရာ ပုဂံမြေအရောက် တကိုယ်တော် လေ့လာရေးခရီးဆန္ဒခဲ့ပေသည်။ ထိုခရီးတွင် တွေ့ဆုံခဲ့ရသော မိတ်ကောင်းဆွေကောင်းများနှင့် နှီးနှောခွင့်၊ မေးမြန်းခွင့်၊ ဝေဖန်ခွင့်၊ မှတ်သားခွင့်များရ၍ ပျော်စရာကောင်းသော ခရီးတခုဖြစ်ခဲ့ရပါသည်။

မိတ်ဆွေတို့၏ သည်းခံမှုနှင့် စိတ်ရှည်မှုကား အတိုင်းအဆမရှိ ကြီးမားဘိ၏။ ငြိမ်သက်စွာနေ၍ အေးချမ်းစွာ ပြောပြတတ်မှု၊ ကူညီတတ်မှုကား အံ့ဩ၍မကုန်နိုင်တော့ပေ။

တွေ့ဆုံခဲ့ရသော မိတ်ကောင်းဆွေကောင်းများကား အခြားမဟုတ် စာအုပ်စာပေများဖြစ်ပါသည်။

ထိုစာအုပ် စာပေ မိတ်ဆွေတွေနှင့် စာဥယျာဉ်တွင် ဆုံဆည်းခဲ့ရစဉ် သူတို့တွင် ရှိသမျှ သိသမျှ သမိုင်းအချက်အလက် သုတစားဖွယ်များဖြင့်ဧည့်ခံရာ ရတတ်သမျှအချိန်၊ မှတ်တတ်သမျှ ဉာဏ်ဖြင့် မြိန်ရှက်စွာ စားသုံးခဲ့ပါသည်။

အထူးအဆန်း မြင်ရ စားရသော အခါ တဖန်ပြန်၍ ပြောချင်၊ စားမြုံ့ပြန်ချင် သော လောကဓမ္မတာအရ စာရေးသူလည်း စာအုပ်စာပေ မိတ်ဆွေတွေ ဧည့်ခံ ကျွေးမွေးလိုက်သော သုတစားဖွယ် အသွယ်သွယ်ကို ပြန်လည်တသ စားမြုံ့ပြန် ပြောပြလိုပါသည်။

## စစ်ကိုင်းအရိယာဝံသဗောဓိ

ဥမင်းကိုးဆယ်ဘုရား၏ အရှေ့ဘက်ချောက်၌ အရိယာဝံသချောင်ဟု ကမ္ပည်းတပ်သော ရှေးချောင်ဟောင်းကြီး တခုရှိသည်။ ထိုချောင်၌ အရှင်အရိယာဝံသဆရာတော် စိုက်စေခဲ့သည်ဟု ယူဆရသော ဗောဓိပင် တပင်ရှိ၏။ ထိုဗောဓိပင်ကိုကား အဓိကရဗောဓိပင်ဟု ဆိုသည်။

အကြောင်းသော်ကား အရှင်အရိယာဝံသထံ ဘုရင်မင်းခေါင် အဖူးအမြော်ရောက်စဥ် စီးတော် ဆင်မယာဥ်သာသည် ဗောဓိပင် အခက်ကို ချိုး၍စားရာ ထိုနေရာမှာပင် လဲကျ၍ ဆရာတော် သစ္စာပြု မေတ္တာပို့သွန်းမှ ဆင်ပြန်ရှင်လာသောကြောင့်ပင် ဖြစ်ပါသည်။ ဘုရင်မင်းခေါင်လည်း ဆင်ဖိုးအဖြစ် စေတီလေးဆူနှင့် မြစ်ဆင်းလမ်းကို ကျောက်ဖြာခင်း၍ လှူခဲ့ရသည်။ ဆင်ရှင်သော နေရာ၌လည်း ဆင်ရှင်စေတီ တဆူ တည်ထားတော်မူသည်။ ဗောဓိပင်စိုက်သော ခုနှစ်အသေအချာ မသိရ။ ယနေ့တိုင် မူလဗောဓိပင်၏ အုတ်ပလ္လင်နှင့်အတက် ဗောဓိပင် ရှိပါသေးသည်။

## ကျောက်တော်ကြီးတံတိုင်းအတွင်း မဇ္ဈိမဗောဓိ

သက္ကရာဇ် ၁၂၂၇ ခုနှစ် ကဆုန်လပြည့်နေ့ မဇ္ဈိမဒေသ မဟာဗောဓိပင်တော်အရပ်မှ ယူဆောင်ဆက်သသည့် ဗောဓိပင်တော်ကို ပွဲသဘင်ကြီးစွာ ခံတော်မူ၍ ထွက်တော်မူပြီးလျှင် ကျောက်တော်ကြီးဘုရား မဟာရာမ်တံတိုင်းအတွင်းအရှေ့မြောက်ထောင့်အရပ်တွင် အခါတော် အမြောက်သုံးချက်ကြား၍ မင်းတရားကြီးကိုယ်တော်တိုင် စိုက်ပျိုးတော်မူပြီးလျှင် မင်းမိဖုရား၊ မင်းညီမင်းသား၊ မှူးတော်မတ်တော်များ မြေဖို့ညှိရသည်။ နောက်ဝါဆိုလပြည့်ကျော် ၄ ရက် သောကြာနေ့ မဟာရာမ် အပြင်တံတိုင်းအတွင်း အနောက်မြောက်ထောင့် အရပ်၌ ရှေးနည်း အတိုင်း ကိုယ်တော်တိုင် စိုက်ပျိုးတော်မူသည်။

## မန္တလေးဗောဓိ(သီဟိုဠ်မျိုး)

ရတနာပုံမြို့တည်နန်းတည် မင်းတရားကြီးသည်။ ၁၂၂၁ ခုနှစ် ဥပုသ်တော်ခေါင်း ငမွေး ငအောင်ထွန်းတို့ သီဟိုဠ်ကျွန်းမှ ပင့်ဆောင်ခဲ့သော ဗောဓိပင်ကို စစ်ကိုင်းမြို့ အောင်မြေ လောကဆိပ်ကမ်း တန်ဆောင်း၌ အင်း၀ စစ်ကိုင်းပြည်သူ ပူဇော်ရန်အတွက် ရက်ပေါင်းသုံးဆယ် ဆိုင်းငံ့ပူဇော်စေပြီးနောက်၊ ရှမ်းကလေးကျွန်းဆိပ်၌ လေးရက်တိုင် ပူဇော်စေပြီးလျှင် ရွှေမြို့ တော် ဖောင်တော်ဆိပ်သို့ရောက်ကာလ နယုန်လဆန်း ၁၄ ရက်နေ့ တပ်ဝန်း အခင်းအကျင်း စုံလင်စွာဖြင့် မောရိယပစ္စယနာဂ ဆင်မင်းထက် တင်ဆောင်ပင့်ယူ၍၊ ရွှေနန်းတော်အတွင်း ပဟိုရ်စင်အနောက် ကြီးကျယ်စွာ ဆောက်အပ်သော အာလိန်ဧါးဆင့် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ် သို့ပင့်ဆောင် ပူဇော်ပြီးလျှင်၊ ယင်းလပြည့်ကျော် ၆ ရက် သောကြာနေ့ နေ့တချက်တီးကျော် ၃ နာရီ ၂ ပါဒ် ၅ ဗီဇနာ ၂ ပြန် တခရာအချိန် ရွှေမြို့တော်တောင် မဟာနွယ်စဥ်ရပ် တိုင်းတာ မြို့စား ကျောင်းတိုက်အတွင်း သာသနာပြုဆရာတော်၊ မင်းညီမင်းသား၊ မှူးမတ်အပေါင်းတို့နှင့် တကွ ခမ်းနားကြီးကျယ်စွာ စိုက်ပျိုးတော်မူသည်။

## ရန်ကုန်ဗောဓိ

သက္ကရာဇ် ၁၂၀၃ ရွှေဘိုမင်းတရားသည် ပြည်ကြီးမွန်ရတနာ ရွှေဖောင်တော်ဖြင့် ဥက္ကလာပသို့ စုန်တော်မူပြီးလျှင် ဟံသာဝတီမင်္ဂလာအဝင် အသီတစ္ဆ ပေါက္ခရဝတီမည်သော

ဒဂုံတောင်ထိပ် စကျင်ရိပ်တွင် တာဝန်း ၃၀၀၀ ရှိသော မြေမြို့ကို နောက်တော်ပါ မင်းညီမင်းသား၊ မှူးမတ် ရဲမက်အပေါင်းတို့ကို အသီးသီးဘာဝန် ဝေငှပေးအပ်တော်မူ၍ ကျုံးပြောင်း တံခါးစသော မြို့အင်္ဂါနှင့် ပြည့်စုံစွာ ခုနစ်ရက်အတွင်း တည်သောက်ပြီးလျှင်၊ မြို့တော်ကို "အောင်မြေရန်နှင်" နန်းတော်ကို "မြဟ်နန်းအောင်ချာ" သမုတ်၍ စံတော်မူစဉ် ဒဂုံဆံတော်ရှင် အစောင့်တဦးက သီဟိုဠ်မှ ပင့်ဆောင်စိုက်ပျိုးသော မဟာဗောဓိပင်ရှိကြောင်းကို သာသနာပြုဆရာတော်ထံ လျှောက်ထား ကြားသိသဖြင့် ကြည့်ရှုရှာဖွေသော ကာလ၊ ဆံတော်ရှင်ဘုရားအနောက်မြောက် သစ်ပင် ချုံနွယ် ယှက်ဖုံးလျက် အကိုင်းအခက် ပျက်စီးနေသော ဗောဓိပင်ကို တွေ့ရှိသည်နှင့် အစေအပါး ဒါယကာများကို ဗောဓိပင် ထက်ဝန်းကျင်မှ စေတီတိုင်အောင် သုတ်သင်ရှင်းလင်းစေသည်။ မည်သူစိုက်ပျိုးခဲ့သည်ဟု မသိနိုင်ပေ။

## အင်းဝမြို့ ဘကြီးတော်ဗောဓိ

ဘကြီးတော်မင်းတရားကြီးသည် မဇ္ဈိမဒေသ ဗုဒ္ဓဂါယာမှ ဝန်ထောက်မင်းကြီး မဟာစည်သူ စာရေးမင်းကြီး မင်းလှကျော်ထင် အသုံးစာရေးနေရာ ရွှေတောင်နော်ရထာတို့ပင့်ဆောင်ခဲ့သော မဟာဗောဓိပင်တော်ကို အဓွန့်ရှည်စွာ တည်စေရာသော ထာဝရကုသိုလ်တော် ဖြစ်၍ သာသနာပြုဆရာတော်၊ မင်းညီမင်းသား မှူးတော်မတ်တော်များတို့နှင့် တိုင်ပင်ရွေးချယ်တော်မူပြီးလျှင် ရွှေနန်းတော်မှ အနောက်တောင်အရပ် အလုံဝန်ကြီး ကိုးကွယ်သည့် ကျောင်းတိုင်အတွင်း မြေကွက်လပ်တွင်၊ သက္ကရာဇ် ၁၁၉၆ ခု တန်ဆောင်မုန်းလဆန်း ၄ ရက်နေ့ တပ်ဝန်းအခင်းအကျင်း ပွဲသဘင်စုံများနှင့် ကြီးကျယ်စွာ ရွှေမဟာဗောဓိပင်စိုက် စာတမ်းစာဟောင်းအတိုင်း ကိုယ်တော်တိုင် စိုက်ပျိုးတော်မူပြီးလျှင်၊ အုတ်ရိုးပလ္လင် ဘေးမျက်နှာဝန်းကျင် တံတိုင်းမီးတားနှစ်ထပ် မုခ်ပြသာဒ်နှင့် တင့်တယ်ဆန်းကျယ်စွာ တည်ထားကိုးကွယ်တော်မူသည်။

## ပင်းယဗောဓိ

သက္ကရာဇ် ၆၇၄ ခုနှစ် ပင်းယမြို့၌ နန်းတက်သော ဥဇနာမင်းသည် ပင်းကြားအရပ်၌ စကားခုနစ်ကျောင်းကို တည်ပြီးလျှင် သီလဝန်၊ ဂုဏဝန်ပုဂ္ဂိုလ်တို့အား အသီးသီးလှူတော်မူ၍ ကျောင်းအရှေ့မြောက်ထောင့်၌ လက်တော်ကိုင်၍ ဗောဓိညောင် စိုက်တော်မူသည်။

## ဗောဓိပင်သွားမှတ်တမ်းများ

၁၂၃၆ ခု နတ်တော်လဆန်း ၁၂ ရက်နေ့၊ ဝန်ထောက်မင်း ဦးချိန်ကို ဗောဓိဝဂခု ပူဇော်ဖွယ်တို့ဖြင့် ပူဇော်စေရန် စေလွှတ်သည်ဟူသော မှတ်တမ်းမျိုး၊ ခရစ်သက္ကရာဇ် ၁၈၈၁ ခုနှစ်တွင် မဟာဗောဓိပင်၏ သဏ္ဌာန်ကို အောက်ပါအတိုင်း မှတ်တမ်းတင်ခဲ့ကြ၏။

ထွာဆိုင်ညှိဆိုင်ကို မရေးမဆို ၎င်းထက်ကြီးသည့် ခက်လက်တို့သာ ရေးဆိုသည်ဆိုကာ ခက်မ ခက်လက်တို့ နေပုံကို အကျယ်တဝင့် မှတ်တမ်းတင်သော စာမျိုး၊ ခရစ်သက္ကရာဇ် ၁၀၇၆ခု နှစ်တွင် ပညာလောက်ဝေစွာသော မတိမာမည်သော မထေရ်ကြီးသည် မဟာဗောဓိပင် ရှိခိုး လိမ့်ဟု သွားပါလေ၏ အစချီသော မတိမာမထေရ်မှတ်တမ်းမျိုး၊ သက္ကရာဇ် ၈၃၇ ခု တပို့တွဲ လပြည့်ကျော် ၁၂ ရက် တနင်္ဂနွေနေ့၌ ရာဇာဓိပတိမင်း စေလွှတ်အပ်သော မောဂ္ဂလ္လာန် ဦး ဆောင်သော မထေရ် ၂၂ ပါး သီဟိုဠ်ကျွန်းသို့ ကြွသွားရာ စီစဉ်ထည့်ပေးလိုက်သော ပူဇော် ဖွယ်တို့ဖြင့် ဗောဓိပင် ၂၂ ပင်ကို ပူဇော်ကြလေသည် ဟူသော ကလျာဏီကျောက်စာမှတ်တမ်း မျိုး၊ အရှင်ပြာဏဒဿီသည် လောကီစျာန်ကိုရ၍ သထုံပြည်မှ မဇ္ဈိမဒေသ မဟာဗောဓိသို့ နေ့တိုင်းဝတ်ပြုပြီး သထုံပြည်၌ နံနက်ဆွမ်းခံတော်မူ၏။ ထိုအရှင်ကား ပုဂံသာသနာပြု ရှင်အရဟံ ခေါ် ရှင်ဓမ္မဒဿီ၏ ဆရာအရှင် မဟာကာဠ၊ အရှင်သီလဗုဒ္ဓိတို့၏ ဆရာလည်းဖြစ်၏။ ဗောဓိပင် သို့ ရှေးဦးစွာ အဖူးအမြော် ဝတ်ပြုရောက်သော ပုဂ္ဂိုလ်ကြီးတည်း'' ဟူသော မဟာဝိဇ္ဇောဒယ ဆရာတော်၏ မှတ်တမ်းမျိုး အရ ''ဒုမရာဇ''မဟာဗောဓိပင်သို့ ကာလမရွေး သွားရောက်ပူဇော် ကြကြောင်း သိရပေသည်။

## ပုဂံဗောဓိ

ပုဂံပြည်တွင် ၁၆၀၁ ခုနှစ် ရှင်အရဟံနှင့် အနော်ရထာတို့ခေတ် ပုရိမသာသနာ၌ လည်း ကောင်း၊ သာသနာ ၁၇၂၅ ခုနှစ် သီဟိုဠ်ပြန် ရှင်ဆပ္ပဒနှင့် နရပတိစည်သူတို့ခေတ် ပစ္ဆိမ သာသနာ၌လည်းကောင်း၊ ဗောဓိပင်ကို စိုက်ပျိုးပူဇော်ခဲ့ကြလေသည်။

မိမိတို့ တည်ဆောက်သော ကျောင်းအာရာမ်အတွင်း၌လည်း ဗောဓိပင် (ညောင်ပင်)ကို စိုက်လေ့ရှိကြောင်းကို ပေါ်တော်မူဘုရား ကျောက်စာ ကြောင်းရေသုံးတွင်''တောင်လေပ္လုအြ် ညောင် ရှေစ်ပင်စိုက်ဖေုန်းသည်''၊ ဇေယျသိန် ကျောက်စာ ကြောင်းရေနှစ်တွင်''တောင်ပ္လုအြ် ညောင်ရပင်စိုက်အေ်''၊ မင်းမတ်ညာဏ ပီစည်ကျောက်စာကြောင်းရေ ၁၄ တွင်''ညောင် ၃ ပင် စိုက်အေ်''ဟု ဝမ်းမြောက်ဂုဏ်ယူစွာ ရေးထိုး အသိပေးခဲ့ကြပါသည်။

ဗုဒ္ဓဂါယာမှ ယူခဲ့သော ညောင်စေ့မှပေါက်သည့် ညောင်ပင်ကို တံတိုင်းရံသည်ဟုအဆို ရှိ၍ တံတိုင်းရံပတ်၍ ပူဇော်ခဲ့ကြသည်ကိုလည်း သိခွင့်ရခဲ့ပေသည်။

ဒေါက်တာသန်းထွန်း ခေတ်ဟောင်းမြန်မာ ရာဇဝင်၌ မိဖုရားတပါး မိမိကျောင်း ဝင်းတွင် စိုက်သော ညောင်ပင်မှာ ဘုရားပွင့်သောညောင်၏ အစေ့မှပေါက်သော အပင် ဟု မော်ကွန်းထိုးခဲ့ဖူး၏ ဟု ဆိုထားချက်ရှိပါသည်။ မိဖုရားက ဤကဲ့သို့ မော်ကွန်းထိုး ဂုဏ်ယူခဲ့ရိုးရှိ၍လည်း ကျောင်းအမကြီး ဒေါ်မြမြ၊ ကျောင်းအမကြီး ဒေါ်သန်းနွဲ့တို့ လည်း မိမိတို့တည်ဆောက်သော ကျောင်းအာရာမ်အတွင်း အထူးသဖြင့် မိမိကောင်းမှု ကျောင်းနှင့် ကပ်လျက် အရှေ့တောင်ထောင့် နေရာမြတ်တွင် ''သီတဂူဗောဓိပင်''စိုက်ပျိုး ပူဇော်ရခြင်း အတွက် ပီတိယုံကြည် ဂုဏ်ယူသင့်လှပါကြောင်း။

ကိုရင်စစ်

# ခန္ဓာကိုယ်နှင့်ရေ

## ဒေါက်တာဦးဝင်းနိုင်



" ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တန်နက်''ဟု ခန္ဓာကိုယ်အတွက် ရေမှာ အထူး လိုအပ်ကြောင်း တင်စားထားသော ရှေးရိုး စကား ရှိခဲ့ပါသည်။ မှန်ပါသည်။ ရေမရှိပါက မည်သည့်သက်ရှိသတ္တဝါမှ အသက်ရှင်နိုင်မည် မဟုတ်ပါ။ ဆေးသိပ္ပံကျမ်းများအရ ရေလုံးဝ မသောက်သုံးနိုင်အောင် ချုပ်တည်းထားသော လူတယောက်သည် ၎င်း၏ခန္ဓာကိုယ်တွင်ရှိသော ရေ၏ ၁၀-၂၀ ရာခိုင်နှုန်း ကုန်ဆုံးသည်နှင့် အသက်သေဆုံးဖွယ်ရာ ရှိပါသည်။ ရေသောက် ခွင့်ရပြီး အစာအာဟာရ လုံးဝ ဖြတ်တောက် ထားသော လူတယောက်မှာမူ သီတင်းပါတ် ပေါင်းများစွာ အသက်ရှင်နိုင်၍ ခန္ဓာကိုယ်ရှိ အဆီဓာတ်နှင့် ၅၀ ရာခိုင်နှုန်းသော အသား ဓာတ်တို့ ကုန်ဆုံးမှသာ အသက် သေဆုံးပါ မည်။

သာမန်လူတယောက်၏ ၆၅ မှ ၇၀ရာနှုန်း သော ခန္ဓာအစိတ်အပိုင်းသည် ရေသာဖြစ်ပါ သည်။ အမျိုးသမီးများမှာမူ အဆီဓာတ်ပိုမိုများ ၍ ခန္ဓာ၏ ၅၀ မှ ၅၅ ရာနှုန်းမှာ ရေဖြစ်ပေ သည်။ အသက်အရွယ် ငယ်ချိန်တွင် ငယ်ရွယ် သလောက် ခန္ဓာရှိရေ၏ ရာနှုန်း ပိုမိုများပြား ပြီး အသက်ကြီးရင့်လာသောအခါ ရေရာနှုန်း နည်းပါးခန်းခြောက် တတ်ပေသည်။ ဇယား ၁ ကို လေ့လာခြင်းအားဖြင့် ဤအချက်ကို ပိုမို ထင်ရှားစွာ သဘောပေါက်နိုင်ပါသည်။

ဇယား ၁။ အသက် အပိုင်းအခြားလိုက်၍ ခန္ဓာကိုယ်ရှိ ရေ၏ အလေးချိန် ရာခိုင်နှုန်း

F.45

(ကျား×မ)

| | | | | | |
|---|---|---|---|---|---|
| သန္ဓေသား | ၀ | - | ၃ လ | ၉၄ |
| | ၃ လ | - | ၆ လ | ၈၉ |
| | ၆ လ | - | ၉ လ | ၈၅ |
| | ၀ | - | ၆ လ | ၇၂ |
| | ၆ လ | - | ၂ နှစ် | ၇၀ |
| မီးဖွားပြီး | ၂ နှစ် | - | ၇ နှစ် | ၆၃ |
| | ၇ နှစ် | - | ၁၆ နှစ် | ၅၈ |
| | ၂၂ နှစ် | - | ၅၈ နှစ် | ၅၂ |
| | ၇၁ နှစ် | - | ၈၄ နှစ် | ၅၁ |

တဖန် ထပ်မံ၍ ခန္ဓာကိုယ်ထဲ၌ ရှိသော ရေသည် မည်သည့် အင်္ဂါအစိတ်အပိုင်းများတွင် မည်ရွေ့မည်မျှ ပျံ့နှံ့နေသည်ကို ဇယား ၂ တွင် လေ့လာခြင်းအားဖြင့် သိရှိနိုင်ပါသည်။

ဇယား ၂။ ကိုယ်အင်္ဂါအစိတ်အပိုင်း အသီးသီး၌ ရေပျံ့နှံ့တည်ရှိပုံ ရာခိုင်နှုန်းဖြင့် ဖော်ပြထားသည်။

| | | | |
|---|---|---|---|
| အသား | ၅၀·၈ | ဦးနှောက် | ၂·၇ |
| အရိုး | ၁၂·၅ | အဆုတ် | ၂·၄ |
| အရေပြား | ၆·၆ | အဆီ | ၂·၃ |
| သွေး | ၄·၇ | ကျောက်ကပ် | ၀·၆ |
| အူ | ၃·၂ | ဗေလုံး | ၀·၄ |
| အသည်း | ၂·၈ | အခြားအင်္ဂါများ | ၁၁·၀ |
| | | | ၁၀၀·၀ |

ရေသည် ခန္ဓာကိုယ်တွင် အဓိက အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်တာဝန်ထမ်းဆောင်ရပေသည်။ ခန္ဓာကိုယ်အတွက် အလိုအပ်ဆုံးသော အာဟာရဓာတ်သည် ရေတွင်စိမ့်ပျော်၍ ခန္ဓာကိုယ် အနှံ့အပြားကို ရောက်အောင်ပေးရသကဲ့သို့ ကိုယ်အနှံ့မှ ထွက်လာသော အညစ်အကြေးဓာတ်များကိုလည်း ပြင်ပသို့ ဆီးမှတဆင့် စွန့်ထုတ်ရန် ကျောက်ကပ်သို့ ရေမှပင် သယ်ဆောင်ပေးရလေသည်။ ရာသီဥတု ပူပြင်းသောကာလ၊ ချမ်းအေးသောကာလများတွင် လူ၏ခန္ဓာကိုယ် အပူချိန်ပြောင်းလဲသွား စေခြင်း မရှိပဲ မူလပုံမှန်အတိုင်း ထိန်းသိမ်းရာ၌ ရေသည်အထူးအရေးပါလှသည်။ ပူပြင်းသော ရာသီများတွင် အရေပြားမှ ချွေးအဖြစ်ထွက်၍ ခန္ဓာကိုယ်အေးစေပြီး အသုံးပါချွေးအငွေ့ပျံခြင်းဖြင့် အပူဓာတ်များ စုတ်ထုတ်ပစ်ရာ ရောက်ပေသည်။ အေးချမ်းလွန်းသောရာသီများတွင်လည်း ရေသည် အဆီနှင့်အတူ ခန္ဓာကိုယ်တွင်းရှိ အင်္ဂါများ ခဲသွားစေခြင်းမှ ကာကွယ်ပေးသည်။

ထို့ကြောင့် ရာသီဥတု မည်မျှပြောင်းစေကာမူ ခန္ဓာကိုယ်အတွင်း ရှိသင့်ရှိထိုက်သော အနွေးဓာတ်ကို မပြောင်းလဲစေပဲ (၉၈·၄ ဖါရင်ဟိုက်) အပူဒီဂရီ အမြဲမှန်နေအောင် ထိန်းသိမ်းနိုင်ပေသည်။

၂၄ နာရီအတွင်း မိမိကိုယ်တွင်းမှ ပြင်ပသို့ စွန့်ပစ်လိုက်သော ရေ၏ ပမာဏမှာ ဂါလံဝက်ခန့်ရှိပေသည်။ပြန်လည်ဖြည့်တင်းလိုက်သော အစားအသောက်နှင့်သောက်ရေမှ ရသောရေမှာ အဆိုပါ ပမာဏအတိုင်းပင်ဖြစ်ရာ ခန္ဓာကိုယ်အတွင်းရှိ ရေထုထယ်သည် အမြဲမူလအတိုင်းပင် လျော့နည်းသွားခြင်း၊ ပိုသွားခြင်းမရှိ၊ နဂိုစံချိန်အတိုင်း တည်ရှိလျက်သာရှိကြောင်း အံ့ဩဖွယ်ရာ တွေ့ရှိရပေသည်။

လူတိုင်းလူတိုင်းသည် မိမိလိုအပ်သော ရေအတွက် သောက်ရေနှင့် အစားအသောက်များမှ တဆင့် ရရှိကြပေသည်။ ခန္ဓာကိုယ်အတွင်းမှလည်း ရေဖြစ်ပေါ်ပါသေးသည်။အစာများခြေချက်ရာမှတဆင့် အောက်ဆီဂျင်ဓာတ်နှင့် ဟိုက်ဒရိုဂျင်ဓာတ်တို့ ဓာတ်ပေါင်းအဖြစ် ပေါင်းမိပြီး ရေပေါ်ထွန်းလာပါသည်။

လူတဦးနှင့် တယောက် သောက်ကြသော ရေပမာဏမှာ ရာသီဥတု၊ အလုပ်အကိုင်နှင့် ရေသောက်တတ်သော ဓလေ့များအပေါ်မူတည်၍ မတူညီကြချေ။ ပူအိုက်လှသော နွေရာသီတွင် ကာယလုပ်သားကြီးများ အနေနှင့် အများဆုံး (ဖြစ်နိုင်ပါက ဆားအနည်းငယ်နှင့်)သောက်ရန် လိုအပ်ပြီး ဆောင်းဦးဥတုကာလ ငြိမ်သက်စွာ တရားရှုမှတ်နေသော ယောဂီများအဖို့ ရေလိုအပ်မှု နည်းပါးပေမည်။

ဇယား ၃။ ရာသီဥတု မျှတသောကာလတွင် အမျိုးသားတဦးအတွက် ရေဝင်ထွက် ပမာဏ (မလ–မီလီမီတာ၊ သို့မဟုတ် ကုဗစင်တီမီတာဖြင့် ပြထားသည်)။

| ဝင်သောရေ | | ထွက်သောရေ | |
|---|---|---|---|
| သောက်သောအရေများ | ၁၃၀၀ မလ၊ | ဆီးမှ | ၁၅၀၀ မလ၊ |
| အစားအစာ | ၈၅၀ ။ | ရှူထုတ်သောလေမှ | ၄၀၀ ။ |
| ခန္ဓာကိုယ်၌ ဖြစ်ပေါ်ခြင်း | ၃၅၀ ။ | အရေပြားမှ | ၅၀၀ ။ |
| | | မစင်မှ | ၁၀၀ ။ |
| စုစုပေါင်း = | ၂၅၀၀ ။ | | ၂၅၀၀ ။ |

ဇယား ၃ အရ မျှတသော ရာသီဥတုမျိုးတွင် လူတယောက်သည် အရေဓာတ် ၂၅၀၀ မီလီမီတာခန့် လိုအပ်ပြီး ခန္ဓာကိုယ်မှ စွန့်ပစ်သည်မှာလည်း အဆိုပါ ပမာဏခန့်ပင် ဖြစ်ပေရာ တိုးခြင်း၊ လျော့ခြင်း မရှိ၊ မူလစံချိန်အတိုင်းပင် တည်ရှိကြောင်း သိနိုင်ပေသည်။

ခန္ဓာကိုယ်အတွင်းဝယ် အရေးပါလှသော လုပ်ငန်းများ လုပ်ဆောင်ရန် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရေလိုအပ်သကဲ့သို့ ခန္ဓာကိုယ်ပြင်ပ တကိုယ်ရေ ကျန်းမာသန့်ရှင်းရေးလုပ်ငန်း များအတွက်လည်း ရေမပါလျှင် မပြီးချေ။

ရေချိုးခြင်း၊ ဆေးကြောခြင်း၊ ချက်ပြုတ်ခြင်း၊ လျှော်ဖွတ်ခြင်း သစ်ပင်ပန်းမန်များ လောင်းခြင်း၊ အညစ်အကြေးသန့်စင်စေရေးတွင် သုံးခြင်း စသည့် တကိုယ်ရေ သန့်ရှင်းရေး နှင့် အထွေထွေ နေအိမ်သုံး ကိစ္စများအတွက် ရေသည် အထူးလိုအပ်ပါသည်။

လူတယောက်အဖို့ တနေ့တာသုံးစွဲရန် လိုအပ်မည့် ရေပမာဏကို ပြည်သူ့ ကျန်းမာရေး ဆိုင်ရာ စာအုပ်များ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ဇယား ၄။ တနေ့တာ လူတဦးသုံးစွဲရန် လိုအပ်မည့် ရေပမာဏ။

| | | |
|---|---|---|
| သောက်ရန် | ၀.၅ | ဂါလံ |
| ချက်ရန် | ၀.၅ | ။ |
| ဆေးကြောရန် | ၃.၀ | ။ |
| ရေချိုးရန် | ၈.၀ | ။ |
| အဝတ်လျှော်ရန် | ၅.၀ | ။ |
| အညစ်အကြေးသန့်စင်ရန် | ၃.၀ | ။ |
| စုစုပေါင်း – | ၂၀.၀ | ။ |

သီတဂူ ရေအလှူတော် စီမံကိန်းအရ တနေ့လျှင် ရေဂါလံပေါင်း တသိန်းကျော်လှူဒါန်း လျက်ရှိရာ စစ်ကိုင်းတောင်ရိုးရှိ ရဟန်းသာမဏေ သူတော်သီလရှင် ၅၀၀၀ ကျော်ခန့်အတွက် ဆိုပါမူ တနေ့အတွက် ရေဂါလံ ၂၀ နှုန်းနှင့်ပင် လှူဒါန်းနိုင်လျက် ရှိသည့်အတွက် "ကျန်းမာ သန့်ရှင်းရေးအတွက် ဆေးကျမ်းများ၏ စံချိန်ညွှန်းအတိုင်းပင် လုံလောက်စွာ လှူဒါန်းနေကြောင်း အားရဝမ်းမြောက်ဖွယ် တွေ့ရှိရပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၁၉၈၁ ခုနှစ်မှ ၁၉၉၀ ခုနှစ်အထိ ၁၀ နှစ်တာကာလကို "အပြည်ပြည်ဆိုင်ရာ သောက်သုံး ရေ ရရှိရေးနှင့် သန့်ရှင်းရေး ဆယ်စုနှစ်" International

Drinking Water Supply And Sanitation Decade 1981–1990. ဟူသော ကြွေးကြော်သံများဖြင့် ဖွံ့ဖြိုးဆဲ နိုင်ငံများတွင် ဆောင်ရွက်လျက်ရှိရာ ဆရာတော်အရှင် ဉာဏိဿရ (သပိတ်အိုင်)၏ “သီတဂူ ရေအလှူစီမံကိန်းကြီး” သည်လည်း ကမ္ဘာ့အဖွဲ့အစည်းများ နှင့်ပင် ရင်ဘောင်တန်းလျက် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ဂုဏ်ယူဖွယ် တင်ပြယင်း နိဂုံးချုပ်အပ် ပါသည်။

ဒေါက်တာဦးဝင်းနိုင်

မန္တလေးဆေးတက္ကသိုလ်
သီတဂူကပ္ပိယကာရက





စစ်ကိုင်းတောင်ရိုးတွင် ရဟန်းသာမဏေ သူတော်၊ သီလရှင်စသည်တို့ စိတ်ရွှင်လန်းချမ်းမြေ့စွာ တရားအားထုတ် မွေ့လျော်ကြရာတွင် လိုအပ်သောရေကို လွယ်လင့်တကူ ဖောသီစွာ ရရှိနိုင်အောင် သဒ္ဓမ္မသီတဂူချောင် ဆရာတော် အမှူးပြုလျက် သီတဂူရေအလှူတော် စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိကြောင်းကြားသိရသဖြင့် ပီတိလျှမ်းဖြာ ဝမ်းသာကြည်နူးရပေသည်။

ဤတွင် ရေအကြောင်းနှင့်ပတ်သက်၍ သိကောင်းစရာတို့ကို တင်ပြလိုပေသည်။

ရေသည် သတ္တလောကတွင် မရှိမဖြစ် လိုအပ်သောအရာဖြစ်၍ ရေ၌ ထူးခြားသော ဂုဏ်သတ္တိများရှိပေသည်။

၁။ ရေသည် ပကတိအားဖြင့် သန့်စင်ကြည်လင်ခြင်း၊

၂။ အရောင်၊ အရသာ၊ ပုံသဏ္ဌာန်ကင်းမဲ့ခြင်း၊

၃။ မျက်နှာပြင်ညီညာ၍ မြေဆွဲအား၊ ဖိအားတို့ တသမတ်တည်း ဆောင်ခြင်း၊

၄။ အညစ်အကြေးကို လျှော်နိုင်ခြင်း၊

၅။ ဒြပ်များကို ပျော်ကြေစေနိုင်ခြင်း၊

၆။ ခုတ်ပိုင်းဖြတ်ခြား၍အကြားမထင်ခြင်း၊

၇။ အခဲ၊ အရည်၊ အငွေ့ဟူသော အသွင်အမျိုးမျိုးဆောင်နိုင်ခြင်း၊

၈။ မွတ်သိပ်မှုကို ပြေပျောက်စေခြင်း၊

၉။ ပကတိအားဖြင့် အေးမြခြင်း၊

၁၀။ မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းခြင်း

စသော ဂုဏ်သတ္တိများသည်ရေ၌ထူးခြားစွာ တည်သော ဂုဏ်သတ္တိများပင်ဖြစ်ပါပေသည်။

လူ့ကိုယ်ခန္ဓာရှိဒြပ်အားလုံးတွင် သုံးပုံနှစ်ပုံသည် ရေဖြစ်ပေသည်။ သက်ရှိ သတ္တဝါသည် ရေနှင့်ကင်း၍ အသက်မရှည်နိုင်ပေ။ လူတို့သည် ကိုယ်ခန္ဓာမှဆီး၊ အခိုးစသည် အဖြစ်ဖြင့် ထွက်ပျောက်ကုန်ခန်းသော ရေအတွက် အမြဲတစေ ထပ်မံဖြည့်တင်းရပေသည်။ ရေ ကို သောက်၍

မွတ်သိပ်မှုပြေကာ ကိုယ်ခန္ဓာစက် လည်ပတ်စေရသည်၊ ရေကို ချီး၍ ကိုယ်ခန္ဓာ အပူအအေးမျှတအောင် အညစ်အကြေး စင်ကြယ်အောင်အား ထုတ်ရသည်၊ ရေထဲမှ သဘာဝ ဓာတ်များကိုလည်း ကိုယ်ခန္ဓာက စုပ်ယူရပေသည်။ ရေဓာတ်ကို တိုက်ရိုက် သောက်သုံးသော ရေမှလည်းကောင်း၊ နို့၊ ကော်ဖီ၊ အဖျော်ယမကာ စသည်တို့မှလည်းကောင်း၊ စားသုံးသမျှသော အခြားအာဟာရများမှလည်းကောင်း ရရှိကြပေသည်။ စင်စစ်အားဖြင့် လူတို့သည် အရည်နှင့် ရေကိုသာ စားသုံးနေကြသည် ဟု ဆိုနိုင်သောက် ပေသည်။

သားငါးပြုရလျှင် အမြောက်၊ အခဲ၊ အဖတ်ဟု သာမန်အားဖြင့် မှတ်ယူသော အစားအစာများတွင် ရေဓာတ်များ အံ့သြလောက်ဖွယ်ရှိနေပေသည်၊ ရေပါသည်ဟု သိသာသော နို့၊ အသီး၊ အရွက်စသည်ကို အပထား၍ သာမန်အားဖြင့် ရေမပါရှိဟု ထင်ရသော အစားအစာများတွင် ရေပါရှိပုံကို အောက်ပါဇယား တွင် တွေ့မြင်ရပေမည်။

| | | | |
|---|---|---|---|
| နို့မှုန့် | ဂရမ် ၁၀၀ | ရေဓာတ် | ၆း၀ |
| ဆန်ဖြူ | ။ | ။ | ၁၂.၂ |
| ကုလားပဲ | ။ | ။ | ၁၀.၂ |
| ဝက်သား | ။ | ။ | ၆၃.၉ |
| ကြက်သား | ။ | ။ | ၇၄.၀ |
| ဆိတ်သား | ။ | ။ | ၇၂.၂ |

ဟူ၍ တွေ့ရှိရပေမည်၊ ရေပါဝင်မှု ရာခိုင်နှုန်းနှင့် တွက်လျှင်

| | | |
|---|---|---|
| ကြက်ဥ | ၆၅ | ရာခိုင်နှုန်း |
| ပေါင်မုန့် | ၃၅ | ။ |
| ငှက်ပျောသီး | ၇၉ | ။ |
| အာလူး | ၆၂ | ။ |
| ထောပတ် | ၁၁ | ။ |

ဟူ၍ တွေ့ရှိရပေမည်။

ဤသည်ကိုထောက်လျှင် စားသောက်သမျှ အာဟာရများတွင် အနည်းနှင့်အများ ရေပါဝင်နေ၍ စားသုံးသမျှပင်လျှင် ရေနှင့် မကင်းကြောင်း တွေ့ရှိရမည်ဖြစ်ပေသည်။

လူတို့စားသုံးသမျှ အသီးအနှံ၊ ဆန်စပါး၊ သားငါးစသည်တို့သည်လည်း ရေကိုမှီ၍ပေါက်ပွားကြီးထွားရသည်သာ ဖြစ်ပေသည်။ ရေရှိလျှင် ထိုစားစာအာဟာရတို့သည်လည်း ဖြစ်ထွန်းပေါပေါက်လာသည် မဟုတ်ပေ၊ ယုံမျှသာမက ရေကြောင်းခရီးကိုမှီ၍ကုန်သွယ်သွားလာရခြင်း၊ ဖြုံဖြူ တည်ဆောက်ရခြင်း၊ ရေကိုမှီ၍ စိုက်ပျိုးလုပ်ကိုင်ရုံသာမက ရေနွေးငွေ့စက်များလည် ပတ်ခြင်း၊ ရေရဟတ်များလည်ပတ်ခြင်း၊ ရေအား လျှပ်စစ် စက်ရုံများလည်ပတ်ခြင်းစသည် အားဖြင့် ရေ၏ စွမ်းအင်ကိုလည်း အသုံးပြုကြရပေသည်။ ရေ၏ ကျေးဇူးသည် လူ့လောကတွင် အများဆုံး တင်ရှိနေပေသည်။

ထိုမျှ သတ္တိထူး၍ ကျေးဇူးများသော ရေကို နေရာတိုင်းတွင် အလွယ်တကူ အလိုအလျောက် ရရှိနိုင်သည်ကား မဟုတ်ပေ။ မြေပြင်၌ မြစ်ချောင်းအင်းအိုင် စိမ့်စမ်း၊ ရေထွက်၊ ရေတံခွန်စသည်များရှိသော်လည်း နေရာတိုင်း၌ ရှိသည်မဟုတ်ပေ။ အပူပိုင်းဒေသ သဲကန္တာရများတွင် မြေပြင်ပေါ်၌သာ ရေရှားပါးသည် မဟုတ်ပဲ မြေအောက်နေရာမှာလည်း ဆုတ်ယုတ်ပေသည်။ ခန်းခြောက်လွယ်ခြင်း၊ ရေကိုစုတ်ယူ ထိန်းသိမ်းနိုင်စွမ်းမရှိခြင်း၊ မိုးနည်းပါး၍ ချောင်းမြောင်းများ တနှစ်ပတ်လုံး ရေမတင်ခြင်း၊ နေပူရှိန်ပြင်းခြင်း စသော သဘာဝချို့တဲ့မှုများရှိသော အခါ ရေရရန် အရေးမှာ လွန်စွာခက်ခဲရပေသည်။ ထိုဒေသများတွင် ရေတအိုးရရှိနိုင်ရန် မိုင်ပေါင်းများစွာ သွားရောက် ခပ်ယူရသည်

လည်း ရှိပေသည်။ တောင်မြောက်ချောက်ကြားတို့ကို ကျော်ဖြတ်ရသည်လည်း ရှိပေသည်။

စက်မှုဖွံ့ဖြိုးတိုးတက်မှုကြောင့်ရေစုပ်စက်၊ရေပိုက်ပြွန်များဖြင့်နက်နဲလှစွာသော အဝီစိတွင်းရေစသည်တို့ကိုစုပ်ယူသယ်ပို့လာပြီဖြစ်သော်လည်း စရိတ်အကုန်အကျ မသက်သာလှသဖြင့် တဖြည်းဖြည်းချင်းသာ ဆောင်ရွက်အားထုတ်လာနိုင်ကြပေသည်။

ကမ္ဘာ့ သဘာဝကိုကြည့်လျှင် ကမ္ဘာ၏ ထုထည်သည် ကုဗမိုင်ပေါင်း ၂၆၀,၀၀၀,၀၀၀ ၀၀၀ ဖြစ်၍ ရေထုကုဗမိုင်-၁၃၀၈,၀၀၀,၀၀၀ ဖြစ်၍ မြေထုသည် ကုဗမိုင်-၂၅၆,၀၀၁ ၀၀၀ ရှိပေသည်၊ ထို့ကြောင့် ရေထုသည် မြေထုထက် ငါးဆမျှရှိမည်ဟု ဆိုနိုင်ပေသည်။ သို့ရာတွင် သောက်သုံး၍မရသော ဆားငန် ပင်လယ် သမုဒ္ဒရာရေပြင်သည် စုစုပေါင်း စတုရန်းမိုင်-၁၃၉,၄၈၅,၁၈၉ ရှိနေပေသည်။ ထို့ကြောင့် သောက်သုံးနိုင်သော ရေသန့်ပမာဏမှာ ပိုလျှံများပြားလှသည် မဟုတ်ပေ။ မြစ်များအိုင်များတွင် ရွှံ့နွံအနည်အနှစ်များ ရှိနေသဖြင့် သောက်သုံးရေအတွက် စစ်၍သာ သုံးစွဲနိုင်ပေသည်။

သို့ဖြစ်၍ ကံကောင်းသောဒေသတို့၌သောက်ရေ သုံးရေအလျှံပယ် ရရှိနိုင်ကြသော်လည်း သဘာဝအလျောက် ရေကောင်းရေသန့်မရရှိနိုင်သော ဒေသများအတွက်မူကား လူတို့၏လုံ့လ ပယောဂဖြင့် ရနိုင်သော ရေကိုသိုလှောင်ခြင်း သွယ်ယူခြင်း၊ တူးယူခြင်းများ ပြုလုပ်ရန်လိုပေသည်။

စစ်ကိုင်းတောင်ရိုးသည် ဧရာဝတီမြစ်ကိုမြှောင်၍တည်ရှိသော်ငြားလည်း ကုန်းမြင့်ဒေသဖြစ်သဖြင့်တောင်ပေါ်ရှိ ချောင်များတွင် သောက်ရေသုံးရေရရှိရန် မလွယ်ကူပေ။တောင်ရိုးမှာ လျှိုမြောင်စိမ့်စမ်း ရေတံခွန်များ တနှစ်ပတ်လုံး ရေသွန်းထွက်နေသော ရေထွက်များ နည်းပါးလှပေသည်။ ထို့ကြောင့် အချို့ချောင်များတွင် ရေတွင်း ရေကန်ရှိသော်လည်းချောင်အများမှာ ရေအတွက် အခက်အခဲ ရှိခဲ့ပေသည်။

ယခုသော်ကား လူ့ဘဝတာအတွက် နေ့စဉ်လိုအပ်သောရေများကို ချောင်အနှံ့တွင် အလုံအလောက်ရရှိအောင် စီမံဆောင်ရွက်ခဲ့ကြသဖြင့် ဤကုသိုလ်မှာ မဟာကုသိုလ်ပင်ဖြစ်၍ အလွန်အကျိုးပြုသော အထောက်အပံ့ကြီးတရပ်ဖြစ်ပေသည်။ စစ်ကိုင်းတောင်ရိပ်ကိုခို၍ အမြိုက်တရားရှာကြသော ပုဂ္ဂိုလ်များအတွက် ကြောင့်ကြသောကကင်းစွာ တရားဘာဝနာပွားနိုင်ကြပေပြီ။ သိတဂူ ရေအလှူရှင်များအတွက် ပီတိပွားပြီးယင်း ပွားစရာသာပင် ဖြစ်ပေသည်။

ဤသို့ ဆောင်ရွက်အောင်မြင်ခဲ့ရာတွင် တည်ဆောက်ထားသော ရေကန်များ၊ ရေပိုက်ပြွန်များ၊ ရေတင်စက်များကို ပြုပြင်ထိန်းသိမ်းသွားရမည့် တာဝန်နှင့် စက်များလည်ပတ်စေရန် အစစကုန်ကျ စရိတ်များကား ထာဝစဉ်ဆက်လက်ကုန်ကျရန် ရှိနေပေသေးရာအမြဲတစေ ဆက်လက်၍ ကုသိုလ်ပြုကြမည့် အလှူရှင်များလည်း လိုအပ်နေမည်သာ ဖြစ်ပေသည်။

သဘာဝ၏ ထူးခြားသော စွမ်းအားသတ္တိကိန်းအောင်းရာ လူနှင့် သတ္တဝါတို့၏ အဓိကအာဟာရဖြစ်သော ရေကို ဖြည့်စွမ်းပေးလှူရခြင်းသည် အသက်ကိုပေးလှူခြင်း၊ အစာကိုပေးလှူခြင်း၊ ဆေးဝါးကိုပေးလှူခြင်း၊ ခွန်အားကိုပေးလှူခြင်း၊ အေးချမ်းသာယာမှုကို ပေးလှူခြင်းများနှင့်လည်း တူပေသည်။ ထို့ကြောင့် ထာဝရကုသိုလ် ပဒေသာပင်ကို ရှင်သန်ဖွံ့ဖြိုးနေအောင် သဒ္ဓါတရားထက်သန်စွာဖြင့် ဆက်လက်လှူဒါန်း ထောက်ပံ့ကြရန် နှိုးဆော်လိုပေသည်။

လှသမိန်




စိတ်ပညာရှုထောင့်မှအမြင်။

၁။ ''စစ်ကိုင်းတောင်ရိုးရှိ ရဟန်းသာမဏေ၊ သူတော်၊ သီလရှင် သူတော်စင်တို့အားရေဝေငှ လှူဒါန်းသည့် စီမံကိန်းကြီး အောင်မြင်သည့် အထိမ်းအမှတ်အဖြစ် သိုက်မြိုက်ခမ်းနားသည့် မှတ်တမ်းစာစောင်ကြီး''တွင် ပါဝင်ရေးသားရန် ကျွန်တော်တို့ ရိုသေလေးစားသော ပဓာန ဦးဆောင်ဆရာတော် အရှင်ဉာဏိဿရက တိုက်တွန်း၍၊ ကျွန်တော်တို့ ရိုသေ လေးစားသော ဆရာကြီး ဦးခင်မောင်လတ်နှင့်ဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့က ထပ်ဆင့် နှိုးဆော်လာပါသည်။ ရေလှူဒါန်းရခြင်း၏ ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော အကျိုးပေးမှုတို့ အကြောင်း လောကီ လောကုတ္တရာစာပေအသီးသီးတွင် ထင်ရှားရှိပြီး ဖြစ်၍ ကျွန်တော် ထပ်ဆင့်အမှွမ်းတင်ရန် မလိုပါ။ ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တမနက်ဟု စကားပုံ ဖွဲ့လောက် သည့် သောက်ရေ၏အရေးပါပုံကိုသာ စိတ်ပညာ ရှုထောင့်မှ ကျွန်တော် တင်ပြလိုပါသည်။

၂။ စိတ်ပညာတွင်''စေ့ဆော်မှု''[၁] ဟူသော ဝေါဟာရ ရှိပါသည်။ ''အပြုအမူ''တရပ် ဖြစ်ပေါ်စေရန် နှိုးဆော်တိုက်တွန်းသည့် သဘော ပါဝင်၏။ အထူးသဖြင့် သက်ရှိသတ္တဝါအားလုံးနှင့် အကျုံးဝင်ပတ်သက်သော စေ့ဆော်မှုတို့ကို ဇီဝကမ္မအခြေခံကိုယ်တွင်းစေ့ဆော်မှု''[၂] ဟု ခေါ်ပါသည်။ ယင်းစေ့ဆော်မှု တို့သည်

---

၁။ Motive

၂။ Physiological drive

ကိုယ်ခန္ဓာတွင်းရှိ ဇီဝကမ္မ ဖြစ်ရပ်များ အပေါ် လွှမ်းအမိုးပြု၍ ပေါ်ပေါက်လာကြပါသည်။ ထင်ရှားသော ကိုယ်တွင်းစေ့ဆော်မှုတို့မှာ- (က) ဆာလောင်ခြင်း၊ (ခ) ရေငတ်ခြင်း၊ (ဂ) လိင်ဆက်ဆံမှု ပြုလိုခြင်း၊ (ဃ) မိခင်စိတ်စေ့ဆော်မှုတို့ ဖြစ်ကြပါသည်။

ဆာလောင်ခြင်းသည် အစာအိမ်တွင်း အစာမရှိ၍ ဖြစ်ပေါ်ပြီး အစာအိမ်နံရံများအချင်းချင်း ဖိညှပ်ရာမှ နာကျင်မှုနှင့်အတူ ပြင်းပြသော ဆာလောင်ခြင်းလည်း ဖြစ်ပေါ်တတ်၏။ ပါးစပ်နှင့် လည်ချောင်းတို့ ခြောက်သွေ့သောအခါ ရေငတ်ခြင်း ခံစားမှု ဖြစ်ပေါ်သော်၏၊ သို့သော် သွားရည်ထွက်အောင် စားမြုံ့ပြန်ခြင်း၊ ပါးစပ်ကို ရေဆွတ်ခြင်း၊ ပါးစပ်နှင့်လည်ချောင်းတဝိုက် အရည်ပြားတို့ကို ထုံဆေးပေးခြင်းတို့ဖြင့်လည်း ရေငတ်ပြေသင့်သလောက် ပြေကြောင်း တွေ့ရပေသည်။

ခွေးများကို စမ်းသပ်ခံအဖြစ် အသုံးပြုထားသော လေ့လာမှုတခုတွင် ရေသောက်မှုပမာဏကို ကိုယ်ခန္ဓာ၏ ရေလိုအပ်မှု အခြေအနေကသာ ပြဋ္ဌာန်း၍ ပါးစပ် သို့မဟုတ် လည်ချောင်းသွေ့ခြောက်ခြင်းက မပြဋ္ဌာန်းကြောင်း တွေ့ရ၏။ စမ်းသပ်မှု တခုတွင် ခွေးတို့၏ နေ့စဉ် သောက်နေကျ ရေပမာဏကို စနစ်တကျ မှတ်တမ်းတင်ထားပြီး စမ်းသပ်မှုပြုချိန်တွင် "ရေ"ကို ယင်းတို့၏ ပျမ်းမျှ လိုအပ်ချက်ထက် လျော့နည်း၍ သောက်စေ၏။ လျော့နည်းသည့် ပမာဏကိုလည်း စနစ်တကျ မှတ်တမ်းတင်ထား၏။ ထို့နောက် လွတ်လပ်စွာ ရေသောက်ခွင့် ပေးလိုက်သောအခါ ခွေးကသည် ယင်းတို့ကို ကိုယ်ခန္ဓာတွင် လျော့နည်းသွားသော ရေပမာဏကိုသာ တိကျစွာ သောက်သုံးကြကြောင်း တွေ့ရ၏။

အခြား စမ်းသပ်မှုတခုတွင်ကား ခွေးတို့၏ လိုအပ်သည့် ရေပမာဏကို ပါးစပ်မှ မသောက်စေပဲ အခြား နည်းတို့ဖြင့် ဝမ်းဗိုက် တွင်းသို့ ရောက်အောင် သွင်းပေး၏။ ယင်းသို့ ပြုလုပ်လိုက်ခြင်းဖြင့် ပါးစပ်နှင့် လည်ချောင်းတို့ ခြောက်သွေ့ခြင်းသည် ရှိမြဲရှိနေ၏။ ထို့နောက် ရေသောက်ရန် အခွင့်အရေးကို ဖန်တီးပေးလိုက်သောအခါ ခွေးသည် ဗိုက်ထဲတွင်ရေပြည့်နေစေကာမူ ရေကိုသောက်တတ်၏။ သို့သော် ဗိုက်ထဲသို့ ရေဖြည့်ပြီး ၁၅ မိနစ်ခန့် စောင့်ဆိုင်း လိုက်သော အခါတွင်ကား ရေတို့သည် ခန္ဓာကိုယ်တွင်း လိုအပ်သည့် နေရာများသို့ ဖြန့်ဖြူးပြီးဖြစ်ရာ ခွေးသည် ရေကို မသောက်တော့ကြောင်း တွေ့ရ၏။ တနည်းဆိုရသော် ပါးစပ်နှင့် လည်ချောင်းတို့ကို စွတ်စိုစေရန် ပြုလုပ်ဖို့မလိုပဲ ရေငတ် ပြေပြီးဖြစ်သည်ဟု ယူဆနိုင်၏။ ယင်းသို့ ဖြစ်ရခြင်းကား နှပ်ကြောအဖွဲ့[၁] အတွင်း၌ အပူအအေးထိန်းညှိကိရိယာ[၂] ကဲ့သို့ သော "ရေငတ်ခြင်း"ကိုထိန်းညှိနိုင်သည့် အင်္ဂါအစိတ်အပိုင်းတခုခု ရှိသောကြောင့် ဖြစ်နိုင်ပေသည်။ ဦးနှောက်နှင့်နှပ်ကြော ခွဲစိတ်ကုပါရဂူတို့ အလိုအရမူ ယင်းအင်္ဂါအစိတ်အပိုင်းသည် ဦးနှောက်အတွင်းရှိ ဟိုက်ပိုသဲလမတ်[၃] အနီးအနားတွင် ရှိသည်ဟု ဆို၏။

လူနှင့်တိရစ္ဆာန်တို့တွင်ရှိကြသော ကိုယ်တွင်းစေ့ဆော်မှုများအနက် မည်သည့်စေ့ဆော်မှုတို့

---

၁။ Nervous System

၂။ Thermostat regulator

၃။ Hypothalamas

သည် စေ့ဆော်အား အကြီးဆုံးနည်း ဟူသော မေးခွန်းကို ဖြေဆိုရန် စိတ်ပညာရှင် တို့သည် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းခဲ့ကြသည်၊ အချို့ ပုဂ္ဂိုလ် တို့သည် သမိုင်းအစဉ်တွင် ပါရှိသော လူတို့၏ ဟိုက်ခိုက် ရှုန်းကန်မှု များကို အကိုး အကားပြု၍ ဆာလောင်ခြင်းသည် အဓိက ဖြစ်သည်ဟု ယူဆကြ၏၊ အချို့ ပညာရှင်တို့ကမူ စိတ်ရောဂါရှင်တို့ထံ ရောက်ရှိလာသမျှသော လူနာတို့ သည် ကာမကိစ္စနှင့်များ စွာပတ်သက်နေသည် ကို အထောက်အထားပြု၍ ကာမစေ့ဆော်မှု သည် အင်အားအကြီးမားဆုံးဖြစ်သည်ဟု ယူဆကြ၏၊

စေ့ဆော်မှုတို့၏ နှိုင်းယှဉ်အားကို တိုင်းတာရာတွင် အကောင်းဆုံးသော စမ်းသပ်နည်းမှာ "တားဆီးနည်း[၁]" ဖြစ်၏။ အတားအဆီးများ ရှိလျက်နှင့်ပင် တုံ့ပြန်မှုအရပ်သည် ပျောက်ပျက် မသွားပဲ တည်ရှိနေသည်ဆိုပါက ယင်းတုံ့ပြန်မှုကို ဖြစ်စေသော စေ့ဆော်မှု အားသည် ပြင်းပြရမည် ဟူသော မူပေါ်တွင် အခြေပြု၍ တားဆီးနည်း ဖြစ်ပေါ်လာ၏။ တားဆီးပုံမှာ ကား မက်လုံးရှိရာသို့ သွားရမည့်လမ်းကို လျှပ်စစ်ဓာတ်လွှတ်ထားခြင်းပင် ဖြစ်၏။ (လျှပ်စစ်ဓာတ်မှာ သေလောက်အောင် မပြင်းထန်ပဲ အဘန်ငယ် နာကျင်မှုကို ဖြစ်ပေါ်စေသည်။) စူးစမ်းလေ့လာမှုပြုမည့် စေ့ဆော်မှုမှ တပါး အခြားသောအချက်အလက်များကို တူညီစေရန် ထိန်းချုပ်ထားသည်ဖြစ်ရာ လျှပ်စစ်ဓာတ်ကို ကျော်ဖြတ်၍ မက်လုံးရှိရာသို့ ကူးသွားသော အကြိမ် များလေလေ ယင်းစေ့ဆော်မှု၏ အားလည်း လွန်ကဲလေလေ ဖြစ်သည်ဟု ဆိုနိုင်၏။ လေ့လာမှုပြုသော ကိုယ်တွင်း စေ့ဆော်မှုတို့ကား- (က) ဆာလောင်ခြင်း၊ (ခ) ရေငတ်ခြင်း၊ (ဂ) လိင်ဆက်ဆံလိုခြင်း၊ (ဃ) မိခင်စိတ်ရှိခြင်းနှင့် (င) ရှာဖွေ စူးစမ်းလိုခြင်း တို့ပင်ဖြစ်၏။ ကိုလံဘီယာတက္ကသိုလ်မှ စမ်းသပ်မှု စိတ်ပညာရှင်တို့ သုံးစွဲသော တားဆီးသေတ္တာ[၂]ကို ပုံ(၁) တွင် ဖော်ပြထား၏။

စမ်းသပ်မှုတွင် ကြွက်တကောင်အား တားဆီးသေတ္တာအတွင်းသို့ မထည့်သွင်းမီ လိုအင်ဟူသမျှပြည့်ဝစေ၏။ အစာစားခြင်း၊ ရေသောက်ခြင်း၊ လိင်ဆက်ဆံခြင်းတို့ကို အကန့်အသတ်မရှိ ခွင့်ပြုထား၏။ ထို့နောက်တွင်မှ လေ့လာမှုပြုမည့်စေ့ဆော်မှုကို ထိန်းချုပ်၏။ ပုံစံအားဖြင့် ရေငတ်ခြင်း စေ့ဆော်မှုကို လေ့လာလိုသည့် အခါ စမ်းသပ်ခံကြွက်အား အစာ စားခြင်း၊ လိင်ဆက်ဆံခြင်း စသော လိုအင်ဟူသမျှကို ပြည့်ဝစေ၏။ ရေကိုမူ လုံးဝသောက်ခွင့် မပြုပေ။ ထို့နောက် ကြွက်များကို ရေအငတ်ထားချိန် အပေါ်တွင် မူတည်၍ သုညနာရီရေငတ်အုပ်စု၊ ၁၂ နာရီရေငတ်အုပ်စု၊ ၂၄ နာရီရေငတ်အုပ်စု စသည်ဖြင့် အဆင့်ဆင့်ခွဲထား၏၊ သုညနာရီ ရေငတ်အုပ်စု ထားရခြင်းမှာ အကယ်၍ ကြွက်တို့သည် ရေမငတ်ပါက လျှပ်စစ်လမ်းကို ဖြတ်မဖြတ်ဆိုသည့် အချက်ကို သိချင်သောကြောင့် ဖြစ်၏၊ စေ့ဆော်မှုအသီးသီးကြောင့် လျှပ်စစ်လမ်းကို ဖြတ်ကျော်သည့် ပျမ်းမျှအကြိမ် တို့ကို ဇယား ၁ တွင် ဖော်ပြထား၏။

---

၁။ Obstruction method

၂။ Obstruction box

ဇယား ၁။

### စေ့ဆော်မှုတို့၏နှိုင်းယှဉ်အား

| စဉ် | စေ့ဆော်မှုအမျိုးအစား | လျှပ်စစ်လမ်းကိုဖြတ်ကျော်သည့် ပျမ်းမျှအကြိမ် |
|---|---|---|
| ၁ | မိခင်စိတ်စေ့ဆော်မှု | ၂၂.၄ |
| ၂ | ရေငတ်စေ့ဆော်မှု | ၂၀.၄ |
| ၃ | ဆာလောင်စေ့ဆော်မှု | ၁၈.၂ |
| ၄ | လိင်စေ့ဆော်မှု | ၁၃.၈ |
| ၅ | စူးစမ်းလိုစေ့ဆော်မှု | ၆.၀ |

အထက်ပါဇယားကို အကျဉ်းချုပ် သုံးသပ်သော် မိခင်စိတ်သည် ပထမ(၂၂.၄)။ ရေငတ်ခြင်းသည် ဒုတိယ(၂၀.၄)၊ ဆာလောင်ခြင်းသည် တတိယ(၁၈.၂)၊ လိင်ဆက်ဆံခြင်းသည် စတုတ္ထ(၁၃.၈)ဖြစ်ကြောင်း တွေ့ရ၏။ မိခင်စိတ်ပြင်းပြမှုကိုကား မည်သူမျှ မငြင်းနိုင်ပေ။ မြင်းမိုရ်တောင်ဦး မကကျူးသည်ဟုပင် အဆိုရှိသည်မဟုတ်လော။ အစားအသောက်နှင့် ပတ်သက်၍မူ "ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တမနက်" ဟူသော စကားပုံကို အထက်ပါ စမ်းသပ်မှုရလဒ်တို့က ထောက်ခံလျက်ရှိ၏။ လူတို့သည် ရေမသောက်ပဲ အချိန်အနည်းငယ်သာ နေနိုင်၏။ ထမင်းမစားပဲကား အချိန် အတော်ကြာ နေနိုင်ပေသည်။ ထို့ကြောင့် သက်ရှိတို့အဖို့ အလိုအပ်ဆုံးစေ့ဆော်မှုကို ဖြည့်ဆည်းပေးသည့် "ရေအလှူရှင်"တို့၏ ကျေးဇူးကား အတိုင်းမသိ ကြီးမားလှပေစွဟုသာ တင်ပြ လိုက် ရပါသတည်း။

ဒေါက်တာ ကျော်စိန်

ပုံ(၁) ကိုလံဗီယာ-တားဆီးသေတ္တာ





# ဆေးပေါင်းသည့် စစ်ကိုင်းတောင်

မောင်ရပ်သိုး(စစ်ကိုင်း)

ကျွန်တော်၏ မိတ်ဆွေ တိုင်းရင်းဆေးဆရာ တယောက်သည် ရပ်ဝေးမှဖြစ်သည်။ စစ်ကိုင်းမြို့သို့ သူငယ်ငယ်က ရောက်ခဲ့ဖူး၏။ အသက်အရွယ်ကြီးမှ ဤတကြိမ်သည် ပဌမအကြိမ် ရောက်ရှိခြင်းပင်။

ကျွန်တော်က ဝတ္တရားရှိသည့်အတိုင်း စစ်ကိုင်းတောင်ရိုးသို့ လိုက်လံ ပို့ဆောင်ပေးရ၏။ တဖြည်းဖြည်း ကျွန်တော်တို့ နှစ်ယောက်သည် စကားပြောလိုက် အနားယူလိုက် ရှုမျှော်ခင်းကို ကြည့်လိုက်နှင့် "လွမ်းစေတီ" ဘုရားသို့ရောက် သွားကြသည်။

"လှလိုက်တဲ့ ရှုမျှော်ခင်းဗျာ။ စစ်ကိုင်းတောင်ရိုးမှာ ဒီလောက်တောင် သစ်ပင်များမယ် မထင်မိဘူး"

မိတ်ဆွေသည် စိမ်းစိမ်း စိုစို ညိုညို မှောင်မှောင် သစ်ပင်နှင့် တောတောင်များကို ကြည့်ရှုကာ ပီတိဖြစ်နေ၏။

ဤရာသီကား မိုးရာသီဖြစ်သည်။ မိုးကညို့ပြီး ပုလဲမိုးပေါက်တို့သည် ဖွဲ့တဖြောက်ဖြောက် ကျရောက်လျက်ရှိသည်။ တောင်ကစိမ်း၍ တောက မှောင်နေသည်။ စိမ်းစိုအေးမြခြင်းနှင့် လန်းဆန်းခြင်း ဂုဏ်အင်္ဂါ ပြည့်စုံနေပြီး ကျေးငှက် အပေါင်းတို့သည်ပင် ကမ်းပါးယံ အထက်မှ တကျီကျီ တကျာကျာ တီတီတာတာနှင့် မိုးတေးကို သီကျူး နေကြသည်။

မြစ်ပြင်ကို ဖြတ်သန်း တိုက်ခတ်လာသော လေနုအေးသည် ကျွန်တော်တို့အား ပွတ်သပ်ကျီစယ်၍ သွားလေသည်။ လေတိုးဝှေ့သော အသံမှာ ညှင်းညှင်း သာသာရှိ၏။

ကျွန်တော်သည် စစ်ကိုင်းတောင်ရိုး တခွင်အား လှည့်ပတ်ကြည့်ရှုယင်း စိတ်ထဲ၌ တသိမ့်သိမ့် ကြည်နူးမှုကို ခံစားနေရလေသည်။ သစ်ပင်များ မြစိမ်းရောင် ဝတ်ရုံကိုခြုံထားကြ၏။

တောင်စောင်းများတွင် သဘာဝ မိုးရေခံထားသော ဖြူဖြူဖွေးဖွေး အရောင်အဆင်းရှိသည့် ရေကန်ကြီးများကို တွေ့မြင်ရသည်။ သစ်ပင်များ အကြား ကျောင်းသခ်မ်းများ။ ချောင်များ၊ အဆောက်အအုံများတွေ့မြင်ရ၏။ အရှေ့ဘက်တွင် ဧရာဝတီမြစ်သည် ကြည်လင်

အေးမြစွာဖြင့် တငြိမ့်ငြိမ့် ဟသွင်သွင် စီးဆင်းလျက်ရှိသည်။

သစ်ပင်များ။ သစ်ရွက်များသည် လေတိုက်သည့် အခါတိုင်း ယိမ်းနွဲ့လှုပ်ရှားနေ၏။

"စစ်ကိုင်းတောင်ရိုးမှာ ရေအ ုံအလောက် ရတယ်နော်"

"ဆေးပင်မျိုးစုံလဲ ပေါက်ရောက်မှာပဲနော်"

"ရဟန်း သံဃာများရဲ့ ဓမ္မအသံများကလဲ သာယာနာပျော်ဖွယ်ရှိလိုက်တာ"

မိတ်ဆွေက စစ်ကိုင်းတောင်ရိုးနှင့် ပတ်သက်ပြီး မေးမြန်းစရာတွင် ကျွန်တော်က အချက်အလက် ကျကျ ရှင်းလင်းပြောရ၏။ သူသည် နားလည် သဘောပေါက်သွားလျှင် ရှုမျှော်ခင်းကို ဆက်လက် ကြည့်ရှုပြန်သည်။

ကမ္ဘာ့ လူသားတို့သည် လွင်တီးမြင်ဘောင်များအတွက်သော်လည်းကောင်း၊ အလွန်ပူပြင်းသော သဲကန္တာရများ အတွက်သော် လည်းကောင်း ရေရအောင် နည်းအမျိုးမျိုး အဖုံဖုံဖြင့် ရယူကြသည်။ ကမ္ဘာပေါ်တွင် ရေသည် အဖိုးဖြတ်၍ မရသော အရာပင်။

ကျွန်တော်သည် ရေ၏ အသုံးဝင်ပုံ၊ တန်ဖိုးရှိပုံများမှ အစပြု၍ စဉ်းစားတွေးတောနေမိသည်။ စစ်ကိုင်းတောင်ရိုးပေါ်ရှိ သစ်ပင်များကို ငေးမောကြည့်ရှုယင်း ကျွန်တော်၏ အတွေးများသည် တရေးရေးနှင့် အချက်အလက်များ အစီအရီ ပေါ်ပေါက်လာပါသည်။

ရေသည်လူတို့၏ အသက်ရှင်ရေးတွင်အဓိကကျသည်သာမက လူတို့စားသုံးရန်အတွက် သီးနှံစိုက်ပျိုးရေးတွင်လည်း ရေမရှိလျှင် မဖြစ်ပေ။ သို့အတွက် ကမ္ဘာ့နိုင်ငံများက ရေရရှိအောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်နေသည်။

ကမ္ဘာမြေကြီး၏ မြေမျက်နှာပြင် ခုနစ်ပုံတပုံသည် သဲကန္တာရများဖြစ်သည်။ မြောက်အာဖရိကတိုက် ရှေ့ပိုင်း အလယ် ဒေသနှင့် ဩစတြေးလျားတိုက်များတွင် သဲကန္တာရများ ရှိနေသည်။ ယင်းသဲကန္တာရများကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုမှာ ဆုတ်ယုတ် နေသည်ကို တွေ့ရှိရသည်။ နေမင်း၏ ကြီးမားသော အပူရှိန်ကြောင့် လည်းကောင်း၊ မိုးရွာသွန်းမှု နည်းပါးသောကြောင့် လည်းကောင်း သဲကန္တာရအတွင်း သီးနှံစိုက်ပျိုးရန် အခက်အခဲရှိကြောင်း သိရသည်။ မည်သို့ပင် ဖြစ်စေကာမူ လူတို့စားသုံးရန်အတွက် ဒေသခံ ရွေးကျသော လူများသည် ရိုးရာအလိုက် သီးနှံများကို တီထွင်စိုက်ပျိုးလာကြသည်။

ယင်းသို့ နည်းမျိုးစုံ စမ်းသပ်တီထွင်၍ စိုက်ပျိုးလာခဲ့ကြရာ ယနေ့ ခေတ်သိပ္ပံပညာရှင်များသည် စိုက်ပျိုးခင်းများ ပိုမို ဖြစ်မြောက်ရန်အတွက် မိုးတုရွာစေခြင်း၊ နှင်းအတုကျစေခြင်းစသော လုပ်ငန်းများကို ၁၉၇၅ ခုနှစ်မှစတင်၍ စမ်းသပ် အကောင်အထည်ဖော် လုပ်ကိုင်ခဲ့ရာ အောင်မြင်မှု ရရှိခဲ့သည်။ ယင်းသို့ သီးနှံဖွံ့ဖြိုးရေးအတွက် ရေရရှိရေးကို သိပ္ပံပညာရှင်များက တီထွင် ဆောင်ရွက်ချက်အရ လစ်ဘယမ် (Libyan) သဲကန္တာရအတွင်းတွင် ကြီးမားသော လယ်ကွင်းပြင်ကြီး ဖြစ်နေပေပြီ။ အိန္ဒိယပြည်တွင်ရှိသော ရာဂတ်စ်တန် (Ragasthan) သဲကန္တာရကြီးတွင်လည်း သီးနှံများ စိမ်းစိုဖုံးလွှမ်းနေလေပြီ။

သဘာဝအားဖြင့် ညအခါတွင် သဲကန္တာရအတွင်း၌ ချမ်းစိမ့်စိမ့်ရှိတတ်သည်။ သိပ္ပံပညာရှင်တို့သည် ပလတ်စတစ်အနက်ဖြင့်ပြုလုပ်ထားသော အခင်းများကို သဲပြင်ပေါ် ခင်းထားသည်။ ထိုအခင်းများမှ အပူဓာတ်ကိုစုပ်ယူသည်၊

ထိုစုပ်ယူသော အပူဓာတ်သည် မြေမှုက်နှာပြင် ထက် လေအဖြစ် ပျံ့နှံ့သွားသည်။ ပူနွေးသော လေဟုသည် ကောင်းကင်ပေါ်သို့ တက်သွား သောအခါ တိမ်တိုက်များဖြစ်ပေါ်၍ ဒေအေး ခဲသ် စိမ့်ဝင်ပြီး မိုးရွာသွန်းစေသည်။ ဤနည်း အားဖြင့် သိပ္ပံ ပညာရှင်များက သဲကန္တာရ အတွင်း မိုးကုတရွာစေ၍ ရေရရှိစေကာ သီးနှံ အမျိုးမျိုး စိုက်ပျိုးနိုင်ခြင်း ဖြစ်သည်။ ရေ၏ အကျိုးကျေးဇူးကြောင့် ကမ္ဘာ့ သဲကန္တာရများ တွင် သီးနှံများ စိမ်းလန်းစိုပြည်လျက် ရှိနေ ကြောင်း သိရသည်။

လွန်ခဲ့သော ရှစ်နှစ်ခန့်က မိုးရွာသွန်းမှုနည်း ပါးခြင်းကြောင့်လည်းကောင်း၊ သစ်ပင်များ ခုတ်လှဲ၍ ထင်းအဖြစ် သုံးခြင်းကြောင့်လည်း ကောင်း ရှုညီးလှသည့် စစ်ကိုင်းတောင်ကြီးသည် ကုန်းတီးလွင်ပြင်ကြီး ဖြစ်နေသည်ကို တွေ့ရှိရ သည်။

ယခုအချိန်အခါတွင် သီတဂူ ရေအလှူတော် စီမံကိန်းကြီးကို စတင်အကောင်အထည် ဖော်ခဲ့ သော သဲကုန်းဆရာတော် အရှင်ဉာဏိဿရ (သပိတ်အိုင်)နှင့်အဖွဲ့၏ အကျိုးကျေးဇူးကြောင့် စစ်ကိုင်းတောင်တနိုတွင် စိမ်းလန်းစိုပြည်၍ အလှကျက်သရေ တက်ဖြိုးဝေနေသည်ကို တွေ့ ရှိရသည်။ ဘယ်နေရာက ကြည့်ကြည့် စစ်ကိုင်း တောင်ရိုးသည် စိမ်းစိုသောအပင်မျိုးစုံ ဖုံးလွှမ်း နေသည်ကို မြင်တွေ့နိုင်သည်။ ယင်း အပင်မျိုး စုံတွင် ဆေးဘက်ဝင်သော အပင်များလည်းပါ ဝင်သည်။ စစ်ကိုင်းတောင်တွင် ဆေးဘက်ဝင် သည့်အပင်များမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်။

'ဆူးခေါက်၊ ခံတက်၊ စောင်းချမ်း၊ တော ရှောက်၊ တောင်စလပ်၊ တောစပယ်၊ တောင် သဇင်၊ သကြားရေစင်(ခ)ဘောက်မဲပင်၊ မောက် ဒီးဟု၊ သားလှကျေးဇူး၊ ရှော်ဖြူပင်၊ ရှား စောင်းလက်ဝါး၊ ရှားစောင်းလက်ပတ်၊ ရှား စောင်းပြာသာဒ်၊ မောင်တွေးကရာင်၊ ပရနွဝါ၊ စူလာနဖာ၊ တီလက်သာ၊ ကျွဲကျောင်းမှင်စီး၊ တန့်ကျဲ၊ ဆောပုပ်၊ ဆူးပုပ်၊ ဆူးရစ်၊ မုရား ကြီး၊ မုရားသိမ်၊ ဘောကြက်မောက်၊တောင်လုံး ကျော်၊ သင်းဝင်၊ ပေါက်ဖြူ၊ ကသင်၊ ဘဘော၊ ၁၂ ရာသီ၊ မြန်မာ ၁၂ ရာသီ၊ ဆူးပုလွေခေါ် သစ်ပုလွေ၊ တရုတ်စကား အဖြူအနီ၊ ငုစပ်(ခ) ဖွားဘက်။ သနပ်ခါး၊ ယင်းမာ၊ ကြက်ရိုး၊ ခြသေ့လက်သည်း၊ယနောင်း၊ မန်မျိုး၊ ဒါန်း'။ ယက်လုံမီသလောက် ဆေးပင်များ ကိုသာ ဖော်ပြလိုက်ရပါသည်။

စစ်ကိုင်းတောင်ရိုးတွင် ဆေးပင် မျိုးပေါင်း ၇၅မျိုး ကျော်ရှိသည်ဟု သိရပါသည်။ အထက် ဖော်ပြပါဆေးပင်များသာမက မြန်မာပြည်တွင် အလွန်ရှားပါးသော ဆေးပင် (ငါး) မျိုး ကို စစ်ကိုင်းတောင်တခိုတွင် အသီးသီး ပေါက်နေ သည်ကို လေ့လာတွေ့ရှိရပါသည်။ ယင်းဆေး ပင် (ငါး)မျိုးမှာ နာဂမှိုင်း၊ နာဂမှိန်၊ နာဂ မောတ်၊ နာဂမ၊ နာဂထာတို့ ဖြစ်ကြပါသည်။ ယင်းဆေးပင်များကို နာငါးပါးဟု ခေါ်ကြ ပါသည်။ အချို့ဆေးသုတေသီများက နာငါး ပါး ဆေးပင်ငါးမျိုးစလုံးကိုမုံရွာတဘက်ကမ်း ယင်းမာပင်မြို့နယ် ဖိုးဝန်းတောင်ပေါ်တွင်သာ တွေ့ရှိရကြောင်း၊ အခြားတောင်များတွင် နာ ငါးပါးစလုံး မတွေ့နိုင်ဟု ဆိုပါသည်။စစ်ကိုင်း တောင်ပေါ်တွင် နာငါးပါးစလုံးတွေ့နိုင်သော နေရာမှာ ဥမင်သုံးဆယ် ဘုရား ပတ်ဝန်းကျင်၊ အနုရုဒ္ဓါကျောင်းပတ်ဝန်းကျင်၊ ပတ္တမြားစေတီ ချပ်ကြား၊ တောင်ဖီလာချပ်ကြား၊ ဓမ္မိကချပ် ကြားတို့၌ ဖြစ်ကြပါသည်။

နာငါးပါးဆေးကို ကျောက်ပျဉ်တင်ကြိတ်၍ အဟောင့်လုပ်ထားကာ ယင်းအဟောင့်ဖြင့် ကုထုံးအထွေထွေကို ကုသနိုင်ပါသည်။

အဆိပ် အဟောက် ရှိသော သတ္တဝါများ ကိုက်သော် နာငါးပါးဟောင့်ကို ကျောက်ပျဉ်တွင်သွေး၍ ကိုက်သောနေရာကို လူးပေးပါက ချက်ချင်းသက်သာနိုင်ပါသည်။ ဆေးပင်ငါးမျိုး စလုံးကို ကိုက်သည့်နေရာတွင် ဝါးပြီးသိပ်ပါက လည်း ပျောက်ကင်းနိုင်ပါသည်။

ဓားခုတ်မိခြင်း၊ ညှောင့်စူးခြင်း၊ ပေါက်ပြဲခြင်း၊ ကွဲအက်ခြင်းဖြင့် သွေးထွက်သံယိုဖြစ်ပါက ယင်းနာငါးပါးဆေးကို ဝါးသိပ်လျှင် ပျောက်သည်။

မူးသော ရောဂါများကိုလည်း နာငါးပါးဆေးကို ဇာတိပ္ပိုလ်သီးနှင့် ဆတူကြိတ်၍ ရှူပေးပါက ပျောက်ကင်းနိုင်ပါသည်။ အုကိုက် အခဲမျိုးစုံဖြစ်သည့် ထုံနာ၊ ကျင်နာ၊ ညောင်းညာ ဒူလာကိုက်အခဲမျိုးမျိုးကို နာငါးပါးဆေး နှစ်ပဲ၊ ပရုတ်တပဲ၊ နှမ်းဆီနှစ်ပဲတို့ကို သံပုရာရည်ဖြင့်ဖျော်ပြီး စုတ်နှင့်ထိုးပါ။ လိမ်းလည်း လိမ်းပါ။ ပျောက်ကင်းနိုင်ပါသည်။ ဤသို့ စစ်ကိုင်းတောင်ကြီးတွင် ဆေးပင်မျိုးစုံ တွေ့မြင်ရသည်မှာ ရေ၏အကျိုးကျေးဇူးကြောင့် ဖြစ်ပါသည်။

မြန်မာပြည်တွင် ဆေးပင်မျိုးစုံ တွေ့နိုင်သော တောင်များမှာ ပုပ္ပါးတောင်၊ ဖိုးဝန်းတောင်၊ ကျိုက်ထီးရိုးတောင်၊ ပဲခူးရိုးမတောင်ဟု ဆေးသုတေသီများက ဆိုကြပါသည်။ တခါတခေါက် စစ်ကိုင်းတောင်ကြီးသို့ အလည်ရောက်စေချင်ပါသည်။ ကျေးဇူးရှင် သီတဂူဆရာတော် အရှင်ဉာဏိဿရ( သပိတ်အိုင် )၏ကျေးဇူးကြောင့် ဆေးပေါင်းခသည့် စစ်ကိုင်းတောင်တန်းကြီးနှင့်တကွ အေးချမ်းစွာ တရားဓမ္မနှင့်မွေ့လျော်နေကြသော ရဟန်း သံဃာ၊ သာမဏေ၊ သူတော်၊ သီလရှင်၊ ယောဂီ သူတော်စင်များကို ဆေးသုတေသီများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသည့် ဧည့်သည်များ မြင်စေချင်ပါသည်။

မောင်ရှပ်ဆိုး (စစ်ကိုင်း)





# လူငယ်လူရွယ်နှင့် ဗုဒ္ဓသာသနာ ယောင်ရှင့်ကျူး (မြောင်းမြ)

အိုးမဖုတ်ခင်၊ အိုးလုပ်စဉ်ဝယ်၊ အိုးတွင်နှိပ်ခတ်၊
တံဆိပ်မှတ်ကား၊ မပြတ်မစဲ၊ အိုးပင်ကွဲလည်း၊
အမြဲတစေ၊ တည်ရှိနေသို့၊ ထွေထွေသွေးသား၊
ကလေးများ၌၊ ဘုရားထံဆိပ်၊ ဘာသာစိတ်ကို၊
ခတ်နှိပ်နိုင်မှ၊ သက်ဆုံးကျအောင်၊ ဗုဒ္ဓဝါဒီ၊
စွဲ၍တည်မည်၊ ကိုယ်စီခတ်နှိပ်စေသတည်း။

(အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော်)

အထက်ပါ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ကဗျာကို ဖတ်ကြည့်စမ်းပါ။ ကလေးများ၏ နှလုံးသားတွင် ဘာသာစိတ်စွဲ တည်နေစေလိုသော ဆရာတော်၏ စေတနာ အရိပ်နိမိတ်ပုံသွင်ကို မြင်ရပါမည်။ အနာဂတ် သာသနာတော် တည်တံ့ ပြန့်ပွားရေးအတွက် ယနေ့ လူငယ် လူရွယ်များသည် ဗုဒ္ဓဘာသာကို ပီပီပြင်ပြင် တတ်သိ နားလည်ရန်မှာ အဓိက ပဓာနကျသော အချက်ပင် ဖြစ်ပါသည်။ ခေတ် လူငယ်လူရွယ်များသည် ဘိုးဘွား မိဘများက

ဗုဒ္ဓဘာသာများ ဖြစ်ခဲ့ကြ၍ သားသမီးများတို့သည်လည်း မိရိုးဖလာ ဗုဒ္ဓဘာသာများ ဖြစ်ခဲ့ကြသည်က များကြပါသည်။ ဗုဒ္ဓယဉ်ကျေးမှုအခြေခံချကိုပင် မသိကြသည်က များလာသည်ကို တွေ့ရှိရပါသည်။

ရှေးယခင်အခါက ဘုန်းတော်ကြီးကျောင်းပညာရေးစနစ်ကြောင့် မူလတန်းနေစဉ်ကတည်းက သင်ပုန်းကြီး၊ မင်္ဂလသုတ်၊ လောကနီတိစသော ဗုဒ္ဓဘာသာရေး အခြေခံများကို သင်ကြားရသဖြင့် ယဉ်ကျေးသိမ်မွေ့သောလူတော်လူကောင်းများ ပေါ်ထွန်းခဲ့သည်။

ယနေ့ လူငယ်လူရွယ်များသည် ခေတ်ပညာကိုသာ ဦးစားပေးသင်ယူနေကြသဖြင့် ဘာသာရေးတွင် အားနည်းလာသည်ကို တွေ့မြင်ရပါသည်။ မိဘများကိုယ်တိုင်ပင် စီးပွားရေး၊ လူမှုရေး နယ်ပယ်တွင် နစ်မြုပ်နေကြသဖြင့် ဘာသာရေးကို ပီပီပြင်ပြင် မသိရှိခဲ့ကြပါ။ မိမိတို့၏ သားသမီးများကိုလည်း အခြေခံ ဗုဒ္ဓယဉ်ကျေးမှုကို သင်ကြားပေးရကောင်းမှန်း မသိခဲ့ပါ။ ဗုဒ္ဓဘာသာ အမည်ခံ လူငယ် လူရွယ် များသည် ညအိပ်ရာဝင်တိုင်း ဘုရားရှိခိုးအိပ်သည့် အလေ့အကျင့်ပင် မရှိခဲ့ကြပါ။ ဗုဒ္ဓတရားတော်ကို လေ့လာဆည်းပူးခြင်းသည်ကိုယ်နှင့်မဆိုင်ဟုဘင်မြင်ယူဆခဲ့ကြပါသည်။ သံဃာတော်ကိုမြင်လျှင်လက်အုပ်ချီ၍ ရှိခိုးရကောင်းမှန်း မသိတော့ပေ။ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်ပြုခဲ့ပြီးသည့်နောက် သာသနာတော်ကိုအဓွန့်ရှည်ကြာစွာတည် တံ့အောင် ထိန်းသိမ်း စောင့်ရှောက်ခဲ့သော ဘုရား သားတော် သံဃာတော်များ၏ ကျေးဇူးကြီးမားပုံကို မသိမမြင်ကြတော့ပေ။ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာဂုဏ်တော် ကိုးပါးကိုပင် ကလေးလူငယ်များ မဆိုထားဘိ မိဘများသည်ပင် သိသူ နည်းပါး နေကြပါသည်။

ဗုဒ္ဓတရားကား နူးညံ့ သိမ်မွေ့သောဘာသာတရား ဖြစ်ပါသည်။ အလွန်သိမ်မွေ့ နူးညံ့သော ဘာသာရေးကိုနုနယ်သော လူငယ်လူရွယ်များ၏ နှလုံးအိမ်တွင်းသို့ သင်ကြား ထည့်သွင်း ပေးဖို့ လိုအပ်လာပါပြီ။ သိပ္ပံခေတ်ဟု ကြွေးကြော်နေကြသော ယနေ့သိပ္ပံလူငယ်များကိုအစမ်းသပ်ခံ အစစ်ဆေးခံ ဗုဒ္ဓတရားကို သိပ္ပံနည်း ကျကျ လူငယ်များကြည်ညိုရိုကျိုးလာစေရန် သင်ကြားပြသရန် လိုအပ်နေပါသည်။ ဘာသာတရားကို ယုံကြည်မှု အားနည်းနေကြသော လူငယ်များအား ယုံကြည်မှုရှိလာစေရန် အခြေခံ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကို သင်ကြား ပေးရပါမည်။ ယုံကြည်ပြီးသော လူငယ်များအား အဆင့်မြင့် အဘိဓမ္မာ ဒေသနာ တရားတော်များကို ဆက်လက် သင်ကြားပေးရပါမည်။

ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒများကို လူငယ်လူရွယ်များ၏ စိတ်နှလုံးထဲသို့ စိမ့်ဝင်ပျံ့နှံ့သောအောင် စည်းရုံး သင်ကြားရပါမည်၊ နောင်အနာဂတ်ခေတ်တွင် ခေါင်းဆောင်များ ဖြစ်လာကြမည့် လူငယ်များ၏အသည်းတွင် ဘုရားတံဆိပ် ခတ်နှိပ်ပေးကြရပါမည်။ လူငယ်လူရွယ်များ၏ ရင်ထဲတွင် ဓမ္မစေတီများ တည်ထားပေးရပါမည်။ လူငယ်လူရွယ်များ၏ နှလုံးအိမ်တွင် ဘုရားတည်ပေးခြင်းဟူသော သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရမည်မှာ လွန်စွာမှပင် အရေးကြီးသောအချက် ဖြစ်ပါသည်။

ယနေ့လူငယ်လူရွယ်များသည် နောင်အနာဂတ်တွင် တိုင်းပြည်၏သားကောင်းရတနာ ဖြစ်လာကြမည့်သူများ ဖြစ်ပါသည်။ တိုင်းပြည်အတွက် သားကောင်းရတနာများ ထွက်ပေါ်

လာစေရန်မှာ ကလေး လူငယ်များ အတွက် အခြေခံ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာပေ တတ်သိ နားလည်ရန်မှာ အလွန် အရေးကြီး ပါသည်။ ''အလိမ္မာ စာမှာရှိ''ဟူသောစကားအရ စာပေ ယဉ်ကျေးမှု အဆီအနှစ်များ စုစည်း ကိန်းဝပ် နေသော ဗုဒ္ဓစာပေ များကို ဖတ်ရှုခြင်းဖြင့် လူတော်လူကောင်းကလေးများ ထွက်ပေါ်လာ ပါမည်၊ အသိအလိမ္မာ ဉာဏ်ပညာ တိုးပွား စေရန်၊ လူရည်ချွန်များ ထွက်ပေါ်လာစေရန် နှင့် လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးပါ မကျန် စံနမူနာယူစရာ လောကီ၊ လောကုတ္တရာ နှစ်ဖြာ ပါဝင်သော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်ကို ကလေးသူငယ်များအား သင် ကြားပေးရန်မှာလည်း လွန်စွာအရေးကြီးသော အချက်ဘချက် ဖြစ်ပါသည်။

''ကလေးအရွယ် လိမ္မာနှင့်ပါမှ၊
ကြီးရင့်က လိမ္မာမည်။

မသိမှာ ပြည်ထောင်စုကြွယ်
ကောင်းမှုမတည်။

ကလေးတို့နေပြည်၊
တည်ဖေဖို့ စိတ်စော၊

နံနက်မင်္ဂလာနှင့်
နေ့မကွာ ညဉ့်ပါသုံးလို့ရယ်၊
မြှုံးကြစေသော။

အထက်ပါ မဟာဂန္ဓာရုံ ဆရာတော်ဘုရား၏ လက်ာပါ လမ်းညွှန်ချက်အတိုင်း သားကောင်း ရတနာများ၊ လူလိမ္မာများ ပေါ်ထွက်လာပါမှ အမျိုးဘာသာ သာသနာနှင့် ငြိမ်းချမ်းသာယာ သော နိုင်ငံကို ထူထောင်နိုင်ပေလိမ့်မည်ဖြစ်ပါ သည်။

## လူငယ်လူရွယ်နှင့် ဗုဒ္ဓဘာသာ

ယနေ့ခေတ် လူငယ်များသည် ဗုဒ္ဓစာပေ ဆိုလျှင် လောကကြီးပွားရေး အတွက် မဟုတ်၊ လောကုတ္တရာရေး နှင့်သက် ဆိုင်သော ဖြစ်သော စာပေဟု ထင်မြင် လွဲမှားနေကြ ပါသည်။ အမှန်မှာ ဗုဒ္ဓစာပေထဲတွင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေးစသော လောကီရေး အတုယူဖွယ်၊ မှတ်သားဖွယ်ရာ အဖြာဖြာတို့ ပါဝင်နေပါသည်။ မင်္ဂလာတရား တော်ကို လေ့လာကြည့်စမ်းပါ၊ တန်ဖိုးမဖြတ် နိုင်သော လောကကြီးပွားတိုးတက်ရေးအတွက် ကျင့်ကြံအားထုတ်ဖွယ်များ အပြည့်အစုံ ပါဝင် နေသည်ကို တွေ့မြင်ရပါလိမ့်မည်။

ဗုဒ္ဓဝင်ကိုလည်း လေ့လာကြည့်ပါ။ ဘုရား အလောင်း သုမေဓာရှင်ရသေ့ဘဝမှစ၍ ဘုရား ဖြစ်သည်အထိ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ခဲ့ရပုံ၊ ဘုရားဖြစ်ပြီးသည်မှ စ၍ ပရိနိဗ္ဗာန်ပြုသည်အထိ လေးဆယ့်ငါးဝါ ကာ လပတ်လုံး၊ သတ္တဝါဝေနေယျ အများအား ကယ်တင်ခဲ့ပုံ စသည်ဖြင့် ဗုဒ္ဓမြတ်စွာ၏ ဇွဲရှိပုံ၊ လုံ့လဝီရိယဖြင့် ပါရမီဖြည့်ပုံတို့သည် ယနေ့ လူငယ်လူရွယ်များ အတွက် အတုယူစရာ အဖိုး အနဂ္ဃ ထိုက်တန်သော စာ ပဒေသာများဖြစ် ကြောင်း ကောင်းစွာ သဘောပေါက် လာပါ လိမ့်မည်။

ဗုဒ္ဓစာပေဆိုလျှင် ယနေ့ခေတ် လူငယ်လူ ရွယ်များသည် ပါဠိဘာသာ စာပေဖြင့်သာရေး သားထားသော စာပေဟု ထင်မြင်နေကြပြန်ပါ သည်။ မိမိတို့လူငယ်များနှင့် မဆိုင် ဘုန်းတော် ကြီးများနှင့်သာ ဆိုင်သည်ဟုလည်း ထင်နေကြ ပါသည်။ ယခုအခါတွင် မိဘများနှင့် လူငယ် များ အတွက် ဝမ်းမြောက်ဖွယ်ရာ ဗုဒ္ဓစာပေဆိုင်

ရာ စာအုပ်များ ရိုက်နှိပ်ထုတ်ဝေ နေသည်ကို ဖတ်ရှုနေရသဖြင့် သာသနာတော်အတွက် ဝမ်းမြောက် အားတက်ဂုဏ်ယူမိပါသည်။ မြန်မာလူငယ်များအတွက် ဗုဒ္ဓစာပေကို မြန်မာစကားပြေနှင့် ရေးသားထုတ်ဝေသည့် လက်လှမ်းမီသမျှ စာအုပ်များမှာ မဟာဂန္ဓာဆရာတော်၏ ဗုဒ္ဓဝင် အမေးအဖြေ စာအုပ်၊ ရုပ်စုံ ဗုဒ္ဓသာသနာဝင် စာအုပ်များအပြင် ရဟန်းရှင်လူ အချို့ရေးသားပြုစုသော လူ့ကျင့်ဝတ် ပုံပြတရားတော်၊ ဘုံဘဝပုံပြတရားတော်၊ ကောင်းကျိုး ချမ်းသာ မင်္ဂလာပုံပြတရားတော်၊ ကုသိုလ်ပန်းပုံပြ တရားတော်၊ကံနှင့် လူသားပုံပြတရားတော် စသည်ဖြင့် လူငယ် လူရွယ်များအတွက် လူတော်လူကောင်းများ ထွက်ပေါ်လာစေရန် ယဉ်ကျေးသိမ်မွေ့လာစေရန် အတွေးအခေါ် ရင့်သန်လာစေရန် သာသနာတော် အကျိုးမျှော်ကိုးလျက် ရေးသားပြုစုထားပါသည်။

### ဗုဒ္ဓဘာသာဝင်တိုင်း၏ မွေးရာပါတာဝန်

ငယ်သော်ကားသား၊ ကြီးသော်'အား'တည်း။
ငယ်သော်ကား သား၊ ကြီးသော်'ကျား'တည်း။
ငယ်သော် သမီး၊ ကြီးသော်'ထီး'တည်း။
ငယ်သော် သမီး၊ ကြီးသော်'မီး'တည်း။

ရှေးလူကြီးသူမတို့၏ ဖော်ပြပါ စကားပုံက ငယ်စဉ်ကတည်းက လိမ်မာသော သားသည် ကြီးလာသောအခါ မိဘအတွက် အားကိုးအားထားရပါလိမ့်မည်။ မလိမ်မာသော သားသည် ကျားသတ္တဝါ ကဲ့သို့ ကြောက်မက်ဖွယ်ရာ ကောင်းပါလိမ့်မည်။

ငယ်စဉ်အခါတည်းက လိမ္မာသော သမီးသည်လည်း ကြီးသောအခါ မိဘအတွက် ခိုကိုးစရာ ထီးသဖွယ် ခိုလှုံရပါလိမ့်မည်၊လေိမ္မာသော သမီးသည် မိဘများ၏ နှလုံးအိမ်ကို မီးကဲ့သို့ ပူလောင်စေလိမ့်မည် ဟူသော အဓိပ္ပါယ်ကိုဖော်ဆောင်ပြနေပါသည်။ ထို့ကြောင့် မိဘတိုင်းသည် မိမိ၏သားများကို အားထားစရာ သားကောင်းရတနာ ဖြစ်လာစေရန်နှင့် သမီးများကို ခိုကိုးစရာ ထီးသဖွယ်၊ မေတ္တာအေးရိပ်ဖြင့် မိဘများကို ခိုလှုံခွင့် ယုယပိုက်ထွေးခွင့် ပေးနိုင်သော သမီးရတနာများ ဖြစ်လာစေရန် အတွက် ဗုဒ္ဓစာပေသည် ယဉ်ကျေးမှု အမွေများကို သင်ယူစေရန် အလွန်အရေးကြီးပါသည်။ ယနေ့လူငယ်များသည် ဗုဒ္ဓဘာသာ သာသနာ အဆုံးအမများကို စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာ တတ်သိသဘောပေါက်ပါမှ နောင် သားစဉ် မြေးဆက် အဆက်မပြတ် သာသနာ တည်တံ့နိုင်မည် ဖြစ်ပါသည်။ လူငယ်လူရွယ်များ အနေဖြင့်လည်း ကိုယ့်အမျိုး ဘာသာ၊သာသနာကို ချစ်မြတ်နိုးပြီး ဇာတိမာန် တက်ကြွကာ ဝံသာနု ရက္ခိတ တရားကို ကျင့်သုံးနိုင်မည် ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော် သံဃမဟာ နာယက အဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရပ်ကွက် မြို့နယ် တိုင်း အသီးသီးတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု သင်တန်းများ စတင်ဖွင့်လှစ်လျက် ရှိပါသည်။ ဗုဒ္ဓဘာသာဝင် မိဘတိုင်းသည် ဘာသာ့သွေး၊ သာသနာ့စိတ် နိုးကြွားတက်ကြွစွာဖြင့် သာသနာပြုသင်တန်းများတွင် မွေးရာပါ တာဝန် အသိတရားနှင့် တက်ညီလက်ညီ ပါဝင် သာသနာပြုကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသတည်း။

မောင်ရှင့်ကျူး (မြောင်းမြ)




ဦးစံတင်
(ကထိက)

ကျွန်တော်သည် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော် ရန်ကုန် တက္ကသိုလ် ကျောင်းသားဘဝကို သတိရမိသည်။ ထိုစဉ်က ကျွန်တော်နှင့် အလွန်ခင်မင်လှသော သူငယ်ချင်းတယောက်ရှိသည်။ သဘောချင်းတူ စိတ်ချင်းညီကြသဖြင့် ဘုရားအတူသွားလေ့ရှိသည်။ အခါအားလျော်စွာ ဥပုသ်အတူ စောင့်ခဲ့ကြသည်။ တခါတရံ မိမိတို့သိသလောက် အသိဉာဏ်ဖြင့် ဗုဒ္ဓစာပေမှ အကြောင်းအရာတို့ကို ဆွေးနွေးကြသည်။ကျွန်တော့်သူငယ်ချင်းမှာ တခြား လူများ ထက် ရဟန်းသုံးပါးကို ကြည်ညိုပုံမှာ တက္ကသိုလ် ကျောင်းသားတဦး အနေဖြင့် ကြည့်လျှင် ဆန်းသလိုဖြစ်နေသည်။

အဆောင်အခန်းကျဉ်းကလေးတွင် သူကြည်ညိုထားသည့် ဘုရားစင်မှာ သပ္ပါယ်လှတိသည်။ နေ့စဉ်ပင် ပန်း ရေချမ်း မှန်မှန်ကပ်သည်။ ဝတ်မပျက် ဘုရားအာရုံပြုသည်။ တချို့ သူငယ်ချင်းတို့က သူ့ကို ဘုရားလူကြီးဟု ခေါ်ကြသည်။ ကျွန်တော်သည် သူကဲ့သို့ အခန်းတွင် ဘုရားစင်မထားသော်လည်း သူ၏ပြုမူနေထိုင်ပုံကို အထူးလေးစားသည်။ တနေ့ သူငယ်ချင်းတယောက်က နောက်ပြောင်သည့်သဘောစကားဖြင့်မေးလာသည်။ ပြောမနာဆိုမနာ သူငယ်ချင်းတဦးပင်။ "ဟေ့ကောင်....ငါသင်္ကန်းဝတ်ယင် မင်းတို့ ငါ့ကို အားလုံးရှိခိုးကြမှာကွ၊ ဟုတ်တယ်မဟုတ်လား"၊ ကျွန်တော့်သူငယ်ချင်းရဲ့အဖြေကိုကြည့်ပါ။

"တကယ့်သံဃာတော်ကိုဖြစ်စေ၊ သင်္ကန်းဝတ်ကိုဖြစ်စေ၊ ငါတို့ ကန်တော့ပါတယ်ကွာ၊ ရှိခိုးပါတယ်၊ ရှိခိုးလို့လဲ ကျေးဇူးမယုတ်ပါဘူး၊ မိမိကသာ ကုသိုလ်ရပါးနဲ့ မပြစ်မှားနဲ့၊ တခုရှိတယ်သူငယ်ချင်း၊မင်းသိထားဖို့က ငါသင်္ကန်းဝတ်ထားလို့ ငါ့ကိုရှိခိုးတယ်ဆိုပြီး....ငါ့ကို-ငါ့ကိုလို့ အတ္တအသိစွဲနဲ့ သိမှတ်ယင် မင်းမှာ ဝန်

လေးမယ်၊ ရှိခိုးကန်တော့တဲ့ ငါတို့အနေနဲ့လဲ မင်းကို ငါ့သူငယ်ချင်းကို ကန်တော့တယ်လို့ သဘောသားမိယင် ငါတို့မှားတယ်၊ ငါတို့ရှိခိုးတာက ရတနာမြတ်သုံးပါးအနက် ရှိခိုးထိုက် ပူဇော်ထိုက်တဲ့ သံဃာတော်ဆိုပြီး ဘုရားသားတော် သံဃာတော်ကို ရည်စူးပြီး ကြည်ညို သဒ္ဓါတရားနဲ့ ရှိခိုးမှာကွ"

သူပြောသောစကားသည် အလွန်လေးနက် မှန်ကန်လှသည်၊ နောက်ပြောင်မိသည့် သူငယ်ချင်းလည်း ဗုဒ္ဓဘာသာဝင် တဦး ဖြစ်သဖြင့် အတော် သဘောပေါက် ဘဝင်ကျသွားသည်။ "ငါ့ကို ငါ့ကိုလို့ အတ္တစွဲနဲ့သိမှတ်ယင် ဝန်လေးမယ်" ဆိုသော စကားသည် နက်နက်တွေးက ထိပ်လန့်ဖွယ်ပင်။ သက်န်း ဝတ်ရုံမှုဖြင့် မရ။ အကျင့်သိက္ခာသည် အလွန်အရေးကြီးကြောင်း ထင်ရှားတော့သည်။

ရတနာသုံးပါးနှင့် ပတ်သက်ပြီး ကျွန်တော့် ဖခင်က ကျွန်တော့်အား သေးငယ်တယ်ဆိုပြီး ပေါ့ပေါ့ ဆဆ သဘောမ ထားယင့်ကြောင်း၊ အထင်မသေး သင့်ကြောင်း၊ မစော်ကားသင့် ကြောင်း တခါက ဆုံးမဖူးသည်။ ရှင်သာမဏော၊ မင်းသားငယ်၊ အဆိပ်ပြင်းသော မြွေငယ်တို့ သည် မိမိဘက်က မလေးမစား စော်ကားမိက ဒုက္ခလှလှ ဖြစ်နိုင်ကြောင်း၊ သံသရာ ဝန်လေး ကြောင်း သာဓကဝတ္ထုများဖြင့် ဖခင်က ကျွန်တော့်အား ရှင်းပြဖူးသည်။ ယင်းအသိဉာဏ် သည် ယခုအသက်အရွယ်တွင် ကြား၊ နာ၊ဖတ် မိသော စာပေ၊ လူမှုဘဝ အတွေ့အကြုံ အရ လေးနက်သော အတွေးအခေါ် အသိ အမြင် ကို ဖြစ်ပေါ်စေတော့သည်။

ကျွန်တော်ကြည်ညိုလှသော သံဃာတော် အရှင်မြတ်များအနက် တပါးမှာ တောင်ဖီလာ ဆရာတော်ဖြစ်သည်။ စာပေအတွေ့အကြုံအရ ဖြစ်သည်။ ကျွန်တော် ရန်ကုန်တက္ကသိုလ် ရောက် သောအခါ တောင်ဖီလာဆရာတော်၏ ကဗျာ၊ စကားပြေများကို သင်ကြားနာယူရသည်။ ဆရာ တော်၏စာပေပေါ် ဆုံးမချက်များကို ဖတ်နာရ သောအခါ ထပ်ကဲ၍ အလွန်ကြည်ညိုမိသည်။ သူ၏အတ္ထုပ္ပတ္တိကိုလည်း လေ့လာမိသည်။ သူ့ အတ္ထုပ္ပတ္တိကို ဖတ်မိသောအခါ သူ၏စာပေပရိယတ္တိကျွမ်းကျင်ပုံနှင့် အကျင့် သီလ သိက္ခာကိုသိ ရသဖြင့် တိုး၍ကြည်ညိုမိတော့သည်။ တက္ကသိုလ် တွင်သင်ရသည့် ပညာဆည်းပူး ပန်းသို့ခူးကဗျာ၊ လောက၊ ဓမ္မ၊ ရာဇ သုံးပါးလုံးတွင် အကျိုး များရန် စကားပြေဖြင့် ရေးထားသော ယသ ဝဍ္ဍနဝတ္ထုတို့သည် အလွန်မှတ်သားဖွယ်ကောင်း သော အနှစ်သာရနှင့် ပြည့်လျှမ်းသည့် စာများ ဖြစ်သည်။

ဒဂုန် ဦး ထွန်း မြင့် ၏ တောင်ဖီလာဆရာ တော်နှင့် ရွှေဥမင်ဆရာတော်အကြောင်းကိုရေး ထားသော ဆောင်းပါးသည် အခြေခံ အထက် တန်းမြန်မာစကားပြေပိုင်း၌ပြဋ္ဌာန်းထားသည်ကို ဖတ်ရသည်။ တောင်ဖီလာဆရာတော်သည် ရွှေ စက်တော်ဘုရားဖူး မှအပြန်ရွှေဥမင်ဆရာတော်ကို သွားရောက်ဖူးသောအခါ ရွှေဥမင်ဆရာတော် ၏ ဆိုမိန့်သောစကားကို အလေးအနက်သဘော ပေါက်၍ မိမိသီတင်းသုံးရာ လေးထပ်ကျောင်း သို့ မဝင်တော့ပဲ မင်းဝံတောင်ရိုးအရှေ့ချောက် ကြား တောင်ဖီလာတွင်တောဝင်တော်မူသည်။ သံဝေဂယူပုံ ပြတ်သားသော ဆရာတော်၏ ဆုံး ဖြတ်ချက်ကား အံ့သြလောက်သည်။ ကြက်သီး ထကမန်း ခံစားမိသည်။ ယင်းကာလတွင် ဆရာ တော်၏ သက်တော်ကား ၆၀ ပြည့်ပြီ ဖြစ်၏။

ကျွန်တော်၏ အတွေးအခေါ် သဘောထား ကို အလေးအနက်ထားရန် ကိုင်လှုပ်သောအသိ

ပညာတရပ်ကား ဆရာတော်၏ ဘဝဝါကျွေ့ အုံ့သြဖွယ် အဖြစ်ဆုံး တရပ်ပင်။ ယင်းကား- တောင်ဖီလာဆရာတော်ကို 'မားမကူးဆရာ တော်'ဟုခေါ်တွင်ရသောအကြောင်းပင်တည်း။

'အမှောင်ရိပ်ဝယ်' ဟူသော ခေါင်းစဉ်ဖြင့် ဗုဒ္ဓစာပန်းချီ ဒုတိယတွဲ စာမျက်နှာ ၃၆၃ တွင် ဒွေဥဒေါင်းက သက်တော် ၆၁ ရှိ တောင်ဖီ လာ ဆရာတော်ကို သာလွန်မင်းတရားက မိန်းမ နှင့်ဖြားယောင်းပုံ အသေးစိတ် သရုပ်ဖော်ထား သည်ကို ဖတ်ရသည်။ သူတော်စင်၏ စိတ်ဓာတ် ဖြင့် သံတောင်ပမာ ကြံ့ ခိုင် တော် မူ သော တောင်ဖီလာ ဆရာတော်သည် ကိလေသာနှင့် အတော်ပင် တိုက်ပွဲဝင်ရကြောင်း သရုပ်ဖော် ထားသည်။ ကိလေသာစိတ်မပေါ်အောင်၊ မနိုင် အောင် တံပူလပ်သော မားကြောက်ကလေးဖြင့် ဗယ်ဘက်ခြေထောက်သလုံးသားကို လှီးကာ ဒုက္ခဝေဒနာကို ဖန်တီးယူရကြောင်း တင်ပြ ထားသည်။

ယင်းစာကိုဖတ်မိပြီး ကျွန်တော် အတော် စိတ်ထိခိုက်မိသည်။ဆရာတော်၏ ဝိနည်းကိုမကျိုး မပေါက်အောင် စောင့်ထိန်းသော သီလတန် ခိုးကို တဘက်က ကြည်ညိုမိသည်နှင့်အမျှ မိန်းမ နှင့် ဖြားယောင်း စေခိုင်းမိသော သာလွန်မင်း တရား၏ အနာဂတ် ဘဝသံသရာ ခရီးကို တွေးကာ သံဝေဂ ဖြစ်မိတော့သည်။ အကြီး အကျယ် တုန်လှုပ်မိသည်။ နောက်တော့လည်း သာလွန် မင်းတရားကိုယ်တိုင်က "တပည့်တော် မှားပါပြီဘုရား၊ ဆရာတော်၏ သီလ သိက္ခာကို ယုံမှား၍ မဟုတ်ပါ၊ ကြည်ညိုလွန်း၍ အကြံ ထူးကို ကြံခဲ့စီမံခဲ့မိပါသည်။ သည်းခံတော်မူပါ ဘုရား" ဟု ဝန်ချတောင်းပန်ကြောင်းပါသည်။

ပြုမိသူက မိမိအမှားကို ဝန်ချကာမျှ၊ အနူး အညွတ် တောင်းပန်ကာမျှ၊ ကာယကံရှင်က လည်း ပျော့ပျော့ နပ်နပ် ခွင့်လွှတ်ကာမျှ သံသရာ အဖြစ်သည် ရှုံ့ညွန့်ကိုရေဖြင့် ဆေးသကဲ့သို့ စင် ကြယ်ပပျောက် ပါမည်လော။ အဝတ်ညစ်ကို ဆပ်ပြာ ကောင်းကောင်းဖြင့် ဖွပ်သကဲ့သို့ ချက်ချင်း ဖြူစင်အောင် လျှော်ဖွပ်နိုင်ပါမည် လော။ ကျွန်တော် စိတ်မှာ အတော်တင်မကျ ဖြစ်မိသည်။ သာလွန်မင်းတရား ကိုယ်စား သံ ဝေဂ အလူး ဖြစ်မိသည်။ တုန်လှုပ်မိသည်။

စာရေးဆရာသည် အများအားဖြင့် သာလွန် မင်းတရားကို တိုင်းပြည်အုပ်ချုပ်ရေးနှင့် ပတ် သက်၍ အမှန်းတင်ရေးသားကြသည်။ မင်းမြတ် သာလွန်ဟူသော စာအုပ်တအုပ်ပင် တခါက ထုတ်ခဲ့သည်။ အမှန်ပင် သာလွန် မင်းသည် ရာဇဝင်တွင် ကျော်ကြားသော မင်းတပါး ဖြစ်၏။ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပတ်သက်၍ ချီးကျူးလောက်ပေ၏၊ တိုင်းတပါး သမိုင်း ဆရာတို့ကလည်း ချီးကျူးခဲ့ကြပါ၏။ မြန်မာ နိုင်ငံတော်တွင် သန့်ခေါင် စာရင်း ကောက်ယူပုံကစ သိရသည်။ သာလွန်မင်းတရား သည် တောင်ဖီလာ ဆရာတော်ကို အလွန် ကြည်ညိုသော မင်းတပါးဖြစ်ကြောင်း သိရ သည်။ ကြည်ညိုသည်ကိုတော့ အားကျလောက် ပါ၏။ ဆရာတော်၏ သီလကိုမိန်းမနှင့် ဖြား ယောင်း၍ စမ်းသပ်ပုံမှာ အတော်စဉ်းစားရ ခက်သည်။ ပြဿနာ မရှင်းပါ။

မြန်မာ့စွယ်စုံကျမ်း အတွဲ ၅ စာမျက်နှာ ၆၇ တွင် တောင်ဖီလာ ဆရာတော်နှင့် ပတ်သက်၍ အတော်စုံလင်စွာ ရေးထားသည်ကိုဖတ်ရသည်။ တောင်ဖီလာ ဆရာတော်သည် စက်တော်ရာမှ အပြန် ပုခန်းကြီး ရွှေဥမင် ဆရာတော် အရှင် အရှင်ဇမ္ဗုဓဇထံ ဝင်တော်မူရာ ရွှေဥမင် ဆရာ တော်၏ စကားကြောင့် တရားသံဝေ ရကာ စစ်ကိုင်း ပြန် ရောက် သော် လည်း လေးထပ်

ကျောင်းသို့ မပြန်တော့ကြောင်း၊ တောင်ဖီလာ တွင် တောဝင်ဘော်မူကြောင်းပါသည်။သာလွန် မင်းတရားနှင့် ညီတော် စလင်းစား မင်းရဲကျော် စွာတို့က ဆရာတော်ကို သူ့ထက်ငါ ဦးအောင် လိုက်ရှာ ကြကြောင်း ပါသည်။ ညီတော်က အလျင်တွေ့၍တောင်ဖီလာချောင်တွင်ဇေတဝန် ရွှေကျောင်းဆောက်၍ လှူကြောင်း၊ သာလွန် မင်းတရားကြီးက မဟာတိပိဋကာလင်္ကာရ ဟူ သော တံဆိပ်တော်ကို ဆက်ကပ် လှူကြောင်း ပါသည်။

မြန်မာစွယ်စုံကျမ်းအတွဲ ၅ စာပျက်နှာ ၉၉ ဒုတိယပိုဒ်တွင် ခားမကူးဆရာတော်ဟု အဘယ် ကြောင့် ခေါ်တွင်ကြောင်း ရေးသား ရာတွင် ''သာလွန်မင်းတရားကြီးသည် မိမိ ဆရာတော် တောင်ဖီလာ ပုဂ္ဂိုလ်ကျော်၏ သီလ သမာဓိကို အထူးထင်ရှားစေလိုသောစေတနာဖြင့်နန်းတွင်း သူမ တဦးကို ဆရာတော်ကျောင်းသို့ ဝင်စေပြီး လျှင် ဆရာတော်အား ဖြားယောင်းစေ၏'' ဟု အတိအကျ တင်ပြထားသည်ကို ဖတ်ရပြန်သည်။ ယင်းအချက်ကို ဖတ်ရသော ကျွန်တော် သည် အဘော်စဉ်းစားရခက်သွားသည်။

''မိမိ ဆရာ တောင်ဖီလာ ပုဂ္ဂိုလ်ကျော်၏ သီလ သမာဓိ ကို အထူး ထင်ရှားစေလိုသော စေတနာဖြင့်''ဟူသော အချတ်ကို ကျွန်တော် လုံးဝ ဘဝင်မကျပါ။ မင်းတရားအပေါ် လေး စားမှု ကြည်ညိုမှု လွန်ကဲသောစေဘနာကြောင့် ဖော့၍ ရေးသော၊ ပင့်၍ရေးသော အရေး အသားမျိုးဟု ကျွန်တော် တွေးမိသည်။

''တပည့်တော်မှားပါပြီဘုရား၊ဆရာတော်၏ သီလကို ယုံမှား၍ မဟုတ်ပါ၊ ကြည်ညိုလွန်း၍ အကြံထုးကို ကြံခဲ့၊ စီမံခဲ့မိပါသည်'' ဟူသော လျှောက်ကြားပုံ အရေးအသားမျိုးကိုလည်း ဘဝင်မကျလှပါ။

ဆဒ္ဒန်ဆင်မင်း ဝတ္ထုထဲက သော နုတ္တိုရ်လျှောက်ကြားသော-''အစွယ်ကို လိုသူ မိဖုရား၊ အသွားစေခိုင်းသူ မင်း ရောဇ်၊ လေးပစ်သူ ဘုရားကျွန်တော်၊ ကြံဖော်ကြံဖက် သုံးယောက်သားအနက် တွင်မှ ကုသိုလ်ကံ ကွက်ကျား၍ ငမိုက် သား မုဆိုးလေ....နင်ချည်းသာ သေပေ တော့''

ဟူသော ဦးပုည၏ စာ အ ရေး အ သား ကောင်းပုံမျိုး ဖြစ်နေလေရော့မလားဟု ထင်မိ ပါတော့သည်။ အမှန်တရားကို ပဓာနထားကာ အနာဂတ် ကောင်းကျိုးကို မျှော်လျက် ဝေဖန် စိစစ်သော ဝိဘဇ္ဇဉာဏ်ဖြင့် အခြေပြု၍ သာ ရေးသင့်သည်ဟု ထင်ပါသည်။

အလျဉ်းသင့်၍ တင်ပြလိုသောအချက် ရှိပါ သေးသည်။ ရာဇာဓိရာဇ်ဘုရင်သည် မြန်မာနိုင်ငံ တွင် တခါကလျှမ်းလျှမ်းတောက် ဘုန်းကြီးသော ဘုရင်တဆူ ဖြစ်ခဲ့သည်။ ကေရာဇ်ဘုရင်သည်း လူသားတဦးသာဖြစ်၍ သူငယ်စဉ်ကအမှားများ ရှိခဲ့သလို အတုယူဖွယ်လည်းရှိသည်။ ငယ်ရွယ် နုပျိုစဉ်ကအမှားတခုမှာ လင်ရှိ မိန်းမမွေ့မိတ် ကို အတင်းအဓမ္မ သိမ်းယူသည်ကိုပင် ထိုစာအုပ် တွင် ''ရာဇာဓိရာဇ် သည် ဆန်းကြယ်သော မေတ္တာရှိသူ''ဟုဖော့၍၊ပင့်၍ ရေးထားသည်ကို ဖတ်ရသည်။ ယင်းကို ဖတ်မိတိုင်း ကျွန်တော် ဘဝင်မကျခဲ့ပါ။

မည်သို့ဆိုစေ တောင်ဖီလာ ဆရာတော်ကို မိန်းမနှင့်ဖြားယောင်းသည့် ကိစ္စရပ်ကား ဆရာ တော်သည် သာမန် လူပုဂ္ဂိုလ်မဟုတ်၊ ရဟန်း

တော် သံဃာတော် ဖြစ်နေသည်။ ရဟန်းမှာလည်း သာမန်ရဟန်းတော်တပါးမဟုတ်၊ ဘာမဏေဘဝကပင် ထင်ရှားကျော်ကြားလှသော စာတတ်၊ ကျမ်းတတ်၊ စာချ၊ ကျမ်းပြု၊ စာဆိုအရှင် အကျင့် သီလ ကောင်းလှသော အသက် ၆၀၊ ဝါတော် ၄၀ ရှိမဟာထေရ်ကြီး တပါး ဖြစ်သည်။

သက္ကရာဇ် ၁၃၇၀ ပြည့်နှစ် အနောက်ဘက်လွန်ပင် ဖြည့်မြို့ကိုလုပ်ကြရာ ငါပြည်ကိုသုပ်ကြံသည်ကား- ရှင်တဆူ လူတယောက်သာ ရသည်” ဟု ရာဇဝင်တွင်အောင်ပြောမှတ်ပြုရသော တောင်ဖီလာဆရာတော်အလောင်း ရှင်တဆူပင်တည်း။ ရှင်သာမဏေဘွဲ့ ရှင်မုနိန္ဒဃောသ၊ ဆရာတော်သည် အကျင့်သိက္ခာ ပညာဂုဏ်ကြောင့် သာမဏေကျော်၊ နောက် ပဥ္စင်းကျော်ဟုထင်ရှားခဲ့၊ ကြီးလာလျှင် တိပိဋကအကျော်၊မဟာတိပိဋကာလင်္ကာရအကျော်၊တောထွက်လျှင် တောင်ဖီလာအကျော်၊ ရှင်ဥပါလိ မထေရ်၊ နောက်ဆုံးခေါ်မကူး ဆရာတော်ဟူသောဘွဲ့၊ဂုဏ်ထူးအမည်နာမကျော်တို့ဖြင့် လျှမ်းလျှမ်းတောက် သီလ၊ သမာဓိ ပညာဘို့ဖြင့်ပြည့်စုံတော်မူသော မဟာထေရ် မဟုတ်ပါလော။ ပရိယတ် ပဋိပတ်နှင့်ပြည့်စုံတော်မူလှသော မုံသောက်စာတင် စွယ်စုံဆင်မြတ် မဟုတ်တုံလော။

ကျွန်တော်သည် ကျွန်တော်၏ ဘဝင်မကျဖြစ်နေသော ပြဿနာ၏ အဖြေကို ရှာယင်း အဖိုးတန် မှတ်သားဖွယ် ကောင်းသော ဇာတ်ကြောင်း တခုကို သွားတွေ့သည်၊ စာရှုသူတို့ဆင်ခြင်နိုင် ဆုံးဖြတ်တော်မူကြရန် တင်ပြလိုသည်။ ရတနာသုံးပါးတွင် တပါးအပါအဝင်ဖြစ်သော သံဃာဂုဏ်တော်ကို မည်သို့ ဦးထိပ်ထားကာ ဂါရဝပြုထိုက် မြတ်နိုးထိုက်ကြောင်း ထင်မြင်လာနိုင်မည်ဟု ထင်ပါသည်။

ပါဠိပါရဂူဆရာကြီး ဦးအောင်မိုးပြုစုသော အချင်အာနန္ဒာဝတ္ထု ဒုတိယတွဲ စာမျက်နှာ ၁၆၉ ပါ အရှင်ကုဏ္ဍဓာန အကြောင်းပါ ဇာတ်လမ်းကို ဖော်ပြလိုသည်။ ဇာတ်လမ်းအချုပ်မှာ-

ဂေါတမ မြတ်စွာဘုရားရှင် လက်ထက်တွင် အရှင်ကုဏ္ဍဓာန အမည်ရှိသော ပုဂ္ဂိုလ်ထူး တပါး ရှိခဲ့သည်။ ယင်းပုဂ္ဂိုလ်သည် အကြီးအကျယ် ရှေ့ဝိပါကိ ပါလာသူဖြစ်သည်။ ရှေးလွန်လေပြီးသော ကမ္ဘာ ပဒုမုတ္တရ ဘုရားရှင်လက်ထက် စာရေးတံမဲပေါက်တတ်သောပုဂ္ဂိုလ်တို့တွင် အသာဆုံး တေဒဂ်ရသော ရဟန်းတပါးကို အားကျ၍ ဘုရားမြတ်စွာထံ အလှူပြုကာ ဆုတောင်းခဲ့သည်။ ထို့ကြောင့် ဘဝများစွာပင် နတ်မင်း လူမင်း စည်းစိမ်ခံစားခဲ့ရသည်။ ကဿပဘုရားရှင် လက်ထက် တခုသော ဘဝတွင် ဘုမ္မစိုး နတ်ဖြစ်စဉ် မိုက်မဲသောအမှုကို ပြုခဲ့မိသည်။

ကဿပဘုရားရှင်သည် ခြောက်လတကြိမ် ပါတိမောက်ရွတ်ဆို ဟောကြား၍ သံဃဥပုသ်ပြုလေ့ ရှိတော်မူသည်။ ယင်းကာလ နယ်တွင် သီတင်းသုံးသော ရဟန်းတို့သည်လည်း လာရောက်၍ညီညွတ်ခံသူကာ သံဃဥပုသ်ပြုကြသည်။ တနေ့သ၌ နယ်တွင် သီတင်းသုံးဖော် ရဟန်းနှစ်ပါး သံဃဥပုသ်ပြုရန် ဘုရားထံတော် ကြွအလာ ကုဏ္ဍဓာနအလောင်း ဘုမ္မစိုးနတ်က “ဤရဟန်း နှစ်ပါးတို့၏ မေတ္တာကား ခိုင်မြဲလှသည်၊ မေတ္တာပျက်စရာ အကြောင်းရှိလျှင် ပျက်မည်လော” ဟု အကြံဖြစ်ပြီး စမ်းသပ်ကြည့်ရန် အခွင့်ရှာယင်း ထိုရဟန်းတို့နောက်မှ မသိမသာ နောက်ယောင်ခံလိုက်ခဲ့သည်။ ရဟန်းတပါးက ရေရလွယ်သော နေရာအရောက်တွင် သပိတ်သင်္ကန်းကို ပေးအပ်၍ ကိုယ်လက်သုတ်

သင်ရန်သွားသည်။ ကိုယ်လက် သုတ်သင်ပြီး လက်ကိုဆေးကြော၍ ချုံပုတ်ခုမှ ထွက်လာစဉ် ဘုမ္မစိုးနတ်သည် ထိုရဟန်း၏ နောက်မှ လျှောက်လာ၍ လုပ်သော မိန်းမအသွင် ဖန်ဆင်း၍ ဆံပင်ကို ဖြေပြီးနောက်ပြင်၍ထုံးသကဲ့သို့၊ ကျောက်ကုန်းမှ ဖုန်များကို ခါသကဲ့သို့၊ ထဘီကိုပြင်၍ ဝတ်သကဲ့သို့ ဟန်ပန်လုပ်ကာ ထိုရဟန်း၏ နောက်က လိုက်လာဟန်ဖြင့် ချုံမှထွက်လာသည်။ ကျန်ရဟန်းကို ယုံမှား သံသယရှိရန် ပြုမူပြသည်။)

စောင့်နေသော ရဟန်းက မိမိသူငယ်ချင်း ရဟန်းကို နောက်ယောင်ခံလိုက်သော မိန်းမကို မြင်ရာ သီလနှင့်ပတ်သက်၍ သံသယဝင်ကာ အချင်းချင်း စကားပြော မသင့်မဟတ်ဖြစ်ကြတော့သည်။ ချုံမှ ထွက်လာသော ရဟန်းက မိမိဘာမျှ မဖြစ်ရပါကြောင်း အတန်တန် ငြင်းသော်လည်း မပြေလည်တော့ပေ။ ယင်းအချိန်က စ၍ ရဟန်းနှစ်ပါး ခင်မင်ရင်းနှီးမှု ပျက်တော့သည်။ နောက်ဆုံး ဘုရားရှင်ထံတော်မှောက်သို့ ရောက်၍ ဥပုသ်သိမ်သို့ရဟန်းများ ဝင်ကြသော အချိန်သို့ရောက်သောအခါ သူငယ်ချင်း ရဟန်းက "ငါသည်၊ ဤရဟန်းယုတ်နှင့် အတူတကွ ဥပုသ်မပြုအံ့" ဟု ကြုံး၍ အပြင်ထွက်နေသည်။ ယင်းအဖြစ် အပျက်ကို မြင်သောအခါမှ ဘုမ္မစိုးနတ်သည် "ငါပြုမိသော အမှုကား ဝန်လေးလှ၏တကား" ဟု နောင်တ အကြီးအကျယ်ရသည်။ နောက်မိမိအမှားကို ဝန်ချတောင်းပန်ခဲ့သည်။ မိမိသည် ဘုမ္မစိုးနတ် ဖြစ်ကြောင်း ကိုယ်ထင်ပြကာ တောင်းပန်ရှာသေးသည်။ အရှင်နှစ်ပါးတို့၏ မေတ္တာခိုင်မခိုင်ကို စမ်းလိုသဖြင့် တမင်လာ ပြုလုပ်ခြင်းသာ ဖြစ်ကြောင်း ရှင်းပြသေးသည်။

ဝန်ချတောင်းပန် သော်လည်း ငရဲကား မလွတ်သတည်း။ နောက်ပြောင်မိသောမကောင်းမှုကံ၏ အကျိုးဆက်ကြောင့် ဘုရားနှစ်ဆူတို့ကြားကာလပတ်လုံး အဝီစိမှ မလွတ်မြောက်။ တခါပဲရုံ လူ့ဘဝကို ပြန်ပါလျှင်လည်း ခူတပါးပြုလုပ်သော ဒုစရိုက် ပေါသတို့သည် သူ့အပေါ်သို့သာ ကျရောက်လာတတ်သည်။ နောက်ဆုံး၌ ဂေါတမ ဘုရားရှင်လက်ထက် သာဝတ္ထိ ပြည်တွင်ပုဏ္ဏားအမျိုး၌ ဓာနလုလင်ဟု ဖြစ်လာသည်။ သာသနာတော်ကို ကြည်ညို၍ ရဟန်းပြုသည်။ ဝဋ်ကား မဆုံးသေး။ လိုက်မြဲလိုက်လေပြီးတည်း။ ရဟန်းပြုပြီးနောက် မြို့ထဲသို့ ဆွမ်းခံဝင်လျှင် လည်းကောင်း၊ ကျောင်းသို့ ပြန်ဝင်လျှင်လည်းကောင်း၊ ကျောင်းတွင်နေလျှင် လည်းကောင်း၊ ရဟန်းနှင့် အတူ တွဲနေသကဲ့သို့ မိန်းမတယောက်၏ အရိပ်အယောင် ထင်နေသည်။ မြင်ရသူတို့က သူ့ကို အကြည်အညို ပျက်ကြသည်။ မည်သူမျှ ဆွမ်းမလောင်းလိုကြ။

ရှင်သာမဏေရဟန်း ငယ်များက အရှင်ဓာန တိုး၊ တိုး အရှင်ဓာနဟု ပြောင်လှောင်ကြသည်။ ကဲ့ရဲ့ကြသည်။ ရဟန်းလည်း မိမိဝဋ်လည်သည်ကို မသိ၍ ပြောင်လှောင်သူတို့ကို ပြန်လည်ဆဲရေးမိသည်။ ဘုရားသခင်ထံ ရင်းကိစ္စရောက်သောအခါ ဘုရားသခင်က သင်သည် ရှေးက ပြုမှားခဲ့သော မကောင်းမှု အကုသိုလ်ကြောင့် ဝဋ်လည်ကြောင်း ဟောကာ တရားပြရသည်။

ကျောင်းနေ ရဟန်းတချို့က ဇေတဝန်ကျောင်းတော်တွင် နာမည်ပျက်နေသော ကုဏ္ဍဓာနအကြောင်းကို မြို့ထဲမှ အနာထပိဏ်သူဌေးကြီး၊ ဝိသာခါ၊ ကောသလမင်းကြီးတို့ထံ တိုင်တမ်းကြသည်။ ကောသလမင်းကြီး တပါးသာလျှင် ကုဏ္ဍဓာနကို စုံစမ်း၍လေ့လာသောအခါ မိန်းမတယောက်၏ အရိပ်အယောင်သည် ကုဏ္ဍဓာန၏ အပါး၌ မကွဲမကွာ အမြဲရှိနေသည်ကို မြင်ရသည်။ ကုဏ္ဍဓာနအပါးသို့ ချဉ်းကပ်သော

အခါ ထိုမိန်းမသည် ကျောင်းထဲသို့ ဝင်သွား သလို မြင်သောင်၍ ပျောက်သွားတော့သည်။ အခန်းထဲ ဝင်ကြည့်သော်လည်း မမြင်ရတော့။ ပျောက်ကွယ်သွား သည်ကို သိရတော့သည်။ သည်တော့မှ မင်းကြီးလည်း ဝဋ်လိုက်ခံနေရရှာ သော ကုဏ္ဍဓာနကို သနား၍ ပစ္စည်းထောက်ပံ့ ရှာသည် နောက်ဆုံးပန်းမျှတသဖြင့် စိတ်တည် ကြည်မှုကိုရကာ ဝိပဿနာပွားသဖြင့် ရဟန္တာ အဖြစ်သို့ ရောက်သည်။ ရဟန္တာဖြစ်တော့မှ ထို မိန်းမသဏ္ဍာန်လည်း ပျောက်ကွယ်သွားတော့ သည်။

နှုတ်ပြစ်မှုကြောင့် ပြည့်တန်သော ဘဝကို နောက်ဆုံးလူ့ဘဝရောက်သည်အထိ ရဟန္တာမ ကြီးမဖြစ်မီ အမ္ဗပါလီ၏ဇာတ်လမ်းကို သတိပြု သင့်သည်။ အမူအရာဖြင့် ပြစ်မှားမိသဖြင့် ခါး ကုန်းကာ ကျေးကျွန်ဖြစ်ရသော ခုဇ္ဇုတ္တရာ၏ရှေး အတိတ်ကိုလည်း သတိပြုသင့်သည်။ စိတ်အား ဖြင့် ပြစ်မှားမိသော မောင်မစ္ဆကဇာတ်လမ်းကို လည်း သတိပြုသင့်သည်။

ကုဏ္ဍဓာန ရဟန်းနှင့် ပတ်သက်၍ ဆင်ခြင် လျှင် သံသရာတလျှောက်လုံး အရိပ်ပမာလိုက် တတ်သော ဝိပါကဝဋ်ကား ကြောက်ဖွယ် ကောင်းလေစွ။ နောက်ပြောင်မိသော ဆိုးကျိုး ကား ကြောက်ဖွယ်ကောင်းလေစွ။ မိမိမှားမိပါ ကြောင်း ဝန်ချ တောင်းပန်ပါ သော်လည်း နောက်ဆုံး ကျွတ်တမ်းဝင်သည်အထိ ဝဋ် လိုက် နေသေး၏။ သံဝေဂရဖွယ်ပါတကား။ ကုဏ္ဍဓာန အကြောင်းဝတ္ထုကိုကြည့်၍ ပညာရှိများ အကဲ ဖြတ်နိုင်ကြပါလိမ့်မည်။ ဝိဘဇ္ဇဉာဏ် ပွားနိုင်ကြ ပါလိမ့်မည်။

သီလ သမာဓိ ပညာရှိသော မဟာထေရ် မြတ်တို့ကို ကိုယ်ဖြင့် မဆိုထားဘိ စိတ်ဖြင့်မျှပင် မပြစ်မှားသင့် မစမ်းသပ်သင့်ကြောင်း သင်ခန်း စာယူရပေမည်။ ဘုရားအလောင်း အရှင်အမာ ဖြစ်သော ဆဒ္ဒန်ဆင်မင်းသည် သူ့ကို သတ် သော သောနုတ္တိုရ်ကို သင်္ကန်းရုံ၍ အယောင် ဆောင်ထားမှန်း သိပါလျက် သင်္ကန်းကို ရိုသေ ကာ ခွင့်လွှတ်သော သာဓကကို ပြန်ကောက်ဖို့လို ပေသည်။

ထို့ကြောင့် ကျွန်တော် တက္ကသိုလ်ကျောင်း သားဘဝက သူငယ်ချင်းပြောသော "တကယ့် သံဃာတော်ကို ဖြစ်စေ၊ သင်္ကန်းဝတ်ကိုဖြစ်စေ ငါတို့ ကန်တော့ပါတယ်ကွာ။ ရှိခိုးပါတယ်၊ ရှိခိုးဖို့ပဲ ကျေးဇူးမယူပါဘူး၊ မိမိကသာ ကံသုံးပါးနဲ့ မပြစ်မှားသေးနဲ့" ဆိုသောအဖိုးတန် လှသောစကားသည်လည်းကောင်း၊ ရှင်သာ မဏေငယ်၊ မင်းသားငယ်၊ အဆိပ် ပြင်းသန် သော မြွေငယ်တို့ကို မိမိက မလေးမစား စော် ကား ကျူးလွန် မိက ဒုက္ခလှလှ ရောက်နိုင် ကြောင်း ဖခင်၏ ဆုံးမစကားရပ်သည်လည်း ကောင်း၊ ကျွန်တော်၏ နှလုံးအိမ်ဝယ် ကိန်း အောင်းကာ အစဉ်ပင် သတိပေးသကဲ့သို့ဖြစ်နေ သဖြင့် သံဃာ့ဂုဏ်တော်ကို ဦးထိပ်ထားလျက် အမြဲမပြတ် ထာဝရကြည်ညိုပြီး ဘဝသင်ခန်း စာ ယူနိုင်တတ်စေကြောင်း ရေးသားအပ်ပေ သတည်း။

ဦးစံတင်
ကထိက
မြန်မာစာဌာန၊
ရန်ကုန်တက္ကသိုလ်။



# အနေကဇာတ ကျူးခြင်း

ဦးတင့်လွင်

အနေကဇာဟူသည် အနေကဇာတိ၏ အတို ဖြစ်သည်။ အနေကဇာတိသည် ဘုရားရှင် ပထမ ဂါထာတော်၌ လာရှိသော ပထမ စကားလုံး ဖြစ်သည်။ ထိုဂါထာကို ဗုဒ္ဓစာပေ၌ ဥဒါန်းဟူ၍ သတ်မှတ်သည်။ အကြောင်းမှာ ထိုဂါထာမျိုး သည် တစုံတခုသောအခါ၌ ဝမ်းသာမှု၏ လှုံ့ဆော်ချက်အရ ကျူးရင့်သော ဂါထာ ဖြစ်သောကြောင့်ပင်။ ဥဒါန်းကျူးခြင်းကို ဆီဖိတ် လျှံခြင်းနှင့် နှိုင်းယှဉ်အပ်၏။ အိုးထဲသို့ ဆီကို လောင်းထည့်သောအခါ ဆီသည် အိုးနှင့်မဆံ့ သော် အိုးနှုတ်ခမ်းမှ ဖိတ်လျှံဆီးဆင်းသကဲ့သို့ ဝမ်းသာသောသူ၏ ဝမ်းသာမှုသည် ထိုသူ၏ နှလုံးနှင့်မဆံ့သော် ဥဒါန်းအဖြစ် နှလုံးမှထွက် ပေါက်ရှာတော့သည်။ ဥဒါန်းသည်နှစ်မျိုးရှိ၏။ စိတ်ဖြင့် ကျူးရင့်အပ်သော "မနသာဥဒါန်း" နှင့်နှုတ်ဖြင့်ကျူးရင့်အပ်သော "ဝစသာဥဒါန်း" တို့ ဖြစ်သည်။

ဤအနေကဇာဟူသောဥဒါန်းကို ဘုရားရှင် သည် ဘုရားဖြစ်တော်မူဦးက စိတ်ဖြင့် ဥဒါန်း ကျူးတော်မူ၏။ အချိန်ကား မဟာသက္ကရာဇ် ၁၀၃ ခု ကဆုန်လပြည့်နေ့ဖြစ်သည်၊ နေရာကား နေရဉ္ဇရာမြစ်ကမ်းအနီး ဥရုဝေလ တောအုပ်ရှိ ဗောဓိပင်ခြေရင်းဖြစ်သည်။ ထိုအချိန် ထိုနေရာ၌ အလောင်းတော်သည် မာရ်နတ်ကို နေမဝင်မီ လုံးဝ အောင်မြင်တော်မူသည်။ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသ ဉာဏ်ကို ရတော်မူသည်။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ မိုးသောက်ယံ၌နေအရုဏ်မတက်မီပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံပဋိလုံဆင်ခြင်တော်မူလေ လျှင် အာသဝက္ခယဉာဏ်တော်ကို ရတော်မူ၍

သဗ္ဗညုစင်စစ် ဘုရားအဖြစ်ကြီးဖြစ်တော်မူလေသတည်း။ မိုးသောက်၍ လပြည့်ကျော် တရက်နေ့သို့ရောက်သောအခါ ဘုရားရှင်သည် အလွန်ဝမ်းမြောက်ဖွယ်ကောင်းသော မိမိ၏အဖြစ်ထူးကြောင့်စိတ်ဖြင့် အောက်ပါအတိုင်းဥဒါန်းကျူးကော်မူလေသည်။

အနေကဇာတိ သံသာရံ၊
သန္ဓာဝိသံ အနိဗ္ဗိသံ။

ဂဟကာရံ ဂဝေသန္တော၊
ဒုက္ခာဇာတိ ပုနပ္ပုနံ။

ဂဟကာရက ဒိဋ္ဌောသိ၊
ပုန ဂေဟံ န ကာဟသိ။

သဗ္ဗာတေ ဖာသုကာ ဘဂ္ဂါ၊
ဂဟကူဋံ ဝိသင်္ခတံ၊

ဝိသင်္ခါရဂတံ စိတ္တံ၊
တဏှာနံ ခယမဇ္ဈဂါ၊

အကြိမ်ကြိမ်အခါခါ ဇာတိဖြစ်ရခြင်းသည် ဆင်းရဲလှ၏။ ထို့ကြောင့် ငါသည် အိမ်ဆောက်သမား (တဏှာတည်းဟူသောယောက်ျား) ကို ရှာဖွေလျက် (ဉာဏ်အမြင်) မရသေး သောကြောင့် ဘဝများစွာ သံသရာ ကာလပတ်လုံး ကျင်လည် ခဲ့ရလေပြီ။ (တဏှာ ယောက်ျား) ဟယ်-အိမ်ဆောက်သမား ယခုအခါ၌ သင့်ကို မြင်အပ်သည်ဖြစ်၏။ သင်သည် (ခန္ဓာကိုယ်တည်းဟူသော) အိမ်ကို တဖန် ဆောက်နိုင်တော့မည် မဟုတ်။ သင်၏ ခပ်သိမ်းသော (ကိလေသာတည်းဟူသော) ဒိုင်းမြားတို့ကို ချိုးဖျက်အပ် ကုန်ပြီ။ (အဝိဇ္ဇာတည်းဟူသော)အိမ်အတွက်ကိုဖျက်ဆီးအပ်ပြီ။ (ငါ၏) စိတ်သည် သင်္ခါရနယ်မှ လွတ်ကင်းရာ (နိဗ္ဗာန်)သို့ရောက်ရှိလေပြီ။ (ငါသည်) တဏှာတို့၏ကုန်ခမ်းရာ (နိဗ္ဗာန်) သို့ ရောက်ရှိလေပြီ၊

ထိုအခါမှစ၍ ဘုရားရှင်သည် ဗောဓိပင်ရင်း၌ ခုနစ်ရက်ပတ်လုံး ဝိမုတ္တိသုခကို ခံစားလျက် ထက်ဝယ်ဖွဲ့ခွေကာ တထိုင်တည်းဖြင့် နေတော်မူ၏။ ထိုသို့နေတော်မူစဉ်လည်း ညဉ့်ဦးယံပတ်လုံး ပဋိစ္စသမုပ္ပါဒ်တရားတော်ကို အောက်ပါအတိုင်း အနုလုံပဋိလုံနှလုံးသွင်းတော်မူ၏။

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏ ပစ္စယာ နာမရူပံ၊ နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတန ပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာ ပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါန ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏသောက ပရိဒေဝဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

"အဝိဇ္ဇာအကြောင်းကြောင့် သင်္ခါရတို့ဖြစ်ကုန်၏။ သင်္ခါရအကြောင်းကြောင့် ဝိညာဉ်ဖြစ်၏။ ဝိညာဉ်အကြောင်းကြောင့် နာမ်ရုပ်ဖြစ်၏။ နာမ်ရုပ်အကြောင်းကြောင့် အာယတနခြောက်ပါး ဖြစ်ကုန်၏၊ အာယတန ခြောက်ပါး အကြောင်းကြောင့်ဖဿဖြစ်၏။ ဖဿအကြောင်းကြောင့် တဏှာဖြစ်၏။ တဏှာ အကြောင်းကြောင့် ဥပါဒါန်ဖြစ်၏။ ဥပါဒါန်အကြောင်းကြောင့် ဘဝဖြစ်၏။ ဘဝ အကြောင်းကြောင့် ဇာတိဖြစ်၏။ ဇာတိအကြောင်းကြောင့် စိတ်ဆင်းရဲခြင်း အိုခြင်း သေခြင်း ပူဆွေးခြင်း ငိုကြွေး

ခြင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း ပြင်းစွာ ပင်ပန်းခြင်းတို့ ဖြစ်ကုန်၏။ ဤနည်းဖြင့် ဆင်းရဲအစု သက်သက်သည် ဖြစ်၏။ (ဤကား အနုလုံ နှလုံးသွင်းပုံတည်း။)

အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပ နိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏာ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ၊

အဝိဇ္ဇာအကြွင်းမဲ့ချုပ်ခြင်းကြောင့်သင်္ခါရတို့ ချုပ်ကုန်၏။ သင်္ခါရတို့ချုပ်ခြင်းကြောင့် ဝိညာဉ် ချုပ်၏ဝိညာဉ်ချုပ်ခြင်းကြောင့် နာမ်ရုပ်ချုပ်၏။ နာမ်ရုပ်ချုပ်ခြင်းကြောင့်အာယတနခြောက်ပါး တို့ချုပ်ကုန်၏။အာယတန ခြောက်ပါးတို့ ချုပ်ခြင်းကြောင့် ဖဿချုပ်၏။ဖဿချုပ်ခြင်းကြောင့် ဝေဒနာချုပ်၏။ ဝေဒနာ ချုပ်ခြင်းကြောင့် တဏှာချုပ်၏။တဏှာချုပ်ခြင်းကြောင့်ဥပါဒါန် ချုပ်၏။ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝချုပ်၏။ ဘဝချုပ်ခြင်းကြောင့် ဇာတိချုပ်၏။ ဇာတိချုပ်ခြင်းကြောင့် အိုခြင်း၊ သေခြင်း၊ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပမ်ပန်းခြင်းတို့ချုပ်ကုန်၏၊ ဤနည်းဖြင့် ဆင်းရဲအစုသက်သက်သည် ချုပ်၏။ (ဤကား ပဋိလုံနှလုံးသွင်းပုံတည်း။)

ထို့နောက် ဘုရားရှင်သည် အောက်ပါ ပါဠိဥဒါန်းကို နှုတ်ဖြင့် ကျူးရင့်တော်မူသည်။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိသဟေတုဓမ္မံ။

လို့လရှိတော်မူသော၊ ဈာန်ဝင်စားတော်မူတတ်သော (ရဟန္တာ) သူမြတ် အား (ဗောဓိပက္ခိယ) တရားတို့သည် အကြင်အခါ၌ ထင်စစ်ဖြစ်ပေါ်ကုန်၏။ ထိုအခါ၌ အကြောင်းနှင့်တကွဖြစ်သော(ပဋိစ္စသမုပ္ပါဒ်)တရားကို အပြားအားဖြင့် သိသောကြောင့် ထို(ရဟန္တာ)သူမြတ်အား ယုံမှားခြင်း အားလုံး တို့သည် ကင်းပျောက်ကုန်၏။

ထို့နောက် ဘုရားရှင်သည် သန်းခေါင်ယံ ပတ်လုံးလည်း ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ ပဋိလုံ နှလုံးသွင်းတော်မူ၍ အောက်ပါ ဥဒါန်းကို နှုတ်ဖြင့် ကျူးရင့်တော်မူပြန်၏။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

လို့လရှိတော်မူသော၊ ဈာန်ဝင်စားတော်မူတတ်သော (ရဟန္တာ) သူမြတ်အား (ဗောဓိပက္ခိယ) တရားတို့သည် အကြင်အခါ၌ ထင်စစ်ဖြစ်ပေါ်ကုန်၏။ ထိုအခါ၌ အကြောင်းတရားတို့၏ချုပ်ရာ (နိဗ္ဗာန်)ကို သိသောကြောင့် ထို

(ရဟန္တာ) သူမြတ်အား ယုံမှားခြင်းအားလုံး တို့သည် ကင်းပျောက်ကုန်၏။

ထို့နောက် ဘုရားရှင်သည် မိုးသောက်ယံ ပတ်လုံးလည်း ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံပဋိလုံ နှလုံးသွင်းတော်မူ၍ အောက်ပါ ဥဒါန်းကို နှုတ်ဖြင့် ကျူးရင့်တော်မူပြန်၏။

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော
ဗြာဟ္မဏဿ။

ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

လုံ့လရှိတော်မူသော၊ ဈာန်ဝင်စားတော်မူအပ်သော (ရဟန္တာ) သူမြတ်အား (ဗောဓိပက္ခိယ) တရားတို့သည် ကြွင်အခါ၌ စင်စစ် ဖြစ်ပေါ်ကုန်၏။ ထိုအခါ၌ ကောင်းကင်ကို ထွန်းပစေသော နေမင်းသည် (အမိုက်တိုက်ကို ဖျက်ဆီးလျက်) တည်နေသကဲ့သို့ (ရဟန္တာ) သူမြတ်သည် မာရ်စစ်သည်တို့ကို ဖျက်ဆီးလျက် တည်နေ၏။

ဤ 'မနသာ ဥဒါန်း' 'ဝစသာ ဥဒါန်း' တို့ကား အနေကဇာတင်ခြင်း၏ အစမူလလည်း မည်ကုန်သည်။ အနှစ်သာရလည်း မည်ကုန် သည်။

အနေကဇာတင်ခြင်းသည် မြန်မာထေရဝါဒီတို့၏ ဓလေ့တရပ်ဖြစ်သည်။ သို့သော် ဤဓလေ့သည် မည်သည့်အချိန်က စတင်ခဲ့သည်ကို မသိရချေ။ တောင်ဖီလာဆရာတော်သည် ရဟန်းတို့သိက္ခာထပ်ခြင်းနှင့် စပ်၍ အနေကဇာတင်ခြင်းကို ဝိနယာလင်္ကာရကျမ်း၌ ဖော်ပြခဲ့သည်။ ထိုကျမ်းကိုပြုသော နှစ်မှာ သာသနာသက္ကရာဇ် ၂၁၉၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၀၀၉ ခုနှစ် (ခရစ်သက္ကရာဇ် ၁၆၄၇ ခုနှစ်) ဖြစ်ရကား ဤဓလေ့သည် အနည်းဆုံးနှစ်ပေါင်း သုံးရာကျော်မျှ ကြာမြင့်ခဲ့သည် ဟု ဆိုဖွယ်ရှိ သည်။

စေတီပုထိုးတော် တဆူတည်ပြီးသောအခါ၌ ဖြစ်စေ၊ ဗုဒ္ဓ ဆင်းတုတော်တဆူဆူပင့်ပြီးသော အခါ၌ ဖြစ်စေ၊ ဗုဒ္ဓသာသနာတော်ဝင် မြန်မာ တို့သည် အနေကဇာတင်လေ့ရှိသည်။ စေတီ ပုထိုး အနေကဇာတင်ခြင်းသည် ထီးတင်ပွဲနှင့် တွဲ၍ ရွာပွဲ ရပ်ပွဲဖြစ်တတ်သည်။ ဆင်းတုတော် အနေကဇာတင်ခြင်းကား မိသားစု ကိစ္စဖြစ်၍ ဧည့်သည်တို့အား ဖိတ်ကြားသော အိမ်တွင်း အခမ်းအနား ဖြစ်တတ်သည်။ ဆင်းတုတော် အနေကဇာတင်ခြင်းသည် စေတီပုထိုး အနေ ကဇာတင်ခြင်းထက် အခါအခွင့်ပို၍များသော ကြောင့် အနေကဇာဟု ဆိုလျှင် ဆင်းတုတော် အနေကဇာဖြစ်သည်ဟု ယေဘုယျ နားလည်ကြ သည်။

အိမ်တွင်း အနေကဇာတင် အခမ်းအနား သည် ရိုးရိုး ရှင်းရှင်းပင် ဖြစ်သည်။ ဆင်းတု တော်ကို ကြည်ညိုဖွယ်ဖြစ်အောင် ပြင်ဆင်၍ ဘုရားစင်၌သော် လည်းကောင်း၊ ဘုရားခန်း၌ သော်လည်းကောင်း ထားသည်။ ကောင်းစွာ သင်္ကန်းရုံးအပ်သော ရဟန်းတို့သည် ဆင်းတု တော်၏ ရှေ့၌ ဆောင့်ကြောင့်ထိုင်လျက် တံခွန် ကုက္ကားစသည်တို့နှင့် လက်အုပ်ချီကုန်၏။ နမော တဿ သုံးကြိမ်ရွတ်ဆိုပြီးနောက် အနေကဇာ တိသံသာရံအစရှိသောဥဒါန်းကိုလည်းကောင်း၊ ယဒါဟဝေ အစရှိသော ဝစသာ ဥဒါန်းကို လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို လည်းကောင်း၊ ပဋ္ဌာန်း ပစ္စယုဒ္ဒေသကဲ့သို့သော အခြား သင့်နိုးရာတရား၊ ဂါထာစသည်တို့ကို ရွတ်ဆို၍ ပူဇော်ကုန်သည်။ ဤသို့ရွတ်ဆို ပူဇော်

ရာ၌ အနေကဇာတိချီ ဂါထာတော်သည် ပဓာန ဖြစ်သည်လည်း ဟုကြောင်း၊ အဦးအစဖြစ်သည် လည်းတကြောင်း၊ ဤအကြောင်းနှစ်ပါးကြောင့် ဤသို့ပူဇော်ခြင်းကို အနေကဇာတင်ခြင်းဟုခေါ် ဆိုကြောင်း မှတ်ယူရသည်။

အနေကဇာ တင်ခြင်းသည် တမျိုးမက အဓိပ္ပာယ်ရှိသည်။ ပဌမ အဓိပ္ပာယ်မှာ အနေ ကဇာတင်ခြင်းသည် ဆင်းတုတော်ကို အသက် သွင်းခြင်းဖြစ်သည်ဟူသော အဓိပ္ပာယ်ပင်။ လူ အများကပင် ဤအဓိပ္ပါယ်ကိုယူကုန်သည်။ ဆင်း တုတော်ကို အနေကဇာတင်ခြင်းဖြင့် သက်တော် သွင်းပြီးမှသာ ရှိခိုးသင့်၏ဟု ထိုသူတို့က ဆိုကုန် သည်။ဤအဆိုကိုအချို့က လက်မခံ၊ အကြောင်း မှာ ဆင်းတုတော် ဟူသည် ဘုရားရှင်၏ အဆင်း တော်ကို ထု၍ ပြုအပ်သောကြောင့် လည်း ကောင်း၊ ထိုသို့ပြုအပ်ပြီးနောက် ဘုရားရှင်၏ အဖြစ် ရည်မှန်းအပ်သောကြောင့်လည်းကောင်း ဥဒ္ဒိဿစေတီမည်ရကား အသက်သွင်းရန် မလို ဟူ၍ဖြစ်သည်။ အနေကဇာ မတင်ပဲလျက်ပင် ဗုဒ္ဓဆင်းတုတော်သည် ရှိခိုးခံခြင်းငှာ ပူဇော်ခြင်း ငှာ ထိုက်သည်သာဟူ၍ ထိုပုဂ္ဂိုလ်တို့ကို ယူကုန် သည်။ ဆင်းတုတော်ကို အနေကဇာမတင်မီ ရှိခိုး သော ကုသိုလ်စေတနာ၏ အကျိုးနှင့် အနေ ကဇာတင်ပြီးမှ ရှိခိုးသော ကုသိုလ် စေတနာ၏ အကျိုးတို့သည် ခြားနားခြင်း မရှိဟု ယင်းတို့က ဆိုကုန်သည်။

အနေကဇာတင်ခြင်းသည် ဆင်းတုတော်ကို အသက်သွင်းခြင်း ဖြစ်သည်ဟူသော အဓိပ္ပာယ် ထက် ပို၍ သင့်မြတ်သော အဓိပ္ပာယ်ကိုတောင် ဖီလာ ဆရာတော်က ပြဆိုတော်မူသည်။ ဝိနယာ လင်္ကာရဋီကာ (ဒုတိယ ဘာဂ၊ နှာ ၂၇၀)၌ ရဟန်းတို့ သိက္ခာတင်ခြင်းနှင့် စပ်လျဉ်း၍ ဆရာ တော်သည် အနေကဇာကို ရည်ညွှန်းတော်မူ သည်။ လောက၌ မင်းတို့သည် ဘုန်းကြီးခြင်း စသော အကျိုးကျေးဇူးများကို မြင်ကုန်သော ကြောင့် စေတီပုထိုးကိုလည်းကောင်း၊ ရုပ်ပွား ဆင်းတုကိုလည်းကောင်း အကြိမ်ကြိမ် အနေ ကဇာ တင်ကုန်သည်။ ဤ၌ အနေကဇာတင် ခြင်းကို ဆရာတော်သည် အဘိသေကမင်္ဂလာ (ဘိသိက်မင်္ဂလာ)ဟူသော စကားဖြင့် ရည်ညွှန်း တော်မူခြင်း ဖြစ်သည်။ အနေကဇာတင်ခြင်းပင် တည်း။ မည်သို့ ဘိသိက်မင်္ဂလာပြုပါသနည်း။ "အနေကဇာတိသံသာရန္တိ အာဒိဟိ ဘဂဝတော ဝစနေဟိ အနေကဇာတိသံသာရံ" ဟု အစ ရှိသော မြတ်စွာဘုရား၏ စကားတော်တို့ဖြင့် ဘိသိက်မင်္ဂလာပြုခြင်းဖြစ်ပါသတည်း။ မာရ်ငါး ပါးကို အောင်တော်မူ၍ လောကုတ္တရာနယ်ပယ် ကို သိမ်းမြန်းတော်မူသော ဘုရားရှင်အား ဘိသိက်မင်္ဂလာပြုခြင်းသည် ဘုရားရှင်အား လျောက်ပတ်သော ပူဇော်မှုအထူးပင်ဖြစ်သည်ဟု မှတ်ယူသင့်လှသည်။

ဦးတင့်လွင်
ပါမောက္ခ
အရှေ့တိုင်းပညာဌာန၊
မန္တလေးတက္ကသိုလ်၊



# သာသနာ့ အောင်မြေ

"သဒ္ဓမ္မသီတဂူချောင်" စစ်ကိုင်း တောင်ရိုး ရေစီမံကိန်း ဦးစီးခေါင်းဆောင် နိုင်ငံကျော် သာသနာပြု ပုဂ္ဂိုလ် အရှင်ဉာဏိဿရ သီတင်းသုံး နေထိုင်သောချောင်ဟု အပေါ်ယံ အမြင် အဝေးအထင်ဖြင့် စာရေးသူအနေနှင့် သာမန် နားလည် သိမှတ်ထားပါသည်။ လွန်ခဲ့သော ၁၃၄၅ ခုနှစ် ပြာသိုလဆန်း ၁ ရက် အင်္ဂါနေ့က အထက်ဗမာပြည် မိုးလေဝသဌာန ဒုတိယ ညွှန်မှူး ဦးဌေးအောင်နှင့် ဇနီး ဒေါ်အေးမြင့်တို့၏ နိဗ္ဗာန်ကူးတို့ ပို့ဆောင်မှုကြောင့် ၎င်း သဒ္ဓမ္မသီတဂူချောင်သို့ သွားရောက်၍ အတွင်း ကျကျ စေ့စေ့စစ်စစ် လေ့လာခွင့် ရရှိရာ ၎င်းချောင်မှာ နှယ်နှယ်ရရချောင်မဟုတ်၊ သာသနာ့ သမိုင်းတွင် မော်ကွန်းဝင်သည့်ချောင်ဖြစ်ကြောင်း ဗဟုသုတစစ် ဗဟုသုတအမှန် ရခဲ့ပါသည်။

ယခုအခေါ် "သဒ္ဓမ္မသီတဂူချောင်" ကျော်ဖြူပင် အမြောက်အမြား ပေါက်ရောက်သည်ကို အစွဲပြု၍ ရှေးအခေါ် "ကျော်ဖြူချောင်" ဟု ထင်ရှားသော ချောင် အပါအဝင် မစိုးရိမ်၊ သေလာဂီရိ၊ ကိန္နရာ၊ မဟာဗောဓိ၊ အနောက် မှန်ကျောင်းနှင့် ရွှေပြည်တည်းဟူသော မစိုးရိမ် ခုနစ်တိုက်မှာ ရှေးမြန်မာဘုရင် မင်းတုန်းမင်းကြီးနှင့် သားတော် သီပေါမင်းလက်ထက်မှစ၍ ယနေ့တိုင် ပရိယတ္တိ ပဋိပတ္တိ သာသနာ နှစ်ရပ် စလုံးတွင် အောင်လံလွှင့်တင် အောင်တံခွန်စိုက်ထူ၍ အောင်သရဖူဆောင်းနိုင်သော 'ပရိယတ္တိ ပါရဂူ-ပဋိပတ္တိဝိဒူ" သာသနာ့အာဇာနည် သူရဲကောင်း သူရဲချွန် အများအပြား မွေးမြူထုတ်လုပ်ပေးရာ အောင်ပန္နက်ခံ အောင်ဘူမိနက်သန် မှန်သည့် သာသနာ့ လယ်မြေကောင်းကြီး ဖြစ်ပါသည်။

ယင်းမစိုးရိမ် ခုနစ်တိုက်ကို မစိုးရိမ်ဆရာတော် 'အရှင် နန္ဒဝံသ'က အဦးဆုံးတွင် ကွပ်ကဲ အုပ်ချုပ်၍ သာသနာကြီး အစွန့်ရှည်ရေး၊ သာသနာကြီး ရှင်သန်ပွားစီးရေးကို ဦးတည်ချက် အမြဲပေး အစဉ်တစိုက် ဩဇာသစ် ဩဇာဆီ များ ဖြည့်တင်းပေး၍ လာခဲ့ပါသည်။

"ဒုလ္လဘော ပုရိသာဇညော၊
န သော သဗ္ဗတ္ထ ဇာယတိ။

ယတ္ထ သော ဇာယတိ ဓီရော၊
တံကုလံ သုခ မေဓတိ။ ။

အာဇာနည် လူရည်ချွန် ယောကျ်ားမြတ်သည် ပေါ်ပေါက်နိုင်ခဲ၏။ နေရာဌာနတိုင်း၌ မပေါ်ပေါက်နိုင်။

အကြင်အမျိုး၊ အကြင်အရပ်၌ လူရည်ချွန်ယောကျ်ားမြတ် ထွန်းပေါ်၏၊ ၎င်းထွန်းပေါ်ရာဌာန၊ ထွန်းပေါ်ရာ အမျိုးသည် တမျိုးလုံး တဆွေလုံး တပြည်လုံး ကြီးပွားချမ်းသာ မင်္ဂလာနှင့် ပြည့်စုံစေနိုင်၏" ဟူသော စာခိုနှင့်အညီ–

သရိုင်ရွာဇာတိဖွား၊ ရွှေကျင်ဂိုဏ်းသာသနာပိုင် ရဋ္ဌဂုရုဘွဲ့ နှစ်ထပ်ရ ဆရာတော် ဦးဝိသုဒ္ဓ။ ဦးဝိသုဒ္ဓ၏ညီတော် ရာဇဂုရုနှစ်ထပ်ရ ရဟန်းဘွဲ့ အရှင် ဣန္ဒက၊ ရဟန်းလူထွက်အမည်ခံ ထရံကာ ဆရာကြီး ဦးဝိသုဒ္ဓနှင့် ထရံကာ ဆရာကြီး၏ တူတော် ဆရာတော် ဦးဇနကာဘိဝံသ၊အမရပူရမြို့ မဟာဂန္ဓာရုံတိုက် ဆရာတော် အဂ္ဂ မဟာပဏ္ဍိတ၊ ထရံကာဆရာကြီး၏သားတော် ဝိဇ္ဇာဒပ္ပဏ္ဏကျောင် ဆရာတော် ဦးဝိသုဒ္ဓါဘိဝံသမိသားစုကား 'တခိုင်လုံးစိန်' ဟု ခေါ်ရလောက်အောင် ပိဋကတ်ပါရဂူများအနေဖြင့် သာသနာပြုစုခဲ့ကြပါသည်။

## ပရိယတ္တိ သာသနာ

ရဟန်းဘွဲ့ 'ရှင်ဣန္ဒက' ရဟန်း လူထွက်အမည်ခံ ထရံကာဆရာကြီးသည် ဖော်ပြခဲ့သောမစိုးရိမ် အောင်မြေကိုနင်း၊ မစိုးရိမ်အောင်ရေကို သောက်သုံး၍ မစိုးရိမ် မွေးရန့်ကို ရှူရှိုက်လျက် ၁၂၃၄ ခုနှစ် တွင် 'ဣန္ဒကာဘိဓဇသီရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု' ဟူသော ဘွဲ့တံဆိပ်တော်ကို နှစ်ထပ်ဆွတ်ခူးကာ မစိုးရိမ်တိုက်၏ဂုဏ်၊ ရွှေကျင်ဂိုဏ်း၏ ကျက်သရေကို ထွန်းပြောင်ဝင့်ဝောက်စေခဲ့ပါသည်။

ရဟန်းဝါ ခုနစ်ဝါအရတွင် ပထမအကြိမ်ဘွဲ့တံဆိပ်တော်ကို ဘဝရှင် မင်းတုန်းမင်းတရားကြီးက ဆက်ကပ် ပူဇော်၍ ဒုတိယအကြိမ် ဘွဲ့တံဆိပ်တော်ကို ရဟန်းဝါ ခုနစ်ဝါ အတွင်းပင်သားတော်သီဟပါမင်းက ထပ်မံအပ်နှင်းလှူဒါန်းပါသည်။

စာပေကျမ်းဂန် အရာတွင် ဘယ်စမ်းစမ်း ညာစမ်းစမ်း ပိဋကတ်တွေသာမြွမ်းလျက်ရှိသောကြောင့် ခုနစ်ဝါအရ ပဉ္စင်းကလေး ဘဝ၌ပင်ရွှေကျင်ငါးတိုက်နှင့် ယရံကာတိုက်တို့ကို တိုက်အုပ်အဖြစ်ဖြင့် ခန့်ထားခံရ၍ စာချပုဂ္ဂိုလ်အဖြစ် ချီးမြှောက်ခံခဲ့ရပါသည်။

စာပေပို့ချရာ၌လည်း တပါးသူ စောဒကမတက်နိုင်အောင်အပြောရှင်း၊အဟောကောင်း အာဝဇ္ဇန်းသွက် ပဋိဘာန်ဉာဏ် ရင့်ကျက်သည့်ပြင်၊ သဘောတရားရေးရာ အယူအဆနှင့် ပတ်သက်လာလျှင်လည်း မကြောက်မရွံ့ ခြင်္သေ့မင်းနှယ် ရဲရဲဝံ့ဝံ့ မျက်စိမှိတ် လက်ရုံးတန်း ပိဋကတ်အားစွမ်း ပြနိုင်သောကြောင့် စာလိုက်ဖော်လိုက်ဘက် သူငယ်ချင်းအချို့ ရဟန်းတို့က "ရွှေကျင်တိုက်ခြင်္သေ့ကြီး" ဟူ၍လည်းကောင်း၊ စာခံသူ တပည့်တပန်းတို့က 'ပိဋကတ် ဟင်းလေးအိုးကြီး' ဟူ၍ လည်းကောင်း ထောမနာပြုခဲ့ကြပါသည်။

၁၂၄၇ ခုနှစ် တိုင်းရေးပြည်ရေး ရှုပ်ထွေးပွေလီ အေးချမ်းမှု သာယာ ဆိတ်သုဉ်းနေချိန်ဝယ် ထရံကာမင်းသမီးကိုးကွယ်သဖြင့် ထရံကာဆရာတော်ဟု ထင်ရှားသော 'ရှင်ဣန္ဒက' သည် လူဝတ်လဲ၍ သရိုင်ရွာသို့ ပြန်သွားပါသည်။ လူဝတ်လဲသော်လည်း လူမည် 'ဦးအုန်းညွန့်' ကို အသိအမှတ် မပြုကြပဲ ရှင်လူပရိသတ် ဝန်းကျင်ဝယ် 'ထရံကာဆရာကြီး၊ ထရံကာဆရာကြီး' ဟူ၍သာ ပေါ်လွင်ထင်ရှားနေပါသည်။

သရိုင်ရွာသို့ ပြန်လည်သွားရောက် နေထိုင်စဉ် မဆွေတုတ် ဆိုသူ အမျိုးသမီးကလေးတဦးနှင့် အကြောင်းဆက်၍ သားသမီးငါးယောက်

ဖခင်အဖြစ်နှင့် ထရံကာ ဆရာကြီးသည် သံသရာဝဋ္ဋဒုက္ခတွင်းသို့ ပြန်လည်နစ်မွန်း၍ သွားပြန်ပါသည်။ သို့သော် ပါရမီ အထုံရင့်ကျက် ရှေးကံအဟုန် မွန်မြတ်လာသူဖြစ်ပါ၍ လူ့ဝတ်ကြောင် ဘဝနှင့်ပင် ငါးနှစ်ငါးမိုးပတ်လုံး စာပေ ပို့ချမှုကို မစွန့်လွှတ်ပဲ သရိုင်ရွာ၌ ထရံကာ ဆရာကြီးသည် ပရိယတ္တိသာသနာကြီးကို အားသွန်ခွန်စိုက် မြှင့်တင်ပွားတိုး ရှင်သန်စေခဲ့ပါသည်။

သရိုင်ရွာ၌ စာပေပို့ချနေစဉ် မြန်မာပြည်အနှံ့အပြားမှ အထူးသဖြင့် သီလရှင် အမြောက်အမြား လာရောက်၍ ဆရာကြီး၏ ပညာရင်နို့ကို သောက်စို့ကာ ဆရာကြီး၏ မကုန်ခန်းနိုင်သော စာပေရတနာသိုက်မှ အဖိုးမဖြတ်နိုင်သည့် ကျောက်မျက် ရတနာ စာပေအဆီအနှစ်များကို တူးဖော် အမွေဆက်ခံလာကြပါသည်။ မိန်းမသားများဖြစ်လျက် အိုးပစ်အိမ်ခွာ မိကွဲဖဝေး စွန့်စားလာကြသည်မှာ ပြည့်စုံခက်ခဲသော ပါရမီ အထောက်အပင့် သဒ္ဓါအရှိန်ကြောင့်သာဟု သဘောကျက်မိသော ထရံကာ ဆရာကြီးသည် မိမိထံနည်းနာခံယူ ခံလာကြသော သီလရှင် အားလုံးအား ဆင်းရဲချမ်းသာမရွေး၊ စိမ်းကျက်မဟူ သမီးရင်းပမာ ခိုင်မြဲသောမေတ္တာ ဖြူစင်သန့်ရှင်းသော စေတနာဖြင့် ပညာရေး၌ သာမက စားဝတ်နေရေးသက်သာချောင်ချိရေး၊ နေထိုင်မှု လုံခြုံရေးစသော လူမှုရေးကိစ္စ အဝဝကို လိုလေသေးမရှိ အကူအညီပေး စောင့်ရှောက်ပါသည်။ ယင်းကြောင့်လည်း သီလရှင်ကလေးများက ဖခင်ရင်းပမာ ချစ်ခင်မြတ်နိုးလေးစားလျက် ထရံကာ ဆရာကြီးကို ဆရာကြီးဟု မခေါ်ပဲ ဖခင်ကြီး-ဖခင်ကြီးဟု မြိန်ရည်ရှက်ရည်ခေါ်ဆိုကြပါသည်။ ရင်းရင်း နှီးနှီး ထိတွေ့နေထိုင်ရဲပါသည်။

သီလရှင် အပါအဝင် ရှင်လူ ပရိသတ်၏ တောင်းပန်မေတ္တာခံချက်အရ အသက် ၄၅ နှစ် အရွယ်တွင် သရိုင်မှတဖန် စစ်ကိုင်းသို့ပြောင်းရွှေ့ နေထိုင်ကာ၊ အသက် ၆၀ ရွယ် ကွယ်လွန်သည့်တိုင် ထရံကာ ဆရာကြီးသည် စာပေပို့ချမှု ပရိယတ္တိလုပ်ငန်းကို အဖော်သဟဲပြုလုပ်၍ သွားရာ ၁၂၇၉ ခုတွင် အင်္ဂလိပ် အစိုးရက "အဂ္ဂမဟာ ပဏ္ဍိတ" ဘွဲ့တံဆိပ်ဖြင့် ဆရာကြီးကို ဂုဏ်ပြုခဲ့ပါသည်။

စာပေနှင့်နေ စာပေနှင့်သေသွားသူထရံကာ ဆရာကြီး၏ စာပေ အမွေစား အမွေခံများမှာ မြန်မာပြည် အရပ်ရပ် လက်ညှိုးထိုးမလွဲ သာသနာ့ ထိတ်ထိတ်ကြဲများချည်းသာ။ လက်လှမ်းမှီသမျှ ဖော်ပြရသော်-

အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၊ ဝိဇ္ဇာဒပ္ပဏာချောင် ဆရာတော် ဦးဝိသုဒ္ဓာဘိဝံသ၊ ဘာသန္တရ နှံ့စပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရ ဆဋ္ဌသင်္ဂါယနာ ဝန်ဆောင် ပုဂ္ဂိုလ်ကမ္ဘာကျော် သာသနာပြုအနီးစခန်း ဆရာတော်ဦးပဏ္ဍိတ၊ မန္တလေးတက္ကသိုလ် ဗုဒ္ဓကျမ်းစာ ဌာန လက်ထောက်ကထိကဟောင်း တရားဦးလက်ဆောင်ကျမ်းနှင့် ဗုဒ္ဓဝါဒ သုံးလောက သတ္တဝါအစကျမ်းကို ပြုစုသွားသူ အဘိဓမ္မာဆရာကြီး ဦးသိန်းအောင်၊ အနှစ် ၉၅ နှစ် နီးပါး စစ်ကိုင်းတောင် သီလရှင် လောကကြီးကိုတည်ထောင်သွားသူ သမိ ဒွေါဒယချောင် ဆရာကြီး ဒေါ်မာလာရီ၊ အေးငြိမ်းချောင် ဆရာကြီးဒေါ်ဥမ္မာရီ၊ သိင်္ဂါမိချောင် ဆရာကြီး ဒေါ်ဉာဏစာရီ၊ ရန်ကုန်မြို့ အလယ်တောရ သမိဒွေါဒယ မော်လမြိုင် စာသင်တိုက် ဒေါ်ဝဏ္ဏမာရီ စသည်တို့ဖြစ်ကြပါသည်။

## ပဋိပတ္တိသာသနာ

ကမ္ဘာကျော် ပဋိပတ္တိတံခွန် မဟာဝန္ဓာရုံ

ဆရာတော် အရှင်ဥတ္တရသည် ၁၂၅၇ ခုနှစ်တွင် မုန္တလေး အနောက်ဘက် ဝိသုဒ္ဓါရုံတိုက်မှ စစ်ကိုင်းသို့ တောထွက်သွားရာ ရှေးဦးစွာ သဒ္ဓမ္မသီတဂူ ချောင် (ဝါ) လျှော်ဖြူချောင် အောင်မြေကို နင်း၍ လျှော်ဖြူချောင် အောင်ဂူ၌ ကမ္မဋ္ဌာန်း အလုပ်ကို စတင်ကြိုးကုတ်ခဲ့ကြောင်း၊ ယင်း နောက်မှ ပထမ ဂန္ဓာရုံ၊ မဟာဂန္ဓာရုံ၊ မဟာ သုခချောင်တို့သို့ ရွှေ့ပြောင်း သီတင်းသုံးနေ ထိုင်ခဲ့ကြောင်း မှတ်သားလေ့လာခဲ့ရသည့်ပြင် ဆရာတော်ကြီး ခိုအောင်း ကျင့်ကြံခဲ့သည့် ဂူဟောင်းနှင့် အသစ်မွမ်းမံပြုပြင်ဆဲ ဂူများကို လည်း ကိုယ်တိုင်မြင်တွေ့ခဲ့ရပါသည်။

တဆယ့်နှစ်နှစ်ပတ်လုံး ဆွမ်းဘုဉ်းပေးချိန်မှ အပ လူတွေ့မခံပဲ ကမ္မဋ္ဌာန်းအာရုံ၌ ရုပ်နာမ် နှစ်ပါးစလုံးကို မြှုပ်နှံ၍ ကျင့်ကြံသည့် မဟာ ဂန္ဓာရုံ ဆရာတော်ကြီး၏ ပဋိပတ္တိဂုဏ်ရနံ့သည် စစ်ကိုင်းတောင်ရိုးကို ဖြတ်ကျော်၍ မြန်မာ ပြည် မြို့နယ် အရပ်ရပ်သာမက တိုင်းတပါးသို့ ပင် ပျံ့နှံ့ကြိုင်သင်း၍သွားလေရာ သြစတြေးလျ မှ သာမဏေ ရှင်တေဇဝံသ၊ အိန္ဒိယမှ ဟိန္ဒူ ရဟန်းတော် အရှင်ဓမ္မာနန္ဒနှင့် ဂျာမနီပြည်မှ အရှင်ဉာဏတိလောကတို့သည် ပဋိပတ္တိလုပ်ငန်း နှင့် ပတ်သက်၍ မဟာဂန္ဓာရုံ ဆရာတော်ကို ဦးဆိပ်ထား နည်းနိဿယများခံယူကြပါသည်။ ပဋိပတ္တိလုပ်ငန်းကို စုံမက်ခုံမင်ကြသော လူမျိုး ခြား သာမဏေ ရဟန်းအပါအဝင် ဆရာတော် သံဃာတော်အများစု၏ နှိုးဆော် တိုက်တွန်း တောင်းပန် မေတ္တာခံချက်အရ ဆရာတော်သည် ၁၂၉၈ ခုနှစ်တွင် နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကို ရေးသားပြုစုခဲ့ပါသည်။

မဟာဂန္ဓာရုံ ဆရာတော်ကို အကြောင်းပြု၍ စစ်ကိုင်းတောင်ရိုးသို့ လာရောက်နေထိုင်ကြသည့် ရဟန်းရှင်လူ သီလရှင် ယောဂီ တသင်းသည်တို့ တစတစ တိုးပွားများပြားလာခဲ့လေရာ ချောင် သစ် ကန်သစ် ကျောင်းသစ်တို့ တဖြည်းဖြည်း တိုးတက်စည်ပင်၍လာပါသည်။ ထိုစဉ်က မဟာ ဂန္ဓာရုံဆရာတော်ကြီး၏ ဩဝါဒခံချောင်ပေါင်း သုံးဆယ်ကျော်အထိ ပေါ်ထွန်း လာပါသည်။ မဟာဂန္ဓာရုံ ဆရာတော်သည် ဝိနည်းကိုအလွန် လေးစားသူ ဖြစ်ရကား ၎င်း၏တပည့် ရဟန်း သံဃာ ရှင်သာမဏေများကိုလည်း ၎င်းနှင့် အလားတူဝိနည်းတော်ကို ရိုသေမြတ်နိုး ဝိနည်း တရားနှင့်အညီ ကျင့်ကြံနေထိုင်စေခဲ့ပါသည်။

ပထမ အစ၌ သက်ကြီးရွယ်ကြီး သီလရှင်အို ကြီးများသာ ပဋိပတ္တိအလုပ်ကို ကြိုးကုတ်အား ထုတ်ကြသော်သည်း နောင်တွင်မူ ငယ်ရွယ်သူ သီလရှင်ကလေးများပါ ကမ္မဋ္ဌာန်း ဘာဝနာ ဘက်သို့ စိတ်ညွတ်ကိုင်း လာကြသောကြောင့်၊ နောင်ရေးကို မျှော်တွေးတော်မူမိသော မဟာ ဂန္ဓာရုံ ဆရာတော်သည် သီလရှင် သာသနာ အဓွန့်ရှည်ကြာ ပြန့်ပွားရေး အတွက် ၁၂၇၆ ခုနှစ်တွင် သီလရှင် ဥပဒေကို ကိုယ်တိုင် စီရင် ရေးသားတော်မူခဲ့ပါသည်။ ဥပဒေရေးသားပြီး ပြီးသောအခါ သီလရှင် အားလုံးကို ခေါ်ယူ စည်းဝေးစေ၍ သာသနာတော်ဘွင်စာပေပညာ ထက် အကျင့်စာရိတ္တက အရေးကြီးကြောင်း၊ မည်မျှပင် စာပေတတ်တတ် အကျင့်ဆိုးသွမ်း လျှင် ကြီးပွားမှုနှင့် ဝေးကြောင်း အစုံအလင် မိန့်ကြား၍ ရေးသား ပြီးသော အောက်ပါ သီလရှင်ဥပဒေကို ဖတ်ကြားစေခဲ့ပါသည်။

စောင်းရန် စည်းရိုးအရံ မရှိသော ကောက် ပင် တို့သည် ကျွဲ နွား စသည်တို့ ဖျက်ဆီးမှု အန္တရာယ်မကင်းသကဲ့သို့လည်းကောင်း၊ ချွန်းမရှိ သော ဆင်၊ ဇက်မရှိသောမြင်း၊ သခင်မရှိသော ကျွန်၊ အရှင်မရှိသော မြို့ ရွာ၊ ပြည်၊ မိဘ မရှိ

သော သားသမီး၊ ဆရာမရှိသောတပည့်တို့သည် အကွပ်မရှိသောကြမ်းကဲ့သို့ ပရမ်းပတာဖြစ်တတ်သကဲ့သို့လည်းကောင်း၊ မင်္ဂဖိုလ်နိဗ္ဗာန် အလျှင်အမြန် ရခြင်းငှာ ဥပဒေနည်းလမ်း ကျင့်ခန်းမရှိသော လူသူဘောင်စင်၊သီလရှင်တို့သည် ရုပ်နာမ်ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ် ဖြစ်ရာ သံသရာဝဋ်ဆင်းရဲခဲသြဃကြီးထဲ၌ အဖန်တလဲလဲ ပဋိသန္ဓေ အိုပွဲနာပွဲ စသည်အမြဲ ဆင်းရဲ ဒုက္ခတို့ကို ပရမ်းပတာ တွေ့ကြုံရကုန်၏။

ဖော်ပြပါ နိဒါန်းမှစ၍ အောက်ပါ ဥပဒေမာတိကာ ၁၂ ရပ်ကို ဖတ်ပြစေပါသည်–

၁။ ချောင်၌နေလိုသော သီလရှင်ပုဂ္ဂိုလ်တို့ ကျင့်ရာသော ပုဗ္ဗပယောဂဥပဒေ၊

၂။ အာမခံတဘ်သောပုဂ္ဂိုလ် ကျင့်ရာသော ဥပဒေ၊

၃။ အာမခံအပ်သော ပုဂ္ဂိုလ်ကျင့်ရာသော ဥပဒေ၊

၄။ အာမခံအပ်သောပုဂ္ဂိုလ်ဖောက်ပြန်ရာ၌ ကျင့်ရာသော ဥပဒေ၊

၅။ ဘုရားဝတ်တက် သွားရာ၊ ဆွမ်းတော်ကပ်ရာ၊ ဘုရားကျောင်း၌ကျင့်ရာသော ဥပဒေ၊

၆။ ညဥ့်အခါ စာပြန်ရာ၌ ကျင့်ရာသော ဥပဒေ၊

၇။ နဝကမ္မပြုရာ၌ ကျင့်ရာသော ဥပဒေ၊

၈။ ရေချိုးရေခပ် သွားရာ၌ ကျင့်ရာသော ဥပဒေ၊

၉။ ဇာတိနေရင်းရပ်ရွာသို့ အခိုက်အတန့် ပြန်လိုသော သီလရှင်တို့ ကျင့်ရာသော ဥပဒေ၊

၁၀။ ဆရာ တပည့် နှစ်ဦးတို့ ကျင့်ရာသော ဥပဒေ၊

၁၁။ သဗ္ဗကိစ္စတို့၌ ကျင့်ရာသော ဥပဒေ။

ဖော်ပြပါ ဥပဒေ ၁၁ ရပ်ကိုဖတ်ကြားစေပြီးနောက် အောက်ပါ နိဂုံးစကားကို ဖတ်ကြားစေပါသည်။

ဤသို့ဆိုအပ်ပြီးသည့် အထွေထွေနည်းဥပဒေကို ကျင့်ကြံရသည့် တို့တတွေမှာ ဘုရားရှင်မင်းပညာဘောင် ဝိနည်းနယအဝဥ်ကို ကျင့်ကြံကြိုးပမ်း သည့် ဘိက္ခုရှင်ရဟန်းမတို့သည်၊ ဘေးမသန်းရန်မမြှောင် နိဗ္ဗာန်ပြည်ခေါင်ဝယ် စံပယ်ကာ ပျော်မွေ့ အငြိမ်းစား သုခကြီးကို တွေ့ကြံသလို၊ နည်းနယ ဥပဒေ ပေါ်ပေါက် လာ၍ တကြိမ်မျှတခေါက် အိပ်မက်ထဲသော်မှ မရောက်ဖူးကြတဲ့ ဘေးမသမ်းရန်ကင်း ၁၁ ခန်း မီးငြိမ်းသည့် ခေမာရပ် သောင်ကမ်းသို့ သော့မကြာ အမြန်လှမ်းရမည်ဟု ဝမ်းပန်းတသာ ကြည်လင်စွာ သဒ္ဓါဖြင့်၊ အနှစ်တရာရှည်ကြာမြင့်မှ တကြိမ်တခါသာ ပွင့်လန်းရသည့် ပန်းကသစ် ပုပ္ဖါဝတီသာပျော် နတ်ဒေဝါတို့ အခါခါပန်သလို၊ နှစ်ကာလ ရှည်မြင့်စွာမှ တကြိမ်တခါ ဘုရားမြတ်စွာ သာသနာ တွေ့ကြုံခါမှ ကျင့်ရသည့် နည်းဥပဒေကို၊ သတိမိုးစွေ့ရွာ ဝီရိယတိမ်ကပ်လွှာ ဉာဏ်ပညာ ဝရဇိန်မိုးပေါက်တို့ဖြင့် သွေမဖယ် ဖြောင့်တန်းအောင် ကြိုးပမ်းလျက် ကျင့်ကြံနိုင် စွမ်းနိုင်ကြကုန်၍၊ အကောင်းတကာတို့ထက် အကောင်းဆုံးဖြစ်သော၊ အမြတ်တကာတို့ထက် အမြတ်ဆုံးဖြစ်သော၊ ချမ်းသာတကာတို့ထက် အချမ်းသာဆုံး ဖြစ်သော၊ အအေးတကာတို့ထက် အအေးဆုံး ဖြစ်သော၊ ဆန်ခံကျွေးမွေးရခြင်း၊ စာသင်ရခြင်း၊ ပန်း ရေချမ်း ဆီမီး စသည်ပူဇော်ရခြင်း၊ ဝက်တက် ဆွမ်းတော်ကပ်ရခြင်း၊ ဒါန သီလ သမထ ဘာဝနာတို့ဖြင့် ပြုပြင်စီရင်ရခြင်းကင်းရာ အသင်္ခတ အအေးမြို့သို့ လျင်မြန်စွာ ရောက်ကြ၍ နိစ္စအမြဲ အအေးကြီး အေးကြပါစေကုန်သတည်း။ အအေးကြီး အေးကြပါစေကုန်သတည်း။

နိဂုံးစကား နာကြားပြီးနောက် သီလရှင်များ




ပုညရှင်စေတီအပါး.... စစ်ကိုင်းတောင် အသက်နားဆီက....အရှေ့တလွှားကြည့်လိုက်ယင်လေ.... ရောဝတီ+ ဒုဋ္ဌာဝတီ နတ်ပန်းချီချယ်မှုန်းသလိုပ ဝဲ လက်ယာ အကွန့်အကွန့်တွေနဲ့ .... အလွန့်အလွန် သာယာပါပေသည်....

စစ်ကိုင်းတောင်ပေါ်မှ မြင်ရသည့် ရှုခင်းကို ဂီဘနှင့် တန်ဆာဆင်ထားသည်မှာ ပီပြင်လှပါသည်။ စစ်ကိုင်းတောင်သည် မြတ်ဗုဒ္ဓသာသနာတော်၏ ဘူမိနက်သန် ဖြစ်သည့် အလျောက် အထက်အညာသို့ မည်သို့သော အကြောင်းမျိုးနှင့် ရောက်ကြသည် ဖြစ်စေ၊ စစ်ကိုင်းတောင်တော်သို့ ဗုဒ္ဓဘာသာဝင်တိုင်းရောက်ကြစမြဲ။

သမိုင်းဘောင်မညှိုးသည့် စစ်ကိုင်းတောင်ရိုးအကြောင်းကို တန်ဖိုးကြီးစွာသော သမိုင်းအထောက်အထားများကပြဆိုထားခဲ့လေသည်။ မြန်မာတို့၏ လူ့အဖွဲ့အစည်း ယဉ်ကျေးမှု နယ်ပယ်တွင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများ လွှမ်း

မိုးလျက်ရှိနေနိုင်ခြင်းမှာ ဗုဒ္ဓသာသနာတော်ကို အထက်မြန်မာနိုင်ငံသို့ ဆောင်ကြဉ်းခဲ့သော ရှင်အရဟံမထေရ်ရှသူမြတ်၏ ကျေးဇူးတော်ပင် ဖြစ်ပါသည်။ ဤ စစ်ကိုင်းဖောင်ရိုး သည်လည်း ရှင်အရဟံမထေရ်ရှသူမြတ် သီတင်းသုံး သာသနာပြုခဲ့သော ဘူမိနက်သန် အမှန် ဖြစ် သောကြောင့် ဗုဒ္ဓယဉ်ကျေးမှုအညွန့်တည်ရာ ထင်ရှားသော ''တောင်တော်''ဟု ဆိုရပါမည်။

ရှင်အရဟံ မထေရ်မြတ်ဗုဒ္ဓသာသနာမျိုးစေ့ချပေးခဲ့သော စစ်ကိုင်းတောင်ရိုးသည် ယနေ့အထိ သူတော်စင် သူ မြတ် ကောင်း တို့ ကိန်းအောင်းမွေ့လျော် စံပျော်ရာဖြစ်သော အရပ်တပါးအပါအဝင်ဖြစ်လျက်ရှိနေသည်။

ဤမြတ်သောအရပ်တပါး အပါအဝင်ဖြစ်သည့် စစ်ကိုင်းတောင်ရိုးတွင် တရားမွေ့လျော်အားထုတ်တော်မူကြသည့် သူမြတ်ကောင်းတို့အားရှေးမဆွကပင် သာသနာပြုမင်းများနှင့်ဗုဒ္ဓနွယ်ဖွား မြန်မာပြည်သားတို့က စိတ်အေးချမ်းသာ ဘာဝနာပွား တရားအားထုတ်ကြိုးကုတ်သာသနာ ပြန့်ပွားပေးနိုင်စေခြင်းငှာ အလှူရေစက် လက်နှင့်မကွာရှိခဲ့ကြပါသည်။

ကောဇာသက္ကရာဇ် ၇၃၅ - ၇၃၆ ခုနှစ်တွင် စစ်ကိုင်းမြို့ မင်းကြီးစွာနှင့်မိဖုရားခေါင်ကြီး နှစ်ပါးတို့၏ အလှူတော် ကျောက်စာ၌ ''ထူးလက်ရေးထွင်း၊ ခပင်းရှင်များ၊ သုံး စား သောက်ချိုး''ဟု လည်းကောင်း၊

''လှူစရာသော၊ မြတ်ဖျားရယ်လှ၊ ညီအစ်မတို့၊ ရွှေတနှင်နှင်၊ ဆင်ထယ်နှစ်စီး၊ တိုက်ပြီးစွယ်ပါ၊ ၆၀၀-ငွေသား၊ စပါးများတောင်၊ဆောင်လိမ့်သံသရာ၊ မကွာတပေါင်း၊ ဆုတောင်းနိဗ္ဗာန် တခါးတည်း'' ဟူ၍လည်းကောင်း၊

''တောင်မိဖုရားသည်၊ ညီမတော်မိဖုရားနှင့် အလိုညီညွတ်စွာမူ ရယ်ရှယ်-၁၀၀၊ငွေ၀င်၁၀၀ နှင့်ပန်တော်မူပေ၏'' ဟူ၍ဖော်ပြချက်များ တွေ့ရှိပါသည်။ ကျောက်စာပါ မူရင်းအတိုင်း ရေးသားဖော်ပြထားပါသည်။ 'ရှယ်' ၁၀၀ ဆိုသည်မှာ 'ရွှေတပိဿာ'ကို ဆိုပါသည်။

သက္ကရာဇ် ၇၆၇ ခုနှစ်တွင်လည်း မင်းကြီးစွာနှင့် မိဖုရားကြီးတို့ အလှူတော်ကျောက်စာ၌''ရဟန်းသုံးပါး၊အစီးအပွားဖြစ်သော ဤမြေတွင်၊ ထွင်စမူသော၊ မြောင်းဦးထန်ဆင်ကြီးတွင် ပတ္တမြားစာတီကို၊ အရာသယ်ာ အပေါင်းနှင့် ညီညွတ်စွာမူရယ်၊ (၁၀) လှူတော်မူ၏၊ ပိဋကပ်စည်းခုံကိုလည်း(၁၀)လှူတော်မူ၏၊ ပိဋကပ်ဘုရားကြီးကိုလည်း (၁၀)လှူတော်မူ၏၊ ပြုတော်မူသော ပိဋကတ်(၃)ပုံကိုလည်း (၂၀)လှူတော်မူ၏''ဟူ၍ ဖော်ပြထားပါသည်။ ပတ္တမြား 'စာတီ'ဆိုသည်မှာ 'ပတ္တမြားစေတီ'ကို ဆိုပါသည်။

အလားတူသက္ကရာဇ် ၈၆၈၌ ရွှေနန်းရှင်နရပတိလှူဒါန်းခဲ့သော မော်ကွန်းကျောက်စာတွင်—

''စစ်ကိုင်းမည်သော ပြည်ကြီးအရပ်၊ ဧရာဝတီမြစ်နား၌၊ ရွှေနန်းသိခင် ခံထားသော မြေရာတွင် ဆောက်သော၊ ရွှေကျောင်းရှိ၊ ကိန်းသောက်ခင်တိုင့်အား၊ ပစ္စည်းလေးပါး ဖြစ်စိမ့်သောငှာ၊ သက္ကရာဇ် ၈၆၀ နှစ်ကား ပိဿလကား နတ်ခတော်၊ ထွန်းပေါ်ဆန်းဘက်၊ ဆယ့်ငါးရက်ဘွင်၊ နံနက်ဘနဂ်နွှေနွှေ၊ ရွှေဖဝါးတော်၊နားတော်လျှောက်၍၊ လှူသောမြေကား၊ ညောင်ရင်းတိုက်ပင်၊ထယ်ထွင်ပိတရစ်၊လက်နက်သံလဲမူရင်း၊ပြောင်းခင်းပဲးရာနှင့်အတူသော်ကြာလေးချင်၊ ညောင်ရင်းမြေခွန်ထမ်းလည်းတရပ်၊ မန်ကျည်းယုန်၌၊ င-ဆောက်ဟု လက်နက်ကာ တခပ်၊ လဲ့တွင်းမှာ ရစ်ကြည်ရွှာနှင့်တကွ ဤမျှ

လောကသောမြေကို လှူတော်မူ၏''ဟူ၍ ဖော်ပြထားပါသည်။

(ရွှေနန်းကျောင်းရှင် နရပတိသည် အထိန်းတော်ကျောင်း။ ဝတ်ရုံကျောင်းတို့ကို ဆောက်လုပ်လှူဒါန်းတော်မူခဲ့ပါသည်။) စစ်ကိုင်းတောင်တော်ရိုးအတွက် ရှေးမင်းအဆက်ဆက်တို့က လှူဒါန်းတော်မူခဲ့ကြသည့်အနက် ယခုဖော်ပြချက်မှာ အမြွက်မျှသာဖြစ်ပါချေသည်။

သူတော်စင် သူမြတ်ကောင်းတို့ သီတင်းသုံးမှီတင်းချင့်စဖွယ် စစ်ကိုင်းတောင်တော်မြတ်၏ သာယာလှပုံကိုလည်း ရှေးမဆွကပင် စာဆိုအကျော်အမော်တို့က ကလောင်ကွန့်ယက် ဖြန့်ကျက်ဘင်စား ရေးသားခဲ့ကြသည်များကိုလည်း လေ့လာကြည့်ပါဦးလော့။

''ရေခတ်စကြာ၊ တောင်လက်ျာကိုယှက်ဖြာမကန့်၊ ဆင်မတွန့်၍၊ ပွားပြန့်ခဲ့ဝေ၊ ယဉ်ထွေထွေနှင့်၊ စီးနေမချာ၊ မြစ်သီတာလည်း၊ ချဉ်းလာရေညွတ်၊ တောင်ထိပ်ထွတ်ဝယ်''ဟူ၍ စာဆိုနဝဒေးကြီး၏ စစ်ကိုင်းရှင်ဖြူရှင်လှဖုရားတိုင်ရတုတွင် ဖော်ပြထားခဲ့ပါသည်။

မဟာဂီတ မေဒနီကျမ်းမှ 'ကြိုး' သီချင်းဟောင်း တပုဒ်တွင် စစ်ကိုင်း ကောင်းစားစဉ်က အခြေအနေကို ဤသို့ ဖော်ပြခဲ့ပါသည်။

''အောင်ချာနိုင်း၊ စံရာနိုင်း၊ ရွှေစစ်ကိုင်းမှာ၊ ချမ်းမြေ့ဝေဆာမှ ထူကာ၊ မေ့မြတ်လှဂန္ဓာ၊ ပန်းဝေဆာ ပန်းမျိုးစုံစွာ ဖူးညောက်မှအာ များလောက်ပုံရှာ၊ ယဉ်မျိုးထပ်ချည့်လေး''ဟူ၍။

ထို့ပြင်စစ်ကိုင်းစာရေး စည်သူ၏''မောင်ဘွဲ့''ရတုနိဂုံးတွင် ''စစ်ကိုင်းဖက်တွင်၊ ပုညရှင်ဟု မမြင်တောင်းအောင်၊ ခြည်တထောင်နှင့်၊ ရွှေတောင်အတွက်၊ ဖြူးဖြူးမတ်သား၊ ရွှေခေတ်လုံးညီ၊ ရွှေစေတီကို''ဟု တင်ပြခဲ့ပါသည်။ထိုထိုသော စာဆိုတို့ ရေးကွက် ဖြန့်ကျက်ရာ စစ်ကိုင်းကို သခင်ကြီးချေင်းတွင် ပင်သူငယ်စား ရှင်မြတ်ခေါင် ဆိုခဲ့သော စစ်ကိုင်းမြို့ဘွဲ့ ချေင်းသံပေါက်၌-

''(၁) တစင်းနေထည်၊ စစ်ကိုင်းသည်ကား၊ လှောကာမည်စုံအင်၊ စစ်ပင်ကိုင်းကြောင့် စစ်ကိုင်းတွင်သည်၊ ပြည်လျှင် မြတ်ဌာနတည့်သခင်၊ ပြည်လျှင်မြတ်ဌာနတည့် သခင်ကြီး၊

(၂) စစ်ကိုင်းတောင်အောက်၊ မင်းခြောက်ယောက်တို့၊ ထီးမြောက်စည်နှင့်၊ ဥကင်မြင့်တက်၊ ပွင့်လတ်မည်ဟု၊ ဘုန်းစည်သမိုက်၊ သိုက်နှင့် နိမိတ်မှတ်ပိမ့်ခဲ့သည်၊ ဗျာဒိတ်မိန့်တော်ရတည့် သခင်ကြီး၊

(၃) ဗျာဒိတ်သိုက်လျှောက်၊ မင်းခြောက်ယောက်တို့၊ရန်ထောက်ပင်လယ်၊မြောက်တခွင်ကို သလင်နောက်ဆိုင်း၊တန့်ခဲ့ခိုင်း၍၊စစ်ကိုင်းရွှေပြည်းထောင်လ-တည်က၊ ပွင့်စည်သာသနာ၊ စီးပွားစာသည်၊ အောင်ချာပြည်ချက် မတည့်သခင်၊ အောင်ချာပြည်ချက်မတည့်သခင်းကြီး'' ဟု စစ်ကိုင်းမြို့၏ သမိုင်းနှင့် နိမိတ်တို့ကို ဖော်ပြခဲ့ပါသည်။

ဗုဒ္ဓသာသနာတော်ကို ဖြန့်ကျက်ပေးရာ၊ ဗုဒ္ဓယဉ်ကျေးမှုကို လွှမ်းခြုံပေးရာ ဌာနအများအပြားတွင် အဓိကရ အပါအဝင်ဖြစ်သော ဤစစ်ကိုင်း တောင်တော်မြတ်၏ သမိုင်းအစဉ်အလာ အထပ်ထပ်နှင့် အလှူဒါန မပြတ်ခဲ့သော

အကြောင်း မော်ကွန်းတို့ကို ယနေ့ ဆက်လက်စိုက်ထူရန်မှာ ဗုဒ္ဓဘာသာဝင်ကိုင်း၏ သာသနာရေး အလေးဂရုပြုရမည့် အရေးကိစ္စမဟုတ်ပါလား။

စစ်ကိုင်းတောင်ဘော်ကြီး တည်တံ့သာသာ ဝေဆာစိုပြေရေး အတွက် အဓိက လိုအပ်ချက်များအနက် သူတော်စင်များ နှလုံးမွေ့လျော်ဂံပျော်နေနိုင်ရန်မှာ "ရေ"သည် ပဓာန လိုအပ်ချက်ဖြစ်ပါသည်။

စစ်ကိုင်းတောင်ရိုး၊ ရွှေစေတီ သာသနာ့ရိပ်သာဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုန္ဒရ၏ ဩဝါဒါနုမောဒနာ ကထာတွင် ဖော်ပြခဲ့သော "စန္ဒြကန္တိ"ကျောက်တမျိုးသည် "လ" ရောင်ဆန်းမှ ရေစိမ့်ပန်းသည့်အသား၊ ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင် မှန်သမျှတို့ကို "လ" ရောင်အစား သဘောထားလျက် "စန္ဒြကန္တိ" နှင့် တူသော ဗုဒ္ဓသာသနာတော်၏ အမွေအစုတခုဖြစ်သည့် စစ်ကိုင်းကျောက်တောင်မှ ချောင်မြောင်တိုင်းတွင် ရေဆိုင်း ရေပန်း၊ ရှမ်းဝေလန်းစေရန် "လရောင်ဒါန" ဖြန့်ဝေကြ စေလိုပါသတည်း။

ဖိုးသောကြာ

(ဦးခင်မောင်လေး)။




သယမ္ဘူစေတီတော်နှင့် စစ်ကိုင်းတောင်၊ စစ်ကိုင်းတောင်နှင့် သီတဂူ ရေအလှူတော်၊ သီတဂူ ရေအလှူတော်နှင့် သီတဂူ ဆရာတော်၊ သီတဂူဆရာတော်နှင့်အများပြည်သူ၊အများပြည်သူနှင့် ၎င်းတို့၏ ကြည်ဖြူထက်သန်သော သဒ္ဓါတရား။ ဖော်ပြပါ အားလုံးတို့သည် အချင်းချင်း မှီခိုဆက်နွယ်လျက် အကြောင်းခြင်း ယှက်နေကြသည်ဖြစ်၏။ အကြောင်းနှင့် အကျိုး၊ အကျိုးနှင့် အကြောင်း၊ ၎င်းတို့၏ ဆက်နွယ် စပ်ယှက်နေမှုသည် အကယ်စင်စစ် ကျွန်ုပ်တို့၏ ရှင်တော်ဗုဒ္ဓမြတ်ဘုရား မိန့်ဆိုဆုံးမထားခဲ့သည်တို့၏ အခြေခံသဘောတရားများပင်ဖြစ်သည် မဟုတ်ပါလော။

သီတဂူဆရာတော်၏ ကျောင်းရှေ့မှသည် သယမ္ဘူ စေတီတော်ကို လှမ်းမျှော်ဖူးတွေ့လိုက်သည် ဆိုပါအံ့။ ထိုစေတီတော်၏ အောက်ခြေ၌ ''သယမ္ဘူစေတီတော်'' သီတဂူမော်ကွန်း အထိမ်းအမှတ် ၁၃၄၆ ခု ဝါဆိုလပြည့်''ဟူသည့် စာတန်းအဆင့်ဆင့်ကို ထင်ရှားစွာ တွေ့မြင်နိုင်မည် ဖြစ်၏။

သီတဂူ ရေအလှူတော်အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ်မော်ကွန်းတည်စိုက်ခြင်းငှာ ထိုသယမ္ဘူ စေတီတော်ကို ၁၃၄၆ ခု ဝါဆိုလပြည့်နေ့တွင် ပန္နက်ချတည်ထားခဲ့သည်ဖြစ်ကြောင်း ဖူးတွေ့ရသူ တိုင်းအလွယ်တကူ နားလည်သဘောပေါက်မည် အမှန်ဖြစ်ပါ၏။

သီတဂူ ဆရာတော်၏ ဖြူစင်မွန်မြတ် ကြီးမြင့်သော ဆန္ဒမွန်၊ ရဟန်း ရှင် လူ ပြည်သူအများ တို့၏ ထက်သန်သော သဒ္ဓါတရား၊ ဤနှစ်ရပ်တို့ ပေါင်းစပ်အခြေခံ၍ ထွန်းပေါ်အောင်မြင် ပြီးပြည့်စုံခဲ့ပြီဖြစ်သည့် သီတဂူ ရေအလှူတော်လုပ်ငန်းကြီး။ ထိုရေအလှူတော် လုပ်ငန်းရပ်ကြီး ပေါ်ထွန်း အောင်မြင်မှုကြောင့် စစ်ကိုင်း တောင်ရိုးတခွင်၌ မှီတင်းနေထိုင်ကြကုန်၍ ဂန္ထဓူရ၊ ဝိပဿနာဓူရ၊ နှစ်ဖြာသော ဓူရတို့ကို ကျင့်ကြံကြိုးကုတ် ရှာမှီး အားထုတ်ကာ နေကြကုန်သည့် ငါးထောင်မျှ အရေအတွက်ရှိသော ရဟန်းရှင် လူ သူတော်သီလရှင် တောင်ရိုးပျော် သူတော်စင် အပေါင်းတို့၏ သောက်ရေ သုံးရေ၊ ဆေးကြောရေတိုဖြင့် ချမ်းသာခြင်း ရှိကြရကုန်ပြီ ဖြစ်၏။

ဖော်ပြပါ အကြောင်းတို့၏ အကျိုးဆက်အဖြစ် ‘သယမ္ဘူစေတီတော်’ဟူ၍စစ်ကိုင်းတောင်တွင် စေတီတော်သစ်တဆူ တိုးပွားခဲ့ခြင်းဖြစ်လေသည်။ ထိုစေတီတော်ကို ကိန္နရတောင်ပေါ်တွင်တည် ထားခြင်းဖြစ်၏။ လွမ်းစေတီနှင့်ပုညရှင်စေတီတော်အကြားတွင်တည်ရှိပါသည်ဟုဆိုလျှင် စစ်ကိုင်း တောင်ရိုးတလျှောက် ဘုရားဖူး ရောက်ဖူးသူတိုင်း မှန်းဆနိုင်မည်ဖြစ်၏။ ဘုရားဖူးလိုသူ ပုဂ္ဂိုလ်တို့ အတွက် လမ်းညွှန်ချက်အဖြစ် အတိအကျဖော်ပြရပါမူ ယခု တောင်ရိုးမြင်းလှည်းဆိပ်ရှိရာ သရက် ပင်ဆိပ်ရှိ ပုညရှင် အရှေ့မုခ်ပေါက်မှသည် စောင်းတန်းတလျှောက်တက်ခဲ့ပါသော် ဖူးတွေ့ရမည့် စေတီတော်အစဉ်မှာ ဤသို့ဖြစ်၏။ လွမ်းစေတီ၊ လေးကျွန်းထိပ်တင်စေတီ၊ သယမ္ဘူစေတီတော်၊ ဝိဇ္ဇာမိုရ်စေတီ၊ ၎င်းနောက်မှ ပုညရှင်စေတီတော်ကို ဖူးတွေ့ရမည်ဖြစ်၏။

ပုညရှင်စေတီတော်အရောက် ကိုယ်ပိုင်ကား များဖြင့် တက်ရောက်ကြသူ ဘုရားဖူးများ အတွက် ဖော်ပြရပါမူ ပုညရှင်စေတီတော် တောင်တက်မုခ်မှ စောင်းတန်းတလျှောက် ခရီးဆက် ပါသော် ရှေးဦးစွာ ဝိဇ္ဇာမိုရ်စေတီ၊ ၎င်းနောက် သယမ္ဘူစေတီတော်၊ ဤသို့ဆိုလျှင် အခက်အခဲ မရှိ၊ ဖူးတွေ့နိုင်ကြမည် ဖြစ်၏။ ဤသည်မှာ သယမ္ဘူစေတီတော်ကို ဖူးမြော်လိုသူတို့ အတွက် အကျဉ်းဆုံးနှင့် အရှင်းဆုံး လမ်းညွှန်ချက်မျှ ဖြစ်ပါသည်။

သယမ္ဘူစေတီတော်သည် စေတီသစ်တဆူဖြစ်၍ ဗိသုကာ ပညာရှင်တို့အတွက် အမြင်သစ် မည်ဖြစ်၏။ တမူထူးသော ပုံတော်ဖြစ်၏။ အခြား မည်သည့်နေရာတွင်မျှ ဤပုံတော်နှင့် တူညီသည့် စေတီမျိုးကို ဖူးတွေ့နိုင်အံ့မည် မထင်ပါ။ ဤစေတီတော်၏ပုံတော်ကို အကြမ်းမျှ ဖော်ပြလိုပါ၏။ အခြေတွင် ကြာပွင့်ခံ ပစ္စယာသုံးဆင့် ပါဝင်လျက် ဘုံသုံးပါးကို ရည်ညွှန်း ဖော်ထုတ်ထားခြင်း ဖြစ်၏။ ပထမ ပစ္စယာတွင် လိုဏ်အတွင်းသို့ ဝင်နိုင်သည့် မုခ်ပေါက်ကြီးလေးပေါက် တည်ရှိပြီး ၎င်းတို့အကြားတွင် အခြားမုခ်ပေါက်တခုစီ ပုံဖော်ထားသဖြင့် စုစုပေါင်း မုခ်ရှစ်မုခ် ပါရှိ၏။ ထို မုခ်ရှစ်မုခ်တို့သည် မဂ္ဂင်ရှစ်ပါးကို ရည်ညွှန်း ဖော်ထုတ်ထားခြင်း ဖြစ်၏။ ထိုပစ္စယာ သုံးဆင့်၏ အထက်တွင် ကြာမှောက် ကြာလှန် ပစ္စယာငယ်တဆင့်ခံပြီး ၎င်းအထက်တွင်မှ စေတီလုံးတော်ပုံ

ဖော်ပြထားသည် ဖြစ်၏။ ခေါင်းလောင်းပုံ စေတီပုံတော်နှင့် အလားတူသည်ဟု ထင်မှတ်မည်ဖြစ်၏။ ထိုစေတီတော်ပုံဖော်စ အခါ၌ ဖြတ်သွားဖြတ်လာ ဘုရားဖူးအပေါင်းတို့ကလည်း 'ဟာ' ကောင်းမှုတော်ပုံပါလား ဟူ၍ အသီးသီးထင်ကြေးပေး မှတ်ချက်ချသွားကြသည်များကို ကြားခဲ့ရသည်ဖြစ်၏။

အမှန်တကယ်ဆိုသော် 'ထူပ'ဟူသည့် အမိုးအမောက် အစုအပုံ၊ တနည်းအားဖြင့်'ထမင်းဦးပေါင်း' သဏ္ဌာန်ကို သရုပ်ဖော်ထားခြင်းသာဖြစ်၏။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ရှေးယခင်အခါ မြေအိုးဖြင့် ဘမင်းချက်ရာတွင် ထမင်းဦးပေါင်း ရမြဲဖြစ်၍ ထိုထမင်းဦးပေါင်းကို အထွတ်အမြတ်ထားကာ ဘုရားဆွမ်းတော်ဘင်လေ့ရှိကြသည်ကို အများသိကြသည်ဖြစ်၏။ထို့အတူသာလျှင် လူအပေါင်းတို့ ကြည်ညိုဖွယ် အထွတ်အမြတ်ပြု အလေးထားကြသည့် သရုပ်ဖော်ညွှန်းခြင်းသာ ဖြစ်ပါ၏။ ကောင်းမှုတော် ဘုရား၏ စေတီတော်သည် အစိုင်အခဲပုံတော်ဖြစ်၏။ ယခုသယမ္ဘူစေတီတော်သည် ကောင်းမှုတော်နှင့် မတူ၊ တမူထူးခြားသည့် အချက်မှာ ထိုလုံးတော်၏ အတွင်းဘက်တွင် လိုဏ်ပါခြင်း ဖြစ်ပါ၏။ ထိုလုံးတော်၏ အထက်တွင် လေးထောင့်ပုံ အဆင့်တည်ရှိလျက် ထိုလေးထောင့်ပုံတော်သည် သစ္စာလေးပါးကို ရည်ညွှန်းသရုပ်ဖော်ထားခြင်းဖြစ်၏၊ ထိုလေးထောင့် ပုံတော်၏ အထက်တွင် ဖေါင်းရစ်ကိုးရစ်ပါရှိသည့် စေတီတော်ကို တည်ထားလျက် ဂုဏ်တော်ကိုးပါးကို ရည်ညွှန်း သရုပ်ဖော်ထားခြင်းဖြစ်၏။ စေတီတော်၏ အထွတ်တွင်မှ ထီးတော်ကို တည်ထားပူဇော်ထားခြင်း ဖြစ်၏။ ထိုထီးတော်၏ ပုံတော်သည်လည်း အများပြည်သူတို့ ဖူးမြော်တွေ့ရှိ နေကျပုံတော်မျိုးနှင့် မတူ၊ တမူထူးသည့် ပုံတော်ဖြစ်ပါပေ၏။

ထိုသယမ္ဘူစေတီတော်ပုံ တခုလုံးကို အကျဉ်းအားဖြင့် အဓိပ္ပါယ်ဖော်ပြရမည် ဆိုပါသော် ဘုံသုံးပါးမှ လွတ်မြောက်လိုသူ လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် မဂ္ဂင်ရှစ်ပါး ယာဉ်ရထား၏ အကူအညီဖြင့်သာလျှင် သစ္စာလေးပါး မြတ်တရားကို သိမြင်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော ရှင်တော်ဗုဒ္ဓမြတ်ဘုရား မိန့်ဆိုဆုံးမလမ်းညွှန် ပြခဲ့သည့် အသခ်တခတ် နိဗ္ဗာန် ရွှေပြည်မြတ်သို့ မျက်မှောက်ပြု တက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ ဤသည်ကို ညွှန်း၍ ဤသယမ္ဘူစေတီတော်၏ ပုံတော်ကို သရုပ်ဖော်ထားသည် ဖြစ်ပါသည် ဟူ၍ ဘုရားဖူးအများပြည်သူ ရဟန်းရှင်လူ အပေါင်းတို့အား ကောင်းမြတ်သည့် စေတနာဖြင့် ဖော်ပြလိုက်ရပါ၏။

ဖော်ပြပြီးသမျှတို့သည် စေတီတော်ကို ပြင်ပမှ ဖူးတွေ့နိုင်မည့် အကြမ်းမျှ ဖော်ပြချက်တို့ဖြစ်ပါသည်။ သယမ္ဘူစေတီတော်၏ မုခ်လေးပေါက်မှ တဆင့်အတွင်းသို့ ဝင်ရောက်ဖူးမျှော်ခွင့်ရပါက အံ့ဘွယ်အမျှ ကြည်ညိုဖွယ်ဖြစ်သည်၊ မည်သို့သော ထူးခြားချက်များဖြင့် အပူဇော်ခံထားသည် ဆိုသည်ကိုမူ ဘုရားဖူးသူ ကိုယ်တိုင်ကိုယ်ကြပ် ဖူးတွေ့လိုက်ရသည်တွင်မှ စာရေးသူ အနေဖြင့် ပြည့်စုံလုံလောက်စွာ ရေးသားဖော်ပြနိုင်စွမ်း မရှိသည်ကို သိရှိမည် ဖြစ်ပါသည်။ မည်သို့ပင်ရှိစေ၊ စာရေးသူ အနေဖြင့်ကား စွမ်းအားရှိသမျှ သရုပ်ဖော် ရေးသားမည်သာ ဖြစ်ပါ၏။

လိုဏ်၏မုခ်ပေါက်တပေါက်သို့ ဝင်လိုက်သည်နှင့် ဘုရားဖူးသူ၏ တူရူတွင် ဘုရားရှင်၏ ကိုယ်ပွားဆင်းတုတော် တဆူကို ဖူးတွေ့နိုင်မည် ဖြစ်၏။ ဆိုဆင်းတုတော်သည် လိုဏ်၏ မဏ္ဍိုင်ပတ်လည်၌ အပူဇော်ခံထားသည့် ဆင်းတုတော် လေးဆူအနက်မှ တဆူဖြစ်၏။ လေးဆူသော ဆင်းတုတော်တို့ ပုံတော်များသည် မုဒြာတမျိုးစီ ဖြစ်သည်ကို ဖူးတွေ့ရပေမည်။ ဆိုမုဒြာလေးမျိုးရှိရာတွင်-

၁။ အရှေ့မုခ်သို့ မျက်နှာတော်မူနေသော ပုံတော်သည် ဘူမိဖဿမုဒြာပုံတော်၊

၂။ တောင်ဘက်မုခ်သို့ မျက်နှာတော်မူလျက် သမာဓိမုဒြာ၊

၃။ အနောက်မုခ်သို့ မျက်နှာတော်မူလျက် ဓမ္မစကြာမုဒြာ၊

၄။ မြောက်ဖက်မုခ်သို့ မျက်နှာတော်မူလျက် ဝရဒ-အဘယမုဒြာ ပုံတော်များဖြစ်ကြပါသည်။

၁။ ဘူမိဖဿမုဒြာ - ဝသုန္ဒြေမြေကို သက်သေညွှန်းဟန်၊ မာရ်ယုတ်ကိုအောင်မြင်ဟန်၊

၂။ သမာဓိမုဒြာ - ဈာန်ဝင်စားဟန်၊ တရားအားထုတ်ဟန်၊

၃။ ဓမ္မစကြာမုဒြာ - ဓမ္မစကြာတရားဦးဟောဟန်၊

၄။ ဝရဒ-အဘယမုဒြာ - ကောင်းချီးပေးဟန်၊ ဆုပေးဟန်၊ ဘေးအန္တရာယ်အပေါင်းမှ ကာကွယ်ပေးဟန် ပေါင်းစပ်ထားသည့် ပုံတော်များ အသီးသီးဖြစ်ကြပါသည်။

ထိုမှတဖန် လိုဏ်အကွင်း နံရံပတ်လည်၌ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင် ကိုယ်ပွားတော်တို့ကိုလည်းကောင်း၊ ဗုဒ္ဓဝင်၊ သာသနာဝင် ပန်းချီပုံတော်များကိုလည်းကောင်း ဖူးတွေ့နိုင်မည်ဖြစ်၏။ ထိုနှစ်ကျိပ်ရှစ်ဆူကုန်သော ပုံတော်တို့သည် ရဟန်းရှင်လူ သူတော်စင်များ ဖူးတွေ့နေကျပုံတော်ရိုးများ မဟုတ်ကြပဲ ဝိသေသထူးသည့် ပုံတော်များ ဖြစ်ကြသည်ကို ဖူးတွေ့နိုင်ကြမည် ဖြစ်လေသည်။

သာသနာနှစ် '၆'ရာစုမှ '၂၄'ရာစု (အေဒီ-၁ ရာစု၊ ၁၉ ရာစု) ကာလအတွင်း ကမ္ဘာ့ ဗုဒ္ဓဘာသာနိုင်ငံ အသီးသီး၌ ခေတ်အလိုက် ပူဇော်ထားခဲ့ကြကုန်သည့် ဆင်းတုတော်များကို ဤနေရာတွင် စုပေါင်း၍ ပူဇော်ခံထားရှိလေသည်။ နိုင်ငံပေါင်း တဆယ့်လေးနိုင်ငံရှိ ဒေသများ၌။ အေဒီ'၁'ရာစုနှင့် '၁၉'ရာစုနှစ်များ အတွင်း ခေတ်အသီးသီးအလိုက် ပူဇော်ထားကြသည့်ပုံတော်များကို ဤသယမ္ဘူ စေတီတော်ဝယ် ပူဇော်ထားခြင်းဖြစ်ပါသည်။ ရာစု နှစ်ဦး နှစ်နှောင်း အလိုက် နိုင်ငံစဉ်နှင့် ပုံတော်များ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | အိန္ဒိယနိုင်ငံ မထုရာလက်ရာ | (အေဒီ ၁-ရာစုနှစ်)၊ |
| ၂။ | ။ အမရာဝတ္တီ | (အေဒီ ၂-ရာစုနှစ်) လက် |
| ၃။ | ။ ဂန္ဓာရ | (အေဒီ ၃-ရာစုနှစ်) ။ |
| ၄။ | ။ ဂုပ္ပတားခေတ် | (အေဒီ ၅-ရာစုနှစ်)၊ |
| ၅။ | ။ ပါလခေတ် | (အေဒီ ၉-ရာစုနှစ်)၊ |
| ၆။ | ။ ချိုလခေတ် | (အေဒီ ၁၁-ရာစုနှစ်)၊ |
| ၇။ | သီဟိုဠ်ကျွန်းအနုရာဓမြို့ဟောင်း | (အေဒီ ၄-ရာစုနှစ်)၊ |
| ၈။ | ။ ကိုလံဘိုမြို့ | (အေဒီ ၇-ရာစုနှစ်)၊ |
| ၉။ | မြန်မာနိုင်ငံ ပျူခေတ် | (အေဒီ ၆-ရာစုနှစ်)၊ |
| ၁၀။ | ။ ပုဂံခေတ် | (အေဒီ ၁၂-ရာစုနှစ်)၊ |
| ၁၁။ | ။ အင်းဝခေတ် | (အေဒီ ၁၇-ရာစုနှစ်)၊ |
| ၁၂။ | ။ ကုန်းဘောင်ခေတ် | (အေဒီ ၁၉-ရာစုနှစ်)၊ |
| ၁၃။ | တရုပ်ပြည် ထန်ခေတ် | (အေဒီ ၆-ရာစုနှစ်)၊ |
| ၁၄။ | ။ မင်ခေတ် | (အေဒီ ၁၅-ရာစုနှစ်)၊ |
| ၁၅။ | ဂျပန်ပြည် ဒအစုကခေတ် | (အေဒီ ၇-ရာစုနှစ်)၊ |
| ၁၆။ | ။ နာရာခေတ် | (အေဒီ ၈-ရာစုနှစ်)၊ |
| ၁၇။ | ။ ကမာကူရာခေတ် | (အေဒီ ၁၂-ရာစုနှစ်)၊ |
| ၁၈။ | အာရှအလယ်ပိုင်းပါကစ္စတန်နယ် | (အေဒီ ၇-ရာစုနှစ်)၊ |
| ၁၉။ | ကိုရီးယားနိုင်ငံကျုံဆန်ပြည်နယ်စီလခေတ် | (အေဒီ ၈-ရာစုနှစ်)၊ |
| ၂၀။ | ဂျာဗားကျွန်း ဘောရောဗုဒ္ဓါစေတီတော်ရှိ ကိုယ်ပွားတော် | (အေဒီ ၈-ရာစုနှစ်)၊ |
| ၂၁။ | ယိုးဒယားနိုင်ငံ ခမာ | (အေဒီ ၁၂-ရာစုနှစ်)၊ |
| ၂၂။ | ။ စူကိုတိုင် | (အေဒီ ၁၂-ရာစုနှစ်)၊ |
| ၂၃။ | ။ မွန် | (အေဒီ ၁၆-ရာစုနှစ်)၊ |
| ၂၄။ | ကမ္ဘောဒီယားနိုင်ငံ အန်ကောသွန်မြို့ဟောင်း | (အေဒီ ၁၂-ရာစုနှစ်) |
| ၂၅။ | နီပေါနိုင်ငံ ကတ္တမန္ဒူမြို့ | (အေဒီ ၁၄-ရာစုနှစ်)၊ |
| ၂၆။ | တိဘက်နိုင်ငံ | (အေဒီ ၁၄-ရာစုနှစ်)၊ |
| ၂၇။ | လောနိုင်ငံဗီကျင်းမြို့ | (အေဒီ ၁၇-ရာစုနှစ်)၊ |
| ၂၈။ | ဗီယက်နမ်နိုင်ငံဆေးဂုံမြို့ | (အေဒီ ၁၈-ရာစုနှစ်) |

များဖြစ်ကြပါသည်။

ထိုမျှမက စေတီတော်၏ ကြားမုခ်လေးခုတို့၌ ရုပ်တော်မှု ကိုယ်ပွားတော် လေးဆူကိုလည်း အများကြည်ညိုနိုင်ကြစေရန် အလို့ငှာ မုဒြာလေးမျိုး အသီးသီး ပူဇော်ခံထားလေသည်။ မုဒြာပုံတော်များမှာ—

၁။ အဘိသေကမုဒြာ - ရေသွန်းအဘိသိက်ခံ မင်္ဂလာများ နှင့် စပ်ဆိုင်သည့်ဟန်၊

၂။ အနန္တဝိဇယမုဒြာ - ဂါရဝ၊ နိဝါတမင်္ဂလာများကို သရုပ်ဆောင်ညွှန်ပြဟန်၊

၃။ မဟာကရုဏာမုဒြာ - ပညာပါရမီ၊ ခန္တီပါရမီ၊ မေတ္တာပါရမီ၊ သစ္စာပါရမီ စခန်းများကို ရည်ညွှန်းဟန်၊

၄။ စက်မမုဒြာ - ဒေသစာရီကြွချီဟန်၊

ရုပ်တော်မှုပုံအသီးသီးတို့ ဖြစ်ကြပါသည်။

ထို့ကြောင့် ဤသယမ္ဘူစေတီတော်သို့ တခါတခေါက်လာရောက် ဖူးမြော်သူများသည် နိုင်ငံပေါင်း တဆယ့်လေးနိုင်ငံသို့ မိမိကိုယ်တိုင် ရောက်ရှိနေဘိအလား ခေတ်အဆက်ဆက် ကာလအတန်တန်တို့မှ ဘုရားရှင် ကိုယ်ပွားတော်များကို တနေရာတည်း၌ တပြိုင်တည်း ဖူးမြော်ကြည်ညိုခွင့်ရရှိသဖြင့် ဝမ်းသာကြည်နူး ပီတိထူးတို့ဖြင့် ပြည့်ဖြိုးကြမည်မှာ မလွဲပါပေ။

စာရေးသူ စွမ်းအားရှိသရွေ့ ဖော်ပြပြီးသမျှအကြောင်းအရာ အတိုင်းအတာမျှလောက်ဖြင့် ပင် စစ်ကိုင်းတောင်ရှိ သယမ္ဘူစေတီတော်၏ သရုပ်ပုံကို စာရှုသူအနေဖြင့် ပုံဖော်မှန်းဆ ရယူနိုင်လောက်ပြီဟု ထင်မိပါသည်။ သို့သော် ဤသယမ္ဘူစေတီတော်၏ အကြောင်း ဖော်ပြရာ၌ မူလအရင်းခံဖြစ်သော "ဆွာယမ္ဘူနာထ"နှင့် နီပေါနိုင်ငံ၏အကြောင်းကို ချန်လှပ်ထားခဲ့၍ စာရေးသူအနေဖြင့် ပြီးပြည့်စုံပြီဟူ၍ မဆိုသာပါ။မထင်မိပါ။ အဘယ်ကြောင့်နည်း၊ ယခု စစ်ကိုင်းတောင်ရှိ သယမ္ဘူစေတီတော်ကို တည်ဆောက်ရာတွင် နီပေါနိုင်ငံရှိ ကမ္ဘာကျော် ဆွာယမ္ဘူနာထ၊ သို့မဟုတ်"ဆွာယမ္ဘူစေတီယ"၏ ပုံတော်ကို အခြေခံယူ၍ မြန်မာမှုရောစပ်ပေါင်းဘက်ကာ တည်ဆောက်ထားသည့်အတွက်ကြောင့်ဖြစ်ပါပေသည်။'

ထိုစေတီတော်ကို နီပေါလူမျိုးတို့ ရှေးခေတ် အခေါ်အားဖြင့် "ဆွာယမ္ဘူနာထ" ယခုခေတ်အခေါ်အားဖြင့် 'ဆွာယမ္ဘူစေတီယ'ဟူ၍ဖြစ်၏။ နီပေါလူမျိုးတို့၏ ဖော်ပြချက်များမှာ "ဆွာယမ္ဘူ"ဟူသည် သက္ကတဘာသာမှ ဆင်းသက်လာသည် ဖြစ်ကြောင်း၊'ဘူ'ဟူသည့်အဓိပ္ပါယ်မှာ 'အခြေခံ' သို့မဟုတ် 'သိသည်'ဟူ၍ဖြစ်ကြောင်း၊ ထို့ကြောင့် 'ဆွာယမ္ဘူ'ဟူသည် ကိုယ်တိုင်သိသည်ဟူသည့် အဓိပ္ပါယ်ကို ဆောင်သည်ဖြစ်ကြောင်း၊'နာထ'ဟူသည်၏အဓိပ္ပါယ်သည် 'အားထား

ရာ’ သို့မဟုတ် ‘အရှင်သခင်’ ဟူ၍ဖြစ်သည့်အတွက် ‘ဆွ ာယမ္ဘူနာထ်’ ဟူသည့်စကားစု၏ အဓိပ္ပါယ်သည် ‘အခြေခံတရားတော်တို့ကို ကိုယ်တိုင်သိရှိတော်မူသော အားထားရာအရှင်’ ဟူ၍ ဖြစ်ကြောင်းကို ဖော်ပြထားလေသည်။

ထိုဆွာယမ္ဘူ ဟူသည့် ဝေါဟာရ၏မြန်မာ့ဝေါဟာရအလိုမှာ ‘သယမ္ဘူ’ ဟူ၍ဖြစ်၏။ သယမ္ဘူဟူသည့်စကားလုံး၏ ပါဠိတော်အဖွင့်များစွာရှိသည့်အနက် ‘တပါးသူများမသိစေအပ်ပဲ ကိုယ်တော်သာလျှင် ဘုရားဖြစ်ရန် ပြုလုပ်တတ်သောကြောင့် သယမ္ဘူ မည်၏’ ဟူသည်ကို စာရေးသူနှစ်သက်လှ၏။ အသင့်တော်ဆုံးဟူ၍ ယူဆမိ၏။ ထိုမှ တဖန် နီပေါအသံထွက်အားဖြင့် ‘နာထ်’၊ မြန်မာ့အသံအားဖြင့် ‘နာထ’၊ နီပေါတို့အသံထွက်အားဖြင့် ‘ချေတိယ’ မြန်မာတို့၏ ဝေါဟာရအားဖြင့် ‘စေတီ’ ဟူ၍ အသီးသီးဖြစ်ကြ၏။ မြန်မာလူမျိုးတို့အနေဖြင့်ကား မို့မို့ချွန်ချွန် ပူဇော်ရာမှန်သမျှတို့ကို စေတီဟူ၍ အသုံးများကြသည်သာ ဖြစ်၏။

ဤတွင် စေတီ၊ ပုထိုး၊ နာထ၊ ထူပ ဟူသည့် ဝေါဟာရတို့နှင့် ပတ်သက်၍ အလျဉ်းသင့်သဖြင့် ဖော်ပြလိုပါသည်။

၁။ စေတီ၊ ဘုရားစေတီ၊ ဘုရားပုထိုး ဟူသည် လူ နတ် ဗြဟ္မာတို့ အလေးအမြတ်ထား၍ ပူဇော်အပ်သောအရာ။တဖန် ပရိဘောဂစေတီ၊ ဓာတုစေတီ(သရီရိကစေတီ)၊ဓမ္မစေတီ၊ ဥဒ္ဒိဿကစေတီ ဟူ၍ လေးမျိုး အပြားရှိပြန်သည်ဖြစ်၏။

ပရိဘောဂစေတီ- ဘုရားရှင်၏ အသုံးအဆောင်ဖြစ်သောသင်္ကန်း၊ ပရိက္ခရာ၊ သပိတ်၊ ရေစစ်၊ ခါးပန်း စသည်တို့ကို ထည့်သွင်းဌာပနာ၍ပူဇော်ထားအပ်သောစေတီ။ ထို့အပြင်ဘုရားရှင် အသုံးပြု နေထိုင်ရာ ဗောဓိပင်သည်လည်းပရိဘောဂစေတီ မည်၏။

ဓာတုစေတီ သို့မဟုတ် သရီရိကစေတီ–သရီရဓာတ်တော်များကို ထည့်သွင်း ဌာပနာ၍ တည်ထား ပူဇော်ထားအပ်သောစေတီ။

ဓမ္မစေတီ- ပဋိစ္စသမုပ္ပါဒ် စသည့်တရားတော်များကို ရေးသားထားသည့် ပေစာ စသည်တို့ကိုထည့်သွင်းဌာပနာထားသောစေတီ။

ဥဒ္ဒိဿကစေတီ- ဘုရားရှင်ကိုယ်စား ရုပ်ပွားဆင်းတုတော်တို့ကို ဥဒ္ဒိဿကစေတီ ဟူ၍ အသီးသီးဖွင့်ဆိုထားသည်ဖြစ်၏။

၂။ ပြည်မြို့ဇာတိ စတုရင်္ဂအမတ်ကြီး ရေးသားအပ်သော အဘိဓာန်ဋီကာတွင် ဖော်ပြရာ၌ မုခ်လိုဏ်မရှိသောအရာကို စေတီ၊ မုခ်လိုဏ်ရှိသောအရာကို ပုထိုး ဟူ၍ဖြစ်၏။
၃။ မဟာရလောပ မန်လည်ဆရာတော်ဘုရားကြီး ရေးသားစီရင်အပ်သည့် မဟာသုတကာရီ မဃဒေဝလင်္ကာသစ် (ပုဒ်ရေ-၅၇၉)၌ ‘မုခ်လိုဏ်မဟုတ်၊ သမုတ်ရှုဆို၊ ပွတ်နွယ်ညီသား၊ စေတီ

ဖြိုးမြိုင်၊ အဆိုင်ဆိုင်နှင့်၊ မုန်လိုက်ရှိမဲ့၊ ထူးတွဲသညာ၊ဝေါဟာခေါ်ရိုး၊ ပုထိုးထူပ၊ မျှားလှ မည်တူ၊ အဆူဆူဝယ်၊ ကြည်ဖြူကော်ရော်၊ ရှိပူဇော်၍' ဟုစေတီနှင့် ပုထိုး ထူးခြားချက်ကို စပ် ဆိုတော်မူထားသည်။

၄။ နာထ –

(က) သတ္တဝါတို့၏ သန္တာန်၌ဖြစ်ပွားသောကိလေသာတို့ကို ပူပန်စေတတ်သော ကြောင့် 'နာထ'။

(ခ) နတ်ရွာတို့၌ အစိုးရမှုကို ပြုတတ်သောကြောင့် 'နာထ'။

(ဂ) ထိုသို ဝေနေယျသတ္တဝါတို့၏အစီးအပွားကို တောင့်တတတ်သောကြောင့် 'နာထ'။

၅။ ထူပ--

(က) အစုအပုံပြုအပ်သောကြောင့်'ထူပ'။

(ခ) ခိုင်ခံ့သောအားဖြင့်ကြီးပွားခြင်း၊ စည်ပင်ပြန့်ပြောခြင်းသို့ ရောက်စေလျက် တည်စေအပ်သောကြောင့် 'ထူပ' စေတီပုထိုး။

ဤသို့လျှင် အသီးသီးဖွင့်ဆိုဖော်ပြထားပေသည်။

ထိုထိုသော ဝေါဟာရတို့ အသီးသီးရှိသည့်အနက်မှ စစ်ကိုင်းတောင်ရှိ စေတီတော်ကိုမူ 'သယမ္ဘူစေတီတော်'ဟူ၍ ဘွဲ့တော်ထင်ပေါ် ခေါ်ဝေါ်သမုတ်ထားသည်သာတည်း။

နီပေါနိုင်ငံ၌ရှိသော စေတီတော်ပုံကိုမှုနမူနာယူ၍အဘယ်ကြောင့်များ ဤစစ်ကိုင်းတောင် တွင် တည်ထားရလေသနည်း ဟူ၍အချို့ပုဂ္ဂိုလ်များ စဉ်းစားမိ၊ တွေးတောမိမည်ဖြစ်၏။ အမှန် အားဖြင့် နီပေါနိုင်ငံ၏ထူးခြားချက်သည်လည်းကောင်း၊ ထိုနိုင်ငံရှိသယမ္ဘူစေတီတော်၏နောက်ခံ သမိုင်းထူးခြားချက်သည်လည်းကောင်း၊ ထူးခြားမှုအသီးသီးရှိကြပြီး ဖြစ်၏။

ထိုသို့သောထူးခြားချက်တို့ကို ပေါ်လွင်ထင်ရှား အစဉ်သတိရနေစေလိုသည့် အကြောင်း ကြောင့် သီတဂူဆရာတော်သည် နီပေါစေတီပုံတော်ကို အခြေခံပြု၍ ဤသယမ္ဘူ စေတီတော်ကို စစ်ကိုင်းတောင်၌ တည်ထားခြင်းဖြစ်သည်ဟု စာရေးသူထင်မိ၏။ ဆရာတော်၏ရည်ရွယ်ချက်ကား အသို့ရှိသည်ကို စာရေးသူအနေဖြင့် မေးမြန်းစုံစမ်း လျှောက်ထားကြည့်မိခြင်း မရှိခဲ့ပေ။

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့အားထားကိုးကွယ်ရာဖြစ်၍ လူနတ်ပြဟ္မာသတ္တဝါ အပေါင်းတို့၏ ဆရာသခင်ဖြစ်တော်မူသောရှင်တော်ဗုဒ္ဓမြတ်စွာဘုရား မီးရှူးသန့်စင်ဖွားမြင်တော်

မူရာ လုမ္ဗိနီအင်ကြင်းတော တည်ရာအရပ်သည် နီပေါနိုင်ငံဖြစ်၏။ စာရေးသူနှင့်တကွ စာရှုသူအပေါင်းတို့အနေဖြင့် ဤဌာနကိုမေ့အပ်သည်မဟုတ်ပါ။ အစဉ်အောက်မေ့ဖွယ် ဖြစ်သည်သာ တည်း။

ဒဿနိယ(ဖူးမြော်အပ်ရာ) လေးဌာနနှင့် သံဝေဇနိယ(သံဝေဂယူအပ်ရာ) လေးဌာနရှိကြသည့်အနက် ဗုဒ္ဓရှင်တော် မြတ်ဘုရား ဖွားမြင်ရာအရပ်သည် တခုအပါအဝင်ဖြစ်၏။ရှင်တော်ဗုဒ္ဓမြတ်ဘုရားကိုယ်တော်တိုင် မိန့်ဆိုတော်မူခဲ့သည်မှာ"အို အာနန္ဒာ၊ ငါဘုရားသခင် မီးရှူးသန့်စင်ဖွားမြင်တော်မူရာဌာနသို့ သဒ္ဓါတရားရှိသော အမျိုးကောင်းသား အမျိုးကောင်းသမီးသည် ဖူးမြော်အပ်သည်၊ သံဝေဂယူအပ်သည်"ဟူ၍ဖြစ်၏။ ဤသို့အရေးပါသော အရပ်ဌာနသည် နီပေါနိုင်ငံတွင် တည်ရှိသည် မဟုတ်ပါလော။

ဒဿနိယလေးဌာနနှင့် သံဝေဇနိယ လေးဌာနမည်သည်ကား—

၁။ ဘုရားရှင် ဖွားမြင်တော်မူရာအရပ်(လုမ္ဗိနီဥယျာဉ်)၊

၂။ သစ္စာလေးပါးကို မြင်တော်မူရာအရပ်(ဗုဒ္ဓဂယာ)။

၃။ ဓမ္မစကြာတရား ဟောတော်မူရာအရပ် (မိဂဒါဝုန်)၊

၄။ ပရိနိဗ္ဗာန်စံဝင်တော်မူရာအရပ် (ကုသိနာရုံ)

ဟူ၍ ဖြစ်ပါသည်။

မော်လမြိုင်မြို့ တောင်ပေါက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်စက္ကပါလ မဟာထေရ်သည် ဤသို့ မှတ်သားဖွယ် တေးထပ်တပုဒ်ကို စပ်ဆိုတော်မူခဲ့ပေသည်။

"ဖွားတော်မူဒေသနှင့်၊ မြတ်သစ္စာသိရာ၊ ဓမ္မစက်ပဝတ္တာ၊ ဝဋ်ခန္ဓာချွေချ၊ လေးဌာန ဥတ္တမေကို၊ မြတ်ဗုဒ္ဓေ မိန့်မြွက်ဖော်ပြ။ သဒ္ဓါလှဒဿနီ၊ မြတ်မဟီဘာဂ၊ မှတ်အညီသံဝေရစေဖို့၊ မှန်ပေလှဌာနေ။ သွားရောက်ကာ ဖူးခွင့်ရသူတို့၊ ထူးမြင့်ကြ ပုဗ္ဗကမ္မေ။ မနုဿ အနန္တေတွင်၊ ဉာဏ်ကဝေ သမ္မာမြင့်သူတို့၊ မကြာမြင့်သွားသင့်သနော်၊ အားခွင့်ကိုမျှော်။ ဘုရားရှင့် သဗ္ဗဝါကို၊ မျှညီလျော်ဖူးသည်သို့လေး"။

ဤသို့လျှင် ဒဿနိယ၊သံဝေဇနိယဌာနများသို့ သွားရောက်ဖူးမြော်သင့်ပုံကို မြောက်ပင့်တိုက်တွန်းထားသည့် တေးထပ်ကို တောင်ပေါက်ဆရာတော်ဘုရားကြီးက မှတ်တမ်း တင်ခဲ့ဖူးလေသည်။

ပစ္စေကဗုဒ္ဓါဖြစ်တော်မူပြီးနောက် ဟိမဝန္တာတောသို့ချွန်ယာဉ်ဖြင့် အသီးသီး ကြွသွားကြပုံ၊ဟိမဝန္တာတောမှ ပစ္စေကဗုဒ္ဓါရှင်ဘော်ဘုရားများ အသီးသီးကြွရောက်ချီးမြှောက်တော်မူကြပုံ

အဖုံဖုံတို့ကို ဗုဒ္ဓဘာသာသူတော်စင် အပေါင်းတို့ ဖတ်မိ မှတ်မိ ကြားသိပြီး ဖြစ်ကြကုန်၏။ ထိုထို သော ပစ္စေကဗုဒ္ဓါ ရှင်တော်ဘုရား အသီးသီးတို့ သီတင်းသုံးစံပျော်တော်မူရာ ဟိမဝန္တာတောင်၏ တည်ရာဌာနသည် ဤနီပေါပြည်ပင် ဖြစ်သည်မဟုတ်ပါလော။ ဤမျှအရေးပါ ထူးခြားချက်များ ရှိနေသည့် နီပေါနိုင်ငံကို ဗုဒ္ဓဘာသာ သူတော်စင်တို့ အစဉ်လာဝရသတိတရ ရှိသင့်လှသည်သာ။

ထိုမှတဖန် နီပေါနိုင်ငံ ကတ္တမန္ဒူမြို့ရှိ "ဆွာယမ္ဘူနာထ်"၏ နောက်ခံသမိုင်းကို ဖော်ပြလို ပါ၏၊ထိုနောက်ခံသမိုင်းသည် စိတ်ဝင်စားဖွယ် မှတ်သားဖွယ်တို့ဖြင့်ပြည့်၏။ ထို 'ဆွာယမ္ဘူနာထ်' သည် ကတ္တမန္ဒူမြို့၏ အနောက်မြောက်ယွန်းယွန်း ကတ္တမန္ဒူမြို့နှင့် နှစ်မိုင်ခန့် အကွာ ကတ္တမန္ဒူ ချိုင့်ဝှမ်းဒေသတွင် တည်ရှိသည်ဖြစ်၏။ စေတီတော်ကို ပေ၂၅ဝမျှ မြင့်ရာ ကုန်းမြင့်ပေါ်တွင် တည် ရှိပြီး စေတီတော်ပေါ်သို့ ရောက်ရန် လှေကားထစ်ပေါင်း ၃၆၅ထစ်မျှ တက်လှမ်းရမည် ဖြစ်၏။ ထိုစေတီတော်နှင့် တူညီရာစေတီပုံတော်မျိုး ကမ္ဘာအရပ်ရပ်ရှိ မည်သည့်နိုင်ငံတွင်မျှ မရှိသည်ကို နီပေါလူမျိုးတို့ ဂုဏ်ယူပြောဆိုရေးသားလေ့ရှိကြ၏။ ဂုဏ်ယူမည်ဆိုပါကလည်း ယူထိုက်ပါပေ ၏ဟု စာရေးသူ ထင်မိပါ၏။ အကြောင်းသော်ကား ထိုစေတီလုံးတော်၏ အထက်လေးထောင့်ပုံ တော်၏ မျက်နှာစာတိုင်းတွင် ထင်ရှားပေါ်လွင်သည့် မျက်လုံးအစုံပုံတော် ပါရှိပူဇော်ထားခြင်း ဖြစ်၏။ အဘယ်နိုင်ငံတွင်မှ ဤမျက်လုံးအစုံ ပုံပါစေတီတော်မျိုးမရှိသည်မှာ အမှန်ပင်ဖြစ်ပါ၏။ နီပေါနိုင်ငံရှိ စေတီတော်အချို့တွင်သာ ပါရှိသော ထူးခြားသည့်သင်္ကေတတခုပါပေ။ ထိုမျက်လုံး အစုံပုံတော်နှင့် ပတ်သက်၍ နီပေါမှတ်တမ်းများတွင် ဤသို့ဆို၏။

၁။ ရှင်တော် ဗုဒ္ဓမြတ်ဘုရားသည် နေရာဘိုင်းကို အခါမလင့်စောင့်ကြည့်လျက်ရှိ၏။ဤအကြောင်း ကြောင့် မည်သူတစုံတယောက်၏ မှားယွင်းလုပ်ဆောင်မှု မကောင်းမှုဒုစရိုက်မှန်သမျှသည် ရှင်တော် မြတ်ဘုရား၏ မျက်မှောက်တော်မှ ဆိတ်ကွယ်သည်မရှိဟူသည့်အချက်ကို ပေါ်လွင်စေခြင်း၊

၂။ ထိုမျက်လုံးအစုံတို့သည် နေနှင့်လ တို့၏ သရုပ်ကို ပေါ်လွင်စေသည်ဟူ၍ မျက်လုံးအစုံပုံ၏ အဓိပ္ပါယ်ကို ဖော်ပြထားပေသည်။ စိတ်ဝင်စား မှတ်သားစရာ ဖြစ်လေသည်။

နီပေါနိုင်ငံ ကတ္တမန္ဒူမြို့ရှိ 'ဆွာယမ္ဘူနာထ်'နှင့် ပတ်သက်ရာ စာအုပ်များကို လေ့လာ ကြည့်မိသည်၊ အများအားဖြင့် 'ဆွာယမ္ဘူပုရာဏ်'ကျမ်းကို မှီငြမ်းပြုကိုးကား ရေးသားဖော်ပြ ထားသည်ကို တွေ့ရှိရ၏။ 'ဆွာယမ္ဘူနာထ်'၏ နောက်ခံသမိုင်းနှင့်ပတ်သက်၍ ထိုစာအုပ်အသီးသီး မှ ကောက်နုတ်ထားသည့်မှတ်သားဖွယ်ရာတို့ကို အကျဉ်းအားဖြင့် ဖော်ပြလိုပါသည်။

ရှေးဦးစွာ (ယုဂ)လေးပါးကို ဖော်ပြရပေမည်။

၁။ ကလိယုဂ၊
၂။ ဒွါပရယုဂ၊
၃။ တြေတာယုဂ၊
၄။ ကတယုဂ ဟူ၏။

ဤ ယုဂလေးပါးကို ဦးစွာဖော်ပြရသည်မှာလည်း 'ဆွာယမ္ဘူနာထ'၏ နောက်ခံသမိုင်းတွင် ယုဂ်အပိုင်းအခြားဖြင့် ပြယားသည်ဖြစ်ခြင်းကြောင့် ဖြစ်ပါ၏။ သို့မှသာ စာရှုသူတို့ အတွက် လွယ်ကူစွာ နားလည်သိရှိ မှတ်သားနိုင်ပေမည်။

ကတ္တမန္ဒူမြို့အနီးရှိ 'ဆွာယမ္ဘူနာထ'၏ နောက်ခံသမိုင်းသည် အကျဉ်းအားဖြင့် အောက်ပါအတိုင်း ဖြစ်၏။

'ဆွာယမ္ဘူနာထ'တည်ရှိရာ ကတ္တမန္ဒူချိုင့်ဝှမ်းနေရာသည် ရှေးအထက်ကျော်ကာလ၌ ရေကန်ကြီးတခုအဖြစ် ရှိခဲ့ပြီး နဂါးများ ပျော်စံရာကန်ကြီးတခု ဖြစ်၏။ ထိုကန်သည် နဂါးတို့၏ကန် (နာဂ-ရဟဒ) ဟူ၍ ထင်ရှားခဲ့သည်ဆို၏။ ထိုရေကန်၏ အကျယ်အဝန်း ဧရိယာမှာ ယခုခေတ် အတိုင်းအဘာအားဖြင့် ၁၄ စတုရန်းမိုင်မျှရှိ၏။ ရေတို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ လျက် ငှက်အပေါင်းတို့ ပျော်စံရာလည်း ဖြစ်ခဲ့၏။ ပန်းမျိုးစုံနှင့်လည်း ဝေဆာလျက်ရှိ၏။ အမြဲစိမ်းလန်းသော သစ်တောကြီးတို့ ဖုံးလွှမ်းနေသည့်တောင်ကြီးတို့သည် ထိုရေကန်ကို တံတိုင်းသဖွယ် ဝန်းရံပတ်လျက်ရှိ၏။

ကတယုဂ်ကာလ (လွန်ခဲ့သော ၉၁-ကမ္ဘာကက်) အသင်္ချေတန်းမှ ဆုတ်ယုတ်ပြီးနောက် လူတို့၏သက်တမ်း ရှစ်သောင်းတန်းတွင် ဝိပဿီရှင်တော်ဘုရားပွင့်တော်မူခဲ့၏။(ဝိပဿီရှင်တော်ဘုရားသည် ဗန္ဓုမတီတိုင်း ဘုရင်ဗန္ဓုမနှင့် ဗန္ဓုမတီ မိဖုရားကြီးတို့၏ သားတော်ဖြစ်၏။) ဝိပဿီရှင်တော်မြတ်ဘုရားသည် နောက်ပါသံဃာတော်ပေါင်း သုံးဆယ့်နှစ်ကုဋေ ခြံရံလျက် အတိုင်းတိုင်းအပြည်ပြည်သို့ ဒေသစာရီ ကြွချီတော်မူရာ အတက်ဖော်ပြပါ ရေကန်ကြီးရှိရာသို့ ရောက်ရှိတော်မူသည်ဆို၏။

မဟာဗုဒ္ဓဝင်တွင် ဖော်ပြရာ၌ ဝိပဿီရှင်တော်မြတ်ဘုရား၏ နောက်ပါ သံဃာတော်ပေါင်းမှာ တသိန်းခြောက်သောင်း ရှစ်ထောင်ဟူ၍ အရေအတွက် အများဆုံးတွေ့ရ၏။

ထိုမျှတင့်တယ်လှပသော ရေကန်သို့ ရောက်တော်မူသည်တွင် ဝိပဿီရှင်တော် ဘုရားသည် နောင်အရှည်သော ကာလကို ရှုမြင်တော် မူသည်ဖြစ်၍ ကြာမျိုးစေ့တစေ့ ချလိုတော်မူသည့် ဆန္ဒဖြစ်တော်မူသည်ဆို၏။ ထိုအခါ အကနိဋ္ဌဘုံမှ နတ်မင်းကြီးသည် ကြာမျိုးစေ့ တစေ့ကပ်လှူ တော်မူသည်နှင့် မျိုးစေ့ကို ရေကန်တွင်းသို့ ချလေရာဝယ် ရောင်လျှံများဖြာထွက်နေသော ကြာပွင့်ကြီးတပွင့် ရုတ်ခြည်း ပေါ်ပေါက်ခဲ့သည်ဆို၏။ နောက်ပါ သံဃာတော်တို့သည် အလွန်တရာ အံ့မခန်းရှိပါပေသည်၊ အကြောင်းမည်သို့ ရှိတော်မူသည်ကို မိန့်ကြားတော်မူပါရန် လျှောက်ကြရာ နောင်တချိန်တွင် ဤကြာပွင့်ကြီး၏ နေရာ၌ 'ဆွာယမ္ဘူနာထ' ဟူ၍ အများကိုကွယ်ရာ စေတီတော် တဆူပေါ်ပေါက်လာမည့်အကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သည်ဆို၏။

[illegible] မဉ္ဇူသီရိသည် [illegible] တရုတ်ပြည်၏ ဘုရင်မင်း

မြဘ် ဓမ္မကာရနှင့်အတူ နီပေါနိုင်ငံရှိ ထိုကြာပွင့်ကြီးရှိရာသို့ ရောက်ရှိခဲ့သည်ဆို၏။ ရောင်လျှံများ ထွက်နေသည့် ထိုမျှဆန်းကြယ်လှသည့် ကြာပွင့်ကြီးကို လူအများ အနီးကပ်ဖူးမြင်နိုင်ကြက ကောင်းလေစွဟု မဉ္ဇုသီရိသည် တွေးဆမိ၏။ ထို့ကြောင့် ရေကန်၏ တောင်ဘက်ခြမ်းရှိ တောင်ထွတ်ကို ၎င်းသည်ပါလာသော ဓားဖြင့် ခုတ်ပိုင်းလိုက်ရာ ထိုတောင်သည် နှစ်ခြမ်းကွဲ၍ ကန်ထဲမှရေတို့သည် တောင်အရပ်သို့ စီးထွက်ကြကုန်သည်ဆို၏။ ကန်၏ရေပြင်မှသည် ကုန်းမြေပြင် အဖြစ်သို့ ပြောင်းလဲခဲ့သည်ဆို၏။ ထိုတောင်ကြားကို ''ကော့ရွထာရ်'' (ဓားဖြတ်) တောင်ကြားဟူ၍လည်းကောင်း နီပေါတောင်ကြားဟူ၍ လည်းကောင်း ယခုတိုင်ခေါ်ဆိုကြ၏။ ယခုအခါဗာလ်မတီမြစ်သည်လည်း ထိုတောင်ကြားမှ တောင်အရပ်သို့ စီးဆင်းလျက် ရှိလေသည်။ယခုအခါဗာလ်မတီမြစ်သည်လည်း ထိုတောင်ထွတ်တခုပေါ်၌ ကျောင်းသခ်မ်းဆောက်၍ နေထိုင်ခဲ့သည်ဆို၏။ ထိုကျောင်းကို ယခုထက်ဘိုင် မဉ္ဇုပတ္တနာဟု ခေါ်တွင်လျက် ရှိသည်ဆို၏။

တြေတာယုဂ်ကာလအတွင်း ဂေါဓတိုင်းဘုရင် ပရာဆန္ဒ ဒေဝမင်းကြီးသည် ထိုချိုင့်ဝှမ်းဒေသသို့ ရောက်ရှိခဲ့ရာ အထက်ဖော်ပြပါ ကြာပွင့်ကြီးကိုရုံ၍ စေတီတဆူတည်ခဲ့သည်ဆို၏။ ထိုစေတီတော်သည်ကား ယခုဘိုင် ထင်ရှားလျက်ရှိသည့် 'ဆွာယမ္ဘူနာထ'ပင် ဖြစ်တော့သည်။

ယုဂ်လေးပါးတို့နှင့် ၎င်းတို့၏ နှစ်အပိုင်းအခြားကာလသည် ဤသို့ဖြစ်၏—

| | |
|---|---|
| ကလိယုဂ် | - ၄၃၂,၀၀၀ နှစ်၊ |
| ဒွါပရယုဂ် | - ၈၆၄,၀၀၀ နှစ်၊ |
| တြေတာယုဂ် | -၁,၂၉၆,၀၀၀ နှစ်၊ |
| ကတယုဂ် | -၁,၇၂၈,၀၀၀ နှစ်။ |

ယခုရောက်ရှိဆဲ သာသနာနှစ် ၂၅၂၈ ကို တည်၍ ၂၅၇၀ နှစ်နှင့် ပေါင်းသော် ၅၀၉၈ သည် ရောက်ဆဲ ကလိယုဂ်နှစ် ဖြစ်၏။ ထို့ကြောင့် ဒွါပရယုဂ်ကာလ ၈၆၄,၀၀၀ နှစ်နှင့်ထပ်၍ ပေါင်းပြန်သော် ၈၆၉,၀၉၈ နှစ်ဖြစ်၏။ ဒွါပရယုဂ်ကာလအတွင်းတွင် 'ဆွာယမ္ဘူနာထ'ကိုတည်ခဲ့သည် ဆိုခြင်းကြောင့် ထိုစေတီကို လွန်ခဲ့သည့်နှစ်ပေါင်း ၅၀၉၈ နှင့် ၈၆၉,၀၉၈ နှစ်အတွင်းက တည်ထားခဲ့ခြင်းဖြစ်သည်ဟုသာ ဆိုရပေမည်။

ဖော်ပြပါတို့သည်ကား 'ဆွာယမ္ဘူနာထ'၏ နောက်ခံသမိုင်း အကျဉ်းကို သိသာနိုင်ရန် တင်ပြခြင်းဖြစ်ပါသည်။

မည်သို့ပင်ရှိစေ၊ ယခုခေတ်တွင် ပေါ်ထွန်းဆန်းသစ်တော် မူပေသော စစ်ကိုင်းတောင်ရှိ သယမ္ဘူစေတီတော်ကိုကား စစ်ကိုင်းတောင် သီတဂူရေအလှူတော် လုပ်ငန်းရပ်ကြီး အောင်မြင်မှု အထိမ်းအမှတ်အဖြစ် ၁၃၄၆ ခု ဝါဆိုလပြည့်နေ့တွင် တည်ထားခဲ့သည် ဟူ၍ အခိုင်အမာ အဆိုပြု မှတ်တမ်းတင်နိုင်ပါချေပြီ။

ထို့အပြင် ဤသယမ္ဘူစေတီတော်နှင့် အနီးတွင် ကပ်လျက်တည်ရှိနေသည့် သီတဂူအမှတ် ၂ ရေလှောင်ကန်တို့သည်ကား သီတဂူဆရာတော်၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်မှ မတည်ကာ သဒ္ဓါကြည်ဖြူ ထည့်ဝင်လှူဒါန်းကြသည့် အများပြည်သူ ကုသိုလ်ရှင်တို့၏ ကောင်းမှုတော် အသီးသီးဖြစ်သည်ဟူ၍လည်း အခိုင်အမာမှတ်တမ်းတင်နိုင်ပါချေပြီ။ ဤသည်တို့ကား သယမ္ဘူစေတီတော်နှင့် စစ်ကိုင်းတောင်၏ အကြောင်းကို မှတ်တမ်းတင်ခြင်းမျှသာဖြစ်ပါသည်။

သို့သော်ဤမျှနှင့် စခန်းရပ်နိဂုံးသပ်ပါကပြီး ပြည့်စုံပြီဟု မဆိုသာသည့်အတွက် ဆက်လက်ထပ်ဆင့် ဖော်ညွှန်းလိုပါသည်။

ဖော်ပြလိုသည်မှာ စစ်ကိုင်းတောင်နှင့် စစ်ကိုင်းတောင်တခွင်ရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားတို့ ဆွမ်းတော်စဉ် ဆောင်ပုဒ်နှင့် ပတ်သက်ပါသည်။ ထိုဆောင်ပုဒ်သည်လည်းကောင်း၊ ထိုဆောင်ပုဒ်နှင့်အညီ ဆွမ်းတော်တင်ပွဲတို့ကိုလည်းကောင်း ဘယ်အချိန်ဘယ်ကာလက စတင်ခဲ့သည်ဆိုသည့် မှတ်တမ်းများ ထင်ရှားစွာ မတွေ့ရပါ။ သို့သော် ထိုဆောင်ပုဒ်နှင့်အညီ ဘုရားစဉ်မပျက် ရက်စဉ်မပြောင်းပဲ ဆွမ်းတော်တင်ပွဲတို့ကား ခြိမ့်ခြိမ့်သဲမျှ ဆင်နွှဲကြဆဲပင် ဖြစ်ပါသည်။ ဆောင်ပုဒ်သည်ကား ဘုရားစေတီတို့၏ ဘွဲ့တော်များကို အတိုဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။ ၎င်းဆောင်ပုဒ်မှာ ''ပုံ တောင်ဇေချမ်း၊ ဥနန်းနံလေး၊ ပထူရှင်အောင်ကောင်း၊ အမြှောင်ငါးထပ်ကြီး အပြီးကောင်းမှုတော်''ဟူ၍ ဖြစ်ပါသည်။

- ပုံ - ပုညရှင်စေတီတော်(ဝါဆိုလပြည့်နေ့)၊
- တောင်- တောင်ဖီလာစေတီတော် (ဝါဆိုလပြည့်ကျော် ၈ ရက်နေ့)၊
- ဇေ - ဇေတဝန်စေတီတော် (ဝါဆိုလကွယ်နေ့)၊
- ချမ်း - ချမ်းသာကြီး၊ ချမ်းသာရဘုရား(ဝါခေါင်လဆန်း ၈-ရက်)၊
- ဥ - ဥမင်သုံးဆယ်ဘုရား (ဝါခေါင်လပြည့်နေ့)၊
- နန်း - ရှင်ပင်နန်းဦးစေတီတော် (ဝါခေါင်လပြည့်ကျော် ၈-ရက်)၊
- နံ - ရှင်ပင်နံ့ကိုင်းစေတီတော်(ဝါခေါင်လကွယ်နေ့)၊
- လေး - လေးကျွန်းမာရ်အောင်စေတီတော် (တော်သလင်းလဆန်း ၈ ရက်နေ့)၊
- ပ - ပတ္တမြားစေတီတော် (တော်သလင်းလပြည့်နေ့)၊
- ထူ - ထူပါရုံစေတီတော်(တော်သလင်းလပြည့်ကျော် ၈-ရက်)၊
- ရှင် - ရှင်ဖြူရှင်လှဘုရား(တော်သလင်းလကွယ်နေ့)၊
- အောင်- အောင်မြေလောက စေတီတော်(သီတင်းကျွတ်လပြည့်နေ့၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နှင့် တန်ဆောင်မုန်းလပြည့်နေ့ ဟူ၍ ၃ ရက်ဖြစ်ပါသည်)။

ငါးထပ်ကြီးဘုရား ဆွမ်းတော်တင်ပွဲ ရက်သည်ကား သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့တွင် ကျင်းပသည့်အတွက် အမြောက်ငါးထပ်ကြီးဟူ၍ သီးခြားဖွဲ့ဆိုထားခြင်း ဖြစ်ပါသည်။

ဖော်ပြပါဆွမ်းတော်စဉ် ဘုရားဘွဲ့တော်စဉ်တို့ကို အထက်ပါနည်းဖြင့် ဖွဲ့ဆိုထားခဲ့သည်သာမက စစ်ကိုင်းတောင်ရိုး မဟာဝိဇ္ဇောဒယ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော 'ဇေယျာစလေ်ျို' စေတီတွင် အောက်ပါအတိုင်း နိဂုံးအုပ်စပ်ဆိုထားလေသည်။

''ပုညရှင်၊ ဆွမ်းဦးစ၊ ဝါလသီတင်းစဉ်၊
ကောင်းမှုတော်ကြီး၊ ခြိမ့်ခြိမ့်ဟီး၊ အပြီးနောက်ဆုံးပင်၊
နောက်သားနောင်လာ၊ သိစိမ့်ငှာ၊ လက်ာသမိုင်းတင်၊
ခြောက်ခုစွန်းလာ၊ ထောင့်သုံးရာ၊ ကျမ်းစာပြီးအောင်မြင်။

မဟာဝိဇ္ဇောဒယရှင်တော်ဘုရားကြီးသည် ဇေယျာစလမျို့ခေါ် စစ်ကိုင်းတောင်သမိုင်းသစ်တွင် စေတီအကျဉ်းချုပ်ကို ၁၃၀၆ ခုနှစ်တွင် ရေးသားပြီးစီးတော်မူခဲ့ကြောင်းကို ဤသို့ စပ်ဆိုအဆုံးသပ်ထားခဲ့လေသည်။

ထိုစဉ်အခါက ယခုတည်ပြီးစဖြစ်သော သယမ္ဘူစေတီတော်၏နေရာတွင် ဆွေးမြေ့ဟောင်းနွမ်းပြိုကျလျက်ရှိသော စေတီတော်ဟောင်းသည် ချုံနွယ်ပိပ္ပေါင်းတို့၏ အလယ်တွင် မြုပ်ကွယ်လျက်သာရှိခဲ့ချေ၏။

ယခုကဲ့သို့ သယမ္ဘူစေတီတော်ကို အသစ်တည်ပြီးသည်လည်း ဖြစ်၍ ထိုသယမ္ဘူစေတီတော်၌ နှစ်စဉ်ကဆုန်လပြည့် ဗုဒ္ဓနေ့၌ ဆွမ်းတော်တင်ပွဲ ဆင်ယင်ကျင်းသည်လည်း ဖြစ်က မဟာဝိဇ္ဇောဒယရှင်တော် ဘုရားကြီးသည်လည်း သက်တော်ထင်ရှားရှိခိုက်နှင့် ကြုံကြိုက်ပါလျှင် လက်ာကို အောက်ပါအတိုင်းပြင်ဆင် ဖြည့်စွက်စပ်ဆိုတော်မူလေမည်လားဟု ထင်မိပါတော့သည်။

သယမ္ဘူမြတ်၊ ဆွမ်းလှူလတ်၊ ဗုဒ္ဓနေ့မြတ်တွင်၊
တွင်မှတ်စရာ၊ ထပ်ဆင့်လာ၊ နွယ်တာဆွမ်းသဘင်၊
ပုညရှင်က၊ ဆွမ်းဦးစ၊ ဝါလသီတင်းစဉ်၊
ကောင်းမှုတော်ကြီး၊ ခြိမ့်ခြိမ့်ဟီး၊ အပြီးနောက်ဆုံးပင်၊
နောက်သားနောင်လာ၊ သိစိမ့်ငှာ၊ လက်ာသမိုင်းတင်၊
လေးခြောက်စွန်းလာ၊ ထောင့်သုံးရာ၊ ဤစာပြီးအောင်မြင်။

**ထွန်းမြင့်**
**ညောင်လေးပင်**



# သယ္လျှဂျီဥပနာတော်များ

မောင်ဝင်းမောင် (တမ္ပဝတီ)

စစ်ကိုင်းတောင်ရိုး ကိန္နရာချောင် တောင်ထိပ်ရှိ ရှေးဟောင်း စေတီတော်ပျက်ဘုံ့ဆူအား အသစ် ပြင်ဆင်တည်ထားရန် သဒ္ဓမ္မသီတဂူချောင် သဲကုန်း ဆရာတော် ကြီးကြပ်၍ ရှင်းလင်းကြရာတွင် ရှေးဟောင်းဥပနာ ပစ္စည်းများ ပေါ်ထွက်ဖူးမြော်ရသည်ဟူသော သတင်းကြောင့် နိုင်ငံသမိုင်း သုတေသနဌာနမှ အကြံပေး ပုဂ္ဂိုလ် ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) နှင့်အဖွဲ့တို့သည် ၂၇-၇-၈၄ နေ့က စစ်ကိုင်းတောင်ရိုးသို့ လာရောက် ဖူးမြော်လေ့လာဖြစ်ကြပါသည်။ ဆရာကြီးနှင့် အတူညှိအဖွဲ့တွင် သုတေသန ဝါသနာရှင် ပန်းချီနှင့် ဓာတ်ပုံဆရာများလည်း ပါဝင်ကြပါသည်။

ရှေးဦးစွာ ဥပနာများ ပေါ်ထွက်ရာကိန္နရာ တောင်ထိပ်သို့ တက်ရောက်ကြည့်ရှု၍ ဥပနာများ တွေ့ရှိရာ စေတီတော်၏ ဥပနာတိုက်ခန်းကို လေ့လာမှတ်တမ်းတင်ကြပါသည်။ တွေ့ရှိရသော ရှေးဟောင်းစေတီ၏ အောက်ခြေပန္နက်ပုံမှာ အဝိုင်းဖြစ်သောကြောင့် မူရင်း စေတီတော်၏ ပုံသဏ္ဌာန်မှာ "တံဘားဦးမင်္ဂလာစေတီ" ကဲ့သို့ "ပွတ်စေတီ"ဖြစ်မည်ဟု ခန့်မှန်းရပါသည်။ ဥပနာတိုက်ခန်း ၄ ခန်းရှိသည့် အနက် ယခင်က မသမာသူများ ဖောက်ထွင်းသွားခြင်းကြောင့် အရှေ့ဘက် ဥပနာတိုက်တခုသာ ပေါက်သွားပြီး အတွင်း၌လက်ကျန် ဥပနာ ပစ္စည်းများကို တွေ့ရှိရခြင်း ဖြစ်ပါသည်။ (ပုံ-၁)။ ပန္နက်ပုံမှာ ဝိုင်း၍ "ပွတ်စေတီ"





ပုံ - (၁)

ဖြစ်ခြင်းကြောင့် မူရင်းစေတီတော်မှာ ပထမ အင်းဝခေတ် (၇၂၆-၈၈၈)က လက်ရာဟု ပြောနိုင်ပါသည်။

ဥပနာဘိုက် ပတ်လည်တွင် သဲကျောက်ပြားများနှင့် ကာရံထားပြီးထို သဲကျောက်ပြားများပေါ်၌လည်း အင်းကွက်များ၊ ဘုရား

ဆင်းတုနှင့် ရဟန္တာပုံတော်များ၊ နတ်များ၊ ဘီလူးရုပ်များကို ဆေးရောင်စုံဖြင့် ခြယ်သရေးဆွဲထားပါသည်။(ပုံ-၂)။




ပုံ-(၂)

ပန်းခိုင်ဖြင့် ပူဇော်လျက်ရှိသော သာဝက နှစ်ပါးရံလျက်ရှိသည့် ဗောဓိပင်နှင့် ရွှေပလ္လင်ထက်မှ ဗုဒ္ဓဆင်းတုတော်များအနက် တဆူ၏ ပလ္လင်တော်တွင် "ဂေါတမ"ဟူသော စာတန်းရေးထားရာ ကျန်ပုံတော်များသည် နှစ်ကျိပ်ရှစ်ဆူဘုရားရှင်တို့၏ ပုံတော်များဖြစ်သည်ဟု ခန့်မှန်းရပါသည်။ (ပုံ-၃)။



ပုံ-(၃)

မား တ လက် 'မား နှစ်သက် ကိုင် ဘီလူး သဏ္ဍာန် ဆောင်းထားသော "အင်းဆောင်းရုပ်များကိုလည်း တွေ့ရှိရပေသည်။ အချို့ ဘီလူး" ပုံများလည်း ပါရှိပေသေးသည်။ ဘီလူးပုံများ၏ ခေါင်းပေါ်၌အင်းကွက်ကို သရဖူ အများဆုံး တွေ့ရှိရသောပုံများမှာ အင်း



ပုံ-(၄)

ကွက်များသာ ဖြစ်ပါသည်။ (ပုံ-၄) မှ အင်းကွက်မှာ ဗားမဲ့ဆရာတော်ဘုရားကြီး၏ 'မဟာသိဒ္ဓိကျမ်းရင်းကြီး' စာအုပ်တွင်ပါရှိသောနံပေါ် အင်းတော်ကြီးကို မိတ်နံ့ဂြိုဟ်တက်ပုံစံအတိုင်းချထားခြင်းဖြစ်ပါသည်။ နာမည်ကျော် 'စမွာန၀'



ပုံ-(၅)

အင်းများလည်း ပါရှိပေသေးသည်။ (ပုံ-၅)။

ဤအင်းမှာ အင်းကွက်ကိုးကွက်၌ ၀ဏန်းတစ်မှကိုးအထိ အင်းဆံကိုးခုကို ထောင့်ပြတ်အလိုက် မည်သို့ပင် ပေါင်းသည်ဖြစ်စေ၊ ပေါင်းရလဒ်မှာ ၁၅ ပင် ဖြစ်သည်။ စမွာန၀အင်းမူကွဲ ကိုးမျိုးရှိသည့်အနက်မှ မိမိနံအလိုက်နံသင့်သော အင်းတွဲများကို ရေးချလေ့ရှိပါသည်။

“ဝေတသာကု၊ ကုသာတဝေ၊ တသာယတာ၊ တာယသာတ၊ သာသာတိကု၊ ကုတိသာသာ၊ ကုတကုဘု၊ ဘုကုတကု” စသော ရသေ့ဆယ်ဦးတို့၏ ထူးမြတ်သော ဂါထာတော်ကို နေ့စဉ်နံနက် ညဥ့်တစ်ခေါက် ရွတ်လတ်သော် မရေမတွက်နိုင်သော အကျိုးရှိ၏ဟု မှတ်သားရဖူးသည်။ အင်း၀ဘုရင် ညောင်ရမ်း မင်းတရားကြီးသည် သိန္နီကို ဤဂါထာတော်၏ တန်ခိုးဖြင့် အလိုတော်ပြည့်သည်ဟု ဆို၏။ ဤဂါထာတော်ကြီးကိုလည်း အင်းချ၍ ရေးဆွဲထားပါသေး



ပုံ-(၆)

သည်။ (ပုံ-၆)။

အချို့သော “တ” စသည့် ပထမ အက္ခရာများအစား “ဂ” “ဒ” စသည့် ဒုတိယအက္ခရာများကို ပြောင်းလဲထားသည်မှာ အင်းစခေတ်၏ အသံထွက်သဘောအရ ရေးသားထားခြင်းဖြစ်ပေသည်။

ဌာပနာပစ္စည်းများ တွေ့ရှိရာ ဌာပနာတိုက်မှ ပန်းချီနှင့် အင်းကွက်များကို လေ့လာမှတ်တမ်းတင်ကြပြီးနောက် သုတေသနအဖွဲ့သည် မစိုးရိမ်ကျောင်းတိုက်မှ ဌာပနာပုံတော်များကို ဆက်လက် လေ့လာကြပါသည်။ (ပစ္စည်းများ တွေ့ရှိကာစက ဌာပနာများကို မစိုးရိမ်ကျောင်းဆရာတော်က စောင့်ရှောက်တော်မူထားပြီး မဟာပိန္နဲပုံတော်မှအပ ကျန်ပစ္စည်းများကို သဒ္ဒမ္မ

သီတဂူချောင်၌ပြောင်းရွှေ့ထားသည်ကိုဖူးမြော်နိုင်ပါသည်။

အများဆုံး တွေ့ရှိရသော ဌာပနာပစ္စည်းများမှာ ရှေးဟောင်း အုတ်ခွက်ရုပ်ပွားတော်များပင် ဖြစ်ကြပါသည်။ ပုံဘောင်မတူသောမူကွဲ အုတ်ခွက်ပုံတော် သုံးမျိုးပါရှိသည်။

အလယ်၌ တင်ပျဉ်ခွေ ဆင်တုတော်ကြီး ပုံတော်တဆူပါရှိပြီးဘေးမှ စေတီတော်နှစ်ဆူနှင့် မုခ်တံကဲများ ခြံရံကာ အပေါ်မှ ထီးဖြူနှင့် ဗောဓိညောင်ရွက်တို့ပါရှိသည့်ဤအုတ်ခွက်သည် အမြင့်သုံးလက်မခန့်ရှိ၏။ ညောင်ရွက်ပုံဖြစ်သည်။ အောက်ခြေ၌ ရှေးဟောင်း မွန်မြန်မာအက္ခရာများဖြင့်—

"ကြာပ်မင်ယသမလာက်"ဟူသော မွန်ဘာသာ စာကြောင်းတကြောင်း အကြွရေးထိုးသားသည်။ အဓိပ္ပာယ်မှာ "အရှင်မင်းယဿပြုလုပ် (ကိုးကွယ်) သော ဘုရားရှင် (ပုံတော်) ဟူ၍ မြန်မာပြန်နိုင် ပါသည်။ ဤအုတ်ခွက်နှိပ်သော မူရင်းညှပ်ပုံ၏ လက်ရာမှာ ပုဂံ အနော်ရထာမင်း၏ လက်ထက်ခန့်က ဖြစ်နိုင်ပါသည်။ (ပုံ-၇)။



ပုံ-(၇)

ဤအုတ်ခွက်မှ ဆင်းတုတော်ပုံ ပါရှိသော အပိုင်းကိုလေးထောင့်ပုံ ဖြတ်ထားသော အုတ်ခွက်ငယ်တဆူလည်း ပါရှိသေးသည်။ (ပုံ-၈)။



ပုံ-(၈)

ထို့အပြင် အလယ်၌ ကြာပလ္လင်တော်နှင့် ခုတင်တံကဲထက်ဝယ်၊ ဆင်းတုတော်ကြီး တဆူ ပါရှိပြီး အထက်အောက် ဝဲယာတို့၌ ဆင်းတုငယ် ၁၄ ဆူနှင့် စေတီငယ်သုံးဆူတို့ရံလျက် ရှိသော အမြင့်သုံးလက်မခန့်ရှိ ခုံချွန်းပုံ အုတ်ခွက်များလည်း တွေ့ရှိရသေးသည်။ (ပုံ-၉)။



ပုံ-(၉)

ပုဂံပု အုတ်ခွက်ပုံမျိုး မကြီးမသေး အလယ် သုံးဆူ (ပုံ-၈) တဆူနှင့် (ပုံ-၉)၊ ၁၇ ဆူ စုစုပေါင်း အုတ်ခွက်ဘုရား ၂၀ ဆူ တွေ့ရှိရ သည်။ အုတ်ခွက် ဘုရားများ၏ လက်ရာမှာ အနည်းငယ်ကြမ်း၍ အပေါ်မှ သစွေးသုတ် လိမ်းထားသောကြောင့် ဆင်းတုတော်များမှာ အနည်းငယ် မှုန်ဝါး၍နေပါသည်။ အုတ်ခွက် ဆင်းတုတော်များနှင့် အတူ အမြင့် ငါးလက်မ ကျော်ကျော်ရှိ မြေအိုးတလုံးနှင့် အမြင့် ၃/၄ လက်မရှိ တရုတ်လက်ရာ ကြွေအိုးငယ် တလုံး တို့လည်း တွေ့ရှိရသေးပါသည်။

မြေအိုးအတွင်း၌ ဆင်းတုတော် လေးဆူ ကျောချင်း ကပ်လျက်ရှိသော ပယင်းဆင်းတု (ပုံ-၁၀) နှင့် ကံ့ကူ ကျောက်ရဟန္တာပုံတော်




ပုံ-(၁၀)




ပုံ-(၁၁)

ငယ်တဆူ (ပုံ-၁၁) တို့ပါရှိသည်။ (ပုံ-၁၀) မှာ ကျိုက်ပွန် စေတီတော်ကဲ့သို့ ကံ့ကူဆံထုံး၏ လေးထောင့်တွင် ဆင်းတုတော်လေးဆူပါရှိပြီး ထိပ်မှ စေတီတော်စွပ်ရန် အဝိုင်းပေါက်တခု ပါရှိသည်ကို တွေ့နိုင်ပါသည်။ ဆင်းတုတော် များသည် တင်ပျဉ်ခွေဟန်တို့မှာ ဖဝါးတော် နှစ်ဘက်စလုံးဖော်သော (ဝဇီရာသန) မျိုး မဟုတ်ပဲ ညာခြေဖဝါး တခုတည်းသာပေါ် သော ရိုးရိုးတင်ပျဉ်ခွေ ပုံတော်မျိုးသာဖြစ်ကြ ပါသည်။ ဤထိုင်ပုံတင်ပျဉ်ခွေ ရိုးရိုးပုံများကို ရှေးခေတ်ပျူလက်ရာများနှင့် ယိုဒယား ဆင်းတု တော်များတွင် တွေ့ရှိရတတ်ပါသည်။

ရိုးရိုးတင်ပျဉ်ခွေ၊ လက်နှစ်ဘက်ထပ် ဈာ နမုဒြာပုံဖြင့် ဝမ်းဗိုက် အနည်းငယ်စူသော ရဟန္တာပုံတော်များကို အကြီး အသေး အရွယ် စုံ ပုဂံတဝိုက်တွင် အများဆုံး တွေ့ရှိရတတ်ပါ သည်။ ဝမ်းဗိုက်တော် အနည်းငယ် ပူသော ကြောင့်“ဗိုက်ပူဘုရား”ဟု အခေါ်များပါသည်။ ယခင်က ဤရဟန္တာပုံတော်သည် ဂဝံပတိ ရသေ့ပုံတော်၊ သို့မဟုတ် မာရ်နတ်ကိုမျိုထား သော ရှင်ဥပဂုတ္တပုံတော်စသည်ဖြင့် စိတ်မှန်း ဖြင့် အမျိုးမျိုးယူဆခဲ့ကြပါသည်။ ရခိုင်တွင်တွေ့ ရှိရသော ဤကဲ့သို့ ဗိုက်ပူဘုရားတဆူ၏ ကျော ဘက်၌ “သစ္စကပရိဗာဇကဇိန” ဟူသော ရှေး

ဟောင်း ဗြဟ္မဟီအက္ခရာဖြင့် စာကြောင်းပါရှိသောကြောင့် ဤပုံတော်မှာ ဝမ်းတွင်း၌ ဒဿန ပညာမျိုးစုံ သိမ်းထားရ၍ သံခါးပတ်ပတ်ထားမှ ဖြစ်သော သစ္စက ပုရပိုက်၏ ပုံသာ ဖြစ်သည်ကို အတိအကျသိရပါသည်။ ပုံတော်ကို ကံ့ကူဆံဖြင့် ထုလုပ်ထားပြီး အမြင့်တလက်မ ကျော်ကျော်သာ ရှိပါသည်။ (ပုံ-၁၁)။




ပုံ - (၁၂)

(ပုံ - ၁၂) တွင် ဖော်ပြထားသောဆင်းတုတော်မှာ ပုဂံတွင် တွေ့လေ့ရှိသော ကြေးကြာဖူးကလပ်မှ အပိုင်းအစတခုဖြစ်ပါသည်။ ကြေးကြာဖူးကလပ် ဆိုသည်မှာ အောက်ခြေကလပ်တခုပေါ်တွင် ကြာဖက်ရှစ်ဖတ်ပါရှိ၍အတွင်း၌ စေတီတော်တဆူပါရှိသော ကြေးသွန်းပစ္စည်းတခုဖြစ်ပြီး၊ ကြာဖတ်များသည်အောက်ခြေကြာအုံနှင့် လက်ယှက် ပတ္တာကဲ့သို့ ဆက်ထားသဖြင့် အပေါ်ကြာဖတ်များကိုဖွင့်ချည် ပိတ်ချည်ပြုလုပ်နိုင်ပါသည်။ ပိတ်ထားစဉ်တွင် ကြာဖူးအဖြစ်မြင်ရပြီး ဖွင့်ထားချိန်တွင် ကြာပွင့်ကဲ့သို့ရှိပါသည်။ ကြာဖက်ရှစ်ခု၌ ဗုဒ္ဓဝင်ခန်း အသီးသီး ပါရှိရာ-

၁။ ဖွားတော်မူခန်း၊
၂။ ဘုရားဖြစ်တော်မူခန်း၊
၃။ ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊
၄။ တန်ခိုးပြာဋိဟာပြတော်မူခန်း၊
၅။ တာဝတိံသာ နတ်ပြည်မှ ဆင်းသက်တော်မူခန်း၊
၆။ နာဠာဂီရိဆင်ကို အောင်တော်မူခန်း။
၇။ ပလိလေယျက တောမှာ ဝါဆိုတော်မူခန်း၊
၈။ ပရိနိဗ္ဗာန်စံဝင်ခန်း

တို့ဖြစ်ကြပါသည်။

ယခုတွေ့ရှိရသော ကြာဖတ်မှ ပုံတော်မှာ သာဝတ္ထိပြည် သရက်ဖြူ ပင်ရင်း၌ ရေမီးအစုံသော တန်ခိုးပြာဋိဟာတို့ကို ပြတော်မူခန်းပုံဖြစ်ပါသည်။ အောက်ခြေ၌ရှိသော အရုပ်ငယ်မှာ တန်ခိုးပြိုင်ရန် စောင့်ဆိုင်း နေကြသော တိတ္ထိဆရာကြီးများအနက်မှ တဦး၏ ပုံဖြစ်ပါသည်။ ကြေးဝါဖြင့် သွန်းလုပ်ထားပြီး အမြင့် သုံးလက်မ ကျော်ကျော်ရှိပါသည်။ ယခင်ကလည်း ဤကဲ့သို့ ကြေးကြာဖူးကလပ်၏ တပိုင်းအစများကို စစ်ကိုင်းခါဝဲတောင် သစ္စာစေတီ ဌာပနာတိုက် အတွင်းမှ တွေ့ရှိခဲ့ဖူးပါသည်။

ကျောက်ဖြူဖြင့် ထုလုပ်ထားသော "ဂဏိုသျှက" ခေါ် မဟာပိန္နဲနတ်မင်း၏ ပုံကိုလည်း ရှာဖွေတွေ့ရှိရပါသည်။ ဤပုံတော်ကို သယမ္ဘူ စေတီတော် အသစ်၏ ဌာပနာတိုက်တွင် ဖြန်လည် ဌာပနာ ထားလိုက်ပြီး ဖြစ်ပါသည်။ ဤဌာပနာများနှင့် အတူ ဆင်စွယ်ဖြင့် ပြု

လုပ်ထားသော ဓာတ်တော်ကြုတ် တဆူကို တွေ့ရှိရသော်လည်း ဆွေးမြေ့ကြေမွနေပြီ ဖြစ်၍ မူရင်း ပုံသဏ္ဍာန်ကို မှန်းဆ၍မရနိုင်တော့ပါ။

ကြေးသွန်း ဆင်းတုတော် သုံးဆူတွေ့ရှိရသည့်အနက် အကြီးဆုံး အဆူမှာ အမြင့်တပေခန့်ရှိ၍ မကိုဋ် နားတောင်းဘယက်များဆင်ယင်ထားသည့် မင်းဝတ်တန်ဆာဆောင်း ဆင်းတုပုံတော် ဖြစ်ပါသည်။ ပလ္လင်၏ ရှေ့တွင် “ကောက်ကွဲသံဖြား သုဒပ်သဏကောင်းမှု” ဟူသော ရှေးလက်ရေးဝိုင်းဖြင့် စာကြောင်းတကြောင်း ထုထွင်းပါရှိရာ ယခုခေတ် ရေးနည်းအတိုင်း ပြန်ဆိုရသော်-

“ကောက္ကသံဖုရားသုဒဿနကောင်းမှု”ဟူ၍ ဖြစ်ပါသည်။ ထို့အပြင် ဉာဏ်တော် ခြောက်လက်မနှင့် လေးလက်မကျော် ကြေးဆင်းတုတော်နှစ်ဆူလည်းတွေ့ရှိရပါသေးသည်။ အငယ်ရိုးရိုးတင်ပျဉ်ခွေဖြစ်သည်မှာ ထူးခြားပါသည်။

တွေ့ရှိရသော နံရံပန်းချီအုဘ်ခွက် ဆင်းတုကြေးဆင်းတုနှင့် အခြားပစ္စည်း များအရ ကိန္နရတောင်ထိပ်မှ စေတီတော်ဟောင်းသည် ပထမ အင်းဝခေတ် (၇၂၆-၈၈၈) အတွင်းတည်ထားကိုးကွယ်ခဲ့သော စေတီတော်တဆူဖြစ်ကာ ဌာပနာတိုက် အတွင်း၌ ပုဂံလက်ရာ အချို့ကို ထိုအချိန်က ထည့်သွင်းပူဇော်ခဲ့သည်ဟု ကောက်ချက်ချနိုင်ပါသည်။ ဤရှေးဟောင်း အင်းဝစေတီတော်၏ ဌာပနာတိုက်ကို ပြန်လည်ပြုပြင်၍ သဒ္ဓမ္မသီတဂူ ဆရာတော်က ဦးဆောင်ပြီး နီပေါပြည်မှ “သယမ္ဘူနာထ” စေတီတော်၏ ပုံစံအတိုင်း “သယမ္ဘူစေတီတော်အသစ်” ကို ပြန်လည်တည်ထားနေပြီ ဖြစ်ပါသည်။

မောင်ဝင်းမောင်
တမ္ဗဝတီ



# သီတဂူ ထုတ်ဩဘာသစာတမ်း

၁။ ဧကေ ပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ၊ ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။ ကတမော ဧကေ ပုဂ္ဂလော၊ တထာဂတော အရဟံ သမ္မာ သမ္ဗုဒ္ဓေါ။ အယံ ခေါ ဘိက္ခဝေ ဧကေ ပုဂ္ဂလော လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ၊ ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ လောကာနု ကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ။

၂။ တထာဂတ

အရဟန္တ့်
သမ္ဗုဒ္ဓသမ္မာ
ဂုဏ်ဝါလျှံမြှုး
ပုဂ္ဂိုလ်ထူးဟု
တဦးထင်ပေါ်
မြတ်ရှင်တော်ကား
ဇွံဩြဇာ်စလောက်
မိုးဆုံးချောက်မျှ
နှစ်ယောက်မပေါ် (အဒုတိယော)
အဖော်မပြု (အသဟာယော)
အတူမထွက် (အပ္ပဋိမော)
အဖက်မဆိုင် (အပ္ပဋိသမော)
အပြိုင်မရ (အပ္ပဋိဘာဂေါ)
အမျှမတည် (အပ္ပဋိပုဂ္ဂလော)
ရည်တူမရှိ (အသမော)
မရှိရည်တူ
အရည်တူရှိ (အသမသမော)
လူလူ နတ်နတ်
မြတ်မြတ်လှစွာ
ဗြဟ္မာ မာထက်
အသာလွန်ဆုံး၊
အမြတ်ဆုံးတည့်။

ဆုံးစွန်နိဗ္ဗူ
စံစေဟူ၍
နတ်လူအပေါင်း
ချမ်းသာကြောင်းကို
ထိန်းကျောင်းပဲ့ပြင်
သွန်သင်ဆုံးမ
လမ်းညွှန်ပြသည့်
ဘုရားဂုဏ်တော် ကျေးဇူးတော်။

၃။ ရတိစန္ဒော ယနာ ရက္ခာ၊
နဒီ ဂါဝေါစ သင္ဂနာ၊
ဇတေ ပရောပကာရာယ၊
ယုဂေ ဘာဂျေန နိမ္မိတာ။

သူတထူးကို
ကျေးဇူးပျူငှာ
လူ့ကြမ္မာက
ဖန်လာသည်ကား
ခုနစ်ပါးတည့်
နွားမမြစ်ချောင်း
သူတော်ကောင်းနှင့်
ရိပ်ဆောင်းသစ်ပင်
မိုးကောင်းကင်က
ဆင်ရာတိမ်ဆင့်
လှမ်းမမြင်တည့်
စန်းပွင့်သီတဂူ
တဆူဝေလွှင်
နေပြတင်တို့
လူရှင်အကျိုး
သယ်ပိုးသည်မှာ
ခေတ်တိုင်းသာတည့်။

၄။ ပရော ပကာရာယ ဖလန္တိ ရက္ခာ၊
ပရော ပကာရာယ ဒုဟန္တိ ဂါဝေါ၊
ပရော ပကာရတ္ထ မိဒံ သရီရံ။

သစ်ပင်မြစ်ချောင်း
နို့ကောင်းနွားမ
ဤကာယကား
သူများအကျိုး
သည်ပိုးအံ့ငှာ
သီးကာထန်သီး
စီးမြဲစီးလျက်
မီးစီးယိုကျ
ကျိုးဆောင်ရ၏။

ဣဒံ သရီရံ ၊ ဤကိုယ်ကာယသည်။ ပရောပကာရတ္ထံ၊ သူတပါးကျေးဇူးဆောင်ရန်အလို့ငှာ သတည်း။

ဤသို့သော သဘောကို နှစ်နှောဆင်ခြင်မိသော သဲကုန်းဆရာတော်သည်။

**"ငွေမနှုန်းသာဘူး၊**
**သဲကုန်းငယ်တဲ့ ဆရာတော်။**
**တောင်စစ်ကိုင်း၊**
**ချောင်တိုင်းရေလှူဖို့၊**
**နေပူ လေပူကြမ်းငဲ့မြင်၊**
**ဆောင်းချမ်း ဖုန်ဒဏ်နဲ့။**
**စုန်အဆန် သာသနာပြုတယ်၊**
မောနိုင်ဘူးနော်" ဟု စာဖွဲ့ရလောက်အောင်ပင် သူတပါးအကျိုးအတွက် ကိုယ်တော်ကို အရိအန္ဒမ်းခံတော်မူပါသည်။

၅။ ဈာန် ဝိပဿနာ မဂ္ဂေါ၊
ဖလံ မဓုရ ဒေသနာ၊
ပဋ္ဌမကာ ပတေနာဘိ၊
သိတ္တော တိ ဓမ္မ ဒေသနာ။

(၁) ဈာန်တရားသည် အမြိုက်ရေ၊
(၂) ဝိပဿနာတရားသည် အမြိုက်ရေ။
(၃) မဂ်တရားသည် အမြိုက်ရေ၊
(၄) ဖိုလ်တရားသည် အမြိုက်ရေ၊
(၅) ချိုမြိန်သောဓမ္မဒေသနာသည်အမြိုက်ရေ၊

ချိုမြိန်သော ဓမ္မဒေသနာအမြိုက်ရေ၏ တန်ဖိုးကိုသိသော သပိတ်အိုင် ဆရာတော်သည်—

တောင်မြောက်ရှေ့ပိုင်း၊ နောက်ပိုင်းပါခြုံ၊

ပြည်တွင်းပြည်ပ၊ ကမ္ဘာ့နယ်စုံ၊
နေ့ညမဆိတ်၊ ဒိဋ္ဌိ ကွတ္တုံ၊
ရန်ကုန်မိုး၊ သွန်းဖြိုးရွာသည့်ပုံ။

တရားမိုးကို သွန်းဖြိုးရွာချတော်မူခဲ့ပါသည်။

၆။ ဗိမ္ဗိသာရမင်းသည် "သဟာယာ အညမညာဘော၊ သုဒ္ဓေါဒနောစ ဘာတိယော" ဒီပဝင် စကားအတိုင်းသုဒ္ဓေါဒနမင်း၏ သူငယ်ချင်း ဘာတိယမင်း၏ သားတော်ဖြစ်၏။ ဗိမ္ဗိသာရမင်းသားလေး ရှစ်နှစ်သားအရွယ်ကပင် "ပိတာ မံ အဘိသိဉ္စေယျ၊ ပိတာမံ အနုသာ သေယျ" ဟူသော အလိုအာလယ ဆန္ဒဓာတ်ဖြစ်ပေါ်ခဲ့ဖူး၏၊ "ငါ့ကို ငါ့ခမည်းတော်ဘုရားက ဩဝါဒါဘိသေက– ဆုံးမစကား အဘိသိက်သွန်းလောင်းပါစေသတည်း"။ ဤသို့ အလိုဆန္ဒဖြစ်ဖြစ်ပေါ်ခဲ့၏။ သားကောင်း သမီးကောင်းသည် မိဘ၏ အဆုံးအမကိုခံချင်၏။ ငါ့အား ငါ့မိဘများက ဆုံးမပါစေဟု တောင့်တ၏။ တပည့်ကောင်းသည် ဆရာ၏ အဆုံးအမကို ခံချင်၏။ ငါ့အား ငါ့ဆရာက ဆုံးမပါစေဟုတောင့်တ၏။

သဒ္ဓမ္မသီတဂူဆရာတော်ကလေး အရှင်ဉာဏိဿရသည် မိမိ၏ ခမည်းတော် ဆရာသခင် ကျေးဇူးရှင် အနီးစခန်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘာသန္တရဝိဒူ မဟာဓမ္မကထိက ကမ္ဘာကျော် ဆရာတော်ဘုရားကြီးနှင့် သံဃပိတာ ရတ္တညုဆရာတော် ဘုရားကြီးများဖြစ်ကြသော အဂ္ဂမဟာပဏ္ဍိတ အဘိဇမဟာရဋ္ဌဂုရု စစ်ကိုင်းရွှေဟင်္သာတိုက်သစ် ဆရာတော်ကြီး၊ စစ်ကိုင်းတောင်ရိုး ရွှေစေတီသာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်တို့၏ အဆုံးအမကိုခံယူရသည့်ပြင်၊

"ဣဓာနန္ဒ ဓေ်စွော ပုဂ္ဂလော
သော ရတောဟောတိ၊
သုခသံဝါသော အဘိနန္ဒန္တိ၊ သပြဟ္မ
စာရီ ကေတ္တဝါသေန တဿ၊
သဝနေနပိ ကတံ ဟောတိ၊ ဗာဟု
သစ္စေနပိ ကတံ ဟောတိ။
ဒိဋ္ဌိယာပိ သုပ္ပဋိဝိဒ္ဓ ဟောတိ၊
သာမာယိကမ္ပိ ဝိမုတ္တိံ လဘတိ။

စသော ဆက္ကင်္ဂုတ္တရ၊ မိဂသာလာသုတ်ပါဠိတော်နှင့်အလျော် သူတော်ကောင်း ပညာရှိ ဝုဒ္ဓိဘာဂီယ သမားပိပိ ညီတော်နောင်တော် သီတင်းသုံးဖော်များ၏ ကြည်ညိုနှစ်သက်ခြင်း (ပိယမနာပတာ) အပါအဝင်ကိုယ်တော်၏ သပ္ပာယ်ခြင်း(အဘိရူပတာ)၊ သက်တော်ရှည်အံ့သောက်ရိပ်ပါခြင်း (ဒီဃာယုကတာ)၊ ရောဂါကင်းခြင်း (အပ္ပါဗာဓတာ)တည်းဟူသော အံ့ဖွယ်(အစ္ဆရိယဓမ္မ) လေးပါးနှင့် ပြည့်စုံတော်မူပါသည်၊

၇။ မြန်မာနိုင်ငံ၌ ဘုရင်ပေါင်း ၁၉၁၊ နှစ်ပေါင်း ၂၀၁၉၊ ၃၀၀၀ နီးပါး ကာလအဓွန့်ရှည်လျားစွာ ကြာညောင်းခဲ့သော်လည်း စစ်ကိုင်းဘောင်ရိုးပေါ်မှ မျှော်ခေါ်ကြည့်မောနေရသော ဧရာဝတီမြစ်ရေများသည် ယနေ့အချိန်အခါကဲ့သို့ ဘယ်မင်းသက်ထက် ဘယ်သက္ကရာဇ် ဘယ်နှစ်ဘယ်အခါကမှ စစ်ကိုင်းတောင်ရိုးပေါ်သို့ ဤမျှ လှိုင်လှိုင်ကြီး ဖြိုင်ဖြိုင်ကြီး မတက်ခဲ့ဖူးပါ။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဤရှင်လူ၊ ဤပြည်သူ၊ ဤအစိုးရ၊ ဤလက်ထက်တွင်မှ မကြုံစဖူး ထူးထူး ခြားခြား တောင်စစ်ကိုင်း ချောင်တိုင်း ရေလှူနိုင်ရခြင်းမှာ–

"နောတတ်မှာ မာန်ကြွတဲ့၊
ပန္နဂ အသာခြွေသည်၊
သာမဏော ရေယူသို့၊
ဇေယျပူ သာတံတိုင်း (၆၇၇)၊
စစ်ကိုင်းရယ်တဲ့ တောင်ပေါ်၊
ချောင်တော်အနှံ့ ရေချမ်း။

သီတဂူ၊
ထေရ်တဆူ ပဓာနရယ်နှင့်၊
သာဝက သာဝိကာတို့၊
သဒ္ဓါရှိစွာပါဝင်လို့ပေါင်းကြတယ်၊
သောင်းသိမ့်သိမ့်လွှမ်း။"

ဟုသော ကဗျာအတိုင်း တိုင်းသိ ပြည်သိ ကမ္ဘာ သိပင် ဖြစ်ပါတော့သည်။

စစ်ကိုင်းတောင်ရိုး၊ သီတဂူရေအလှူတော် ၁၃၄၂-၁၃၄၆။ လေးနှစ်တာ ခရီး တိုးတက်မှု အစီရင်ခံစာ သီတဂူ နိဒါန်း၌ သီတဂူ အရှင်ဉာဏိဿရက ဤသို့ ဥဒါန်းကျူးခဲ့ပါသည်-

သီတဂူစီမံကိန်းကို ယုံကြည်ချက်ဖြင့် ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ သီတဂူသည် တောင်ရိုးပျော် ထိပ်ခေါင်တင် ဆရာတော်ကြီးများ အစထား၍ရဟန်း သာမဏေသီလရှင် သူတော်ကောင်း ၄၀၀၀ ကျော်တို့၏ သီလ သမာဓိ ပညာတော် မေတ္တာတော်တို့၏ အာနုဘော်ကို အားကိုးယုံကြည်သည်။

ထို့ပြင် အလှူရှင်၊ စေတနာရှင်၊ ပညာရှင်တို့၏ စေတနာ ပညာစွမ်းအားတို့ကို ယုံကြည်သည်။ အားကိုးသည်။ သို့ဖြစ်၍ တောင်ရိုးပျော် သူတော်စင်တို့၏ သီလ သမာဓိ ပညာ မေတ္တာတော်များနှင့် တိုင်းသူ ပြည်သားတို့၏ သဒ္ဓါစေတနာ ပညာတို့ကို သီတဂူအဖွဲ့၏ ဇွဲလုံ့လနှင့် ပေါင်းစပ်ပေးလိုက်လျှင် တစ်သုံးလုံး ပေါင်းစပ်လျှင် သုံးဖြစ်ရသလို တစုံတခုဖြစ်ရမည်ဟု သီတဂူက ယုံကြည်ပါသည်။ ထိုသို့ ယုံကြည်သည် အားလျော်စွာ သူတော်ကောင်းတို့၏ သိက္ခာ၊ ပြည်သူတို့၏ စေတနာ၊ သီတဂူ၏ ဇွဲလုံ့လကို အချိုးညီစွာ ပေါင်းစပ်ခဲ့ရာ သီတဂူ ရေအလှူတော် စီမံကိန်း တခုဖြစ်ပေါ်လာခဲ့ပါသည်။

၁၃၄၂ ခု၊ ကဆုန်လပြည့်နေ့မှ စတင်၍ သီတဂူ စီမံကိန်းကိုစတင်ဆောင်ရွက်ခဲ့ပါသည်။ ယခု ၁၃၄၆ ကဆုန်လပြည့်နေ့မှာ စီမံကိန်းသည် လေးနှစ်သက်တမ်းသို့ ရောက်ပါပြီ။ လေးနှစ်ပြည့်ခမြောက် ခရီးရောက်ပါပြီ။ လေးနှစ်အတွင်းမှာ ပြည်သူတို့၏ သီတဂူအလှူမှာကျပ်သိန်း ၄၁ ကျော် ဖြစ်ပြီး ၎င်းသိန်း ၄၀ ကျော်ကို သီတဂူ ရေအလှူတော်အဖြစ် အကောင်အထည် ဖော်ခဲ့ရာ-

(က) ရေစုပ် ရေတင်စက်ရုံ နှစ်ရုံတည်ဆောက်ခြင်း၊
(ခ) ဂါလံခြောက်သောင်းမှ တသိန်းဝင် ရေလှောင်ကန် လေးလုံး တည်ဆောက်ခြင်း။
(ဂ) ရေပိုက်လိုင်းပေပေါင်း ငါးသောင်းကျော် သွယ်တန်းခြင်း၊
(ဃ) သီတဂူရေအလှူတော် တည်တံ့ရေးအတွက် ငွေပင် ဆယ်သိန်းကျော် စုဆောင်း စိုက်ပျိုးခြင်း လုပ်ငန်းများ လုပ်ကိုင်ပြီးစီးခဲ့ပါသည်။

စစ်ကိုင်း တောင်တန်းကြီး၏ တောင်ဘက်အစွန်ဆုံးမြို့သစ်ရပ်၊ လေးကျွန်းမြေရပ်များရှိ ရတနာ ဗိမာန်ကျောင်းတိုက်၊ လေးကျွန်းမြေ အုတ်ကျောင်းမှစ၍မြောက်ဘက်အစွန်းပိတောက် ချောင်၊ မဟာ သစ်ဝင်ချောင်၊ သမ္မာသတိ ချောင်တို့အထိ သီတဂူပိုက်လိုင်းများ သွယ်တန်းနိုင်ခဲ့ပြီး ချောင်ပေါင်းသုံးရာခန့်မှာ သီတင်းသုံးကြသည့် သူတော်ကောင်း လေးထောင်ခန့်တို့အား သီတဂူရေများ ပေးလှူနေပါပြီ။

ဆန်းထွန်း



# ဝံ မေ အာသိ စေတနာ
# သိပဂု ဆပုပေါ်

ကိံ မေ အညာတဝေသေန၊
ဓမ္မံ သစ္ဆိကတော နိဓ။

သဗ္ဗညုတံ ပါပုဏိတွာ၊
ဗုဒ္ဓေါ ဟေဿံ သဒေဝကေ။ ။

ဣဓ၊ ဤသို့သော မတွင်မကျယ် ဂျင်ဂလယ် ဖြစ်သော နေရာမျိုး၌။ အညာတဝေသေန၊ အပွင့်မစုံ အငုံမထွား မှုန်ဝါးဝါး အသွင်ဖြင့်။ ဓမ္မံ၊ တရားထူးကို။ သစ္ဆိကတေန၊ မျက်မှောက် ပြုရတော့ကော။ မေ၊ ငါ့အား။ ကိံ၊ ဘာ အကျိုးရှိအံ့နည်း။ သဗ္ဗညုတံ ပါပုဏိတွာ၊ သဗ္ဗညုတဉာဏ်တော်ကြီးကိုရ၍။ သဒေဝကေ၊ လူ လည်းရှိကာ ဗြဟ္မာရှိပတ် နတ်နှင့်တကွသော လောကကြီးထဲ၌။ ဗုဒ္ဓေါဟေဿံ၊ ဘုရားစင်စစ် ဖြစ်မှုတော်မည်။ ("ဣဓဒိုံ မေ ပတိရူပံ" ဟု သော အတ္ထာတိသယကို ဗုဒ္ဓဝင်အဋ္ဌကထာ အားကိုးနှင့် ဆိုသည်။)

ဗုဒ္ဓေါ သောဘဂဝါ သမ္ဗောဓာယ
ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ထိုသည့်ဘုန်းတော်ကြီးသခင် ဘုရားရှင်သည်။ ဗုဒ္ဓေါ၊ ကိုယ်တော်သိပြီးသည်။ ဟုတ္ဂာ၊ ဖြစ်၍။ သမ္ဗောဓာယ၊ နတ်လူဗြဟ္မာ သတ္တဝါအများ သူတပါးသိစိမ့်သောငှာ။ ဓမ္မံ၊ တရား တော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူပါ၏။

ဒန္တော သောဘဂဝါ ဒမထာယ
ဓမ္မံ ဒေသေတိ။

သောဘဂဝါ၊ ထိုသည့်ဘုန်းတော်ကြီးသခင် ဘုရားရှင်သည်။ ဒန္တော၊ ကိုယ်တော် ယဉ်ကျေး

ပြီးသည်။ ဟုတွာ၊ ဖြစ်၍။ ဒမယာယ၊ နတ်လူ ပြဟ္မာ သတ္တဝါအများ သူတပါးယဉ်ကျေးစိမ့်သောငှာ။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူပါ၏။

သန္တော သောဘဂ္ဂဝါ သမထာယ
ဓမ္မံ ဒေသေတိ။

သောဘဂ္ဂဝါ၊ ထိုသည့်ဘုန်းတော်ကြီးသခင်ဘုရားရှင်သည်။ သန္တော၊ ကိုယ်တော်ငြိမ်းအေးပြီးသည်။ ဟုတွာ၊ ဖြစ်၍။ သမထာယ၊ နတ်လူပြဟ္မာ သတ္တဝါအများ သူတပါး ငြိမ်းအေးစိမ့်သောငှာ။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူပါ၏။

တိဏ္ဏော သောဘဂ္ဂဝါ တိရဏာယ
ဓမ္မံ ဒေသေတိ။

သောဘဂ္ဂဝါ၊ ထိုသည့်ဘုန်းတော်ကြီးသခင်ဘုရားရှင်သည်။ တိဏ္ဏော၊ ကိုယ်တော်ကူးမြောက်တော်မူပြီးသည်။ ဟုတွာ၊ ဖြစ်၍။ တိရဏာယ၊ နတ်လူပြဟ္မာ သတ္တဝါအများ သူတပါးကူးမြောက်စိမ့်သောငှာ။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူပါ၏။

ပရိနိဗ္ဗုတော သောဘဂ္ဂဝါ
ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။

သောဘဂ္ဂဝါ၊ ထိုသည့်ဘုန်းတော်ကြီးသခင်ဘုရားရှင်သည်။ ပရိနိဗ္ဗုတော၊ ကိုယ်တော် ကိလေသာမီး အပြီးတိုင် ငြိမ်းချုပ်သည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာနာယ၊ နတ်လူပြဟ္မာ သတ္တဝါအများ သူတပါးတို့ ကိလေသာမီး အပြီးတိုင် ငြိမ်းချုပ်စိမ့်သောငှာ၊ ဓမ္မံ၊တရားတော်မြတ်ကို။ ဒေသေတိ၊ ဟောတော်မူပါ၏။

(ပါထေယျ၊ ဥဒုမ္ဗရိကသုတ်)

"အဟဉ္စိ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ အသင်္ချေယျာနိ အလင်္ကတာ ပဋိယတ္တံ အတ္တနော သီသံ ဆိန္ဒိတွာ အက္ခီနိ ဥပ္ပါဋေတွာ ဟဒယမံသံ ဥပ္ပါဋေတွာ ပါဏသမံ ပုတ္တဒါရံ ပရိစ္စဇိတွာ ပါရမိယော ပူရေန္တော ပရေသံ ဓမ္မဒေသနတ္ထမေဝ ပူရေမိ"

(ဓမ္မပဒအဋ္ဌကထာ။ စက္ခုပါလတ္ထေရဝတ္ထု)

ဟိ၊ အားမနာသင့် အားနာသင့် ချင့်ချိန်ဖို့ အရေး တွေးတော သိမြင်ရမည့် အကြောင်းသော်ကား။ အဟံ၊ ငါဘုရားသည်။ ကပ္ပသတသဟဿာဓိကာနိ စတ္တာရိ အသင်္ချေယျာနိ၊ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး။ အလင်္ကတာ ပဋိယတ္တံ၊ ဆင်ပြင်ဖွဲ့ထားအပ်သော။ အတ္တနော သီသံ၊ မိမိဦးခေါင်းကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ အက္ခီနိ၊ မျက်လုံးတို့ကို။ ဥပ္ပါဋေတွာ၊ ထုတ်၍။ ဟဒယမံသံ၊ နှလုံးသားကို။ ဥပ္ပါဋေတွာ၊ ထုတ်၍။ ပါဏသမံ၊ အသက်နှင့် ထပ်တူ ဖြစ်သော။ ပုတ္တဒါရံ၊ သားမယားကို။ ပရိစ္စဇိတွာ၊ စွန့်၍။ ပါရမိယော၊ ပါရမီတော်တို့ကို။ ပူရေန္တော၊ ဖြည့်သည်ကား။ ပရေသံ၊ နတ် လူ ပြဟ္မာ သတ္တဝါအများ သူတပါးတို့အား။ ဓမ္မဒေသနတ္ထမေဝ၊ တရားဟောရန် အလို့ငှာသာလျှင်။ ပူရေမိ၊ ဖြည့်ပေ၏။

"တတြ ဘိက္ခဝေ ယွာယံ ပုဂ္ဂလော အတ္တဟိတာယစေဝ ပဋိပန္နော ပရဟိတာယ စ၊ အယံ ဣမေသံ စတုန္နံ ပုဂ္ဂလာနံ အဂ္ဂေါ စ သေဋ္ဌော စ ပါမောက္ခော စ ဥတ္တမော စ ပဝရော စ"

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့။ တတြ တေသု စတူသု ပုဂ္ဂလေသု၊ ထိုပုဂ္ဂိုလ်လေးမျိုး၌။ ယွာယံပုဂ္ဂလော-ယော အယံ ပုဂ္ဂလော၊

အကြင်ပုဂ္ဂိုလ်သည်။ အတ္တဟိတာယစေဝ ပဋိပန္နော၊ မိမိအကျိုးငှာလည်းကျင့်၏။ ပရဟိတာယစ ပဋိပန္နော၊ သူတပါးအကျိုးငှာလည်းကျင့်၏။ အယံ၊ ဤစတုတ္ထပုဂ္ဂိုလ်မျိုးသည်။ စတုန္နံ-ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်လေးမျိုးတို့တွင်။ အဂ္ဂေါ၊ အလွန်ဆုံးလည်းဖြစ်၏။ သေဋ္ဌော စ၊ အထူးဆုံးလည်းဖြစ်၏၊ ပါမောက္ခော စ၊ အကြီးဆုံးလည်းဖြစ်၏။ ဥတ္တမောစ၊ အမြင့်ဆုံးလည်းဖြစ်၏။ ပဝရောစ၊ အမြတ်ဆုံးလည်းဖြစ်၏။

(အံ။ စတုက္က။ ဒုတိယပိ။ အသုရဝဂ်။ ၅-ဆဝါလာတသုတ်)

ရဝိ စန္ဒော ဃနာ ရုက္ခာ၊
နဒီ ဂါဝေါစ သဇ္ဇနာ။
ဧတေ ပရောပကာရာယ၊
ယုဂေ ဘဂ္ဂေန နိမ္မိတာ။

ရဝိ၊ နေ။ စန္ဒော၊ လ။ ဃနာ၊ မိုးတိမ်များ။ ရုက္ခာ၊ သစ်ပင်များ။ နဒီ၊ မြစ်များ။ ဂါဝေါစ၊ နို့ကိုပေးသော မိခင်နွားမများ။ သဇ္ဇနာ၊ သူတော်ကောင်းများ။ ဧတေ၊ နေ လ မိုးတိမ် ရိပ်ငြိမ်သစ်ကောင်း မြစ်ချောင်းနို့စား နွားမများနှင့် တရားမွေ့လျော် သူတော်သူမြတ်တို့ကို။ ယုဂေ၊ ခေတ်တိုင်း ခေတ်ဘိုင်း။ ပရော ပကာရာယ၊ သူတပါးအား ကျေးဇူးပြုရန်။ ဘဂ္ဂေန၊ သတ္တဝါတို့၏ ကံကြမ္မာက။ နိမ္မိတာ၊ ဖန်ဆင်းထားအပ်ကုန်၏။

(သုဘာသိတရတနာတရ)
ပရတ္ထသမ္ဘာဒနတော၊
ပုညေနာဝိ ဂတေန ဟံ။
ပရတ္ထသမ္ဘာဒနတော၊
ဘဝေယျံ ဇာတိ ဇာတိယံ။

(ဆန်းနိဂုံး)

အဟံ၊ သံဃရက္ခိတ မည်သောငါသည်။ ပရတ္ထသမ္ဘာဒနတော၊ သူတပါးတို့၏ အကျိုးစီးပွားကိုပြီးစီးစေခြင်းတည်းဟူသော အကြောင်းအားဖြင့်။ အဓိဂတေန၊ ရအပ်သော။ ပုညေန၊ ကုသိုလ်ကောင်းမှုဟုသိုလ်ကြောင့်။ ဇာတိ ဇာတိယံ၊ ဖြစ်လေရာရာ သံသရာဘဝ၌။ ပရတ္ထသမ္ဘာဒနတော၊ သူတပါးတို့၏ အကျိုးစီးပွားကိုပြီးစီးစေနိုင်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။

"စရထ ဘိက္ခဝေ စာရိကံ၊
ဗဟုဇန ဟိတာယ ဗဟုဇန သုခါယ၊
လောကာနုကမ္ပာယအတ္ထာယ ဟိတာယ
သုခါယ ဒေဝမနုဿာနံ"။

ဟူသော ဗုဒ္ဓအမိန့်တော်ကြီးသည်ငါ၏ နားဝယ် ဘယ်သော အခါမှမပျောက် ဝင်ရောက်လို့ ဆော်၍ နေပေ၏။

"မာ ဧတေန ဒွေ ဂမိတ္ထ၊
ဒေသေထ ဘိက္ခဝေ ဓမ္မံ၊
အာဒိကလျာဏံ မဇ္ဈေကလျာဏံ၊
ပရိယောသာန ကလျာဏံ သာတ္ထံ၊
သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ၊
ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေထ"

ဟူသော ဗုဒ္ဓအမိန့်တော်ကြီးသည် ငါ၏ နားဝယ် ဘယ်သောအခါမှမပျောက် ဝင်ရောက်လို့ ဆော်၍ နေပေ၏။

ကမ္ဘာသူ ကမ္ဘာသား အများသောသတ္တဝါတို့၏ အခြေအနေကို ရှုစမ်းပါဘိလော့၊ ဗုဒ္ဓမြတ်စွာက ရှင်အာနန္ဒာအား ဤသို့ မိန့်တော်မူပါ၏။

အာနန္ဒ၊ ချစ်သား အာနန္ဒာ။ ဣမေဟိ သတ္တေဟိ၊ ဤသတ္တဝါတို့သည်။ အနေကေသုပိ

ကပ္ပကောဋ္ဌိ သတသဟ ဿေသုံ၊ ကမ္ဘာကမ္ဘော အကုဋေကိန်း အသိန်း အသိန်းများစွာ သံသရာ ကာလ ဘဝါဘဝတို့၌။ဗုဒ္ဓေါတိပဒံ ဝါ၊ "ဗုဒ္ဓ" ဟူသော ပုဒ်ကိုလည်းကောင်း။ ဓမ္မောတိပဒံ ဝါ၊ "ဓမ္မ" ဟူသော ပုဒ်ကိုလည်းကောင်း။ သံဃော တိပဒံ ဝါ၊ 'သံဃ' ဟူသောပုဒ်ကိုလည်းကောင်း။ အဿုတပုဗ္ဗံ၊ မကြားခဲ့ရဖူးပေ။ တသ္မာ၊ ထို့ ကြောင့်။ ဣမံ ဓမ္မံ ဤတရားမျိုးကို။ သောတုံ၊ နာခြင်းငှာ။ နသက္ကောန္တိ၊ မစွမ်းနိုင်ကြရှာ။ အနမတဂ္ဂေသံသာရေ၊ အစမထင် သံသရာ၌။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ အနေကပိဟိတံ၊အမျိုးမျိုးသော။ တိရစ္ဆာန ကထံ ယေဝ၊ မဂ် ဖိုလ်ဖီလာအညွှ ပါသောစကားမျိုးကိုသာလျှင်။ သုနန္တာ၊ နားထောင်ကုန်၍။ အာဂတာ၊ လာ ရိုးလာစဉ်လာခဲ့ကြကုန်ပြီ။ တသ္မာ၊ ထို့ကြောင့်။ ဂါယန္တာ နစ္စန္တာ၊ သီဆို ကခုန်ကြ၍။ သုရာပါန ကေဠိ. မဏ္ဍလာဒီနိ၊ အရက်ဝိုင်း ကစားဝိုင်း ပျော်ပွဲ ရွှင်ပွဲများဆီသို့။ ဝိစရန္တိ၊ ချီတက်ရွှေ့ လျား သွားလာလှုပ်ရှား နေကြကုန်၏။ ဓမ္မံ၊ တရားတော်မြတ်ကိုတော့။သောတုံ နသက္ကောန္တိ၊ မနာနိုင်ကြရှာပေ။

(ဓမ္မပဒအဋ္ဌကထာ။ မလဝဂ္ဂ။ ၉-ပဥ္စဥပါ သကဝတ္ထု)

"I am a simple bhikkhu aspiring to supreme buddhahood. I wish to practise all the 10 parmis! let me practise the dana-parami to perfection.

I have nothing, only this miserable body. let me donate this body of mine to the cause of buddhist missionary work. let me help to spread buddhism over tne whole globe."

"ငါသည် ဘုရားဆုပန် သာမန်ရဟန်းသာ ဖြစ်ပါ၏။ ဆယ်ပါးသော ပါရမီဖြည့်ရန် ငါ အလိုရှိ၏။ ငါသည် ဒါနပါရမီကို အပြီးတိုင် ဖြည့်လို၏။ ငါမှာ ဒုက္ခပေါင်းစုံဖြစ်သော ဤ ခန္ဓာကိုယ်အပြင် ဘာတခုမျှ မရှိသဖြင့် သာ သနာပြုရေးတွင်လေးလေး နက်နက် ငါဆောင် ရွက်အံ့။ ငါ၏ ခန္ဓာကိုယ်ကြီးကို သာသနာပြု လုပ်ငန်းတွင် အသုံးချတော့မည်။ တကမ္ဘာလုံး တွင် ဗုဒ္ဓသာသနာ ပြန့်ပွားစေရန် ငါဝိုင်းဝန်း ကူညီနိုင်ပါရစေ...."

အနောက်နိုင်ငံသည် သိပ္ပံပညာ ထွန်းကား ၏။ အရှေ့နိုင်ငံသည် ဘာသာ သာသနာတွင် ထွန်းကား၏။ အရှေ့နိုင်ငံသည် အနန္တစကြဝဠာ၏ "ဓမ္မမာတာ" ဝါရား မယ်တော်ကြီးဖြစ် ပေသည်။ အနောက် နိုင်ငံသည် ၎င်း၏ သိပ္ပံ ပညာကို အရှေ့နိုင်ငံသို့ ပို့ဆောင်လေပြီ။ အရှေ့ နိုင်ငံကလည်း ၎င်း၏ မှန်ကန်သော ဗုဒ္ဓဘာသာကြီးကို အနောက်နိုင်ငံသို့ ပို့ဆောင် သင့်ပါ၏။ ပို့ဆောင်ပါလော့။ မလှုပ်မရှား ငြိမ်သက်စွာနေခြင်းသည် ရောဂါကိုဖြစ်စေတတ် ၏၊ လှုပ်ရှားမှသာ ကျန်းမာနိုင်၏။ ဗုဒ္ဓဘာသာ သည် သီဟိုဠ်၊ ယိုးဒယား၊ မြန်မာပြည်များ၌ မလှုပ်မရှား ငြိမ်သက်လျက်ရှိ၏။ သို့အတွက် လှုပ်ရှား ပြန့်ပွားစေခြင်းငှာ ရဟန်းတော်များ ကိုယ်တိုင် မိမိတို့ တိုင်းပြည်မှ ထွက်ခွာ၍ သာ သနာပြုတော်မူကြပါကုန်။ ကမ္ဘာ မြေပြင်သည် ကျယ်ဝန်းပေစွ။ ရဟန်းတော်များသည် ရှေး အခါ ရဟန္တာအရှင်မြတ်ကြီးများကဲ့သို့ ကမ္ဘာ အနှံ့ လှည့်လည်ကြရန် အခါတန်ပါပြီ-။

* အစဉ်မပြတ် စီးလျက်ရှိသော ရေသည် စင်ကြယ်၏။

* The water is pure that flows. The monk is pure that goes.

သောဝဏ္ဏာနိ သရေဇာနိ၊
နိမ္မာတုံ သန္တိ သိပ္ပိနော၊
တတြ သောရတာ နိမ္မာနေ၊
စတုရော ဝဒ ကောဘဝေ။

သော ဝဏ္ဏာနိ၊ ရွှေဖြင့် ပြီးကုန်သော။ သရေဇာနိ၊ ကြာပန်းလှလှ ကလေးတွေကို။ နိမ္မာတုံ၊ ပုံဖော်ဆောက်ဖြတ်လက်လက်လျှံဝင်း ဖန်ဆင်းလုပ်ဆောင်ရန်။ သိပ္ပိနော၊ သိပ္ပံ ပညာရှင်တို့သည်။ ဝါ၊ ပန်းတိမ်လက်စွမ်း ကမ်းကမ်းခတ်ပါရဂူတို့သည်။ သန္တိ၊ ရှိကြပါကုန်၏။ တတြ၊ လက်ရာဆန်းဆန်း ကြာပန်း ပကတိ အိအိညက်စွာ လှပေ့ဆိုသောလက်ရာ၌။ သောရတာနိမ္မာနေ၊ အမွှေးနံ့သင်း သက်လာဆင်းအောင် ဖန်ဆင်းလုပ်ဆောင်ရမှာတော့။ စတုရော၊ ကျွမ်းကျင်ပါသူ ပါရဂူသည်။ ကောဘဝေ၊ ဘယ်သူဖြစ်လေမည်နည်း။? ဝဒ၊ ဆိုနိုင်လျှင် ဆိုစမ်းပါ။ ဇေ့ံ၊ ဤဆိုခဲ့ပြီးသောအတိုင်း။ မေ၊ ငါ၏။ စေတနာ၊ သမ္မာဆန္ဒ လျှံကြွဝေဖြာ စေတနာသည်။ အာသိ၊ ဖြစ်ခဲ့လေပြီ။

သိတဂူဆရာတော်

# " သီတဂူရေ "

နှစ်ပေါင်းများမြောင်၊ တရားရောင်ဖြင့်၊ ငါးထောင်ရှည်ရာ၊ ဤသာသနာ၌၊ သည်ခါကြုံရ၊ ဒုလ္လဘတည့်၊ သဒ္ဓမ္မသီတဂူ၊ ထေရ်တဆူကား၊ ပြည်သူတို့ဘုန်း၊ မင်း၏ဘုန်းနှင့်၊ ဘုန်းလနှယ်ဆန်း၊ ရှင်ရဟန်းတို့၊ ဘုန်းပန်းမဉ္ဇူ၊ ကြိုင်နံ့ရှူ၍၊ လန်းလူတက်ကြွ၊ နုဘာဝနှင့်၊ ပုဂ္ဂလဝိသိက်၊ ကမ္မဇိဒ်ဝယ်၊ ဣဒ္ဓိပါဒ်လေး၊ တွန်းအားပေး၍၊ မနှေးလွယ်ကူ၊ ဇေယျပူမှာ၊ ရေလှူတော်ပွဲ၊ ခြိမ့်ခြိမ့်သဲမျှ၊ အံ့သြဖွယ်ကြီး၊ အောင်စည်တီးပြီ၊ ချီးကျူးသောစာ၊ ဆုတောင်းစာနှင့်၊ စာကဗျာပြု၊ အစုစုဖြင့်၊ ထုတိသြဘာ၊ ထောမနာလည်း၊ မဟာသိန္ဓု၊ သိနေရုကို၊ မိန္ဒုသက္ခရာ၊ တစက်စာနှင့်၊ ဖက်ကာစံပြု၊ တန္တုပြဟိနော၊ ပမာပြောမူ၊ ဗျာဇောပဝဏ္ဏနာ၊ ဖြစ်ကောင်းရာဟု၊ စာနာတွေးလျက်၊စာရေးခက်၏၊ရှေးဆက်ရာဇဝင်၊မဟာဝင်နှင့်၊သာသနာဝင်မျိုး၊စဉ်အရိုးသည်၊ တင်ထိုးမော်ကွန်း၊ ဖော်ညွှန်းမင်စာ၊ ဘယ်တခါမှ၊ မပါစဖူး၊ ထူးသောကုသိုလ်၊ ပစ္စည်းကြို၍၊ မဂ်ဖိုလ်နိဗ္ဗာန်၊ စိတ်သန်တင့်ရည်း၊ ဖြည့်ကာဆည်း၏၊ ဖြင်ပည်းများစွာ၊ သတ္တဝါတို့၊ သမ္ပဒါန ပုည၊ ဖို့ဘာဂကို၊ ရကြပါစေ၊ အမျှဝေသည်၊ ရစေ - အမျှ-အမျှ-အမျှ သောဝ်။ ။

**သီတဂူအရှင်**



# ပရဟိတလုပ်ငန်းများနှင့် သီတဂူဆရာတော်

မသီဂီလှိုင်

အောင်ပြီခွန်းဆင့် ခွန်းဆင့်အောင်ပြီ၊
သီတဂူအောင်ပွဲ ခေါင်ကဲလေပြီ၊
သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံဆီ၊
ဆင့်ဆင့်ကဲ၊ အောင်ပွဲအလီလီ။ ။

$H_2O$ဟု ဓာတုသင်္ကေတရှိသော ရေသည် သက်ရှိသတ္တဝါ သစ်ပင်များအတွက် မရှိမဖြစ် လိုအပ်သော အသက်သခင် စွမ်းအင်တမျိုးပင် ဖြစ်ပါသည်။ လူ့ကိုယ်ခန္ဓာ၏ ၇၀ ရာခိုင်နှုန်းသည် ရေဓာတ် ပါဝင်နေပါသည်။ ထမင်း အသက် ခုနစ်ရက် ရေအသက်တမနက်ဆိုသည့် အဘိုး ရေသည် အသက်ရှင်ရေး အတွက် အရေးပါလှပါသည်။

ကမ္ဘာ့မြေပြင်၏ ၄ ပုံ ၃ပုံ သည် ရေဖြင့်ဖုံး လွှမ်းနေသော်လည်း ရေရရှိရေးအတွက် အချို့ ဒေသများတွင် အလွန်ခက်ခဲနေပေသေးသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက (၁၉၈၁-၁၉၉၀) ဆယ်စုနှစ်ကို အပြည်ပြည်ဆိုင်ရာ သောက်သုံး ရေ ရရှိရေးနှင့် ရေသန့်ရရှိရေး ဆယ်စုနှစ် အဖြစ်သတ်မှတ်ကြိုးပမ်းနေပါသည်။

စစ်ကိုင်းတောင်တန်းကြီး၏ တောင်တန်း ပေါင်း ၅၀ ၌ ရှင်ပင်နံကိုင်း တောင်ဖီလာ ပတ္တမြားစေတီ ဆွမ်းဦးပုညရှင်စသော စေတီ ပုထိုး ဂူကျောင်း ပြာသာဒ်တန်ဆောင်းတို့ဖြင့် တင့်တယ် ဆန်းကြယ် လှစွာသော ထိုစစ်ကိုင်း တောင်တော်ကြီးကို၊မြစ်ဧရာ၏ ကြည်လင်အေး မြသော ရေအလျင်သည် တောင်ခြေမှ ဝေ့ကာ ဝိုက်ကာ ပတ်ကာ စီးဆင်းနေသဖြင့် ကျက်သ ရေ ရှိလှပေသည်။

မိုးနည်းရေရှား ရပ်ဝန်းဒေသတွင် ပါဝင် နေသဖြင့် တနှစ်လုံး မိုးရေချိန် အလွန်နည်း သဖြင့် မိုးရေခံသလင်းဖြင့် ရေလှောင်ကန်များ တွင် သိုလှောင်ကာ တနှစ်တာ လောက်ငအောင် ခြိုးခြံချွေတာ သုံးစွဲနေခဲ့ကြရပါသည်။ သောက် ရေအတွက် လောက်ငမှု ရှိသော်လည်း ချိုးရေ နှင့် လျှော်ဖွတ်ရန်အတွက် ဧရာဝတီမြစ်ဆိပ်သို့ ဆင်းကြရပါသည်၊ ထို့ကြောင့် ဂန္ထဓုရ ဝိပဿနာဓုရ သာသနာအလုပ် အားထုတ်တော် မူကြသော သူတော်စင်များအတွက် အလုပ်လုပ်

ရမည့် အဖိုးတန် အချိန်များ များစွာနစ်နာဆုံးရှုံးကြရပါသည်။

ဤအခြင်းအရာကို ကိုယ်တိုင် သိမြင်တွေ့ရှိသော သဒ္ဓမ္မ သီတဂူချောင် ဆရာဘော် သဲကုန်းအရှင်ဉာဏိဿရသည် မိမိ သီတင်းသုံးသောချောင်၌ ရေကန်ကြီးငယ်ဖြင့် ရေပစ္စည်းပြည့်စုံချမ်းသာသော်လည်း၊ ''ကိုယ်ထည်းတယောက်ချမ်းသာရေးက်ဖို့ ခုလောက်ကြိုးကုတ် အားမထုတ်ဘူး၊ဗုဒ္ဓမြတ်စွာသာသနာ၏ရှေးခါဘိုးဘာ၊ လက်ထက်ကလျှင်၊ ရသည့်တန်ဖိုး ခုမငြိုးဖို့၊ ကြိုးစားထမ်းရွက် ငါဆောင်ရွက်သည်၊ စဉ်ဆက်သာသနာတည်စေသော်'' ဟူသော အမရပူရမြို့မဟာ ဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ခံယူချက်ကဲ့သို့—

သီတဂူ ရေအလှူတော် စီမံကိန်းကို စေ့စပ်သေချာစွာ ရေးဆွဲချမှတ်၍ ၁၃၄၂-ခု ကဆုန်လပြည့်နေ့တွင် စတင် ဆောင်ရွက်ခဲ့ပါသည်။

မင်းကွန်း မင်းဝံ စစ်ကိုင်းတောင်တန်းကြီးသုံးသွယ်မှ ရဟန်းသာမဏေများအတွက် ဆွမ်းကိစ္စဖြင့် မပင်ပမ်းပါ စေခြင်းငှာ မလွန်ဆွမ်းဆန်တော် တရားပွဲများ တိုးချဲ့ ဟောကြားခဲ့သလို သီတဂူ ရေအလှူတော် အတွက်လည်း ထပ်ဆင့်ဆောင်ရွက်တော်မူရာ နံနက် နေ့ ဆည်းဈာညတရားပွဲများစွာဖြင့် မအားမလပ်ကြိုးစားအားထုတ်ခဲ့ပါသည်။

ဆရာတော်၏ ကြီးမားသော မေတ္တာ ကရုဏာ စေတနာနှင့် ပြည်သူတို့၏ စုပေါင်းညီညာတတ်ကြွထက်သန်သော သဒ္ဓါတရား စွမ်းအားတို့ကြောင့်၊စစ်ကိုင်းတောင်ရိုးကြီးပေါ်ရှိချောင်ပေါင်း ၃၀၀ ကျော်၌ မှီတင်းနေထိုင်ကြသောသူတော်စင် ၄၀၀၀ ကျော်တို့ အတွက် တနေ့တနေ့လျှင် ရေဂါလံပေါင်း ၂၀၀၀၀ ကျော်ပေးလှူနိုင်ပြီ ဖြစ်ကြောင်း၊ သိန်း ၃၀ ကျော်ကုန်ကျသော သီတဂူရေအလှူတော်ကြီးအောင်မြင်ပြီးမြောက်ခဲ့ကြောင်း ၃-၅-၈၅ နေ့တွင်ကြေငြာခဲ့ပါသည်၊ သာဓုနူမော် လိုက်လှဲစွာခေါ်လိုက်မိပါတော့သည်။

ဆရာတော်သည် ဖော်ပြပါ ဆွမ်းဆန်တော်ရရှိရေး ရေရရှိရေး စသော ပရဟိတလုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့သည် မဟုတ်သေးပါ။ အနယ်နယ် အရပ်ရပ် လှည့်လည် ဟောကြားထားသော တရားများကို သင့်တော်သလို စာအုပ်များ ထုတ်ဝေပြီး၊ ထိုစာအုပ်များမှ ရရှိလာသော အကျိုးအမြတ်များကို ပရဟိတ ဆောင်ရွက်ချက် အဖြစ်ဖြင့် အောက်ပါ ဌာနများသို့ လှူဒါန်းခဲ့ကြောင်း သိရပြန်သဖြင့် ထပ်ဆင့်နူမော်သာဓု ခေါ်မိပြန်ပါတော့သည်။

| | | |
|---|---|---|
| ၁။ | မျက်မမြင်ကျောင်း ရန်ကုန်မြို့ | ၁၀၀၀၀ိ |
| ၂။ | သံဃဆေးရုံ သဲကုန်းမြို့ | ၁၅၀၀၀ိ |
| ၃။ | အနာကြီးရောဂါဆေးရုံ ထောက်ကြံ့ ရန်ကုန်မြို့ | ၁၀၀၀၀ိ |
| ၄။ | ဆွံ့ အ နားမကြားကျောင်း ရန်ကုန်မြို့ | ၁၀၀၀၀ိ |
| ၅။ | တပ်မတော် နာလန်ထစခမ်း မင်္ဂလာဒုံ ရန်ကုန်မြို့ | ၁၀၀၀၀ိ |
| ၆။ | မဟာဝိဇယစေတီ ရန်ကုန်မြို့ | ၁၅၀၀၀ိ |
| ၇။ | မသန်မစွမ်း အထူးကု ဆေးရုံ သမိုင်း ရန်ကုန် | ၁၀၀၀၀ိ |
| ၈။ | အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး အဖွဲ့ ဝက်ဘာလမ်း ဗဟန်း ရန်ကုန်မြို့ | ၁၀၀၀၀ိ |

၉။ သယမ္ဘူစေတီ တည်ဆောက်ရေး စစ်ကိုင်းတောင် ၁၁၅၈၂၀

၁၀။ မြန်မာအောင်ချောင် ရေစက် စစ်ကိုင်းတောင် ၁၀၀၀၀၀

၁၁။ မလွန် ဆန်လှူအသင်းကြီး မန္တလေးမြို့ ၂၀၀၀၀၀

လှူဒါန်းရန်စီစဉ် နေသော ဌာနများမှာ -

၁။ တက္ကသိုလ်များ ဓမ္မာရုံ ရန်ကုန်မြို့

၂။ မိဘမဲ့ကလေးများ(ကလေးပြုစုရေးဌာန) ရန်ကုန်မြို့

၃။ အမျိုးသမီးရိပ်သာ ဝင်ဒါမီယာလမ်း ရန်ကုန်မြို့

၄။ ခရစ်ယန်သီလရှင်များ၏ ဘိုးဘွားရိပ်သာ ရန်ကုန်မြို့ ဖြစ်ကြောင်း သိရပါသည်။

ဆရာတော်သည် ထိုကဲ့သို့ ပရဟိတလုပ်ငန်းများတွင် ပစ္စည်းအင်အား ငွေအင်အားများဖြင့်သာ ပါဝင်လှူဒါန်းနေသေးသည် မဟုတ်ပါ။ ပရဟိတ၏ ဗဟိဒ္ဓသာယာအေးချမ်းမှုပြည့်စုံရေးအတွက်သာ ဆောင်ရွက်နေသေးသည် မဟုတ်ပါ။ နေ့စဉ်နှင့်အမျှ ဟောကြားနေသော ဓမ္မဒေသနာသည် သီတဂူရေအလှူတော် အောင်မြင်ရေး၊ မလွန်ဆွမ်းဆန်တော် ရရှိရေး၊ သီတဂူ ဆေးရုံစီမံကိန်း အောင် မြင် ရေး အတွက်သာ မဟုတ်ပါ။ ဤကဲ့သို့ ဟောပြောပြသနေခြင်းသည် ပရဟိတ၏ အဇ္ဈတ္တ ချမ်းသာရေး စွမ်းအင်သတ္တိ ထက်မြက်ရေးအတွက်ပါ ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

လူသားတို့ရဲ့ ငြိမ်းချမ်းရေး အတွက်လည်းကောင်း၊ သတ္တလောကကြီးတခုလုံး ညွှတ်နူးစေမည့် လောဘ ဒေါသ မောဟတရား ကြီးထွားမှုကို ဟန့်တား နိုင်ရေး အတွက် လည်းကောင်း၊ လူသားအချင်းချင်း ယိုင်းပင်းကူညီရေးနှင့် သာယာသော လူ့ဘောင်လောက တည်ဆောက်နိုင်ရေးအတွက် လည်းကောင်း၊ မေတ္တာ ကရုဏာမုဒိတာ ဥပေက္ခာတရားများ ကြီးစိုးနိုင်ရေး အတွက် လည်းကောင်း၊ ဘဝကြီးပွား ချမ်းသာတိုးတက်ရေးအတွက် ကံ ဉာဏ် ဝီရိယ တရားများ ရှင်သန် တိုး တက် ရေး အတွက် လည်းကောင်း၊ နေ့စဉ်နှင့်အမျှ ဟောကြားပြသ ဆိုဆုံးမ နေခြင်းသည် ပရဟိတ၏ အဇ္ဈတ္တ တိုးတက်ရေး လုပ်ဆောင်ချက် များပင် ဖြစ်ပါတော့သည်။

လူကြီးလူရွယ်တို့အတွက်သာမဟုတ်ပဲ ယနေ့လူငယ်တို့ စာရိတ္တမကျိုးပေါက်ရေး၊ တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်ခင်သည့် စိတ်ဓာတ်ဖွံ့ဖြိုးရေး ရှင်သန်ရေး၊ အမျိုးဘာသာ သာသနာတိုးတက်စည်ပင် ပြန့်ပွားရေး စသော လူမှုရေးရာများကိုလည်း လျစ်လျူရှုမထားပဲ ဟောကြား ပြသဆိုဆုံးမလျက် ရှိပေသည်။

ထို့ပြင် ကိုးကွယ်မှုသန့်ရှင်းရေး၊ မိမိကိုယ်မိမိ အားကိုးနိုင်ရေးစသော တိုးတက်ရေး စွမ်းရည်သတ္တိ ထက်မြက်ရေးများအတွက် ဗုဒ္ဓဝါဒအခြေခံ သဘောတရား များကို၊ တက္ကသိုလ်ကောလိပ်များ၌သာ မဟုတ်ပဲ အ ထ က များ အဆောင်များအထိ အချိန်ရသရွေ့ ကြွရောက်ကာ ဟောပြောပြသဆိုဆုံးမခဲ့ပါသည်။လမ်းမှန်နည်းမှန်ဖြစ်အောင် ညွှန်ကြားခဲ့ပါသည်။

ထိုကဲ့သို့သော ဆောင် ရွက်ချက် များ သည် ပရဟိတ (အဇ္ဈတ္တ အတွင်းစိတ်ဓာတ် ရေးရာ) ဆောင်ရွက်ချက်များ ဖြစ်သဖြင့် ပရ ဟိတ (အတွင်းနှင့်အပြင်) လုပ်ငန်းများနှင့် သီတဂူဆရာတော်မှာ ခွဲ၍မရ တွဲလျက် ခွဲခြားမရအောင် ရှိနေပါတော့သည်။

**မသိင်္ဂီလှိုင်**

သရုပ်ပြဆရာမ၊ဓာတုဗေဒဌာန၊

ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေ။

# ဓတ်ပုံ ကဏ္ဍ

## 'ငါတို့မမေ့ ဗုဒ္ဓနေ့'

* သီတဂူအဖွဲ့ကြီး စုဝေးနေ၊
ရက်မြတ်ချိန်ခါပေ၊
သူတော်စင်တွေ အားထားရ
သီတဂူဆရာတော်၏ရေဒါန(မြတ်ဒါန)

* စစ်ကိုင်းတောင်က ချောင်တိုင်းစုံ၊
စုပေါင်းလက်တွဲ အောင်ပွဲခံ၊
သီဘဂူက ဦးဆောင်ပေး၊
ပြည်သူတရပ်လုံးရဲ့ ကုသိုလ်ရေး။

* သဒ္ဓါကြေးနဲ့ စက်မောင်းဆင်၊
ရေလှူပေးနေ့ "သမိုင်း"တွင်
နှစ်စဉ်နှစ်တိုင်း ဘယ်မမေ့၊
ကဆုန်လပြည့်-ဗုဒ္ဓနေ့။ ။

မနှင်းဆီ

## 'အောင်ခွန်းသံ'

"အောင်ပြီခွန်းဆင့် ခွန်းဆင့်အောင်ပြီ၊
သီတဂူအောင်ပွဲ ခေါင်ကဲလေပြီ၊
သုဒ္ဓါဝါသ ဗြဟ္မာ့ဘုံဆီ၊
ဆင့်ဆင့်ကဲ အောင်ပွဲအလီလီ။ ။

သီတဂူအဖွဲ့

## ရေဓာတ်စကြာ

ရေဓာတ်စကြာ၊
တောင်ဇေယျာကို၊
ပတ်ကာစိမ့်ဖျန်း၊
တောင်လုံးလွှမ်းလိမ့်၊
ရှင်လန်း ကြည်ဖြူ၊
သီတဂူ၏၊
ရေလှူဒါန၊
ခေါ်ကြသာခု-အနုမောဒနာ။ ။

မိုးသောကြာ (ပန်းဘဲတန်း)

## 'အောင်ပွဲ'

အိုးစည်သံ ပုလွေနှဲနှင့်၊
သီတဂူအောင်ပွဲ ခြိမ့်ခြိမ့်ညံ ။
ဒိုးပတ်သံ ပုလွေနှဲနှင့်၊
သီတဂူ အောင်ပွဲခြိမ့်ခြိမ့်ညံ။
စစ်ကိုင်းတောင် ရွှေကြာပေါက်ပြီမို့၊
ဝမ်းမြောက်မြူးလျှ။
ငါးနှစ်မြောက် အောင်ပွဲခံ၊
တိုင်းနိုင်ငံ နယ်တလွှား။
ဘုန်းဘုရား သီတဂူ သူ့ကျေးဇူး၊
ထူးပေ့စွမ်းအား။
သဒ္ဓမ္မသီတဂူ သူ့ကျေးဇူး
ထူးပေ့စွမ်းအား။ ။

မြေလတ်-သဇင်မှိုင်



◁ အလုပ်စားပွဲ၌ဖူးတွေ့ရသောဆရာတော်



ကိုယ်တိုင်လေ့လာသည် △



△ကိုယ်တိုင်ကိုယ်ကျရှင်းလင်းတင်ပြ



◁ သီတဂူဆရာတော်နှင့် စစ်ကိုင်းတိုင်းပြည်သူ
ဥက္ကဋ္ဌကြီး ဗိုလ်မှူးကြီး သူရကျော်စွာ



◁ စေတနာပညာရှင်များ၏ အကြံဉာဏ်များကိုရယူခြင်း



ရေပိုက်လိုင်းများလုံခြုံရေး တိုင်းမင်းကြီးကလဲအကြံပေး △

တောထဲမှာ ဝိုက်သယ်လမ်းကြောင်းရှာကြသည့်
ဦးဆောင်ဆရာတော်များ ▼





သီတဂူကပ္ပိယကာရကအဖွဲ့ ▲
။အထက်မြန်မာပြည်။





◁ ရောက်လာသည့်ရေပိုက်များကို သယ်ဆောင်ကြသည်
(ရွှေကျင်ဆန်ရှူအသင်းထောက်မှ ပုဂ္ဂိုလ်များ)



ကုသိုလ်ရေးဆို တပည့်တော်မတို့လဲ ပါပါရစေ ▲
(အမျိုးသမီးများပါ ရေပိုက်များကို ကူညီသယ်ဆောင်)



အရွယ်ကြီးပြီဖြစ်သော်လဲ ထမ်းနိုင်ပါသေးတယ်



သီတဂူတည်ဆောက်ရေးမှာလည်း ကိုယ်တိုင်ကိုယ်ကျကြည့်ကြည့်ကြပ်ကြပ်



ရွှင်ပင်နံကိုင်းတောင်ပေါ်မှ ရေဂါလံသုံးသိန်းသိုလှောင်နိုင်သည့်
( အမှတ် ၁ နှင့် ၄ သီတာဂူရေလှောင်ကန်ကြီးများ )
( ရန်ကုန် လသာမြို့နယ် မလွန်ဆန်လှူသင်းကောင်းမှု )



ကိန္နရာတောင်ပေါ်မှ သီတာဂူရေကန်ကြီး ( ရေဂါလံတသိန်းခန့် )



မွခင်းသာဆိပ်ကမ်း ထုံးဘိုအနီးမှ သီတဂူရေစက် △



△ ရေပိုက်လိုင်းဘေးက အစည်းအဝေး



စတင်ဖွင့်လှစ်လိုက်ပါပြီ ▲



ဒေါ်လာတသိန်းဆန့် သီတဂူအမှတ်(၂) ရေကန်ကြီး
သီတဂူရေအလှူ အောင်မြင်ခြင်းအထိမ်းအမှတ်
တည်ဆောက်ဆဲ သယမ္ဘူစေတီတော်



အမှတ်(၇) သီတဂူရေကန်ကြီး
( သီတဂူချောင် )



စက်လေးလုံးတပ်ဆင်ထားသည့် အမှတ်(၁)သီတဂူရေစက်
( အများပြည်သူ ကောင်းမှု )



◁ အမှတ်. ၆ . သီတဂူရေကန်
( သာယာမဂ္ဂ )



◁ သီတဂူအတွက်ဆိုလျှင် ထမ်းနိုင်ကြပါတယ်
( ရေသန့်အတွက် ကျောက်ချဉ်စိတ်များ )



△ မဟာစေတီအနီး ရေဂါလံနှစ်သိန်းဆံ့လှောင်နိုင်သည့်အမှတ်. ၃. သီတဂူရေလှောင်ကန်ကြီး
( ဝေနေယျသူဝရေချမ်းစင်အသင်းကောင်းမှု )

## ရေ လှူ ရ ကျိုး

ကေန ကံ ကဿ နိဗ္ဗာတိ၊
ကေန ဝိန္ဒတိ ကဒ္ဒွယံ၊
ကေန ကသ္မိံ ပတိဋ္ဌာတိ၊
ကေန ဝိန္ဒတိ ကတ္တယံ။

ကေန၊ ရေ(အလှူ)ကြောင့်။ ကဿ၊ ငရဲ့ သနင်း ယမမင်း၏။ ကံ၊ (ငရဲ)မီးသည်။ နိဗ္ဗာတိ၊ ငြိမ်းအေးရ၏။ ကေန၊ ရေ (အလှူ) ကြောင့်။ ကဒ္ဒွယံ၊ ရုပ်ရည်လှ ၀ါ အသံသာခြင်းဟုဆိုအပ်သော အကျိုးနှစ် မျိုးကို။ ဝိန္ဒတိ၊ ရနိုင်၏။ ကေန၊ ရေ (အလှူ)ကြောင့်။ ကသ္မိံ၊ မကိုဋ္ဌ်အလား ဦးထိပ်ဖျားဌ္ဌ။ ပတိဋ္ဌာတိ၊ တည်နေရပ်တံ့နိုင်၏။ ကေန၊ ရေ(အလှူ)ကြောင့်။ ကတ္တယံ၊ ချမ်းသာစည်းစိမ် ဂုဏ်သိန် အာဏာ ဟုဆိုအပ်သော အကျိုးသုံးမျိုးကို။ ဝိန္ဒတိ၊ ရနိုင်၏။

အရှင်ဥာဏိဿရ

# ဓမ္မကဏ္ဍ



# ရေ ၏ သတ္တိ

* အသက် မပျောက်တပျောက်မှာ တစက်တပေါက်သော ရေကြောင့် လူမမာ အသက်ဆက်တတ်ပါသည်။

* ရေတခွက်ဖြင့် ရေစက်သွန်းချ အမျှဝေသောကြောင့် လွန်လေသော မိဘောင်း ဖဘောင်း ဆွေဘောင်း မျိုးဘောင်းတို့ကောင်းကျိုးသုခ ရကြပါသည်။

* ဒါနပြုသောရေတကန်ကြောင့် နေရဗာန်နှင့် အနီးကလေး၊ ခရီးမဝေးသော လမ်းတာမှာ ချမ်းသာချောမောသောတာပတ္တိ သီရိလာဘ မှိုဦးရသည်နှင့် တူစွာ အပူအဆာကင်းသော လမ်းစပေါ်ပါသည်။

* ဆေးလည်း အစာ၊ အစာလည်း ဆေး၊ ဆေးတကာ့ဆေးတွင်၊ အေးသောရေ(သီတောဒက)၊ ချိုသောရေ (သာတောဒက)၊ ကြည်သောရေ (အစ္ဆောဒက)သည်ပင် အစာ ရေစာသဘောကို ဆောင်ပါသည်။

* ရေသည် အစာမွတ်ခြင်းကိုလည်းကောင်း၊ ရေသိပ်ခြင်းကို လည်းကောင်း ဖျောက်နိုင်ပါသည်။

* အစာမွတ်ခြင်း၊ ရေသိပ်ခြင်း ဟူသည်မှာလည်း အနှစ်ခြောက်သောင်းတန်း၊ ဝမ်းရေးမပူရသော ရွှေခေတ်ကြီးမှာပင် ရှိပါသည်။

* မွတ်သိပ်ခြင်းကို အစာရေစာဖြင့် ဖျောက်မှ ပျောက်နိုင်ပါသည်။

* သစ်ပင် ပန်းပင် အစ၊ သတ္တလောက အလယ်၊ ဆယ်တန်သော အားတော်၏အရှင်၊ ထိပ်ခေါင်တင်ဗုဒ္ဓအဆုံး၊ အားလုံးသော သက်ရှိတို့သည် ပကတိ ရေဖြင့်သာ ရှင်သန်လန်းဖြာကျန်းမာချမ်းမြေ့ နိုင်ကြပါသည်။

အနန္တသူရိယဆရာတော်

# ရေစင်တပေါက် သောကပျောက်



ဝက်ပါတွင်၊
ခြေရာထပ်မျှ၊ လိုက်ရှာရလည်း၊
ချစ်လှ တကျော်၊ သားကြီးဇာကို၊
ဘယ်မှာမတွေ့၊ ပူရှိန်ငွေ့ဖြင့်၊
မင်းရေ့ ခြေရင်း၊ မြေတလင်း၌၊
သိကင်းမေ့မျော၊ ရွှေငှက်ပျော့သို့၊
မယ်စောမဒ္ဒီ လဲသတည်း။

ထိုအခါတွင်၊
မဟာမင်းမြတ်၊ ဗေဒမိသတ်သည်၊
မယ်မဒ္ဒီပွက်၊ သောကဖက်၍၊
လက်တွင်ကိုင်ထား၊ ရေကရားဖြင့်၊
မယ်ဖွားမျက်နှာ၊ သွန်းဖျန်းပါသော်၊
မြန်စွာလျှင်ဆော၊ ဖြစ်မိန်းမောမှ၊
မယ်စောမဒ္ဒီ၊ နိုးသတည်း။

ယခုခါတွင်၊
ရောချစ်ဝိုင်း၊ တောင်စစ်ကိုင်း၌၊
ချောင်တိုင်းစေ့မျှ၊ ရေကြည်ရ၍၊
ချမ်းမြပျော်ရွှင်၊ သူတော်စင်တို့၊
ပူပင်မနှော၊ မိန်းမမောသည်၊
မယ်စောမဒ္ဒီ ပမာတည်း။ ။

မင်းသုဝဏ်



# သီတဂူရေအလှူတော်ဘွဲ့ တေးထပ်

သီတဂူ တောင်ပလ္လင့်မှာလ၊
မြောင်းအဆင့်ခွဲကာ။
ချောင်းအဝင့် တနေရာ၊
မြစ်ရောအနီး။

တောင်ထိပ်ရောက် ရေစုပ်တင်၊
လေမှုတ်နှင် မောင်းတဲ့စက်ကြီး။

သဲကုန်းဟု ပြည်လုံးကျော်သည်၊
ထေရ်ဘုန်းမော် ဖန်တီး။

ရေလှောင်ရန် ရေကန်ကြီးတွေက၊
မြစ်ကြီးရဲ့ သဖွယ်။

စစ်ကိုင်းတောင် ရိုးတွေရှေ့၊
ကိုးရေရှေ့ မျှောပါလှောက်တယ်။

နိုင်ငံလုံး ကုသိုလ်ကြွယ်သည့်၊
ဆုကိုရွယ် ဒိုမတို့ပေမယ့်၊
အလိုလို့ ရကြစီရီ၊
မျှတညီညီ။

ရေလှူကျိုး လုစ်ခြယ်စီလှျှင်၊
တစ်ဆယ်လီဂဏာန်းနှင့်လေး။ ။

ဒဂုန်ဦးစန်းငွေ

# ချောင်တိုင်း ရေလှူဖို့



ဇွဲမနုန်းသာဘူး
သဲကုန်းရယ်တဲ့ဆရာတော်။

တောင်စစ်ကိုင်း
ချောင်တိုင်း ရေလှူဖို့
နေပူ လေပူကြမ်းငဲ့ပြင်
ဆောင်း ချမ်း ဖုန်ဒဏ်နဲ့
စုန်အဆန် သာသနာပြုတယ်
မောနိုင်ဘူ့နော်။

နောတတ်မှာ မာန်ကြွတဲ့
ပန္နဂ အသာချွေသည်
သာမဏေ ရေယူသို့
ဇေယျပူ သာတံတိုင်း
စစ်ကိုင်းရယ်တဲ့ တောင်ပေါ်
ချောင်တော်အနှံ့ ရေချမ်း။

သီတဂူ
ထေရ်တဆူ ပဓာနရယ်နဲ့
သာဝက သာဝိကာတို့
သဒ္ဓါရှိစွာ ပါဝင်လို့ပေါင်းကြတယ်
သောင်းသိမ့်သိမ့်လွှမ်း။ ။

ဆန်းထွန်း

# မိုးပျံ ရောဝတီ

တောင်ပေါ်မှာ ရေစီးလို့၊
မြှော်ကြီး ရောဝတီ၊
မိုးပျံ ခဲ့ပြီ၊
အာဇာနည် စာဂီနှင့် အစွမ်း။

သဲကုန်း ဆရာတော်က၊
ငွဲနှုန်း ကမ္ဘာကျော်ပါ၊
သဒ္ဓါပေါ်အောင် ပြည်သူနှင့်ဝိုင်းကြတယ်၊
တိုင်းခြိမ့်ခြိမ့်မွှမ်း။



သုခ
သုခိ အတ္တာနံ ပရိဟာရန္တု။

# ကြည်နူးရှိသေ လှူမိစေ

ဘောင်ဖျားသစ်ပင် ကောင်းကင်ရေရှား၊
နေမိုးပြင်းလည်း မရှားလွယ်ကာ၊
ပူဆာအိုက်ခြင်း ကင်းသည့်အနာ၊
ကိလေသာကြေး ကင်းဝေး စင်ကြယ်၊
စိတ်ဝယ်သန့်ရှင်း ညစ်ကြေးကင်း၍၊
အဆင်းတင့်တယ် ရွှေသဖွယ်သို့၊
ကိုယ်ဝယ်ကောင်းစွာ နံ့သာအလား၊
မိုးကားတောင့်တ ရွာရစင်စစ်၊
ခုနစ်ကျေးဇူး ခံရဘူးသည်၊
ကြည်နူးရှိသေ လှူမိစေ။

**သုံးပုံတစ်ချူကျမ်း**



## ဥဒက ဒါယိကာထေရီ

* တခံသောအခါ ငါသည်
ဗန္ဓုမတီ အမည်ရှိသောမြို့၌
ရေသည်မ ဖြစ်ခဲ့ရပါသည်၊
ရေခပ်ခြင်းဖြင့် အသက်မွေးကာ
သားသမီးတို့ကို မွေးမြူရပါသည်။

* ကုသိုလ်မျိုးစေ့ တို့စိုက်ပျိုးရာ
အမြတ်ဆုံးလယ်ယာမြေသဖွယ်ဖြစ်သော
သံဃာတော်၌ လှူဖွယ်ဝတ္ထုမရှိပါ၊
ထို့ကြောင့် ငါသည် အရှင်မြတ်တို့၏
ရေချိုးအိမ်သို့ ချဉ်းကပ်၍
ရေကိုတည်ထားခဲ့ပါသည်။

* ကောင်းစွာပြုအပ်သော ထိုကံကြောင့်
ငါသည် တာဝတိံသာ နတ်ပြည်သို့
ရောက်ခဲ့ရပါသည်။

* ထိုနတ်ပြည်တွင်
ငါပြုခဲ့သော ကောင်းမှုကုသိုလ်က
ငါနေရန်အတွက် ဗိမာန်ကို
အဆင်သင့်ဖန်တီးထားပါသည်။

* ထိုအခါ နယ်သမီးတယောင်ဟို့ဝွင်
ငါသည်သာအထွတ်အမြတ်ဖြစ်ပါသည်။
ငါသည်အကြောင်းအရေးဆယ်ပါးတို့ဖြင့်
ထိုနယ်သမီးအားလုံးတို့ကို
အခါခပ်သိမ်း လွှမ်းမိုးရပါသည်။

* ငါသည် နတ်မင်းကြီးငါးကျိပ်တို့၏
မိဖုရားခေါင်ကြီးဖြစ်ခဲ့ပါသည်။
စကြဝတေးမင်းနှစ်ကျိပ်တို့၏
မိဖုရားခေါင်ကြီး ဖြစ်ခဲ့ပါသည်။

* နတ်ဘဝ လူ့ဘဝဟူသော
ဘဝနှစ်မျိုးမှာသာလျှင်
ကျင်လည်ခဲ့ရပါသည်။
မကောင်းမှုပြုသူတို့လားရာ
ဒုဂ္ဂတိဘဝကို မသိစဖူးပါ။
ဤသို့ဖြစ်ရခြင်းသည်
ရေလှူခြင်း၏ အကျိုးဖြစ်ပါသည်။

* တောင်ထိပ်ပေါ်သစ်ပင်ဖျား
ကောင်းကင်မြေပြင်တို့၌
ငါရေကိုအလိုရှိသောအခါ
လျှင်မြန်စွာရခဲ့ပါသည်၊
မိုးမရွာသော အရပ်ဒေသနှင့်
ပူလောင်သောအရပ်ဒေသဟု
ငါ့အားတရံတဆစ်မျှမရှိပါ။

* မိုးသည် ငါ၏ အလိုကိုသိသကဲ့သို့
ငါအလိုရှိလျှင် ရွာသွန်းပါသည်။
မိုးခေါင်ရေရှားအရပ်က
အဆွေအမျိုးတို့သည်
ငါ့ကိုခေါ်ဆောင်လေသော်
ငါရောက်သောအခါ မိုးသည်
ငါ၏အလိုအတိုင်း ရွာပါသည်။

* ငါ၏ ကိုယ်၌ ပူခြင်း အိုက်ခြင်း
အလျှင်းမရှိခဲ့ပါ။ ယိုမှတပါး
မြူမှုန်သည်လည်း ငါ့မှာမရှိပါ။
ဤသို့ဖြစ်ရခြင်းသည်
ရေလှူခြင်း၏ အကျိုးဖြစ်ပါသည်။

* ယခုအခါ ငါ၏စိတ်သည်
အထူးစင်ကြယ်သန့်ရှင်း နေပါသည်။
စိတ်ယုတ်မာ လုံးဝမရှိပါ။
အာသဝအားလုံး ကုန်ဆုံးသွားပါပြီ။
ယခုအခါ တဖန်ဘဝသစ်၌
ဖြစ်ခြင်း မရှိတော့ပါ။

* ဤဘဒ္ဒကမ္ဘာမှ-
ကိုးဆယ့်တကမ္ဘာထက်၌
ရေလှူခဲ့သောအခါမှစ၍
မကောင်းမှုပြုသူတို့လားရာ
ဒုဂ္ဂတိဘဝကို မသိစဖူးပါ။
ဤသို့ ဖြစ်ရခြင်းသည်
ရေလှူခြင်း၏ အကျိုးဖြစ်ပါသည်။

* ငါသည် ကိလေသာတို့ကို
ရှို့မြိုက်ပစ်လိုက်ပါပြီ။
ဘဝအားလုံးကို
နှုတ်ပယ်ပစ်လိုက်ပါပြီ။

* ဆင်မသည် အနှောင်အဖွဲ့ကိုဖြတ်၍
လွတ်လပ်စွာလှည့်လည်သကဲ့သို့
ငါသည် အာသဝမရှိပဲ
လွတ်လပ်စွာနေရပါပြီ။

* ငါ၏လာခြင်းသည်ကား စင်စစ်
ကောင်းသောလာခြင်း ဖြစ်ပါသည်။
ငါသည် မြတ်စွာဘုရားအထံတော်၌
ဝိဇ္ဇာသုံးပါးတို့ကို ရခဲ့ပါသည်။
မြတ်စွာဘုရား အဆုံးအမကို
လိုက်နာကျင့်သုံးနေပါသည်။

* ပဋိသန္ဓိဒါလေးပါး၊
ဝိမောက္ခရှစ်ပါး၊
အဘိညာဉ်ခြောက်ပါးတို့ကို
မျက်မှောက်ပြု၍ နေပါသည်။
မြတ်စွာဘုရား အဆုံးအမကို
လိုက်နာကျင့်သုံး၍ပြီးပါပြီ။

* ဤသို့လျှင် ဥဒကာဒါယိကာ ထေရီသည်
ဤဂါထာတို့ကို မြွက်ဆိုကျူးရင့်လေ
သည်။

* ဆင်းရဲပါလှ၊ ရေသည်မလျှင်
ဖြူဆွကြည်ဖြူ၊ ရေအလှူဖြင့်
နတ်လူဘဝ၊ သာမောရလျက်
သုခဗိမာန်၊ အပါဒါန်၌
မြတ်မွန်အဆင့်၊ စံပယ်တင့်သည်
ကျူးရင့်သာယောင့် သာယာတည်း။
မြူးရှင့်နာသောင့် နာသာတည်း။

သော်ဇင်

# ဝေနေယျသုခ ကန်ခြေမှာ

ဥမင်ကိုးဆယ်၊ တန်ခိုးထယ်သည့်၊ ဖြိုးကြွယ်မွေသရီ၊ မြတ်စေတီ၏၊ ကိန်း မှီတောင် မြတ်၊ ခါးပန်းရပ်တွင်၊ သတ်မှတ်တည်ထား၊သူတော်များတွက်၊ ရေများဖြန့်ဝေ၊ ဝေနေယျသုခ၊ နာမ ပြည့်ကျော် ရေကန်တော်။

စေတီဘုရား၊ ကျောင်းရာမ်များနှင့်၊ ရှည်လျား တန်စောင်း၊ ကန် တင့် ကြောင်း ပင်၊ စုပေါင်းရှိနေ၊ ငါတိဝေ၏။ တထွေထူးခြား၊ ကျောက်ထုတ်များဆင့်၊ တင့်ထက်တင့်အောင်၊ အသင့်ပန်းမန်၊ လှမာန်ဝင့်နေ၊ ဘယ်ကန်တွေမှ၊ ဟုမရသည့်၊ ဝေနေယျသုခ၊ နာမပြည့်ကျော် ရေကန်တော်။

တောင်တော်စစ်ကိုင်း၊ မြောက်ပိုင်းတခွင်၊ ခိုဝင်နေနား၊ သူတော်များ၏၊ ထံပါးအရောက်၊ ရေကြည်သောက်ဖို့၊ တောက်လျှောက် ပို့ နေ၊ မချို့စေရ၊ ဝေနေယျသုခ၊ နာမပြည့်ကျော် ရေကန်တော်။

ရေကန်ခြေရင်း၊ မြေသလင်း၌၊ သန့်ရှင်းမှုဆောင်၊ ချမ်းအေးချောင်တည့်။

ဟိုစဉ်ခါက၊ ကြုံခဲ့ရ၏၊ မိုးကပြတ်လတ်၊ သောက်ရေငတ်ပြီ၊စိတ်ခတ်မြင့်ဆောင်၊ လုံ့လ ခေါင်ဖြင့်၊ မြန်အောင်ကန်ရေ၊ သောက်မလေဟု၊ ပိုက်တွေကိုဆက်၊ ရေမတက်ဘူး၊ ဆက်လက်ကြိုးစား၊ ချမ်းသာပွားဖို့၊ စက်အားနှင့်နှင်၊ ရေစင်မရောက်၊ စက်သာဖောက်၏၊ ထို့နောက်လက်လျှော့၊ အတော်နိမ့်ကျ၊ ရှင်သီလဝံသကန်၊ သွင်းနှံခပ်ယူ၊ ဆင်းရဲထူ၍၊ ငယ်သူမချိ၊ အော်မိကြသေး၊ 'ချမ်းအေး'နာမည် ရှင့်ဗိလော။

ယခုတော့မူ၊ သီတဂူ၏၊ ကပ်လှူရေချမ်း' စိတ်ရှင်လန်းစွာ၊ ရဟန်း သာမဏေ၊ စာအမွေကို၊ တောခြေတိတ်စ၊ ဝေနေယျ၏၊ သာလှတံတိုင်း၊ ကျောမှီခိုင်းလျက်၊ စုဝိုင်း ရွတ်ပြန်၊ "ရုပံ-ခန္ဓော ညဝါဟောသံ၊ တောလုံးညံသည်၊ အမှန် ချမ်းအေး" နေပြီတကား။

ကိုကိုဋ္ဌေး (ချမ်းအေး)



## ဇေယျာပဗ္ဗတ

ဆောင်းပျောက်စ နွေမှုန်ရီ
စစ်ကိုင်းတောင်ချောင်စခန်းဆီ၌
လျှောက်လှမ်းကာလာလေသည့်ခိုက်
သံစည်စည် ဓမ္မတေးတွေက
ရင်အေးဖွယ် သာသာညံလို့
စေတီယ ရင်ပြင်ဦးဆီက
ဆယ်လက်စုံဆင်ရှက်ပူးကာပ
ဖူးဆင်မိသည်။

သညာ်တေးသံသာ– သာလှတဲ့ပြင်
မြင်ရသည် သူတော်စင်တို့
သွင်အပြင် ကြည်စင်ချမ်းပါတီ
စိတ်ဝမ်းတွေ ပူလောင်ဆာတဲ့
တို့သူငါမရွှင်လန်းသူ့ရဲ
ပင်ပန်းမှုပြေစေရည်၊
ရေကြည်မြ တပေါက်ဆမ်း။

သည်အတွေးတွေနှင့်
စိုက်ငေးကာ ကြည်ရွှင်လန်းမိရဲ့
သောတာပန် ဆိပ်စခန်းဆီက
ချက်မှန်းမျှော် အခါခါပေါ်
ပဗ္ဗတာ နေရာမြတ်မှာဖြင့်
ချဉ်းကပ်လာ မခွာလိုဘူး
စိတ်မငြိုု ရိပ်ခိုမှီးချင်ရဲ့
ကြိုးဆန္ဒမှန်း။

နုယဉ်

# အလှစေတနာ

* စစ်ကိုင်းဆို တောင်တော်ဦးမှာလ၊
ဖူးမြော်ရ စေတီသာ၊
ထူးတင့်ရောင်ဝါ။

* အုံ့စရာ သည်တောင်မှ သည်အလှ၊
ကောင်းမှုရှင် တည်ထားပြုတယ်၊
သာမုခေါ်ရ။

* စစ်ကိုင်းတောင် ချောင်လျှိုကြားမှာလ၊
များပါပေ့ သူတော်စင်
ကိန်းအောင်းအစဉ်။
ကျောင်းဇရပ်လျှင် တွေ့မြင်သူချီးပ၊
ကုသိုလ်ရှင် ဆောက်တည်ပြုတယ်၊
သာခုခေါ်ရ။

* စစ်ကိုင်းချောင် သူတော်စင်များ
တရားခံမှ့ တရားဝင်၊
ချမ်းမြေ့စေချင်။
မြတ်ရေစင် စီစဉ်လို့ဆက်သ။
အလှူရှင် ဒါနမှုကို၊
သာမုခေါ်ရ။

* စစ်ကိုင်းသို့ရောက်တဲ့ခါ၊
စာဆိုမှာ ရသာထူး၊
ကြည်နူးမိပါ။
သည်ပြည်မှာ သည်စေတနာအလှ၊
ဘယ်ပြည်ထောင် ဘယ်တိုင်းမှ၊
တုနှိုင်းမရ။ ။

မင်းယု၆၀



# တောင်ဇေယျာ ရောလွှမ်းပြီမို့

* ကမ္ဘာ့တန်းဆာ
ရတနာခေါ်မြတ်ဘုရား
စံစားကာရောင်ဖွင့်
တောင်တော်မြင့်ဇေယျာ။
အများသူတော်စင်တို့
ဂူတော်ဝင် တရားမွေ့
ချမ်းမြေ့ ပျော်ရာ။
နွေမပေါက်ခင် ရေခြောက်တဲ့
ကန်ရေသောက်ဤနေရာ၊
ကြည်ရေမှာ ရှားပါး။ ။
သီတဂူ
ပြည်သူအားရယ်နဲ့၊
ကြည်ဖြူစွာ ရေလှူဒါန်းတော့၊
'စမ်း' တွေအများ။ ။



* သီတဂူ ကြည်ဖြူတဲ့
ပြည်သူတို့ ဖိတ်ခေါ်ချင်။
စစ်ကိုင်းမြေ
စမ်းရေပေါက်
ငမ်းမြောက်ဖို့ပင်။
ဤတောင်ခြောက်
စိမ်းလန်းရွှင်၍
ငြိမ်းချမ်းရှင်ပျော်လို့။
ကြည့်လျှမ်းဖြာ
ဤစမ်းမှာ ချိုးသောက်သုံး၊
ပြုံးစို့ ပျော်စို့။ ။

* ဒီရေချိုး ဒီရေသောက်
ဝမ်းမြောက်စွာ တောင်တော်မြင့်၊
ခြေစုံဖွင့်တက်ရန်။
မြတ်ဘုရား
သူတော်များစံရာချောင်တို့
နှိုးစပ်အောင် ရှေ့ဆောင်ပြ
သွားကြတန်တန်။
လှသာနှင့် ပန်းဘဲကန်၊
အမြဲအမှန်လျှံ ရှဲ။
စေနေယျသူခါ
ရေချမ်းစင် ပြွန်မဟာက
ရေဇလာ သွန်းကာလောင်းတော့
'တောင်ကျချောင်း' တဲ့။ ။

* စစ်ကိုင်းကျောင်း ဝေဆာတင့်
သေလာမြင့် ရင်တည်။
တောင်မျက်နှာ မျှော်ခေါ်ရှု
မယ်နုကျောင်းဆီ။
ဟို-ဟာဆင့် မျှော်ပြန်ပြီ၊
မြင်းစိုင်းပြည် ပင်းယ။
မင်းနှင့်ဆရာ
သာသနာ နှစ်ဖြာပင့်တော့၊
တင့်ခဲ့ အင်းဝ။ ။

* ယိုမှပြန် ဒေသန်ဘက်
ရွှေကြာယက် နှစ်ဖော်။
သမိုင်းဝင် စံတင်ရ
အခရတဲ့ ပြည်ကျော်။
မြက်မုနိ မုဂ်ရှင်ဘော်၊
ကိန်းပျော်သည့် ရွှေမန်း။
မြို့ရိုးနီတျာနှင့်
တောင်သေလာ 'ဝါ' မှိန်မှိုး
ထိုးခဲ့ခဲ့ကွန်း။ ။
* မဲ့ကွန်းဆို မြော်ကိခေသ
မှိုင်းပျပျ မှုန်ရီ။
ဘိုးဘော်ဘုရား
တည်သွားစေ သုံးထွေကြီးကိုလ၊
ချီးပအံ့ပြီ။
ဗဒနေခက်ခွင် မျက်မြင်ရှု၊
ကောင်းမှုဘဲ့ ကြီးစေတီ၊
နာမည်က စူဠာမဏိ။
လေးဘက်ဝန်းကျင်
သမိုင်းဝင် စေတီထူး
မြော်ဖူးစေ၏။ ။
* ခတောင်မြင့်မှ တောင်ခြေ၊
ဆင်းစေခဲ့ အများ။
တွေ့ရာဝင်
ချောင်စဉ်တိုင်းမှာပဲ
မဆိုင်းပေါင် ဘွားဆရာတွေက
ဟယ့် သီဘာဂူရဲ့ ပြည်သူတွေက
လာပါလေ ရေကြည်သောက်ပါဦး၊
ချိုးဦးမလား ခဏနေ နားစေ
ဘွားတို့လေ ရေခတွေပေါ်နေသကွဲ့
မင်းတို့ရှိကုသိုလ် ခုဆိုမပူရ
လှူဒါနသည်ရေ ကြီးပလေဘု
အသိတွေ ကိုယ်စီဝင်၍
ဒါနရှင် ပျော်မဆုံးတယ်
ပြုံးပီတိပွား။ ။

ခင်မျိုးချစ်

# လဝန်းရည်တူ သီတဂူ

ရှစ်ဆိုင်ရှက်ကြာ၊ ဖြန့်မိုးကာသား၊ ဇေယျာရွှေပြည်၊ စစ်ကိုင်းဆီမှ၊ အမည်လွှမ်းရှိန်၊ တာဝတိံနှင့်၊ နှိုင်းချိန်ပြိုင်ဆွယ်၊ ကမ္ဘာ့လယ်တွင်၊ တင့်တယ်ထင်ရှား၊ မြတ်ဘုရား သားတော်၊ 'သပိတ်အိုင်' ဆရာတော်ဟု၊ ဘုန်းမော်သနင်း၊ မွေးရှုပြင်းသား၊ တတ်ခြင်းနားဝင်၊ လူမှုကျင်သည်၊ 'အရှင်ဉာဏိဿရ'၊ ဘုန်းဘုရား၏၊ သဒ္ဓမ္မသီတဂူ၊ ရေအလှူမှ၊ ကြည်ဖြူဆပွား၊ မေတ္တာထားသည်၊ အများသံဃာ၊ လူဒကာတို့၊ ကြည်သာရွှင်ပျ၊ လွန်အားရ၍၊ များလှသောင်းသောင်း၊ အပေါင်းစကြဝဠာ၊ ထက်အာကာတွင်၊ ဖြာဖြာရွှင်းလက်၊ နေဝန်းတက်သို၊ ဝင်းလက်မဥ္ဇူ၊ ဖြန့်ရိပ်ဖြူနှင့်၊ ဇမ္ဗူဝန်းကျင်၊ မျက်ရှင်စီဝန်း၊ ကြည့်တိုင်းရွှန်းသည်၊ မြဝန်းရစ်သီ၊ ပွင့်ပြိုင်ညီလျက်၊ ရွှေရည်မနှိုင်း၊ မြမြဆိုင်းသည်၊ စစ်ကိုင်းဇေယျာ၊ တောင်သေလာမှာ၊ ခွေကာပတ်လည်၊ ထောင်ရောင်ခြည်ဖြင့်၊ သမ်းနည်မှောင်လွင့်၊ နေဝန်းတင့်သို့၊ ဘုန်းမြင့်လျှံဖိတ်၊ သုံးကျိပ်နှစ်ပါး၊ သိကြားဒေဝါ၊ နတ်နှင့်သာလျှင်၊ ပမာတူလှိုင်း၊ တုရနှိုင်းအံ့၊ ပြိုင်ခိုင်းမဲ့ကြူး၊ ပုံမထူးသည်' လူ့ပြည်နတ်ရွာ၊ ဗြဟ္မာထက်သူ၊ မြတ်သောဟူသည်၊ သဲဖြူသောင်ထွန်း၊ ရေပေါ်ကျွန်းမှ၊ ပေါ်ထွန်းရတနာ၊ ရှစ်ဂီရိ' မဏိရောင်ထွန်း၊ ဘုန်းဝှမ်းသေလာ၊ 'သဲကုန်း၊ ဆရာတော်သည်၊ ရာမြတ်သက်တော်၊ ရှည်မြင့်ကျော်၍—

မိုးပေါ်သီတဂူ၊ စစ်ကိုင်းသီတဂူနှင့်
ရည်တူထွန်းကာ လှိုင်စေသောဝ်။
မိုးပေါ်သီတဂူ၊ စစ်ကိုင်းသီတဂူနှင့်
ရည်တူထွန်းကာ ကြိုင်စေသောဝ်။
မိုးပေါ်သီတဂူ၊ စစ်ကိုင်းသီတဂူနှင့်
ရည်တူထွန်းကာ မြိုင်စေသောဝ်။ ။

ဓမြလတ်=သဇင်မြိုင်



## မေတ္တာရေစင်

၁။ ရန်သူမျိုးပြား၊ ငါးပါးတို့တွင်၊
ရေနှင့်မီးကား၊ နှစ်ပါးပါဝင်၊
မရှိမကောင်း၊ ရှိကောင်းသည်ပင်၊
ရန်သူအား၊ ကိုယ့်အားမင်တော့အင်။

၂။ ရန်ကိုရန်ချင်း၊ တုံ့လျှဉ်းပါလျှင်
မီးကိုရေက၊ နိုင်ရအစဉ်၊
အပူငြိမ်းဖို့၊ ငြိမ်းကြောင်းရေပင်၊
အပူမြိုက်၊ တိုက်ဖို့ရေကိုင်။

၃။ လောဘဒေါသ၊ မာနအပူ၊
အပူပူချင်း၊ ရိုင်းပင်းထောက်ကူ၊
ဒေါသကိုမြှင့်၊ မာနနှင့်တူ၊
လောဘသင်း၊ ရုန်းရင်းဗလောင်ဆူ။

၄။ မေတ္တာသည်ကား၊ အခြားရေစင်၊
မုဒိတာပွား၊ သနားချစ်ကြင်၊
ရေကိုရေထိုး၊ ရေတိုးသည်ပင်၊
ရေသာပွား၊ ရေများရေနိုင်အင်။

၅။ ရေအကျိုးကား၊ ၁၀ ပါးဂုဏ်အင်
ရေကိုလှူက၊ ရေရအစဉ်
ရေနှင့်မျိုးသည့်၊ မျိုးမေတ္တာပင်
ရေဓာတ်လွှမ်း၊ ငြိမ်းချမ်းကမ္ဘာတွင်။

မောင်စွမ်းရည်

# တောင်ရိုးနှင့် ဒီရေ



လစန်းသီတဂူ တည့်တည့်မွန်း၍၊
စည့်စည့်ရှန်းရှန်း ကြည်လျက်ထိန်၊
ပြည့်ပြည့်ဝန်းဝန်း ဤရက်ကြိမ်လျှင်၊
'ဒီ'တက်အချိန် မှန်မပျက်။

သီတဂူဝန်း ကြည်လျှံဖြာသော်၊
ဤအဏ္ဏဝါ ရေဓာတ်လျှံ၍တက်။
ဆွဲငင်ဓာတ်ရှိ သီတဂူပမာလို၊
ဤဇမ္ဗူမှာ ကြုံလာချက်။

အမည်တူစွာ ပုံပမာဆက်က၊
ပုဏ္ဏမာရက် စန်းအသွင်။
''သဒ္ဓမ္မသီတဂူ''တိုင်းဘောင်တဝိုက်၊
စစ်ကိုင်းတောင်၌ ပြည့်ဝန်းနိုက်ခါတွင်။

မြန်မာပြည်မက ကမ္ဘာ့တခွင်မှာ၊
မေ့သဘင်ခြိမ့်ခြိမ့်ဆွဲတော့၊
သိမ့်သိမ့်သဲသဲ တောင်ရိုးဤဒေသာ၊
ဆောင်တိုး''ဒီ''ရေပမာ၊
စစ်ကိုင်းတောင်လုံး ရေပန်းဖြာပြီ၊
ရွှေပန်းမာလာ ပွင့်ဆဲချိန်မို့လေး။

လန်းရှင့်ဆန်းတင့် ပန်းပွင့်ရည်တူသည်၊
စန်းမင့် သီဘဂူ တင့်ကဲထိန်လို့လေ။

ပြည့်ဝန်းပုဏ္ဏမီ ရည်တူအသွင်လို၊
သီတဂူရှင် ကြည်ရှန်းသာ၍လေး။

ရေစက်တော်ကြီး နှစ်ကုဋေကုဋာငယ်၊
မြစ်ရောပမာ တည်ထွန်းပါစေ့လေး။ ။

ရဝေထွန်း

# ဇေယျာမြေ

* စေတီမျိုးမျိုး၊ ပုထိုးသွယ်သွယ်၊ ဂူဝယ်စားစား၊ များလျားချောင်ကျောင်း၊လျှိုမြောင်အောင်းသည့်၊ အပေါင်းထေရ်မွန်၊ သီလဝန်သံဃာ သူတော်စွာတို့၊ သိက္ခာကျင့်ဆောင်၊ လိုဏ်ကျောင်းချောင်နှင့်၊ တန်ဆောင်ဘုံနန်း၊ ဤသခ်မ်းဝယ်၊တောင်တန်းစိမ်းမြ၊ တောလည်းလှသည်၊ သာစွမြိုင်ချေ ဇေယျာမြေ။

* တောလမ်းစုံတွေ၊ တောင်ရစ်ခွေ၍၊အေးရေအလျှု၊ သီတဂူနှင့်၊ ကြည်ဖြူသည့်ဘောင်းတနားချောင်က၊ လျှိုမြောင်မြိုင်နန်း၊ ရှုမခန်းသည်၊ သာဆန်းဘုံဗွေ ဇေယျာမြေ။

* ကျောက်သားထပ်ထပ်၊ ပန်းကလပ်သို့၊ ထွတ်မြတ်သေလာ၊ အောင်မြေချာဝယ်၊ရောက်လာဒါယကာများ၊ ခရီးသွားတို့၊ အင်အားနွမ်းလျ၊ မရွှင်ပြလဲ၊ ချိုမြကြည်ရေ၊ သောက်မိလေလျှင်၊ ညှိုးခွေနွမ်းနောက်၊ တွေဝေပျောက်သည်၊ ထွန်းတောက်ဖြူရွှေ ဇေယျာမြေ။

* တောင်တန်းသွယ်သွယ်၊ ရောင်ဆန်းခြယ်သည့်၊ တောသယ်ကိုဖြတ်၊ ရေကြည်ပြတ်လျှင်၊ တရပ်ကဆွေ၊ စိတ်မဝေနှင့်၊ တို့ရေအလျှု၊ သီတဂူက၊ ကြည်ဖြူချိုအေး၊ အသင့်ပေးမည်၊ ချမ်းအေးမြိုင်ချေ ဇေယျာမြေ။

* ဆူဆူဘေရ်မွန်၊ ပညာဝန်တို့၊ ဟောညွှန်ချိုမြ၊ မြတ်ဓမ္မဟူ၊ အမြိုက်လှူ၍၊ သင်ယူပို့ချ၊ ရွတ်အံကြသည့်၊ ဓမ္မအသံ၊ တောင်လုံးညံခဲ့၊ ဝေယံစွင့်စွင့်၊ မိုးသို့မြင့်သည့်၊ ရှင်ပင့်ကိုယ်စား၊ စေတီဖျားမှ၊ တွဲလျားခတ်ညံ၊ဆည်းလည်းသံလဲ၊ အတုလံဗုဒ္ဓ၊ မိန့်ချွေဟသည့်၊ ဓမ္မအသံ၊ ဘဝဂ်လျှံသို့၊မြိုင်ယံတခကြော၊ ဖြစ်အံ့သြသည်၊ သာမောဋ္ဌာနေ ဇေယျာမြေ။ ။

ညာဏ်စိုး
သီတဂူ

# ရေညာဆန် ရွှေရာဝတီ

* တောင်ခြေရင်း၊
ခွေဆင်းတဲ့ မြစ်နဒီ။
မြစ်သဘော၊
စစ်ကြောလျှင် နိမ့်ရာနင်း၊
စီးဆင်းရသည်။
ဘယ်တော့မှ ရေဆန်ဆီ၊
ပြန်သည်လို့ မရှိ။
ဘယ်တော့မှ မြင့်ရာကဆီ၊
တက်သည်လို့ မရှိ။
မဖြစ်ဖူးပါဘု၊
မြစ်ထူး ရွှေရာဝတီမို့၊
ဇေယျာပြည် တောင်စဉ်တန်းဆီမှ၊
ထေရာစည် ချောင်စဉ်လွှမ်းတာပ၊
ဖြတ်သန်းကာ ဆန်တဲ့သဘောကို၊
အံ့သြပါဘိ။

* ဆန်စေတဲ့ တက်စေ၊
မြစ်အင်ခြေ စက်ရုံလုပ်၊
မောင်းခုတ်ခဲ့ပေ။
ကြည်အေးတဲ့ရေ၊
ဆန်စေခဲ့စွမ်းအား။
ဖြူဖွေးတဲ့ရေ၊
ပြန်စေခဲ့စွမ်းအား။
ဖွေးရွှန်းပြည့်ပါဘိ၊
လေးကျွန်းလှည့် သီတဂူသို့၊
ရည်ရွယ်မှု ထေရ်အရှင်က၊
ပြေဘခွင် အားတွေစုပါလို့၊
စေတနာရှင်များ တွေ့ဒုရံယ်နှင့်၊
ရေအစင် သွားစေပြုကြတယ်၊
အားရဖွယ်ပုံမှုအေး။ ။

ကောမုဒီ
သီတဂူ

# သီတဂူ ထုတိမင်္ဂလာ



**စန်းလ**သီတဂူ၊ အညီတူသား၊ ရှေးမူဦးစွာ၊
ကပ်ဦးခါက၊ ကမ္ဘာလူသား၊ လူအများတို့၊
လိုလားတောင့်တ၊ မြတ်ဆန္ဒကြောင့်၊ ပုမ္ပရှေ့
ကွန်း၊ဥဒည်စွန်းမှ၊ လဝန်းစကြာ၊ပေါ်ထွက်လာ
သို့၊ သာသနာထွန်းတောက်၊ မြဲစောင့်ရှောက်ဖို့၊
ကဲမောက်ဇာနီ၊ ပါရမီနှင့်၊ ပြည့်ညီစုံလင်၊ မြတ်
ထေရ်ရှင်ကို၊ဖူးမြင်ဖို့ရာ၊မျှော်ဆဲခါဝယ်၊ဇေယျာ
အောင်ဟိက်၊ အောင်နိမိတ်ဖြင့်၊ တောင်ထိပ်
ထက်ဗွေ၊ ကျက်သရေဖြင့်၊ တက်ဝေထင့်ရှန်း၊
လပြည့်ဝန်းသို့၊ ပေါ်ထွန်းထွက်ပြူ၊ သီတဂူ
ကား၊ပြည်သူအများ၊ လွန်လေးစားသည့်၊ တရား
ဟောပြ၊ အရှင်ဉာဏိဿရ(မဟာ) ဓမ္မကထိက
အကျော်၊(သဲကုန်း) ဆရာတော်တည့်၊ ထင်ပေါ်
မြန်မာ၊ မကပါပဲ၊ ကမ္ဘာပြည်ပြည်၊ ကြွလှည့်
လည်၍၊ ပွားစည်သာသနာ၊ ထွန်းစေဌာလျှင်၊
ဒေသနာတရား၊ ဟောဖော်ကြားလျက်၊ ထင်
ရှားသိလွယ်၊ဉာဏ်ကြီးကျယ်ခဲ့၊ သုံးသွယ်ပိဋကတ်
ပရိယတ်တွင်၊ နှံ့စပ်ဘက်စုံ၊ အကျင့်ဂုဏ်လည်း၊
ကုံလုံထင်ပေါ်၊ ကမ္ဘာကျော်ခဲ့၊ အဟောဝတ၊
အံ့သြကြလျက်၊ သီလခိုင်ပန်း၊ကြိုင်ကြိုင်လျှမ်း၍၊
ဆင်မြန်းသိက္ခာ၊ တင့်ထူးစွာလျှင်၊သမာဓိကွန်၊
ကြီးရင့်သန်၍၊ တည်ဟန်နိုင်းတု၊ တောင်မေရုသို့၊
ကြီးမှုပညာ၊မယှဉ်သာအောင်၊ ဝဇီရာစိန်၊ ထက်
မြက်ရှိန်ခဲ့၊ ဂုဏ်သိရ်ကဲထူး၊ မြတ်ကျေးဇူးကို၊
ချီးကျူးမကုန်၊ဂုဏ်ပေါင်းစုံ၍၊ ဘုန်းဂုဏ်သင်း
ကြူ၊ သီ တ ဂူ ဟု၊ ဇမ္ဗူအတွင်း၊ အတူကင်း
အောင်၊ ထိန်လင်းဝေဖြာ၊ ပြေကမ္ဘာဝယ်၊
**ယောဇာရောင်လွှမ်း ပြောင်ခဲ့ပြီတကား....။**

ချမ်းမြသီတဂူ၊ ဓမ္မဟူကား၊ တွင်းပူနှိပ်စက်၊ သုံးတောင်ဝက်ကို၊ ချိုးဖျက်နိုင်ပေ၊ အေးမြစေ၏၊ ကိလေသာခေတ်၊ ကုန်ခန်းပြတ်၍၊ အမြတ်နိဗ္ဗာန်၊ ရောက်စေရန်လျှင်၊ ရည်သန်တော်မူ၊ သီတဂူ ဟု၊ ဇမ္ဗူကျော်ကြား(သဲကုန်း) ဆရာတော်ဘုရားသည်၊ တရားရေအေး၊ အမြိုက်ဆေးကို၊ တိုက်ကျွေးရုံမျှ၊ အားမရပဲ၊ကမ္ဘာ့တိုင်းဘောင်၊သမိုင်းပြောင်သည့်၊စစ်ကိုင်းတောင်တွင်၊များလူရှင်တို့၊ ပူပင်ကင်းကွာ၊ ရေချမ်းသာအောင်၊ မဟာနေ့ခေတ်၊ အိုင်တော်မြတ်မှ၊ အေးမြတ်ရေစင်၊ တန်ခိုးယှဉ်၍၊ ယူငင်သည့်သား၊ တောင်ထိပ်ဖျားထိ၊ ယန္တရားစက်ဆင်၊ ပို့လွှတ်တင်၍၊ လူရှင်အားလုံး၊ ချိုးသောက်သုံးဖို့၊ မြဘ်ဆုံးမိမိုင်း၊ တောင်စစ်ကိုင်းဝယ်၊ ချောင်တိုင်းဖြန့်ဝေ၊ ချမ်းသာစေခဲ့၊ ရောဝတီ၊ မြစ်နဒီမှ၊ အညီချောင်စဉ်၊ တောင်ထိပ်ပြင်ဝယ်၊ သွင်သွင်စီးလတ်၊ ရေအေးခေတ်ကြောင့်၊ တောင်မြဘ်သပ်ပင်၊ မြရောင်လွင်လျက်၊ အောင်မြင်အတိတ်၊ အောင်ဘိသိက်လျှင်၊ တောင်ထိပ်ကြာပေါက်၊ အံ့သြလောက်အောင်၊ ဘုန်းတောက်သီတဂူ၊ မော်ကွန်းထူခဲ့၊ ရှင်လူအများ၊ရေမရှားပဲ၊ တရားရှင့်သုံး၊ သူတော်ထုံးဖြင့်၊ မြတ်ဆုံးနိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည့်၊ နှစ်တန်ဂုဏ်ရ၊ကျင့်ကြံကြလျက်၊ အေးမြကြည်သာ၊ စိတ်ချမ်းသာခဲ့၊ ကမ္ဘာ့တခွင်၊ သာသနာဝင်၌၊ စာတင်ဖော်ညွှန်း၊ပေါ်ပေါက်ထွန်းအောင်၊ မော်ကွန်းသင်ထူ၊ သီတဂူကား၊ ဇမ္ဗူတလွှား၊ အတူရှားလျက်၊ ကျော်ကြားသတင်း၊ ကမ္ဘာချင်းအောင်၊ ပုံ့သင်းတေဇာ၊ ဂုဏ်ဝေဖြာသည်၊ **ဇေယျာတောင်တန်းအောင်ခဲ့ပြီတကား။**

နန်းမသီတဂူ၊ နိဗ္ဗာန်ယူဖို့၊ ပြည်သူအများ၊ သဒ္ဓါပွား၍၊ လှူထားစင်ကြယ်၊ သိန်းငါးဆယ်တည့်၊ ရည်ရွယ်စိတ်သန်၊ ပြည်နိဗ္ဗာန်ကို၊ မိဋ္ဌာန်ကောင်းမှု၊ ဆုတောင်းပြု၍၊ ပေါင်းစုညီညာ၊ ပြည်မြန်မာဝယ်၊ ဇေယျာတောင်တန်း၊ ချောင်စခန်း၌၊ အောင်ပန်းဆင်ယူ၊ သီတဂူ ဟု၊ ရေလှူအသင်းကြီး၊ တည်ထောင်ပြီးလျှင်၊ အံ့ချီးဖွယ်ရာ၊ ဤချိန်ခါဝယ်၊ ဗြဟ္မာသိကြား၊ နတ်အများတို့၊ လုပ်အားကူမ၊ ဖန်ဆင်းကြသို့၊ ခဏပြီးမြောက်၊ တံခွန်ဆောက်ခဲ့၊ ထွန်းတောက် ပြောင်ဝင်း၊ အမှောင်ခွင်းသည့်၊ လမင်းအေးကြူ၊ သီတဂူ၏၊ ဆွဲယူအင်အား၊ ပင်လယ်များမှ၊ ထူးခြားဒီရေ၊ တက်ရလေ၏၊ ထိပ်ဗွေတောင်ဖျား။ ငွေဗျိုင်းနားလည်း၊ ရေများလိုချင်၊ စိတ်စွမ်းအင်ကြောင့်၊ ထက်ခွင်သိကြား၊ မနေအားပဲ၊ ထိပ်ဖျားတောင်စဉ်၊ မြစ်ရေတင်သို့၊ ထေရ်ရှင်တဆူ၊ သီတဂူ ၏၊ ကြီးမှုမေတ္တာ၊ စေတနာကြောင့်၊ ရောဝတီ၊ မြစ်နဒီမှ၊ တောင်ဆီရေရောက်၊ ကြာပင်ပေါက်ခဲ့၊ တည်ဆောက်ပြီးကာ၊ ရှည်မြင့်ကြာ၍၊ သာသနာဘုန်းရှိန်၊ ဆုံးမတိမ်ပဲ၊ ငုံးအိမ်ကျူလ၊ ပမာပြု၍၊ သာဝရသစ်ညီ၊ကပ္ပဋ္ဌိလျှင်၊ ကောင်းဆီမှင်ဆေး၊ သိကြားရေးသည့်၊ မြသွေးပုံနှိပ်၊ ယုန်တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်ပဝင်း၊ ကမ္ဘာတွင်းဝယ်၊ လမင်းအတူ၊ သီတဂူ ဟု၊ ရေလှူအသင်း၊ ကမ္ဘာချင်းလျက်၊ ရှစ်စင်းမဂ္ဂင်၊ ဖောင်စက်ယာဉ်ဖြင့်၊ ထက်ခွင်နိဗ္ဗူ၊ သီတဂူ သို့၊ သယ်ယူပို့ကာ၊ ထေရ်မဟာသည်၊ **ခေမာသောင်ကမ်း ဆောင်ခဲ့ပြီတကား။**

# သဲကုန်း အရှင်ဉာဏိဿရ [ယပိတ်အိုင်] ၏ သီတဂူ အလှူတော်[စာအုပ်]

၁။ (က) ဒါရုက္ခန္ဓောပမာသုတ္တန် (ပထမအကြိမ်) —သီတဂူစာအုပ် ရန်ပုံငွေ ၁၀၀၀၀/
(ခ) ဒါရုက္ခန္ဓောပမာ သုတ္တန် (ဒုတိယအကြိမ်) —မြန်အောင်ချောင်ရေစက်၊စစ်ကိုင်းမြို့။ ၁၀၀၀၀/
(ဂ) ဒါရုက္ခန္ဓောပမာ သုတ္တန် (တတိယအကြိမ်) —သီတဂူ သံဃဆေးရုံ၊ စစ်ကိုင်း။ ၁၆၀၄၆/
၂။ အဘိဏှပစ္စ ဝေက္ခိတဗ္ဗသုတ္တန် —သံဃဆေးရုံ၊သဲကုန်းမြို့။ ၁၅၀၀၀/
၃။ အာနာပါနသတိပဋ္ဌာန် (အုပ်ကြီး) —မျက်မမြင်ကျောင်း၊ ရန်ကုန်။ ၁၀၀၀၀/
၄။ ဝေဒနာနုပဿနာ သတိပဋ္ဌာန် အနာကြီးရောဂါဆေးရုံ၊ထောက်ကြံ့၊ ရန်ကုန်မြို့။ ၁၀၀၀၀/
၅။ သက္ကပဥှသုတ္တန် —ဆွံ့အနားမကြားကျောင်း၊ ရန်ကုန်မြို့။ ၁၀၀၀၀/
၆။ (က) ဝိဇယသုတ္တန် (ပထမအကြိမ်) - သီတဂူ ရေစီမံကိန်း စစ်ကိုင်း။ ၁၀၀၀၀/
(ခ) ဝိဇယသုတ္တန် (ဒုတိယအကြိမ်) —သီတဂူ သံဃဆေးရုံ စစ်ကိုင်း။ လှူရန်စီစဉ်ဆဲ။
၇။ ဖေဏပိဏ္ဍူပမာသုတ္တန် — မလွန်ဆန်လှူ အသင်းကြီး မန္တလေး။ ၂၀၀၀၀/
၈။ စူဠဝေဒလ္လသုတ္တန် — သီတဂူရေစီမံကိန်း၊ စစ်ကိုင်း။ ၁၀၀၀၀/
၉။ မေတ္တာသုတ္တန် —သီတဂူ ရေစီမံကိန်း၊ စစ်ကိုင်း။ ၁၀၀၀၀/
၁၀။ ဗောဇ္ဈင်္ဂသုတ္တန် —သီတဂူ ရေစီမံကိန်း၊စစ်ကိုင်း။ ၅၃၀၀/
၁၁။ နိယာမ ငါးပါးနှင့် အနတ္တတရား — သီတဂူ ရေစီမံကိန်း၊စစ်ကိုင်း။ ၁၀၀၀၀/
၁၂။ သိင်္ဂါလသုတ္တန် — သီတဂူ ရေစီမံကိန်း၊စစ်ကိုင်း။ ၁၀၀၀၀/
၁၃။ (က) ဘဝတန်ဖိုး (ပထမအကြိမ်) —သီတဂူရေစီမံကိန်း၊ စစ်ကိုင်း။ ၁၀၀၀၀/
(ခ) ဘဝတန်ဖိုး (ဒုတိယအကြိမ်) သီတဂူသံဃဆေးရုံ၊ စစ်ကိုင်း။ လှူရန်စီစဉ်ဆဲ
၁၄။ တိရိယပဗ္ဗတထေရာပဒါန် — သီတဂူရေစီမံကိန်း၊ စစ်ကိုင်း။ ၅၀၀၀/
၁၅။ သာသနာကွယ်ကြောင်း တရားအပေါင်း —သီတဂူ ရေစီမံကိန်း၊စစ်ကိုင်း။ ၅၀၀၀/
၁၆။ ခါတုဝိဘင် သုတ္တန် —မဟာဝိဇယစေတီ ရန်ကုန်။ ၁၀၀၀၀/
၁၇။ ပရာဘဝသုတ္တန် —သီတဂူ သံဃဆေးရုံ၊ စစ်ကိုင်း။ ၁၀၀၀၀/
၁၈။ သဗ္ဗိတ အသဗ္ဗိတသုတ္တန် —သီတဂူ ရေစီမံကိန်း၊စစ်ကိုင်း။ ၄၀၀၀/
၁၉။ (က) အနှစ်ကိုးပါး (ပထမအကြိမ်) — တပ်မတော်နာလန်ထစခန်း၊မင်္ဂလာဒုံ ရန်ကုန်မြို့။ ၁၀၀၀၀/
(ခ) အနှစ်ကိုးပါး (ဒုတိယအကြိမ်) —သီတဂူသံဃဆေးရုံ၊ စစ်ကိုင်း။ လှူရန် စီစဉ်နေဆဲ။
၂၀။ အပ္ပမာဒ တရားတော် — သီတဂူ ရေစီမံကိန်း၊စစ်ကိုင်း။ ၃၀၀၀/
၂၁။ ဗုဒ္ဓါဘိသေကာ မင်္ဂလာ — သီတဂူ ရေစီမံကိန်း၊စစ်ကိုင်း။ ၁၀၀၀၀/
၂၂။ သစ္စာတရားတော် — သီတဂူ သံဃဆေးရုံ၊ စစ်ကိုင်း။ ၆၀၀၀/
၂၃။ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရ — သီတဂူရေစီမံကိန်း၊ စစ်ကိုင်း။ ၅၀၀၀/
၂၄။ နိဗ္ဗာန် ကောင်းမှု — သီတဂူ သံဃဆေးရုံ၊ စစ်ကိုင်း။ ၁၅၀၀၀/
၂၅။ သာသနာပြု တရားတော် — သီတဂူသံဃဆေးရုံ၊ စစ်ကိုင်း။လှူရန် စီစဉ်နေဆဲ။
၂၆။ သံဝေဇနီယ သုတ္တန် —သယမ္ဘူ စေတီတော်၊ စစ်ကိုင်း။ ၁၁၅၀၂၀/
၂၇။ သရဏဂုံ တရားတော် — သီတဂူ သံဃဆေးရုံ၊ စစ်ကိုင်း။ ၇၅၇၂၀/
၂၈။ ဗဟုပုတ္တိကာ သောဏာထေရီ — အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ ဝက်ဘာလမ်း၊ ရန်ကုန်။ ၁၀၀၀၀/
၂၉။ ညီတော်အာနန္ဒာ — မသန်မစွမ်း လူနာများ အထူးကုဆေးရုံ၊ သမိုင်း၊ရန်ကုန်။ ၁၀၀၀၀/
၃၀။ ဗုဒ္ဓဝါဒ အခြေခံ သဘောတရားများ — တက္ကသိုလ် ဓမ္မာရုံကြီး၊ရန်ကုန်၊ လှူရန်စီစဉ်နေ
၃၁။ ပါယာသိသုတ္တန်
(က) မိဘမဲ့ကလေးများ ချော်တွင်းကုန်း ရန်ကုန်၊
(ခ) အမျိုးသမီးများရိပ်သာ ဝင်ဒါမီယာလမ်း၊ရန်ကုန်။
(ဂ) ခရစ်ယာန် သီလရှင်များ၏ ဘိုးဘွားရိပ်သာ၊ ကန်တော်လေး၊ ရန်ကုန်၊ လှူရန် စီစဉ်နေဆဲ။
၃၂။ ကာယာနုပဿနာသတိပဋ္ဌာန် — သီတဂူသံဃဆေးရုံ၊ စစ်ကိုင်း။လှူရန် စီစဉ်နေဆဲ။

# ပြင်ဆင် ဖတ်ရှုပါရန်

| နှာ | ကြောင်း | မှား | မှန် |
|---|---|---|---|
| ၄ | ၈ | ဘုဥ္ဓနေ | ဘုဒ္ဓေန |
| ၄၉ | ၁၆ | သီတဂူ ကပ္ပိယကာရအဖွဲ့ | သီတဂူ ကပ္ပိယကာရကအဖွဲ့ |
| ၆၈ | ၅ | မူန္ဒန | နန္ဒမူ |
| ၇၈ | ၃၁ | ဘဂုံလား | ဘဂံလား |
| ၈၃ | ၂၃ | ကသိကဒွါဇ | ကသိဘာရဒွါဇ |
| ၂၃၀ | ၃ | ဓမ္မာစရိယတ္တိများ | ဓမ္မာစရိယဘွဲ့များ |
| ၂၈၄ | ၄ | ရောဇဝင် | ရာဇဝင် |
| ၂၄၈ | ၁၄ | ၂ မိုင် | ၂ မိုက် |
| ၂၅၈ | ၁၁ | သီရိဟီသသူရ | သီရိသီဟသူရ |
| ၂၀၀ | ၈ | မဟာသဓပဏ္ဍိတ | မဟောသဓပဏ္ဍိတ |
| ၂၇၃ | ၂၂ | ပုပ့ | ပုဂံ |
| ၃၅၁ | ၂၅ | ဗောဓိ ၀၈ ခု | ဗောဓိပင်သို့ |
| ၃၅၁ | ၂၆ | ခရစ်သက္ကရာဇ် ၁၈၈ ၊ ခွင် | ခရစ်သက္ကရာဇ် ၁၈၈ ခု |
| ၃၈၄ | ၂ | တကြောင်း | တံကြောင်း |
| ၃၂၈ | ၈ | ဘုရားတော်မူ | ဘုရားဟောတော်မူ |
| ၃၂၈ | ၁ | ပံ့သို့ကူ | ပံ့သုကူ |
| ၄၂၄ | ၂၇ | Parmis! | Paramis! |
| ၄၈၂ | ၂ | မြန့်မာအောင် | မြန်အောင် |




ငါးနှစ်ခရီး၊ သီတဂူမော်ကွန်း ငါးနှစ်ခရီး၊
ရှိကြပါစေ၊ သီတဂူစန်းလပဓာ ချမ်း